ခရစ်ယာန်လက်ထပ်ထိမ်းမြားရေး အက်ဥပဒေ– ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၈၈ – လျှောက်သူနှင့် လျှောက်ခံရသူတို့မှာ ခရစ်ယာန်များ ဖြစ်ကြခြင်း ခရစ်ယာန်လက်ထပ်ထိမ်းမြားရေးအက်ဥပဒေအရ လက်မထပ်ခဲ့ခြင်း – အမျိုးသမီးများ၏ ဘဝလုံခြုံမှုကို စောင့်ရှောက်ကာကွယ်ရန် အစိုးရ၏ လူမှုရေးအရ တာဝန် လက်ထပ်ထိမ်းမြားအိမ်ထောင်တည်ရေးသည် ဘာသာရေးကိစ္စဟုတ် မဟုတ် – ရာဇဝတ်ရုံးသို့ စရိတ်လျှောက်ထားနိုင် စေခြင်းငှာ ဖန်တီးထားခြင်းများ – နက်နဲရှုပ်ထွေးသော ပြဿနာများကို တရားမရုံး များကသာ အပြီးသတ် ဖြေရှင်းပေးနိုင်ခြင်း – လူအများ ရှေ့မှောက် လက်ထပ်ခဲ့ကြပြီးနောက် ၂ နှစ်ကျော် ၂ ဦး အထင်အရှား လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ကြခြင်း –လက်ထပ်စဉ်ကနည်းလမ်း မကျခဲ့သည်ကို အခွင့်အရေးယူနိုင်မည်ဆိုလျှင် သဘာဝတရားမျှတမှုနှင့် ဆန့်ကျင်မည် – မယားစရိတ်ပေးရန် တာဝန်မရှိဟု ခုခံခြင်း မပြုနိုင်။

ပြည်ထောင်စုမြန်မာနိုင်ငံ ကိုသန်းငွေ (ခေါ်) ပီ၊ ကျို၊ တာရှန်း နှင့် မခင်ရီ ၆၀၇

ခရိုင်ရာဇဝတ်တရားသူကြီး၏ အမှုကို ပြန်လည်စစ်ဆေးရန် အမိန့် – မူလရုံး၏ ဆုံးဖြတ်ချက်သည် ဥပဒေကျင့်ထုံးစသည်တို့နှင့် ဆန့်ကျင်သည်ဟု ယူဆနိုင် မနိုင်–အကျဉ်းနည်းအားဖြင့် စစ်ဆေးသော်လည်း တရားလို ပြသက်သေများ ကို အပြည့်အစုံကြားနာခဲ့ခြင်း။

မောင်စိုးမြင့် နှင့် မဆွေဆွေအေး ၁၂၉

ခုခံကာကွယ်ပိုင်ခွင့် – ရာဇသတ်ကြီး ပုဒ်မ ၃၀၄ – ရန်စခြင်း – ခုခံပိုင်ခွင့်ကို အကာအကွယ်ယူခွင့် ရှိ မရှိ။

ဝေစောအောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၇၆

ညွှန်းချက် စာမျက်နှာ

ခုခံကာကွယ်ပိုင်ခွင့် – ရာဇသတ်ကြီး ပုဒ်မ ၃၈၄၊ ခုခံကာကွယ်ပိုင်ခွင့်ရှိ မရှိ၊ ခုခံကာကွယ်ပိုင်ခွင့်ကို လိုသည်ထက်ပို၍ အသုံးပြု မပြု။

မောင်ကျော်နု နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၄၁၅

ခုံသမာဓိအက်ဥပဒေ ပုဒ်မ ၂၁ နှင့် ၃၀ (ဂ) – အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၂၁၉ (က) – အမွေထိန်းစာထုတ်ပေးရန် လျှောက်ထားခြင်း – ခုံသမာဓိအက်ဥပဒေ ပုဒ်မ ၂၁ – အမှု အတောအတွင်း အငြင်းပွားနေသည့် ကိစ္စများကို ခုံလွှကြီးက ဆုံးဖြတ်ရန် လွှဲအပ်လိုကြောင်း လျှောက်ထားခြင်း – မည်သူအမွေဆက်ခံသင့်သည်ဟူသော ပြဿနာကို ဆုံးဖြတ်ချက်ချမှတ်ခြင်း – ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၀ (ဂ) – ခုံလွှကြီး၏ စီရင်ချက်ကို ပယ်ဖျက်နိုင်ခွင့်ရှိ မရှိ။

ဒေါ်မိ (သေသူ) ၎င်းတရားဝင်ကိုယ်စားလှယ်များ ၁။ မပု ၂။ မအရှာဘီ ၃။ မဇကြည် ၄။ မဘီ ၅။ မလတ်နှင့် မူ(ရ)တီး ၈၇၈

ခေတ္တချေးယူထားသည့်ငွေနှင့် ၎င်းအပေါ် ကျသင့်သည့် အတိုးရရှိရန် တရားစွဲဆိုမှု – ချေးငွေအတွက် အာမခံကြောင်း ကတိပဋိညာဉ်စာချုပ် ချုပ်ဆိုခြင်း၊ – အာမခံပေးသည့် အကြောင်းနှင့် ပတ်သက်၍ အထောက်အထား အဖြစ်ဖြင့် လက်ခံနိုင် မခံနိုင် – ကတိပဋိညာဉ်စာချုပ် မချုပ်ဆိုမီက ချေးငွေများအတွက် တာဝန်ယူခြင်း – နှုတ်သက်သေပြခြင်းမှာ သက်သေခံအက်ဥပဒေပုဒ်မ ၉၁ တားမြစ်ချက်တွင် အကျုံးဝင် မဝင်။

ဦးမောင်ဆွေ နှင့် ဦးတူဖို ပါ ၁၃၃၀

ချမှတ်ပြီးစီရင်ချက် – ရာဇဝတ်တရားသူကြီးတွင် ပြင်ဆင်ပြောင်းလဲရန် အာဏာရှိ မရှိ – အမှုကို ပြင်ဆင်ရန် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၈ အရ အရေးယူခြင်း။

မောင်ကြီးလှိုင် (ခေါ်) မောင်အောင်သိန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၄၂၄

ညွှန်းချက် စာမျက်နှာ

ချေးငွေ ပြန်ရလိုမှု – ၁၉၄၅ ခုနှစ်၊ ငွေတိုးချစားသူများ အက်ဥပဒေသာလျှင် အတည်ဖြစ်လျက်ရှိသေးခြင်း – ငွေတိုးချစားသူတဦးသည် မိမိ၏ မိတ်ဆွေတဦးအား အတိုးမယူဘဲ ငွေထုတ်ချေးကာမျှဖြင့် ငွေတိုးချစားသူအဖြစ်မှ ရပ်စဲသွား မသွား – အတိုးမရှိ ထုတ်ချေးသည့် ငွေကို အကန့်အသတ်မရှိဘဲ တရားစွဲဆိုတောင်းဆိုနိုင် မဆိုနိုင် – ငွေတိုးချစားသူများအက်ဥပဒေပုဒ်မ ၉– ချေးငွေဆိုသော စကားရပ်၏ပြဋ္ဌာန်းချက် အတိုးနှင့် ချေးသည့် ငွေကိုဖြစ်စေ၊ အတိုးမဲ့ ချေးသည့်ငွေဖြစ်စေ၊ ပြန်လည်ရရှိရန် တရားစွဲဆိုလျှင် ပုဒ်မ ၉ အရ ဒီကရီချပေးနိုင် မပေးနိုင်– မှတ်ပုံတင် စာချုပ်တင်မပြခြင်း – မည်သည့်အချိန် မည်သည့်ကာလတွင် တင်ပြနိုင်မည်ဟု မခန့်မှန်းနိုင်ခြင်း – အမှုကို ပယ်ရန်သင့်မသင့်။

ဒေါ်တင့် နှင့် ဒေါ်သန်းမေ ပါ ၄ ၁၁၉၇

ငယ်ရွယ်သူ၏ သက်သေထွက်ချက်ကို သတိကြီးစွာထား၍ လက်ခံရမည်ဖြစ်ခြင်း– ရာဇသတ်ပုဒ်မ ၄၉၇ အရ ၊ မှုပြစ်ထင်ရှား စီရင်ခြင်း – ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၁၇ အရ၊ အယူခံဝင်ရာ – အယူခံရုံးသည်၊ သက်သေထွက်ချက်များကို ပြန်လည်သုံးသပ်ကာ အမိန့်ချမှတ်နိုင်သော အာဏာရှိမရှိ အယူခံရုံးအနေနှင့် လွယ်လင့်တကူ ပယ်ဖျက်ခြင်း မပြုရဆိုသော အချက်ကြီးလေးချက် – ငယ်ရွယ်သူ၏ သက်သေ၏ ထွက်ချက်လက်ခံစရာအကြောင်းရှိ မရှိ။

မောင်ထွန်းမြင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၄၄၉

ငွေချေးငှားသူများအက်ဥပဒေ ပုဒ်မ ၉ – အပြီးသတ်အပေါင်ဒီကရီကို ဇာရီပြုလုပ်ရန် လျှောက်ထားခြင်း–ငွေချေးငှားသူများအက်ဥပဒေပုဒ်မ၉ – ဇာရီ လျှောက်ထားသည့်နေ့တွင် မှတ်ပုံတင်ငွေချေး ငှားသူတယောက် မဟုတ်ခြင်း – ဇာရီလျှောက်လွှာကို ပလပ် သင့် မသင့်။

ဘနာစရီးလာလတ်ဆာရီးယား နှင့် ဦးစံတင့် ၉၄၄ F

ညွှန်းချက်

ငွေချေးငှားသူများအက်ဥပဒေပုဒ်မ (၁၀)– အငှားစာချုပ်အရ၊ ဆင်ငှားကျသင့်ငွေ ရလိုမှု – အငှားစာချုပ်သည် အယောင်ဆောင်စာချုပ် ဟုတ် မဟုတ်– သက်သေခံချက်များနှင့် တကွ ဥပဒေအချက်အလက်များပါ ယှဉ်တွဲ ကာသုံးသပ်ရန် လိုခြင်း – ဟန်ဆောင်စာချုပ်မျှသာဖြစ်ကြောင်း သက် သေထူခွင့်ရှိ မရှိ – ငွေတိုးချသူတို့ အက်ဥပဒေပုဒ်မ ၁၀ ကို ကွင်းရှောင် ကျော်နင်းရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည့် ကိစ္စဖြစ် မဖြစ်။

ဦးသိန်းဟန် နှင့် ဦးဘသိုက် ပါ ၂ ၁၁၁၁

ငွေတိုးချစားသူများ မှတ်ပုံတင်အရာရှိ – သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၅ အရ စွဲဆိုမှု – ပြည်သူ့ဝန်ထမ်းက မလုပ်လျှင် မနေရသဘော သက် ရောက်သည့် ပြဋ္ဌာန်းချက်မျိုး မရှိလျှင် သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၄၅ အရ၊ အမိန့်ထုတ်ဆင့်ပေးခြင်းပြုနိုင် မပြုနိုင် ၁၉၄၅ ခုနှစ်၊ ငွေတိုးချစားသူများအက်ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ ၃– မှတ်ပုံတင်လက်မှတ်ကို အသစ်လဲလှယ်ရန် လျှောက်ထားလျှင် ငွေတိုးချစားသူများ မှတ်ပုံတင် အရာရှိက အသစ်လဲလှယ်ပေးရမည်ဟု မလုပ်မနေရသဘော သက်ရောက် သည့် ပြဋ္ဌာန်းချက်ရှိ မရှိ –သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၅ ထုတ်ဆင့်ရမည် အမိန့်မှာ ဆင်ခြင်တုံတရားလက်ကိုင်ထား၍ ထုတ်ပေး သင့်မှ ထုတ်ပေးရမည့်အမိန့်မျိုးဖြစ်ခြင်း။

တင်တင်ဦး ဘရားသား နှင့် ငွေတိုးချစားသူများ ဒုတိယ မှတ်ပုံတင်အရာရှိ ၁၃၆၆

စရံငွေပြန်ပေးရန် တရားစွဲဆိုမှု – ပစ္စည်းများ၏ တန်ဘိုးတွက်ချက်ခြင်း – ဂိုဒေါင်အရောက်တန်ဘိုးနှင့် အချိုးကျအမြတ်ငွေကို ထည့်သွင်းစဉ်းစား သင့်ခြင်း။

သည်ကာလူးအင်ဒတ် (စ်) စတြိအင်ဒရေဒင် အေဂျင်စီ ပါ ၃ နှင့် အဗ္ဗဒူဂျလေး(လ်)ခန်း ၁၅၆၀

စာချုပ်ကို လိမ်လည်လှည့်ဖြားမတရားသြဇာလွှမ်းမိုးစဉ် ချုပ်ဆိုခဲ့ရသဖြင့် ပျက်ပြယ်စေလိုကြောင်း စွဲဆိုမှု – လိမ်လည်လှည့်ဖြား မတရားသြဇာ လွှမ်းမိုးခဲ့ခြင်း ရှိ မရှိ ကောက်ချက် – တရားဥပဒေနှင့် ပတ်သက်သည့် အဆုံးအဖြတ် ဟုတ် မဟုတ်။

ဦးထွန်းမောင် ပါ ၃ နှင့် ဦးအုံကြာ ၅၁၇

စာချုပ်စာတမ်းချုပ်ဆိုခြင်း – မူရင်းကို တင်သွင်းရန် – မတင်သွင်းနိုင်လျှင် ဆောင်ရွက်ရန် ကိစ္စစာချုပ်ကို အခြေခံ၍ တရားမစွဲဆိုခြင်း၊ စာချုပ်ကို မတင်ပြနိုင်သဖြင့် မိမိအခြေခံ၍ တရားစွဲဆိုသည့် အချက်သည် ပျက်ပြယ်နိုင်ခြင်း ရှိ မရှိ၊ မူလရုံး တရားသူကြီး၏ သက်သေကို ယုံကြည်ထိုက် မယုံကြည်ထိုက် ဆုံးဖြတ်ချက်။

ဒေါ်တင်မေ ပါ ၈ နှင့် ရာဟီမာဘီဘီ ၈၆

ဆရာဝန်၏ ထင်မြင်ချက်– ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၂) အရ ပြစ်မှုထင်ရှားစီရင်ခြင်း – ဆရာဝန်၏ ထင်မြင်ချက် – အလေးပေး၍စဉ်းစားခြင်း – ထင်မြင်ယူဆချက်သည်ယုံကြည်စိတ်ချရသော မျက်မြင်သက်သေတို့၏ အမှန်တကယ် တွေ့မြင်ခဲ့ရသော ဖြစ်ရပ်အမှန်ကို လွှမ်းမိုးခြင်းပြုနိုင်မပြုနိုင်။

မောင်ကျော်လှ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၄၁၉

ဆေးဘက်ဆိုင်ရာအက်ဥပဒေပုဒ်မ ၂၇ (၁) အရပြစ်မှုထင်ရှားစီရင်ခြင်း – "မှတ်ပုံတင်ဆရာဝန်"ဆိုသည့်စကားရပ် – ပြစ်ဒဏ်။

ကိုမင်းလွင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (ကိုထွန်းသိန်း) ၁၃၆၁

ဆိုရှယ်လစ် တရားစီရင်ရေး – ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၂၈ အရ စစ်ဆေးရန် ရုံးလွှဲပြောင်းပေးသော အမိန့်– ဆိုရှယ်လစ် တရားစီရင်ရေးအရ တရားလို တရားခံ ရှေ့နေများနှင့် ညှိနှိုင်း၍ အမှုမှန်ဖော်ထုတ်ရေး – နှစ်ဘက် ရှေ့နေကြီးများကို တရားသူကြီး၏ စဉ်းစားခန်းထဲသို့ ဝင်ခွင့်ပြုပြီး

ညွှန်းချက်

တိုင်ပင်ဆွေးနွေးရသည့်အခါ၊ မိမိပုဂ္ဂလိက အမှုရှိသောနေ့က မိမိလိုက်ပါ ဆောင်ရွက်နေရသည့် အခြားအမှုနှင့် ပတ်သက်၍ တရားသူကြီးစဉ်းစားခန်းထဲသို့ ဝင်ပြီး စကားပြောဆိုခြင်း – တဘက်တရားခံများအနေနှင့် စိုးရိမ်ကြောင့်ကြဘွယ်ရာအကြောင်း ရှိ မရှိ စိတ်၌သာ ဖြစ်ပေါ်လာသော စိတ်ကူးယဉ်ကြောင့်ကြမှုသာ ဖြစ် မဖြစ်။

ကိုခင်မောင် နှင့် မအုန်း ပါ ၃ ၅၇၂

ဆပ်ပြာလုပ်ငန်းတွင် အသုံးပြုသည့် တံဆိပ်နှင့် ပတ်သက်၍ တရားစွဲဆိုမှု – မိမိ၏ ဆပ်ပြာလုပ်ငန်း၌ အသုံးပြုသော တံဆိပ်ကို မိမိ၏ သဘောတူညီချက် အရ၊ အစုစပ် ကုမ္ပဏီအား အသုံးပြုခွင့်ပေးခြင်း – ကုမ္ပဏီသည် ကုန်အမှတ်တံဆိပ်ကို အသုံးပြုခွင့်ရှိသည့် ပိုင်ရှင်ဖြစ် မဖြစ် – အစုစပ်လုပ်ငန်း အက်ဥပဒေ ပုဒ်မ ၄ အရ၊ အစုစပ် ပစ္စည်း ဖြစ် မဖြစ်။

အောင်ဂွမ်းချွမ်း(ခေါ်) အောင်ချွမ်း ပါ ၂ နှင့် ဘီ၊ဝိုင်၊စီ၊ ဆပ်ပြာအလုပ်ရုံ ၎င်း၏ မန်နေဂျင်း အစုစပ်အောင်ငေါဒီး ၁၀၃၈

တဖက်သတ် ဒီကရီကို ပယ်ဖျက်ရန် လျှောက်ထားခြင်း – တဖက်သတ် ဒီကရီကို ပယ်ဖျက်ခြင်း – တရားမျှတခြင်း ကင်းမဲ့၍၊ များစွာနှစ်နာရန် အကြောင်း ရှိ မရှိ။

အင်ပတ်ကာမိုဟာမက် နှင့် လူဝင်မှုကြီးကြပ်ရေးဝန် ၄၈၁

တရားစီရင်ခြင်း – တရားမျှတမှုပေါ်လွင်ကြောင်း အများပြည်သူတို့မြင်စေခြင်း။ ၁၁၈

မခင်ညွန့် နှင့် ဦးချစ်ဆိုင်

ညွှန်းချက် စာမျက်နှာ

တရားစီရင်ခြင်း–နိုင်ငံခြားသားမှတ်ပုံတင်အက်ဥပဒေပုဒ်မ၅(၁) – တရားခံအတွက် အရေးကြီးသော သက်သေခံအချက်အလက်ရရှိရန် ရုံးက ကူညီရန်လိုခြင်း – ပြည့်စုံမှုန်ကန်အောင်စစ်ဆေးရန်လိုခြင်း။

ပါဘာသီ ပါ ၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၁၁

တရားစီရင်ရာမြန်မြန်နှင့် မှန်မှန်စီရင်ရန် အရေးကြီးခြင်း – ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၂) အရ မူပြစ်ထင်ရှားစီရင်ခြင်း – တရားစီရင်ရာမြန်မြန်နှင့် မှန်မှန်စီရင်ရန် အရေးကြီးခြင်း – ရက်ချိန်းပေးရန် ရှေ့နေ၏ လျှောက်ထားချက်ကို လက်မခံဘဲအခြား ရှေ့နေတဦးအား လိုက်ပါဆောင်ရွက်စေခြင်း – တရားခံနှင့် ၎င်း၏ သက်သေထွက်ချက်များအရ တရားခံက မူလတင်ပြခဲ့သော ထုချေချက်များအတိုင်း ကောင်းစွာ တင်ပြနိုင်ခဲ့ခြင်း– တရားခံ ၏အကျိုးကို ထိခိုက်နစ်နာစေသည် ဟုဆိုနိုင် မဆိုနိုင်။

မောင်တင်ငွေ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ၆၃၉

တရားသေလွတ်မိန့် – အစိုးရက အယူခံမဝင် – နစ်နာသည်ဆိုသော ပုဂ္ဂိုလ် တဦးက ပြင်ဆင်မှုဖွင့်လှစ်ခြင်း – တရားရုံးချုပ်၏ ပြင်ဆင်မှုအာဏာသည် အရေးကြီး၍ များစွာအသုံးဝင်သော အာဏာတရပ်ဖြစ်ခြင်း – မှန်ကန်စွာ သုံးခြင်းဖြင့် တရားစီရင်ရေးကို ညှိနှိုင်းညွှန်ပြပေးနိုင်ခြင်း– အထိန်းအကွပ်မရှိဘဲ ပြင်ဆင်မှုအာဏာကို သုံးစွဲခြင်း – အယူခံဝင်သင့်သောအမှုများ အဆင့်ဆင့် အယူခံမဝင်ဘဲ ပြင်ဆင်မှုဖြင့်ရုံးသို့ လာရောက်လျှောက်ထားကြဘွယ်ရာရှိခြင်း – တရားဥပဒေဖြင့် အယူခံဝင်ရန် သတ်မှတ်ထားသော ရုံးအဆင့်ဆင့် အလဟဿဖြစ်ဘွယ်ရာရှိခြင်း – ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၁၇ အရ အစိုးရက အယူခံဝင်ရန် သင့်လျော်သော တရားသေလွတ်မိန့် – နစ်နာသည်ဆိုသော ပုဂ္ဂိုလ် တဦးဦးက လျှောက်ထားရုံ မျှနှင့် လွယ်လွယ်လက်ခံ၍ စဉ်းစားပေးရန် ဟုတ် မဟုတ် – လိုအပ်သောအခါ၌ ပြင်ဆင်မှုကို အယူခံအမှုအဖြစ် လက်ခံကြားနားခြင်း – ပြင်ဆင်မှုကို ထောက်ခံ တင်သွင်းသူမှာ ခရိုင် ရာဇဝတ်တရားသူကြီးဖြစ်ခြင်း – နယ်များ၌ ရာဇဝတ်တရားစီရင်ရေးကို ခရိုင်ရာဇဝတ်တရားသူကြီး၊ ခရိုင်စက်ရှင်တရားသူကြီးတို့က အုပ်ချုပ်ကွပ်ကဲကြရခြင်း – ပြင်ဆင်ရန်လိုအပ်သောအခါ အမှုတွဲကို တရားရုံးချုပ်

ညွှန်းချက်

သို့တင်ပို့ကြရခြင်း – ဥပဒေကပြင်ဆင်မှု တင်သွင်းခြင်းဖြင့် ပတ်သက်သောစည်းကမ်းများကို ပြဋ္ဌာန်းထားခြင်း – နိုင်ငံတော် တရားရုံးချုပ်သည် ပြင်ဆင်မှုများကို ဆောလျင်စွာ စစ်ဆေးကြားနာ ဆုံးဖြတ်လျက်ရှိခြင်း– ဥပဒေက သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ပြင်ဆင်မှုကို ဖွင့်လှစ် တင်သွင်းခြင်း – တရားစီရင်ရေး အုပ်ချုပ်ကွပ်ကဲမှုကို အထောက်အကူ ပြုစေသည် – အောက် ရုံးတရုံးက တရားသေလွတ်ရန် ချမှတ်ထားသော အမိန့်–သာမန်အားဖြင့်ဆိုလျှင် အစိုးရကသာ အယူခံဝင်ရန်ဖြစ်ခြင်း– လုံလောက်သောအကြောင်းကြောင့် အယူခံဝင်ရန် နှောင့်နှေးကြန့်ကြာရခြင်း – နှစ်နာသူက စည်းကမ်းနှင့် အညီခရိုင် စက်ရှင်တရားရုံးသို့သော်၎င်း၊ ခရိုင်ရာဇဝတ်တရားသူကြီးရုံးသို့ သော်၎င်း သွားရောက်၍ ပြင်ဆင်မှု ဖွင့်လှစ်ရန် လိုအပ်ခြင်း – တရားရုံးချုပ်က ပြင်ဆင်မှုကို လက်ခံကြားနာရန် မူများ။

ဦးဘမောင် နှင့် ၁။ မောင်စိန်ရ ၂။ မတင်လှ ၁၀၇၅

တရားခိုင်က စီရင်ချက် ဒီကရီမချမှတ်မီက ဝရမ်းဖမ်းဆီး ထားရှိသော တရားရုံး ပစ္စည်းများကို လေလံရောင်းချ၍ ဒီကရီငွေများ ခုနှိမ်ပေးရန် လျှောက်ထားခြင်း– ပြည်သူ့ဘဏ်အမှတ် ၁၄ ကလည်း စီရင်ချက် ဒီကရီ မရမီကပင် ဝရမ်းဖမ်းဆီး ထားရှိခြင်း – တရားရုံးပစ္စည်းများကိုလေလံရောင်းချ၍ငွေများရုံးသွင်း ရှိခြင်း၊ပြည်သူ့ဘဏ်ကတရားရုံးထံမှ ရရှိရန်ရှိသော ဒီကရီငွေမှာ နိုင်ငံတော် အစိုးရငွေ ဖြစ်၍ ဦးစားပေး ထုတ်ပေးရန် လျှောက်ထားခြင်း – တရားမကျင့်ထုံးပုဒ်မ ၇၃ (၁) – တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း ၁၁အရ ဇာရီပြုလုပ်ရန် လျှောက်လွှာဖြစ်၍ ရုံးလက်သို့ ငွေများမရောက်မီကပင် တင်ရန် လိုအပ်ခြင်း။

လီလောက်ပင် နှင့် ဝင်းနားထရိတ်ဒင်း ကုမ္ပဏီ ၁၂၅၅

တရားခိုင် တရားရုံးတို့ သဘောတူညီ ကြေအေးလွှာ – မှတ်တမ်းတင်ရန်သွင်းခြင်း – မှတ်တမ်းမတင်မီ ရုပ်သိမ်းခွင့် တောင်းခြင်း – ဥပဒေအရ၊ ပြုလုပ်ခွင့် ရှိ မရှိ။

ဦးမောင်မောင် ပါ ၂ နှင့် နော်အယ်လ်လာအောင်ရ (ခေါ်) ဒေါ်အုန်းခင် ၂၀၆

ညွှန်းချက် စာမျက်နှာ

တရားမကျင့်ထုံးပုဒ်မ ၁၀ အကျိုးဝင် မဝင်။

ဒေါ်ခင်နီ နှင့် ဒေါ်အေးလုံး(ခေါ်) နေ့စိန်ကြည် ၇၈

တရားမကျင့်ထုံးပုဒ်မ ၁၁ ဇာရီမှုအတွက်လည်း အကျိုးဝင်ခြင်း - မူလ ဒီကရီ မဟုတ်ဘဲ တရားရုံးချုပ်မှ ပြင်ဆင်ထားသည့် ဒီကရီကို ဇာရီပြုလုပ်ခြင်း- ပုဒ်မ ၁၁ တွင် အကျိုးဝင် မဝင်။

ဒေါ်အေးတင် နှင့် ဦးဒါဝတ် ၃၄၉

တရားမကျင့်ထုံးပုဒ်မ ၄၇ အရ ချမှတ်ထားသော အမိန့်ကို အယူခံဝင်ခြင်း- အပေါင်ဒီကရီကိုဇာရီပြုလုပ်ရန် လျှောက်ထားခြင်း- တရားမကျင့်ထုံးပုဒ်မ ၄၇ အရ၊ ချမှတ်သောအမိန့် - အယူခံဝင်သောအခါအယူခံလွှာတွင် ကပ်ရမည့် ရုံးခွန်တော် - အပေါင်ဒီကရီသည် သာမန်ငွေ ဒီကရီဖြစ်မဖြစ်။

ဦးစောမြ ပါ ၆ နှင့် နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ပြည်မြို့ ၁၂၇၉

တရားမကျင့်ထုံးပုဒ်မ ၉၂ အရ တရားစွဲဆိုမှု ဂေါပက အဖွဲ့သည် စကင်းဥပဒေ အရ စီမံအုပ်ချုပ်ခြင်း မပြုဟုဆိုခြင်း - ဂေါပကအဖွဲ့ဝင်လူကြီးများမှာ အခကြေးငွေဖြင့် ဝင်ရောက်လုပ်ကိုင်ကြသူများမဟုတ် - စေတနာ့ဝန်ထမ်းဆောင်ရွက် ကြသူများ ဖြစ်ခြင်း - ဝေယျာဝစ္စများဆောင်ရွက်ရာ၌ ချို့ယွင်းချက်များရှိက အလွဲသုံးစားမှု - ဖောက်လွဲဖောက်ပြန်လုပ်မှု စသည့်တာဝန်နှင့် အလျဉ်းမလျော်ကန်သော ချို့ယွင်းချက်များမဟုတ်လျှင် ဂေါပကအဖွဲ့ဝင် လူကြီးများအဖြစ်မှ ရပ်စဲရန်သော်၎င်း ထုတ်ပယ်ရန်သော်၎င်း ပြုလုပ်သင့် မသင့် - ဂေါပကအဖွဲ့ကို ဆက်လက်ထားရှိခြင်းအားဖြင့် ကောင်းကျိုးရှိ မရှိကို အဓိကထား၍ စဉ်းစားရခြင်း၊ စီမံခန့်ခွဲရာ၌ အနည်းငယ် ချို့ယွင်းချက်ရှိသဖြင့် ဂေါပကအဖွဲ့အား

ထုတ်ပယ်ရန် ရုပ်စဲရန်အကြောင်း လုံလောက်သည်ဟု ဆိုနိုင် မဆိုနိုင်။

ဦးညီ ပါ ၄ နှင့် ဦးအန် ပါ ၈ ၁၀၆၀

တရားမကျင့်ထုံးပုဒ်မ ၉၂ အရ ဝါကပ် (ဖ)နှင့် ပတ်သက်၍ တရားစွဲဆိုခြင်း– အမှု၏ အမျိုးအစားနှင့် စီရင်ပိုင်ခွင့် တရားလိုအဆိုလွှာပါ စွပ်စွဲချက်များအတိုင်း ဆုံးဖြတ်ရခြင်း – တရားလိုတောင်းဆိုသည့် သက်သာခွင့်သည် တရားမကျင့်ထုံးပုဒ်မ ၉၂ (၁) (ဂ) တွင် အကျုံးဝင် မဝင်– ဗုဒ္ဓဘာသာဝင်တဦးအား မူတာဝါလီ လူကြီးတစ်ဦး အဖြစ် ခန့်အပ်နိုင် မအပ်နိုင်။

ဦးချစ်ဖေ ပါ ၂ နှင့် ဒေါ်မြမေ ၇၁၀

တရားမကျင့်ထုံး ပုဒ်မ ၁၀၀ ဒုတိယအယူခံခုံရုံးအနေနှင့် မည်သည့်အခါတွင် ဝင်ရောက်စွက်ဖက်နိုင်ခြင်း – မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ (၁) (ဃ)အရ၊ မြေကို လက်ရောက်အပ်ပေးရန် တရားစွဲဆိုခြင်း – အောက်ရုံးနှစ်ရုံးလုံးက အကြောင်း ခြင်းရာပေါ်တွင် သော်၎င်း၊ ဥပဒေအချက်အလက်များပေါ်တွင် သော်၎င်း တသဘောတည်း အမိန့်ချမှတ်ထားခြင်း – ဒုတိယ အယူခံရုံးအနေဖြင့် ဝင်ရောက် စွက်ဖက်ရန် အကြောင်း ရှိ မရှိ။

မောင်လှ ပါ ၂ နှင့် ဒေါ်မမလေး(၎င်း၏ တရားဝင် ကိုယ်စားလှယ် မောင်ကိုကြီး) ၄၆၀

တရားမကျင့်ထုံးပုဒ်မ ၁၀၀ (၁) (က) ဒုတိယအယူခံမှုတွင် အကြောင်းခြင်းရာများနှင့် ပတ်သက်၍ ထပ်မံသုံးသပ်ခွင့် ရှိ မရှိ။

4A

မောင်ထွန်းလှ နှင့် မောင်စိန်ဘွင့် ၄၁၁

တရားမ ကျင့်ထုံးပုဒ်မ ၁၅၁–အိမ်ငှားကဦးဖြစ်ကြောင်း မြွက်ဟော်လိုမှုနှင့် အိမ်ခန်းမှ နှင်ထုတ်ခြင်းကို ထာဝစဉ် တားမြစ်ပေးလိုမှု တရားစွဲဆိုခြင်း – ငှားရမ်းခ ကြိုးကြပ်ရေးဝန်အပေါ် ၎င်းချမှတ်သော အခန်းမှ ဖယ်ရှားပေးရန် အမိန့်ကို ယာယီတားဝရမ်းထုတ်ပေးရန် လျှောက်ထားခြင်း – တရားမ ကျင့်ထုံးအမိန့် ၃၉ ၊ နည်းဥပဒေ ၁ နှင့် ၂ အမှုသည် မဟုတ်သူ အပေါ်ထုတ်ဆင့်ရန် အာဏာမရှိ – ရန်ကုန်မြို့၊ တရားမရုံးတရားမှု တမှု စီရင်ပိုင်ခွင့်အာဏာရှိ မရှိ – အယူခံရုံးအနေနှင့် ထိုအာဏာအားဖြည့်ပွက်ပေးခြင်း ပြုနိုင် မပြုနိုင် – တရားမ ကျင့်ထုံးပုဒ်မ ၁၅၁ – ထို အာဏာကို တရားမကျင့်ထုံးတွင် အခြားပြဋ္ဌာန်းချက်မရှိမှသာ အသုံးချနိုင်ခြင်း။

ဦးကျော်မြင့် နှင့် မစ္စတာရှိတ်မိုဟာမက်(ခေါ်)ဦးဟံသိန်း ပါ ၂ ၁၀၅၀

တရားမကျင့်ထုံးအမိန့် ၆၊ နည်းဥပဒေ ၁၄ ၏ ရည်ရွက်ချက် – အပေါင်ဒီကရီ ချပေးရန် တရားစွဲဆိုမှု – မူလကတိနှင့် အညီ ငွေဒီကရီချမှတ်ပေးရန် အလို့ငှာ အဆိုလွှာ ပြင်ဆင်ခွင့်တောင်းခြင်း – ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၆၈ – ပုဒ်မတွင် ဖော်ပြထားသည့်အကြောင်းရပ်တခုခု ရှိမှသာ ချေးငွေအတွက် ရိုးရိုးဒီကရီ တောင်းဆိုနိုင်ခြင်း – တရားမကျင့်ထုံးအမိန့် ၆၊ နည်းဥပဒေ ၁၄ ၏ ရည်ရွက်ချက် – အဆိုလွှာတွင် တရားလိုလက်မှတ်ရေးထိုးရန် ပျက်ကွက်ခြင်း၊ တရားမကျင့်ထုံးအရ လုပ်နည်းလုပ်ဟန် လွဲမှားချို့ယွင်းခြင်း– အဆိုလွှာ ပြင်ဆင်ခွင့် ပြုနိုင် မပြုနိုင်။

ဦးထွန်းအုံ နှင့် မသန်းရီ ၁၂၈၇

တရားမကျင့်ထုံးအမိန့် ၆၊ နည်းဥပဒေ ၁၇– သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၃၉ နှင့် ၄၂ များအရ တရားစွဲဆိုမှု – တရားမကျင့်ထုံးအမိန့် ၆၊ နည်းဥပဒေ ၁၇အရ မူလအဆိုလွှာကို ပြင်ဆင်ခွင့်ပြုရန် လျှောက်ထားခြင်း – မူလအမှုကို စွဲဆိုရာတွင် တောင်းဆိုသည့် သက်သာခွင့်များနှင့် ပြင်ဆင်လွှာတွင် တောင်းဆိုသည့် သက်သာခွင့်များ ခြားနားနေခြင်း– ပစ္စည်းလွှဲပြောင်းရေး ဥပဒေပုဒ်မ ၅၈ (ဂ) အရ ပြင်ဆင်သည့်

ညွှန်းချက် စာမျက်နှာ

အဆိုလွှာတွင် တောင်းဆိုသည့် သက်သာခွင့်ကို ရရှိနိုင်ရန် ဥပဒေက တားမြစ်ထားခြင်း ရှိ မရှိ – တရားမကျင့်ထုံးအမိန့် ၆၊ နည်းဥပဒေ ၁၇အရ ပြင်ဆင်ရန်လိုအပ် သည့် အချက်ဖြစ်သည်ဟု ယူဆနိုင် မနိုင်။

ကိုသိန်း ပါ ၂ နှင့် ဦးသိန်း ပါ ၂ ၈၄၁

တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ၁၇ (၄) ၊အပေါင်အာမခံပေးသွင်းသော ပစ္စည်းများကို လေလံတင်ရောင်းချပေးရန် တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ၁၇ (၄)နှင့် အကျုံးဝင် မဝင်–တရားမကျင့်ထုံးအမိန့် ၂၀၊ နည်း ၁၁ အရ တောင်းဆိုခွင့် ရှိ မရှိ။

ဦးအေး ပါ ၂ နှင့် ဦးချစ်ခင် ၂၂၀

တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ဥပဒေ ၆၃ အရ၊ စွဲဆိုမှု – တရားမ ကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၅၈အရ လျှောက်ထားသော လျှောက်လွှာတွင် ချမှတ်သည့်အမိန့်ကို မကျေနပ်ခြင်း ~ သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ ၊ စွဲဆိုသော အမှုမျိုး ဟုတ် မဟုတ်–သာမန်မြွက်ဟချက် ဒီကရီ ရလိုမှု စွဲဆိုနိုင် မစွဲဆိုနိုင်။

ဦးအေးမောင် နှင့် ကိုကျင်သိန်း ၁၆၁၆

တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၁၀၃အရ၊ မြွက်ဟချက် ဒီကရီရလိုမှု – အခင်းဖြစ် ဥပစာကို လက်ရှိရရန် ပိုင်ဆိုင်ခွင့်ရှိကြောင်း ထင်ရှားအောင် ပြသနိုင်မှ ဒီကရီရနိုင်ခြင်း။

မသန်းသန်းဆင့် (အရွယ်မရောက်သူ) ၎င်း၏ အနီးစပ်ဆုံး မိတ်ဆွေ ဒေါ်အုံးခင် နှင့် ရှရပ်ဝွမ် ၁၄၄၄

ညွှန်းချက် စာမျက်နှာ

တရားမကျင့်ထုံးအမိန့် ၂၇ နည်းဥပဒေ ၁ – မော်တော်ချင်း တိုက်ခိုက်သည့် အတွက် ပျက်စီးဆုံးရှုံးရသည့်နစ်နာကြေးရရှိစေရန် တရားစွဲဆိုမှု – တရားမကျင့်ထုံးအမိန့် ၂၇ နည်းဥပဒေ ၁–ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက တင်သွင်းသည့် စွဲလွှာများနှင့် ပတ်သက်၍ အစိုးရ ကိုယ်စား လက်မှတ်ရေးထိုးရန်နှင့် မှန်ကန်ကြောင်း ဝန်ခံခြင်းပြုလုပ်နိုင်သူ – အစိုးရက အများနှင့် သက်ဆိုင်သည့် အမိန့်၊သို့မဟုတ် အထူးအမိန့်အရ ခန့်အပ်နိုင်ခြင်း – တရားရေးဌာန ကျေညာချက်အမှတ် ၂၀၀ –အစိုးရ နှင့် ပတ်သက်သည့်အမှုများတွင် ခရိုင်၌ သမ္မာန်စာများကို လက်ခံနိုင် ခွင့်ရှိသူ – ခရိုင်၏ခရိုင်ဝန်ဖြစ်ရမည်ဟု သတ်မှတ်ခြင်း – နိုင်ငံတော် အစိုးရက တရားမကျင့်ထုံးအမိန့် ၂၇၊ နည်းဥပဒေ ၁ အရ သယ်ယူ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဌာန အတွင်းဝန်က စွဲလွှာကို လက်မှတ်ရေးထိုးရန်အမိန့်ချမှတ်ချခြင်း – ဥပဒေအရ မှန်ကန်သည်ဟု ယူဆရန် ဖြစ် မဖြစ် – လက်မှတ်ရေးထိုးခြင်းနှင့် ခံဝန်ပြုလုပ် သူမှာ ဥပဒေအရ အခွင့်အရေးရှိသူ မဟုတ်ဟုယူဆခြင်း – ဥပဒေအရ စွဲလွှာပြင်ဆင်ခွင့် ပေးသင့်မပေးသင့်၊ အမှုတမှုလုံးကို ပလပ်နိုင်ခွင့် ရှိ မရှိ။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ နှင့် ဦးစံဝင်း ၉၂၆

တရားမကျင့်ထုံး အမိန့် ၃၃၊ နည်းဥပဒေ (၂) – လူမွဲအဖြစ်ဖြင့် တရားစွဲဆို ခွင့်ပြုရန် လျှောက်ထားခြင်း – တရားလိုလုပ်၍ တရားစွဲသော သူ၌ ခေါင်းကပ်နိုင်သော ပစ္စည်းတန်ဘိုး မရှိခြင်း – အရွယ်မရောက်သေးသဖြင့် နီးစပ်ရာ မိတ်ဆွေအဖြစ်ဖြင့် ကိုယ်စားလှယ်ပြုလုပ်၍ တရားစွဲ ဆိုပေး သောသူ၌ ပစ္စည်းရှိခြင်း – တရားလို အစစ်၌ ခေါင်းကပ်နိုင်သော ပစ္စည်းချမ်းသာသည်ဟု ဆိုနိုင် မဆိုနိုင်။

မောင်သန်းထွန်း ပါ ၃ နှင့် ဦးခင်မြင့် ပါ ၂ ၁၄၉၁

တရားမကျင့်ထုံးအမိန့် ၃၃ နည်း ၂ (၁) – ပစ္စည်းကို လူမွဲလျှောက်လွှာ စာရင်းတွင်ဖော်မပြထားဘဲ နေခြင်း – မရိုးဖြောင့်သော သဘောဖြင့်

ညွှန်းချက် စာမျက်နှာ

ထိန်ချုန်၍ ဖော်မပြထားခြင်း – လူမဲ့လျှောက်လွှာကို လက်မခံနိုင်။

ဒေါ်အေးစိန် ပါ ၂ နှင့် ဦးနေဝင်း ၈၈၂

တရားမကျင့်ထုံးအမိန့် ၃၄ နည်းဥပဒေ ၃ (၄)၊ အပေါင်ဒီကရီရရှိပြီး ဇာရီပြုလုပ်၍ အပေါင်ခံပစ္စည်းကို လေလံတင်ရောင်းချပြီးခြင်း – မပြေကျန်ရှိသော ငွေအတွက် (Personal decree) စောင်းဆိုခြင်း – ခရိုင်တရားမရုံးမှ ချမှတ်သော အမိန့်ကို အယူခံဝင်ခွင့်ရှိ မရှိ – တရားမကျင့်ထုံး အမိန့် ၃၄ နည်းဥပဒေ ၃(၄)–personal decree အမိန့်ချမှတ်ပေး နိုင် မပေးနိုင်။

နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်(ဟင်္သာတဘဏ်ခွဲ)နှင့် ဦးဆက်ပါ ၃ ၁၂၁၀

တရားမကျင့်ထုံးအမိန့် ၃၈၊ နည်းဥပဒေ ၅ ပစ္စည်းဘဏ်း ဝရမ်းထုတ်ဆင့်ခြင်း– အာမခံချူပ်ဆိုမှု ဝရမ်းခွာခြင်း – တရားမကျင့်ထုံးအမိန့် ၃၈၊နည်းဥပဒေ ၆ (၂)အရ၊ ဖြစ် မဖြစ် – မူလရုံးသည် ကိုယ်ပိုင် ဆင်ခြင်မှု အာဏာကို အသုံးပြုရာတွင် တရားဥပဒေပါ ပြဋ္ဌာန်းချက်များကို လစ်လျူရှုခြင်း – အယူခံရုံး အနေဖြင့် ဝင်ရောက်စွက်ဖက်ရန် တာဝန်ရှိ မရှိ။

သန်းသန်းဦး ရုပ်ရှင်ဖြန့်ချိရေးကုမ္ပဏီ (၎င်းအတွက် ပိုင်ရှင် မသန်းသန်းဦး)နှင့် ပြည်တော်ညွှန့် ရုပ်ရှင်ဖြန့်ချိရေးကုမ္ပဏီ (၎င်းအတွက်ပိုင်ရှင် ဒေါ်ကျင်ဥ) ၁၀၃၃

တရားမကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၂ – လျော်ကြေးငွေပေးရန် ခံဝန်ပြုလုပ်ခြင်း – တရားမကျင့်ထုံး ပုဒ်မ ၉၅ အရ သော်၎င်း၊ ပုဒ်မ ၁၄၅ အရ သော်၎င်း လျော်ကြေးငွေ တောင်းဆိုခြင်း ပြုနိုင် မပြုနိုင် – တရားမကျင့်ထုံး ပုဒ်မ ၁၅၁ တွင် အပ်နှင်းထားသည့် မူလဘူတ အာဏာများကို အသုံးပြု၍ ဆောင်ရွက်ပေးနိုင် မပေးနိုင်။

မောင်စိန်ဘရာသား(စ်)နှင့်မက်ဆား(စ်)ဘားမားပလပ်စတစ်မိုလ်ဒါး ၁၄၆၃

ညွှန်းချက် စာမျက်နှာ

တရားမကျင့်ထုံးအမိန့် ၃၉ ၊နည်းဥပဒေ ၂(၃) အရ စုံစမ်းစစ်ဆေးသင့်သည်ဟု ညွှန်ကြားထားသည့်ကိစ္စ – ပြည်ထောင်စုတရား စီရင်ရေးအက်ဥပဒေ ပုဒ်မ၆(ဂ) မူလရုံး၏ အမိန့်ကို ဖီဆန်ခြင်း – တရားမကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၂(၃) အရ စုံစမ်းအရေးယူ သင့်သည်ဟူ၍ ညွှန်ကြားခြင်း– အရေးယူခြင်း မပြုရဟု တားမြစ်လျှင် အမှန်တရားကိုဖုံးကွယ်ရာရောက်ခြင်း – တားမိန့်ကို မြင်သိလိုက်ရပါလျက်နှင့် အမွေပစ္စည်း အချို့ကို ရောင်းချပစ်ခြင်းသည် လုံးဝတာဝန်ကင်းသည်ဟုဆိုသာမဆိုသာ–တရားရုံး၏ အမိန့်ကို မြင်သိလျက်နှင့် လေးစားလိုက်နာခြင်းမပြုလျှင် တရားရုံးများ၏ ဆောင်ရွက်ချက်များ ပေါ်ပျက်လာဘွယ်ရာရှိခြင်း – တရားစီရင်ရာတွင် စာသဘောထက် ဥပဒေအနှစ်သာရက ပို၍ အရေးကြီးခြင်း။

မူစတာဖါ နှင့် ကူလ်စွန်းဘီဘီ ၉၆၆

တရားမ ကျင့်ထုံးအမိန့် ၄၀ နည်းဥပဒေ ၁ – ပစ္စည်းထိန်းခန့်ထားခြင်း – နှိုင်းနှိုင်းချိန်ချိန်အကျိုးသင့် အကြောင်းသင့် ဆုံးဖြတ်ကာ ချမှတ်လျှင် အယူခံရုံးအနေဖြင့် ဝင်ရောက် စွက်ဖက်ခြင်း ပြုနိုင် မပြုနိုင်။

ဒေါ်ရီ နှင့် မအေးကြည် ၁၃၉၈

တရားမကျင့်ထုံးအမိန့် ၄၁ နည်း ၁ ခြွင်းချက်။ လူမဲ့အယူခံကို လက်ခံနိုင်ရန် အကြောင်းအချက်များ။

အက်(ဖ်)၊ ရာမန် နှင့် မက်ဆားဂူဘီ ဂျင်နရယ် အင်ရှ်ူးဝါးရင့် ကုမ္ပဏီလီမိတက် ၁၈၃

တရားမကျင့်ထုံးအမိန့် ၄၀၊ နည်းဥပဒေ ၃– ဟိန္နုမိသားစု၏ မခွဲဝေရသေးသည့် ပစ္စည်းဖြစ်ကြောင်းနှင့်ပစ္စည်းများကို တဦးတည်းသဘောဖြင့် ရောင်းချခြင်း မပြုနိုင်ကြောင်း ကျေညာပေးရန် တရားစွဲဆိုမှု – ပစ္စည်းထိန်းခန့်ထားရန် လျှောက်ထားခြင်း – တော်လှန်ရေးကောင်စီအက်ဥပဒေအမှတ် ၂ / ၆၂ တရားမကျင့်ထုံးအမိန့် ၄၀ နည်းဥပဒေ ၃ ပစ္စည်းထိန်းအား ပစ္စည်းထိန်းအဖြစ် ကောက်ခံရရှိထားသည့်ငွေများရုံးသို့တင်သွင်းရန် ညွှန်ကြားခြင်း– ရန်ကုန်မြို့၊ တရားမရုံး အက်ဥပဒေပုဒ်မ ၂၄ အယူခံဝင်ခွင့်ရှိ မရှိ –

F-

ညွှန်းချက်

အငြင်းပွားနေသောကိစ္စကို ဆောင်ရွက်ရန် အယူခံရုံးက ရန်ကုန်မြို့၊ တရားမရုံးသို့ လွှဲအပ်ခြင်း – ကိစ္စကို ဆောင်ရွက်ရန်အာဏာရှိ မရှိ– ပစ္စည်းထိန်းသည် ၎င်းအားအုပ်ထိန်းရန် တာဝန်ပေးထားသော ပစ္စည်း နှင့် စပ်လျဉ်း၍အကြောင်းပြပြီး ရုံး၏ညွှန်ကြားချက်ကို လိုက်နာရန် ငြင်းဆိုခြင်းပြုနိုင် မပြုနိုင်– ပစ္စည်းထိန်းအဖြစ် ခန့်အပ်သည့် အမှုပြီးစီး သွားစေကာမူ ပစ္စည်းထိန်း၏ တာဝန်ကုန်ဆုံးခြင်း ရှိ မရှိ။

ရှီဂိုကရင်း (နှ) ဆင်းနှင့် စူရိယာနတ် (သ) ဆင်း ပါ ၃ ၆၉၈

တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၁၇ နှင့် နည်းဥပဒေ ၁၉ – အယူခံ ကြားနာရန် နောက်ဆုံးချိန်းဆိုခြင်း – အယူခံတရားလို၏ ရှေ့နေကြီး သော်၎င်း အယူခံတရားလိုသော်၎င်း ရုံးရှေ့သို့မရောက်ခြင်း – တရားမ ကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၁၇ အရ၊ အယူခံကို ပလပ်လိုက်ခြင်း– အယူခံမှုကို မပျက်မကွက် ကြားနာရန် နောက်ဆုံးချိန်းဆိုထားခြင်း ကိုသိခြင်း – သိရှိနားလည်ပါလျက် ကြားနာရန် ကိစ္စ၌ ကြိုတင် စီမံ မှုပြုလုပ်ခြင်းမရှိခြင်း – ရှေ့နေတဦး၏ အလွန်ပေါ့လျော့လစ်ဟင်းမှု– တရားမကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၁၉ တွင်ပြဋ္ဌာန်းထားသည့် လုံလောက်သော အကြောင်းပြချက်ဖြစ်သည်ဟု ဆိုနိုင် မဆိုနိုင် – မိမိအမှုကို လိုက်ပါဆောင်ရွက်ရန်ရှေ့နေတဦးအား ခန့်ထားပါက ရှေ့နေ၏ လစ်ဟင်းမှုသည် အမှုသည်၏ လစ်ဟင်းမှုပင် ဖြစ်ခြင်း။

ဒေါ်ဘဲကွစ် နှင့် ချောင်ဒရီဘရားသားစ် (၎င်း၏ တဦးတည်း ပိုင်ရှင်တီချောင်ဒရီ) ၈၇၄

တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၁၀ – နိုင်ငံခြားတွင် နေသည့် အယူခံတရားလိုအပေါ် တရားစရိတ်အတွက် အာမခံတောင်းခြင်း – ရုံးအနေနှင့် ဆင်ခြင်တုံတရားကို လက်ကိုင်ထား၍ အမိန့်ချမှတ်နိုင်သော ကိစ္စဟုတ် မဟုတ်– အယူခံတရားလိုတို့ မကြာမီကမှ မြန်မာပြည်မှ ထွက်ခွာသွားခြင်း – အယူခံ တရားခံတို့၏ တရားစရိတ်အတွက်

ညွှန်းချက် စာမျက်နှာ

အာမခံပေးရန် လျှောက်ထားသော ကိစ္စမှာ နောက်ကျသည်ဟု ဆိုနိုင် မဆိုနိုင်။

မာရီယပ်ပါချစ်တီယား ပါ။ ၃ နှင့် ဆာရီဗရာဂျာနာရှင်ဒတ်စံဒီ ဆေး ပါ ၅ ၁၂၂၉

တရားမကျင့်ထုံးအမိန့် ၄၁ နည်းဥပဒေ ၂၇ နောက်ထပ် သက်သေ ထွက်ချက် များ ရယူနိုင်ခြင်း – နောက်ထပ် သက်သေထွက်ချက်များ ရယူရာတွင် ကိုယ်ပိုင်ဆင်ခြင်တိုင်းထွာမှု အာဏာအရ တရားဥပဒေဘောင်အတွင်း ဆောင်ရွက်ခြင်း – ဒုတိယအယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန်အ ကြောင်းရှိ မရှိ – မည်သည့် နောက်ထပ် သက်သေထွက်ချက် ရယူလို သော အကြောင်းပြချက် ရေးသားထား ခြင်း မရှိခြင်း – ဆောင်ရွက်မှုမှာ ပျက်ပြယ်သည်ဟု ဆိုနိုင် မဆိုနိုင်။

ဦးမောင် ပါ ၂ နှင့် ကိုအောင်ထွန်း ပါ ၂ ၁၃၀၃

တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၇ – နောက်ထပ်ပြ သက်သေ အဖြစ် စစ်ဆေးခွင့်ပြုရန်လျှောက်ထားခြင်း – အယူခံကြားနာသည့်ရုံးမှ လိုအပ်သည် ထင်မြင်ပါက ခွင့်ပြုနိုင်ခြင်း – သက်သေခံစာရွက် စာတမ်း များနှင့် ပတ်သက်၍၊ အမှုမစစ်ဆေးမီ အချိန်အတော်ကြာကပင်သိရှိခြင်း။

ချီချီမြင့် (ခေါ်) ဦးချင်းမြင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၈၄၉

တရားမကျင့်ထုံးအမိန့် ၄၃၊ နည်းဥပဒေ (၁) – ယာယီတားဝရမ်း ထုတ်ပေးရန် လျှောက်ထားခြင်း – ယာယီတားဝရမ်းအမိန့်အမှုတွင် ပါဝင်သူ ငှားရမ်းခ ကြီးကြပ်ရေးဝန်အား အမှုများကို ဆက်လက်ဆောင်ရွက်ခြင်းမှ ယာယီ တားမြစ်ခြင်း –အစိုးရအရာရှိတဦးဖြစ်သည့်အတိုင်း မိမိ၏ ဝတ္တရားများကို ဥပဒေအရ၊ ဆောင်ရွက်ခြင်းသာ ဖြစ်သဖြင့် ဝတ္တရားများကို မဆောင်

ညွှန်းချက်
ရွက်ရန် တားမြစ်သည့် အမိန့်မျိုးကို ထုတ်ပေးနိုင် မပေးနိုင်။

ဦးကျော်မြင့် နှင့် မစ္စတာရှိတ်မိုဟာမက် (ခေါ်) ဦးဟံသိန်း
ပါ ၂ ၁၀၄၇

တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၁ (ထ) – ငွေသားအာမခံအစားပစ္စည်း
အာမခံတင်သွင်းရန် ခွင့်ပြုသည့် အမိန့် – နည်းဥပဒေတွင် ပါဝင်ခြင်း
ရှိ မရှိ။

ချန္ဒရီကာမစ္စရာ နှင့် ချိုကူအဟီး (ရ) ၁၁၅၅

တရားမကျင့်ထုံးပုဒ်မ ၄၇ – ဈာရိမ္ဘကို မူလအမှုကြီးနှင့် တဆက်တည်းသတ်
မှတ်ခြင်း – မူလအမှုကြီးတွင် တောင်းခံစွဲဆိုသည့်ငွေအရ ဈာရိမ္ဘကို
စီရင်ပိုင်ခွင့်ရှိခြင်း – အချင်းဖြစ်မြေသည် လယ်ယာမြေနှင်ငံပိုင်ပြုလုပ်ရေး
အက်ဥပဒေ ပုဒ်မ ၃ (ခ)၏ လယ်ယာမြေအဓိပ္ပာယ်၌ အကျုံးဝင်
မဝင် – ဝရမ်းဖမ်းဆီး ခြင်းမှာ ပုဒ်မ ၃၇ နှင့် ဆန့်ကျင်နေ မနေ။

ရမ်နီရန်ဂျာ(လ်)လီတာ နှင့် ဒေါ်သန်း ၄၇၇

တရားရုံးချုပ်၏ အာဏာ– အောက်ရုံး၏ နေ့စဉ်မှတ်စာတမ်း မိုက်မဲစွာ ဟူသော
စကားလုံးကို တရားခံရှေ့နေကြီးနှင့် စပ်လျဉ်း၍ သုံးနှုန်းထားခြင်း –
ရှေ့နေကြီးများသည် အမှု စစ်ဆေးရာ၌ အမှုမှန်ရရှိရန် ရုံးများတွင်
အကူအညီ ပေးနေသူများဖြစ်ခြင်း – အမိန့်တွင် မိုက်မဲစွာဟု ဖော်ပြထား
ခြင်းမှာ မသင့်လျော်ခြင်း – ရုံး၏ သမာဓိရှိမှုနှင့် ယဉ်ကျေးမှုတို့ကို
ထိခိုက်စရာ အကြောင်းရှိခြင်း – မနှစ်မြို့သွယ်ရာ ကောင်းသော စကား
လုံးများကို တွေ့ရှိက ပယ်ဖျက်နိုင်သော အာဏာရှိခြင်း။

ဦးထွန်းစိန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၀၆၆

ညွှန်းချက် စာမျက်နှာ

တရားရုံးများ၏ အဓိကဝတ္တရား– ရာဇသတ်ကြီးပုဒ်မ ၃၉၂ (၁) အရ မှုပြစ်ထင်ရှားစီရင်ခြင်း – တရားရုံးများ၏ အဓိကဝတ္တရား – အပြစ်ရှိသူကို ထိုက်သင့်သော အပြစ်ပေးရန်နှင့် အပြစ်မရှိ သောသူကို ဥပဒေအရ ကာကွယ်ပေးရန် ပြည်သူ့ဝန်ထမ်းကို တမျိုးတခြား လုပ်သားပြည်သူကို တဖုံ ကွဲပြားခြားနားလျက် စဉ်းစားခြင်းပြုနိုင် မပြုနိုင် – ရဲစစ်ဆေးစဉ်က တမျိုး ရုံးရှေ့ရောက်သောအခါ ကွဲလွဲစွာထွက်ဆိုခြင်း – ရာဇဝတ် ကျင့်ထုံးပုဒ်မ ၁၆၂ အရ ဆန့်ကျင် ဘက် သက်သေများအဖြစ် ကြောငြာခြင်း ခံရခြင်း – အလေးပေး၍ ထည့်သွင်းစဉ်းစားခြင်း ပြုနိုင် မပြုနိုင် – အခြားသက်သေ တဦး၏ ထွက်ဆိုချက်ကို တန်ဘိုးယုတ်လျော့စေခြင်း ပြုနိုင် မပြုနိုင်။

မောင်ဘိုးခွေး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၆၈၄

တရားရုံး၏ အဆုံးအဖြတ် –မြေကွက်ကို ပိုင်ဆိုင်ကြောင်း မွှေက်ဟကျေညာပေးရန် နှင့် လက်ရောက်အပ်ပေးရန် တရားစွဲဆိုမှု – ကောက်ချက်အားလုံးအ ါ ဖြေဆိုခြင်း မရှိခြင်း – အငြင်းပွားနေသော အချက်ကို တရားရုံးအနေနှင့် ဆုံးဖြတ်ပေးခြင်း– ဆုံးဖြတ်ချက်သည် ပျယ်ပြယ်ခြင်း ရှိ မရှိ။

ဒေါ်အုန်းရင် နှင့် ဒေါ်ငွေချို ၈၉၃

တရားရှင် လွှတ်လိုက်သည်ကို မကျေနပ်၍ ရာဇဝတ်ပြင်ဆင်မှု လျှောက်လွှာ – ပြင်ဆင်မှုတွင် စည်းကမ်းသတ်ရက် ၆၀ သတ်မှတ်ခြင်းမှာ ဥပဒေအရ၊ သတ်မှတ်ခြင်း ဟုတ် မဟုတ် – သတ်မှတ်ထားသည့် ရက်ကျော်မှ ပြင်ဆင်လွှာကို တင်သွင်းလျှင် နှောင့်နှေးကြန့်ကြာရကြောင်းနှင့် ပတ်သက်၍၊ ကျိမ်းကျိန် လွှာတင်ခဲ့ပြီး ထုချေရခြင်း – အကြောင်းပြအချက်အလက်များ ဆီလျော်သင့်မြတ်သည်ဟု ယူဆက ခွင့်ပြုနိုင်ခြင်း – တရားခံတဦးအပေါ် စွဲချက်တင် ထိုက် မတင်ထိုက်နှင့် ပတ်သက်သော စဉ်းစားရန်ရှိသော အချက်အလက် – တရားခံအား၊ အပြစ်ပေးထိုက် မပေးထိုက်စသည့် စဉ်းစားရန်ရှိသော အချက်အလက်မျိုးနှင့် ဥပဒေအရ၊ တူညီ မတူညီ – တရားခံအပေါ် သက်သေ ထွက်ချက်များအရနှင့်

F

ညွှန်းချက်
စွဲချက်တင်နိုင်လောက်သော အကြောင်းခြင်းရာများ ရှိ မရှိ။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် အွန်ချင်ရင် (ခေါ်) ဦးဘိုးရင် ၉၂၁

တရားရှင်လွှတ်သော အမိန့်ကို ပယ်ဖျက်၍ လိုအပ်သော အမိန့်များကို ချမှတ်ပေးရန် ပြင်ဆင်မှုတင်သွင်းခြင်း – တရားရှင်လွှတ်မည့်အစား တရားခံများကို ဖြေရှင်းစေလျှင် အမှုအလုံးစုံ ပိုမိုထင်ရှားစေခြင်း – ညွှန်ပြသည့် သက်သေခံ အထောက်အထား ရှိနေခြင်း – တဖက်နစ်နာသူများအဘို့ တရားမျှတမှုကင်းမဲ့ပြီဟုထင်မြင်ယူဆဘွယ်ရာရှိ မရှိ – ဆီလျော်ဆက်စပ်သော အချက်အလက် ဟူသမျှကို ဖော်ထုတ်ရန် လိုအပ်ခြင်း – အမှန်တရားကို စီရင်ကြောင်း ပိုမို ထင်ရှားစွာအများက မြင်နိုင်ခြင်း။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် ၁။ မောင်ရွှေ (ခေါ်) မောင်ရှေ၊ ၂။ မောင်ထွန်းရှင် ၆၁၆

တရားသူကြီး၏ ဝတ္တရား– ရာဇသတ်ကြီးပုဒ်မ ၄၂၀ အရ တရားစွဲဆိုခြင်း – ဖြစ်ရပ်အမှန်ကို ပေါ်လွင်ထင်ရှားလာအောင် စစ်ဆေးဖော်ပေးရန် တရားသူကြီး၏ ဝတ္တရား –အကြောင်းမဲ့ ရာဇဝတ်မှု တရားစွဲဆိုခြင်း ကိစ္စမျိုးကို အားပေးသင့် မသင့်။

ဦးမောင်မောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၇၃၂

တရားသူကြီး၏ အမှုမှန်ရရှိရေးနှင့် ပတ်သက်၍ သက်သေများကို အချိန်အခါမရွေးဝင်ရောက်မေးမြန်းရန် တာဝန် – ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၂၆ အရ ရုံးပြောင်းပေးရန် လျှောက်ထားခြင်း – အမှုအမှန်ရရှိရေးနှင့် ပတ်သက်၍ သက်သေများကို အချိန်အခါမရွေး ဝင်ရောက် မေးမြန်းနိုင်မနိုင် –"ရုံးမေး" ဟုဖော်ပြရန်လိုခြင်း။

မောင်ခေတ်ထွန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၆၂၆

ညွှန်းချက် စာမျက်နှာ

တဦးတည်းသော သက်သေ၏ ထွက်ချက်– ရာဇသတ်ကြီးပုဒ်မ ၃၉၄ အရ ပြစ်မှုထင်ရှားစီရင်ခြင်း – တဦးတည်းသော သက်သေထွက်ချက် အပြန် အလှန် စွပ်စွဲချက်ရှိနေခြင်း – ထွက်ချက်တခုတည်းဖြင့် အပြစ်ပေးသင့် မပေးသင့် ထွက်ချက်အား ထောက်ခံသည့် သက်သေအထောက်အထား ရှိ မရှိ – ထောက်ခံသည့် သက်သေအထောက်အထားရှိလျှင် အပြစ် ပေးနိုင် မပေးနိုင်။

မောင်တိုက်ဖြူ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၆၇၃

တုံကင်းငှားရမ်းခ ကျန်ငွေရလိုကြောင်း တရားစွဲဆိုမှု – တရားလို၏ အဆိုလွှာ ပါ စွပ်စွဲချက်အား အတိအလင်းငြင်းဆိုထားခြင်း မရှိခြင်း – စွပ်စွဲချက်ကို ဝန်ခံသည်ဟုယူဆရခြင်း–အစုစပ်လိုပ်ကိုင်ရခြင်း အက်ဥပဒေပုဒ်မ ၃၂ (၃) – အစုရှင် တဦးသည်၊ အစုစပ် လုပ်ငန်းမှ နတ်သိမ်းလျှင်အများ ပြည်သူ့တိုသိသာအောင် နတ်သိမ်းကြောင်း ကြေညာရခြင်း – အစုစပ် လုပ်ကိုင်ခြင်း အက်ဥပဒေ ပုဒ်မ ၃၂ (၃) ခွင်းချက်အပြင် လူတဦးသည်၊ အစုစပ်လုပ်ငန်းနှင့် ဆက်သွယ်လုပ်ကိုင်ရာ၌ အစုရှင်များအား မည်သူ မည်ဝါ ဖြစ်သည်ဟု မသိခြင်း – နတ်ထွက်ပြီး ဖြစ်သည့် အစုရှင် များသည် အပြင်လူနှင့် ပတ်သက်၍ တာဝန်ရှိ မရှိ။

ဦးမြင့်အောင် နှင့် ရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ပါ ၁၁ ၁၃၃၅

ထိမ်းမြားလက်ထပ်ရန် ကတိပျက်ကွက်သဖြင့် လျော်ကြေးရလိုမှု – အရွယ်ရောက် ပြီးဖြစ်သည့် မြန်မာဗုဒ္ဓဘာသာမိန်းကလေးနှင့် ယောကျ်ားကလေး အချင်း ချင်း သဘောတူညီမှုဖြင့် ကာမရာဂစပ်ယှက်ခြင်း – ပဋိသန္ဓေတည်ရှိခြင်း – လက်ထပ် ထိမ်းမြားရန် ငြင်းဆိုခြင်း – လျော်ကြေးပေးထိုက် မပေးထိုက်။

မောင်သန်းဌေး နှင့် မဟု (ခေါ်) မသန်းရင် ၁၀၂၁

ညွှန်းချက်

ဒီကရီကို ဇာရီပြုလုပ်ရန် လျှောက်ထားခြင်း - တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၂ - တရားနိုင်က ဒီကရီငွေကို အပြေအလည်ရရှိပြီး ကြောင်း ရုံးတော်သို့ လျှောက်ထားရန်မှာ အချိန်ကာလ စည်းကမ်းသတ် ရှိ မရှိ - ရုံးတော်သို့ အသိအမှတ်ပြုပေးရန် လျှောက်လွှာတင်သွင်းရန် လို မလို။

မောင်အောင်မောင်း (ခေါ်) မောင်ထွန်းရှိန် နှင့် ဂိုဟန် ပါ ၂ ၁၅၀၅

ဒုတိယအယူခံမှုတွင် အယူခံများဖြည့်စွက်ထည့်သွင်းခြင်း - ပြည်ထောင်စု တရား စီရင်ရေး အက်ဥပဒေပုဒ်မ ၆ ဒုတိယအယူခံမှုတွင် အယူခံများဖြည့်စွက် ထည့်သွင်းခြင်းသည် မှားယွင်းခြင်း ရှိ မရှိ - ကိတ္တိမမွေးစားခြင်း နှင့် ပတ်သက်သော ဆုံးဖြတ်ချက်။

ဒေါ်လှရင် ပါ ၅ နှင့် ဒေါ်မြမေ ပါ ၃ ၉၈

ဒွိဟသံသယ၏အကျိုး - ရာဇသတ်ကြီး ပုဒ်မ ၃၀၂ အရ မှုပြစ်ထင်ရှားစီရင်ခြင်း- အမျိုးသားမှတ်ပုံတင်လက်မှတ်မွေးဖွားသည့် ရက်စွဲဖော်ပြထားခြင်း - အမျိုးသားမှတ်ပုံတင်လက်မှတ် သက်သေခံအက်ဥပဒေပုဒ်မ ၃၅အရ တရားဝင် မဝင်- ကျောင်းဝင်ပုံစံ - မွေးသက္ကရာဇ် ဖော်ပြထားခြင်း- ကျောင်းဝင်ပုံစံသက်သေခံအက်ဥပဒေ ပုဒ်မ ၃၅ အရ တရားဝင်မဝင်- ဇာတာများမှာ အများနှင့် သက်ဆိုင်သော စာချုပ်စာတမ်းများ ဟုတ် မဟုတ် - ဆရာဝန်၏ အကြံဉာဏ်ပေးခြင်းသည် တရားဝင်သော သက်သေခံတင်ပြချက် အကြောင်းအရာဖြစ် မဖြစ် - ဒွိဟသံသယ အကျိုးခံစားခွင့်။

မောင်ကျော်ဆွေ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ၄၀၈

နိုင်ငံခြားသား ကုမ္ပဏီတခုအပေါ် ရာဇဝတ်ကြောင်းနှင့် အရေးယူခြင်း - ဥပဒေ အရ ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီတခုသည် ဥပဒေ၏ မျက် စေ့တွင် သက်ရှိပုဂ္ဂိုလ် တဦးကဲ့သို့ သီးခြားရပ်တည်ခြင်း - ဆက်လက် အရေးယူခြင်း သည် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်နှင့်

ညွှန်းချက် စာမျက်နှာ

ကိုက်ညီခြင်း ရှိ မရှိ။

ဦးစောဝင်း ပါ ၁ နှင့် အထူးတရားသူကြီး (၁) ပါ ၂
(အထူးစုံစမ်းရေးဌာန အက်ဥပဒေ၊ ရန်ကုန်မြို့) ၅၀၈

နိုင်ငံခြားငွေ လဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေပုဒ်မ ၅(၁) / ၂၄
အရ မူပြစ်ထင်ရှားစီရင်ခြင်း - ပြစ်ဒဏ်။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် ဦးဘလှ ပါ ၄ ၁၄၃၇

နိုင်ငံခြားငွေ လဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၂)/
၂၄(၁) / ၂၄ (၂)အရ မူပြစ်ထင်ရှားစီရင်ခြင်း - နိုင်ငံခြားငွေလဲလှယ်မှု
စည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၂) တွင် အကျုံးဝင်
မဝင် - နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေးအက်ဥပဒေပုဒ်မ
၂၁(၃) အရ ထုတ်ပြန်သော နိုင်ငံခြားငွေလဲလှယ်ရေး ကြီးကြပ်ရေးဥ ၏
အမိန့်ကို မနာခံခြင်း - နိုင်ငံခြားငွေ လဲလှယ်မှုစည်းမျဉ်းသတ်မှတ်ရေး
အက်ဥပဒေပုဒ်မ ၂၁ (၃) နှင့် ယှဉ်တွဲ၍ ပုဒ်မ ၂၄ (၁) / ၂၄ (၂)
တို့အရသာစွဲဆိုရန် ဖြစ်ခြင်း။

ဦးစံတင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၇၂၃

ပဋိညာဉ် စာချုပ်မှာ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆အရ၊ ပျက်ပြယ်ပြီဟု မြွက်ဟ
ရန်နှင့် ဇာတ်ကားထုတ်လုပ်ရာတွင် အနှောက်အယှက်မပြုရန် တားဝရမ်း
ထုတ် ပေးစေလိုမှု - ဘရားမကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၃အရ
၊အကြောင်းကြားစာ မထုတ်ဘဲ ယာယီ တားဝရမ်းထုတ်ပေးရန် အာဏာ
ရှိခြင်း - အောက်ရုံးအမိန့်တွင် တဖက်သို့ အကြောင်းကြားစာ မထုတ်
ဆင့်ဘဲ ရုတ်ခြည်းယာယီ တားဝရမ်းထုတ်ပေးရအောင် အရေးကြီးသည့်
အကြောင်းကိစ္စပေါ်ပေါက်နေသည် ဟု ဖော်ပြမထားခြင်း- အကြောင်း
ကြားစာ မထုတ်ဘဲ တဖက်သတ် တားဝရမ်းထုတ်ဆင့်ခြင်းမှာ တရား

ဥပဒေအရ မှားယွင်း ချွတ်ချော်ခြင်း ဖြစ် မဖြစ်။

ဦးထွန်းမြင့် နှင့် ဦးသက်ရှည် ၁၅၇၄

ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၁၃၀–အမွေဆက်ခံ ဥပဒေပုဒ်မ ၂၆၃ အရ ၊ အမွေထိန်းလက်မှတ်ကို ထုတ်ပေးခဲ့ခြင်းကို ပြန်လည်ရုပ်သိမ်းပေးရန် လျှောက်ထားခြင်း – အာမခံကို ရုပ်သိမ်းလို၍ပယ်ဖျက်ပေးရန် လျှောက်ထားခြင်း – မူလအမှုတွင် မကန့်ကွက်ခြင်း – တန်ခိုးကျော်ခန့် မည်သို့မျှ ပြန်လည်စဉ်းစားရန် မလျှောက်ထားကန့်ကွက်ခြင်း မပြုခဲ့ခြင်း – ကန့်ကွက်ရန် အခွင့်အရေး ပိတ်ပင်ခြင်း ရှိ မရှိ – အမွေဆက်ခံဥပဒေပုဒ်မ ၂၇၆ ပြဆိုချက်များနှင့် ညီညွတ်ခြင်းရှိ မရှိ – ခံဝန်ချုပ်ကို ပယ်ဖျက်ရန် ရုံးတွင် အခွင့်အာဏာ ရှိ မရှိ၊ အမွေထိန်းလက်မှတ်စာအတွက် ချုပ်ဆိုပေးသော ခံဝန်ချုပ်သည် ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၁၃၀တွင် အကျုံးဝင် မဝင်။

ဒေါ်အေးချို နှင့် အက်(စ်)၊ အမ်၊ ရော်ကတ် (ခေါ်)
မောင်အောင်မြင့် ၃၃၉

ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂၂၂– အလုပ်မှ မတရားထုတ်ပယ်လိုက်သည့်အတွက် လျော်ကြေးရရှိရန် တရားစွဲဆိုမှု–ရုတ်တရက်အလုပ်မှ ထုတ်ပယ်လိုက်ခြင်းကို လုံလောက်အောင် ပြဆိုနိုင်ခြင်း မရှိခြင်း – ကြိုတင်၍ နို့တစ်စာ ပေးခဲ့ကြောင်း မတွေ့ရှိရခြင်း – အလုပ်မှ ထုတ်ပယ်လိုက်ခြင်းမှာ မတရားထုတ်ပယ်လိုက်ခြင်းဖြစ် မဖြစ် – ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရသည့်လုပ်ငန်းမှ တိုက်ရိုက်ပေါ်လာသည့် နစ်နာချက်များအတွက်သာ ခိုင်းစေသူထံမှ လျော်ကြေးရထိုက်ခြင်း – ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂၂၂ ပါ ပြဆိုချက်များနှင့် အကျုံးဝင်သည်ဟုဆိုနိုင် မဆိုနိုင်။

မူဆာအက် (စ်) မဒါး ပါ ၂ နှင့် ဦးထွန်းမြတ် ၆၁၉

ညွှန်းချက် စာမျက်နှာ

ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇-(ဂ)နှင့် ၁၆၇ (ခ)-အမှုခေါ် စာချွန်တော်အမိန့် ထုတ်ဆင့်ရန် လျှောက်ထားခြင်း -ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇-(ဂ) နှင့် ၁၆၇ (ခ)-ပြည်ပသို့ ပစ္စည်းထုတ်ခြင်းကို တားမြစ်ခြင်း-ကြိုးကြပ်ကွပ်ကဲခြင်း - အစိုးရသည် နိုင်ငံ၏ စီးပွားရေးကို ခြိုး၍ ကြည့်ကာ သတ်မှတ် ဆုံးဖြတ်ရခြင်း - နိုင်ငံခြား သို့ ထွက်ခွာသွားသူများက နည်းသည်ဖြစ်စေများသည်ဖြစ်စေ ခွင့်မပြု တားမြစ် ထားသော ပစ္စည်းများကို ထုတ်ယူခြင်း-ဥပဒေအရ အရေးယူ၍ အစိုးရဘဏ္ဍာ အဖြစ် ပစ္စည်းများကို သိမ်းရခြင်း-ပစ္စည်းများကို ကွယ်ဝှက်ခြင်း မရှိဘဲယူခြင်း သိမ်းဆည်းခြင်းမှ ကင်းလွတ်နိုင် မနိုင်-လိုအပ်သော ခွင့်ပြုချက် မပါဘဲ ကန့်သတ်တားမြစ်ထားသော ပစ္စည်းများကို ပြည်ပသို့ ထုတ်ခြင်း - ထိုသို့ထုတ်ရန် ကြံဆောင်ခြင်းသည်သာပဓါနဖြစ်သည် - မည်သည့် ပစ္စည်းကို မည်မျှ သယ်ဆောင်ခွင့်ပြုမည်ဆိုခြင်း - သက်ဆိုင်ရာအစိုးရဌာနတို့က အုပ်ချုပ်ရေးကိစ္စ အနေနှင့် သတ်မှတ်ဆောင်ရွက်ရခြင်း -ရုံးက ဝင်ရောက်စွက်ဖက်၍ဆုံးဖြတ်ပေးမည်ဆိုလျှင် အုပ်ချုပ်ရေးလုပ်ငန်းများတွင် ကျွှး ပွန် ဝင်ရောက်ရာကျခြင်း။

ပီ၊ အယ် (လ်)ကေ၊ ဒီးယား ပါ ၄ နှင့် ဘဏ္ဍာတော်မင်းကြီး (ကူးသန်းရောင်းဝယ်ရေး) ရန်ကုန်မြို့။ ၈၉၈

ပင်လယ်အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၉- ဝင်ကုန်ထွက်ကုန်ကြိုးကြပ်ရေး (ယာယီ) အက်ဥပဒေ ပုဒ်မ ၅ (၃)အရ၊ မူပြစ် ထင်ရှားစီရင်ခြင်း - ဆန်စပါးများကို နိုင်ငံတော် ကောက်ပဲသီးနှံအဖွဲ့ ၏ခွင့်အမိန့် မရှိဘဲ နိုင်ငံခြားသို့ ထုတ်ယူခြင်း မပြုရဟု တားမြစ်ထားခြင်း- အဆိုပါ ဥပဒေပုဒ်မ ၃ (၂) အရ၊ ပင်လယ်အကောက်တော် အက်ဥပဒေပုဒ်မ၁၉ အရ တားမြစ်ထားသည့် ကုန်ပစ္စည်းအဖြစ် အဓိပ္ပာယ်ကောက်ယူရ မည်ဖြစ်ခြင်း - ပင်လယ် အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၇ အေ၊ အရ ပစ္စည်းများအား အခွင့်အမိန့် မရှိဘဲ နိုင်ငံခြားသို့ ခိုးထုတ်ရန် ကြံစည် အားထုတ်ခြင်း မပြုကြောင်း သက်သေထင်ရှားအောင် ပြသရန် တာဝန်ရှိခြင်း။

မိုဟာမက်ဟူစိန် (ဆောင်း) ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။ ၁၅၀၉

ပစ္စည်းများကို ရုံးတော်က အုပ်ချုပ်စီမံခန့်ခွဲပြီး ခွဲဝေပေးရန် တရားစွဲဆိုမှု – သေသူများ၏ ပစ္စည်းအားလုံး သေသူထံမှ တိုက်ရိုက်အမွေဆက်ခံသူ တဦး မဟုတ်သူ၏ လက်တွင် ရောက်ရှိနေခြင်း – ၎င်းအား တရားခံ တဦးအနေဖြင့်တည့်သွင်း၍ တရားစွဲဆိုနိုင် မနိုင် – တရားမကျင့်ထုံးအမိန့် ၁၊ နည်းဥပဒေ ၃ နှင့် နည်းဥပဒေ ၁၀ (၂) တို့အရ၊ ထည့်သွင်း၍ တရားမစွဲဆိုဘဲ မဖြစ်ခြင်း – ကာလစည်းကမ်းသတ် အက်ဥပဒေ ဖေးအမှတ် ၁၂၀ – ရွှေပြောင်းနိုင်သော ပစ္စည်းများကို လက်ဝယ်သို့ ရောက်ရှိသည့် နေ့ကစ၍ ၆ နှစ် အတွင်းတောင်းခံရခြင်း။

ဦးမောင်ညို နှင့် အဘူး (ခ) မောင်အေးမောင် ပါ ၁၉ ၁၅၈၈

ပိုင်ရှင်၏ ပိုင်ဆိုင်မှုကို ဆန့်ကျင်လျက် နေထိုင်ခြင်းနှင့် ပတ်သက်သော ဆုံးဖြတ်ချက် –ဥယျာဉ်မြေနှင့် တိုက်ကို လက်ရှိ ရလိုကြောင်းစွဲဆိုခြင်း– ဥယျာဉ်မြေတန်ဘိုး ၅၀ကျပ်သာ ရှိသဖြင့် နှုတ်ဖြင့် အပိုင်ပေးခြင်း ကိစ္စမှာ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၄ နှင့် သက်ဆိုင် မသက်ဆိုင် – ပစ္စည်းလွှဲပြောင်းရေးအက် ဥပဒေပုဒ်မ ၁၂၃အရ မှတ်ပုံတင်စာချုပ်ပြုလုပ်ရန် လို မလို – လက်ရှိနေထိုင် မှုမှာ ပိုင်ရှင်၏ ပိုင်ဆိုင်မှုကို ဆန့်ကျင်လျက်ရှိ မရှိ။

ဦးအောင်ထွန်း ပါ ၆ ဦး နှင့် ဦးထွန်းတင်၊ ကွယ်လွန်သူ ဒေါ်တုတ်၏အမွေဆက်ခံသူ။ ၇၅၅

ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၈ (စီ)၏ ချွင်းချက် – အခင်းဖြစ်အိမ်နှင့် မြေကို လက်ရောက်ရလိုမှုတရားစွဲဆိုခြင်း – ၎င် ၅၀၀၀ တန်ဘိုးထား၍ ရေစစ်တြီစာချုပ်ဖြင့် ဝယ်ယူထားခြင်း – ပစ္စည်း လွှဲပြောင်းခြင်း အက် ဥပဒေပုဒ်မ ၅၈(စီ) ၏ ခြွင်းချက်ကို ဂရုပြုရန်လိုအပ်ခြင်း – လုံးဝ အရောင်းစာချုပ်ဟု ဖော်ပြထားသဖြင့် သက်သေခံအက်ဥပဒေပုဒ်မ ၉၂ အရ အခြား သက်သေခံများကို ပိတ်ပင်ထား မထား –အခြားအမွေစား အမွေခံသားသမီးမ ရှိဘဲ တဦးတည်းသော သားအတွက် ဦးစားပေး၍ အကျိုးခံစားခွင့်ရှိစေရန် ဝယ်ယူသူတဦးအနေဖြင့် ထည့်သွင်းထားခြင်း– အကျိုးခံစားခွင့် ရှိ မရှိ – ကွာရှင်းပြီးဖြစ်သော မယားနှင့် အချင်းဖြစ်

A

ညွှန်းချက် စာမျက်နှာ

ပစ္စည်းတွင် ခွဲဝေခြင်းမရှိသေးခြင်း – ကွာရှင်းပြီးသော မယားတွင် ပိုင်ဆိုင်ခွင့် ရှိ မရှိ – အကျိုးခံစားခွင့်များစည်းကမ်းသတ် ကျော်လွန်မလွန်။

ဦးမောင်ကလေး ပါ ၄ နှင့် ဒေါ်စိန်နု (ခေါ်) ဒေါနုမေ ၁၃၀၉

ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၅၈ (အက် ဖ်) –မြေပေါ်တွင် ကျူးကျော်၍ ဆောက်လုပ်ထားသည့် အဆောက်အဦများကို ဖယ်ရှားပေးရန်နှင့် မြေကိုလက်ရှိရရှိရန် တရားစွဲဆိုမှု – ငွေချေးငှားသည်နှင့် ပတ်သက်၍ အော်ဒီမံစာချုပ် မတင်ပြနိုင်ခြင်း – ကတိစာချုပ်တွင် မြေ၏ စာချုပ်စာတမ်းများကို အပေါင်သဘောဖြင့် ပေးအပ်ကြောင်း မဖော်ပြခြင်း – ပစ္စည်းလွှဲ ပြောင်းရေး ဥပဒေပုဒ်မ ၅၈ အက် (ဖ်)၊ ပုဒ်မ ၆၉(၁) (စီ) ၊ ပုဒ်မ ၆၉ (၂) (အေ)၊ ပုဒ်မ ၆၉ (၂) (ဘီ) များအရရောင်းပိုင်ခွင့်ရှိ မရှိ – မိမိ ဝယ်ယူ၍ တရားဝင်ပိုင်ဆိုင်သည့်အနေဖြင့် မြေကိုလက်ရောက်ရရှိရန် တရားစွဲ ဆိုမှု – တရားဝင်ပိုင်ဆိုင်ကြောင်း ပေါ်လွင်အောင် ပြသနိုင်ခြင်း မရှိခြင်း – တောင်းဆိုသည့် သက်သာခွင့်ကို ရရှိရန် ရှိ မရှိ။

ဦးလှမြိုင် နှင့် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့၊ ၎င်း၏ အတွင်းရေးမှူး ဦးလှစိန် ၇၃၆

ပစ္စည်းလွှဲပြောင်းရခြင်း အက်ဥပဒေ ပုဒ်မ ၁၀၈ (ခ)– ဥပစာမှ နှင်ထုတ်လိုမှု တရားစွဲဆိုခြင်း – ဥပစာတခုခုအပေါ် ခံစားခွင့်ကို လွှဲပြောင်းပေးခြင်း – လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းပေးခြင်းခံရသူတို့ အိမ်ရှင်အိမ်ငှားဖြစ်လာကြမည်ဖြစ်ခြင်း – ဥပစာကို အိမ်ငှားအား လက်ရောက်မပေးလျှင်အိမ်ငှားအနေဖြင့် ငှားရမ်းခပေးရန် တာဝန်ရှိ မရှိ၊ ဥပစာမှ နှင်ထုတ် လိုမှုစွဲဆိုခြင်း ပြုနိုင် မပြုနိုင်။

ကိုကျော်လင်း နှင့် မောင်ဝင်းမှန် (အရှေ့ယိမရောက်သေးသူနှင့် ၎င်း၏မိတ်ဆွေ ဦးမင်းစိန်) ၁၁၄၇

ညွှန်းချက်

ပြစ်ဒဏ်ကို မည်သည့်အခါလျှော့ပေါ့သင့်ခြင်း – ရာဇသတ်ကြီးပုဒ်မ ၄၅၇ (၁) အရ မှုပြစ်ထင်ရှားစီရင်ခြင်း – ယေရှုယ်သူတဦးဖြစ်၍ တက္ကသိုလ် ကျောင်းသားတဦးဖြစ်ခြင်း – ဘဝအညွှန့်မတုံးစေရန်နှင့် ပြန်လည်ဘဝ သစ်ထူထောင်နိုင်စေရန် ရည်ရွယ်သင့်ခြင်း – ပြစ်ဒဏ်လျှော့ ပေါ့သင့်မသင့်။

မောင်သန်းအောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၆၉၄

ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆၊ ၄ားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၈ တွင် ထပ်မံ၍ အယူခံခွင့် မရှိဟု ပြဋ္ဌာန်းခြင်း ရှိ မရှိ – နို့တစ်စာ ပြဿနာမှာ အများပြည်သူနှင့် သက်ဆိုင်သည့် အရေးကြီးသည့် ဥပဒေ ပြဿနာတရပ် ဟုတ် မဟုတ်။

ဒေါက်တာ ဒီ၊ စီ၊ ဒတ် (စ်) နှင့် ပစ္စည်းထိန်းဝန် တရားရုံးချုပ် ၁၀၈

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ – ရာဇဝတ်မှုများတွင် သက်သေများ စွပ်စွဲသူနှင့် ဆွေမျိုးတော်စပ်ခြင်း – ယုံကြည်သင့် မသင့် ဆိုသော ပြဿနာ – အချက်အလက်များအပေါ် မူတည်၍ အဆုံးအ ဖြတ်ပြုရခြင်း – ပြစ်ဒဏ်။

မောင်ချစ်လှ ပါ ၆ ၊ထောင်ကျအကျဉ်းသားများ၊ စံပြ အချုပ်ထောင်၊ မန္တလေးမြို့ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ။ ၉၇၈

ပြည်ထောင်စု တရားစီရင်ရေးအက်ဥပဒေ ပုဒ်မ ၆ – လျော်ကြေးတောင်းရန် အချိန်သတ်မှတ်ခြင်းသည် အလုပ်သမားက အလုပ်ရှင်ထံမှ တောင်းခြင်း နှင့် သက်ဆိုင်ခြင်း – လျော်ကြေးမင်းကြီးထံနောက်တဆင့် တက်ရောက် ခြင်းနှင့် မသက်ဆိုင် – အလုပ်ရှင်က လျော်ကြေးပြဿနာပြီးပြတ်လိုလျှင် လျော်ကြေး မင်းကြီးထံပုဒ်မ ၁၉ အရ၊ ဆုံးဖြတ်ပေးရန် တောင်းခံနိုင်ခြင်း –လျော်ကြေးမင်းကြီးသည် အနုညာတ ခုံသဘော ဖြန့်ဖြေပေးခြင်း ဥပဒေ

ညွှန်းချက် စာမျက်နှာ

တရားမျှတမှု တို့နှင့် အညီဖြစ်စေခြင်းတို့ကို ဆောင်ရွက်ခြင်း – အလုပ်သမားသည် အချိန် ကြာမြင့်စွာ ဆေးကုသလောက်အောင် ပြင်းထန်သော ဒဏ်ရာရရှိခြင်း – အချိန် လွန်မှ လျော်ကြေးတောင်းရန် လုံလောက်သော အကြောင်း – ဆရာဝန်အား အလုပ်သမား အလုပ်ရှင်တို့က ၎င်း၊ လျော်ကြေးမင်းကြီးက ၎င်း၊ မေးမြန်းခိုင် ရန် သက်သေအဖြစ် ခေါ်ယူ ဘို့လိုခြင်း – ဒဏ်ရာရပြီး ၁၂ လအတွင်း အလုပ်ရှင်ထံမှ လျော်ကြေး တောင်းခံသည်ဟူ၍ ၊ ယူဆရန်ရှိခြင်း – ပြင်းထန်သော ဒဏ်ရာများ ရရှိခဲ့၍ ဆေးရုံများ၌ ကြာမြင့်စွာ တက်ရောက် ကုသရခြင်း – လျော်ကြေးမှုကို လုံလောက်သော အကြောင်းကြောင့် အချိန်လွန်မှ စွဲဆိုရသည် ဟု ယူဆနိုင်ခြင်း။

မောင်ညွှန့်စိန် နှင့် ဦးရှိန်ကြီး ၉၉၁

ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ –အချင်းဖြစ်အိမ်နှင့် မြေမှာ တဦးတည်းပိုင်ဖြစ်ကြောင်း မြွက်ဖော်လိုမှုနှင့် လက်ရောက်ရလိုမှု တရားစွဲဆိုခြင်း – အမှုတွင် မရှိမဖြစ်သည့် အမှုသည်တယောက်ဖြစ်ကြောင်း ကောက်ယူထားခြင်း – ဥပဒေ ပြဿနာဖြစ်ခြင်း – အယူခံရုံး၌ တင်ပြလျှောက်ထားခွင့် ရှိခြင်း – အမှုသည် အဖြစ် ထည့်သွင်းရန် မလိုကြောင်း တသမတ်တည်း ငြင်းဆိုခြင်း – အဆိုလွှာကို ပြင်ဆင်ခွင့်မပေးဘဲ အမှုကို ပလပ်ခြင်းမှာ မှားယွင်းသည်ဟုဆိုနိုင် မဆိုနိုင်– ကုစား၍ မရနိုင်အောင် ဆုံးရှုံး နစ်နာမှု ရှိ မရှိ။

မလှတင် နှင့် ဆရာအီဗရာဟင် ပါ ၂ ၁၂၃၁

ပြည်ထောင်စု တရားစီရင်ရေးအက်ဥပဒေ ပုဒ်မ ၆ – အချင်းဖြစ်အိမ်မှ ထွက်ခွာဖယ်ရှားပေးစေရန် စွဲဆိုမှု – အိမ်ငှားမြေငှားကြီးကြပ်ရေးဥပဒေနှင့် အကျုံး ဝင် မဝင် – ပထမအယူခံရုံးနှင့် မူလရုံးများက ကွဲလွဲဆုံးဖြတ်ခြင်း – အယူခံ ဝင်ခွင့်ပေး သင့် မပေးသင့်။

ဦးရှင် နှင့် ဦးစံအောင် ပါ ၂ ၂၁၁

ညွှန်းချက်

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ – အပြစ်ဒဏ်ချမှတ်ရာ၌ ပြစ်မှု ကျူးလွန်သူအပေါ် ဂရုစိုက်ခြေသည့် သဘောမဟုတ်ဘဲ၊ ပညာပေးသည့် သဘောလည်း သက်ရောက်စေရခြင်း– မည်သည့်ပြစ်မှုကျူးလွန်လျှင် မည်သည့် အပြစ်ဒဏ်မျိုးကိုသာ ချမှတ်ရမည်ဟု ပုံသေကားချသတ်မှတ်ထား၍မရနိုင်ခြင်းအပြစ်ဒဏ်သတ်မှတ်သောကိစ္စမှာ တရားရုံး၏ဆင်ခြင်တုံ တရားလက်ကိုင်ထားကာ ဆုံးဖြတ်ရသော ကိစ္စဖြစ်ခြင်း။

မစ္စစ်ချန္ဒရာမာယာ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၄၄၈

ပြည်ထောင်စု တရားစီရင်ရေးအက်ဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်ရရန် လျှောက်ထားခြင်း – အချင်းဖြစ်အိမ်ကို ရောင်းချပြီးနောက် အိမ်ငှားအဖြစ် ဆက်လက်နေထိုင်ရန် စာချုပ်ချုပ်ဆိုခြင်း – ၅ နှစ် အတွင်း တရားရုံး မှသော်၎င်း၊ အခြားနည်းများနှင့်သော်၎င်း၊ နှင်ထုတ်ခြင်းမပြုဟု ချုပ်ဆိုခြင်း – အိမ်ငှားက ဝယ်ယူနိုင်လျှင် အိမ်ရှင်တို့က အိမ်ကိုပြန်လည် ရောင်းချပါမည်ဟု ချုပ်ဆိုခြင်း– မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ – အိမ်ငှားအား အိမ်ရှင်၏ နှင်ထုတ်ဖယ်ရှားခြင်းမှာ အကာအကွယ်ပေးထားသည့် ပြဋ္ဌာန်းချက် ဖြစ်ခြင်း – ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ၊ ပဋိညာဉ်အက်ဥပဒေ စသည် တို့အရရနိုင်သော အခြားအခွင့်အရေးများကိုလည်း အိမ်ငှားက ရနိုင်ခြင်း – မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေက အခြားအခွင့်အရေးများကို ဖျက်သိမ်းသည် ဟုတ် မဟုတ် – အိမ်ငှားအားမနှင်မူ၍ စာချုပ်အရ ချုပ်ဆိုခဲ့သော ၅ နှစ်အတွင်း တရားစွဲဆိုခြင်း – စာချုပ်ပါ စည်းကမ်းနှင့်ညီ မညီ – ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၃ (က) နှင့် ဆန့်ကျင်မဆန့်ကျင်။

ဦးသန်းညွှန့် နှင့် ဦးသိန်း ပါ ၂ ၁၁၀၁

ပြည်ထောင်စုမြန်မာနိုင်ငံ ရုပ်ရှင်ဥပဒေ (၁၉၆၂) ပုဒ်မ ၃၅ (၁) (ဂ)အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်း – ပုဒ်မ ၃၅ (၂)အရ၊ သက်သေခံစာတမ်းထုတ်ကား၊ ဖလင် နှင့်သေတ္တာကို အစိုးရဘဏ္ဍာတော်အဖြစ် သိမ်းဆည်းခြင်း –ရုပ်ရှင်ကားပြသခွင့် သက်သေခံလက်မှတ် အသစ်မလဲယူခြင်း – မသိနား

ညွှန်းချက် စာမျက်နှာ

မလည်၍ တကြိမ်တခါ ကျူးလွန်ခြင်း – အစိုးရ ချမှတ်သော မူဝါဒ လမ်းစဉ်ကို ဖျက်လိုဖျက်ဆီးပြုလုပ်ကာ ဆန့်ကျင်ခြင်း ဟုတ် မဟုတ်– အစိုးရဘက္ကာတော်အဖြစ် သိမ်းဆည်း ရန်အမိန့်မှာ ပြင်းထန် ခြင်းဖြစ်မဖြစ်။

ဒေါ်ငွေရင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၈၆၁

ပြည်ထောင်စုသားတိုင်းရင်းသား လူမျိုးများ၏ ဓလေ့ထုံးတမ်း–ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရစွဲဆိုထားခြင်း – ကချင်တောင်တန်းဥပဒေပါပြဋ္ဌာန်းချက်တို့ နှင့် အညီ ကချင်ဓလေ့ထုံးတမ်း ဥပဒေအရ စီရင်ရမည်လော၊ သို့မဟုတ် ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးတို့အရ စစ်ဆေးစီရင်ရမည်လော – ပြည်ထောင်စုသား တိုင်းရင်းသား လူမျိုးများ၏ ဓလေ့ထုံးဥပဒေများအဖြစ် ခိုင်မာစွာ သက်ဝင် လုပ်ရှားနိုင်ခဲ့ခြင်း – ဓလေ့ထုံးဥပဒေများသည် အထူးပင်စာနိုဒိုးထက်မြက်ခြင်း – နိုင်ငံတော်အစိုးရက ပြည်ထောင်စုသား တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်း ဥပဒေတို့ကို စုဆောင်းလေ့လာ၍ကောင်းသည်တို့ကို ဖော်ထုတ်၍ ထိန်းသိမ်းပျိုးထောင်ခြင်း – အမှုသည်များသည်တောင်ပေါ်သား ကချင်လူမျိုး အချင်းချင်းဆွေမျိုးဖြစ်ခြင်း– အမှုကိုဓလေ့ထုံးတမ်းအရ ကြေအေးလိုကြခြင်း– အမျက်ဒေါသလည်း ပြေစေရန် ကြေးလည်းပြေစေ ရပ်ရွာပြည်နယ်နှင့် ပြည်ထောင်စု စည်းလုံးညီညွတ်ရေးလည်း ဖြစ်စေအောင် ကချင်ဓလေ့ထုံးတမ်းဥပဒေအရပြီးပြတ်စေ။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် နော်ခွန်ဇော်ဘာ ၁၄၁၇

ပြည်ထောင်စုသား ပြစ်မှုအက်ဥပဒေပုဒ်မ ၆ အရ လျှောက်ထားနိုင်ခြင်း–လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်ပြဋ္ဌာန်းချက်) အက်ဥပဒေပုဒ်မ ၄ (၂) / ၁၃(၁) အရ မူပြစ်ထင်ရှားစီရင်ခြင်း – ပြည်ထောင်စုသားဖြစ်သည်ဟု တရားမရုံး၌ မြွက်ဟကြေညာချက်ကို ရရှိရန် တရားစွဲဆိုနိုင်ခြင်း – ပြည်ထောင်စုသား ဖြစ်မှုအက်ဥပဒေပုဒ်မ (၆) အရ လျှောက်ထားနိုင်ခြင်း – ပြည်ထောင်စုသား လက်မှတ်ရလိုကြောင်း လျှောက်ထားနိုင်ခြင်း – ရာဇဝတ်ကြောင်းဖြင့် အရေးယူ၍ ပြစ်ဒဏ်ပေးထားသည်မှာ လျှော်ကန်

F-!

သည်ဟု ဆိုသာ မဆိုသာ တရားဥပဒေ နှင့်လည်း ညီ မညီ။

စူလဘန်အာမက် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ၅၈၃

ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁) ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၂၃ (၁) (ခ) (၁) ဒုတိယပိုင်းအရ အမှုကို ပြန်လည်စစ်ဆေးရန် ချမှတ်သော အမိန့် - တထစ်ချ ပြတ်ပြတ်သားသားစွပ်စွဲနိုင်စွမ်းမရှိခြင်း - အပြစ်ပေးရန်လည်း ဖြစ်နိုင်ဘွယ်ရာအကြောင်းမရှိခြင်း - နောက်ထပ်အသစ် တဖန်စစ်ဆေးရန် မြင် မမြင်။

ဦးအောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၇၄၈

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁ (ဂ) လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်)အက်ဥပဒေပုဒ်မ ၁၃ (၁)အရ ပြစ်မှုထင်ရှားစီရင်ခြင်း - မြန်မာနိုင်ငံတွင် ပါဝင်သော နယ်မြေတခုခုတွင် မွေးဖွားခဲ့ခြင်းဖြစ်မဖြစ် - ပြည်ထောင်စု မြန်မာနိုင်ငံတော်သားဖြစ်မှု အက်ဥပဒေ ပုဒ်မ ၄ (၂) နှင့် သက်ဆိုင်ခြင်းရှိ မရှိ - တိုင်းရင်းသားဆိုသည့်စကားရပ် - ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁ (ဂ)အရ၊မြန်မာနိုင်ငံသူဖြစ်နိုင်မဖြစ်နိုင်။

ဆကီနာဘီဘီ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။ ၃၂၀

ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ဆံမှု အက်ဥပဒေ ပုဒ်မ ၂၀ (၁) နှင့် ၂၄ (၁)-အမွေဆက်ခံရန် သက်သေခံ လက်မှတ် လျှောက်ထားခြင်း - လင် မဟာမေဒင် ဘာသာဝင်၊ မယားဗုဒ္ဓ ဘာသာဝင် - ဗုဒ္ဓဘာသာဝင် မိန်းမများ၊ အထူးထိမ်းမြားမှုနှင့် အမွေ ဆက်ခံမှု အက်ဥပဒေပုဒ်မ ၂၀ (၁) နှင့် ၂၄ (၁) တို့ သက်ဆိုင်ခြင်း

ညွှန်းချက် စာမျက်နှာ

ရှိ မရှိ။

ခေါ်စော် နှင့် ကွယ်လွန်သူ အီး၊ အမ်၊ မက်တွန်ပစ္စည်းကိစ္စ။
အမ်၊အက်(စ်)မက်တွန် ၈၁

မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ (၁) – စားဘွယ်သောက်ဘွယ် သရေစာတို့ကို ကော၊အင်၊ဒီ၊ အိုယ်သောင်းကျန်းသူများ ကျက်စားရာအရပ်သို့ သွားရောက်ရောင်းခြင်း – သောင်းကျန်းသူတို့အား အကူအညီပေးသည်ဟု ယူဆသင့် မသင့်။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် ကိုထွန်းချစ် ၃၆၆

မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ (၁) အရ မူပြစ်ထင်ရှားစီရင်ခြင်း – ပြစ်ဒဏ်။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်ထွန်းစိန် ၁၄၂၅

မယားခေါ်လိုမှု – လူငယ်ဘဝချစ်ကြိုက်ကြသဖြင့် ခိုးရာလိုက်ခြင်း – လူသိရှင်ကြား လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်း – ပြန်အပ်သည့် အခမ်းအနား ကျင်းပခြင်း – မြန်မာဗုဒ္ဓဘာသာတရားဥပဒေအရ၊ တရားဝင်ထိမ်းမြားခဲ့ပြီး ဖြစ် မဖြစ်။

မခင်ရီ နှင့် မောင်ချစ်ပို (ခေါ်) မောင်သန်းထွန်းဦး ၃၇၆

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၈၈ (၁) – မယားသည် လင်၏ နောက်သို့လိုက်ပြီး လုပ်ကိုင်စားသောက်ပေါင်းသင်းနေထိုင်ရန် တာဝန်ရှိခြင်း – မယား ဝတ္တရားမကျေပွန်လျှင် လင်ဖြစ်သူက ကျေးမွေးပြုစုရန် တာဝန်ရှိမရှိ – ရာဇဝတ်ကျင့် ထုံးပုဒ်မ ၄၄၈ (၄)၏ ပြဋ္ဌာန်းချက် – လုံလောက်သောအကြောင်းဆိုရာ၌ အမှုတခုနှင့် တခု အကြောင်းခြင်းရာများ တူညီမည်မဟုတ် – ပေါ်ပေါက်နေသည့် အကြောင်းခြင်းရာများ အပေါ်မူ

ညွှန်းချက်

တည်၍ အဆုံးအဖြတ်ပြုရခြင်း – လျှောက်ထားသူဆွေမျိုးနှင့် တ
ယောက်မျက်နှာ တယောက်မကြည့်နိုင်လောက်အောင် – ရန်ဖြစ်ထားခြင်း၊
ရန်ဖြစ်ထားသည့် ဆွေမျိုးအိမ်၌ လိုက်၍ နေရန်ငြင်းဆိုခြင်းမှာ လုံ
လောက်သော အကြောင်းဟုတ် မဟုတ် – အမျိုးသားတဦးသည် အမျိုး
သမီးတဦးကို ဇနီးအဖြစ် ပေါင်းသင်းခဲ့မှုဇနီး ဖြစ်သူအား ကျေးမွေးစောင့်
ရှောက်ရန်တာဝန်ရှိခြင်း – စားစရိတ် မပေးလို၍ နည်းအမျိုးမျိုးနှင့်
ခုခံပြီးရုံး အဆင့်ဆင့် တက်ရောက်နိုင်ခွင့်ရှိနေလျှင် မယားကို အတိုက္ခ
ရောက်စေခြင်း၊ မှန်ကန်သော လူမှုရေးနှင့် ဆန့်ကျင်နေသည့် အလျောက်
အားမပေးသင့်။

ဦးကြည် နှင့် မခင်ရီ ၇၀၄

မသမာစိတ်ဖြင့် ဖမ်းဆီးချုပ်နှောင်စေ၍ လျော်ကြေးငွေရလိုမှု – လူတဦး၏လွတ်
လပ်စွာ သွားလာနေထိုင်ခွင့်သည် လူသားများအတွက် အထူးပင် အရေး
ကြီးသည့် အခွင့်အရေးတရပ်ဖြစ်ခြင်း – အခွင့်အရေးကို ထိပါးပိတ်ပင်
သည့် အနေဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်း – နှစ်နာသူက လျော်ကြေးငွေ
တောင်းဆိုလာသော် မိမိပြုမူချက်ဖြောင့်မတ် မှန်ကန်ကြောင်း ထုချေရန်
တာဝန်ရှိခြင်း – ရဲအုပ်၏ ဆောင်ရွက်ချက်ကြောင့် ရာဇသတ်ကြီး
ပုဒ်မ ၃၈၁ မှ ၃၆၆ သို့ ပြောင်းလဲ အရေးယူကြောင်း ပေါ်ပေါက်ခြင်း
– လျော်ကြေးငွေရခွင့် ရှိ မရှိ။

ဟာဂျီ ဦးသိန်း နှင့် ဦးသာဝင်း ၁၂၆၃

မိမိကိုယ်ကို မိမိကာကွယ် ခုခံပိုင်ခွင့် – သေသူက ဓါးနှင့် လှမ်းခုတ်ရာတင်
ပါးထိသွားခြင်း – ရန်မမူနိုင်အောင် တချက်တည်းဓါးဖြင့် ရှမ်း၍
ထိုးလိုက်ခြင်း – ရာဇသတ်ကြီး ပုဒ်မ ၉၇ အရ ခုခံပိုင်ခွင့် ရှိ မရှိ။

မောင်ခွေး (ခေါ်) မောင်ထွန်းကြည် (ခေါ်) အရိုးတောင် နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံ ၄၂၈

ညွှန်းချက် စာမျက်နှာ

မိသားစုစီမံမှု မည်သည့်အခါ အထည်ဖြစ်သည်ဟု ဆုံးဖြတ်ခြင်း အုပ်ထိန်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်း – မိခင် မသေမီက သားသမီးအားလုံး သဘောတူညီချက် အရ မိသားစု စီမံမှုတရပ် ပြုလုပ်ခြင်း – မိသားစုစီမံမှု အတည်ဖြစ် မဖြစ်။

ဒေါ်သဲရင် နှင့် ဦးထွန်းဉာဏ် ပါ ၁၇ ၅၉၁

မီးအာမခံ ပေါ်လီစီအရ၊ အာမခံ ထားငွေများကို ရလိုကြောင်း၊ တရားစွဲမှု – ရွေ့ပြည်အေး ဆန့်စက် မီးလောင်ကျွမ်းခြင်း – သက်သေပြရန် တာဝန်ဆိုသည့် စာတွေ့သဘောတရား– နှစ်ဘက်စလုံးက သက်သေ အထောက်အထားများကို တင်ပြခြင်း – သက်သေအထောက်အထားများ အပေါ် စီစစ်၍ အဆုံးအဖြတ်ပြုရန်သာ ဖြစ်ခြင်း – သောင်းကျန်းမှုနှင့် ရုန်းရင်းဆန့်ခတ်မှုတို့ ကွာခြားခြင်း – ရုန်းရင်းဆန့်ခတ်မှု ရှိ မရှိဆိုခြင်းမှာ ဥပဒေ ပြဿနာသာမက အကြောင်း ခြင်းရာပြဿနာပါ ပူးတွဲ စဉ်းစားရခြင်း – အယူခံရုံးဌ ပထမအကြိမ်အနေဖြင့် တင်ပြခြင်းပြုနိုင် မပြုနိုင်။

သည်အမေရိကန် အင်တာနေရှင်နယ် အင်ရှူးဝါးရင့် (စ်) ကုမ္ပဏီလီမိတက်(ငင်း၏ကိုယ်စားအမေရိကန်အင်တာနေရှင်နယ် အန်ဒါရိုက်တာ(စ်) ဘားမား လီမိတက်) နှင့်မက်ဆား(စ်) သည်ဘားမိ(စ်) အီကော်နော်မက်(စ်) ဘဏ် လီမိတက် (ပြည်သူ့ဘဏ်အမှတ် ၂၁)ပါ၂ ၁၅၂၅

မော်တော်လော်လီကားကို ဖြစ်စေ၊ ငင်း၏ တန်ဘိုးကို ဖြစ်စေ၊ လက်ရောက်ရရှိရန် တရားစွဲဆိုမှု ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို ရောင်းချခြင်း – ရောင်းချသည့်ပစ္စည်း ဝယ်သူလက်ရောက်ရရှိခြင်း ဖြစ် မဖြစ် – စာချုပ် တခုတည်းပေါ်မှာ မူတည်စဉ်းစားရန် ဟုတ် မဟုတ်။

ဦးလှထွန်း နှင့် ဦးအောင်စိုး ၁၆၀၃

မြေကို လက်ရောက် ပေးအပ်စေလိုမှု – ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေနှင့် နည်းဥပဒေ – သီးစားချထားရေး နည်းဥပဒေ ၉ အရ၊ အခင်းဖြစ် မြေကို မှတ်ပုံတင်ပြီးခြင်း – လက်ရှိလက်ငုတ် လုပ်ကိုင်နေသူတစ်ဦး ဖြစ်သည်ဟု မှတ်ယူရခြင်း – တရားဥပဒေအရ၊ တရားမရုံးက တရားလိုတောင်းဆိုသည့် သက်သာခွင့်ကို ပေးနိုင် မပေးနိုင်။

မောင်ထယ် နှင့် ဦးဆိုင် ပါ ၂ ၁၄၆၇

မြေကို လက်ရောက်ပေးစေလိုမှု – ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေ ပုဒ်မ ၈ ဖြင့် ပုဒ်မ ၇ အရ အာဏာလွှဲအပ်ခြင်းခံရသော ကျေးရွာအုပ်စုမြေယာကော်မတီက သီးစားချထားခြင်း – ထိုအမိန့်ကို တရားရုံးတော်က ငြင်းဆိုပိုင်ခွင့်ရှိ မရှိ။

မသိန်းမေ ပါ ၃ နှင့် ဒေါ်ဂုဏ် ပါ ၂ ၁၂၃၅

မြေများကို လက်ရောက်အပ်ပေးစေလိုမှု တရားစွဲဆိုခြင်း – တရားမကျင့်ထုံး ပုဒ်မ ၁၀၀ (၁) (ဃ) အရ၊တင်သွင်းသည့်အယူခံလွှာ–ပထမအယူခံရုံးက ဆုံးဖြတ်ချက်ချမှတ်သည့် အကြောင်းခြင်းရာ ပြဿနာနှင့် ပတ်သက်သော ဆုံးဖြတ်ချက်ကို ဒုတိယအယူခံရုံးက ဝင်ရောက်စွက်ဖက်နိုင် မစွက်ဖက်နိုင်။

မောင်ကောက်ကြီး ပါ၂ နှင့် မမွဲ့ ပါ ၃ ၁၄၅၆

မြေကွက်ပေါ်မှ အဆောက်အဦကို ဖျက်သိမ်း၍ ထွက်ခွာသွားစေရန် နှင့် မြေငှားခရလိုကြောင်း တရားစွဲဆိုမှု – အမှုကိုတရားဝင်ကိုယ်စားလှယ်မှ တဆင့် စွဲဆို ခြင်း – မှတ်ပုံတင်ကိုယ်စားလှယ်စာချုပ်ချုပ်ဆိုပေးသည် ဆိုသည်မှာ မမှန်ဟု ငြင်းဆိုခြင်း – မမှန်ကြောင်းပြသရန် တာဝန်မှာ ငြင်းဆိုသူအပေါ်တွင် ကျရောက် ခြင်း – ပစ္စည်းလွှဲပြောင်းရေး ဥပဒေအရ မြေကိုရရှိရန် တရားစွဲဆိုခြင်းမဟုတ်ဘဲ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်

ညွှန်းချက်	စာမျက်နှာ
ဥဖုဒေပုဒ်မ ၁၂ (၁) (ဃ) အရ တရားစွဲဆိုခြင်း – မြေမှဖယ်ရှားပေးရန် တရားစွဲဆိုနိုင် မဆိုနိုင်။	
ဒေါ်စိန်နက် နှင့် ဦးအရှမ်း ပါ ၂	၁၃၈၉
မြို့ပြဆိုင်ရာအိမ်ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၁ –အမှုခေါ်စာချုပ်တော်– အိမ်ရှင်နှင့် အိမ်ငှားကိုသာ ရည်ညွှန်းထားခြင်း – အိမ်ငှားမဟုတ်သူ နှင့်စပ်လျဉ်း ၍၊ လက်ထောက် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဝန်က ဆောင်ရွက်ပေး နိုင် မပေးနိုင် – ဆောင်ရွက်မှုမှာတရားစီရင်ရေးကဲ့သို့ အကျိုးသက်ရောက် မသက်ရောက် – အမှုခေါ် စာချုပ်တော် အမိန့်ဖြင့် ပယ်ဖျက်ခွင့် ရှိ မရှိ။	
မောင်လှမြင့်(ခေါ်)မောင်လှမြိုင် နှင့် မောင်သိန်းအောင် ပါ ၂	၁၂၄၂
မြေငှားဖြစ်သူ အမှုခေါ်စာချုပ်တော်–၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၃ (၁)အရ၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်က မြေငှားဖြစ်သူတို့အား၊ မြေပေါ်တွင် ဆက်လက်နေထိုင်ခွင့်ပြုခြင်း– ဥပဒေက အပ်နှင်းသော အာဏာကို လွန်၍ ဆုံးဖြတ်ထားခြင်း ဖြစ် မဖြစ်–မှီခိုသူတစ်ဦးအား ဆက်လက်နေထိုင်ခွင့်ပြုခြင်း –ဥပဒေအရ မြေတကွက်ကို တကြိမ်တည်း၌ မြေငှားအား ငှားရမ်းထားခြင်း– အခြားတဦးအား ဆက်လက်နေထိုင်ခွင့်ပြုသည်ဟု သတ်မှတ်ရန် ဖြစ် မဖြစ်။	
ဒေါ်မမလေး နှင့် ဦးညွှန့် ပါ ၃ ၊ ဦးလှ ပါ ၃	၁၃၉၅
မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေ အက်ဥပဒေပုဒ်မ ၁၂ (၁) (ဇ) –ဥပစာအိမ်များ ဟောင်းနွမ်းယိုယွင်းခြင်း – အသစ်ပြန်လည်ဆောက်လုပ်ရန်အတွက် ရိုးဖြောင့် သော အကြောင်းဖြင့် ရယူလိုခြင်း – ပြန်လည်ဆောက်လုပ်ရန် အိမ်ပုံစံတွဲ၍ မြူ နီစီပါယ်တွင် အခွင့်အမိန့်တောင်းခံခြင်း။	
ဒေါ်အေးလှ နှင့် ကိုမောင်လှိုင်	၁၂၀၅

ညွှန်းချက်

လျှောက်ထားသူများအပေါ်တွင်၊ ရန်ကုန်မြို့ လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့ပိုင် ကြေးနန်းကြိုးများကို ယုံကြည်အပ်နှံထားရာတွင် ဖေါက်ဖျက်ကျူးလွန်ခြင်း၊ ထိုသို့ ကျူးလွန်ခြင်းကို ပါဝင် အားပေးကြခြင်း၊ ခိုးရာပါပစ္စည်းကို မရိုးဖြောင့်သောသဘော လက်ခံခြင်း စသည်ဖြင့် ရာဇသတ် ပုဒ်မ ၄၀၉/၁၀၉/၄၁၁ တို့အရ၊ ရန်ကုန်မြို့၊ ရာဘက် ရာဇဝတ်တရားသူကြီးရုံးတွင် စွဲဆိုထားသည်။ အမှုမျှားမှာ အတန် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း မပြီးပြတ်သေး။ တရားလိုပြ သက်သေ အချို့ကို စစ်ဆေးပြီးစီးသော်လည်း၊ အချို့သောတရားလိုပြ သက်သေတို့မှာမူကား၊ ရုံးချိန်းတွင် မလာ။ ဘယ်ရောက်နေသည်မသိ။ ထို့ကြောင့် အမှုမျှား ဆက်လက်ကြန့်ကြာနေ ရာတွင်၊ တရားခံအချို့မှာ အချုပ်နှင့် နေရ၍၊ ဆင်းရဲဒုက္ခရောက်နေရကြ သည်ဟု ၎င်းတို့၏ပညာရှိ ရွှေနေကြီး ဦးတင်မောင်က တင်ပြသည်။ ၎င်းတို့မှာ ရာထူးမှဉာထားခြင်းလည်း ခံနေရသဖြင့် ၎င်းတို့၏မိသားစုများမှာ မလောက်မငနှင့် အကြပ်အတည်းတွေ့နေရပါသည်ဟု၍လည်း တင်ပြသည်။ မည်သို့ပင်ဖြစ်စေ၊ အမှုတွဲ ပေါ်တွင် ရောက်ရှိပြီးသော တရားလိုပြသက်သေခံချက်တို့အရ၊ တရားခံများအပေါ် တွင်၊ စွဲချက်ဖွင့်နိုင်လောက်အောင်၊ အထောက်အထား မရှိပါသဖြင့် အမှုများကို ဤရုံးက ပယ်ဖျက်ပေးပါရန်၊ ပြင်ဆင်မှုဖွင့်လှစ်ခြင်းဖြစ်ပါသည်ဟု ရွှေနေကြီးက တင်ပြ သည်။

ဤအခြေအနေမျိုး၌၊ အမှုကိုပယ်ဖျက်ပေးနိုင်ရန်ဆိုလျှင် အမှုတွဲပေါ်တွင် မှတ် တမ်းတင်ပြီးသော တရားလိုပြသက်သေခံချက် အားလုံးကို ယုံကြည်စေဦး။ မည်သည့် ပြစ်မှုမျှမမြောက်ကြောင်း ထင်ရှားရသည်။ တိုင်ချက်နှင့် တရားလိုသက်သေခံချက်တို့ အားလုံးပေါင်းစပ် ကြည့်ပြီးလျှင်၊ မည်သည့်ပြစ်မှုကိုမျှ စွပ်စွဲခံရသူက ကျူးလွန်ခဲ့ သည်မဟုတ်ကြောင်း ထင်ရှားလျှင်၊ အမှုကို ပယ်ဖျက်ပေးနိုင်သည်။ သို့ရာတွင် ပြစ်မှု မြောက်စေနိုင်သော အကြောင်းအချက်မျှားရှိနေလျှင်မူကား၊ ထိုသို့ ပယ်ဖျက်ပေးခြင်း ပြုလေ့မရှိ။ စွပ်စွဲခံရသူတွင် စွဲချက်တင်ရန် သင့်မသင့် လျှောက်လဲထုချေခွင့်၊ အကယ်၍ စွဲချက်တင်လျှင်လည်း၊ တင်ပြလိုသော သက်သေမျှားကို တင်ပြပြီး၊ အမှုကိုပိတ် သောအခါ၌၊ အပြစ်မရှိကြောင်း လျှောက်လဲရန် အခွင့်အရေးမျှားရှိသေးသည်။ ဤကဲ့သို့သော ပြင်ဆင်မှုကို ကြားနာရာ၌၊ ဤရုံးသည်၊ မူလရုံးကဲ့သို့ တရားခံတွင် အပြစ်ရှိမရှိကို နက်နဲစွာ သုံးသပ်၍ ဆုံးဖြတ်ရသည်မဟုတ်ချေ။ အမှုကို ဆက်လက် စစ်ဆေးရန် အထောက်အထား ရှိမရှိ။ ပြစ်မှုမြောက်စေမည့် အချက်မျှား ရှိမရှိ ဆိုသည့် အချက်တို့ကိုသာ စစ်ဆေးကြည့်ရှုရသည်။

အမှုမျှားကို ကြည့်ရှုရာ၊ အစိုးရပိုင် ကြေးနန်းကြိုးခွေမျှားကို လူတဦးထံမှ ရ သည်။ ထိုသူက လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့တွင် စာရေးအဖြစ် အမှုထမ်းသော

မောင်တင်လှထံမှ ထိုကြေးနန်းကြိုးခွေများကို ဝယ်ယူခဲ့သည်ဟု စွပ်စွဲချက်ရှိသည်။ အလားတူပင်၊ မူလရုံးတွင် စွဲဆိုခြင်းခံနေရသော အခြားတရားခံများသည် အမှုနှင့် ပတ်သက်နေသည်ဟူ၍ အထောက်အထားများ အသင့်အတင့်ရှိသည်။ ထိုအထောက်အထားများ ခိုင်လုံသည်၊ မခိုင်လုံသည်ကို အမှုများကို စစ်ဆေးသော မူလရုံးက စဉ်းစားဆုံးဖြတ်ရန်ဖြစ်သည်။

အချို့သော တရားခံများကို အာမခံပေးထားပြီးဖြစ်သည်ကို တွေ့ရသည်။ အချို့ကိုမူကား အာမခံမပေး။ အချုပ်နှင့် ထားရှိသည်ကို တွေ့ရှိရသည်။ အမှုများမှာ များစွာကြာမြင့်လှပြီဖြစ်သဖြင့် ဆောလျင်စွာ အပြီးသတ် စစ်ဆေးဆုံးဖြတ်ရန် ညွှန်ကြားလိုက်သည်။ အချက်အလက်နှင့် အခြေအနေအရငင်း၊ ကျန်ရုံးက အာမခံပေးခြင်းနှင့် ပတ်သက်၍ ထုတ်ပြန်ထားသော ညွှန်ကြားချက်များအရငင်း၊ အာမခံမပေးဘဲအချုပ်နှင့် ထားရှိသူများကို အာမခံ ပေးရန် သင့်မသင့်၊ ၎င်းတို့က လျှောက်ထားကြလျှင် သေချာစွာ စဉ်းစားဆုံးဖြတ်ပေးသင့်သည်ဟူ၍လည်း မှတ်ချက်ပြုလိုသည်။

အမှုတွဲများပေါ်တွင် အထောက်အထား လုံးဝမရှိဟူ၍ မဆိုနိုင်သဖြင့် အမှုများကို ပယ်ဖျက်ပေးရန် လျှောက်ထားသည့် ကျွမ်းကျင်ဆင်မှု လျှောက်လွှာများကို ပလပ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

†၁၉၆၆ ဖေဖော်ဝါရီလ ၄ ရက်။

ငမဲ (ခေါ်) ကာဆော ပါ ၃ (အယူခံတရားလို)
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီး ပုဒ်မ ၃၉၅—ပြစ်မှုကျူးလွန်ရန် ကြံဆားသူများနှင့် မကျူးလွန်မီ ပိတ်ဆေ့အဖြစ် စကားပြောမိခြင်း—ထင်ကြေးဖြင့် အပြစ်ပေးနိုင် မပေးနိုင်။

ဆုံးဖြတ်ချက်။ ။ပြစ်မှုကျူးလွန်ခြင်းမပြုမီ မိတ်ဆွေအပေါင်းအသင်းအဖြစ် လက်ခံစကား ပြောမိခြင်းဖြင့်၊ ထိုသူသည် ၎င်း၏မိတ်ဆွေများ ပြစ်မှုကျူးလွန်ရာတွင် ကြံရာပါဖြစ်သည်ဟုယူဆလျှင်၊ မည်သူမဆို မမိ၏အပေါင်းအသင်းများအား စိတ်ချလက်ချ ဆက်ဆံဝံ့လိမ့်မည် မဟုတ်တော့ပေ။ အပေါင်းအသင်းနှင့် မတွေ့အောင် လူသူမနီးသည့်နေရာကိုရှာပြီး နေရမလိုဖြစ်နေ၏။ သို့ဖြစ်၍ အယူခံတရားလိုအား ထင်ကြေးဖြင့် အပြစ်မပေးနိုင်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။အစိုးရဒေသနေကြီး ဦးနှစ်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလိုမှာ၊ဖြစ်ကြသည့် ကာဆော အား ကရင်နှင့် အရောင်တို့အား၊ကော့ကရိတ်မြို့၊မြို့မရာဇဝတ်တရားသူကြီးရုံး၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမူ အမှတ် ၁၅ စွဲ၍ ကာလာများ၊ မောင်ပုတို့နှင့်အတူ ရာဇသတ်ပုဒ်မ ၃၉၅ အရ၊ တရားစွဲဆိုခဲ့ရာ၊ ကာဆောနှင့် အဒ္ဒကရင်တို့အား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ငါးနှစ်စီ၊ အရောင်အား အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးလခွဲမှတ်လိုက်သဖြင့်၊ ၎င်းတို့က မကျေနပ်၍ အယူခံဝင်သော အမှုဖြစ်လေသည်။

အမှုဖြစ်ပွါးပုံ အကြောင်းအရာ အကျဉ်းချုပ်မှာ လွန်ခဲ့သည့် ၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့ နံနက် ၂ နာရီခွဲခန့် အချိန်တွင် ရောင်စုံသောင်းကျန်းသူ ၃၀ ခန့်သည် ကော်သူးလေပြည်နယ် ကော့ကရိတ်မြို့သို့ ဝင်ရောက်၍ မြို့နိုစီပါယ်စေး

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၀၇၊ ၂၀၈၊ ၂၀၉။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၅ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ မေလ ၅ ရက်နေ့စွဲပါ၊ ကော့ကရိတ်မြို့၊ မြို့မရာဇဝတ်တရားသူကြီး၏အမိန့်ကို အယူခံမှု။

ညစောင့် ဦးစိန်လှ (လိုပြ-၁) အား ဘမ်းဆီးလိုက်ပြီးနောက် စွဲးအတွင်းရှိပြည်သူ့ဆိုင်အမှတ် ၆၇၆၆ ကို ဖေါက်ထွင်းကာ ဆိုင်တွင်းရှိ အထည်အလိပ် ပစ္စည်းမျိုးစုံ စုစု ပါင်းတန်ဘိုး ၁၆,၆၁၁ကျပ်၊ ၄၀ ပြားဘိုးကို လုယူပြီး ထွက်သွားကြလေသည်။ ၎င်းတို့သည် စွဲးစောင့်ဦးစိန်လှအား မြို့မှအထွက်တွင် ခေါ်သွားသော်လည်း၊ လမ်း၌ ၎င်းတို့ အလစ်တွင် ဦးစိန်လှထွက်ပြေးသဖြင့် လွှတ်မြောက်ခဲ့လေသည်။ ဦးစိန်လှသည်း အခြားစွဲးစောင့်တဦးဖြစ်သူ ဦးကာဆင် (လိုပြ-၂) အား နှိုးကာ၊ သူကြီး ဦးဆာဟင် (လိုပြ-၃) အား၊ အကျိုးအကြောင်းကို ပြောပြပြီး၊ ကော့ကရိတ်ရဲစခန်းတွင် တိုင်ချက် ပေးခဲ့လေသည်။ ရဲတပ်ဖွဲ့ဝင်များသည် အမှုကို လိုက်လံစုံစမ်းပြီးနောက် သတင်းအရ၊ ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကာလာမျိုး၊ မောင်ပု၊ ကာဆောနှင့် အဒုကရင်တို့အားဖင်း၊ ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် အဆောင်အားဖင်း၊ ဘမ်းဆီးလိုက်သည်။ ၎င်းတို့၏ ထွက်ဆိုချက်အရ၊ ကာလာမျိုး၊ မောင်ပု၊ ကာဆောနှင့် အဒုကရင်တို့ ဘိမ်အသီးသီးမှ လုယက်တိုက်ခိုက်သွားသော အထည်ပစ္စည်းအချို့ကို သိမ်းဆီးရမိလေသည်။ ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် မောင်ပု၊ ကာဆောနှင့် အဒုကရင်တို့သည် ကော့ကရိတ်မြို့၊ ဒုတိယ ရာဇဝတ်ဘရားသူကြီးရှေ့တွင် အသီးသီးဖြောင့်ချက်ပေးခဲ့လေသည်။ ၎င်းတို့၏ ဖြောင့်ချက်များအရ ဆိုလျှင် ၎င်းတို့သည် ကရင် သူပုန်များနှင့် ပူးပေါင်းပြီး ပြည်သူ့ဆိုင်ကို ဖေါက်ကာ အထည်အလိပ်ပစ္စည်းများကို ယူခဲ့ကြောင်း၊ ကရင်သူပုန်များက ၎င်းတို့အား ဝေစုအဖြစ် အထည်အလိပ်များကို ပေးခဲ့ခဲ့ကြောင်း ထင်ရှားလေသည်။

အထက်ပါ သက်သေ အထောက်အထားအရ၊ ကာလာမျိုး၊ မောင်ပု၊ ကာဆော၊ အဒုကရင်နှင့် အဆောင်တို့ ငါးဦးအပေါ် ရာဇသတ် ပုဒ်မ ၃၉၅ အရ၊ ရုံးတင် တရားစွဲဆိုရာ၊ အဆောင်က အပြစ်မရှိကြောင်း ထုခချပြီး ကျန်တရားခံများက အပြစ်ရှိကြောင်း ဝန်ခံကြလေသည်။ ပညာရှိ အောက်ရုံး တရားသူကြီးဆည် ကာလာမျိုးနှင့် မောင်ပုတို့အား ငာလုပ်ကြမ်းဖြင့် ထောင်ဒဏ် ၇ နှစ်စီ၊ ကာဆောနှင့် အဒုကရင်တို့အား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၅ နှစ်စီ၊ အဆောင်အား ထောင်ဒဏ် ၃ လချခဲ့လေသည်။ ကာလာမျိုးနှင့် မောင်ပုတို့က ၎င်းတို့အပေါ် ချမှတ်ခဲ့သော စီရင်ချက်နှင့် အပြစ်ဒဏ်တို့ကို အယူခံမဝင်ကြပေ။ ကျန်တရားခံများကသာ အယူခံဆင်ကြခြင်းဖြစ်လေသည်။

အယူခံ တရားလို ကာဆောနှင့် အဒုကရင်တို့သည် အောက်ရုံးတွင် အပြစ်ရှိကြောင်း ဝန်ခံခဲ့ကြသဖြင့် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၁၂ အရ၊ အပြစ်ဒဏ်နှင့် ပတ်သက်သည့် ကိစ္စမှအပ၊ အယူခံမဝင်နိုင်ပေ။ အဒုကရင်သည် အောက်ရုံးတွင် အပြစ်ရှိကြောင်း ဝန်ခံပြီးနောက်၊ သူပုန်များကို ကြောက်၍၍ ပြည်သူ့ဆိုင်ဖေါက်ရာသို့ လိုက်ရကြောင်းအစစ်ခံခဲ့၏။ သို့ရာတွင် ၎င်း၏ဖြောင့်ချက်၌ ကြောက်၍လိုက်ရကြောင်း

၁၉၆၆
ငမဲ (ခေါ်)
ကာဆော
ဟိ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ဖော်ပြထားခြင်း မရှိသဖြင့် ထိုထုခေျချက်မှာ နောက်မှ အကြံရပြီး တင်ပြသည့် ထုခေျချက်ဖြစ်ဟန်လက္ခဏာရှိလေသည်။ ၎င်းတို့နှစ်ဦးအပေါ် ချမှတ်ခဲ့သော အပြစ်ဒဏ်မှာလည်း သောင်းကျန်းသူများနှင့် ပူးပေါင်းကာ ပြည်သူ့ပစ္စည်းကို ဆုံးရှုံးနှစ်နာအောင် ပြုလုပ်ခဲ့ခြင်းဖြစ်၍ ကြီးလေးသည်ဟု မဆိုနိုင်ပေ။

အယူခံတရားလိုအရောင်က ၎င်းသည် ပြည်သူ့ဆိုင်ဖေါက်ရာတွင် မပါခဲ့ရကြောင်း ပြည်သူ့ဆိုင်ကို ဖေါက်သော ညက ရန်ကုတ်ရွာတွင် ရှိနေကြောင်း အောက်ရုံးခ္ဒ ထုခေျခဲ့သော်လည်း၊ ယညာခ္ဒိအောက်ရုံး တရားသူကြီးက ၎င်းသည် အခင်းမဖြစ်မီ တညက တရားခံ မောင်ပုနှင့်အတူ ကော့ကရိတ်ကြောအင်းကုန်းတွင် တွေ့ရသည်ဆို သော မောင်မြမောင် (လိုပြ-၆)၏ ထွက်ဆိုချက်အရ၎င်း၊ ကာဆော၏ဖြောင့်ချက်တွင် တရားခံ မောင်ပု၊ ကာလာများနှင့် အဒူကရင်တို့သည် ကရင်သူပုန်များနှင့် သွားရောက်ဆက်သွယ်ရာတွင် ရန်ကုတ်ရွာရှိ အရောင်အိမ်သို့ ဝင်သေးသည်ဟု ဖေါ်ပြချက် အရ၎င်း၊ ပြည်သူ့ဆိုင်ဖေါက်သည့် အမှုဌ် လုံးလုံးမပါဟုပြောရန် ခဲယဉ်းသည်ဟု ဆိုကာ အပြစ်ပေးခဲ့ခြင်းဖြစ်လေသည်။

မောင်မြမောင်၏ ထွက်ချက်ကိုကြည့်လျှင် ငပွနှင့် ပါသူမှာ တရားခံ အရောင်ဟု ထင်ကြောင်း၊ မှောင်ပြီဖြစ်၍ သေသေချာချာမတွေ့ရကြောင်း ဖေါ်ပြထားသော ကြောင့် အရောင်ကို အခြားတရားခံ ငပွနှင့်အတူ အခင်းမဖြစ်မီတညက အတူတွေ့ရသည်ဆိုခြင်းမှာ ထင်ရှားသည်ဟု မဆိုနိုင်။ အကယ်၍ အရောင်သည် ငပွနှင့် ထိုညက အတူသွားသည်ဟုဆိုနိုင်စေကာမူ၊ ဟိုအချက်တခုတည်းဖြင့် အရောင်သည် နောက်နေ့ည ဆိုင်ဖေါက်ရာတွင် ကာယကံမြောက်သော်၎င်း၊ အားပေး အားမြှောက်အဖြစ်၎င်း ပါဝင်ခဲ့သည်ဟု မဆိုနိုင်ပေ။ ကာဆော၏ ဖြောင့်ချက်တွင် ၎င်းနှင့် အခြားတရားခံတို့ အတူ အရောင်အိမ်သို့ ကရင်သူပုန်များထံအသွားတွင် ဝင်ခဲ့ကြောင်းဖေါ်ပြထားသည် မှာ မှန်၏။ မည်သည့်အတွက် ဝင်သည်ဟု ရှင်းရှင်းလင်းလင်းဖေါ်ပြထားခြင်းမရှိ၊ ပြစ်မှုကျူးလွန်ရန် ကြံစည်ထားသူများအား ပြစ်မှုကျူးလွန်ခြင်းမပြုမီ၊ မိတ်ဆွေ အပေါင်းအသင်းအဖြစ် လက်ခံစကားပြောမိရုံဖြင့် ထိုသူသည် ၎င်း၏ မိတ်ဆွေများ ပြစ်မှုကျူးလွန်ရာတွင် ကြံရာပါဖြစ်သည်ဟု ယူဆရလျှင် မည်သူမဆို မိမိ၏ အပေါင်း အသင်းများအား စိတ်ချလက်ချ ဆက်ဆံဝံ့လိမ့်မည် မဟုတ်တော့ပေ။ အပေါင်း အသင်းနှင့် မတွေ့အောင် လူသူမနီးသည့် နေရာကိုရှာပြီး နေရမလိုဖြစ်နေ၏။ အယူခံ တရားလို အရောင်သည် ပြည်သူ့ဆိုင်ဖေါက်သည့်ကိစ္စ၌ တနည်းနည်းနှင့် ပါသည်ဟု အထင်ရှိပြီး ၎င်းအပေါ် အပြစ်ပေးခဲ့ခြင်းဖြစ်ရာ၊ ပညာရှိ အောက်ရုံး တရားသူကြီးသည် ဆိုရှယ်လစ် တရားစီရင်ရေးတွင် လုပ်သားပြည်သူတဦးအား ထင်ကြေးဖြင့် အပြစ် မပေးနိုင်။ ပြစ်မှုကျူးလွန်ကြောင်း သက်သေ အထောက်အထား ထင်ရှားမှသာ

အပြစ်ပေးနိုင်သည်ဆိုသော **အဓိက အချက်**ကို သတိမူမိဟန် မတူပေ။ ပညာရှိ အစိုးရ ရှေ့နေကြီး ဦးနှစ်ကလည်း ငရောင်အပေါ် အပြစ်ပေးရန် သက်သေ အထောက် အထားမရှိကြောင်း ဝန်ခံရလေသည်။

အဆက်ပါ အကြောင်းများကြောင့် အယူခံတရားလို ငရောင်အပေါ် ရာဇသတ် ပုဒ်မ ၃၉၅ အရ၊ အပြစ်ပေးခဲ့သော **အောက်ရုံးအမိန့်**မှာ မှားယွင်းကြောင်း ပေါ်လွင် နေ၏။ သို့ဖြစ်ရာ ၎င်းအား ဤအမှုနှင့်ပတ်သက်၍ အောက်ရုံးစီရင်ချက်နှင့် အမိန့်ကို ပယ်ဖျက်ပြီး တရားသေလွှတ်ရန် အမိန့်ချမှတ်လိုက်သည်။ ၎င်းအပေါ် ချမှတ်ခဲ့သော အပြစ်ဒဏ်မှာ ယခုအခါကုန်ဆုံးပြီးဖြစ်၍ လွှတ်ငါးရမ်းထုတ်ပေးရန် မလိုတော့ပေ။

အယူခံ တရားလို ကာဆောနှင့် အခြားရာဇတို့၏ အယူခံလွှာနှင့်ပတ်သက်၍မူ၊ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း **အောက်ရုံးစီရင်ချက်**နှင့် အပြစ်ဒဏ်တို့ကို ဝင် ရောက်စွက်ဖက်ရန် အကြောင်းမရှိသဖြင့် ပလပ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်
ရာဇဝတ် အယူခံမှု

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

† ၁၉၆၆ ဖေဖော်ဝါရီလ ၁၈ ရက်။

စောမေး(လ်) ဖေါ့ ပါ ၃ (အယူခံတရားလိုမျှား)
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

သက်သေခံ ဥပဒေပုဒ်မ ၁၈၊ ၂၁—သေတမ်းစစ်ချက်နှင့် တိုင်တန်းချက်တို့ သက်သေခံဝင်မဝင်—ဖြောင့်ချက်ကဲ့သို့ စဉ်းစားရခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားလို (၁) ၏ သေတမ်းစစ်ချက် သက်သေခံအမှတ် (၄) နှင့် ၎င်းတိုင်တန်းခဲ့သည့် ထွက်ချက်သက်သေခံအမှတ် (၈) တို့မှာ သက်သေခံဥပဒေပုဒ်မ ၁၈ နှင့် ၂၁ အရ သက်သေခံဝင်၍ လက်ခံစဉ်းစားနိုင်သည်။ သို့စဉ်းစားရာ၌ ယခုကဲ့သို့ ဝန်ခံချက်မျိုးကိုလည်း အလားတူဖြောင့်ချက်ကဲ့သို့ပင် စဉ်းစားရမည်။ ဖြောင့်ချက်များနှင့် ပတ်သက်၍ ဖြောင့်ချက်ပါ စကားများကို စဉ်းစားရာ၌ မိမိအလိုရှိသည့် အပိုင်းကိုသာ အသားပေး စဉ်းစားခွင့်မရှိ၊ ဖြောင့်ချက်တခုလုံးပါ စကားများကိုဖြုံ့၍ စဉ်းစားရမည်။

ဘီ၊ တိုင်းတပ် (စ်) နှင့် အမျှား၊ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၄၁ ခု၊ မဒရပ်၊ စာ ၇၂၀-၇၂၂။

မောင်ဘကြိုင်နှင့် နိုင်ငံဟော်၊ ဗမာ၊ အိုင်၊ ဗာ (ရ်)၊ ၁၉၃၆ ခု၊ ရန်ကုန်၊ စာ ၁၃၁ တို့ကို ရည်ညွှန်းသည်။

အယူခံတရားလိုမျှားအတွက်။ ။ဒေါက်တာ ဘမော်။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးထွန်းညို။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှ အယူခံတရားလိုမျှားမှာ တောင်ငူမြို့ အထူး (စက်ရှင်) တရားသူကြီးရုံး ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၅ တွင်၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၄ အရ၊ တရားစွဲခံရရာ၊ ပဌမတရားခံ စောမေး(လ်) ဖေါ့ကို ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂)အရငင်း၊ ကျန်တရားခံနှစ်ဦးအား ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၂)/၁၀၉ အရငင်း၊ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိရသည် ဆို၍

• ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၄။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၅ တွင်၊ ၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့စွဲပါ၊ တောင်ငူမြို့ အထူး (စက်ရှင်) တရားသူကြီး၏ အမိန့်ကို အယူခံမှု။

စောမေး(လ်)ဖေါ့ ပါ ၃ ၌ ပြည်ထောင်စု မြန်မာနိုင်ငံ။

စောမေး(လ်)ဖေါ့အား ထောင်ဒဏ် တသက်တကျွန်းနှင့် ကျန်တရားခံများအား၊ ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရမည်ဟု ပြစ်ဒဏ်စီရင်လိုက်သည်။ ထို့အတွက် ယခုအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

အမှုအကြောင်းအရာ လိုရင်းကို ပြဆိုရမူ၊ တောင်ငူမြို့၊ ဘောလုံးကွင်းတွင်၊ ၁၉၆၄ ခုနှစ်၊ လွတ်လပ်ရေး အောင်ပွဲ ကျင်းပနေစဉ်၊ ၁၉၆၄ ခုနှစ်၊ ဇန္နဝါရီလ ၆ ရက်နေ့ည ၆ နာရီ အချိန်က သေသူဆန်နီသည် မောင်စိုးညွှန့်၊ (လိုပြ-၁) မောင်ဝင်းစိန် (လိုပြ-၂) တို့နှင့် လက်ဝှေ့.ပွဲကြည့်ရန် သွားရောက်သောအခါ သာယာကုန်းမှ နော်ဂျက်ဘီ (လိုပြ-၅) အမျိုးသမီးနှင့် ၎င်း၏ အိမ်းသားငါးဦးတို့ကို တွေ့ဆုံကြသဖြင့် ၎င်းတို့နှင့်အတူ လက်ဝှေ့.ပွဲကို သွားရောက်ကြည့်ကြသည်ဆိုသည်။ အယူခံတရားလို များကလည်း၊ ၎င်းညက လက်ဝှေ့.ပွဲကို ကြည့်ကြကြောင်းနှင့် အယူခံတရားလို၊ စောမေး(လ်) ဖေါ့တွင် ဓါးမြောင် တချောင်း ပါလာသည်ကို တွေ့လိုက်ရကြောင်း။ အတူကြည့်သူ ကိုမြင့်ဆွေ (လိုပြ-၂၅) နှင့် မောင်အုန်းမောင်တို့က ထွက်ဆိုကြသည်။

လက်ဝှေ့.ပွဲမှာ ည ၉ နာရီခွဲအချိန်ခန့်တွင် ပြီးသွားသဖြင့် ဆန်နီတို့လူစုထွက်လာပြီး၊ ပွဲခင်းရှိ လဘက်ရည်ဆိုင်တဆိုင်သို့ ဝင်ရောက်ရာ၊ ထိုဆိုင်တွင် အယူခံတရားလို စောမေး(လ်)ဖေါ့နှင့် တွေ့ဆုံပြီး၊ စောမေး(လ်)ဖေါ့ကပင် လဘက်ရည်တိုက်လိုက်သည်ဆိုသည်။ ည ၁၀ နာရီ အချိန်ခန့်တွင် နော်ဂျက်ဘီတို့ လူစုအား ၎င်းတို့နေသည့် သာယာကုန်းသို့ ဆန်နီနှင့် သူ၏သူငယ်ချင်းများက လိုက်ပို့ရာ၊ လမ်းတွင် အောင်မောင်း (လိုပြ-၃)၊ကစ်ဒီ (လိုပြ-၄)၊ မောင်မောင်တို့နှင့် တွေ့သဖြင့် ထိုသူများပါ အတူ လိုက်သွားကြသည်ဆိုသည်။ ထိုသို့လိုက်ပို့ရာတွင် ဆန်နီတို့လူစု သာယာကုန်း ဘက်သို့ တံတားကို ဖြတ်ကျော်နေစဉ် အယူခံတရားလို စောမေး(လ်)ဖေါ့သည် မောင်တင်ပုအား စက်ဘီးဘားတန်းပေါ် တွင်တင်၍ ၎င်းတို့သွားသည့် ဘက်သို့ပင် နင်းသွားကြောင်းနှင့် များမကြာမီ အယူခံတရားလို၊ မောင်သိန်းအောင်နှင့် မင်းနိုင်တို့ကလည်း၊ သုံးဘီးစက်ဘီးကို စီးနင်း၍ နောက်မှ လိုက်သွားကြသည်ကို တွေ့ရာ၊ သိန်းအောင်၏ နဖူးတွင် အဝတ်ဖြူတခုပတ်ထားသည်ကို တွေ့လိုက်ရကြောင်း ထွက်ဆိုသည်။ နော်ဂျက်တီတို့ အိမ်ရှိရာ သာယာကုန်းလမ်းကြားတွင်မူ မီးတိုင်များမရှိ၍ မှောင်နေသည်ဆိုသည်။ ဆန်နီတို့လူစုသည် နော်ဂျက်တီအား အိမ်အရောက် ပို့ပြီး ပြန်လှည့်လာရာ လမ်းကြားတဝက်ခန့် ရောက်သောအခါ ၎င်းတို့နှင့် မျက်နှာချင်းဆိုင်မှ လူတစုနှင့် ဆုံမိရာ၊ ထိုလူစုထဲမှ တယောက်က ဘယ်သူတွေလဲဟုမေးသည်တွင် မောင်စိုးညွှန့်က ပါလာသည့် လက်နှိပ်ခါတ်မီးကလေးနှင့် ထိုးကြည့်လိုက်ရာ၊ အလင်းရောင်ဖြင့် အယူခံတရားလို စောမေး(လ်)ဖေါ့ကို မြင်လိုက်ရသည်ဆိုသည်။ ထိုအခါ ဆန်နီက အချင်းချင်းတွေ့ပါကွာဟု ပြန်ပြောသည်တွင် ထိုလူစုထဲမှ လူတယောက်က

၁၉၆၆

စောမေး(လ်)ဖေါ့ ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

"ဒီလိုဆို ကိုယ့်လမ်းကိုယ်သွား" ဟုပြောပြီး၊ ဆက်လက်ထွက်သွားကြသည်ဆိုသည်။ သာယာကုန်းနှင့် သံတောင်လမ်းဆုံထောက်သောအခါ၊ ကစ်တီက မီးတိုင်အောက်တွင် ထောင်ထားခဲ့သော ၎င်း၏စက်ဘီးကို သွားယူနေသဖြင့်၊ ကျန်လူများက စောင့်နေစဉ်၊ သာယာကုန်းလမ်းကြားထဲမှ လူလေးယောက်ခန့်တို့သည်၊ တယောက်၏လက်တွင် ဒုတ်တချောင်းကိုကိုင်၍ ထွက်လာပြီး ၎င်းတို့အားဆဲဆို၍ စတင်ရိုက်နှက်သည်တွင်၊ မောင်စိုးညွန့်၊ မောင်ဝင်းစိန်၊ အောင်မောင်းတို့ ထွက်ပြေးကြကြောင်းနှင့် မျှားမကြာမီ ဆန်နီက ၎င်းအား ခါးနှင့်ထိုးသွားပြီဟုအော်ပြီး ပြေးလာသဖြင့် မောင်စိုးညွန့်နှင့် အောင်မောင်းတို့က ဆန်နီအား ပြန်တွဲသည်ဆိုသည်။ ထိုစဉ်နောက်မှ လူမျှားလိုက်လာသဖြင့်၊ ဆန်နီက မိမိမှာ မပြေးနိုင်တော့သောကြောင့်၊ အောင်မောင်းအားလွှတ်အောင်ပြေးရန်ပြောပြီး၊ အနီးရှိ စျေးတဲတခုအတွင်းသို့ ဝင်ခိုနေရာ မျှားမကြာမီ နောက်မှလူမျှားမှီလာပြီး၊ ဆန်နီအား တဲအတွင်းမှ ဆွဲချ၍ ရိုက်နှက်ကြသည်ကို မြင်လိုက်ရကြောင်း၊ အောင်မောင်းက ထွက်ဆိုသည်။

ထိုနေရာနှင့် မနီးမဝေးတွင်နေသည့် ကျောင်းဆရာ ဦးဇေမောင် (လိုပြ-၆) က ၎င်းညက လူတယောက် အော်သံကြားသဖြင့် အိမ်တံခါးကို ဖွင့်ကြည့်ရာ မလှမ်းမကမ်း လမ်းပေါ်တွင် လူသုံးယောက် လုံးထွေးနေသည်ကို မြင်ရပြီး၊ တယောက်အနီးမှ ရပ်ကြည့်နေကြောင်း။ ထိုနောက် အောင်းဘီဝတ်ထားသည့် လူတဇယောက်သည် ရင်ဘတ်ကိုလက်နှင့်ဖိ၍ ခြေသံ့ဦးဘက်သို့ပြေးကြောင်း ကျန်လူနှစ်ယောက်ကမူ ရပ်နေသည့်လူနှင့်အတူ မိမိအိမ်ဘက်သို့ ရှောက်လာရာ တယောက်မှာ အနီလိုလို အညိုလိုလို ဂျာကင်ဝတ်ထားကြောင်း။ ထိုသူများအား သင်္ကြိုင်းကုန်းလွန်သွားသောအခါ မျက်ခြေပြတ်သွားသော်လည်း၊ မျှားမကြာမီ ဝင်းခြံတံခါးတခုကို ဖွင့်သံကြားလိုက်ရသည်ဆိုသည်။ ထိုနောက် ဦးဇေမောင်သည် ဦးဘိုးသင်းအိမ်မှ ဆူညံသံကြား၍ ဆင်းသွားရာ၊ ဦးထွန်းအေးအိမ်တွင် ဒဏ်ရာရသူအား တွေ့သဖြင့် မေးမြန်းရာ၊ စောမေး(လ်)ဖေါ့လား၊ ငေးဖေါ့လားဆိုသူကထိုးကြောင်း မိမိအားပြောပြီး ဆေးရုံသို့ပို့ပေးရန်ပြောသဖြင့်၊ အခြားသူမျှားက ဆိုက်ကားနှင့် ဆေးရုံသို့ယူဆောင်သွားကြောင်းထွက်ဆိုသည်။

ဆန်နီ၏တိုင်ချက် သက်သေခံအမှတ် (၄) ကို၊ ရဲအရာရှိ ဦးမြင့်မောင် (လိုပြ-၁၂) က ဆေးရုံတွင် ရေးမှတ်ယူရာ၊ ထိုတိုင်ချက်အရ အယူခံတရားလို စောမေး(လ်)ဖေါ့နှင့် ၎င်း၏သူငယ်ချင်းများ ရိုက်နှက်သည်ဆို၍၊ ဦးမြင့်မောင်တို့သည် စောမေး(လ်)ဖေါ့ အိမ်သို့သွားရာ၊ စောမေး(လ်)ဖေါ့အား ဒဏ်ရာနှင့်တွေ့သဖြင့် ဆေးရုံသို့ပို့ပေးပြီး၊ စောမေး(လ်)ဖေါ့၏တိုင်ချက် သက်သေခံအမှတ် (က) ကိုလည်း၊ ဦးမြင့်မောင်ပင် ရေးမှတ်ယူလေသည်။ ထိုတိုင်ချက်တွင် စောမေး(လ်)ဖေါ့က သူ့အား ဆန်နီက

ခါးနှင့်ထိုးကြောင်း တိုင်တန်းထားသည်။ ဆရာဝန် ဦးမောင်မောင်လေးက ဆန်နီတွင် တုံးသေလက်နက်နှင့် ပြုလုပ်၍ရနိုင်သည့်ဒဏ်ရာနှစ်ချက်နှင့် ခါးနှင့်ထိုးသည့်ဒဏ်ရာ နှစ်ချက်တွေ့ရှိရရာ၊ ခါးဒဏ်ရာတချက်မှာ သဘာဝအားဖြင့် သေစေရန် လုံလောက်သည့် ဒဏ်ရာဖြစ်ကြောင်းနှင့်၊ ဆန်နီမှာ ဆေးရုံရောက်ပြီး များမကြာမီနံနက် ၆ နာရီခန့်တွင် ရရှိသောဒဏ်ရာကြောင့် သေဆုံးသွားသည်ဆိုသည်။ ဆရာဝန်က အယူခံတရားလို စောမေး(လ်)ဖေါ့၌လည်း တုံးသေလက်နက်နှင့် ပြုလုပ်၍ ရထားသည့်ဒဏ်ရာနှစ်ခုနှင့် ထက်မြက်သောလက်နက်နှင့် ပြုလုပ်၍ရနိုင်သည့်ဒဏ်ရာနှစ်ခု၊ ပေါင်းဒဏ်ရာလေးခုတွေ့ ရှိရာ၊ လူနာ၏ အသက်အန္တရာယ်စိုးရိမ်ရသဖြင့် သွေးများသွင်းပေးပြီး၊ သေတမ်း စစ်ချက် သက်သေခံအမှတ် (၄) ကို တရားသူကြီးတဦးနှင့် ရေးမှတ်ယူစေပါသည် ဆိုသည်။ ဒဏ်ရာရရှိသူ ဆန်နီသေဆုံးသွားသဖြင့်၊ ၎င်းအပေါ် စောမေး(လ်)ဖေါ့ တိုင်ချက်ကိုပိတ်ပြီး၊ စောမေး(လ်)ဖေါ့အား၊ ဆန်နီသေဆုံးရသည်နှင့် ပတ်သက်၍ ယခုအမှုတွင် ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

အထက်ပါ မှုပြစ် ကြောင်းရာများအရ သေဆုံးသူဆန်နီနှင့် ပါလာသူ မောင်စိုးညွန့်၊ မောင်ဝင်းစိန်၊ အောင်မောင်းနှင့် ကစ်တီတို့ ထွက်ဆိုချက်အရ၊ အချင်း ဖြစ်စဉ်က ဆန်နီအား မည်သူမည်ဝါက ရိုက်၍ခါးနှင့်ထိုးကြောင်း၊ ၎င်းတို့ထွက်ဆို နိုင်ခြင်းမရှိသဖြင့်၊ အမှုတွင် မျက်မြင်သက်သေမရှိပေ။ သို့သော် သေသူမောင်ဆန်နီက ၎င်းအား ပြုလုပ်သူမှာ၊ အယူခံတရားလိုဖြစ်ကြောင်း စွပ်စွဲပြီး၊ ဦးမောင်ကလည်း လူသုံးယောက် လုံးထွေးနေသည်ကိုသာ ပြောနိုင်၍၊ မည်သူမည်ဝါဖြစ်ကြောင်း မထွက်ဆိုနိုင်ပေ။ ထို့အတွက်ဆန်နီ၏စွပ်စွဲချက်မှာမည်မျှအထောက်အထားရှိ၍ မှန်ကန်လက်ခံ နိုင်စရာရှိမရှိ စဉ်းစားရပေမည်။

ဤနေရာ၌ ရှေးဦးစွာ ဖေါ်ပြရမည်မှာ၊ ဆန်နီ၏ထွက်ချက် သက်သေခံအမှတ်(၄) ကိုကြည့်ရှုလျှင်၊ ၎င်းတို့အား လူသုံးယောက်ကနောက်မှ ရိုက်နှက်ရာ ထိုလူများတွင်၊ ဒစောမေး(လ်)ဖေါ့ ပါကြောင်းကို ယခင်က ခါတ်မီးနှင့်ထိုးကြည့်၍မှတ်မိလိုက်ကြောင်း သာထွက်ဆို၍၊ ကျန်လူများမှာမူ မည်သူမည်ဝါဟု မပြောနိုင်ကြောင်းနှင့်ပါသွားသူ မောင်စိုးညွန့်၊ ဝင်းစိန်၊ အောင်မောင်းတို့ကလည်း၊ အချင်းမဖြစ်မီက စောမေး(လ်) ဖေါ့နှင့် အယူခံတရားလိုများကိုအတူ တွေ့လိုက်ကြောင်းသာ ထွက်ဆိုနိုင်ပြီး၊ မိမိတို့အား ဝင်တိုက်သူများမှာ မည်သူမည်ဝါဖြစ်ကြောင်း မပြောနိုင်ပေ။ ဦးမောင်ကလည်း လုံးထွေးနေသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း မပြောနိုင်သည့်ပြင် တဦးမှာနဖူးတွင် အဝတ်ဖြူပတ်ထားသည်ဟုလည်း ထွက်ဆိုခြင်းမရှိ။ ဆန်နီက စောမေး(လ်)ဖေါ့ တယောက်ကိုသာ ဖေါ်ပြစွပ်စွဲခဲ့ကြောင်း ထွက်ဆိုသဖြင့်၊ အယူခံ တရားလို မောင်သိန်းအောင်နှင့် မောင်မင်းနိုင်တို့မှာ၊ ယခုအမှုတွင် စောမေး(လ်)ဖေါ့နှင့်အတူ၊

၁၉၆၆

စောမေး(လ်) ဖေါ့ ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူများဖြစ်သည်ဟု မည်သို့မျှလုံလောက်သည့် သက်သေခံ အထောက်အထားမရှိ၍၊ ၎င်းတို့အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂/၁၀၉ အရ ပြစ်မှု တွေ့ရှိထားခြင်းကို လက်ခံအတည်ပြုနိုင်ရန် ခဲယဉ်းကြောင်းကို အစိုးရအတွက် လိုက်ပါ ဆောင်ရွက်သည့် ပညာရှိရှေ့နေကြီးကလည်း ဝန်ခံပေသည်။

အယူခံတရားလို စောမေး(လ်)ဖေါ့နှင့် ပတ်သက်၍မူ၊ ယခုအမှုတွင် ငြိစွန်းနေသည့် သက်သေခံချက်မှာ အဓိကအားဖြင့်၊ ၎င်းတို့တန်းခဲ့သည့် သက်သေခံအမှတ် (၈) ထွက်ချက်နှင့် သက်သေခံအမှတ် (၄) သေတမ်းစစ်ချက်တို့ဖြစ်လေသည်။ သက်သေခံ အမှတ် (၈) ထွက်ချက်ကိုကြည့်ရှုမူ၊ စောမေး(လ်)ဖေါ့က၊ အယူခံတရားလို သိန်းအောင်၊ မင်းဒင်တို့နှင့် အပြန်တွင်၊ ဆန်နီ၊ စိုးညွန့်၊ ဆန်နီ၏ညီတို့နှင့် တွေ့ဆုံပြီး စကားများကြရာ၊ ဆန်နီကသူ့အား ခါးနှင့်ထို၍ အမည်မသိသူက ဒုတ်နှင့်ရိုက် ကြောင်းပြဆိုပြီး၊ သက်သေခံအမှတ် (၄) သေတမ်းစစ်ချက်တွင်မူ၊ ၎င်းနှင့် အယူခံ တရားလိုများသည် ဆန်နီ၊ စိုးညွန့်နှင့် အဖေါ်လေးယောက်တို့အား၊ သာယာကုန်းတွင် တွေ့ဆုံပြီး စကားများကြရာမှ၊ သိန်းအောင်အား ရှေးဦးစွာ အမည်မသိသူက ဒုတ်နှင့် ရိုက်ပြီး၊ ၎င်းအား ဆန်နီကခါးနှင့်ယိုးယား၊ ရင်ဘတ်တွင် ထိသွားသဖြင့် သူကပါလာသော ခါးနှင့်ဆန်နီအား နှစ်ချက်ပြန်ထိုးလိုက်ပါသည်ဟု ထွက်ဆိုထားသောကြောင့်ဖြစ်သည်။

စောမေး(လ်)ဖေါ့က ရုံးရှေ့အစစ်ခံသောအခါမူ တိုင်ချက်နှင့် သေတမ်းစစ်ချက်ကို ပေးခဲ့ကြောင်း ဝန်ခံသော်လည်း၊ ထိုစဉ်က သတိမကောင်း၍ ဘာတွေ့ပြောမိမှန်း မသိဟုဆိုလိုသည်။ သေတမ်းစစ်ချက်၊ သက်သေခံအမှတ် (၄) မှာ၊ သေတမ်း စစ်ချက်ကိုပေးသူ စောမေး(လ်)ဖေါ့မှာ အသက်ရှင်လျက်ရှိနေပြီး၊ ယခုအမှုတွင် တရားခံတဦးအနေဖြင့် ပါဝင်နေသဖြင့်၊ ထိုစာတမ်းကို သေတမ်းစစ်ချက်အဖြစ် အသုံး ပြုနိုင်ရန်မဖြစ်တော့ပေ။ ထို့အတွက်စဉ်းစားရန်မှာ သက်သေခံအမှတ် (၄) စာတမ်း သည်သက်သေခံဝင်မဝင်နှင့် သက်သေခံဝင်က မည်ကဲ့သို့လက်ခံအသုံးပြုနိုင်ခွင့်ရှိသနည်း ကိုစဉ်းစားရမည်ဖြစ်ပေသည်။

၎င်းအချက်နှင့် ပတ်သက်၍ အယူခံတရားလိုအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိရှေ့နေကြီးက၊ သက်သေခံအမှတ် (၄) စာတမ်းတွင်၊ အယူခံတရားလို စောမေး(လ်)ဖေါ့က သေသူအား ၎င်းကခါးနှင့် နှစ်ချက်ထိုးကြောင်း ဝန်ခံထားသဖြင့်၊ ထိုစာတမ်းမှာ ဖြောင့်ချက်ဖြစ်သည်ဟုသာ ယူဆရမည်ဖြစ်ပြီး၊ ၎င်းစာတမ်းကို ရာဇဝတ် ကျင့်ထုံးပုဒ်မ ၁ ဖြောင့်ချက်များကို ရေးမှတ်ယူရန် ပြဋ္ဌာန်းချက်များအတိုင်း ရေးမှတ်ထားခြင်း မရှိသဖြင့်၊ သက်သေခံ လုံးဝမဝင်ပါဟု ပြဆိုလေသည်။ သို့သော် သက်သေခံစာတမ်းကို လေ့လာမူ၊ အယူခံတရားလို စောမေး(လ်)ဖေါ့က၊ ၎င်းသည် ပြစ်မှုကို လုံးဝကျူးလွန်ကြောင်း ခြွင်းချက်မရှိ ဖြောင့်ဆိုထားခြင်းမဟုတ်။ သူ့အား

သေသူဆန်နီက ဓါးနှင့်ထိုးသဖြင့် ဓါးထိုးခံရသောကြောင့် ပြန်၍နှစ်ချက်ထိုးလိုက်ခြင်းသာဖြစ်ပါသည်ဟု မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်အရ ပြုလုပ်ခြင်းဖြစ်ကြောင်း ခြွင်းချက်နှင့် ထွက်ဆိုထားသဖြင့်၊ ၎င်းစာတမ်းမှာ ဖြောင့်ချက်သဘော သက်ဆောက်နေသည်ဟု ယူဆရန် ခဲယဉ်းပေသည်။ အကြောင်းကိုဆိုသော်၊ ယခုကဲ့သို့ သေတမ်းစစ်ချက်မျိုးမှာ ပေးသူသည်၊ အသက်ရှင်နေစေဦး၊ သက်သေခံဥပဒေပုဒ်မ ၃၂ (၃) သို့ အကျုံးဝင်သဖြင့် ပုဒ်မ ၂၁ (၁) အရ ဝန်ခံချက်အဖြစ် အသုံးပြုနိုင်ကြောင်းကို၊ အောက်ခုံးမှ ကိုးကားခဲ့သည်။ ***In re. B. Titus and others*** (၁) နှင့်၊ **မောင်ဘကြိုင်** နှင့် **နိုင်ငံတော်** (၂) တို့အမှုတွင်သာမက၊ အမ်မိုနာသက်သေခံဥပဒေ စာအုပ် စာမျက်နှာ ၂၄၁ တွင်၊ အောက်ပါအတိုင်း ပြဆိုထားသောကြောင့်ဖြစ်သည်။

ဒဂုဏ်
စောမေး(လ်) ဖေါ့ ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

> **"A statement which amounts to an admission and falls within the purview of section 32 (3) is admissible even during the declarant's lifetime under section 21 (1)."**

ထို့ကြောင့်၊ သက်သေခံအမှတ် (၄) နှင့် (၈) မှာ သက်သေခံဥပဒေပုဒ်မ ၁၈ နှင့် ၂၁ အရ၊ သက်သေခံဝင်၍ လက်ခံစဉ်းစားနိုင်ပါသည်ဟု၊ အောက်ခုံးမှ ပြဆိုချက်မှာ မှန်ကန်သည်ဟု လက်ခံရပေမည်။ သို့ပေငြားလည်း ထိုသို့လက်ခံစဉ်းစားခွင့် ရှိလင့်ကစား၊ နောက်ထပ်စီစစ်ရန်လိုအပ်လာသည်မှာ၊ ထိုစာတမ်းပါ ပြဆိုချက်များကို မည်မျှအသာပေးစဉ်းစားခွင့်ရှိသနည်းပင် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဖြောင့်ချက်များနှင့် ပတ်သက်၍ ဖြောင့်ချက်ပါ စကားများကို စဉ်းစားရာ၌၊ မိမိအလိုရှိသည့်အပိုင်းကိုသာ အသာပေးစဉ်းစားခွင့်မရှိ။ ဖြောင့်ချက်တခုလုံးပါ စကားများကိုခွဲ၍ စဉ်းစားရမည်ဖြစ်ကြောင်း အတိအလင်း ဖြတ်ထုံးများ ချမှတ်ထားသောကြောင့်ဖြစ်ပေသည်။ ယခုကဲ့သို့ ဝန်ခံချက်မျိုးကိုလည်း အလားတူဖြောင့်ချက်ကဲ့သို့ပင် စဉ်းစားရမည် ဖြစ်ကြောင်းကို၊ အမ်မိုနာ သက်သေခံဥပဒေစာအုပ်၊ စာမျက်နှာ ၁၁၆ တွင် အောက်ပါအတိုင်း ပြဆိုထားပေသည်။

> **"But though the whole statement containing the admission must be put in and considered, the Court is not bound to believe or disbelieve the statement as a whole, and if there is**

---

(၁)။ အေ-အိုင်-အာရ်၊ ၁၉၄၁ ခုနှစ်၊ မဒရပ်၊ စာ ၇၂၀—၇၂၂။
(၂)။ အေ-အိုင်-အာရ်၊ ၁၉၃၆ ခုနှစ်၊ ရန်ကုန်၊ စာ ၁၃၁။

၁၉၆၆

စောမေး(လ်)
ဖေါ့ ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

other evidence in the case, it may, in the light of that evidence, believe one part of the statement and disbelieve the other."

ဟုပြဆိုထားသဖြင့်၊ ဖြောင့်ချက်များကဲ့သို့ပင် စဉ်းစားရမည်ဖြစ်သော်လည်း၊ ထိုစာတမ်းပါ အချို့အချက်များသည် သက်သေခံချက်များအရ ယုံကြည်လက်ခံနိုင်ရန် မရှိကြောင်းပေါ်လွင်မူ ပယ်နိုင်ခွင့်ရှိပေသည်။

သို့ဖြစ်ရကား၊ သက်သေခံအမှတ် (၄) နှင့် (၈) စာတမ်းများကို ကြည့်ရှုမူ၊ အယူခံတရားလို စောမေး(လ်)ဖေါ့က သေသူဆန်နီအား ခါးနှင့်နှစ်ချက်ထိုးကြောင်း ထွက်ဆိုထားသော်လည်း၊ အယူခံတရားလိုက ၎င်းအားသေသူ ဆန်နီက စတင်ခါးနှင့်ထိုးသဖြင့် ပြန်ထိုးလိုက်ခြင်းသာဖြစ်ကြောင်း ပြဆိုထားသဖြင့် ထိုပြဆိုချက်မှာ ယုံကြည်လက်ခံနိုင်စရာရှိမရှိ ဆင်ခြင်ရပေမည်။

အချင်းဖြစ်ပြီးလျှင်ပြီးခြင်း၊ အယူခံတရားလိုမှာ ဒုတ်ဒဏ်ရာနှစ်ချက်၊ ခါးဒဏ်ရာနှစ်ချက်ရရှိကြောင်း ဆရာဝန် ထွက်ချက်အရ ထင်ရှားနေပြီး၊ သေသူ ဆန်နီအား ဆေးရုံသို့ယူလာသောအခါ ၎င်းထံတွင်ခါးမြှောင်အိမ်ပါလာကြောင်း ထိုဆေးရုံဆရာမ မာရီနား (ခ်ပြ-၆)၊ ဦးထွန်းအောင်၊ မောင်အောင်မောင်းတို့၏ ထွက်ဆိုချက်တွင် တွေ့ရှိသဖြင့်၊ အယူခံတရားလို စောမေး(လ်)ဖေါ့ ရရှိသည့် ခါးဒဏ်ရာများသည် ၎င်းပြဆိုသကဲ့သို့၊ သေသူ ဆန်နီက ပြုလုပ်၍ရရှိကြောင်း အထောက်အထားများရှိနေသဖြင့်၊ ထိုစာတမ်းတွင် အယူခံတရားလိုက ၎င်းအားသေသူက စတင်ခါးနှင့်ထိုးသဖြင့်ပြန်လှန်၍ နှစ်ချက်ထိုးလိုက်ပါသည်ဟု ပြဆိုထားသည်မှာ အခြေအမြစ်မရှိယုတ္တိမတန်ဟု မဆိုနိုင်သောကြောင့် ယုံကြည်လက်ခံရန်အကြောင်း ရှိပေသည်။ ထိုသို့လက်ခံပါက၊ အယူခံတရားလို စောမေး(လ်) ဖေါ့သည်၊ ရာဇသတ်ကြီးပုဒ်မ ၉၉ ခွင့်ပြုချက်အရ၊ မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်အနေနှင့် သေသူအား ခါးနှင့်ပြန်ထိုးလိုက်ခြင်းသာဖြစ်ကြောင်း ပေါ်လွင်လာမည်ကို အစိုးရတွက် လိုက်ပါဆောင်ရွက်သော ပညာရှိ ရှေနေကြီးကလည်း မငြင်းဆိုနိုင်တော့ပေ။ အဘယ်ကြောင့်ဆိုသော် အယူခံတရားလိုရရှိသည့် ခါးဒဏ်ရာများမှာ ဆရာဝန်ထွက်ဆိုချက်အရ၊ အသက်ဘေးအန္တရာယ်ကို စိုးရိမ်ရသည့် ဒဏ်ရာဖြစ်ကြောင်း ထင်ရှားနေသောကြောင့်ဖြစ်သည်။ တဖန် ယခုအမှုတွင် အယူခံတရားလို၏ သက်သေအဖြစ် ပါဝင်သူ မောင်စိုးညွန့်၊ မောင်ဝင်းစိန် (လို်ပြ-၁ နှင့် ၂) တို့မှာ၊ အချင်းဖြစ်ပွါးစဉ် သေသူ ဆန်နီနှင့်အတူရှိနေပြီး၊ ၎င်းတို့ပါပါဝင်ရိုက်နှက်ကြကြောင်း။ အယူခံတရားလို စောမေး(လ်)ဖေါ့က စွဲဆိုချက်ရှိသည့်အပြင်၊ စောမေး(လ်)ဖေါ့တွင် ဒုတ်ဒဏ်ရာများလည်း ရရှိကြောင်း၊ ဆရာဝန်ထွက်ဆိုချက်အရ ထင်ရှားသဖြင့် ထိုသက်သေများ၏ ထွက်ဆိုချက်တို့ကို အခြားထောက်ခံသည့်

သက်သေခံချက်မရှိ၍ မှန်ကန်သည်ဟုလုံးဝလက်ခံရန် ခဲယဉ်းပေသည်။ ထို့အတူက် အောက်ရုံးမှ ယခုအမှုတွင် တဘက်နှင့်တဘက် သဘောတူ ခိုက်ရန်ဖြစ်ကြခြင်းကြောင့် အယူခံတရားလို စောမေး(လ်)ဖေါ့မှာ ခုခံကာကွယ်ပိုင်ခွင့်မရှိပါဟု ယူဆဆုံးဖြတ်ထားသည်ကို လက်ခံနိုင်ရန် မဖြစ်နိုင်ပေ။

ဖေါ်ပြပါအကြောင်းများကြောင့်၊ ယခုအမှုတွင် အယူခံတရားလို စောမေး(လ်)ဖေါ့သည် သေသူ ဆန်နီအား မိမိအသက်အန္တရာယ်ခုခံကာကွယ်ပိုင်ခွင့်အရသာ ပြန်လည်ပြုလုပ်လိုက်ခြင်းဖြစ်ကြောင်း ပေါ်လွင်နေသဖြင့်၊ ၎င်းသည် ရာဇသတ်ကြီးပုဒ်မ ၉၉ ခွင့်ပြုချက်၏အကျိုးကို ခံစားခွင့်ရှိရကား ရာဇသတ်ကြီးပုဒ်မ ၃၀၂ ပြစ်မှုကို ကျူးလွန်သူတဦးဖြစ်သည်ဟု အောက်ရုံးမှ ယူဆဆုံးဖြတ်ထားခြင်းကို လက်ခံနိုင်ရန်အကြောင်းမရှိသောကြောင့် ပယ်ဖျက်ပြီး အမှုမှ ၎င်းအားတရားသေလွှတ်ရပေမည်။

ကျန်အယူခံတရားလိုများနှင့် ပတ်သက်၍မူ၊ အထက်က ၎င်းတို့အပေါ် ပြစ်မှုတွေ့ရှိထားခြင်းကိုလည်း သက်သေခံ အထောက်အထား လုံလောက်ခြင်း မရှိ၍၊ အတည်ပြုနိုင်ရန်မဖြစ် ပယ်ဖျက်ရမည်ဖြစ်ကြောင်း အထက်၌ ပြဆိုထားပြီးဖြစ်၍၊ ယခုအယူခံမှုကိုခွင့်ပြုပြီး အယူခံတရားလိုများ ဖြစ်ကြသော စောမေး(လ်)ဖေါ့၊ သိန်းအောင်နှင့် မင်းနိုင်တို့အား ယခုအမှုမှ တရားသေလွှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်
ရာဇဝတ်အယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် ရှေ့တွင်

ဆလိန်မာ (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ(အယူခံတရားခံ)*

† ၁၉၆၆ ဇန္နဝါရီလ ၂၇ ရက်။

ရာဇသတ်ကြီးပုဒ်မ ၃၇၆—အချင်းဖြစ်ပြီးလျှင် ပြီးခြင်း အစ်မဖြစ်သူနှင့် ရွာလူကြီးများအား ထိုင်တန်းခြင်း—ဖြောင့်ချက်နှင့် တရားလိုထွက်ချက်တို့ အရေးကြီးသော အချက်တို့၌ ကိုက်ညီနေခြင်း။

ဆုံးဖြတ်ချက်။ ။ရိုးသားသော ကျေးရွာသူ မိန်းမပျိုတဦးသည် မိမိ၏အရှက်ကို မငဲ့ကွက်ဘဲ တပါးသူအပေါ် မဟုတ်မတရား ကာမကျူးလွန်ကြောင်း စွပ်စွဲတိုင်တန်းမည် မဟုတ်ချေ။ အချင်းဖြစ်ပြီးသည်နှင့်တပြိုင်နက် အစ်မဖြစ်သူနှင့် ရွာလူကြီးများအား တိုင်တန်းခြင်းကိုလည်း သတိပြုရမည်။ အယူခံတရားလိုက ရွာသူကြီးထံတွင် မိမိဝန်ခံခဲ့ခြင်းနှင့် တရားသူကြီးရှေ့တွင် ဖြောင့်ဆိုခဲ့ခြင်းတို့သည် ကြောက်ရွံ့သဖြင့် ပြုခဲ့ရသည်ဟု မူလရုံးနှင့် အယူခံဝင်ရာတွင် ထုချေခဲ့ခြင်းတို့သည် ယုတ္တိမရှိ။ ဖြောင့်ချက်နှင့် တရားလိုထွက်ဆိုချက်တို့သည် အရေးကြီးသော အချက်တို့၌ ကိုက်ညီနေသည်ကိုလည်း တွေ့ရသည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။အစိုးရ ရှေ့နေကြီး ဦးတိုးမောင်။

တရားသူကြီးချုပ်ဒေါက်တာ မောင်မောင်။ ။အယူခံတရားလို ဆလိန်မာသည် ၎င်း၏ ခယ်မဖြစ်သူ နော်ဦးဖေါ်ကို အဓမ္မကျူးလွန်ခဲ့သည်ဟု တွေ့ရှိသဖြင့်၊ ကော့ကရိတ်မြို့၊ ပညာရှိ ၁ ရာဘက် ရာဇဝတ်တရားသူကြီးက၊ ၎င်း အပေါ် ရာဇသတ်ပုဒ်မ ၃၇၆ အရ၊ ပြစ်မှုထင်ရှား တွေ့ရှိကာ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၇ နှစ် ကျခံစေရန်၊ အမိန့်ချမှတ်ခဲ့သည်။

ဆလိန်မာသည် နော်ဦးဖေါ်၏ အစ်မအညိုဖိုး၏ယောကျ်ားဖြစ်သည်။ နော်ဦးဖေါ်သည် ၎င်းတို့အိမ်တွင်၊ ၎င်းတို့ အိမ်ထောင်ကျပြီးသည်မှစ၍ အတူနေထိုင်ခဲ့

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၄၄။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၃၄ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ မတ်လ ၂၅ ရက် နေ့စွဲပါ၊ ကော့ကရိတ်မြို့၊ ၁ ရာဘက်ရာဇဝတ်တရားသူကြီး၏ အမိန့်ကို အယူခံမှု။

သည်။ အချင်းဖြစ်သည့်နေ့က၊ ဆလိုန်မာနှင့် နော်ဦးဖေါ်တို့သည် အိမ်မှ နာရီဝက်ခန့် သွားရသော လယ်သို့ သွားရောက်ကာ၊ အငှါးရိတ်သိမ်းပေးကြသည်။ နေ့ခင်း အနားယူ အိပ်ပျော်နေကြစဉ်၊ ဆလိန်မာက ထ၍၊ နော်ဦးဖေါ်အား အဓမ္မပြုကျင့်သည်ဟု၊ နော်ဦးဖေါ်က စွပ်စွဲခြင်းဖြစ်သည်။ အနီးတဝိုက်တွင် မည်သူမျှမရှိ။ နော်ဦးဖေါ်က ၎င်းအလိုမတူတဲ့ ပြုကျင့်ခြင်းဖြစ်သောကြောင့်၊ ရွာသို့ရောက်လျှင် လူကြီးများအား တိုင်တန်းမည်ဟုပြောရာ၊ ဆလိန်မာက၊ လူဆိုတာ တခါဘဲသေမည်ဟု ခြိမ်းခြောက်သည့်စကားမျိုး ပြောဆိုကြောင်းတိုင်တန်းသည်။ နော်ဦးဖေါ်ရွာသို့ပြန်၍ အစ်မဖြစ်သူအား တိုင်တန်းသည်။ အစ်မက တဆင့် လူကြီး ဦးမောင်ပု၊ ထိုမှတဆင့် ရွာသူကြီး ဦးရွှေဖိုး စသူတို့ကို တိုင်တန်းပြီးနောက်၊ ရဲဌာနသို့ အမှုရောက်သွားခြင်းဖြစ်သည်။ နော်ဦးဖေါ်အား၊ အချင်းဖြစ်ပြီး ၅ ရက်ခန့်ကြာမှ ဆေးစစ်ရသည်။ ဆရာဝန် ဒေါက်တာ ဝင်းကြည် (လိုပြ-၄)က၊ ထိုအခါတွင် နော်ဦးဖေါ်၏ အင်္ကျီစပ်၌ဒဏ်ရာမတွေ့ရှ၊ ကညာမှေးကား စုတ်၍နေသည်။ ၎င်း၏ အင်္ကျီမှ ထုတ်ယူသောအရာဉ်ကို ဓါတုဗေဒဝန်ထိုဗို့ရာ သုတ်သွေးမတွေ့ စသည်ဖြင့် ထွက်ဆိုသည်။ ဆရာဝန်က ကာမစပ်ယှက်ပြီး ၄၊ ၅ ရက်ကြာမှ စစ်ဆေးရလျှင် အင်္ကျီစပ်၌ ရရှိသော ဒဏ်ရာသည် ပျောက်ကင်းနေနိုင်သည်ဟူ၍လည်း ထင်မြင်ချက်ပေးသည်။

အညိုဖိုး (လိုပြ-၁)က၊ ညီမပြောဆိုသည်တို့ကို ရုံးတွင် ထောက်ခံ ထွက်ဆိုသွားသည်။ ၎င်းကပင် ညီမအား ရွာလူကြီးများထံသို့ စေလွှတ်တိုင်တန်းစေကြောင်းကို ထွက်ဆိုသည်။ အချင်းဖြစ်စဉ်က၊ နော်ဦးဖေါ်ဝတ်ထားသော ထမီကို ရေလျော်မိပါသည်။ နော်ဦးဖေါ်တွင် ထမီတထည်သာ ရှိပါသည်ဟုလည်း ထွက်ဆိုသည်။ ၎င်းနှင့် ဆလိန်မာတို့ပေါင်းသင်းလာကြသည်မှာ ၅ နှစ်ခန့်ရှိပါပြီ၊ ကလေး ၃ ယောက်ရပါပြီ၊ အချင်းဖြစ်သည့် အချိန်အထိ ဆလိန်မာနှင့် ၎င်းတို့ ကောင်းမွန်စွာပေါင်းသင်းနေပါသည် စသည်ဖြင့်လည်း၊ ရုံးသားစွာထွက်ဆိုသွားသည်။ ဦးမောင်ပု (လိုပြ-၂) နှင့် ဦးရွှေဖိုး (လိုပြ-၃) တို့ကလည်း၊ နော်ဦးဖေါ်လာရောက် တိုင်တန်းခြင်းကို ထောက်ခံထွက်ဆိုကြသည်။ ဆလိန်မာကိုယ်တိုင်က ၎င်း၏ ဇနီးအား နော်ဦးဖေါ်တိုင်တန်းသည်မှာ မမှန်ဟု ငြင်းခဲ့သည်။ ဦးမောင်ပုက ၎င်းအား လာရောက်ခေါ်သော အခါ၌လည်း၊ ထိုသို့ပင်ငြင်းကွယ်သည်။ ဦးရွှေဖိုး (လိုပြ-၃)ထံ ရောက်သော အခါ၌မူ၊ ဟုတ်ကြောင်း ဝန်ခံသည်ဟု ဦးရွှေဖိုးက ထွက်ဆိုသည်။ ထို့နောက်၊ ကော ကခိတ်မြို့၊ ၂ ရာဘက် ရာ ဇဝတ် တရားသူကြီးရွှေတွင်၊ ဆလိန်မာက ဖြောင့်ချက် (သက်သေခံ အမှတ် ၈)ကို ပေးခဲ့သည်။ ထိုဖြောင့်ချက်တွင် နော်ဦးဖေါ်ပြောဆိုသည့် အတိုင်းပင် ဝန်ခံထားသည်။

အထက်ပါ အကြောင်း အချက်တို့ကို ပေါင်းစပ် သုံးသပ်ပြီးနောက်၊ မူလရုံးက ဆလိန်မာသည် စုပ်စဲ့သော ပြစ်မှုကို ကျူးလွန်ခဲ့ကြောင်း ထင်ရှားသည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အပြစ်ဒဏ်သတ်မှတ်ရာ၌လည်း၊ တရားရုံးချုပ်နှင့် အထူးရာဇဝတ်ရုံးအယူခံဒေါ်တို့က ချမှတ်ထားသော မူများနှင့်အညီ၊ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဆလိန်မာက အယူခံကို တင်သွင်းရာ၌၊ နော်ဦးဖေါ်ကို ဆေးစစ်သောအခါ၊ အင်္ဂါဇာတ်၌ ဒဏ်ရာမတွေ့ရဟူသော အချက်ကို အဓိကထား၍တင်ပြသည်။ အင်္ဂါဇာတ် ဒဏ်ရာဟောင်းသည် ပျောက်ကင်းနေပြီဟု ဆရာဝန်က ထင်မြင်ချက် ပေးသည်ကို ရည်ညွှန်း၍၊ ထိုဒဏ်ရာဟောင်းမှာလည်း၊ နော်ဦးဖေါ်ကိုယ်တိုင် မိမိအင်္ဂါဇာတ်ကို ကုပ်သဖြင့်၊ ရသော ဒဏ်ရာဖြစ်နိုင်ပါသည်ဟု လျှောက်ထားသည်။ မိမိဖြောင့်ချက် ပေးခဲ့ရသည်တို့မှာ ကြောက်၍ဖြစ်ပါသည်။ မိမိအပေါ် နော်ဦးဖေါ်က တိုင်တန်းခြင်းမှာလည်း၊ ရှေးရန်ညှိုးကြောင့် လိမ်လည်၍ စွပ်စဲ့ခဲ့ခြင်းဖြစ်ပါသည်ဟုဆိုသည်။

ဆလိန်မာက ၎င်းနှင့် အညိုဖိုးတို့ အိမ်ထောင်ပြုကြသောအခါ၊ အညိုဖိုး၏ ဆွေမျိုးများက သဘောမတူကြ၊ ထိုရှေးရန်ညှိုးကြောင့် နော်ဦးဖေါ်သည် လိမ်လည်တိုင်တန်းသည်ဟုဆိုသည်။ သို့ရာတွင် ဆလိန်မာ၊ အညိုဖိုးတို့နှင့်အတူ နော်ဦးဖေါ်နေထိုင်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ။ အတူနေထိုင် လုပ်ကိုင်စားသောက်နေခဲ့ရာမှ အကြောင်းမဲ့သက်သက်လိမ်လည် တိုင်တန်းရန် မရှိချေ။ ဆလိန်မာနှင့် အညိုဖိုးတို့လည်း၊ သားသမီး ၃ ဦးပင် ထွန်းကားခဲ့ကြပြီ။ အညိုဖိုးကငင်း၊ နော်ဦးဖေါ်ကငင်း၊ ဆလိန်မာနှင့် ကောင်းမွန်ခင်မင်စွာ နေထိုင်ကြပါသည်ဟု ထွက်ဆိုကြသည်။ ထို့ကြောင့်၊ ဖြစ်ပွါးခဲ့ရသည်မှာ နော်ဦးဖေါ်က ရန်ညှိုးနှင့် လိမ်လည် တိုင်တန်းခြင်းမဟုတ်။ ဆလိန်မာကသာ ၎င်း၏ ဖြောင့်ချက်တွင် မြွက်ဆိုသည့်အတိုင်း၊ ၎င်း၏စိတ်ကို မထိန်းနိုင်သဖြင့် နော်ဦးဖေါ်အပေါ် ကျူးလွန်ခဲ့ခြင်းဖြစ်သည်။

နော်ဦးဖေါ်တွင် ထမီတထည်သာရှိ၍၊ ၎င်းတထည်ကို လျှော်ဖွပ်ခဲ့ရသဖြင့်၊ သုတ်ပိုးများ ရှိမရှိ စစ်ဆေးခြင်း မပြုနိုင်ခဲ့ပေ။ သို့ရာတွင် ဆရာဝန်၏ ဆေးစစ်ချက်အရ၊ ၎င်းဘွင် အင်္ဂါဇာတ်၌ ဒဏ်ရာရှိသည်၊ ထိုဒဏ်ရာမှာကျက်နေသည်။ ကာမစပ်ရှက်ပြီး ၎၊ ၅ ရက်ကြာလျှင်ရသောဒဏ်ရာသည်၊ ထိုကဲ့သို့ပင် ကျက်နိုင်သည်။

နော်ဦးဖေါ်ကဲ့သို့ ရိုးသားသော ကျေးရွာသူ မိန်းမပျိုတဦးသည်၊ မိမိ၏ အရှက်ကို မငဲ့ကွက်ဘဲ၊ တပါးသူ အပေါ် မဟုတ်မတရား ကာမ ကျူးလွန်ကြောင်း စွပ်စဲ့တိုင်တန်းမည် မဟုတ်ချေ။ အချင်းဖြစ်ပြီးသည်နှင့် တပြိုင်နက်၊ အစ်မဖြစ်သူနှင့် ရွာသူကြီးများအား တိုင်တန်းခြင်းကိုလည်း၊ ကျန်ုပ်တို့ သတိပြုရမည်။ ဆလိန်မာက ရွာသူကြီးထံ မိမိဝန်ခံခဲ့ခြင်းနှင့် တရားသူကြီးရှေ့တွင် ဖြောင့်ဆိုခဲ့ခြင်းတို့သည်ကြောက်ရွံ့သဖြင့် ပြုခဲ့ရသည်ဟု မူလရုံးနှင့် ဤရုံးသို့ အယူခံဝင်ရာတွင် ထုချေခဲ့ခြင်းတို့သည်

ယုတ္တိမရှိ။ ဖြောင့်ချက်နှင့် တရားလို ထွက်ဆိုချက်တို့သည် အရေးကြီးသောအချက်တို့၌ ကိုက်ညီ နေသည်ကိုလည်း တွေ့ရသည်။

ပညာရှိ အစိုးရ ရွှေနေကြီး ဦးတိုးမောင်က၊ အကြောင်းအချက်များအရ၊ မူလ ရုံး၏ ဆုံးဖြတ်ချက်သည် မှန်ကန်ပါသည်ဟု လျှောက်ထားတင်ပြသည်။

အထက်ပါ အကြောင်းတို့ကြောင့်၊ ဆလိန်မာ ပြစ်မှုကျူးလွန်ခဲ့သည်မှာ မှန်သည်၊ ၎င်း အပေါ် ချမှတ်ထားသော ပြစ်ဒဏ်သည်လည်း၊ ပြစ်မှုနှင့် လျော်ကန်သည်ဟု ဆုံးဖြတ်ရပေမည်။ ထို့ကြောင့် အယူခံကို ပလပ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်
တရားမကြီးမှု

တရားသူကြီး ဦးကျော်ဇံဦး ရှေ့တွင်

၁၉၆၆

ဧပြေါ်ဝါရီလ
၂၄ ရက်။

ဒေါ်ခင်နီ (တရားလို)

နှင့်

ဒေါ်အေးလုံး(ခေါ်) နွဲ့စိန်ကြည်၊ (တရားခံ)*

တရားမကျင့်ထုံးပုဒ်မ ၁၀ အကျုံး ဝင်မဝင်။

ဆုံးဖြတ်ချက်။ ။နှစ်မှုလုံးတွင် အဓိက ငြင်းချက်မှာ အတူတူပင်ဖြစ်သည့်အပြင်၊ အမှုသည်များမှာလည်း အတူတူပင်ဖြစ်သဖြင့်၊ တရားမကြီးမှု အမှတ် ၃၅၀ ကိုလည်း၊ ရန်ကုန်မြို့၊ တရားမရုံးနှင့် ဤရုံးများတွင် စီရင်ပိုင်ခွင့် အာဏာရှိရာ၊ တောင်းဆိုသည့် သက်သာခွင့်ကို ပေးနိုင်ပေသည်ဖြစ်၍၊ တရားမကျင့်ထုံး ပုဒ်မ ၁၀ နှင့် အကျုံးဝင်သည်။

Dyrgaprasad **vs.** *Kantichandra Mukerji* **I.L.R. 61 Cal. 670**
Jai Hind Iron Mart **vs.** *Tulsiram Bhagwandas* **A.I.R. 1953 Bom. 117**
တို့ကိုရည်ညွှန်းသည်။

တရားလိုအတွက်။ ။ဒေါက်တာ ဘဟန်။

တရားခံအတွက်။ ။ဦးစံသိန်း။

တရားသူကြီး ဦးကျော်ဇံဦး။ ။ယခုစဉ်းစားရန် လျှောက်လွှာနှစ်ခုမှာ၊ တရားလိုက ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နွေ့စွဲနှင့် လျှောက်လွှာအရ၊ တရားခံ၏ ရန်ကုန်မြို့၊ တရားမရုံး၏ ၁၉၆၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၅၀ ကို ခေါ်ယူပြောင်းလွှဲပြီး၊ တရားမကျင့်ထုံးပုဒ်မ ၂၄ အရ၊ ယခုအမှုနှင့်အတူ စစ်ဆေးဆုံးဖြတ်ရန်နှင့် ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နွေ့စွဲဖြင့် လျှောက်လွှာအရ၊ တရားခံက တရားမကျင့်ထုံးပုဒ်မ ၁၀ အရ အဆိုပါ တရားမကြီးမှုအမှတ် ၃၅၀ ကို ၎င်းကပင် ပဌမစွဲဆိုသည်ဖြစ်၍ နောက်မှစွဲဆိုသော တရားလို၏ ယခုအမှုကို ဆိုင်းငံ့ထားရန်ဖြစ်သည်။

တရားခံ၏ ရှေ့နေကြီးက ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နွေ့စွဲဖြင့် လျှောက်လွှာအရ၊ အမှုအမှတ် ၃၅၀ ကို ခေါ်ယူပြီး ဤအမှုနှင့်အတူ စစ်ဆေးခြင်းကို ကန့်ကွက်ရန် မရှိဟုဆိုငြားသော်လည်း၊ အရေးကြီးသောအချက်မှာ ယခုအမှုကို ဆိုင်းငံ့ရန်လိုနေ

* ၁၉၆၅ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၄။

၁၉၆၆

ခေါ်ခင်နှင့် ခေါ်အေးလုံး (ခေါ်) နှစ်ဦးကြည်။

ကြောင်း လျှောက်ထားသည်။ ဤအမှုကို ဆိုင်းငံ့လျှင် တရားလို၏ ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့စွဲဖြင့် လျှောက်လွှာအရ အမှုအမှတ် ၃၅၀ ကို ခေါ်ယူပြောင်းလွှဲ စစ်ဆေးရန်မလိုပြီ။ သို့ကြောင့် ပဌမစဉ်းစားရန်အချက်မှာ တရားခံ၏ ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့စွဲဖြင့် လျှောက်လွှာအရ ယခုအမှုကို ဆိုင်းငံ့သင့် မသင့်ပင် ဖြစ်သည်။

တရားမကျင့်ထုံးပုဒ်မ ၁၀(က) ဤသို့ဆို၏

> **"No Court shall proceed with the trial of any suit in which the matter in issue is also directly and substantially in issue in a previously instituted suit between the same parties, . . . litigating under the same title, where such suit is pending in . . . any other Court in the Union of Burma having jurisdiction to grant the relief claimed . . ."**

ယခုအမှုမှာ တရားခံက တရားလိုအပေါ် ပဌမစွဲဆိုသော အမှုအမှတ် ၃၅၀ တွင် ၎င်းသည် သေဆုံးသွားသော ကရစ်ယာန်ဘာသာ ကိုးကွယ်သူ ကရင်လူမျိုး မန်းဘိုင် ၏ တရားဝင်မယားဖြစ်ကြောင်း မြွက်ဟကျေညာရန်နှင့် ရသင့်ရထိုက်သော ပင်စင်ငွေကို တောင်းဆိုထုတ်ယူခွင့်မပြုရန် တရားလိုအား တားမြစ်ပေးရန်ဖြစ်သည်။ ယခုအမှုမှာလည်း တရားလိုသည် အဆိုပါ သေသူ၏တရားဝင်မယားဖြစ်သည်ဟု မြွက်ဟကျေညာပေးရန်ပင်ဖြစ်သည်။ နှစ်မှုစလုံးတွင် အဓိကငြင်းချက်မှာ အတူတူပင်ဖြစ်ကြောင်းကို ငြင်းဆိုခြင်းမရှိကြချေ။ အမှုသည်များမှာလည်း အတူတူပင်ဖြစ်ပြီး၊ တရားမကြီးမှုအမှတ် ၃၅၀ ကိုလည်း ရန်ကုန်မြို့၊ တရားမရုံးနှင့် ဤရုံးများတွင် စီရင်ပိုင်ခွင့်အာဏာရှိပြီး တောင်းဆိုသည့် သက်သာခွင့်ကို ပေးနိုင်ပေသည်ဖြစ်၍ တရားမကျင့်ထုံးပုဒ်မ ၁၀ နှင့် အာကျုံးဝင်သည်ဟု ယူဆရပေမည်။ ***Durgaprasad*** **v.** ***Kantichandra Mukerji*** (1) စီရင်ထုံးတွင်—

> **"The real criterion to apply is this. Supposing the first suit was determined; would the position then be that when the second suit was instituted the matters raised in the second suit were *res judicata* by reason of the decision of the prior suit?"**

ဟုပြဋ္ဌာန်းထားသည်။ ဤမူသဘောတရားအတိုင်းဆိုလျှင် ပဌမအမှုအမှတ် ၃၅၀ တွင် တရားလိုသည် သေသူ၏ တရားဝင်မယားဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဆုံးဖြတ်ချက်ပေးလျှင် ယခုအမှုတွင် ၎င်းဆုံးဖြတ်ချက်သည် မီးသေစီရင်ချက်ဒီဂရီဖြစ်ရမည်ကို

(1) I.L.R. Cal. 670.

၁၉၆၆

ဒေါ်ခင်နှင့် ဒေါ်အေးလုံး (ဒေါ်) နှစ်ဦးနှိုင်းကြည်။

အထူးပြောရန်မလိုပေ။ ***Jai Hind Iron Mart v. Tulsiram Bhagwandas*** **(2)** စီရင်ထုံးကိုလည်းကြည့်ပါ။ ထိုအမှုတွင် အထက်ကိုးကားထားသော စီရင်ထုံးကိုပင် ညွှန်ပြထားပြီး ဤသို့ဆိုသည်။

> **"Therefore, the principle underlying section 10 seems to be that the policy of the Legislature is opposed to two Courts with parallel jurisdiction proceeding simultaneously with two suits when there is a possibility of the two Courts coming to different conclusions and thereby resulting in conflict of decisions. If that policy underlying section 10 is kept in mind, then it would be easier to come to a decision with regard to different cases that arise for decision."**

တရားမကျင့်ထုံးပုဒ်မ ၁၀ ၏ စီမံထားချက်မှာ မဆောင်ရွက်ဘဲ မနေရသောအချက် (Mandatory) ပင်ဖြစ်သည်အလျောက်၊ တရားခံ၏ ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့စွဲဖြင့် လျှောက်လွှာကို ခွင့်ပြုပြီး ယခုအမှုကို ဆိုင်းငံ့ထားလိုက်သည်။ တရားလို၏ ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့စွဲဖြင့် လျှောက်လွှာကို စဉ်းစားရန် မပေါ်ပေါက်ပေ။ မိမိတို့၏ စရိတ်ကို မိမိတို့ကျခံစေ။

(2) A.I.R. 1953 Bom. 117.

F.

နိုင်ငံတော် တရားရုံးချုပ်

တရားမသေးမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

ဒေါ်စော
အမ်၊အက်(စ်)မက်တွန် (လျှောက်ထားသူ)

နှင့်

ကွယ်လွန်သူ ဘီး၊ အမ်၊ မက်တွန်ပစ္စည်းကိစ္စ (လျှောက်ထားခံရသူ)*

၁၉၆၆
ဇန်နဝါရီ လ ၆ ရက်။

အမွေဆက်ခံရန် သက်သေခံ လက်မှတ်လျှောက်ထားခြင်း—လင် မဟာမေဒင်ဘာသာဝင်၊ မယား ဗုဒ္ဓဘာသာဝင်—ဗုဒ္ဓဘာသာဝင် မိန်းမများ အထူး ထိမ်းမြားမှုနှင့် အမွေဆက်ခံမှု—အက်ဥပဒေ ပုဒ်မ ၂၀ (၁) နှင့် ၂၄ (၁) တို့ သက်ဆိုင်ခြင်းရှိ မရှိ။

ကွယ်လွန်သူ၏ ပစ္စည်းများဖြစ်သည့် ပြည်သူ့ဘဏ်နှစ်ခုတွင် အပ်နှံထားသော ငွေများကို တောင်းခံနိုင်ရေးအလို့ငှါ၊ အမွေဆက်ခံသော သက်သေခံ လက်မှတ် ထုတ်ပေးရန် ကွယ်လွန်သူ၏ ဇနီးက လျှောက်ထားသည်။ ကွယ်လွန်သူ၏ ဘခင်က ကန့်ကွက်သည်။ ကွယ်လွန်သူသည် မဟာမေဒင်ဝင်တဦးဖြစ်၏။ ၎င်း၏ဇနီးမှာ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး၊ ၁၉၂၆ ခုနှစ်တွင် ဗုဒ္ဓဘာသာထုံးတမ်းအရ၊ ကွယ်လွန်သူနှင့် လက်ထပ်ထိမ်းမြားပြီး၊ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့သည်။

ဆုံးဖြတ်ချက်။ ။လျှောက်သူနှင့် ကွယ်လွန်သူတို့သည် လွန်ခဲ့သော ၁၉၂၆ ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့သဖြင့် ၎င်းနှစ်မှစ၍ အကြင်လင်မယားအဖြစ် ထိမ်းမြားခဲ့ကြသည်ဟု ဗုဒ္ဓဘာသာဝင် မိန်းမများ၊ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေ ပုဒ်မ ၂၀(၁)အရ၊ မှတ်ယူရမည်။ သို့ဖြစ်ရာ၊ ၎င်းဥပဒေပုဒ်မ ၂၄ (၁) အရ၊ ဗုဒ္ဓဘာသာ ဓမ္မသတ်အတိုင်း ဆုံးဖြတ်ရမည်ဖြစ်၍ ဗုဒ္ဓဘာသာ ဓမ္မသတ်အရ၊ လင်သေက လင်၏ ပစ္စည်းကို မယားသာပိုင်ဆိုင်ခွင့်ရှိသည်နှင့်အညီ အမွေဆက်ခံရန် သက်သေခံ လက်မှတ်ကို မယားအားသာလျှင် ထုတ်ပေးရမည်။

မောင်ပိုက်နှင့် မောင်ညိမ်း၊ အတွဲ ၂၊ အထက်မြန်မာပြည် စီရင်ထုံး ၁၈၉၇၊ ၁၉၀၁၊ စာ- ၁၄၆။

နေဝင်းနှင့် မအောင်ကလေး၊ အတွဲ ၄၊ အောက်မြန်မာပြည် စီရင်ထုံး၊ စာ-၂၉၃ တို့ကိုရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။ မစ္စတာ တီ၊ ပီ၊ ဝမ်း။
မစ္စတာ ဂျီ၊ အင်၊ ဘနာဂျီ။

လျှောက်ထားခံရသူအတွက်။ ။ မစ္စတာ ဂျီ၊ အင်၊ ဘနာဂျီ။
မစ္စတာ တီ၊ ပီ၊ ဝမ်း။

---

* ၁၉၆၅ ခုနှစ်၊ တရားမ သေးမှု အမှတ် ၂၄/၃၁။

၁၉၆၆

ဒေါ်စော

အမ်၊အက်(စ်)၊ မက်တုန် နှင့် ကွယ်လွန်သူ အီး၊အမ်၊မက် တွန်ပစ္စည်းကိစ္စ။

တရားသူကြီး ဦးသက်ဖေ။ ။ရန်ကုန်မြို့၊ ၂၀ လမ်း၊ အိမ်နံပါတ် ၉၇ နေ ဒေါ်စော က ကွယ်လွန်သူ အီဆွတ်မိုဟာမက်မက်တွန်၏ပစ္စည်းဖြစ်သည့် ပြည်သူ့ဘဏ်အမှတ် ၃ ရှိ ငွေ ၁,၀၁၄ ကျပ် ၀၄ ပြားနှင့် ပြည်သူ့ဘဏ်အမှတ် ၅ ရှိ ငွေ ၇,၂၆၄ ကျပ် ၃၅ ပြား တို့ကို တောင်းခံနိုင်ရန်အလို့ငှါ အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထား သောအမှုဖြစ်လေသည်။ ဒေါ်စော၏ လျှောက်လွှာကို ကွယ်လွန်သူ၏ဘဝင်ဖြစ်သူ မိုဟာမက်မက်တွန်က ကန့်ကွက်ပြီး ၎င်းကိုယ်တိုင် ဤရုံး၏ ၁၉၆၅ ခု၊ တရားမသေးမှုအမှတ် ၃၁ တွင် အမွေဆက်ခံရန် သက်သေခံလက်မှတ်ကို အပြိုင်လျှောက်ထားခဲ့လေသည်။ ထို့ကြောင့်ပင် ဤအမှုနှင့် ၁၉၆၅ ခု၊ တရားမသေးမှုအမှတ် ၃၁ တို့ကို အတူတကွကြားနာကာ ယခုစီရင်ချက်တခုတည်းဖြင့် အမိန့်ချမှတ်မည်ဖြစ်ပေသည်။

ရန်ကုန်မြို့၊ ၃၄ လမ်း အမှတ် ၁၅၇ နေ ထုစူဘီ (ခေါ်) ဘူဒီမာ (ခေါ်) မသန်းနွဲ့က ကွယ်လွန်သူ အီဆွတ်မိုဟာမက်မက်တွန်နှင့် ဒေါ်ဟာလီမာဆိုသူနှင့် ထွန်းကားခဲ့သည့် မိမိနှင့် အီဆွတ် (ခေါ်) မောင်အောင်ချစ်ဆိုသော သားသမီး ၂ ယောက်လည်း ရှိသေးကြောင်း။ အနီးစပ်ဆုံး ဆွေမျိုးစာရင်းတွင် ဖော်ပြခြင်းမရှိဘဲ ထိန်ချန်ထား၍ အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားသည့်အမှုများကို ပလပ်သင့်ကြောင်းအမှု ၂ မှုစလုံး၌ ကန့်ကွက်လွှာတင်လေသည်။ ကွယ်လွန်သူတွင် သားသမီး ကျန်ရစ်ခဲ့သည်ဟု ဇနီးဒေါ်စောကသော်ငင်း၊ ဘဝင် မိုဟာမက်မက်တွန်ကသော်ငင်း ဝန်ခံခြင်းမပြုသည့်အပြင် မသန်းနွဲ့သည် ကွယ်လွန်သူ၏ ပစ္စည်းများအတွက် အမွေဆက်ခံရန် သက်သေခံလက်မှတ်ကို ရလိုကြောင်း အပြိုင်အဆိုင် လျှောက်ဆားခြင်းမရှိသဖြင့် ၎င်း၏ကန့်ကွက်လွှာကို ဤအမှုများတွင် ထည့်သွင်းစဉ်းစားရန် မလိုပေ။ ၎င်း၏ပညာရှိရွေနေကြီးကလည်း ကွယ်လွန်သူ၌ သားသမီးများ ကျန်ရစ်ခဲ့သေးကြောင်း သိသာရန် အကြောင်းကြံဆခြင်းသာဖြစ်ကြောင်း။ မည်သူအား အမွေဆက်ခံရန် သက်သေခံလက်မှတ် ထုတ်ပေးရမည်ဟု ရုံးမှဆုံးဖြတ်ခြင်းနှင့် ပတ်သက်၍ ဝင်ရောက် စွက်ဖက်ပြောဆိုရန် အခွင့်အရေး မရှိကြောင်း ဝန်ခံသွားလေသည်။

ကွယ်လွန်သူသည် မဟာမေဒင် ဘာသာဝင်တဦးဖြစ်၏။ ဒေါ်စောက ၎င်းသည် ဗုဒ္ဓဘာသာဝင် မိန်းမတဦးဖြစ်ပြီး ၁၉၂၆ ခုနှစ်တွင် ဗုဒ္ဓဘာသာထုံးတမ်းအရ ကွယ်လွန် သူနှင့် လက်ထပ်ထိမ်းမြားပြီး အကြောင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြောင်း။ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေ ပုဒ်မ ၂၀ နှင့် ၂၄ အရ ကွယ်လွန်သူ၏ အမွေအားလုံးကို မိမိတဦးတည်းသာလျှင် ဆက်ခံရမည်ဖြစ်၍ အမွေဆက်ခံရန် သက်သေခံလက်မှတ်ကို ၎င်းအားထုတ်ပေးရန် အကြောင်းပြလာ၏။

ကွယ်လွန်သူ၏ဘခင်ဖြစ်သူ မိုဟာမက်မက်တွန်က ကွယ်လွန်သူသည် မဟာမေဒင်ဘာသာဝင်တဦးဖြစ်၍ ၎င်း၏အမွေပစ္စည်းများကို မဟာမေဒင် ဥပဒေအရသာ စီမံခန့်ခွဲရမည်ဖြစ်ကြောင်း။ မိမိသည် ကွယ်လွန်သူ၏ဘခင်တယောက်အနေဖြင့် ကွယ်လွန်သူ၏ပစ္စည်း လေးပုံသုံးပုံ ကို ရခွင့်ရှိကြောင်း။ ဒေါ်စောသည် ကွယ်လွန်သူနှင့် ဗုဒ္ဓဘာသာထုံးတမ်းအရ ထိမ်းမြားလက်ထပ်ခဲ့သည်ဆိုခြင်းမှာ ဥပဒေကြောင်းအရ မဖြစ်နိုင်ကြောင်း။ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေကို ဒေါ်စောသည် အကိုးအကား မပြုနိုင်ကြောင်း ထုချေလာလေသည်။

ဒေါ်စောသည် ဗုဒ္ဓဘာသာ အမျိုးသမီးဖြစ်ပြီး ကွယ်လွန်သူအား လှန်ခဲ့သည့် ၁၉၂၆ ခုနှစ်မှစ၍ သေဆုံးသည်အထိ လင်မယားအဖြစ် ပေါင်းသင်းလာခဲ့သည်ဆိုခြင်းကို ကွယ်လွန်သူ၏ဘခင် မိုဟာမက်မက်တွန်က ၎င်း၏ကန့်ကွက်လွှာတွင် အတိအလင်း ကန့်ကွက်ငြင်းဆိုခဲ့ခြင်းမရှိပေ။ သို့ရာတွင် ၎င်း၏ပညာရှိရွေးနေကြီးက မဟာမေဒင်ဘာသာဝင်တဦးသည် မဟာမေဒင်ဘာသာဝင် မဟုတ်သူတဦးအား တရားဝင်လက်ထပ်ထိမ်းမြားခြင်း မပြုနိုင်ကြောင်း။ ကွယ်လွန်သူသည် မဟာမေဒင်ဘာသာဝင်တဦးဖြစ်၍ ဒေါ်စောအား တရားဝင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ရိုးမှန်ပါမူ ဒေါ်စောသည် မဟာမေဒင်ဘာသာသို့ ကူးပြောင်းကိုးကွယ်ခဲ့သည်ဟု ယူဆရန်ရှိကြောင်း။ မဟာမေဒင်ဘာသာသို့ ကူးပြောင်းကိုးကွယ်ခဲ့သည့် ဒေါ်စောသည် ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေနှင့် အကျုံးမဝင်ကြောင်း စသည်ဖြင့် လိမ်မာပါးနပ်စွာ လျှောက်လဲသွားလေသည်။ ဒေါ်စောက ၎င်းသည် ဗုဒ္ဓဘာသာ အမျိုးသမီးတဦးဖြစ်ကြောင်း ၎င်း၏ လျှောက်လွှာတွင်အတိအလင်းဖော်ပြထားရာကန့်ကွက်သူ မိုဟာမက်မက်တွန်ဘက်မှ ဒေါ်စောသည် မူဆလင်အမျိုးသမီးဖြစ်သည်ဟု စွပ်စွဲထားခြင်းမရှိ။ အကယ်၍ဒေါ်စောသည် ဗုဒ္ဓဘာသာအမျိုးသမီးမဟုတ်ဘဲ မူဆလင်အမျိုးသမီးဖြစ်သည်ဟုဆိုပါမူ ကန့်ကွက်သူသည်သက်သေအထောက်အထားပြရန် အခွင့်အရေး လျှောက်ထားတောင်းဆိုခဲ့သင့်သည်။ ထိုအခွင့်အရေးမျိုးကို မတောင်းဆိုခဲ့။ ယခုအမှုတို့၏ အဆုံးအဖြတ်အတွက်သက်သေထူရန်မလိုကြောင်း နှစ်ဘက်ရွေနေတို့ သဘောတူလျှောက်လဲချက် ပေးခြင်းဖြစ်ရာ အထက်ဖော်ပြမါ အကြောင်းပြ ကန့်ကွက်ချက်ကို လက်မခံနိုင်ပေ။

ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေပုဒ်မ ၂၀ (၁) တွင် အောက်ပါအတိုင်း ပါရှိ၏။

"၂၀။ ။(၁) ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတဦးနှင့် ဗုဒ္ဓဘာသာဝင်မိန်းမတဦးတို့ ပေါင်းဖက်နေထိုင် ပြုမူကြပုံသည် အကယ်၍ ထိုသူနှစ်ဦးလုံး ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်းဖြစ်ခဲ့သော်၊ ဗုဒ္ဓဘာသာဓမ္မသတ်အရ၊ လင်

၁၉၆၆
ဒေါ်စော
အမ်၊အက်(စ်)၊
မက်တွန်
နှင့်
ကွယ်လွန်သူ
အီး၊အမ်၊မက်
ထွန်ပစ္စည်းကိစ္စ။

မယားအရာမြောက်မည့် ပေါင်းဖက်နေထိုင် ပြုမူကြပုံမျိုးဖြစ်လျှင်၊ ထိုသူတို့သည် ထိုသို့ပေါင်းဖက်စကပင် ထိမ်းမြားခဲ့သည်ဟု မှတ်ယူရမည့်ပြင်၊ ထိုသူတို့သည် ဤအက်ဥပဒေအရ၊ ထိမ်းမြားခဲ့ကြသည်ဟုလည်း မှတ်ယူရမည်။"

ပုဒ်မ ၂၄ (၁) တွင်လည်း အောက်ပါအတိုင်း ပြဋ္ဌာန်းထားလေသည်။

"၂၄။ ။(၁) ဤအက်ဥပဒေအရ ထိမ်းမြားသူတို့၏၊ သို့တည်းမဟုတ် ထိမ်းမြားခဲ့သည်ဟု မှတ်ယူခြင်းခံရသူတို့၏ပစ္စည်း ပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်းသော ကိစ္စအားလုံးကို၊ ထိုသူတို့နှင့် ထိုသူတို့၏ မိသားစုအားလုံးသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်း ဖြစ်ဘိသကဲ့သို့၊ ဗုဒ္ဓဘာသာဓမ္မသတ်အတိုင်း ဆုံးဖြတ်ရမည်။"

ဒေါ်စောနှင့် ကွယ်လွန်သူတို့သည် လွန်ခဲ့သည့် ၁၉၂၆ ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့သည်ကို အငြင်းမထွက်ချေ။ သို့ဖြစ်ရာ ၎င်းသည် ကွယ်လွန်သူနှင့် ပုဒ်မ ၂၀ (၁) အရ စတင်ပေါင်းဖက်သည့် ၁၉၂၆ ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည်ဖြစ်သည်။ ယင်းသို့ ထိမ်းမြားခဲ့သည်မှတ်ယူခြင်းခံရသည့် ကွယ်လွန်သူ အီဆွတ်မိုဟာမက်မက်တွန်၏ပစ္စည်း ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်းသောကိစ္စအားလုံးသည် ပုဒ်မ ၂၄ (၁) အရ ဗုဒ္ဓဘာသာဓမ္မသတ်အတိုင်း ဆုံးဖြတ်ရမည်ဖြစ်ရာ ဗုဒ္ဓဘာသာဓမ္မသတ်အရ လင်သေက လင်၏ပစ္စည်းကို မယားသာ ပိုင်ဆိုင်ခွင့်ရှိပေသည်။ **မောင်ဝိုက်နှင့် မောင်ညိမ်းတို့အမှု (၁)**ကိုကြည့်ပါ။ မိဘ၌ပိုင်ဆိုင်ခွင့်မရှိပေ။ သေသူသည် ကွယ်လွန်စဉ်က မဟာမေဒင်ဘာသာဝင်ဖြစ်သော်လည်း ၎င်း၏ပစ္စည်းများနှင့် ပတ်သက်၍ မဟာမေဒင်ဥပဒေဖြင့် စီမံခန့်ခွဲခြင်းမပြုနိုင်ပေ။ ဗုဒ္ဓဘာသာဝင် မိန်းမများမှာ အခြားဘာသာဝင်ယောကျ်ားများနှင့် နှစ်ပေါင်းမြောက်မြားစွာ ပေါင်းသင်းနေထိုင်ကာ သားသမီး တကျိတ်ပင် ထွန်းကားခဲ့စေကာမူ တရားဝင်မယားမဖြစ်ဘဲ မယားမျှောင်၊ အပျော်မယားအဆင့်၌သာ တင်းတိမ်ခဲ့ရပြီး လူမှုရေး စီးပွါးရေး စသည့်အဘက်ဘက်၌ နစ်နာဆုံးရှုံးခြင်း ခံခဲ့ကြရသဖြင့်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ၏ အခွင့်အရေးကို အကာအကွယ်ပေးရန် အလို့ငှါ အဆိုပါ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပေသည်။ ထိုဥပဒေပါ ပြဋ္ဌာန်းချက်များသည် ကွယ်လွန်သူ၏ မဟာမေဒင်ဥပဒေကို လွှမ်းမိုးသည်ဟု ယူဆရမည်ဖြစ်သည်။

ဗုဒ္ဓဘာသာဓမ္မသတ်အရ လင်သေ၍ မယားကျန်ခဲ့လျှင် လင်၏ပစ္စည်းများနှင့် ပတ်သက်၍ အမွေဆက်ခံရန် သက်သေခံလက်မှတ်ကို မယားအားသာလျှင် ထုတ်ပေး

(၁) အတွဲ ၂၊ အထက်မြန်မာစီရင်ထုံး ၁၀၉၇–၁၉၀၁၊ စာ ၁၄၆။

ရမည်ဟု **နေဝင်းနှင့် မအော်ကလေးအမှု** (၂) ၌ အတိုအလင်း အဆုံးအဖြတ်ပေးထား သဖြင့် ဤအမှုတွင်လည်း ဒေါ်စောသာလျှင် ကွယ်လွန်သူ၏ ပစ္စည်းများအတွက်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်ကို ရသင့်သည်ဟု ယူဆသည်။

၁၉၆၆
ဒေါ်စော
အမ်၊အက်(စ်) မက်တွန်နှင့် ကွယ်လွန်သူ အီး၊အမ်၊မက်တွန်ပစ္စည်းကိစ္စ။

အထက်ပါအကြောင်းများကြောင့် လျှောက်ထားသူ ဒေါ်စောသည် လုံလောက်သောငွေ ၇,၀၀၀ ကျပ်တန် အာမခံတယောက်နှင့် ခံပန်ချုပ်ဆိုပါက လျှောက်ထားသည့်အတိုင်း အမွေဆက်ခံရန် သက်သေခံလက်မှတ်ကို ထုတ်ပေးစေ။ ဤရုံး၏ ၁၉၆၅ ခုနှစ်၊ တရားမသေးမှုအမှတ် ၃၁ တွင် ကန့်ကွက်သူ မိုဟာမက်မက်တွန်၏ လျှောက်လွှာကို ပလပ်လိုက်သည်။ ကန့်ကွက်သူ မိုဟာမက်မက်တွန်သည် လျှောက်ထားသူ၏ တရားစရိတ်ကို ကျခံရမည်။ မွေနေစရိတ် ၃၄ ကျပ်သတ်မှတ်လိုက်သည်။

---

(၂) အတွဲ ၄၊ အောက်မြန်မာပြည်စီရင်ထုံး၊ စာ ၂၉၃။

နိုင်ငံတော်တရားရုံးချုပ်
တရားမ ပဌမအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် တရားသူကြီးဦးချစ်တို့ရှေ့တွင်

ဒေါ်တင်မေ ပါ ၈ (အယူခံတရားလိုများ)

နှင့်

ရာဟီမာဘီဘီ (အယူခံတရားခံ) *

† ၁၉၆၆
ဇန္နဝါရီလ
၁၅ ရက်။

စာချုပ်စာတမ်းချုပ်ဆိုခြင်း – မူရင်းကို တင်သွင်းရန် —မတင်သွင်းနိုင်လျှင် ဆောင်ရွက်ရန် ကိစ္စ စာချုပ်ကို အခြေခံ၍ တရားမစွဲဆိုခြင်း၊ စာချုပ်ကို မတင်ပြနိုင်သဖြင့် မိမိအခြေခံ၍ တရားစွဲဆို သည့် အချက်သည် ပျက်ပြယ်နိုင်ခြင်း ရှိ မရှိ၊ မူလရုံး တရားသူကြီး၏ သက်သေကို ယုံကြည်ထိုက် မယုံကြည်ထိုက် ဆုံးဖြတ် ချက်။

ဆုံးဖြတ်ချက်။ ။စာချုပ် စာတမ်းချုပ်ဆိုခြင်း စသည်တို့ကို မပြုမနေရသော ကိစ္စမျိုးများဌ် စာချုပ်စာတမ်း မူရင်းကို တင်သွင်းရမည်ဖြစ်သည်။ ထိုသို့မတင်သွင်းနိုင်လျှင် မည်သည့်အတွက် ကြောင့် မတင်သွင်းနိုင်ကြောင်းကို သက်သေထူပြီးမှ စာချုပ်ကို ဖတ်ခဲ့ဘူးသူတို့က ရုံးတွင် နှုတ် သက်သေလာရောက်ခံနိုင်ကြသည်။ တရားလိုက စာချုပ်ကို အခြေခံ၍ တရားစွဲဆိုခဲ့သည်မဟုတ်။ မိမိသည် သမီးဖြစ်ပါသည်ဟူသော အချက်ကို အခြေခံ၍ တရားစွဲဆိုခြင်းဖြစ်သည်။ ထိုအချက်ကို သက်သေထူရန် အတွက် စာချုပ်သည် အချက်တရပ်သာဖြစ်သည်။ ထို့ကြောင့် စာချုပ်ကို မတင်ပြနိုင်ခြင်းကြောင့် မိမိ၏ မိဘနှစ်ပါးသည် တရားဝင် လက်ထပ်ခဲ့ကြသော လင်မယားဖြစ်ခဲ့သည်ဟူသော အချက်သည် ပျက်ပြယ်နိုင်သည်မဟုတ်။ အခြားဆက်စပ်ဆီလျော်သော အချက်များက ခိုင်လုံနေလျှင်၊ ထိုသို့လက်ထပ် ထိမ်းမြားခဲ့ကြောင်းကို ရုံးက လက်ခံနိုင်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။မူလရုံး တရားသူကြီးအနေနှင့် တရားလိုတရားခံတို့ တင်ပြသော သက်သေ အထောက်အထား အားလုံးကို ခြုံကြည့်ပြီးနောက် မည်သူ့ကို ယုံကြည်ထိုက်သည် မည်သူ့ အဆိုက ပို၍ ယုတ္တိရှိသည် စသည်ကို ချိန်ဆကာ ဆုံးဖြတ်ရခြင်းဖြစ်သည်။ ထိုသို့ဆုံးဖြတ်ရာ၌ မူလရုံး တရားသူကြီးသည် သက်သေများကို ကိုယ်တိုင် မြင်တွေ့ရသဖြင့် မည်သူ့ကို ယုံကြည်ထိုက်သည် မည်သူ့ကို မယုံကြည်ထိုက်၊ နှိုင်းဆချင့်ချိန်နိုင်သည်ကို ထည့်သွင်းစဉ်းစားရသည်။

အယူခံတရားလိုများအတွက်။ ။ဒေါက်တာဘဘဟန်။

အယူခံတရားခံအတွက်။ ။ဒေါ်ကြည်ကြည်ဝင်း။

---

* ၁၉၆၃ ခုနှစ်၊ တရားမ ပဌမ အယူခံမှု အမှတ် ၁၃၂။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၄၆ တွင်၊ ရန်ကုန်မြို့တော်တွဲဘက် တရားသူကြီးချုပ် (ဦးအေးမောင်) ရုံးတော်၏ ချမှတ်သော ဒီဂရီကို အယူခံဝင်မှု။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။ရာဟီမာဘီဘီသည် ကွယ်လွန်သူ မစ္စတာ အမ်၊ အက်(စ်)၊ အာမက်၏သမီးဖြစ်သည်ဟုဆိုကာ ရန်ကုန်မြို့ တရားမရုံး၌ မစ္စတာ အမ်၊ အက်(စ်)၊ အာမက်၏ ကြွင်းကျန်ခဲ့သော ပစ္စည်းစုကို ရုံး၏အမိန့်နှင့် စီမံအုပ်ချုပ်ပေးပါရန် ဒေါ်တင်မေနှင့် သားသမီးတို့အား တရားစွဲဆိုခဲ့သည်။ ရာဟီမာဘီဘီ၏အဆိုမှာ မစ္စတာ အမ်၊ အက်(စ်)၊ အာမက်နှင့် ၎င်း၏မိခင် ဒေါ်တင်တင်တို့သည် မဟာမေဒင်ထုံးတမ်းအရ ၁၉၂၅ ခုနှစ်တွင် လက်ထပ်ကြောင်း။ ၁၉၃၃ ခုနှစ်တွင် ၎င်း၏မိဘနှစ်ဦး ကွာရှင်းခဲ့ကြပြီးနောက် ၎င်းသည် မစ္စတာ အမ်၊ အက်(စ်)၊ အာမက်နှင့်အတူ ဆက်လက်နေထိုင်ခဲ့ကြောင်း။ မစ္စတာ အာမက်ကပင် ၎င်းအား ကျောင်းထားပေးခဲ့ကြောင်း။ ဒေါ်တင်တင်နှင့် ကွာရှင်းပြီးနောက် မစ္စတာအာမက်သည် ဒေါ်တင်မေနှင့် လက်ထပ်ထိမ်းမြား၍ မူလအမှုတွင် တရားခံအမှတ် ၂ မှ ဂ အဖြစ် ထည့်သွင်း စွဲဆိုခဲ့သော သားသမီးများထွန်းကားကြောင်း။ မစ္စတာအာမက် ကွယ်လွန်ပြီးသည့်နောက်ပိုင်းတွင် မိမိသည်လည်း ကွယ်လွန်သူ၏ သမီးဖြစ်၍ မဟာမေဒင်ထုံးတမ်းစဉ်လာအရ အမွေပုံ၏ ဂဂ ပုံ၊ ၇ ပုံရထိုက်ကြောင်း စသည်ဖြင့် ရာဟီမာဘီဘီက စွဲဆိုခဲ့သည်။

ဒေါ်တင်မေနှင့် ၎င်း၏သားသမီးများက ရာဟီမာဘီဘီသည် မစ္စတာ အမ်၊ အက်(စ်)၊ အာမက်၏ သမီးမဟုတ်။ မစ္စတာအာမက်သည် ဒေါ်တင်တင်နှင့် တရားဝင် လက်ထပ်ခဲ့ခြင်းမရှိ စသည်ဖြင့် အဓိကထား၍ ငြင်းဆိုခုံခဲ့ကြသည်။ ထို့ကြောင့် မူလရုံး ပညာရှိ တရားသူကြီးက ကောက်ချက်အမှတ် ၁ အဖြစ် "မစ္စတာ အမ်၊ အက်(စ်)၊ အာမက်နှင့် ဒေါ်တင်တင်တို့သည် တရားဝင်လက်ထပ်ခြင်းရှိ မရှိ။ ရှိခဲ့သော် တရားလိုသည် ထိုသူနှစ်ဦးမှ မွေးဖွါးခြင်းဟုတ်မဟုတ်" ဟူ၍ ထုတ်နုတ်စစ်ဆေးခဲ့သည်။ ထိုကောက်ချက်ပေါ်၌ တရားလို ရာဘီမာဘီဘီကို အနိုင်ပေးဆုံးဖြတ်၍ တရားဥပဒေအရ ၎င်းစွဲဆိုဘောင်းခံသည့်အဘိုး အမွေစု၏ ဂဂ ပုံ၊ ၇ ပုံရထိုက်သည်ဟု မူလရုံးက ဆုံးဖြတ်ကာ အမွေပစ္စည်းများကို စီမံအုပ်ချုပ်ခန့်ခွဲရန်အတွက် ပဏာမ ဒီကရီတရပ် ချမှတ်ပေးခဲ့သည်။

ဒေါ်တင်မေတို့က ဤရုံးသို့ အယူခံဝင်ရာတွင် မူလရုံးက ရာဟီမာဘီဘီသည် ကွယ်လွန်သူ အမ်၊ အက်(စ်)၊ အာမက်၏သမီးဖြစ်ကြောင်း ဆုံးဖြတ်ထားခြင်းသည် အကြောင်းအချက်နှင့် မညီဟူ၍ တင်ပြကြသည်။ အယူခံတရားလိုများ၏ ပညာရှိ ရှေ့နေကြီး ဒေါက်တာဘာဟန်ကသည် မူလရုံးက မဟာမေဒင်ထုံးတမ်းစဉ်လာဥပဒေကို သုံးသပ်သားခြင်း၊ ထိုဥပဒေနှင့် ပတ်သက်၍ ကိုးကားထားခြင်းတို့ကို လက်ခံပါသည်။ သို့ရာတွင် သက်သေခံ အထောက်အထားများအရ ရာဟီမာဘီဘီက ၎င်းသည်ကွယ်လွန်သူ အမ်၊ အက်(စ်)၊ အာမက်၏သမီးဖြစ်ကြောင်း အထင်အရှား မပြနိုင်ခဲ့ပါ။

၁၉၆၆ ဒေါ်တင်မေ ပါ ၈ နှင့် ရာဟီမာဘီဘီ။

မူလရုံးသည် တရားလိုဘက်မှ သက်သေအခိုင်အလုံမထူနိုင်ခဲ့ဘဲနှင့် တရားလိုအား အနိုင်ပေးဆုံးဖြတ်ထားခြင်းကိုသာ အယူခံဝင်ခွင့်ပြုရန် အကြောင်းအဖြစ် တင်ပြလိုပါသည်ဟု လျှောက်လဲသည်။

ရာဟီမာဘီဘီက ၎င်း၏မိခင် ဒေါ်တင်တင်နှင့် မစ္စတာ အမ်၊ အက်(စ်)၊ အာမက် တို့ ကွာရှင်းပြီးနောက် ၎င်းအား မစ္စတာ အာမက်က ဆက်လက်ထိန်းသိမ်းထားခဲ့ကြောင်း။ ဒေါ်တင်မေနှင့် နောက်အိမ်ထောင်ပြုပြီးသောအခါ မိထွေးဖြစ်သူက ၎င်းအား စိန်ဂျန်းကွန်ဗင်္ကျောင်းမှ ထုတ်နုတ်၍ မစ္စတာ ပီလေး၏ ကုလားကျောင်းသို့ ပြောင်းရွှေ့ထားခဲ့ကြောင်း။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်သောအခါ မိထွေးနှင့်အတူ ရွှေကျင်မြို့သို့ စစ်ပြေးခဲ့ရကြောင်း။ ရွှေကျင်တွင် တနှစ်ခွဲမျှနေပြီးနောက် မစ္စတာ အာမက်က ပြန်ခေါ်သဖြင့် ရန်ကုန်သို့ ပြန်လာခဲ့ကြောင်း။ ထိုသို့နေထိုင်စဉ်အတွင်း ဘခင်နှင့် မိထွေးဖြစ်သူတို့က ၎င်းအား မစ္စတာအလီဆိုသူနှင့် လက်ထပ်ပေးကြောင်း။ မစ္စတာအာမက်ရှာပေးသော ဘိုးလိန်းအိမ်၌ မိမိနှင့် မစ္စတာအလီတို့သည် အိုးအိမ်ထူထောင်နေထိုင်ခဲ့ကြောင်း။ နောက်မစ္စတာအလီနှင့် မိမိတို့ကွဲကွာပြီး နောက်အိမ်ထောင်သစ်ထူခဲ့ကြောင်း။ မစ္စတာအာမက်သည် မိမိအား ငွေကြေးထောက်ပံ့ခဲ့ကြောင်း၊ တဦးနှင့် တဦးလည်း သွားလာဆက်ဆံကြောင်း၊ ဘခင်ကွယ်လွန်အနီစွရောက်သောအခါ၌ မိမိသည် အသုဘအိမ်သို့ သွားကြောင်း စသဖြင့် ရာဟီမာဘီဘီက ရုံးတွင်ထွက်ဆိုခဲ့သည်။ ဒေါ်တင်တင် (လိုပြ-၁) သည် ရာဟီမာဘီဘီ၏ ထွက်ဆိုချက်တို့ကို အရေးကြီးသော အချက်တို့၌ ထောက်ခံထွက်ဆိုသွားသည်။ မိမိနှင့် မစ္စတာအာမက်တို့သည် မဟာမေဒင် ထုံးတမ်းစဉ်လာအရ လက်ထပ်ခဲ့ကြောင်း။ နီကာရာမာခေါ်သည့် လက်ထပ်စာချုပ်ရေးထိုးကြ၍ လူကြီးစုံရာရှေ့တွင် မော်လဝီပလီဆရာက လက်ထပ်ပေးကြောင်း။ လက်ထပ်ပြီးနောက် မစ္စတာအာမက်နှင့် ရန်ကုန်မြို့တွင် စပတ်လမ်းနှင့် ကုန်သည်လမ်းထောင့်ရှိအိမ်တွင် နေထိုင်ခဲ့ကြောင်း။ ၁၉၂၆ ခုနှစ်တွင် ရာဟီမာဘီဘီကို မွေးဖွါးခဲ့ကြောင်း စသည်တို့ကို ထွက်ဆိုသည်။

ကွယ်လွန်သူ မစ္စတာ အမ်၊ အက်(စ်)၊ အာမက်၏ညီဖြစ်သူ အမ်၊ ဂျေ၊ အာမက် (လိုပြ-၂) ကလည်း ရာဟီမာဘီဘီနှင့် ဒေါ်တင်တင်တို့ကို ထောက်ခံထွက်ဆိုသည်။ ၁၉၂၅ ခုနှစ်လောက်တွင် ဒေါ်တင်တင်နှင့်မိမိ၏အစ်ကိုတို့သည် လက်ထပ်ကြကြောင်း။ ထို့နောက် ရာဟီမာဘီဘီကိုမွေးကြောင်း။ အမ်၊ အက်(စ်)၊ အာမက်တို့ မိသားစုသည် စပတ်လမ်းထောင့်အိမ်တွင် အစ်ကိုကြီးကွယ်လွန်သူ နုရာဒင်အာမက်နှင့်အတူ နေထိုင်ခဲ့ကြကြောင်း။ ၆ နှစ် ၇ နှစ်ပေါင်းပြီးနောက် အမ်၊ အက်(စ်)၊ အာမက်နှင့် ဒေါ်တင်တင်တို့ ကွာရှင်းကြကြောင်း။ ၎င်းနောက်မှ ဒေါ်တင်မေနှင့် အမ်၊ အက်(စ်)

အာမက်တို့ အိမ်ထောင်ပြုကြောင်း။ ရာဟီမာဘီဘီမှာ ၎င်း၏ဘခင်နှင့်အတူ ဆက်လက်နေထိုင်ကြောင်း စသည်ဖြင့် ထွက်ဆိုသည်။

ဒေါ်တင်တင်နှင့် အမ်၊ အက်(စ်)၊ အာမက်တို့ ထိမ်းမြားလက်ထပ်ကြခြင်းနှင့် ပတ်သက်၍ ဒေါ်တင်တင်၏အမ ဒေါ်ကျူးရင် (လိုပြ-၇)၊ ဒေါ်ကျူးရင်ယောကျ်ား ဟာဇယ်ဟတ် (လိုပြ-၃) နှင့် ဟာဂျီအာဆန် (လိုပြ-၆) တို့က ကိုယ်တိုင်သိမြင်သူများအဖြစ် သက်သေခံခဲ့ကြသည်။ ဒေါ်ကျူးရင်နှင့် ဟာဇယ်ဟတ်တို့က ဒေါ်တင်တင်၏ဘက်မှ လူကြီးများအနေဖြင့် ဒေါ်တင်တင်အား လက်ထပ်ပေးခဲ့ကြောင်း ထွက်ဆိုကြ၍ ဟာဂျီအာဆန်က မိမိနှင့် အရစ်ရှရဆိုသူတို့သည် လက်ထပ်ပွဲသို့ တက်ရောက်၍ နီကာရာမာစာချုပ်ကို သက်သေအဖြစ် လက်မှတ်ရေးထိုးခဲ့ကြကြောင်း ထွက်ဆိုသည်။ ဤသက်သေများသည် ဒေါ်တင်တင်၊ အမ်၊ အက်(စ်)၊ အာမက်တို့နှင့် ရင်းနှီးသော မိတ်ဆွေများဖြစ်ကြ၍ ရာဟီမာဘီဘီသည် ၎င်းတို့နှစ်ဦးမှ မွေးဖွါးသော သမီးဖြစ်ကြောင်းနှင့် သမီးမွေးဖွါးပြီးနောက် ၆ နှစ် ၇ နှစ်ကြာသောအခါ ၎င်းတို့နှစ်ဦးကွာရှင်းကြကြောင်းကို ထွက်ဆိုနိုင်ကြသည်။ အေ၊ ဆတ္တာ (လိုပြ-၅) သည် အမ်၊ အက်(စ်)၊ အာမက်နှင့် ဒေါ်တင်တင်တို့ လက်ထပ်စဉ်က လူငယ်တဦးဖြစ်ခဲ့သည်ဟုဆိုသည်။ ၎င်းသည်လည်း လက်ထပ်ပွဲသို့ ဧည့်ခံရန်သွားရသည်။ ၎င်း၏အဖေကိုလည်း မင်္ဂလာဆောင်သို့ဘိတ်သည်။ အမ်၊ အက်(စ်)၊ အာမက်နှင့် ၎င်း၏ဘခင်တို့မှာ လူချင်းကျမ်းသဖြင့် အိမ်အဝင်အထွက်ရှိသည်။ ၎င်းကိုယ်တိုင် အမ်၊ အက်(စ်)၊ အာမက်နှင့် မြို့နီစီပါယ်တွင် တဌာနတည်း၌ အလုပ်လုပ်ဘူးသည်။ လက်ထပ်ပြီးနောက် အမ်၊ အက်(စ်)၊ အာမက်နှင့် ဒေါ်တင်တင်တို့သည် ၎င်းတို့၏ ကလေးနှင့်အတူ နေထိုင်ကြသည်ကို အိမ်သို့သွားရောက်လည်ပတ်သောအခါ၌ တွေ့ခဲ့ဘူးသည်ဟု ဆတ္တားက ထွက်ဆိုသည်။

ဒေါ်တင်မေက ၎င်းသည် အမ်၊ အက်(စ်)၊ အာမက်၏ အိမ်ထောင်ဦးဖြစ်သည်။ ယခင်က အမ်၊ အက်(စ်)၊ အာမက်တွင် မိန်းမ မရှိ။ သမီးလည်းမရှိ။ ရာဟီမာဘီဘီသည် အမ်၊ အက်(စ်) အာမက်၏သမီးမဟုတ်။ ၎င်းတို့နှင့်လည်း အတူမနေ။ ရာဟီမာဘီဘီကို အလီဆိုသူနှင့် လက်ထပ်ထိမ်းမြားပေးစားသည်ဆိုသည်မှာလည်း မဟုတ် စသဖြင့် ငြင်းဆိုခဲ့သည်။ ဒေါ်တင်မေ တင်ပြသော သက်သေများကလည်း အမ်၊ အက်(စ်)၊ အာမက်သည် ယခင်က အိမ်ထောင်ရှိခဲ့ဘူးသည်ကို မသိဟုဆိုကြသည်။ အမ်၊ အက်(စ်) အာမက်နှင့်အတူ အလုပ်လုပ်ဘက်ဖြစ်၍ အိမ်အဝင်အထွက်ရှိသည်ဆိုသော မစ္စတာ စီ၊ ဂျေ၊ တောရင်းနှင့် ဦးလှိုင် (လိုပြ-၃ နှင့် ၄) တို့ကလည်း ရာဟီမာဘီဘီကို အမ်၊ အက်(စ်)၊ အာမက်အိမ်တွင် မတွေ့ဘူးပါဟု ထွက်ဆိုကြသည်။

၁၉၆၆

ဒေါ်တင်မေ
ပါ ဂ
နှင့်
ရာဟိမာဘိဘီ။

အထက်ပါကဲ့သို့ တဘက်တချက် သက်သေထွက်ချက်များကို ချိန်ဆပြီးနောက် မူလရုံးပညာရှိတရားသူကြီးက ရာဟိမာဘိဘီ တင်ပြသော သက်သေအထောက်အထားများက ပို၍ ခိုင်လုံသည်ဟု တွေ့ရှိဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဒေါက်တာဘဟန်က ပဌမတင်ပြသည့်အချက်မှာ ဒေါ် တင်တင်နှင့် အမ်၊ အက်(စ်)၊ အာမက်တို့လက်ထပ်စဉ်က နီကာရာမာစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်ဟုဆိုလျှင် ထိုစာချုပ်ကို သက်သေခံအဖြစ် တင်သွင်းရပါမည်။ စာချုပ်ပျောက်ဆုံးနေသည်ဆိုလျှင်လည်း ပျောက်ဆုံးကြောင်း သက်သေထူ၍ ထိုစာချုပ်ကို ဖတ်ခဲ့ဘူးသူများက ၎င်းကိုမှတ်မိထားသည်မှ သက်သေခံရန်ဖြစ်ပါသည်။ ထိုကဲ့သို့ ရာဟိမာဘီဘီက သက်သေမထူခဲ့သောကြောင့် သက်သေခံဥပဒေပုဒ်မ ၉၁ နှင့် ၉၂ တို့အရ ဒေါ် တင်တင်နှင့် အမ်၊ အက်(စ်)၊ အာမက်တို့ လက်ထပ်ထိမ်းမြားကြောင်းကို နှုတ်သက်သေခံရန် တရားဥပဒေ ပိတ်ပင်ထားပါသည်။ သက်သေခံဥပဒေပုဒ်မ ၉၁ က ပဋိညာဉ်စာချုပ်တခုကို ရေးသားထားပြီးဖြစ်သည်ဆိုလျှင် ထိုစာချုပ်စာတမ်းကို တင်ပြရမည်ဟု အတိအလင်း ဆိုထားပါသည်ဟု ညွှန်ပြသွားသည်။

ထိုအချက်နှင့် ပတ်သက်၍ ရာဟိမာဘီဘီ၏ပညာရှိရွေးနေကြီး ဒေါ်ကြည်ကြည်ဝင်းက မဟာမေဒင်ထုံးတမ်းစဉ်လာအရ တရားဝင်သော ထိမ်းမြားမင်္ဂလာပြုရန်အလို့ငှါ နီကာရာမာ စာချုပ်စာတမ်းလည်း မလိုပါ။ မော်လဒီဘုန်းကြီးနှင့် ဘာသာရေးအရ ဆောင်ရွက်ရန်လည်း မလိုပါ။ ယောကျ်ားနှင့်မိန်းမ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြရန် သဘောတူကြခြင်းနှင့် ထိုသို့နေထိုင် အိုးအိမ်ထူထောင်ကြခြင်းက အဓိကအချက်ဘို့ဖြစ်ပါသည်။ စာချုပ်ရေးထိုးခြင်း မော်လဝီဟလီဆရာနှင့် ရှုတ်ဘတ်ခြင်း စသည်ဘို့သည် လုပ်ရိုးလုပ်စဉ် လုပ်ကိုင်ကြခြင်းဖြစ်ပါသည်။ ထိုသို့လုပ်ကိုင်ခြင်းကြောင့် အကြင်လင်မယားမြောက်သည် မဟုတ်ပါ။ ထို့ကြောင့် လက်ထပ်စာချုပ်ရှိခဲ့သည်ဆိုသော်လည်း ထိုစာချုပ်ကို မဘင်ပြနိုင်ခြင်းကြောင့် ထိမ်းမြားမင်္ဂလာပြုခဲ့ခြင်းသည် တရားဝင်ဟု မဆိုနိုင်ပါ။ မလိုသောစာချုပ်ကို တင်မပြနိုင်ခြင်းသည် သက်သေခံ အက်ဥပဒေပုဒ်မ ၉၁ တွင် အကျုံးဝင်သောကိစ္စတရပ် မဟုတ်ပါဟု ဒေါ်ကြည်ကြည်ဝင်းက လျှောက်လဲသည်။

ဒေါက်တာဘဟန်က မဟာမေဒင် ထုံးတမ်းစဉ်လာအရ တရားဝင်ထိမ်းမြားရန် အလို့ငှါ စာချုပ်ချုပ်ဆိုရန် မလိုသည်ကို လက်ခံသော်လည်း စာချုပ်ချုပ်ပြီးခဲ့လျှင် မူကား ထိုစာချုပ်ကို မတင်လျှင်မဖြစ်၊ သက်သေခံဥပဒေပုဒ်မ ၉၁ တွင် အကျုံးဝင်လာသည်ဟု လျှောက်လဲသည်။

စာချုပ်စာတမ်းချုပ်ဆိုခြင်း စသည်ကို မပြုမနေရသောကိစ္စမျိုးများ၌ စာချုပ်စာတမ်းမူရင်းကို တင်သွင်းရမည်ဖြစ်သည်။ ထိုသို့မတင်သွင်းနိုင်လျှင် မည်သည့်အတွက်

ကြောင့် မတင်သွင်းနိုင်ကြောင်းကို သက်သေထူပြီးမှ စာချုပ်ကို ဖတ်ခဲ့ဘူးသူတို့က ရုံးတွင် နူတ်သက်သေလာရောက်ခံနိုင်ကြသည်။ ဤအမှုတွင်မူကား တရားလို ရာဟီမာဘီဘီသည် စာချုပ်ကိုအခြေခံ၍ တရားစွဲဆိုခဲ့သည်မဟုတ်။ မိမိသည် မစ္စတာ အမ်၊ အက်(စ်)၊ အာမက်၏သမီးဖြစ်ပါသည်ဟူသော အချက်ကို အခြေခံ၍ တရားစွဲဆိုခြင်းဖြစ်သည်။ ထိုအချက်ကို သက်သေထူရန်အတွက် ဒေါ်တင်တင်နှင့် အမ်၊ အက်(စ်)၊ အာမက်တို့သည် တချိန်က တရားဝင်လင်မယားဖြစ်ခဲ့ကြကြောင်းကို သက်သေထူရသည်။ ထိုသို့သက်သေထူရာတွင် ၎င်း၏မိဘနှစ်ဦးသည် တရားဝင် ထိမ်းမြားခဲ့ကြောင်းကို တင်ပြရသည်။ ထိုသို့ထိမ်းမြားလက်ထပ်ရာတွင် စာချုပ်လည်း ချုပ်ဆိုခဲ့ကြပါသည်။ လူကြီးစုံရာနှင့် မင်္ဂလာပွဲလည်း ကျင်းပခဲ့ကြပါသည်။ ဟိ ဆရာလည်း တက်ရောက်ဆောင်ရွက်ပေးခဲ့ပါသည် စသဖြင့် ဆီလျော်ဆက်စပ်သော အချက်တို့ကို တင်ပြခြင်းဖြစ်သည်။ စာချုပ်သည် ထိုအချက်များအနက်မှ အချက် တရပ်သာဖြစ်သည်။ ထို့ကြောင့် စာချုပ်ကိုတင်မပြနိုင်ခြင်းကြောင့် ဒေါ်တင်တင်နှင့် အမ်၊ အက်(စ်)၊ အာမက်တို့သည် တရားဝင်လက်ထပ်ခဲ့ကြသော လင်မယားဖြစ်ခဲ့သည် ဟူသော အချက်သည် ပျက်ပြယ်နိုင်သည်မဟုတ်။ အခြားဆက်စပ်ဆီလျော်သော အချက်များက ခိုင်လုံနေလျှင် ထိုသို့လက်ထပ်ထိမ်းမြားခဲ့ကြောင်းကို ရုံးကလက်ခံနိုင်ပေသည်။

မူလရုံးပညာရှိတရားသူကြီးက ဒေါ်တင်တင်နှင့် အမ်၊ အက်(စ်)၊ အာမက်တို့သည် နှစ်ပေါင်း ၂၀ နှစ်ကျော်က လက်ထပ်ခဲ့ကြသည်ဖြစ်၍ ကိုယ်တိုင်သိမြင်ကြသော သက်သေများသည်ပင်လျှင် အနည်းငယ် မေ့လျော့သည်များ ကွဲလွဲသည်များ ရှိနိုင်သည်ဟု မှတ်ချက်ပြုခဲ့သည်။ အမှန်အားဖြင့်ဆိုလျှင် ရာဟီမာဘီဘီနှင့် ၎င်း၏သက်သေများသည် ၁၉၆၂ ခုနှစ်တွင် ရုံးသို့လာရောက် သက်သေခံခဲ့ကြခြင်းဖြစ်ရာ ၁၉၂၅ ခုနှစ်က ဒေါ်တင်တင်နှင့် အမ်၊ အက်(စ်)၊ အာမက်တို့ လက်ထပ်ခဲ့ကြသည်ဆိုလျှင် နှစ်ပေါင်း ၃၇ နှစ်ပင် ကြာခဲ့ပြီဖြစ်သည်။ ထို ၃၇ နှစ်အတွင်း အချို့သောသာမန်ကိစ္စများတွင် အနည်းငယ်မေ့လျော့ကွဲလွဲခြင်းများ ရှိနိုင်ပေသည်။ ဒေါက်တာဘာဟန်က လျှောက်လဲရာတွင် ဒေါ်တင်တင်နှင့် အခြားတရားလိုပြ သက်သေများက လက်ထပ်ပွဲနှင့်ပတ်သက်၍ အကွဲကွဲ အလွဲလွဲ ထွက်ဆိုကြကြောင်း။ ဒေါ်တင်တင်ဘက်မှ ဆောင်ရွက်သောလူကြီးများသည် မည်သူမည်ဝါဖြစ်သည်။ မစ္စတာ အမ်၊ အက်(စ်)၊ အာမက်ဘက်မှ လူကြီးများသည် မည်သူမည်ဝါဖြစ်သည် စသည့်အချက်တို့၌ ကွဲလွဲကြသည်။ မိုဟာရွှေ ၂ ကျပ်သားပေးသလော၊ ၄ ကျပ်သားပေးသလော စသည်တို့၌ ကွဲလွဲသည်။ လက်ထပ်စာချုပ်ကို သက်သေအဖြစ် ရေးထိုးခဲ့သည်ဆိုသော မစ္စတာ အာဆန် (လိုပြ-၆) သည် အသက် ၉၀ ခန့်ရှိပြီဖြစ်၍ ရုံးသို့မလာနိုင်တော့ပါဟု ဒေါ်တင်တင်က ထွက်ဆိုခဲ့

၁၉၆၆ ခေါ်တင်မေ ပါ ဂ နှင့် ရာဟီမာဘီဘီ။

သော်လည်း နောက်ပိုင်း မစ္စတာအာဆန်သည် ပေါ်လာသည်။ ထို့ပြင် ၎င်း၏အသက် ၇၅ နှစ်သာရှိသည်ဟု ထွက်ဆိုသည်။ ထိုကဲ့သို့ အကဲ့ကဲ့ အသံလဲ့ ထွက်ဆိုခဲ့သည် များကြောင့် ခေါ်တင်တင်နှင့် အမ်၊ အက်(စ်)၊ အာမက်တို့ အကြောင်လင်မယားအဖြစ် လက်ထပ်နေထိုင်ခဲ့သည်ဆိုသည့် အချက်သည် ခိုင်လုံသောအချက် မဟုတ်ပါဟု ဒေါက်တာဘဟန်က လျှောက်လဲသည်။

ထိုအချက်နှင့် ပတ်သက်၍ ၃၇ နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် အသက် အရွယ်ကြီးရင့်လာကြပြီဖြစ်သော သက်သေများသည် ဆာမန်အချက်အလက်တို့၌ အနည်းငယ် ကွဲလွဲကြခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့က မူလရုံးနှင့် ထပ်တူလက်ခံသည်။ အကယ်၍ အသေးစိတ်အချက်အလက်တို့၌ တရားလိုပြ သက်သေတို့သည် တသံတည်း ထွက်ဆိုနေကြလျှင် ၎င်းတို့သည် ညှိနှိုင်းတိုင်ပင်ပြီးမှ ရုံးတွင်သက်သေခံကြသည်ဟူ၍ပင် သံသယရှိဘွယ်ရာဖြစ်သည်။

ခေါ်ကြည်ကြည်ဝင်းက ခေါ်တင်တင်ကိုယ်တိုင်နှင့် အခြားသော တရားလိုပြ သက်သေများသည် မည်သူက မည်သူ့အတွက် လိုက်ပါဆောင်ရွက်သောလူကြီးဖြစ်သည်။ မည်သူက ဘာကီး(လ်) လူကြီးဖြစ်သည် စသည်ဘို့ကို ကွဲပြားစွာသိခဲ့မည် မဟုတ်ပါ။ ခလေ့ထုံးစံကို ကောင်းစွာမကျွမ်းကျင်ကြ၍ မူလကပင် အနည်းငယ် ရှုပ်ထွေးနိုင်ခဲ့ပါသည်။ သို့ရာတွင် မငြင်းနိုင်သောအချက်မှာ ၎င်းတို့သည် ခေါ်တင်တင်နှင့် အမ်၊ အက်(စ်)၊ အာမက်တို့ လက်ထပ်ရာတွင် ပါဝင်ခဲ့ကြသည်၊ လက်ထပ်သည်ကို သိမြင်ခဲ့ကြသည်ဆိုသည့် အချက်ပင်ဖြစ်ပါသည်ဟုဆိုသည်။

ပညာရှိရွေနေကြီး ဒေါက်တာဘဟန်က တောရင်း (ခံပြ-၃) သည် ၁၉၃၃ ခုနှစ် လောက်မှစ၍ အမ်၊ အက်(စ်)၊ အာမက်နှင့်အတူ အလုပ်လုပ်ခဲ့သဖြင့် အိမ်တွင် အဝင်အထွက်ရှိခဲ့ကြောင်း။ သို့ရာတွင် ရာဟီမာဘီဘီကို အမ်၊ အက်(စ်)၊ အာမက် အိမ်တွင် မတွေ့ခဲ့ရကြောင်းကို ညွှန်ပြသည်။ ထိုအချက်နှင့် ပတ်သက်၍ ခေါ်ကြည်ကြည်ဝင်းက မစ္စတာ တောရင်းအား မူလရုံးတွင် မစ္စတာ ပီ၊ အင်၊ ဂျီ(ရှ်)က ပြန်လှန်မေးရာတွင် "၁၉၃၆ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိ ကျွန်တော်သည် အလုပ်၌ လုံးပမ်းနေရသဖြင့် မစ္စတာ အာမက်၏နေအိမ်သို့ သွားရောက်လည်ပတ်ရန်အကြောင်း မပေါ်ပေါက်ခဲ့ပါ" ဟု ထွက်ဆိုသည်ကို ညွှန်ပြသည်။ ရာဟီမာဘီဘီ၏အဆိုအရပင်လျှင် ၎င်းနှင့်အလီတို့ လက်ထပ်ပြီးနောက် ၁၉၄၃ ခုနှစ် နောက်ပိုင်းတွင် ၎င်းတို့သည် အမ်၊ အက်(စ်)၊ အာမက်-ခေါ်တင်မေတို့နှင့် အိုးအိမ်ခွဲ၍ နေထိုင်ခဲ့ကြသည်။

ခေါ်တင်မေက ၎င်းကိုယ်တိုင်ထွက်ဆိုရာတွင်၎င်း၊ သက်သေထူရာတွင်၎င်း၊ ၎င်းနှင့် အမ်၊ အက်(စ်)၊ အာမက်တို့ တရားဝင်လက်ထပ်ခဲ့ကြ၍ သားသမီးများ ထွန်းကား ခဲ့သည် ဆိုသည့်အချက်တို့ကို အဓိကထားခဲ့သည်။ အမ်၊ အက်(စ်)၊အာမက်၏ မြန်မာ

နိုင်ငံသားလက်မှတ် (သက်သေခံအမှတ် ၁) အမ်၊ အက် (စ်)၊ အာမက်နှင့် ဒေါ်တင်မေတို့၏ မိသားစုဓါတ်ပုံ (သက်သေခံအမှတ် ၂) စသည်တို့ကို တင်သွင်းခဲ့သည်။ မိသားစုဓါတ်ပုံတွင် ရာဟီမာဘီဘီ မပါဝင်ကြောင်းကို ပညာရှိရွှေနေကြီး ဒေါက်တာဘာဟန်က ညွှန်ပြသည်။ ထိုဓါတ်ပုံကို မည်သည့်နှစ်က ရိုက်ကူးသည်ဟု အတိအကျသက်သေခံတင်ပြထားသည်ကို မတွေ့ရသော်လည်း ဓါတ်ပုံတွင်ပါဝင်သော မခင်မြင့်မြင့်နှင့် မစန်းစန်းမြင့်တို့သည် ၎င်းတို့၏ အမျိုးသားမှတ်ပုံတင်လက်မှတ်များ (သက်သေခံအမှတ် ၆ နှင့် ၇) တို့အရ ၁၉၄၁ ခုနှစ်နှင့် ၁၉၄၃ ခုနှစ်တွင် မွေးဖွါးခဲ့သူများဖြစ်ကြသည်။ ဓါတ်ပုံတွင် ၎င်းတို့နှစ်ဦးမှာ အတော်ပင် ကြီးပြင်းနေကြလေပြီ။ ထို့ကြောင့် ၎င်းဓါတ်ပုံသည် မည်သည့်နည်းနှင့်မဆို ရာဟီမာဘီဘီက ၎င်းအိမ်ထောင်ကျ၍ အိုးအိမ်ခွဲကာ ထွက်ခွါလာသည်ဆိုသည့် ၁၉၄၃ ခုနှစ်နောက်ပိုင်း နှစ်ပေါင်းများစွာကြာပြီးသည့်နောက်မှ ရိုက်ကူးသည့် ဓါတ်ပုံဖြစ်ပေလိမ့်မည်။ (သက်သေခံအမှတ် ၁) ဖြစ်သော မစ္စတာအာမက်၏ နိုင်ငံခြားလက်မှတ်တွင် ရာဟီမာဘီဘီကို သားသမီးများစာရင်းတွင် ထည့်သွင်း၍ မထားကြောင်းကိုလည်း ပညာရှိရွှေနေကြီးက ညွှန်ပြသည်။ သို့ရာတွင် ထိုစာရင်းမှာ အရွယ်မရောက်သေးသော သားသမီးများ၏ စာရင်းဖြစ်သည်။ လက်မှတ်ထုတ်ပေးသော ၁၉၅၈ ခုနှစ်ကဆိုလျှင် ရာဟီမာဘီဘီသည် အရွယ်ရောက်ပြီးသူဖြစ်နေသည်။ ထို့ပြင်အိုးအိမ်ခွဲ၍နေသူလည်းဖြစ်သဖြင့် စာရင်းတွင် ထည့်သွင်းရန် အကြောင်းမရှိခဲ့ပေ။

ပညာရှိရွှေနေကြီး ဒေါက်တာဘာဟန်က ရာဟီမာဘီဘီသည် ၎င်း၏ယောကျ်ားဟောင်းဖြစ်သူ အလီ၏ အကူအညီရရှိသဖြင့် တရားစွဲဆိုနိုင်ခဲ့ကြောင်း ၎င်းကိုယ်တိုင် ထွက်ဆိုထားပါသည်။ သို့ပါလျက် အလီကို သက်သေမထူခဲ့ပါ။ ထို့ပြင် ၎င်းစိန်ဂျန်းကွန်ဗင်္ဂတွင် နေထိုင်ခဲ့သည်ဆိုသည့်အချက်၊ ကုလားကျောင်းသို့ ပြောင်းရွှေ့ခဲ့သည်ဆိုသည့်အချက်တို့ကိုလည်း ကျောင်းမှတ်ပုံတင်များမှ သက်သေထူရန် လွယ်ကူပါလျက် ထိုကဲ့သို့ သက်သေတင်ပြခြင်းမရှိခဲ့ပါ။ ရာဟီမာဘီဘီသည် ၎င်း၏အမျိုးသားမှတ်ပုံတင်လက်မှတ်ကို တင်ပြလျှင် ၎င်း၏မွေးသက္ကရာဇ် ဘခင်အမည် စသည်တို့ အထောက်အထားဖြစ်ရမည်ဖြစ်ပါလျက် ထိုသို့မှတ်ပုံတင်လက်မှတ် တင်ပြခြင်းလည်း မရှိခဲ့ပါ။ ထိုအချက်တို့သည် ရာဟီမာဘီဘီကို ဆန့်ကျင်၍ စဉ်းစားရန် အချက်တို့ဖြစ်ပါသည်ဟု လျှောက်လဲသည်။ ထိုအချက်တို့အပေါ် တွင် ရာဟီမာဘီဘီက သက်သေတင်ပြခဲ့လျှင် ၎င်း၏အမှုသည် ပို၍ခိုင်လုံမည်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ သဘောတူသည်။ သို့ရာတွင် မူလရုံးပညာရှိတရားသူကြီးအနေနှင့် တရားလို တရားခံတို့ တင်ပြသော သက်သေအထောက်အထားအားလုံးကို ခြုံကြည့်ပြီးနောက် မည်သူကိုယုံကြည်ထိုက်သည်။ မည်သူ့အဆိုကပို၍ ယုတ္တိရှိသည် စသည်ကို ချိန်ဆကာ ဆုံးဖြတ်ရခြင်းဖြစ်သည်။ ထိုသို့

၁၉၆၆

ဒေါ်တင်မေ ပါ ဂ နှင့် ရာဟီမာဘီဘီ။

ဆုံးဖြတ်ချာ၌ မူလရုံးတရားသူကြီးသည် သက်သေများကို ကိုယ်တိုင်မြင်တွေ့ရသဖြင့် မည်သူ့ကိုယုံကြည်ထိုက်သည် မည်သူ့ကို မယုံကြည်ထိုက်၊ နှိုင်းဆချင့်ချိန်နိုင်သည်ကို ကျွန်ုပ်တို့က ထည့်သွင်းစဉ်းစားရသည်။ မူလရုံးပညာရှိတရားသူကြီးသည် ဒေါ်တင်မေကို စစ်ဆေးချာ၌ ၎င်းသည် အချို့သောနေရာတို့၌ ရှေ့နောက်မညီ ကွဲလွဲထွက်ဆိုသည်ကို မှတ်ချက်ပြုထားသည်ကို တွေ့ရသည်။ ဒေါ်တင်မေသည် ရာဟီမာဘီဘီ၏ ယခင် ယောကျ်ားအလီကိုမသိ၊ အလီနောက်အိမ်ထောင်ပြုသည်ကိုလည်းမသိ စသဖြင့် ထွက်ဆို ခဲ့သည်။ သို့ရာတွင် အလီ၏ နောက်မိန်းမဖြစ်သူ ဘာန္နူးနှင့်အတူ သက်သေခံအမှတ် (ည) ဓါတ်ပုံတွင်ယှဉ်တွဲ၍ ရိုက်ထားသည်ကို မငြင်းဆိုနိုင်။ ထိုဓါတ်ပုံတွင် ဘာန္နူးသည် သတိုးသမီး အဝတ်အစားနှင့် တွေ့ရသည်။ သက်သေခံ (စျ) ဓါတ်ပုံတွင် အလီနှင့် ဘာန္နူးတို့သည် ယှဉ်တွဲ၍ ရိုက်ကူးထားသည်။ ထိုအချက်တို့ကြောင့် ဒေါ်တင်မေသည် အလီကိုလုံးဝမသိ ၎င်း၏နောက်မိန်းမယူသည်ကိုလည်း မသိဆိုသည့် အချက်တို့မှာ မမှန်ကန်ဟူ၍ မူလရုံးက ယူဆခဲ့သည်။

အထက်ပါ အကြောင်းအချက်တို့ကို သုံးသပ်လျှင် မူလရုံးက အဓိကကောက်ချက် အပေါ်၌ ရာဟီမာဘီဘီသည် ကွယ်လွန်သူ အမ်၊ အက်(စ်)၊ အာမက်၏သမီးဖြစ်သည်ဟု ဆုံးဖြတ်ထားခြင်းသည် အထောက်အထားများနှင့် ကိုက်ညီသည်ဟု ကျွန်ုပ်တို့ ယူဆသည်။ မူလအမှုသည်၎င်း၊ ဤအယူခံမှုသည်၎င်း ထိုဆုံးဖြတ်ချက်ပေါ်တွင် မူတည်သဖြင့် ကျွန်ုပ်တို့သည် ထိုသို့ယူဆသည့်အတိုင်း ဤအယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်
ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် ရှေ့တွင်

ဒေါ် သိန်းရင် (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ဦးထွန်းရင် (ပြင်ဆင်ရန်လျှောက်ထားခံရသူ) *

† ၁၉၆၆ ဖေဖော်ဝါရီလ ၂၄ ရက်။

ရာဇသတ်ကြီး ပုဒ်မ ၄၀၆ အရ၊ စွဲဆိုမှု – ပုဂ္ဂလိကပိုင် ပစ္စည်းဟုတ်မဟုတ် – အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့်၌ အကျုံးဝင် မဝင်။

ဆုံးဖြတ်ချက်။ ။အခြင်းဖြစ်ပွါးသည်မှာ ၁၉၆၁ ခုနှစ်ကဖြစ်၍ ပစ္စည်းများသည်လည်း၊ အကယ်၍ ကျောင်းပိုင်ပစ္စည်းများပင် ဖြစ်စေဦး၊ အစိုးရကျောင်းဖြစ်၍ အစိုးရပိုင်ပစ္စည်းများသာ ဖြစ်သည်။ ပုဂ္ဂလိကပိုင် ပစ္စည်းများ မဟုတ်တော့သဖြင့်၊ ဤအမှုသည် အထွေထွေ လွှတ်ငြိမ်းချမ်းသာခွင့်၌အကျုံးဝင်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးဘသန်း (၃)။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးစောလွင်။

ရုံးတော်သဟာယအတွက်။ ။အစိုးရရှေ့နေကြီး ဦးဘကြိုင်။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။လျှောက်ထားသူ ဒေါ် သိန်းရင်အပေါ်တွင်၊ မော်လမြိုင်ကျန်းမြို့၊ မြို့နယ်ရာဇဝတ်တရားသူကြီးက၊ ရာဇသတ်ကြီး ပုဒ်မ ၄၀၆ အရ၊ စွဲချက်တင်ထားသည်။ ဒေါ် သိန်းရင်သည် ခနုံးဆိပ်ကျေးရွာရှိ မူလတန်းစာသင်ကျောင်းပိုင် ပစ္စည်းများကို၊ ၎င်းထံအပ်နှံထားရာမှ မိမိကိုယ်ကျိုး အတွက် သုံးစွဲထားသည်၊ ကျောင်းမှ ပြောင်းရွှေ့ရသည့်အခါ၊ ကျောင်းသို့ပြန်မအပ်၊ ထိုကြောင့် ယုံကြည်အပ်နှံခြင်းကို ဖောက်ဖျက်သည်ဟူ၍ စွဲဆိုခြင်းဖြစ်သည်။

အမှုကိုဖွင့်လှစ်တိုင်တန်းသူများသည်၊ ရွာမှကျောင်းသားမိဘအချို့ ဖြစ်ကြသည်။ ၎င်းတို့က ဒေါ် သိန်းရင် မတရားကိုယ်ကျိုးအတွက် သုံးစွဲထားသည်ဆိုသော၊ စာအုပ်၊

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၄၃(ခ)။

† လျှောက်ထားသူက ၎င်းအပေါ် ရာဇသတ် ပုဒ်မ ၄၀၆ အရ၊ မော်လမြိုင်ကျန်းမြို့၊ မြို့နယ် ရာဇဝတ်တရားသူကြီးဏှဲ့ ရာကြီးမှုအမှတ် ၅၇/၆၃ တွင် ၁၉၆၅ ခု၊ ဇန်နဝါရီလ ၁၂ ရက် နေ့က စွဲချက် တင်ထားသော အမိန့်ကို မကျေနပ်သဖြင့် တင်ဆက်သော လျှောက်လွှာ။

၁၉၆၆ ဒေါ်သိန်းရင်နှင့် ဦးထွန်းရင်။

ဘီရို၊ စားပွဲတင်နာရီတလုံး၊ မှန်ဘီရိုငယ်ဖြင့် ထည့်ထားသည့် ဘုရားဆောင်တခု၊ မိုးရေကာ တာလပတ်တချပ်တို့ကို၊ ကျောင်းသားမိဘများအဖြစ်နှင့် ငွေစုဆောင်းဝယ်ယူကာ ကျောင်းသို့ ပေးအပ်ထားခြင်း ဖြစ်ပါသည်။ ဒေါ်သိန်းရင်က ပစ္စည်းများကို သုံးစွဲ၍၊ ကျောင်းမှ ပြောင်းရွှေ့သွားရာတွင်၊ ထိုပစ္စည်းများကို ပြန်တောင်းသော်လည်း မပေးပါဟု တိုင်တန်းခဲ့ကြသည်။

အမှုတွင် ဒေါ်သိန်းရင်က စတင်ခုခံရမည့် အခြေသို့ မရောက်သေး၊ စွဲချက်တင်သည့် အဆင့်၌သာ ရှိသေးသည်။ ယခုပြင်ဆင်မှု ပေါ်ပေါက်လာရသည်မှာ၊ ဒေါ်သိန်းရင်က အချင်းဖြစ်ပွါးသည်မှာ၊ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ထုတ်ပြီး ကျည်ဆံခြင်းမပြုမီ နှစ်အတန်ကြာက ဖြစ်ခဲ့ပါသည်။ ပစ္စည်းများသည်လည်း အစိုးရကျောင်းပစ္စည်းများ ဖြစ်၍အစိုးရပိုင်ဖြစ်ပါသည်။ ထို့ကြောင့် အထွေထွေ လွတ်ငြိမ်း ချမ်းသာခွင့်တွင် အကျုံးဝင်သဖြင့် အမှုကိုပိတ်ရန်သာဖြစ်ပါသည်။ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရမဟုတ်လျှင်လည်း၊ တိုင်တန်းချက်နှင့် သက်သေများ ထွက်ချက်တို့အရ၊ ယုံကြည်အပ်နှံခြင်းကို ဖေါက်ဖျက်မှု မမြောက်ပါ။ ထို့ကြောင့် စွဲချက်တင်ခြင်းသည် မှားယွင်းနေပါသည်ဟူသော အကြောင်းပြချက်တို့ဖြင့်၊ ဒေါ်သိန်းရင်က ဤရုံးသို့ လာရောက်ခြင်းဖြစ်သည်။

ဒေါ်သိန်းရင်၏ ပညာရှိရွှေနေကြီး သခင်ချစ်ကိုယ်စားဆောင်ရွက်သည့် ပညာရှိ ရွှေနေကြီး ဦးဘသန်းက၊ ကျောင်းသည် အစိုးရကျောင်းဖြစ်သည်၊ ပစ္စည်းများ သည်လည်း ထိုအစိုးရကျောင်းသို့ အပြီးအပိုင် ပေးလှူပြီးသော ပစ္စည်းများဖြစ် ပါသည်။ ထို့ကြောင့် ပုဂ္ဂလိက နစ်နာသူ တဦးတယောက်မျှ မရှိပါ။ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ၊ ထိုအမိန့်၏အကျိုးကို တရားခံက လုံးဝခံစားရန်သာ ရှိပါသည်။ အမှုကို ဆက်လက်စစ်ဆေးရန် မဟုတ်ပါဟု တင်ပြသည်။

လျှောက်ထားခံရသူ၏ ပညာရှိ ရွှေနေကြီး ဦးစောလွင်က၊ ကျောင်းကို ပြည်တော် သာကျောင်းဟု ခေါ်သည်မှာမှန်သော်လည်း၊ ကျောင်းအဆောက်အဦ ပစ္စည်းစသည် တို့သည် ရပ်ရွာက ငွေစုဆောင်း၍ လှူဒါန်းကြောင်း အထောက်အထား ရှိပါသည်။ ကျောင်းသည်အစိုးရအထောက်အပံ့ခံကျောင်းဖြစ်ပုံရပါသည်။ ထို့ကြောင့်ဒေါ်သိန်းရင် က အလွဲသုံးစား ပြုလုပ်ထားသည်ဆိုသော ပစ္စည်းများသည်၊ ပုဂ္ဂလိကပိုင် ပစ္စည်းများ ဖြစ်သည်ဟု ယူဆဘွယ်ရာဖြစ်ပါသည်။ တိုင်တန်းသူများမှာ ၎င်းတို့ကိုယ်တိုင် ငွေစု ဆောင်း၍ လှူဒါန်းခဲ့ရခြင်းဖြစ်သောကြောင့်၊ ကိုယ်တိုင်ထိခိုက်နစ်နာသူများဖြစ်ပါ သည်ဟု တင်ပြသည်။

ပညာရှိ အစိုးရရွှေနေကြီး ဦးဘကြိုင်က၊ အမှုတွဲကို ကောင်းစွာလေ့လာပြီးနောက် တင်ပြသည်မှာ၊ ကျောင်းသည် အစိုးရကျောင်းဖြစ်၍၊ ရပ်ရွာလူကြီးများက ငွေစု

ဆောင်းရှိလှူဒါန်းသော ပစ္စည်းများသည် ကျောင်းသို့ အပြီးအပိုင်ပေးအပ်ထားသော ပစ္စည်းများဖြစ်၍၊ အစိုးရပိုင်ပစ္စည်းဖြစ်ပါသည်။ ဒေါ် သိန်းရင်သည်လည်း အစိုးရခန့် ကျောင်းဆရာမတဦးဖြစ်ပါသည်။ ထိုကြောင့်အားလုံးကိုခြုံ၍ကြည့်လိုက်လျှင် အချင်းဖြစ်ပစ္စည်းများသည်ပုဂ္ဂလိကပိုင်ပစ္စည်းများမဟုတ်တော့ဘဲ၊ အမှုသည်လည်း အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်နှင့် အကျုံးဝင်သည်ဟု ဆုံးဖြတ်သင့်ကြောင်းတင်ပြသည်။

အမှုတွဲတွင် တရားလိုဘက်မှ တင်သွင်းထားသော စာရွက်စာတမ်းများအရ၊ ကျောင်းသည် အစိုးရကျောင်းဖြစ်၍၊ ဒေါ် သိန်းရင်သည် အချင်းဖြစ်စဉ်အခါက အစိုးရက ခန့်အပ်ထားသော ဆရာမတဦးဖြစ်ခဲ့သည်ဟု ယူဆရန်ရှိသည်။ သက်သေခံစာရွက် "ဆ" သည်၊ ဖျာပုံခရိုင် ပညာဝန်က အမှုတိုင်တန်းချက်နှင့် ပတ်သက်၍၊ မြောင်းမြခရိုင်ရဲဝန်ထံသို့ ပေးပို့သောစာဖြစ်သည်။ ထိုစာတွင် အချင်းဖြစ်ပွါးသည့်ကိစ္စနှင့် ပတ်သက်၍၊ ဒေါ် သိန်းရင်က ၎င်းထံမှ သိမ်းဆည်းသွားသော ဘုရား၊ တရဲ၊ ကျောင်းဆောင်နှင့် ဘီရိ အစရှိသည်တို့မှာ၊ ကိုယ်ပိုင်ပစ္စည်းများဖြစ်ကြောင်း ဖြေရှင်းထားသည်ကို ဖော်ပြ၍၊ ဆရာမနှင့်ရပ်ရွာ မသင့်မတင့်ဖြစ်သည့်ကိစ္စများကို ဌာနဆိုင်ရာ စုံစမ်းမှုများ ပြုလုပ်နေကြောင်း စသည်ဖြင့် ဖော်ပြထားသည်ကို တွေ့ရသည်။

အခြားသက်သေခံ စာရွက်စာတမ်းများမှ ပေါ်လွင်သည်မှာ၊ ဆရာမသည် ပေါင်းသင်းဆက်ဆံမှုသဲ့ဖျင်းသည် စသဖြင့်၊ ရပ်ရွာမှ အချို့လူကြီးများက ပညာဝန်ထံသို့ အမှုမဖြစ်ပွါးမီက တိုင်တန်းခဲ့ကြသည်။ ပြောင်းလွှေပေးရန်ကိုလည်း တောင်းဆိုခဲ့ကြသည်။ ထိုကဲ့သို့ အဆင်မပြေဖြစ်ခဲ့ရသည်မှ ဆုဇဝတ်မှု တိုင်တန်းဖွင့်လှစ်ခဲ့သည်အထိ ရောက်ခဲ့ကြဟန်တူသည်။

ဤပြင်ဆင်မှုတွင် စဉ်းစားရန် ပြဿနာမှာ အကယ်၍ တိုင်တန်းထားသည့်အတိုင်း မှန်စေဦး၊ အမှုသည် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်တွင် အကျုံးဝင်သောအမှုဖြစ်မဖြစ်ပင်ဖြစ်သည်။ အချင်းဖြစ်ပွါးသည်မှာ၊ ၁၉၆၁ ခုနှစ်ကဖြစ်၍၊ ပစ္စည်းများသည်လည်း အကယ်၍ ကျောင်းပိုင်ပစ္စည်းများပင် ဖြစ်စေဦး၊ အစိုးရကျောင်း၊ အစိုးရပိုင်ပစ္စည်းများသာဖြစ်သည်။ ပုဂ္ဂလိကပိုင်ပစ္စည်းများ မဟုတ်တော့ဟူ၍၊ အစိုးရ ရှေ့နေကြီး တင်ပြသည့်အတိုင်းပင် ယူဆရန်ရှိသည်။

ထို့ကြောင့်၊ ဤပြင်ဆင်မှုကို လက်ခံ၍၊ လျှောက်ထားသူအပေါ် စွဲချက်တင်ထားခြင်းကို ပယ်ဖျက်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမ အထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်၊ တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီး ဦးချစ်တို့
ရှေ့တွင်

† ၁၉၆၆ ခု၊ ဒေါ်လှရင် ပါ ၅ (လျှောက်ထားသူများ)
ဇန္နဝါရီလ
၁၀ ရက်။ နှင့်
ဒေါ်မြမေ ပါ ၃ (လျှောက်ထားခံရသူများ)*

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ ဒုတိယအယူခံမှုတွင် အယူခံများဖြည့်စွက်ထည့်သွင်း ခြင်းသည် မှားယွင်းခြင်းရှိမရှိ—ကိတ္တိမမွေးစားခြင်းနှင့် ပတ်သက်သော ဆုံးဖြတ်ချက်။

လျှောက်ထားသူ ဒေါ်လှရင်က လျှောက်ထားခံရသူ ဒေါ်မြမေနှင့် အခြား ၆ ဦးတို့အပေါ် တွင် ကွယ်လွန်သူ ဒေါ်အေးပိုင်အမွေပုံပစ္စည်းများကို တရားရုံးက အုပ်ချုပ်စီမံခန့်ခွဲရန်အတွက် မူလရုံးတွင် တရားစွဲဆိုခဲ့သည်။ ဒေါ်မြမေက မိမိအား ဒေါ်အေးသည် ကိတ္တိမသမီးအဖြစ် မွေးစားခဲ့သည့်အတွက် မိမိတဦးတည်းသာ အမွေဆိုင်သည်ဟု ထုချေခဲ့သည်။ မူလရုံးက ထိုထုချေချက်ကို လက်မခံဘဲ ဒေါ်မြမေ၊ ဒေါ်လှရင်နှင့် တကွ အခြားတရားခံများသည် အမွေပစ္စည်းကို အညီအမျှ အကျိုးခံစားခွင့် ရှိသည်ဟုဆိုကာ တဦးလျှင် ရှစ်ပုံတပုံဝေစုရထိုက်ကြောင်း အမိန့်ဒီကရီ ချမှတ်ခဲ့သည်။ ဒေါ်မြမေက ခရိုင်ရုံးသို့ အယူခံဝင်သော်လည်း ၎ကောင်မြို့သည်သာမက ခရိုင်ပိုင်းက ကိတ္တိမသမီးအဖြစ် မွေးစား ထားသည်ဟုဆိုသော စာချုပ်သည် ဒေါ်အေး မမာမကျန်းဖြစ်နေစဉ် ဒေါ်အေးအပေါ် မလျော် သြဇာသုံး၍ ချုပ်ဆိုစေခဲ့ခြင်းသာဖြစ်သည်ဟု ယူဆခဲ့သည်။

ဒေါ်မြမေက ဒုတိယအယူခံမှု တင်သွင်းသောအခါ ဒေါ်လှရင် တဦးတည်းကိုသာ အယူခံတရားခံ အဖြစ်ဖော်၍ နောက်မှတရားခံအဖြစ် ထည့်သွင်းခြင်းခံရသူ ၆ ဦးအားလည်း ထည့်သွင်းခွင့်တောင်း ခဲ့သည်။ ဒေါ်လှရင်က ကန့်ကွက်သဖြင့် ရုံးကကြားနာပြီးမှ ထည့်သွင်းခွင့်ပြုခဲ့သည်။ အယူခံမှကို ဆက်လက်ကြားနာရာ၊ ဒေါ်မြမေသာလျှင် ဒေါ်အေး၏ အမွေမျှားကို ဆက်ခံပိုင်ဆိုင်ထိုက်သူ ဖြစ်သည်ဟု ဆုံးဖြတ်ကာ မူလရုံးနှင့် ပဌမအယူခံရုံးတို့၏ စီရင်ချက်အမိန့်ကို ပယ်ဖျက်ခဲ့သည်။

အယူခံဝင်ရန် အခွင့်ထူးကို လျှောက်ထားရာ။

ဆုံးဖြတ်ချက်။ "ဒုတိယအယူခံတရားခံများ၊ ဖြည့်စွက်သွင်းခြင်းသည် မှားယွင်းသည်ဟု မတွေ့ရ။ တရားမျှတမှုရှိအောင် ထိုသို့ထည့်သွင်းခဲ့ခြင်းဖြစ်သည်ဟုသာ တွေ့ရသည်။ **ဖြည့်စွက်ထည့်သွင်း ခြင်းခံရသော အယူခံတရားခံများသည်၊ မူလရုံး၌ အမွေ၏ ရှစ်ဘိုးတဘို ရထိုက်သည်ဟု ဆုံးဖြတ်ခြင်း**

---

* ၁၉၆၅ ခုနှစ် ၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၂၉၊

† ရန်ကုန်မြို့ ၊တရားရုံးချုပ်၏ တရားမ ဒုတိယအယူခံမှု အမှတ် ၀၂/၆၂ တွင် ၁၉၆၅ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက် နေ့စွဲပါ ၊ အဓိန့်နှင့် ဒီကရီတို့ကို မကျေနပ်၍ ၁၉၄၀ခုနှစ်၊ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ ၊ အထူးအယူခံဝင်ခွင့်ရရန် လျှောက်ထားသော လျှောက်လွှာ ။

ခံရသူများဖြစ်သည်မှန်သော်လည်း၊ ထိုဆုံးဖြတ်ချက်သည် အထည်မဖြစ်သေး၊ အယူခံပယ်ဖျက်ခြင်း ခံရနိုင်သေးသည်။ အထယ်၍ ၎င်းထိုအား မကြားနာဘဲ ဒုတိယအယူခံရုံးက မူလရုံး၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်၍ ခေါ်မြမေတဦးတည်းသာလျှင် ကိတ္တိမမွေးစားသမီးအဖြစ် အမွေမျှားကို ခံစားထိုက်သည်ဟု ဆုံးဖြတ်ချင် ဒုတိယအယူခံထွင် ပါဝင်ခုခံခြင်းမပြုလိုက်ရသော အခြားပုဂ္ဂိုလ်များက ဆုံးဖြတ်ချက်သည် တရားမျှတမှုမရှိ၊ ၎င်းတို့ခံနေခက်ကယ်၌ ချမှတ်သော ဆုံးဖြတ်ချက်သာ ဖြစ်ပါသည်ဟု စောဒကဝင်ကြမည်သာဖြစ်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။မူလရုံးနှင့် ယဉ်မအယူခံရုံးတို့သည် ကိတ္တိမမွေးစားခြင်းရှိမရှိဟူသော အချက်နှင့် ပတ်သက်၍၊ တမျိုးစီတွေးခေါ်၍ ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် ထပ်တူတွေးခေါ် ဆုံးဖြတ်သည်ဟူ၍မဆိုသာ။ ဒုတိယအယူခံရုံးကမူ ထင်ရှားသော အချက်အလက်များနှင့် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၆ ကိုလှင်း၊ ကိတ္တိမမွေးစားခြင်းဆိုင်ရာ ဥပဒေကိုလှင်း ဆုံးသပ်ပြီးနောက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဒုတိယအယူခံရုံးက ထိုအချက်နှင့် ပတ်သက်၍ ဆုံးဖြတ်ခဲ့ခြင်းသည် အကြောင်းအချက်များနှင့်လှင်း၊ ဥပဒေနှင့်လှင်း ကိုက်ညီသည်ဟု တွေ့ရှိရသည်။

စစ်တွေမြို့၊ ဆိပ်ကမ်းအရာရှိနှင့် ရခိုင်တိုင်း သယ်ယူပို့ဆောင်ရေး ဆင်ဒီကိတ်အဖွဲ့ ပါ ၃၊ ၁၉၆၁ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ တရားလွှတ်တော်ချုပ်၊ စာ ၁၉ ကို ရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။ဦးမောင်မောင်ခင်။

လျှောက်ထားခံရသူအတွက်။ ။ဒေါက်တာဘာမော်။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။ဒေါ်လှရင်က၊ ဒေါ်မြမေနှင့် အခြား ၆ ဦးတို့အပေါ် တွင် ကွယ်လွန်သူ ဒေါ်အေးပိုင်အမွေပုံပစ္စည်းများကို တရားရုံးက အုပ်ချုပ်စီမံခန့်ခွဲရန်အတွက် မူလရုံးတွင် တရားစွဲဆိုခဲ့သည်။ ဒေါ်မြမေက မိမိအား ဒေါ်အေးသည် ကိတ္တိမသမီးအဖြစ် မွေးစားခဲ့သည်။ ထို့ကြောင့် မိမိတဦးတည်းသာ အမွေပိုင်ဆိုင်သည်ဟု ထုချေခဲ့သည်။ မူလရုံးသည် ထိုထုချေချက်ကို လက်မခံ။ ဒေါ်မြမေ၊ ဒေါ်လှရင်နှင့်တကွ အခြားတရားခံများသည် အမွေပစ္စည်းကို အညီအမျှ အကျိုးခံစားခွင့်ရှိသည်ဟုဆိုကာ၊ တဦးလျှင် ရှစ်ပုံတပုံဝေစုရထိုက်ကြောင်း အဓိန္ဒိဋ္ဌာန်ချမှတ်ခဲ့သည်။

ထိုအမိန့်မှ ဒေါ်မြမေသည်၊ ခရိုင်ရုံးသို့ အယူခံဝင်သော်လည်း မအောင်မြင်။ ခရိုင်တရားမရုံးက မူလရုံး၏ စီရင်ချက် ဒီကရီတို့ကိုအတည်ပြု၍၊ ဒေါ်အေးက ဒေါ်မြမေကို ကိတ္တိမသမီးအဖြစ် မွေးစားသည် ဟု ဆိုသော စာချုပ်သည် ၊ ဒေါ်အေး မမာမကျန်းဖြစ်နေစဉ် ရေးသားချုပ်ဆို ခဲ့သော စာချုပ်ဖြစ်၍၊ ဒေါ်မြမေက ဒေါ်အေးအပေါ် မလျော် ညြကသုံး၍ ချုပ်ဆိုစေခဲ့ခြင်းသာ ဖြစ်ရမည် ဟု ယူဆခဲ့သည် ။

ဒေါ်မြမေကား ဤရုံးဘို့ ဒုတိယအယူခံမှု တင်သွင်းသည်။ အစဦးတွင် ဒေါ်လှရင် တဦးတည်းကိုသာ အယူခံ တရားခံအဖြစ် ဖေါ်၍ ၊အမှုအတောအတွင်း မူလရုံးမှ ပူးတွဲ

၁၉၆၆

ဒေါ်လှရင် ပါ၅ နှင့် ဒေါ်မြမေ ပါ ၃။

တရားခံအဖြစ် ထည့်သွင်းခြင်းခံခဲ့ရသူ ၆ ဦးအားလည်း ထည့်သွင်းရမည်ဖြစ်သည်ကို ဒေါ်မြမေက သိရှိသဖြင့်၊ ထိုသို့ထည့်သွင်းခွင့် တောင်းခံခဲ့သည်။ ဒေါ်လှရင်က ကန့်ကွက်သဖြင့်၊ ဒေါ်မြမေ၏ လျှောက်လွှာကို ခွင့်ပြုရန်သင့်မသင့် နှစ်ဘက်ရှေ့နေကြီးများအား ကြားနာပြီးနောက်၊ ပညာရှိ တရားသူကြီးချုပ် ဦးဘိုကြီးက၊ အမှုအဖြစ် အပျက်များကို ဥပဒေနှင့်ယှဉ်တွဲသုံးသပ်ကာ၊ ဒေါ်မြမေ၏ လျှောက်လွှာကို ခွင့်ပြုခဲ့သည်။ သို့ဖြင့် မူလရုံး၌ အခြားတရားခံများအဖြစ် ပါဝင်ခဲ့သောသူများသည်လည်း၊ ဒုတိယအယူခံမှုတွင် အယူခံတရားခံများအဖြစ် ပါဝင်လာကြလေသည်။

ပညာရှိ တရားသူကြီး ဦးစံမောင်သည်၊ အယူခံတရားခံများ ဖြည့်စွက်ထည့်သွင်းပြီးနောက် အပြီးတိုင်ကြားနာဆုံးဖြတ်ခဲ့လေသည်။ ထိုဆုံးဖြတ်ချက်တွင် ဒေါ်မြမေအား ဒေါ်အေးက ကိတ္တိမသမီးအဖြစ် စာချုပ်၌ အထင်အရှား မွေးစားခဲ့သည်မှာ အကြောင်းအချက်များအရ ထင်ရှားသည်။ ကိတ္တိမမွေးစားခြင်း အက်ဥပဒေအရ ဆိုလျှင်လည်း ထိုဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စာချုပ်ချုပ်ဆို၍ မွေးစားကြောင်း ထင်ရှားလျှင်၊ ကိတ္တိမမွေးစားခြင်းသည် ခိုင်လုံပြည့်စုံသည်ဟု ဆုံးဖြတ်ခဲ့သည်။ ထို့ပြင် စာချုပ်ချုပ်ဆိုစဉ်က ဒေါ်အေးသည် မကျန်းမမာ ရှိနေခဲ့သည် မှန်သော်လည်း၊ ၎င်းကိုယ်တိုင်က ၎င်း၏တူမဖြစ်သူ ဒေါ်မြမေကို အိမ်တွင်ခေါ်ထား၍၊ ဒေါ်မြမေနှင့် ဒေါ်မြမေ၏ သားသမီးများက၊ ဒေါ်အေးအား ကိုယ်ဘိရင်ဘိ ပြုစုကြသည်မှာ ထင်ရှားသည်။ ဒေါ်မြမေကိုယ်တိုင် မလျော်ညှဉ်ဘဲသုံးစွဲ၍ ဒေါ်အေးအား မွေးစားစာချုပ်ချုပ်ဆိုခဲ့သည်ဟူ၍ သက်သေအထောက်အထား လုံးဝမရှိ စသည်ဖြင့် ဝေဘန်သုံးသပ်၍၊ ပညာရှိ တရားသူကြီးက ဒေါ်မြမေသာလျှင် ဒေါ်အေး၏ အမွေများကို ဆက်ခံပိုင်ဆိုင်ထိုက်သူဖြစ်သည်ဟု ဆုံးဖြတ်ကာ၊ မူလရုံးနှင့် ပဌမအယူခံရုံးတို့၏ စီရင်ချက်အမိန့်များကို ပယ်ဖျက်ခဲ့သည်။

ဒုတိယ အယူခံမှုတွင် ချမှတ်ခဲ့သော စီရင်ချက်နှင့် အမိန့်တို့မှ၊ အယူခံဝင်ရန် အခွင့်ထူးကို လျှောက်ထားရာတွင်၊ ဒေါ်လှရင်နှင့် အခြားလျှောက်ထားသူများ၏ ကိုယ်စား ပညာရှိ ရွှေနေကြီး ဦးမောင်မောင်ခင်က၊ ဒေါ်မြမေသည် ဒုတိယအယူခံမှုကို တင်သွင်းရာ၌ ဒေါ်လှရင်တဦးတည်းကိုသာ အယူခံတရားခံအဖြစ် ထည့်သွင်းခဲ့ပါသည်။ အခြားအမွေခံစားခွင့်ရှိနိုင်သည့်သူများကို ထည့်သွင်းခြင်း မပြုခဲ့ပါ။ ထို့ကြောင့် ထိုသို့ ထည့်သွင်းရန် ပျက်ကွက်သည်နှင့် တပြိုင်နက်၊ ဒေါ်မြမေ၏ အယူခံကို ပလပ်ရန်သာ ဖြစ်ပါသည်။ အယူခံတရားခံများအဖြစ် အခြားသူများကို ဖြည့်စွက်ထည့်သွင်းခွင့် ပြုသောအမိန့်သည် ဥပဒေနှင့် ဆန့်ကျင်ပါသည်ဟူ၍ လျှောက်လဲသည်။ အယူခံတရားခံများကို ဖြည့်စွက်ခွင့်ပြုသည့်အချိန်၌ဆိုလျှင် ယင်းအယူခံတရားခံများနှင့် ပတ်သက်၍၊ အမှုသည် ကာလစည်းကမ်းသတ်လွန်ပြီးပါပြီ။ ထိုသူများသည် မူလရုံး၌ အမွေပုံ၏

၁၉၆၆

ဒေါ်လှရင် ပါ ၅ နှင့် ဒေါ်မြမေ ပါ ၃။

ရှစ်ဘို့တဘို့ ရထိုက်သူများဖြစ်သည်ဟု သတ်မှတ်ခြင်းခံရပြီးသူများ ဖြစ်ကြပါသည်။ ထိုသို့သတ်မှတ်ခြင်းသည် ၎င်းတို့အဖို့ အဘိုးတန်သော အခွင့်အရေးကို ရုံးကအပ်နှင်းခြင်းဖြစ်ပါသည်။ ကာလစည်းကမ်းသတ်လွန်ပြီးမှ ၎င်းတို့အား ဒုတိယအယူခံတွင် ထပ်မံထည့်သွင်းခြင်းဖြင့် ရပြီးသော အခွင့်အရေးကို ဆုံးပါးစေနိုင်ပါသည်။ ထို့ကြောင့် ၎င်းတို့အား ဒုတိယအယူခံတွင် ဖြည့်စွက်ထည့်သွင်းခြင်းသည် ၎င်းတို့ရရှိပြီးသော အခွင့်အရေးကို အန္တရာယ်ပြုသောကြောင့်၊ ဥပဒေနှင့်မညီ ကာလစည်းကမ်းသတ်ဥပဒေ၏ ရည်ရွယ်ချက်နှင့်လည်း ဆန့်ကျင်ပါသည်ဟု ဦးမောင်မောင်ခင်ကဆို၍၊ **စစ်တွေမြို့၊ ဆိပ်ကမ်းအရာရှိနှင့် ရခိုင်တိုင်း သယ်ယူပို့ဆောင်ရေး ဆင်ဒီကိတ်အမှုပါ ၃** (၁) အမှုကို ကိုးကားသည်။

ရည်ညွှန်းသော စီရင်ချက်ကို ထိုစဉ်က တရားလွှတ်တော်ချုပ် ပညာရှိ တရားသူကြီး ဖြစ်ခဲ့သည့် ဦးဘိုကြီးကပင် ရေးသားခဲ့သည်။ ထိုအမှုတွင် ကာလစည်းကမ်းသတ်အားဖြင့် ရရှိပြီးသော အဘိုးထိုက်တန်သည့် အခွင့်အရေးကို တရားရုံးတော်က ပေါ့ပေါ့တန်တန် ဖျက်သိမ်းခြင်းမပြုသင့်ကြောင်းဖြင့် ဝေဘန်သုံးသပ်ထားသည်။ အယူခံရုံးတော်သို့ တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၃၃ အရ အပ်နှင်းသည့်အာဏာများသည် အလွန်မှပင် ကျယ်ဝန်းသည်မှန်သော်လည်း၊ ကာလစည်းကမ်းသတ်ဖြင့် ရရှိပြီးသော အဘိုးတန် အခွင့်အရေးကို ဖျက်သိမ်းခြင်းပြုသည့်အနေသို့ မရောက်အောင် အာဏာကို အထူးချိန်ဆ၍ အသုံးပြုသင့်သည် စသည်ဖြင့်လည်း ဝေဘန်ထားသည်။

ထိုမူများကို ပညာရှိ တရားသူကြီးချုပ် ဦးဘိုကြီးသည်၊ ဤအမှု ဒုတိယအယူခံ၌ အယူခံတရားခံများ ဖြည့်စွက်သင့်မသင့် စဉ်းစားရာ၌ ပြည့်ပြည့်စုံစုံ ထည့်သွင်းစဉ်းစားခဲ့ပြီးဖြစ်သည်ကို ကျွန်ုပ်တို့တွေ့ရသည်။ "အယူခံမှုများကို ကြားနာရာ၌၊ ယေဘုယျအားဖြင့် အမှုသည်အဖြစ် ထည့်သွင်းရန်အတွက်၊ ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ ကြားနာရသည်ဖြစ်ရာ၊ ကာလစည်းကမ်းသတ်ကျော် မကျော်ဆိုသည့် အချက်ကို အဓိကထား၍ စဉ်းစားခြင်း မပြုသင့်ပေ။ အဓိကအချက်မှာ အယူခံမှုကို ဆုံးဖြတ်လိုက်လျှင်၊ အယူခံတရားခံအဖြစ် ထည့်သွင်းရမည့်သူ၏ အကျိုးကို ထိခိုက်မည် မထိခိုက်မည်ဟူသော အချက်ဖြစ်သည်။ ဤအမှုတွင်....အကယ်၍ ဒုတိယအယူခံရုံးက၊ ဒေါ်မြမေသည် ကွယ်လွန်သူ၏ တဦးတည်း အမွေခံဖြစ်ကြောင်း ဆုံးဖြတ်လျှင်၊ အခြားတရားခံ ၆ ဦးတို့၏ အကျိုးကို ထိခိုက်ဘွယ်ရာရှိသည်...." ။ ထိုသို့တွေ့ရှိသဖြင့် ပညာရှိတရားသူကြီးချုပ်က၊ တရားခံများအဖြစ် အခြားသူများကိုပါ ထည့်သွင်း၍၊ ၎င်းတို့အနေနှင့် အယူခံမှုတွင် ပါဝင်ခုခံချေပနိုင်ကြရန်၊ ၎င်းတို့၏အကျိုးကို ထောက်ရှု၍၊

(၁) ၁၉၆၁ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာမျက်နှာ ၁၉၊ (တရားလွှတ်တော်ချုပ်)။

ဒေါ်မြမေ၏လျောက်လွှာကို ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ဒေါ်မြမေတဦးတည်း၏ အကျိုးကိုသာ ရှေ့ရှု၍ ခွင့်ပြုခဲ့သည်မဟုတ်။

အထက်ပါ မှတ်ချက်များနှင့် ပတ်သက်၍၊ ပညာရှိ ရှေနေကြီး ဦးမောင်မောင်ခင်က မည်သို့မျှ လျောက်သဲချေပခြင်း မပြုပေ။ တဘက်မှ ပညာရှိ ရှေနေကြီး ဒေါက်တာဘမော်ကမူ၊ ဒုတိယအယူခံမှုတွင် အယူခံထရားခံများကို ဖြည့်စွက်ထည့်သွင်းခြင်းဖြင့် ၎င်းအယူခံ တရားခံများသည် ပါဝင်ချေပခွင့်ရသဖြင့် အကျိုးရှိပါသည်။ နစ်နာခြင်း မရှိပါ။ ယခုကဲ့သို့သော အယူခံဝင်ရန် အခွင့်ထူးလျောက်လွှာမျိုးကို စဉ်းစားရာတွင် မျှတမှုန်ကန်မှုကို အဓိကမူတည်၍ စဉ်းစားရပါသည်။ တရားစီရင်ရေး တိမ်းစောင်းချွတ်ချော်သည့် အခြေအနေမျိုး၊ တရားမျှတမှုမရှိသည့် အခြေအနေမျိုးကိုတွေ့မှသာ၊ ယခင်တရားလွှတ်တော်ချုပ်နှင့် ဤတရားရုံးချုပ်တို့က အခွင့်ထူးပေးလေ့ရှိပါသည်ဟူ၍ စီရင်ထုံးများကို ကိုးကား၍တင်ပြသည်။

ဒုတိယအယူခံတွင်၊ အယူခံတရားခံများ ဖြည့်စွက်ထည့်သွင်းခြင်းသည် မှားယွင်းသည်ဟု ကျွန်ုပ်တို့ မတွေ့ရ။ တရားမျှတမှုရှိအောင် ထိုသို့ထည့်သွင်းခဲ့ခြင်းဖြစ်သည်ဟုသာ တွေ့ရသည်။ ဖြည့်စွက်ထည့်သွင်းခြင်းခံရသော အယူခံတရားခံများသည် မူလရုံး၌ အမွေပုံ၏ ရှစ်ဘို့တဘို့ရထိုက်သည်ဟု ဆုံးဖြတ်ခြင်းခံရသူများဖြစ်သည့် မှန်သော်လည်း၊ ထိုဆုံးဖြတ်ချက်သည် အတည်မဖြစ်သေး။ အယူခံ၌ ပယ်ဖျက်ခြင်းခံရနိုင်သေးသည်။ အကယ်၍ ၎င်းတို့အား မကြားနာဘဲ ဒုတိယအယူခံရုံးက၊ မူလရုံး၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်၍၊ ဒေါ်မြမေ တဦးတည်းသာလျှင် ကိတ္တိမမွေးစားသမီးအဖြစ် အမွေများကို ခံစားထိုက်သည်ဟု ဆုံးဖြတ်လျှင်၊ ဒုတိယအယူခံတွင် ပါဝင်ခုခံခြင်း မပြုလိုက်ရသော အခြားပုဂ္ဂိုလ်များက၊ ဆုံးဖြတ်ချက်သည် တရားမျှတမှုမရှိ၊ ၎င်းတို့၏နေ့ကွယ်၌ ချမှတ်သော ဆုံးဖြတ်ချက်ဖြစ်ပါသည်ဟု စောဒကတင်ကြမည်သာဖြစ်ပေသည်။

ဦးမောင်မောင်ခင်က တင်ပြသော ဒုတိယအချက်မှာ၊ ဒေါ်မြမေသည် ဒေါ်အေးထံမှ မွေးစားစာချုပ်ကို မလျော်ညီစွာသုံးစွဲ၍ ရယူလိုက်ခြင်းဖြစ်ပါသည်။ ထိုအချက်နှင့်ပတ်သက်၍ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၆ ကို၊ ဒုတိယအယူခံရုံးက အဓိပ္ပါယ်ဖော်ကောက်ယူခြင်းသည် မှားယွင်းနေပါသည်ဟု တင်ပြသည်။

ဒေါက်တာဘမော်ကမူ၊ ထိုပုဒ်မအရ၊ တဦးက တဦးအပေါ် မလျော်ညီစွာသုံးစွဲနိုင်သည့် အခြေအနေလည်း ရှိရမည်။ ထိုအခြေအနေ အခွင့်အရေးကို သုံးစွဲခဲ့ကြောင်းကိုလည်း သက်သေထူရပါမည်။ ယခုမူ မူလရုံးက၊ ကိတ္တိမမွေးစားစာချုပ်သည် တရားမဝင်ဟု ဆုံးဖြတ်ချာ၌၊ လူသိရှင်ကြား ရေးထိုးခဲ့သော စာချုပ်မဟုတ်ဟူသောအကြောင်းပြချက်ကို အဓိကထား၍ ဆုံးဖြတ်ခြင်းဖြစ်ပါသည်။ ပဌမအယူခံရုံးကမူ ဒေါ်အေးသည်

မမာမကျန်းဖြစ်နေသောကြောင့်၊ ဒေါ်မြမေက မလျှော်ညီဘဘသုံးချီသာ ထိုသို့ချုပ်ဆိုခဲ့သည်ဟူ၍၊ အကြောင်းအချက် အခြေခံမရှိဘဲ တွေးတောကြံဆ၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် မူလချုံးနှင့် ပဌမအယူခံချုံးတို့သည် အကြောင်းခြင်းရာပေါ်၌ ထပ်တူ တွေးတောယူဆကြသည် မဆိုနိုင်ပါ။ ဒုတိယအယူခံချုံးကသာ ဥပဒေနှင့် အကြောင်းအချက်တို့ကို သေချာတိကျစွာ နှိုင်းယှဉ်၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်ဟူ၍ ဒေါက်တာဘမော်က တင်ပြသည်။

၁၉၆၆
ဒေါ်လှရင် ပါ ၅ နှင့် ဒေါ်မြမေ ပါ ၃။

မူလချုံးနှင့် ပဌမအယူခံချုံးတို့သည်၊ ကိတ္တိမမွေးစားခြင်းရှိ မရှိဟူသောအချက်နှင့် ပတ်သက်၍၊ တမျိုးစီ တွေးခေါ်၍ ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် ထပ်တူ တွေးခေါ်ဆုံးဖြတ်သည်ဟူ၍ မဆိုသာ။ ဒုတိယအယူခံချုံးကမူ ဇင်ရွှားသော အချက်အလက်များနှင့် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၆ ကိုရှင်း၊ ကိတ္တိမမွေးစားခြင်းဆိုင်ရာ ဥပဒေကိုရှင်း သုံးသပ်ပြီးနောက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဒုတိယအယူခံချုံးက ထိုအချက်နှင့် ပတ်သက်၍ ဆုံးဖြတ်ခြင်းသည် အကြောင်းအချက်များနှင့်ဝင်း၊ ဥပဒေနှင့်ဝင်း ကိုက်ညီသည်ဟု ကျန်ပ်တို့ ထွေရှိရသည်။

အထက်ဖေါ်ပြပါ အကြောင်းတို့ကြောင့်၊ အယူခံဝင်ရန် အခွင့်ထူးမပေး။ လျှောက်လွှာကို စရိတ်နှင့် ပလပ်လိုက်သည်။

ဤချုံးရှေ့နေကြီးခ ၅၀ ကျပ်။

နိုင်ငံတော်တရားရုံးချုပ်
တရားမအထွေထွေလျှောက်လွှာ

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

† ၁၉၆၆ ဖေဖော်ဝါရီလ ၂၈ ရက်။

ဒေါ်အုံး (အယူခံတရားလို)

နှင့်

ဒေါ်ဘုံးကျင် (အယူခံတရားခံ) *

ကြေးငွေများကို တောင်းခံရန်အတွက် လက်မှတ်ရထိုက်ကြောင်း လျှောက်ထားခြင်း—အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၃၇၃ (၂) (၃) (၄) အရ၊ အကျဉ်းနည်းအားဖြင့် သဘောဆောင်ရွက်ရန်၊ သမီးနှင့် ဇနီး ယှဉ်ပြိုင်လျှောက်ထားခြင်း။

ဆုံးဖြတ်ချက်။ ။အောက်ရုံးက ဝေဖန်ဆုံးဖြတ်ခြင်းမှာ အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ ၃၇၃ (၂) (၃) (၄) ပါ ရည်ညွှန်းချက်များနှင့် ဆန့်ကျင်နေကြောင်း ထင်ရှားနေသည်။ အဘယ်ကြောင့်ဆိုသော် အမွေစား အမွေခံ လက်မှတ်ထုတ်ပေးရန် စုံစမ်းမှုပြုလုပ်ခြင်းမှာ အကျဉ်းနည်းအားဖြင့်သဘောဆောင်ရွက်ခြင်းဖြစ်ပြီး ရှုပ်ထွေးမည့် ဥပဒေအချက်အလက်များကို သုံးသပ်ရန်မဟုတ်။

ထပ်မံဆုံးဖြတ်ချက်။ ။အယူခံတရားလိုနှင့် အယူခံတရားခံတို့မှာ မြန်မာဗုဒ္ဓဘာသာများဖြစ်ပြီး တဦးမှာ သမီးဖြစ်၍ တဦးမှာ ဇနီးဖြစ်ရကား ဗုဒ္ဓဘာသာဓမ္မသတ်အရ သေသူလင်ယောကျ်ား၏ အမွေကို သမီးထက် ဇနီးကသာ ရှေးဦးစွာဆက်ခံခွင့်ရှိသကဲ့သို့ သေဆုံးသူရရန်ရှိသည့် ကြေးမျှားကို တောင်းခံရန်အတွက် လက်မှတ်ကို ဇနီးကသာ ရထိုက်ကြောင်းမှာ ထင်ရှားသည်။
Jagtaranahuer v. *Gaitri Debi* 1936, pat. 430 ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးအောင်မျိုး။

အယူခံတရားခံအတွက်။ ။ဦးမောင်။

တရားသူကြီး ဦးထွန်းတင်။ ။ယခု အယူခံမှုမှာ၊ ပြည်မြို့၊ ခရိုင်တရားမရုံး ၁၉၆၅ ခုနှစ်၊ တရားမ အသေးအဖွဲမှု အမှတ် ၅ တွင် ကွယ်လွန်သူ တောခေါင်း ဦးမြ ရရန်ရှိသည့် စစ်ပြေး လစာငွေ ၆၄၀ ကျပ် ၂၅ ပြားကို တောင်းခံ နိုင်ရန် အမွေစား အမွေခံ လက်မှတ်ကို ဦးမြ၏ သေဆုံးသွားသူ ပဌမ ဇနီးနှင့် ရရှိသည့် အယူခံ တရားခံ

* ၁၉၆၅ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၃၂။

† ၁၉၆၅ ခုနှစ်၊ တရားမအသေးအဖွဲမှုအမှတ် ၅ တွင် ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့စွဲပါ၊ ပြည်မြို့၊ ခရိုင်တရားမ တရားသူကြီး၏အမိန့်ကို အယူခံမှု။

ဒေါ်အုံးကျင်နှင့် ဦးမြ၏ ဒုတိယ ဇနီး အယူခံ တရားလို ဒေါ်အုံးတို့က လျှောက်ထားကြရာဝယ်၊ အယူခံ တရားခံ ဒေါ်အုံးကျင်အား လက်မှတ် ထုတ်ပေး လိုက်သည်ကို မကျေနပ်၍၊ ပုဒ်မ ၃၈၄ အရ၊ တင်သွင်းခဲ့သည့် အယူခံမှု ဖြစ်သည်။

အယူခံ တရားခံ ဒေါ်အုံးကျင်၏ ပြဆိုချက်အရ၊ ဦးမြသည်၊ ၎င်း၏ မိခင် ဒေါ်ငွေပုံနှင့် ပေါင်းသင်းနေစဉ် ဒေါ်ငွေပုံ မကျန်းမာ၍ ဆင်မီးဆွဲရွာတွင် ဆေးကုသနေရာ၊ ဦးမြသည်၊ ၁၉၄၃ ခုနှစ်က အယူခံ တရားလို ဒေါ်အုံးနှင့် အိမ်ထောင်ပြုပြီး တရုပ်မှော်သို့ ပြောင်းရွှေ့သွားသည် ဆိုသည်။ ဒေါ်ငွေပုံမှာ ၁၉၄၄ ခုနှစ်တွင် သေဆုံး၍၊ ဦးမြမှာ ဓါးပြများ သတ်ဖြတ် သဖြင့် ၁၉၄၅ ခုနှစ်တွင် သေဆုံး သွားလေသည်။ ဒေါ်အုံးသည် ၎င်း၏ လင်ယောကျ်ား ဦးဘကြူးနှင့် ပြတ်စဲခြင်း မရှိသေးဘဲ ဦးမြနှင့် ထပ်မံ ပေါင်းသင်းနေပြီး၊ ဦးမြ သေဆုံးသော အခါ ဦးဘကြူးနှင့် ပြန်လည် ပေါင်းသင်း နေသည် ဆိုရာ၊ ထို့ကြောင့် ဒေါ်အုံးကျင်က ၎င်းမှာ ဦးမြ၏ သမီး ဖြစ်သည့် အတိုင်း လျှောက်ထားသည့် အမွေစား အမွေခံ လက်မှတ်ကို ရထိုက်ပါသည်ဟု ပြဆိုလေသည်။

အယူခံ တရားလို ဒေါ်အုံးကမူ၊ ၁၉၄၃ ခုနှစ် မတိုင်မီ ၎င်း၏ လင်ယောကျ်ား ဦးဘကြူးကို ယိုးဒယား ဘက်သို့ ချွေးတပ်သား အဖြစ် ပါသွားရာ၊ အတူ လိုက်ပါသွားသူ မောင်တင် ပြန်လာပြီး၊ ဦးဘကြူးမှာ သေဆုံးသွားသည်ဟု ပြောသဖြင့် ဆွမ်းသွတ်ခဲ့ကြောင်း။ ထို့နောက် ၁၉၄၃ ခုနှစ်တွင် ဦးမြက လူကြီးများနှင့် မိမိအား တောင်းရန်းသည်ကို လက်ခံ၍ လင်မယား အဖြစ် တရုပ်မှော်သို့ ပြောင်းရွှေ့ပေါင်းသင်း နေထိုင်ရာမှ ဦးမြသည်၊ ၎င်း၏ လက်တွင်ပင် ၁၉၄၅ ခုနှစ်၌ ဓါးပြများ သတ်၍ သေဆုံးသွားသောကြောင့်၊ မိမိကပင် သင်္ဂြိဟ် လိုက်ရကြောင်း။ ထိုနောက် တီဘွတ်ရွာသို့ ပြန်လာနေထိုင်စဉ် လင်ဟောင်း ဦးဘကြူး ပြန်လည် ရောက်ရှိလာပြီး မည်သို့မျှ အဆက်အသွယ် ပြုလုပ်ခြင်း မရှိသောကြောင့်၊ ထို့အတွက် မိမိမှာ ဦးမြ၏ ကျန်ရစ်သော ဇနီး ဖြစ်သည့် အတိုင်း လျှောက်ထားသည့် အမွေစား အမွေခံ လက်မှတ်ကို ရထိုက် ပါသည်ဟု ပြဆိုသည်။

နှစ်ဦး နှစ်ဘက် လျှောက်ထားချက်များနှင့် ပတ်သက်၍၊ အောက်ရုံးမှ စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့ရာ၊ အယူခံ တရားခံ ဒေါ်အုံးကျင်မှာ သေဆုံးသူ ဦးမြ၏ ပဌမ ဇနီး ဒေါ်ငွေပုံနှင့် ရရှိသည့် သမီး ဖြစ်သည်ဟုငင်း၊ အယူခံ တရားလို ဒေါ်အုံးမှာ ဦးမြ၏ ဒုတိယ ဇနီး ဖြစ်သည်ဟု ယူဆစရာ ရှိကြောင်း တွေ့ရှိ ဆုံးဖြတ်လေသည်။

သို့ရာတွင် ပညာရှိ ခရိုင် တရားမ တရားသူကြီးက ဒေါ်အုံးသည်၊ ဦးမြနှင့် ပေါင်းသင်းသောအခါ၊ ၎င်း၏ လင်ဟောင်း ဦးဘကြူးက ၎င်းအား စွန့်ခွါသွားသဖြင့် ကွာရှင်း ပြတ်စဲပြီး ဖြစ်သည်ဟု မယူဆနိုင်သည့်ပြင်၊ စစ်ပြေး လစာ ဖြစ်သည့်

၁၉၆၆

ဒေါ်အုံနှင့် ဒေါ်အုံကျင်။

၎င်း ၆၄၀ ကျပ် ၂၅ ပြားမှာ ၁၉၄၂ ခုနှစ်၊ အင်္ဂလိပ်များ ပြေးသဖြင့်ကရုဏာကြေး အဖြစ် ပေးသည့်ငွေ ဖြစ်ရကား၊ထိုငွေမှာ ဦးမြသည် ဒေါ်ငွေပုံနှင့် ပေါင်းသင်းနေစဉ် ရရှိသည့် လက်ထက်ပွါး ပစ္စည်း ဖြစ်သည်ဟု ယူဆရန် ရှိသဖြင့်၊ ၎င်းငွေများတွင်အယူခံ တရားခံ ဒေါ်အုံးကျင်၏ အစုမှာ ဒေါ်အုံး၏ အစုထက် များမည် ဖြစ်သောကြောင့် ထိုငွေများနှင့် ပတ်သက်၍ အမွေစား အမွေခံ လက်မှတ်ကို ဒေါ်အုံးကျင်သာ ရယူ ထိုက်ပေလိမ့်မည်ဟု ယူဆပြီး၊ လက်မှတ်ကို ဒေါ်အုံးကျင်သို့ ထုတ်ပေးရန် အမိန့် ချမှတ်လေသည်။

သို့သော် ထိုသို့ သုံးသပ်ဝေဘန် ဆုံးဖြတ်ခြင်းမှာ အမွေဆက်ခံရေး ဥပဒေ ပုဒ်မ ၃၇၃ (၂) (၃) (၄) ပါ ရည်ညွှန်း ချက်များနှင့် ဆန့်ကျင်နေကြောင်း ထင်ရှား နေသည်။ အဘယ်ကြောင့် ဆိုသော် အမွေစား အမွေခံ လက်မှတ် ထုတ်ပေးရန် စုံစမ်း မှု ပြုလုပ်ခြင်းမှာ အကျဉ်းနည်းအားဖြင့်သာ ဆောင်ရွက်ခြင်း ဖြစ်ပြီး ရှုပ်ထွေးမည့် ဥပဒေ အချက်အလက်များကို သုံးသပ်ရန် မဟုတ်ကြောင်းကို (Sanjiva Row's The Indian Succession Act at page 801) တွင်—

> **" When there is dispute between rival claimants as to the title to the debt itself, if it is not within the scope of the certificate proceedings to decide that dispute."**

ဟု အထိ အလင်း ပြဆို ထားသောကြောင့် ဖြစ်သည်။

တဖန် ယခုအမှုတွင်၊ အယူခံ တရားလိုနှင့် အယူခံ တရားခံတို့မှာ မြန်မာ ဗုဒ္ဓ ဘာသာများ ဖြစ်ပြီး တဦးမှာ သမီးဖြစ်၍၊ တဦးမှာ ဇနီး ဖြစ်ရကား၊ ဗုဒ္ဓဘာသာ ဓမ္မသတ်အရ၊ သေသူ လင်ယောကျ်ား၏ အမွေကို သမီးထက် ဇနီးကသာ ရှေးဦးစွာ ဆက်ခံခွင့် ရှိကြောင်းကို၊ အယူခံ တရားခံ၏ ပညာရှိ ရှေနေကြီးကလည်း မငြင်း ဆို နိုင်ပေ။ ထိုကြောင့် သေဆုံးသူ ရရန် ရှိသည့် ကြွေးငွေများကို တောင်းခံရန် အတွက် လက်မှတ်ကို ဇနီးကသာ ရထိုက်ကြောင်းမှာ ထင်ရှားနေကြောင်းကို အထက်က ရည်ညွှန်းသည့် ဥပဒေစာအုပ် စာမျက်နှာ ၈၁ တွင် အောက်ပါအတိုင်း ပြဆိုထား သောကြောင့် ဖြစ်သည်။

> **" In *Jagtaranakuer* v. *Gaitri Debi* (1), it was held that as between the daughter and the widow of the deceased, the widow should be preferred for the grant of the succession certificate since she took estate of the deceased exclusively for the time being, the daughter's right being postponed till after the mother's lifetime."**

(1) 1936 pat. 430.

ဒေါ်အုံးနှင့် ဒေါ်အုံးကျင်။

ထို့ကြောင့် ယခုအမှုတွင် ပုဒ်မ ၃၇၃ (၃) အရ၊ လက်မှတ်ကို ရထိုက်သူမှာ အယူခံ တရားလို ဒေါ်အုံးဖြစ်ကြောင်း ပေါ်လွင်နေရကား အောက်ရုံးမှ အမွေစား အမွေခံ လက်မှတ်ကို၊ အယူခံ တရားခံ ဒေါ်အုံးကျင်သို့ ထုတ်ပေးစေဟု ချမှတ် ခဲ့သည့် အမိန့်ကို အတည်ပြု လက်ခံနိုင်ရန် မဖြစ်သဖြင့် ပယ်ဖျက်ရမည်။ အထက်ပေါ်ပြပါ အကြောင်းမျာကြောင့်၊ ယခု အယူခံမှုကို ခွင့်ပြုပြီး၊ ဦးမြ၏ ဇနီးဖြစ်သူ အယူခံတရားလို ဒေါ်အုံးသို့ ၎င်းသည်၊ အောက်ရုံးမှ တောင်းဆိုသည့် လိုအပ်သော အာမခံကို တင်သွင်းက အမွေစား အမွေခံ လက်မှတ်ကို ၎င်းအား ထုတ်ပေးစေရန် အမွေ ဆက်ခံရေး ဥပဒေ ပုဒ်မ ၃၈၄ အရ၊ ပြင်ဆင် အမိန့် ချမှတ် ပေးလိုက်သည်။

အမှုသည်မျာသည်၊ မိမိတို့၏ တရားစရိတ်ကို မိမိတို့ အသီးသီး ကျခံစေရမည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမအထွေထွေလျှောက်လွှာ

တရားသူကြီး ဦးထွန်းတင်၊ တရားသူကြီး ဦးကျော်ဇံဦးနှင့် တရားသူကြီး ဦးချစ်တို့ရှေ့တွင်

† ၁၉၆၆

ဒေါက်တာ ဒီ၊ စီ၊ ဒတ်(စ်) (လျှောက်ထားသူ)

နှင့်

ဇနီဘဝါရီလ ၂၈ ရက်။

ပစ္စည်းထိန်းဝန် တရားရုံးချုပ် (လျှောက်ထားခံရသူ)*

ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆၊ ငှါးရမ်းခကြိုးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၈ တွင် ထပ်မံ၍၊ အယူခံခွင့် မရှိဟု ပြဋ္ဌာန်းခြင်း ရှိမရှိ —နို့တစ်စာ ပြဿနာမှာ အမျှားပြည်သူနှင့် သက်ဆိုင်သည့် အရေးကြီးသည့် ဥပဒေ ပြဿနာတရပ် ဟုတ်မဟုတ်။

ဆုံးဖြတ်ချက်။ ။ငှါးရမ်းခ ကြိုးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၈ တွင်၊ တရားရုံးချုပ်က၊ အဆုံးအဖြတ်ပေးပြီး၊ နောက်ထပ်မံ၍ အယူခံခွင့် မရှိဟု မည်သို့မျှပြဋ္ဌာန်းခြင်း မရှိသည့်ပြင်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ ကို ကြည့်ရှုမူ၊မည်သည့်စီရင်ချက်၊ ဒီကရီ၊ သို့မဟုတ် အပြီးသတ် အမိန့်မျှားမှမဆို အထူးအယူခံခွင့်ကို တောင်းဆိုနိုင်ကြောင်း အတိအလင်း ပြဆိုထားသဖြင့် အယူ ခံခွင့် တောင်းဆိုထားသည့် အမိန့်မှာလည်း၊ အပြီးသတ် စီရင်ချက်နှင့် ဒီကရီတွင် အကျုံးဝင်နေသောကြောင့်ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။လျှောက်ထားသူ၏ ပြဆိုချက်ဖြစ်သည့် အမှုတွင် ပေးခဲ့သည့်နို့တစ်စာမှာ ဥပဒေအရ၊ မှားယွင်းနေသဖြင့် လျှောက်ထားသူသည် ဒီကရီကို မရထိုက်ပါဟု ဆိုသည်နှင့် ပတ်သက်၍၊ ၎င်းအချက်ကို မူလရုံးနှင့် အောက်အယူခံရုံးမှ သက်သေခံချက်များနှင့် အကြောင်းခြင်းရာများ စီစစ်ပြီး နို့တစ်စာမှာ ဥပဒေအရ၊ မှန်ကန်စွာပေးသည့် နို့တစ်စာဖြစ်ကြောင်း သဘောတူညီယူဆ ဆုံးဖြတ်ထားပြီးဖြစ်သည့်ပြင်၊ ၎င်းပြဿနာမှာ အကြောင်းခြင်းရာနှင့် ဥပဒေ ရောစပ်နေလင့်ကစား၊ အမျှားပြည်သူနှင့် သက်ဆိုင်သည့် အရေးကြီးသည့် ဥပဒေ ပြဿနာတရပ် မဟုတ်သောကြောင့်၊ ထိုအကြောင်းပြချက်တို့ပေါ် မူတည်၍ ပြည်ထောင်စုတရားစီရင်ရေးအက်ဥပဒေ ပုဒ်မ ၆ အရ၊ အခွင့်ထူးရထိုက်သည်ဆိုသည်ကို လက်ခံနိုင်ရန်မရှိပေ။

ဂျေဟူးနှင့် အယ်(လ်)၊ ကေ၊ အိုင်ယာမိုနိုက်ဂူး၊ ၁၉၅၁ ခုနှစ်၊ မြန်မာပြည် စီရင်ထုံး၊ တရားလွှတ်တော်ချုပ်၊ စာ ၈၁ ကို ရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။မစ္စတာ ဘီ၊ ကေ၊ ဆင်း။

လျှောက်ထားခံရသူအတွက်။ ။ဦးဝမ်ဟုတ်။

---

* ၁၉၆၅ ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာ အမှတ် ၁၃။

† ရန်ကုန်မြို့၊ တရားရုံး ချုပ်၏ တရားမ ဒုတိယ အယူခံမှုအမှတ် ၁၀၉/၆၃ တွင်၊ ၁၆-၁၀-၆၄ နေ့စွဲပါ အမိန့်နှင့် ဒီကရီကို မကျနပ်၍၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ အထူးအယူခံဝင်ခွင့် ရရန် လျှောက်ထားသောလျှောက်လွှာ။

၁၉၆၆

ဒေါက်တာဒီ၊ စီ၊ ဒတ်(စ်) နှင့် ပစ္စည်းထိန်းဝန် တရားရုံးချုပ်။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှ လျှောက်ထား ခံရသူက၊ အင်းစိန်မြို့၊ မြို့နယ် တရားမရုံး၊ ၁၉၆၂ ခု၊ တရားမကြီးမှု အမှတ် ၄၉ တွင် လျှောက်ထားသူ ဒေါက်တာ ဒတ် (စ်)အပေါ် အချင်းဖြစ်သည့် ဥပစာမှ ထွက်ခွါသွားစေရန် ၁၉၆၀ ခု၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (ဃ) အရ၊ အိမ်ငှါး ခမျာ ကျန်ရှိနေသည်ကို အကြောင်းပြု၍၊နို့ တစ်စာပေး တရားစွဲဆို ခဲ့လေသည်။ ရှေးဦးစွာ အမှုကို၊ မြို့နယ် တရားမရုံးမှ ပလပ် လိုက်သော်လည်း အယူခံ ဝင်သော အခါ၊ အင်းစိန် ခရိုင်၊ တရားမ တရားသူကြီးက အမှုတွင် ကောက်ချက် တခု ထုတ်၍၊ အောက်ရုံးသို့ တရားမ ကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၂၅ အရ၊ ပြန်ပို့ခဲ့လေသည်။ အောက်ရုံးမှ လိုအပ်သည့် ထင်မြင်ချက်ကို ပြန်လည် ပေးပို့ ရရှိအောအခါ၊ ခရိုင် တရားမရုံးက၊ အောက်ရုံး၏ စီရင်ချက်နှင့် ဒီဂရီကို ပယ်ဖျက်ပြီး လျှောက်ထား ခံရ သူက လျှောက်ထားသူအား၊ တရား စွဲဆိုသည့် အတိုင်း၊ အချင်းဖြစ် ဥပစာမှ ထွက်ခွါ ဖယ်ရှားပေးရန်၊ ဒီဂရီ ချမှတ် လိုက်သည်။ ထိုစီရင်ချက်နှင့် ဒီဂရီကို လျှောက်ထား သူက မကျေနပ်၍၊ မြန်မာနိုင်ငံ တရားရုံးချုပ် ၁၉၆၃ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၁၀၉ တွင် အယူခံ ဝင်ရောက်သော်လည်း အရေး ရှုံးနိမ့် ခဲ့လေသည်။ ထို့ကြောင့် လျှောက်ထားသူက ပြည်ထောင်စု တရား စီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ အထူး အယူခံဝင်ခွင့် ရရှိရန်၊ ယခု လျှောက်ထား တောင်းဆိုခြင်း ဖြစ်သည်။

ထိုသို့ လျှောက်ထားသည်နှင့် ပတ်သက်၍၊ လျှောက်ထားသူ၏ အဓိက အခြေခံ ပြဆိုချက်မှာ၊ အမှုတွင် ပေးခဲ့သည့် နို့ တစ်စာမှာ၊ အိမ်လခငွေများ မည်ရွေ့မည်မျှ ကျန်ရှိကြောင်း တိကျ ရှင်းလင်းစွာ ဖော်ပြထားခြင်း မရှိ သဖြင့် နို့ တစ်စာမှာ ဥပဒေနှင့် မညီညွတ်သောကြောင့် လျှောက်ထား ခံရသူ တောင်းဆိုသည့် သက်သာ ခွင့်ကို မရရှိထိုက်ပါဟု ဆိုလေသည်။

လျှောက်ထားခံရသူကမူ၊ လျှောက်ထားသူသည်၊ ယခု အမှုတွင် ဥပဒေ အရ၊ နောက်ထပ် အယူခံနိုင်ရန် အခွင့် အရေး မရှိပါဟုငင်း၊ လျှောက်ထားသူ၏ အခြေခံ ပြဆိုချက်မှာ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ နှင့် အကျုံးဝင်၍၊ အရေးကြီးသည့် ဥပဒေ ပြဿနာ တရပ် မဟုတ် သဖြင့်၊ တောင်းဆိုသည့် အခွင့်ထူး ကို မရရှိထိုက်ပါဟု ကန့်ကွက်သည်။

လျှောက်ထား ခံရသူက၊ လျှောက်ထားသူသည်၊ ထပ်မံ၍၊ အယူခံ ဝင်ခွင့် မရှိ ပါဟု ပြဆိုရာဝယ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၈ ကို၊ ကိုးကားကာ၊ ယခုကဲ့သို့ အမှုမျိုးတွင် တရားရုံးချုပ်က အဆုံးအဖြတ် ပေးပြီးပါက၊ ထပ်မံ အယူခံခွင့် မရှိတော့ဟု ဆိုလိုသည်။ သို့သော် ထိုပြဆိုချက်မှာ မှန်ကန် လက်ခံ သင့်သည်ဟု၊ ကျနော်တို့ မယူဆနိုင်ပေ။ အဘယ်ကြောင့် ဆိုသော် အထက်ပါ ရည်

၁၉၆၆

ဒေါက်တာဒီး စီးဒတ် (စ်) နှင့် ပစ္စည်းထိန်းသိမ်းတရားစွဲခြင်း။

ညွှန်းသည့် ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၈ တွင်၊ တရားစွဲခြင်းခံရသူ အဆုံးအဖြတ်ပေးပြီး နောက် ထပ်မံ၍၊ အယူခံဝင်ခွင့် မရှိဟု မည်သို့မျှ ပြဋ္ဌာန်းခြင်း မရှိသည့် အပြင်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ ကို ကြည့်ရှု၍ မူ၊ မည်သည့် စီရင်ချက်၊ ဒီကရီ၊ သို့မဟုတ် အပြီးသတ် အမိန့်မျှားမှ မဆို၊ အထူး အယူခံခွင့်ကို တောင်းဆို နိုင်ကြောင်း အတိ အလင်း ပြဆို ထားသဖြင့် ယခု အမှုတွင် အယူခံခွင့် တောင်းဆိုထားသည့် အမိန့်မှာလည်း အပြီးသတ် စီရင်ချက်နှင့် ဒီကရီတွင် အကျုံးဝင်နေသောကြောင့် ဖြစ်သည်။

လျှောက်ထားသူ၏ ပြဆိုချက် ဖြစ်သည့် အမှုတွင် ပေးခဲ့သည့် နို့တစ်စာမှာ ဥပဒေအရ၊ မှားယွင်းနေသဖြင့် လျှောက်ထားသူသည်၊ ဒီကရီကို မရ ထိုက်ပါဟု ဆို သည်နှင့် ပတ်သက်၍၊ ၎င်းအချက်ကို မူလ ရုံးနှင့် အောက် အယူခံရုံးမှ သက်သေ ခံချက်များနှင့် အကြောင်းခြင်းရာများကို စီစစ်ပြီး၊ နို့တစ်စာမှာ ဥပဒေအရ၊ မှန် ကန်စွာ ပေးသည့် နို့တစ်စာ ဖြစ်ကြောင်း သဘောတူညီ ယူဆ ဆုံးဖြတ် ထားပြီး ဖြစ်သည့်ပြင်၊ ၎င်းပြဿနာမှာ အကြောင်းခြင်းရာနှင့် ဥပဒေ အချက် ရောစပ် နေလင့်ကစား၊ အမျှားပြည်သူနှင့် သက်ဆိုင်သည့် အရေးကြီးသည့် ဥပဒေ ပြဿနာ တရပ် မဟုတ်သောကြောင့်၊ ထို အကြောင်း ပြချက်ပေါ် မူတည်၍၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ အခွင့်ထူး ရထိုက်သည် ဆိုသည်ကို၊ ကျွန်ုပ်တို့ လက်ခံနိုင်ရန် မရှိပေ။ အကြောင်းကို ဆိုသော် အမှုသုံ့ ပေးခဲ့သည့် နို့တစ်စာမှာ ဥပဒေ အရ၊ မှန်ကန်သည့် နို့တစ်စာ ဖြစ် မဖြစ်၊ ဆိုသည်မှာ အကြောင်းခြင်းရာမျှား အပေါ် မူတည် နေ၍၊ အောက်ရုံး နှစ်ရုံးစလုံးကပင် သက်ဆိုင်သည့် သက်သေခံ ချက်မျှားကို လေ့လာပြီး ဥပဒေအရ၊ မှန်ကန်သည့် နို့တစ်စာ ဖြစ်ကြောင်း ဆုံးဖြတ် ထားသည်မှာ မှားယွင်း ချွတ်ချော်ခြင်း ဖြစ်နေသည်ဟု မဆိုနိုင်သည့်ပြင်၊ ၎င်းအချက် မှာ **ကျေဟူး နှင့် အယ် (ထ်) ကေ၊ အိုင်ယာဗိုနိုက်ဒ္ဒူး (၁)** အမှု စီရင်ထုံးတွင် ပြဆိုထားသကဲ့သို့ အမျှားနှင့် သက်ဆိုင်၍၊ အရေးကြီးသည့် ဥပဒေ အချက် အလက် အမှုတွင် အကျုံးဝင်နေသည်ဟု မဆို နိုင်သောကြောင့် ဖြစ်သည်။

ဖော်ပြပါ အကြောင်းမျှားကြောင့် ယခုအမှုတွင်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ အခွင့်ထူး ပေးသင့်ကြောင်း မတွေ့ရှိရသဖြင့်၊ လျှောက်လွှာ ကို စရိတ်နှင့် တကွ ပလပ် လိုက်သည်။

ပညာရှိ ရွှေနေကြီး စရိတ် အဖြစ် ကျပ် ၅၁ သတ်မှတ်သည်။

---

(၁) ၁၉၅၁ ခု၊ ဘီ၊ အယ်(လ်)၊ အာ(ရ်)၊ တရားလွှတ်တော်ချုပ် စာ. ၈၁။

နိုင်ငံတော်တရားရုံးချုပ်
ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်ရွှေတင်

ပါဘာသီ ပါ ၅ (ပြင်ဆင်ရန် လျှောက်ထားသူများ)
နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံ (ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

† ၁၉၆၆ ဇန္နဝါရီလ ၂၁ ရက်။

နိုင်ငံခြားသား မှတ်ပုံတင်အက်ဥပဒေ ပုဒ်မ ၅ (၁)—တရားခံအတွက် အရေးကြီးသော သက်သေခံအချက်အလက် ရရှိရန်ရှိုးက ကူညီရန်လိုခြင်း—ပြည့်စုံမှုန်ကန်အောင်စစ်ဆေးရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူများက ၎င်းတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံသားများဖြစ်ကြပါသည်ဟု ထုချေလျှင် ၎င်းတို့ကပင် ခိုင်လုံသော သက်သေများကို တင်ပြရန်ဖြစ်သည်မှန်၏။ သို့ရာတွင် ရုံးက အရေးကြီးသော အချက်အလက်များ၌ လုံလောက်သော သက်သေခံချက်တို့ကို ရရှိရန် ကူညီလမ်းညွှန်ရမည်ဖြစ်သည်။

ဤအမှုမျိုးများ၌ ချမှတ်သော ပြစ်ဒဏ်သည် ကြီးလေးလှန်းသည်ဟု မဆိုနိုင်သော်လည်း တွေ့ရှိခံရသော သူသည် အဘိုးထိုက်တန်သော ပြည်ထောင်စုသားဖြစ်မှုကိုပင် တဆက်တည်း ဆုံးရှုံးပြီးဖြစ်နေသကဲ့သို့ တည်ရှိနိုင်သည်။ ၎င်းအား ပြည်နှင်ဒဏ်ပေးခြင်း စသည်ဖြင့် ဆက်လက်၍ သက်ဆိုင်ရာတို့က အရေးယူကောင်းယူလိမ့်မည်။ ထို့ကြောင့် အမှုများကို မြန်မြန်စစ်ဆေးရုံနှင့်မပြီး၊ ပြည့်စုံမှုန်ကန်အောင် စစ်ဆေးရန်လည်း လိုသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်အစိုးရရှေ့နေကြီး။။ ။ဦးခင်စိန်။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။ဤပြင်ဆင်မှုများတွင်၊ လျှောက်ထားသူများသည်၊ မြန်မာပြည်တွင် ပေါက်ဖွားကြသော၊ အိန္ဒိယအဆက်အနွယ်များဖြစ်ကြသည်။ ၎င်းတို့သည်၊ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကို၊ တချိန်က ထုတ်ယူကိုင်ဆောင်ခဲ့ကြ၍၊ လက်မှတ်ကိုလဲလှယ်ရန် ပျက်ကွက်ကြသောအခါ၊ ၎င်းတို့အပေါ် နိုင်ငံခြားသား မှတ်ပုံတင်အက်ဥပဒေအရ၊ အရေးယူခြင်းခံခဲ့ကြရသည်။ ပြစ်မှုထင်ရှား

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၉(ခ)၊ ၃၀(ခ)၊ ၃၁(ခ)၊ ၃၂(ခ)၊ ၃၃(ခ)။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၄၀၃၄၊ ၄၃၁၂၊ ၄၃၁၄၊ ၄၇၃၉ တွင် ချမှတ်သော ၄-၁၂-၆၃၊ ၂၇-၁၁-၆၃၊ ၉-၁၂-၆၃၊ ၁၂-၁၂-၆၃၊ ၉-၁၂-၆၃ နေ့စွဲပါ၊ ရန်ကုန်မြို့၊ ၉ ရာဘက် ရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

၁၉၆၆ ပါဘာသီ ပါ ၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

တွေ့ရှိခြင်းခံရသဖြင့်၊ ဒဏ်ငွေအသီးသီး ပေးဆောင်စေရန် အမိန့်ချမှတ်ခြင်းကိုလည်း ခံခဲ့ကြရသည်။

လျှောက်ထားသူများက၊ ဟံသာဝတီနှင့် ရန်ကုန်ခရိုင် စက်ရှင်တရားသူကြီးချုံးသို့ ပြင်ဆင်မှု တင်သွင်းခဲ့ကြသည်။ ပညာရှိ စက်ရှင်တရားသူကြီးက သက်သေအထောက်အထားများအရ၊ လျှောက်ထားသူများသည်၊ အိန္ဒိယအမျိုးအနွယ်မှ သက်ဆင်းလာခဲ့ကြသည်မှန်သော်လည်း၊ ၎င်းတို့သည် မြန်မာပြည်တွင်မွေးရှ၍၊ ကြီးပြင်းခဲ့ကြသည်။ ၎င်းတို့၏ မိဘများသည်လည်း၊ မြန်မာပြည်၌ပင် ပေါက်ဖွါးရှ၍၊ မြန်မာပြည်၌ပင် သေဆုံးခဲ့ကြသည်။ ဘိုးဘွားများသည်လည်း မြန်မာပြည်တွင် နေထိုင်ခဲ့ကြရှ၍၊ မြန်မာပြည်၌ပင် သေဆုံးခဲ့ကြသည်။ ထို့ကြောင့်၊ ပြည်ထောင်စုသားဖြစ်မှု ဓာက်ဥပဒေပုဒ်မ ၄ (၂) အရ၊ လျှောက်ထားသူများသည်၊ ပြည်ထောင်စုသားများဖြစ်သည်။ ၎င်းတို့သည်၊ ဥပဒေကိုနားမလည်ရှ၍၊ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကို ထုတ်ယူခဲ့ဘူးရုံမျှနှင့် ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ်ကို ဆုံးရှုံးခြင်းမရှိ။ ထို့ကြောင့် ၎င်းတို့သည်၊ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကို လဲလှယ်ရန်မလို၊ လဲလှယ်ခြင်း မပြုသည့်အတွက် ပြစ်မှုကျူးလွန်ခြင်းမရှိ။ လျှောက်ထားသူများအပေါ် ချမှတ်ထားသော ပြစ်မှုထင်ရှားတွေ့ရှိခြင်းနှင့် ပြစ်ဒဏ်တို့ကို၊ ပယ်ဖျက်သင့်ပါသည်ဟူ၍ ပညာရှိ စက်ရှင်တရားသူကြီးက ထောက်ခံ၍၊ ဤချုံးသို့အမှုများကို ပေးပို့ခဲ့သည်။

မူလမှုများကို စစ်ဆေးခဲ့သော၊ ရန်ကုန်မြို့ ပညာရှိ၊ ၉ ရာဘက်ရာဇဝတ်တရားသူကြီးသည်၊ စက်ရှင်တရားသူကြီးက မှတ်ချက်ပြုသည့်အတိုင်း တနှစ်လျှင်အမှုပေါင်း ၄,၀၀၀ ကျော်စစ်ဆေး၍၊ အလုပ်တာဝန်များပြားလှသော ပုဂ္ဂိုလ်ဖြစ်သည်။ ဤအမှုများကို စစ်ဆေးခဲ့ရာ၌၊ အရေးကြီးသောအချက်တို့ကို ပေါ်လွင်ထင်ရှားစေအောင် စစ်ဆေးခဲ့ခြင်းမရှိသည်ကို ပညာရှိ အစိုးရရှေ့နေကြီး ဦးခင်စိန်က ညွှန်ပြသည်။ လျှောက်ထားသူများ၏ မိဘအမျိုးအနွယ် စသည်တို့သည်၊ အမှုများကို ဆုံးဖြတ်ရန်အတွက် အဓိကအချက်များပင်ဖြစ်သည်။ သို့ရာတွင် ထိုအချက်များနှင့် ပတ်သက်၍၊ ပြည့်စုံထင်ရှားသော အထောက်အထားများကို အမှုတွဲများပေါ်တွင် မတွေ့ရ။ လျှောက်ထားသူများက၊ ၎င်းတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံသားများ ဖြစ်ကြပါသည်ဟု ထုချေလျှင် ၎င်းတို့ကပင် ခိုင်လုံသော သက်သေများကို တင်ပြရန်ဖြစ်သည်မှန်၏။ သို့ရာတွင်ချုံးက အရေးကြီးသော အချက်အလက်များ၌ လုံလောက်သော သက်သေခံချက်တို့ကို ရရှိစေရန် ကူညီလမ်းညွှန်ရမည်ဖြစ် သည်။

ဤအမှုမျိုးများ၌၊ ချမှတ်သောပြစ်ဒဏ်သည် ကြီးလေးလွန်းသည်ဟု မဆိုနိုင်သော်လည်း၊ ပြစ်မှုထင်ရှား တွေ့ရှိခံရသောသူသည် အဘိုးထိုက်တန်သော ပြည်ထောင်စုသားဖြစ်မှုကိုပင် တဆက်တည်း ဆုံးရှုံးပြီးဖြစ်နေသကဲ့သို့ တည်ရှိနိုင်သည်။ ၎င်းအား

ပြည်နှင်ဒဏ်ပေးခြင်း စသဖြင့် ဆက်လက်၍ သက်ဆိုင်ရာတို့က အရေးယူကောင်း ယူလိမ့်မည်။ ထို့ကြောင့် ဤအမှုများကို မြန်မြန်စစ်ဆေးရှင်းမပြီး။ ပြည့်စုံမှန်ကန် အောင် စစ်ဆေးရန်လည်းလိုသည်။

ပညာရှိ အစိုးရလွှေနေကြီး ဦးခင်စိန်က၊ အမှုအထောက်အထားများအရ၊ စက်ရှင် ရုံးက ထောက်ခံသည်ကို လက်ခံသင့်ပါသည်ဟု တင်ပြသည်။ ရာဇဝတ်မှုတွင်၊ လူတဦး တယောက်သည်၊ ပြည်ထောင်စုသားဖြစ် မဖြစ်ဟူသည့် အချက်ကို အပြီးအပိုင် စစ်ဆေးဆုံးဖြတ်နိုင်သည်မဟုတ်ခေ့။ သို့ရာတွင် လျှောက်ထားသူများက ၎င်းတို့သည် ပြည်ထောင်စုသားများဖြစ်ကြပါသည်ဟု လုံလောက်စွာ ခုခံထွက်ဆိုနိုင်ခဲ့သည်ဟူ၍ ကား ယူဆနိုင်သဖြင့်၊ ပညာရှိ စက်ရှင်တရားသူကြီးက ထောက်ခံသည့်အတိုင်း ၎င်းတို့ အပေါ် ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းနှင့် ပြစ်ဒဏ်သတ်မှတ်ထားခြင်းတို့ကို ပယ်ဖျက် လိုက်သည်။ ဒဏ်ငွေများကို ပေးဆောင်ပြီ ဖြစ်က ၎င်းတို့အား ပြန်အမ်းရန်ဖြစ်သည်။

ဤပြင်ဆင်မှုများအား လုံးသည်၊ ဥပဒေသဘောအရ၊ ဆင်တူကြသဖြင့်၊ စက်ရှင် ရုံးက အမိန့်တရပ်တည်းဖြင့် ဆုံးဖြတ်ခဲ့သည်။ ဤအမိန့်သည်လည်း၊ ပြင်ဆင်မှု ၅ မှု လုံးနှင့် သက်ဆိုင်သည်။

နိုင်ငံတော်တရားရုံးချုပ်
ရာဇဝတ်ပြင်ဆင်မှု

ဘရားသူကြီး ဦးချစ် ရွှေတွင်

† ၁၉၆၆ ဖေဖော်ဝါရီလ ၁၁ ရက်။

ပြည်ထောင်စု မြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားသူ)
နှင့်
မောင်ဟန်ကြီး၊ မောင်ကျင်မောင် (ပြင်ဆင်ရန် လျှောက်ထားခံရသူများ)*

ရာဇသတ်ကြီးပုဒ်မ ၃၉၃/၃၅၆ အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်း—လုယက်မှုနှင့် နာကျင်စေခြင်း ဖြစ်စေအောင်ပြုလုပ်မှု။ ရာဇသတ်ကြီး ပုဒ်မ ၃၉၅ အရ၊ ပြောင်းလွဲ၍ အပြစ်ဒဏ်ချမှတ်ခြင်း။

ဆုံးဖြတ်ချက်။ ။အသေးစိတ် သုံးသပ်ဝေဘန်ရာ၌ တွေ့ရှိရသည်မှာ လုယက်မှုကိုကျူးလွန်ရန် အားထုတ်မှုက တမှု၊ ယင်းသို့ ကျူးလွန်ရန် အားထုတ်ရာ၌ သေသူအားမည်သည့် လျှောက် ထားခံရသူများ၏ လက်ချက်ကြောင့် သေဆုံးသည်ဟု တထစ်ချ မသိရှိနိုင်စေကာမူ၊ အလိုအလျောက် နာကျင်စေခြင်းဖြစ်စေအောင် ပြုလုပ်သောကြောင့် ရာဇသတ်ကြီး ပုဒ်မ ၃၉၃ မှရာဇသတ်ကြီး ပုဒ်မ ၃၉၄ သို့ ပြောင်း၍ အပြစ်ဒဏ်ချမှတ်သင့်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးဘကြိုင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူများအတွက်။ ။ဦးစိန်မောင်။

တရားသူကြီး ဦးချစ်။ ။ဤရုံးက၊ မောင်ဟန်ကြီးနှင့် မောင်ကျင်မောင်တို့ အပေါ်တွင် ဟံသာဝတီနှင့် ရန်ကုန်ခရိုင် စက်ရှင်တရားသူကြီး၏ ဒုတိယစဉ်ခွဲချက်နှင့် ပတ်သက်၍ ချမှတ်ထားသောအမိန့်မှာ မှန်မမှန် သုံးသပ်ဝေဘန်ရန်ရှိသည်။ ထိုပြင်ဆင်မှု ၂ မှုစလုံးကို တပေါင်းတည်း အမိန့်ချမှတ်မည်။ အမှုအကြောင်းခြင်းရာမှာ အတိုချုပ်အားဖြင့်၊ အောက်ပါအတိုင်းဖြစ်သည်။

၁၃၂၆ ခုနှစ်၊ တန်ခူးလဆုတ် ၆ ရက်နေ့ညနေ ၆ နာရီအချိန်လောက် ခရမ်းမြို့၊ ရွှေပြည်အေး ၁၀ ရပ်ကွက်တွင် မမြခင် (လိုပြ ၁)၊ ကိုစိန် (လိုပြ ၂)၊ မစမ်းကြည် (လိုပြ ၁၉) နှင့် သေသူမောင်ပိုက်တို့နေထိုင်သော စျေးဆိုင်ဖွင့်ထားသည့်အိမ်တွင်၊ လူနှစ်ယောက် ၎င်းအိမ်၏ပိတ်ထားသော ဝင်းတံခါးအပြင်မှနေ၍ ဆေးလိပ်ဝယ်သည်။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှု အမှတ် ၄၁(က)နှင့် ၄၂(က)။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၃ (ဟံ)တွင် ချမှတ်သော ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့စွဲပါ။ ဟံသာဝတီနှင့် ရန်ကုန်ခရိုင် (စက်ရှင်) တရားသူကြီး၏ အမိန့်ကို ပြန်၍ဆင်ခြင်မှု။

ထိုအခါ မမြခင်နှင့် သေသူ မမြခင်၏သား မောင်ပိုက်တို့က၊ ဆေးလိပ်ကို ထိုသူအား သွားရောက်လှမ်းပေးရာ၊ ထိုသူက ငါးသေတ္တာရှိမရှိမေးသည်။ ဤတွင်တံခါးဖွင့်ဟ အော်သံကြားသည်။ မမြခင်သည် လူဆိုးများဖြစ်ကြောင်း သိရသည့်အပြင်၊ ၎င်းတို့ လက်ထဲ၌လည်း သေနတ်များကို တွေ့ရှိရသည်။ မမြခင်၏ ဝင်းတံခါးကို ဆီးတွန်းရာ အိမ်သို့လှည့်အပြန်တွင်၊ လူဆိုးတဦးက သေနတ်နှင့် ပစ်လိုက်ရာ၊ ထိမှန်၍၊ မောင်ပိုက် သည်ပဲ့ချင်းပြီးသေဆုံးသွားရသည်။ မောင်ပိုက်အား ထိမှန်သော ကျည်ဆံသည် တဆင့် ဝင်းထရံမှ ၆ တောင်ကွာ ဘိနပ်ချတ်တွင် ရပ်နေသော မမြခင်၏ယောကျ်ား ကိုစိန်ကို ထိမှန်သည်။ နောက်တခါတဆက်တည်းလိုပင်၊ သေနတ်တချက်ပစ်လိုက်ရာ၊ မမြခင်၏ သမီး မစမ်းကြည်၏ လက်မောင်းကိုမှန်ပြီး၊ ထိုကျည်ဆံသည် ကိုစိန်အား ထိမှန် ပြန်သည်။ မမြခင်က သေနတ်ပစ်သော လူဆိုးတယောက်ကို မှတ်မိသဖြင့်၊ လူစီတန်းပြ ရာတွင်၊ မောင်ကျင်မောင်ကို ဆွဲပြသည်။ မောင်စိန်က ဘိနပ်ချတ်မှနေ၍ နောက် သေနတ်နှင့်ပစ်သော လူဆိုးတယောက်မှာ၊ ယခင်ကသိခဲ့ဘူးသူ မောင်ဟန်ကြီးဖြစ် ကြောင်းသိရသည်။

ဆရာဝန် ဦးစိုး၀ (လိုပြ ၁၁) ၏ သက်သေထွက်ချက်အရ၊ မောင်ပိုက်တွင် နောက်ကျောမှနေ၍ ကျောအရှောဘက်သို့ထွက်သော သေနတ်ဒဏ်ရာတခု တွေ့ရှိ ကြောင်း၊ ထိုသေနတ်ဒဏ်ရာမှာ အမှန်မခုပဲ့ချင်းပြီး သေဆုံးရမည်ဖြစ်သည်။

လျှောက်ထားခံရသူများဖြစ်သော၊ မောင်ဟန်ကြီးနှင့် မောင်ကျင်မောင်တို့အပေါ် တွင်၊ လုယက်မှုကျူးလွန်ရန် အားထုတ်မှုဖြင့်၊ ရာဇသတ်ကြီးပုဒ်မ ၃၉၃ အရ၊ ပြစ်မှု မြောက်၍၊ အလုပ်နှင့်ထောင်ဒဏ် ၇ နှစ်စီပေးလိုက်သောအမှုမှာ၊ အောက်ရုံး ပညာရှိ တရားသူကြီးက၊ ၎င်းတို့အပေါ်တွင်၊ မမြခင်နှင့် မောင်စိန်တို့က၊ ၎င်းတို့အား ၃တ်မိရုံ မှတ်မိလိုက်သည်ဟူသော သက်သေထွက်ချက်များအပြင်၊ ၎င်းတို့အပေါ်တွင် ငြိစွန်းသော အခြားအကြောင်းခြင်းရာများကို တွေ့ရှိသဖြင့်၊ ၎င်းတို့သည် ပြစ်မှု ကျူးလွန်သူများဖြစ်သည်ဟု ယူဆထားချက်ကို ကျွန်ုပ်လက်ခံသည်။ သို့ရာတွင် ဤပြင်ဆင်မှု၌ စဉ်းစားရန်ရှိသော အချက်မှာ လုယက်မှုကျူးလွန်ရန် အားထုတ်ရာ၌၊ လူတယောက်သေ၍၊ အခြားသူနှစ်ယောက် ဒဏ်ရာရရှိသော အကြောင်းခြင်းရာဖြစ် သည်။

လျှောက်ထားခံရသူများ၏ ပညာရှိ ရှေနေကြီး ဦးစိန်မောင်က၊ ယခုအမှုတွင် အမှုအကြောင်းခြင်းရာနှင့် ပတ်သက်၍လည်း၊ လျှောက်လဲချက်ပေးသွားသည်။ ၎င်းမှာ လျှောက်လဲခွင့်ရှိသည်။ ၎င်းက ဤအမှုတွင် မျက်မြင်သက်သေဆိုသူများဖြစ်သော၊ မမြခင်နှင့် မောင်စိန်တို့၏ သက်သေထွက်ချက်များကို မယုံကြည်ထိုက်ပါ။ ၎င်းတို့သည် လူဆိုးများက လက်နက်များဖြင့် လုယက်မှုကျူးလွန်မည်ကို သိရသဖြင့်၊ အလွန်

B

၁၉၆၆ ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်ဟန်ကြီး၊ မောင်ကျင် မောင်။

ကြောက်ရွံ့တုံလှုပ်နေသောကြောင့်၊ လူဆိုးများသည် မည်သူမည်ဝါများဖြစ်ကြောင်း သိစွမ်းနိုင်စရာအကြောင်း မရှိပါ။ အောက်ရုံးပညာရှိတရားသူကြီးက၊ အခြားဘေးဘန်း အကြောင်းခြင်းရာများကို ထည့်သွင်းပြီး၊ ထိုအကြောင်းခြင်းရာများသည်၊ လျှောက်ထားခံရသူများအပေါ် ငြိစွန်းသည်ဟု ယူဆခြင်းမှာ၊ မတရားပါ။ ထို့ကြောင့် လျှောက်ထားခံရသူများအပေါ် ဒဋ္ဌာသံသယကင်းရှင်းမှု မရှိသဖြင့်၊ ၎င်းတို့အား တရားသေ လွှတ်ထိုက်ပါသည်ဟု လျှောက်လဲသွားသည်။

ပညာရှိ အစိုးရရွှေနေကြီး ဦးဘကြိုင်က၊ ဤအမှုမှာ မောင်ပိုက်ကို သေနတ် ဒဏ်ရာရ၍ သေဆုံးစေပြီး၊ ကိုစိန်နှင့် မစမ်းကြည်တို့အား ဒဏ်ရာရစေအောင် ပြုလုပ်ခြင်းမှာ၊ လျှောက်ထားခံရသူ မောင်ဟန်ကြီးလော၊ သို့မဟုတ် လျှောက်ထားခံရသူ မောင်ကျင်မောင်လောဟု သေချာစွာ စွဲဆိုနိုင်ခြင်းရှိမည်မဟုတ်ပါ။ သို့ဆုတွင် ၎င်းတို့၏လက်ချက်ဖြင့်၊ လူတယောက်သေ၍ နှစ်ယောက်ဒဏ်ရာရရှိသောကြောင့်၊ မည်သူ့လက်ချက်ကြောင့် မောင်ပိုက်သေဆုံးရသည်ကို မသိရစေကာမူ၊ လုယက်မှုကျူးလွန်ရန် အားထုတ်ရာ၌၊ တဦးတယောက်အား အလိုအလျောက် ပြင်းထန်စွာ ဒဏ်ရာရရှိအောင် ပြုလုပ်ရာကျပါသည်။ လူတဦးသေမှုနှင့် ပတ်သက်၍ တိုက်ရိုက် မည်သည့်လျှောက်ထားခံရသူက ပြုလုပ်သည်ကို သေချာစွာ မစွဲဆိုနိုင်သော်လည်း၊ နာကျင်စေမှုအနေဖြင့်၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ အရ၊ အရေးယူအပြစ်ပေးထိုက်ပါသည်ဟု တင်ပြသွားသည်။

ကျွန်ုပ်သည်၊ ဤအမှုကိုအသေးစိတ်သုံးသပ်ဝေဘန်ရာ၌၊ တွေ့ရှိရသည်မှာ၊ လုယက်မှုကို ကျူးလွန်ရန် အားထုတ်မှုကတမူ၊ ယင်းသို့ကျူးလွန်ရန် အားထုတ်ရာ၌၊ သေသူ မောင်ပိုက်အား၊ မည်သည့်လျှောက်ထားခံရသူများ၏ လက်ချက်ကြောင့် သေဆုံးသည်ဟု တထစ်ချ မသိရှိနိုင်စေကာမူ၊ အလိုအလျောက် နာကျင်စေခြင်းဖြစ်စေအောင် ပြုလုပ်သောကြောင့်၊ အစိုးရရွှေနေကြီး တင်ပြသည့်အတိုင်း၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ သို့ပြောင်း၍ အပြစ်ဒဏ်ချမှတ်သင့်သည်ဟု ယူဆသည်။ လျှောက်ထားခံရသူများ၏ ပညာရှိ ရွှေနေကြီး တင်ပြချက်မှာ၊ အမှုတွဲတွင်ပေါ်လွင်သည့် အချက်အလက်နှင့် ညီညွတ်ခြင်း မရှိသောကြောင့်၊ ၎င်း၏တင်ပြချက်ကို လက်မခံနိုင်ပေ။ အမှန်မှာ၊ ရာဇသတ်ကြီးပုဒ်မ ၃၉၃ နှင့် ပြင်းထန်စွာနာကျင်စေမှု ရာဇသတ်ကြီးပုဒ်မ ၃၂၆ တို့ပေါင်းစပ်လိုက်လျှင်၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြစ်လာမည်။

ထို့ကြောင့် ဤပြင်ဆင်မှုတွင်၊ မူလအမှု၌ ရာဇသတ်ကြီးပုဒ်မ ၃၉၃ အရ၊ အပြစ်ဒဏ်ချမှတ်ခြင်းအပြင်၊ ရာဇသတ်ကြီးပုဒ်မ ၃၂၆ အရပါ ပူးတွဲ၍၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ သို့ပြင်ဆင်ပြီး အပိန့်ချမှတ်လိုက်သည်။

သို့ဖြစ်၍ လျှောက်ထားခံရသူများအပေါ်တွင်၊ ရာဇသတ်ကြီးပုဒ်မ ၃၉၃ အရ၊ ထောင်ဒဏ် ၇ နှစ်ချမှတ်ခြင်းကို၊ ကျွန်ုပ်သည် ဆက်စပ်လျက်ရှိသော အယူခံမှုများတွင်

အတည်ပြုပြီးဖြစ်ရကား၊ ယခုတွေ့ရှိရသော ပြင်းထန်စွာနာကျင်စေမှုအနေဖြင့်၊ ရာဇ သတ်ကြီးပုဒ်မ ၃၉၄ သို့ပြောင်း၍ အပြစ်ဒဏ်ချမှတ်မည်။ ထိုရာဇသတ်ကြီးပုဒ်မ ၃၉၄ မှာ၊ ကျူးလွန်သောသူအား၊ တသက်တကျွန်းဒဏ်ဖြစ်စေ၊ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀ နှစ်အထိဖြစ်စေ ချမှတ်ရမည်။ ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းချက် ရှိရကား၊ ကျွန်ုပ်သည် လျှောက်ထားခံရသူများအပေါ် တောင်ဒဏ် ၇ နှစ် အသီးသီး ကျခံစေရန်ကို တိုးမြှင့်ပြီး၊ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်အထိ အသီးသီးကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်
ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် ရှေ့တွင်

† ၁၉၆၆ ဖေဖော်ဝါရီလ ၁၈ ရက်။

မခင်ညွန့် (ပြင်ဆင်ရန် လျှောက်ထားသူ)

နှင့်

ဦးချစ်ဆိုင် (ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

တရားစီရင်ခြင်း—တရားမျှတမှုပေါ် လွှဲကြောင်း အများပြည်သူတို့မြင်စေခြင်း။

ဆုံးဖြတ်ချက်။ ။မူလရုံးက တရားစီရင်ရာတွင် အဆင့်ဆင့်ဆောင်ရွက်ရမည့် ကိစ္စအဝဝကို မပြုလုပ်ဘဲ အမှုကို အကျဉ်းနည်းအားဖြင့် စစ်ဆေးခဲ့ခြင်းကြောင့် အကြောင်းအချက်မှန် မပေါ်ပေါက်ဘဲ၊ တရားစီရင်ရေး လမ်းကြောင်း ချွတ်ချော်လွဲမှားသွားသည်လည်း ဖြစ်နိုင်သည်။ တရားစီရင်သည်ဆိုရာ၌၊ တရားမျှတမှုကို ပြုပုံ နှင့်မပြီး၊ တရားမျှတမှုပြုကြောင်း နှစ်ဖက်အမှုသည်များနှင့် တကွ အများပြည်သူကို မြင်စေရသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးဘကြိုင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။မောင်ချစ်ဆိုင်က၊ ၎င်းအား ဆံပင်ဆွဲပြီး မေးနှင့် ပါးစပ်တို့ကို ထိုးကြိတ် ရိုက်နှက်ပါသည်ဟု မခင်ညွန့်က တိုင်တန်းခဲ့သဖြင့်၊ ရဲစခန်းက ရာဇသတ် ပုဒ်မ ၃၅၅ အရ၊ လက်ခံပြီးနောက် အမှုကို ၂၀ ရာဘက် ရာဇဝတ် တရားသူကြီးရုံးက စစ်ဆေး ဆုံးဖြတ်ခဲ့သည်။ ပညာရှိ တရားသူကြီးသည်၊ အမှုကို အကျဉ်းနည်းဖြင့် စစ်ဆေး၍၊ တရားခံက၊ အပြစ်ရှိကြောင်းဝန်ခံသဖြင့် ဒဏ်ငွေကျပ် ၃၀ တပ်ရိုက်ခဲ့သည်။ မိမိအား၊ မစစ်ဆေးဘဲ၊ နောက်ကွယ်၌ တရားခံအား စစ်ဆေးကာ ဒဏ်ငွေကျပ် ၃၀ မျှကိုသာ၊ တပ်ရိုက်သည်ကို မကျေနပ်သဖြင့် မခင်ညွန့်က၊ ရန်ကုန်မြို့ ပညာရှိ ခရိုင် ရာဇဝတ် တရားသူကြီးသို့ တိုင်းတန်းခဲ့သည်။ ရုံးက အမှုတွဲကို ခေါ်ယူစစ်ဆေးကာ အမှုစစ်ဆေးရာတွင် ချို့ယွင်းချက်များ တွေ့ရှိနေသဖြင့်၊

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၁၅၀ (ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၂၀၅ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် နေ့စွဲပါ၊ ရန်ကုန်မြို့ ၂၀ ရာဘက်ရာဇဝတ် တရားသူကြီး (အထူးအာဏာရ) ၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

F-1!

၂၀ ရာဘက် ရာဇဝတ် တရားသူကြီး၏ အမိန့်ကို ပယ်ဖျက်၍၊ သင့်တော်သော ရုံးတရုံးက၊ ပြန်လည်စစ်ဆေးစေရန်၊ အမိန့်ချမှတ် သင့်ကြောင်း ထောက်ခံ၍၊ ပညာရှိခရိုင် ရာဇဝတ် တရားသူကြီးက အမှုတွဲကို ဤရုံးသို့ ပေးပို့ခဲ့သည်။ ထိုသို့ ထောက်ခံအစီရင်ခံသည်မှာ မခင်ညွှန့်က တိုင်တန်းပြီး ရက်ပေါင်း အနည်းငယ် အတွင်း၌ပင် ဖြစ်ခဲ့သည်။ ထိုကြောင့် မခင်ညွှန့်၏ တိုင်တန်းချက်ကို ဆောလျင်စွာ အရေးယူ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

မူလရုံးက မခင်ညွှန့်နှင့် တကွ၊ ၎င်းပြလိုသော သက်သေများကို စစ်ဆေးရမည်။ ထို့ပြင်၊ ဆရာဝန်ကိုလည်း စစ်ဆေး၍၊ မခင်ညွှန့်တွင် မည်သို့သော ဒဏ်ရာများ ရသည် မရသည်စသည်ကို သုံးသပ်ရမည်။ ထိုသို့အဆင့်ဆင့်ဆောင်ရွက်ရမည်တို့ကို မပြုလုပ်ဘဲ၊ အမှုကို အကျဉ်းနည်းအားဖြင့် စစ်ဆေးခဲ့ခြင်းကြောင့် အကြောင်း အချက်မှန် မပေါ်ပေါက်ဘဲ၊ တရားစီရင်ရေး လမ်းကြောင်း ချွတ်ချော်လွဲမှား သွားသည်လည်း ဖြစ်နိုင်သည်။ တရားလို အတ္ထိလည်း၊ မိမိပြောဆိုတိုင်တန်းလိုသည်တို့ကို၊ ရုံးတွင် အပြည့်အစုံ ပြောဆိုခွင့် မရသဖြင့် မကြေ မနပ် ဖြစ်ရသည်။ တရားစီရင်သည် ဆိုရာ၌၊ တရားမျှတမှုကို ပြုရုံနှင့် မပြီး၊ တရားမျှတမှုကို ပြုကြောင်း၊ နှစ်ဘက် အမှုသည်များနှင့် တကွ၊ အများပြည်သူကို မြင်စေရသည်။

အထက်ပါ အကြောင်းတို့ကြောင့် ပညာရှိ ခရိုင် ရာဇဝတ် တရားသူကြီး၏ ထောက်ခံချက်ကို လက်ခံ၍၊ ၂၀ ရာဘက် ရာဇဝတ် တရားသူကြီး၊ အမိန့်ကို ပယ်ဖျက်လိုက်သည်။ အမှုကို ပညာရှိ ခရိုင် ရာဇဝတ် တရားသူကြီးက သင့်တော်သည်ဟု ယူဆသော အခြား ရာဇဝတ်ရုံး တရုံးသို့ လွှဲပြောင်းပေးပို့၍၊ အသစ် တဖန် စစ်ဆေးစီရင်ရန် ဖြစ်သည်။ မူလမှုကို စစ်ဆေးခဲ့သော တရားသူကြီးသည်၊ သဘောရိုးဖြင့် အလုပ်များသည့် အကြားက ဤသို့ မှားယွင်းခဲ့ရခြင်း ဖြစ်ပါလိမ့်မည်ဟု၊ ပညာရှိခရိုင်၊ ရာဇဝတ် တရားသူကြီးက၊ မှတ်ချက် ပြုသည်ကိုလည်း လက်ခံသည်။

နိုင်ငံတော်တရားရုံးချုပ်
ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်နှင့် တရားသူကြီး ဦးချစ်တို့ ရှေ့တွင်

၁၉၆၆ ခု၊ မည္ဆန့်ခင် ပါ ၂ (ပြင်ဆင်ရန် လျှောက်ထားသူမျှား)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

ဖေဖော်ဝါရီလ ၁၈ ရက်။

မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ အက်ဥပဒေပုဒ်မ ၂၇ (၁)—မှားယွင်းသည့် အဖူခံဘက်ဆိုင်ရာ အမိန့်—ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁ (က) နှင့် အညီ ဆောင်ရွက်ရန်—ဆရာဝန်အယောင် ဆောင်ခြင်းရှိမရှိ—ယစ်မျိုးအက်ဥပဒေပုဒ်မ ၃၃ (က) အရ၊ အပြစ်ရှိမရှိ။

ဆုံးဖြတ်ချက်။ ။ဤရုံးအယူခံဘက်ဆိုင်ရာမှ ချမှတ်သောအမိန့်မှာ အမှုတွဲတွင်ပေါ်လွင်သည့် အကြောင်းခြင်းရာများအရ မှားယွင်းနေသည်ဟု တွေ့ရှိရကား ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁ (က) နှင့် အညီ ပြုလုပ်ဆောင်ရွက်ရန် ဝတ္တရားရှိသည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားခံက မိမိသည် မှတ်ပုံတင်ဆရာဝန်မဟုတ်ပါဟု အတိအလင်း ထွက်ဆိုသည်။ သက်သေများကလည်း သူသည်မှတ်ပုံတင်ဆရာဝန်မဟုတ်ဟူ၍လည်း သိကြသည်။ လူနာများကို ဆေးထိုးပေးခြင်း၊ ဆေးကုသခြင်း ပြုလုပ်ရာ၌၊ ဆရာဝန်ယောင်ဆောင်၍ ပြုလုပ်ခြင်းကို မတွေ့ရှိရ။ ဝေဒနာခံစားနေသော လူနာများကို ပျောက်ကင်းစေလိုသော စေတနာဖြင့် မိမိလက်ဝယ်ထားရှိသော ဆေးပြန်ချောင်း၊ ဆေးအပ်များနှင့် ထိုးဆေးများကို အသုံးပြု၍ ထိုးပေးရုံမျှနှင့် မှတ်ပုံတင်ဆရာဝန်အယောင်ဆောင်သည်ဟု မဆိုနိုင်။

သို့သော် တရားခံတွင် ယစ်မျိုးအက်ဥပဒေပုဒ်မ ၃၃ (က) က တားမြစ်ထားသော ပန်းများ မိမိလက်ဝယ် အခွင့်တစုံတရာမရရှိဘဲ ထားရှိခြင်းကြောင့် ယစ်မျိုးအက်ဥပဒေပုဒ်မ ၃၃ (က) အရ အပြစ်ပေးရန်သာရှိသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။မည်သူမှမလာရောက်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးလှသင်း။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားသူ အမှတ် (၁) မည္ဆန့်ခင်၏ ယောကျ်ား၊ လျှောက်ထားသူ အမှတ် (၂) ဦးဖိုးမိုန်၏ သား မောင်ကျော်လှိုင် အပေါ် ဟသံဒတမြို့ ၁ ရာဘက် ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၁၅ တွင်၊

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁ (က)။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၁၅ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့စွဲပါ၊ ဟသံဒတမြို့ ၁ ရာဘက်ရာဇဝတ်တရားသူကြီး၏အမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၆၆

မည္သန္ခင္ ပါ ၂ နွင့္ ပြည္ေထာင္စု မြန္မာနိုင္ငံ။

၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ အက်ဉ်ပဒေကို ဒုတိယ အကြိမ် ပြင်ဆင်သည့် အက်ဉ်ပဒေ ပုဒ်မ ၂ ဖြင့် ပြင်ဆင်ထားသော ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ အက်ဉ်ပဒေ ပုဒ်မ ၂၇ (၁) အရ၊ ပြစ်မှုမြောက်သည်ဟု ယူဆ၍၊ မောင်ကျော်လှိုင်အား အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၅ နှစ် ကျခံစေရန် ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့က အမိန့် ချမှတ် ခဲ့သည်။

ထိုအမိန့်ကို မောင်ကျော်လှိုင်က၊ မကြေနပ်သဖြင့် ဤရုံး ၁၉၆၅ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၇၉ တွင်၊ အယူခံဝင်လာခဲ့သည်။ ပညာရှိ တရားသူကြီး ဦးထွန်းတင်က၊ ယင်းအယူခံမှုကို ကြားနာပြီးလျှင်၊ ၁၉၆၅ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် အကျဉ်းနည်းအားဖြင့် ပလပ်လိုက်သည်။

ထိုအမိန့်ကို မောင်ကျော်လှိုင်၏ ဇနီး မည္သန္ခင်နှင့် ဖခင် ဦးဖိုးမှိန်တို့က မကြေနပ်ကြသဖြင့် ဤအမှုကို ပြန်လည် စီစစ်ပြီး တရား အမှန်သို့ ရောက်ရှိလာရန် မေတ္တာရပ်ခံထားသည်။

ဤရုံးက တရားအမှန် ရရှိရေးနှင့် တရားမျှတမှု ဖြစ်စေရန် လျှောက်ထား သူတို့၏ မေတ္တာ ရပ်ခံချက် အတိုင်း ဤပြင်ဆင်မှုကို ဖွင့်၍၊ အစိုးရ ရှေ့နေကြီး ဦးလှသင်းအား ကျွန်ုပ်ဘို့ ကြားနာသည်။

ပညာရှိ အစိုးရ ရှေ့နေကြီးက အောက်ရုံး အမှုတွဲကို လေ့လာ သုံးသပ်ရာ၌ တွေ့ရှိရသည်မှာ၊ မောင်ကျော်လှိုင်သည်၊ မှတ်ပုံတင်ဝင် ဆရာဝန် မဟုတ်ဘဲလျက် မှတ်ပုံတင်ဝင် ဆရာဝန် အယောင်ဆောင်သည် ဟူ၍၊ သက်သေ ထွက်ချက် မရှိပါ၊ မောင်ကျော်လှိုင်ကလည်း၊ သူသည် ဆရာဝန် ဖြစ်ပါသည် ဟူ၍လည်း မည်သည့် သက်သေကိုမျှ မပြောခဲ့ပါ၊ သို့ရာတွင် သူ့၌ ရုံးတွင် သက်သေခံ တင်ထားသော သက်သေခံ ပစ္စည်း အများ အပြား လက်ဝယ် ထားရှိသည်မှာ မငြင်းနိုင်ပါ။ လူနာကို အပ်ဖြင့် ဆေးထိုးပေးခြင်း ပြုလုပ်သည်မှာလည်း အငြင်း မထွက် နိုင်ပါ။ မိမိကိုယ်ကို မိမိ မှတ်ပုံတင်ဝင် ဆရာဝန် ဖြစ်ပါသည်ဟူ၍၊ ပြောမပြ၊ တရားလို ဘက်မှ ပြသော သက်သေများကလည်း၊ သူသည် မှတ်ပုံတင်ဝင် ဆရာဝန် ဖြစ်ပါသည် ဟူ၍လည်း မယူဆကြ၊ မြန်မာပြည် ယစ်မျိုး အက်ဉ်ပဒေ ပုဒ်မ ၁၃ တွင် တားမြစ်ထားသော ပစ္စည်းများကို အခွင့် မရဘဲ လူနာများအား ဆေးထိုးပေးခြင်း အားဖြင့် အသုံးပြုခြင်းကြောင့် မောင်ကျော်လှိုင်သည်၊ မှတ်ပုံတင်ဝင် ဆရာဝန် မဟုတ်ဘဲ၊ မှတ်ပုံတင် ဆရာဝန် အယောင်ဆောင်သည်ဟူ၍ မဆိုနိုင်ပါ။ ထို့ကြောင့် အောက်ရုံးက ဆေးဘက်ဆိုင်ရာ အက်ဉ်ပဒေ ပုဒ်မ ၂၇ (၁) အရ၊ ပြစ်မှု ကျူးလွန်သည်ဟု တွေ့ရှိပြီး အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၅ နှစ် ကျခံစေခြင်းမှာ မှားယွင်း ပါသည်။ ထိုနည်းအတူ ဤရုံးအယူခံမှုတွင် ပညာရှိ တရားသူကြီး ဦးထွန်းတင်က၊ အောက်ရုံး၏ အမိန့်ကို

၁၉၆၆
—
မည္သို့ခင် ပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အတည်ပြု၍၊ အယူခံကို အကျဉ်းနည်းအားဖြင့် ပလပ် လိုက်ခြင်းမှာလည်း မှားယွင်းပါသည်။ ထို့ကြောင့် ထိုဥပဒေ အရ၊ ပြစ်မှုတွေ့ရှိခြင်းနှင့် ပြစ်ဒဏ် ချမှတ် ခြင်းတို့ကို ပယ်ဖျက်ပြီး ၎င်းအစား၊ မောင်ကျော်လှိုင် အပေါ် မြန်မာပြည် ယစ်မျိုး အက်ဥပဒေ ပုဒ်မ ၃၃ (က) အရ၊ အပြစ် ပေးသင့် ပါသည်ဟု တင်ပြလေသည်။

ကျွန်ုပ်တို့သည်၊ ဤအမှုကို အသေးစိတ် ဝေဘန် သုံးသပ်ကြသည်။ ဤရုံးသည် တရားအမှန် ရရှိရေးနှင့် တရားမျှတမှု ဖြစ်စေရေးတို့ကို၊ မီးရှူးတန်ဆောင် ပမာ၊ အမြဲက ရှေ့ရှု၍ ဆောင်ရွက်နေသော ရုံးဖြစ်သည်။ ဤရုံး အယူခံဘက် ဆိုင်ရာမှ ချမှတ်သော အမိန့်မှာ အမှုတွဲဘွင် ပေါ်လွင်သည့် အကြောင်းခြင်းရာများ အရ၊ မှားယွင်းနေသည်ဟု ထွေရှိရကား၊ ကျွန်ုပ်တို့သည်၊ ခုံရုံးအနေဖြင့် ပြင်ဆင်ရန် လိုသည်ဟု ယူဆသည့် အတိုင်း ရာဇဝတ် ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၁ (က) နှင့် အညီ ပြုလုပ်ဆောင်ရွက်ရန် ဝတ္တရား ရှိသည်ဟု ယူဆသည်။

အစိုးရ ရှေ့နေကြီး တင်ပြသည့် အတိုင်း၊ မှန်ကန်သည်ဟု တွေ့ရှိရသည်။ မောင်ကျော်လှိုင်က မိမိသည်၊ မှတ်ပုံတင်ဝင် ဆရာဝန် မဟုတ်ပါဟု အတိ အလင်း ထွက်ဆိုသည်။ သက်သေများကလည်း၊ သူသည် မှတ်ပုံတင်ဝင် ဆရာဝန် မဟုတ်ဟု ဟူ၍လည်း သိကြသည်။ လူနာများကို ဆေးထိုးပေးခြင်း၊ ဆေးဝါး ကုသခြင်း ပြုလုပ်ရာ၌၊ ဆရာဝန်ယောင်ဆောင်၍၊ ပြုလုပ်ခြင်းကို မတွေ့ရှိရပေ။ ဝေဒနာ ခံစားနေသော လူနာများကို ပျောက်ကင်းစေလိုသော စေတနာဖြင့် မိမိလက်ဝယ် ထားရှိသော ဆေးပြွန်ချောင်း၊ ဆေးအပ်များနှင့် ထိုးဆေးများကို အသုံးပြု၍၊ ထိုးပေးခဲ့မှုနှင့် မှတ်ပုံတင်ဝင် ဆရာဝန် အယောင်ဆောင်သည်ဟု မဆိုင်နိုင်ပေ။

ထို့ကြောင့် အောက်ရုံးနှင့် ဤရုံး အယူခံဘက် ဌာနမှ မောင်ကျော်လှိုင်အပေါ် မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၂၇ (၁) အရ၊ ပြစ်မှုမြောက်သည်ဟု တွေ့ရှိရသဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၅ နှစ် ကျခံစေရန် အမိန့်ကို ကျွန်ုပ်တို့ အတည် မပြုနိုင်။ ထိုအမိန့်ကို ကျွန်ုပ်တို့ ပယ်ဖျက်ပြီး၊ မောင်ကျော်လှိုင်တို့အား တရားသေ လွှတ်ရန် အမိန့် ချမှတ် လိုက်သည်။

သို့သော်၊ မောင်ကျော်လှိုင်တွင် ယစ်မျိုး အက်ဥပဒေ ပုဒ်မ ၃၃ (က) တားမြစ် ထားသော ပစ္စည်းမျိုး မိမိလက်ဝယ် အခွင့် တစုံတရာ မရရှိဘဲ၊ ထားရှိခြင်းသည်၊ မောင်ကျော်လှိုင်၌ တာဝန်ရှိပေသည်။ ထို့ကြောင့် ၎င်းကို ယစ်မျိုး အက်ဥပဒေ ပုဒ်မ ၃၃ (က) အရ၊ အပြစ်ပေးရန် ရှိသည်။ အောက်ရုံးက ထိုအက်ဥပဒေ ပုဒ်မ ၃၃ (က) အရ စွဲချက်တင်ထားခြင်း မရှိသော်ငြားလည်း၊ မောင်ကျော်လှိုင်သည်၊ မိမိလက်ဝယ်၌ တရားဝင် ခွင့်မပြုသော ဆေးကိရိယာ တန်ဆာပလာများ ထားရှိသည့် အတွက်၊ မိမိအပေါ် အရေးယူ ထားကြောင်းကို သိရှိပြီး ဖြစ်သည်။ ထို့ကြောင့်

ယခုကဲ့သို့ စွဲချက်ကို ပြောင်း၍ အပြစ်ပေးခြင်းမှာ မောင်ကျော်လှိုင် အပေါ် တရား မျှတမှု ကင်းမဲ့ခြင်း ဖြစ်ပါးလိမ့်မည် မဟုတ်ပေ။

၁၉၉၆ မည္ဆန့်ခင် ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အထက်ပေါ်ပြပါ အကြောင်းများကြောင့် မောင်ကျော်လှိုင်သည်၊ မြန်မာပြည် ယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၃ (က) အရ၊ ပြစ်မှုမြောက်သည်ကို တွေ့ရှိရသဖြင့်၊ ၎င်းအား မူလရုံးက အမိန့်ချမှတ်သည့် ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့မှစ၍၊ ထောင်ဒဏ် ၆ လ ကျခံစေရန် အမိန့် ချမှတ် လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

† ၁၉၆၆

ဖေဖော်ဝါရီလ ၁၁ ရက်။

မောင်ချင်းနောင် ပါ ၃ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၄အရမူပြစ်ထင်ရှား စီရင်ခြင်း — ညအချိန်အသံဖြင့်မှတ်မိသည်ဟုဆိုခြင်း — ၎င်းအချက်မှာ တရားခံများအပေါ် အပြစ်ပေးနိုင်လောက်အောင် ခိုင်လုံသည်ဟုဆိုနိုင်မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလို ဇီးကွက်နှင့် ပတ်သက်၍ ၎င်းကသတ္တိရှိရင် လာခဲ့ဟုခေါ်သော အသံကိုမှတ်မိသည်ဟု သက်သေ ၃ ဦးတို့က ဆိုထားသည်မှာမှန်သည်။ သို့ရာတွင် ညအချိန်၌ အသံဖြင့် မှတ်မိသည်ဆိုသောအချက်မှာ တရားခံများအပေါ် အပြစ်ပေးနိုင်လောက်အောင် ခိုင်လုံသည်ဟု မဆိုနိုင်။

မောင်အောင်ခင်နှင့် အစိုးရ၊ အေ၊ အိုင်၊ အာ(ရှ်)၊ ၁၉၃၇၊ ရန်ကုန်၊ စာ ၄၀၇ ကို ရည်ညွှန်းသည်။

အယူခံတရားလိုများအတွက်။ ။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးနှစ်။

တရားသူကြီး **ဦးသက်ဖေ**။ ။အယူခံ တရားလိုများအပေါ် ရာဇသတ်ပုဒ်မ ၃၀၂/၃၄ အရ အလုပ်ကြမ်းနှင့် ထောင် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သော သရက်မြို့ ဒုတိယအထူး (ရာဘက်စက်ရှင်) တရားသူကြီး၏ စီရင်ချက်ကို မကြေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်လေသည်။

အမှုဖြစ်ပွါးပုံအထွူးပွတ္တိအကျဉ်းချုပ်မှာ၊ လွန်ခဲ့သည့် ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ည ၈ နာရီခန့်အချိန်တွင် သရက်ခရိုင်၊ အောင်လံမြို့အပိုင်၊ မြက်ရုံးလေးရွာနေ သေသူ ထွန်းရွှေသည် ၎င်း၏အဖော် များဖြစ်ကြသည့် မောင်ညီရွှင် (လိုပြ ၄)၊ ညီသိန်းအောင် (လိုပြ ၅) တို့နှင့်အတူ အယူခံတရားလိုများထံမှ ရရန်ရှိသည့်

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၅၆၊ ၅၇၊ ၅၈။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၇ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့စွဲပါ၊ သရက်မြို့၊ ဒုတိယအထူးတရားသူကြီး၏အမိန့်ကို အယူခံမှု။

ဖဲကြေးငွေကိုတောင်းရန် တိုင်ပင်နေစဉ်, မောင်တက်ပြား (လိုပြ ၃) ဆောက်လာပြီး ၎င်းကိုယ်တိုင် ဖဲကြေးတောင်းပေးမည်ဖြစ်၍၊ ထွန်းရွှေနှင့် ညီရွှင်တို့ မလိုက်ခဲ့ကြရန် တားကာ၊ ညီသိန်းအောင်ကိုခေါ်၍ အယူခံတရားလိုတို့ရှိရာ ရွာမြောက်ပိုင်းသို့ ထွက်ခဲ့လေသည်။ ရွာထဲတွင် ကိုဘိုးကြည်အိမ်ရှေ့ လမ်းပေါ်၌ အယူခံတရားလို မောင်ဇီးကွက်နှင့် မောင်လော (ခံပြ ၅) တို့ကို တွေ့သဖြင့် ၎င်းတို့နှင့်အတူထိုင်နေခိုက်၊ အောင်ချစ် (ခံပြ ၄)၊ ဘိုဖြူ (လိုပြ ၆)နှင့် ၎င်း၏ညီ မောင်ပုတို့သည် အယူခံတရားလို ချင်းနောင်အား ရွာလမ်းအတိုင်း ခေါ်လာကြသည်ကို တွေ့ရလေသည်။ ၎င်းတို့လူစုသည် ညိုမောင် (ခံပြ-၆)၏ အိမ်ရှေ့သို့ရောက်သောအခါ ဘိုဖြူက အယူခံတရားခံ ချင်းနောင် ထံတွင် ဖဲကြေးငွေတောင်းဆုမှအစ ဘိုဖြူနှင့် အယူခံတရားလို ချင်းနောင်တို့ စကားများကြသောကြောင့်၊ အောင်ချစ်၊ မောင်လောနှင့် ညိုမောင်တို့က ဖြန်ဖြေလိုက်ရလေသည်။

ထိုနောက် ညီသိန်းအောင်သည် ထွန်းရွှေနှင့် ညီရွှင်တို့ဆဲသို့ပြန်သွားပြီး ဖဲကြေးငွေတောင်း၍ မရခဲ့ကြောင်း ပြောပြလေသည်။ ထိုအခါ ထွန်းရွှေသည် ဒေါသထွက်လျက် ဖဲကြေးမပေးရင် နေရပါမလားဟု ပြောဆိုကာ၊ ကိုင်းခုတ်ခါးကိုကိုင်လျက် အယူခံတရားလိုဘို့ရှိရာ ရွာမြောက်ပိုင်းသို့ အပြေးထွက်လာလေသည်။ ၎င်း၏နောက်မှ ညီရွှင်နှင့် ညီသိန်းအောင်တို့လည်း လိုက်ခဲ့လေသည်။ ယင်းသို့ ၎င်းတို့သုံးဦး အပြေးအလွှားသွားကြသည်ကိုတွေ့သဖြင့် မောင်တက်ပြားလည်း ၎င်းတို့နောက်မှပင် ပြေးလိုက်ခဲ့လေသည်။

ထွန်းရွှေသည် ကိုညိုမောင်အိမ်ရှေ့သို့ရောက်သောအခါ အိမ်ရှေ့ရှိ လူမျှားအား အယူခံတရားလို ချင်းနောင် ဘယ်သွားသလဲဟုမေးကာ၊ ချင်းနောင်အိမ်ဘက်သို့ ပြေးသွားစဉ် ကိုညိုစိမ့် အိမ်ရှေ့မှ "ဇီးကွက်ဟေ့၊ သတ္တိရှိရင်လာခဲ့" ဟု အော်သံကြားရသောကြောင့်၊ အော်သံကြားရာသို့ ပြေးသွားရာ၊ ကိုညိုစိမ့်အိမ်ရှေ့ မကျီးပင်အနောက်နားသို့ရောက်လျှင် ထွန်းရွှေနှင့် လူ ၃ ဦး ထွေးလုံးရစ်ပတ်ကြပြီးနောက်၊ ချွင်ဆိုသောအသံတချက် ထွက်ပေါ်လာလေသည်။ ချက်ခြင်းပင် ထွန်းရွှေနှင့် လုံးနေသူသုံးဦးစလုံး ထွက်ပြေးကြပြီး ထွန်းရွှေသည် ၎င်းတို့နောက်သို့ ၁၅ တောင်ခန့်လိုက်ကာ မှောက်ရက်လဲသွားလေသည်။

ထွန်းရွှေ၏နောက်မှပြေးလိုက်လာသည့်ညီသိန်းအောင်က ညီရွှင်နှင့်မောင်တက်ပြားတို့အား ထွန်းရွှေကို လုပ်သွားတဲ့လူမျှားမှာ အယူခံတရားလိုများပင် ဖြစ်မှာဘဲဟု ပြောဆိုလေသည်။ ထိုနောက် မှောက်ရက်လဲနေသည့် ထွန်းရွှေအား ကြည့်ရှုရာ သေဆုံးလျက်ရှိသည်ကို တွေ့ရသဖြင့် အောင်လံမြို ပြည်သူ့ဆေးရုံသို့ ပို့လိုက်လေသည်။ ဆေးရုံတွင် ဆရာဝန် ဦးငွေထွန်း (လိုပြ ၁၀) က ထွန်းရွှေ၏အလောင်း၌ လက်ျာဘက်

A

၁၉၆၆ မောင်ချင်းနောင် ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ကျိုင်းအောက်တွင် ရင်ခေါင်းထိနက်သော ဒဏ်ရာတခုတွေ့ရသည့်အပြင် နံရိုး ၃ ချောင်း ကျိုးပြီး လက်ျာဘက် အဆုတ်ပေါက်သွားသည်ကို တွေ့ရလေသည်။ ထိုဒဏ်ရာမှာ ဖြစ်တတ်သောသဘောအရ သေစေခြင်းဖြစ်တန်ရာသည့် ဒဏ်ရာဖြစ်ကြောင်း ဆရာဝန် ကထွက်ဆိုခဲ့လေသည်။

အခင်းဖြစ်ပွါးသည့်ည ၁၀ နာရီအချိန်ခန့်တွင် အယူခံတရားလို ချင်းနောင်၏ ယောကျ်မဖြစ်သူ ဦးစန်၀ (လိုပြ ၁၂)က သူကြီး ဦးဘိုးစိန် (လိုပြ ၅) ထံသို့သွားရောက်ပြီး ချင်းနောင်အား ညီရွှင်နှင့် စိန်ကုလားတို့က ခါးနှင့်ခုတ်၍ လက်တွင်ဒဏ်ရာ ရကြောင်းတိုင်ကြားခဲ့၍၊ ညီရွှင်နှင့် စိန်ကုလားတို့အား ရာဇသတ်ပုဒ်မ ၃၂၄ အရ ဒုတိယအထူးတရားသူကြီးရုံး၌ပင် တရားစွဲဆိုခဲ့ရာ ၎င်းတို့အား တရားရှင်လွှတ်ခဲ့ပြီး ဖြစ်လေသည်။

ဤအမှုတွင် ပညာရှိ အောက်ရုံးတရားသူကြီးသည် မောင်တက်ပြား၊ ညီရွှင်နှင့် ညီသိန်းအောင်တို့၏ ထွက်ဆိုချက်များအပေါ် မှုတည်လျက် အယူခံတရားလိုတို့အပေါ် အပြစ်ပေးခဲ့ခြင်း ဖြစ်သည့်အလျောက်၊ ၎င်းတို့၏ ထွက်ချက်များကို ဆန်းစစ်ကြည့်ရှုရန် လိုပေသည်။ မောင်တက်ပြားက ထွန်းရွှေသည် ဇီးကွက်ကိုဆဲပြီး ကိုညိုစိမ့်အိမ်ဘက်သို့ ပြေးသွားကြောင်း၊ ထွန်းရွှေနောက်မှ ညီရွှင်နှင့် ညီသိန်းအောင်တို့ လိုက်သွားကြကြောင်း၊ ၎င်းတို့သုံးဦးနောက်သို့ ၎င်းလည်းလိုက်သွားရာ၊ ကိုညိုစိမ့်အိမ်၀တွင် ထွန်းရွှေသည် မှောက်ရက်လဲနေသည်ကိုတွေ့၍ မေးသောအခါ ညီရွှင်နှင့် ညီသိန်းအောင်တို့ နှစ်ယောက်အနက် တယောက်က ဟိုကောင်တွေ လုပ်သွားပြီဟုပြောကြောင်း ထွက်ဆိုသွားသဖြင့် ထွန်းရွှေအား မည်သူက ထိုးလိုက်သည်ဆိုခြင်းကို မောင်တက်ပြားကိုယ်တိုင် မတွေ့မမြင်လိုက်ရကြောင်း ထင်ရှားနေ၏။ ညီရွှင်ကလည်း ထွန်းရွှေကို လုပ်သူမှာ အယူခံတရားလိုများပင် ဖြစ်သည်ဟု ထင်ကြောင်း၊ လူကိုထင်ထင်ရှားရှား မမြင်လိုက်ရကြောင်း ထွက်ဆိုခဲ့သည့်အပြင်၊ အခင်းဖြစ်ပွါးပြီးနောက် လာရောက်မေးမြန်းသည့် ထွန်းရွှေ၏ဘခင် ကိုထွန်းသိန်း (လိုပြ ၁) ကိုလည်း အယူခံတရားလိုတို့ပင် လုပ်သည်ဟု ထင်ကြောင်း ပြောဆိုခဲ့သည်ဟု ဝန်ခံထားရာ၊ ထွန်းရွှေအား မည်သူမည်၀ါက ထိုးခဲ့သည်ဆိုခြင်းနှင့် ပတ်သက်၍ ညီရွှင်ကိုယ်တိုင်လည်း မသိကြောင်း ပေါ်လွင်နေသည်။

ညီသိန်းအောင်က ထွန်းရွှေသည် အယူခံတရားလို သုံးဦးနှင့် လုံးကြသည်ဟု ထွက်ဆိုခဲ့သော်လည်း ညီရွှင်က ၎င်းအားပြန်ခေါ်ပြီး စစ်ဆေးရာတွင် အောက်ရုံးပညာရှိ တရားသူကြီးက မေးသောအခါ မောင်တက်ပြား ရောက်လာပြီးနောက်မေးရာ၊ ညီသိန်းအောင်က "ချင်းနောင်၊ ဇီးကွက်၊ လှစိန်တို့ရှိမှာဘဲ" ဟု ပြန်ပြောခဲ့ကြောင်း ထွက်ဆိုသွားသောကြောင့် ထွန်းရွှေနှင့် လုံးကြသူများမှာ အယူခံတရားလိုတို့ပင် ဖြစ်ကြောင်း စုပ်စွဲသွားသည့် ညီသိန်းအောင်၏ ထွက်ချက်မှာ သံသယမကင်းစရာ

ဖြစ်နေ၏။ အကယ်၍ အယူခံတရားလိုတို့ပင်ဖြစ်ကြောင်း တပ်အပ်သေချာစွာ မြင်ခဲ့ပါမူ ထိုကဲ့သို့ပြောဆိုလိမ့်မည်မဟုတ်ပေ။ ထို့ပြင် အခင်းဖြစ်ပွါးသည့်ညမှာ လပြည့်ကျော် တရက်ဖြစ်၍ လရောင်ရှိသော်လည်း အခင်းဖြစ်ပွါးသောနေရာမှာ မကျီးပင်အနီးဖြစ်၍ ကောင်းစွာ အလင်းရောင် မရှိကြောင်း ထင်ရှားသည်။ ညီသိန်းအောင်ကိုယ်တိုင်က အခင်းဖြစ်ပွါးသောအချိန်တွင် လသည်သစ်ပင်များ မလွတ်တလွတ်တွင် ရှိကြောင်း ဝန်ခံထားသဖြင့်၊ သစ်ပင်ရိပ်များကြောင့် အလင်းရောင်သည် ကောင်းစွာထိန်လင်းခြင်း မရှိသေးကြောင်း ပေါ်လွင်နေသည်။ ၎င်းပြင်တဘ ညီရွှင်နှင့် ညီသိန်းအောင်တို့သည် ထွန်းရွှေ၏နေဝက်မှအတူ ပြေးလိုက်သွားသူဖြစ်ရာ၊ အကယ်၍ ညီသိန်းအောင်က အယူခံတရားလိုတို့အား တွေ့မြင်ခဲ့ရှိမှန်ပါမူ၊ ညီရွှင်လည်း မတွေ့မြင်နိုင်စရာအကြောင်းမရှိ၊ သေသူ ထွန်းရွှေနှင့် အယူခံတရားလိုတို့သည် ဖဲကြေးကိစ္စနှင့် ပတ်သက်၍ တဦးကိုတဦး ရန်စောင်နေကြသည့်အလျောက် လုပ်ခြင်းလုပ်လျင် ၎င်းတို့ပင် ဖြစ်တန်ရာသည်ဟု ညီသိန်းအောင်သည် ထင်ကြေးနှင့် စွပ်စွဲခဲ့ဟန် လက္ခဏာရှိလေသည်။ ထို့ကြောင့် ညီသိန်းအောင်၏ ထွက်ချက်မှာလည်း စိတ်ချလက်ချ လက်ခံရန်မဖြစ်နိုင်ပေ။

အယူခံတရားလို ဇီးကွက်နှင့် ပတ်သက်၍၊ ၎င်းကသတ္တိရှိရှင်လာခဲ့ဟုခေါ်သော အသံကို မှတ်မိသည်ဟု တက်ပြား၊ညီရွှင်နှင့် ညီသိန်းအောင် တို့ကဆိုထားသည်မှာ မှန်သည်။သို့ရာတွင် ညအချိန်၌ အသံဖြင့်မှတ်မိသည်ဆိုသော အချက်မှာ တရားခံများအပေါ် အပြစ်ပေးနိုင်လောက်အောင်ခိုင်လုံသည်ဟုမဆိုနိုင်။ **ဖောင်အောင်ခင်နှင့်အစိုးရ (၁)**တို့ အမှုကိုကြည့်ပါ။

အယူခံတရားလို ချင်းနောင်နှင့် ပတ်သက်၍မူ၊ မြင်းကွယ်နိုင်သော သက်သေ အထောက်အထားတခု ရှိနေ၏။ ထိုသက်သေအထောက်အထားမှာ အခြားမဟုတ်၊ အခင်းဖြစ်ပွါးသည့်ညက ၎င်း၏လက်တွင် ဓါးဒဏ်ရာတချက် ရရှိခဲ့ခြင်းဖြစ်လေသည်။ ၎င်းက ညီရွှင်နှင့် စိန်ကုလားတို့သည် ၎င်းအားဓါးနှင့် ခုတ်သည်ဟု စွပ်စွဲကာ တရားစွဲခဲ့သော်သည်း အောက်ရုံးက စွပ်စွဲခံရသူများအား တရားရှင်လွှတ်ခဲ့၏။ ညီရွှင်သည် တရားလိုတရားခံပြု သက်သေများ ထွက်ချက်အရ ထွန်းရွှေနှင့် မသေမီကစ၍ သေဆုံးပြီးနောက်ပိုင်းအထိ ရှိနေသောကြောင့် အယူခံတရားလို ချင်းနောင်၏ စွပ်စွဲချက်မှာ ယုတ္တိမရှိ၊ အခင်းဖြစ်ပွါးစဉ်က ထွန်းရွှေသည် ကိုင်းခုတ်ဓါးနှင့် မိမိ၏ရန်သူများအား ဝင်ခုတ်ရာ အသံမြည်သွားသည်ကို ထောက်ရှုလျင် ရန်သူသုံးဦးအနက် တဦးတွင် ထိသွားကြောင်း ထင်ရှားသည်။ ယင်းသို့ထိသွားသောသူမှာ အယူခံတရားလို ချင်းနောင်ပင် ဖြစ်ပေသည်။ ထွန်းရွှေနှင့် ရင်ဆိုင်သူများမှာ သုံးဦးဖြစ်သောကြောင့် ထွန်းရွှေတွင်ရသော ဒဏ်ရာသည် အယူခံတရားလို ချင်းနောင်၏ လက်ချက်ကြောင့်ပင်

(၁) အေ၊ အိုင်၊ အာ(ရှ်)၊ ၁၉၃၇ ခုနှစ်၊ ရန်ကုန်၊ စာ ၄၀၇။

၁၉၆၆ ဖြစ်ရမည်ဟု မပြောနိုင်သည့်အလျောက်၊ ထိုးအပေါ် ရာဇသတ်ပုဒ်မ ၃၂၆ အရ အပြစ်ပေးခဲ့သည့် အောက်ရုံးအမိန့်မှာ မှန်ကန်သည်။

မောင်ချင်းနောင် ပါ ၃ နှင့် မြို့ထောင်စု မြန်မာနိုင်ငံ။

အထက်ပါ အကြောင်းရပ်များကြောင့် ဦးဘိုးသင်၏သား အယူခံတရားလို မောင်ဇီးကွက်နှင့် မောင်လှစိန်တို့အပေါ် ရာဇသတ်ပုဒ်မ ၃၂၆/၃၄ အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် ချမှတ်ထားသော အောက်ရုံးအမိန့်ကို ပယ်ဖျက်ကာ ထိုးတို့အား ဤအမှုနှင့်ပတ်သက်၍ တရားသေလွှတ်လိုက်သည်။

အယူခံတရားခံ ချင်းနောင်အပေါ် ရာဇသတ်ပုဒ်မ ၃၂၆ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်ချထားသည့် အောက်ရုံး၏အမိန့်ကို အတည်ပြုကာ ထိုး၏အယူခံကို ပယ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်
ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် ရွှေတင်

မောင်စိုးမြင့် (ပြင်ဆင်ရန် လျှောက်ထားသူ)

နှင့်

မဆွေဆွေအေး (ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

† ၁၉၆၆ ဧနှာဝါရီလ ၂၉ ရက်။

ခရိုင်ရာဇဝတ်တရားသူကြီး၏အမှုကို ပြန်လည်စစ်ဆေးရန်အမိန့်—မူလရုံး၏ဆုံးဖြတ်ချက်သည် ဥပဒေကျင့်ထုံး စသည်တို့နှင့်ဆန့်ကျင်သည်ဟု ယူဆနိုင်မနိုင်—အကျဉ်းနည်းအားဖြင့်စစ်ဆေးသော်လည်း တရားလိုပြသက်သေများကို အပြည့်အစုံကြားနာခဲ့ခြင်း။

ဆုံးဖြတ်ချက်။ ။အမှုအကြောင်းခြင်းရာတို့ကို ထောက်ရှုလျှင် မူလရုံး၏ ဆုံးဖြတ်ချက်သည် ဥပဒေကျင့်ထုံး စသည်တို့နှင့်ဆန့်ကျင်သည်ဟု မယူဆနိုင်။ စီရင်ပိုင်ခွင့်အာဏာကို သုံးစွဲ၍ အမှုကို အကျဉ်းနည်းဖြင့် စစ်ဆေးသော်လည်း တရားသူကြီးသည် တရားလိုနှင့် ၎င်းတင်ပြသော သက်သေများကို အပြည့်အစုံ ကြားနာခဲ့သည်မှာ ထင်ရှားသည်။ နှစ်ဖက်ရွေနေကြီးများ၏ လျှောက်လဲချက်များကို ကြားနာပြီးနောက်မှ အမှုမထင်ရှားဟု ဆုံးဖြတ်ခြင်းဖြစ်သည်။ ထို့ကြောင့် အမှုကို ပြန်လည်ဖွင့်လှစ်စစ်ဆေးရန် အမိန့်ကို ပယ်ဖျက်လိုက်သည်။

မောင်တင်လှနှင့် မြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂ (ခ) ကို ရည်ညွှန်းသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးမြင့်စိုးနှင့်ဦးဘစိန်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဒေါ်ကြည်ကြည်ဝင်း။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။လျှောက်ထားသူ မောင်စိုးမြင့်အပေါ်တွင် လျှောက်ထားခံရသူ မဆွေဆွေအေးက ပျော်ဘွယ်မြို့ ပဌမရာဘက် ရာဇဝတ်တရားသူကြီးရုံးတွင် ရာဇသတ်ကြီးပုဒ်မ ၄၅၆ အရ ညှဉ့်အခါ ပုံးလျှိုးအိမ်ကျော်နင်းမှုဖြင့် စွဲဆိုခဲ့သည်။ တိုင်ချက်ဖွင့်ရာတွင် မဆွေဆွေအေးက အချင်းဖြစ်ည ၉ နာရီခွဲခန့်တွင် ၎င်းနေထိုင်ရာဆောင်အိမ်ခန်း၌၎င်းနှင့်အပေါ်မနှင်းမြိုင်တို့ ရှိနေကြ

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၉၁ (ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၄၂ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဇွန်လ ၂၅ ရက် နေ့စွဲပါ ပျော်ဘွယ်မြို့၊ ပဌမရာဘက်ရာဇဝတ်တရားသူကြီး၏အမိန့်ကို ပြင်ဆင်မှု။

စဉ် ယခင်ကသိသူ မောင်စိုးမြင့် အိမ်ခန်းသို့ဝင်လာသည်။ မောင်စိုးမြင့်သည် ပြန်ထွက်ခိုင်းသည်ကို မလိုက်နာ၊ မဆွေဆွေအေးကို လက်ဆဲ့သဖြင့် လက်တွင်ဒဏ်ရာများရသည်။ အတန်ကြာမှ မောင်စိုးမြင့်သည် အရက်မူးလဲသွားသဖြင့် မဆွေဆွေအေးတို့က ဆေးရုံတာဝန်ကျ ဦးထွန်း၊ ဆရာဝန်ဦးဆက်ထွားတို့နှင့် မောင်စိုးမြင့်ကို ဆဲ့ထုတ်ကာ ရဲဌာနသို့သွားရောက်တိုင်တန်းရသည်။ ထိုသို့ပင် တိုင်ချက်၌ စွဲဆိုထားသည်။

ပညာရှိတရားသူကြီးက တရားလို၊ တရားခံနှင့် ၎င်းတို့၏ရှေ့နေများရှေ့တွင် အမှုကို အကျဉ်းနည်းအားဖြင့် စစ်ဆေးမည်ဟု ဆုံးဖြတ်၍ မဆွေဆွေအေးနှင့်မနှင်းမြို့၊ ဦးထွန်း၊ ဦးဆက်ထွား တို့ကိုစစ်ဆေးသည်။ ထို့နောက်စွဲချက်တင်သင့် မတင်သင့် နှစ်ဘက် လျှောက်လဲချက်များကို ကြားနာပြီးနောက်၊ အမှုမထင်ရှားဟု ဆုံးဖြတ်ကာ မောင်စိုးမြင့်အားတရားရှင်လွှတ်လိုက်သည်။

ထိုအမိန့်ကို မကြေနပ်သဖြင့် မဆွေဆွေအေးက ခရိုင်ရာဇဝတ် တရားသူကြီးရုံးသို့ သွားရောက်ကာ အမှုကို ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်ပါမည့်အကြောင်းပြင်ဆင်မှုဖွင့်လှစ်၍ လျှောက်ထားခဲ့သည်။ ပညာရှိ ခရိုင် ရာဇဝတ်တရားသူကြီးက မူလရုံး တရားသူကြီးသည် မိမိ၏ ကိုယ်ပိုင်ဉာဏ်ဆင်ခြင် ဆုံးဖြတ်ချက်ဖြင့်အမှုကို အကျဉ်းနည်းစစ်ဆေးခဲ့သည်မှန်သော်လည်း ယေဘုယျအားဖြင့်ဆိုလျှင် လွယ်ကူရှင်းလင်း၍ တဘက်နှင့်တဘက် ပြင်းပြင်းထန်ထန် အပြိုင်အဆိုင် မပြူသည့်အမှုမျိုးကိုသာ ရွေးချယ်စစ်ဆေးသင့်ကြောင်း။ ဤအမှုတွင်မူ နှစ်ဘက်အပြင်းအထန် ပြိုင်ဆိုင်နေသည့်အပြင် နှစ်ဘက်အမှုသည်များသည် ပြည်သူ့ ဝန်ထမ်းများ ဖြစ်ကြ၍ အချင်းဖြစ်ကာလနှင့် ဒေသမှာလည်း မဆွေဆွေအေး၏ လုပ်ငန်းအချိန်နှင့် လုပ်ငန်းဌာန ဖြစ်ခဲ့သဖြင့် အကျဉ်းနည်းအားဖြင့် စစ်ဆေးရလောက်အောင် လွယ်ကူသောအမှု မဟုတ်။ ထို့ကြောင့် အကျဉ်းနည်း မစစ်ဘဲ သာမန်စစ်ဆေးလျှင် ပိုမိုရှင်းလင်းထိရောက်ပြီး နှစ်ဘက်အမှုသည်များလည်း သံသယ ကင်းရှင်းစွာ လက်ခံကြမည်ဖြစ်၍ အမှုကို ပြန်လည် စစ်ဆေးစီရင်ဆုံးဖြတ်စေဟုအမိန့်ချမှတ်ခဲ့သည်။

မောင်စိုးမြင့်က ထိုအမိန့်ကို ပြင်ဆင်ပေးရန် ဤရုံးသို့ လျှောက်ထားသည်။ ပညာရှိရွှေနေကြီးဦးမြင့်စိုးက မူလရုံးသည် အမှုကို အကျဉ်းနည်းအားဖြင့် စစ်ဆေးနိုင်ခွင့်ရှိကြောင်းကို ခရိုင်ရာဇဝတ်တရားသူကြီးက လက်ခံပြီးဖြစ်ပါသည်။ နှစ်ဘက်အမှုသည်များနှင့် ၎င်းတို့၏ရှေ့နေကြီးများ ရှေ့မှောက်တွင် အကျဉ်းနည်းဖြင့် စစ်ဆေးရန် တရားသူကြီးက ဆုံးဖြတ်ခဲ့ခြင်းဖြစ်၍ မဆွေဆွေအေးက မကြေနပ်လျှင် ထိုသို့စစ်ဆေးခြင်းကို ကန့်ကွက်နိုင်ခဲ့ပါသည်။ သို့ရာတွင် ထိုသို့မကန့်ကွက်။ မဆွေဆွေအေးကိုယ်တိုင် သက်သေခံပြီး တင်ပြရန်ရှိသော သက်သေအားလုံးကို တင်ပြပြီးနောက်မှ အမှုရှုံးသောကြောင့် ထပ်မံစစ်ဆေးပေးရန် တောင်းခံခြင်းသည် တရားမဝင်ပါ။ မျှတခြင်းနှင့်

လည်းဆန့်ကျင်ပါသည်။ မူလရုံး ပညာရှိတရားသူကြီးက ရှင်းလင်းလွယ်ကူသော အမှုကို အကျဉ်းနည်းစစ်ဆေးခြင်းအားဖြင့် အမှုများကို မှန်မှန်နှင့် မြန်မြန် စီရင်ဆုံးဖြတ်ရမည်ဟူသော တော်လှန်ရေး အစိုးရ၏မူနှင့် ကိုက်ညီစွာ ဆောင်ရွက်ရောက်ပါသည်။ ထို့ပြင် မူလရုံးက တွေ့ရှိပြီးဖြစ်သည့်အတိုင်း မဆွေဆွေအေးနှင့် မောင်စိုးမြင့် တို့သည် အကျမ်းဝင်သူများ ဖြစ်ကြပါသည်။ မဆွေဆွေအေးက မောင်စိုးမြင့်ထံ ရေးသားခဲ့သော စာများကို အမှုတွဲတွင် သက်သေခံတင်သွင်း ထားသည်ကိုတွေ့ရပါလိမ့်မည်။ ထိုစာများကို ဖတ်ရှုလျှင် မူလရုံးကမှတ်ချက်ချသည့်အတိုင်း နှစ်ဘက်အမှုသည်များသည် အကျွမ်းဝင်သူများ ဖြစ်ကြောင်း ထင်ရှားပါသည်ဟု တင်ပြပါသည်။

မဆွေဆွေအေး၏ ပညာရှိမေးနေကြီး ဒေါ်ကြည်ကြည်ဝင်းက အမှုသည်များသည် ယခင်က အကျွမ်းတဝင်ဆက်ဆံခဲ့ကြဘူးသည်ကိုမငြင်း။ စာပေးစာယူပြုလုပ်ခဲ့သည်မှ ထင်ရှားသော်လည်း စာများသည် ရိုးရိုး သားသားဖြစ်ပါသည်။ အချင်းဖြစ်သည့်ညက မောင်စိုးမြင့်သည် ဆေးရုံဝင်းအတွင်းသို့ ချဉ်းနင်း ထင်ရောက်ကာ မဆွေဆွေအေးနေရာအခန်းသို့ ခွင့်မရဘဲ ဝင်ရောက်ခြင်းဖြစ်သည့်အတွက် အိမ်ကျော်နင်းမှု ကျူးလွန်ရာရောက်သည်။ မူလရုံးက အမှုကို အကျဉ်းနည်းအားဖြင့် စစ်ဆေးခြင်းဖြင့်၎င်း၊ မြန်မြန်ထက်ထက် စစ်ဆေးခဲ့ခြင်းကြောင့်၎င်း၊ အမှုမှန်မပေါ်၊ တရားမျှတခြင်းမဖြစ်ခဲ့ပါ။ ထို့ကြောင့် ခရိုင်ရုဇတ် တရားသူကြီးက အမှုကိုသာမန်နည်းဖြင့် ပြန်လည်စစ်ဆေးစေရန် အမိန့်ချမှတ်ခြင်းကို ပယ်ဖျက်ရန် မသင့်ပါဟု လျှောက်လဲသည်။

ပညာရှိ အစိုးရရွှေနေကြီး ဦးတိုးမောင်က အမှုကို သာမန်နည်းဖြင့် စစ်ဆေးခဲ့လျှင်ပို၍ အထောက်အထားအပြည့်အစုံ အမှုတွဲပေါ်တွင် ပေါ်လွင်နိုင်ပါသည်။ ယခုမူသက်သေခံချက်များ အမှုတွင်မပါရှိပါ။ သို့ရာတွင် မူလရုံးက အမိန့်တွင် ဖော်ပြထားသောအချက်အလက်တို့သည် မှားယွင်းသည် မဟုတ်မမှန်ပါဟူ၍ကား အဆိုမရှိပါဟု လျှောက်လဲသည်။ ဤရုံးက မည်သည့် အမှုမျိုးကို အကျဉ်းနည်းအားဖြင့် စစ်ဆေးသင့်သည်ဟူ၍ မှတ်ချက်များ **ချမှတ်ထားသည်ကို မောင်တင်လှနှင့် မြည့်ထောင်စု မြန်မာနိုင်ငံအမှု** (၁)တွင် အောက်ပါကဲ့သို့ ပါရှိကြောင်း ပညာရှိအစိုးရရွှေနေကြီးက ညွှန်ပြသည်။

"အကျဉ်းနည်း**နှင့်စစ်ဆေး**သော အမှုများသည် သာမန်အားဖြင့် ဆိုလျှင် လက်ပူးလက်ကြပ် **မိသောကိစ္စမျိုး**၊ ထွေထွေထူးထူး အငြင်းပွါးရန် မရှိသော ကိစ္စမျိုးများနှင့် ပိုမိုဆီလျော်သင့်တော်သည်။ ဥပမာအားဖြင့်ဆိုလျှင် လမ်းပေါ်၌ ဖြစ်ပွါးသော မော်တော်ယာဉ် ဥပဒေ စည်းကမ်းချက်များကို ချိုး

(၁) ၁၉၆၅ ခုနှစ်၊ ရုဇတ် ပြင်ဆင်မှုအမှတ် ၂ (ခ)၊

၁၉၆၆

မောင်စိုးမြင့်
နှင့်
မဆွေဆွေအေး။

ဖေါက်သည့် ကိစ္စသေးမျှား၊ အရေးကြီးသော ကုန်ပစ္စည်းမျှား ဆိုင်ရာဥပဒေအရ ထုတ်ပြန်ထားသော အမိန့်မျှားကိုချိုးဖေါက်၍တားမြစ်ထားသည့် အရေးတကြီး ကုန်ပစ္စည်းမျှားကို သတ်မှတ်သော စည်းကမ်းချက်မျှားနှင့် ဆန့်ကျင်၍သယ်ယူခြင်း၊ သိုလှောင်ထားရှိခြင်း စသည်မျှား။ ထိုကဲ့သို့သော အမှုမျိုးမျှားဥ်အကျယ်အငြင်းပွါးဖွယ်လည်း မရှိ၊ ဥပဒေ၊ သို့မဟုတ် အမိန့်စည်းကမ်းချက်မျှားနှင့် ဆန့်ကျင်သည်၊ မဆန့်ကျင်သည်ကိုသာ အကျဉ်းနည်းဖြင့် စစ်ဆေး၍ အမှုမျှားကို ဆုံးဖြတ်စီရင်နိုင်သည်။ ဤအမှုဥ်မူ မောင်တင်လှကို လက်ပူး လက်ကြပ်မိခဲ့သည်လည်းမဟုတ်။ သက်သေတဦး အပြောဖြင့်သာ ပြစ်မှု ကျူးလွန်သည်ဟု ၎င်းအပေါ် တွင် အဆုံးအဖြတ်ပေးခဲ့ခြင်း ဖြစ်သည်။ ၎င်းကထုချေ တင်ပြသော သက်သေမျှားကိုလည်း ရုံးက လက်မခံဘဲ ငြင်းပယ်ခဲ့သည်။"

ပညာရှိခရိုင် ရာဇဝတ်တရားသူကြီးက အထက်ပါမှတ်ချက် မျှားနှင့် အလားတူ မှတ်ချက်ပြု၍ မဆွေဆွေအေး၏ အမှုကို သာမန်နည်းဖြင့် စစ်ဆေးခဲ့လျှင် ပို၍ သင့်လျော်မည်ဟု ဆိုခြင်းသည် မှားယွင်းသည်ဟု မဆိုသာချေ။ သို့ရာတွင် မောင်တင်လှ၏ အမှုနှင့် ဤအမှုကွာခြားချက်တို့မှာ မောင်တင်လှက ၎င်းတင်ပြလိုသော သက်သေမျှားကို ရုံးကလက်မခံ ငြင်းဆိုခဲ့ကြောင်း၊ တရားလိုသက်သေအချို့ကို စစ်ဆေးမှတ်တမ်းတင်ရာ၌ ၎င်းတို့မပြောဘဲ ပြောသည်ဟု မှတ်တမ်းတင်ခဲ့ကြောင်း စသည်ဖြင့် ပြင်ဆင်မှုတွင် တင်ပြခဲ့သည်။ ဤအမှုတွင်ကား မဆွေဆွေအေး ကိုယ်တိုင်နှင့် ၎င်း၏သက်သေအားလုံး အပြည့်အစုံရုံးတွင် သက်သေခံနိုင်ခဲ့ကြသည်။ အမှုကို အကျဉ်းနည်းဖြင့် စစ်ဆေးခြင်းသည် ရုံး၏စီရင်ပိုင်ခွင့်အတွင်း ကျရောက်သည်ဟူသည့် အချက်မှာလည်း ထင်ရှားပြီးဖြစ်သည်။ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၆၀ တွင် ရာဇသတ်ပုဒ်မ ၄၅၆ အရ စွဲဆိုသော ပြစ်မှုမျိုးကို အကျဉ်းနည်းအားဖြင့် စစ်ဆေးနိုင်သည်ဟု အတိအလင်း ဖေါ်ပြထားသည်။ ဤအမှုပါ အဖြစ်အပျက်မျှားသည် ရှုပ်ထွေးလှသည်မဟုတ်။ မောင်စိုးမြင့်အား အရက်မူး၍ လဲနေရာမှ ဆွဲငင်ခေါ်ထုတ်ကာ ၎င်းအပေါ် တိုင်တန်းခဲ့ကြခြင်းဖြစ်သည်။

မူလရုံး၏ အမိန့်တွင် အချင်းဖြစ်စဉ်က မဆွေဆွေအေးနှင့် အတူရှိသည်ဟု ၎င်းကိုယ်တိုင်က ပြခဲ့သော မနှင်းမြိုင်က မောင်စိုးမြင့်သည် မဆွေဆွေအေးကို အသိပေးဝင်လာသည်။ ထမင်းအိုးတလုံးချက်ခန့် ထိုင်၍ နှစ်ယောက်သား ရည်းစားစကားပြောကြသည်။ ထို့နောက်မှ မဆွေဆွေအေးက တရားခံကို စိတ်ဆိုးပြီး တွန်းပစ်ရာ တရားခံလဲသွားသည် စသည်ဖြင့် မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ တရားခံလဲနေသည်မှာလည်း အခန်းထဲတွင် မဟုတ်။ အခန်း အပြင်ဝရံတာတွင် ဖြစ်ကြောင်းကို

ဦးထွန်းနှင့် ဦးဆက်ထွားတို့၏ ထွက်ဆိုချက်အရ ထင်ရှားကြောင်း တရားသူကြီးက အမိန့်တွင်မှတ်တမ်းတင်ထားသည်။ ထိုကဲ့သို့ သက်သေထွက်ချက်တို့ကို မှတ်တမ်းတင်ထားခြင်းသည် မမှန်မကန်ပါဟူ၍ မဆွေဆွေအေးက မဆိုပေ။ ၎င်း၏ပညာရှိ ရှေနေကြီးကလည်း အမှုကို မြန်မြန်စစ်၍ အပြီးသတ်အမိန့်ချလိုက်သည်ဟုသာဆိုခြင်း ဖြစ်သည်။ မိမိတို့တင်ပြစရာ သက်သေများ အပြည့်အစုံမတင်ပြရသဖြင့် အမှုကိုဆုံးဖြတ်လိုက်သည်ဟူ၍ကား မဆိုနိုင်ပေ။

အထက်ပါ အကြောင်းတို့ကို ထောက်ရှုလျှင် မူလရုံး၏ ဆုံးဖြတ်ချက်သည် ဥပဒေကျင့်ထုံးစသည်တို့နှင့် ဆန့်ကျင်သည်ဟု မယူဆနိုင်။ စီရင်ပိုင်ခွင့် အာဏာကိုသုံးစွဲ၍ အမှုကိုအကျဉ်းနည်းဖြင့် စစ်ဆေးသော်လည်း တရားသူကြီးသည် တရားလို့နှင့် ၎င်းတင်ပြသော သက်သေများကို အပြည့်အစုံ ကြားနာခဲ့သည်မှာ ထင်ရှားသည်။ နှစ်ဘက် ရှေနေကြီးများ၏ လျှောက်လဲချက် များကို ကြားနာပြီးနောက်မှ အမှုမှထင်ရှားဟု ဆုံးဖြတ်ခြင်းဖြစ်သည်။ နှစ်ဘက် အမှုသည်များ သည်လည်း အကျမ်းဝင်ခဲ့သူများဖြစ်၍ တရားလိုက အမှုဖွင့်လှစ်တိုင်တန်းခဲ့သည်မှာ ဒေါသလည်းထွက်၊ ရှက်လည်းရှက်၍ ဖြစ်တန်ရာသည်။ ထို့ကြောင့် ၎င်းတို့နှစ်ဦး၏ ပဋိပက္ခကို ဆက်လက်၍ ရုံးက စစ်ဆေးနေလျှင် အကြောင်းထူးမည် မဟုတ်။ ၎င်းတို့ အချင်းချင်း ရုံးပြင်တွင် ကြေနပ်ကြေအေးကြရန်သာ မျှော်လင့်ရပေမည်။

အမှုကို ပြန်လည်ဖွင့်လှစ် စစ်ဆေးရန် ပညာရှိခရိုင် ရာဇဝတ်တရားသူကြီးက ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်
ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ် ရွှေတွင်

† ၁၉၆၆

ဖေဖော်ဝါရီလ

မောင်တင်သန်း (ပြင်ဆင်ရန်လျှောက်ထားသူ)
နှင့်
မောင်ထွန်းကြည် (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

ရာဇသတ်ကြီးပုဒ်မ ၄၉၇ လင်ခန်းမယားခန်း၊ တရားဝင်ပြတ်စဲကြောင်း အဆုံးအဖြတ်ပေးရန်။

ဆုံးဖြတ်ချက်။ ။တရားလိုနှင့် တရားလိုဇနီးတို့သည် လင်ခန်းမယားခန်း တရားဝင် ပြတ်စဲပြီ မပြတ်စဲပြီတို့ကို စစ်ဆေး၍ အဆုံးအဖြတ်ပေးရန်မှာ ရာဇဝတ်ရုံးမျာ၏ အာဏာတွင် ကျရောက်နေသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးတင်ရီ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးလင်စိန်လျှောင်။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားသူ (တရားလို) မောင်တင်သန်းက မိမိ မယားဖြစ်သူ မငွေစိန်ကို၊ လျှောက်ထားခံရသူ (တရားခံ) မောင်ထွန်းကြည်က ခိုးယူပေါင်းသင်းပါသည်ဟုဆိုကာ၊ မောင်ထွန်းကြည်အပေါ် ရာဇသတ်ကြီးပုဒ်မ ၄၉၇ အရ အရေးယူပါရန်၊ ရန်ကုန်မြို့၊ တတိယရာဘက်ရာဇဝတ်ဘရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈ တွင် ဦးတိုက်လျှောက်ထားခဲ့လေသည်။ အောက်ရုံးပညာရှိ တရားသူကြီးက နှစ်ဘက်အမှုသည်မျာ၏ သက်သေမျာ်းကို စစ်ဆေးပြီးလျှင်၊ တရားလို မောင်တင်သန်းနှင့် မငွေစိန်တို့၏ လင်ခန်း မယားခန်းမှာ ဆုံးခန်းတိုင်ရောက်ပြီ မရောက်ပြီနှင့် ပတ်သက်၍၊ ရာဇဝတ်ရုံးအနေနှင့် အဆုံးအဖြတ်မပေးလို၊ ထိုကိစ္စနှင့်ပတ်သက်၍ တရားမရုံးကသာလျှင် ရှင်းလင်းရန် ရှိသည်ဟု ယူဆကာ တရားခံမောင်ထွန်းကြည်အား တရားသေလွှတ်ရန် အမိန့်ချမှတ်ခဲ့သည်။

ထိုအမိန့်ကို မောင်တင်သန်းက မကြေနပ်သဖြင့်၊ ဤရုံးသို့ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉ အရ ပြင်ဆင်မှုတင်သွင်းခြင်းဖြစ်သည်။ လျှောက်ထားသူ၏ ပညာရှိ

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၃၂ (ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဇွန်လ ၁၁ ရက် နေ့စွဲပါ၊ ရန်ကုန်မြို့၊ တတိယရာဘက်ရာဇဝတ်တရားသူကြီး၏အမိန့်ကို ပြန်၍ဆင်ခြင်မှု။

ရွှေနေကြီး ဦးတင်ရီနှင့် လျှောက်ထားခံရသူ၏ ပညာရှိရွှေနေကြီး ဦးလင်စိန်လျှောင် တို့ကို ကြားနာသည်။

ပညာရှိရွှေနေကြီး ဦးတင်ရီက လျှောက်ထားသူ မောင်တင်သန်းသည် မင္ဂေစိန်နှင့် တရားဝင်လင်မယားအဖြစ် ပေါင်းသင်းလာသည်မှာ ၁၃ နှစ်မျှရှိပါပြီ၊ သားသမီး ၃ ယောက်လည်း ရခဲ့ပါပြီ၊ မောင်တင်သန်းသည် မယားငယ်ယူသဖြင့် ဇနီးမင္ဂေစိန်နှင့် ကတောက်ကဆ ဖြစ်ကြပါသည်၊ ၎င်းတို့သည် မင္ဂေစိန်၏မိခင်အိမ်၌အတူတကွ နေကြပါသည်။ မင္ဂေစိန်၏ အမေနှင့် မောင်တင်သန်းတို့ ရန်ဖြစ်ကြသဖြင့်၊ မောင်တင်သန်းက ထိုအိမ်မှ ထွက်ခွါသွားပြီး၊ အခြားတနေရာတွင် နေထိုင်ပါသည်၊ သူ၏ယောကျ်ား ဤသို့ထွက်သွားပြီးနောက်၊ မင္ဂေစိန်က ယောကျ်ားထံသို့ သွားလိုက်လာလိုက်ပြုလုပ် နေပါသည်။ ၄၅ ရက်လောက်မလာဘဲနေပြီး၊ နောက် ၄၅ ရက်လောက်ကြာမှ မောင်တင်သန်းသည် မိမိမိန်းမ မင္ဂေစိန်မှာ တရားခံ မောင်ထွန်းကြည်နှင့် ပေါင်းသင်း နေကြောင်း သိရှိရပါသည်။ မင္ဂေစိန်သည် မောင်တင်သန်းနှင့်အတူ မနေဘဲ တကဲ့ တခြားစီနေသော်ငြားလည်း၊ တရားဝင် ကွာရှင်းခြင်း မရှိသေးပါ။ ထိုတရားဝင် ကွာရှင်းခြင်း မရှိသေးသော မိမိ၏မိန်းမ မင္ဂေစိန်ကို တရားခံ မောင်ထွန်းကြည်က ပေါင်းသင်းနေထိုင်ခြင်းဖြစ်သဖြင့်၊ မောင်ထွန်းကြည်သည် ဆုဇသတ်ကြီးပုဒ်မ ၄၉၇ အရ ပြစ်မှုမြောက်ပါသည်။ ၎င်းပြင် အောက်ရုံးက မောင်တင်သန်းနှင့် မင္ဂေစိန်တို့မှာ လင်ခန်း မယားခန်း ပြတ်သည်မပြတ်သည်နှင့် ပတ်သက်၍ ဆုဇဝတ်ရုံးအနေနှင့် အဆုံးအဖြတ်ပေးရန်မဟုတ်၊ တရားမကြောင်းဖြင့်သာလျှင် ရှင်းလင်းရန်ရှိသည်ဆိုပြီး၊ တရားခံ မောင်ထွန်းကြည်အား တရားသေလွှတ်လိုက်ခြင်းမှာ မှားယွင်းပါသည်ဟု လျှောက်လဲသွားသည်။

လျှောက်ထားခံရသူ၏ ပညာရှိရွှေနေကြီးက၊ မောင်ထွန်းကြည်သည် မင္ဂေစိန်နှင့် အင်းစိန်မြို့၊ တရားသူကြီးတဦးရှေ့တွင် လူသိရှင်ကြား ထိမ်းမြားလက်ထပ်စဉ်အခါက မင္ဂေစိန်မှာ ယခင်ယောကျ်ား မောင်တင်သန်းနှင့် ကွဲကွာပြီးဖြစ်ပါသည်။ ထိုကွဲသို့ ကွဲကွာပြီးဖြစ်သည့်အားလျှော်စွာ လွတ်လပ်နေသောကြောင့်၊ မောင်ထွန်းကြည်က မင္ဂေစိန်ကို လက်ထပ်ယူ၍ ပေါင်းသင်းခြင်းမှာ ဆုဇသတ်ကြီးပုဒ်မ ၄၉၇ နှင့် အကျုံး မဝင်ပါ၊ ထို့ကြောင့် အောက်ရုံးက မောင်ထွန်းကြည်အား တရားသေလွှတ်ခြင်းသည် မှန်ကန်ပါသည်ဟု လျှောက်လဲသွားသည်။

ဤအမှုသည် တရားသေလွှတ်သော အမိန့်ကို ဆုဇသတ်ကြီးပုဒ်မ ၄၃၉ အရ ပြင်ဆင်မှုဖြစ်သည်။ ကျွန်ုပ်သည် မောင်တင်သန်းနှင့် မင္ဂေစိန်တို့ လင်ခန်း မယားခန်း တရားဝင် အဆုံးသတ်ရောက်ပြီ မရောက်ပြီနှင့်ပတ်သက်၍၊ မည်သို့မျှမပြောလို။ ဤအမှု၏အကြောင်းခြင်းရာများနှင့် ပတ်သက်၍ ကျွန်ုပ်ဝင်ရောက်စွက်ဖက်လျှင် အောက်ရုံး

၁၉၆၆

မောင်တင်သန်း နှင့် မောင်ထွန်းကြည်။

တရားသူကြီးကိုချုတ်ချယ်ရာကြပေလိမ့်မည်။ ဤလိုကိစ္စမျိုးနှင့်ပတ်သက်၍ ဒန်နာဆင်း နှင့် နိုင်ငံတော် (၁) အမှုတွင် အောက်ပါအတိုင်း အဆုံးအဖြတ်ပေးထားသည်ကို တွေ့ရှိရသည်။

> **" As at present advised, I am, therefore, unable to find that the dissolution of the marriage takes away from the complainant, the right to lodge a complaint, and I, therefore, decline to stay proceedings I do not, however, record any definite finding, as I think that in case of a conviction the convicts may make it as one of their grounds of appeal that the provisions of section 199. Criminal Procedure Code, have not been complied with, and the matter will then be one for the decision of the Appellate Court."**

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၈၈ အရ မယားစရိတ်တောင်းဆိုသော အမှုများတွင်၊ လျောက်ထားသူမိန်းမနှင့် လျောက်ထားခံရသူ ယောကျ်ားတို့သည် တရားဝင် လင်မယားဖြစ် မဖြစ်နှင့် ပတ်သက်၍၊ ရာဇဝတ်ရုံးက စစ်ဆေးပြီး အဆုံးအဖြတ်ပေးကာ၊ တောင်းခံသော မယားစရိတ်ပေးသင့် မပေးသင့် စသည်တို့ကို အမိန့်ချမှတ်ရမည့် နည်းတူ၊ ယခုအမှုတွင်လည်း တရားလိုနှင့် တရားလို၏ဇနီးတို့မှာ လင်ခန်း မယားခန်း တရားဝင်ပြတ်စဲပြီ မပြတ်စဲပြီတို့ကို စစ်ဆေး၍ အဆုံးအဖြတ်ပေးရန်မှာ ရာဇဝတ်ရုံးများ၏ အာဏာတွင် ကျရောက်နေသည်ဟု ယူဆသည်။

ထို့ကြောင့် ဤအမှုကို သက်ဆိုင်သူတို့အား၊ တရားမရုံးသို့ သွားစေ၍ အဆုံးအဖြတ်ကို ရယူရန်ရှိသည့်အတွက်၊ တရားခံ မောင်ထွန်းကြည်အား တရားသေလွတ်သော အမိန့်မှာ မှားယွင်းသည်ဟု ယူဆသည်။ သို့ဖြစ်၍ ထိုတရားသေလွတ်သော အမိန့်ကို ပယ်ဖျက်လိုက်ပြီး၊ ဤအမှုကို ရာဘက်ရာဇဝတ်ဘရားသူကြီး ဦးမောင်မောင်ကြင် မှလွှဲ၍၊ အခြားအာဏာရ ရာဘက်တရားသူကြီး တယောက်ယောက်က အသစ်တဖန် ပြန်စစ်စေရန် အမိန့်ချမှတ်ပြီး၊ အမှုတွဲကို ပြန်ပို့လိုက်သည်။

---

(၁) အော၊ အိုင်၊ အာရ်၊ ၁၉၂၂ ခု၊ လာဟို၊ စာ-၄၇၇ (၄၇၉)။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးချစ် ရှေတွင်

မောင်တင်အေး (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၆

ဇန္နဝါရီလ ၁၅ ရက်။

ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂) အရ၊ မူပြစ်ထင်ရှား စီရင်ခြင်း—တုန်လှုပ်ချောက်ချားနေသော အခြေအနေမျိုးတွင် လူကိုမှတ်မိသည်ဟုဆိုခြင်း—သေခါနီး စွပ်စွဲခဲ့ချက် သုံးသပ်ဝေဖန်ရန် ဟာကွက်များ အကျိုးခံစားခွင့်။

ဆုံးဖြတ်ချက်။ ။လူဆိုးများမှာ သေနတ်များနှင့် ခါးများပါသဖြင့် မတင်ကြည့်မှာ ၎င်း အခါက အလှန်တရာ တုန်လှုပ်ချောက်ချားနေသော အခြေအနေမျိုးရှိသည်မှာ မငြင်းနိုင်ပေ။ ယုံကွဲသို့ အခြေအနေမျိုးတွင် လူကို မှတ်မိလိုက်ပါသည်ဟု ပြောဆိုရုံမျှနှင့် အယူခံ တရားလိုအား၊ အပြစ်ပေးထားခြင်းမှာ စိတ်မချရပေ။

ဂိုလန်မာမက်ခန်၊ အိုင်၊ အယ်(လ်)၊ အာ(ရ်)၊ ၁၉၂၅၊ ပတ္တနာ၊ စာ ၃၂၇။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် **ဦးလှထွန်းဖရွ**၊ ၁၉၅၈ ခု၊ မြန်မာပြည် စီရင်ထုံး၊ တရားလွှတ်တော်ချုပ်၊ စာ ၁၆၀။

မောင်ရွှေ နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ**၊ ၁၉၆၀ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ တရားလွှတ်တော်၊ စာ ၁၄၃ တို့ကို ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ယခင်အမှုများ အလားတူ မတင်ကြည်၏ လူကိုမှတ်မိသည်ဟု စွပ်စွဲခဲ့ချက်မှာ ကျွန်ုပ်အနေနှင့် လက်မခံနိုင်ပေ။ ဒို့ဟာသံသယဖြစ်ဘွယ်ရာများ တွေ့ရှိရသဖြင့်၊ ဤကဲ့သို့ မှတ်မိသည်ဟုစွပ်စွဲခဲ့ရာ၌ ဒို့ဟာသံသယအကျိုးခံစားခွင့်ကို အယူခံတရားလိုကိုသာလျှင် ပေးရပေမည်။

ထပ်မံဆုံးဖြတ်ချက်။ ။သေခါနီးစွပ်စွဲခဲ့ချက်နှင့် ပတ်သက်၍ ထိုစွပ်စွဲခဲ့ချက်ကို ရုံးများက သတိဝိရိယကြီးစွာဖြင့် သုံးသပ်ဝေဖန်ရမည်။

ဘသိန်း၊ ဘ၊ ဘားမားလောတိုင်း(စ်)၊ စာ ၀၄။

ကျင်ဟုတ် နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ** ၁၉၄၉ ခု၊ မြန်မာပြည် စီရင်ထုံး၊ တရားလွှတ်တော်၊ စာ ၁၅၄ တို့ကို ရည်ညွှန်းသည်။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၃၀၇။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၁ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် နေ့စွဲပါ၊ သာယာဝတီမြို့၊ ပဌမ အထူးတရားသူကြီး၏ အမိန့်ကိုအယူခံမှု။

၁၉၆၆

မောင်တင်ထေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ထပ်မံဆုံးဖြတ်ချက်။ ။တရားလိုဘက်မှ အယူခံ တရားလိုအပေါ်တွင် မယ်မယ်ရရ တိကျစွာ စွပ်စွဲထားခြင်း မရှိသဖြင့်၊ တရားလိုဘက်မှ တာဝန်ဝတ္တရားမှာ ချို့ယွင်းနေသည်ဟု တွေ့ရှိရသည်။ အမှုအကြောင်းခြင်းရာနှင့် ပတ်သက်၍လည်း တရားလိုပြသက်သေထူက်ချက်များမှာတသမတ်တည်း ဖြစ်နေသည်ကို မတွေ့ရှိရသဖြင့် တရားလိုဘက်တွင် ဟာကွက်များရှိနေသည်ကို တွေ့ရှိရသည်။ ထိုဟာကွက်များ၏ အကျိုးခံစားခွင့်ကို တရားခံအပေါ် ၌သာတည်ရှိသည်။

ဘင်ဂျမ်မင်ဇေဗီးယား (ခ) မောင်တင်ဝင်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၅၅ ခု၊ မြန်မာပြည် စီရင်ထုံးများ၊ တရားလွှတ်တော်၊ စာ ၁၄၆ ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးမောင်မောင်ခင်။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးနှစ်။

တရားသူကြီး ဦးချစ်။ ။ဤအယူခံမှု ဖြစ်ပေါ်လာသော လူသတ်မှုမှာ လွန်ခဲ့သော ၁၅ နှစ်ခန့်က ဖြစ်ပျက်သည့် အမှု ဖြစ်သည်။ ၁၉၅၀ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့ည ၁၁ နာရီ အချိန်လောက်တွင် သာယာဝတီမြို့နယ် အပိုင် ဂုံမင်းမြောင်ဒေါ်ဆိုင်းအစုရွာ၊ ဒေါ်မယ်သင် (လိုပြ ၂) ၏ နေအိမ်တွင် ဖြစ်ပျက်သည်။ ထိုအချိန်တွင် သာယာဝတီမြို့နယ်၌ ဆိုရှယ်နီမျာနှင့် ကော၊ အင်(နှ) ဒီအိုတို့ သောင်းကျန်း ထကြွနေကြသည်။ သေသူ မောင်ထွေးအောင် သည်၊ ဒေါ်မယ်သင်၏ သမီး မတင်ကြည် (လိုပြ ၁) ၏ ယောကျ်ား ဖြစ်သည်။ မောင်ထွေးအောင်သည်၊ မတင်ကြည်နှင့် လက်ထပ်ပြီး ၇ ရက် အကြာတွင် အသတ်ခံရသည်။ အချင်းဖြစ် ညက ဒေါ်မယ်သင်၊ သမီးမတင်စိန် (လိုပြ ၄)နှင့် တူမ မသောင်းရီ (လိုပြ ၃) တို့သည်၊ ဒေါ်မယ်သင်၏ အိမ် အိပ်ခန်းတွင် အတူ တကွ အိပ်ကြသည်။ သေသူ မောင်ထွေးအောင်နှင့် ဇနီး မတင်ကြည်တို့မှာ အပြင်ဘက်ခန်းတွင် အိပ်ကြသည်။ အိမ်မှာ တထပ်အိမ် ဖြစ်၍ ကြမ်းပျဉ်သည်၊ မြေကြီးမှ လူတရပ်စာလောက် မြင့်သည်။ ည ၁၁ နာရီ အချိန် အိမ်သူ အိမ်သားများ အိပ်ပျော်နေခိုက်၊ ဒေါ်မယ်သင်သည်၊ အိမ်အောက်မှ လူသံကြား၍ နိုးသည်။ ကြမ်းကြားမှလည်း လက်နှိပ် ဓါတ်မီးရောင်များ ပေါ်ထွက်လာသည်ကို တွေ့ရှိရသည်။ ဤတွင် ဒေါ်မယ်သင်သည်၊ အခန်းအပြင်ဘက်သို့ ထွက်၍ အိပ်နေသော သားမက် သေသူ မောင်ထွေးအောင်ကို နှိုး၍၊ အိမ်အောက်တွင် လူဆိုးများ ရောက်ရှိနေကြောင်း ပြောပြီး၊ အိမ်ခန်းထဲသို့ ပြန်ဝင်သွားသည်။ မောင်ထွေးအောင်သည်၊ မတင်ကြည်ကို နှိုးသည်။ ၎င်းအခါက အိမ်အောက်ထပ်မှ ကြမ်းပျဉ်သို့ တခုခုနှင့် ဆောင့်ထိုးသံ ကြားရသဖြင့် မောင်ထွေးအောင်နှင့် မတင်ကြည်တို့သည် ကြောက်ရွံ့၍၊ နောက်ဖေး မီးဖိုဘက်သို့သွားပြီး မီးဖိုတံခါးကို ဖွင့်၍ ထွက်ပြေးရန် ကြံစည် အားထုတ်သည်။ မီးဖိုတံခါး ဖွင့်ပြီး ကပျဉ်အဆင့်မှ မြေကြီးပေါ်သို့ ခုန်ချ

မည်အပြုံတွင် အိမ်မကြီး တံခါးကလန့် ကျသံကြားသည်။ ကပျဉ် အစွန်းမှ နေ၍ မြေကြီးပေါ်သို့ ခုန်ချမည် အပြုံတွင် မြေကြီးပေါ်မှ လူဆိုး တယောက်က လက်နှိပ် ခါတ်မီးနှင့် ထိုးသည်။ ထိုသို့ ထိုးသဖြင့် မြေကြီးပေါ်သို့ ခုန်မချရဲဘဲ ရှိနေစဉ် နောက်မှ နေ၍ အိမ်မကြီး အတွင်းမှ လူဆိုးများက လက်နှိပ် ခါဘ်မီးနှင့် ထိုး၍၊ မပြေးနှင့်ဟု ပြောသည်။ နောက်မှ ထိုးသော လက်နှိပ် ခါတ်မီးရောင်ဖြင့် မြေကြီးပေါ်မှ လက်နှိပ် ခါတ်မီးနှင့် ထိုးသော လူဆိုးမှာ သေနတ်ကိုင်ထားသော တရားခံ မောင်သောင်းမြင့်ဟု မှတ်မိသည်။ မောင်သောင်းမြင့်မှ ထိုးသော လက်နှိပ် ခါတ်မီးရောင်ဖြင့် နောက်ကျောမှ လက်နှိပ် ခါတ်မီးနှင့် ထိုးထားသော သူများမှာ၊ တရားခံ မောင်သောင်းနှင့် တရားခံ မောင်တင်အေးတို့ ကိုယ်စီ ခါးကိုင်လျက် တွေ့ရသည်၊ တင်အေးနှင့် မောင်သောင်းတို့သည် သေသူ ထွေးအောင်ကို ဖက်၍၊ အိမ်အတွင်းသို့ ခေါ်ဆောင်သွားကြသည်။ မတင်ကြည်က နောက်မှ လိုက်လာသည်။ ဤတွင် လူဆိုး တယောက်က၊ မတင်ကြည်ကို ချုပ်သည်၊ သေနတ်သံ တချက် ကြားသော အခါ မတင်ကြည်သည်၊ ကြောက်ရွံ့၍ ဒေါ်မယ်သင် အိပ်သော အိမ်ခန်းထဲသို့ ဝင်ပြေးပြီး ခြင်ထောင်အောက်တွင် ပုန်းခိုနေသည်။ အခန်း အပြင်ဘက် အိမ်မပေါ်မှ ဒုန်းဒုန်း ဒိုင်းဒိုင်း အသံများ ကြားရ၍၊ သေသူမောင်ထွေးအောင်က၊ "သူငယ်လေးသားတင်အေး ငါ့လည်ပင်းကို ခါးနှင့်လှိုး၍ သေပါပြီ" ဟု အော်သံ ကြားသည်။ ထို့နောက် အိပ်ခန်းထဲသို့ သောင်းမြင့် ဝင်လာပြီး "ကောင်မရော၊ ကောင်မရော" ဟု မေးရာ၊ မသောင်းရီ (လိုပြ ၃) က မရှိပါ၊ ထွက်ပြေးပါပြီဟု ပြော၍၊ သောင်းမြင့်က သူ့ကိုပင် လက်နှိပ် ခါတ်မီးနှင့် ထိုးကြည့်သွားသည်။ အသံများ ရပ်စဲသွားပြီး အတန်ကြာသော အခါ၊ ဒေါ်မယ်သင်၊ မဘင်ကြည်၊ မသောင်းရီနှင့် မတင်စိန်ဘို့သည် အိမ်နောက်ဖေးရှိ ကိုလှအိမ်သို့ ထွက်ပြေးကြသည်။ အချင်းဖြစ် အချိန်တွင် အိမ်အတွင်း၌ အလင်းရောင် မရှိ မှောင်နေသည်။ ထိုအချိန်မှာလည်း၊ ကဆုန်လဆန်း ၄ ရက် ဖြစ်သဖြင့်၊ ည ၁၁ နာရီ အချိန်လောက်တွင် လမရှိတော့ပေ။ အပြင်ဘက်၌လည်း မှောင်နေသည်။ မတင်ကြည်တို့ လူစုသည်၊ ကိုလှအိမ်သို့ ရောက်ပြီးလျှင်၊ ငင်းအိမ်မှ ဂိုက် ၁၀၀ လောက် ဝေးကွာသော သေသူ ထွေးအောင်၏ အမေ ဒေါ်ထူးအိမ်သို့ လိုက်ပို့ရန် ပြောသဖြင့် ကိုလှက ဒေါ်ထူးအိမ်သို့ လိုက်ပို့သည်။ ဒေါ်ထူးအိမ်သို့ အရောက်တွင် ရွာမှ လူကြီးများ ရောက်ရှိလာသဖြင့် မတင်ကြည်က၊ ငင်းတို့အား၊ မောင်ထွေးအောင်ကို မောင်သောင်း၊ မောင်သောင်းမြင့် နှင့် မောင်တင်အေးတို့က သတ်ဖြတ်ကြသည်ဟု ပြောပြသည်။ ထို့နောက် ကာကွယ်ရေး လူကြီးများ ရောက်လာ သဖြင့် အိမ်သို့ ပြန်ကြရာ၊ အိမ်ခန်းမတွင် မောင်ထွေးအောင်သည် ခါးဒဏ်ရာများနှင့် သေဆုံးနေသည်ကို တွေ့ရှိရသည်။ မတင်ကြည်က ကာကွယ်ရေး လူကြီးများအား၊ မောင်ထွေးအောင်ကို

၁၉၆၆ မောင်သောင်း၊ မောင်သောင်းမြင့် နှင့် မောင်တင်အေးတို့က သတ်ဖြတ်ကြသည်ဟု တိုင်တန်းသည်။ နောက်တနေ့တွင် မောင်ထွေးအောင်၏ အလောင်းကို သာယာဝတီ ဆေးရုံသို့ ပို့သည်။ တချိန်တည်းလိုပင် မတင်ကြည်က သာယာဝတီ ရဲစခန်းတွင် တိုင်ချက်ဖွင့်သည်။

မောင်တင်အေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

မောင်ထွေးအောင် ကိုယ်ပေါ်တွင် ဓါးခုတ်ရာဒဏ်ရာ ၃ ခု တွေ့ရသည်။ လည်ပင်းတွင် ရရှိသော ဒဏ်ရာမှာ အမှန်မုချ သေရမည့် ဒဏ်ရာဖြစ်သည်။ ထိုဒဏ်ရာများကို ဓါးဖြင့် ပြုလုပ်၍၊ ရရှိနိုင်သည်ဟု ဆရာဝန် ဦးကျော်ဝိုင်း (လိုပြ ၁၁) အဖြစ်၊ သာယာဝတီ ပဌမ အထူး တရားသူကြီးချုံး ၁၉၅၀ ခုနှစ်၊ အထူး အမှုအမှတ် ၁၇ တွင် ထွက်ဆိုထားသည်။ ထိုထွက်ဆိုချက်ကို ဤအမှုတွင် သက်သေခံအမှတ် (ဆ) အဖြစ် လက်ခံထားသည်။

အစုပ်စုံ ခံရသော တရားခံများကို ရွာတွင်လိုက်လံရှာဖွေရာ၊ မတွေ့ရှိရပေ၊ တရားခံများအပေါ် တရားခံပြေး အမှု အနေဖြင့် သာယာဝတီမြို့ (၃) ရာဘက် ရာဇဝတ် တရားသူကြီးရုံး ၁၉၅၀ ခုနှစ်၊ ရာဇဝတ်သေးမှု အမှတ် (၃) ကို ဖွင့်လှစ်၍၊ စစ်ဆေးထားသည်။

၁၉၅၀ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင်၊ တရားခံ မောင်သောင်းသည်၊ သာယာဝတီရဲဌာနာတွင်၊ ဤအမှုနှင့် ပတ်သက်၍ အဘမ်း ခံသဖြင့်၊ ၁၉၅၀ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင်၊ ၎င်းအပေါ် ရဲစွဲချက် ပြုလုပ်သည်။ အမှုစစ်ဆေးရန် သာယာဝတီ ပဌမ အထူးတရားသူကြီးရုံးသို့ တင်သည်။ ၎င်းရုံး၏ ၁၉၅၀ ခုနှစ်၊ အထူးမှု အမှတ် ၁၇ တွင် စစ်ဆေးသည်။ ပညာရှိ အထူး တရားသူကြီးက၊ သေသူ၏ မိန်းမ မတင်ကြည်၏ ထွက်ချက်မှာ မောင်သောင်း အပေါ် ၌ ဒို့ဟာ သံသယ ဖြစ်ဘွယ်ရာ အကြောင်းရှိသည်ဟု ယူဆပြီး၊ ဒို့ဟာ သံသယ၏ အကျိုးကို မောင်သောင်း ခံစေ၍ ၎င်းအား တရားသေ လွှတ်လိုက်သည်။

ထိုသို့တရားသေလွှတ်ခြင်းအမှုနှင့် ပတ်သက်၍၊ အစိုးရဘက်မှ အယူခံမဝင်ပေ။

၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် တရားခံ သောင်းမြင့်က၊ သာယာဝတီရဲဌာနာသို့ လာရောက်၍ ဤအမှုနှင့်ပတ်သက်ပြီး အဘမ်းခံသည်။ ၎င်းကိုသာယာဝတီ ပဌမအထူးတရားသူကြီးရုံး ၁၉၆၃ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၃ ကိုဖွင့်၍ စစ်ဆေးသည်။ ပညာရှိ အထူးတရားသူကြီးက၊ တရားခံ မောင်သောင်းမြင့် အပေါ်မှာလည်း၊ မတင်ကြည်၏ သက်သေထွက်ချက်နှင့် အခြားတရားလိုပြ သက်သေထွက်ချက်တို့မှာ တိကျပြတ်သားမှုမရှိသဖြင့် ဒို့ဟာသံသယဖြစ်ဘွယ်ရာ အကြောင်းရှိသေးကြောင့်၊ ၎င်း ဒို့ဟာသံသယ၏ အကျိုးခံစားခွင့်ကို၊ တရားခံ မောင်သောင်းမြင့်အားပေး၍၊ ၎င်းကို တရားသေလွှတ်လိုက်သည်။ ထိုအမှုနှင့် ပတ်သက်၍ အစိုးရဘက်မှ အယူခံမဝင်ပေ။

၁၉၆၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့က၊ ယခုအယူခံတရားလို မောင်တင်အေးကို ဘမ်းဆီးမိသဖြင့်၊ ၁၉၆၅ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့တွင် အမှုစစ်ဆေးရန် ရုံးသို့တင်ရာ၊ သာယာဝတီ ပဌမအထူးတရားသူကြီးရုံး၊ ၁၉၆၅ ခု၊ ရာဇဝတ်ကြီးမူအမှတ် ၁၁ ကို ဖွင့်၍ စစ်ဆေးသည်။ ထိုသို့စစ်ဆေးရာ၌ တရားလိုပြသက်သေ မတင်ကြည်က၊ တရားခံ မောင်တင်အေးကို ဓါတ်မီးရောင်ဖြင့်မြင်၍ မှတ်မိလိုက်သည်ဟူသော ထွက်ချက်ကို ယုံကြည်သည့်အပြင်၊ သေသူ မောင်ထွေးအောင်က သူ့ကို၊ သူငယ်လေးသား တင်အေး က ဓါးနှင့်လှီးပါသည်ဟု ပြောဆိုသွားချက်ကို၊ မတင်ကြည်နှင့် အိမ်သား တရားလိုပြ သက်သေများက ကြားရသည်ကို အကြောင်းပြု၍၊ သေသူ မောင်ထွေးအောင်ကို သတ်သူမှာ မောင်တင်အေးသာလျှင် ဖြစ်နိုင်သည်ဟု ယူဆပြီး၊ ၎င်းအား အထွေထွေ လွှတ်ငြိမ်းချမ်းသာခွင့်အပိုဒ် ၃ ပြဋ္ဌာန်းချက်နှင့်အညီ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၇ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို အယူခံတရားလို မောင်တင်အေးက မကြေနပ်သဖြင့်၊ ဤရုံးသို့ အယူခံဝင်ခြင်းဖြစ်သည်။

အယူခံတရားလို၏ ပညာရှိ ရှေနေကြီး ဦးမောင်မောင်ခင်က၊ ယခင်က တရားခံ မောင်သောင်းနှင့် မောင်သောင်းမြင့်တို့၏ အမှုတွင် ချမှတ်ခဲ့သော စီရင်ချက်မိတ္တူ များကို တင်ပြပြီးလျှောက်လဲရာ၌၊ အချင်းဖြစ်စဉ်အခါက၊ မတင်ကြည် (လိုပြ ၁)၏ သက်သေထွက်ချက်အရ အလင်းရောင်မရှိ မှောင်နေသဖြင့်၊ လူဆိုးများသည် မည်သူ မည်ဝါဖြစ်ကြောင်းကို မသိနိုင်။ သို့သော် လက်နှိပ်ဓါတ်မီးရောင်ဖြင့်၊ လူဆိုးများမှာ၊ မောင်သောင်း၊ မောင်သောင်းမြင့်နှင့် တင်အေးတို့ ဖြစ်သည်ကို သိရှိရသည်ဟု ထွက်ဆို ထားသည်။ သို့ရာတွင် ၎င်းသက်သေ၏ ထွက်ချက်ကို ယခင်ရုံးများက လက်မခံဘဲ ၎င်း၏ထွက်ချက်သည် တရားခံများအပေါ် ဒို့ဟာသံသယဖြစ်စေသည်ဟု ယူဆကာ မောင်သောင်းနှင့် မောင်သောင်းမြင့်တို့အား၊ အမှုစစ်ဆေးသော တရားသူကြီးအသီး သီးတို့က တရားသေလှတ်ရန် အမိန့်ချမှတ်ခဲ့သည်။ ယခုအမှုတွင်လည်း၊ မောင်သောင်း နှင့် မောင်သောင်းမြင့်တို့အား တရားသေလှတ်သည့် အလားတူ၊ အယူခံတရားလို မောင်တင်အေးကိုလည်း တရားသေလှတ်ရန် ရှိပါသည်။ ဓါတ်မီးရောင်နှင့် အယူခံ တရားလို မောင်တင်အေးကို မှတ်မိသည်ဆိုခြင်းမှာ ယုတ္တိမရှိပါ။ အိမ်အောက်မြေကြီး ပေါ်မှ သောင်းမြင့်က ဓါတ်မီးထိုးသော အရောင်ဖြင့် အိမ်မဘက်မှ နောက်မှနေ၍ ဓါတ်မီးတဖန် ထိုးလိုက်ခြင်းကြောင့်၊ မြေကြီးပေါ်မှထိုးသော ဓါတ်မီးရောင်ဖြင့်၊ အယူခံ တရားလို မောင်တင်အေးကို မှတ်မိနိုင်သည်ဆိုခြင်းမှာ ယုတ္တိမရှိပါ။ ဤအခါတွင် မတင်ကြည်သည် အလွန်တရာမှ တုံလှုပ်ကြောက်ရွံ့နေ၍ ဓါတ်မီးရောင်ဖြင့် မောင်တင်အေးကို မှတ်မိသည်ဆိုခြင်းမှာ အကြောင်းပြ မခိုင်လုံပါ။ ၎င်းပြင် သေသူ မောင်ထွေးအောင်က၊ သူငယ်လေးသား တင်အေးက၊ သူ့ကိုဓါးနှင့် လှီးသည်ဟု

၁၉၆၆

မောင်တင်အေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

သေခါနီး စွပ်စွဲသွားသည်မှာလည်း ယုတ္တိမရှိပါ။ လူတဦးကိုတဦးက အသေအချာ မမြင်နိုင်သည့် အမှောင်ထဲတွင် မည်သူကမည်သူ့ကို မည်ကဲ့သို့ ပြုလုပ်သည်ဆိုခြင်းမှာ သဘာဝမကျပါ။ ထို့ပြင် မောင်တင်အေးက ခါးနှင့်လှီးသည်ဆိုရုံတင်မက၊ မောင်တင်အေး၏အဘော ဦးသူငယ်ကလေး၏ အမည်ကိုပင်ထည့်၍ စွပ်စွဲသွားခြင်း မှာလည်း ယုတ္တိမရှိပါ။ နောက်မှ အကြံပေါ်၍ စွပ်စွဲခြင်းသာ ဖြစ်ပါသည်ဟု ယူဆနိုင်ပါသည်။ ထိုအကြောင်းများကြောင့်၊ မောင်သောင်းနှင့် မောင်သောင်းမြင့်တို့ အလားတူ၊ ဤအယူခံတရားလို မောင်တင်အေး အပေါ်၌လည်း ဒီဟာသံသယမကင်း ဘူယ်ရာအချက်များစွာရှိသဖြင့်၊ ဒီဟာသံသယ၏အကျိုး ခံစားခွင့်ကို ပေးသင့်ပါသော ကြောင့် တရားသေလွှတ်သင့်ပါသည်။ ထို့ပြင် ပညာရှိ ရှေနေကြီးက၊ စီရင်ထုံး အများအပြားကို အကိုးအကားတင်ပြသွားသည်။

အစိုးရဘက်မှ လိုက်ပါဆောင်ရွက်သော ပညာရှိ အစိုးရရှေနေကြီး ဦးနှစ်ကလည်း၊ ဤအမှုတွင် အယူခံတရားလို မောင်တင်အေးအပေါ်၌ သက်သေများ၏ ထွက်ချက် အရ ဒီဟာသံသယဖြစ်ဘူယ်ရာအကြောင်း တွေ့ရှိရပါသည်။ ယခင်တရားခံများနည်းတူ၊ မောင်တင်အေးကိုလည်း ဒီဟာသံသယအကျိုး ခံစားခွင့်ပေးစေ၍ တရားသေလွှတ်သင့်ပါသည်ဟု ရိုးသားစွာ ဝန်ခံသွားသည်။

ကျွန်ုပ်အနေဖြင့် အမှုတွဲကို အသေးစိတ်ဘတ်ရှုသုံးသပ်သည့်အခါ၊ အချင်းဖြစ်စဉ် အခါက အိမ်ပေါ်တွင် အလင်းရောင်မရှိသည်မှာ မငြင်းနိုင်ပေ။ ဤအချိန်အခါသည် လမိုက်အချိန်ဖြစ်၍ အိမ်အတွင်းအပြင်မှာ မှောင်အတိဖုံးလွှမ်းနေသည်။ လူဆိုးများကို လက်နှိပ်ခါတ်မီးရောင်ဖြင့် မည်သူမည်ဝါများဟု မှတ်မိသည်ဆိုခြင်းမှာ ယုတ္တိမတန်။ အဘယ်ကြောင့်ဆိုသော်၊ လူဆိုးများသည် လက်နှိပ်ခါတ်မီးကို တဆက်တည်းထိုးထား ဟန်မတူ။ ဆိုခဲ့ပြီးသည့်အတိုင်း၊ လူဆိုးများမှာ သေနတ်များနှင့် ခါးများပါသဖြင့်၊ မတင်ကြည်မှာ ၎င်းအခါက အလွန်တရာ တုံလှုပ်ချောက်ချားနေသော အခြေအနေမျိုး ရှိသည်မှာ မငြင်းနိုင်ပေ။ ထိုကဲ့သို့ အခြေအနေမျိုးတွင် လူကိုမှတ်မိလိုက်ပါသည်ဟု ပြောဆိုရုံနှင့် အယူခံတရားလို မောင်တင်အေးအား အပြစ်ပေးထားခြင်းမှာ စိတ်မချရပေ။ **ဂိုလန်မာမက်ခန်** (၁) အမှုတွင်—

> **"It is often and wisely not thought safe to convict a person upon his identification by one individual under circumstances of train and terror accompanying violent crime."**

(၁) အိုင်.အယ်(လ်)-အာ(ရ်) ၁၉၂၅၊ ပတ္တနာ၊ စာ ၃၂၇။

ဟုစီရင်ထုံးဖွဲ့ထားသည်။ ၎င်းအပြင် **မြည်ထောင်စုမြန်မာနိုင်ငံ** နှင့် **ဦးလှထွန်းဖရူး** (၂) အမှု။ **မောင်ရွှေ** နှင့် **မြည်ထောင်စုမြန်မာနိုင်ငံ** (၃) အမှုတို့ကိုကြည့်ပါ။

အထက်ဖော်ပြပါ စီရင်ထုံးများအရ၊ မတင်ကြည်က အယူခံ တရားလို မောင်တင်အေးအား လက်နှိပ်ဓါတ်မီးဆောင်ဖြင့် မှတ်မိလိုက်ပါသည်ဟု စွပ်စွဲခြင်းမှာ များစွာ သံသယမကင်းဘူးယ်ရာဖြစ်သည်။ ထို့ပြင် စဉ်းစားရန်ရှိသော အချက်တခုမှာ၊ မဇာင်ကြည်တို့ အိမ်သားများသည် အချင်းဖြစ်ပြီးနောက်၊ ကိုလှအိမ်သို့ သွားကြသောအခါ၊ ကိုလှအား လူဆိုးများကို မှတ်မိကြောင်း ပြောမပြပေ။ ကိုလှအိမ်မှ တဆင့် ဒေါ်ထူးအိမ်သို့သွား၍ရောက်မှ လူကြီးများလာရောက်သောအခါ၊ မတင်ကြည်က၊ မောင်သောင်း၊ သောင်းမြင့်နှင့် တင်အေးတို့သည်၊ မောင်ထွေးအောင်ကို သတ်ဖြတ်ကြပါသည်ဟု စွပ်စွဲခြင်း။ ထို့နည်းတူ အိမ်ပြန်ရောက်၍ မောင်ထွေးအောင် ဒဏ်ရာများနှင့် သေနေသည်ကိုတွေ့ပြီးမှ ကာကွယ်ရေးသမားများကို ပြောပြသည်။ ဤကဲ့သို့ စွပ်စွဲခြင်းမှာ နောက်မှအကြံပေါ်လာ၍ စွပ်စွဲသည့် လက္ခဏာမျိုးဖြစ်ဟန်တူသည်။ ထို့ကြောင့်ပင် မောင်သောင်းအမှုနှင့် မောင်သောင်းမြင့်တို့၏ အမှုကို စစ်ဆေးခဲ့သော အထူးတရားသူကြီးများက၊ မတင်ကြည်၏ ဤကဲ့သို့ထွက်ဆိုချက်မှာ ယုတ္တိကင်းမဲ့သဖြင့် သံသယဖြစ်ဘွယ်ရာအကြောင်းရှိသည်ဟု ယူဆပြီး၊ မောင်သောင်းနှင့် သောင်းမြင့်တို့ကို တရားသေလွှတ်လိုက်ခြင်းဖြစ်သည်။ ဤအမှုတွင်လည်း ယခင်ကအမှုများအလားတူ၊ မတင်ကြည်၏ လူကိုမှတ်မိသည်ဟု စွပ်စွဲချက်မှာ၊ ကျန်ုပ်အနေနှင့် လက်မခံနိုင်ပေ။ ဒို့ဟာသံသယဖြစ်ဘွယ်ရာများ တွေ့ရှိရသဖြင့်၊ ဤကဲ့သို့ မှတ်မိသည်ဟု စွပ်စွဲရာ၌ ဒို့ဟာသံသယအကျိုးခံစားခွင့်ကို၊ အယူခံတရားလို မောင်တင်အေးကိုသာလျှင် ပေးရပေမည်။ မတင်ကြည်၏ လူကိုမှတ်မိသည်ဟုဆိုသောအချက်ကို ပယ်လိုက်လျှင်၊ ဤအမှုတွင် သေသူ မောင်ထွေးအောင်၏ သေခါနီး စွပ်စွဲချက်တခုသာလျှင် ကျန်တော့သည်။ ဤကဲ့သို့စွပ်စွဲချက်တခုတည်းဖြင့်၊ အယူခံတရားလိုအပေါ် အပြစ်ပေးနိုင်ရန် ခဲယဉ်းပေသည်။

အထက်တွင် မြွက်ဟခဲ့သည့်အတိုင်း၊ သေသူ မောင်ထွေးအောင်ကို လူဆိုးများက မှောင်မိုက်နေသည့် အထဲတွင် ဓါးနှင့် ခုတ်သည်ဟု ဆိုရာ၌၊ မည်သူ မည်ဝါ ခုတ်သည်ဟု တထစ်ချ မပြောနိုင်ပေ။ ဤကဲ့သို့ တထစ်ချ ပြောခဲ့သည်ဟု ပြောဆိုခြင်းမှာလည်း သဘာဝ မကျပေ။ ၎င်းပြင် အလွန်တရာမှ ကြောက်ရွံ့ တုံလှုပ်နေသည့် အခါတွင် ဓါးနှင့်ခုတ်သူ လူဆိုး၏ အဘေ အမည်ကိုပါ ထည့်၍၊ ပြောဆိုခြင်းမှာလည်း ယုတ္တိမတန်ပေ။ ဤကဲ့သို့ မောင်ထွေးအောင်က မောင်တင်အေး၊ သူ့ကို ဓါးနှင့် လှီးပါ

(၂) ၁၉၅၈ ခု၊ မြန်မာပြည် စီရင်ထုံး၊ တရားလွှတ်တော်ချုပ်၊ စာ ၁၆၀။
(၃) ၁၉၆၀ ခု၊ မြန်မာပြည်စီရင်ထုံး၊ တရားလွှတ်တော်၊ စာ ၂၄၃။

၁၉၆၆

မောင်တင်အေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

သည်ဟု စွပ်စွဲခဲ့ခြင်းနှင့် ပတ်သက်၍၊ အမှုတွဲတွင် တရားလိုပြ သက်သေများက ကြား ခဲ့ခြင်းနှင့် စပ်လျဉ်း၍၊ တယောက် တမျိုးစီ ကွာခြား နေသည်ကို တွေ့ရှိရသည်။ မတင်ကြည်က ဤသို့ ကြားသည်ဟု ထွက်ဆိုသည်။

ကိုသူငယ်လေး သား တင်အေးဟု အော်ပါသည်။ နောက် ထွေးအောင်က လည်ပင်း ဓါးနှင့် လှီးလို့ သေပါပြီဟု အော်သံကြားပါသည်။

ဒေါ်မယ်သင် (လိုပြ ၂) က၊ ဤသို့ ထွက်ဆိုသည်။

သူငယ်လေးသား တင်အေး ဓါးနှင့် လှီးနေသည်ဟု အော်သံ ကြားပါသည်။

မသောင်းရီ (လိုပြ ၃) က၊ ဤသို့ ထွက်ဆိုသည်။

တင်အေးကွ တင်အေး၊ သူငယ်လေးသား တင်အေး၊ အမယ်လေးဗျ၊ လည်ပင်း ဓါးနှင့် လှီးပါသည်ဟု အော်သံကြားသည်ဟု ထွက်ဆိုသည်။

မတင်စိန် (လိုပြ ၄) က၊ ဤသို့ ထွက်ဆိုသည်။

သူငယ်လေးသား တင်အေး လည်ပင်း ဓါးနှင့်လှီး၍ သေပြီပြီဟု အော်သံကြား သည်ကို ကြားရပါသည်ဟု ထွက်ဆိုသည်။

ဤကဲ့သို့ အကွဲကွဲ အပြားပြား မောင်ထွေးအောင်၏ အော်သံများ ကြားရခြင်း ကို ထောက်ထားခြင်းအားဖြင့် မောင်ထွေးအောင်က ထိုကဲ့သို့ အော်မှ အော်ပါမည် လားဟု ဒို့ဟ သံသယ ဖြစ်ဘွယ်ရာ ရှိသည်။ ၎င်းအပြင် ထူးခြားသော အချက် တခု မှာ၊ ဤသက်သေများသည်၊ ရပ်ရွာ လူကြီးများနှင့် ဒေါ်ထူး အိမ်တွင် တကြိမ်၊ မိမိတို့ အိမ်သို့ ပြန်ရောက်လာသော အခါတွင် တကြိမ်၊ တွေ့ရှိစဉ် အခါက၊ မောင်ထွေး အောင်က ဤကဲ့သို့ သေခါနီး စွပ်စွဲချက်ကို မည်သူကမျ ပြောမပြပေ။ သေခါနီး စွပ်စွဲချက်နှင့် ပတ်သက်၍၊ ထိုစွပ်စွဲချက်ကို ရုံးများက သတိ ဝိရိယ ကြီးစွာဖြင့် သုံး သပ် ဝေဘန်ရမည်ဟု ထုံးဖွဲ့ထားသော **ဘသိန်း** (၄) အမှု၊ **ကျင်ဟုတ်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (၅) အမှုတို့ကို ကြည့်ပါ။

အထက်ဖော်ပြပါ အကြောင်း ခြင်းရာများနှင့် စီရင်ထုံးများ အရ၊ ကျွန်ုပ်အနေ ဖြင့် သေသူ ထွေးအောင်၏ သေခါနီး စွပ်စွဲချက်ကို လက်ခံရန် ခဲယဉ်းပေသည်။ တရားလိုဘက်မှ အယူခံ တရားလို မောင်တင်အေး အပေါ်တွင် မယ်မယ်ရရ တိကျစွာ စွပ်စွဲထားခြင်း မရှိသဖြင့် တရားလိုဘက်မှ တာဝန်ဝတ္တရားများမှာ ချို့ယွင်းနေသည်ဟု တွေ့ရှိရသည်။ အမှု အကြောင်း ခြင်းရာနှင့် ပတ်သက်၍လည်း တရားလိုပြ သက်သေ ထွက်ချက်များမှာတသမတ်တည်း ဖြစ်နေသည်ကို မတွေ့ ရှိရသဖြင့် တရားလိုဘက်

(၄) ၁-ဘာမားလောအိုင်း(မ်) စာ ၈၄။

(၅) ၁၉၄၉ ခု၊ မြန်မာပြည် စီရင်ထုံး၊ တရားလွှတ်တော်၊ စာ ၁၅၄။

တွင် ဟာကွက်များ ရှိနေသည်ကို တွေ့ရှိရသည်။ ထိုဟာကွက်များ၏ အကျိုး ခံစား ခွင့်ကို၊ တရားခံ အပေါ် ၌သာ တည်ရှိသည်။ ဤအကြောင်းနှင့် ပတ်သက်၍၊ **ဘင်ချင် မယ်ဇေးရီးယား (ခ) မောင်တင်ငင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (၆)** အမှုတွင် ဤကဲ့သို့ ထုံးဖွဲ့ထားသည်။

> "*Held :* In a case of circumstantial evidence, the failure of one link destroys the chain so that it is of the utmost importance to get on the record every piece of evidence which makes a chain.
>
> *Held further :* Circumstantial evidence must be consistent and consistent only with the guilt of the accused, the inculpatory facts must be incompatible with the innocence of the accused and incapable of explanation upon any other reasonable hypothesis than that of his guilt. . . .
>
> *Held further :* An accused person owes no duty to anybody and the burden of proving his guilt remains throughout the trial with the prosecution who must prove such guilt beyond all reasonable doubt."

ဤအမှုတွင် နောက်တခုထူးခြားချက် တွေ့ရှိရသည်မှာ၊ ပညာရှိအထူး တရား သူကြီးသည်၊ တရားခံကို ကျမ်းသစ္စာပြုစစ်ဆေး၍၊ ၎င်းကထူသော သက်သေများကို စစ်ဆေးပြီးနောက် ထိုသက်သေများ၏ထွက်ချက် အကျဉ်းချုပ်ကိုသာလျှင် စီရင် ချက်တွင် ရေးမှတ်ထားသည်ကို တွေ့ရှိရသည်။ တရားခံနှင့် တရားခံပြသက်သေများ၏ ထွက်ချက်ကို ယုံကြည်သည်၊မယုံကြည်သည် အကြောင်းနှင့် ပတ်သက်၍၊ မည်သို့ မျှ ဝေဘန်ထားခြင်း မရှိ။ တနည်းအားဖြင့် ဆိုသော်၊ တရားခံ၏ ထွက်ချက်နှင့် တရားခံပြ သက်သေများ၏ ထွက်ချက်များကို လုံးဝ စဉ်းစားဟန်မတူ။ ကျွန်ုပ် အနေ နှင့် တရားခံနှင့် တကွ တရားခံဘက်မှ ပြသော သက်သေများကို အသေးစိတ် ဝေဘန် သုံးသပ်ရာတွင် တွေ့ရှိရသည်မှာ၊ အယူခံ တရားလို (တရားခံ) သည် အချင်း ဖြစ်စဉ် အခါက၊ အချင်းဖြစ်သော ဒေါ်ဆိုင်းစု ရွာတွင် မရှိ၊ အချင်းဖြစ်သော ရွာနှင့် ၅ မိုင် ခန့်ဝေးကွာသော ညောင်ဦကုန်းရွာ ဦးလှအိမ်၌ ရှိနေသည်မှာ၊ တရားခံပြ သက်သေ များက တညီ တညွတ်တည်း ထွက်ဆို ထားသည်ကို တွေ့ရှိရသည်။ ထိုသက်သေများ ၏ ထွက်ချက်ကို၊ အစိုးရ ရှေ့နေကြီးက မပယ်ဖျက်နိုင်ပေ။ ၎င်းပြင် အချင်း ဖြစ်သော ရွာအနီးရှိ တရားခံ နေသော ဂုံမင်းမြောင်ရွာရှိ၊အယူခံ တရားလို မောင်တင်အေး၏ အဘော ဦးသူငယ်လေးထံသို့ သူကြီးများက လာရောက်မေးသော အခါ၌လည်း၊

(၆) ၁၉၅၅ ခု၊ မြန်မာပြည်စီရင်ထုံး၊ တရားလွှတ်တော်၊ စာ ၁၄၆။

၁၉၆၆

မောင်တင်အေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဦးသူငယ်လေးက အယူခံ တရားလိုသည်၊ ၎င်း၏ အမေနှင့် စိတ်ဆိုး၍၊ အိမ်မှ ထွက်သွားကြောင်းကို ပြောပြသည်။ တရားခံပြ သက်သေများ ဖြစ်ကြသော ဦးလှနှင့် ဦးချမ်းစိန်တို့၏ ထွက်ချက်၌ အချင်းဖြစ်အချိန်အခါတွင် အယူခံတရားလိုသည် ဦးလှအိမ်၌ ရှိနေကြောင်းတိကျစွာ ထွက်ဆိုထားကြသည်။ မောင်သန်းရှိန် (ခံပြ ၃) က၊ အယူခံ တရားလို ရောက်ရှိနေသော ဦးလှအိမ်သို့ လာ၍၊ မောင်ထွေးအောင်သတ်မှုနှင့်ပတ်သက်ပြီး၊ မောင်သောင်း၊ သောင်းမြင့်နှင့် အယူခံ တရားလို မောင်တင်အေးတို့အား၊ ဆိုရှယ်နီများက စွပ်စွဲနေကြောင်း၊ ရွာပြန်ရောက်လျှင် အသတ် ခံရမည်ဖြစ်ကြောင်း လာပြောသဖြင့်၊ ထို ညောင်နီကုန်း ရွာမှ အိုးသည်ကုန်းသို့ တိမ်းရှောင်နေ၍၊ အိုးသည်ကုန်းမှ တဆင့် ရန်ကုန်သို့ ရောက်လာရာတွင် စစ်တပ်သို့ ဝင်ကြောင်း၊ စစ်တပ်သို့ဝင်ပြီး ၈ နှစ်မျှ စစ်သား အဖြစ် အမှုထမ်းရွက်နေကြောင်း၊ ရန်ကုန်သို့ မသွားမီ ဂုံမင်းမြောင်ရွာသို့ ရောက်ရှိရာ၊ ဘခင် ဦးသူငယ်လေးကို ဆိုရှယ်နီများက၊ သာယာဝတီထောင်တွင် ချုပ်ထားကြောင်း သိရှိကြောင်း စသည်တို့ကို၊ အယူခံ တရားလိုဘက်မှ ရှင်းလင်းစွာ တင်ပြ သွားသည်ကို လက်ခံ ရပေမည်။

အယူခံ တရားလိုသည်၊ မိမိ၏ အပေါ် စွပ်စွဲထားသော အမှုနှင့် ပတ်သက်၍၊ ပြန်လည် ချေပရာ၌၊ တရားလိုဘက်က ထိုချေပချက်ကို ဖျက်ဆီး နိုင်စွမ်း မရှိပေ၊ ထိုချေပချက်များမှာယုတ္တိရှိသည်ဟု ယူဆရန် အကြောင်း ရှိသည်။ ဤအကြောင်းမျိုးနှင့် စပ်လျဉ်း၍၊ **အမ်မူသီးရာဆာဗို့ဒ်ဇ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** (၇) အမှုတွင်၊ ဤကဲ့သို့ စီရင် ထုံးဖွဲ့ထားသည်။

> **"If an accused person gives an explanation which may reasonably be true, even though it is not believed by the Court, he is entitled to an acquittal, because in such circumstances the onus of proving his guilt has not been discharged."**

အထက်ဖော်ပြပါ အကြောင်းခြင်းရာ၊ သုံးသပ် တွေ့ရှိချက်နှင့် စီရင်ထုံး အကိုးအကားများကို ထောက်ထား၍၊ အယူခံ တရားလို မောင်တင်အေး အပေါ်တွင် သေသူ မောင်ထွေးအောင်အား၊ သတ်မှုနှင့် ပတ်သက်ပြီး၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၂) အရ၊ ပြစ်မှု မြောက်သည်ဟု ယူဆကာ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၇ နှစ် ချမှတ် လိုက်ခြင်းမှာ မှားယွင်းသည်ဟု တွေ့ရှိရသည်။ ထို့ကြောင့် ထိုအမိန့်ကို ပယ်ဖျက်ပြီး အယူခံ တရားလို မောင်တင်အေး အား၊ ဤအမှုနှင့် ပတ်သက်သမျှ တရားသေ လွှတ်စေရန် အမိန့် ချမှတ်လိုက်သည်။

---

(၇) ၁၉၅၅ ခု၊ မြန်မာပြည်စီရင်ထုံး၊ တရားလွှတ်တော်၊ စာ ၁၇၅။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

မောင်မြင့်လွင် (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၆ ဧနှာဝါရီလ ၁၄ ရက်။

အရေးကြီးသော ကုန်ပစ္စည်းများ ဆောင်ရွက်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈ (၁) အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်း—ပြစ်ဒဏ်။

ဆုံးဖြတ်ချက်။ ။လျှောက်သူမှာ ဖမ်းဆီးမိသည့် ငါးပိပုံးအတွက် အာမခံသည့်နေ့တိုင် ၂၃ ရက် ခန့် ပြစ်ဒဏ်ကျခံပြီးဖြစ်လေသည်။ အမှုအကြောင်းအရာများကို ဆင်ခြင်သော် လျှောက်သူထံမှ တွေ့ရှိသည်ဆိုသော ငါးပိမှာ တပုံးသာဖြစ်သဖြင့် လျှောက်သူသည် မိမိစားသုံးရန်အတွက်သာ ယူဆောင်လာခဲ့ခြင်းဖြစ်ပြီး အမြတ်ကြီးစား မတရားကိုယ်ကျိုးရှာသူ တဦးဖြစ်ကြောင်း ပေါ်လွင်ခြင်းမရှိသဖြင့် စက်ရှင် တရားသူကြီး၏ ထောက်ခံချက်ကို လက်ခံရန် ကျခံပြီးသည့် ပြစ်ဒဏ်မျှကိုသာ အတည်ပြုသည်။

မောင်ထွန်းလှ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၆၅ ဥနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၁၂၂ (ခ) ကိုရည်ညွှန်းသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေကြီးဦးထွန်းညို။

တရားသူကြီးဦးထွန်းတင်။ ။ယခုအမှုမှာလျှောက်သူ မောင်မြင့်လွင်အား ကျိုက်လတ်မြို့ (၁) ရာဘက် ရာဇဝတ်တရားသူကြီးရုံး ၁၉၆၅ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၁၇၇ တွင် ၁၉၆၅ ခု၊ ဩဂုတ်လ ၂၁ နေ့၌ ငါးပိတပုံးယူဆောင်သွားသည်ကို တွေ့ရှိဖမ်းဆီးမိသည်ဆိုပြီး အရေးကြီးသည့်ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ ဥပဒေ

---

* ၁၉၆၅ ဥနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၈၁ (ခ)။

† ၁၉၆၅ ဥနှစ်၊ ရာဇဝတ်ကျင်းမှုအမှတ် ၁၇၇ တွင် ချမှတ်သော ၁၉၆၅ ဥနှစ်၊ ဩဂုတ်လ ၂၄ ရက် နေ့စွဲပါ၊ ကျိုက်လတ်မြို့၊ (၁) ရာဘက် ရာဇဝတ် တရားသူကြီး၏ အမိန့်ကို ပျာပုံမြို့၊ စက်ရှင်တရားသူကြီးရုံး ရာပြင်ဆင်မှုအမှတ် ၈၉/၆၅ တွင် ၁၅-၉-၆၅ နေ့စွဲဖြင့် ပြောင်းလဲရန် ထောက်ခံပေးပို့လွှာ။

၁၉၆၆

မောင်မြင့်လွင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ပုဒ်မ ၈ (၁) အရတရားစွဲဆိုရာ လျှောက်သူ၏ ဖြောင့်ဆိုဝန်ခံချက်အရ ၎င်းအပေါ် ပြစ်မှုတွေ့ရှိ၍အလုပ်ကြမ်းနှင့် ထောင်ဒဏ်တလ ကျခံစေရမည်ဟု ပြစ်ဒဏ်စီရင်ခြင်း ခံရလေသည်။

ထိုသို့ပြစ်မှုတွေ့ရှိပြစ်ဒဏ်စီရင်ခြင်းခံရသည်ကိုမကျေနပ်၍၊ လျှောက်သူက ဖျာပုံမြို့ စက်ရှင်တရားသူကြီးရုံး၊၁၉၆၅ ခုနှစ်၊ရာဇဝတ်ပြင်ဆင်မှုအမှတ် ၈၉ တွင်ပြင်ဆင် တင်သွင်းရာ၊ စက်ရှင်တရားသူကြီးက၊ လျှောက်ထားသူသည် ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံထားသော်လည်း၊ အမှုကိုမူလရုံးမှ အကျဉ်းနည်းဖြင့်စစ်ဆေးခဲ့သည်တကြောင်း၊ အမှုအကြောင်းအရာမျှားအရ လျှောက်သူ၏ပြုမူချက်မှာ ဆိုရှယ်လစ်စီးပွါးရေး စနစ်ကို ဆန့်ကျင်သည်ဟုငင်း၊ ကိုယ်ကျိုးစီးပွါးမတရားရှာသူ တဦးဖြစ်သည်ဟုငင်း ပေါ် လွင်ခြင်း မရှိပေ။ ထို့ကြောင့်ယခုအမှုတွင် ပညာပေးအနေနှင့် လျှောက်သူအပေါ် ၎င်းကျခံပြီး ဖြစ်သည့်ပြစ်ဒဏ်မျှကိုသာ အတည်ပြုသင့်ကြောင်းထောက်ခံ၍ အမှုကိုကျွဲ့ပြီးသို့ပေးပို့ ခဲ့ပြီး၊ လျှောက်သူအားလည်း အာမခံပေးခဲ့လေသည်။

ယခုအမှုတွင် လျှောက်သူကပြစ်မှုကျူးလွန်ကြောင်း ဝန်ခံထားသဖြင့် ရာဇဝတ် ကျင့်ထုံးပုဒ်မ ၄၁၂ အရ ပြစ်ဒဏ်ချမှတ်သည်နှင့်ပတ်သက်၍သာ၊ စဉ်းစားခွင့်ရှိတော့ သည်။ လျှောက်သူမှာဖမ်းဆီးမိသည့် ငါးပိပုံးတပုံးအတွက် အာမခံရသည့်နေ့တိုင် ၂၃ ရက်ခန့် ပြစ်ဒဏ်ကျခံပြီးဖြစ်လေသည်။ အမှုအကြောင်းအရာမျှားကို ဆင်ခြင်သော် လျှောက်သူထံမှတွေ့ရှိသည်ဆိုသော ငါးပိမှာတပုံးသာဖြစ်သဖြင့်၊ လျှောက်သူသည် မိမိ စားသုံးရန်အတွက်သာ ယူဆောင်လာခဲ့ခြင်းဖြစ်ပြီး၊ အမြတ်ကြီးစားမတရားကိုယ်ကျိုး ရှာသူတဦးဖြစ်ကြောင်း ပေါ် လွင်ခြင်းမရှိသဖြင့်၊ စက်ရှင်တရားသူကြီး၏ထောက်ခံချက် ကိုလက်ခံသင့်ကြောင်း။ ယခုအမှုနှင့်အလားတူ၊ **မောင်ထွန်းလှနှင့်ပြည်ထောင်စုမြန်မာ နိုင်ငံ** အမှု(၁)ကို ရည်ညွှန်း၏။ အစိုးရအတွက်လိုက်ပါဆောင်ရွက်သည့် ပညာရှိ ရှေနေကြီးကလည်း သဘောတူညီပေသည်။

ထို့ကြောင့်၊ ဖျာပုံမြို့စက်ရှင်တရားသူကြီး၏ထောက်ခံချက်ကိုလက်ခံ၍၊ ကျိုက်လတ် မြို့ (၁) ရာဘက်ရာဇဝတ်တရားသူကြီးရုံး၏ ရာဇဝတ်မှုအမှတ် ၁၇၇/၆၅ တွင်လျှောက် ထားသူမောင်မြင့်လွင် အပေါ် အရေးကြီးသည့် ကုန်ပစ္စည်းမျှားနှင့် ဆောင်ရွက်မှုမျှား ဆိုင်ရာ အက်ဥပဒေပုဒ်မ ၈(၁)အရ၊ ပြစ်မှုတွေ့ရှိခြင်းကို အတည်ပြုသော်လည်းလျှောက် သူသည် ထိုပြစ်မှုအတွက် ကျခံပြီးဖြစ်သော ထောင်ဒဏ်ကိုသာ ကျခံစေရမည်ဟု ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

---

(၁) ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၁၅၅ (ခ)။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်ရွှေတင်

မောင်သန်းစိန် ပါ ၂ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၆ ဖေဖော်ဝါရီလ ၁၅ ရက်။

ရာဇသတ်ကြီးပုဒ်မ ၃၀၄(က)—ဂိယာဝင်နေ မနေကို ဂရုစိုက်၍ စစ်ဆေးခြင်း မပြုဘဲ စက်နှိုးခြင်း—ပေါ့လျော့စွာပြုလုပ်သော်လည်း ကြီးလေးသည့် ပေါ့ဆမှုဟုယူဆရန် သင့်မသင့်။

ဆုံးဖြတ်ချက်။ ။သက်သေအထောက်အထားများအရ၊ ကားကိုမောင်းလျှင်ဂိယာဝင်နေမနေကို ဂရုစိုက်၍ ဆန်းစစ်ရန် လိုသည်။ ထိုသို့စစ်ဆေးခြင်း မပြုဘဲ စက်နှိုးစေသောကြောင့် ကားသည် ရုတ်ခြင်းနောက်သို့ဆုတ်ကာ တိုက်ခိုက်မိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အယူခံတရားလို (၁) သည် ရမ်းကားပေါ့ဆစွာပြုလုပ်ခဲ့သည်၊ သို့ရာတွင် ၎င်း၏ ရမ်းကားပေါ့ဆမှုသည် ကြီးလေးသည်ဟူ၍ကား မဆိုသာ။ လမ်းပေါ်၌ ရမ်းကား၍၊ သို့မဟုတ် ပေါ့ဆစွာမောင်းနှင်သောကြောင့် လူတယောက်ကို တိုက်ခိုက်စေခြင်းမျိုးလောက် ကြီးလေးသည်ဟု ယူဆရန်မသင့်။

အယူခံတရားလိုများအတွက်။ ။ဦးဘဆွေ။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးထွန်းညို။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။အယူခံ တရားလို မောင်သန်းစိန်နှင့် မောင်စိန်မောင်တို့သည်၊ ပေါ့လျော့ ရမ်းကားစွာ ကားတစီးကို မောင်းနှင်ကြသောကြောင့်၊ မောင်လှသောင်း ဆိုသူကို တိုက်မိ၍ သေဆုံးစေခဲ့သည်။ ထို့ကြောင့် အယူခံ တရားလိုတို့သည် ရာဇသတ်ကြီး ပုဒ်မ ၃၀၄ (က) တွင် အကျုံးဝင်သော ပြစ်မှုကို ကျူးလွန်သည်ဟု မင်းဘူးမြို့ ပညာရှိ (၁) ရာဘက် ရာဇဝတ်တရားသူကြီးက တွေ့ရှိသဖြင့် ၎င်းတို့ အပေါ် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၅ နှစ်စီ ကျခံစေရန် အမိန့် ချမှတ် ခဲ့သည်။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၃၁၀။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၄ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့ စွဲပါ၊ မင်းဘူးမြို့၊ (၁) ရာဘက် ရာဇဝတ် တရားသူကြီး၏ အမိန့်ကိုအယူခံမှု။

ကုန်တင်ကား ရပ်ထားသည်ကို မောင်သန်းစိန်ကတက်၍ မောင်းရန်ပြုသည်။ မောင်စိန်မောင်က အောက်မှလှည့်၍ နှိုးသည်။ စက်နှိုးသောအခါ၊ ကားသည် ရှေ့သို့မထွက်နောက်သို့ ဆုတ်ကာ ရပ်နေသော မောင်လှသောင်း ကိုတိုက်၍၊ ဘုရားတံတိုင်းနှင့် ဖိညှပ်မိသည်။ ထိုအခါမှ ကားသည်၊ နောက်ဆုတ်ဂီယာဝင်၍နေကြောင်းသိကြရသဖြင့်၊ ဂီယာပြောင်းကာ ကားကိုဝိုင်း၍ ရှေ့သို့တွန်းကြရသည်။ မောင်လှသောင်းကို ဆေးရုံသို့ ခေါ်ဆောင်သွားလည်း ရရှိသော ဒဏ်ရာများနှင့် နာရီပေါင်း မကြာမီပင် သေဆုံးသည်။

အထက်ပါအချက်တို့နှင့် ပတ်သက်၍၊ သက်သေအထောက် အထားများ အထင်အရှား ရှိသည်။ မောင်သန်းစိန်က၊ မူလရုံးတွင်၄င်း၊ ဤအယူခံတွင်၄င်း၊ ခုခံချေပသည်မှာ၊ ၄င်းသည်ကားကို မောင်းနှင်ရန် တက်သည်မဟုတ်၊ ကားစပါယ်ရာဖြစ်သူ မောင်စိန်မောင်က၊ ကားခလုတ်ကို ဖွင့်ပေးပါဆို၍၊ ကားပေါ်တက်ရောက်ကာ ခလုတ်ဖွင့်ပေးရခြင်းသာ ဖြစ်ပါသည်။ နောက်ဆုတ် ဂီယာဝင်နေကြောင်းလည်း မသိဟူ၍ဖြစ်သည်။ မောင်စိန်မောင် ကလည်း ၄င်းသည်၊ ကားဂီယာ ဝင်နေသည်ကို မသိ။ လှည့်၍ နှိုးခိုင်းသောကြောင့် နှိုးရပါသည်ဟု ခုခံ ထုချေခဲ့သည်။

အယူခံ တရားလိုများ၏ ပညာရှိ ရှေ့နေကြီး ဦးဘဆွေက၊ ကားမှာ ဂီယာဝင်နေသဖြင့် စက်နှိုးသော အခါ ရှေ့ သို့မသွားဘဲ၊ ကုန်းမြင့်ရာတွင် တည်သောဘုရားတံတိုင်းသို့ ဆန်တက်ခြင်းဖြစ်ပါသည်။ သာမန်အားဖြင့်ဆိုလျှင်၊ ကားကို ဂီယာသွင်းထားလေ့မရှိပါ။ အဆင်းတွင် ရပ်ထားလျှင်၊ ကားဘီးရှေ့မှ ကျောက်တုံးစသဖြင့်ခုၡထားပါသည်။ ထိုကြောင့် အယူခံ တရားလိုနှစ်ဦးသည်၊ ကားဂီယာဝင်နေမည် ဟူ၍လည်း သိနိုင်ဘွယ် မရှိပါ။ မသိဘဲ ကားနှိုးမိသောကြောင့် နောက်တွင်ရပ်နေမိသူ တဦးကို တိုက်ခိုက်ခြင်းသည်၊ ၄င်းတို့ ရမ်းကားပေါ်ဆသောကြောင့် ဖြစ်ရသည်ဟု မယူဆသင့်ပါဟု တင်ပြသည်။ ထို့ပြင် ကားကို မောင်းနှင်သွားသည် မဟုတ် မောင်းနှင်ရန် စက်နှိုးခြင်းမျှသာ ဖြစ်ရာ ၊ ရာဇဝတ်မှု တစုံ တရာကို မကျူးလွန်နိုင်ပါ၊ ပြင်ဆင်သည့်အခြေခံသာ တည်ရှိနေဆဲခဲ့၊ တိုက်ခိုက်မိခြင်း ဖြစ်ပါသည်ဟု လျှောက်လဲသည်။

ပညာရှိ အစိုးရ ရှေ့နေကြီး ဦးထွန်းညိုကမူ၊ မောင်သန်းစိန်သည်၊ ကားပေါ်သို့ တက်၍ကားမောင်းရန် ပြင်ကြောင်း။ စက်နှိုးခိုင်းကြောင်းကို အထောက်အထားအပြည့်အစုံရှိပါသည်။ ကားတွင်ဂီယာ ဝင်နေ မနေကို မောင်းသူက ဂရုစိုက်၍ ကြည့်ရမည် ဖြစ်ပါသည်။ ထိုသို့မကြည့်ဘဲ၊ စက်နှိုးသဖြင့်ကားသည် နောက်ဆုတ်ရခြင်း ဖြစ်ပါသည်။ ထိုသို့နောက်ဆုတ်၍ တိုက်မိသောကြောင့် မောင်လှသောင်း သေဆုံးရသဖြင့်၊ အယူခံတရားလိုနှစ်ဦး အပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၀၄(က) အရ ၊ အပြစ် ပေးထား

ခြင်းသည် မှန်ကန်ပါသည်။ သို့ရာတွင် ပြစ်ဒဏ်သည်ကား အနည်းငယ်များသည်ဟု ဆိုနိုင်ပါသည်ဟု တင်ပြသည်။

သက်သေ အထောက် အထားများ အရ၊ မောင်သန်းစိန်က၊ ကားပေါ်သို့ တက်၍၊ မောင်းမည် ပြုလုပ်သည်မှာ၊ ထင်ရှားသည်။ ကားကို မောင်းလျှင် ဂီယာ ဝင်နေမနေကို၊ ဂျစ်ဂ်၍၊ ဆန်းစစ်ရန် လိုသည်။ ထိုသို့ စစ်ဆေးခြင်း မပြုဘဲ၊ စက်နှိုးစေသောကြောင့် ကားသည် ရုတ်ခြင်း နောက်သို့ ဆုတ်ကာ၊ မောင်လှသောင်းကို တိုက်ခိုက်ခဲ့မိခြင်း ဖြစ်သည်။ ထို့ကြောင့် မောင်သန်းစိန်သည်၊ ရမ်းကား ပေါ့လျော့စွာ ပြုလုပ်ခဲ့သည်ဟု ဆုံးဖြတ်ချမည်။ သို့ရာတွင်၊ ၎င်း၏ ရမ်းကား ပေါ့ဆမှုသည် ကြီးလေးသည်ဟူ၍ကား မဆိုသာ၊ ကားနောက်သို့ အရှိန်နှင့်ဆုတ်သောအခါ၊ မောင်လှသောင်း နောက်တွင် ရောက်ရှိနေမည် ကိုလည်း မောင်သန်းစိန် သိရှိရန် မလွယ်ကူခေ့။ သတိကြီးစွာ ထားရှိသော သူဖြစ်လျှင်၊ နောက်သို့လှည့်၍၊ ကြည့်မိမည် ဖြစ်သည်။ သို့ရာတွင်၊ ဂီယာဝင်နေကြောင်း မသိ၊မစစ်ဆေးမိသောကြောင့် ကားသည်၊ နောက်သို့ ရုတ်ခြင်း ဆုတ်မည်ဟု မောင်သန်းစိန် မသိနိုင်ခေ့။ ထို့ကြောင့်မောင်သန်းစိန် ကျူးလွန်သော ပြစ်မှုသည်၊ လမ်းပေါ်၌ ရမ်းကား၍၊ သို့မဟုတ် ပေါ့ဆစွာ မောင်းနှင်သောကြောင့် လူတယောက်ကို တိုက်ခိုက် သေစေခြင်းမျိုးလောက် ကြီးလေးသည်ဟု ယူဆခွန် မသင့်ခေ့။

မောင်စိန်မောင်သည်၊ ကားကို လှည့်၍ နှိုးခိုင်းသောကြောင့် နှိုးရသူ ဖြစ်သည်။ ကားကို မောင်းနှင်သူမှာ မောင်သန်းစိန်သာ ဖြစ်သည်။ ကားဂီယာ ဝင်နေ၊ မနေကို အောက်ကလှည့်၍ နှိုးပေးရသူက မသိရှိနိုင်၊ ကားမောင်းသူ နေရာတွင် ထိုင်၍ မောင်းနှင်သည့် သူကသာ သိရှိနိုင်သည်။ သတိ ထားရမည်။ ထို့ကြောင့် ကားစက်နှိုးသောအခါ ရုတ်ခြင်း နောက်သို့ ဆုတ်သွားခြင်းသည်၊ မောင်စိန်မောင်၏ တာဝန် မဟုတ်ဟူ၍၊ ယူဆသင့်သည်။

အထက်ပါ အကြောင်းတို့ကြောင့် မောင်စိန်မောင် အပေါ်တွင် ပြစ်မှု ထင်ရှားတွေ့ရှိထားခြင်းနှင့် ပြစ်ဒဏ် ချမှတ် ထားခြင်းတို့ကို ပယ်ဖျက်၍၊ ၎င်းအား တရားသေလွှတ်လိုက်သည်။ မောင်သန်းစိန်သည်၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၄ (က) အရ၊ ပြစ်မှု ကျူးလွန်ခဲ့သည်ဟု မူလ ရုံးနှင့် ထပ်တူ သဘော ရရှိသည်။ သို့ရာတွင်၊ ဖြစ်ပျက်ရသည်မှာ၊ ၎င်းကိုယ်တိုင် အနည်းငယ် ရမ်းကား ပေါ့ဆ မိခြင်းကြောင့်လည်း ဖြစ်သည်။ သေဆုံးသူက၊ အခန့်မသင့် နောက်မှ ဝင်ရောက် ခဲ့မိသောကြောင့်လည်း ဖြစ်သည်။ ထို့ကြောင့် မောင်သန်းစိန် အပေါ် ချမှတ် ထားသော ပြစ်ဒဏ်ကို ၎င်းကျခဲ့ပြီးသည့် ထောင်ဒဏ်သို့ လျော့ပေါ့ သတ်မှတ် လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်
ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ် ရွှေတင်

† ၁၉၆၆ ဖေဖော်ဝါရီလ ၈ ရက်။

မောင်သန်းရွှေ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၈ (၁) အရ၊ တာယာများကို အိမ်ကြီးပေါ်တွင် ပုံးအုပ်ကွယ်ဝှက်ထားခြင်း မပြုလုပ်ဘဲ ထားခဲ့ခြင်း။ ပြည်သူ့ထောက်ပံ့ကြီးကြပ်မှုနှင့် အမြတ်ကြီးစားနှိပ်ကွပ်ရေး အမိန့်အပိုဒ် ၂ အပိုဒ်ခွဲ (၆) တွင် အကျုံးဝင်မဝင် —ကျေညာစာ အမှတ် ၂၇ အပိုဒ် (၈) ကို ကျူးလွန်ခြင်းမြောက်မမြောက်။

ဆုံးဖြတ်ချက်။ ။အကြောင်းအာရေးလျှော်စွာ အိမ်ထောင်မှူ အဆင်မပြေခြင်းကြောင့် အလုပ်ရုံကို ပိတ်ပြီး ရှမ်းပြည်တွင် သွားရောက်နေထိုင်ခဲ့ရာ၊ ရှမ်းပြည်မသွားမီ တာယာများကို အိမ်ကြီးပေါ်တွင် ပုံးအုပ်ကွယ်ဝှက်ထားခြင်းမပြုလုပ်ဘဲထားခဲ့သည်။ ထို့ကြောင့် ပြည်သူ့ထောက်ပံ့ကြီးကြပ်မှုနှင့် အမြတ်ကြီးစားနှိပ်ကွပ်ရေးအမိန့် အပိုဒ် ၂ အပိုဒ်ခွဲ (၆)တွင် သိုလှောင်ခြင်းဟူသော အဓိပ္ပါယ်တွင် အကျုံးမဝင်ပေ။ အချင်းဖြစ်တာယာ ၂၆ လုံးနှင့် ပတ်သက်၍ မည်သို့မျှလုပ်ကိုင်ဆောင်ရွက်ခြင်းမရှိ။ မည်သူ့ကိုမှ ရောင်းစားခြင်း၊ ရောင်းရာဌာလည်း ကန့်သတ်သောနှုန်းထက် ပိုမို၍ ရောင်းခြင်းမျိုး မလုပ်ရသေးသဖြင့် ကျေညာစာအမှတ် ၂၇၊ အပိုဒ် (၈)ကို ကျူးလွန်သည်ဟု ယူဆရန်မှာခဲယဉ်းသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးအောင်ရှိန်ဝန်း။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးတိုးမောင်။

တရားသူကြီး ဦးချစ်။ ။ရန်ကုန်မြို့၊ (၆) ရာဘက်ရာဇဝတ်တရားသူကြီးရုံး ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၃၂၈ တွင်၊ လျှောက်ထားခံရသူ မောင်သန်းရွှေအပေါ် ပြည်သူ့ထောက်ပံ့ရေးမင်းကြီးရုံးမှ ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့စွဲဖြင့် ထုတ်ပြန်သော ပြည်သူ့ထောက်ပံ့ကြီးကြပ်မှုနှင့် အမြတ်ကြီးစား နှိပ်ကွပ်ရေး အမိန့်ကြော်ငြာ

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၂၆ (ခ)။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၃၂၈ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ မေလ ၂၂ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့၊ (၆) ရာဘက် ရာဇဝတ် တရားသူကြီး၏ အမိန့်ကို ပြန်၍ဆင်ခြင်မှု။

စာအမှတ် ၂၇ ၏အပိုဒ်(ဂ)အရ၊ တားမြစ်ထားချက်ကို ကျူးလွန်ခြင်းကြောင့် အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ဂ(၁) အရ ပြစ်မှုထိုက်သည်ဟု ယူဆကာ၊ ယင်းမောင်သန်းရွှေအား ဒဏ်ငွေ ၁၀၀၀ကျပ် ပေးဆောင်စေ၊ ပျက်ကွက်က အလုပ်နှင့် ထောင်ဒဏ် (၆) လကျခံစေ၊ သက်သေခံ ပစ္စည်း တာယာ ၂၆ လုံးကို အစိုးရ ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းစေဟု အမိန့် ချမှတ်ခဲ့သည်။

ထိုအမိန့်ကို လျှောက်ထားသူ မောင်သန်းရွှေက မကျေနပ်သဖြင့်၊ ရန်ကုန်မြို့ ရာဘက်စက်ရှင် တရားသူကြီး (ဦးစံအောင်) ရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှု အမှတ် ၂၂တွင် အယူခံဝင် ခဲ့သည်။ ထိုအယူခံတွင် မောင်သန်းရွှေမှာ အရေးနိမ့်ခဲ့ လေသည်။

အမှုအဖြစ်အပျက် အကြောင်းခြင်းရာကို အောက်ရုံးတရားသူကြီးများ၏ အမိန့်များတွင် အပြည့်အစုံ ဖေါ်ပြထား ပြီးဖြစ်ရကား။ ထပ်လောင်း၍ ဖေါ် ပြရန်လိုမည်မဟုတ်ပေ။ ယခုကျွန်ုံးအနေနှင့် စဉ်းစားရန်ရှိသော အဓိကပြဿနာမှာ၊ လျှောက်ထားသူ မောင်သန်းရွှေသည်အောက်ရုံးများကတွေ့ရှိရသောပြစ်မှုကို ကျူးလွန် သည် မကျူးလွန်သည် ဖြစ်သည်။ မောင်သန်းရွှေသည် ရန်ကုန်မြို့ ကျိုက္ကစံလမ်း၊ အမှတ် ၁၉၆/၁၉၈၊ နစ်ထပ်အိမ်ဘေးအဖီတွင် မော်တော်ကားပြင်ရုံတစ်ခု ဖွင့်လှစ်ခဲ့သည်။ ၄င်းသည် မော်တော်ကားအပျက်များကို လေလံဆွဲဝယ်ကာ ပြင်ဆင်ပြီးလျှင် ကိုယ်ထည်များ တပ်ဆင်၍ တာယာများထည့် ပြီး ပြန်လည်ရောင်းစားသူဖြစ်သည်။ ၁၉၆၁ ခုနှစ်လောက်က သူသည် တာယာ ၅၁လုံးကို (အို၊ ကို၊ အယ်လ်) လိုင်စင်အရ ဝယ်ယူခဲ့သူဖြစ်သည်။ ထိုတာယာများကို ပြင်ဆင်မွမ်းမံပြီးသော ကားများတွင်တပ်၍ ကားတကားလုံးအတွက် တန်ဖိုးထားကာ ရောင်းချခဲ့သူဖြစ်သည်။ သူသည် ၁၉၆၂ ခုနှစ် စက်တင်ဘာလလောက်က အိမ်ထောင်ရေး အစဉ်မပြေ၍ သူ၏ မော်တော်ကား အလုပ်ရုံကို ပိတ်ပြီး လက်ကျန် တာယာ ၂၆ လုံးကို မော်တော်အလုပ်ရုံ နှင့်ကပ်လျက်ရှိသော အိမ်ကြီးပေါ်တွင်ထား ခဲ့၍၊ ရုံမ်းပြည် ရွှေညောင်မြို့ သို့သွားရောက်နေထိုင်သည်။ ထိုမြို့တွင် အိမ်ထောင် အသစ်ထူထောင်သည်။ ၁၉၆၄ခုနှစ်၊ ပြေလ ဂရက်နေ့ ည ၁၂ နာရီခွဲ အချိန်လောက်တွင် ရဲအရာရှိများနှင့် သက်သေလူကြီးများတို့သည်၊ ကျိုက္ကစံလမ်း၊ အမှတ် ၁၉၆/၁၉၈၊ အိမ်သို့ တတ်ရောက်ရှာဖွေရာ၊ အပေါ်ထပ်အိမ်ခန်းမကြီးတွင်ထားရှိသော တာယာ ၂၆ လုံးကိုတွေ့ရှိရသဖြင့်၊ ထိုတာယာများကို သိမ်းဆည်းပြီး အိမ်ရှင်ကိုသန်းမောင် ဆိုသူကို ဖမ်းဆီး၍ အရေးယူခဲ့သည်။ ထိုအကြောင်းကို ရွှေညောင် တွင်နေထိုင်သော လျှောက်ထားသူ မောင်သန်းရွှေက သိရှိရသော အခါ၊ ရန်ကုန်မြို့သို့ဆင်းလာပြီး သက်ဆိုင်ရာ အရာရှိများ အား သိမ်းဆည်းထားသော တာယာ ၂၆ လုံးမှာ သူ၏ပစ္စည်း

၁၉၆၆

မောင်သန်းရွှေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

များဖြစ်ကြောင်း ပြောပြရာ၌၊ သက်ဆိုင်ရာ အရာရှိများက မောင်သန်းမောင်ကို လွှတ်၍ လျှောက်ထားသူ မောင်သန်းရွှေအပေါ် အရေးယူကာ ဆို ခဲ့ပြီးသော ပြည်သူ့ထောက်ပံ့ရေးမင်းကြီး၏ ၁၉၅၆ ခုနှစ်၊ ဇွန်လ ၁၂ရက်နေ့စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၂ကို လိုက်နာရန်ပျက်ကွက်ခြင်းကြောင့်၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၇(၁)အရ ရုံးတင်၍ တရားစွဲဆို ခဲ့သည်။ အောက်ရုံးနှင့်အယူခံရုံးတို့ကလည်း မောင်သန်းရွှေသည် အထက်တွင်ဖော်ပြသော ကျူညာချက်ကို မလိုက်နာသည်ဟု ယူဆပြီး၊ အထက်တွင်ဖော်ပြသော ပုဒ်မ ၇(၁) အရ အထက်တွင်ဖော်ပြသော အမိန့်အတိုင်းချမှတ်၍ အတည်ပြုခဲ့သည်။ ထိုအမိန့်ကို မောင်သန်းရွှေက မကျေနပ်၍ ယခုပြင်ဆင်မှုအလွှာကို ပညာရှိရွှေနေကြီး ဦးအောင်ရှိန်ဝန်းမှတဆင့် ဤရုံးသို့ တင်သွင်းခဲ့သည်။

ပညာရှိ ရွှေနေကြီး ဦးအောင်ရှိန်ဝန်းက လျှောက်ထားသူ မောင်သန်းရွှေသည်၊ ရည်ညွှန်းသော ကျူညာချက်အမှတ် ကိုမလိုက်နာသူ မဟုတ်ပါ။ သူသည် ယခင်က မော်တော်ပြင် အလုပ်ရုံကို ကျူးကျော်စံလမ်းတွင် ဖွင့်လှစ်ခဲ့ပါသည်။ တာယာ များကို (အိုး ဂျီ အယ်လ်) လိုင်စင်အရ တရားဝင် ဝယ်ယူခဲ့သူတစ်ဦးဖြစ်ပါသည်။ ဝယ်ယူခဲ့ပြီးသော တာယာများကိုလည်း ပြန်လည်၍ အမြတ်ကြီးစား ရောင်းချခြင်း မဟုတ်ပါ။ သူသည် မော်တော်ကားအပျက်များကို လေလံဖြင့်ဝယ်ယူပြီး ပြင်ဆင် ကာ၊ ဝယ်ယူထားသည့် တာယာများ ကို တပ်ဆင်၍ ပြင်ဆင်ပြီးသော မော်တော်ကားများကို လုံးချင်း ရောင်းချစားသူ ဖြစ်ပါသည်။ အိမ်ထောင်မှု အဆင်မပြေသောကြောင့် မော်တော် အလုပ်ရုံကို ပိတ်ပြီး လက်ကျန်တာယာ ၂၆ လုံးကို အလုပ်ရုံဘေးရှိ အိမ်ကြီးပေါ် တွင်ထားခဲ့၍ ရှမ်းပြည် ရွှေညောင်တွင် သွားရောက်ပြီး နောက်တဖန် အိမ်ထောင်ကျနေသူ ဖြစ်ပါသည်။ ၂ နှစ် ကျော်ကြာမှ ထိုတာယာများကို ရန်ကုန်တွင် ဖမ်းဆီးပြီး အိမ်ရှင် ကိုသန်းမောင်ကို အရေးယူထားကြောင်း သိရသည်နှင့် တပြိုင်နက်၊ သူသည် ရန်ကုန်သို့ ဆင်းလာပြီး ရိုးသားစွာ မိမိ၏တာယာများဖြစ်ကြောင်း သက်ဆိုင်ရာအရာရှိ များကိုပြောပြရာ၌၊ အရာရှိများက ကိုသန်းမောင်ကို လွှတ်ပြီး၊ သူ့အား ဖမ်းဆီး အရေးယူကာ ရုံးသို့တင်ပါသည်။ ရုံးကလည်း သူသည် တာယာများကို အများအပြားစုဆောင်း သိုလှောင်လျှို့ဝှက်ထားပြီး အမြတ်ကြီးစား ပြုလုပ်သည်ဟု ယူဆကာ အပြစ်ဒဏ် ချမှတ်ခြင်းဖြစ်ပါသည်။ အမှန်မှာ လက်ကျန် တာယာ ၂၆ လုံးသည် အမှုတွင် စဉ်းစားရန်ရှိသော အဓိက အချက် ဖြစ်ပါသည်။ ထို လက်ကျန် ၂၆ လုံး ကို သူသည် သိုလှောင်ခြင်း၊ ဝှက်ထားခြင်း မလုပ်ပါ။ အိမ်ကြီး ပေါ်တွင် တာယာများကို ထားရာ၌ ဖုံးအုပ်ကွယ်ဝှက်ထားခြင်း မလုပ်ပါ။ ထိုတာယာ ၂၆ လုံး နှင့် ပတ်သက်၍လည်း မည်သူ့ကိုမှ မရောင်းရ သေးသဖြင့်၊ သူသည် ကန့်သတ် ထားသော ဈေးနှုန်းထက် ပို၍

ရောင်းခြင်း မဖြစ်နိုင်ပါ။ ထို့ကြောင့် သူသည် ပြည်သူ့ ထောက်ပံ့ကြီးကြပ်မှုနှင့် အမြတ်ကြီးစား နိုပ်ကွပ်ရေး အမိန့်အရ ထုတ်ပြန်ကျေညာသော ကြော်ငြာစာအမှတ် ၂၇ ၏ အပိုဒ် (ဂ)ကို ကျူးလွန်သူမဟုတ်ပါသဖြင့်၊ အရေးကြီးကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ဂ (၁) အရ အရေးယူ တရားမစွဲဆိုနိုင်ပါ။ ရုံးတော်က လျှောက်ထားသူအပေါ် မှာ ပြစ်မှုရှိသည်ဟု ယူဆပါလျှင်၊ ထိုပြစ်မှုမှာ ပြစ်မှုဖြစ်လောက်ရုံသာ ကျူးလွန်ခြင်းမျိုး ဖြစ်နေသဖြင့်၊ သက်ညှာစွာ စဉ်းစားသင့်ပါသည်ဟု လျှောက်လဲသွား၏။

ပညာရှိ အစိုးရ ရှေ့နေကြီးက ဤအမှုတွင် အဓိက စဉ်းစားရန်ရှိသော အချက်မှာ၊ လျှောက်ထားသူသည်၊ အချင်း ဖြစ်တာယာ ၂၆ လုံးကို သိလျောင် လျှို့ဝှက် ထားသည် မထားသည်ဖြစ်ပါသည်။ အိမ်ကြီးအပေါ်ထပ်တွင် ဖုတ်များ ပေကျွန်၍ ထားခြင်းအားဖြင့် ထိုအချင်းဖြစ် တာယာ ၂၆ လုံးကို လျှောက်ထားသူက သိလျောင် ဝှက်ထားရာ ကျရောက်သည်ဟု ယူဆ မည်ဆိုက ယူဆနိုင်ပါသည်။ သို့သော် အချင်းဖြစ်တာယာ ၂၆ လုံးနှင့် ပတ်သက်၍ လျှောက်ထားသူသည် မည်ကဲ့သို့မျှ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိသေးသဖြင့် ထိုတာယာများအပေါ် အမြတ်ကြီးစား ပြုလုပ်သည်ဟူ၍ လည်း ယခုအခါ မဆိုနိုင် သေးပါဟု တင်ပြသွားသည်။

ကျွန်ုပ်အနေနှင့် ဤအမှုကိုအသေးစိတ် လေ့လာသည်၊ လျှောက်ထားသူ မောင်သန်းရွှေသည်၊ မူလက (အို ကို အယ်လ်) လိုင်စင်ဖြင့် တာယာ ၅၁ လုံးကို ဝယ်ယူသူဖြစ်သည်မှာ အငြင်းမထွက်ပေ။ ထိုတာယာ ၅၁ လုံးမှ တာယာများကို မောင်သန်းရွှေ ဝယ်ယူထားသော ကားများတွင်တပ်ဆင်၍ ရောင်းခဲ့သည်မှာလည်း အငြင်းမထွက်ပေ။ မောင်သန်းရွှေမှာ ကားပြင်အလုပ်ရုံတစ်ခုရှိသည်။ ထိုအလုပ်နှင့် အသက်မွေးနေခဲ့သည်။ သူ၏ အလုပ်ရုံမှာ ကျိုက္ကစံလမ်းတွင် အိမ်အမှတ် ၁၉၆/၁၉၈ နှစ်ထပ်အိမ် နဘေးအဖီတွင်ရှိသည်။ သူသည် သက်သေများ ထွက်ချက်အရ၊ အကျင့်စာရိတ္တကောင်းမွန်သူ တစ်ဦးဖြစ်သည်။ ရိုးသားစွာ အသက်မွေးဝမ်းကျောင်း ပြုလုပ်သူ တစ်ဦးဖြစ်သည်။ သူသည် အိမ်ထောင်မှု အဆင်မပြေခြင်းကြောင့် မော်တော် အလုပ်ရုံကို ပိတ်ပြီး၊ ရှမ်းပြည်၊ ရွှေညောင်သို့ သွားရောက်နေထိုင်ခဲ့သည် လက်ကျန်အချင်းဖြစ် တာယာ ၂၆ လုံးကိုသူသည် အိမ်ကြီးပေါ် တွင်ထားခဲ့သည်။ သက်သေများ၏ ထွက်ချက်အရ ထိုတာယာများကို အိမ်ခန်းမကြီးတွင် ထားရှိခဲ့၍၊ ဖုံးအုပ်ထားခြင်း မလုပ်ခဲ့ပေ။ ထို့ကြောင့်အများအပြားသိလျောင်၍ ဝှက်ထားသည် ဆိုသော အဓိပ္ပါယ် မသက်ရောက်ပေ။ ထို တာယာများကိုလည်း မည်သူ့ ကိုမျှ ရောင်းချပြီး သည်၊ သို့မဟုတ် ရောင်းချရန် အစီအစဉ် ရှိသည်၊ ရှိခဲ့သည် ဟူသည် နှင့် ပတ်သက်

၁၉၆၆

မောင်သန်းရွှေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

၌ အမှုတွဲတွင် မပေါ်လွင်ပေ။ ရည်ညွှန်းသော ကျေညာချက် အမှတ် ၂၇၊ အပိုဒ် (ဂ) က ဤသို့ အဆို ရှိသည်။

"အထက်စာရင်းပါ အရေးကြီးသော၊ ကုန် ပစ္စည်းများကို ရောင်းချသော ကုန်သည်များက၊ လုံလောက်သည့် ခိုင်လုံသော အကြောင်း တစုံ တရာ မရှိဘဲ၊ ယခု ညွှန်ကြားထားသည့် မူ အတိုင်း တွက်၍ ရသော ဈေးနှုန်းများဖြင့် ရောင်း ချရန် ငြင်းဆိုခြင်း၊ သို့တည်း မဟုတ် သတ်မှတ်ထားသည့် ဈေးနှုန်းထက် ပို၍ အမြတ်ယူခြင်း၊ သို့တည်း မဟုတ် လူအများသို့ ထုတ်ဝေ ရောင်းချခြင်း မပြုဘဲ ထိန်ဝှက် သိုလှောင်ထားခြင်း မပြုရ"။

ထိုအမိန့်ကို လျှောက်ထားသူက၊ ကျူးလွန်သည်၊ မကျူးလွန်သည်ကို စဉ်းစား ရပေမည်။ လျှောက်ထားသူ မောင်သန်းရွှေသည်၊ အချင်းဖြစ် တာယာများကို ရောင်းချခြင်း မပြုသေး။ ရောင်းချရန်လည်း ငြင်းဆိုခြင်း မလုပ်သေး၊ လူအများကို ထုတ်ဝေ ရောင်းချခြင်း မပြုဘဲ၊ ထိန်ဝှက် သိုလှောင် ထားခြင်းလည်း ပြုလုပ်ခြင်း မဟုတ်သောကြောင့် ထိုအမိန့်ကို မလိုက်နာ ဆန့်ကျင်သည်ဟု ယူဆရန်မှာ ခဲယဉ်း ပေသည်။

အကြောင်းအားလျော်စွာ အိမ်ထောင်မှု အဆင် မပြေခြင်းကြောင့် အလုပ် ရုံကို ပိတ်ပြီး ရှမ်းပြည်တွင် သွားရောက် နေထိုင် ခဲ့သည်။ ထိုကဲ့သို့ ရှမ်းပြည်သို့ မသွား မီ တာယာများကို အိမ်ကြီးပေါ်တွင် ထားပြစ် ခဲ့သည်။ ထိုကဲ့သို့ ထားရာ၌ ဖုံးအုပ် ကွယ်ဝှက် ထားခြင်း မပြုလုပ်ခဲ့ပေ။ ထိုကြောင့် ပြည်သူ့ ထောက်ပံ့ ကြီးကြပ်မှု နှင့် အမြတ်ကြီးစား နှိပ်ကွပ်ရေး အမိန့် အပိုဒ် ၂၊ အပိုဒ် ခွဲ (ဖ) တွင် သိုလှောင် ခြင်းဟူသော အဓိပ္ပါယ်တွင် အကျုံးမဝင်ပေ။ အချင်း ဖြစ်သော တာယာ ၂၆ လုံးနှင့် ပတ်သက်၍လည်း အထက်တွင် မြွက်ဟခဲ့သည့် အတိုင်း မည်သို့မျှ လုပ်ကိုင်ဆောင် ရွက်ခြင်း မရှိသေးပေ။ မည်သူ့ကိုမှ ရောင်းစားခြင်း၊ ရောင်းရာ၌လည်း ကန့်သတ် သော နှုန်းထက် ပိုမို၍ ရောင်းခြင်းမျိုး မလုပ်ရသေးသဖြင့် ကျေညာစာ အမှတ် ၂၇၊ အပိုဒ် (ဂ) ကို ကျူးလွန်သည်ဟု ယူဆရန်မှာ ခဲယဉ်းပေသည်။

လျှောက်ထားသူ၏ ပညာရှိ ရှေ့နေကြီး တင်ပြခဲ့သော လျှောက်ထားသူသည်၊ ပြစ်မှုရှိပါက၊ ထိုပြစ်မှုမှာ ပြစ်မှု ဖြစ်လောက်ရုံသာ ကျူးလွန်ခြင်းမျိုး ဖြစ်သည်ဟု တင်ပြချက်ကိုလည်း ကျွန်ုပ် လက်မခံနိုင်ပေ။ အဘယ်ကြောင့် ဆိုသော် လျှောက် ထားသူသည်၊ မည်သည့် ပြစ်မှုကိုမျှ မကျူးလွန်ရသေးသောကြောင့် ဖြစ်သည်။

ဤရုံးသည် ဤအမှုကို စဉ်းစားရာ၌ အယူခံရုံးအနေနှင့် စဉ်းစားရန် မဟုတ်၊ ပြင်ဆင်မှုကိုသာလျှင် စဉ်းစားရသောကြောင့် အောက်ရုံး နှစ်ရုံးလုံးက တသဘော

တည်း ချမှတ်သော အမိန့်တွင် မှားယွင်း ချတ်ချော်၍ တရားမျှတမှု ကင်းမဲ့မှုသာလျှင်၊ ဤရုံးက ထင်ရှောက် စွပ်ဖက် နိုင်သည်။ ယခု အမှုတွင် အကြောင်းခြင်းရာနှင့် ပတ်သက်၍၊ တသဘောတည်း အမိန့် ချထားသော်ငြားလည်း ထိုအမိန့်များမှာ အထက်က ကျန်ုပ် ယူဆခဲ့သည့် အတိုင်း မှားယွင်း ချတ်ချော်၍ တရားမျှတမှု ကင်းမဲ့နေခြင်း တွေ့ရှိရသောကြောင့် အောက်ရုံး အမိန့်များကို ကျန်ုပ်အနေနှင့် အတည်ပြုရန် ခဲယဉ်း ပေသည်။

ထို့ကြောင့် အောက်ရုံး အမိန့်များကို ကျန်ုပ် အတည် မပြုနိုင်သောကြောင့်၊ လျှောက်ထားသူ မောင်သန်းရွှေအပေါ် တွေ့ရှိရသော ပြစ်မှုနှင့် ချမှတ် ထားသော ပြစ်ဒဏ်တို့ကို ပယ်ဖျက်လိုက်ပြီး၊ လျှောက်ထားသူအား ဤအမှုနှင့် စပ်လျဉ်းသမျှ တရားသေ လွှတ်ရန် အမိန့် ချမှတ် လိုက်သည်။

လျှောက်ထားသူသည်၊ ဒဏ်ငွေကို ပေးဆောင်ပြီးပါက ၎င်းအား ပြန်ပေးစေ၊ ထို့ပြင် သိမ်းဆည်းထားသော တာယာ ၂၆ လုံးကိုလည်း ၎င်းအား ပြန်ပေးစေ။

နိုင်ငံတော်တရားရုံးချုပ်
ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

မောင်သိန်း (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) *

† ၁၉၆၆

ဖေဖော်ဝါရီလ ၁၅ရက်။

သက်သေခံဥပဒေပုဒ်မ ၂၆ - ရဲအချုပ်တွင် ရှိနေစဉ် တပ်မတော် အရာရှိ တစ်ဦးထံတွင် ဖြောင့်ဆို ဝန်ခံခြင်း - မသက်ဝင်စရာအချက်ဖြင့် အပြစ်ပေးနိုင်မပေးနိုင်။

ဆုံးဖြတ်ချက်။ ။ အယူခံတရားလိုသည် တပ်မတော် အရာရှိတစ်ဦးဖြစ်သူ ဗိုလ်တာသန်းထံသို့ ရောက်သောအခိုန်၌ ရဲအချုပ်တွင် ရှိနေသည်ဆိုခြင်းမှာ ပေါ်လွင်နေ၏။ ယင်းသို့ ရဲအချုပ်တွင်ရှိသည့် တရားခံတစ်ဦး၏ ဖြောင့်ချက်ကို သက်သေခံ ဥပဒေ ပုဒ်မ ၂၆ အရ၊ ရာဇဝတ် တရားသူကြီး တစ်ဦးရှေ့တွင်သာ ရယူနိုင်သည်။

မောင်မြင့်နှင့် နိုင်ငံတော် အတွဲ ၂၊ ရန်ကုန် ၃၁၊

မောင်ဝိန်နှင့်ပြည်ထောင်စု၊ ၁၉၅၃၊ မြန်မာပြည် စီရင်ထုံး ၁၁၆(တရားလွှတ်တော်ချုပ်) ခြားနားခြင်းကို ပြသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ အယူခံတရားလိုသည် ယခင်က လူသတ်မှုနှင့် အရေးယူအပြစ်ပေးခြင်း ခံရသူတစ်ဦးဖြစ်ပြီး၊ ၎င်းနှင့်အတူထွက်သွားရာ ၎င်းတစ်ဦးတည်းသာပြန်လာပြီး သေသူမှာ ပြန်မလာဘဲ နောက်ဆုံး၌ အလောင်းကိုသာ တွေ့ရသောကြောင့်၊ သေသူသည် အယူခံတရားလို၏ လက်ချက်ကြောင့် သေဆုံးခဲ့ရသည်ဟု ထင်မြင်တွေးတောစရာ မသက်ဝင်စရာ ဖြစ်နေသည်မှန်၏။ သို့ရာတွင် ယင်းမသက်ဝင်စရာအချက်ဖြင့်၊ အယူခံတရားလိုအပေါ် အပြစ်မပေးနိုင်။ အယူခံတရားလိုကိုယ်တိုင် သတ်ဖြတ်ခဲ့ကြောင်းမျက်မြင် သက်သေထွက်ချက်မရှိ။ မျက်မြင် သက်သေမရှိဘဲ၊ ပတ်ဝန်းကျင်သက်သေ၊ အထောက်အထားဖြင့် တရားခံတစ်ဦးအား အပြစ်ပေး လိုလျှင်၊ ထိုသက်သေ အထောက်အထားသည် တရားခံအပြစ်ရှိကြောင်း တထစ်ချကောက်ယူရမည့် အထောက်အထားဖြစ်ရပေမည်။

ပြည်ထောင်စုနှင့် အလှ(ခေါ်)မောင်လှ ၊ ၁၉၅၈ ခုနှစ်၊ မြန်မာပြည် စီရင်ထုံး (တရားလွှတ်တော်)ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။ အစိုးရရှေ့နေကြီး၊ ဦးနှစ်။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၂၆၃။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၈ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဇွန်လ ၃၀ရက်နေ့စွဲပါ၊ သာယာဝတီမြို့ ဒုတိယ အထူး (ရာဘက်စက်ရှင်) တရားသူကြီး၏ အမိန့်ကို အယူခံမှု။

တရားသူကြီးဦးသက်ဖေ။ ။အယူခံတရားလို မောင်သိန်းအပေါ်၊ ဆုဇသတ်ပုဒ်မ ၃၀၂(၂)အရ၊ ထောင်ဒဏ်တသက်တကျွန်းကျခံစေရန် အဓိန္ဓေချမှတ်ခဲ့သော၊ သာယာဝတီမြို့၊ ဒုတိယအထူး (ရာဘက်စက်ရှင်) တရားသူကြီး၏စီရင်ချက်ကို၊ မကျေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်လေသည်။

အမှုဖြစ်ပွါးပုံအကြောင်းခြင်းရာ အတိုချုပ်မှာ၊ လွန်ခဲ့သည့် ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့ညနေ ၅ နာရီခွဲခန့် အချိန်တွင်၊ သာယာဝတီခရိုင်၊ ရေကင်းဝဲစနှင်းအုပ်စု၊ ရွာဖြူကုန်းရွာနေ၊ မောင်ပွါး (လိုပြ ၁)၏အိမ်မှဌင်း၏ယောက်ဖဖြစ်သူမောင်မိုးသည် အယူခံတရားလို မောင်သိန်းနှင့်အတူ ထွက်သွားကြရာ၊ ည ၉ နာရီခန့်အချိန်၌၊ အယူခံတရားလိုတဦးတည်းသာပြန်ရောက်လာပြီးမောင်မိုးမှာမပါလာပေ။ မောင်ပွါးနှင့် ဇနီးမခင်ရ (လိုပြ ၄) တို့ကမေးရာ အယူခံတရားလိုက မောင်မိုးသည်ရွာထဲဌာနကျန်ရစ်ခဲ့ကြောင်းပြော၏။ နာရီဝက်ခန့်ကြာသော်လည်း မောင်မိုးပြန်မလာသဖြင့် မောင်ပွါးနှင့် အယူခံတရားလိုတို့သည်၊ မောင်မိုးအားလိုက်လံရှာဖွေသော်လည်း မတွေ့၍၊ အိမ်သို့ပြန်လာကြရ၏။ ထို့နောက်အယူခံတရားလိုတဦးတည်း မောင်မိုးအားရှာရန်ထွက်သွားရာ၊ ထိုညကမောင်မိုး အိမ်သို့ပြန်မလာတော့ပေ။ နောက်နေ့နံနက်တွင် မောင်ပွါးသည်၊ ချောင်းမရွာနှင့် အင်းဝင်းရွာများတွင်၊ လိုက်လံရှာဖွေသော်လည်း မတွေ့ရသဖြင့်၊ ပတ္တေဘရွာနေ မောင်မိုး၏မိဘများအား အကြောင်းကြားပြီးပြန်လာရာ၊ အိမ်သို့သည် ၇ နာရီခန့်အချိန်တွင် ရောက်လေသည်။ အိမ်တွင်အယူခံတရားလိုအားတွေ့ပြီး၊ အယူခံတရားလိုက တာပေါ်တွင် မောင်ညိမ်းနှင့်မောင်သောင်းတွေ့ခဲ့သလား။ ဒီနေ့ညအာလောင်းထုတ်မည်ဖြစ်ကြောင်းပြောသဖြင့် မောင်ပွါးသည်၊ အယူခံတရားလိုအပေါ်၊ သင်္ကာမကင်းဖြစ်ကာ၊ မောင်ထွန်းရွှေ (လိုပြ ၁၄) အားခေါ်၍၊ စံပြရဲစခန်းရှိ ရဲကြပ်ကြီး မောင်တင်ငွေ (လိုပြ ၁၀) အားသွားရောက်တိုင်တန်းလေသည်။

၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင်၊ မောင်တင်ငွေသည်၊ ရွာဖြူကုန်းရွာသို့သွားရောက်ပြီး၊ အယူခံတရားလိုနှင့် မောင်ညိမ်းတို့အား ဖမ်းဆီးပြီးနောက်၊ မောင်ညိမ်း၏အိမ်မှ သွေးပေလျက်ရှိသည့် ဒါးတချောင်းကို သိမ်းလိုက်၏။ ထို့နောက် အယူခံတရားလိုနှင့် မောင်ညိမ်းတို့အားခြေလျင်တပ်ရင်း(၅၀)မှအရာခံဗိုလ် ဗိုလ်ဘသန်း (လိုပြ ၈) အားဖမ်းပေးလိုက်လေသည်။ ဗိုလ်ဘသန်းရွေတွင်၊ ၎င်းတို့ကဖြောင့်ချက်ပေးကြသည်ဟုဆို၏။ ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ရဲတပ်ကြပ်ကြီး မောင်တင်ငွေသည်၊ ရွာဖြူကုန်းရွာတွင် မောင်သူငယ်နှင့် မောင်ချစ်မောင်တို့အားဖမ်းဆီးလိုက်၏။ မောင်သူငယ်နှင့်မောင်ချစ်မောင်တို့က မောင်မိုး၏အလောင်းကိုမြုပ်ထားသောနေရာကို လိုက်ပြသဖြင့် ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် စူးဖေါ်ရာ၊ မောင်မိုး၏အလောင်းကိုတွေ့ရလေသည်။ မောင်မိုး၏အလောင်း၌ဦးခေါင်း

၁၉၆၆ မောင်သိန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

လည်ပင်းနှင့် လက်ချောင်းတထောင်ဆစ်တို့တွင် ဓါးဒဏ်ရာလေးချက်ရရှိခဲ့ရာ၊ ဦးခေါင်းနှင့်လည်ပင်းတွင်ရရှိသော ဒဏ်ရာများသည်၊ တခုစီအနေဖြင့်၊ မုချသေစေနိုင်ကြောင်း ဆရာဝန် ဦးမောင်မောင်စိန် (လိုပြ ၁၆) ကတွေ့ရှိလေသည်။ အလောင်းနှင့်အတူ မောင်းမိုးထွက်သွားစဉ်ကပါသွားသည့်၊ လက်နှိပ်ဓါတ်မီးကိုလည်း ပြန်လည်တွေ့ရှိလေသည်။

၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင်၊ မောင်သောင်းကိုဖမ်းဆီးလိုက်၏။ ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် မောင်သောင်းသည်၎င်း၊ ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် မောင်သူငယ်နှင့် မောင်ချစ်မောင်တို့သည်၎င်း၊ သာယာဝတီမြို့၊ စတုဒ္ဓရာဘက် ရာဇဝတ်တရားသူကြီး ဦးမျိုးဆွေ (လိုပြ ၁၁) ရှေ့တွင် အသီးသီးဖြောင့်ချက်ပေးကြလေသည်။ အဆိုပါသက်သေ အထောက်အထားများအရ၊ ရုံးတင်တရားစွဲဆိုရာ၊ ပညာရှိ အောက်ရုံးတရားသူကြီးသည်၊ မောင်သောင်းအားတရားသေလွှတ်ခဲ့၏။ မောင်ညိမ်းမှာအမှုအတွင်း အာမခံနှင့်လွှတ်ထားခိုက် အသတ်ခံရသဖြင့် ၎င်းအပေါ် ဆက်လက်အရေးမယူနိုင်ခဲ့ပေ။ မောင်သူငယ်နှင့်မောင်ချစ်မောင်တို့အား ရာဇသတ်ပုဒ်မ ၂၀၁(၂)အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၆ လစီ၊ အယူခံတရားလိုကို မူအထက်တွင်ဖော်ပြခဲ့သည့်အတိုင်းပုဒ်မ ၃၀၂(၂)အရ၊ တသက်တကျွန်းအပြစ်ဒဏ် ချမှတ်ခဲ့လေသည်။ မောင်သူငယ်နှင့်မောင်ချစ်မောင်တို့မှာ အယူခံမဝင်ကြပေ။

ပညာရှိအောက်ရုံး တရားသူကြီးသည်၊ အယူခံတရားလိုအပေါ် ဗိုလ်ဘသန်းရှေ့တွင် ပြောဆိုခဲ့သည့် ၎င်း၏ဖြောင့်ချက်၊ ၎င်းနှင့်အတူ တရားစွဲဆိုခြင်းခံရသည့် မောင်သူငယ်နှင့်မောင်ချစ်မောင်တို့၏ ဖြောင့်ချက်များနှင့် မောင်သိန်းဝတ်ဆင်ခဲ့ဘူးသည့် ရှပ်အင်္ကျီနှင့်လုံချည်တို့တွင် သွေးစများတွေ့ရသည်ဆိုသောအချက်များကို ပေါင်းစပ်ကာ၊ အပြစ်ပေးခဲ့ခြင်းဖြစ်လေသည်။

ပညာရှိ အောက်ရုံးတရားသူကြီးက၊ ဗိုလ်ဘသန်းသည်၊ တပ်မတော်အရာရှိတဦးဖြစ်၍၊ ရဲဥပဒေအရ အာဏာတစုံတရာရှိသူတဦး မဟုတ်သည့်အလျောက်၊ ၎င်းထံတွင်၊ အယူခံတရားလိုက ဖြောင့်ဆိုဝန်ခံခြင်းသည် သက်သေခံဥပဒေပုဒ်မ ၂၅ အရ၊ အကျုံးမဝင်၍ သက်သေခံအဖြစ်လက်ခံနိုင်သည်ဟု ဝေဖန်ထားသည်ကိုတွေ့ရ၏။ ဗိုလ်ဘသန်းထံတွင် ဖြောင့်ဆိုဝန်ခံစဉ်၊ အယူခံတရားလိုသည်ရဲ အချုပ်ခြံရှိနေပြီဆိုသောအချက်ကို ပညာရှိအောက်ရုံး တရားသူကြီးသည်၊ သတိမူမိဟန်မတူ၊ ရဲတပ်ကြပ်ကြီးမောင်တင်ငေက၊ မောင်ပွါးလာတိုင်သဖြင့်၊ အယူခံတရားလိုအား ရွာမှခေါ်ပြီး၊ ဗိုလ်ဘသန်းထံသို့ အပ်ပေးကြောင်း။ ဗိုလ်ဘသန်းထံသို့ခေါ်သွားရာတွင်၊ လှေထဲ၌ထွက်ပြေးမည်စိုး၍ လက်ပြန်ကြိုးတုပ်ထားခဲ့သည်မှာ မှန်ကြောင်းထွက်ဆိုထားရာ၊ အယူခံတရားလိုသည် ဗိုလ်ဘသန်းထံသို့ရောက်သောအချိန်၌၊ ရဲအချုပ်တွင်ရှိနေသည်ဆိုခြင်းမှာ ပေါ်လွင်

နေ၏။ ယင်းသို့ရဲအချုပ်တွင်ရှိသည့်တရားခံတစ်ဦး၏ ဖြောင့်ချက်ကို၊ သက်သေခံ ဥပဒေပုဒ်မ ၂၆ အရ၊ ရာဇဝတ်တရားသူကြီး တစ်ဦးရှေ့တွင်သာ ရယူနိုင်သည်။ ပညာရှိအောက်ရုံးတရားသူကြီး ဖေါ်ပြထားသည့်၊ **မောင်မြင့်နှင့် နိုင်ငံတော်** (၁)အပြင်၊ **မောင်ဝိန်နှင့်ပြည်ထောင်စု** (၂)တို့အမှုမှာ၊ သူကြီးသည်ရဲအရာရှိမဟုတ်၍ သူကြီးထံ တွင်ပေးသည့် ဖြောင့်ချက်သည်၊ သက်သေခံအဖြစ် လက်ခံနိုင်ကြောင်း ဆုံးဖြတ်ထားရာ ၎င်အမှုပါအကြောင်းခြင်းရာနှင့် မတူသည်ကို သတိချပ်ရပေမည်။

မောင်သူငယ်နှင့် မောင်ချစ်မောင်တို့၏ ဖြောင့်ချက်များကို အယူခံ တရားလိုအပေါ်မည်သည့် အချိန်အခါမျိုးတွင် အသုံးပြုနိုင်သည်ဆိုသော အချက်နှင့် ပတ်သက်၍၊ **ပြည်ထောင်စုနှင့်မောင်လှခေါ် အလှ**(၃)တို့၏ စီရင်ထုံးကိုသာ ရည်ညွှန်းလို၏။ ၄င်းတို့၏ဖြောင့်ချက်များသည်၊ အယူခံတရားလိုအား အပြစ်ပေးနိုင်အောင် ခိုင်လုံသည့် သက်သေအထောက်အထားများ မဟုတ်ပေ။အယူခံတရားလို အပေါ်၊ လုံလောက်သည့် အခြားသက်သေခံချက် ရှိပါကဂင်းတို့၏ ဖြောင့်ချက်များသည် အဆိုပါသက်သေခံချက်အား အထောက်အကူပြုသာ ဖြစ်စေနိုင်သည်။

အယူခံတရားလို ဝတ်ဆင်ခဲ့ဟူးသည့် ရှပ်အင်္ကျီနှင့် လုံချည်တို့တွင် သွေးစများ တွေ့ရသည် ဆိုသော်လည်း၊ တွေ့ရသည့် သွေးစက်များမှာ လူသွေးဖြစ်သည်ဟု သက်သေ အထောက် အထားမရှိ။ အမှန်အားဖြင့်ဆိုသော် ထိုအဝတ်အစားများမှာ မောင်ပွါး၏ အဝတ်အစားများသာဖြစ်၏။ အယူခ ံတရားလိုကို ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ရက် နေ့တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ရာ၊ အဆိုပါရှပ်အင်္ကျီနှင့် လုံချည်တို့ကို သိမ်းဆည်းသည့် ၁၉၆၄ခုနှစ်၊ စက်တင်ဘာလ ၂၀ရက်နေ့အကြာတွင် ပိုင်ရှင်မောင်ပွါးက လုံးဝ ဝတ်ဆင်ခဲ့ခြင်းမရှိဟု ဆိုသည့် ထွက်ချက်မရှိ။ ထိုကြောင့်အယူခံတရားလိုဝတ်ဆင်စဉ် အဆိုပါအဝတ်များ၌ သွေးပေခဲ့ရသည်ဟု တထစ်ချမဆိုနိုင်။

သေ သူ သည် အခင်းဖြစ် ညက အယူခံတရားလိုနှင့်အတူ အိမ်မှ ထွက်သွား ပြီး နောက် အယူခံ တရားလိုတစ်ဦးသာ အိမ်ပြန် လာပြီး၊ သေသူ ပြန်မလာရံ၊ မျှဖြင့်၊ သေသူအား အယူခံ တရားလိုက သတ်ခဲ့သည်ဟု မယူဆနိုင်။ သေသူမှာ ဘိန်းရူသူ တစ်ဦး ဖြစ် ၍ ၊ ရွာထဲရှိ အိမ် တအိမ် တွင် ဘိန်းရူရန် ကျန်ရစ် ခဲ့ခြင်း မဟုတ်ဟု မဆိုနိုင်၊ အယူခံ တရားလိုက၊ မောင်ပွားအား၊ ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ရက်နေ့ညတွင်၊ မောင်ညိမ်း၊ မောင်သောင်း တို့ အ လောင်း ထုတ် လာ မည် ဖြစ်၍၊ ထုတ် လာ လျှင် လက် ခေါက် မှုတ် ပြီး အ ကြောင်း ကြား ရန် မှာ ထား ကြောင်း ပြော သည် ဆို သော အ ချက် မှာ ၊ အဓိပ္ပာယ် ရှင်း လင်း ခြင်း မရှိ ။

---

(၁)အတွဲ ၂၊ ရန်ကုန် ၃၁။

(၂)၁၉၅၃၊ မြန်မာပြည်စီရင်ထုံး ၁၁၆ (တရားလွှတ်တော်ချုပ်)။

(၃)၁၉၅၈၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်)။

၁၉၆၆

မောင်သိန်းနှင့် ပြည်ထောင်စုပြန်မာနိုင်ငံ။

အလောင်းကိုတွေ့လျှင်၊ သို့မဟုတ် အလောင်းပေါ်လာလျှင် အကြောင်းကြားရန် မှာထားသည်ဟုလည်း အဓိပ္ပါယ်ကောက်နိုင်၏။ ထို့ပြင်အယူခံတရားလိုသည်၊ လူသတ်ခဲ့ရိုးမှန်ပါမူ၊ သေသူ၏အစ်မနှင့်ယောက်ဖတို့ရှေ့တွင်၊ ထိုကဲ့သို့ပြောဆိုလိမ့်မည်မဟုတ်ပေ။

အယူခံတရားလိုသည်၊ ယခင်ကလူသတ်မှုနှင့် အရေးယူအပြစ်ပေးခြင်းခံရသူတဦးဖြစ်ပြီး၊ ၎င်းနှင့်အတူထွက်သွားရာမှ၊ ၎င်းတဦးတည်းသာပြန်လာပြီး မောင်မိုးမှာပြန်မလာဘဲ နောက်ဆုံး၌ အလောင်းကိုသာတွေ့ရသောကြောင့်၊ မောင်မိုးသည်အယူခံတရားလိုတို့၏လက်ချက်ကြောင့် သေဆုံးခဲ့ရသည်ဟု ထင်မြင်တွေးတောစရာဖြစ်နေသည်မှာမှန်၏။ သို့ရာတွင်၊ ယင်းမသက်ဝစရာအချက်ဖြင့် အယူခံတရားလိုအပေါ် အပြစ်မပေးနိုင်။ ဤအမှုတွင်သေသူအား အယူခံတရားလိုကိုယ်တိုင် သတ်ဖြတ်ခဲ့ကြောင်း မျက်မြင်သက်သေထွက်ချက်မရှိ။ မျက်မြင်သက်သေမရှိဘဲ၊ ပတ်ဝန်းကျင်သက်သေအထောက်အထားဖြင့်၊ တရားခံတဦးအား အပြစ်ပေးလိုလျှင်၊ ထိုသက်သေအထောက်အထားသည်၊ တရားခံအပြစ်ရှိကြောင်း တထစ်ချကောက်ယူရမည့် အထောက်အထားဖြစ်ရပေမည်။ ယခုအမှုတွင်မူ၊ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း၊ အယူခံတရားလိုအပေါ် တင်ပြခဲ့သည့် သက်သေအထောက်အထားများမှာ၊ အယူခံတရားလိုသည်၊ လူသတ်ကောင်ဖြစ်ရမည်ဟု တထစ်ချယူဆရမည့် သက်သေအထောက်အထားများမဟုတ်သဖြင့် အယူခံတရားလိုအပေါ်၊ ပတ်ဝန်းကျင် သက်သေအထောက်အထားများဖြင့် အပြစ်ပေးခဲ့သော အောက်ရုံးတရားသူကြီး၏အမိန့်မှာ မှားယွင်းနေသည်။

ထို့ကြောင့်၊ အောက်ရုံးစီရင်ချက်နှင့် အပြစ်ဒဏ်တို့ကိုပယ်ဖျက်ပြီး ဦးမြဒင်၏သား အယူခံတရားလို မောင်သိန်းအား၊ ဤအမှုနှင့်ပတ်သက်၍ တရားသေလွှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

မောင်ဟန်စိန် ပါ ၂ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) *

† ၁၉၆၆ ဖေဖော်ဝါရီလ ၁၀ ရက်။

ရာဇသတ်ကြီးပုဒ်မ ၃၂၆။ ဖြစ်ပါးရာဒေသအနီး၌ ဓါးကိုင်လျက်တွေ့ရခြင်း။ လူသတ်ကောင်များ ဖြစ်သည်ဟု ယူဆသင့် မသင့်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုတို့အား အခင်းဖြစ်ပါးရာဒေသအနီးတွင် ဓါးကိုယ်စီကိုင်လျက် တွေ့ရခဲ့ခြင်းသာဖြစ်ရာ၊ ယင်းသို့တွေ့မြင်ရုံဖြင့် အယူခံတရားလိုများတို့က သတ်သူများဖြစ်သည်ဟု မယူဆနိုင်။

မောင်ချစ်လှိုင်၊ မောင်ထွန်းဝိုင်း၊ မောင်သိန်းအောင် ပါ ၂၂ နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ၊** ၁၉၅၈ ခု၊ မြန်မာပြည် စီရင်ထုံးများ၊ စာ ၅၈၂ ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးနှစ်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလို ဟန်စိန်အပေါ် ရာဇသတ်ပုဒ်မ ၃၂၆ အရ ပြစ်မှုနှစ်ရပ်အတွက် တသက်တကျွန်းအပြစ်ဒဏ် ၂ ရပ်ကို တပေါင်းတည်း ကျခံစေရန်၎င်း၊ အယူခံတရားလို လှရှိန် (ခေါ်) ခလေးလေးအပေါ် ရာဇသတ်ပုဒ်မ ၃၂၆ အရ ပြစ်မှု ၂ ရပ်အတွက် မိတ္ထိလာမြို့၊ လူငယ်အတတ်သင်ကျောင်းတွင် အသက် ၁၉ နှစ်မြောက်တိုင်အောင် အကျဉ်းခံစေရန်၎င်း၊ အမိန့်ချမှတ်ခဲ့သည့် ဟသ်ာတမြို့ တတိယအထူး (ရာဘက်စက်ရှင်) တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်ကြခြင်းဖြစ်လေသည်။

အမှုဖြစ်ပွါးပုံ အကြောင်းခြင်းရာ အတိုချုပ်မှာ၊ လွန်ခဲ့သည့် ၁၃၂၄ ခုနှစ်၊ တန်းခူးလဆုတ် ၂ ရက် (၁၉၆၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့) ညနေ ၅ နာရီခန့်အချိန်တွင် ဟသ်ာတခရိုင်၊ မြန်အောင်မြို့နယ်၊ ဆပ်ပျာကျင်းရွာနေ မလုံး (လိုပြု-၃) သည်၊ ရွာနှင့်မနီးမဝေးရှိ အိုးလုပ်ရန် မြေတူးသည့်တွင်းသို့ မြေတူးရန်သွားရာ တွင်းထဲ၌

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှာ် ၄၅ နှင့် ၆၀။

† ၁၉၆၃ ခုနှစ်၊ အထူးရာဇဝတ်ကြီးမှုအမှတ် ၁၁ တွင် ချမှတ်သော ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့စွဲပါ၊ ဟသ်ာတမြို့ တာဝိယရာဘက်စက်ရှင်တရားသူကြီး၏အမိန့်ကို အယူခံမှု။

၁၉၆၆ မောင်ဟန်စိန် ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ရွာသူများဖြစ်ကြသည့် မကြီးနှင့် မတင်ငွေတို့အား ခါးဒဏ်ရာများနှင့် သေဆုံးနေကြသည်ကို တွေ့မြင်ရသောကြောင့် ရွာသို့ပြန်ပြေးကာ မဿန်းကြည် (လို့ပြ-၂) နှင့် အခြားရွာသားများအား ပြောပြလေသည်။ ရွာမှလူများလည်း မြေကျင်းသို့သွား ဆောက်ကြည့်ရှုကြပြီး မကြီးနှင့် မတင်ငွေတို့၏ အလောင်းများကို မြန်အောင်မြို့ ပြည်သူ့ဆေးရုံသို့ ပို့လိုက်လေသည်။ မကြီးတွင် ခါးဒဏ်ရာ ငါးချက်တွေ့ရပြီး၊ တချက်မှာ လည်ပင်းတဝက်နီးပါးခန့် ပြတ်နေသည့်အလျောက် ထိုဒဏ်ရာမှာ မုချသေစေမည့် ဒဏ်ရာဖြစ်ကြောင်း၊ မတင်ငွေတွင် ဦးခေါင်း၌ ခါးဒဏ်ရာတချက်၊ လည်ပင်းတွင် ခါးဒဏ်ရာတချက်၊ ဦးခေါင်းဒဏ်ရာမှာ မုချသေစေမည့် ဒဏ်ရာဖြစ်ပြီး လည်ပင်းမှ ဒဏ်ရာမှာ သဘာဝအားဖြင့် သေလောက်သော ဒဏ်ရာဖြစ်ကြောင်း ဆရာဝန် ဦးတင်အောင် (လို့ပြ-၅)က တွေ့ရှိရလေသည်။

၁၉၆၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် အယူခံတရားလို ခလေးလေးအား ဖမ်းဆီးလိုက်ပြီး အယူခံတရားလို ဟန်စိန်ကိုမူ ထိုစဉ်က ရွာ၌မတွေ့သဖြင့် တရားခံပြေးအဖြစ် အရေးယူခဲ့ရာ၊ ၁၉၆၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် အောက်ရုံး၌ အဖမ်းခံသည့် အတွက် ၎င်းတို့နှစ်ဦးအပေါ် **တရားစွဲဆိုအရေးယူခဲ့ခြင်း** ဖြစ်လေသည်။

ပညာရှိ အောက်ရုံးတရားသူကြီးသည် မောင်စံလှိုင် (လို့ပြ-၄)၊ ကိုကျော်အုန်း (လို့ပြ-၆)နှင့် ကိုလှမောင် (လို့ပြ-၈)တို့၏ ထွက်ချက်များအပေါ် မူတည်လျက် အယူခံတရားလိုတို့အား အပြစ်ပေးခဲ့သည်ကို တွေ့ရ၏။ ထိုသက်သေ သုံးဦးအနက် မောင်စံလှိုင်မှာ မျက်မြင်သက်သေဖြစ်၍ အဓိကအရေးကြီးသည့် သက်သေဖြစ်လေသည်။ မောင်စံလှိုင်သည် အောက်ရုံးတွင် သက်သေခံစဉ် ၎င်းသည် အခင်းဖြစ်မြေကျင်းအနီးမှ အခြားမြေကျင်းတခုရှိရာသို့သွားရာ၊ အခင်းဖြစ်မြေကျင်းအနီးမှ အယူခံတရားလိုနှစ်ဦးအား တာလမ်းပေါ်သို့ တက်သွားသည်ကို မြင်ရသည်ဟု ပဌမထွက်ဆိုပြီးနောက်မှသာ၊ အဝိုးရရွှေနေကြီး၏ မေးမြန်းချက်အရ၊ ရဲအရာရှိထံတွင် အယူခံတရားလိုများက သူ့ငယ်မနှစ်ယောက်ကို ခါးနှင့်ခုတ်သည်ကို မြင်ခဲ့ရသည်ဟု ထွက်ဆိုခဲ့ကြောင်း၊ ယင်းသို့ ရဲအရာရှိထံတွင် ထွက်ဆိုခဲ့သည့် ထွက်ချက်မှာ မှန်ကန်ကြောင်းပြန်လည်ထွက်ဆိုခဲ့လေသည်။ ထိုထွက်ချက်ကို အယူခံတရားလိုတို့အပေါ် ထည့်သွင်းစဉ်းစားနိုင်သည်ဆိုခြင်းကို မငြင်းလိုပေ။ **ချစ်လှိုင်၊ ထွန်းဝိုင်း၊ သိန်းအောင် ပါ ၂၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှု (၁)**။ သို့ရာတွင် ယင်းသို့ အမျိုးမျိုးအဖုံဖုံ ထွက်ဆိုနေသည့် ထွက်ချက်အား အလေးပေး၍ ယုံသင့် မယုံသင့်ဆိုသော အချက်ကိုမူ လေးလေးနက်နက် စဉ်းစားရန်လိုပေသည်။ သက်သေ မောင်စံလှိုင်က ၎င်းသည် အခင်းဖြစ်သည့်နေ့၌ပင် သေသူ မကြီး၏ဘခင် ဦးဘိုးချက်အား ပြောပြခဲ့သည်

(၁) ၁၉၅၈ ခု၊ မြန်မာပြည်စီရင်ထုံး၊ စ ၅၈၂ (တရားလွှတ်တော်)။

ဆိုသော်လည်း တရားလိုဘက်မှ ဦးဘိုးချက်ကို စစ်ဆေးခဲ့ခြင်းမရှိပေ။ မောင်စံလှိုင်သည် အခင်းဖြစ်ပွါးပုံကို အခြားမည်သူကိုမှ ပြောပြခဲ့ခြင်းမရှိဘဲ ၁၉၆၃ ခုနှစ်၊ မေလ ၄ ရက်နေ့တွင်သာ ရဲအရာရှိ ဦးဘငွေ (လိုပြ-၉) ထံ၌ အစစ်ခံခဲ့သဖြင့် ၎င်း၏ထွက်ချက်မှာ သံသယမကင်းစရာ ဖြစ်နေသည်။

မောင်ကျော်အုန်း (လိုပြ-၆) က ၎င်းသည် အခင်းဖြစ်ညနေက မြေကျင်းနှင့် တခေါ် ခန့်ဝေးသည့် လယ်ထဲတွင် မြက်မျှားကို မီးရှို့နေရာ၊ အယူခံတရားလို ၂ ယောက် ရောက်လာပြီး အနီးရှိ ထန်းပင်မှ ထန်းလက်မျှားကိုခုတ်၍ မီးကိုရိုက်သတ်ကြကြောင်း၊ မီးငြိမ်းပြီးမှ တာပေါ်မှ ဆူညံစွာငိုသံမျှားကြားရ၍ သွားရောက်ကြည့်ရှုသောအခါ မကြီးနှင့် မတင်ငွေတို့ သေဆုံးနေသည်ကို သိရကြောင်း ထွက်ဆိုထားသဖြင့် အယူခံတရားလိုနှစ်ဦးသည် အခင်းဖြစ်ရာ ဒေသအနီးတွင် ဓါးကိုယ်စီကိုင်လျက် တွေ့ရသည်ဆိုသော အချက်သာ ပေါ်ပေါက်နေ၏။ သို့ရာတွင် အယူခံတရားလိုတို့သည် တရားလိုအစိုးရဘက်မှ စွပ်စွဲထားသည့်အတိုင်း လူသတ်မှုကျူးလွန်ခဲ့ရှိမှန်ပါမူ၊ ယင်းသို့ကျူးလွန်ပြီးနောက် ချက်ခြင်းပင် မောင်ကျော်အုန်းရှိရာသို့ သွားရောက်ပြီး အေးအေးလူလူပင် မီးငြိမ်းနိုင်ပါမည်လော ဆိုသည့် ပြဿနာမှာ ပေါ်ပေါက်နေလေသည်။ ကိုလှမောင် (လိုပြ-၈) က၊ အခင်းဖြစ်ညနေ ၃ နာရီခန့်အချိန်တွင် အယူခံတရားလို ခလေးလေးသည် ၎င်း၏ညီတဦး (အယူခံတရားလို ဟန်စိန်မဟုတ်) နှင့်အတူ အခင်းဖြစ်ပွါးရာ မြေကျင်းအနီး၌ လူငယ်ဘဝ ငှက်ပစ်နေသည်ကို တွေ့ရကြောင်း ထွက်ဆိုထားရာ၊ မကြီးနှင့် မတင်ငွေတို့အား ဓါးနှင့်ခုတ်သည်ဆိုသောကိစ္စတွင် လုံးဝပတ်သက်သည်ဟု မဆိုနိုင်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အယူခံတရားလိုများအပေါ် ငြိစွန်းသည့် တခုတည်းသော သက်သေအထောက်အထားမှာ မောင်စံလှိုင်၏ ထွက်ချက်ပင်ဖြစ်သည်။ မောင်စံလှိုင်သည် အောက်ရုံးတွင် သက်သေခံစဉ် အမျိုးမျိုးအဖုံဖုံ ထွက်ဆိုခဲ့သည့် အလျောက်၊ ၎င်း၏ထွက်ချက်မှာ စိတ်ချလက်ချလက်ခံသင့်သည့် ထွက်ချက်တခုမဟုတ်ပေ။ ထိုအချက်ကို ပညာရှိ အစိုးရလွှာတော် ရှေ့နေကြီးကလည်း ဝန်ခံသည်။ အခြားသက်သေဖြစ်သည့် မောင်ကျော်အုန်းမှာ အယူခံတရားလိုတို့သည် အခင်းဖြစ်ပွါးရာဒေသအနီးတွင် ဓါးကိုယ်စီကိုင်လျက် တွေ့ခဲ့ရခြင်းသာဖြစ်ရာ၊ ယင်းသို့တွေ့မြင်ရုံဖြင့် အယူခံတရားလိုတို့က သတ်သည်ဟု မယူဆနိုင်ပေ။

အထက်ပါအကြောင်းများကြောင့်၊ အယူခံ တရားလိုများအပေါ် ရာဇသတ်ပုဒ်မ ၃၀၇ အရ စွဲချက် ၂ ရပ်ဖြင့် ပြစ်မှုထင်ရှားသည်ဟုဆိုကာ အပြစ်ပေးခဲ့သော ပညာရှိ အောက်ရုံးတရားသူကြီး၏အမိန့်စီရင်ချက်မှာ မှားယွင်းနေသဖြင့် ပယ်ဖျက်ပြီး၊ ဦးစံတင်၏သား အယူခံတရားလို ဟန်စိန်နှင့် လှရှိန် (ခေါ်) ခလေးလေးတို့အား ဤအမှုနှင့်ပတ်သက်၍ တရားသေလွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်
ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

† ၁၉၆၆ ဖေဖော်ဝါရီလ ၂ ရက်။

မောင်အုန်းရှေ ပါ ၂ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

လက်နက် (အရေးပေါ်ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေပုဒ်မ (၁) (က) အရ၊ မူပြစ်ထင်ရှားစီရင်ခြင်း—ရဲစခန်းမှူးနှင့်တွေ့စဉ် အမဲလိုက်ရင်းလမ်းမှားလာသည်ဟုလိမ်လည်ပြောခြင်း—တာဝန်ထမ်းဆောင်ရာတွင် အသုံးပြုရန်ပေးအပ်ထားသည့် သေနတ်နှင့် ခဲယမ်းမီးကျောက်များကို ဝိုးယူထွက်ပြေးရန် ကြံစည်အားထုတ်ကြောင်း ထင်ရှားခြင်းရှိမရှိ—ပြစ်ဒဏ်။

ဆုံးဖြတ်ချက်။ ။မီးလောင်ချောင်းရွာတွင် ရဲစခန်းမှူးနှင့်တွေ့စဉ် အယူခံတရားလိုတို့က အမဲလိုက်ရင်း လမ်းမှားလာသည်ဟု လိမ်လည်၍ ပြောခဲ့သည်ကို ထောက်ရှုလျှင်၊ ၎င်းတို့သည် ၎င်းတို့အား တာဝန်ထမ်းဆောင်ရာတွင် အသုံးပြုရန် ပေးအပ်ထားသည့် ခဲယမ်းမီးကျောက်များကို ဝိုးယူထွက်ပြေးရန် ကြံစည်အားထုတ်ကြောင်း ထင်ရှားသဖြင့် ၎င်းတို့အပေါ် လက်နက် (အရေးပေါ် ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေပုဒ်မ ၂ (၁) (က) အရ အပြစ်ပေးခဲ့သည်မှာ မှန်ကန်သည်။ တိုင်းသူပြည်သားတို့၏ အသက်အိုးအိမ်ကို ကာကွယ်ရန်ပေးအပ်ထားသော လက်နက်ခဲယမ်းမီးကျောက်များအား ဝိုးယူခြင်း၊ အလွဲသုံးစားပြုခြင်းကိစ္စများတွင် ထိရောက်စွာ အပြစ်ပေးသင့်သည့် အလျောက်၊ အယူခံတရားလိုတို့အပေါ် ချမှတ်ခဲ့သော အောက်ရုံး၏ အပြစ်ဒဏ်သည် ကြီးလေးသည်ဟု မဆိုနိုင်။

အယူခံတရားလိုများအတွက်။ ။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးနှစ်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလိုတို့အား မြတ်မွှို အထူး (စက်ရှင်) တရားသူကြီးက လက်နက် (အရေးပေါ်ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေပုဒ်မ ၂ (၁) (က) အရ၊ အလုပ်ကြမ်းဖြင့် ထောင်ဒဏ် ၅ နှစ်စီ ချမှတ်ခဲ့သည်ကို မကျေနပ်ကြသဖြင့် အယူခံဝင်ကြသည့်အမှု ဖြစ်လေသည်။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၀၆/၁၀၇။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၃ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့စွဲပါ၊ မြတ်မွှို၊ အထူးစက်ရှင်တရားသူကြီး၏ဒဏ်ကို အယူခံမှု။

မြိတ်ခရိုင်၊ပုလော ရဲချုပ်စခန်းအပိုဒ်ရှိ ကျဲရဲစခန်းတွင် ရဲဒု-တပ်ကြပ် မောင်တင်ဖေ (လိုပြ-၁) သည်၊ ရဲကင်းအုပ်အဖြစ် ဆောင်ရွက်ရပြီး၊ ၎င်း၏လက်အောက်တွင် ရဲတပ်သား ၁၃ ယောက်ရှိလေသည်။ ထိုရဲတပ်သား ၁၃ ဦးတွင် အယူခံတရားလိုနှစ်ယောက် အပါအဝင်ဖြစ်လေသည်။ ကျဲရဲစခန်းတွင် အပေါ်ကင်းတဲနှင့် အောက်ကင်းတဲဟူ၍ ကင်းတဲနှစ်ခုရှိရာ၊ ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့ညတွင် အပေါ်ကင်းတဲ၌ အယူခံတရားလို ၂ ဦးနှင့် စောသာဘီ (ခံပြ-၅)တို့ တာဝန်ကျပြီး၊ အောက်ကင်းတဲ၌ မောင်ချစ်တီး အပါအဝင် ရဲတပ်သား ၅ ဦးတာဝန်ကျလေသည်။ ထိုနေ့ည ၁၀ နာရီမှ ၁၂ နာရီအထိ၊ အယူခံတရားလို မောင်ကျင်စိန်၏ အစောင့်တာဝန်မှာ နံနက် ၄ နာရီမှ ၆ နာရီအထိဖြစ်လေသည်။ ထိုညသန်းခေါင်ကျော် တနာရီခန့် အချိန်တွင် ရဲတပ်သား မောင်ချစ်တီးက အပေါ်ကင်းတဲမှ ရဲဘော်များ မရှိတော့ကြောင်း လှမ်းပြောသဖြင့်၊ ကင်းတဲနှင့် ကိုက် ၅၀ ခန့်အကွာရှိ အိမ်တွင်နေထိုင်လျက်ရှိသော၊ ရဲကင်းအုပ် မောင်တင်ဖေသည် အပေါ်ကင်းတဲသို့ သွားရောက်စစ်ဆေးသောအခါ၊ ရဲတပ်သား စောသာဘီဘဦးကိုသာ အိပ်ပျော်လျက်ရှိသည်ကိုတွေ့ရပြီး၊ အယူခံတရားလိုတို့ကို မတွေ့ရတော့ပေ။ အယူခံတရားလိုများအား၊ တာဝန်ထမ်းဆောင်ရာတွင် အသုံးပြုရန် ထုတ်ပေးထားသည့် ရိုင်ဖယ်သေနတ်များ၊ ကျည်ဆံများနှင့် စစ်ဝတ်စုံတို့မှာလည်း ပျောက်ဆုံးလျက်ရှိသည်ကို တွေ့ရလေသည်။ စောသာဘီအား အိပ်ရာမနိုးပြီး မေးမြန်းရာ၊ အယူခံတရားလိုတို့ မည်သည့်နေရာသို့ ထွက်သွားကြသည်ကို မပြောနိုင်ပေ။

နံနက်မိုးလင်းသော် မောင်တင်ဖေသည် ၎င်း၏အထက်လူကြီးဖြစ်သည့် ဘုတ်ရဲစခန်းရှိ ရဲဒု-တပ်ကြပ် မောင်အောင်သန်း (ခံပြ-၈) ထံသို့ သွားရောက်သတင်းပို့ပြီး၊ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ပုလောမြို့ ရဲတပ်စခန်း လို့ခေါ်ရေးမှူး ဦးစောညွန့် (လိုပြ-၄)ထံသို့ သတင်းပို့ခဲ့လေသည်။ ဦးစောညွန့်သည် ပုလောနှင့် ပလောက်နယ်ရှိ ရဲကင်းစခန်းများသို့ အယူခံတရားလိုတို့သည် လက်နက်ခိုးကာထွက်ပြေးသွား၍ တွေ့ကဘမ်းဆီးပေးပို့ရန် ညွှန်ကြားချက်များ ထုတ်လိုက်ပြီး ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ထားဝယ်ခရိုင်အတွင်းရှိ၊ ပဲရဲစခန်း၊ ဝင်းဝရဲစခန်း၊ သရက်ချောင်းရဲစခန်းများသို့ တပ်ပြေးနှစ်ဦးအား ဘမ်းဆီးပေးပို့ရန် အကြောင်းကြားလိုက်လေသည်။

ထားဝယ်ခရိုင်ပဲရဲစခန်းမှူး ဦးထွန်းကြွယ် (ခံပြ-၃) သည်၊ ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် ဦးစောညွန့်၏ အကြောင်းကြားချက်ကို အစ်နှစ်ရဲစခန်းရှိ စခန်းမှူး စောထွန်းကြည် (လိုပြ-၂) ထံသို့ တဆင့်အကြောင်းကြားလိုက်သဖြင့်၊ စောထွန်းကြည်သည် စုံစမ်းရန် မီးလောင်ချောင်းရွာသို့ ထွက်လာရာ၊ မီးလောင်ချောင်းရွာရှိ ဦးတာနား

၁၉၆၆ မောင်အုန်းရွှေပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

၏အိမ်တွင် အယူခံတရားလို ၂ ဦးအား ထမင်းစားရန် စောင့်ဆိုင်းတည်းခိုလျက်ရှိသည်ကို တွေ့ရလေသည်။ စောထွန်းကြည်က မေးသောအခါ၊ အယူခံတရားလိုများက အမဲလိုက်ရင်း လမ်းမှားလာကြောင်း ပြောသဖြင့်၊ ၎င်းတို့အား ရဲစခန်းတွင် လိုက်အိပ်ကြရန်ခေါ်ပြီး၊ ၎င်းတို့ထံမှ လက်နက်များကို သိမ်းဆည်းလိုက်လေသည်။ ထို့နောက် ၎င်းတို့အား ပဲရဲစခန်းမှူး ဦးထွန်းကြွယ်ထံသို့၊ လက်နက်ခဲယမ်းများနှင့်အတူ ပေးပို့လိုက်ပြီး ၎င်းတို့အပေါ် ရုံးတင်တရားစွဲဆိုခဲ့ခြင်း ဖြစ်ပေသည်။

အယူခံတရားလိုများသည် မိမိတို့တာဝန်ကျရာ ရဲတပ်စခန်းမှ အခွင့်အမိန့်မရှိဘဲ၊ ၎င်းတို့အား တာဝန်ထမ်းဆောင်ရာတွင် အသုံးပြုရန် ပေးအပ်ထားသည့် လက်နက်ခဲယမ်းမီးကျောက်နှင့် စစ်ဝတ်စုံတို့ကိုယူလျက် ထွက်သွားကြသည်ဆိုခြင်းမှာ မငြင်းနိုင်သောအချက်တရပ်ဖြစ်၏။ အယူခံတရားလိုတို့က ရဲစခန်းရှိ ရှေ့သင်၊ အုံးသင်နှင့် အခြားရဲတပ်သားများသည် ပိုက်ဆံကြေး ဖဲကစားနေကြ၍ စခန်းမှူး မောင်တင်ဖေအား အကြောင်းကြားသော်လည်း အရေးမယူဘဲနေသည့်အပြင်၊ ရှေ့သင်သည် ထိုကဲ့သို့ တိုင်ကြားခဲ့သည်ကို အငြိုးထားပြီး သေနတ်နှင့်ပစ်ရန် ခြိမ်းချောက်သည့်အတွက် မနေရဲတော့သည့်အလျောက်၊ ရဲစခန်းမှ ထွက်ခွါလာရခြင်းဖြစ်ကြောင်း။ လက်နက်ခဲယမ်းများကို ပဲရဲစခန်းမှူး ဦးထွန်းကြည်ထံသို့ အပ်နှံရန်ယူခဲ့ရာ မီးလောင်ချောင်းရွာ၌၊ စောထွန်းကြည်နှင့်တွေ့ပြီး စောထွန်းကြည်က ဦးထွန်းကြွယ်ထံသို့ ပို့ပေး၍ ဦးထွန်းကြွယ်ထံ၌ လက်နက်ခဲယမ်းများကို အပ်ပေးခဲ့ရကြောင်း ထုချေကြလေသည်။

ရဲတပ်သား ရှေ့သင်က အယူခံတရားလိုတို့အား သေနတ်နှင့်ပစ်မှန် ခြိမ်းချောက်သည်ဆိုပါက ထိုအကြောင်းကို စခန်းမှူး မောင်တင်ဖေအား တိုင်ကြားသင့်လေသည်။ မောင်တင်ဖေက အရေးမယူလျှင် ၎င်းတို့အား တဆင့်အုပ်ချုပ်သည့် ဘုတ်ရဲစခန်းမှ စခန်းမှူး မောင်အောင်သန်းအား တိုင်ကြားခဲ့သင့်ပေသည်။ ယင်းသို့လုံးဝတိုင်ကြားခဲ့ခြင်းမရှိသဖြင့် ရှေ့သင်က သေနတ်နှင့်ပစ်ရန်လုပ်သဖြင့် ရဲစခန်းတွင် မနေဝံ့၍ ထွက်သွားကြရသည်ဟုဆိုသော ၎င်းတို့၏ဆင်ခြေမှာ ယုတ္တိမရှိပေ။ ၎င်းတို့သည် ကျေရဲစခန်းတွင် မနေလို၍ ရိုးသားဖြောင့်မတ်သည့်သဘောဖြင့် ထွက်သွားရိုးမှန်ပါမူ၊ လက်နက်ခဲယမ်းများကို အနီးအနားရှိ ဘုတ်ရဲစခန်းတွင်သော်၎င်း၊ ပလောက်ရဲစခန်းတွင်သော်၎င်း သွားရောက်အပ်ပေးခဲ့သင့်ပေသည်။ ခရိုင်ကျော်ပြီး ထားဝယ်ခရိုင်အတွင်းရှိ ပဲရဲစခန်းမှူး ဦးထွန်းကြွယ်ထံတွင် အပ်ပေးရန် ယူသွားသည်ဆိုသော အကြောင်းပြချက်မှာ ယုံတမ်းစကားမျှသာ ဖြစ်ပေသည်။ မီးလောင်ချောင်းရွာတွင် စောထွန်းကြည်နှင့်တွေ့စဉ် အယူခံတရားလိုတို့က အမဲလိုက်ရင်း လမ်းမှားလာသည်ဟု လိမ်လည်၍ ပြောခဲ့သည်ကို ထောက်ရှုလျှင်၊ ၎င်းတို့သည် ၎င်းတို့အား တာဝန်ထမ်းဆောင်ရာတွင် အသုံးပြုရန် ပေးအပ်ထားသည့် သေနတ်နှင့် ခဲယမ်းမီးကျောက်

မျှားကို ခိုးယူထွက်ပြေးရန် ကြံစည်အားထုတ်ကြောင်း ထင်ရှားသဖြင့်၊ အောက်ရုံး၏ ၁၉၆၆
ဂင်းတို့ အပေါ် လက်နက် (အရေးပေါ်ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေပုဒ်မ
၂ (၁) (က) အရ၊ အပြစ်ပေးခဲ့ခြင်းမှာ မှန်ကန်သည်။ တိုင်းသူပြည်သားတို့၏ အသက် မောင်အုန်းရွှေ
အိုးအိမ်ကို ကာကွယ်ရန် ပေးအပ်ထားသော လက်နက်ခဲယမ်းမီးကျောက်မျှားအား ပါ ၂
ခိုးယူခြင်း၊ အလံသုံးစားပြုခြင်းကိစ္စများတွင် ထိရောက်စွာ အပြစ်ပေးသင့်သည့် နှင့်
အလျောက်၊ အယူခံတရားလိုတို့အပေါ် ချမှတ်ခဲ့သော အောက်ရုံး၏ အပြစ်ဒဏ်သည် ပြည်ထောင်စု
ကြီးလေးသည် မဆိုနိုင်သဖြင့် အယူခံတရားလိုတို့၏ အယူခံလွှာမျှားကို ပလပ်လိုက် မြန်မာနိုင်ငံ။
သည်။

နိုင်ငံတော်တရားရုံးချုပ်
ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

မောင်အောင်တင် ပါ ၂ (အယူခံတရားလိုများ)
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၆ ဇန္နဝါရီလ ၂၇ ရက်။

အစိုးရရှေ့နေ၏တာဝန်—ရဲစကျူတွင် အစစ်ခံထားခြင်းမရှိသော သက်သေခံချက်ကို ရုံးတင်ထွက်ဆို ခြင်း—ကျင့်ထုံးပုဒ်မ ၁၆၂ အရ စစ်ဆေးခွင့်။

ဆုံးဖြတ်ချက်။ ။ယခုအမှုတွင် မောင်လှနှင့် နိုင်ငံတော်အမှုတွင် ပြဆိုထားသည့်အတိုင်း အစိုးရရှေ့နေနှင့် တရားသူကြီးများတို့သည် လိုအပ်သည်များကို ဆောင်ရွက်ခြင်း မရှိခဲ့သည်မှာ ပေါ်လွင်နေသည်။ အဘယ်ကြောင့်ဆိုသော် သက်သေများက ရုံးရှေ့တွင် အယူခံတရားလိုများကို မှတ်မိလိုက်သည်ဟု ထွက်ဆိုသော်လည်း ရဲစကျူများတွင် ထိုကဲ့သို့ အစစ်ခံထားခြင်း မရှိသဖြင့် အစိုးရရှေ့နေ၏ တာဝန်မှာ ထိုသို့သက်သေများက ထွက်ဆိုခြင်း မပြုကြောင်းကို တရားခံဘက်မှ လိုက်ပါဆောင်ရွက်သည့် ရှေ့နေကြီးအား ပြောကြား၍ ရုံးတော်၏ခွင့်ပြုချက်အရ ကျင့်ထုံးပုဒ်မ ၁၆၂ အရ သက်သေများကို စစ်ဆေးနိုင်ရန် ပြုလုပ်ရန် ဝတ္တရားရှိပေသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်း မပြုခဲ့သဖြင့် ၎င်းသက်သေများ၏ အစစ်ခံချက်မှာ ပြည့်စုံခြင်းရှိသည်ဟု မဆိုနိုင်ပေ။

မောင်လှနှင့် နိုင်ငံတော်၊ အေ၊ အိုင်၊ အာ (ရ)၊ ၁၉၃၃၊ ရန်ကုန်၊ စာ ၃၇၈ ကို လိုက်နာသည်။

အယူခံတရားလိုများအတွက်။ ။ဦးဘဆွေ။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးထွန်းညို။

တရားသူကြီး ဦးထွန်းတင်။ ။အယူခံတရားလိုများ ဖြစ်သူ မောင်အောင်တင်နှင့် မောင်မင်းအောင် တို့မှာ ပြည်မြို့၊ ပဌမ အထူးတရားသူကြီးရုံး ၁၉၆၄ ခုနှစ်၊ ရာဇဝတ်မှု အမှတ် ၄၆ တွင် ရာဇသတ်ကြီး ပုဒ်မ ၃၂၆ အရ ပြစ်မှုကျူးလွန်ကြောင်းတွေ့ရှိရသည် ဆို၍ အလုပ်ကြမ်းဖြင့် ထောင်ဒဏ် ၇ နှစ်စီ ကျခံစေရမည်ဟု ပြစ်ဒဏ်စီရင်ခြင်းခံရ လေသည်။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၀၀။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄၆ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ မေလ ၃၁ ရက် နေ့စွဲပါ၊ ပြည်မြို့၊ ပဌမအထူးတရားသူကြီး၏အမိန့်ကို အယူခံမှု။

အမှုအကြောင်းအရာ လိုရင်းမှာ ၁၉၆၄ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့နံနက် ၄ နာရီ အချိန်က ထောက်ကြွန့်ကြီးရွာ ကိုဟန်တင်အိမ်သို့ လက်နက်ကိုင်လူဆိုး ၅ ယောက် ကျော်ခန့် ဝင်ရောက်ပြီး ကိုဟန်တင်၏ သားမက်ဖြစ်သူ သေသူ မောင်သန်းရွှေအား ကြိုးဖြင့်တုတ်၍ အိမ်အောက်သို့ ခေါ်ချသွားသည်ဆို၏။ များမကြာမီသေနတ်သံ ၃ ချက်ကြားရပြီး နံနက်လင်းသောအခါ မောင်သန်းရွှေအား လိုက်ရှာသည်တွင် ၎င်း၏ ဦးကြီးတော်သူ ဦးမောင်တင့် အိမ်၌ မောင်သန်းရွှေမှာ သေနတ်ဒဏ်ရာနှင့် လနေသည်ကို တွေ့ကြရလေသည်။ ထို့အတူက မောင်သန်းရွှေအား ပေါင်းတည်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ခဲ့ရာ ဆေးရုံတွင် မောင်သန်းရွှေ၏ သေတမ်းစစ်ချက်ကို နံနက် ၁၀ နာရီအချိန်ခန့်တွင် ယူပြီး မောင်သန်းရွှေမှာ နေ့ ၃ နာရီအချိန်ခန့်တွင် ရရှိသည့် ဒဏ်ရာကြောင့်ပင် သေဆုံးသွားသည်။ ထို အမှုနှင့် ပတ်သက်၍ ယခု အယူခံတရားလို များကို ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၀၄ အရ တရားစွဲတင်ခဲ့ခြင်းဖြစ်သည်။

ယခုအမှုတွင် အယူခံတရားလိုများအပေါ် ငြိစွန်းသည့် သက်သေခံချက်မှာ မောင်သန်းရွှေက ဆေးရုံတွင် ပေးခဲ့သည့် သေဘမ်းစစ်ချက်တွင် အယူခံတရားလိုများ ပါဝင်ကြောင်း ဖော်ပြထားသည့်အပြင် မောင်သန်းရွှေ၏ ဇနီး မသန်းစိန်နှင့် ယောကျ်မ ဒေါ်အေးရှင် (လိုပြ-၁၈ နှင့် ၁၇)တို့က ထိုနေ့နံနက်က လူဆိုးများတွင် မောင်မင်း အောင်ကို မှတ်မိလိုက်ကြောင်း ထွက်ဆိုထားကြသည်။ တဖန် မောင်သန်းရွှေ၏ ဦးကြီး ဦးမောင်တင့်က အိမ်သို့ရောက်ရှိသော အခါ မောင်သန်းရွှေအား မေးမြန်းသည်တွင် သူ့အား မည်သူမည်ဝါက သေနတ်နှင့်ပစ်ကြောင်းကို ပြန်လည်ပြောပြသည်ကို မကြားရပါ ဆိုသော်လည်း ဦးမောင်တင့်၏ သား မောင်အာကြီးက မောင်သန်းရွှေက အယူခံ တရားလိုများ ပါဝင်ပစ်ခတ်ကြောင်း ပြောပြသည်ဟု ထွက်ဆိုထားသည်။

ယခုအမှုတွင် အရေးကြီးသည့် သက်သေခံချက်မှာ သေသူ မောင်သန်းရွှေက ပေးခဲ့သည့် သေတမ်းစစ်ချက်ပင် ဖြစ်ရာ ထိုသေတမ်း စကားမှာ မည်ရွေ့မည်မျှ အထောက်အခံရှိကြောင်း ဝေဖန်ရာ၌ မသန်းစိန်နှင့် ဒေါ်အေးရှင်တို့၏ ထွက်ချက် များမှာ မှန်ကန်ခြင်းဖြစ် မဖြစ်ကို စိစစ်ရန်လိုအပ်ပေသည်။ ၎င်းအချက်နှင့် ပတ်သက်၍ ရဲစကားများကို ကြည့်ရှုသောအခါ ရဲထဲတွင် ၎င်းသက်သေများ စစ်ဆေးစဉ် အခါက အယူခံ တရားလိုများအား အချင်းဖြစ်သည့်နေ့က တွေ့ရှိ မှတ်မိ လိုက်ကြောင်း မည်သို့မျှ ထွက်ဆိုထားခြင်း မရှိသည်ကို တွေ့ရသည်။ ထိုကြောင့် ယခုအမှုတွင် ယခင် တရားလွှတ်တော်မှ **မောင်လှ** နှင့် **နိုင်ငံတော်အမှု** (၁) တွင်ပြဆိုထားသည့်အတိုင်း

(၁) အေ၊ အိုင်၊ အာ(ရှ်)၊ ၁၉၃၃ ရန်ကုန်၊ စာ ၃၇၈။

၁၉၆၆ မောင်အောင်တင် ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

အစိုးရရှေ့နေနှင့် တရားသူကြီးများတို့သည် လိုအပ်သည်များကို ဆောင်ရွက်ခြင်းမပြု ခဲ့သည်မှာ ပေါ်လွင်နေပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုသက်သေများကရုံးရှေ့ တွင် အယူခံတရားလိုများကို မှတ်မိလိုက်သည်ဟု ထွက်ဆို သော်လည်း ရဲစက္ကူများ တွင် ထိုကဲ့သို့အစစ်ခံထားခြင်း မရှိသဖြင့် အစိုးရရှေ့နေ၏ တာဝန်မှာ ထိုသို့ သက်သေများက ထွက်ဆိုခြင်း မပြုကြောင်းကို တရားခံဘက်မှ လိုက်ပါ ဆောင်ရွက် သည့် ရှေ့နေကြီးအား ပြောကြား၍ ရုံးတော်၏ ခွင့်ပြုချက်အရ ကျင့်ထုံးပုဒ်မ ၁၆၂ အရ သက်သေများကို စစ်ဆေးနိုင်ရန် ပြုလုပ်ရန် ဝတ္တရားရှိပေသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်း မပြုခဲ့သဖြင့် ၎င်းသက်သေများ၏ အစစ်ခံချက်မှာ ပြည့်စုံခြင်းရှိ သည်ဟု မဆိုနိုင်ပေ။ ထို့အတွက် အယူခံတရားလိုအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိ ရှေ့နေကြီးနှင့် အစိုးရအတွက် လိုက်ပါ ဆောင်ရွက်သည့် ရှေ့နေကြီး ၂ ဦး စလုံးကပင် ၎င်းသက်သေ ၂ ဦးအား ရဲထံတွင်အစစ်ခံထားချက်များ နှင့် ပတ်သက်၍ အောက်ရုံးမှ ပြန်လှန်မေးမြန်းရန် သင့်ကြောင်း ပြောဆိုလေသည်။

ထိုမှတဆင့် ယခုအမှုကို ရှေးဦးစွာ စစ်ဆေးခဲ့သူမှာ ရဲစခန်းမှူး ဦးသာဦးဖြစ်၍ နောက် ဆက်လက် စစ်ဆေးသူမှာ ဦးသောင်းခင်ဖြစ်ပေသည်။ သို့သော် ဦးသာဦး အား အမှုတွင် လုံးဝစစ်ဆေးခြင်းမရှိ။ ဦးသောင်းခင်၏ စစ်ချက်ကို ကြည့်ရှုသောအခါ အမှုမှာ ၁၉၆၄ ခုနှစ်၊ဖေဖြေလ ၂၈ ရက်နေ့က ဖြစ်ပျက်ခဲ့သော်လည်း သက်သေများကို ၅ လခန့်အကြာ ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့မှ စတင်စစ်ဆေးကြောင်း တွေ့ရှိရပြီး တရားခံများကိုလည်း ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့နှင့် ၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့ကျမှ ဖမ်းဆီးကြောင်း တွေ့ရှိရသည်။ အမှန်မှာ သေသူက အယူခံတရားလိုများ ပါဝင်ကြောင်းသေတမ်းစစ်ချက်ကို အချင်းဖြစ်ပြီးနောက်နေ့တွင် ပင် ပေးခဲ့သဖြင့် အမှုစစ်ဆေးသူ ရဲအရာရှိက မည်သည့်အတွက် တရားခံများအား ၅ လ ကျော်ခန့်ကြာမှ ဖမ်းဆီးခြင်း ဖြစ်သည်ကိုမူ အမှုတွဲတွင် မတွေ့ရပေ။ ထို့ကြောင့် အယူခံတရားလို၏ ရှေ့နေကြီးနှင့် အစိုးရရှေ့နေကြီးတို့က သဘော တူညီပြီး ယခုအမှု ကို အောက်ရုံးသို့ ပြန်လည် ပေးပို့၍ အရေးကြီးသည့် မသန်းစိန်နှင့် ဒေါ်အေးရှင်တို့၏ အစစ်ခံချက်နှင့် ပတ်သက်၍ ရဲစက္ကူများတွင် အယူခံတရားလိုများ အပေါ် ငြိစွန်း အောင်ထွက်ဆိုခြင်း မရှိသည်ကို မေးမြန်းရန်နှင့် အမှုစစ်ဆေးသူ ဦးသာဦးနှင့် ဦးသောင်းခင် တို့အားလည်း အထက်ကပြဆို ထားသည့် အတိုင်း လိုအပ်သည်များကို စစ်ဆေးနိုင်ရန် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၂၈ အရ ပြန်လည်ပေးပို့ရန် သင့်ကြောင်း လျှောက်ထားသည်ကို ကျွန်ုပ်ကလည်း သဘောတူညီသဖြင့်၊ အမှုတွဲကို အောက်ရုံးသို့

၁၉၆၆ မောင်အောင်တင် ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အထက်ပါ ပြဆိုချက်များအရ သက်သေခံချက်များ ထပ်မံရယူရန် ပြန်လည် ပေးပို့ စစရန်အမိန့်ချမှတ်လိုက်သည်။

နောက်ထပ် သက်သေခံချက်များ ယူရန်နှင့် ပတ်သက်၍ ရာဇဝတ် ကျင့်ထုံးပုဒ်မ ၄၂၈ (၃) တွင် ပြဆိုသည့်အတိုင်း တရားခံများ၌ရှိယူရန် လိုမည်မဟုတ်၊ ၎င်းတို့၏ ရှေ့နေကြီးများရှိက လုံလောက်ပြီဟုယူဆသည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးထွန်းတင် ရွှေတွင်

ရန်ကုန်သံပုံးစက်ရုံ (မန်နေဂျာ) (အယူခံတရားလို)

နှင့်

ဦးစိန် (အယူခံတရားခံ)*

† ၁၉၆၆ ဖေဖော်ဝါရီလ ၁၄ ရက်။

လျော်ကြေးအက်ဥပဒေပုဒ်မ ၁၀ (၁)—စည်းကမ်းသတ်ကျော်လွန်နေသည်ဟုချေပခြင်း—ခြွင်းချက်တွင် ပြဆိုထားသည့်အတိုင်း လုံလောက်ခြင်းရှိမရှိ ထင်မြင်ချက်ပေးရန်။

ဆုံးဖြတ်ချက်။ ။လျော်ကြေးမင်းကြီးက တောင်းဆိုသည့် လျော်ကြေးငွေနှင့် ပတ်သက်၍ အယူခံတရားလိုမျာက စည်းကမ်းသတ်ကျော်လွန်နေသည်ဟု ချေပခြင်းမှာ လျော်ကြေးအက်ဥပဒေ ပုဒ်မ ၁၀ (၁) ခြွင်းချက်တွင် ပြဆိုထားသည့်အတိုင်း လုံလောက်ခြင်းရှိမရှိဆိုသည့် ထင်မြင်ချက်ပေးရန် လိုအပ်နေသည်။

အယူခံတရားလိုအတွက် ။မစ္စတာ တီ၊ ပီ၊ ဝမ်။

အယူခံတရားခံအတွက် ။ကိုယ်တိုင်။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှာ လျော်ကြေးမင်းကြီးက ချမှတ်ခဲ့သည့် အမိန့်ကို မကျေနပ်၍၊ ပုဒ်မ ၃၀ (၁) အရ တင်သွင်းခဲ့သည့် အယူခံမှုဖြစ်သည်။ မူလရုံးတွင် အယူခံတရားခံက တောင်းဆိုသည့် လျော်ကြေးငွေကို၊ အယူခံတရားလိုက စည်းကမ်းသတ်လွန်နေသဖြင့် မပေးထိုက်ကြောင်းနှင့် အဓိကချေပခဲ့လေသည်။ သို့ရာတွင် လျော်ကြေးမင်းကြီး၏ ဆုံးဖြတ်သည့်အမိန့်ကို ကြည့်ရှုမှု၊ ၎င်းအချက်နှင့်ပတ်သက်၍ ကောက်ချက်ထုတ်ထားခြင်း မရှိသည့်အပြင်၊ ဆုံးဖြတ်ချက်ကိုလည်း ပေးထားခြင်း မရှိကြောင်း တွေ့ရှိရသည်။ လျော်ကြေးအက်ဥပဒေပုဒ်မ ၁၀ (၁) ခြွင်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

> "Provided further that Commissioner may admit and decide any claim to compensation in any case, notwithstanding that the notice has not been given, or the claim has not

---

* ၁၉၆၅ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၃၇။

† ၁၉၆၄ ခုနှစ်၊ အလည (လျော်)မှုအမှတ် ၂၂ တွင်၊ ရန်ကုန်မြို့၊ တွဲဘက်အလုပ်သမား လျော်ကြေးမင်းကြီးရုံးတော်၏ ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

been instituted, in due time as provided in this sub-section, if he is satisfied that the failure so to give the notice or institute the claim, as the case may be, was due to sufficient cause."

ထို့ကြောင့် လျော်ကြေးမင်းကြီးသည် ယခုအမှုတွင် တောင်းဆိုသည့် လျော်ကြေးငွေနှင့် ပတ်သက်၍ အယူခံတရားလိုများက စည်းကမ်းသတ်ကျော်လွန်နေသည်ဟု ချေပခြင်းမှာ၊ အထက်ကပြဆိုခဲ့သည့် ပုဒ်မ ၁၀ (၁) ခွင်းချက်တွင် ပြဆိုထားသည့် အတိုင်း လုံလောက်ခြင်းရှိမရှိဆိုသည့် ထင်မြင်ချက်ကိုပေးရန် လိုအပ်နေကြောင်း၊ အယူခံတရားလို၏ ပညာရှိ ရှေနေကြီးကလည်း သဘောတူညီသည်။ ထို့ကြောင့် ယခုအမှုကို တိကျစွာဆုံးဖြတ်နိုင်ရန် အမှုကို လျော်ကြေးမင်းကြီးထံသို့ ပြန်လည်ပေးပို့၍၊ ယခုအမှုတွင် တောင်းဆိုသည့် လျော်ကြေးငွေမှာ၊ ပုဒ်မ ၁၀ တွင် ပြဆိုထားသည့်အထိုင်း စည်းကမ်းသတ်ကျော်လွန်ခြင်းရှိ မရှိဆိုသည်နှင့် ပတ်သက်၍ လျော်ကြေးမင်းကြီးက သက်သေခံချက်များကို လိုအပ်ပါက ထပ်မံရယူ၍ ၎င်း၏ထင်မြင်ချက်နှင့်တကွ အမှုတွဲကို ဤရုံးသို့ ပြန်လည်ပေးပို့ရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ် အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

† ၁၉၆၆

ဖေဖော်ဝါရီလ ၁၈ ရက်။

ဝေစောအောင် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီးပုဒ်မ ၃၀၄—ရန်စခြင်း—ခုခံပိုင်ခွင့်ကို အကာအကွယ်ယူခွင့် ရှိမရှိ။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုက ရန်စပြီး ဆဲရေးခြင်းအားဖြင့် သေသူကဒေါသထွက်ပြီး ရိုက်ချတွင် အယူခံတရားလိုသည် ခုခံပိုင်ခွင့်ကို အကာအကွယ်ယူပြီး၊ သေသူကိုသေစေခြင်းမပြုနိုင်။

မောင်ဘိုးမြနှင့် နိုင်ငံတော်၊ ၁၉၄၀၊ ရန်ကုန်စီရင်ထုံး၊ ၁၀၉ (၁၁၇)။

နိုင်ငံတော်နှင့် မောင်ခင်သိန်း၊ ရန်ကုန်စီရင်ထုံး၊ ၁၉၄၆၊ ၆၄ တို့ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးမောင်ကြီးနှင့် ဦးထွန်းရှိန်။

အယူခံဘရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးထွန်းညို။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလိုအပေါ် ရာဇသတ်ပုဒ်မ ၃၀၄ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သော ကျောက်ဖြူမြို့၊ အထူး (ရာဘက်စက်ရှင်) တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်လေသည်။

အမှုဖြစ်ပွါးပုံ အကြောင်းခြင်းရာ အတိုချုပ်မှာ လွန်ခဲ့သည့် ၁၃၂၅ ခုနှစ်၊ တော်သလင်းလဆုတ် ၃ ရက် (၁၉၆၃ ခုနှစ်၊ စက်တင်ဘာ ၅ ရက်နေ့) နံနက် ၈ နာရီခန့် အချိန်တွင် ကျောက်ဖြူမြို့အပိုင်၊ ဘိုင်းတောင့်ရွာနေ သေသူ မောင်ပုချေသည် ၎င်း၏ အိမ်၌ မောင်လုံး (လိုပြ-၃) မောင်သန်းစိန် (လိုပြ-၅)၊ မောင်ညွန့်အေးတို့နှင့်အတူ စကားပြောနေခိုက်၊ အယူခံတရားလို ရောက်လာပြီး ကွမ်းစားကာ အိမ်ပေါ်မှ ပြန်ဆင်းသွား၏။ လမ်းသို့ရောက်သော် ဆဲသဖြင့် သေသူက မဆဲရန်ပြောသည်။ ထိုအခါ အယူခံတရားလိုသည် သေသူ၏အိမ်ရှေ့ရှိ ပန်းတင်ဆိုသူ၏ အိမ်ခြံဝင်းမှ ခြံတိုင်ကို

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၃၃၂။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ် (အထူး) မူအမှတ် ၁၂ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့စံုပါ၊ ကျောက်ဖြူမြို့ (အထူး) တရားသူကြီး၏ အမိန့်ကို အယူခံမှု။

နုတ်ပြီး ဆက်၍ဆဲလေသည်။ အယူခံတရားလိုသည် ယခုကဲ့သို့ အခင်းမဖြစ်မီတနေ့က၊ ငင်း၏ကြက်မတကောင်နှင့် ကြက်ဥများ သူခိုးခိုးခံရသဖြင့် ယခုကဲ့သို့ ရွာထဲလျှောက်ပြီး ဆဲဟန်လက္ခဏာရှိသည်။

ယင်းသို့ အယူခံတရားလိုက ဆက်လက်ဆဲရေးတိုင်းထွာသဖြင့်၊ မောင်ပုချေသည် တုတ်တချောင်းကိုယူပြီး အယူခံတရားလို၏နောက်သို့ လိုက်သွားလေသည်။ ငင်း၏ နောက်မှ ငင်း၏ဇနီး ဝေမချေ (လိုပြ-၄)၊ မောင်လုံးနှင့် ရွာသားအချို့လိုက်သွားကြ၏။ အိမ်လေးငါးဆောင် အလွန်တွင် မောင်ပုချေသည် အယူခံတရားလိုအား မှီသွား၍ငင်း၏ လက်တွင်ပါသည့်တုတ်နှင့်ကျောက်ကုန်းကို ၂ ချက်ရိုက်ရာ၊ အယူခံတရားလိုက ငင်း၏လက်တွင်ရှိသော ခြံတိုင်ဖြင့် ပြန်ရိုက်ပြီး ထွက်ပြေးလေသည်။ မောင်ပုချေမှာ ဒဏ်ရာများဖြင့် လဲနေ၍ အိမ်သို့ပြန်ယူလာပြီး လေးထောင်ဆေးပေးခန်းသို့ ထမ်းယူသွားကာ ဆေးထည့်ရ၏။ ထို့နောက် အိမ်သို့ပြန်ယူလာရာ ညသန်းခေါင်အချိန်တွင် မောင်ပုချေမှာ သေဆုံးသွားလေသည်။ နောက်နေ့၌ မောင်ပုချေ၏ အလောင်းအား ရမ်းပြဆေးရုံသို့ ယူသွားသော်လည်း ဆေးရုံ၌ ဆရာဝန်မရှိသဖြင့် ဆေးစပ်သူ ဦးစိန်ထွန်း (လိုပြ-၇) က ကြည့်ရှုရာ လက်ဝဲဘက် ဦးခေါင်းတွင်ဒဏ်ရာတချက်၊ လက်ျာဘက် ပါးပေါ်တွင် ပါးရိုးကျိုးသောဒဏ်ရာတချက်၊ လက်ျာဘက် လက်မောင်းရိုးပေါ်တွင်တချက်၊ လက်ျာဘက် မျက်စိအောက်ပိုင်းမျက်နှာရိုးကျိုးသောဒဏ်ရာတချက်၊ ပေါင်းဒဏ်ရာလေးချက်ကို တွေ့ရလေသည်။

ဤအမှုတွင် တရားလိုအစိုးရဘက်မှ တင်ပြသည့် အဓိကသက်သေများဖြစ်ကြသည့် ဝေမချေ၏ ထွက်ဆိုချက်နှင့် မောင်လုံးနှင့် မောင်သန်းစိန်တို့၏ ထွက်ချက်များမှာ အနည်းငယ် ခြားနားကွဲပြားလျက်ရှိနေ၏။ ဝေမချေက ငင်း၏ခင်ပွန်း မောင်ပုချေသည် အယူခံတရားလိုအား ဆဲရေးနေခြင်းမှ ဟန့်တားရန် လိုက်သွားစဉ် မောင်ပုချေ၏ လက်၌ လက်နက်လုံးဝမရှိဟု ထွက်ဆိုခဲ့၏။ သို့ရာတွင် မောင်လုံးနှင့် မောင်သန်းစိန်တို့က ယင်းသို့လိုက်သွားသောအခါ မောင်ပုချေ၏လက်တွင် တလက်မလုံးပတ်ခန့်ရှိသည့်တုတ်ချောင်း ပါသွားကြောင်းထွက်ဆိုကြသည်။ ထိုသက်သေများအား တရားလိုအစိုးရဘက်မှ ဆန့်ကျင်ဘက်ထွက်ဆိုကြသည့် သက်သေများဖြစ်သည်ဟု ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၆၂ အရ အရေးယူ၍ ပြန်လှန်မေးမြန်းခဲ့ခြင်း မရှိသဖြင့်၊ ငင်းတို့၏ ထွက်ချက်များကို လုံးဝလျစ်လျူရှုခြင်း မပြုနိုင်ပေ။ ဝေမချေသည် ငင်း၏ခင်ပွန်း မောင်ပုချေအား အခင်းဖြစ်ပွါးသည့်ကိစ္စနှင့် ပတ်သက်၍ ခြောက်ပြစ်ကင်းဖြစ်အောင် အနည်းငယ်ကွယ်ထောင့်၍ ထွက်ဆိုခဲ့ဟန် လက္ခဏာရှိ၏။ သို့ဖြစ်ရာ မောင်ပုချေသည် အယူခံတရားလို၏နောက်သို့ တုတ်ကိုင်ပြီး လိုက်သွားသည်ဆိုသော မောင်လုံးနှင့် သန်းစိန်တို့၏ ထွက်ချက်များကို လက်ခံရမည်။

၁၉၆၆

ဝေစောအောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

အယူခံတရားလိုး၏ ပညာရှိ ရှေနေကြီးက သေသူသည် အယူခံတရားလိုအား စတင်၍တုတ်နှင့်ရိုက်သဖြင့် အယူခံတရားလိုသည် ပြန်လည်ခုခံနိုင်ခွင့်ရှိသည်ဟု လျောက်လဲသွား၏။

အယူခံတရားလိုသည် မောင်ပုချေ၏ အိမ်ရှေ့တွင် လာ၍ဆဲသည်၊ မဆဲရန်ပြောရာ ခြံတိုင်ကိုဆွဲနုတ်ပြီး ထပ်မံဆဲပြန်သည်။ သို့ဆဲစဉ် ခြံတိုင်ကိုကိုင်ထားသဖြင့် အဆဲခံရသူ လာလျှင် ခြံတိုင်နှင့်ရိုက်မည်ဆိုသော အဓိပ္ပါယ်သက်ရောက်သည့် အပြုအမူကိုပြုခဲ့၏။ ယင်းသို့ ပြုမူခြင်းခံရသော မောင်ပုချေသည် ဒေါသအမျက်ထွက်မည်မှာ သဘာဝ ဖြစ်၏။ ထိုကဲ့သို့ ဒေါသအမျက်ထွက်သည့်အတိုင်း ချက်ခြင်းလိုက်ကာ အယူခံတရားလိုအား တုတ်နှင့်ရိုက်ခြင်းဖြစ်ပေသည်။ သတ္တုချလျှင် ရန်စသူမှာ အယူခံတရားလိုသာ ဖြစ်၏။ အယူခံတရားလိုက ရန်စပြီး ဆဲရေးခြင်းအားဖြင့် မောင်ပုချေက ဒေါသထွက်ပြီး ရိုက်ရာတွင် အယူခံတရားလိုသည် ခုခံပိုင်ခွင့်ကို အကာအကွယ်ယူပြီး မောင်ပုချေကို သေစေခြင်းမပြုနိုင်။ **မောင်ဘိုးမြဲနှင့် နိုင်ငံတော်(၁)နှင့် နိုင်ငံတော်နှင့်မောင်ခင်သိန်း** (၂) အမှုများကိုကြည့်ပါ။

အယူခံတရားလိုသည် မည်သည့်ပြစ်မှုကို ကျူးလွန်ခဲ့သည်ဆိုသော အချက်ကို စဉ်းစားရန်ရှိ၏။ မောင်ပုချေသည် အရိုက်ခံရပြီးနောက် သေဆုံးခဲ့သည်မှာမှန်၏။ သို့ရာတွင် မည်သည့်အတွက်ကြောင့် သေဆုံးရသည်ဆိုသော သက်သေထွက်ချက် အတိအကျမရှိချေ။ အလောင်းကို ယူသွားသည့် ရမ်းပြဆေးရုံတွင် ဆရာဝန်မရှိသဖြင့် ဆေးစပ်သူကသာ အလောင်းကို ကြည့်ရှုခဲ့ရာ ပါးရိုးနှင့် မျက်နှာရိုးကျိုးနေသည်ကိုသာတွေ့ရ၏။ ထိုဒဏ်ရာများမှာ သဘာဝအားဖြင့် သေစေလောက်သည့်ဒဏ်ရာ၊ သို့မဟုတ် သေစေလောက်သော ဒဏ်ရာများဖြစ်သည်ဟု တထစ်ချမဆိုနိုင်။ သို့ဖြစ်ရာ **အယူခံတရားလိုအား ရာဇသတ်ပုဒ်မ ၃၂၅ အရသာ အပြစ်ပေးသင့်ပေသည်**။

အထက်ပါအကြောင်းများကြောင့် အယူခံတရားလို ဝေစောအောင်အား အောက်ရုံးမှ ချမှတ်ခဲ့သော အပြစ်ဒဏ်အစား၊ ရာဇသတ်ပုဒ်မ ၃၂၅ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၅ နှစ်ကျခံစေရန် ပြင်ဆင်သတ်မှတ် အမိန့်ချလိုက်သည်။

---

(၁) ၁၉၄၀၊ ရန်ကုန်စီရင်ထုံး ၁၀၉ (၁၁၇)။ (၂) ၁၉၄၆၊ ရန်ကုန်စီရင်ထုံး ၆၄။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

မောင်အားပို (ခေါ်) မောင်သောင်း (အယူခံတရားလို) † ၁၉၆၆ ဖေဖော်ဝါရီလ ၂၂ ရက်။

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီးပုဒ်မ ၃၂၆ အရ၊ပြစ်မှုထင်ရှားစီရင်ခြင်း။ ရာဇသတ်ပုဒ်မ ၃၉၆ အရ၊ တရားစွဲဆိုမှု။ အယူခံရာတွင် ရာဇသတ်ပုဒ်မ ၃၉၆ အရ၊ ပြောင်းလဲအပြစ်ပေးရန် သင့်မသင့်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုအား ရာဇသတ် ပုဒ်မ ၃၉၆ အရ၊ တရားစွဲဆိုခဲ့သော်လည်း ထိုပုဒ်မအရ၊ စွဲဆိုချက်မတင်ဘဲ၊ရာဇသတ်ကြီး ပုဒ်မ ၃၂၆ အရသာစွဲချက်တင်ပြီးအပြစ်ပေးခဲ့သဖြင့် ပုဒ်မ ၃၉၆ အရ၊ အယူခံမှုတွင် ပြောင်းလဲ အပြစ်ပေးပါက သေးငယ်သော ပြစ်မှုမှ ကြီးလေးသော ပြစ်မှုသို့ ပြောင်းလဲအပြစ်ပေးသည့် အနေသို့ ရောက်နေမည်။

မောင်အုံးရွှေ (ခေါ်) ကလော နှင့် နိုင်ငံတော်၊ အတွဲ ၁၊ ရန်ကုန်၊ ၄၃၆။

မောင်သံခဲ နှင့် ပြည်ထောင်စု၊ ၁၉၄၈၊ မြန်မာပြည်စီရင်ထုံး၊ ၈၄၈ (တရားလွှတ်တော်) တို့ကိုရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးနှစ်။

တရားသူကြီးဦးသက်ဖေ။ ။အယူခံတရားလိုအား၊ ရာဇသတ်ပုဒ်မ ၃၂၆ အရ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၇ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည့် သာယာဝတီမြို့၊ ပဌမအထူး (စက်ရှင်) တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်ခြင်း ဖြစ်သည်။

အမှုဖြစ်ပွါးပုံ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်မှာ၊ လွှန်ခဲ့သည့် ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့ညနေ ၅ နာရီခန့်အချိန်တွင်၊ သာယာဝတီ ခရိုင်၊ မိုးညှိရဲစခန်းအပိုင်၊ ကျီးကုန်းလဲ ရွာနေ စောရွှေဝါ(လိုပြ-၁)၏ နေအိမ်သို့၊ အယူခံတရားလိုအပါအဝင်

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၇၁။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၀ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့စွဲပါ၊ သာယာဝတီမြို့၊ ပဌမ အထူး တရားသူကြီး၏ အမိန့်ကို အယူခံမှု။

၁၉၆၆ မောင်အားပို (ခေါ်) မောင်သောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

သောင်းကျန်းသူ ငါးဦးသည် လက်နက်မျိုးစုံကိုင်စွဲလျက် ရောက်လာ ကြပြီး၊ ထမင်းချက်ခိုင်း၏။ ကြက်သားဟင်း ချက်၍ ထမင်းကျွေးပြီးနောက်၊ အယူခံတရားလိုက၊ မင်းတို့ အစိုးရ ကယ်နိုင်သေးသလားဟု စောရွှေဝါအား ပြောကာ၊ စတင်းသေနတ်တွင်၊ ကျည်ဆံထည့်လေသည်။ ထိုအခါ စောရွှေဝါသည်၊ အယူခံတရားလိုထံမှ သေနတ်ကိုလုရန် ကြိုးစား၏။ သို့ရာတွင်၊ ကျန်သောင်းကျန်းသူများက သေနတ်များဖြင့် ပစ်ရန်လုပ်၍၊ စောရွှေဝါလည်း၊ လက်လွှတ်ထွက်ပြေး ရလေသည်။ စောရွှေဝါအား သောင်းကျန်းသူများက သေနတ်များဖြင့် လိုက်ပစ်သော်လည်း၊ ကံကောင်း ထောက်မ၍ မထိဘဲ လွတ်မြောက်သွားလေသည်။

ထိုအချိန်တွင်၊ စောရွှေဝါအိမ်ပေါ်၌၊ အိမ်သားများ အနက်၊ ၎င်း၏ဇနီးမကျင်မြို့ (လိုပြ-၂)နှင့် ယောကျ်ားမ ဦးကြီးအိုတို့ နှစ်ယောက်သာ ကျန်နေရစ်၏။ သောင်းကျန်းသူများက ၎င်းတို့ကို အိမ်ပေါ်မှ ဆင်းခိုင်းသဖြင့်၊ မနီးမဝေးရှိ ကောက်ရိုးပုံသို့သွား နေကြသည်။ ထိုနောက် ဦးကြီးအိုက မြေးများအား ရှာမည်ဟု ပြောပြီး၊ အိမ်ဘက်သို့ ထွက်သွားရာ၊ ခဏအကြာတွင် သေနတ်သံများ ထွက်ပေါ် လာလေသည်။ သေနတ်သံ စဲသွားပြီးနောက် ၅ မိနစ်ခန့်အကြာတွင်၊ မကျင်မြို့သည် အိမ်ဘက်သို့ သွားရောက် ကြည့်ရှုရာ၊ အိမ်ရှေ့ လမ်းမပေါ်၌ သေနတ်ဒဏ်ရာနှင့် သေဆုံးနေသည့် ဘခင် ဦးကြီးအိုအား တွေ့ရလေသည်။ အိမ်ရှိလက်ပတ်နာရီ၊ မျက်မှန်၊ ငွေ ၅၀ နှင့်အဝတ်အစား များမှာလည်း ပျောက်ဆုံးလျက်ရှိသည်ကို တွေ့ရ၏။ သောင်းကျန်းသူများကိုလည်း အိမ်၌မတွေ့ရတော့ပေ။

နောက်နေ့ နံနက်တွင် ဦးကြီးအို၏ အလောင်းကို၊ မိုးညိုရဲစခန်းသို့ ပို့ရန်အသွားတွင်၊ ငှက်ပျောတုန်းရွာ၌၊ စောရွှေဝါနှင့် တွေ့သဖြင့်၊ စောရွှေဝါက ပဌမသတင်းချက်ကိုတိုင်တန်းခဲ့၏။ အလောင်းကို မိုးညိုမြို့ ပြည်သူ့ ဆေးရုံမှ လက်ထောက်ဆရာဝန် ဦးမောင်မောင်စိန် (လိုပြ-၅) ကစစ်ဆေးရာ၊ သေနတ်ဒဏ်ရာ ၄ ချက်တွေ့ရပြီး၊ နောက်ကျောမှဝင်သော ကျည်ဆံသည်၊ လက်ဝဲဘက်အဆုတ်ကို ထိခိုက်သွားသဖြင့်၊ ထိုဒဏ်ရာမှာမူ ချ သေစေနိုင်သည့် နာကျင်မှုတခုဖြစ်ကြောင်း တွေ့ရလေသည်။ ထို့ပြင်ဒဏ်ရာ အနေအထားများ အရ၊ သေနတ်လက်ချက် အမျိုးစုံဖြင့် ရရှိနိုင်သည့် ဒဏ်ရာများ ဖြစ်ကြောင်း တွေ့ရှိလေသည်။

ထို့နောက် ၁၉၆၄ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင်၊ အယူခံတရားလိုအား မင်းလှဘူတာရုံ၌၊ စောရွှေဝါက ပက်ပင်း တွေ့ရှိသောကြောင့် ဘမ်းဆီးပြီး ရဲအဖွဲ့အား အပ်ပေးသဖြင့်၊ ရဲအဖွဲ့က အယူခံတရားလိုအား ရာဇသတ်ပုဒ်မ ၃၀၇ အရ၊ ရုံးတင်တရားစွဲဆိုခဲ့လေသည်။ ပညာရှိ အောက်ရုံး တရားသူကြီးက စောရွှေဝါအိမ်မှ ပစ္စည်းများကို၊ အယူခံတရားလိုအပါအဝင် သောင်းကျန်းသူများက ယူသွားသည်ဆိုသော သက်သေခံ

အထောက်အထားမရှိသဖြင့်၊ ရာဇသတ်ပုဒ်မ ၃၉၆ အရစွဲချက် မတင်နိုင်ကြောင်း၊ သေသူ ဦးကြီးအိုတွင် ရရှိခဲ့သော သေနတ်ဒဏ်ရာ ၃ ချက်မှာ၊ မည်သူမည်ဝါ၏ လက်ချက်ကြောင့် ဖြစ်သည်ဆိုသော သက်သေအထောက်အထားလည်း မရှိ၍၊ ရာဇသတ်ပုဒ်မ ၃၂၆ အရသာစွဲချက်တင်၍ အပြစ်ပေးနိုင်ကြောင်း ကောက်ယူဆုံးဖြတ်ခဲ့လေသည်။

အခင်းဖြစ်နေ့က စောရွှေဝါအိမ်တွင်၊ ထမင်းစားသွားကြသည့်၊ သောင်းကျန်းသူ ငါးဦးအနက် တဦးမှာ အယူခံတရားလို ဖြစ်သည်ဆိုသော အချက်မှာ ယုံမှားဘွယ်မရှိ။ စရွှေဝါက ရဲဌာနတွင် တိုင်ကြားစဉ်၊ အယူခံတရားလို၏ နာမည်ကို ထည့်သွင်းဖော်ပြခဲ့ခြင်းမရှိ၍၊ ၎င်း၏ထွက်ချက်ကို ချန်လှပ်ထားစေကာမူ၊ အယူခံတရားလိုပါကြောင်း အတိအလင်း စွပ်စွဲထားသည့် မကျင်မြိုင်နှင့် မောင်သာဒွေး (လို့ပြ-၃)တို့၏ ထွက်ချက်များ ရှိနေသေး၏။ မကျင်မြိုင်သည်၊ ကြက်သားဟင်း ချက်ပေးရသူ ဖြစ်၍၊ အယူခံတရားလိုအား အချိန်ကြာမြင့်စွာ မြင်လိုက်ရသည့် အလျောက် ကောင်းစွာ မှတ်မိလိုက်ရန် အကြောင်းရှိသည်။ ထို့ကြောင့် စောဒွေဝါအိမ်သို့ အခင်းဖြစ်ညနေက လာရောက်သွားသည့် သောင်းကျန်း သူများအနက်၊ အယူခံတရားလိုလည်း ပါသည်ဆိုသော အောက်ရုံး၏ ကောက်ယူချက်မှာ မှန်ကန်သည်။

အယူခံတရားလိုသည် မည်သည့် ပြစ်မှုကို ကျူးလွန်ခဲ့သည်ဆိုသော ပြဿနာကို စဉ်းစားရန်လိုပေသည်။ ပညာရှိ အစိုးရ လွှတ်တော် ရွှေနေကြီးက အယူခံတရားလိုသည် မောင်သာဒွေး၏ အဝတ်ဘိနပ်ဖြူ အသစ်တရံကို စီးသွားကြောင်း မောင်သာဒွေး၏ ထွက်ချက် ရှိနေသည့်အပြင်၊ သောင်းကျန်းသူများ အိမ်မှ ထွက်သွားလျှင်သွားခြင်း ကြည့်ရှုသောအခါ ပစ္စည်း ပျောက်ဆုံး နေသည်ကို တွေ့ရသောကြောင့်၊ သောင်းကျန်း သူများသာလျှင်၊ စောရွှေဝါအိမ်မှ ပစ္စည်းများကို လုယူ သွားကြသည်ဟု ယူဆသင့်ကြောင်း။ ယင်းသို့ယူဆလျှင်၊ အယူခံတရားလိုအပေါ် ရုံးတင်တရားစွဲဆိုသည့်အတိုင်း ရာဇသတ်ပုဒ်မ ၃၉၆ အရ၊ ပြောင်းလဲအပြစ်ပေးသင့်ကြောင်း တင်ပြသွား၏။

ရာဇသတ်ပုဒ်မ ၃၉၆ မှာ၊ ရာဇသတ်ပုဒ်မ ၃၂၆ ထက် ပိုမိုကြီးလေးသော ပြစ်မှု ဖြစ်၍၊ ဤအယူခံမှုတွင် သေးငယ်သော ပုဒ်မအစား ကြီးလေးသော ပုဒ်မဖြင့်ပြောင်းလဲ၍ အပြစ်ပေးနိုင် မနိုင်ဆိုသော ပြဿနာ ပေါ်ပေါက်နေ၏။ အောက်ရုံး၌၊ အယူခံတရားလိုအား ရာဇသတ်ပုဒ်မ ၃၉၆ အရတရားစွဲဆိုခဲ့သော်လည်း၊ ထိုပုဒ်မအရ စွဲချက်မတင်ဘဲ၊ ရာဇသတ်ပုဒ်မ ၃၂၆ အရသာ စွဲချက်တင်ပြီး အပြစ်ပေးခဲ့သဖြင့် ပုဒ်မ ၃၉၆ အရ၊ ယခုဤအယူခံအမှုတွင် ပြောင်းလဲအပြစ်ပေးပါက သေးငယ်သော ပြစ်မှုမှ ကြီးလေးသော ပြစ်မှုသို့ ပြောင်းလဲ အပြစ်ပေးသည့် အနေသို့ ရောက်နေပေမည်။ အကယ်၍ အယူခံတရားလိုအပေါ် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၂၁ နှင့် ၄၃၉ တို့အရ၊

၁၉၆၆

မောင်အားပို (ခေါ်) မောင်သောင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ပြင်ဆင်မှု ဖွင့်လှစ်ပြီး အရေးယူခဲ့ ပါမူ အောက်ရုံးမှ အပြစ်ပေးခဲ့သည့် ရာဇသတ်ပုဒ်မ ၃၂၆ အစား ပုဒ်မ ၃၉၆ သို့ ပြောင်းလဲအပြစ်ပေး နိုင်ပေမည်။ ထိုအတိုင်းပင်လည်း **မောင်အုံးရွှေ(ခေါ်) ကလော** နှင့် **နိုင်ငံတော်** (၁) နှင့်**မောင်သံခဲ** နှင့်**ပြည်ထောင်စု** (၂) တို့အမှုမျာ်း၌ အဆုံး အဖြတ် ပေးထားသည်ကို တွေ့မြင်နိုင်လေသည်။ ယခုအမှုတွင်မူ အယူခံတရားလိုအပေါ် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၂၃ နှင့် ၄၃၉ တို့အရ၊ ပြင်ဆင်မှုဖွင့်လှစ် အရေးယူခဲ့ ခြင်းမရှိသဖြင့်၊ ရာဇသတ်ပုဒ်မ ၃၉၆ အရစွဲချက် ပြောင်းလဲပြီး အပြစ်ပေး ခြင်းမပြုနိုင်ပေ။

အထက်ပါအကြောင်း များကြောင့်၊ အယူခံတရားလိုအပေါ် ချမှတ် ထားသော အောက်ရုံး စီရင်ချက်နှင့် အပြစ်ဒဏ်တို့ကို အတည်ပြုပြီး အယူခံလွှာကို ပလပ်လိုက်သည်။

---

(၁) အတွဲ ၁၊ ရန်ကုန်၊ ၄၃၆။
(၂) ၁၉၄၈၊ မြန်မာပြည်စီရင်ထုံး ၈၄၈ (တရားလွှတ်တော်)။

နိုင်ငံတော် တရားရုံးချုပ်

တရားမအထွေထွေလျှောက်ထားမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် တရားသူကြီး ဦးချစ် တို့ရှေ့တွင်

အက်(ဖ်)၊ ရာမန် (လျှောက်ထားသူ)

နှင့်

မက်ဆားဂူဘီ ဂျင်နရယ် အင်ရှူးဝါးရင့် ကုမ္ပဏီလီမိတက် (လျှောက်ထားခံရသူ)*

† ၁၉၆၆ ဇန္နဝါရီလ ၁၀ ရက်။

တရားမကျင့်ထုံးအမိန့် ၄၁ နည်း ၁ ခွင်းချက်။ လူမဲ့အယူခံကို လက်ခံနိုင်ရန် အကြောင်း အချက်များ။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးအမိန့် ၄၁ နည်း ၁ ခွင်းချက် အရ၊ အောက်ရုံးအမိန့်သည် တရားဥပဒေနှင့် ဆန့်ကျင်၍သော်၎င်း၊ ဥပဒေကဲ့သို့ အင်အားရှိသော လုပ်ပူဆောင်တာတွင် မှားယွင်းနေသည်ကိုသော်၎င်း၊ တနည်းအားဖြင့် ထိုအမိန့်ဘာသည် မှားယွင်း၍ တရားမျှတမှုမရှိလျှင်သော်၎င်း၊ တွေ့ရှိမှသာလျှင် လူမဲ့အယူခံကို လက်ခံနိုင်ရန်ဖြစ်သည်။ လျှောက်ထားသူ စွဲဆိုသော အမှုသည် ကာလ စည်းကမ်းသတ် ကျော်လွန်ကြောင်းဖြစ်သည့်အောက်ရုံးအမိန့်ကို ဘတ်ရှုရုံမျှနှင့် ထိုချမှတ်သောအမိန့်သည် ဥပဒေနှင့် ဆန့်ကျင်ခြင်းသော်၎င်း၊ မှားယွင်း၍ တရားမျှတမှုမရှိခြင်းသော်၎င်း မတွေ့ရှိရပေ။

ကျိုမ်နီ နှင့် **ဗမာပြည် မီးနှင့် သင်္ဘော အာမခံကုမ္ပဏီလီမိတက်** ရန်ကုန်စီရင်ထုံး၊ အတွဲ ၃၊ စာ ၃၈၃ ကို ရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။မစ္စတာ အမ်၊ဝိုင်၊ခန်း။

လျှောက်ထားခံရသူအတွက်။ ။မစ္စတာ စူးရမား။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားသူ အက်(ဖ်)၊ရာမန်က၊ လျှောက်ထားခံရသူ မက်ဆား(စ်)ဂူဘီဂျင်နရယ် အင်(နှ်)ရှူးဝါးရင့် ကုမ္ပဏီလီမိတက်အပေါ် မီးအာမခံကျပ်ငွေ ၅၀,၀၀၀ ရရှိရန်၊ ရန်ကုန်မြို့၊ တရားမတရားသူကြီးရုံး ၁၉၆၃ ခုနှစ်၊ တရားမမူကြီးအမှတ် ၂၈၂ တွင် လူမဲ့အဖြစ် တရားစွဲဆိုခဲ့သည်။ ပညာရှိ တရားမရုံး တရားသူကြီးချုပ်သည်၊ ကောက်ချက် ငါးခုကို ထုတ်နုတ်၍၊ အမှုကို စစ်ဆေးပြီး

---

* ၁၉၆၅ ခုနှစ်၊ တရားမ အထွေထွေ လျှောက်ထားမှု အမှတ် ၁၄။

† တရားမကျင့်ထုံး ကိုဥပဒေပုဒ်မ ၄၄ (၁) အရ၊ ရန်ကုန်မြို့တော် တရားမရုံး တရားသူကြီးချုပ်၏ (၁၄-၅-၆၅) နေ့စွဲပါ၊ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်၍ ဤရုံးတွင် လူမဲ့အဖြစ် အယူခံဝင်ခွင့်ပြုရန်လျှောက်ထားသော လျှောက်လွှာ။

၁၉၆၆

အက်(ဖ်)၊ ရာမန် နှင့် မက်ဆားဂူဘီ ကျင်နရယ် အင်ဂျူးဝါးရင့် ကုမ္ပဏီ လီမိတက်။

တရားလို၏ အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ထိုအမိန့်ကို အက်(ဖ်)၊ ရာမန်က မကျေနပ်သဖြင့်၊ ဤချုံးသို့ လူမဲ့အဖြစ် အယူခံတင်သွင်းသည်။ ယင်းသို့ လူမဲ့အဖြစ် အယူခံတင်သွင်းရာ၌၊ ဤချုံးအနေနှင့် **တရားမကျင့်ထုံးအမိန့် ၄၁ နည်း ၁ ခွင်းချက်** ကို သတိမူရပေမည်။ ယင်းခွင်းချက်တွင် အောက်ပါအတိုင်းဖော်ပြထားသည်။

> **" Provided that the Court shall reject the application unless, perusal thereof and of the judgment and decree appealed from, it sees reason to think that the decree is contrary to law or to some usage having the force of law, or is otherwise erroneous or unjust."**

ထိုခွင်းချက်အရ၊ အောက်ရုံးအမိန့်သည် တရားဥပဒေနှင့် ဆန့်ကျင်၍ သော်၎င်း ဥပဒေကဲ့သို့ အင်အားရှိသော လုပ်မှု ဆောင်တာတွင် မှားယွင်း နေသည်ကိုသော်၎င်း၊ တနည်းအားဖြင့် ထိုအမိန့်သည် မှားယွင်း၍ တရားမျှတမှု မရှိလျှင်သော်၎င်း တွေ့ရှိမှသာလျှင်၊ လူမဲ့အယူခံကို လက်ခံနိုင်ရန်ဖြစ်သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည်အောက်ရုံးကချမှတ်သော အမိန့်ကို သေချာဂနစ္စာဝေဘန်သုံးသပ်၍ အဆုံး အဖြတ်ပေးရန်လိုသည်။

အမှုအကြောင်း ခြင်းရာနှင့် ပတ်သက်၍ **အောက်ရုံး၏ စီရင်ချက်**တွင် ပြည့်စုံစွာ ဖော်ပြထားပြီး ဖြစ်ရကား၊ ကျွန်ုပ်တို့အနေနှင့် ထပ်လောင်း ဖော်ပြရန်လိုမည် မထင်ပေ။ ကျွန်ုပ်တို့အဓိက စဉ်းစား၍ အဆုံးအဖြတ် ပေးရန်ရှိသော အချက်မှာ၊ ဤအမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ စွဲသော အမှုဖြစ်၊ မဖြစ်ဟူ၍ ဖြစ်သည်။ လျှောက်ထားသူ၊ အက်(ဖ်) ရာမန်က၊ မန္တလေးမြို့ရှိ မိမိဆိုင်တွင် ထားရှိသော ပစ္စည်းများကို၊ မက်ဆား(စ်)ဂူဘီ ကျင်နရယ် အင်(နှ်) ဝါရှူးရင့် ကုမ္ပဏီလီမိတက်ထံတွင် မီးအာမခံ ငါးသောင်းဖြင့်ထား၏။ ထိုသို့မီးအာမခံ ထားစဉ်က၊ မိမိဆိုင်ပေါ်တွင် ကျပ်ငွေ ၅၀,၀၉၁ ၆၀ ပြားဘိုးမျှရှိသော ကုန်ပစ္စည်းများရှိသည်ဟု အဆိုရှိသည်။ ၁၉၅၈ ခုနှစ်၊ **ဇန္နဝါရီလ** ၇ ရက်နေ့တွင် ဆိုင်မီးလောင်သွားသဖြင့်၊ ပစ္စည်းများ အားလုံးလိုပင် ဆုံးရှုံးသွား၏။ အထက်ဖော်ပြပါ မီးအာမခံ ကုမ္ပဏီသို့ လျော်ကြေးငွေ ငါးသောင်း တောင်းဆို၍၊ မီးအာမခံကုမ္ပဏီက လျော်ကြေးငွေပေးရန်၊ ၁၉၅၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင်ငြင်းဆိုလိုက်သည်။ ထိုသို့ငြင်းဆိုသည့်နေ့မှစ၍၊ မီးအာမခံပေါ်လစီအပိုဒ် ၁၃ အရ သုံးလအတွင်းအမှုစွဲဆိုရန်ဖြစ်သည်။ သို့ရာတွင် လျှောက်ထားသူက မန္တလေးခရိုင်၊တရားမတရားသူကြီး ရုံးတွင်၊ ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့မှသာလျှင်၊ တရားစွဲဆို၍ အမှုတင်သွင်းခြင်းကြောင့်၊ သုံးလကျော်ပြီးမှ တရားစွဲဆိုခြင်းဖြစ်သဖြင့်၊ ကာလစည်းကမ်းသတ် ကျော်လွန်နေပြီ ဖြစ်ရကား၊ အောက်ရုံး

ပညာရှိတရားသူကြီးက ကာလစည်းကမ်းသတ် ကျော်လွန်မှုကို အဓိကထား၍၊လျှောက်ထားသူ အက်(ဖ်)၊ ရာမန်၏ အမှုကိုပလပ်လိုက်ခြင်း ဖြစ်သည်။

လျှောက်ထားသူ၏ ပညာရှိရွှေနေကြီး မစ္စတာအမ်၊ဝိုင်၊ခန်းက မန္တလေးရှိ တရားမရုံးများသည် ၁၉၅၀ ခုနှစ်၊ အောက်ဥဒေအမှတ် ၁၉ အရ၊ ထုတ်ပြန်သော ပြန်တမ်းကြောင့်၊ ၁၉၄၉ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့မှ၊ ၁၉၆၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ရုံးပိတ်ထားသည်။ ထို့ကြောင့် ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် တရားစွဲဆိုရာ၌၊ ရုံးပိတ်ရက်အဘွင်း ကျရောက် နေသောကြောင့် ကာလစည်းကမ်းသတ်ကို ခွင့်ပြုရန် လျှောက်ထားလေသည်။ ထိုအမှုကို မန္တလေးရုံးက စီရင်ပိုင်ခွင့် အာဏာမရှိသဖြင့်၊ ရန်ကုန်မြို့၊တရားမတရားသူကြီးရုံးတွင် ၁၉၆၃ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှ အမှုတင်သွင်းရသည်ဟူ၍လည်း တင်ပြသွားသည်။ ၎င်းပြင် မီးအာမခံ ပေါ်လစီအပိုဒ် ၁၃ ပါ ပြဋ္ဌာန်းချက် များသည် ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂၃ နှင့် ၂၈ များတို့ကိုကျော်လွန် လွှမ်းမိုးနိုင်ရန် မဖြစ်နိုင်ကြောင်းကိုလည်း တင်ပြသွားသည်။

လျှောက်ထားခံရသူ၏ ပညာရှိရွှေနေကြီး မစ္စတာ စူးရမားက လျှောက်ထားသူသည် မူလမန္တလေးရုံးတွင် အမှုစွဲဆိုစဉ် အခါကပင်၊ မီးအာမခံပေါ်လစီအပိုဒ် ၁၃ တွင်ပြဋ္ဌာန်းထားသော သုံးလကြာ စည်းကမ်းသတ် ကျော်လွန်နေပြီ ဖြစ်ပါသည်။ ၎င်းပြင်လျှောက်ထားသူ၏ ရွှေနေကြီးတင်ပြသည့်အတိုင်း၊ မန္တလေး ရုံးများမှာ တရားမမှုများအတွက် ပိတ်ထားသည် ဆိုရာ၌သည်း မဖြစ်နိုင်ပါ။ အဘယ်ကြောင့် ဆိုသော် ၁၉၅၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့စွဲဖြင့် မန္တလေးခရိုင်၊ တရားမတရားသူကြီးက၊ ဤအမှုနှင့်ပတ်သက်၍ အမိန့်ဘခုချမှတ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ၎င်းအပြင် မီးအာမခံပေါ်လစီအပိုဒ် ၁၃ တွင် ပြဋ္ဌာန်းထားသော ကာလ စည်းကမ်းသတ်မှာ (၃) လမှာ ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၂၃ နှင့် ၂၈ တို့ကိုကျော်လွန်၍ လွှမ်းမိုးနိုင်ကြောင်းနှင့် ပတ်သက်၍၊ **ကျိုက်မ်နီ** နှင့် **ဗမာပြည် မီးနှင့် သဘော်ဘာအာမခံကုမ္ပဏီလီမိတက်** အမှု (၁) တွင် အတိအလင်း စီရင်ထုံးဖွဲ့ထားပါသည်ဟု တင်ပြသွားသည်။

ကျွန်ုပ်တို့ အနေနှင့် ဤအမှုကို သုံးသပ်ရာတွင် တွေ့ရှိရသော အချက်မှာ **လျှောက်ထားသူ အက်(ဖ်)၊ရာမန်စွဲဆိုသော အမှုသည်၊ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်းဖြစ်သည်။** ပညာရှိဘရားမချုပ်တရားသူကြီးချုပ်၏ ချမှတ်သောအမိန့်ကို ဘတ်ရှုရှုမျှနှင့် ထိုချမှတ်သော အမိန့်သည် ဥပဒေနှင့် ဆန့်ကျင်ခြင်းသော်၎င်း၊ မှားယွင်း၍ တရားမျှတမှု မရှိခြင်းသော်၎င်း မတွေ့ရှိရပေ။ ၎င်းပြင်လျှောက်ထားသူ၏ ရွှေနေကြီးက မီးအာမခံ ပေါ်လစီအပိုဒ် ၁၃ မှာ၊ ပဋိညာဉ်ဥပဒေနှင့်ဆန့်

(၁) ရန်ကုန်စီရင်ထုံး ၈၀၃ (၃)၊ စာ ၃၀၃။

၁၉၆၆

အက်(ဖ)နှုတ်နှင့် မက်ဆားကူဘီကျင်နာရယ် အင်္ဂျူးဝါးရင့် ကုမ္ပဏီလိမ်တက်။

ကျင်သည်ဟု ဆိုသော်ငြားလည်း၊ သူသည် အထက်တွင် ဖော်ပြခဲ့သော စီရင်ထုံးပါမှု များကို သဘော တူပါသည်ဟု၊ အောက်ရုံး၏ စီရင်ချက်တွင် တွေ့ရှိရသည်။ ကျန်ုပ်တို့ရှေ့၌လည်း သူသည်ထိုစီရင်ထုံးပါ မူများနှင့် သဘောမတူပါဟူ၍လည်းငြင်းဆို ခြင်းမရှိပေ။

အထက်ဖော်ပြပါ အကြောင်းခြင်းရာ များနှင့် ဥပဒေ အချက်အလက် များအရ၊ ဤလူမဲ့အယူခံ လျှောက်လွှာကို ပယ်လိုက်သည်။

ရှေ့နေစရိတ်မှာ ငွေ ၅၀ ဖြစ်စေရမည်။

နိုင်ငံတော်တရားရုံးချုပ်
ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

ဦးချစ်တင် (ပြင်ဆင်ရန် လျှောက်ထားသူ)
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန် လျှောက်ထားခံရသူ) *

† ၁၉၆၄ — ဇန္နဝါရီ ၂၉ ရ၊

ရာဇသတ်ကြီးပုဒ်မ ၄၆၈ စာချုပ်လိမ်လည်ပြုလုပ်ခြင်း သို့ဟုတ်သည့်သက်သေခံချက်နှင့်အကြောင်းခြင်းရာများပေါ်မူတည်စီစစ်ရန်။

ဆုံးဖြတ်ချက်။ ။စာချုပ်လိမ်လည်ပြုလုပ်သည့် အမှုမျိုးတွင် တိုက်ရိုက်သက်သေခံ မရှိနိုင်။ သို့ဟုတ်သည့် သက်သေခံချက်နှင့် အကြောင်းခြင်းရာများပေါ်သာမူတည်၍၊ စီစစ်ရန်ဖြစ်သည်။ အကြောင်းခြင်းရာများအရ လျှောက်သူမှအပ စာချုပ်ကို အခြားသူ တဦးတယောက်က ပြုလုပ်နိုင်သည်ဟု ယူဆနိုင်စွမ်းရှိကြောင်း ပေါ်လွင်သည်ဟု မတွေ့ရ။

Basudeb Mander *v.* The State, A. I. R. 1929, Patna, p. 112 ; မောင်ဘမြတ် နှင့် နိုင်ငံတော်၊ အေ၊ အိုင်၊ အာ (ရ)၊ ၁၉၃၄၊ ရန်ကုန်၊ စာ ၄၂ တို့ကို ရည်ညွှန်းသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးမွန်စံလှိုင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးထွန်းညို။

တရားသူကြီး ဦးထွန်းတင်။ ။လျှောက်ထားသူ ဦးချစ်တင်နှင့် စက်ရှင်ရုံးမှ တရားသေလွတ်လိုက်သည့် ၎င်း၏ဇနီး ဒေါ်မြကျင်တို့မှာ၊ လက်ပန်တန်းမြို့၊ ၁ ရာဘက် ရာဇဝတ်တရားသူကြီးရုံး ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၃၀ တွင်၊ ရာဇသတ်ကြီး ပုဒ်မ ၄၆၈ အရ ပြစ်မှုကျူးလွန်သည်ဆို၍၊ လျှောက်ထားသူ ဦးချစ်တင်အား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂ နှစ်၊ ဒေါ်မြကျင်အား ရုံးတက်ရုံးဆင်း ထောင်ဒဏ် ၁ ရက်နှင့် ဒဏ်ငွေ ၃၅၀ ကျပ်ဆောင်ရမည်ဟု ပြစ်ဒဏ်ချမှတ်သည်ကို၊ သာယာဝတီမြို့၊ စက်ရှင်တရားသူကြီးရုံး ၁၉၆၄ ခုနှစ်၊ အယူခံမှုအမှတ် ၁၄ တွင်၊ အယူခံဝင်ရောက်ရာ၊

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅ (၁)။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၄ တွင် ချမှတ်သော ၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့စွဲပါ၊ သာယာဝတီမြို့၊ စက်ရှင်တရားသူကြီး၏အမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၆၆ ခေါ်မြကျင်ပေါ် ပြစ်မှုတွေ့ရှိ ပြစ်ဒဏ်စီရင်ထားသည်ကို ပယ်ဖျက်လိုက်သော်လည်း၊ လျှောက်သူပေါ် ပြစ်မှုတွေ့ရှိခြင်းကို၊ အတည်ပြုရှိ ပြစ်ဒဏ်ကိုသာ ထောင်ဒဏ် ၆ လသို့ လျှော့ပေါ့သည်ကို၊ လျှောက်သူကမကျေနပ်၍ ဤရုံးသို့ ပြင်ဆင်မှုကို တင်သွင်းခဲ့ခြင်း ဖြစ်သည်။

ဦးချစ်တင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

အမှုအကြောင်းခြင်းရာ အသေးစိတ်ကို အောက်ရုံးစီရင်ချက်များ၌ ဖေါ်ပြပြီးဖြစ်သော်လည်း၊ ယခုအမှုနှင့်ပတ်သက်၍ လိုရင်းကိုပြဆိုရမူ၊ ၁၉၆၀ ခုနှစ်၊ စက်တင်ဘာလ ခန့်က၊ မသန်းရီနှင့် ခင်ပွန်း မောင်တင်မောင်တို့က၊ လျှောက်သူ ဦးချစ်တင်နှင့်ဇနီး ဒေါ်မြကျင်တို့ထံမှ ငွေ ၈၀၀ ကျပ်၊ ငွေ ၁၀၀ ကျပ်လျှင် ၆ ကျပ်အတိုးနှုန်းဖြင့် ချေးယူ၍၊ ၎င်းတို့ပိုင် ခြံမြေနှင့်အိမ်ကို ရောင်းပေါင်အဖြစ် ထားရှိပြီး၊ သက်သေခံအမှတ် (၁) အရောင်းစာချုပ်ကို ပြုလုပ်ပေးရ၍၊ လျှောက်သူများကမူ ငွေပြေလည်ပါက ထိုစာချုပ်ကို ပြန်လည်ပေးရန် သက်သေခံအမှတ် (က) ကတိစာချုပ်ကို ချုပ်ဆိုပေးသည်ဆိုကြောင်း။ ကျသင့်သည့် ရင်းတိုးငွေများကို မသန်းရီတို့က သက်သေခံအမှတ် (ခ)၊ (ဂ)၊ (ဃ)၊ (င) နှင့် (စ) တို့အရ အလီလီပေးဆပ်ခဲ့၍ ငွေ ၃၅၀ ကျပ်ခန့်ကျန်ရှိနေကြောင်း ၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် လျှောက်သူ ဦးချစ်တင်က၊ မောင်တင်မောင် အလုပ်လုပ်သည့် လက်ပန်တန်းဆေးရုံသို့သွား၍၊ ကျန်ငွေများကို တောင်းခံသည်တွင်၊ ၎င်းတို့စကားများပြီး၊ လျှောက်သူ ဦးချစ်တင်က၊ မောင်တင်မောင်အား "မဆပ်နိုင်ရင် သိကြသေးတာပေါ့" ဟု ကြိမ်းမောင်းပြီး ပြန်သွားကြောင်း။ ဆေးရုံစာရေး ဂျေ၊ အမ်၊ ဆင်းက ထွက်ဆိုသည်။ ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် မောင်တင်မောင်က ဆေးရုံစာရေး ဂျေ၊ အမ်၊ ဆင်းမှတဆင့်၊ သက်သေခံအမှတ် (ဆ) လက်မှတ်အရ၊ ငွေ ၅၀ ကျပ်ကို ဦးချစ်တင်သို့ ပေးဆပ်သေးသည်ဆိုကြောင်း။ သို့ရာတွင် ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်၊ လျှောက်သူ ဦးချစ်တင်က မောင်တင်မောင်ထံသို့ ချေးယူထားသည့်ငွေ ၅,၀၀၀ ကျပ်ကို ၁၀ ရက်အဘွင်း ပေးဆပ်ရန်၊ သက်သေခံအမှတ် (၈) ချေနေနှိုး့တစ်စာပေးပို့သည်တွင်၊ မသန်းရီတို့က ထိုငွေများကို တကြိမ်တခါမျှ မယူဘူးသဖြင့် ၎င်းအကြောင်းကို၊ သက်သေခံအမှတ် (၈၂) အရ ချေနေထံသို့ ပြန်ကြားသော်လည်း၊ ချေနေက၊ ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့နှင့် ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့စွဲပါ သက်သေခံအမှတ် (၃၂)နှင့် (၄၂) နို့တစ်စာများနှင့် ငွေတောင်းခံသည်ကို၊ မသန်းရီတို့ကလည်း ငွေမယူ၍ ပေးဆပ်ရန်တာဝန် မရှိကြောင်း၊ သက်သေခံအမှတ် (၄) နှင့် (၃) တို့အရ နို့တစ်စာပြန်ခဲ့လေသည်။ ထို့နောက် ငွေချေးယူသည့် စာချုပ်တွင် အသိသက်သေအဖြစ် ပါဝင်သူများဖြစ်သူ ဦးလှကြီးနှင့် ဦးဘတို့ထံသို့ မသန်းရီတို့က စုံစမ်းရာ၊ ၎င်းသက်သေများက လျှောက်သူ တောင်းပန်ချက်အရ စာချုပ်တခုတွင် လက်မှတ်

ထိုးပေးလိုက်ရကြောင်း။ သို့သော် ထိုစာချုပ်မှာ မည်သည့်စာချုပ်မှန်း မသိပါဟု ဖေါ်ပြသည်တွင်၊ ယင်းစာချုပ်မှာ မိမိတို့ပေါ် တရားစွဲဆိုရန် လိမ်လည်၍ မတရားပြုလုပ်ထားသည့် စာချုပ်သာဖြစ်ရမည်ဆိုပြီး မသန်းရီက လျှောက်သူနှင့် ဇနီးပေါ် ရာဇသတ်ကြီးပုဒ်မ ၄၆၅၊ ၄၆၈၊ ၄၇၇၊ ၄၂၀ နှင့် ၅၀၀ အရ ဦးတိုက်လျှောက်ထားတရားစွဲဆိုခြင်းဖြစ်သည်။

အချင်းဖြစ်သည့် စာချုပ်မှာ ရုံးကတောင်းခေါ်သဖြင့်၊ လျှောက်သူက တင်သွင်းခဲ့သည့် သက်သေခံအမှတ် (၂) စာချုပ်ဖြစ်သည်။ သက်သေခံအမှတ် (၁) စာချုပ်မှာ မသန်းရီတို့က ငွေ ၈၀၀ ကျပ်အတွက် ချုပ်ပေးရသည့် စာချုပ်အမှန်ဖြစ်ပေသည်။ အချင်းဖြစ်သည့် သက်သေခံအမှတ် (၂) စာချုပ်မှာ မိမိတို့ငွေယူပြီး ချုပ်ဆိုပေးရသည့် စာချုပ်မဟုတ်ကြောင်းကို မသန်းရီတို့က စာချုပ်တွင် သက်သေအဖြစ် ပါဝင်သူ ဦးလှကြီးနှင့် ဦးဘ (လိုပြ-၂ ၊၃) တို့အား စစ်ဆေးရာ သက်သေများက လျှောက်သူထိုးခိုင်းသဖြင့်သာ ထိုစာချုပ်တွင် အသိသက်သေအဖြစ် လက်မှတ်ထိုးပေးလိုက်ရသော်လည်း ယင်းအခါက မသန်းရီနှင့် မောင်တင်မောင်တို့မရှိ၊ စာချုပ်မှာ မည်သည့်စာချုပ်မှန်းပင် မသိပါဟုဆိုပြီး စာချုပ်ရေးသူ ဦးကျော်ထွန်းကလည်း လျှောက်သူပြောပြချက်အရသာ စာချုပ်ကို ရိုက်ပေးလိုက်ရကြောင်း ထွက်ဆိုရှိ၍၊ အင်းစိန်မှ လက်ရေးပါရဂူ ဦးလှမြင့်က အငြင်းပွါးသည့် စာချုပ်ပေါ်မှ လက်မှတ်များမှာ၊ မသန်းရီနှင့် မောင်တင်မောင်တို့၏ လက်မှတ်အစစ်မဟုတ်ပါဟု ထင်မြင်ချက်ပေးလေသည်။

လျှောက်သူကမူ ထိုသက်သေခံချက်များကို ချေပရန် အဓိကဒုံးဖြင့် စာချုပ်ပေါ်တွင် အသိသက်သေအဖြစ် လက်မှတ်ထိုးထားသည့် အခြားသက်သေနှစ်ဦးဖြစ်သူ မောင်ချစ်တီးနှင့် မောင်ကုလားတို့ကို စစ်ဆေးသော်လည်း ၎င်းသက်သေများ၏ ထွက်ဆိုချက်နှင့် လျှောက်ထားသူ ဦးချစ်တင် ဇနီး မမြကျင်တို့၏ ထွက်ဆိုချက်များမှာ များစွာကွဲလွဲ၍ ကိုက်ညီခြင်းမရှိသည့်အပြင်၊ ထိုသက်သေများ၏ ထွက်ဆိုချက်တို့မှာ ယုံကြည်လက်ခံနိုင်စရာ မရှိကြောင်း အခြားအထောက်အထားများ ထင်ရှားရှိနေသည်ကို တွေ့ရသဖြင့်၊ အချင်းဖြစ်သည့် စာချုပ်မှာ မူမှန်သည့်စာချုပ်မဟုတ်၊ လိမ်လည်ပြုလုပ်ထားကြောင်း စစ်ဆေးသည့်ရုံးမှ ယူဆဆုံးဖြတ်ခဲ့လေသည်။

အယူခံဝင်သောအခါ၌လည်း၊ အယူခံကြားနာသည့် စက်ရှင်တရားသူကြီးက သက်သေထွက်ချက်များကို အသေးစိတ်လေ့လာသုံးသပ်ပြီး၊ သက်သေခံအမှတ် (၂) စာချုပ်မှာ အောက်ရုံးမှတွေ့ရှိထားသည့်အတိုင်း၊ လိမ်လည်ပြုလုပ်ထားသည့်စာချုပ်ဖြစ်ကြောင်း သဘောတူညီလက်ခံလေသည်။

၁၉၆၆

ဦးချစ်တင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

သို့ရာတွင် ယခုပြင်ဆင်မှုတင်သွင်းရာဝယ်၊ လျှောက်သူ၏ ပညာရှိရှေ့နေကြီးက ယခုအမှုတွင် လျှောက်သူအပေါ် အောက်ရုံးနှစ်ရုံးစလုံးမှ သဘောတူညီ၊ ဆုဇသတ်ကြီး ပုဒ်မ ၄၆၈ အရ ပြစ်မှုတွေ့ရှိခဲ့သော်လည်း၊ ထိုပြစ်မှု ဖြစ်မြောက်ရန် လိုအပ်သည့် အချက်ဖြစ်သည့် လိမ်လည်ပြုလုပ်ထားသည်ဆိုသည့် စာချုပ်ကို ပြုလုပ်သူမှာ၊ လျှောက်သူပင်ဖြစ်ကြောင်း။ သက်သေခံလုံးဝမရှိသဖြင့်၊ လျှောက်သူပေါ် ပြစ်မှုတွေ့ရှိထားခြင်းမှာ ဥပဒေအရ လက်ခံနိုင်စရာ မရှိပါဟု ဆိုလိုပေသည်။ သို့ရာတွင် ယခုကဲ့သို့ စာချုပ်လိမ်လည်၍ပြုလုပ်သည့်အမှုမျိုးတွင် တိုက်ဒိုက်သက်သေခံ မရှိနိုင်ကြောင်းကို၊ လျှောက်သူ၏ ပညာရှိ ရှေ့နေကြီး မငြင်းဆိုနိုင်။သွယ်ဝိုက်သည့် သက်သေခံချက်နှင့် အကြောင်းခြင်းရာများပေါ် သာမူတည်၍ စီစစ်ရန်ဖြစ်လေသည်။ယခုအမှုတွင်ပေါ် လွင်သည့် အကြောင်းခြင်းရာများအရ သက်သေခံစာချုပ်မှာလျှောက်သူ၏ လက်ဝယ်ပင်ရှိ၍ စာချုပ်ပါသက်သေများဖြစ်သူဦးဘနှင့် ဦးလှကြီးတို့၏ ထွက်ဆိုချက်မှာလည်း မည်သို့မျှ မယုံကြည်နိုင်စရာအကြောင်း မတွေ့ရသဖြင့်၊ ၎င်းစာချုပ်ကို ချုပ်ဆိုသူမှာ၊ မသန်းရီနှင့် မောင်တင်မောင်တို့က ချုပ်ဆိုပေးခြင်းမရှိကြောင်း ပေါ် လွင်နေပြီး၊ စာချုပ်ပေါ် ရှိ လက်မှတ်များမှာ လိမ်လည်ပြုလုပ်ထားကြောင်း ထင်ရှားနေရကား၊ ထိုစာချုပ်ကို လိမ်လည်ပြုလုပ်သူမှာ လျှောက်သူမှအပ၊ အခြားမည်သူမျှ ပြုလုပ်ရန် အကြောင်း မပေါ် ပေါက်ချေ။ ထို့ကြောင့် ယခုအမှုအကြောင်းခြင်းရာများမှာ၊ လျှောက်သူ၏ပညာရှိ ရှေ့နေကြီးကိုးကားသည့်၊ ***Basudeb Mander*** **v.** ***The State*** (၁) အမှုပါ အကြောင်းခြင်းရာများနှင့် တူညီသည်ဟုဆင်း၊**မောင်ဘမြတ်** နှင့် **နိုင်ငံတော်** (၂)အမှုတွင် ပြဆိုထားသကဲ့သို့ အကြောင်းခြင်းရာများအရ၊ လျှောက်သူမှအပ၊ သက်သေခံအမှတ် (၂) စာချုပ်ကို အခြားသူ တဦးတယောက်က ပြုလုပ်နိုင်သည်ဟု ယူဆနိုင်စွမ်းရှိကြောင်း ပေါ် လွင်သည်ဟု မတွေ့ရသောကြောင့် ဖြစ်လေသည်။

တဖန် ၎င်းသက်သေခံအမှတ် (၂) စာချုပ်အရ၊ လျှောက်သူကပြုလုပ်၍ ထိုစာချုပ်ကို ရာဇသတ်ကြီးပုဒ်မ ၄၆၃ ပါ ရည်ရွယ်ချက်တခုနှင့် ပြုလုပ်ကြောင်းမှာ၊ လျှောက်သူက စာချုပ်တွင်ပြဆိုသည့်ငွေ ၅,၀၀၀ ကျပ်ကို ပေးဆပ်ရန် ရှေ့နေမှ နို့တစ်စာ မသန်းရီနှင့် မောင်တင်မောင်တို့ထံ အကြိမ်ကြိမ် ပေးခဲ့ကြောင်း ထင်ရှားနေရကား၊ ယခုအမှုမှာ လျှောက်သူ၏ ပညာရှိရှေ့နေကြီး ရည်ညွှန်းသည့် ***Luchmi Singh*** **v.** ***The State*** (၃)အမှုနှင့် ***M. Ata Muhamed Khan*** **v.** ***The State*** (၄) ပါ စီရင်ထုံးတွင် ပြဆိုချက်တို့နှင့်တူညီ၍၊ လျှောက်သူပေါ် ပြစ်မှုတွေ့ရှိခြင်းမှာ ဥပဒေအရ လက်ခံနိုင်စရာမရှိပါဟုလည်း မည်သို့မျှမဆိုနိုင်တော့ပေ။

---

(1) A.I.R. 1929, Patna, p. 112.
(2) A.I.R. 1934, Rangoon, p. 42.
(3) 44 I.C.P., 456.
(4) A.I.R. 1950, Lahore, p. 199.

၁၉၆၆

ဦးချစ်တင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ထို့ကြောင့် ယခုအမှုတွင် လျှောက်သူပေါ် အောက်ရုံးများမှ တူညီပြစ်မှုတွေ့ရှိ ထားခြင်းမှာ သက်သေခံ အထောက်အထား လုံးဝကင်းမဲ့နေသည်ဟုဎ**မောင်ထွန်းစိန်** နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ** (၅) အမှုစီရင်ထုံးတွင် ပြဆိုထားသကဲ့သို့ အောက်ရုံး များမှ အကြောင်းခြင်းရာများနှင့် ပတ်သက်၍၊ ဆုံးဖြတ်ခဲ့ခြင်းတို့မှာ ပေါ် လွင်စွာ မှားယွင်းနေ၍၊ တရားမျှတမှုမရှိပါဟုဎင်း မတွေ့ရှိရသဖြင့်၊ မဒရပ်လွှတ်တော်ခုံအဖွဲ့က အက်(စ်)၊ အာ(ရ်)၊ **ရာဂျာ၊ ရောင်း** (၆) အမှုတွင်—

> **"Although the High Court in the exercise of its revisional powers can set aside a conviction and sentence it will not do so unless the record shows that the evidence is not capable of sustaining the conviction and sentence."**

ဟုပြဆိုခဲ့သည့်မူအရ၊ ဤရုံးမှ အောက်ရုံးများ၏ စီရင်ချက်တွင် ဝင်ရောက်စွက်ဖက်ရန် အကြောင်းရှိသည်ဟု မည်သို့မျှ မတွေ့ရှိရပေ။

ဖေါ်ပြပါအကြောင်းများကြောင့်၊ ယခုလျှောက်လွှာကို ပလပ်လိုက်သည်။

---

(5) 1954, B.L.R., p.193. (6) A.I.R. 1945, Madras, p.111.

နိုင်ငံတော်တရားရုံးချုပ်
ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ် ရွှေတင်

† ၁၉၆၆ ဦးတင်ထွဋ် (ပြင်ဆင်ရန် လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန် လျှောက်ထားခံရသူ)

ဇန္နဝါရီလ ၂၂ ရက်။

ရာဇသတ်ကြီးပုဒ်မ ၄၀၉ တရားခံ၏ထုချေချက်။ လိုပြသက်သေများကို ပြန်လှန်မေးခွန်းတွင်မမေး၊ စံချက်တင်ပြီးမှ ထုချေလျှင် နောက်မှအကြံရ၍ ကြံစည်ထုချေခြင်း။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူ၏ အဓိက ထုချေချက်မှာ သူသည် ဘီ(လ်)ကောက်ခံသူအား အချင်းဖြစ်ငွေကို ပေးလိုက်သည်ဟု ပြောဆိုသည်။ ဤကဲ့သို့ ပေးလိုက်သည်ဟု ဆိုခြင်းနှင့် ပတ်သက်၍ တရားလိုပြ သက်သေများ စစ်ဆေးစဉ်က၊ တဦးတယောက်ကိုမျှ ပြန်လှန်မေးခွန်းတွင် မေးခဲ့သည်ကို မတွေ့ရှိရပေ။ လျှောက်ထားသူအပေါ် စံချက်တင်ပြီးမှ လျှောက်ထားသူက ထုချေမှသာလျှင်၊ သူသည်အချင်းဖြစ်ငွေကို ဘီ(လ်) ကောက်ခံသူများအား ပေးလိုက်ပါသည်ဟု ထုချေခြင်းဖြစ်သည်။ ထိုထုချေချက်မျိုးသည် နောက်မှအကြံရ၍၊ ကြံစည်ကာ ထုချေခြင်းမျိုးဖြစ်သည်ဟု ယူဆရပေမည်။

မောင်ထွန်းစိန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံးများ (တရားလွှတ်တော်) ၂၉၃။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်ညွန့်၊ အေ၊ အိုင်၊ အာ(ရှ်)၊ ၁၉၃၅ ခု၊ ရန်ကုန်၊ စာ ၃၉၃ တို့ကိုရည်ညွှန်းသည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။ဦးမြင့်စိုး။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးဘကြိုင်။

တရားသူကြီး ဦးချစ်။ ။မော်လမြိုင်မြို့၊ စတုတ္ထရာဘက် ရာဇဝတ် တရားသူကြီး (အထူး) ရုံး၊ ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၁၃၀ တွင် လျှောက်ထားသူ ဦးတင်ထွဋ် အပေါ် ရာဇသတ်ကြီး ပုဒ်မ ၄၀၉ အရ၊ ပြစ်မှု ထင်ရှားသည်ကို တွေ့ရှိရသဖြင့် ၎င်းအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၄ လ ကျခံစေရန် အမိန့် ချမှတ် ခဲ့

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၂၂ (ခ)။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၁၃၀ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ မေလ ၁၀ ရက် နေ့စွဲပါ၊ မော်လမြိုင်မြို့၊ စတုတ္ထရာဘက် (အထူး) ရာဇဝတ်တရားသူကြီး၏အမိန့်ကို ပြန်၍ဆင်ခြင်မှု။

သည်။ ထိုအမိန့်ကို မကျေနပ် သဖြင့် ဦးတင်ထွန်က မော်လမြိုင်မြို့၊ ခရိုင် စက်ရှင်ရုံး ၁၉၆၅ ခုနှစ်၊ ရာဇဝတ် အယူခံမှု အမှတ် ၄၁ (မ) တွင် အယူခံ ဝင်ခဲ့သည်။ အယူခံရုံးက၊ အောက်ရုံးမှ ချမှတ်သော အမိန့်ကိုအတည်ပြု၍၊ အယူခံကို ပလပ် လိုက်သည်။ ထိုအမိန့်ကို ဦးတင်ထွန်က မကျေနပ်ပြန် သဖြင့် ဤရုံး ရာဇဝတ် ပြင်ဆင်မှု လျှောက်လွှာတင်သွင်းသည်။

အမှုဖြစ်ပျက် အကြောင်းခြင်းရာနှင့် ပတ်သက်၍၊ အောက်ရုံးများ၏ စီရင်ချက်များတွင် အပြည့်အစုံ ဖေါ်ပြ ထားပြီး ဖြစ်သည်။ အထူး ထပ်လောင်း၍ ဖေါ်ပြရန် လိုမည် မထင်ပေ။ ဤအမှုတွင် အဓိက စဉ်းစားရန် ရှိသော ပြဿနာမှာ လျှောက်ထားသူ ဦးတင်ထွန်သည်၊ မိမိ အား ယုံကြည် အပ်နှံ ထားသော မီတာခင်ငွေ ၃၅၂ ကျပ်ကို၊ သက်ဆိုင်ရာ လျှပ်စစ်ဌာနသို့ ပေးသွင်းခြင်း မပြုဘဲ၊ **မရိုး** မဖြောင့်သော သဘောဖြင့် အလွဲသုံးစား ပြုသည် မပြုသည်ပင် ဖြစ်သည်။ လျှောက်ထားသူက ထိုငွေကို မီတာခ ဘီ (လ်) ကောက်ခံသော စာရေးအား ပေးပြီးပြီဟု အဆိုရှိသည်။ သို့ရာတွင်၊ လျှပ်စစ်ဌာန၏ စာရင်း၌ ထိုငွေ ရရှိပြီးကြောင်း ဖေါ်ပြထားခြင်း မရှိပေ။

လျှောက်ထားသူ၏ ပညာရှိ ရှေနေကြီး ဦးမြင့်စိုးက၊ လျှောက်ထားသူသည်၊ မီတာခငွေ ၃၅၂ ကျပ်ကို၊ ဘီ (လ်) ကောက်ခံသူ စာရေးအား ပေးပြီး ဖြစ်သည်။ ထို့ကြောင့် ဘီ (လ်) ကောက်ခံသူ စာရေး၏ တာဝန်သာလျှင် ဖြစ်ပါသည်။ ထိုသို့ ပေးပြီး ဖြစ်ရကား၊ လျှောက်ထားသူ အပေါ်၌ တာဝန် ကျရောက်ခြင်း မရှိသဖြင့် လျှောက်ထားသူအား၊ ရာဇဝတ် မကင်းသည့် ယုံကြည် အပ်နှံခြင်း ဖေါက်ဖျက်မှုဖြင့် ရာဇသတ်ကြီး ပုဒ်မ ၄၀၉ အရ၊ တရားစွဲဆိုပြီး အပြစ်ဒဏ် ပေးထားခြင်းမှာ မှားယွင်းပါသည်ဟု လျှောက်လဲ သွားသည်။

အစိုးရ ဘက်မှ လိုက်ပါ ဆောင်ရွက်သည့် ပညာရှိ ရှေနေကြီး ဦးဘကြိုင်က၊ ယခု ရုံးရှေ့သို့ ရောက်နေသော အမှုမှာ ပြင်ဆင်မှု ဖြစ်ပါသည်။ အောက်ရုံး ၂ ရုံးစလုံးက အကြောင်းခြင်းရာနှင့် ပတ်သက်၍၊ တသဘောတည်း ချမှတ်သော အမိန့်ကို ပြင်ဆင်မှုရုံးအနေဖြင့် ဝင်ရောက် စွက်ဖက်ရန် အကြောင်း မရှိပါ။ ထိုတသဘောတည်း ချမှတ်သော အမိန့်မှာလည်း၊ မှားယွင်းသည်ဟု မဆိုနိုင်ပါ၊ ၎င်းပြင် အောက်ရုံးများက၊ လျှောက်ထားသူ အပေါ် သက်ညှာပြီး၊ အပြစ်ပေးရာတွင် ထောင်ဒဏ် ၄ လမျှသာ ပေးခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အောက်ရုံး အမိန့်များကို အတည်ပြုပြီး ဤပြင်ဆင်မှု လျှောက်လွှာကို ပလပ်သင့်ပါသည်ဟု တင်ပြ သွားသည်။

ကျွန်ုပ်သည် ဤအမှုကို သေချာ ကျနစွာ သုံးသပ်သည်။ အစိုးရ ရှေနေကြီး တင်ပြသည့် အတိုင်း၊ ဤအမှုသည် ပြင်ဆင်မှု ဖြစ်သည်။ ဤရုံးသည် ပြင်ဆင်မှုကို

၁၉၆၆

ဦးတင်ထွဋ်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

စဉ်းစား ဝေဖန် သုံးသပ်ရာ၌၊ အယူခံ ရုံးများကဲ့သို့ ဝေဖန် သုံးသပ်ရန် မဟုတ်ပေ၊ အောက်ရုံး ၂ ရုံး စသုံးက အကြောင်းခြင်းရာနှင့် ပတ်သက်၍၊ တသဘောတည်း ချမှတ်သော အမိန့်များကို ဤရုံးအနေနှင့် အလွယ် တကူ ဝင်ရောက် စွက်ဖက် နိုင်ရန် မဟုတ်ပေ။ ထိုချမှတ်သားသော အမိန့်မှာလည်း အလွန် ချတ်ချေ၍ မှားယွင်း၍၊ တရားမျှတမှု ကင်းမဲ့မှသာလျှင် ဤရုံးအနေနှင့် ဝင်ရောက် စွက်ဖက် နိုင်သည်။ **မောင်ထွန်းစိန် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (၁) အမှုကို ကြည့်ပါ။ ဤအမှုတွင် တွေ့ရှိရသည်မှာ အကြောင်းခြင်းရာ သက်သက်မျှသာ ဖြစ်သည်။ ထိုအကြောင်း ခြင်းရာများကို အောက်ရုံး ၂ ရုံးစသုံးက အသေးစိတ် ဝေဖန် သုံးသပ်ပြီး အမိန့် ချမှတ်သည်မှာလည်း တသဘောတည်း ဖြစ်ပေသည်။ ထို အကြောင်း ခြင်းရာများကို ကျနော်ပ ပြန်လည် သုံးသပ်ရာဝယ်၊ အောက်ရုံးများ၏ ဝေဖန် သုံးသပ် ထားခြင်းနှင့် အမိန့် ချမှတ် ခြင်းတို့မှာ မှားယွင်း၍၊ တရားမျှတမှု ကင်းမဲ့သည်ဟု မတွေ့ ရှိရပေ။ လျောက်ထားသူ ဦးတင်ထွဋ်သည်၊ တနင်္သာရီ ရဲမင်းကြီးရုံးမှ တာဝန်ခံ ရုံးအုပ် စာရေးကြီး ဖြစ်သည်။ ၎င်းသည် မိတာခ ငွေများကို သက်ဆိုင်ရာ ဌာနက တောင်းခံသော အခါ၊ သက်ဆိုင်ရာ ဌာနသို့သာလျှင် ငွေသွင်းရန် ဖြစ်သည်။ ဘီ (လ်) ကောက်ခံသူသို့ ပေးရန် အကြောင်း မဟုတ်ပေ။ လျောက်ထားသူက ဆိုလိုသည်မှာ သူသည် သက်ဆိုင်ရာ လျှပ်စစ်ဌာနသို့ တိုက်ရိုက် ငွေမသွင်းဘဲ၊ ဘီ (လ်) ကောက်ခံသူကို ပေးလိုက်သည်ဟု ဆိုသည်။ ထိုသို့ ဖြစ်လျှင်၊ ဘီ (လ်) ကောက်ခံသူ ထံမှ ငွေလက်ခံ ရရှိသော ဖြတ်ပိုင်းကို ရရှိရန် ဖြစ်သည်။ ထိုကဲ့သို့သော ဖြတ်ပိုင်းကို တင်မပြနိုင်။ ထိုကဲ့သို့သော ဖြတ်ပိုင်းကိုလည်း ဘီ (လ်) ကောက်ခံသူ ထံမှ မယူဟု ဆိုသည်။ ဤကဲ့သို့ ဆိုခြင်းမှာ ယုတ္တိ မရှိ၊ ဘီ (လ်) ကောက်ခံသူအား၊ ငွေမပေး၍သာ၊ ဖြတ်ပိုင်း မရှိခြင်း ဖြစ်သည်ဟု ယူဆရပေမည်။ ၎င်းပြင်၊ လျောက်ထားသူ၏ အဓိက ထုချေချက်မှာ၊ သူသည် ဘီ (လ်) ကောက်ခံသူအား အချင်းဖြစ် ငွေကို ပေးလိုက်သည်ဟု ပြောဆိုသည်။ ဤကဲ့သို့ ပေးလိုက်သည်ဟု ဆိုခြင်းနှင့် ပတ်သက်၍၊ တရားလိုပြ သက်သေများ စစ်ဆေးစဉ်က၊ တဦး တယောက်ကိုမျှ ပြန်လှန် မေးခွန်းတွင် မေးခဲ့သည်ကို မတွေ့ရှိရပေ။ လျောက်ထားသူ အပေါ် စွဲချက် တင်ပြီးမှ လျောက်ထားသူက ထုချေမှသာလျှင်၊ သူသည်၊ အချင်းဖြစ်ငွေကို ဘီ (လ်) ကောက်ခံသူအား ပေးလိုက်ရပါသည်ဟု ထုချေခြင်း ဖြစ်သည်။ ထို ထုချေချက်မျိုးသည်၊ နောက်မှ အကြံရ၍၊ ကြံစည်ကာ ထုချေခြင်းမျိုး ဖြစ်သည်ဟု ယူဆရပေမည်။ ထိုအကြောင်း

---

(၁) ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ (တရားလွှတ်တော်) ၂၉၃။

နှင့် ပတ်သက်၍၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် မောင်ညွန့်(၂) အမှုတွင်တရားဝန်ကြီးဒန်ကလီက ဤကဲ့သို့ ထုံးဖွဲ့ထားသည်။

> "When the defence fails to cross-examine the prosecution witnesses concerning the version of the facts which the defence allege, it is usually safe to conclude that the defence is an afterthought, and in fact had not even been concocted at the time when the prosecution witnesses are examined."

သို့ဖြစ်၍၊ အောက်ရုံးများ၏ အမိန့်များကို ဝင်ရောက် စွက်ဖက်ရန် အကြောင်းမမြင်သောကြောင့် ၎င်းအမိန့်များကို အတည်ပြုပြီး ဤပြင်ဆင်မှု လျှောက်လွှာကို ပလပ်လိုက်သည်။

လျှောက်ထားသူအား ဤရုံးက ၁၉၆၅ ခုနှစ်၊ အောက်ဘိုဘာလ ၃၀ ရက်နေ့တွင်၊ အာမခံနှင့် ခံဝန် ပြုလုပ်၍ လွှတ်ထားရန် အမိန့် ချမှတ် ခဲ့သည်။ ထိုအမိန့်ကို ပယ်ဖျက်လိုက်သည်။ လျှောက်ထားသူသည်၊ နောက်ထပ် ကျခံရမည့် အချိန် ကာလ ပိုင်း အတွက် ထောင်ဒဏ် ကျခံစေ။

(၂) အေအိုင်အာ၊ (ရ) ၁၉၃၅ ခုနှစ်၊ ရန်ကုန်၊ စာ ၃၉၃။

နိုင်ငံတော်တရားရုံးချုပ်
ရာဇဝတ်ပြင်ဆင်မှု

† ၁၉၆၆ တရားသူကြီးချုပ် ဒေါက်တာမောင်မောင် ရွှေတင်

ဇန္နဝါရီလ ၂၆ ရက်။

ဦးထွန်းစိန်ပါ ၂ (ပြင်ဆင်ရန်လျှောက်ထားသူများ)
နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့်အမိန့်-ရာဇသတ်ကြီးပုဒ်မ ၄၀၉ အရ၊ ကျေးရွာဘဏ်ဥက္ကဋ္ဌနှင့်ကော်မတီဝင်ကို တရားစွဲဆိုခြင်း။

ဆုံးဖြတ်ချက်။ ။တော်လှန်ရေးကောင်စီက အရေးကြီးသော မူဝါဒကြီးတရပ်အနေနှင့် အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ထုတ်ပြန်ခဲ့သည်ဖြစ်ရာ၊ တရားရုံးများက ထိုအမိန့်တွင် မှုးရှေရှိ အမှုများ အကျုံးဝင် မဝင်ကို တိကျစွာ ဆန်းစစ်ရန်သာဖြစ်သည်။ အကယ်၍ အကျုံးဝင်နေလျှင် အမှုများကိုပိတ်၍ စွပ်စွဲခံရသူများကို လွှတ်ရန်ဖြစ်သည်။ လွှတ်ထိုက်သူများဖြစ်မဖြစ် တဆင့်ထပ်မံ၍ ဆန်းစစ်ရန်မဟုတ်ခေ။ ထိုသို့ဆန်းစစ်နေလျှင် တော်လှန်ရေးကောင်စီက ပြဋ္ဌာန်းထားသော ဥပဒေကို ဖြည့်စွက်ပြင်ဆင်ရာရောက်မည်။ ယခုအခါ လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ထုတ်ပြန်ခဲ့သည်မှာ ၃ နှစ်နီးပါးရှိပြီဖြစ်၍၊ အမိန့်တွင် အကျုံးဝင်သော်လည်း၊ အကြောင်းကြောင်းကြောင့်မပြီးမပြတ်ရှိနေသေးသော အမှုများတွင် စွပ်စွဲထားသော ပြစ်မှုများသည် ကြီးလေးသည်၊ စက်ဆုတ်ရွံရှာဖွယ်ရာဖြစ်သည်ဟု တွေ့ရှိလျှင်၊ လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို လျစ်လျူရှု၍ ဆက်လက်စစ်ဆေးလိုသော စိတ်များ တရားရုံးချုပ်သော်၎င်း၊ တရားလိုဘက်တွင်သော်၎င်း ပေါ်ပေါက်ဘတ်သည်။ သို့ရာတွင် ထိုစိတ်များကို ချိုးနှိမ်ရန် လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်တွင် အကျုံးဝင်လျှင် စစ်သည့်အတိုင်း ဆောင်ရွက်ရန်သာဖြစ်သည်။ သို့မှသာ တော်လှန်ရေးကောင်စီ၏ ရည်ရွယ်ချက်သည် အောင်မြင်နိုင်သည်။ တော်လှန်ရေးကောင်စီ စကားနှင့် သစ္စာသည် လေးနက်နိုင်သည်။

မောင်မြဟန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ အထူးရာဇဝတ်အယူခံအဖွဲ့ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂ ကို ရည်ညွှန်းသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးမောင်ကြီး။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးတိုးမောင်။

တရားသူကြီးချုပ်ဒေါက်တာ မောင်မောင်။ ။လျှောက်ထားသူ ဦးထွန်းစိန်နှင့် ဦးဘိုးစုတို့သည်၊ ကဝမ္ဘိုနယ်၊ အောင်သာ ကျေးရွာမှ ဘဏ် ဥက္ကဋ္ဌ နှင့် ကော်မတီဝင်များ ဖြစ်ခဲ့ကြသည်။ တောင်သူ လယ်သမားများက စိုက်ပျိုး စရိတ်ငွေ ဘဏ်မှ

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၃၀ (ခ)။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၇၃ တွင် ချမှတ်သော ၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့စွဲပါ၊ ပဲခူးမြို့၊ ပဌမရာဘက် ရာဇဝတ်တရားသူကြီး၏အမိန့်ကို ပြန်၍ဆင်ခြင်မှု။

ချေးယူ၍၊ ပြန်သွင်းသော အခါ ငွေများကို ၎င်းတို့က အစိုးရသို့ ပေးသွင်းခြင်း မပြုဘဲ၊ မိမိတို့ ကိုယ်ကျိုးအတွက် အလွဲသုံးစား ပြုလုပ်ခဲ့ကြသည်ဟု စွပ်စွဲချက် ရှိသည်။ ထိုသို့ အလွဲသုံးစား ပြုခဲ့သည် ဆိုသည်မှာ တော်လှန်ရေး ကောင်စီက အထွေထွေ လွတ်ငြိမ်း ချမ်းသာခွင့် အမိန့် မထုတ်ပြန်မီက ဖြစ်သည်။ လွတ်ငြိမ်းချမ်းသာခွင့် အမိန့် ထုတ်ပြီးနောက် ပဲခူးမြို့၊ ၁ ရာဘက် ရာဇဝတ် တရားသူကြီးက အမှုများကို ဆက်လက် စစ်ဆေးပြီးလျှင် အချို့သော တရားခံများကို တရားရှင် လွှတ်၍၊ ဦးထွန်းစိန် နှင့် ဦးစံမှတ် ဆိုသူတို့ အပေါ် တွင် အမှု တခုစီ၌ ရာဇသတ်ကြီး ပုဒ်မ ၄၀၉ အရ၊ စွဲချက် တင်ခဲ့သည်။ ဦးထွန်းစိန်က ထိုအခါတွင် အမှုသည် လွတ်ငြိမ်း ချမ်းသာခွင့်အတွင်း လုံးဝ အကျုံးဝင်ပါသဖြင့် အမှုပိတ်၍ ၎င်းအား လွှတ်ရန် လျှောက်ထားသည်။

ပညာရှိ တရားသူကြီးက ထိုအချက်နှင့် ပတ်သက်၍၊ အစိုးရ ရှေနေကြီးအား ကြားနာလိုပါသည်ဟူ၍၊ ခရိုင် ရာဇဝတ် တရားသူကြီးထံ ခွင့်ပန်သည်။ ခွင့်ပြုချက် ဖြင့် အစိုးရ ရှေနေကြီးကို ကြားနာသော်အခါ၊ နိုင်ငံတော် ရှေနေချုပ်၏ ညွှန်ကြား ချက်ကို ယူလို ပါသေးသည်ဟူ၍၊ အစိုးရ ရှေနေကြီးက အချိန်တောင်းသည်။ ရှေနေ ချုပ်က အမှုများသည်၊ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်တွင် အကျုံးဝင်သည်ဟု အကြံဉာဏ် ပေးသဖြင့် ထိုအတိုင်း အစိုးရ ရှေနေကြီးက၊ ရုံးသို့ တင်ပြသည်။ ရုံးက အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်အရ အမှုများကို ပိတ်ခဲ့သည်။

ပညာရှိ ခရိုင် ရာဇဝတ် တရားသူကြီးသည်၊ ထိုကဲ့သို့ ပဌမ ရာဘက် ရာဇဝတ် တရားသူကြီးက အမှုများကို ပိတ်ခြင်းသည်၊ မမှန်ကန်၊ ဆက်လက် စစ်ဆေးရမည် ဟူ၍ ပြင်ဆင် အမိန့် ချမှတ် ခဲ့သည်။ ထိုအမိန့်မှာ ယခု ဤရုံးသို့ ပြင်ဆင်မှု လျှောက် ထားခြင်း ဖြစ်သည်။

လျှောက်ထားသူများ၏ ပညာရှိ ရှေနေကြီး ဦးမောင်ကြီးက လျှောက်ထားသူ များ၊ အလွဲ သုံးစား ပြုခဲ့သည် ဆိုသော ငွေများမှာ အစိုးရ၏ ဘဏ္ဍာငွေများ ဖြစ်ပါ သည်။ ၎င်းတို့ ပြစ်မှုကြောင့် တစုံတဦးက နစ်နာခြင်း မရှိပါ။ ထို့ကြောင့် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်တွင် လုံးဝ အကျုံးဝင်ပါသည်။ ထို့ကြောင့်လည်း အမှု များကို အစိုးရ ရှေနေက ရာဇသတ်ကြီး ပုဒ်မ ၄၀၄ အရ၊ ရုံးမှ ရုပ်သိမ်းပြီးလည်း ဖြစ် ပါသည်။ ထိုသို့ ရုပ်သိမ်းပြီးလည်းဖြစ်၊ အထွေထွေလွတ်ငြိမ်း ချမ်းသာခွင့်တွင် လုံးဝ အကျုံးဝင်နေသည်မှာလည်း ထင်ရှားပြီး ဖြစ်သော အမှုများကို ပြန်လည် ဖွင့်လှစ် စစ်ဆေးစေရန်အမိန့်ချမှတ်ခြင်းသည်၊ ဥပဒေနှင့်လွဲချော်နေပါသည်ဟု လျှောက်လဲတင် ပြသည်။

ပညာရှိ အစိုးရ ရှေနေကြီး ဦးတိုးမောင်က ထိုအတိုင်း ထောက်ခံ ထွက်ဆိုသည်။ ကျေးရွာဘဏ် စည်းမျဉ်း ဥပဒေများ အရ ငွေချေးယူသူများက ဘဏ်ကော်မီတီ

၁၉၆၆ ဦးထွန်းစိန် ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဥက္ကဋ္ဌ နှင့် အဖွဲဝင်များထံ ငွေများ ပေးသွင်းလျှင် ထိုငွေများသည် အစိုးရပိုင် ငွေများ ဖြစ်ပါသည်။ ပုဂ္ဂလိကပိုင် ငွေများ မဟုတ်တော့ပါ။ အမှုများကို ရဲအဖွဲက စုံစမ်း၍ တိုင်တမ်း တင်ပို့ခဲ့ခြင်းလည်း ဖြစ်ပါသည်။ နှစ်နာသူ တစုံ တဦးက တိုင်တမ်း ခြင်း မဟုတ်ပါ။ အမှုများကို ကျူးလွန်သည် ဆိုသည့် အချိန် ကာလမှာလည်း အထွေ ထွေ လွတ်ငြိမ်းချမ်းသာခွင့် မပြုမီက ဖြစ်ပါသည်။ ထိုအချက်များကြောင့် အထွေ ထွေ လွတ်ငြိမ်း ချမ်းသာခွင့်တွင် လုံးဝ အကျုံးဝင်သော အမှုများ ဖြစ်ပါသည်ဟု တင်ပြသည်။

လျှောက်ထားသူများသည်၊ ၎င်းတို့အား စွဲဆိုထားသော ပြစ်မှုများကို အမှန် တကယ် ကျူးလွန် ခဲ့ကြသည်' ဆိုလျှင်၊ ထိရောက်သော ပြစ်ဒဏ်များကို ကျခံ ထိုက် သူများ ဖြစ်ကြသည်။ သို့ရာတွင် တော်လှန်ရေး ကောင်စီက အရေးကြီးသော မူဝါဒ ကြီး တရပ် အနေနှင့် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကို ထုတ်ပြန်ခဲ့သည် ဖြစ်ရာ၊ တရားရုံးများက ထိုအမိန့်တွင် ရုံးလွှဲရှိ အမှုများ အကျုံးဝင်၊ မဝင်ကို တိကျစွာ ဆန်းစစ်ရန်သာ ဖြစ်ပါသည်။ အကယ်၍၊ အကျုံးဝင်နေလျှင် အမှုများကို ပိတ်၍၊ စွပ်စွဲ ခံရသူများကို လွှတ်ရန် ဖြစ်သည်။ လွှတ်ထိုက်သူများ ဖြစ် မဖြစ် တဆင့် ထပ်မံ၍ ဆန်းစစ်ရန် မဟုတ်ခေ့။ ထိုသို့ ဆန်းစစ်နေလျှင်၊ တော်လှန်ရေး ကောင်စီက၊ ပြဋ္ဌာန်းသော ဥပဒေကို ဖြည့်စွက် ပြင်ဆင်ရာ ရောက်မည်။ ယခု အခါလွတ်ငြိမ်း ချမ်း သာခွင့် အမိန့်ကို ထုတ်ပြန်ခဲ့သည်မှာ ၃ နှစ် နီးပါး ရှိပြီ ဖြစ်၍၊ အမိန့်တွင် အကျုံး ဝင်သော်လည်း အကြောင်းကြောင်းကြောင့် မပြီး မပြတ် ရှိနေသေးသော အမှုမျာ းတွင် စွပ်စွဲထားသော ပြစ်မှုများသည်၊ ကြီးလေးသည်၊ စက်ဆုတ် ရွံရှာဘွယ်ရာ ဖြစ်သည်ဟု တွေ့ရှိရလျှင် လွတ်ငြိမ်း ချမ်းသာခွင့် အမိန့်ကို လျစ်လျူရှု၍၊ ဆက်လက် စစ်ဆေး လိုစိတ်များ တရားရုံးတွင်သော်၎င်း၊ တရားလို ဘက်တွင်သော်၎င်း ပေါ် ပေါက်တတ်သည်။ သို့ရာတွင် ထိုစိတ်များကို ချိုးနှိမ်၍၊ လွတ်ငြိမ်း ချမ်းသာခွင့် အမိန့်တွင် အကျုံးဝင်လျှင် ဝင်သည့် အတိုင်း ဆောင်ရွက်ရန်သာ ဖြစ်သည်။ သို့မှသာ တော်လှန်ရေး ကောင်စီ၏ ရည်ရွယ်ချက်သည်၊ အောင်မြင် နိုင်ပါသည်။ တော်လှန်ရေး ကောင်စီ၏ စကားနှင့် သစ္စာ သေးနက် နိုင်သည်။

မောင်မြဟန် ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ အမှု (၁) တွင် အထူး ရာဇဝတ် ရုံး အယူခံ အဖွဲက အောက်ပါကဲ့သို့ မြွက်ဆို ထားသည်ကို ကျွန်ုပ်ရည်ညွှန်း လိုသည်။

အယူခံ တရားလို များသည်၊ စွပ်စွဲခံရသော ပြစ်မှုမျာ းကို ကျူးလွန် ခဲ့ကြ သည်ဟု ကျွန်ုပ်တို့ တွေ့ရှိကြသည်။ ပြစ်မှုများသည်၊ တောင်သူ လယ်သမား

(၁) အထူးရာဇဝတ်ရုံးအယူခံအဖွဲ့ ၁၉၆၅ ခုနှစ်၊ ရာဇဝတ် အယူခံမှု အမှတ် ၂။

၁၉၆၆

ဦးထွန်းစိန် ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ကျေးရွာသူ ကျေးရွာသားများ၏ ဘဝ လုံခြုံမှုကို ထိပါး နစ်နာစေသော ပြစ်မှု ကြီးများ ဖြစ်ကြသည်ဟူ၍လည်း ကျွန်ုပ်တို့ ယူဆကြသည်။ သို့ဆုတ်ငြင် တော်လှန် ရေးကောင်စီက ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ စည်းလုံး ညီညွတ်မှု အင် အားကို ပြန်လည် တည်ဆောက်သော ကြိုးပမ်းမှု တရပ် အနေနှင့် ထုတ်ပြန် ကျေညာခဲ့သော လွတ်ငြိမ်း ချမ်းသာခွင့်တွင်၊ အယူခံ တရားလို ၂ ဦးသည်၊ လုံးဝ အကျုံးဝင်နေကြသည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ် ခဲ့ကြပြီး ဖြစ်သဖြင့် အထူး ထုဇဝတ် ရုံးက ချမှတ် ထားခဲ့သော အမိန့်ကို ပယ်ဖျက်ကာ အမှုကို ပိတ်ရန်၊ အမှုပါ ပြစ်မှုများနှင့် ပတ်သက်သမျှ လွတ်စေရန် ကျွန်ုပ်တို့က အမိန့် ချမှတ် လိုက်သည်။

အထက်ပေါ်ပြပါ မူအရ၊ ပညာရှိ ပဌမ ရာဘက် ထုဇဝတ် တရားသူကြီးက၊ လျှောက်ထားသူတို့အား အထွေထွေ လွတ်ငြိမ်း ချမ်းသာခွင့် အမိန့် အရ၊ အမှုပိတ်၍၊ လွှတ်လိုက်ခြင်းသည် မှန်ကန်သည်ဟု ယူဆသည်။ ထို့ကြောင့် ပညာရှိ ခရိုင် ထုဇဝတ် တရားသူကြီးက အမှုများကို ပြန်ဖွင့်စေရန် ချမှတ်သော အမိန့်ကို ပယ်ဖျက်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်
ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ် ရွှေတင်

† ၁၉၆၆

ဖေဖော်ဝါရီလ
၁၆ ရက်။

ဦးပါငယ် (ပြင်ဆင်ရန်လျှောက်ထားသူ)
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားခံရသူများ)*

ရာဇသတ်ကြီးပုဒ်မ ၄၀၀—သမဝါယမအသင်းဥ—အတွင်းရေးမှူးအဖြစ်ဥအတွက်တာဝန်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည် အသင်း၏ အတွင်းရေးမှူးမျှသာဖြစ်၍၊ ထိုအချင်းဖြစ်ငြေနှင့် ပတ်သက်၍ မည်သို့မျှတာဝန် မရှိခြင်းကြောင့် ၎င်းအပေါ် ရဲဌာနာတိုင်ချက်တွင် စွဲဆိုချက်လည်း မရှိသဖြင့်၊ ၎င်းသည် ထိုငြေနှင့် ပတ်သက်၍ ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့သည်ဆိုခြင်းမှာ မှားယွင်းသည်။

ခန်ဗဟာဠုးဟာဂျီဂိုလန်ရှလာရီ နှင့်ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၄၁ ခုနှစ်၊ ရန်ကုန် စီရင်ထုံး၊ စာ ၅၉၉။

ဦးဝကြီး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၄၈ ခုနှစ်၊ မြန်မာပြည် စီရင်ထုံးများ၊ စာ ၆၅၂။

မစ္စတာဈာဖီ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ တရားလွှတ်တော်၊ စာ ၂၀၀။

ဦးဘရုံနှင့် မလှခင်၊ အေ၊ အိုင်၊ အာ(ရှ်)၊ ၁၉၃၃၊ ရန်ကုန်၊ စာ ၂၉၇ (၂၉၈) တို့ကို ရည်ညွှန်းသည်။

ပြင်ဆင်ရန်လျှောက်ထားသူအဘွက်။ ။ဦးကျော်မြင့်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအဘွက်။ ။အစိုးရရှေ့နေကြီးဦးဘကြိုင်။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားသူ ဦးပါငယ်အပေါ် ရာဇသတ်ပုဒ်မ ၄၀၀ အရ စွဲချက်တင်ထားသည်ကို ပယ်ဖျက်ပေးပါရန်၊ လျှောက်ထားသူ ဦးပါငယ်က၊ ပညာရှိရှေ့နေကြီး ဦးကျော်မြင့်မှတဆင့် လျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားသူ ဦးပါငယ်မှာ၊ စမ်းချောင်းရပ်၊ ရွှင်စောပု သမဝါယမအသင်း၏ အတွင်းရေးမှူးဖြစ်သည်။ သူ၏အလုပ်ဝတ္တရားများတွင် အသင်းဆိုင်ကို အုပ်ချုပ်စီမံ

---

*၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၆၄ (၁)။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၄၅၉ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် နေ့စွဲပါ၊ ရန်ကုန်မြို့ ဒုတိယ ရာဘက် ရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပြန်၍ဆင်ခြင်မှု။

ခန့်ခွဲခြင်း မလုပ်ရသည့်အပြင်၊ အသင်း၏ငွေများကိုလည်း မကိုင်ရပေ။ အသင်းဆိုင်ရာ အုပ်ချုပ်မှုနှင့် အသင်းပိုင်ငွေများကို ကိုင်တွယ်ရသူမှာ၊ ထိုအသင်းဆိုင် မန်နေဂျာ ဦးကိုကိုဖြစ်သည်။ ထိုအသင်း၏ ငွေ ၅,၄၀၀ ကျပ်ကို ဘဏ်တိုက်သို့သွင်းရန်မှာလည်း၊ မန်နေဂျာ ဦးကိုကို တာဝန်ဖြစ်သည်။ ဦးကိုကိုက ထိုငွေများကို မသွင်းဘဲ၊ အလွဲသုံးစားပြုလုပ်သည်ဟု ယုံကြည်ရသဖြင့်၊ အသင်း၏ ဒု-ဥက္ကဋ္ဌ ဦးမောင်မောင် (လို့ပြ-၁) က၊ အစိုးရစာရင်းစစ် ဦးဝင်းစိန် (လို့ပြ-၄) ၏ ညွှန်ကြားချက်အရ၊ ကြည့်မြင်တိုင် ရဲဌာနဓာတ်၊ ဦးကိုကိုအပေါ် အသင်းပိုင်ငွေ ၅,၄၀၀ ကျပ်ကို၊ အလွဲသုံးစားမှုဖြင့် အရေးယူပါရန် တိုင်တမ်းသည်။ ဦးကိုကိုကလည်း ထိုကြည့်မြင်တိုင်ရဲဌာနဓာတ်၊ ဦးပါငယ်အပေါ် အချင်းဖြစ်ငွေ ၅,၄၀၀ ကျပ်နှင့် ပတ်သက်၍ တိုင်တမ်းထားသည်။ ဦးပါငယ်ကလည်း ဦးကိုကိုအပေါ် အပြန်အလှန် ထိုရဲဌာနဓာဌာန၌ပင် တိုင် တမ်းထားသည်။ ထိုတိုင်ချက် ၂ ခုကို ရဲကမည်သို့မျှ အရေးမယူခဲ့ပေ။ ဦးမောင်မောင်တိုင်သော တိုင်ချက်နှင့် ပတ်သက်၍၊ ရဲကစုံစမ်းပြီး ရဲစွဲချက်ဖြင့် ဖုံးသို့တင်ရာ၌၊ မန်နေဂျာ ဦးကိုကိုနှင့် အတွင်းရေးမှူး ဦးပါငယ်တို့ အပေါ် တွင်၊ လုံးဝတာဝန်ရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့်၊ ၎င်းတို့အပေါ် ရာဇသတ်ပုဒ်မ ၄၀၀ အရ၊ တရားစွဲဆိုတင်ပို့ခဲ့သည်။ ရန်ကုန်မြို့၊ ၂ ရာဘက်ရာဇဝတ်တရားသူကြီးရုံးက၊ ထိုအမှုတွင် တရားလိုပြ သက်သေများကို စစ်ဆေးပြီး၊ ဦးကိုကိုအား၊ ၁၉၆၅ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်နေ့တွင်၊ တရားရှင်လွှတ်လိုက်သည်။ လျှောက်ထားသူ ဦးပါငယ်အပေါ် ရာဇသတ်ပုဒ်မ ၄၀၀ အရ စွဲချက်တင်ခဲ့သည်။ ယခုစဉ်းစားရန်ရှိသော ပြဿနာမှာ၊ ဦးပါငယ်အပေါ် ရာဇသတ်ပုဒ်မ ၄၀၀ အရ စွဲချက်တင်ခြင်းမှာ မှန်မမှန်ဖြစ်သည်။ လျှောက်ထားသူ၏ ပညာရှိရွှေနေကြီး ဦးကျော်မြင့်က၊ အသင်းပိုင်ငွေ ၅,၄၀၀ ကျပ်ကို၊ လျှောက်ထားသူ လက်ဝယ်၌၊ သို့မဟုတ် လျှောက်ထားသူ သိမ်းဆည်းခြင်း၌ ရှိသည်ဟု သက်သေထွက်ချက်မရှိပါ။ ထို့ပြင်၊ မန်နေဂျာ ဦးကိုကိုက လျှောက်ထားသူအား ထိုငွေကို ဘဏ်တိုက်သို့အပ်ရန် ပေးထားသည်ဟူ၍လည်း၊ သက်သေထွက်ချက်မရှိပါ။ အသင်း၏ စာရင်းအင်းများနှင့် ဘဏ်တိုက်သို့ ငွေသွင်းစာအုပ်မှာ၊ ဦးကိုကိုလက်ဝယ်တွင်ရှိ၍ အသင်း၏ ငွေများကို ဘဏ်တိုက်သို့အပ်ရန်မှာ၊ ဦးကိုကို၏တာဝန်သာဖြစ်ကြောင်းမှာ ပေါ် လွင်ပါသည်။ အသင်း၏စာရင်းများအရ၊ အသင်းက လျှောက်ထားသူထံမှငွေများ ချေးပါသည်။ ယခုအထိ အသင်းက၊ လျှောက်ထားသူအား ငွေ ၁,၅၀၀ ကျပ်ပေးရန် ရှိနေပါသေးသည်။ ထိုအချက်များကို ထောက်ထား၍၊ အောက်ရုံးတရားသူကြီးက၊ လျှောက်ထားသူ ဦးပါငယ်အပေါ် စွဲချက်တင်ခြင်းမှာ၊ ဥပဒေအရ မှားယွင်းပါသည်ဟု လျှောက်လဲသွားသည်။

ပညာရှိ အစိုးရ ဌေးနေကြီး ဦးဘကြိုင်က၊ လျောက်ထားသူ ဦးပါငယ်အပေါ် အောက်ရုံးက၊ ရာဇသတ်ပုဒ်မ ၄၀၇ အရဖြင့် စွဲချက်တင်ခြင်းမှာ တရားဝင်သော သက်သေခံချက်မရှိသောကြောင့်၊ မှားယွင်းပါသည်ဟု ရိုးသားစွာ ဝန်ခံသွားသည်။

ကျန်ပ်သည် ဤအမှု၏ တရားလိုပြ သက်သေထွက်ချက်များကို၊ အောက်ရုံး တရားသူကြီး လက်ရေးဖြင့် ရေးမှတ်ထားသော စစ်တမ်းများကို အလွန်ပင်ပန်းခဲ့၍ ဖတ်ရှုရာ၌ တွေ့ရှိရသည်မှာ၊ မည်သူ့ဘက်မှ ဘက်မလိုက်သော အစိုးရစာရင်းစစ် ဦးဝင်းစိန် (လိုပြ-၄) ၏ သက်သေထွက်ချက်မှာ၊ ဦးပါငယ်အပေါ် စွဲချက်တင်ထိုက် မတင်ထိုက်နှင့် ပတ်သက်၍ ဆုံးဖြတ်ရာ၌၊ အဓိကအချက်ဖြစ်သည်ဟု တွေ့ရှိရသည်။ ၎င်း၏ထွက်ချက်ဘွင် အောက်ဖော်ပြပါ အရေးကြီးသည့် အချက်ကိုတွေ့ရှိရသည်။

"....၅,၄၀၀ ကျပ်ကို ဘဏ်အပ်သည်ဟု စာရင်းပြထားသော်လည်း၊ အမှန် တကယ် ဘဏ်အပ်နှံထားခြင်းမရှိပါ။ ထို့ကြောင့် ၅,၄၀၀ ကျပ် စာရင်းကွာရခြင်း ဖြစ်ပါသည်။ ထိုငွေ ၅,၄၀၀ ကျပ်အတွက်၊ မန်နေဂျာတာဝန်ရှိပါသည်။"

ဤကဲ့သို့ ဦးဝင်းစိန်က တွေ့ရှိသည့်အတိုင်း၊ ၎င်း၏ညွှန်ကြားချက်အရ၊ ဒုဥက္ကဋ္ဌ ဦးမောင်မောင် (လိုပြ-၁) က၊ ကြည့်မြင်တိုင်ရဲဌာနသို့ပေးသော ပဌမသတင်း တိုင်ချက်တွင် "ဦးကိုကိုသည် အသင်းပိုင်ငွေ ၅,၄၀၀ ကျပ်ကို ဘဏ်သို့ပေးသွင်းရန် ရှိသော်လည်း မပေးသွင်းရသေးဘဲ၊ မိမိကိုယ်ကျိုးအတွက် သုံးထားကြောင်း စစ်ဆေး တွေ့ရှိရပါသဖြင့်၊ အရေးယူပါရန်" ဟု ဖော်ပြထားသည်။

လျောက်ထားသူ ဦးပါငယ်မှာ၊ အသင်း၏ အတွင်းရေးမှူးမျှသာဖြစ်၍၊ ထိုအချင်း ဖြစ်ငွေနှင့် ပတ်သက်၍ မည်သို့မျှတာဝန်မရှိခြင်းကြောင့်၊ ၎င်းအပေါ် ရဲဌာနတိုင်ချက် တွင် စွဲဆိုချက်လည်းမရှိသဖြင့်၊ ၎င်းသည် ထိုငွေနှင့်ပတ်သက်၍ ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့သည်ဆိုခြင်းမှာ၊ မှားယွင်းသည်ဟု တွေ့ရှိရသည်။ **ခန်ဗဟာဌူး ဟာဂျီဂိုလန်ရှလာခီ** နှင့် **နိုင်ငံတော်** (၁)၊ **ဦးဝကြီး**နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ** (၂) **မစ္စတာဈာဖီ** နှင့် **ပြည်ထောင်စု မြန်မာနိုင်ငံ** (၃) နှင့် **ဦးဘရုံ** နှင့် **မလှခင်** (၄) အမှု များကိုကြည့်ပါ။ ထို့ကြောင့်၊ လျောက်ထားသူ ဦးပါငယ်အပေါ်တွင်၊ အောက်ရုံး တရားသူကြီးက ရာဇသတ်ပုဒ်မ ၄၀၇ အရ စွဲဆိုထားသော စွဲချက်မှာ၊ ဥပဒေအရ မှားယွင်းသည်ဟု တွေ့ရှိရသဖြင့်၊ ၎င်းစွဲချက်ကို ပယ်ဖျက်လိုက်သည်။ လျောက်ထား သူအား တရားရှင်လွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

---

(၁) ၁၉၄၁ ခု၊ ရန်ကုန်စီရင်ထုံး၊ စာ ၅၉၉။

(၂) ၁၉၄၈ ခု၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ စာ၊ ၆၅၂။

(၃) ၁၉၅၃ ခု၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ စာ၊ ၂၈၀။ (တရားလွှတ်တော်)။

(၄) အေးအိုင်၊အာ(ရှ်)၊ ၁၉၃၃ ခု၊ ရန်ကုန်၊ စာ ၂၉၇ (၂၉၈)။

ဤနေရာတွင် ကျန်ပ်အနည်းငယ် ဖော်ပြလိုသည်မှာ၊ အသင်း၏ အကျိုးငှါ ထိုအချင်းဖြစ်ငေ့ ၅,၄၀၀ ကျပ်နှင့် ပတ်သက်၍၊ မည်သူ ၌ အစစ်အမှန် တာဝန်ရှိကြောင်းနှင့် ပတ်သက်ပြီး၊ သက်ဆိုင်ရာ အရာရှိတို့က စုံစမ်းစစ်ဆေးသင့်သည်ဟု ယူဆသည်။ ဤကိစ္စနှင့်ပတ်သက်၍၊ ၁၉၅၆ ခုနှစ်၊ သမဝါယမအသင်းများ အက်ဥပဒေ ပုဒ်မ ၅၉ (၁) ကိုညွှန်ပြလိုသည်။ ထိုပုဒ်မ ၅၉၊ ပုဒ်မခွဲ (၁) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

"၅၉။ ။(၁) ပုဒ်မ ၃၈ အရ စာရင်းစစ်ဆေးရာတွင်ဖြစ်စေ၊ ပုဒ်မ ၄၈ အရ ကြည့်ရှုစစ်ဆေးရာတွင်ဖြစ်စေ၊ အသင်းကို စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင်ဖြစ်စေ၊ အသင်း၏ငွေကို၊ သို့တည်းမဟုတ် ပစ္စည်းကို အသင်းစီမံအုပ်ချုပ်ခြင်းတွင်သော်၎င်း၊ အသင်းစည်းရုံးခြင်းတွင်သော်၎င်း၊ ပါဝင်ဆောင်ရွက်သူ တဦးဦးကဖြစ်စေ၊ အသင်း၏ လက်ရှိအရာရှိ၊ သို့တည်းမဟုတ် အရာရှိဟောင်း တဦးဦးကဖြစ်စေ၊ အလွဲသုံးစားပြုကြောင်းကို၊ သို့တည်းမဟုတ် လိမ်လည်လှည့်ဖြားရ၍ လက်ဝယ်ထားခြောင်းကို၊ သို့တည်းမဟုတ် အသင်းနှင့် စပ်လျဉ်း၍ ယုံကြည်အပ်နှံရေး ဖေါက်ဖျက်ကြောင်းကို တွေ့ရှိလျှင် သမဝါယမ မင်းကြီးသည်၊ မိမိ၏သဘောအလျောက်ဖြစ်စေ၊ စာရင်းစစ်ဆေးသူ၏၊ သို့တည်းမဟုတ် စုံစမ်းသူ၏၊ သို့တည်းမဟုတ် ကြည့်ရှုစစ်ဆေးသူ၏၊ သို့တည်းမဟုတ် စာရင်းရှင်းအရာရှိ၏၊ သို့တည်းမဟုတ် အမှုဆောင်အဖွဲ့၏၊ သို့တည်းမဟုတ် မြို့ရွာတဦးဦး၏၊ သို့တည်းမဟုတ် ကြေးမြိအတွက် စိုက်ဆပ်ပေးသွင်းရမည့်သူ တဦးဦး၏ လျော်ကြားချက်အရဖြစ်စေ၊ အဆိုပါသူ၏၊ သို့တည်းမဟုတ် အရာရှိ၏ ပြုမူဆောင်ရွက်ပုံကို စစ်ဆေးစုံစမ်း၍၊ ထိုသူအား၊ သို့တည်းမဟုတ် ထိုအရာရှိအား ထိုက်သင့်သော ချေပခွင့်ပေးပြီးနောက်၊ အဆိုပါငွေ၊ သို့တည်းမဟုတ် ပစ္စည်းအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ၊ သမဝါယမ မင်းကြီး၏ သဘောအရ၊ တရားမျှတသည့်အတိုင်း နှုန်းဖြင့် ပြန်ပေးရန်၊ သို့တည်းမဟုတ် ပြန်အပ်ရန်သော်၎င်း၊ အလွဲသုံးစားခြင်း၊ သို့တည်းမဟုတ် လိမ်လည်လှည့်ဖြားရ၍ လက်ဝယ်ထားခြင်း၊ သို့တည်းမဟုတ် ယုံကြည်အပ်နှံရေး ဖေါက်ဖျက်ခြင်းအတွက် လျော်ကြေး အဖြစ်ဖြင့်၊ သမဝါယမမင်းကြီး၏ သဘောအရ၊ တရားမျှတသည့်ငွေကို အသင်း၏ပစ္စည်းများထဲသို့ ထည့်သွင်းရန်သော်၎င်း၊ အဆိုပါသူအပေါ် ဖြစ်စေ၊ အရာရှိအပေါ် ဖြစ်စေ၊ အမိန့်ချမှတ်နိုင်သည်။"

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ် ရွှေတွင်

ဦးဘိုးရွှေ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

မောင်မြင့်လှိုင် (လျှောက်ထားခံရသူ)*

ရာဇသတ်ကြီးပုဒ်မ ၃၇၉—လက်ဝယ်ရှိပစ္စည်းရောင်းစားခြင်း — ဦးမှုမမြောက်မမြောက်။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည် လျှောက်ခံရသူထံမှအချင်းဖြစ် မော်တော်ကို လွန်းတင်ရန်ဆို၍ ယူသွားရာ၌ မော်တော်သည် လျှောက်ခံရသူပိုင်စေဦး၊ လျှောက်သူ၏ လက်ဝယ်တွင် ရောက်ရှိနေသော မော်တော်ဖြစ်သည်။ မိမိလက်ဝယ် ရောက်ရှိနေသော ပစ္စည်းကို ရောင်းစားခြင်းမှာ ခိုးမှုမမြောက်၊ ခိုးမှုအင်္ဂါရပ်များတွင် အကျုံးဝင်သော ကိစ္စမဟုတ်။

ဖြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးတင့်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးကျော်ထွန်း။

တရားသူကြီး ဦးချစ်။ ။ရန်ကုန်မြို့၊ နဝမ ရာဘက် ရာဇဝတ် တရားသူကြီးလွှဲ ၁၉၆၅ ခုနှစ်၊ ရာဇသတ်ကြီးမှုအမှတ် ၁၅၆ တွင် တရားလို မောင်မြင့်လှိုင်က၊ တရားခံ ဦးဘိုးရွှေ အပေါ် ရာဇသတ် ပုဒ်မ ၃၇၉ အရ၊ အရေးယူပါရန်၊ ဦးတိုက် လျှောက်ထားသော အမှုဖြစ်၊ ပညာရှိ ရာဘက် ရာဇဝတ် တရားသူကြီးက၊ တရားလိုပြ သက်သေ ၆ ယောက်ကို စစ်ဆေးပြီးနောက် လျှောက်ထားသူ ဦးဘိုးရွှေ အပေါ် ရာဇသတ် ပုဒ်မ ၃၇၉ ဖြင့် စွဲချက် တင်ခြင်း ဖြစ်သည်။

ထိုသို့ တင်ထားသော စွဲချက်ကို လျှောက်ထားသူ ဦးဘိုးရွှေက၊ မကျေနပ် သဖြင့် ထိုစွဲချက်ကို ပယ်ဖျက်ပေးပါရန်၊ ဤရုံးသို့ ပြင်ဆင်လွှာ တင်သွင်းခြင်း ဖြစ်သည်။

လျှောက်ထားသူ၏ ပညာရှိ ရွှေနေကြီး ဦးတင့်နှင့် လျှောက်ထား ခံရသူ ပညာရှိ ရွှေနေကြီး ဦးကျော်ထွန်းတို့ကို ကြားနာသည်။

ဤအမှုတွင် အရေးကြီးသော သက်သေမှာမောင်မြင့်လှိုင် (လိုပြ-၁) နှင့် ကိုတင်မြ (လိုပြ-၅) တို့ ဖြစ်သည်။ ရွှေသိန်း အမည်ရှိ မော်တော်မှာ တရားလို မောင်မြင့်လှိုင်

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅ (ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၅၆ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့စွဲပါ ရန်ကုန်မြို့၊ နဝမ ရာဘက် ရာဇဝတ် တရားသူကြီး၏အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

† ၁၉၆၆ ဖေဖော်ဝါရီလ ၂၆ ရက်။

(လိုပြ ၁) ၏ အဖေ ဦးလိန် ပိုင်ဆိုင်သည်ဟု အဆို ရှိသည်။ ဦးလိန် ကွယ်လွန် အနိစ္စ ရောက်ပြီးနောက် ထိုမော်တော်ကို သားဖြစ်သူမောင်မြင့်လှိုင်က လက်ဝယ် ထားရှိသည်။ ထိုမော်တော်ကို ဦးလိန်က၊ ဦးဘိုးရွှေ ထံမှ ကျပ်ငွေ ၄၀,၀၀၀ ဖြင့် ဝယ်ယူသည်ဟု အဆိုရှိသည်။ ထိုသို့ ဝယ်ယူ ပြီးနောက် ဦးဘိုးရွှေကိုပင်လျှင်၊ မော်တော်ဘုတ် မောင်း နှင်ရန် ကိစ္စနှင့် ပတ်သက်၍၊ မန်နေဂျာ အဖြစ်ဖြင့်ပင် ပြန်ခန့် ထားသည်။ ဦးလိန် သေဆုံးပြီးနောက်၊ မောင်မြင့်လှိုင်က ထိုမော်တော်ကို ရပ်စဲ လိုက်ပြီးလျှင် ဦးဘိုးရွှေထံမှ မော်တော်ကို ပြန်လည်သိမ်းယူပြီး ကုန်းပေါ် တင်ထားသည်။ ကိုတင်မြ (လိုပြ-၅)ကို မော်တော်စောင့်ရန် ငှါးထားသည်။ ထိုအခါဦးဘိုးရွှေက၊ မောင်မြင့်လှိုင်ထံမှ မော်တော် တွင် ပစ္စည်းဘဏ်မည်ဟု ဆို၍ ငှါးရမ်းခဲ့ပြီး၊ မောင်မြင့်လှိုင်က ထိုမော်တော်ကို ပြန်ယူ သဖြင့်၊ ဦးဘိုးရွှေက၊ မောင်မြင့်လှိုင်အား ပြန်အပ်ထားသည်။ ဤကဲ့သို့ ပြုလုပ်ခြင်းမှာ ၁၉၆၅ ခုနှစ်၊ မတ်လကဖြစ်သည်။ ထို့နောက်၊ ဦးဘိုးရွှေက မောင်မြင့်လှိုင်ထံမှ မော်တော် ကို လွန်းတင်ရန် ပြောသဖြင့် ဦးဘိုးရွှေအား ထိုမော်တော်ကို ပေးအပ် လိုက်သည်။ ဦးဘိုးရွှေ လက်ဝယ်သို့ မောင်မြင့်လှိုင်၏ခွင့်ဖြင့် ရယူလာသော မော်တော်ကို၊ ဦးဘိုးရွှေ က လွန်းတင်ခြင်း မပြုဘဲ၊ ကိုခွေးလေး ဆိုသူအား၊ ငွေ ကျပ် ဂ,၀၀၀ နှင့် ရောင်းလိုက် ခြင်း ဖြစ်သည်။ ကိုတင်မြ (လိုပြ-၅) ၏ သက်သေ ထွက်ချက်တွင် ၁၉၆၃ ခုနှစ်က၊ ဦးဘိုးရွှေသည် မော်တော်တွင် ထင်းတင်မည်ဟု ပြောပြီး သူ့ထံမှ ယူသွားသည်ဟု ထွက်ဆိုသည်။ ၎င်း၏ သက်သေ ထွက်ချက်မှာ ၁၉၆၃ ခုနှစ်က ဖြစ်ပျက်သော အခြင်း အရာ ဖြစ်သည်၊ ယခု ဦးဘိုးရွှေကို မော်တော် ခိုးမှုနှင့် စွပ်စွဲသည်မှာ ၁၉၆၅ ခု နှစ်တွင် ဖြစ်ပျက်သော အခြင်း အရာပေါ် တွင် တည်၍ ဖြစ်လာသည်။

ဦးဘိုးရွှေသည်၊ မောင်မြင့်လှိုင်ထံမှ အချင်းဖြစ်မော်တော်ကို လွန်းတင်ရန်ဆို၍၊ ယူသွားရာ၌ ထိုမော်တော်သည် မောင်မြင့်လှိုင် ပိုင်စေဦး၊ ဦးဘိုးရွှေ၏ လက်ဝယ်တွင် ရောက်ရှိနေသော မော်တော် ဖြစ်သည်။ မိမိလက်ဝယ်တွင် ရောက်ရှိနေသော ပစ္စည်းကို ကိုခွေးလေး အား ငွေ ကျပ် ဂ,၀၀၀ နှင့် ရောင်းစားခြင်းမှာ ခိုးမှု မမြောက်၊ ခိုးမှုအင်္ဂါ ရပ်မျှားတွင် အကျုံးဝင်သော ကိစ္စ မဟုတ် သဖြင့်၊ အောက်ရုံး တရားသူကြီးက၊ ဦးဘိုးရွှေ အပေါ် ခိုးမှု ဖြစ်သော ရာဇသတ် ပုဒ်မ ၃၇၉ အရ၊ စွဲချက် တင်ထားသည် မှာ၊ ဥပဒေအရ မှားယွင်း ချွတ်ချော်သည်။

ထို့ကြောင့် ထိုကဲ့သို့ တင်ထားသော စွဲချက်ကို ပယ်ဖျက်ရန် အကြောင်းရှိသည့် အားလျော်စွာ ပယ်ဖျက် လိုက်သည်။ လျှောက်ထားသူ ဦးဘိုးရွှေအား၊ တရား ရှုံင် လွှတ်ရန် အမိန့် ချမှတ် လိုက်သည်။

LA

နိုင်ငံတော်ဘရားရုံးချုပ်

တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီး ဦးချစ် တို့ရှေ့တွင်

ဦးမောင်မောင်-ပါ ၂ (အယူခံတရားလိုများ)

နှင့်

နော်အယ်လ်လာအောင်ရ (ခေါ်) ဒေါ်အုန်းခင် (အယူခံတရားခံ)*

† ၁၉၆၆
—
ဇန္နဝါရီလ
၂၉ ရက်။

တရားနိုင် တရားရှုံးတို့ သဘောတူညီ ကြေအေးလွှာ — မှတ်တမ်းတင်ရန်သင့်ခြင်း·—မှတ်တမ်းမတင်မီ ရုပ်သိမ်းခွင့်တောင်းခြင်း—ဥပဒေအရ၊ ပြုလုပ်ခွင့်ရှိမရှိ။

ဆုံးဖြတ်ချက်။ ။အယူခံတရားခံက တရားနိုင်တရားရှုံးတို့ သဘောတူညီ ကြေအေးလွှာကို ရုံးတော်သို့ မှတ်တမ်းတင်ရန် သွင်းခဲ့သော်လည်း ရုံးတော်မှ မှတ်တမ်းမတင်မီ သဘောတူညီကြေအေးလွှာကို ရုပ်သိမ်းခွင့်တောင်းခြင်းမှာ ဥပဒေအရ၊ ပြုလုပ်ခွင့်ရှိပြီး၊ သက်သေခံချက်များအရလည်း ထိုအလွှာမှာ တရားမှုတမူဖြစ်စေရန် ပယ်သင့်ကြောင်း လုံလောက်သည့် အထောက်အထား ရှိသည်။

မော်ဂရက် နှင့် ဘီဆာရီနား၊ အိုင်၊ အယ်(လ်)၊ အာ(ရ်)၊ ၁၉၄၇ နဂ်ယူရ်၊ စာ ၁၉၇။

မောင်ကျော်မင်း နှင့် မဖေါ်၊ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၁။ ရန်ကုန်၊ စာ ၃၃၂ ကိုရည်ညွှန်းသည်။

အယူခံတရားလိုများအတွက်။ ။မစ္စတာ ဘနာဂျီ။

အယူခံတရားခံအတွက်။ ။ဦးကျော်မြင့်။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအယူခံမှုမှာ၊ ဤရုံးမူလဘက်ဆိုင်ရာ၊ ၁၉၆၃ ခု၊ ဇာရီမှုအမှတ် ၂ တွင် ၁၉၆၄ ခုနှစ်၊ မေလ ၂၅ ရက်နေ့က ချမှတ်ခဲ့သည့် တရားသူကြီး ဦးကျော်ဇံဦး၏အမိန့်ကို မကျေနပ်၍၊ တရားမကျင့်ထုံးပုဒ်မ ၄၇ နှင့် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၂၀ အရ တင်သွင်းသည့် အယူခံမှုဖြစ်သည်။

ဤရုံးမူလဘက်ဆိုင်ရာ၊ ၁၉၆၀ ခု၊ တရားမကြီးမှုအမှတ် ၁၃၇ တွင်၊ အယူခံတရားခံဖြစ်သူ ဒေါ်အုန်းခင်က၊ ၎င်း၏တရား၀င် ကိုယ်စားလှယ် ခင်ပွန်းဖြစ်သူ မစ္စတာ

---

* ၁၉၆၄ ခုနှစ်၊ တရားမ အထွေထွေအယူခံမှုအမှတ် ၂၆။

† ဤရုံးမူလဘက်၊ ၁၉၆၃ ခု၊ တရားမဇာရီမှုအမှတ် ၂ တွင်၊ ၁၉၆၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့၌ ချမှတ်သော အမိန့်မှ အယူခံမှု။

ဂျီးစက်(ဖ်) မှတဆင့်၊ တရားလိုအဖြစ် အယူခံတရားလို ဦးမောင်မောင် ပါ ၂ တို့ အပေါ် ငွေပေါင်း ၈၀,၀၀၀ ကျပ်ရရှိရန် တရားစွဲဆိုခဲ့ရာ၊ ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် နှစ်ဦးနှစ်ဘက် သဘောတူညီချက်အရ၊ တရားလိုဖြစ်သူ အယူခံတရားခံသို့ အယူခံတရားလိုတို့က ငွေ ၄၀,၀၀၀ ကျပ်ကို၊ ငွေ ၁၀၀ ကျပ်လျှင် တလ ၅၅ ပြားအတိုးနှုန်းဖြင့်၊ ၁၉၅၈ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှစ၍ အပြေအလည်ပေးသည့်တိုင်၊ အတိုးနှင့် ပေးဆောင်စေရန်နှင့် အမှုအတွက် စရိတ်ကိုမူ၊ အချိုးကျ အယူခံတရားလိုကပေးရန် ထိုသို့ပေးဆပ်ပါက အယူခံတရားခံသည် အိမ်မှဖယ်ရှားပေးစေရန် ဒီကရီချမှတ်ပေးခဲ့သည်။ ၎င်းသဘောတူညီချက် ဒီကရီအရ၊ တရားရှုံးဖြစ်သူ အယူခံတရားလိုများက ငွေကိုပေးဆပ်ခြင်း မပြုသဖြင့် တရားနိုင်ဖြစ်သူ အယူခံတရားခံက ငွေများရရှိရန်၊ ၁၉၆၃ ခု၊ ဇာရီမှုအမှတ် ၂ တွင်၊ ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့စွဲဖြင့် ဇာရီပြုလုပ်လေသည်။ ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင်မူ၊ တရားရှုံး၊ တရားနိုင်နှင့် ၎င်းတို့၏ ဝတ်လုံတော်ရမျှားက၊ တရားနိုင်ဖြစ်သူ ဒေါ်အုန်းခင်က၊ အမှုတွင် ငွေ ၄၀,၀၀၀ ကျပ်ကို ရယူရန်နှင့် ငွေ ၅,၀၀၀ ကျပ်ကိုမူ လက်ငင်းရရှိပြီးဖြစ်၍၊ ကျန်ငွေ ၃၅,၀၀၀ ကျပ်ကို၊ တရားရှုံးများက ၆ လအတွင်း ပြေလည်အောင်ပေးဆပ်ရန် နှစ်ဦးနှစ်ဘက် သဘောတူညီကြပါကြောင်းဟု ရေးသားထားသည်။ ယခုအငြင်းပွါးသော လျှောက်လွှာကို ရုံးတော်သို့ တင်သွင်းခဲ့လေသည်။ ထိုလျှောက်လွှာကို တရားနိုင် ဒေါ်အုန်းခင်သာ လက်မှတ်ထိုးထား၍ ၎င်း၏ကိုယ်စားလှယ် မစ္စတာ ဂျီးစက်(ဖ်)၏ လက်မှတ်မပါသဖြင့် ရုံးမှလျှောက်လွှာအရ အရေးမယူမီ၊ မစ္စတာ ဂျီးစက်(ဖ်)က ကန့်ကွက်ရန်ရှိမရှိ စုံစမ်းရန် အချိန်မေးလိုက်သည်တွင် ၁၉၆၃ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့၌ တရားနိုင်ဖြစ်သူ အယူခံတရားခံ ဒေါ်အုန်းခင်ကပင် လျှောက်လွှာကို၊ တရားရှုံး ဦးမောင်မောင်က လိမ်လည်လှည့်ဖြားပြောဆိုခြင်းကြောင့် လက်မှတ်ရေးထိုးပေးရကြောင်း ကျမ်းကျိန်စာတစောင် ပူးတွဲ၍ ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့က တင်သွင်းသည့် ကြေအေးလွှာကို ချပ်သိမ်းခွင့်ပြုပါရန် လျှောက်ထားလေသည်။ ဒေါ်အုန်းခင်၏ ကိုယ်စားလှယ် မစ္စတာ ဂျီးစက် (ဖ်) ကလည်း လျှောက်လွှာအရ ရုံးတော်မှ မှတ်တမ်းမတင်ပါရန် ကန့်ကွက်လွှာတစောင် တင်သွင်းသော်လည်း၊ ၎င်းကန့်ကွက်လွှာကို ပြန်လည်ရုပ်သိမ်းလေသည်။

တရားရှုံးဖြစ်သူ အယူခံတရားလိုများကမူ၊ တရားနိုင်၏ ပြောဆိုချက်များမှာ မှန်ကန်ခြင်းမရှိ၊ ၎င်းအလိုအလျောက် သဘောတူညီလက်မှတ်ထိုးခဲ့သဖြင့်၊ ကြေအေးလွှာကိုရုပ်သိမ်းရန် လျှောက်ထားသည်ကို ပယ်ရန် ကန့်ကွက်လေသည်။ ထို့အတွက် တရားနိုင်ဖြစ်သူ အယူခံတရားခံ၏ လျှောက်ထားချက်များမှာ မည်မျှမှန်ကန်၍ လိုက်လျောသင့် မသင့်စဉ်းစားရန် ရုံးတော်မှ စုံစမ်းမှုဆက်လက်ပြုလုပ်ပြီး၊ တရားနိုင်ဖြစ်သူ၊

၁၉၆၆

ဦးမောင်မောင် ပါ ၂ နှင့် နော်အယ်လ်လာ အောင်ရှ(ဧခါ) ဒေါ်အုန်းခင်။

ဒေါ်အုန်းခင်သည်၊ ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့စွဲပါ ကြေအေးလွှာကို တရားရုံးဖြစ်သူ ဦးမောင်မောင်၏ လိမ်လည်လှည့်ဖြား မတရားပြုမူချက်များကြောင့် သာ လက်မှတ်ထိုးပေးခြင်းဖြစ်ကြောင်း သက်သေခံချက်အထောက်အထားများအရ ထင်ရှားသည်ဟုဆိုပြီး၊ ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့စွဲပါ ကြေအေးလွှာကို ပယ်ဖျက်၍ ဇာရီမှကိုဆက်လက်ဆောင်ရွက်ရန် အမိန့်ချမှတ်လိုက်လေသည်။ ထိုအမိန့်ကို မကျေနပ်၍တရားရုံးဖြစ်သူ အယူခံတရားလိုများက ယခုအယူခံမှုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

တရားမကျင့်ထုံးအမိန့် ၂၁ နည်းဥပဒေ ၂ (၁) အရ အချင်းဖြစ်သည့် ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့စွဲပါ ကြေအေးလွှာပါ ပြဆိုချက်များကို ရုံးတော်၊ မှတ်တမ်းမတင်ရသေးသဖြင့်၊ လျှောက်လွှာပါ ကြေအေးချက်များမှာ၊ ဥပဒေအရ မည်သို့မျှ တရားဝင် ခရီးရောက်ခြင်းမရှိသေးသည်မှာထင်ရှားသည်။ သို့ပေါ်ပြားလည်း ယခုကဲ့သို့ တရားနိုင် တရားရှုံးတို့ သဘောတူညီ ကြေအေးလွှာကို၊ ရုံးတော်သို့ မှတ်တမ်းတင်ရန် တင်သွင်းခဲ့ပါမူ၊ ရုံးတော်မှ မှတ်တမ်းမတင်မီ၊ တရားနိုင်သည် ထိုလျှောက်လွှာကို ပြန်လည်ရုပ်သိမ်းခွင့် ရှိမရှိဆိုသည့်အချက်မှာအဓိကစဉ်းစားရန် အချက်ဖြစ်နေပေသည်။ ထိုအချက်နှင့်ပတ်သက်၍ **မော်ဂရက်**နှင့် **ဘီဆာရီနား** (၁) အမှုစီရင်ထုံးတွင် ခုံရုံးမှ **မောင်ကျော်မင်း**နှင့် **မဖေါ့** (၂) အမှုပါ ပြဆိုချက်များကို ဆန့်ကျင်၍၊ အောက်ပါအတိုင်း ပြဆိုခဲ့လေသည်။

> **"It is open to the Decree-Holder to withdraw or modify his application for adjustment before the adjustment is recorded, in that there is nothing in Order XXI, Rule 2 to prevent the Decree-Holder from withdrawing or modifying his application for adjustment before the same is recorded."**

မောင်ကျော်မင်းနှင့် မဖေါ့ စီရင်ထုံးကို ပြန်လည်သေချာစွာ ကြည့်ရှုမှု ထိုအမှုပါ အချက်အလက်များမှာ ယခုအမှုအကြောင်းခြင်းရာများနှင့် မတူညီ ကွဲလွဲနေကြောင်း တွေ့ရပေသည်။ အဘယ်ကြောင့်ဆိုသော်၊ ထိုအမှုပါ လျှောက်လွှာတွင် တရားနိုင်က ဒီကရီငွေများ အပြေအလည် ရရှိပြီးဖြစ်ကြောင်း မှတ်တမ်းတင်ပါရန် လျှောက်ထားခြင်းဖြစ်ပြီး၊ ယခုအမှုမှာကဲ့သို့ ပဌမခချမှတ်သည့် ဒီကရီကို အနည်းငယ်ပြောင်းလဲ ပြင်ဆင်ပေးဆပ်ရန် သဘောတူညီကြကြောင်း မှတ်တမ်းတင်ရန် လျှောက်ထားခြင်း မဟုတ်သောကြောင့်ဖြစ်သည်။ ထို့ပြင် ယခုအမှုတွင် အချင်းဖြစ်သည့် ၁၉၆၃ ခုနှစ်၊

---

(၁) အိုင်၊ဆယ်၊လ်-အာ(ရ်)၊ ၁၉၄၇၊ နဂ်ပူ ၈၁ ၁၉၇။

(၂) အော၊အိုင်၊အာ(ရ်)၊ ၁၉၃၁၊ ရန်ကုန်၊ ၈၁ ၃၃၂။

ဖေဖော်ဝါရီလ ၁၈ ရက်နေ့စွဲပါ လျှောက်လွှာတွင် ပြဆိုသည့်အချက်များမှာ မူလ ဒီကရီကို အနည်းငယ် ပြုပြင်ပြောင်းလဲလိုက်သည့် သဘောတူညီချက် "**Parties agree that the decree shall be modified in some way and that the Decree Holder shall be entitled to execute the decree as modified;**" ဖြစ်ကြောင်းအထက်ကရည်ညွှန်းသည့်မော်ဂရက်နှင့်ဘီဆာရီးနားစီရင်ထုံး စာမျက်နှာ ၂၀၀ တွင် အတိအလင်း ပြဆိုထားပြီး၊ ထိုလျှောက်လွှာမျိုးကို ရုံးတော်မှ မှတ်တမ်းမတင်မီ၊ တရားမျှတမှုဖြစ်စေရန် အကြောင်းရှိပါက၊ ပြန်လည်ရှုပ်သိမ်းခွင့် ပြုနိုင်ကြောင်း ပြဆိုထားသောကြောင့်ဖြစ်သည်။

ယခုအမှုတွင်သည်း၊ ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့စွဲပါ လျှောက်လွှာမှာ တရားနိုင်ဖြစ်သူ ဒေါ်အုန်းခင် ပြဆိုချက်အရ၊ တရားမျှတမှုမရှိသဖြင့်၊ ရှုပ်သိမ်းခွင့် ပြုသင့် မပြုသင့်နှင့်ပတ်သက်၍ ဆင်ခြင်သော် အောက်ပါအချက်များကို တွေ့ရှိရပေသည်။

၁။ ။အမှုတွဲများအရ၊ အမှုကို ဒေါ်အုန်းခင်၏ခင်ပွန်း မစ္စတာဂျိုးဇက်(ဖ်)ကသာ အစမှအဆုံး ရှုက်ဆောင်ခဲ့သဖြင့်၊ ဒေါ်အုန်းခင်သည် အမှုမှာ မည်သို့ပြီးဆုံး၍ ဒီကရီချမှတ်ထားခြင်းကို သေချာစွာ မသိပါဟု ပြဆိုထားသည်မှာ မှန်ကန်၍ အခြေအမြစ်မှိုကြောင်း၊ လျှောက်လွှာပါ ငွေ ၄၀,၀၀၀ ကျပ်နှင့်သာ ကြေအေးရန် သဘောတူစေရန်ကို တရားရုံးမှူးက မစ္စတာ ဂျိုးဇက်(ဖ်)ထံ သွားရောက်ပြောဆိုခြင်းမပြုဘဲ၊ ဒေါ်အုန်းခင်ကိုသာ ခေါ်ယူပြောဆိုခြင်းက ထောက်ခံနေခြင်း။

၂။ ။တရားရုံး ဦးမောင်မောင်က ဒေါ်အုန်းခင်အား အမှုကို ၎င်းက ပြန်လည်ဖွင့်လှစ်ရန်ဆောင်ရွက်ပြီး အချိန်မကြာကြာအောင် ပြုလုပ်မည့်အပြင်၊ ဒီကရီငွေများကို၊ ဒေါ်အုန်းခင်နှင့် မသင့်တင့်သည့်ခင်ပွန်းကိုယ်စားလှယ် မစ္စတာ ဂျိုးဇက်(ဖ်)ကသာ အားလုံးထုတ်ယူသုံးဖြုန်းနိုင်၍ ဒေါ်အုန်းခင်မှာ တပြားတချပ်မှ ရမည်မဟုတ်ဆိုပြီး လိမ်လည်ဖြားယောင်းပြောဆိုသည်မှာ မှန်ကန်ကြောင်းလုံလောက်သည့် သက်သေခံချက်ရှိသဖြင့် ထိုပြဆိုချက်ကို ယုံကြည်ပြီး၊ ဒေါ်အုန်းခင်က ငွေ ၅,၀၀၀ ကျပ်ကိုယူ၍ ကျန်ငွေကို ၆ လအတွင်းပေးဆပ်ရန် သဘောတူညီခဲ့ခြင်း။

၃။ ။ထိုသို့သဘောတူညီစာတမ်းကို ပြုလုပ်ရန်၊ တရားရုံး ဦးမောင်မောင်ကပင်၊ ဒေါ်အုန်းခင်အတွက် ရှေနေကြီး ဦးစောလွင်အား အခကြေးငွေပေးပြီး ပြုလုပ်စေခဲ့ခြင်းတို့ကို အောက်ရုံးမှ တွေ့ရှိခဲ့ခြင်းမှာ အမှုပါ သက်သေခံချက်များနှင့် ဆန့်ကျင်မှားယွင်းနေပါသည်ဟု အယူခံတရားလိုများက၊ မည်သို့မျှ

၁၉၆၆

ဦးမောင်မောင်ပါ ၂ ဦးနှင့် နော်အယ်လ်လာအောင်ရု(ခေါ်)ဒေါ်အုန်းခင်။

ပြဆိုနိုင်စွမ်းမရှိသည့်အပြင်၊ သက်သေခံချက်များကို စီစစ်မှု၊ မှန်ကန်ထောက်ခံနေကြောင်းကို ကျန်ုပ်တို့တွေ့ရှိရသည်။

သို့ပေမြောလည်း၊ အယူခံတရားလိုတို့၏ ပညာရှိ ရွှေနေကြီးက ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့စွဲပါ ကြေအေးလွှာအရ၊ အယူခံတရားခံ ဒေါ်အုန်းခင်သည်၊ ငွေ ၅,၀၀၀ ကျပ် ကို ရယူခဲ့ကြောင်းနှင့် ထိုငွေကို မိမိကိုယ်ကျိုးအတွက် ပေါင်ထားသည့် ပစ္စည်းများ ရွေးယူရာတွင် အသုံးပြုထားပြီး၊ ယခုတိုင် ပြန်လည်ပေးဆပ်ရန် ရွက်ဆောင်ခြင်းမရှိသဖြင့်၊ ဒေါ်အုန်းခင်က ၎င်းငွေကို ပြန်မပေးဘဲ ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့စွဲပါ လျှောက်လွှာကို ရုပ်သိမ်းရန် အခွင့်အရေး မရှိပါဟု ဆိုလိုသည်။

၎င်းပြဆိုချက်နှင့်ပတ်သက်၍ ဒေါ်အုန်းခင်သည်၊ အမှုတွင် ဒီကရီအတွက် အယူခံတရားလိုများထံမှ တပြားတချပ်မှ ရစရာမရှိသည်မဟုတ်၊ ငွေ ၄၀,၀၀၀ ကျပ်ကျော် ခန့်ပင်ရရန်ရှိရာ၊ ငွေ ၅,၀၀၀ ကျပ်ကိုလည်း ရရှိခဲ့ကြောင်း ဒေါ်အုန်းခင်က ဝန်ခံထားသဖြင့်၊ ထိုငွေ ၅,၀၀၀ ကျပ်ကို ဒီကရီအတွက်၊ အယူခံတရားလိုများက ပေးဆပ်ရန် ရှိသည့်ငွေများမှ ခုနှိမ်ရန်ရှိသောကြောင့် ၎င်းငွေမပေးသည့်အတွက် ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့စွဲပါ ကြေအေးလွှာကို၊ တရားမျှတမှုရှိသည်ဟု မဆိုနိုင်လင့်ကစား၊ ရုပ်သိမ်းခွင့် မရှိပါဟု အယူခံတရားလိုတို့၏ ပြောဆိုချက်ကို ကျန်ုပ်တို့လက်ခံနိုင်ရန်မရှိပေ။

ဖော်ပြပါအကြောင်းများကြောင့် အယူခံတရားခံ ဒေါ်အုန်းခင်က၊ ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့စွဲပါ သဘောတူ ကြေအေးလွှာကို ရုပ်သိမ်းရန် ခွင့်တောင်းခြင်းမှာ ဥပဒေအရ ပြုလုပ်ခွင့်ရှိပြီး၊ သက်သေခံချက်များအရလည်း၊ ထိုအလွှာမှာ တရားမျှတမှုဖြစ်စေရန် ပယ်ဖျက်သင့်ကြောင်း လုံလောက်သည့် အထောက်အထားရှိသဖြင့်၊ အောက်ရုံးမှ ချမှတ်ခဲ့သည့် စီရင်ချက်မှာ မှန်ကန်နေကြောင်း တွေ့ရှိရသောကြောင့်၊ ယခုအယူခံမှုကို ခွင့်ပြုနိုင်ရန်အကြောင်း ကျန်ုပ်တို့ မတွေ့ရှိသဖြင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ပညာရှိ ရွှေနေကြီးစရိတ် ၅၀ ကျပ် သတ်မှတ်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမအထွေထွေ လျှောက်လွှာ

ထရားသူကြီးချုပ် ဒေါက်တာမောင်မောင်၊ တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီး ဦးချစ်တို့ ရှေ့တွင်

ဦးရှင် (လျှောက်ထားသူ)
နှင့်
ဦးစံအောင် ပါ ၂ (လျှောက်ထားခံရသူ) *

† ၁၉၆၆
ဇန်နဝါရီလ
၁၀ ရက်။

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆—အချင်းဖြစ်အိမ်မှ ထွက်ခွါဖယ်ရှားပေးစေရန် စွဲဆိုမှု—အိမ်ငှါးမြေငှါးကြီးကြပ်ရေးဥပဒေနှင့် အကျူးဝင် မဝင်—ပဌမအယူခံရုံးနှင့် မူလရုံးများက ကဲလွဲဆုံးဖြတ်ခြင်း—အယူခံဝင်ခွင့်ပေးသင့် မပေးသင့်။

လျှောက်သူက လျှောက်ခံရသူများအား အချင်းဖြစ်အိမ်မှ ထွက်ခွါဖယ်ရှားပေးစေရန် တရားစွဲဆိုခဲ့သည်။ အဆိုလွှာတွင် လျှောက်သူက အချင်းဖြစ်အိမ်သည် ၁၉၅၅ ခုနှစ်တွင် ဆောက်လုပ်ခဲ့သောအိမ်ဖြစ်၍၊ အိမ်ငှါးမြေငှါးကြီးကြပ်ရေးဥပဒေနှင့် အကျူးမဝင်ဟု မြွက်ဆိုခဲ့သည်။ အိမ်ငှါးများကို အိမ်မှထွက်ခွါသွားစေရန် အကြောင်းပြသော အချက်တို့မှာ အိမ်လခများပေးချေရန် မပြောကျန်နေကြောင်းနှင့် အိမ်ငှါးခပဋိညာဉ်ကို ဖေါက်ဖျက်၍ တဆင့်လွှဲပြောင်းငှါးရမ်းကြောင်း ဖြစ်လေသည်။ လျှောက်ခံရသူများက ထိုအချက်တို့ကို လုံးဝငြင်းဆိုသည်။ မူလရုံးက လျှောက်သူအား အနိုင်ပေး ဆုံးဖြတ်ခဲ့သည်။ ပဌမအယူခံရုံးက အချင်းဖြစ်အိမ်သည် ၁၉၅၅ ခုနှစ်အတွင်းက ဆောက်သည်မဟုတ်။ ထို့အရင်က ဆောက်လုပ်ခဲ့သည့်အိမ်ဖြစ်ကြောင်း သက်သေအထောက်အထားများ ထင်ရှားပေါ်လွင်သဖြင့် အိမ်ငှါးမြေငှါးဥပဒေအဘုံင်း ကျရောက်သည်။ ယင်းဥပဒေအရ လျှောက်သူက လျှောက်ခံရသူများသို့ ထုတ်ဆင့်သော နို့တစ်သည် တရားမဝင်ဟု ဆုံးဖြတ်ကာ လျှောက်သူ၏ အမှုကို ပလပ်ခဲ့သည်။ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ အယူခံဝင်ရာ—

ဆုံးဖြတ်ချက်။ ။အိမ်ရှင်နှင့် အိမ်ငှါးကြားတွင် ကတိစာချုပ် ရှိခဲ့စေကာမူ အိမ်ရှင်က မူလရုံးအား အချင်းဖြစ်အိမ်သည် အိမ်ငှါးရမ်းခကြီးကြပ်ရေးအက်ဥပဒေမှ ကင်းလွှတ်ပါသည်ဟုငင်း၊ အဆိုပြုသည့်အတိုင်း ထင်ရှားခိုင်လုံစွာ သက်သေထူရန် တာဝန်သည် ၎င်းအပေါ်၌ တည်ရှိသေးသည်။ ထို့ကြောင့် ထိုအချက်ကို အရေးကြီးသော ကောက်ချက်ဘမ့်အနေနှင့် မူလရုံးက ထုတ်နုတ်စစ်ဆေးခဲ့ခြင်းဖြစ်သည်။ ကောက်ချက်ထုတ်နုတ်သည့်အဘိုင်း အိမ်ရှင်နှင့် အိမ်ငှါးနှစ်ဖက်လုံးမှ ထိုကောက်ချက်ပေါ်တွင် သက်သေများ တင်ပြခဲ့ကြသည်။ ထိုသက်သေထွက်ချက်တို့အပေါ်၌ မူလရုံးက

---

* ၁၉၆၅ ခုနှစ်၊ တရားမအထွေထွေမူအမှတ် ၄၁။

† ရန်ကုန်မြို့၊ တရားရုံးချုပ်၏ တရားမ ပဌမအယူခံမှုအမှတ် ၁၄၃/၆၄ တွင် ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့စွဲပါ အမိန့်ဒီဂရီကို မကျေနပ်၍၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ အခွင့်ထူးရရန်လျှောက်ထားသောလျှောက်လွှာ။

တမျိုးဆုံးဖြတ်၍၊ ပဌမအယူခံရုံးက ကွဲလွဲ၍ဆုံးဖြတ်သည်။ မူလရုံးနှင့် ပဌမအယူခံရုံးတို့ ကွဲလွဲဆုံးဖြတ်ခဲ့ကြသည်မှာ အကြောင်းအချက်ပေါ်တွင်သာဖြစ်သည်။ ထိုသို့ကွဲလွဲစွာ ဆုံးဖြတ်ရုံမျှနှင့် အယူခံဝင်ရန် အခွင့်ထူးပေးရမည်မဟုတ်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားလိုကိုယ်တိုင် အကြောင်းအချက်တရပ်ကို အလွှာတွင်မြှက်ဆိုပြီးနောက် ကောက်ချက်များ ထုတ်နုတ်ရာတွင်၎င်း၊ အမှုကို စစ်ဆေးရာတွင်၎င်း ဆက်လက်၍ တင်ပြရန် လစ်ဟင်းခဲ့သည်ဖြစ်ရာ ထိုအချက်နှင့် ပတ်သက်၍ အယူခံဝင်ရန် အခွင့်ထူးပေးကာ ထပ်မံစဉ်းစားဆုံးဖြတ်ရန်အကြောင်းမရှိ။

လျှောက်ထားသူအတွက်။ ။မစ္စတာ ဘာနာဂျီ။

လျှောက်ထားခံရသူအတွက်။ ။

တရားသူကြီး ဦးထွန်းတင်။ ။လျှောက်ထားသူ ဦးရှင်သည်၊ လျှောက်ထားခံရသူ ဦးစံအောင်နှင့် တန်ရှန်ကီးတို့အား၊ အချင်းဖြစ် အိမ်မှ ထွက်ခွါ ဖယ်ရှားပေးစေရန်၊ ရန်ကုန်မြို့၊ တရားမရုံး၌ တရားစွဲဆိုခဲ့သည်။ အဆိုလွှာတွင် ဦးရှင်က၊ အချင်းဖြစ်အိမ်သည်၊ ၁၉၅၅ ခုနှစ်တွင် ဆောက်လုပ် ခဲ့သော အိမ်ဖြစ်၍၊ အိမ်ငှါးမြေငှါး ကြီးကြပ်ရေး ဥပဒေနှင့် အကျုံးမဝင်ပါဟု မြှက်ဆိုခဲ့သည်။ အိမ်ငှါးများကို အိမ်မှ ထွက်ခွါသွားစေရန် အကြောင်းပြသော အချက်တို့မှာ အိမ်လခများ ပေးချေရန် မပြေ ကျန်နေကြောင်းနှင့် အိမ်ငှါးခ ပဋိညာဉ်ကို ဖေါက်ဖျက်၍ တဆင့်လွှဲပြောင်း ငှါးရမ်းကြောင်းတို့ ဖြစ်သည်။

အိမ်ငှါးများက ချေလွှာတွင် တရားလို အဆို ပြုသည်တို့ကို မဟုတ် မမှန်ဟု ငြင်းဆန်သည်၊ အိမ်သည် ၁၉၅၅ ခုနှစ် တွင်မှ ဆောက်လုပ်သော အိမ် ဖြစ်သည်ဟူသော အချက်ကိုငင်း၊အိမ်လခ မပြေ၊ ကျန်နေသည် ဆိုသည့် အချက်နှင့် တဆင့် ငှါးရမ်းသည် ဆိုသည့် အချက်တို့ကိုငင်း၊ လုံးဝ ငြင်းဆိုသည်။

အဆို၊ အချေတို့အပေါ်တွင်၊ မူလရုံး ပညာရှိ တရားသူကြီးက ကောက်ချက် ၃ ရပ် ထုတ်နုတ်ခဲ့သည်။ ၎င်းတို့မှာ အိမ်ရှင်နှင့် အိမ်ငှါး အချင်းချင်း ချုပ်ဆို ခဲ့ကြသော ပဋိညာဉ် စာချုပ်သည်၊အိမ်ငှါးအပေါ်တွင် အတည် ဖြစ်သလော၊ အချင်းဖြစ်အိမ်သည်၊ အိမ်ငှါးမြေငှါး ကြီးကြပ်ရေး အက်ဥပဒေ အတွင်း၌၊ ကျရောက် သလော၊ အိမ်ရှင်က အိမ်ငှါးပေးခဲ့သည်ဆိုသော နို့တစ်စာသည် တရားဝင်သလော၊ အဆိုပါ ကောက်ချက်များပေါ်တွင် မူလရုံးက တရားလို အိမ်ရှင်အား၊ အနိုင်ပေး၍ ဆုံးဖြတ်ခဲ့သည်။ အိမ်ငှါး ကိုစံအောင်တို့က၊ ဤရုံးသို့ အယူခံဝင်ခဲ့ရာ၊ ပညာရှိ တရားသူကြီး ဦးသက်ဖေက၊ အကြောင်း အချက်တို့ကို ဥပဒေနှင့် နှိုင်းယှဉ် သုံးသပ်ပြီးနောက်

အချင်းဖြစ် အိမ်သည် ၁၉၅၅ ခုနှစ် အတွင်းက ဆောက်သည် မဟုတ်။ ထို့အရင်က ဆောက်လုပ်ခဲ့သည့် အိမ်ဖြစ်ကြောင်း၊ သက်သေ အထောက် အထားများတွင် ထင်ရှား ပေါ်လွင်သည်။ ထို့ကြောင့် အိမ်ငှါး မြေငှါး အက်ဥပဒေ အတွင်း၌ ကျရောက်သည်။ ထိုဥပဒေအရ၊ အိမ်လခ မပြေ ကျန်နေသည့် အတွက် ထုတ်ဆင့်သည့်၊ နို့တစ်သည် တရားမဝင်။ ရထိုက်သော အိမ်ငှါးခကို တောင်းခံသည့် စာကို စာတိုက်မှ မှတ်ပုံတင်၍၊ အိမ်ငှါးထံပေးပို့ခဲ့ပြီးသည့်နောက်၊ ရက်သတ္တ ၃ ပတ်အတွင်း၊ အိမ်ငှါးရမ်းခကို၊ အိမ်ငှါးမျာ်းက မပေးဘဲ နေမှသာ၊ အိမ်ငှါးအား၊ အချင်းဖြစ် အိမ်မှ နှင် ထုတ်နိုင်သည်ဟု၊ ဥပဒေတွင် ပြဋ္ဌာန်းပါရှိသည်။ ထို ပြဋ္ဌာန်းချက်နှင့် အညီ အိမ်ရှင်က၊ တရားစွဲဆိုခဲ့သည် မဟုတ်ဟူ၍၊ ဆုံးဖြတ်ကာ၊ မူလရုံး၏ စီရင်ချက် ဒီကရီကို ပယ်ဖျက်ပြီးလျှင်၊ အိမ်ရှင်၏ အမှုကို စရိတ်နှင့် တကွ ပလပ်ခဲ့သည်။

အိမ်ရှင်က၊ ထိုအယူခံ စီရင်ချက်နှင့် အမိန့်တို့မှ အယူခံဝင်ရန် အခွင့်ထူးကို လျှောက်ထားသည်။ လျှောက်ထားသူ၏ ပညာရှိ ရှေနေကြီး မစ္စတာ ဘာနာဂျီက အဓိက ထား၍ တင်ပြသည်မှာ၊ အိမ်ရှင်နှင့် အိမ်ငှါးတို့သည်၊ စာချုပ်ကို ချုပ်ဆိုခဲ့သည်မှာ မငြင်းကွယ်နိုင်သော အချက် ဖြစ်ပါသည်။ ထိုစာချုပ်တွင် အချင်းဖြစ် အိမ်ကို ၁၉၅၅ ခုနှစ်တွင် ဆောက်လုပ်ကြောင်း ဖော်ပြ ထားပါသည်။ ထိုအချက်ကို အိမ်ငှါးက လက်ခံ အသိ အမှတ် ပြုပြီးနောက် အချင်းဖြစ် အိမ်ကို ငှါးရမ်းခဲ့သည် ဖြစ်ရာ၊ အိမ်ငှါး အနေဖြင့်အိမ်သည်၊ အိမ်ငှါးခ ကြီးကြပ်ရေး ဥပဒေတွင်အကျုံးဝင်သည်ဟု နောင်တွင်မှ ထုချ နိုင်ခွင့် မရှိပါ။ ပဌမ အယူခံရုံးသည် ထို အချက်ကို မျက်ခြေပြတ်၍၊ အိမ်ငှါး စာချုပ်ကို ကျော်လွန်ကာ စဉ်းစား ဆုံးဖြတ်ခြင်းသည် မှားယွင်းပါသည်ဟု မစ္စတာ ဘာနာဂျီက လျှောက်လဲသည်။

သို့ရာတွင်၊ အချင်းဖြစ်အိမ်သည်၊ အိမ်ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေအတွင်း သို့ မကျရောက်ပါ ဟူ၍၊ အိမ်ရှင် တရားလိုက အဆိုပြုကာ၊ မူလရုံး၌ တရားစွဲခဲ့ခြင်း ဖြစ်သည်။ တရားလို တဦးသည်၊ မိမိအဆို ပြုသည်ကို အထင် အရှား သက်သေ ထူနိုင်ရသည်။ တရားလိုက အဆိုပြု၍သာ တရားခံ ဖြစ်သူ အိမ်ငှါးမျာ်းက ငြင်းကွယ်ကြခြင်း ဖြစ်သည်၊ တရားရုံး အနေနှင့် အမှုကို အိမ်ငှါးရမ်းခ ကြီးကြပ်ရေး ဥပဒေ၏ အပြင်ဘက်၌ လက်ခံ စစ်ဆေးရမည် ဆိုလျှင် တရားလို အဆိုပြုသည့် အတိုင်း အချင်းဖြစ်သည့် ကိစ္စသည်၊ ယင်းဥပဒေ၏ ပြင်ဘက်တွင် ကျရောက်သည်၊ မရောက်သည်ကို ဆုံးဖြတ်ရန် လိုသည်။ အချင်းဖြစ် အိမ်သည်၊ ဥပဒေ အတွင်း၌ ကျရောက်သည်၊ သို့တည်းမဟုတ် အပြင်၌ ကျရောက်သည် ဆိုသည့် အချက်ကို . ဆုံးဖြတ်ပြီးမှသာလျှင် အဆိုလွှာဘွင် ဖော်ပြသော အကြောင်း အချက်မျာ်း အရ၊ တရားခံ အိမ်ငှါးမျာ်းကို အိမ်မှ ထွက်ခွါသွားစေရန် ဒီကရီချမှတ်ပေးသင့်သည်၊ မပေးသင့်သည်ကို၊ တရားရုံးက

ဆက်လက် ဆုံးဖြတ် နိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့် အိမ်ရှင်နှင့် အိမ်ငှါး အကြား တွင် ကတိစာချုပ် ရှိခဲ့စေကာမူ၊ အိမ်ရှင်က မူလ ရုံးအား အချင်းဖြစ် အိမ်သည် အိမ်ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေမှ ကင်းလွတ် ပါသည်ဟု ငင်း အဆိုပြုသည့် အတိုင်း၊ ထင်ရှား ခိုင်လုံစွာ သက်သေထူရန် တာဝန်သည်၊ ငင်းအပေါ်၌၊ တည်ရှိနေ သေးသည်။ ထို့ကြောင့် ထိုအချက်ကို အရေးကြီးသော ကောက်ချက် တရပ် အနေ နှင့် မူလရုံးက ထုတ်နုတ် စစ်ဆေးခဲ့ခြင်း ဖြစ်သည်။ ကောက်ချက် ထုတ်နုတ်သည့် အတိုင်း အိမ်ရှင် အိမ်ငှါး၊ ၂ ဘက်လုံးမှ ထို ကောက်ချက်ပေါ်တွင် သက်သေများ တင်ပြခဲ့ကြသည်။ ထိုသက်သေ ထွက်ချက်တို့ အပေါ်၌၊ မူလရုံးက တမျိုး ဆုံးဖြတ် ၍၊ ပဌမ အယူခံရုံးက ကွဲလွဲ၍၊ ဆုံးဖြတ်သည်။ မူလ ရုံးနှင့် ပဌမ အယူခံရုံးတို့ ကွဲလွဲ ဆုံးဖြတ်ခဲ့သည်မှာ၊ အကြောင်း အချက်ပေါ်တွင်သာ ဖြစ်သည်။ ထိုသို့ ကွဲလွဲစွာ ဆုံးဖြတ်ရုံမျှနှင့် အယူခံဝင်ရန် အခွင့်ထူး ပေးရသည် မဟုတ်ချေ။

ရှေနေကြီး မစ္စတာ ဘာနာဂျီကလည်း၊ အချင်းဖြစ် အိမ်ကို ၁၉၅၅ ခုနှစ်က ဆောက်သည်၊ ထိုထက်စောလျှင် ဆောက်သည် ဆိုသည့် အချက်မှာ အကြောင်း အချက် သက်သက်မျှသာ ဖြစ်ပါသည်ဟု ဝန်ခံသည်။ သို့ရာတွင် ဆက်လက်၍၊ ပညာရှိ ရှေနေ ကြီးက တင်ပြသည်မှာ အကယ်၍ အချင်းဖြစ် အိမ်သည် အိမ်ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ အတွင်း၌ပင် ကျစေကာမူ အိမ်ရှင် တရားလိုက တရားစွဲဆိုခဲ့ရသော အကြောင်းမှာ အိမ်ငှါးရမ်းခ အပြေ အလည် မပေးခြင်း တကြောင်း၊ အိမ်ငှါးစာချုပ် ကို ဖေါက်ဖျက်၍ အခြားသူများအား တဆင့် ငှါးခြင်း တကြောင်း အကြောင်း ၂ ကြောင်း ပြခဲ့ရာ ပဌမ အကြောင်းနှင့် ပတ်သက်၍ နို့တစ်စာသည် တရားမဝင်ဟု ဆိုဦးတော့ ဒုတိယ အကြောင်းပေါ်၌ အိမ်ရှင် တရားလိုအား ဒီကရီ ချ၍ ပေးနိုင်ပါ သေးသည်ဟု လျောက်လဲသည်။ သို့ရာတွင် အဆိုလွှာ၌ အိမ်ရှင်က အိမ်ငှါးများ သည်၊ အိမ်ခန်းကို တဆင့် ငှါးရမ်းကြသည်ဟု မြွက်ဆိုသော်လည်း တရားခံ အိမ်ငှါး များက၊ ထိုအချက်ကို အတိ အလင်း ငြင်းဆို ခဲ့ကြသည်။ အကယ်၍ တရားလိုက ထိုအချက်ကို အမှု စစ်ဆေးသော အခါ၌ စစ်ဆေး ဆုံးဖြတ် ပေးစေ လိုလျှင် ကောက် ချက် တရပ် အနေနှင့် ထုတ်နုတ်စေကာ ထိုကောက်ချက်ပေါ်တွင် သက်သေထူရန် ဖြစ်သည်။ ယခုမူ၊ အိမ်ငှါးများသည် အိမ်ကို တဆင့် ငှါးရမ်းခြင်း ပြုခဲ့ကြသည် မပြုခဲ့ကြသည်ကို ကောက်ချက် ထုတ်နုတ်၍၊ မူလရုံးက၊ စစ်ဆေးခြင်း မရှိခဲ့ချေ။ ထိုသို့ ကောက်ချက် ထုတ်နုတ်ခြင်း မပြုခဲ့ခြင်းမှာ၊ အိမ်ရှင် တရားလိုက ထို အချက်ကို ဆက်လက်၍၊ မလိုက်သောကြောင့်သာ ဖြစ်သည်။ ထိုအချက်ကို စွန့်လွှတ် ခဲ့ခြင်း ကြောင့်သာ ဖြစ်သည်ဟု၊ ဤအခြေ အနေ၌၊ ကျွန်ုပ်တို့ ယူဆရန်သာ ရှိတော့သည်။ မူလ ရုံးတွင်သာမက၊ ပဌမ အယူခံရုံး၌လည်း၊ ထိုအချက်ကို တင်ပြခြင်း မရှိခဲ့ကြချေ။

အိမ်ငှါးများသည်၊ အိမ်ကို တဆင့် ငှါးရမ်းခြင်း ပြုခဲ့၊ မပြုခဲ့ ဆိုသည်မှာ၊ အကြောင်း အချက်နှင့် ပတ်သက်သော ပြဿနာ ဖြစ်သည်။ ဥပဒေ ပြဿနာ မဟုတ်ချေ။ ထို့ကြောင့် တရားလို ကိုယ်တိုင် အကြောင်း အချက် တရပ်ကို အဆိုလွှာတွင် မြွက်ဆို ပြီးနောက်၊ ကောက်ချက်များ ထုတ်နုတ်ရာတွင်၎င်း၊ အမှုကို စစ်ဆေးရာတွင်၎င်း ဆက်လက်၍ တင်ပြရန် လစ်ဟင်းခဲ့သည် ဖြစ်ရာ၊ ထိုအချက်နှင့် ပတ်သက်၍၊ အယူခံဝင်ရန် အခွင့်ထူး ပေးကာ ကျန်ပ်တို့က ထပ်မံ စဉ်းစား ဆုံးဖြတ်ရန် အကြောင်း မရှိပေ။

အထက်ပါ အကြောင်းများကြောင့် လျှောက်လွှာကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

ဦးသွယ် ပါ ၂ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ဦးစံတိုးမြင့်) (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၆

ဖေဖော်ဝါရီလ ၁၈ ရက်။

တရားသူကြီး ဦးချစ် ရွှေတွင်

ရာဇသတ်ကြီးပုဒ်မ ၄၉၉/၅၀၀ တရားစွဲဆိုခြင်း—ကာလစည်းကမ်းသတ်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ရာဇသတ်ကြီးပုဒ်မ ၅၀၀ အရ တရားစွဲဆိုခြင်းမှာ ရာဇဝတ်မှုဖြစ်သည်။ ရာဇဝတ်မှုမျှားတွင် ကာလစည်းကမ်းသတ်မရှိ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။မစ္စတာ ပီလေး။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးစံတိုးမြင့် (ကိုယ်တိုင်)။
အစိုးရရှေ့နေကြီး ဦးနှစ်။

တရားသူကြီး ဦးချစ်။ ။ကျိုက်လတ်မြို့၊ (၁) ရာဘက်ရာဇဝတ်တရားသူကြီးရုံး ၁၉၆၃ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၁၁၆ တွင် တရားလို ဦးသွယ်က တရားခံ ဒေါ်တင်၊ (ခေါ်) ဒေါ်တင်မေမြင့် အပေါ်တွင် ရာဇသတ်ကြီးပုဒ်မ ၄၉၉/၅၀၀ အရ တရားစွဲဆိုခဲ့သည်။ **ထိုအမှုတွင်**၊ မူလက ဦးစံတိုးမြင့်အား၊ ဒုတိယတရားခံအဖြစ်ဖြင့် ထည့်သွင်းစွဲဆိုခဲ့သည်။ **ဦးစံတိုးမြင့်သည်**၊ ကျိုက်လတ်မြို့တွင် ရွှေနေဖြစ်သည်။ ၎င်းသည် (၁) တရားခံ **ဒေါ်တင်** (ခေါ်) ဒေါ်တင်မေမြင့်**၏** ခင်ပွန်းဖြစ်သည်။ ဦးစံတိုးမြင့်အပေါ် စွဲဆိုသောအမှုကို **တရားရုံးချုပ်**က ပယ်ဖျက်လိုက်သဖြင့်၊ ဦးစံတိုးမြင့်သည် ဤအမှုဌ္ဌ တရားခံအဖြစ်မှ ရပ်စဲသွားသည်။

ထိုအမှုတွင် တရားလို ဦးသွယ်နှင့် ၎င်း၏သား ကိုကြည်တို့က၊ ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျမ်းကျိန်လွှာများ တင်သွင်းခဲ့ကြသည်။ ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် ထိုအမှုမှာ ပျက်ပြယ်သွားသည်။ တရားခံ ဒေါ်တင် (ခေါ်) ဒေါ်တင်မေမြင့်အပေါ် ရာဇသတ်ကြီးပုဒ်မ ၅၀၀ အရ၊ ပြစ်မှုထိုက်သည်ကို

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၉၇ (၁)။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၁၄ တွင် ချမှတ်သော ကျိုက်လတ်မြို့၊ (၁) ရာဘက်ရာဇဝတ်တရားသူကြီး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

တွေ့ရှိရသဖြင့် ၎င်းအား ဒဏ်ငွေ ၁,၀၀၀ ကျပ်ပေးစေရန်။ ပျက်ကွက်ပါက၊ အလုပ်မဲ့ထောင်ဒဏ် ၆ လကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင်၊ ဦးစံတိုးမြင့်က၊ ဦးသွယ်နှင့် ၎င်း၏သား ကိုကြည်တို့အပေါ်၊ ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့က ၎င်းတို့ရုံးတွင် ကျမ်းကျိန်စာဖြင့် တင်သွင်းခဲ့သော အလှာများတွင်၊ ၎င်း၏ဂုဏ်ကြက်သရေကို ထိခိုက်၍ အသရေပျက်သော အကြောင်းအရာများ ပါရှိသောကြောင့် ၎င်းတို့အပေါ် ရာဇသတ်ကြီးပုဒ်မ ၅၀၀ အရ၊ အခရးယူပါရန် ကျိုက်လတ်မြို့ (၁) ရာဘက်ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၃ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၄ တွင် ဦးတိုက်လျောက်ထားလေသည်။ ထိုဦးတိုက်လျောက်လွှာကို လက်ခံပြီး၊ တရားခံများဖြစ်ကြသော ဦးသွယ်နှင့် ၎င်း၏သား ကိုကြည်တို့အပေါ်တွင်၊ ရုံးတော်က အရေးယူ၍ အမှုကို စစ်ဆေးမည်အလုပ်တွင်၊ ဦးသွယ်နှင့် ကိုကြည်တို့က၊ ဖျာပုံမြို့ စက်ရှင်တရားသူကြီးရုံး၊ ၁၉၆၄ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၅၃ တွင် ၎င်းတို့အပေါ် ဦးစံတိုးမြင့်က၊ ရာဇသတ်ကြီးပုဒ်မ ၅၀၀ အရ၊ အရေးယူထားသော အမှုကို ပယ်ဖျက်ပေးပါရန် ပြင်ဆင်မှုလွှာ တင်သွင်းကြသည်။ ဖျာပုံမြို့ ပညာရှိ စက်ရှင်တရားသူကြီးက လျောက်ထားခံရသူ ဦးစံတိုးမြင့်သည်၊ လျောက်ထားသူများဖြစ်ကြသော ဦးသွယ်နှင့် ၎င်း၏သား ကိုကြည်တို့အပေါ်၊ ကျိုက်လတ်မြို့ (၁) ရာဘက်ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၃ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၁၁၆ တွင် ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့က တင်သွင်းသော ကျမ်းကျိန်လွှာများတွင် ၎င်းဦးစံတိုးမြင့်အား၊ အသရေပျက်စေသည်ဟု ဦးစံတိုးမြင့် ယူဆခဲ့လျှင်၊ ချက်ခြင်းအရေးယူရန်ရှိသော်လည်း၊ ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့မှ ရုံးတွင် ဦးတိုက်လျောက်၍ အရေးယူစေရန် တရားစွဲဆိုခြင်းမှာ ကာလအတော်ပင်ကြာသွားပြီဖြစ်သဖြင့် လျောက်ထားခံရသူ ဦးစံတိုးမြင့် အပေါ်တွင် အသရေပျက်စေရန် ကိစ္စများမှာ ပျက်ပြယ်သွားသည်ဟု ယူဆရန်အကြောင်းရှိသောကြောင့် လျောက်ထားသူများဖြစ်ကြသော ဦးသွယ်နှင့် ၎င်း၏သား ကိုကြည်တို့အပေါ် တွင် ဦးစံတိုးမြင့်က စွဲဆိုထားသော ကျိုက်လတ်မြို့ (၁) ရာဘက်ရာဇဝတ်တရားသူကြီး ရုံး ၁၉၆၃ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၄ အမှုကို ပယ်ဖျက်ပေးပါရန် ဤရုံးသို့ ထောက်ခံတင်ဆက်ခြင်းဖြစ်သည်။ ၎င်းပြင်၊ ဦးသွယ်မှာ၊ ဤအမှုအတောအတွင်း သေဆုံးသွားသဖြင့် ဦးသွယ်နှင့် ပတ်သက်၍ အမှုမှာ ပျက်ပြယ်သွားပြီ ဖြစ်ကြောင်းကို ထောက်ခံချက်တွင် ဖော်ပြထားသည်။

လျောက်ထားသူများ၏ ပညာရှိ ရွှေနေကြီး မစ္စတာ ပီလေးက ဦးစံတိုးမြင့်သည် လျောက်ထားသူများအပေါ် ချက်ခြင်းအရေးမယူဘဲ သူ၏ဇနီးကို အခြားတမှုတွင် အပြစ်ရပြီးမှ အရေးယူခြင်းမှာ မရိုးဖြောင့်သော စိတ်ထားဖြင့် ဂလဲ့စားချေရာ

၁၉၆၆

ဦးသွယ် ပါ ၂ နှင့် မြည်ထောင်စု မြို့မာန်ဦင်း (ဦးစံတိုးမြင့်)။

ကျပါသည်။ ပညာရှိ စက်ရှင်တရားသူကြီး ထောက်ခံထားသည့်အတိုင်း၊ ဦးစံတိုးမြင့်သည် ချက်ခြင်း၊ လျှောက်ထားသူများကို တရားမစွဲဘဲ အချိန်အလွန်ကြာမှ တရားစွဲခြင်းသည်၊ ဦးစံတိုးမြင့်အနေဖြင့်၊ မိမိ၏ ဂုဏ်သရေကို ထိခိုက်ဘယ်ရာအကြောင်း မရှိသောကြောင့် ဖြစ်ပါသည်ဟု လျှောက်လဲသွားသည်။

လျှောက်ထားခံရသူ ဦးစံတိုးမြင့်ကို၊ ကျွန်ုပ်ခေါ်ယူရာတွင် ရောက်လာသဖြင့် ဦးစံတိုးမြင့်က အမှုသည်အနေဖြင့် တင်ပြသည်မှာ သူသည် ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့က ဦးသွယ်နှင့် ၎င်း၏သား ကိုကြည်တို့က ရုံးတွင်တင်သွင်းသော ကျမ်းကျိန်စာများတွင် သူ့အပေါ် အကျိုးပျက်စေသော ကိစ္စများဖော်ပြ၍ အသရေပျက်စေလိုသော အသုံးအနှုံးများ ပါသည်မှာ တွေ့ရှိရသော်ငြားလည်း သူသည် ထိုအမှုတွင် ပဌမ၌ တွဲဘက်တရားခံဖြစ်ပြီးနောက် တရားခံအဖြစ် ရုပ်သိမ်းသွားရသော်ငြားလည်း၊ မိမိ၏ဇနီး တရားခံဖြစ်နေသော အမှုတွင် လုံးပန်းနေရသဖြင့်၊ လျှောက်ထားသူများအပေါ် အရေးယူရန် အချိန်မရခြင်းဖြစ်ပါသည်။ မိမိ၏ဇနီးကို အပြစ်ပေးခံရပြီးနောက်တန့်တွင်၊ မိမိသည် လျှောက်ထားသူများအပေါ်တွင် ရာဇသတ်ကြီးပုဒ်မ ၅၀၀ ဖြင့် တရားစွဲဆိုရန်၊ ဦးတိုက်လျှောက်ထားခြင်း ဖြစ်သည်မှာ မှန်ပါသည်။ ထိုလျှောက်ထားသူများက မိမိအပေါ် အသရေပျက်စေသော အသုံးအနှုန်းများကို သုံးထားခြင်းနှင့် ပတ်သက်၍၊ မိမိစိတ်၌ မကျေမချမ်းဖြစ်နေသည်မှာ မှန်ပါသည်။ ကြေချမ်မှုကိုလည်း မည်သည့်အခါမှ မရခဲ့ပါ။ နစ်နာလျက်ပင်ရှိနေပါသည်။ မူလက ဆိုခဲ့ပြီးသည့်အတိုင်း၊ မအားလပ်သည့်အတွက်၊ ဒေါ်ကင် (ခေါ်) ဒေါ်တင်မေမြင့်အပေါ် စွဲဆိုထားသော အမှုကလည်း မပြီးသေးသဖြင့်၊ အရေးမယူခဲ့ရသော်လည်း ယခုမှ လျှောက်ထားသူများအပေါ် အရေးယူခြင်းမှာ၊ ဥပဒေခွင့်ပြုထားပါသည်ဟု တင်ပြသွားသည်။

ပညာရှိ အစိုးရရှေ့နေကြီး ဦးနှစ်ကလည်း၊ ဦးသွယ်နှင့် ၎င်း၏သား ကိုကြည်တို့က၊ ရုံးတွင်တင်သွင်းသော ကျမ်းကျိန်လွှာကို ကြည့်ရှုခြင်းအားဖြင့်၊ ဦးစံတိုးမြင့်အပေါ်တွင် ပုတ်ခတ်စွဲဆိုထားသည်ကို တွေ့ရှိရသောကြောင့် ဦးစံတိုးမြင့်က လျှောက်ထားသူများအပေါ် တရားဥပဒေအရ၊ အရေးယူမည်ဆိုပါက အရေးယူနိုင်ပါသည်ဟု တင်ပြသွားသည်။"

ကျွန်ုပ်သည်၊ ဤအမှုကိုသုံးသပ်ရာ၌ တွေ့ရှိရသည်မှာ လျှောက်ထားခံရသူ ဦးစံတိုးမြင့်သည်၊ မိမိ၏ဂုဏ်ကြက်သရေကို ထိခိုက်၍ အသရေပျက်စေသည့် စွပ်စွဲချက်များကို လျှောက်ထားသူ ဦးသွယ်နှင့် ၎င်း၏သား ကိုကြည်တို့၏ ကျမ်းကျိန်လွှာတွင် ပါရှိနေလည်ဟု ယူဆကာ ၎င်းတို့အပေါ်တွင်၊ ဦးစံတိုးမြင့်က အရေးယူမည်ဆိုပါက အရေးယူနိုင်သည်။ ဦးစံတိုးမြင့် တင်ပြသည့်အတိုင်း၊ လျှောက်ထားသူများ

၁၉၆၆

ဦးသွယ် ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးစံတိုးမြင့်)။

အပေါ် အရေးယူရာ၌ နှောင့်နှေးကြန့်ကြာရခြင်း အကြောင်းပြချက်မှာ ယုတ္တိရှိသည်ဟု ယူဆသည်။ ဦးစံတိုးမြင့်က လျှောက်ထားသူများအပေါ် ရာဇသတ်ကြီး ပုဒ်မ ၅၀၀ အရ၊ တရားစွဲဆိုခြင်းမှာ ရာဇဝတ်မှုဖြစ်သည်။ ရာဇဝတ်မှုများတွင် ကာလစည်းကမ်းသတ်မရှိ၊ ဦးစံတိုးမြင့်က လျှောက်ထားသူများအပေါ် စွဲဆိုလိုသော အချိန်တွင် စွဲဆိုနိုင်ခွင့်ရှိသည်။ ထို့ကြောင့် ကျန်ပ်သည် ပညာရှိ စက်ရှင်တရားသူကြီး၏ ထောက်ခံတင်ပြချက်ကို လက်မခံနိုင်ပေ။

သို့ဖြစ်၍၊ ကျိုက်လတ်မြို့ (၁) ရာဘက်ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၃ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၁၀၄ ကို ဆက်လက်၍ စစ်ဆေးစေ။

ဦးသွယ်မှာ၊ သေဆုံးသွားပြီးဖြစ်ရကား၊ ၎င်းအပေါ် စွဲဆိုထားသော အမှုမှာ ပြီးပြတ်သွားပြီဖြစ်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမအထွေထွေအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးချစ်တို့ရှေ့တွင်

ဦးအေး ပါ ၂ (အယူခံတရားလိုများ)

နှင့်

ဦးချစ်ခင် (အယူခံတရားခံ)*

† ၁၉၆၆

ဇန္နဝါရီလ ၁၅ ရက်။

အပေါင်အာဓမခံပေးသွင်းသော ပစ္စည်းများကို လေလံတင်ရောင်းချပေးရန် တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ၁၇ (၄) နှင့် အကျုံးဝင် မဝင်—တရားမကျင့်ထုံးအမိန့် ၂၀၊ နည်း ၁၁ အရ၊ တောင်းဆိုခွင့်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုများ၏ အပေါင်ဒီဂရီမှာ ကျပ်ငွေ ၄၀,၀၀၀ မျှသာဖြစ်၍၊ ဆန်စက်နှင့်တကွ သက်ဆိုင်သော ပစ္စည်းများ၏ တန်ဘိုးမှာ ၂ သိန်းကျော် ၃ သိန်းမျှ ကာလ တန်ဘိုးရှိသဖြင့် မမျှတသောကြောင့်၊ ယင်းပစ္စည်းများကို ကျေညာ၍ လေလံတင် ရောင်းချခြင်း မပြုသင့်ကြောင်းဆိုသော ပထမငြင်းချက်နှင့် ပတ်သက်၍ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ၁၇(၄) ခွင်းချက်နှင့် အကျုံးမဝင်ပေ။ ထို့ခွင်းချက်မှာ ရိုးရိုးအားဖြင့် ငွေပေးရန်ဖြစ်သော ဒီဂရီနှင့်သာ သက်ဆိုင်သည်။ အပေါင်ဒီဂရီမှာ ရိုးရိုးအားဖြင့် ငွေပေးရန်ဖြစ်သော ဒီဂရီမျိုးမဟုတ်သဖြင့် ခွင်းချက်တွင် အကျုံးမဝင်ပေ။ ထို့ပြင် အယူခံတရားလိုများက အပေါင်ဒီဂရီကို လစဉ် အရစ်ကျ ပေးဆပ်ရန် တောင်းဆိုခြင်းကိုလည်း လက်မခံနိုင်ပေ။ တရားမကျင့်ထုံးအမိန့် ၂၀၊ နည်း ၁၁ ပြဋ္ဌာန်းချက်မှာ ရိုးရိုးအားဖြင့် ငွေပေးရန် ဖြစ်သော ဒီဂရီကိုသာလျှင် လစဉ်အရစ်ကျ ပေးဆောင်ရန် တောင်းဆိုနိုင်ခွင့်ရှိသည်ကိုသာလျှင် တွေ့ရှိရသည်။

ဘီ၊ ကေ၊ မစ်တရာနှင့် ချီတာနက်ပူရ်ဘဏ်လုပ်ငန်းအသင်း၊ အိုင်၊ အယ်(လ်)၊ အာ(ရ်)၊ ပတ္တနာ၊ အတဲ့ ၂၆၊ စာ ၂၃၁ (၂၄၉) ကို ရည်ညွှန်းသည်။

အယူခံတရားလိုမျှားအတွက်။ ။ဦးထွန်းအောင် (၂)။

အယူခံတရားခံအတွက်။ ။မစ္စတာ စီ၊ အေ၊ စူ(ရ်)မား။

တရားသူကြီး ဦးချစ်။ ။ဤအမှုမှာ၊ အယူခံတရားလို တရားရုံးများဖြစ်ကြသော ဦးအေးနှင့် ဒေါ်အမာတို့က၊ ပြည်မြို့၊ ခရိုင်တရားမရုံး၊ ၁၉၆၃ ခုနှစ်၊ ဇာရီမူအမှတ် ၄

---

* ၁၉၆၄ ခုနှစ်၊ တရားမ အထွေထွေအယူခံမှုအမှတ် ၉။

† ၁၉၆၃ ခုနှစ်၊ တရားမဇာရီမူအမှတ် ၄ တွင်၊ ၁၉၆၄ ခုနှစ်၊ ဇန္နဝါရီလ ၈ ရက် နေ့စွဲဖြင့်၊ ပြည်မြို့၊ ခရိုင်တရားမရုံးတော်၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

တွင်၊ ၁၉၆၄ ခုနှစ်၊ ဇန္နဝါရီလ ဂ ရက်နေ့က ချမှတ်သော အမိန့်ကို မကျေနပ်သဖြင့်၊ တရားမအထွေထွေအယူခံမှုအနေဖြင့်၊ ဤရုံးသို့ တင်သွင်းသောအမှုဖြစ်သည်။ တရားနိုင်မှာ ပြည်မြို့၊ နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ် မန်နေဂျာ ဦးချစ်ခင်ဖြစ်သည်။

ပြည်မြို့၊ နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်က၊ ဦးအေးနှင့် ဒေါ်အမာတို့အပေါ် အပေါင်ဒီကရီရထားသည်။ ထိုအပေါင်ဒီကရီကို အတည်ပြုရန် ဇာရီမှုဖွင့်၍ အပေါင်အာမခံပေးသွင်းထားသော ဆန်စက်နှင့်တကွ သက်ဆိုင်သော ပစ္စည်းများကို ရုံးက လေလံတင်ရောင်းချပေးရန် အဆိုပြုလာသည်။ တရားရုံးများက၊ ယင်းအမှုတွင် အကြောင်းအချက် ၂ ခုပြ၍ ကန့်ကွက်သည်။ ပထမအချက်မှာ၊ အပေါင်ဒီကရီမှာ ကျပ်ငွေ ၄၀,၀၀၀ မျှသာဖြစ်၍ မိမိတို့၏ ဆန်စက်နှင့်တကွ၊ သက်ဆိုင်သောပစ္စည်းများ၏တန်ဘိုးမှာ ၂ သိန်းကျော်၊ ၃ သိန်းမျှ ကာလတန်ဘိုးရှိသဖြင့် မမျှတသောကြောင့်၊ ယင်းပစ္စည်းများကို ကျေညာ၍ လေလံတင်ရောင်းချခြင်း မပြုသင့်ကြောင်းနှင့် အပေါင်ဒီကရီငွေကို အရစ်ကျပေးဆောင်ခွင့် တောင်းဆိုခြင်းဖြစ်သည်။ ပညာရှိခရိုင် တရားမတရားသူကြီးက၊ ထိုအကြောင်းပြချက် ၂ ချက်စလုံးကို လက်မခံဘဲ ပလပ်လိုက်ပြီးလျှင်၊ ဇာရီမှုကို ဆက်လက်ဆောင်ရွက်သွားရန် အမိန့်ချမှတ်ခဲ့သည်။

အယူခံတရားလိုများ၏ ပညာရှိ ရွှေနေကြီး ဦးထွန်းအောင် (၂) က၊ အောက်ရုံးတွင် တင်ပြခဲ့သည့်အတိုင်း လျှောက်လဲချက်ပေးသွားသည်။ အယူခံတရား၏ ပညာရှိ ရွှေနေကြီး မစ္စတာ စူး(ရ်)မားက၊ ဤအယူခံမှုကို ပလပ်ရန်ဖြစ်ပါသည်။ အယူခံတရားလိုများတွင် ဤအမှုဌ အခြေမရှိပါ။ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်က အယူခံဘရားလိုများအပေါ် အပေါင်ရွေးနုတ်မှု တရားစွဲဆိုစဉ်အခါက ရုံး၏ဆင့်စာများကို ရရှိသော်ငြားလည်း ရုံးသို့လာရောက်၍ ထုချေခြင်းမပြုသဖြင့် အောက်ရုံးက တဘက်သတ် စစ်ဆေးပြီးလျှင်၊ ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့က ပဏာမအပေါင်ဒီကရီကို ချမှတ်ပေးခဲ့ပါသည်။ ထို့နောက် အယူခံတရားလိုများသည် အပေါင်ပစ္စည်းများကို ဒီကရီငွေ ပေးဆပ်၍ ရွေးနုတ်ခြင်း မပြုသည့်အတွက်၊ အောက်ရုံးက ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့က အပေါင်ထားသော ပစ္စည်းများကို ရောင်းချရန် အဆုံးသတ်ဒီကရီချမှတ်ခဲ့ပါသည်။ ထို့ကြောင့် အယူခံဘရားခံ/တရားနိုင်က ဇာရီပြုလုပ်၍ အပေါင်ပစ္စည်းများကို လေလံတင်ရောင်းချပြီး၊ အရောင်းလက်မှတ် အောက်ရုံးက ထုတ်မပေးမီ လေလံတင်ရောင်းချခြင်းကို ကန့်ကွက်ခြင်း ဖြစ်ပါသည်။ ယင်းသို့ကန့်ကွက်ခြင်းမှာ တရားဥပဒေအရ အခြေအမြစ်မရှိပါ။ အောက်ရုံးက ဇာရီမှုကို ဆက်လက်ဆောင်ရွက်၍ အပေါင်ပစ္စည်းများကို ဝယ်သူအား အရောင်းလက်မှတ် ထုတ်ပေးရန်သာ ဖြစ်ပါသည်ဟု လျှောက်လဲသွားသည်။ ကျွန်ုပ်တို့အနေဖြင့် ဤအမှုကို

၁၉၆၆

ဦးအေး ပါ ၂ နှင့် ဦးခွန်ခင်။

သုံးသပ်ရာ၌ တွေ့ရှိရသည်မှာ အယူခံတရားလိုများ၏ ပထမငြင်းချက်နှင့် ပတ်သက်၍၊ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ၁၇ (၄) ခြွင်းချက်နှင့် အကျုံးမဝင်ပေ။ ထိုခြွင်းချက်မှာ ရိုးရိုးအားဖြင့် ငွေပေးရန်ဖြစ်သော ဒီကရီနှင့်သာ သက်ဆိုင်သည်။ အပေါင် ဒီကရီမှာ၊ ရိုးရိုးအားဖြင့် ငွေပေးရန်ဖြစ်သော ဒီကရီမျိုးမဟုတ်သဖြင့် ယင်းခြွင်းချက်တွင် အကျုံးမဝင်ပေ။ ထို့ပြင်၊ အယူခံတရားလိုများက အပေါင်ဒီကရီကို လစဉ်အရစ်ကျပေးဆပ်ရန် တောင်းဆိုခြင်းကိုလည်း လက်မခံနိုင်ပေ။ တရားမကျင့်ထုံးအမိန့် ၂၀၊ နည်း ၁၁ ၏ ပြဋ္ဌာန်းချက်မှာ ရိုးရိုးအားဖြင့် ငွေပေးရန်ဖြစ်သော ဒီကရီကို သာလျှင် လစဉ်အရစ်ကျ ပေးဆောင်ရန် တောင်းဆိုနိုင်ခွင့်ရှိသည်ကိုသာလျှင် တွေ့ရှိရသည်။ ၎င်းပြင်၊ **ဘီ၊ ကေ၊မစ်ထရာနှင့် ချီတာန(ဂ်)ပူ(ရ်)ဘဏ်လုပ်ငန်းအသင်း** (၁) အမှုတွင် —

> **"Finally, a prayer is made on behalf of the appellant that the amount found due from him be made payable in instalments under the provisions of Order XX, Rule 11, Code of Civil Procedure. This prayer cannot be granted as it is clear from the terms of this rule that it applies to a money-decree and not to a mortgage-decree."**

ဟုအဆုံးအဖြတ်ပေးထားသည်ကို တွေ့ရှိရသည်။ သို့ဖြစ်၍၊ အယူခံတရားလိုများ၏ လစဉ်အရစ်ကျ ပေးဆပ်ရန် တောင်းဆိုခြင်းကိုလည်း လက်မခံနိုင်ပေ။ ထို့ကြောင့် ပညာရှိ ခရိုင်တရားမတရားသူကြီး ချမှတ်သောအမိန့်မှာ မှန်ကန်သည်ဟု ယူဆသဖြင့်၊ ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်သောကြောင့် အတည်ပြုပြီး၊ ဤအယူခံမှုကို ပယ်လိုက်သည်။ အောက်ရုံးက ဇာရီမှုကို ဆက်လက်ဆောင်ရွက်သွားစေ။ ဤရုံးရှေ့နေကြီး စရိတ်မှာ ၅၀ ကျပ် သတ်မှတ်လိုက်သည်။

---

(၁) အိုင်၊ အယ် (လ်)၊ အာ(ရ်)၊ ပဏ္ဏနှာ၊ **အတွဲ ၂၆၊ စာ ၂၃၁ (၂၄၉)**။

CIVIL REFERENCE

Before U Thet Pe, J.

H. T. AHUJA AND OTHERS (PLAINTIFFS)

v.

P. C. GHOSH (deceased) represented by his wife DAW HLA YIN AND DAUGHTER (DEFENDANT).*

C.C. 1966

Apl. 23.

Suit for recovery of Money due on accounts taken—balance sheet prepared by a qualified accountant—failure to point out its incorrectness—no proof of irregularity or erroneousness—whether sufficient to attach liability on the defendant.

Held : The defendant P. C. Ghosh was a working partner in the partnership business and was therefore access to the account books of the partnership firm. the balance sheet prepared by Mr. A. S. Hakeem was incorrect he should able to point it out either to Mr. Hakeem or to the Court. This he had failed to do. There is also nothing on the record to show that the balance sheet prepared by Mr. Hakeem, a qualified accountant, either irregular or erroneous. Under these circumstances the defendant P. C. Ghosh cannot be allowed to say that the balance sheet prepared by Mr. Hakeem is not sufficient to attach liability upon him.

Dogar Mal and others v. *Sunam Ram and others*, A.I.R. (1944) Lah. p. 58, referred to.

R. Basu for the plaintiffs.

Tin Maung for the defendant.

U THET PE, J.—This is a suit for recovery of K 51,743·92 due on accounts taken. It is the case of the plaintiffs that they and the defendant P. C. Ghosh carried on the partnership business under the name and style of Messrs. Ahuja Radio House at No. 126, Sule Pagoda Road and Ahuja Ghosh and Co. at No. 254/264, Barr Street, Rangoon ; that the capital of the partnership business was

* Civil Regular Suit No. 7 of 1962.

C.C. 1966

H. T. AHUJA AND OTHERS v. P. C. GHOSH (DECEASED) REPRESENTED BY HIS WIFE DAW HLA YIN AND DAUGHTER.

K 1,00,000 to which defendant P. C. Ghosh contributed K 26,428 ; that one of the clauses of the Partnership Deed provided that the nett profits and losses after payment of outgoings shall be shared or borne by the partners according to the amount of capital respectively subscribed by them. That the partnership was dissolved by mutual consent on the 1st June 1959 by a Deed of Dissolution by which the partners agreed to go into and accept the partnership accounts outstanding on the 31st May 1959. That on going through the accounts it was found that the defendant P. C. Ghosh had to pay K 29,491·83 being the amount he had overdrawn and his share of contribution to the loss incurred by the partnership business for the period ending 31st May 1959. That the defendant P. C. Ghosh was also liable to pay income and super-taxes amounting to K 9,398·02 for financial years 1946-47 to 1953-54 and also K 9,759·88 for financial years 1954-55 and 1955-56. That the interest payable on these amounts from 31st December 1959 to 30th January 1962 was K 3,094·19 thereby bringing the total amount due by the defendant P. C. Ghosh to K 51,743·92.

The defendant P. C. Ghosh filed a written statement by which he denied the correctness of the amount claimed by the plaintiffs and further contended that the suit against him was not maintainable inasmuch as the partnership was not registered. That the partnership still subsisted as he was compelled to sign the Deed of Dissolution by reason of coercion, threat, misrepresentation and fraud. That the suit against him was barred by limitation.

During the pendency of the suit the defendant P. C. Ghosh died and his wife and daughter were brought on the record as his legal representatives. One of the plaintiffs, namely, M. T. Ahuja was declared an insolvent and the Official Receiver was accordingly substituted in his place.

On the pleadings filed by the parties my learned predecessors joined the following issues:

ISSUES.

1. Was the late P. C. Ghosh compelled to sign the Deed of Dissolution of Partnership under misrepresentation, fraud, coercion and threats practised by the 1st plaintiff?
2. Is the suit not maintainable for want of registration of the plaintiff-firm and of the Partnership Deed and for the allegations made in paragraph 1 of the written statement?
3. Is the claim against the defendants barred?
4. Is the amount K 51 743·92 claimed by the plaintiffs as shown in paragraph 6 of the amended plaint correct?

Issue No. 1

The burden on this issue is on the defendant but there is not a shred of evidence to substantiate the allegation that he was compelled to sign the Deed of Dissolution by coercion, threat, misrepresentation or fraud. In fact none of his legal representatives had chosen to go into the witness box in support of the defendant's allegation. The issue must therefore be answered in the negative.

Issue No. 2

Since the plaintiffs had produced the Deeds of Registration of the firm Exhibits "H" and "H (1)" the contention regarding non-maintainability of the suit for want of registration cannot be sustained. This issue will be answered accordingly.

Issue No. 3

This issue has not been pressed by the learned Advocate for the defendants at the time of hearing. The suit having

been instituted within three years from the date of dissolution of the partnership business is clearly within time *vide* Article 106, Limitation Act. The answer to the issue will therefore be in the negative.

Issue No. 4

The learned Advocate for the defendants strenuously argued that the plaintiffs' claim having been based mainly on the balance sheet prepared by Mr. A. S. Hakeem could not be said to have been proved against the defendants. He submitted that the accounts prepared in the ordinary course of business are admissible in evidence but such accounts cannot form the basis of defendants' liability unless there is evidence to show that the defendants have in any way admitted its correctness. I have no quarrel over the proposition that under section 34, Evidence Act the entries in the account books kept and prepared in the ordinary course of business by itself do not prove the liability of a party to the suit but in the present suit it must be borne in mind that the defendant P. C. Ghosh was a working partner in the partnership business and was therefore accessible to the account books of the partnership firm. If the balance sheet prepared by Mr. A. S. Hakeem was incorrect he should be able to point it out either to Mr. Hakeem or to the Court. This he had failed to do. Besides the Exhibit documents "A" and "F" clearly indicate that the accounts of the firm had been gone into by Mr. A. S. Hakeem with the joint consent of the defendant P. C. Ghosh and the 1st plaintiff H. T. Ahuja. There is also nothing on the record to show that the balance sheet prepared by Mr. A. S. Hakeem, a qualified Accountant, is either irregular or erroneous. Under these circumstances the defendant P. C. Ghosh cannot be allowed to say that the balance sheet prepared by Mr. A. S. Hakeem is not sufficient to attach liability upon him. In this connection it will be relevant to refer to the decision in

Dogar Mal and others v. *Sunam Ram and others* (1) where it was held that:

> "The partnership account books being accessible to all the partners, and being kept more or less under the surveillance of them all, are *prima facie* evidence against each of them, and, therefore, also, for any of them against the others. Consequently, in a suit by some of the partners against the others, it is not open to the defendants to ask that the partnership account books relied on by the plaintiffs be formally proved or to contend that they were not *prima facie* evidence against them."

I am therefore of the view that the defendant P. C. Ghosh owed K 29,491·83 to the plaintiffs for the amount he had overdrawn and for his share of contribution towards the loss of the firm. As regards the amount of income-tax which the plaintiffs had claimed from him, namely, (K 9,759·88+K 9,398·02) K 19,157·90 there is an admission by the plaintiffs that a refund of K 19,650·12 had been benefited by the firm *vide* Exhibit "L" which was not available at the time when Mr. A. S. Hakeem went into the accounts and was therefore not taken into consideration by him when the balance sheet was drawn up. Since the defendant P. C. Ghosh had contributed K 26,428 towards the total capital of K 1,00,000 he is entitled to a sum of K 5,193·10 out of K 19,650·12, the entire amount of refund of income-tax. Thus the total amount owed by the defendant P. C. Ghosh to the plaintiffs was (K 48,649·73−K 5,193·10) K 43,456·63. Interest on that amount at three per cent per annum for two years and one month will come up to K 2,716·68. The gross amount payable by the defendant P. C. Ghosh is therefore K 46,173·31.

In the result there shall be a decree for K 46,173·31 in favour of the plaintiffs with proportionate costs against the defendants.

B

(1) A.I.R. (1944) Lah., p. 58.

JJ°

CIVIL REGULAR SUIT

Before U Thet Pe, J.

C.C. 1966

H. T. AHUJA AND SEVEN OTHERS (PLAINTIFFS)

Apl. 23.

v.

P. C. GHOSH (deceased) AND TWO OTHERS (DEFENDANTS).*

Transfer of Property Act, s. 53—a representative suit for declaration that a deed of gift is not binding upon the plaintiffs—whether a suit for mere declaration is maintainable—whether court fees is payable under s. 7 (iv) (c) of the Court Fees Act—suit by creditors—burden of proof of fraud on the creditors—shifting of the burden to the debtor.

Held : A suit under s. 53, Transfer of Property Act for more declaration is not maintainable and that the court fees payable is governed by s. 7 (iv) (*c*) of the Court Fees Act and that the plaintiffs must pay court fees according to the amount of the consequential relief which they are now claiming.

Vellayya Konar and another v. *Ramaswami Konar and another*, A.I.R. (1939) Mad. 094 ; *A.K.A.C.T.V. Chettyar* v. *R.M.A.R.S. Firm and others* I.L.R. 12 Ran. 666; *Asgar Ali* v. *C.V.R.M. Firm*, I.L.R. 14 Ran. 81 ; *Maung Ba Maung* v. *Maung Ba Yin* (1940) R.L.R. 59 (F.B.), referred to. *Held further :* In a suit filed by creditors under s. 53, Transfer of Property Act the initial burden of proving that it is a fraud on the creditors rests on them, but if they can adduce facts which are sufficient to show *prima facie* that the intention of the debtor was to delay or defeat the creditors, the debtor must meet their case and explain his conduct.

Mohammad Ishaq and others v. *Mohammad Yusaf and another* (1927) I.L.R. 8 Lah. 544, referred to.

R. Basu for the plaintiffs.

Tin Maung for the defendants.

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၁၆ (ခ)၊ ၂၁၇ (ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် $\frac{၂၄၁}{၁၆၂}$ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ အောက်တိုဘာ ၇ ရက်နေ့စွဲပါ၊ ပြည်မြို့၊ မြို့မရာဇဝတ် ၂ ရာဘက်တရားသူကြီး၏ အမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၆၆ ကိုသံခဲအောင် (ခေါ်) သံခဲပါ ၂၊ ကိုအောင်ထွန်းပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ဒေါ်သိန်းမေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ မန္တလေးမြို့၊ နိုင်ငံတော်တရားရုံးချုပ် ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၅ (ခ) ကို ရည်ညွှန်းသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးချောင်ဖိုး။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးဘကျော်။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။ဤပြင်ဆင်မှု နှစ်မှုကို ပညာရှိ တရားသူကြီး ဦးချစ်က တဦးတည်း ကြားနာနေစဉ်၊ အရေးကြီး၍ အများပြည်သူနှင့် သက်ဆိုင်သော ဥပဒေပြဿနာများ ပေါ်ပေါက်နေသည်ကို တွေ့ရှိသဖြင့်၊ အမှုများကို ပို့မို့၍ နက်နက်နဲနဲ စဉ်းစားကာ စီရင်ထုံးပဲ့ခိုင်ရန်အတွက် စုံညီခုံရုံးသို့ တင်ပို့ခဲ့ခြင်း ဖြစ်သည်။ အရေးကြီးသော ကုန်ပစ္စည်းဟု သတ်မှတ်ခဲ့သော မြန်မာဆေးရွက်ကြီးကို သယ်ယူခြင်း၊ လက်ဝယ်ထားရှိခြင်းသည် မည်သည့်အခါ မည်သို့သော အင်္ဂါရုပ်တို့ဖြင့် ပြစ်မှုမြောက်သည်ဟူသော ပြဿနာကို ဖေါ်ထုတ်၍ သုံးသပ်ရန် ကျွန်ုပ်တို့သည် နိုင်ငံတော်ရှေ့နေချုပ်ထံသို့လည်း ကူညီလိုက်ပါဆောင်ရွက်ရန် မေတ္တာရပ်ခံခဲ့ကြသည်။

အမှု ၂ မှု လုံးတွင် အဖြစ်အပျက်ခြင်း ဆင်တူ၍ ပေါ်ပေါက်သော ပြဿနာသည် လည်းတထပ်တည်းဖြစ်သည်။ ထို့ကြောင့် ပညာရှိလက်ထောက် နိုင်ငံတော်ရှေ့နေချုပ်နှင့်လျှောက်ထားသူများ၏ ပညာရှိ ရှေ့နေကြီး ဦးချောင်ဖိုးတို့က နှစ်မှုလုံးကို ပူးပေါင်း၍လျှောက်လဲခဲ့သည်။ ကျွန်ုပ်တို့ကလည်း ဤစီရင်ချက်တရပ်တည်းဖြင့် နှစ်မှုကိုဆုံးဖြတ်ကြမည်။

လျှောက်ထားကြသူများသည် မြန်မာဆေးရွက်ကြီးများကို ပိုင်ဆိုင်ကြသူများ ဖြစ်ကြသည်။ ၎င်းတို့သည် ဆေးရွက်ကြီးများကို ရန်ကုန်တွင် ဝယ်ယူပြီးနောက် စစ်တွေမြို့သို့ သယ်ဆောင်ကြရာ၊ ပြည်မြို့တွင် ဂိုဒေါင်များ၌ ခေတ္တထားခိုက် သက်ဆိုင်ရာတို့က ဂိုဒေါင်များကို ရှာဖွေစစ်ဆေး၍ ပစ္စည်းများကို ဘမ်းဆီးပြီး၊ လူများကို ရုံးသို့ တရားစွဲဆို တင်ပို့ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဘမ်းဆီးသောအချိန်၌ ဆေးရွက်ကြီးသည် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ကုန်သွယ်ရေးဌာနက ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်အမှတ် ၁၀ အရ အရေးကြီးသော ကုန်ပစ္စည်းအဖြစ် သတ်မှတ်ခြင်း ခံခဲ့ရပြီးဖြစ်သည်။

ရုံးသို့ တရားခံများအဖြစ် ပူးတွဲတင်ပို့ခံရသူများအနက် ဆေးရွက်ကြီးပိုင်ရှင်များလည်းပါသည်။ ပစ္စည်းခေတ္တထားရှိသော ဂိုဒေါင်ပိုင်ရှင်၊ အိမ်ပိုင်ရှင်များလည်းပါသည်။ အမှု ၂ မှုကို စစ်ဆေးခဲ့သော ပညာရှိ တရားသူကြီးများက ဂိုဒေါင်ပိုင်ရှင်၊ အိမ်ပိုင်ရှင်တို့ကို တရားသေလွှတ်၍ ဆေးရွက်ကြီး ပိုင်ရှင်တို့ကိုမူကား အရေးကြီးသော

ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၈(၁) အရ ပြစ်မှု ကျူးလွန်ကြောင်း ထင်ရှားသည်။ ထို့ကြောင့် ထောင်ဒဏ်တလစီကျခံကြစေဟု အမိန့်ချမှတ်ခဲ့ကြသည်။ လျှောက်ထားသူများက ပြည်မြို့၊ စက်ရှင်ချုံးသို့ ပြင်ဆင်မှုဖြင့် သွားရောက်ခဲ့ကြသော်လည်း မအောင်မြင်ကြချေ။ ထို့ကြောင့် ဤရုံးသို့လာရောက်ကြခြင်းဖြစ်သည်။

၁၉၆၆ ကိုသံခဲအောင် (ခေါ်) သံခဲ ပါ ၂၊ ကိုအောင်ထွန်း ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ကုန်သွယ်မှုတိုးတက်ရေးဌာနက ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့စွဲဖြင့် အရေးကြီးသော ကုန်ပစ္စည်းနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေက အပ်နှင်းသော အာဏာကို သုံးစွဲ၍ ထုတ်ပြန်ခဲ့သော ကောက်ပဲသီးနှံရောင်းဝယ်မှု ကြီးကြပ်ရေး အမိန့်ဒေရာ၊ အရေးကြီးသော ကုန်ပစ္စည်းအဖြစ် သတ်မှတ်ထားသော ကောက်ပဲသီးနှံများကို အစိုးရ အဖွဲ့အစည်းများမှတပါး၊ အခြားမည်သူမှ စိုက်ပျိုးသည့် တောင်သူလယ်သမားများထံမှ ဝယ်ယူဖြန့်ဖြူးရောင်းချခြင်း၊ ထိုသို့ ဝယ်ယူဖြန့်ဖြူးရောင်းချရန် ရယူထားခြင်း၊ လက်ရှိထားခြင်း၊ သိုလှောင်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း စသည်တို့ မပြုလုပ်ရဟု အစိုးရက ညွှန်ကြားနိုင်လေသည်။ အမိန့်အပိုဒ် (၇) တွင် ထိုစည်းကမ်းချက်မှ ကင်းလွတ်ခွင့်များကို ဖော်ပြထားသည်။ ကောက်ပဲသီးနှံများနှင့် ပတ်သက်၍ သရေစာအဖြစ် ရောင်းချရန်အတွက်သော်၎င်း၊ ဝမ်းစာအဖြစ် ထားရန်သော်၎င်း၊ စိုက်ပျိုးရေး မျိုးစေ့အတွက် အသုံးပြုရန်သော်၎င်း ကောက်ပဲသီးနှံများကို ဝယ်ယူခြင်း၊ ရောင်းခြင်း၊ ရယူထားခြင်း၊ သိုလှောင်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ အခြားနည်း ရောင်းဝယ်ဖေါက်ကားခြင်းဘို့သည် အမိန့်နှင့် မသက်ဆိုင်စေရဟု ကင်းလွတ်ခွင့် ပြုထားသည်။

၁၉၆၅ ခုနှစ်၊ ဇူလိုင် ၂၃ ရက်နေ့စွဲဖြင့် ကုန်သွယ်မှုတိုးတက်ရေးဌာနသည်၊ ညွှန်ကြားချက်အမှတ် ၉ ကို ထုတ်ပြန်ခဲ့သည်။ ထိုအမိန့်အရ အစိုးရက အခါအားလျော်စွာ အရေးကြီးသော ကုန်ပစ္စည်းများအဖြစ် သတ်မှတ်ထားသော ကောက်ပဲသီးနှံများကို အစိုးရက အာဏာအပ်နှင်းထားသော အဖွဲ့အစည်းများမှတပါး၊ အခြားမည်သူ့ကိုမျှ အမြင်အစွန်းဖြင့် ပြန်လည်ရောင်းချရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ အခြားမတရားသော ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ဝယ်ယူဖြန့်ဖြူးရောင်းချခြင်း၊ ထိုသို့ပြုလုပ်ရန် လက်ရှိထားခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ အခြားနည်းရောင်းဝယ်ဖေါက်ကားခြင်း မပြုလုပ်ရဟု ပညတ်ထားသည်။ ညွှန်ကြားချက်အမှတ် ၉ သည်၊ ၁၉၆၄ ခုနှစ်၊ ကောက်ပဲသီးနှံရောင်းဝယ်မှု ကြီးကြပ်ရေးအမိန့်က စည်းကမ်းသတ်မှတ်နိုင်သည်၊ ပညတ်နိုင်သည်ဟု အပ်နှင်းသည့် အာဏာကိုသုံးစွဲ၍ ကုန်သွယ်မှုတိုးတက်ရေးဌာနက အရေးကြီးသော ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ထုတ်ပြန်လိုက်သောအမိန့်ဖြစ်ပေသည်။ ထိုအမိန့်ကို ကျူးလွန်ချိုးဖောက်လျှင် အရေးကြီးသော ကုန်ပစ္စည်း

၁၉၆၆ ကိုသံခဲအောင် (ခေါ်) သံခဲ ပါ ၂၊ ကိုအောင်ထွန်း ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

များနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၈ (၁) အရ ပြစ်မှုကျူးလွန်ရာ ရောက်သည်။

ကုန်သွယ်မှုတိုးတက်ရေးဌာနသည် ၁၉၆၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့၌ပင် ကျေညာချက်အမှတ် ၁ ဖြင့် အရေးကြီးသော ကုန်ပစ္စည်းများ သတ်မှတ်ရာတွင် ထိုပစ္စည်းများနှင့် ပတ်သက်၍ စည်းကမ်းချက်များ ချမှတ်ရခြင်းတို့၏ ရည်ရွယ်ချက်ကို လူသိရှင်ကြား ရှင်းလင်းဖော်ပြခဲ့သည်။ ထိုကျေညာချက်အပိုဒ် (၇) တွင် အရေးကြီးသော ကုန်ပစ္စည်းများကို "ဆိုရှယ်လစ်လမ်းစဉ်နှင့်အညီ မှန်ကန်သည့် လူနေမှုစံနစ်အရ၊ လုပ်ရိုးလုပ်စဉ်အတိုင်း၊ အမှန်စားသုံးခြင်း၊ ဝမ်းစာအဖြစ် ထားရှိခြင်း၊ စိုက်ပျိုးရေး မျိုးစေ့အတွက် သိုလှောင်ထားရှိခြင်း၊ သရေစာ ပြုလုပ်ရောင်းချရန် အတွက် လက်ဝယ်ထားရှိခြင်း၊ လူမှုရေးအရ အမှန်ပေးကမ်းလှူဒါန်းခြင်းနှင့် အခြားမှန်ကန်သော ရည်ရွယ်ချက်ဖြင့် လက်ဝယ်ထားရှိခြင်း၊ သယ်ယူခြင်း စသည်တို့ကို စိုးရိမ်ကြောင့်ကျမှုမရှိဘဲ ပြုလုပ်နိုင်ပါသည်" ဟု ဖော်ပြခဲ့သည်။

ကျွန်ုပ်တို့ရှေ့မှောက်ရှိ အမှုများတွင်၊ ဆေးရွက်ကြီးများကို ဂိုဒေါင်များတွင် တွေ့ရှိစဉ်အခါက ဆေးရွက်ကြီးများသည် အရေးကြီးသော ကုန်ပစ္စည်းများအဖြစ် သတ်မှတ်ခြင်းခံခဲ့ရပြီးသည်မှာ အငြင်းမထွက်သော အချက်ဖြစ်သည်။ လျှောက်ထားသူများ၏ ပညာရှိ ရှေ့နေကြီး ဦးချောင်ဖိုးက အဓိကထား၍ တင်ပြသည်မှာ၊ ၎င်း၏အမှုသည်များသည် ဆေးရွက်ကြီးများကို သဘောရိုးဖြင့် ဆေးလိပ်ခုံလုပ်ငန်းတွင် အသုံးပြုရန် အတွက်၊ ရန်ကုန်မှ စစ်တွေသို့ သယ်ဆောင်ကြခြင်းဖြစ်ကြောင်း၊ လျှောက်ထားသူများသည် ဆေးလိပ်ခုံလုပ်ငန်း လုပ်ကိုင်ကြသူများဖြစ်သည်ကို အမှုတွဲများပေါ်၌ အထောက်အထား အထင်အရှားရှိကြောင်း၊ ဆေးရွက်ကြီးများကို ရန်ကုန်၌ ပွင့်ပွင့်လင်းလင်းဝယ်၍ စစ်တွေသို့ ကုန်းလမ်းဖြင့် သယ်ယူရန်အတွက်၊ ပြည်မြို့သို့ယူဆောင်ကာ ခေတ္တထားရှိခိုက် ရုံးသို့ဘင်ပို့ခဲ့ကြရခြင်းဖြစ်ကြောင်း၊ ဆေးရွက်များကို လုပ်ငန်းအတွက် ရန်ကုန်မှ ဝယ်ယူသယ်ဆောင်ခွင့်ပြုပါရန် စစ်တွေမြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီသို့ လျှောက်ထားခဲ့ကြရာ၊ ကော်မီတီဥက္ကဋ္ဌက ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံကြောင်း စသည်ဖြင့် လျှောက်လွှာပေါ်တွင် ရေးသားထားသည်ကိုလည်း သက်သေတင်သွင်းထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် လျှောက်ထားသူများသည် ပြစ်မှုကို ကျူးလွန်ခြင်း မရှိခဲ့ကြပါ၊ ကျူးလွန်ခဲ့မိသည်ဆိုလျှင်လည်း ဥပဒေနှင့် စည်းကမ်းချက်တို့ကို မသိ၍ ဖြစ်ခဲ့ရပါသည်။ ထို့ကြောင့် စတီပြစ်ဒဏ်ပေးလျှင် သင့်တော်ပါပြီဟု ဦးချောင်ဖိုးက လျှောက်လဲသည်။

ဦးချောင်ဖိုး တင်ပြသည့်အတိုင်း အမှုတွဲပေါ်၌ တွေ့ရှိရသည်မှာ၊ လျှောက်ထားသူများသည် ဆေးလိပ်ခုံလုပ်ငန်း လုပ်ကိုင်ကြသူများဖြစ်သည်။ ၎င်းတို့လုပ်ငန်းတွင်

ဆေးရွက်ကြီးမရဆဖြင့် အခက်အခဲတွေ့ရှိနေကာ၊ အလုပ်သမားများသည် အလုပ်လက်မဲ့ပြဿနာနှင့် ရင်ဆိုင်နေရကြောင်းကို ၎င်းတို့က သက်ဆိုင်ရာဌာနသို့ လျှောက်ထားခဲ့ကြသည်။ သွားရောက်စစ်ဆေးသော အရာရှိများက ထိုသို့မှန်ကန်ကြောင်း ထောက်ခံကြသည်။ ထပ်ဆင့်၍ လ-အ-က ဥက္ကဋ္ဌကလည်း ရန်ကုန်မှ စစ်တွေသို့ ဆေးရွက်ကြီးများ သယ်ယူပို့ဆောင်ခွင့် ပြုသင့်ကြောင်း ထောက်ခံလက်မှတ်ထိုးထားသည်ကိုတွေ့ရှိရသည်။ လျှောက်ထားသူများက ရန်ကုန်မှ စစ်တွေသို့ တိုက်ရိုက်သဘော်ဘန့် ပစ္စည်းများကို မသယ်နိုင်ကြခြင်းမှာ၊ ထိုစဉ်အခါက သဘော်များသည် ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်း၏ ကုန်များကို အပြည့်သယ်ဆောင်နေရခြင်းကြောင့် ဖြစ်ပါသည်။ ၎င်းတို့၏ ဆေးလိပ်ခုံလုပ်ငန်းများသည် ဆေးရွက်ကြီး အမြန်လိုနေသဖြင့်၊ ပစ္စည်းများကို ရန်ကုန်၌ဝယ်ပြီးနောက် ကုန်းလမ်းဖြင့် ပြည်မှတဆင့် သယ်ယူပို့ဆောင်ရန် ပြုလုပ်ရခြင်းဖြစ်ပါသည်။ ပြည်မြို့သို့ရောက်သောအခါ ဘူးပွဲတော်နှင့်ကြုံသဖြင့် ကူးတို့ကူးရာ ကြုံကြောနေ၍ ဂိုဒေါင်များတွင် ခေတ္တထားရခြင်းဖြစ်ပါသည် စသည်ဖြင့် ရှင်းလင်းထွက်ဆိုထားသည်ကိုလည်း ကျွန်ုပ်တို့ တွေ့ရသည်။

ပညာရှိ လက်ထောက် နိုင်ငံတော်ချေနေချုပ် ဦးဘကျော်က လျှောက်ထားသူများသည် သဘောရိုးဖြင့် မိမိတို့၏ လုပ်ငန်းအတွက် လိုသောကုန်ကြမ်းများကို ဝယ်ယူသယ်ဆောင်လာကြခြင်းဖြစ်သည်မှာ ထင်ရှားကြောင်း၊ ထို့ကြောင့် အရေးကြီးသော ကုန်ပစ္စည်းများနှင့် ပတ်သက်၍ အစိုးရက ထုတ်ပြန်ခဲ့သော အထက်ဖေါ်ပြပါ အမိန့်နှင့် ကျေညာချက်တို့တွင် အတိအလင်း ဖေါ်ပြထားသော ကင်းလွတ်ခွင့်များတွင် အကျုံးဝင်သည်ဟု ယူဆရန်သင့်ကြောင်း၊ ၁၉၆၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့စွဲပါ ကျေညာချက်အမှတ် ၁၊ အပိုဒ် (၇) တွင် ကင်းလွတ်ခွင့်ပြုထားသော လုပ်ရိုးလုပ်စဉ်အတိုင်း "မှန်ကန်သော ရည်ရွယ်ချက်ဖြင့် လက်ဝယ်ထားရှိခြင်း၊ သယ်ယူခြင်း" ဖြစ်သည်ဟု ဆုံးဖြတ်သင့်ကြောင်း၊ ထို့ကြောင့် လျှောက်ထားသူများအပေါ် ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းသည် မှားယွင်းနေသည်ဟု ပညာရှိ လက်ထောက် နိုင်ငံတော်ချေနေချုပ်က ရိုးသားစွာ တင်ပြသည်။

၁၉၆၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်အမှတ် ၉ ၏ ပညတ်ချက်များတွင်လည်း လျှောက်ထားသူတို့၏ ပို့မူချက်သည် အကျုံးမဝင်သည်ကို ကျွန်ုပ်တို့တွေ့ရသည်။ ထိုပညတ်ချက်များသည် အမြတ်အစွန်းဖြင့် ပြန်လည်ရောင်းချရန် ရည်ရွယ်ချက်ဖြင့်သော်၎င်း၊ အခြားမတရားသော ရည်ရွယ်ချက်ဖြင့်သော်၎င်း၊ ကုန်ပစ္စည်းကို သိုလှောင်ခြင်း၊ သယ်ယူဆောင်ခြင်း စသည်တို့ ပြုခြင်းမှတားမြစ်သည်။ အမှုတွဲများပေါ်တွင် ပေါ်ပေါက် သည့် အထောက်အထားများအရ၊ လျှောက်ထားသူတို့သည် ဆေးရွက်ကြီးများကို အမြတ်အစွန်းဖြင့် ပြန်လည်ရောင်းချရန်

၁၉၆၆ ကိုသံခဲအောင် (ခေါ်) သံခဲ ပါ ၂၊ ကိုအောင်ထွန်း ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

၁၉၆၆ ကိုသံခဲအောင် (ခေါ်) သံခဲ ပါ ၂၊ ကိုအောင်ထွန်း ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ရည်ရွယ်ချက်ဖြင့် သယ်ဆောင်လာခြင်းမဟုတ်ပေ။ ၎င်းတို့၏ လုပ်ငန်းတွင် အသုံးပြုရန် သက်ဆိုင်ရာအားအကြောင်းကြားအခွင့်ပန်၍သယ်ယူလာကြခြင်းဖြစ်သည်ဟု ဆုံးဖြတ်ရန်သာရှိသည်။ အခြားမတရားသော ရည်ရွယ်ချက်ဖြင့် ထိုသို့သယ်ယူလာသည်ဟူ၍ လည်းမထင်ရှား၊ အစိုးရက ခွင့်ပြုထားသော လုပ်ငန်းတွင် အမှန်တကယ် သုံးစွဲရန် လိုသော ကုန်ကြမ်းကိုဝယ်၍ သယ်ယူလာခြင်းဖြစ်သည်မှာလည်း ထင်ရှားသည်။ ရန်ကုန်တွင် ပစ္စည်းကို ဝယ်ယူခဲ့သည်မှာလည်း သိုဂုက်၍ ဝယ်ယူခဲ့ခြင်းမဟုတ်၊ အရောင်းပြေစာများဖြင့် ဆေးရွက်ကြီးရောင်းချသော ဆိုင်များမှ ပွင့်ပွင့်လင်းလင်း ဝယ်ခဲ့ကြခြင်းဖြစ်သည်ကို အမှုတွဲများပေါ်တွင် တွေ့ရှိရသည်။ ထို့ကြောင့် လျှောက်ထားသူများသည် အစိုးရက ထုတ်ပြန်ခဲ့သော အမိန့်တို့ကို ကျူးလွန်ဖေါက်ဖျက်ခဲ့သည်ဟု မဆိုနိုင်ချေ။ **ထိုသို့ကျူးလွန်ဖေါက်ဖျက်ခဲ့ခြင်း** မရှိလျှင်၊ ၎င်းတို့အား စွဲဆိုသော ပြစ်မှုများကိုလည်း **ကျူးလွန်ခဲ့ကြခြင်းမရှိ**။

အစိုးရသည် လူသိရှင်ကြား ကျေညာပြီးမှ အရေးကြီးသော ကုန်ပစ္စည်းများကို သတ်မှတ်ခြင်း၊ ထိုပစ္စည်းများနှင့် ပတ်သက်သော စည်းကမ်းချက်များကို ချမှတ်ခြင်း ပြုခဲ့သည်။ ကျေညာပြီး စည်းကမ်းများကို ချိုးဖေါက်မှု ဥပဒေနှင့်အညီ ပြစ်ဒဏ်သင့်နိုင်သည်။ ကျေညာပြီး ကင်းလွတ်ခွင့်များအတွင်း၌ ကျရောက်လျှင်လည်း ပြစ်ဒဏ်မှကင်းလွတ်စေရသည်။ ပြစ်မှုကို ဖန်တီးသောဥပဒေ၊ သို့မဟုတ် အာဏာတည်သော အမိန့်ကျေညာချက် စသည်ကို တိတိကျကျ အစိပ်ပါယ်ကောက်ယူရသည်၊ ခဲ့ချထွင်၍ မရချေ။ လူအများ နားလည်သဘောပေါက်သလို ဘတ်ရသည်။

ထို့ပြင် ပြစ်မှုကို ဖန်တီးသောဥပဒေ အမိန့်စသည်ကို နောက်ကြောင်းပြန် အာဏာပေး၍ သာမန်အားဖြင့် မရချေ။ မကြာသေးမီက ဆေးရွက်ကြီးများနှင့် ပတ်သက်၍ **ဒေါ်သိန်းမေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** (၁) တွင်၊ ဤရုံးတရားသူကြီး ဦးစိန်သင်းက ထိုမူအတိုင်း လိုက်နာကျင့်သုံးထားသည်ကို ကျွန်ုပ်တို့ ရည်ညွှန်းလိုသည်။ ထိုအမှုတွင် ဒေါ်သိန်းမေက ဆေးရွက်ကြီးများနှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်ခဲ့သည်ဆိုသည့် နေ့ရက်မှာ ဆေးရွက်ကြီးကို အရေးကြီးသော ကုန်ပစ္စည်းအဖြစ် သတ်မှတ်ခြင်း မပြုမီကဖြစ်သည်။ ထို့ကြောင့် အရေးကြီးသော ကုန်ပစ္စည်းအဖြစ် သတ်မှတ်ခြင်း မပြုမီက ဒေါ်သိန်းမေ ပြုလုပ်ခဲ့ခြင်းသည် ပြစ်မှုမမြောက်ဟု ပညာရှိ တရားသူကြီး ဦးစိန်သင်းက ဆုံးဖြတ်၍ ဒေါ်သိန်းမေအပေါ် ချမှတ်ထားသော ပြစ်ဒဏ်အရပ်ရပ်ကို ပယ်ဖျက်ပေးခဲ့သည်။ ဆေးရွက်ကြီးများကို ဒေါ်သိန်းမေထံမှ သိမ်းဆည်းခဲ့ရာ၊ ပြင်ဆင်မှုတွင် အမိန့်ချမှတ်သည့်အချိန်၌ တရားဥပဒေအရ၊ ထိုပစ္စည်းများကို ရောင်းဝယ်ဖေါက်ကား လက်ရှိထားပိုင်ခွင့်သည် ဒေါ်သိန်းမေထံတွင် မရှိတော့ပြီဖြစ်၍ ပစ္စည်း

(၁) မန္တလေးမြို့၊ နိုင်ငံတော်တရားရုံးချုပ်၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၅ (ခ)။

မျှားကိုကား ၎င်းအား ပြန်မပေးစေဘဲ၊ ထိုပစ္စည်းမျှားကို ထုခဲ့၍ ရရှိသည့်ငွေမျှား ကိုသာ ၎င်းအားပြန်ပေးစေရန်ကိုလည်း ပညာရှိ တရားသူကြီးက အမိန့်ချမှတ်ခဲ့သည်။

ဥပဒေ၏ အင်အားသည် မျှတခြင်းမှ သက်ဆင်းသည်၊ ထို့ကြောင့်လည်း တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ နှီးနှောဖလှယ်ပဲတွင်၊ ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့၌ နိဂုံးချုပ်မိန့်ခွန်း မြွက်ကြား ရာတွင်၊ "ကျွန်တော်တို့ စေတနာမှာတော့၊ တရားဥပဒေများဟာ မျှတစေချင်တယ်" ဟု မိန့်ကြားခဲ့ပေသည်။ လူလူချင်း ခေါင်းပုံဖြတ်ခြင်း မကင်းသေးသမျှ၊ တရားဥပဒေ သည် အင်အားနည်းသော အလုပ်သမား၊ လယ်သမားများကို သာသာထိုးထိုး စောင့်ရှောက် ကာကွယ်ပေးရဦးမည်ဖြစ်ကြောင်း၊ သို့ရာတွင် အရင်းခံ စေတနာကား မျှတမှုပေးရန်ဖြစ်ကြောင်းကိုလည်း မိန့်ကြားခဲ့သည်။

ဤအမှုများတွင် အမြတ်ကြီးစားခြင်း၊ ခေါင်းပုံဖြတ်ခြင်း မပါဝင်ပေ၊ ခွင့်ပြုထားသော ဆေးလိပ်လုပ်ငန်းအတွက်လိုသော ဆေးရွက်ကြီးများကို၊ သက်ဆိုင်ရာအား အကြောင်းကြားခွင့်ပန်၍ ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အစိုးရက ထုတ်ပြန် ခဲ့သော အမိန့်များ၏ ကင်းလွတ်ခွင့်များတွင်၊ လျှောက်ထားသူများသည် ကျရောက် ခဲ့ကြသည်။

ထို့ကြောင့် လျှောက်ထားသူတို့သည် အစိုးရက ထုတ်ပြန်ခဲ့သော အမိန့်များကို ဆန့်ကျင်ချိုးဖောက်ခြင်း မရှိခဲ့ကြချေ။ ၎င်းတို့အပေါ် ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းနှင့် ပြစ်ဒဏ်စီရင်ထားခြင်းတို့ကို ပယ်ဖျက်လိုက်သည်။

၁၉၆၆ ကိုဆံခဲ့အောင် (ခေါ်) ဆံခဲ ပါ ၂၊ ကိုအောင်ထွန်း ပါ ၃ နှင့် မြည့်ထောင်စု မြန်မာနိုင်ငံ။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

† ၁၉၆၆ ပြေလ ၂၀ ရက်။

ဆကိနာဘီဘီ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်) အက်ဥပဒေပုဒ်မ ၁၃ (၁) အရ၊ မူပြစ်ထင်ရှား စီရင်ခြင်း—မြန်မာနိုင်ငံတွင်ပါဝင်သော နယ်မြေတခုခုတွင် မွေးဖွါးခဲ့ခြင်းဖြစ် မဖြစ်—ပြည်ထောင်စု မြန်မာနိုင်ငံတော်သားဖြစ်မှု အက်ဥပဒေပုဒ်မ ၄ (၂)နှင့် သက်ဆိုင်ခြင်းရှိမရှိ—တိုင်းရင်းသားဆိုသည့်စကားရပ်—ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁ (ဂ)အရ၊ မြန်မာနိုင်ငံသူဖြစ်နိုင် မဖြစ်နိုင်။

ဆုံးဖြတ်ချက်။ ။မြန်မာနိုင်ငံသား ဖြစ်မှု အက်ဥပဒေပုဒ်မ ၄ (၂) အရ လျှောက်ထားသူနှင့် တကွ ၎င်း၏ မိဘနှစ်ပါးစလုံးသည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပါဝင်သောနယ်မြေတခုခုတွင် မွေးဖွါးခဲ့ခြင်း ဖြစ်ရပေမည်။ လျှောက်ထားသူ၏ ဖခင်မှာ ပါကစ္စတန်နိုင်ငံသားတဦးဖြစ်ပြီး၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင် မွေးဖွါးခဲ့သည်ဟု မည်သူကမျှ တင်ပြထားခြင်း မရှိသည့်အလျောက် ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၄ (၂) နှင့် သက်ဆိုင်ခြင်းမရှိ။

ထပ်မံဆုံးဖြတ်ချက်။ ။လျှောက်ထားသူ၏ဖခင်မှာ ပါကစ္စတန်နိုင်ငံသားဖြစ်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၃ (၁) တွင် ပြဋ္ဌာန်းထားချက်အရ၊ တိုင်းရင်းသားတဦးဦး ဖြစ်သည်ဟု မည်သည့်နည်းနှင့်မျှ မဆိုနိုင်သောကြောင့်၊ လျှောက်ထားသူသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁ (ဂ) အရ၊ မြန်မာနိုင်ငံသူ မဖြစ်နိုင်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။မစ္စတာ ဗို၊ စံစီပိုး၊

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးသိန်းဟန်။

တရားသူကြီး ဦးသက်ဖေ။ ။လျှောက်ထားသူအား၊ မော်လမြိုင်မြို့၊ စတုတ္ထရာဘက် ရာဇဝတ်တရားသူကြီးရုံးမှ၊ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်း

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၁၅၆ (ခ)။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၇၇ တွင်ချမှတ်သော ၁၉၆၅ ခုနှစ်၊ မတ်လ ၈ ရက်နေ့စွဲပါ၊ မော်လမြိုင်မြို့၊ စတုတ္ထရာဘက် ရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပြန်ရှင်းခြင်းမှု။

ချက်) အက်ဥပဒေပုဒ်မ ၁၃ (၁) အရ၊ ဒဏ်ငွေ ၅၀ ကျပ်၊ သို့မဟုတ် အလုပ်နှင့် ထောင်ဒဏ် ၂ လကျခံစေရန် အမိန့်ချမှတ်သည်ကို မကျေနပ်သဖြင့်၊ မော်လမြိုင် စက်ရှင်ရုံးသို့ ပြင်ဆင်မှု တင်သွင်းခဲ့သော်လည်း မအောင်မြင်သောကြောင့်၊ ယခုတဖန် ဤရုံးသို့ ပြင်ဆင်မှုလျှောက်ထားခြင်းဖြစ်လေသည်။

မော်လမြိုင်မြို့၊ လူဝင်မှုကြီးကြပ်ရေးဌာနမှ၊ လျှောက်ထားသူသည် ၎င်းမိခင် ဌာပိဖါဗီ၏ ပါကစ္စတန်နိုင်ငံကူးလက်မှတ်နှင့် စစ်တကောင်းမြို့၊ မြန်မာကောင်စစ်ဝန်ရုံးမှ ထုတ်ပေးသော ပြည်ဝင်ခွင့်လက်မှတ်အရ၊ မြန်မာပြည်သို့ ၁၉၅၄ ခုနှစ်၊ အောက်တိုဘာ လ ၉ ရက်နေ့တွင် ဝင်ရောက်လာပြီး၊ မြန်မာပြည်တွင် ၁၉၅၈ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ထိ နေထိုင်ခွင့် ရရှိခဲ့ကြောင်း၊ ထိုရက်ကုန်ဆုံးသော်လည်း ဆက်လက်နေထိုင်ခွင့် မလျှောက်ထားဘဲ၊ ၄ နှစ်ကျော်မျှ မတရားကျော်လွန်နေထိုင်ခဲ့ကြောင်း၊ ထို့ကြောင့် လျှောက်ထားသူသည်၊ လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၄ (၂) ကို ကျူးလွန်ကြောင်းအဆိုပြုကာ၊ မော်လမြိုင်မြို့၊ သူကောင်းပြု တရားသူကြီးမျှားရုံးတွင်၊ ပုဒ်မ ၁၃ (၁) အရ တရားစွဲဆိုခဲ့၏။

လျှောက်ထားသူက၊ မိမိမှာ မြန်မာပြည်တွင် မွေးဖွါးပြီး၊ မိဘဘိုးဘွားများလည်း မြန်မာပြည်၌ပင် မွေးဖွါးကြကြောင်း၊ မိမိ ၃ နှစ်အရွယ်က မိဘများနှင့် အိန္ဒိယပြည်သို့ လိုက်သွားရာ၊ ဖခင်သေဆုံးပြီးနောက်၊ မိခင်နှင့်အတူ ပြန်လာကာ၊ မြန်မာပြည်၌ အစဉ်ဘစိုက် နေထိုင်ခဲ့ကြောင်း ထုချလေသည်။ ၎င်းအား စစ်ဆေးသည့် သူကောင်းပြု တရားသူကြီးများက၊ လျှောက်ထားသူသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ၁၁ (၂) အရ၊ မြန်မာတိုင်းရင်းသူဘယောက်ဖြစ်သည်ဟု ယူဆကာ၊ ၎င်းအား တရားသေ လွှတ်ခဲ့လေသည်။

ယင်းသို့ တရားသေလွှတ်သော အမိန့်ကို နိုင်ငံတော်အစိုးရက မကျေနပ်သဖြင့် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၁၇ အရ၊ အယူခံဝင်ရာ၊ လျှောက်ထားသူသည်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁ (၂) အရ၊ ပြည်ထောင်စုသားဖြစ်ကြောင်း အောက်ရုံး အမှုတွဲတွင် မပေါ် လွင်သော်လည်း၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေ (၁၉၄၈ ခု၊ အက်ဥပဒေအမှတ် ၆၆) ပုဒ်မ ၅ (က) နှင့် ၁၄-က (၁) များအရ၊ အရွယ်ရောက်ပြီးနောက်၊ နိုင်ငံခြားသားအဖြစ် စွန့်လွှတ်ကြောင်းနှင့် ပြည်ထောင်စု နိုင်ငံသားအဖြစ် ဓာည်မြဲစေရန် ရွေးချယ်ခဲ့ကြောင်း၊ လုံလောက်သည့် အထောက် အထားများ ရှိသည်ဟု ၎င်း၏ဘင်ပြချက်အရ၊ ဤခုံးမှ တရားမျှတမှုရရှိစေရန်အလို့ငှါ၊ တရားသေလွှတ်သော အမိန့်ကို ပယ်ဖျက်ပြီး၊ အမှုကို အသစ်တဖန် ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့၏။

ခေတ်ဖြစ်
ဆက်နွယ်ဘိုးဘေး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ

ထို့ကြောင့် လျှောက်ထားသူ၏ အမှုကို မော်လမြိုင်မြို့ စတုတ္ထရာဘာက် ရာဇဝတ် တရားသူကြီးရုံးတွင် စစ်ဆေးစေရာ ပညာရှိစတုတ္ထရာဘာက် ရာဇဝတ် တရားသူကြီးက ၎င်းအား သက်သေထူခွင့် ပြုပြီးနောက် လျှောက်ထားသူသည် ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၄ (၂) အရ ပြည်ထောင်စုမြန်မာနိုင်ငံသူ တစ်ဦးလည်း မဟုတ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၅ (က) အရအသက် ၁၀ နှစ်ပြည့်ပြီးနောက် နိုင်ငံခြားသားအဖြစ်ကို စွန့်လွှတ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ်ကို ရွေးချယ်ခဲ့ခြင်း မပြုခဲ့သည့်အပြင် အသက် ၁၀ နှစ်ပြည့်ပြီးနောက် တစ်နှစ်အတွင်း အဆိုပါ အက်ဥပဒေပုဒ်မ ၁၄-က (၁) (ခ) အရ နိုင်ငံတော်အစိုးရထံသို့ နိုင်ငံခြားသားအဖြစ် စွန့်လွှတ်ကြောင်း အစီရင်ခံရန် ပျက်ကွက်ခဲ့သောကြောင့်၊ ၎င်းအား အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်း ဖြစ်လေသည်။ထိုအမိန့်ကိုမကျေနပ်သဖြင့် စောဒကဝင်ခဲ့သည့် ပညာရှိ စက်ရှင်တရားသူကြီးကလည်း အလားတူပင် ကောက်ယူဆုံးဖြတ်ခဲ့သည့်အတွက် ဤစောဒကမှု ပေါ်ပေါက်လာရခြင်း ဖြစ်ပေသည်။

လျှောက်ထားသူ၏ ပညာရှိ ရှေ့နေကြီး မစ္စတာဒီ၊ စံစီပိုးက လျှောက်ထားသူသည် မြန်မာနိုင်ငံတွင် မွေးဖွားသော်လည်း ၎င်း၏ အဘိုးအဘွားများအနက် တစ်ဦးဦးသည် မြန်မာနိုင်ငံ တိုင်းရင်းသား တစ်မျိုးမျိုးတွင် ပါဝင်ခဲ့ခြင်း မရှိ၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ၁၁ (ခ) အရ ပြည်ထောင်စုမြန်မာနိုင်ငံသူတစ်ယောက် မဖြစ်နိုင်ကြောင်း ဝန်ခံသွား၏။ လျှောက်ထားသူ၏ အဘွား ဒေါ်ဇော်ရာဘီ၏ မိခင် ဒေါ်စီနှင့်အဘိုးမိုပီဂူရာမန်၏ မိခင် ဒေါ်မလေးတို့မှာ မြန်မာနိုင်ငံ တိုင်းရင်းသားများ ဖြစ်ကြသော်လည်း ၄င်းတို့မှာ အဘိုးအဘွားများ မဟုတ်ကြဘဲ ဘီဘင်များသာ ဖြစ်ကြ၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁ (ခ) တွင် အကျုံးမဝင်ချေ။

လျှောက်ထားသူသည် ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၄ (၂) အရလည်း မြန်မာနိုင်ငံသူ ဖြစ်သည်ဟု မှတ်ယူခြင်း မပြုနိုင်ပေ။ အဘယ်ကြောင့် ဆိုသော် ထိုပုဒ်မအရဆိုလျှင် လျှောက်ထားသူနှင့်တကွ ၎င်း၏ မိဘနှစ်ပါး စလုံးသည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပါဝင်သော နယ်မြေတစ်ခုခုတွင် မွေးဖွားခဲ့ခြင်း ဖြစ်ရပေမည်။ လျှောက်ထားသူ၏ ဖခင် အဗ္ဗဒုဟာဒီမှာ ပါကစ္စတန်နိုင်ငံသားတစ်ဦးဖြစ်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတွင် မွေးဖွားခဲ့သည်ဟု မည်သူကမျှ တင်ပြထားခြင်း မရှိသည့်အလျောက် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၄ (၂) နှင့် သက်ဆိုင်ခြင်းမရှိ။

သို့ရာတွင် လျှောက်ထားသူ၏ ပညာရှိရှေ့နေကြီးက လျှောက်ထား သူသည် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေပုဒ်မ ၁၁ (ဂ) အရ ပြည်ထောင်စု မြန်မာ နိုင်ငံသူ

တယောက်ဖြစ်သည်ဟု လျှောက်လဲသွား**၏**။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁ (ဂ) မှာ၊ အောက်ပါအတိုင်းဖြစ်သည်။

> "ပြည်ထောင်စုနိုင်ငံ**၏** နိုင်ငံသားဖြစ်သော၊ သို့တည်းမဟုတ် ဤအခြေခံဥပဒေ စတင်အာဏာတည်သည့်နေ့တွင် အသက်ရှင်နေသည်ဖြစ်ပါက၊ တိုင်းရင်းသားအဖြစ်ကို ရယူခွင့်ရှိသော မိဘနှစ်ပါးမှ ပြည်ထောင်စုနိုင်ငံတွင် ပါဝင်လတ္တံ့သော အာဏာပိုင်နက်အတွင်း၌ မွေးဖွါးသူတိုင်းသည်၎င်း၊"

လျှောက်ထားသူ**၏** ပညာရှိ ရွှေနေကြီးက၊ လျှောက်ထားသူသည် မြန်မာပြည်တွင် မွေးဖွါးကြောင်း၊ ထို့ပြင် လျှောက်ထားသူ**၏**မိခင် ရှရီဖါဘီမှာ ပြည်ထောင်စုနိုင်ငံသူတဦးဖြစ်ကြောင်း၊ ဖခင် အဗ္ဗဒူဟာဒီမှာ ပါကစ္စတန်နိုင်ငံသားတဦးပင်ဖြစ်သော်လည်း၊ မြန်မာပြည်တွင် ရှစ်နှစ်ထက်မနည်း တဆက်တည်း နေထိုင်ခဲ့ဘူးသူဖြစ်၍၊ အကယ်၍ ၎င်းသာအသက်ရှင်နေပါမူ၊ ပြည်ထောင်စုနိုင်ငံသားအဖြစ်ကို ရယူခွင့်ရှိကြောင်း၊ ထို အကြောင်းမျှားကြောင့်၊ **ဖွဲ့**စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၁ (ဂ) **အရ၊ အကျုံး** ဝင်ကြောင်း တင်ပြသွား**၏**။ ဤအမှုနှင့် အကျုံးဝင်သည့် **ဖွဲ့**စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၁ (ဂ) ပါ လိုရင်းစကားရပ်မှာ၊ "ဤအခြေခံဥပဒေစတင်အာဏာတည်သည့်နေ့တွင် အသက်ရှင်နေသည်ဖြစ်ပါက၊ **တိုင်းရင်းသား** အဖြစ်ကို ရယူခွင့်ရှိသော မိဘနှစ်ပါး" ဖြစ်ရာ၊ ကွယ်လွန်သူ မိဘများသည် တိုင်းရင်းသားအဖြစ်ကို ရယူခွင့်ရှိရန်လိုပေသည်။ '**တိုင်းရင်းသား**' ဆိုသည့် စကားရပ်မှာ '**နိုင်ငံသား**' ဆိုသည့်စကားရပ်နှင့် မတူပေ။ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၃ (၁) တွင်၊ တိုင်းရင်းသားဆိုသည်မှာ၊ ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မြန်မာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ သို့မဟုတ် ၁၈၂၃ ခုနှစ်မတိုင်မီကာလမှစ၍၊ ပြည်ထောင်စုတွင် ပါဝင်သော နယ်မြေတခုခု၌ အခြေစိုက်နေထိုင်ခဲ့သော၊ မျိုးနွယ်များဖြစ်သည်ဟု ပြဋ္ဌာန်းထားလေသည်။

ယခုအမှုတွင် လျှောက်ထားသူ**၏**ဖခင် အဗ္ဗဒူဟာဒီမှာ၊ ပါကစ္စတန်နိုင်ငံသားဖြစ်ပြီး၊ အထက်တွင် ဖေါ်ပြခဲ့သည့် တိုင်းရင်းသား တဦးဦးဖြစ်သည်ဟု မည်သည့်နည်းနှင့်မျှ မဆိုနိုင်သောကြောင့်၊ လျှောက်ထားသူသည် **ဖွဲ့**စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၁ (ဂ) အရ၊ မြန်မာနိုင်ငံသူဖြစ်သည်ဆိုသော လျှောက်လဲချက်ကို လက်မခံနိုင်ပေ။

အထက်ပါ အကြောင်းမျှားကြောင့်၊ ဤပြင်ဆင်လွှာကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးချုပ် ဒေါက်တာမောင်မောင် တရားသူကြီး ဦးချစ် နှင့် တရားသူကြီး ဦးသက်ဖေ တို့ ရှေ့တွင်

† ၁၉၆၆

ဧပြီလ ၁ ရက်။

ဒေါ်ကွန် (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၄၄ အရ၊ ပြစ်မှုထင်ရှား တွေ့ရှိခြင်း—ကိုယ်တိုင်ထိခိုက်နစ်နာသူက တိုင်တန်းခဲ့ခြင်းဟုတ် မဟုတ်—အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့်အမိန့်၏ အကျိုးကျေးဇူးကို အပြည့်အဝ ခံစားနိုင်ခွင့်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အမှုကို တိုင်တန်းခဲ့သူ ဒေါ်လှပိုတွင် ယောကျ်ားလည်းဆုံးရ၊ ၎င်းက သူကြီးအား တိုင်ပေးပါဟု ပြောလိုက်ပါသည်ဆိုသည့် ၎င်းကရုံးတွင်ကျမ်းဖြင့်အစစ်ခံခဲ့သောစကားကိုလည်း မဟုတ်စကားဟု ဆုံးဖြတ်ခံရလျှင် နှစ်ခါနှစ်ထပ်နစ်နာရမည်။ ထို့ကြောင့် ဒေါ်လှပိုနှင့် ၎င်းအား ထောက်ခံထွက်ဆိုသွားသော သက်သေများ၏ ထွက်ဆိုချက်တို့ကိုလက်ခံ၍ အမှုကို ဒေါ်လှပိုက တိုင်တန်းဖွင့်လှစ်ခဲ့သည်။ ကိုယ်တိုင်ထိခိုက်နစ်နာသော မုဆိုးမက တိုင်တန်းခဲ့ခြင်းဖြစ်သဖြင့်၊ တရားခံများသည် အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့်၏ အကျိုးကျေးဇူးကို အပြည့်အဝခံစားနိုင်ခွင့်မရှိ။ လျှောက်ပေါ်သော ပြစ်ဒဏ်ကိုသာ ကျခံနိုင်ခွင့်ရှိသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေကြီး ဒေါ်မြသန်းနု။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။လျှောက်ထားသူ ဒေါ်ကွန်၏ ယောကျ်ား ဦးသိန်းဖေကို ရှေဘိုမြို့၊ အထူးတရားသူကြီးက ရာဇဝတ်ကြီးမှုအမှတ် ၁၁/၆၂ တွင် ရာဇသတ်ပုဒ်မ ၃၀၂ အရငင်း၊ ပုဒ်မ ၃၆၄ အရငင်း၊ ပြစ်မှုထင်ရှားတွေ့ရှိကာ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်နှင့် ၃ နှစ်စီကို တပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ဦးသိန်းဖေသည် မောင်ထွန်းမောင်ဆိုသူကို ခေါ်

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၂ (က)။

† ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၁ တွင်ချမှတ်သော ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက် နေ့စွဲပါ၊ ရှေဘိုမြို့၊ အထူးတရားသူကြီး၏အမိန့်ကို ပြန်၍ဆင်ခြင်မှု။

ဆောင်သွားကာ သတ်ပစ်သည်ဟု အထူးတရားသူကြီးက တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ပြစ်မှုသည် အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့်အမိန့်တွင် အကျုံးဝင်သော ကာလအတွင်း၌ ကျူးလွန်ခဲ့သောကြောင့်၊ ထိုကဲ့သို့ လျှောပေါ်သော ထောင်ဒဏ်များကို သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ဦးသိန်းဖေက မန္တလေးမြို့ရုံးထိုင် တရားရုံးချုပ်သို့ အယူခံဝင်ခဲ့ရာ မအောင်မြင်ခဲ့ပေ။ ၎င်း**၏ဇနီး** ဒေါ်ကုန်က ဤရုံးနှင့် အထူးရာဇဝတ်ရုံး အယူခံအဖွဲ့တို့က အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို အငြိပ်ါယ်ဖွင့်ဆိုခဲ့သည့် စီရင်ထုံးများကို ရည်ညွှန်း၍၊ အမှုကို မောင်ထွန်းမောင် သေဆုံးသည့်အတွက် ကိုယ်တိုင်ထိခိုက်နစ်နာသူက တိုင်တန်းခဲ့ခြင်းမဟုတ်ပါ။ ရဲအရာရှိများက တိုင်ချက်ဖွင့်လှစ်၍ အရေးယူခဲ့ခြင်း ဖြစ်သဖြင့်၊ အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့် အမိန့်နှင့် လုံးဝအကျုံးဝင်သည်ဟု ဆုံးဖြတ်သင့်ပါသည်ဟု လျှောက်ထားသည်။ ထိုအချက် မှန် မမှန် ထပ်မံဆန်းစစ်နိုင်ရန်အတွက် ကျန်ပ်တို့က ဤခုံရုံးကို ဖွဲ့စည်း၍ ပြင်ဆင်မှုဖွင့်လှစ်ပေးခဲ့သည်။

ပညာရှိ အစိုးရဖွဲ့နေကြီး ဒေါ်မြသန်းနုက အမှုအသွားအလာတို့ကို လေ့လာသုံးသပ်ပြီးနောက်၊ အမှုကို အရေးယူခဲ့သည်မှာ သေဆုံးသူ**၏ဇနီး** ဒေါ်လှပို (လိုပြ-၁၀) က ရှာသူကြီး ဦးရွှင်ဆိုသူအား တိုင်ကြားခိုင်းသဖြင့်၊ ရဲမှအရေးယူခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကိုယ်တိုင်ထိခိုက်နစ်နာသူက တိုင်တန်းရာရောက်ပါသည်၊ လုံးဝလွှတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သည့်အမှု မဟုတ်ပါဟု လျှောက်လဲတင်ပြသည်။

ဒေါ်လှပိုက ရုံးတွင် အစစ်ခံရာ၌ ၎င်းကသွားရောက်တိုင်တန်းခိုင်းကြောင်းထွက်ဆိုသည်။ ၎င်းကိုယ်တိုင် သွားရောက်ခြင်း မပြုနိုင်သည်မှာ နေထိုင်မကောင်း၍ ဖြစ်ပါသည်ဟု ထွက်ဆိုခဲ့သည်။ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်တွင် မည်သို့အကျုံးဝင်သည်ကို ပညာရှိ အထူးတရားသူကြီးက သုံးသပ်ပြီးနောက်၊ စီရင်ချက်၌ ဒေါ်လှပိုသည် ချီပါသူကြီး ဦးရွှင်အား တိုင်ကြားခဲ့သည့် အကြောင်းမှာ ထင်ရှားစွာ ပေါ်ပေါက်နေသည်ဟု ဆုံးဖြတ်ခဲ့သည်။ ဦးရွှင် (လိုပြ-၁၇)၊ ကိုသာဦး (လိုပြ-၆) နှင့် ဦးတင် (လိုပြ-၁၆) တို့၏ ထွက်ချက်တို့က ထိုကောက်ယူချက်ကို ထောက်ခံလျက်ရှိသည်။ ဦးရွှင်က ဒေါ်လှပိုထံ သွားရောက်အကြောင်းကြားသောအခါ ဒေါ်လှပိုက နေထိုင်မကောင်းသဖြင့်၊ ၎င်း**၏**မောင်တော်သူ မောင်အုန်းဖေ (လိုပြ-၉) အား အခင်းဖြစ်သည့် နေရာသို့ ဦးရွှင်တို့နှင့်အတူ လိုက်ပါသွားရန်ပင် ထည့်လိုက်သည်၊ ထိုသက်သေများ**၏** ထွက်ချက်တို့ကိုခြုံ၍ကြည့်လျှင်၊ ဒေါ်လှပိုသည် ကိုယ်တိုင်ထိခိုက်နစ်နာသူဖြစ်သည့် အားလျော်စွာ အမှုဖွင့်လှစ် အရေးယူရန် မူလကပင် ဆန္ဒရှိသည်၊ တိုင်တန်းခဲ့သည်ဟု ယူဆရန်ဖြစ်သည်။

၁၉၆၆

ဒေါ်ကုန်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ပညာရှိ အထူးတရားသူကြီးက အမှုဖြစ်ပွါးသည့် ဒေသများတွင် ထိုအချိန်က သောင်းကျန်းသူများကြောင့်၎င်း၊ နိုင်ငံရေးအရောင်ပြ၍ ဆိုးရွားနေကြသော လူအချို့ တို့ကြောင့်၎င်း၊ ရွာသူရွာသားများ ကြောက်လန့်နေခဲ့ကြရသည်ဟု မှတ်ချက်ပြုသည်။ ၁၉၅၅ ခုနှင့် ၁၉၅၈ ခုနှစ်ကြားကာလအတွင်း ဆိပ်ခွန်၊ ချီပါ၊ တက်တူ စသော ရွှေဘိုအနောက်ပိုင်းရွာများ၌ ဓါးပြမှု၊ လူသတ်မှု စသော ရာဇဝတ်ကြီးမှုပေါင်း ၅၁ မှု ခန့်ဖြစ်ပွါးခဲ့ရာ၊ ၃ မှုကိုသာ စုံစမ်းစစ်ဆေးနိုင်ခဲ့ရသည်။ ကျန် ၄၈ မှုမှာ သက်သေခံ ပံ့သူမရှိ၍ အမှုများမပေါ် ခဲ့၊ တော်လှန်ရေးအစိုးရ တက်ပြီးသည့်နောက်ပိုင်းမှ ပြောရဲ ဆိုရဲဖြစ်လာကြကာ အမှုများကို ဖော် ထုတ်နိုင်ကြသည်ဟု ကာလဒေသနှင့် ပတ်သက်၍ ပညာရှိ အထူးတရားသူကြီးက မှတ်ချက်ပြုထားသည်။ ထိုအခြေအနေအကြားထဲမှ သေဆုံးသူ၏ဇနီး ဒေါ် လှပိုသည် ၎င်းအားလာဆော် အကြောင်းကြားသော ဦးဖွင့်နှင့် အခြားလူကြီးများအား အမှုဖွင့်လှစ်ပေးပါဟု တိုင်တန်းလိုက်ခြင်း ဖြစ်သည်ဆိုသည့် အချက်မှာ၊ ပတ်ဝန်းကျင် အခြေအနေနှင့် ထောက်လှမ်းရေး ယုတ္တိရှိသည်ဟု ဆိုရမည်။

ဒေါ် လှပိုတွင် ယောကျ်ားလည်း သေဆုံးရ၊ ၎င်းကသူကြီးအား တိုင်ပေးပါဟု ပြောလိုက်ပါသည်ဆိုသည့် ၎င်းကင်းတွင်ကျမ်းဖြင့် အစစ်ခံခဲ့သော စကားကိုလည်း မဟုတ်စကားဟု ဆုံးဖြတ်ခံရလျှင် နှစ်ခါနှစ်ထပ် နစ်နာရမည်။ ထို့ကြောင့် ဒေါ် လှပိုနှင့် ၎င်းအား ထောက်ခံထွက်ဆိုသွားသော သက်သေများ၏ ထွက်ဆိုချက်တို့ကို လက်ခံ၍၊ အမှုကို ဒေါ် လှပိုက တိုင်တန်းဖွင့်လှစ်ခဲ့သည်။ ကိုယ်တိုင်ထိခိုက်နစ်နာသော မုဆိုးမက တိုင်တန်းခဲ့ခြင်းဖြစ်သဖြင့်၊ တရားခံများသည် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်၏ အကျိုးကျေးဇူးကို အပြည့်အဝ ခံစားနိုင်ခွင့်မရှိ။ လျော့ပေါ့သော ပြစ်ဒဏ်ကိုသာ ကျခံနိုင်ခွင့်ရှိသည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်သည်။ ထို့ကြောင့် ပြင်ဆင်မှုကို ပလပ် လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတင်

ဒေါ်ခင်သန်း ပါ ၅ (အယူခံတရားလိုများ)

နှင့်

ဒေါ်ဖွားသိန်း (အယူခံတရားခံ) *

† ၁၉၆၆ ပြီလ ၂၆ ရက်။

အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများအက်ဥပဒေပုဒ်မ ၄၇—အုပ်ထိန်းခံရသူအား လက်ရောက်အပ်ပေး ရန်ကိစ္စ၌ စုံစမ်းကြားနာခြင်း—တရားမကျင့်ထုံးအရ ကျင့်သုံးရမည်ဟုဆိုနိုင် မဆိုနိုင်—တရား မကျင့်ထုံးအရ တိကျစွာ ဆောင်ရွက်ခြင်းမရှိသဖြင့် ဆောင်ရွက်ချက်မှာ လုံးဝပျက်ပြယ်သည် ဟုဆိုနိုင် မဆိုနိုင်—တရားမျှတမှု ကင်းမဲ့သည့်အမိန့်ဖြစ်သည်ဟုဆိုနိုင် မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေကို သေချာစွာလေ့လာလျှင် ပုဒ်မ ၁၀၊ ၁၁၊ ၃၆၊ ၄၃၊ ၄၆ တို့၌သာလျှင် တရားမကျင့်ထုံးအရ ကျင့်သုံးရန် ပြဋ္ဌာန်းထားလေသည်။ ပုဒ်မအနည်းငယ်၌သာ တရားမကျင့်ထုံးအရ ကျင့်သုံးရမည်ဖြစ်ကြောင်း ဖေါ်ပြထားသည့်အလျောက် ကျန်အခြားပုဒ်မများကိစ္စတွင်လည်း တရားမကျင့်ထုံးအရ ကျင့်သုံးရမည်ဟုဆိုရန် ခဲယဉ်းသည်။ သို့ဖြစ်ရာ အောက်ရုံးတရားသူကြီးသည် ပုဒ်မ ၂၅ အရ၊ စုံစမ်းရာ၌ တရားမကျင့်ထုံးအရ တိကျစွာ ဆောင်ရွက်ထားခြင်း မရှိကာမျှဖြင့်၊ ၎င်း၏ ဆောင်ရွက်ချက်မှာ လုံးဝပျက်ပြယ်သည်ဟု မဆိုနိုင်သည့် အပြင်၊ ၎င်း၏အမိန့်မှာ တရားမျှတမှုကင်းမဲ့သည့် အမိန့်ဖြစ်သည်ဟု မဆိုနိုင်၍ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိ။

ခွန်ဒီဒေဝီ နှင့် ချိုတီလာလ်၊ အတွဲ ၄၄၊ အလာဟာဘတ် ၅၀၇ ကိုရည်ညွှန်းသည်။

အယူခံတရားလိုများအတွက်။ ။ဦးမောင်။

အယူခံတရားခံအတွက်။ ။ဦးဘဆွေ။

တရားသူကြီး ဦးသက်ဖေ။ ။ဤအယူခံမှုမှာ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေပုဒ်မ ၄၇ အရ တင်သွင်းသည့်အမှုဖြစ်သည်။ အဆိုပါ အယူခံမှု ပေါ်ပေါက်လာရသည့် အတ္ထုပ္ပတ္တိနောက်ကြောင်းရာဇဝင်ကို အကျဉ်းချုပ်ဖေါ်ပြရန် လိုပေသည်။

---

* ၁၉၆၅ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၅၈။

† ၁၉၆၄ ခုနှစ်၊ တရားမအသေးအဖွဲမှု အမှတ် ၁ တွင်၊ သာယာဝတီမြို့၊ ရာဘက်ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

B

၁၉၆၆

ဒေါ်ခင်သန်း ပါ ၅ နှင့် ဒေါ်ဖွါးသိန်း။

သာယာဝတီခရိုင်၊ နတ္တလင်းမြို့တွင် ဦးခင်မောင်နှင့် ယခုအယူခံတရားခံ ဒေါ်ဖွါးသိန်းတို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းလာရာ၊ သားတယောက်နှင့် သမီးတယောက် ထွန်းကားခဲ့၏။ ထိုနောက် ဦးခင်မောင်နှင့် ဒေါ်ဖွါးသိန်းတို့သည် အကြင်လင်မယားအဖြစ်မှ ကွာရှင်းကြရာ၊ သမီးဖြစ်သူ အေးမာခင်ကို ဘခင် ဦးခင်မောင်က လက်ခံထိန်းသိမ်းရန်နှင့် သားဖြစ်သူ မောင်ကြည်အား မိခင် ဒေါ်ဖွါးသိန်းက လက်ခံထိန်းသိမ်းကြရန် သဘောတူညီခဲ့သည်၊ ၎င်းနောက် သာယာဝတီခရိုင် တရားမရုံး၏ ၁၉၆၀ ခုနှစ်၊ တရားမသေးမှုအမှတ် ၂၀ တွင် ဒေါ်ဖွါးသိန်းက ၎င်းအား သမီး အေးမာခင်၏ အုပ်ထိန်းသူအဖြစ် ခန့်ထားရန် လျှောက်ထားရာ ဦးခင်မောင်က အပြင်းအထန် ကန့်ကွက်သောကြောင့်၊ ပညာရှိ ခရိုင်တရားမ တရားသူကြီးက ဒေါ်ဖွါးသိန်း၏ လျှောက်လွှာကို ပယ်ချလိုက်လေသည်။

ထိုကဲ့သို့ ပယ်လိုက်သော အမိန့်ကို ဒေါ်ဖွါးသိန်းက မကျေနပ်သဖြင့်၊ တရားရုံးချုပ်၏ ၁၉၆၂ ခုနှစ်၊ တရားမအသေးအဖွဲ့ အယူခံမှုအမှတ် ၂၆ တွင် အယူခံဝင်လေသည်။ ထိုအယူခံမှု မပြီးဆုံးမီအတွင်း ဦးခင်မောင် သေဆုံးသွားသဖြင့်၊ ဦးခင်မောင်၏ နှစ်မနှင့် ညီမျှားဖြစ်ကြသည့် ယခုအယူခံတရားလိုတို့အား အမှုသည်အဖြစ် ထည့်သွင်းကာ ကြားနာပြီးနောက်၊ ဒေါ်ဖွါးသိန်းအား သမီးဖြစ်သူ အေးမာခင်၏ အုပ်ထိန်းသူအဖြစ် ခန့်ထားလိုက်လေသည်။

ယင်းသို့ ဒေါ်ဖွါးသိန်းအား အုပ်ထိန်းသူအဖြစ် ခန့်ထားလိုက်သော်လည်း၊ အေးမာခင်အား အဒေါ်နှင့် ဦးလေးများဖြစ်ကြသည့် အယူခံတရားလိုတို့က ပြန်ပေးရန် ငြင်းဆန်ပြီး ထိန်းသိမ်းထားသောကြောင့်၊ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေပုဒ်မ ၂၅ အရ အုပ်ထိန်းခံရသူအား လက်ရောက်အပ်ပေးရန် သာယာဝတီခရိုင် တရားမရုံး၏ ၁၉၆၃ ခုနှစ်၊ တရားမသေးမှုအမှတ် ၉ တွင် လျှောက်ထားခဲ့ရ၏။ ပညာရှိ ခရိုင်တရားမတရားသူကြီးက တရားရုံးချုပ်၏ အမိန့်အတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရုံးချွေ၌ ပြောဆိုမိသောကြောင့်၊ အယူခံတရားလိုတို့က ရုံးပြောင်းပေးရန်၊ တရားရုံးချုပ်၏ ၁၉၆၃ ခုနှစ်၊ တရားမသေးမှုအမှတ် ၁၇၁ တွင် လျှောက်ထားသည့် အလျောက်၊ သာယာဝတီ ရာဘက်ခရိုင်တရားမရုံးသို့ ပြောင်းလွှေစစ်ဆေးစေခဲ့လေသည်။

ပညာရှိ ရာဘက်ခရိုင်တရားမ တရားသူကြီးသည် ဒေါ်ဖွါးသိန်း၏ လျှောက်လွှာပါ ကိစ္စကို စုံစမ်းကြားနာရန် ၎င်း၏ ၁၉၆၄ ခုနှစ်၊ တရားမသေးမှုအမှတ် ၁ ကို ဖွင့်လှစ်ကာ သက်သေများကို စစ်ဆေးရန် ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့သို့ ချိန်းဆိုခဲ့၏။ ထိုနေ့တွင် အယူခံတရားလိုတို့၏ ကိုယ်စားလှယ် ဦးတင်ကြည်ဆိုသူသည် ရုံးသို့လာရောက်ပြီး၊ ၎င်း၏ပညာရှိ ရှေနေကြီး မအားလပ်၍ ရက်ချိန်းတောင်းရာ၊ တဘက်မှ

ကန့်ကွက်၏။ ဦးတင်ကြည်က အခြားရွေးနေတဦး ဌါနမှူးရန်ပြုသောအခါ ဦးတင်ကြည်မှာ အယူခံတရားလိုတို့၏ ဆန့်စက်ကိစ္စအတွက်သာ ဆောင်ရွက်ရန် အာဏာရသူဖြစ်ပြီး၊ အမှုတွင် လိုက်ပါဆောင်ရွက်နိုင်ခွင့် မရှိသည့်အလျောက်၊ ရုံးမှ ၎င်း၏လျောက်ထားချက်များကို ပယ်ချကာ၊ ဒေါ်ဖွါးသိန်းနှင့် ၎င်းတို့၏ သက်သေများကို တဘက်သတ်စစ်ဆေးကြားနာခဲ့လေသည်။ နောက်ရက်ချိန်းဖြစ်သည့် ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် အယူခံတရားလို၏ ပညာရှိ ရွေနေကြီးက လျောက်ထားသူနှင့် ၎င်းတို့၏ သက်သေများကို ပြန်လှန်မေးခွန်းထုတ်ခွင့်ပြုရန် လျောက်ထားရာ၊ ပညာရှိ ရာဘက်ခရိုင်တရားမ တရားသူကြီးက ထိုလျောက်ထားချက်ကို ပယ်ခဲ့လေသည်။

ထိုကဲ့သို့ ပညာရှိ ရာဘက်ခရိုင်တရားမ တရားသူကြီးက အယူခံတရားလိုများ မလာရောက်သဖြင့် အမှုကို တဘက်သတ် စစ်ဆေးရန် ချမှတ်ခဲ့သော အမိန့်အား ပြင်ဆင်ပေးရန် အယူခံတရားလိုတို့က တရားရုံးချုပ်၏ ၁၉၆၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၅၀ တွင် လျောက်ထားခဲ့ပြီးနောက်၊ ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် ပြန်လည်ရုပ်သိမ်းသွားလေသည်။ ယင်းသို့ ပြင်ဆင်မှုလျောက်ထားခိုက် အောက်ရုံးမှ အမှုကို ရပ်ဆိုင်းထားခဲ့ရ၏။ ပြင်ဆင်မှုကို ရုပ်သိမ်းသဖြင့် ပလပ်လိုက်သော အခါ အောက်ရုံးမှ နှစ်ဦးနှစ်ဘက်အပေါ် နို့တစ်စာထုတ်ခဲ့သော်လည်း၊ အယူခံတရားလိုတို့သည် အောက်ရုံးဥ ဆက်လက်ဆောင်ရွက်ခြင်း မပြုသဖြင့်၊ ဒေါ်ဖွါးသိန်း လျောက်ထားသည့်အတိုင်း အေးမာခင်ကို လက်ထောက်အပ်ပေးရန် အမိန့်ချမှတ်လိုက်လေသည်။ ထို့အမိန့်ကို မကျေနပ်သဖြင့် ယခုတဖန် အယူခံဝင်ထောက်ခြင်းပင်ဖြစ်လေသည်။

အယူခံတရားခံ ဒေါ်ဖွါးသိန်းသည် သမီး အေးမာခင်အား အုပ်ထိန်းသူအဖြစ် ခန့်ထားရန် ၁၉၆၀ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် စတင်လျှောက်ထားခဲ့ပြီး၊ ၎င်းအား တရားရုံးချုပ်မှ ၁၉၆၃ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် အုပ်ထိန်းသူအဖြစ် ခန့်အပ်ခဲ့၏။ သို့သော်လည်း ယနေ့တိုင် ၎င်းသည် သမီးဖြစ်သူအား လက်ထောက်အုပ်ထိန်းခွင့် မရရှိသေးသည်ဆိုသော အချက်ကို မျက်ခြေမပြတ်သင့်ပေ။

အယူခံ တရားလို၏ ပညာရှိ ရွေနေကြီးက၊ ပညာရှိ ရာဘက်ခရိုင်တရားသူကြီးသည် ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် တရားမကျင့်ထုံးအမိန့် ၁၇၊ နည်းဥပဒေ ၃ ကို အသုံးမပြုသင့်ဘဲလျက် အသုံးပြုခဲ့သောကြောင့် ဥပဒေအရ မှားယွင်းကြောင်း၊ အမှန်မှာ နည်းဥပဒေ ၂ ကိုသာ အသုံးပြုခဲ့သင့်ကြောင်း၊ ယင်းသို့မှားယွင်းအသုံးပြု၍ ကြားနာခဲ့ခြင်းကြောင့်၊ ၎င်း၏အမိန့်ကို ပယ်ဖျက်ပြီး၊ အမှုကို အသစ်တဖန် စစ်ဆေးရန် ပြန်လည်ပေးပို့သင့်ကြောင်း လျှောက်လဲသွား၏။ ပညာရှိ အောက်ရုံးတရားသူကြီး၏ ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့စွဲပါ နေ့စဉ်မှတ်တမ်း၌ အယူခံတရားလိုတို့ မလာသဖြင့် တရားမကျင့်ထုံးအမိန့် ၁၇၊ နည်း

၁၉၆၆ ဒေါ်ခင်ဆန်း ပါ ၅ နှင့် ဒေါ်ဖွါးသိန်း။

ဥပဒေ ၃ အရ အမှုကို စစ်ဆေးကြောင်း ဖေါ်ပြထားသည်မှာမှန်၏။ သို့ရာတွင် ၎င်း၏ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့စွဲပါ အမိန့်တွင် တဘက်သတ် စစ်ဆေးရန် ချမှတ်ခဲ့သောအမိန့်ကို ပယ်ဖျက်ပေးရန် တောင်းဆိုနိုင်ကြောင်း ဖေါ်ပြထားသည့်အပြင်၊ ဤရုံး၏ ၁၉၆၄ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၅၀ ကို လျှောက်ထားစဉ်က တဘက်သတ် စစ်ဆေးရန် အမိန့်ကို ပယ်ဖျက်ရန် အောက်ရုံး၌ တောင်းဆိုလာပါက တဘက်မှ ကန့်ကွက်မည်မဟုတ်ဟု နှစ်ဘက်ပညာရှိ ရှေနေကြီးများ သဘောကူညီခဲ့သည်မှာ မှန်ကန်ကြောင်း ဦးဘဆွေနှင့် ဦးမောင်တို့က ဝန်ခံသွားကြသောကြောင့်၊ အယူခံတရားလိုတို့သည် ပြင်ဆင်မှုကို ပလပ်လိုက်ပြီးနောက်၊ အောက်ရုံးတွင် တဘက်သတ် စစ်ဆေးရန်အမိန့်ကို ပယ်ဖျက်ရန် ဆောင်ရွက်ခဲ့သင့်ပေသည်။ ယင်းသို့ ဆောင်ရွက်ခဲ့ခြင်းမပြုဘဲ ယခုမှတဖန် အယူခံဝင်ပြီး အမှုကို ပြန်လည်စစ်ဆေးရန် တောင်းဆိုခြင်းမှာ၊ အမှုကို မကြာသင့်ဘဲ ကြာအောင်ပြုလုပ်နေခြင်းသာဖြစ်သည်ဆိုသော အယူခံတရားခံ၏ စွပ်စွဲချက်မှာ အခြေအမြစ် မရှိဟု မဆိုနိုင်ပေ။

အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေ တခုလုံးသည် တရားမကျင့်ထုံးနှင့် အကဲ့ဖြတ်ဝင် မဝင်ဆိုသော ပြဿနာမှာ ဝိပါဒကဲ့ပြားလျက်ရှိ၏။ အိန္ဒိယပြည်တို့၊ စီရင်ထုံးအချို့က တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၁ အရ၊ တရားမကျင့်ထုံးသည် အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေပါ ပုဒ်မအားလုံးနှင့် တွဲဘက်ကျင့်သုံးရမည်ဟု ဆိုထား၏။ သို့ရာတွင် အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေကို သေချာစွာ လေ့လာလျှင်၊ ပုဒ်မ ၁၀၊ ၁၁၊ ၃၆၊ ၄၃၊ ၄၆ တို့၌သာလျှင် တရားမကျင့်ထုံးအရ ကျင့်သုံးရန် ပြဋ္ဌာန်းထားလေသည်။ ကျန်ပုဒ်မများနှင့် ပတ်သက်၍ တရားမကျင့်ထုံးအား ရည်ညွှန်းထားသည်ကို မတွေ့ရပေ။ အကယ်၍ တရားမကျင့်ထုံးသည် အဆိုပါ ပုဒ်မများသာမက၊ အခြားကျန်ပုဒ်မများကိုပါ အကဲ့ဖြတ်ဝင်သည်ဟုဆိုလျှင်၊ အမွေဆက်ခံခြင်းဥပဒေပုဒ်မ ၂၆၈ နှင့် ခုံအက်ဥပဒေ (Arbitration Act) ပုဒ်မ ၄၁ တို့ကဲ့သို့ ပြဋ္ဌာန်းချက် ပြုလုပ်ထားသင့်ပေသည်။ ယင်းသို့ ပြဋ္ဌာန်းထားခြင်းမရှိဘဲ အထက်ဖေါ်ပြပါပုဒ်မ အနည်းငယ်၌သာ တရားမကျင့်ထုံးအရ ကျင့်သုံးရမည်ဖြစ်ကြောင်း ဖေါ်ပြထားသည့်အလျောက်၊ ကျန်အခြားပုဒ်မများကိစ္စတွင်လည်း တရားမကျင့်ထုံးအရ၊ ကျင့်သုံးရမည်ဟုဆိုရန် ခဲယဉ်းပေသည်။ သို့ဖြစ်ရာ ပညာရှိအောက်ရုံး တရားသူကြီးသည် ပုဒ်မ ၂၅ အရ၊ စုံစမ်းစုဆ၌ တရားမကျင့်ထုံးအရ တိကျစွာ ဆောင်ရွက်ထားခြင်း မရှိကာမျှဖြင့်၊ ၎င်း၏ဆောင်ရွက်ချက်မှာ လုံးဝပျက်ပြယ်သည်ဟု မဆိုနိုင်ပေ။

ပုဒ်မ ၂၅ အရ စုံစမ်းမှုတွင် အယူခံတရားလိုတို့က အောက်ရုံး၌ ဒေါ်ဖွါးသိန်းသည် သမီးဖြစ်သူအား ခင်မင်ကြင်နာ၍ အုပ်ထိန်းသူအဖြစ် လျှောက်ထားခဲ့ခြင်းမဟုတ်ကြောင်း၊ အယူခံတရားလိုတို့ ဝမ်းနည်းပက်လက်ဖြစ်အောင် အရွက်တိုက်ခြင်းသာဖြစ်

ကြောင်း၊ အေးမာခင်အား အယူခံတရားလိုတို့က ရန်ကုန်မြို့တွင် ခေတ်မီကျောင်း၌ အထက်တန်းကျကျ ပညာသင်ပေးလျက်ရှိကြောင်း၊ ၎င်း၏ကျန်းမာရေးအတွက် ဆေးရုံကြီးရှိသည့် ရန်ကုန်မြို့၌ထားသင့်ကြောင်း ထုချေထားသည်ကို တွေ့ရ၏။ အေးမာခင်အား ကိုးလလွယ်ပြီး ဆယ်လမွေးခဲ့ရသည့်မိခင် ဒေါ်ဖွံ့သိန်း၏မေတ္တာသည်၊ ၎င်းအား ဦးလေး အဒေါ်တို့၏ ချစ်ခြင်းနှင့် မနှိုင်းယှဉ်အပ်ပေ။ မည်သူက မည်မျှပင် ချစ်ခြင်းမေတ္တာရှိသည်ဟု ဆိုစေကာမူ မိခင်၏ ချစ်ခြင်းမေတ္တာကို မှီနိုင်မည်မဟုတ်။ ယခုအခါ နိုင်ငံတော်အစိုးရက တနိုင်ငံလုံးရှိ ကျောင်းများကို ပြည်သူပိုင်သိမ်းပြီး တစံနှစ်တည်း သင်ချပေးပို့လျက်ရှိသောကြောင့်၊ ရန်ကုန်ကျောင်းဖြစ်စေ၊ နတ္တလင်းကျောင်းဖြစ်စေ၊ ပညာဆည်းပူးရာ၌ ထူးခြားဘွယ်မရှိ၊ ဆေးဝါးကုသရေးနှင့် ပတ်သက်၍လည်း နတ္တလင်းမြို့၌လည်း ပြည်သူ့ဆေးရုံရှိသဖြင့်၊ ပူပင်စရာမရှိနိုင်။ ထို့ပြင် ဒေါ်ဖွံ့သိန်းသည် ပစ္စည်းဥစ္စာ ကုန်လုံသူတဦးဖြစ်သည့်အားလျော်စွာ၊ သမီးဖြစ်သူအား ကောင်းမွန်စွာ ပြုစုစောင့်ရှောက်မထားနိုင်စရာအကြောင်းမရှိ၊ ထို့ကြောင့် အောက်ရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး အသစ်ထပ်မံ ပြန်လည်စစ်ဆေးစေရန်အကြောင်းလုံးဝမရှိပေ။

ပညာရှိ အောက်ရုံးတရားသူကြီးသည် တရားမကျင့်ထုံးပါ ပြဋ္ဌာန်းချက်ကို တိကျစွာ လိုက်နာခြင်း မရှိစေကာမူ၊ ၎င်း၏အမိန့်မှာ တရားမျှတမှု ကင်းမဲ့သည့်အမိန့်ဖြစ်သည်ဟု မဆိုနိုင်၍၊ ဝင်ရောက်ဖက်စွက်ရန် အကြောင်းမရှိ၊ ထိုကိစ္စနှင့်ပတ်သက်၍ **ဓွန်ဒီဒေစီနှင့် ချိုတီလာ(လ်)** (၁) အမှုရှိ အောက်ပါဆုံးဖြတ်ချက်ကိုသာ ရည်ညွှန်းလိုသည်။

> **" In proceedings under the Guardians and Wards Act the District Judge exercises a parental jurisdiction and is not bound to observe that formality and precision of procedure which the Code of Civil Procedure exacts from a Court in the trial of a suit properly so called. The High Court will not upset an order appointing a guardian to a minor, if the order is in itself a reasonable one, merely because the Judge has to some extent failed to observe rules of procedure and evidence."**

အထက်ပါ အကြောင်းများကြောင့်၊ ဤအယူခံမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေကြီးစရိတ် ၅၀ ကျပ်သတ်မှတ်သည်။

---

(၁) အတွဲ ၄၄၊ အလာဟာဘတ် ၅၀၇။

နိုင်ငံတော် တရားရုံးချုပ်

တရားမပဌမအယူခံမှု

တရားသူကြီး ဦးထွန်းတင်ရွှေတွင်

ဒေါ်သန်းတင် (အယူခံတရားလို)

နှင့်

ဒေါ်အုန်းတင် (အယူခံတရားခံ)*

† ၁၉၆၆ မတ်လ ၄ ရက်။

ရုံးခွန်တော် အက်ဥပဒေပုဒ်မ ၇၊ အပိုဒ် ၅—တအိမ်လုံးလက်ရောက်ရရှိမှု—တအိမ်လုံး၏ ကာလတန်ဘိုးပေါ် ရုံးခွန်တော် ထမ်းဆောင်ရန်။

ဆုံးဖြတ်ချက်။ ။တအိမ်လုံးကို လက်ရောက်ရရှိရန် တရားစွဲဆိုထားသောအမှုတွင်၊ အယူခံတရားလိုက အိမ်ခန်းတခန်း၏တန်ဘိုးကို သတ်မှတ်၍ အခြေပြုပြီး၊ ရုံးခွန်တော် ထမ်းဆောင်ထားခြင်းမှာ လုံလောက်စွာ ရုံးခွန်တော်ထမ်းဆောင်ထားခြင်း မဖြစ်၊ ရုံးခွန်တော်အက်ဥပဒေ ပုဒ်မ ၇၊ အပိုဒ် ၅ အရ၊ ရုံးခွန်တော်ထမ်းဆောင်ရန်မှာ ထိုအိမ်၏ ကာလတန်ဘိုးပေါ်တွင် ထမ်းဆောင်ရမည်ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။ဦးမောင်မောင်။

အယူခံတရားခံအတွက်။ ။ဦးကိုကိုကြီး (၃)။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှ အယူခံတရားလို ဒေါ်သန်းတင်က၊ ရန်ကုန်မြို့တရားမရုံး၊ ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၆၃ တွင် အယူခံတရားခံဖြစ်သူ ဒေါ်အုန်းတင်အား၊ ရန်ကုန်မြို့၊ ရေကျော် ဝတ်ကျောင်းလမ်း၊ အမှတ် ၁၃ အိမ်၏ ဘယ်ဘက်အထက်ထပ်ခန်းမှ ထွက်ခွါဖယ်ရှားပေးရန်နှင့် ငှင်းအခန်းကို လက်ရောက်ရရှိရန် တရားစွဲဆိုခဲ့လေသည်။ ထို့ပြင်အယူခံတရားလိုက ယခုအမှုနှင့် ဆက်စပ်နေသည့် ၁၉၆၅ ခုနှစ်၊ အယူခံမှုအမှတ် ၅ နှင့် ပတ်သက်သည့်၊ ရန်ကုန်မြို့၊ တရားမရုံး၊ ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၆၃ တွင် ဒေါ်အုန်းတင်၏ အိမ်ငှါးဖြစ်သူ ဦးသန်းငွေအား၊ ငှင်းအိမ်၏ ညာဘက်အပေါ်ထပ်နှင့် အောက်ထပ်အခန်းများမှ ဖယ်ရှား၍ ထိုအခန်းများကို လက်ရောက်အပ်ပေးရန်ငှင်း၊ ဤရုံး ၁၉၆၅ ခုနှစ်၊

---

* ၁၉၆၅ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၃။

† ၁၉၆၁ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅၆၃ တွင်ချမှတ်သော ရန်ကုန်မြို့၊ ရာဘက်တတိယတရားမ တရားသူကြီး၏ ဒီကရီကို အယူခံဝင်မှု။

တရားမအယူခံမှုအမှတ် ၄ နှင့် ပတ်သက်သည့် ရန်ကုန်မြို့၊ တရားမရုံး၊ ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၆၂ တွင် ဒေါ်အုန်းတင်၏ အိမ်ငှါးများဖြစ်သူ အယူခံတရားခံ ဦးလှရွှေနှင့် ဒေါ်ကျင်မေတို့အား လည်း ၎င်းတို့နေထိုင်သည့် အချင်းဖြစ် အိမ်၏ ဘယ်ဘက်အောက်ထပ်ခန်းမှ ဖယ်ရှားပေးရန်နှင့် ထိုအခန်းကို လက်ရောက်ပေးအပ်ရန် အမှု ၃ မှုစွဲဆိုခဲ့လေသည်။

အယူခံတရားလို ဒေါ်သန်းတင်၏ ပြဆိုချက်မှာ အချင်းဖြစ်သည့် အိမ်ဆောက်ထားသည့်မြေကို ၁၉၅၅ ခုနှစ်က၊ ဒေါ်အုန်းတင်ထံမှ ရေစစ်တြီစာချုပ်နှင့် ဝယ်ယူပြီးနောက်၊ ၁၉၆၁ ခုနှစ်၊ ဇန္နဝါရီလလောက်တွင် ၎င်းမြေပေါ်၌ နှစ်ထပ်ပျဉ်ထောင်အိမ်ကို ဆောက်လုပ်ခဲ့ရာ ပြီးလုနီးအချိန်လောက်တွင်၊ အယူခံတရားခံ ဒေါ်အုန်းတင်နှင့် ဆက်စပ်နေသည့် အမှုများမှ ၎င်း၏အိမ်ငှါးများဖြစ်သူ ဦးသန်းငွေ၊ ဦးလှရွှေနှင့် ဒေါ်ကျင်မေတို့က အတင်းတင်ရောက်နေထိုင်ကြရာ၊ ဖယ်ရှားပေးရန် ပြောဆိုသော်လည်း မရသဖြင့်၊ ယခုအမှုများကို စွဲဆိုခြင်းဖြစ်သည်ဟု ပြဆိုလေသည်။ ဒေါ်အုန်းတင်ကမူ အချင်းဖြစ်မြေ ကို အယူခံတရားလိုသို့ အပြီးအပိုင် ရောင်းချလိုက်သည်ဆိုခြင်းကို ငြင်းဆိုသည့်ပြင်၊ ယခုနေထိုင်နေသည့် အိမ်မှာလည်း မိမိကိုယ်တိုင်ဆောက်သည့် အိမ်ဖြစ်၍ အယူခံတရားလို၏အိမ်တွင် မဘရားကျူးကျော် ဝင်ရောက်နေထိုင်ခြင်းမဟုတ်၊ ဆက်စပ်နေသည့် အမှုများမှ တရားခံများမှာလည်း ၎င်း၏အိမ်ငှါးများသာ ဖြစ်ပါသည်ဟု ချေပလေသည်။ ထိုအမှု ၃ မှုနှင့် ပတ်သက်နေသည့် အချင်းဖြစ်အိမ်မှာ တခုတည်းသာ ဖြစ်သဖြင့်၊ အမှု ၃ မှုကို မူလရုံးမှ အတူတကွကြားနာပြီးနောက်၊ အမှုအမှတ် ၅၆၃/၆၁ တွင် စီရင်ချက်နှင့် ဒီကရီကို ချမှတ်ခဲ့လေသည်။ ထိုစီရင်ချက်အရ၊ အောက်ရုံးမှ အယူခံတရားလိုဖြစ်သူ ဒေါ်သန်းတင်သည် အချင်းဖြစ်အိမ်ကို ၎င်းဆောက်သည့်အိမ်မဟုတ်ဟု ဆုံးဖြတ်ပြီး၊ ထိုအိမ်မှာ အယူခံတရားခံ ဒေါ်အုန်းတင်က ဆောက်သည့် အိမ်သာဖြစ်သဖြင့်၊ တရားခံဖြစ်သူ ဒေါ်အုန်းတင်နှင့် ၎င်း၏အိမ်ငှါးများမှာ ထိုအိမ်တွင် ကျူးကျော်နေထိုင်သူများ မဟုတ်ဟုလည်း ဆုံးဖြတ်ပြီး၊ အယူခံတရားလို၏အမှု ၃ မှု စလုံးကို စရိတ်နှင့်တကွ ပလပ်လိုက်လေသည်။

ထို့အတွက် အယူခံတရားလိုက ယခုအယူခံမှုနှင့် ဆက်စပ်နေသည့် အယူခံမှုအမှတ် ၄/၆၅ နှင့် ၅/၆၅ တို့ကို တင်သွင်းခဲ့ခြင်းဖြစ်ရကား၊ ယခုအယူခံမှုတွင် ချမှတ်မည့် အမိန့်သည် ဆက်စပ်နေသည့် အယူခံမှုအမှတ် ၄၊ ၅ တို့အတွက်ပါ အကျုံးဝင်ပေသည်။ အယူခံတရားလို၏ အယူခံလွှာ ပြဆိုချက်များကို မစဉ်းစားမီ အမှုတွဲများနှင့် ပညာရှိ ရွှေနေကြီးများ၏ လျှောက်ထားချက်တို့ကို ကြားနာသည်တွင်၊ ယခုအမှုများကို စွဲဆိုရာ၌ လုံလောက်သည့် ရုံးခွန်တော်များ ထမ်းဆောင်ခဲ့ခြင်းရှိ မရှိကို စဉ်းစားရန် ရှိကြောင်း တွေ့ရှိရသည်။ အဘယ်ကြောင့်ဆိုသော် အမှု ၃ မှုမှာ ရန်ကုန်မြို့၊ ရေကျော်

၁၉၆၆ ခေါ်သန်းတင်နှင့် ခေါ်အုန်းတင်။

ဝတ်ကျောင်းလမ်း၊ အိမ်နံပါတ် ၁၃ တအိမ်လုံးကို လက်ရောက်ရရှိရန် တရားစွဲဆို ထားပြီး၊ တံဆိပ်တော်ခွန်အတွက်ကိုလည်း တံဆိပ်တော်ခွန် ဥပဒေပုဒ်မ ၇၊ အပိုဒ် ၅ အရ ထမ်းဆောင်ကြောင်း အယူခံဘရားလို့၏ အဆိုလွှာတွင် ပြဆိုထားလင့်ကစား၊ အမှုတွဲများကို ကြည့်ရှုသောအခါ တံဆိပ်တော်ခွန်ကို အမှုအမှတ် ၅၆၃ တွင် ဒေ့ ၁,၅၀၀ ကျပ်ပေါ်တွင်သာ ထမ်းဆောင်၍၊ အမှုအမှတ် ၅၆၁ တွင် ဒေ့ ၃,၀၁၀ ကျပ်ပေါ်ထမ်းဆောင်ပြီး၊ အမှုအမှတ် ၅၆၂ တွင် ဒေ့ ၁,၅၀၀ ကျပ်ပေါ် ထမ်းဆောင်ထားသဖြင့်၊ အချင်းဖြစ်သည့်အိမ်အတွက် ထိုအမှု ၃ မှုတွင် ရုံးခွန်တော်ထမ်းဆောင်ထားခြင်းမှာ၊ ဒေ့ ၆,၀၀၀ ကျပ်ပေါ်တွင်ဖြစ်ကြောင်း တွေ့ရှိရသည်။ သို့သော် အမှုအမှတ် ၅၆၃/၆၁ တွင် တရားလိုဖြစ်သူ အယူခံတရားလို့၏ ကိုယ်စားလှယ် ဦးထွန်းမြင့်က အချင်းဖြစ်အိမ်မှာ မြေမပါလျှင် ၂၀,၀၀၀ ကျပ်လောက်တန်ပါသည်ဟု အတိအလင်း ထွက်ဆိုထားရကား၊ ရုံးခွန်တော် အက်ဥပဒေပုဒ်မ ၇၊ အပိုဒ် ၅ အရ ရုံးခွန်တော် ထမ်းဆောင်ရန်မှာ၊ ထိုအိမ်၏ ကာလတန်ဘိုး၊ နှစ်သောင်းပေါ်တွင်၊ ထမ်းဆောင်ရမည်ဖြစ်ပေသည်။ ယခုအမှုများတွင် ရုံးခွန်တော်ကို ဒေ့ ၆,၀၀၀ ကျပ်ပေါ်တွင်သာ ထမ်းဆောင်ထားသဖြင့် ရုံးခွန်တော်မှာ လုံလောက်စွာ ထမ်းဆောင်ထားခြင်းမရှိ၊ လိုအပ်နေပေသည်။

ဒုတိယအချက်နှင့် ပတ်သက်၍ အယူခံတရားလို့၏ စွဲလှာများကိုကြည့်ရှုမူ၊ ရှေးဦးစွာ အမှုအမှတ် ၅၆၁ တွင် အိမ်အပေါ်နှင့် အောက်ထပ်နှစ်ခန်းအတွက် တန်ဘိုး ၈၀၀ ကျပ် သာထား၍ ကျန်အခန်း ၂ ခန်းအတွက် အမှုအမှတ် ၅၆၂/၆၁ နှင့် ၅၆၃/၆၁ တို့တွင် တခန်းလျှင် တန်ဘိုး ၅၀၀ ကျပ်စီသာထား၍ ရုံးခွန်တော်ထမ်းဆောင်ခဲ့သဖြင့်၊ အယူခံ တရားခံများက ရုံးခွန်တော် ထမ်းဆောင်ခြင်းမှာ များစွာလျော့နည်းကြောင်းကို ကန့်ကွက်ခဲ့လေသည်။ ထိုနောက် နှစ်ဦးနှစ်ဘက် သဘောတူသည်ဆိုပြီး အိမ်ခန်း တခန်း၏ တန်ဘိုးကို ဒေ့ ၁,၅၀၀ ကျပ်သတ်မှတ်၍၊ အယူခံတရားလိုက ထိုတန်ဘိုးပေါ် အခြေပြု ရုံးခွန်တော်ထမ်းဆောင်သည့် ပြင်ဆင်လွှာများကို တင်သွင်းခဲ့သည်။ အမှု စစ်ဆေး သောအခါမူ တရားလို့၏ ကိုယ်စားလှယ်က အိမ်မှာ မြေမပါလျှင် ယခုကာလ တန်ဘိုး နှစ်သောင်းတန်ပါသည်ဟု ထွက်ဆိုထားသဖြင့်၊ ထမ်းဆောင်ထားသည့် ရုံးခွန် တော်မှာ များစွာလျော့နည်းနေကြောင်း ပေါ်လွင်နေပေသည်။ ထိုအချက်နှင့် ပတ်သက်၍ အယူခံတရားလို့၏ ပညာရှိ ရှေနေကြီးက နှစ်ဦးသဘောတူချက်အရ ရုံးခွန်တော် ပေးဆောင်ခြင်းဖြစ်ကြောင်း ပြဆိုလိုသော်လည်း၊ အမှုသည်များ သဘော တူချက်အရ ရုံးခွန်တော် ပေးဆောင်လင့်ကစား၊ ဥပဒေခွင့်ပြုချက်အရ မဟုတ်ပါက ရုံးမှ အနစ်နာခံကာ လက်ခံစွဲဆိုနိုင်ခွင့်ပေးရန် အခွင့်အရေးမရှိပေ။ တဖန်အယူခံ တရားလို့၏ ပညာရှိ ရှေနေကြီးက ဖေါ်ပြသည့်အမှု ၃ မှုမှာ အချင်းဖြစ်အိမ်နံပါတ် ၁၃၊

ရေကျော် ဝတ်ကျောင်းလမ်း အိမ်တသိုးလိုးနှင့် ပတ်သက်သည်ဆိုသည်ကို မငြင်းဆိုသော်လည်း၊ မိမိအမှုသည်က ထိုအိမ်ရှိ အခန်းများကို လက်ရောက်ရရှိနိုင်ရန် သီးခြားစွဲဆိုပြီး၊ ထိုအခန်းများ၏ နေထိုင်ခွင့်နှင့် ပတ်သက်၍ စွဲဆိုခြင်းသာဖြစ်သဖြင့်၊ ထမ်းဆောင်ခဲ့သည့် ရုံးခွန်တော်မှာ လုံလောက်ခြင်း ဖြစ်ပါသည်ဟု ဆိုလိုပေသည်။ သို့ရာတွင် ရုံးခွန်တော် အက်ဥပဒေပုဒ်မ ၇၊ အပိုဒ် ၅ အရ၊ ယခုကဲ့သို့အိမ်ကို ကျူးကျော်သူများထံမှ လက်ရောက်ရရှိရန် တရားစွဲဆိုပါက၊ အိမ်၏ကာလတန်ဘိုးပေါ်တွင် ရုံးခွန်တော် ထမ်းဆောင်ရမည်ဖြစ်ကြောင်းကို မငြင်းဆိုနိုင်၊ ၎င်း၏အဆိုသွာများတွင်ပင် ပြဆိုထားခဲ့ပြီးဖြစ်ရကား၊ ယခုကဲ့သို့ အိမ်၏ကာလတန်ဘိုး နှစ်သောင်းပေါ်တွင် ရုံးခွန်တော် ထမ်းဆောင်ခြင်းမပြုဘဲ ရုံးခွန်တော် အပြည့်ပေးရန်ကို ချောင်ရှားလိုပြီး၊ အမှုများကို ခွဲစိတ်၍ တန်ဘိုး ၆,၀၀၀ ကျပ်ပေါ်တွင်သာ ရုံးခွန်တော် ထမ်းဆောင်ထားသည်မှာ၊ ဥပဒေအရ လက်ခံခွင့်ပြုနိုင်ရန် မရှိပေ။

ထို့ကြောင့် အယူခံတရားလိုသည့် ဤရုံးနှင့် အောက်ရုံးများတွင် တရားစွဲဆိုရာ၌ အမှုများတွင် လိုအပ်နေသည့် တံဆိပ်တော်ခွန်များ ပြည့်စုံအောင် ထမ်းဆောင်ခဲ့ခြင်း မရှိကြောင်း ပေါ်လွင်နေသဖြင့်၊ တံဆိပ်တော်ခွန် အက်ဥပဒေပုဒ်မ ၁၀ အရ၊ အယူခံတရားလိုသည် လိုအပ်သည့် တံဆိပ်တော်ခွန်များကို ဤအမိန့်ချသည့်နေ့မှ တလအတွင်း ပေးသွင်းရမည်ဖြစ်သည်။ လိုအပ်သည့် တံဆိပ်တော်ခွန်များကို သတ်မှတ်သည့်ရက်အတွင်း ပေးဆောင်ခြင်း မပြုပါက၊ ယခုအယူခံမှုနှင့် ဆက်စပ်နေသည့် အယူခံမှုများကိုပါ စရိတ်နှင့်တကွ ပလပ်မည်ဖြစ်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးစိန်သင်းရွှေတွင်

† ၁၉၆၆ ဒေါ်သန်းတင် (ပြင်ဆင်ရန်လျှောက်ထားသူ)

ပြီလ ၇ ရက်။

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

ရာဇသတ်ကြီး ပုဒ်မ ၃၃၇ အရ၊ စွဲဆိုမှု—မော်တော်ကားတိုက်မှုတွင် မော်တော်ကားကို သက်သေခံပစ္စည်းအဖြစ် ရုံးသို့တင်ပို့ခြင်း—ရာဇဝတ်မှုကျူးလွန်ရာ၌ အသုံးပြုသည့်ပစ္စည်း၊ သို့ထည်းမဟုတ် ရာဇဝတ်မှုကျူးလွန်ခြင်းနှင့်သက်ဆိုင်သည့်ပစ္စည်းဟုထင် မဟုတ်—ရာဇဝတ်ကျင့်ထုံး ကိုခဥပဒေ ပုဒ်မ ၅၁၆ (က) အရ၊ အမိန့်ချမှတ်ခြင်းပြုနိုင် မပြုနိုင်။

ဆုံးဖြတ်ချက်။ ။တရားခံ မောင်းနှင်သည့်ကားသည် အမှုနှင့်ပတ်သက်၍ ရုံးရွှေမှောက်သို့ ရောက်လာသည့် ပစ္စည်းတခုဖြစ်သည်ကား မှန်၏။ သို့ရာတွင် ရာဇဝတ်မှုကျူးလွန်ရာ၌ အသုံးပြုသည့် ပစ္စည်း၊ သို့ထည်းမဟုတ် ရာဇဝတ်မှုကျူးလွန်ခြင်းနှင့်သက်ဆိုင်သည့် ပစ္စည်းမဟုတ်။ ထို့ကြောင့် ထိုပစ္စည်းနှင့်ပတ်သက်၍ မူလရုံးတရားသူကြီးသည် ရာဇဝတ်ကျင့်ထုံး ကိုခဥပဒေပုဒ်မ ၅၁၆ (က) အမိန့်မချမှတ်နိုင်။

ဗူလာဆင်း နှင့် နိုင်ငံတော် အေ-အိုင်-အာ၊ ၁၉၃၁၊ လာဟိုစာမျက်နှာ ၅၆၅ ကိုရည်ညွှန်းသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးဘဘေ။

တရားသူကြီး ဦးစိန်သင်း။ ။ဤပြင်ဆင်မှု ဖြစ်ပေါ်လာရခြင်း အကြောင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

မန္တလေးမြို့ ၃ ရာဘက်ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၈၃ တွင်၊ မနော ဆိုသူအပေါ်၌ ရာဇသတ်ကြီးပုဒ်မ ၃၃၇ အရ၊ တရားစွဲဆိုထားလေသည်။ မနော ကျူးလွန်ပါသည်ဆိုသည့် ပြစ်မှုမှာ မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်တိုက်မိရာမှ ပေါ်ပေါက်သည့် ပြစ်မှုဖြစ်ခြင်းကြောင့် အခင်းဖြစ်

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၂၉ (ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၈၃ တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ မတ်လ ၅ ရက်နေ့စွဲပါ၊ မန္တလေးမြို့၊ ၃ ရာဘက် ရာဇဝတ်တရားသူကြီး၏အမိန့်ကို ပြန်၍ဆင်ခြင်မှု။

စဉ်က မနော မောင်းသည့်ကားကိုသက်သေခံပစ္စည်းအဖြစ် ရုံးသို့တင်ပို့ခဲ့သည်။ ပညာရှိ ၃ ရာဘက်ရာဇဝတ်တရားသူကြီးသည် ထိုမော်တော်ကားကို အမှုစစ်ဆေးနေစဉ်အတွင်း၊ ပိုင်ရှင် ဒေါ်သန်းတင်အား ပြန်လည်အပ်ပေးထားရန် အမိန့်ချမှတ်လေသည်။ အမှုစစ်ဆေးသည့်နေ့များတွင် ထိုမော်တော်ကားကို ရုံးရှေ့သို့ တင်ပို့ရန် ကျပ်ငွေ ၅,၀၀၀ ကျပ်တန် ခံဝန်သူနှစ်ဦးနှင့် ခံဝန်ချုပ်ပြုလုပ်စေရန်ကိုလည်း အမိန့်ချမှတ်ခဲ့သည်။ ထို့နောက် အမှုစစ်ဆေးရန် ချိန်းဆိုသည့်နေ့များ၌ ဒေါ်သန်းတင်သည် မော်တော်ကားကို ရုံးသို့တင်ပို့ရန် ပျက်ကွက်သဖြင့်၊ ၃ ရာဘက်ရာဇဝတ်တရားသူကြီးက ၁၉၆၆ ခုနှစ်၊ မတ်လ ၅ ရက်နေ့စွဲပါ အောက်ပါအမိန့်ကို ချမှတ်ခဲ့သည်။

> "သက်သေခံကားကို အမှုစစ်ဆေးဆဲအတွင်း အာမခံပြန်သိမ်း၍ ဘိလစ်ထံအပ်နှံထားစေ၊ အာမခံသူ နှစ်ဦးမှာ အာမခံပျက်ကွက်သည့်အတွက် အာမခံငွေ ၅,၀၀၀ ကျပ်စီ အာဃဲကြောင့် မပေးလျော်သင့်ကြောင်း စုံစမ်းစစ်ဆေးဆောင်ရွက်ရန် ရာဇဝတ်သေးမှုဖွင့်၍ ဆက်လက်ဆောင်ရွက်ရမည်"။

ထိုအမိန့်ကို မကျေနပ်သဖြင့်၊ ဒေါ်သန်းတင်က မန္တလေးမြို့ ရာဘက်စက်ရှင်တရားသူကြီးရုံး၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၆ တွင်၊ လျှောက်လွှာတစောင်တင်သွင်းခဲ့သည်။ ပညာရှိ ရာဘက်စက်ရှင်တရားသူကြီးက အောက်ရုံးချမှတ်ထားသည့် အမိန့်များသည် ဥပဒေနှင့် မညီညွတ်သောကြောင့် ထိုအမိန့်များကို ပယ်ဖျက်ပေးရန် ထောက်ခံချက်ဖြင့် အမှုတွဲများကို ဤရုံးသို့ ရာဇဝတ်ကျင့်ထုံး ကိုဓဉပဒေ ၄၃၈ အရ၊ တင်ဆက်လိုက်ခြင်းဖြစ်သည်။

ရာဇဝတ်မှု ကျူးလွန်ခြင်းနှင့် သက်ဆိုင်သည်ဟု ထင်မြင်ရသော၊ သို့တည်းမဟုတ် ရာဇဝတ်မှု ကျူးလွန်ရာတွင် အသုံးပြုသည်ဟု ထင်မြင်ရသော ပစ္စည်းတခုခု တရားရုံးရှေ့သို့ ရောက်ရှိလာလျှင်၊ ထိုပစ္စည်းကို အမှုစစ်ဆေးနေစဉ်အတွင်း သင့်တော်သလို ထိန်းသိမ်းထားရန် တရားရုံးက ရာဇဝတ်ကျင့်ထုံး ကိုဓဉပဒေပုဒ်မ ၅၁၆ (က) အရ၊ အမိန့်ချမှတ်နိုင်သည်။ ရာဇဝတ်မှု ကျူးလွန်ခြင်းနှင့် သက်ဆိုင်သည့် ပစ္စည်းဟူရာ၌ အဆိုပါပစ္စည်းနှင့် ပတ်သက်၍ ရာဇဝတ်မှုမြောက်သော ပစ္စည်းကိုသာလျှင် ဆိုလိုလေသည်။ ဥပမာအားဖြင့်ဆိုသော်၊ ယစ်မျိုးအက်ဥပဒေအရ တရားစွဲဆိုသည့်အမှုများ၌ ထိုဥပဒေအရ ပြစ်မှုမြောက်သည့် အရက်သေစာ အစရှိသည့် ပစ္စည်းများပင် ဖြစ်သည်။ ရာဇဝတ် ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းဟူရာ၌လည်း၊ ရာဇဝတ်မှုတခုခုကို ကျူးလွန်ရာ၌ ထိုရာဇဝတ်မှုမြောက်အောင် အသုံးပြုသည့် ပစ္စည်းကို ဆိုလိုသည်။ ဥပမာအားဖြင့် လူသတ်မှုကျူးလွန်ရာတွင် ထိုးပြစ်မှုအထမြောက်စေရန် အသုံးပြုခဲ့သည့် ခါးလက်နက်၊ သေနတ် အစရှိသည့် ပစ္စည်းမျိုးကိုသာလျှင် ဆိုလိုသည်။ မော်တော်ကားမောင်းသူတဦးအား ရာဇသတ်ကြီးပုဒ်မ ၃၃၀ အရ၊ တရားစွဲဆိုသည့်

၁၉၆၆

ဒေါ်သန်းတင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

အမှုတွင် ထိုမော်တော်ကားမောင်းသူ မောင်းနှင်သည့်ကားသည် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းဟူ၍ မယူဆနိုင်ကြောင်း။ **ဖူလာဆင်းနှင့် နိုင်ငံတော်** (၁) တွင် စီရင်ထုံးဖွဲ့ထားလေသည်။ အလားတူ စီရင်ထုံးများလည်း အများအပြားရှိလေသည်။

ထိုကြောင့် ယခုကျွန်ုပ်ရှေ့ရှိအမှုတွင် တရားခံ မနော မောင်းနှင်သည့်ကားသည် ရာဇဝတ်မှု ကျူးလွန်ရာ၌ အသုံးပြုသည့်ပစ္စည်း၊ သို့တည်းမဟုတ် ရာဇဝတ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်သည့်ပစ္စည်းမဟုတ်ဟု ယူဆရချေမည်။ ထိုကြောင့် ထိုပစ္စည်းနှင့် ပတ်သက်၍ မူလရုံးတရားသူကြီးသည် ရာဇပတ်ကျင့်ထုံးကိုခဥပဒေပုဒ်မ ၅၁၆ (က) အရ၊ **အမိန့်မချမှတ်နိုင်**။ အထက်တွင် ဖေါ်ပြထားသည့်အတိုင်း၊ ထိုပုဒ်မအရ အမိန့်ချမှတ်နိုင်သည့် ပစ္စည်းမျိုးများမှာ ရာဇပတ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်သည်ဟု ထင်မြင်ရသော၊ သို့တည်းမဟုတ် ရာဇပတ်မှု ကျူးလွန်ရာ၌ အသုံးပြုသည်ဟု ထင်မြင်ရသော ပစ္စည်းတခုခုဖြစ်ရပေမည်။ ဤအမှုနှင့် ပတ်သက်သည့် မော်တော်ကားသည် ရုံးရှေ့မှောက်သို့ ဆောက်ရှိလာသည့် ပစ္စည်းတခုဖြစ်သည်ကားမှန်၏။ သို့ရာတွင် ထိုပစ္စည်းသည် အထက်တွင် ဖေါ်ပြထားသည့် ပစ္စည်းအမျိုးအစားများအနက် တခုခုတွင် အကျုံးဝင်သည်ဟု မဆိုသာချေ။ ထိုကြောင့် ထိုပစ္စည်းသည် ရာဇပတ်ကျင့်ထုံး ကိုခဥပဒေပုဒ်မ ၅၁၆ (က) တွင် အကျုံးဝင်သည့် ပစ္စည်းမဟုတ်ချေ။

ပညာရှိအစိုးရ ရှေ့နေကြီး၏ မူလရုံးတရားသူကြီး၏ အမိန့်ကိုပယ်ဖျက်၍ ကားကို ပိုင်ရှင်ဒေါ်သန်းတင်အား ထုံးစံအတိုင်းအလိုရှိသောအခါ **ရနိုင်ရန်** အာမခံနှင့်ပြန်ပေးရန် အကြံဉာဏ်ပေးထားလေသည်။ သို့ရာတွင် ထိုအကြံဉာဏ်ကို ကျွန်ုပ်လက်မခံနိုင်။ အဘယ်ကြောင့်ဆိုသော်၊ အထက်တွင် ဖေါ်ပြထားသည့်အတိုင်း၊ ထိုမော်တော်ကားသည် ရာဇပတ်ကျင့်ထုံးကိုခဥပဒေပုဒ်မ ၅၁၆ (က) တွင် အကျုံးဝင်သည့်ပစ္စည်းမျိုးမဟုတ်ချေ။ ထိုကြောင့် ထိုမော်တော်ကားနှင့် ပတ်သက်၍ အဆိုပါပုဒ်မအရ၊ မည်သည့်အမိန့်မျိုးကိုမျှ ချမှတ်နိုင်မည်မဟုတ်။ သို့ရာတွင် မူလရုံးက ထိုမော်တော်ကားသည် အမှုစစ်ဆေးရာ၌ လိုအပ်သည်ဟု ထင်မြင်ယူဆလျှင်၊ ရာဇဝတ်ကျင့်ထုံး ကိုခဥပဒေပုဒ်မ ၉၇ အရ၊ သင့်တော်သည့် အမိန့်ကို ချမှတ်နိုင်မည်ဖြစ်သည်။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ သက်သေခံပစ္စည်း မော်တော်ကားနှင့် ပတ်သက်၍ ၃ ရာဘက်ရာဇပတ်တရားသူကြီး ချမှတ်သည့်အမိန့်များကို ပယ်ဖျက်လိုက်သည်။

---

(၁) အေ၊အိုင်၊အာ၊ ၁၉၃၁ လာဟိုရ်၊ စာမျက်နှာ ၅၆၅။

နိုင်ငံတော် တရားရုံးချုပ်

တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးထွန်းတင်ဌေးတွင်

ဒေါ်အေးချို (အယူခံတရားလို)

နှင့်

အက်(စ်)၊ အမ်၊ ရှော်ကတ် (ခေါ်) မောင်အောင်မြင့် (အယူခံတရားခံ)*

† ၁၉၆၆ ပြည်လ ၅၈။

အမွေဆက်ခံ ဥပဒေပုဒ်မ ၂၆၃ အရ၊ အမွေထိန်းလက်မှတ်ကို ထုတ်ပေးခဲ့ခြင်းကို ပြန်လည်ရုပ်သိမ်းပေးရန် လျှောက်ထားခြင်း—အာမခံကို ရုပ်သိမ်းလိုရှိ ပယ်ဖျက်ပေးရန်လျှောက်ထားခြင်း—မူလအမှုတွင် မကန့်ကွက်ခြင်း—ထန့်စ်ကျော်ခင့် မည်သို့မျှ ပြန်လည်စဉ်းစားရန် မလျှောက်ထား ကန့်ကွက်ခြင်း မပြုခဲ့ခြင်း—ကန့်ကွက်ရန်အခွင့်အရေး ပိတ်ပင်ခြင်းရှိ မရှိ—အမွေဆက်ခံ ဥပဒေပုဒ်မ ၂၇၆ ပြဆိုချက်များနှင့် ညီညွတ်ခြင်းရှိ မရှိ—ဓံဝန်ချုပ်ကိုပယ်ဖျက်ရန်ရုံးတွင်အခွင့်အာဏာရှိ မရှိ—အမွေထိန်းလက်မှတ်စာအတွက် ချုပ်ဆိုပေးသောခံဝန်ချုပ် သည်ပဋိညာဉ် အက်ဥပဒေပုဒ်မ ၁၃၀ တွင် အကျုံးဝင် မဝင်။

ဆုံးဖြတ်ချက်။ ။မူလအမှုတွင် အမွေထိန်းလက်မှတ် ထုတ်ပေးရန်နှင့်ပတ်သက်၍၊ လျှောက်ခံရသူ အယူခံတရားလိုသို့ ၂ ကြိမ်တိုင်တိုင် နို့တစ်စာချအပ်ခဲ့သော်လည်း၊ ၎င်းက ရုံးသို့သွားရောက်ကန့်ကွက်ခြင်း မပြုသည့်အပြင်၊ အယူခံတရားခံသို့ အမွေထိန်းလက်မှတ် ထုတ်ပေးနိုင်စေရန် အယူခံတရားလိုကပင် ရုံးတွင်လာရောက်၍ လိုအပ်သည့် ခံဝန်ချုပ်ကို ချုပ်ဆိုပေးခဲ့လေသည်။ ထို့နောက် တန့်စ်ကျော်ခင့်အကြာ မည်သို့မျှ အမွေထိန်းလက်မှတ် ထုတ်ပေးခြင်းကို ပြန်လည်စဉ်းစားပါရန် ရုံးသို့ လျှောက်ထားကန့်ကွက်ခြင်း မပြုခဲ့သဖြင့်၊ ယခုမှ ထိုကဲ့သို့လျှောက်ထားကန့်ကွက်ရန်အခွင့် အရေးမရှိ ပိတ်ပင်ခြင်းဖြစ်နေပေသည်။

ရန်ကုန်းနှင့် လတ်ချုန်း၊ ၁၉၃၉ ခု၊ ရန်ကုန်စီရင်ထုံး၊ စာမျက်နှာ ၆၁၁ ကိုရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။သေတမ်းစာကို ကြည့်ရှုမူ၊ ကွယ်လွန်သူက ကျွန်ုပ်ရှိရစ်သည့်ပစ္စည်းများကို စီမံအုပ်ချုပ်ခန့်ခွဲရန် အယူခံတရားခံအားသာ အမှုဆောင် (Executor) အဖြစ် ရည်ညွှန်းသတ်မှတ်ခဲ့ကြောင်း ပေါ်လွင်နေသည်။ အမွေထိန်းလက်မှတ်လျှောက်လွှာမှာ ဥပဒေလိုအပ်ချက်များနှင့်ပြည့်စုံမူ၊ ရုံးမှ အယူခံတရားခံအားသာ အမွေထိန်းလက်မှတ်ထုတ်ပေးရန် ရှိပေသည်။ သို့ရာတွင် အယူခံတရားခံသည် ပုဒ်မ ၂၆၃ တွင်ပြဆိုထားသည့်အတိုင်း၊ ထိုအမွေထိန်းလက်မှတ်စာကို ပြန်လည်ရုပ်သိမ်းရန် တရားသောအကြောင်းဖြစ်သည်ဟု ယူဆနိုင်စွမ်းရှိသည့်အချက်ကို ကျူးလွန်ပြီး အမွေထိန်းလက်မှတ်စာကို ရရှိရန်လျှောက်ထားခဲ့ကြောင်း၊ သို့မဟုတ် အမွေထိန်းလက်မှတ်စာမှ

* ၁၉၆၅ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၂၈။

† ၁၉၆၄ ခုနှစ်၊ တရားမ အသေးအဖွဲအမှုအမှတ် ၁၈ တွင်၊ ၁၉၆၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့စွဲပါ၊ ပုသိမ်မြို့၊ ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

၁၉၆၆

ခေါ်အေးချို နှင့် အက်(စ်)၊အမ်၊ ရှော်ကတ် (ခေါ်) မောင်အောင်မြင့်။

အကြောင်းခြင်းရာများကြောင့် အသုံးမဝင်၊ ဆက်လက်ဆောင်ရွက်ရန် မဖြစ်တော့ဟု ထင်ရှားခြင်းရှိ၀ါမူ၊ ရုံးမှ ထိုလက်မှတ်စာကို ရုပ်သိမ်းခွင့်ရှိရာ၊ အယူခံတရားလို၏ ပြဆိုချက်တို့မှာ ထိုသို့ယူဆနိုင်ရန် အယူခံတရားလို၏ လျှောက်လွှာ၌ ပုဒ်မ ၂၇၆ ပါပြဆိုချက်များနှင့် ညီညွတ်ခြင်းမရှိပါဟု မတွေ့ရှိရသဖြင့်၊ အယူခံမှုကို လက်ခံခွင့်ပြုနိုင်ရန်မရှိ။

ထပ်မံဆုံးဖြတ်ချက်။ ။ခံဝန်ချုပ်ကို ပယ်ဖျက်ပေးရန် လျှောက်ထားသည်နှင့် ပတ်သက်၍လည်း အမှေဆက်ခံခြင်း ဥပဒေတွင်၊ ရုံးမှ ယင်းခံဝန်ချုပ်မျိုးကို ပယ်ဖျက်နိုင်ရန်အခွင့်အာဏာမရှိ။ အဘယ်ကြောင့်ဆိုသော် ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၁၃၀ မှာ ဖာခုကဲ့သို့သော အမှေထိန်းလက်မှတ်စာအတွက် ချုပ်ဆိုပေးသည့် ခံဝန်ချုပ်ကို အကျုံးမဝင်ကြောင်း ပြဆိုထားသောကြောင့်ဖြစ်သည်။ ထိုသို့ဥပဒေက ခွင့်မပြုခြင်းမှာလည်း အမှေထိန်းသိမ်းအုပ်ချုပ်ခြင်းကိစ္စ ဆောလျင်စွာ ပြည့်စုံခြင်းသို့ ရောက်ရှိစေရန် ရည်သန်ခဲ့ခြင်းကြောင့်ဖြစ်သည်။

မောင်ဘအိုနှင့် မဖွါး၊ ဘီ၊အယ်-တီ၊ စ၁ ၂၃၇။

ဂိုဏန်အဏီနှင့် ရာမဘူလဘခန်၊ ၁၉၄၁ ခု၊ ရန်ကုန်စီရင်ထုံး၊ စာမျက်နှာ ၃၇၆ ထို့ကိုရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးသန်းတင်။

အယူခံတရားခံအတွက်။ ။မစွတာ အင်၊ စီ၊ ဆင်း။

တရားသူကြီး ဦးထွန်းတင်။ ။ပုသိမ်မြို့ ခရိုင်တရားမရုံး ၁၉၆၂ ခု၊ တရားမသေးမှုအမှတ် ၁၅ တွင် အယူခံတရားခံဖြစ်သူ အက်(စ်)၊ အမ်၊ ရှော်ကတ် (ခေါ်) မောင်အောင်မြင့်အား ကွယ်လွန်သူ ဦးဘိုကြီး (ခေါ်) အက်(စ်)၊ အမ်၊ ဟူစိန်၏ ကျန်ရှိသည့် ပစ္စည်းများနှင့် ပတ်သက်၍ သေဆုံးသူ ရေးသားထားခဲ့သည့် သေတမ်းစာကိုပါ ပူးတွဲလျှောက်ထားသည်တွင် ၁၉၆၃ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့က အယူခံတရားခံအား ၄၀,၀၀၀ ကျပ်တန် အာမခံတဦးနှင့် ခံဝန်ချုပ်ဆိုက အမှေထိန်းလက်မှတ်စာ ထုတ်ပေးမည်ဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့သည်တွင် အယူခံတရားလိုကပင် ၁၉၆၃ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့က လိုအပ်သည့် ခံဝန်ချုပ်ကို အယူခံတရားခံအတွက် ချုပ်ဆိုပေးသဖြင့် အမှေထိန်းလက်မှတ်စာကို အယူခံတရားခံအား ထုတ်ပေးခဲ့လေသည်။

ထိုသို့လက်မှတ်ထုတ်ပေးပြီး တနှစ်ကျော်ခန့်အကြာ ၁၉၆၄ ခုနှစ်၊ နို၀င်ဘာလ ၁၅ ရက်နေ့တွင် ပုသိမ်မြို့ ခရိုင်တရားမရုံး ၁၉၆၄ ခု၊ တရားမသေးမှုအမှတ် ၁၈ တွင် အယူခံတရားလိုက အမှေဆက်ခံသည့် ဥပဒေပုဒ်မ ၂၆၃ အရ အယူခံတရားခံအား အမှေထိန်းလက်မှတ်စာကို ထုတ်ပေးခဲ့ခြင်းကို ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ၎င်းနေ့တွင်ပင် မူလအမှုဖြစ်သည့် အမှုအမှတ် ၁၅/၆၅ တွင် ၎င်းပေးခဲ့သည့် အာမခံကို ရုပ်သိမ်းလို၍ ပယ်ဖျက်ပေးပါရန် လျှောက်ထားခဲ့လေသည်။

သို့သော် ယခုအယူခံမှုမှ ပေါက်ဖွါးလာသည့် အမှုအမှတ် ၁၈/၆၄ တွင် အယူခံတရားလိုး၏ ပြဆိုချက်များမှာ ထုတ်ပေးထားသည့် အမွေထိန်းလက်မှတ်စာကို ပြန်လည်ရုပ်သိမ်းနိုင်ရန် တရားသောအကြောင်းများ ရှိသည်ဟု မတွေ့ရှိရဆိုပြီး ပယ်လိုက်၍ အမှုအမှတ် ၁၅/၆၅ တွင် အာမခံရုပ်သိမ်းရန် လျှောက်ထားခြင်းမှာလည်း ဥပဒေအရ လိုက်လျောနိုင်ခွင့် မရှိသဖြင့် ပယ်လိုက်လေသည်။ ထို့အတွက် ယခုအယူခံမှုတွင် အယူခံတရားလိုက အမှုအမှတ် ၁၈/၆၄ တွင် အမွေဆက်ခံသည့် ဥပဒေပုဒ်မ ၂၆၃ အရ လျှောက်ထားသည်ကို ပယ်လိုက်သည့်အမိန့်ကို မကျေနပ်၍ ပုဒ်မ ၂၉၉ အရ အယူခံတင်သွင်းခြင်းဖြစ်ပြီး၊ ဆက်စပ်နေသည့် အယူခံမှုအမှတ် ၂၇/၆၅ တွင် အာမခံရုပ်သိမ်းရန် လျှောက်လွှာကို ပယ်လိုက်သည့် ၁၉၆၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့စွဲပါ အမိန့်ကို မကျေနပ်သဖြင့် အယူခံတင်သွင်းခဲ့လေသည်။ ထိုအမှု ၂ မှုမှာ ဆက်စပ်နေသဖြင့် ယခုအမှုတွင် ချမှတ်မည့် စီရင်ချက်မှာ အယူခံမှုအမှတ် ၂၇/၆၅ အတွက်ပါ အကျုံးဝင်ပေသည်။

ယခုအယူခံမှုကို တင်သွင်းရာဝယ် အယူခံတရားလိုက အယူခံတရားခံသည် အမွေထိန်းလက်မှတ်စာကို လျှောက်ထားရာ၌ အမွေစား အမွေခံများအား လုံးကို မတင်ပြခဲ့။ သေတမ်းစာကိုလည်း သက်ဆိုင်သူများအား မပြသသည့်အပြင် ပစ္စည်းစာရင်းမှာလည်း မှားယွင်းစွာ ပြဆိုထားခဲ့သဖြင့် အယူခံတရားခံအား ထုတ်ပေးထားသည့် အမွေထိန်းလက်မှတ်စာကို ပြန်လည်ရုပ်သိမ်းသင့်ကြောင်း အောက်ရုံးတွင် တင်ပြသည့်အတိုင်း ထပ်တူပင် အခြေပြု၍ လျှောက်ထားလေသည်။

သို့သော် ယခုကဲ့သို့ သေတမ်းစာနှင့် ပူးတွဲ၍ အမွေထိန်းလက်မှတ်လျှောက်ထားသည့်အလွှာတွင် ဖော်ပြရမည့် လိုအပ်ချက်များကို အမွေဆက်ခံသည့် ဥပဒေပုဒ်မ ၂၇၆ တွင် ပြဆိုထားရာ ၎င်းပုဒ်မ၌ အယူခံတရားလို ပြဆိုခဲ့သည့်အချက်များ အကျုံးဝင်ကြောင်းကိုလည်း၊ ပုဒ်မ ၂၆၃ တွင် အမွေထိန်းလက်မှတ်စာကို ဖျက်သိမ်းရန်နှင့် ပတ်သက်၍ မည်သည်တို့သည် တရားသောအကြောင်းဖြစ်သည်ဟု ပြဆိုထားရာတွင် အယူခံတရားလို ရည်ညွှန်းသည့် အယူခံပြဆိုချက်များ ပါဝင်သက်ဆိုင်ကြောင်းကိုလည်း အယူခံတရားလို၏ ပညာရှိ ရှေ့နေကြီးက လုံလောက်အောင် ပြဆိုနိုင်ခြင်းမရှိပေ။ မူလအမှုတွင် အမွေထိန်းလက်မှတ် ထုတ်ပေးရန်နှင့် ပတ်သက်၍ လျှောက်ခံရသူ အယူခံတရားလိုသို့ ၂ ကြိမ်တိုင်တိုင် နို့တစ်စာချအပ်ခဲ့သော်လည်း၊ ၎င်းကရုံးသို့ သွားရောက်ကန့်ကွက်ခြင်း မပြုသည့်အပြင် အယူခံတရားခံသို့ အမွေထိန်းလက်မှတ် ထုတ်ပေးနိုင်စေရန် အယူခံတရားလိုကပင် ရုံးတွင်းလာရောက်၍ လိုအပ်သည့် ခံဝန်ချုပ်ကို ချုပ်ဆိုပေးခဲ့လေသည်။ ထို့နောက် တန့်စ်ကျော်ခန့်အကြာ မည်သို့မျှ အမွေထိန်းလက်မှတ်ထုတ်ပေးခြင်းကို ပြန်လည်စဉ်းစားပါရန် ရုံးသို့လျှောက်ထား ကန့်ကွက်ခြင်း

၁၉၆၆ ခေါ်အေးချို နှင့် အက်(စ်)၊အမ်၊ ရှော်ကတ် (ခေါ်) မောင်အောင်မြင့်။

မပြုခဲ့သဖြင့် အောက်ရုံးမှ ရည်ညွှန်းသည့် **ရန်ကနား** နှင့် **လတ်ချနားအမှု** (၁) စီရင်ထုံးတွင် ပြဆိုထားသည့်အတိုင်း ယခုမှ ထိုကဲ့သို့ လျှောက်ထားကန့်ကွက်ရန် အခွင့်အရေးမရှိ ပိတ်ပင်ခြင်း ဖြစ်နေပေမည်။

ထိုမှတဆင့် သေတမ်းစာကို ကြည့်ရှုမှု ကွယ်လွန်သူက ကျန်ရှိရစ်သည့် ပစ္စည်းများကို စီမံအုပ်ချုပ်ခန့်ခွဲရန် အယူခံတရားခံအားသာ အမှုဆောင် (**Executor**) အဖြစ် ရည်ညွှန်းသတ်မှတ်ခဲ့ကြောင်း ပေါ်လွင်နေသည်ကို အယူခံတရားလို၏ ပညာရှိရှေ့နေကြီးက မငြင်းဆိုနိုင်သဖြင့် လျှောက်လွှာမှာ ဥပဒေလိုအပ်ချက်များနှင့် ပြည့်စုံမှုရုံးမှ အယူခံတရားခံအားသာ အမွေထိန်းလက်မှတ် ထုတ်ပေးရန်ရှိပေသည်။ သို့ရာတွင် အယူခံတရားခံသည် ပုဒ်မ ၂၆၃ တွင် ပြဆိုထားသည့်အတိုင်း ထိုအမွေထိန်းလက်မှတ်စာကို ပြန်လည်ရုပ်သိမ်းရန် တရားသောအကြောင်းဖြစ်သည်ဟု ယူဆနိုင်စွမ်းရှိသည့် အချက်ကို ကျူးလွန်ပြီး အမွေထိန်းလက်မှတ်စာကို ရရှိရန် လျှောက်ထားခဲ့ကြောင်း၊ သို့မဟုတ် အမွေထိန်းလက်မှတ်စာမှာ အကြောင်းခြင်းရာများကြောင့် အသုံးမဝင်၊ ဆက်လက်ဆောင်ရွက်ရန် မဖြစ်တော့ဟု ထင်ရှားခြင်းရှိပါမူ ရုံးမှ ထိုလက်မှတ်စာကို ရုပ်သိမ်းခွင့်ရှိရာ၊ (ယခုအမှုတွင်မူ) အယူခံတရားလို၏ ပြဆိုချက်တို့မှာ ထိုသို့ယူဆနိုင်ရန် အယူခံတရားလို၏ လျှောက်လွှာ၌ ပုဒ်မ ၂၇၆ ပါ ပြဆိုချက်များနှင့် ညီညွတ်ခြင်း မရှိပါဟု ပတ္တေရှိရသဖြင့် ယခုအယူခံမှုကို လက်ခံခွင့်ပြုနိုင်ရန် မရှိပေ။

ဆက်စပ်နေသည့် အယူခံမှုအမှတ် ၂၇/၆၅ တွင် အယူခံတရားခံက မိမိချုပ်ဆိုပေးခဲ့သည့် ခံဝန်ချုပ်ကို ရုပ်သိမ်းခွင့်ပြုပြီး ခံဝန်ချုပ်ကို ပယ်ဖျက်ပေးရန် လျှောက်ထားခဲ့သည်ကို ရုံးမှခွင့်မပြု ပယ်လိုက်သဖြင့် မကျေနပ်သောကြောင့် တင်သွင်းသည့် အယူခံနှင့်ပတ်သက်၍လည်း အမွေဆက်ခံခြင်း ဥပဒေတွင် ရုံးမှယင်းခံဝန်ချုပ်မျိုးကို ပယ်ဖျက်နိုင်ရန် အခွင့်အာဏာမရှိကြောင်းကို အယူခံတရားလို၏ ပညာရှိရှေ့နေကြီးက မငြင်းဆိုနိုင်။ အဘယ်ကြောင့်ဆိုသော် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၃၀ မှာ ယခုကဲ့သို့သော အမွေထိန်းလက်မှတ်စာအတွက် ချုပ်ဆိုပေးသည့် ခံဝန်ချုပ်ကို အကျုံးမဝင်ကြောင်း၊ **မောင်ဘအို** နှင့် **မဖွါးအမှု** (၂) စီရင်ထုံးတွင် ပြဆိုထားသောကြောင့် ဖြစ်သည်။ ထိုသို့ဥပဒေက ခွင့်မပြုခြင်းမှာလည်း အမွေထိန်းသိမ်းအုပ်ချုပ်ခြင်းကိစ္စဆောလျင်စွာ ပြည့်စုံခြင်းသို့ ရောက်ရှိနိုင်စေရန် ရည်သန်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်းမှာ အောက်ရုံးမှ ရည်ညွှန်းသည့် **ဂိုလန်အလီ** နှင့် **ရာမာတူလာခန်အမှု** (၃) စီရင်ထုံးတွင် ပြဆိုချက်များအရ ထင်ရှားနေပေသည်။ ထိုစီရင်ထုံးပါ ပြဆိုချက်များနှင့် သဘောကဲ့လွဲစွာ ယနေ့တိုင် အလားတူအကြောင်းခြင်းရာများနှင့် ပတ်သက်သည့် အမှုမျိုးတွင်

(၁) ၁၉၃၉ ခု၊ ရန်ကုန်စီရင်ထုံး စာ ၆၁၁။ (၂) ဘီ-အယ်လ်-တီ စာ ၂၃၇။
(၃) ၁၉၄၁ ခု၊ ရန်ကုန်စီရင်ထုံး စာ ၃၇၆။

ဆန့်ကျင်ထုံးဖွဲ့ထားသည့် အခြားမြန်မာပြည်မှသော်၎င်း၊ နိုင်ငံခြားမှသော်၎င်း သာဓက
ကို အယူခံတရားလို၏ ပညာရှိ ရွေနေကြီးက ရည်ညွှန်းပြဆိုနိုင်စွမ်း မရှိပေ။

သို့ဖြစ်ရကား အောက်ခံမှု ခံဝန်ချုပ်ကို ပယ်ဖျက်ပေးရန် အယူခံတရားလို၏
လျှောက်ထားချက်ကို လိုက်လျောခြင်းမပြု ပယ်လိုက်သည့် အမိန့်မှာ ဥပဒေအရ
မှားယွင်းချုတ်ချော်ခြင်းဖြစ်နေ၍ ဝင်ရောက်စွက်ဖက်သင့်ကြောင်း မတွေ့ရှိရပေ။

ဖေါ်ပြပါအကြောင်းများကြောင့် ယခုအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်
သည်။ ပညာရှိ ရွေနေကြီး စရိတ်အဖြစ် ၃၄ ကျပ် သတ်မှတ်လိုက်သည်။

၁၉၆၆

ဒေါ်အေးချို နှင့် အက်(စ်)၊အမ်၊ ရွှေကတ် (ခေါ်) မောင်အောင်မြင့်။

နိုင်ငံတော် တရားရုံးချုပ်

တရားမကြီးမှု

တရားသူကြီး ဦးသက်ဖေရွှေတင်

၁၉၆၆ †

မတ်လ ၂၉ ရက်။

ဒေါ်အေးစိန် / မတင်ရီ (တရားလို)

နှင့်

မတင်ရီ / ဒေါ်အေးစိန် (တရားခံ)*

အမွေထိန်းခန့်စာထုတ်ပေးရန် လျှောက်ထားခြင်း—အမွေစားအမွေခံအဖြစ်မွေးစားခြင်း—ကိတ်တိမသမီးဖြစ် မဖြစ်။

ဆုံးဖြတ်ချက်။ ။သက်သေထူက်ချက်အသီးသီးကို ဝေဖန် ဆန်းစစ်ကြည့်လျှင်၊ ဦးပန်းဇုံဒေါ်မိစိန်တို့သည် မတင်ရီအားအသက် ၇ နှစ်အရွယ်တွင်မိဘအရင်းဖြစ်ကြသည့်ဦးစံရှင်း-ဒေါ်အေးစိန်တို့ထံမှအမွေစားအမွေခံအဖြစ်ကျေးရွာလူကြီးများရွေဦးတောင်းယူမွေးစားခဲ့ကြောင်းပေါ်လွင်သည်။ ဦးပန်းဇုံနှင့် ဒေါ်မိစိန်တို့၏ ဆွေမျိုးရင်းခြာတို့ကလည်း မတင်ရီသည် ဦးပန်းဇုံ-ဒေါ်မိစိန်တို့၏ကိတ်တိမသမီးဖြစ်ကြောင်း သိရှိနားလည် လက်ခံခဲ့ကြောင်း ထင်ရှားသည်။ သို့ဖြစ်၍ မတင်ရီအား ဦးပန်းဇုံတို့လင်မယားက မွေးစားခဲ့သည်ဟု ယူဆရန်အကြောင်းပေါ် ပေါက်နေ၏။

မည်နှုန်ရင်နှင့် မကျင်၊ ၁၉၄၁ ခု၊ ရန်ကုန်စီရင်ထုံး၊ စာ ၄၄၅ ကို ရည်ညွှန်းသည်။

တရားလိုအတွက်။ ။ဦးဘစိုး။

တရားခံအတွက်။ ။ဦးထွန်းတင်။

တရားသူကြီး ဦးသက်ဖေ။ ။ကွယ်လွန်သူ ဦးပန်းဇုံ (ခေါ်) ဦးပန်းဇာ၏ ပစ္စည်းအရပ်ရပ်အတွက် အမွေထိန်းခန့်စာ ထုတ်ပေးရန် ဤအမှု၏ တရားလို ဒေါ်အေးစိန်က လျှောက်ထားသည့်နည်းတူ၊ ၁၉၆၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ မှ တရားလို မတင်ရီကလည်း ၎င်းကိုသာ ထုတ်ပေးရန် အပြိုင်အဆိုင် လျှောက်ထားသည့် အလျောက်၊ အမှုနှစ်မှုစလုံးကို နှစ်ဦးသဘောတူညီချက်အရ အတူတကွကြားနာခဲ့သည့်

---


* ၁၉၆၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၉။

† ၁၉၆၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃။

အားလျော်စွာ၊ ဤစီရင်ချက်သည် အမှုနှစ်မှုစလုံး၏ စီရင်ချက်ဖြစ်သည်ဟု မှတ်ယူရမည်။

ဦးပန်းတုံသည် လွန်ခဲ့သည့် ၁၉၆၄ ခုနှစ်၊ ဖေဖြေလ ၂၇ ရက်နေ့တွင် တံတားကလေးဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်ခဲ့၏။ ဒေါ်အေးစိန်မှာ ဦးပန်းတုံ၏ အစ်မအရင်းဖြစ်သည်။ မတင်ရီမှာ ဦးပန်းတုံ၏တူမတမ်းကွဲဖြစ်သော်လည်း၊ ဦးပန်းတုံ၏ ကိတ္တိမသမီးဖြစ်ကြောင်း အဆိုရှိသည့်အလျောက်၊ ၎င်းသည်ကိတ္တိမသမီးဖြစ်ရုံးမှန်ပါမူ၊ ဒေါ်အေးစိန်၌ လုံးဝအခွင့်အရေးရှိတော့မည်မဟုတ်သဖြင့်၊ မတင်ရီသည် ကိတ္တိမသမီးဟုတ် မဟုတ် ဆိုသော ပြဿနာကို အသေးစိတ် စုံစမ်းခဲ့ရခြင်းဖြစ်သည်။

ဦးပန်းတုံ၊ ဒေါ်အေးစိန်နှင့် မတင်ရီတို့၏ ဆွေဆက်မျိုးဆက်စာရင်းမှာ အောက်ပါအတိုင်းဖြစ်၏။



မတင်ရီက၊ ၎င်းအား ဦးပန်းတုံနှင့် ၎င်း၏ဇနီး ဒေါ်မိစိန်တို့က ကိတ္တိမသမီးအဖြစ် မွေးစားကြောင်း ထင်ရှားအောင်၊ မိဘအရင်းဖြစ်ကြသည့် ဦးစံရှင်း (ခံပြု ၁) နှင့် ဒေါ်အေးစိန် (ခံပြု ၉) အပြင် မွေးစားစဉ်က အသိသက်သေအဖြစ်ရှိကြသည့် ဦးစိန် (ခံပြု ၂) နှင့် ဦးအုံဖေ (ခံပြု ၁၀) တို့အား သက်သေထူခဲ့၏။ ဦးစံရှင်းနှင့် ဒေါ်အေးစိန်တို့က၊ မတင်ရီ လေးနှစ်သမီးအရွယ်တွင်၊ သားသမီးမထွန်းကားသည့် ဦးပန်းတုံနှင့် ဒေါ်မိစိန်တို့ လင်မယားသည် ၎င်းတို့ထံ၌ ခေါ်ထားကြောင်း၊ ထို့နောက် ကလေးမှာ ဦးပန်းတုံ-ဒေါ်မိစိန်တို့နှင့် ပျော်ပိုက်သဖြင့် ၇ နှစ်သမီးအရွယ်ရောက်သောအခါ ကိတ္တိမသမီးအဖြစ် မွေးစားခွင့်ပြုရန် တောင်းဆိုလာသည့်အလျောက်၊ ကျေးရွာလူကြီးများဖြစ်ကြသည့် ဦးစိန်၊ ဦးအုံးဖေ၊ ဦးချစ်ဖွယ်နှင့် ဦးမြတို့ရှေ့တွင် အပိုင်ပေးလိုက်ကြောင်း ထွက်ဆိုသွားကြလေသည်။ ၎င်းတို့၏ထွက်ဆိုချက်များကို ဦးစိန်နှင့် ဦးအုံးဖေတို့က ထောက်ခံထွက်ဆိုသွားကြ၏။ ဦးအုံးဖေမှာ မျက်စိအလင်းကွယ်နေသူတဦးဖြစ်သည်။

၁၉၆၆

ဒေါ်အေးစိန်နှင့် မတင်ရီ။

ကျန်လူကြီးနှစ်ဦးမှာ ယခုအခါ ကွယ်လွန်သွားကြပြီဖြစ်၍ ၎င်းတို့အား သက်သေအဖြစ် ခေါ်ယူစစ်ဆေးခြင်း မပြုနိုင်တော့ပေ။

မတင်ရီအား ဦးပန်းဇုံနှင့် ဇနီးဒေါ်မိစိန်တို့က အမွေစား အမွေခံအဖြစ် မွေးစားခဲ့ကြောင်းကို၊ ဒေါ်မိစိန်၏ညီမ ဒေါ်ပန်းရီ (ခံပြ ၇) ကလည်း ထောက်ခံထားသည်။ ၎င်းပြင် ဦးပန်းဇုံ၏တူနှင့် တူမများဖြစ်ကြသည့် ဦးစောမောင် (ခံပြ ၃) နှင့် မပု (ခံပြ ၈) တို့ကလည်း မတင်ရီကို ဦးပန်းဇုံ-ဒေါ်မိစိန်တို့က မွေးစားခဲ့ကြောင်း။ ၎င်းတို့ ဦးလေး ဦးပန်းဇုံသည် ၎င်းတို့နေထိုင်ရာ အညာအရပ်သို့ ရောက်လာရင်း ပြောပြ၍ သိရကြောင်း ထွက်ဆိုခဲ့ကြသည်။

ဦးပန်းဇုံနှင့်ဇနီး ဒေါ်မိစိန်တို့ မသေမီက ၎င်းတို့နှင့်အတူ တရပ်ကွက်တည်း၌ နေထိုင်ခဲ့ဘူးသည့် ဒေါ်စိန် (ခံပြ ၅) နှင့် မခင်မေ (ခံပြ ၆) တို့ကလည်း မတင်ရီအား ဦးပန်းဇုံ- ဒေါ်မိစိန်တို့၏ သမီးအဖြစ်သိကြောင်း ထွက်ဆိုကြသည်။ ထို့ပြင် ဒေါ်ရင် (ခံပြ ၁၃) က ၎င်းသည် စျေးရောင်းသူတယောက်ဖြစ်ကြောင်း၊ ဦးပန်းဇုံ-ဒေါ်မိစိန်တို့က မတင်ရီမှာ ၎င်းတို့သမီးဖြစ်၍ ၎င်းအားစျေးကြွေးပေးရန်ပြော၍ အကြွေးရောင်းချခဲ့ဘူးကြောင်း ထွက်ဆိုသွားလေသည်။

မတင်ရီကို ဦးပန်းဇုံ-ဒေါ်မိစိန်တို့က ကိတ္တိမသမီးအဖြစ် မွေးစားခဲ့ခြင်းမရှိကြောင်း ပြသရန် ဒေါ်အေးစိန်ဘက်မှ ဒေါ်တင့် (လိုပြ ၁)၊ ဦးပိုလို (လိုပြ ၂)၊ ဒေါ်အေးတင် (လိုပြ ၃)၊ ဦးဘိုးစိန် (လိုပြ ၄)နှင့် ကိုအောင်သန့် (လိုပြ ၅) တို့အား သက်သေထူလာ၏။ ဒေါ်တင့်က မတင်ရီသည် ဦးပန်းဇုံအိမ်သို့ ဝင်ထွက်နေသည်ကို တွေ့ဘူးသော်လည်း သမီးဖြစ်သည်ဟု မသိကြောင်း ထွက်ဆိုသွား၏။ ထိုသက်သေသည် ဦးပန်းဇုံတို့နှင့် သိကျွမ်းသည်မှာ ၁၀ နှစ်လောက်သာရှိသေးသဖြင့် လွန်ခဲ့သည့် ၁၃ နှစ်လောက်က အိမ်ထောင်ကျပြီး အိမ်ခွဲထွက်သွားသည့် မတင်ရီအား ဦးပန်းဇုံ၏ မွေးစားသမီးအနေအဖြစ် မသိသည်မှာ ထူးဆန်းသည်ဟု မဆိုနိုင်ပေ။ ဦးပိုလိုက ၎င်း၏ဇနီးသည် ဦးပန်းဇုံ-ဒေါ်မိစိန်တို့၏တူမဖြစ်သည်ဆိုသော်လည်း၊ ဦးပန်းဇုံ၏တူနှင့် တူမများဖြစ်ကြသည့် ဦးစောမောင်နှင့် မပုတို့ကိုပင်မသိ။ မတင်ရီသည် မိမိ၏ခမ်းမဖြစ်သည်ဆိုသော်လည်း မတင်ရီ မင်္ဂလာဆောင်စဉ်က ဘိတ်စာလည်းမရ။ မင်္ဂလာဆောင်သို့လည်း မရောက်ဟုဆိုထားသဖြင့်၊ ၎င်းသက်သေမှာ ဦးပန်းဇုံ-ဒေါ်မိစိန်တို့နှင့် ကောင်းစွာရင်းနှီးပုံမရ။ ဒေါ်အေးစိန်၊ ဦးဘိုးစိန်နှင့် ကိုအောင်သန့်တို့မှာ ဦးပန်းဇုံ-ဒေါ်မိစိန်တို့နှင့်လည်း ဆွေမျိုးမတော်စပ်ကြသည့်အပြင် ကောင်းစွာလည်း ရင်းနှီးပုံမရသည့်အတွက် ဦးပန်းဇုံ-ဒေါ်မိစိန်တို့က မတင်ရီအား ကိတ္တိမမွေးစားသမီးအဖြစ် မွေးစားခြင်း ပြု မပြုဆိုသောကိစ္စတွင် အရေးပါ အရာရောက်အောင် ထွက်ဆိုနိုင်ခြင်း မရှိဟု ကျွန်ုပ်ယူဆသည်။

အထက်ပါ သက်သေထွက်ချက် အသီးသီးကို ဝေဖန်ဆန်းစစ်ကြည့်လျှင်၊ ဦးပန်းဇုံ-ဒေါ်မိစိန်တို့သည် မတင်ရီအား အသက် ၇ နှစ်အရွယ်တွင် မိဘအရင်းဖြစ်ကြသည့် ဦးစံရှင်း-ဒေါ်အေးစိန်တို့ထံမှ အမွေစား အမွေခံအဖြစ် ကျေးရွာလူကြီးများရှေ့၌ တောင်းယူမွေးစားခဲ့ကြောင်း ပေါ်လွင်သည်။ ဦးပန်းဇုံနှင့် ဒေါ်မိစိန်တို့၏ ဆွေမျိုးရင်းခြာတို့ကလည်း မတင်ရီသည် ဦးပန်းဇုံ-ဒေါ်မိစိန်တို့၏ ကိတ္တိမသမီးဖြစ်ကြောင်း သိရှိနားလည် လက်ခံခဲ့ကြောင်း ထင်ရှားသည်။ **မည္သန့်ရင်နှင့် မကျင်** (၁) တို့အမှု၌ သားသမီးမွေးစားသည့်ကိစ္စတွင် အခင်းအနား ပြုလုပ်ရန် မလိုသော်လည်း မွေးစားသည့်အကြောင်းကို လူသိရှင်ကြားဖြစ်အောင် သက်သေလူကြီးများအား ဘိတ်ကြားပြီးဂုဏ်တို့ရှေ့တွင် မိဘအရင်းများက မွေးစားမည့် ကလေးကို ပေးအပ်၍၊ မွေးစားမည့် မိဘက လက်ခံခြင်းပြုလုပ်ခဲ့ပါက မွေးစားသည့်ကိစ္စမှာ ပြည့်စုံခိုင်လုံသည်ဟု ဆုံးဖြတ်ထားရာ၊ ဤအမှုတွင်လည်း မတင်ရီအား ဦးပန်းဇုံတို့ လင်မယားက အထက်ဖေါ်ပြပါ အချက်များကြောင့် မွေးစားခဲ့သည်ဟု ယူဆရန်အကြောင်း ပေါ်ပေါက်နေ၏။

သို့ရာတွင် ဒေါ်အေးစိန်၏ ပညာရှိ ရွှေနေကြီးက သက်သေခံ "က" မတင်ရီ၏ အိမ်နေလူဦးရေစာရင်းတွင်၊ မတင်ရီ၏ဘခင်ကို ဦးစံရှင်းဟု ဖေါ်ပြထားသည်ကတကြောင်း၊ သက်သေခံ "ခ" ဦးပန်းဇုံ၏အိမ်နေလူဦးရေစာရင်းတွင် မတင်ရီ၏နာမည် မပါသည်ကတကြောင်း၊ သက်သေခံ "ဃ" မတင်ရီ၏ မင်္ဂလာဆောင်ဘိတ်စာ၌ မတင်ရီ၏မိဘများအဖြစ် မွေးစားမိဘ ဦးပန်းဇုံ-ဒေါ်မိစိန်အပြင် မိဘအရင်း ဦးစံရှင်း-ဒေါ်အေးစိန်တို့၏ နာမည်များလည်း ထည့်ထားသည်ကတကြောင်း၊ ထိုအကြောင်းများကြောင့်၊ မတင်ရီသည် ဦးပန်းဇုံ၏ ကိတ္တိမသမီးဖြစ်သည်ဆိုခြင်းမှာ ယုတ္တိမရှိဟု တင်ပြသွား၏။

သက်သေခံ "က" အိမ်နေလူဦးရေစာရင်းတွင် မတင်ရီ၏ဘခင် နာမည်ကို ဦးစံရှင်းဟု ဖေါ်ပြထားခြင်းနှင့် ပတ်သက်၍ မတင်ရီ၏ မောင်ဖြစ်သူ မောင်တင်ရွှေ (ခံပြ ၁၂) က အိမ်ထောင်စုစာရင်း လာရောက်ကောက်ခံစဉ်က မတင်ရီမှာ အိမ်၌ မရှိသဖြင့် မိမိကပင် မတင်ရီ၏ဘခင် နာမည်ကို ဦးစံရှင်းဟုမှေ့ပြီး ပေးလိုက်မိကြောင်း ရှင်းလင်းထား၏။ မောင်တင်ရွှေမှာ မတင်ရီအား အစ်မအရင်း တော်စပ်ခဲ့ဘူးသည့် အားလျော်စွာ ယခုကဲ့သို့နာမည်မှားယွင်းပြီး ပေးမိသည်ဆိုခြင်းမှာ သဘာဝမကျ မဆိုနိုင်။ သက်သေခံ "ခ" ဦးပန်းဇုံ၏အိမ်နေလူဦးရေစာရင်း၌ မတင်ရီ၏ နာမည် မပါသည်မှာလည်း ထူးခြားသည်ဟု မဆိုနိုင်။ အဘယ်ကြောင့်ဆိုသော် မတင်ရီသည် ၁၉၅၃ ခုနှစ်လောက်တွင် အိမ်ထောင်ကျပြီး အိမ်ခွဲနေထိုင်လျက်ရှိသဖြင့် ၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ဦးပန်းဇုံအိမ်နေ လူဦးရေစာရင်း၌ ၎င်း၏

(၁) ၁၉၄၁ ခု၊ ရန်ကုန်စီရင်ထုံး၊ စာ ၄၄၅။

နာမည်ပါနိုင်မည်မဟုတ်ပေ။ သက်သေခံ "၁" မင်္ဂလာဘိတ်စာ၌ မတင်ရီ၏မိဘများအဖြစ် မွေးစားမိဘ ဦးပန်းဇုံ-ဒေါ်မိစိန်အပြင် မိဘအရင်း ဦးစံရှင်း-ဒေါ်အေးစိန်တို့၏ နာမည်များကို ထည့်ထားကာမျှဖြင့်၊ မတင်ရီသည် ဦးပန်းဇုံ-ဒေါ်မိစိန်တို့၏ ကိုတ္တိမသမီးဖြစ်သည်ဆိုသော အချက်ကို လုံးဝပျက်ပြယ်စေသည်ဟု မဆိုနိုင်ပေ။ ထိုစဉ်က မင်္ဂလာပွဲကို ဦးစံရှင်း-ဒေါ်အေးစိန်တို့အိမ်၌ ပြုလုပ်ခဲ့သည့်အားလျော်စွာ မိဘအရင်း၏ နာမည်များကို ဦးစားပေး၍ ထည့်ထားခြင်းဖြစ်သည်ဆိုသော ဦးစံရှင်း၏ ရှင်းလင်းချက်မှာ လုံးဝမဖြစ်နိုင်ဟု မဆိုသာ။ ထို့ပြင်ယင်းသို့ မိဘအရင်း၏ နာမည်များကို ထည့်သွင်းခဲ့ခြင်းဖြင့်၊ မတင်ရီအား ကိုတ္တိမသမီးအဖြစ် မွေးစားထားခြင်းမှ မပျက်ပြယ်ပေ။

နှစ်ဦးနှစ်ဘက် သက်သေထွက်ချက်များကို ခြုံ၍ကြည့်လျှင် မတင်ရီအား ဦးပန်းဇုံ-ဒေါ်မိစိန်တို့က အမွေစား အမွေခံသမီးအဖြစ် မိဘအရင်းဖြစ်သူတို့ထံမှ ရပ်ရွာလူကြီးများရှေ့တွင် တောင်းယူမွေးစားခဲ့ပြီး၊ ဦးပန်းဇုံ-ဒေါ်မိစိန်တို့၏ ဆွေမျိုးရင်းခြာများကလည်း မတင်ရီကို ဦးပန်းဇုံ-ဒေါ်မိစိန်တို့၏ ကိုတ္တိမသမီးအဖြစ် လက်ခံအသိအမှတ်ပြုကြောင်း ပေါ်လွင်ထင်ရှားသဖြင့်၊ မတင်ရီသည် ဦးပန်းဇုံ၏ ကိုတ္တိမသမီးဖြစ်သည်ဟု ကျွန်ုပ်ကောက်ယူဆုံးဖြတ်လိုက်သည်။

မတင်ရီမှာ ဦးပန်းဇုံ၏ ကိုတ္တိမသမီးဖြစ်သည့်အားလျော်စွာ ဦးပန်းဇုံ၏ ပစ္စည်းအရပ်ရပ်နှင့် ပတ်သက်၍ ၎င်း၌သာ အခွင့်အရေးရှိလေသည်။ ဦးပန်းဇုံ၏ အစ်မဖြစ်သူ ဒေါ်အေးစိန်မှာ မြန်မာဗုဒ္ဓဘာသာတရားဥပဒေအရ မည်သည့်အခွင့်အရေးမျှ မရှိပေ။ သို့ဖြစ်ရာ ကွယ်လွန်သူ ဦးပန်းဇုံ၏ ပစ္စည်းအရပ်ရပ်အတွက် အမွေထိန်းခန့်စာကို မတင်ရီအား ထုတ်ပေးစေ။ ဒေါ်အေးစိန်၏ လျှောက်လွှာကိုမူ ပလပ်စေ။ ဒေါ်အေးစိန်က မတင်ရီ၏ တရားစရိတ်များကို ကျခံရမည်။ ရှေ့နေစရိတ် ၅၁ ကျပ်သတ်မှတ်သည်။ မတင်ရီသည် ၅,၀၀၀ ကျပ်တန်အာမခံသူတဦးဖြင့် ခံဝန်ချုပ် ချုပ်ဆို့ရမည်။ ။

နိုင်ငံတော် တရားရုံးချုပ်

တရားမအယူခံမှု

တရားသူကြီး ဦးထွန်းတင်ရွှေတွင်

ဒေါ်အေးတင် (အယူခံတရားလို) † ၁၉၆၆

နှင့်

ဦးဒါဝတ် (အယူခံတရားခံ) *

မတ်လ ၁၈ရက်။

တရားမကျင့်ထုံးပုဒ်မ ၁၁ ဇာရီမူအတွက်လည်း အကျုံးဝင်ခြင်း—မူလ ဒီကရီမဟုတ်ဘဲ တရားရုံးချုပ်မှ ပြင်ဆင်ထားသည့် ဒီကရီကို ဇာရီပြုလုပ်ခြင်း—ပုဒ်မ ၁၁ တွင် အကျုံးဝင် မဝင်။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးပုဒ်မ ၁၁ သည် တရားမကြီးမှုများတွင်သာမက ဇာရီမှုများအတွက်ပါ အကျုံးဝင်သည်။ သို့ရာတွင် ဇာရီပြုလုပ်သည့် ဒီကရီမှာ မူလဒီကရီမဟုတ်၊ တရားရုံးချုပ်မှ ပြင်ဆင်ထားသည့် ဒီကရီသာဖြစ်သဖြင့်၊ အကြောင်းခြင်းရာချင်း မတူတော့သောကြောင့်၊ တရားမကျင့်ထုံး ပုဒ်မ ၁၁ တွင် အကျုံးမဝင်၊ အဘယ်ကြောင့်ဆိုသော် မူလဇာရီမှုပြုလုပ်သည့် ဒီကရီမှာ နောက်ထပ် ဇာရီပြုလုပ်သောအခါ၌ လုံးဝမရှိတော့၊ ပျက်ပြယ်ပြီး အယူခံရုံး၏ ဒီကရီတွင် အကျုံးဝင်သွားသောကြောင့် ဇာရီနှစ်မှုရှိအကြောင်းခြင်းရာများမှာ တူညီခြင်းမရှိတော့သောကြောင့်ဖြစ်သည်။

ဂျာဂိုမာဘန်နှင့် ခီနီဓါရန်၊ ၂ ပတ္တနာ ၇၅၉ ကိုခွဲခြားပြသည်။

အယူခံတရားလိုအတွက်။ ။ဦးအုံးမောင်။

အယူခံတရားခံအတွက်။ ။မစ္စတာ အိပ်(ခ်)၊ အမ်၊ ဖစ်ရှား။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအယူခံမှုမှာ၊ ရန်ကုန်မြို့၊ တရားမရုံး၊ တရားမကြီးမှုအမှတ် ၇၂၄/၆၂ မှ ပေါက်ဖွားလာသည့် ဇာရီမှုအမှတ် ၂၂၈/၆၅ တွင် ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့က ချမှတ်သည့်အမိန့်ကို မကျေနပ်၍၊ အယူခံဝင်သည့်အမှုဖြစ်သည်။

တရားမကြီးမှုအမှတ် ၇၂၄/၆၂ တွင်၊ တရားနိုင်ဖြစ်သူ အယူခံတရားခံက၊ အယူခံတရားလိုအပေါ် ငွေ ၆,၁၅၀ ကျပ်ပေးဆပ်စေရန်၊ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့က အနိုင်ဒီကရီရရှိသဖြင့်၊ ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ထိုငွေကို

* ၁၉၆၅ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၃၉။

† ၁၉၆၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၂၂၈ တွင်၊ ရန်ကုန်မြို့တော်၊ တရားမရုံး၊ ဒုတိယ တရားသူကြီးရုံးတော်၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

A

၁၉၆၆

ခေါ်အေးတင်နှင့် ဦးဘိုတင်။

ရရန်၊ ဇာရီမူအမှတ် ၁၁၇/၆၄ ကိုဖွင့်ခဲ့သည်။ ထိုအတောအတွင်း မူလအမှုနှင့် ပတ်သက်၍၊ နှစ်ဦးနှစ်ဘက် တရားရုံးချုပ်သို့ အယူခံတက်ကြရာ၊ ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် တရားရုံးချုပ်မှ၊ တရားခံဖြစ်သူ အယူခံတရားလိုက ငွေ ၈,၁၅၀ ကျပ်ကို၊ တရားလိုဖြစ်သူ အယူခံတရားခံသို့ ပေးဆပ်စေရမည်ဟု ပြင်ဆင်အမိန့်ချမှတ်ပေးလိုက်လေသည်။ ထို့အတွက် ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ချိန်းဆိုထားသည့် ဇာရီမူအမှတ် ၁၁၇/၆၄ ကို ခေါ်သောအခါ၊ မည်သူမျှ မလာကြသဖြင့်၊ ရုံးမှလျှောက်လွှာကိုပယ်လိုက်လေသည်။

ထို့နောက်၊ တရားနိုင်ဖြစ်သူ အယူခံတရားခံက၊ တရားရုံးချုပ်မှ ပြင်ဆင်ချမှတ်ပေးသည့် ဒီကရီငွေ ၈,၁၅၀ ကျပ်ကို ရရှိရန်၊ တရားရှုံးဖြစ်သူ အယူခံတရားလိုအပေါ် ၁၉၆၅ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့က၊ ဇာရီမူအမှတ် ၂၂၈/၆၅ ကို ဖွင့်လှစ်ခဲ့ရာ၊ တရားရှုံးဖြစ်သူ အယူခံတရားလိုက၊ ယခင်တရားနိုင်ဖြစ်သူ အယူခံတရားခံ၏ ဇာရီမူအမှတ် ၁၁၇/၆၄ မှာ၊ တရားနိုင် မလာရောက်၍ ပလပ်ခြင်းခံရပြီး၊ ထိုအမှုကို ပြန်လည်ဖွင့်လှစ်ခြင်းမပြုသဖြင့်၊ ယခုတဖန် နောက်ထပ်ဇာရီမူဖွင့်နိုင်ခွင့်မရှိ၊ တရားမကျင့်ထုံးပုဒ်မ ၁၁ အရ၊ ပိတ်ပင်နေပြီဖြစ်ပါသည်ဟု ကန့်ကွက်လေသည်။ သို့သော်၊ ပညာရှိအောက်ရုံးတရားသူကြီးက၊ ယခုဇာရီပြုလုပ်သည့် ဒီကရီမှာ၊ တရားရှုံးချုပ်မှ ပြင်ဆင်ချမှတ်ပေးသည့် ဒီကရီကို၊ ဇာရီပြုလုပ်ခြင်းဖြစ်သဖြင့်၊ တရားမကျင့်ထုံးပုဒ်မ ၁၁ တွင် အကျုံးမဝင်ဆိုပြီး၊ အယူခံတရားလို၏ ကန့်ကွက်ချက်ကို ပယ်လိုက်သဖြင့်၊ ယခုအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

အယူခံတရားလိုက နောက်ထပ်ဖွင့်သည့် ဇာရီမူအမှတ် ၂၂၈/၆၅ မှာ၊ ယခင်က ပလပ်ခြင်းခံရသည့် ဇာရီမူအမှတ် ၁၁၇/၆၄ ကို ပြန်လည်ဖွင့်လှစ်ရန် လျှောက်ထားခြင်းမရှိသဖြင့်၊ တရားမကျင့်ထုံးပုဒ်မ ၁၁ အရ၊ ပိတ်ပင်ခြင်းဖြစ်နေသည်ဆိုသည့်အချက်နှင့် ပတ်သက်၍၊ **ကျာဂိုမာတန်နှင့် ခီနိဒါရန်** (၁) စီရင်ထုံးကို ရည်ညွှန်းကိုးကားလေသည်။ သို့သော်၊ ထိုအမှုတွင် ပဌမဇာရီမှုဠ် တရားရှုံးက ဇာရီပြုလုပ်ခြင်းမှာ၊ စည်းကမ်းသတ်လွန်နေပါသည်ဟု ကန့်ကွက်ခဲ့သော်လည်း၊ ကြားနာသောအခါတွင် ၎င်းမရောက်ရှိသဖြင့်၊ ရုံးမှထိုကန့်ကွက်ချက်ကို ပယ်လိုက်ရကား၊ နောက်ဇာရီမှုတွင် တရားရှုံးသည် အလားတူ ကန့်ကွက်ချက်မျိုး တင်သွင်းခွင့် မရှိတော့ကြောင်း ဆုံးဖြတ်ထားခြင်းမျှသာဖြစ်သဖြင့်၊ ယခုအမှုမှာကဲ့သို့ ပြင်ဆင်သည့် ဒီကရီကို ဇာရီပြုလုပ်ခြင်းမဟုတ်သောကြောင့်၊ အကျုံးဝင်ခြင်းမရှိပေ။

ထိုမှအပ၊ အယူခံတရားလို၏ ပညာရှိရွှေနေကြီးက၊ မူလဒီကရီကို ဇာရီပြုလုပ်စဉ်က အပယ်ခံရပြီး၊ ပြန်လည်ဖွင့်လှစ်ခြင်းမရှိဘဲ၊ အယူခံရုံးမှ အမှုတွင် ပြင်ဆင်ချမှတ်လိုက်

(၁) ၂ မတ္တနာ ၇၅၉။

သည့်ဒီကရီကို၊ တရားနိုင်က နောက်ထပ်ဇာရီပြုခွင့်မရှိ။ တရားမကျင့်ထုံးပုဒ်မ ၁၁ အရ၊ ပိတ်ပင်ခြင်းဖြစ်နေသည်ဆိုသော အလားတူသာကေမျိုးကိုမူ၊ မိမိရှာဖွေတွေ့ရှိခြင်းမရှိသဖြင့်၊ မတင်ပြနိုင်ပါဟု ဝန်ခံလေသည်။

တရားနိုင်ဖြစ်သူ အယူခံတရားခံ၏ ပညာရှိ ရွှေနေကြီးကလည်း၊ တရားမကျင့်ထုံးပုဒ်မ ၁၁ သည်၊ တရားမကြီးမှုမျှားတွင်သာမက၊ ဇာရီမှုမျှားအတွက်ပါ အကျုံးဝင်ကြောင်း မိမိမငြင်းဆိုသော်လည်း၊ ယခုအမှုတွင် ဇာရီပြုလုပ်သည့် ဒီကရီမှာ၊ မူလဒီကရီမဟုတ်။ တရားရုံးချုပ်မှ ပြင်ဆင်ထားသည့် ဒီကရီသာဖြစ်သဖြင့်၊ အကြောင်းခြင်းရာခြင်း မတူတော့သောကြောင့်၊ တရားမကျင့်ထုံးပုဒ်မ ၁၁ တွင် အကျုံးမဝင်ပါဟု ပြဆိုလေသည်။

ထိုပြဆိုချက်မှာ မှန်ကန်သည်ဟု လက်ခံရပေမည်။ အဘယ်ကြောင့်ဆိုသော်၊ မူလဇာရီမှုပြုလုပ်သည့် ဒီကရီမှာ၊ နောက်ထပ်ဇာရီပြုလုပ်သောအခါ၌ လုံးဝမရှိတော့ပျက်ပြယ်ပြီး အယူခံရုံး၏ ဒီကရီတွင် အကျုံးဝင်သွားသောကြောင့်၊ ဇာရီမှု ၂ မှုရှိအကြောင်းခြင်းရာမျှားမှာ၊ တူညီခြင်းမရှိတော့သောကြောင့် ဖြစ်ပေသည်။

ဖော်ပြပါ အကြောင်းမျှားကြောင့်၊ ယခုအယူခံမှုကို ခွင့်ပြုရန်မရှိသဖြင့်၊ စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ပညာရှိ ရွှေနေကြီးစရိတ်အဖြစ် ကျပ် ၃၄ သတ်မှတ်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေရွှေတင်

၁၉၆၆ †
မတ်လ ၅ ရက်။

နိုတွတ်ကယ် (ခေါ်) သာထွန်းအောင် (အယူခံတရားလို)
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၂) ဆက်လျက် ခိုက်ရန်ဖြစ်ပွါးခြင်း—ခုခံကာကွယ်ပိုင်ခွင့်ကို အကာအကွယ်ယူနိုင် မနိုင်—နှစ်ဦးနှစ်ဖက် ရန်ဖြစ်နေခိုက် ပြုမူချက်—ရာဇသတ်ပုဒ်မ ၂၉၉၊ အပိုဒ် (၂) ခြွင်းချက် (ဃ)၌ အကျုံးဝင် မဝင်။

ဆုံးဖြတ်ချက်။ ။သေသူအား အယူခံတရားလိုက ဒါးနှင့်မထိုးမီ မိနစ်ပိုင်းအရင်က၊ ၎င်းတို့ နှစ်ဦး ခိုက်ရန်ဖြစ်ပွါးခဲ့ကြသည်။ ထိုသို့ ခိုက်ရန်ဖြစ်ပွါးပြီးနောက်၊ ၅ မိနစ်ခန့်အကြာတွင် နောက်ထပ်တဖန် အချင်းဖြစ်ပွါးခြင်းဖြစ်ရာ၊ နောက်အကြိမ် ခိုက်ရန်ဖြစ်ပွါးခြင်းမှာ မူလခိုက်ရန်ဖြစ်ပွါးခြင်းနှင့် ဆက်စပ်နေကြောင်း ပေါ်လွင်သည်။ သို့ဖြစ်လေရာ နှစ်ဦးနှစ်ဘက်ခိုက်ရန် ဖြစ်ပွါးနေစဉ်တွင်၊ ထိုသို့ ခိုက်ရန်ဖြစ်ပွါးကြသူများသည် ခုခံကာကွယ်ပိုင်ခွင့်ကို အကာအကွယ်မယူနိုင်ကြပေ။

မောင်စိန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၄၈ ခုနှစ်၊ မြန်မာပြည် စီရင်ထုံးများ၊ ၃၃၄ ကို ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည် သေသူအား ခိုက်ရန်ဖြစ်ပွါးခိုက်၊ ဒါးနှင့်ထိုးခဲ့ကြောင်း ပေါ်လွင်သည်။ သို့ရာတွင် အယူခံတရားလိုဘက်ရာမျှားရရှိကြောင်း ထင်ရှားနေသဖြင့် သေသူက ၎င်းအား လှမ်းဖြင့်စတင်၍ထိုးကြောင်း၊ ထိုသို့ထိုး၍ မိမိကလှမ်းကို လုယူရင်ကြောင်းတင်ပြသော ထုခွေချက်မှာ ယုတ္တိမရှိဟု မဆိုနိုင်။ ယင်းသို့ နှစ်ဦးနှစ်ဖက် ရန်ဖြစ်နေခိုက် ပြုမူခဲ့ခြင်းမှာ ရာဇသတ်ပုဒ်မ ၂၉၉၊ အပိုဒ် (၂) ၏ခြွင်းချက် (ဃ)နှင့် အကျုံးဝင်သည်ဟု ဆိုရမည်။ အယူခံတရားလိုသည် သေသူအား ဒါးနှင့်ထိုးခဲ့ခြင်းသည်၊ ထို့စဉ်က သေသူ၌ လှမ်းရှိနေသည့်အလျောက် ရက်ရက်စက်စက် နှိုင်းယှဉ်စီးနင်းပြုလုပ်သည်ဟု မဆိုနိုင်ပေ။ သို့ဖြစ်လေရာ အယူခံတရားလို ကျူးလွန်ခဲ့သောပြစ်မှုမှာ ရာဇသတ်ပုဒ်မ ၃၀၂ (၂)အရ မဖြစ်နိုင်၊ ပုဒ်မ ၃၀၄ အရသာ အကျုံးဝင်သည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးထွန်းညို။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၇၅။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၃၈-တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဇန္နဝါရီလ ၂၆ ရက်နေ့စွဲပါ၊ သံတွဲမြို့၊ အထူး (ရာဘက်စက်ရှင်) တရားသူကြီး၏အမိန့်ကို အယူခံမှု။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလိုအပေါ် ရာဇသတ်ပုဒ်မ ၃၀၂ (၂) အရ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ဂ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည့် သံတွဲမြို့၊ အထူး (ရာဘက်စက်ရှင်) တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့်၊ အယူခံဝင်သောအမှုဖြစ်သည်။

အမှုအဖြစ်အပျက် အကြောင်းခြင်းရာ အတိုချုပ်မှာ၊ လွန်ခဲ့သည့် ၁၉၆၄ ခုနှစ်၊ အောက်ဘိုဘာလ ၁၄ ရက်နေ့သည် ၇ နာရီခန့်အချိန်တွင်၊ သံတွဲမြို့အပိုင်၊ သရော်တောရွာနေ၊ ဦးသာအောင် (လိုပြ-၆) အိမ်၌၊ အယူခံတရားလိုသည် ၎င်း၏သူငယ်ချင်းများဖြစ်ကြသည့်၊ ရွှေလှ (ခံပြ-၃)၊ ထွန်းထွန်း (ခံပြ-၄) တို့နှင့်အတူ အရက်သောက်နေခိုက်၊ သေသူ မောင်တက်ကယ် ရောက်ရှိလာသည်။ ထိုစဉ်က **မောင်တက်ကယ်**မှာ အရက်မူးနေပြီး၊ ၎င်းထံ၌ ပုဆိန်တလက်ပါလာသည်။ သေသူရောက်လာပြီးနောက်၊ အယူခံတရားလိုက ဗျောက်အိုးပေါက်သည့်ကိစ္စနှင့် ပတ်သက်၍၊ သေသူနှင့် အယူခံတရားလိုတို့ စကားများကြရာ၊ သေသူက အယူခံတရားလိုအား ခြေထောက်နှင့် တချက်ကန်လိုက်၏။ ထို့နောက် အယူခံတရားလိုက၊ ဦးသာအောင်အိမ်ပေါ်ရှိ ဒါးကို ယူပြီးခုတ်ရန်လုပ်ရာ၊ သေသူကလည်း ပုဆိန်နှင့် ပြန်ပေါက်ရန် လုပ်သောကြောင့်၊ ဦးသာအောင်က ၎င်းတို့၏ထံမှ လက်နက်များကို သိမ်းဆည်းလိုက်ပြီး ဖြန်ဖြေသဖြင့်၊ ရန်ပွဲမှာ ပြီးစီးသွား၏။ ထို့နောက်၊ သေသူသည် ဦးသာအောင်အိမ်မှ အရင်ထွက်သွားပြီး ခဏအကြာတွင်၊ အယူခံတရားလိုက ၎င်း၏အိမ်ဘက်သို့ ပြန်သွားလေ၏။ ယင်းသို့ပြန်သွားပြီးနောက်၊ ၅ မိနစ်ခန့်မျှအကြာတွင်၊ အယူခံတရားလိုအိမ်ဘက်မှ ဆူညံသံများကြားရသည့်အလျောက်၊ မကျော့ဘင် (လိုပြ-၂) သည်၊ ထိုသို့ဆူညံသံများကြားရသည့်နေရာသို့ သွားရောက်ကြည့်ရှုသောအခါ၊ အယူခံတရားလို၏ ဖခင် ဦးချစ်ထွန်းဦး (ခံပြ-၅) ၏အိမ်အနီး ငှက်ပျောတောအောင်၌၊ အယူခံတရားလိုသည် မြေကြီးပေါ်တွင် လဲနေသည့် သေသူအားခွစီးလျက်၊ ဒါးနှင့်ထိုးနေသည်ကို တွေ့ရလေသည်။ မကျော့တင်က အယူခံတရားလို၏လက်မှဒါးကိုလုပြီး အော်ဟစ်သဖြင့်၊ အယူခံတရားလို၏ဖခင် ဦးချစ်ထွန်းဦးသည် အိမ်ပေါ်မှဆင်းလာပြီး၊ အယူခံတရားလို ထံမှဒါးကို ဝင်လုလေသည်။

မကျော့တင်၏ အော်သံများကြောင့်၊ ဦးမောင်သိန်း (လိုပြ-၁) သည် အချင်းဖြစ်ပွါးရာသို့ ရောက်ရှိလာပြီး ကြည့်ရှုသောအခါ၊ သေသူ မောင်တက်ကယ်မှာ ဒါးဒဏ်ရာများဖြင့် လဲနေသည်ကို တွေ့ရသောကြောင့်၊ သူကြီး ဦးအောင်ညွန့် (လိုပြ-၁၂) ထံသို့ သွားရောက်တိုင်ထန်းသည်၊ ဦးအောင်ညွန့်လိုက်လာပြီး ကြည့်ရှုသောအခါ၊ မောင်တက်ကယ်မှာ ဒါးဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရ၍၊ မောင်တက်ကယ်အလောင်းအား ရဲဌာနာမှတဆင့်၊ သံတွဲမြို့၊ ပြည်သူ့ဆေးရုံသို့ပို့လိုက်

၁၉၆၆ နိဗ္ဗာန်ကယ် (ခေါ်) သာထွန်းဆောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ရာ၊ ဆရာဝန် ဦးကြည်လင် (လိုပြ-၁၅) က စစ်ဆေးကြည့်ရှုသောအခါ၊ လက်ျာဘက်ရင်ပတ်ပေါ်တွင် ဒါးဒဏ်ရာတချက်၊ လက်ျာဘက်ဗိုက်တွင် ဒါးဒဏ်ရာတချက် တွေ့ရှိလေသည်။ လက်ျာဘက် ရင်ပတ်တွင် ရရှိသောဒါးဒဏ်ရာကြောင့်၊ လက်ျာဘက်အဆုတ်မှာ ပြတ်သွားပြီး၊ ဝမ်းဗိုက်တွင်ရရှိသောဒဏ်ရာကြောင့်၊ အူသိမ်များ ထိခိုက်သွားသည်ကို တွေ့ရလေသည်။ ထိုဒဏ်ရာများမှာ၊ မုချသေစေနိုင်သည့် ဒဏ်ရာများဖြစ်ကြောင်း တွေ့ရှိရ၏။

အချင်းဖြစ်သည့်ညတွင်းချင်းပင်၊ ရဲအရာရှိများသည် အချင်းဖြစ်ပွါးရာသို့ ရောက်ရှိလာပြီး ကြည့်ရှုသောအခါ၊ မောင်တက်ကယ် လဲနေသောနေရာအနီးမှ လှံတချောင်းကို တွေ့ရ၍၊ သက်သေများရှေ့တွင် သိမ်းဆည်းလိုက်ပြီးနောက်၊ အယူခံတရားလိုအား ဘမ်းဆီးကာ ရုံးတင်တရားစွဲဆိုခြင်းဖြစ်သည်။ အယူခံတရားလိုက၊ သေသူ မောင်တက်ကယ်သည် မိမိအား လှံဖြင့်ထိုးသောကြောင့်၊ လှံကိုလုပြီး မိမိတွင်ပါသည့် သားလှီးဒါးဖြင့် တချက်ထိုးခဲ့ကြောင်း၊ ယင်းသို့ဒါးနှင့်ထိုးရခြင်းမှာ၊ မိမိအသက်အန္တရာယ်ကို ကာကွယ်ခုခံသည့်အနေဖြင့်၊ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ထုချေသော်လည်း၊ ပညာရှိ အောက်ရုံးတရားသူကြီးက၊ ဒါးနှင့်ထိုးသောအချိန်တွင် သေသူ မောင်တက်ကယ်ထံ၌ လှံမှာ မရှိတော့သဖြင့်၊ အယူခံတရားလိုသည် ခုခံကာကွယ်ပိုင်ခွင့်ကို အကာအကွယ်ယူပြီး၊ ဒါးဖြင့်မထိုးနိုင်ကြောင်း အဆုံးအဖြတ်ပြုကာ၊ အယူခံတရားလိုအပေါ် အထက်ဖော်ပြခဲ့သည့်အတိုင်း၊ အပြစ်ပေးခဲ့ခြင်း ဖြစ်လေသည်။

ဤအမှုတွင် သေသူ မောင်တတ်ကယ်အား၊ အယူခံတရားလိုက ဒါးနှင့်ထိုး၍ သေဆုံးရသည်ဆိုခြင်းမှာ၊ အငြင်းမပွါးပေ။ ယင်းသို့ဒါးနှင့်ထိုးကြောင်းကို၊ မျက်မြင်သက်သေ မကျော့တင်က အတိအလင်း ထွက်ဆိုသွားသည်။ အယူခံတရားလိုကိုယ်တိုင်ကလည်း၊ ခုခံကာကွယ်ရင်း သေသူ မောင်တက်ကယ်ကို ဒါးနှင့်ထိုးခဲ့ရသည်ဟု ထုချေခဲ့လေသည်။ သို့ဖြစ်လေရာ၊ အယူခံတရားလိုသည် သေသူ မောင်တက်ကယ်အား ဒါးနှင့်ထိုးသည့်ကိစ္စ၌၊ ခုခံကာကွယ်ပိုင်ခွင့်ရှိ မရှိဆိုသော ပြဿနာကို စဉ်းစားရန်လိုပေသည်။

ယင်းသို့သေသူအား အယူခံတရားလိုက ဒါးနှင့်မထိုးမီ မိနစ်ပိုင်းအရင်က၊ ၎င်းတို့နှစ်ဦးသည် ဦးသာအောင်အိမ်၌ ခိုက်ရန်ဖြစ်ပွါးဖြစ်ခဲ့ကြသည်။ ထိုသို့ခိုက်ရန်ဖြစ်ပွါးပြီးနောက် ၅ မိနစ်ခန့်အကြာတွင်၊ နောက်ထပ်တဖန် အချင်းဖြစ်ပွါးခြင်းဖြစ်ရာ၊ နောက်တကြိမ်ခိုက်ရန်ဖြစ်ပွါးခြင်းမှာ၊ မူလခိုက်ရန်ဖြစ်ပွါးခြင်းနှင့် ဆက်စပ်နေကြောင်း ပေါ်လွင်သည်။ သို့ဖြစ်လေရာ၊ နှစ်ဦးနှစ်ဘက် ခိုက်ရန်ဖြစ်ပွါးနေစဉ်တွင်၊ ထိုသို့ခိုက်ရန်ဖြစ်ပွါးကြသူများသည်၊ ခုခံကာကွယ်ပိုင်ခွင့်ကို အကာအကွယ် မယူနိုင်ကြပေ။ **ပေါင်စိန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** (၁) အမှုကိုကြည့်ပါ။

---

(၁) ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ။ ၃၃၄။

အယူခံဘရားလိုအား အောက်ရုံးပညာရှိ တရားသူကြီးက၊ ရာဇသတ်ပုဒ်မ ၃၀၂ (၂) ဖြင့် အပြစ်ပေးခဲ့ရာ၊ ထိုသို့အပြစ်ပေးခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိ ဆိုသောအချက်ကို စဉ်းစားရန်လို၏။ အယူခံတရားလိုသည် သေသူအား ခိုက်ရန် ဖြစ်ပွါးခိုက်၊ ဒါးနှင့်ထိုးခဲ့ကြောင်း ပေါ်လွင်သည်။ အယူခံတရားလိုတွင် ဆရာဝန် ဦးကြည်လင်၏ ထွက်ဆိုချက်အရ၊ လက်ချောင်းကခေလးမျှဘဲ့ ပြာဗ္ဗသောဒဏ်ရာ ၄ ချက်ဘတ္တရာသည်ပြင်၊ နဖူးတွင်လည်း ဖူးရောင်သော ဒဏ်ရာတချက် ရခဲ့ကြောင်း ထင်ရှားနေ၍၊ သေသူမောင်တက်ကယ်က ၎င်းအားလှံဖြင့် စောင်၍ထိုးကြောင်း၊ ထိုသို့ ထိုး၍ မိမိကလှံကိုလုရကြောင်း တင်ပြခဲ့သော ထုချေချက်မှာ၊ ယုတ္တိမရှိဟု မဆိုနိုင်ပေ။ ယင်းသို့ နှစ်ဦးနှစ်ဘက် ရန်ဖြစ်နေခိုက် ပြုမူခဲ့ခြင်းမှာ၊ ရာဇသတ်ပုဒ်မ ၂၉၉၊ အပိုဒ် ၂ ၏ ခြွင်းချက် (ဃ)နှင့် အကျုံးဝင်သည်ဟု ဆိုရမည်။ အယူခံတရားလိုသည် သေသူအား ဒါးနှင့်ထိုးခဲ့ခြင်းသည်၊ ထိုစဉ်က သေသူ၌ လှံရှိနေသည့်အလျောက် ရက်ရက်စက်စက် နိုင်ထက်စီးနင်း ပြုလုပ်သည်ဟု မဆိုနိုင်ပေ။ သို့ဖြစ်လေရာ၊ အယူခံတရားလို ကျူးလွန်ခဲ့သော ပြစ်မှုမှာ၊ ရာဇသတ်ပုဒ်မ ၃၀၂ (၂) အရ မဖြစ်နိုင်။ ပုဒ်မ ၃၀၄ အရသာ အကျုံးဝင်သည်။

အထက်ပါအကြောင်းများကြောင့်၊ အယူခံတရားလိုအပေါ် ရာဇသတ်ပုဒ်မ ၃၀၂ (၂) အရ အပြစ်ပေးခဲ့သော၊ အောက်ရုံးပညာရှိ တရားသူကြီး၏ ကောက်ယူချက်ကို ပယ်ဖျက်ပြီး၊ ရာဇသတ်ပုဒ်မ ၃၀၄ အရ ပြင်ဆင်အပြစ်ပေးလိုက်သည်။ အယူခံတရားလိုအပေါ် ချမှတ်ခဲ့သော အပြစ်ဒဏ်မှာ၊ ကျူးလွန်သော ပြစ်မှုနှင့် နှိုင်းစာလျှင် ကြီးလေးသည်ဟု မယူဆနိုင်သဖြင့်၊ ထိုပြစ်ဒဏ်ကို အတည်ပြုပြီး၊ ၎င်း၏အယူခံလွှာကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်
ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်ရွှေတင်

† ၁၉၆၆ မတ်လ ၁၈ ရက်။

ပီ၊ အာ (ရ်)၊ မင့်ဇန်ဒါး ပါ ၂ (ပြင်ဆင်ရန်လျှောက်ထားသူ)
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ (ဦးကိုကိုလေး) (ပြင်ဆင်ရန် လျှောက်ထားခံရသူ) *

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၉၅ (၁) (ဂ)—ရာဇဝတ်မှုကို ဆက်လက်စစ်ဆေးရန်ဖြစ် မဖြစ်—နှစ်နာသူက တရားမရုံးသို့ အမှုဖွင့်လှစ်ဘို့ တင်ပြရန်။

ဆုံးဖြတ်ချက်။ ။အားလုံးကိုခွဲ၍ကြည့်လျှင် ရာဇဝတ်မှုကို ဆက်လက်စစ်ဆေးခြင်းဖြင့်၊ အမှုများသော ရှုပ်ထွေးကြန့်ကြာဘွယ်ရာရှိသည်။ အကယ်၍ ရာဇဝတ်မှု ဖွင့်လှစ်လောက်သော အချက်များ အမှန်တကယ်ရှိနေလျှင် တရားမမှုကို စစ်ဆေးနေသောရုံးသို့ နစ်နာသူကတင်ပြ၍ ရုံးကသင့်တော်သောအချိန်၌ အမှုဖွင့်လှစ်ရန် အရေးယူဘို့ဖြစ်သည်။ ယခုအချိန်၌ အမှုသည်တဦးက အမှုဖွင့်လစ်ခြင်းအားဖြင့် မူလမှုလည်း ကြန့်ကြာမည်။ ရုံးကထိန်းရသည့် အာဏာသည်လည်း ပျက်ပြယ်မည်။ စစ်ဆေးလျက်ရှိသော ရာဇဝတ်မှုကို ပယ်ဖျက်ခြင်းဖြင့် နောင်တွင် လျှောက်ခံရသူ၌ ရာဇဝတ်ကြောင်းဖြင့် အရေးယူရန် အခြေခံအခိုင်အမာရှိလျှင် ယူနိုင်ခြင်းကို ပိတ်ပင်ခြင်းမရှိ။ ၎င်းက တရားစွဲဆိုပိုင်ခွင့်ကို ဖျက်သိမ်းရာမရောက်ချေ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးသန်းအေး။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဒေါက်တာ ဗတင်။

ရုံးတော်သဟာယအတွက်။ ။အစိုးရရှေ့နေကြီး ဦးဘကြိုင်။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။လျှောက်ထားခံရသူ ဦးကိုကိုလေးက၊ လျှောက်ထားသူ နှစ်ဦးသည် စာချုပ်အတုများကို အခြေခံပြု၍၊ မိမိအပေါ် ငွေများရလိုမှုဖြင့်၊ ရန်ကုန်မြို့၊ တရားမရုံးတွင် တရားစွဲဆိုထားပါသည်ဟု ခရိုင်ရာဇဝတ်တရားသူကြီးရုံးတွင် ဦးတိုက်လျှောက်ထားစွဲဆိုခဲ့သည်။ ပညာရှိ ခရိုင်ရာဇဝတ်တရားသူကြီးက၊ တိုင်ကြားချက်ကို နဝမရာဘက်ရာဇဝတ်တရားသူကြီးထံ လွှဲပြောင်းပေးပို့

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၂၇၁ (ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၇၅ တွင်ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဧကတ္တာဒလ ၂၃ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့၊ နဝမရာဘက် ရာဇဝတ်တရားသူကြီး၏အမိန့်ကို ပြန်လှန်ဆင်ခြင်မှု။

သဖြင့်၊ ထိုရုံးက လျှောက်ထားသူများအပေါ် ဆက်လက်အရေးယူ စစ်ဆေးလျက်ရှိသည်။ ဦးကိုကိုလေးက တိုင်ချက်တွင်၊ လျှောက်ထားသူများသည်၊ ခိုးမှုကိုငင်း၊ စာချုပ်စာတမ်းများကို လိမ်လည်အတုပြုလုပ်မှုဖြင့်ငင်း ပူးပေါင်းကျူးလွန်ခဲ့ကြပါသည်ဟုဆိုသည်။

လျှောက်ထားသူတို့က ထိုသို့တိုင်တမ်းစွဲဆိုခြင်း ခံနေရသည်ကို၊ ခရိုင်ရာဇဝတ်တရားသူကြီးရုံးသို့ သွားရောက်ကာ၊ ပြင်ဆင်ပေးပါရန် လျှောက်ထားခဲ့ကြသည်။ ၎င်းတို့အဆိုမှာ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၉၅ (၁) (ဂ) ပါ ပြဋ္ဌာန်းချက်အရ၊ ရုံးရှေ့သို့ ရောက်နေသော အမှုသည်တဦးဦးက ရုံးတွင်တင်သွင်းသော စာရွက်စာတမ်းတို့ကို၊ လိမ်လည်ပြုလုပ်ခဲ့သည်ဟု စွပ်စွဲအရေးယူရန် အလို့ငှါ၊ အမှုကိုစစ်ဆေးနေသောရုံးက စာဖြင့်ရေးသား၍ တိုင်ကြားရမည်ဟု ပြဋ္ဌာန်းပါရှိပါသည်။ ဦးကိုကိုလေးနှင့် ယခုလျှောက်ထားသူတို့သည်၊ တရားမရုံးရှေ့မှောက်သို့ ရောက်နေကြသူများဖြစ်ပါသည်။ စာချုပ်လိမ်လည်ပါသည်ဟု စွဲဆိုခြင်းမှာလည်း ရုံးရှေ့ရောက် စာချုပ်စာတမ်းများနှင့် ပတ်သက်ပါသည်။ ထို့ကြောင့် အမှုဖွင့်လှစ်လျှင် ရုံးကသာ ဖွင့်ရန်ဖြစ်ပါသည်။ ဦးကိုကိုလေးက ကိုယ်တိုင်ဦးတိုက်လျှောက်ထားခြင်းဖြင့် မဖွင့်လှစ်နိုင်ပါဟု လျှောက်ထားသူတို့က ဆိုကြသည်။

ဦးကိုကိုလေးသည် တက္ကသိုလ်ရုပ်ရှင် ထုတ်လုပ်ရေးကုမ္ပဏီကို ပိုင်ဆိုင်၍ လျှောက်ထားသူ မဇ္ဈိမဒါးသည် ရုပ်ရှင်ကန်ထရိုက်တာဖြစ်သည်။ "ကျွန်တော်ကျွန်မတို့အရွယ်" ခေါ် ရုပ်ရှင်ကားကို ၎င်းကငါးရမ်းရာမှ ယခုလျှောက်ထားသူများနှင့် လျှောက်ထားခံရသူ ဦးကိုကိုလေးတို့ အချင်းဖြစ်ပွါးခဲ့ကြသည်။ ရုပ်ရှင်ကုမ္ပဏီ၏ရုံးကို အချင်းဖြစ်ပွါးသောကြောင့်၊ အခြားသို့ ပြောင်းရွှေ့သွားရာ၊ အခန်းဟောင်း၌ ကုမ္ပဏီ၏အမည်ပါရှိသော စာရေးစက္ကူများ၊ တံဆိပ်တုံး၊ စာပဲ့ကလားထိုင်များ ကျန်ရစ်ခဲ့သည်ဟုဆိုသည်။ လျှောက်ထားသူတို့က ဦးကိုကိုလေးအပေါ် တရားမရုံးတွင် ငွေများရလိမ့်မူစွဲဆိုကြသည်။ ဦးကိုကိုလေးက ရာဇဝတ်ကြောင်းနှင့် တိုင်တမ်းရာတွင်၊ ထိုတရားမမှုကို အခြေခံသော စာရွက်စာတမ်းများသည် လျှောက်ထားသူတို့က ကုမ္ပဏီ၏ အခန်းဟောင်းမှ စာရေးစက္ကူ၊ တံဆိပ်တုံး စသည်တို့ကို၊ ခိုးယူ၍ အတုပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် လျှောက်ထားသူတို့သည် ခိုးမှု၊ စာချုပ်လိမ်လည်ပြုလုပ်မှု စသည်တို့ကို ပူးပေါင်းကျူးလွန်ခဲ့ကြပါသည်ဟု စွပ်စွဲခြင်းဖြစ်သည်။

ပညာရှိ ခရိုင်ရာဇဝတ်တရားသူကြီးသည် နှစ်ဦးနှစ်ဘက်သော ရှေ့နေကြီးများကို အကျယ်တဝင့် ကြားနာခဲ့ပြီးနောက်၊ လျှောက်ထားသူတို့အပေါ် စွဲဆိုထားသော ရာဇဝတ်မှုကို၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၉၅ (၁) (ဂ) က ပိတ်ပင်ထားခြင်းရှိသည်။ ရုံး၏ခွင့်ပြုချက်မရဘဲ၊ ထိုရာဇဝတ်မှုကို ဆက်လက်စစ်ဆေးရန် မဖြစ်နိုင်၊ သို့ရာတွင်

၁၉၆၆ ဗိ၊အာ(၍)၊ မဇ္ဈိ၊ဒါး ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ခိုးမှုသည်ကား ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၉၅ (၁) (ဂ) နှင့် အကျုံးမဝင်၊ ထို့ကြောင့် လျှောက်ထားသူတို့အပေါ် ခိုးမှုဖြင့်သာ ဆက်လက်စစ်ဆေးသင့်ပါသည်။ ထိုသို့ပြင်ဆင် အမိန့်ချမှတ်ပေးပါရန် ပညာရှိ ခရိုင်ရာဇဝတ်တရားသူကြီးက ဤရုံးသို့ ထောက်ခံ ပေးပို့သည်။

လျှောက်ထားသူတို့၏ ပညာရှိ ရှေ့နေကြီး ဦးသန်းအေးက ခိုးမှုဖြင့် လျှောက် ထားသူတို့အပေါ် ဆက်လက်အရေးယူလျှင်၊ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၉၅ (၁) (ဂ)၏ အနှစ်သာရသည် ပျက်ပြယ်ရပါမည်။ ခိုးသည်ဆိုသည်မှာ၊ အဘိုးတန်ပစ္စည်းကိုသာ ခိုးသည်မဟုတ် စာရေးစက္ကူ၊ တံဆိပ်တုံးတို့ကိုခိုး၍ စာချုပ်လိမ်လည်ပြုလုပ်သည်ဟု စွပ်စွဲခြင်းဖြစ်ပါသည်။ ထို့ကြောင့် ခိုးခြင်းနှင့် စာချုပ်လိမ်လည်ပြုလုပ်ခြင်းတို့သည် ခွဲ၍မရအောင် ဆက်စပ်လျက်ရှိပါသည်။ ထို့ကြောင့် ပညာရှိ ခရိုင်ရာဇဝတ်တရားသူကြီး၏ထောက်ခံချက်ကို လက်ခံသည့်အပြင်၊ ခိုးမှုနှင့်ပတ်သက်၍လည်း၊ အမှုဆက်လက် ဆောင်ရွက်ခြင်း မပြုရန် အမိန့်ချမှတ်သင့်ပါသည်ဟု စံရင်ထုံးများကို ကိုးကား လျှောက်လဲသည်။

ပညာရှိ ရှေ့နေကြီး ဒေါက်တာမတင်က၊ လျှောက်ထားသူနှစ်ဦးအနက်၊ မဇ္ဈိမဒါး တဦးသာသျှင်၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၉၅ (၁) (ဂ) တွင် ပြဋ္ဌာန်းပါရှိသော အမှုသည်၏ အဓိပ္ပါယ်တွင် အကျုံးဝင်ပါသည်။ ဦးလှဦးနှင့် မဆိုင်ပါ၊ အကယ်၍ ထိုပုဒ်မသည် ဤအမှုနှင့် ပတ်သက်စေဦး၊ ဦးလှဦးကို ခိုးမှုဆက်လက်အရေးယူနိုင်ပါသည်ဟု လျှောက်လဲသည်။ ထိုပြင် တရားမျှတမှု ဖြစ်စေသောဌာ၊ အမှုကိုဆက်လက်၍ စစ်ဆေးသင့်ပါသည်။ တရားမရုံးသို့ မရောက်မီ ယခင်က စာချုပ်လိမ်လည်ပြုလုပ် ခဲ့ခြင်းဖြစ်၍ အမှုသည် ပုဒ်မ ၁၉၅ (၁) (ဂ) ၏ ညွှန်ပြချက်အတွင်းသို့ မကျရောက်ပါဟုလည်း လျှောက်လဲသည်။ သို့ရာတွင် ရှေ့နေကြီး ဒေါက်တာမတင်က ရိုးသားစွာပင် မြန်မာပြည်စီရင်ထုံးအချို့ကို ၎င်း၏လျှောက်လဲချက်ကို အထောက်အကူ မပြုဟု ညွှန်ပြသည်။

ပညာရှိ အစိုးရရှေ့နေကြီး ဦးဘကြိုင်က၊ ရုံးရှေ့သို့ရောက်သည့် အမှုတမှုတွင် အမှုသည်များသည် တဦးကိုတဦး စာချုပ်လိမ်ပြုသည် စသည်ဖြင့် စွပ်စွဲကာ၊ ရာဇဝတ် မှုများ ဖွင့်လှစ်ကြခြင်း စသည်တို့ ပြုလုပ်လျှင်၊ မူလမှုသည် ကြန့်ကြာ၍ ဆုံးခန်းတိုင် မရောက်နိုင်မည်ကို ကာကွယ်သည့်သဘောဖြင့်၊ ပုဒ်မ ၁၉၅ (၁) (ဂ) ကို ပြဋ္ဌာန်း ထားခြင်းဖြစ်ပါသည်။ ရုံးကစွဲဆိုသည့်အမှုကို ထိန်းထားနိုင်ရန် အာဏာအပ်ခြင်း ဖြစ်ပါသည်။ ယခုအမှုသည် ပုဒ်မ ၁၉၅ (၁) (ဂ) ၏ ပညတ်ချက်အတွင်းသို့ ကျရောက် သည်ဟုမြင်ပါသည်၊ ခိုးမှုသည်လည်း စာချုပ်လိမ်ပြုလုပ်မှုနှင့် ဆက်စပ်နေသဖြင့်၊ ပညတ်ချက်တွင် ပါသည်ဟု ယူဆသင့်ပါသည်ဟု တင်ပြသည်။

ထို့ကြောင့် အားလုံးကိုခြုံ၍ကြည့်လျှင်၊ ရာဇဝတ်မှုကို ဆက်လက်စစ်ဆေးခြင်းဖြင့် အမှုမျှားသာ ရှုပ်ထွေးကြန့်ကြာဘွယ်ရာရှိသည်။ အကယ်၍ ရာဇပတ်မှုဖွင့်လှစ်လောက်သောအချက်များ အမှန်တကယ်ရှိနေလျှင်၊ တရားမမှုကို စစ်ဆေးနေသော ရုံးသို့ နှစ်နာသူက တင်ပြ၍ ရုံးကသင့်တော်သောအချိန်၌ အမှုဖွင့်လှစ်ရန် အရေးယူဘို့ဖြစ်သည်။ ယခုအချိန်၌ အမှုသည်ဘဦးက အမှုဖွင့်လှစ်ခြင်းအား ဖြင့်၊ မူလမှုလည်း ကြန့်ကြာမည်၊ ရုံးကထိန်းရသည့် အာဏာသည်လည်း ပျက်ပြယ်မည်၊ ယခုစစ်ဆေးလျက်ရှိသော ရာဇဝတ်မှုကို ပယ်ဖျက်ခြင်းဖြင့် နောင်တွင် ဦးကိုကိုလေး၌၊ ရာဇဝတ်ကြောင်းဖြင့် အရေးယူရန် အခြေခံ အခိုင်အမာရှိလျှင် ယူနိုင်ခြင်းကို ပိတ်ပင်ခြင်းမရှိ၊ ၎င်းကတားစွဲဆိုပိုင်ခွင့်ကို ဖျက်သိမ်းရန် မရောက်ချေ။

ထို့ကြောင့်၊ ပညာရှိ ခရိုင်ရာဇဝတ်တရားသူကြီး၏ ထောက်ခံချက်ကို လက်ခံသည်။ စာချုပ်လိမ်လည်မှုနှင့် ခိုးမှုသည် ခွဲ၍မရအောင် ဆက်စပ်နေသဖြင့် ထိုအမှုကိုလည်း ဆက်လက်စစ်ဆေးရန် မသင့်ပေ။ ဦးကိုကိုလေးကို ဆက်လက်အရေးယူလိုလျှင်၊ အချိန်ကြာသောအခါ၊ တရားရုံးအား အမှုဖွင့်ပေးရန် လျောက်ထားရန်ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်မြို့၊ နဝမရာဘာက်ရာဇဝတ်တရားသူကြီး၏ ရှေ့မှောက်ရှိ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၅၇ ကို ပယ်ဖျက်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီး ဦးချစ်တို့ရှေ့တွင်

† ၁၉၆၆ မြို့လ ၁၃ ရက်။

ပစ္စည်းထိန်းဝန် (အယူခံတရားလို)

နှင့်

ဒေဘီချန်း (အယူခံတရားခံ)*

လူမဲ့အဖြစ်ခံယူမှု ဥပဒေပုဒ်မ ၅၅—မြို့ရှင်တဦးအား ချုပ်ပေးခဲ့သည့်လှေပြောင်းစာတမ်း—ပစ္စည်းထိန်း ဝန်က ပယ်ဖျက်ပေးရန် လျှောက်ထားခြင်း—လှေပြောင်းစာချုပ်၌ ငွေမည်ရွေ့မည်မျှအတွက်ဟု ဖော်ပြထားခြင်း မရှိခြင်း—စာချုပ်အတွက် လုံလောက်သည့်ငွေများမရရှိဟုဆိုနိုင်မဆိုနိုင်— ငွေချေးသောအခါနှင့် လှေပြောင်းစာချုပ်ကို ရယူသောအခါက မကြာမီလူမဲ့ဖြစ်တော့မည်ဟု မသိခြင်း—မရိုးမဖြောင့်သောသဘောနှင့် စာချုပ်ကို ရယူခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်မဆိုနိုင်။

မြို့ရှင်တဦးဖြစ်သူ အေစကော့ကုမ္ပဏီ၏ လျှောက်ထားချက်အရ၊ မိလ်ကာဆင်းမှ လူမဲ့အဖြစ် ကျေညာခြင်း ခံရလေသည်။ အေစကော့ကုမ္ပဏီမှ မလျှောက်ထားမီ အယူခံတရားခံကမိလ်ကာဆင်း အပေါ် ငွေပေးဆပ်ရန်နှင့် တရားခံက ချုပ်ဆိုပေးခဲ့သည့် လှေပြောင်းစာချုပ်အရမိလ်ကာဆင်းရရှိရန် ရှိသောငွေများကို ၎င်းကသာရထိုက်ကြောင်း မြွက်ဖော်ပေးရန် တရားစွဲဆိုခဲ့လေသည်။ ပစ္စည်းထိန်း ဝန်က လူမဲ့ မိလ်ကာဆင်း၏ပစ္စည်းနှင့်ပတ်သက်၍ စစ်ဆေးပြီး မိလ်ကာဆင်းကအယူခံတရားခံသို့ လှေပြောင်းပေးသည့် လှေပြောင်းစာချုပ်မှာ သဘောရိုးနှင့် တန်ဖုတန်ဘိုးပေးပြီးရရှိချုပ်ဆိုခဲ့သည့် လှေပြောင်းစာချုပ်မဟုတ်သဖြင့် ပုဒ်မ ၅၅ အရ၊ ဖျက်ပေးရန် လျှောက်ထားခဲ့လေသည်။

ဆုံးဖြတ်ချက်။ ။သက်သေခံ (ခ) လှေပြောင်းစာချုပ်တွင် ငွေမည်ရွေ့မည်မျှအတွက်ဟုဖော်ပြ ထားခြင်းမရှိသဖြင့် လှေပြောင်းပေးသူမှာ ထိုစာချုပ်အတွက် လုံလောက်သည့်ငွေများ မရရှိဟု မဆို နိုင်။ ငွေများရရှိကြောင်း ထင်ရှားနေမှု၊ ၎င်းစာချုပ်ကို ချုပ်ပေးခဲ့ခြင်းမှာ တန်ဖုတန်ဘိုးအတွက် မဟုတ်ဟု ယူဆနိုင်ရန် ခဲယဉ်းတော့၏။

ထပ်မံဆုံးဖြတ်ချက်။ ။အယူခံ တရားခံက မိလ်ကာဆင်းသို့ ငွေချေးသောအခါနှင့်သက်သေခံ (ခ) လှေပြောင်းစာချုပ်ကို ရယူသောအခါက မိလ်ကာဆင်းမှာ မကြာမီလူမဲ့ဖြစ်တော့မည်ဟုအမှန် သိလျက်နှင့် သဘောရိုးဖြောင့်စွာနှင့်မဟုတ်ဘဲ သက်သေခံ (ခ) လှေပြောင်းစာချုပ်ကို ရယူခဲ့ခြင်း ဖြစ်သည်ဟုလည်း ယူဆနိုင်ရန်ခဲယဉ်းသည်။

သို့ဖြစ်ရကား အယူခံတရားလိုက လူမဲ့ဥပဒေပုဒ်မ ၅၅ အရပယ်ဖျက်ပေးရန်လျှောက်ထားသည်။ သက်သေခံအမှတ် (ခ) လှေပြောင်းစာချုပ်မှာ ဥပဒေအရသော်၎င်း၊ သက်သေခံချက်မျှားအရ

---

* ၁၉၆၄ ခုနှစ်၊ တရားမ အထွေထွေအယူခံမှု အမှတ် ၃၆။

† ၁၉၅၈ ခုနှစ်၊ တရားမ အင်ဆော်ဗင်စီမှုအမှတ် ၂ တွင်၊ တရားရုံးချုပ် မူလဘက်ရုံးတော်၏ ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

သော်၎င်း၊ အယူခံတရားခံက ထိုကဲ့သို့သည့်ငွေတန်ဘိုးပေးခဲ့ခြင်း မရှိဘဲ၊မရိုးမဖြောင့်သောသဘောနှင့် ရယူခဲ့ခြင်းဖြစ်သည်ဟု မဆိုနိုင်။

ပုတ်နှင့် ပစ္စည်းထိန်းဝန်၊ ရန်ကုန်၊ ရန်ကုန်အတွဲ ၁၂၊ စာမျက်နှာ ၁၀၅ ကိုရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။မစ္စတာ အယ်(လ်)၊ ဟုတ်စိန်။

အယူခံတရားခံအတွက်။ ။မစ္စတာ စီ၊ အေ၊ စူးရမား။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှာ ဤရုံးလူမဲ့အဖြစ် စီရင်ပိုင်ခွင့်အာဏာအရ၊ ၁၉၅၈ ခုနှစ်၊ လူမဲ့ခံယူမှုအမှတ် ၂ တွင် အယူခံတရားလိုဖြစ်သူ ပစ္စည်းထိန်းဝန်က၊ ရန်ကုန်မြို့ လူမဲ့အဖြစ် ခံယူမှုဥပဒေပုဒ်မ ၅၅ အရ၊ လူမဲ့အဖြစ် ခံယူသူ မီလ်ကာဆင်းက ၁၉၅၇ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့စွဲပါ သက်သေခံအမှတ် (ခ) အရ မြို့ရှင်တဦးဖြစ်သူ အယူခံတရားခံ ဒေဘီချန်းကို ချုပ်ဆိုပေးခဲ့သည့် လွှဲပြောင်းစာတမ်းကို ပယ်ဖျက်ပေးရန် လျှောက်ထားဆည်ကို၊ ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့စွဲပါ အမိန့်အရ ပလပ်လိုက်သည်ကို မကျေနပ်၍ တင်သွင်းသည့် အယူခံမှုဖြစ်သည်။

လူမဲ့အမှုအမှတ် ၂/၅၈ တွင် မီလ်ကာဆင်းမှာ၊ မြို့ရှင်တဦးဖြစ်သူ အေ၊ စကော့ကုမ္ပဏီ၏ ၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့စွဲပါ လျှောက်ထားချက်အရ ၁၉၅၈ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် လူမဲ့အဖြစ် ကျေညာခြင်းခံရလေသည်။ ထိုသို့ အေ၊ စကော့ကုမ္ပဏီမှ မလျှောက်ထားမီ ၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အယူခံတရားခံဖြစ်သူ ဒေဘီချန်းက ဤရုံးမူလဘက်ဆိုင်ရာ ၁၉၅၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅၄ တွင် မီလ်ကာဆင်းအပေါ် ငွေ ၁,၆၀,၀၀၀ ကျပ်ပေးဆပ်ရန်နှင့် တရားခံက ချုပ်ဆိုပေးခဲ့သည့် ၁၉၅၇ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့စွဲပါ လွှဲပြောင်းစာချုပ်၊ သဘောတူဂတိစာချုပ်နှင့် ကိုယ်စားလှယ်လွှဲစာများအရ၊ မီလ်ကာဆင်း ရရန်ရှိငွေများကို ၎င်းက သာရထိုက်ကြောင်း မြွက်ဖော်ပေးရန်နှင့် တရားခံအား ထိုငွေများကို ထုတ်ယူခြင်း မပြုနိုင်ရန် တားဝါရမ်းကိုပါ ရရှိရန် တရားစွဲဆိုခဲ့လေသည်။ ထိုသို့တရားစွဲဆိုရာ၌ အယူခံတရားခံက မီလ်ကာဆင်းသည် စစ်တပ်မှ အဆောက်အဦများ ဆောက်လုပ်ရန် ငွေသုံးသိန်းတန် ကန်ထရိုက်များရ၍၊ ပြီးဆုံးပါက အနည်းဆုံးငွေတသိန်းခန့်မြတ်မည်ဖြစ်သဖြင့်၊ ထိုလုပ်ငန်းကို ရွှက်ဆောင်နိုင်ရန် အယူခံတရားခံထံ ငွေရင်းစိုက်ထုတ်ပေးရန် ပြောလာသည့်အတွက်၊ ၁၉၅၇ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့က တရားခံ မီလ်ကာဆင်း၏ အေ၊ စကော့ဘဏ်ချက်လက်မှတ် သက်သေခံအမှတ် (၁) အရ ငွေ ၁၀,၀၀၀ ကျပ်ကိုငှဲး၊ ၁၉၅၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့က သက်သေခံအမှတ် (၂) ချက်လက်မှတ်အရ ငွေ ၃၀,၀၀၀ ကျပ်ကိုငှဲး၊ ၁၉၅၇ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့က သက်သေခံအမှတ် (၃) ချက်လက်မှတ်အရ ငွေ ၆၀,၀၀၀ ကျပ်ထုတ်ပေးခဲ့ကြောင်း။ ထို့အတွက်

0A

၁၉၆၆ ပစ္စည်းထိန်းဝန်နှင့် ဒေဘီချန်း။

၁၉၅၇ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် မီလ်ကာဆင်းက သက်သေခံအမှတ် (က) သဘောတူဂတိစာချုပ်၊ သက်သေခံ (ခ) လွှဲပြောင်းသည့် စာချုပ်နှင့် သက်သေခံ (ဂ) မရွှေ့သိမ်းနိုင်သည့် ကိုယ်စားလှယ်လွှဲစာတို့ကို အယူခံတရားခံအတွက် ချုပ်ဆိုပေးခဲ့ကြောင်း။ ထို့နောက် ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် မီလ်ကာဆင်း၏ သက်သေခံအမှတ် (၄) ချက်လက်မှတ်အရ ဒေါ် ၅၀,၀၀၀ ကျပ်ကို ထပ်မံထုတ်ပေးခဲ့ရာ၊ ၎င်းငွေများအတွက် စစ်တပ်မှရရှိသည့်ငွေနှင့် ခုနှိမ်ပြီး၊ ၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့ စာရင်းရှင်းလိုက်ရာ တရားခံထံမှ ဒေါ် ၁,၆၀,၀၀၀ ကျပ်ရရန်ရှိနေသော ကြောင့် တရားစွဲဆိုရပါသည်ဟု ပြဆိုလေသည်။

သို့သော် ပစ္စည်းထိန်းဝန်က လူမဲ့ မီလ်ကာဆင်း၏ ပစ္စည်းနှင့် ပတ်သက်၍မိမိစုံစမ်းစစ်ဆေးသောအခါ၊ သက်သေခံအမှတ် (၁) ချက်လက်မှတ် ဒေါ် ၁၀,၀၀၀ ကျပ်အတွက် အယူခံတရားခံက မီလ်ကာဆင်းသို့ ဒေါ် ၂,၀၀၀ ကျပ်၊ သက်သေခံအမှတ် (၂) ဒေါ် ၃၀,၀၀၀ ကျပ်၊ ချက်လက်မှတ်အတွက် ဒေါ် ၇,၀၀၀ ကျပ်၊ သက်သေခံအမှတ် (၃) ဒေါ် ၆၀,၀၀၀ ကျပ်၊ချက်လက်မှတ်အတွက် ဒေါ် ၇,၀၀၀ ကျပ်နှင့် သက်သေခံအမှတ် (၄) ဒေါ် ၅၀,၀၀၀ ကျပ်၊ ချက်လက်မှတ်အတွက် ဒေါ် ၁၁,၀၀၀ ကျပ် စုစုပေါင်းဒေါ် ၂၉,၀၀၀ ကျပ်သာ ထုတ်ပေးခဲ့ကြောင်း တွေ့ရှိရသဖြင့်၊ ထိုငွေများအတွက် လူမဲ့ဖြစ်သူ မီလ်ကာဆင်းက ၎င်းရရန်ရှိသည့် ငွေများအားလုံးကို အယူခံတရားခံသို့ လွှဲပြောင်းပေးသည့် သက်သေခံ (ခ) လွှဲပြောင်းစာချုပ်မှာ သဘောရိုးနှင့် တန်ရာတန်ဘိုးပေးပြီး ရရှိချုပ်ဆိုခဲ့သည့် လွှဲပြောင်းစာချုပ် မဟုတ်သဖြင့်၊ အများသောမြို့ရှင်တို့၏ အကျိုးငှါ ၎င်းစာချုပ်ကို ပုဒ်မ ၅၅ အရ၊ ပယ်ဖျက်ပေးရန် လူမဲ့ မီလ်ကာဆင်း၏ ကျမ်းကျိန်စာပါ ပူးတွဲ၍ ၁၉၆၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့က ရုံးသို့လျှောက်ထားခဲ့လေသည်။

ထိုလျှောက်လွှာအရ ရုံးမှလိုအပ်သည့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး၊ ပစ္စည်းထိန်းဝန်သည် အချင်းဖြစ်သည့် သက်သေခံ (ခ) လွှဲပြောင်းစာချုပ်မှာ ပုဒ်မ ၅၅ တွင် ရည်ညွှန်းထားသည့်အတိုင်း သဘောရိုးနှင့် မဟုတ်ဘဲ လုံလောက်သည့်တန်ဘိုးပေးချခြင်းမပြုဘဲနှင့် လွှဲပြောင်းခြင်းပြုလုပ်ခဲ့သည့် စာချုပ်တခုဖြစ်သည်ဟုပြသရန် တာဝန်ကို ကျေပွန်စွာ ပြဆိုနိုင်ခြင်းမရှိဆိုပြီး အယူခံတရားလို၏ အလွှာကို ပယ်လိုက်လေသည်။

ထို့အတွက် ယခုအယူခံရာဝယ် ပစ္စည်းထိန်းဝန်က အောက်ရုံးမှ သက်သေခံ (ခ) လွှဲပြောင်းသည့် စာချုပ်မှာ တန်ရာတန်ဘိုးအပြည့်အတွက်မဟုတ်၊ လျော့နည်းနေသည်ကို လက်ခံထားပါလျက်၊ ထိုသို့တန်ဘိုးအပြည့်အတွက် မဟုတ်ဘဲ လွှဲပြောင်းပေးခြင်းဖြစ်သည်ဟု တွေ့ရှိရကား၊ ၎င်းလွှဲပြောင်းစာချုပ်မှာ ပုဒ်မ ၅၅ တွင် အကျုံးဝင်သည့်သဘောရိုးနှင့် ပြုလုပ်ပေးခဲ့သည့် စာချုပ်မဟုတ်ဟု ယူဆနိုင်စွမ်းရှိကြောင်းကို

ပါရဂူ မူလာ၏စာအုပ် စာမျက်နှာ ၆၁၀ တွင် အတိအလင်း ပြဆိုထားသဖြင့်၊ အောက်ရုံးမှ ချမှတ်သည့် အမိန့်မှာ မှားယွင်းနေ၍ ပယ်ဖျက်သင့်ကြောင်း အဓိကပြဆိုပေသည်။

အထက်ပါ ပြဆိုချက်မှာ အခြေအမြစ်ရှိကြောင်းကို အယူခံတရားလို၏ ပညာရှိ ရှေနေကြီးက သက်သေခံ (၁) လွှဲပြောင်းစာချုပ်ကို ငွေမည်မျှအတွက် လွှဲပြောင်းပေးခဲ့ခြင်းကို ပြဆိုခြင်းမရှိ၊ ၎င်းစာချုပ်ကို ချုပ်ဆိုသည့်နေ့က ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့စွဲပါ သက်သေခံအမှတ် (၄) ငွေ ၅၀,၀၀၀ ကျပ်အတွက် ချက်လက်မှတ်မှာ လုံးဝမပေးရသေးသဖြင့်၊ အမှတ် (၁) လွှဲပြောင်းစာချုပ်ကို ၁၉၅၇ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ချုပ်ဆိုပါသည်ဆိုသည်မှာ မဖြစ်နိုင်။ လွှဲပြောင်းစာချုပ်အရ ငွေပေးရန်ရှိသည့် သက်ဆိုင်သော စစ်တပ်အာဏာပိုင်များသို့လည်း အမှတ် (၁၄) စာအရ ၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင်မှသာ အကြောင်းကြားခဲ့ခြင်းနှင့် အမှုပါ သက်သေခံချက်များနှင့် အယူခံတရားခံ စွဲဆိုထားသည့် အမှုအမှတ် ၁၅၄/၅၇ ပါ စွဲချက်နှင့် မီလ်ကာဆင်း၏ ချေပချက်တို့ကိုကြည့်ရှုမှု ၎င်းတို့နှစ်ဦး မတရားပူးပေါင်းဆောင်ရွက်ထားခြင်းဖြစ်ကြောင်း ပေါ်လွင်သည့် အချက်များရှိသည်ကို ရည်ညွှန်းပြဆိုပေသည်။

သက်ဆိုင်သည့် ရန်ကုန်မြို့၊ လူမွဲခံယူမှုဥပဒေပုဒ်မ ၅၅ မှာ အောက်ပါအတိုင်းဖြစ်သည်။

> " Any transfer of property, not being a transfer made before and in consideration of marriage, or made in favour of a purchaser or incumbrancer in good faith and for valuable consideration, shall, if the transferor is adjudged insolvent within two years after the date of the transfer, be void against the official assignee."

ထို့ကြောင့် ယခုအမှုတွင် အဓိကစဉ်းစားရမည်မှာ အမှုတွင် ပေါ်လွင်သည့် သက်သေခံချက်များအရ၊ ပယ်ဖျက်ပေးရန် လျောက်ထားသည့် သက်သေခံ (၁) လွှဲပြောင်းစာတမ်းကို လူမွဲဖြစ်သူက သဘောရိုးနှင့် တန်ရာတန်ဘိုးအတွက် လွှဲပြောင်းပေးခဲ့ခြင်းဟုတ် မဟုတ်ပင်ဖြစ်သည်။ အယူခံတရားလို၏ ပညာရှိ ရှေနေကြီးက ၎င်းစာချုပ်မှာ တန်ရာတန်ဘိုးအရ ချုပ်ဆိုခြင်းမဟုတ်ကြောင်းကို အထက်က ပြဆိုခဲ့သည့် ရည်ညွှန်းချက်များမှာ အယူခံတရားလို တင်သွင်းသည့် လျောက်လွှာနှင့် ပူးတွဲထားသည့် လူမွဲ မီလ်ကာဆင်း၏ ကျမ်းကျိန်ချက်နှင့် မီလ်ကာဆင်း ရုံးရှေ့အစစ်ခံချက်များက ထောက်ခံနေကြောင်းကိုကား လျောက်ထားလေသည်။

သို့သော် မီလ်ကာဆင်းအား လူမွဲအဖြစ်ပြုလုပ်ရန် အေ၊ စကော့ဘရာ်ဗာ မလျောက်ထားမီ ၅ လခန့်က အယူခံတရားခံက တရားစွဲဆိုခဲ့သည့်အမှုအမှတ် ၁၅၄/၅၇ ရှိ

၁၉၆၆

ပန္တည်းထိန်းဝန်နှင့် ဒေဘီချန်း။

စွဲလွှာနှင့် ပတ်သက်၍၊ မီလ်ကာဆင်း တင်သွင်းခဲ့သည့် ချေပလွှာအပိုဒ် (၇) နှင့် (၁၄) အပြင်၊ ချေပလွှာနှင့် ပူးတွဲတင်သွင်းသည့် ၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့စွဲပါ စာအရ၊ သက်သေခံအမှတ် ၁၊ ၂၊ ၃၊ ၄ ချက်လက်မှတ်ပါငွေများအနက် ငွေ ၁၈,၀၀၀ ကျပ်သာ ရရန်ကျန်ရှိကြောင်းနှင့် သက်သေခံ (ခ) လွှဲပြောင်းစာချုပ်ကိုလည်း ၁၉၅၇ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့က ချုပ်ဆိုပေးခဲ့ကြောင်းကို၊ မီလ်ကာဆင်းက အတိအထင်း ဝန်ခံထားလေသည်။ ထိုအချက်ကို မီလ်ကာဆင်းက ၎င်းအား လှုမ်းမိုးမှုဖြစ် မကျေညာမီကပင် တင်သွင်းခဲ့သဖြင့် ထိုချေပချက်မှာ မှန်ကန်လက်ခံနိုင်စရာမရှိဟု မဆိုနိုင်သဖြင့်၊ မီလ်ကာဆင်းက ယခုအမှုစွဲဆိုမှု ပေးခဲ့သည့် ကျမ်းကျိန်လွှာနှင့် ရုံးရှေ့တွင် ဆန့်ကျင်စွာ ထွက်ဆိုချက်တို့ကို လက်ခံနိုင်ရန် ခဲယဉ်းပေသည်။ တဖန် သက်သေခံ ၁၊ ၂၊ ၃၊ ၄ ချက်လက်မှတ်များမှာ တန္ဒေတည်းတွင် ရေးပေးခြင်းမဟုတ်။ ပဌမချက်လက်မှတ်အတွက် ငွေအပြည့်မရရှိမီ၊ မီလ်ကာဆင်းက မည်သည့်အတွက် အခြားချက်လက်မှတ်များ ပေးခဲ့ကြောင်းနှင့် ထိုသို့ချက်လက်မှတ်များအတွက် ငွေအပြည့်မရကြောင်းကိုလည်း တစုံတရာ ကန့်ကွက်ခြင်းပြုခဲ့ကြောင်း သက်သေခံ အထောက်အထားတခုမှ မပြနိုင်ချေ။ ထို့ကြောင့် သက်သေခံ (ခ) လွှဲပြောင်းစာချုပ်တွင် ငွေမည်ရွေ့မည်မျှအတွက်ဟု ဖော်ပြထားခြင်း မရှိခဲ့နှင့် လွှဲပြောင်းပေးသူမှာ၊ ထိုစာချုပ်အတွက် လုံလောက်သည့်ငွေများ မရရှိဟု မဆိုနိုင်။ ငွေများရရှိကြောင်း ထင်ရှားနေမှု၊ ၎င်းစာချုပ်ကို ချုပ်ပေးခဲ့ခြင်းမှာ တန်ဆာတန်ဘိုး အတွက် မဟုတ်ဟု ယူဆနိုင်ရန် ခဲယဉ်းတော့၏။

ဒုတိယအချက်ဖြစ်သည့် သက်သေခံ (ခ) စာချုပ်ကို လှုမ်းမိုးသူ မီလ်ကာဆင်းက သဘောရိုးနှင့် ချုပ်ပေးခဲ့ခြင်း မဟုတ်ကြောင်းနှင့် ပတ်သက်၍ အယူခံတရားလို၏ ပညာရှိ ရှေ့နေကြီးက သက်သေခံအမှတ် (၁) မှ (၄) အထိ ချက်လက်မှတ်များအတွက် ငွေအပြည့်မရရှိဆိုသည့် အချက်နှင့် အမှုကြောင်းရာများကို ဆင်ခြင်သော်၊ အယူခံတရားခံနှင့် မီလ်ကာဆင်းတို့ အခြားကြွေးရှင်များ မခံစားနိုင်ရန် ပူးပေါင်း၍ မတရားပြုလုပ်ထားခြင်းဖြစ်ကြောင်း ယူဆရန်ရှိပါသည်ဟု ဆိုလိုသည်။ သို့ရာတွင် ထိုပြဿနာကို အယူခံတရားလိုက ထင်ရှားအောင် အထောက်အထား ပြနိုင်ခြင်းမရှိ၊ မယုံသင်္ကာဖြစ်စရာအကြောင်းရှိကြောင်းကိုသာ ပြောဆိုနိုင်ပြီး၊ ထိုသို့ယူဆနိုင်ရန်လည်း အယူခံတရားခံက စွဲဆိုသည့်အမှုအမှတ် ၁၅၄/၅၇ တွင် ငွေများကို ပေးဆပ်ရန် ရှိပါသည်ဟု မီလ်ကာဆင်းက ဝန်ခံခြင်းမပြုသည့်ပြင်၊ ပေးဆပ်ရန်တာဝန်မရှိကြောင်းကို အကြောင်းအမျိုးမျိုးပြု၍ ကန့်ကွက်ခဲ့သည်သာမက မီလ်ကာဆင်းသည် လှုမ်းမိုးမှုဖြစ် အလိုအလျောက် ခံယူခဲ့ခြင်းမဟုတ်၊ အယူခံတရားခံက လျော်ကြားခဲ့ခြင်းလည်း မဟုတ်၊ အခြားမြို့ရှင်တဦးဖြစ်သူ အေ၊ စကော့ဘရာ်က လျော်ကြားချက်အရ

လူမဲ့အဖြစ် ကျေညာခြင်းခံရပြီး၊ အေ၊ စကော့ဘရော်မှာလည်း အယူခံတရားခံ၊ သို့မဟုတ် မီလ်ကာဆင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ပြုခဲ့ပါသည်ဟု စွပ်စွဲချက်မရှိသောကြောင့် ဖြစ်သည်။

တဖန် ယခုအမှုတွင် မီလ်ကာဆင်းက အစစ်ခံသောအခါ၊ အယူခံတရားခံထံမှ ငွေအကူအညီတောင်းသည့်အခါက မိမိမှာ အေ၊ စကော့ဘရော်သို့ ငွေငါးသောင်းနှင့် အခြားလူများကို ငွေ ၇ သောင်းပေးဆပ်ရန် ကြွေးမြီများရှိသော်လည်း ထိုအကြောင်းကို အယူခံတရားခံသို့ အသိမပေးမပြောကြားခဲ့ပါဆိုသဖြင့်၊ အယူခံတရားခံက မီလ်ကာဆင်းသို့ ငွေချေးသောအခါနှင့် သက်သေခံ (၁) လွှဲပြောင်းစာချုပ်ကို ရယူသောအခါက မီလ်ကာဆင်းမှာ မကြာမီ လူမဲ့ဖြစ်တော့မည်ဟု အမှန်သိလျက်နှင့် သဘောရိုးဖြောင့်စွာနှင့် မဟုတ်ဘဲ သက်သေခံ (၁) လွှဲပြောင်းစာချုပ်ကို ရယူခဲ့ခြင်း ဖြစ်သည်ဟုလည်း ယူဆနိုင်ရန်ခဲယဉ်းကြောင်းကို၊ ယခင် ပရိဗီကောင်စီ ထုံးဖွဲ့ခဲ့သည့် **ပုတ်နှင့် ပစ္စည်းထိန်းဝန်၊ ရန်ကုန်** (၁) စီရင်ထုံးတွင် အောက်ပါအတိုင်း ပြဆိုထားသောကြောင့် ဖြစ်ပေသည်။

> **"A transfer to a purchaser made by a person adjudged an insolvent under the Presidency-Towns Insolvency Act, 1909, within two years of his insolvency, cannot be set aside under section 55 of the Act, if it was a real transaction for consideration, in the absence of proof that the purchaser knew that the seller was insolvent when the purchase was made; that the transfer was of the whole of the available assets is not in itself sufficient to show want of good faith."**

သို့ဖြစ်ရကား ယခုအမှုပါ အကြောင်းခြင်းရာများအရ၊ အောက်ရုံးမှ အယူခံတရားလိုသည် လူမဲ့ဥပဒေပုဒ်မ ၅၅ အရ၊ ပယ်ဖျက်ပေးရန် လျှောက်ထားသည့် သက်သေခံ (၁) လွှဲပြောင်းစာချုပ်မှာ အယူခံတရားခံက ထိုက်သင့်သည့် ငွေတန်ဘိုးပေးခဲ့ခြင်းမရှိဘဲ မရိုးဖြောင့်သော သဘောနှင့် ရယူခဲ့ခြင်းမဟုတ်ဟု တွေ့ရှိဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေအရသော်ငင်း၊ သက်သေခံချက်များအရသော်ငင်း မှားယွင်းချွတ်ချော်ခြင်းဖြစ်နေသည်ဟု ကျွန်ုပ်တို့ မည်သို့မျှမတွေ့ရှိရသဖြင့်၊ ထိုအမိန့်တွင် ဝင်ရောက်စွက်ဖက်ရန် အကြောင်းရှိသည်ဟု မဆိုနိုင်၍ ယခုအယူခံမှုကို ပလပ်ရမည်သာ ဖြစ်သည်။

ဖေါ်ပြပါ အကြောင်းများကြောင့် ယခုအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ပညာရှိ ရွှေနေကြီး စရိတ်အဖြစ် ၅၁ ကျပ်သတ်မှတ်သည်။

---

(၁) ရန်ကုန်အတွဲ ၁၂၊ စာမျက်နှာ ၁၀၅။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ်ရွှေတွင်

† ၁၉၆၆ မတ်လ ၁၈ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ကိုထွန်းချစ် (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

တရားအသင်း အက်ဥပဒေပုဒ်မ ၁၇ (၁)—စားဘွယ်သောက်ဘွယ် သရေစာတို့ကို ဓက၊အင်၊ဒီ၊ အိုယ်သောင်းကျန်းသူများ ကျက်စားရာအရပ်သို့ သွားရောက်ရောင်းခြင်း— သောင်းကျန်းသူတို့အား အကူအညီပေးသည်ဟု ယူဆသင့်မသင့်။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည် စားဘွယ်သောက်ဘွယ် သရေစာတို့ကို သယ်ပိုးရှိကေ၊အင်၊ဒီ၊အို သောင်းကျန်းသူများကျက်စားရာအရပ်သို့ သွားရောက်ပြီး ရောင်းစားနေသူတဦးဖြစ်သည်။ သောင်းကျန်းသူများခို့သောနယ်ထဲသို့ ဤကဲ့သို့သွား၍ အရောင်းအဝယ်ပြုပြီး အသက်မွေးခြင်းသည် သောင်းကျန်းသူတို့အား အကူအညီပေးသည်ဟု တထစ်ချမယူဆနိုင်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးတိုးမောင်။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။

တရားသူကြီး ဦးချစ်။ ။ရေတာရှည်မြို့၊ မြို့နယ် ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၀၄ တွင်၊ လျှောက်ထား ခံရသူ ကိုထွန်းချစ်အပေါ် မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ (၁) အရ၊ ပြစ်မှုမြောက်သည်ဟု ယူဆပြီး ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၂ အရ၊ ၂ နှစ်အတွင်း ကောင်းမွန်စွာ နေထိုင်စေရန် ၂,၀၀၀ တန် အာမခံသူ ၂ ယောက်တို့နှင့် ခံဝန်ပြုလုပ်၍ လွှတ်ထားစေ၊ အာမခံ မပေးနိုင်က အလုပ်နှင့် ထောင်ဒဏ် ၂ လတိတိကျခံစေရန် အမိန့် ချမှတ်ခဲ့သည်။ လျှောက်ထားခံရသူ ကိုထွန်းချစ်က အယူခံဝင်သည်၊ သို့ဖြစ်၍ ဤရုံးက ယင်းအမိန့်သည် တရားဥပဒေနှင့် ကိုက်ညီ၍ မှန်ကန်ခြင်းနှင့် မျှတမှုရှိ-မရှိ စစ်ဆေး သုံးသပ်ရန် လိုအပ်သည်ဟု ယူဆသဖြင့် ရာဇဝတ်ပြင်ဆင်မှုကိုဖွင့်၍ အောက်ရုံး အမှုတွဲကိုခေါ်ပြီး စစ်ဆေး သုံးသပ်သည်။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၉ (က)။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၀၄ တွင် ချမှတ်သော ၁၉၆၄ ခုနှစ်၊နိုဝင်ဘာလ ၁၁ ရက်နေ့စွဲပါ၊ ရေတာရှည်မြို့၊ မြို့နယ်ရာဇဝတ်တရားသူကြီး၏အမိန့်ကို ပြန်၍ဆင်ခြင်မှု။

လျှောက်ထားခံရသူ ကိုထွန်းချစ်သည် သောင်းကျန်းသူ ကေအင်ဒီအိုမျှားနှင့် ဆက်သွယ်၍ ၎င်းတို့အား စားသောက်ဖွယ်ရာများကို ပေးကမ်း ကူညီသည်ဟု စွပ်စွဲချက် ရှိသည်၊ သို့ရာတွင် ထိုစွပ်စွဲချက်နှင့် ပတ်သက်၍ တိတိကျကျ ထောက်ခံနိုင်သော သက်သေထွက်ချက်မရှိ၊ ကိုထွန်းချစ်သည် စားသောက်ဖွယ်ရာ သရေစာတို့ကို သယ်ပိုး၍ ကေအင်ဒီအို သောင်းကျန်းသူများ ကျက်စားရာအရပ်သို့ သွားရောက်ပြီး ရောင်းစား နေသူတဦးဖြစ်သည်၊ သောင်းကျန်းသူများနှိုးသော နယ်ထဲသို့ ဤကဲ့သို့သွား၍ အရောင်း အဝယ်ပြုပြီး အသက်မွေးခြင်းသည် သောင်းကျန်းသူတို့အား အကူအညီပေးသည်ဟု တထစ်ချ မယူဆနိုင်။

ပညာရှိ အစိုးရဖွဲ့နေကြီး ဦးတိုးမောင်က ဤအမှုတွင် လျှောက်ထားခံရသူ ကိုထွန်းချစ်အပေါ် အောက်ရုံးက မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇ (၁)အရ၊ ပြစ်မှုမြောက်သည်ဟု တွေ့ရှိရပြီး ပြစ်ဒဏ်ချမှတ်ခြင်းမှာ အမှု၏ အကြောင်းချင်းရာနှင့် သော်၎င်း၊ သက်သေထွက်ချက်အရ သော်၎င်း ကိုက်ညီခြင်း မရှိသဖြင့် ယင်းကဲ့သို့ အမိန့်ချမှတ်ခြင်းမှာ တရားဥပဒေအရ မှားယွင်းကြောင်း၊ တွေ့ရှိရပါသည်ဟု တင်ပြသွားသည်။

ဤအမှုတခုလုံးကို ခြုံ၍ကြည့်လျှင် လျှောက်ထားခံရသူ ကိုထွန်းချစ် အပေါ်တွင် မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ (၁) အရ မည်သို့မျှ အပြစ်မပေးနိုင်၊ အောက်ရုံး ပညာရှိ တရားသူကြီးက ၎င်း၏စီရင်ချက်တွင် ဖေါ်ပြထားသည်မှာ ဤအမှုတွင် ကိုထွန်း ချစ်အပေါ် မသက်ဆိုင်မှုသာ ရှိသည်ဟုဆိုသည်၊ လူတဦးတယောက်ကို မည်သည့် ရာဇဝတ်ပြစ်မှုမျိုးမဆို မသက်ဆိုင်မှုဖြင့် အပြစ်မပေးနိုင်ဟု ဥပဒေက အတိအလင်း ဆိုထားသည်၊ ဤအမှုတွင် မထက်ဘမူဖြင့် အပြစ်ပေးထားသဖြင့် ထိုကဲ့သို့ ပေးထား သော အပြစ်ဒဏ်မှာ မှားယွင်းနေကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် အောက်ရုံးပညာရှိ တရားသူကြီးက ကိုထွန်းချစ်အပေါ် မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ (၁) အရ၊ ပြစ်မှုမြောက်သည်ဟု တွေ့ရှိပြီး ချမှတ်သော ပြစ်ဒဏ် တို့မှာ မှားယွင်း၍တရားမျှတမှုကင်းမဲ့နေသောကြောင့် ၎င်းတို့ကိုပယ်ဖျက်လိုက်သည်၊ လျှောက်ထားခရသူ ကိုထွန်းချစ်အား ဤအမှုနှင့် ပတ်သက်သမျှ တရားသေလွတ်ရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

† ၁၉၆၆

ဧပြီလ ၂၆ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားလို)

နှင့်

မောင်အောင်သိန်း (အယူခံတရားခံ)*

ရာဇသတ်ကြီး ပုဒ်မ ၄၉၇ အရ၊ လင်ရှိမယားအား ခိုးယူပေါင်းသင်းမှု—မိန်းမတဦးအား ကာမစပ်ယှက်ပေါင်းသင်းသည် မပေါင်းသင်းသည်ဆိုသောကိစ္စ—ပတ်ဝန်းကျင်သက်သေအထောက်အခံများအပေါ် မူတည်၍ ဆုံးဖြတ်ခြင်း။

ဆုံးဖြတ်ချက်။ ။မိန်းမတဦးအား ကာမစပ်ယှက်ပေါင်းသင်းသည် မပေါင်းသင်းသည်ဆိုသောကိစ္စနှင့်ပတ်သက်၍၊ ထင်းသို စပ်ယှက်ပေါင်းသင်းကြောင်း တိုက်ရိုက်သက်သေအထောက်အထား ရရှိရန် မလွယ်ကူပေ။ ပတ်ဝန်းကျင်သက်သေ အထောက်အခံများအပေါ် မူတည်၍သာ ဆုံးဖြတ်ရပေမည်။ သူကြီးဦးထွန်းမြိုင်အား အယူခံထရားခံကိုယ်တိုင်က မသန်းမြင့်နှင့် နှစ်ဦးသဘောတူပေါင်းသင်းလျက်ရှိ၍၊ လျှောက်ကြေးပေးပြီးကြေအေးအောင် ဆောင်ရွက်ပေးရန် ဝန်ခံပြောဆိုခဲ့သည့်အပြင်၊ သက်သေခံ "က"၌ မသန်းမြင့်နှင့် နှစ်ဦးသဘောတူ ပေါင်းသင်းနေကြောင်း ဝန်ခံချက်ရှိနေ၏။ သက်သေခံ "က"၌၊ နှစ်ဦးသဘောတူကြောင်းဟုသာ ဖေါ်ပြထားသော်လည်း၊ တချိန်တည်းတွင် ဖျုပ်ဆိုပေးခဲ့သည့် သက်သေခံ "ဃ" နှင့်တွဲဖက်၍ ဖတ်ရှုလျှင်၊ ၎င်းသည် မသန်းမြင့်နှင့်ပေါင်းသင်းနေထိုင်သည်ကို ဆိုလိုကြောင်း ယုံမှားဘွယ်မရှိနိုင်။

မောင်မြအောင်နှင့် ပြည်ထောင်စု၊ ၁၉၆၀ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၂၀ (တရားလွှတ်တော်ဖျုပ်)။

ဆန်ဝပ်ဆင်နှင့် ရာဂျာစတန်ပြည်နယ်၊ အေ-အိုင်-အာရ်၊ ၁၉၆၁ ခုနှစ်၊ တရားလွှတ်တော်၊ စာ ၇၁၅ ဆိုကိုရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။(အစိုးရရှေ့နေကြီး) ဦးသိန်းဟံ။

အယူခံတရားခံအတွက်။ ။ဦးတင့်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားခံ မောင်အောင်သိန်းအား ရာဇသတ်ပုဒ်မ ၄၉၇ အရ၊ လင်ရှိမယားအား ခိုးယူပေါင်းသင်းမှုဖြင့် တရားစွဲဆိုရာ၊ ကျောက်ပန်း

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၉၈။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၈ တွင်၊ ၁၉၆၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့စွဲပါ၊ နယ်ပိုင် ရာဇဝတ်တရားသူကြီး (အထူး) ကျောက်ပန်းတောင်းမြို့၏အမိန့်ကို အယူခံမှု။

တောင်းမှို့ နယ်ပိုင် **ရာဇဝတ်တရားသူကြီးက**၊ တရားသေလွတ်ခဲ့၍၊ နိုင်ငံတော်အစိုးရက မကျေနပ်သဖြင့် အယူခံဝင်သော အမှုဖြစ်သည်။

တရားသေလွတ်သည့်အမိန့်ကို အယူခံဝင်သောအခါ၊ အယူခံရုံးသည် သက်သေထွက်ချက်များကို ပြန်လည်ဆန်းစစ်ရန် အာဏာရှိသည်ဆိုခြင်းမှာ ယုံမှားဘွယ်မရှိ။ သို့ရာတွင် ယင်းသို့ပြန်လည်ဆန်းစစ်ရာ၌၊ မူလရုံး၏ ကောက်ယူချက်နှင့် ကွဲလွဲကာမှဖြင့် **တရားသေလွတ်ခဲ့သည့်အမိန့်**ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။ **မောင်မြအောင်** နှင့် **ပြည်ထောင်စု** (၁)။ တနည်းဆိုသော် ဝင်ရောက်စွက်ဖက်ရန် လုံလောက်သောအကြောင်းရှိရပေမည်။ လုံလောက်သောအကြောင်း ဆိုသည့်စကားရပ်အား အဓိပ္ပါယ်ဖွင့်ဆိုထားသည့် **ဆန်ဝပ်ဆင်** နှင့် **ရာဂျာစတန်ပြည်နယ်** (၂) အမှုပါဆုံးဖြတ်ချက်ကို ကျွန်ုပ်သဘောတူလက်ခံသည်။ အချုပ်အားဖြင့်ဆိုသော်၊ တရားသေလွတ်သည့်အမိန့်ကို လွယ်လွယ်နှင့်ပယ်ဖျက်ရန် မဟုတ်ဟု ဆိုသောအချက်အား သတိချပ်ရန်ပင်ဖြစ်၏။ သို့ဖြစ်ရာ၊ ယခုအမှုတွင် အောက်ရုံး၏အမိန့်သည် အထက်ဖေါ်ပြပါမူအရ ဝင်ရောက်စွက်ဖက်သင့် မသင့်ဆိုသော ပြဿနာကို ဝေဖန်ရန်လိုပေသည်။

အမှုဖြစ်ပါးပုံ အထုပ္ပတ္တိအကျဉ်းချုပ်မှာ၊ ပခုက္ကူမြို့ မြေတိုင်းစာရေး မောင်လှသောင်း (လိုပြ-၁)သည်၊ ကျောက်ပန်းတောင်းမြို့ ဘိုကုန်းရွာနေ မသန်းမြင့် (ခံပြ-၂) နှင့်လွန်ခဲ့သည့် ၂ နှစ်ခန့်က မြန်မာဗုဒ္ဓဘာသာ တရားဥပဒေအရ ထိမ်းမြားလက်ထပ်ကာ၊ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြ၏။ မောင်လှသောင်းမှာ အလုပ်တာဝန်အရ ကွင်းဆင်းနေရသဖြင့်၊ ဇနီးဖြစ်သူ မသန်းမြင့်အား၊ မသန်းမြင့်၏မိဘများနှင့်အတူ နေထိုင်ရန်၊ ဘိုကုန်းရွာသို့ပို့ထားရ၏။ ၁၉၆၅ ခု၊ ဇန္နဝါရီလ ၇ ရက်နေ့တွင် မောင်လှသောင်းသည် ဘိုကုန်းရွာသို့လိုက်လာပြီး မသန်းမြင့်အားပြန်ခေါ်၏။ မသန်းမြင့်က မလိုက်လိုကြောင်း ငြင်းဆိုနေသဖြင့်၊ ၁၉၆၅ ခု၊ ဇန္နဝါရီလ ဂ ရက်နေ့တွင် မောင်လှသောင်းသည် ဘိုကုန်းရွာသူကြီး ဦးထွန်းမြိုင် (လိုပြ-၄)နှင့် လူကြီးများအား သွားရောက်တိုင်ကြားသောကြောင့်၊ လူကြီးများက မသန်းမြင့်အားခေါ်ပြီး မေးမြန်းစေ့စပ်ချက်အရ၊ မသန်းမြင့်သည် မောင်လှသောင်းနောက်သို့ လိုက်ရန်သဘောတူခဲ့၏။ ထို့နောက် ၁၉၆၅ ခု၊ ဇန္နဝါရီလ ၉ ရက်နေ့တွင် မောင်လှသောင်းသည် မသန်းမြင့်အား ကျောက်ပန်းတောင်းမြို့သို့ခေါ်လာပြီး၊ မောင်ကျော်ရှိန် (လိုပြ-၂)၏အိမ်၌ ခေတ္တတည်းခိုနေကြ၏။ ထိုနေ့ညနေ ၄ နာရီခန့်အချိန်တွင် မောင်လှသောင်း အပြင်သို့ခေတ္တထွက်သွားခိုက် မသန်းမြင့်သည်၊ မောင်ကျော်ရှိန်အိမ်မှ ပျောက်သွားလေသည်။ လိုက်လံရှာဖွေသော်လည်း မတွေ့ချေ။ ထိုနေ့ည ၉ နာရီခန့်အချိန်တွင်၊ မောင်ကံမြင့်

---

(၁) ၁၉၆၀ ခုနှစ်၊ မြန်မာပြည်ဗီရင်ထုံး၊ စာ ၂၀ (တရားလွှတ်တော်ချုပ်)။

(၂) အေ-အိုင်-အာရ်၊ ၁၉၆၁ ခုနှစ်၊ တရားလွှတ်တော်ချုပ်၊ စာ ၇၁၅။

၁၉၆၆

မြည်ဆောင်စု မြန်မာနိုင်ငံနှင့် မောင်အောင်ဆိန်း။

(လိုပြ-၃)က မသန်းမြင့်အား အယူခံတရားခံနှင့်အတူ မြင်းလှည်းစီးသွားသည်ကို ညနေ ၅ နာရီခန့် အချိန်လောက်က တွေ့လိုက်ရကြောင်း သတင်းပေးသဖြင့်၊ မောင်လှသောင်း သည် ဇနီးဖြစ်သူအား အယူခံတရားခံက ခိုးသွားကြောင်း သိရလေသည်။

နောက်နေ့ဖြစ်သည့် ၁၉၆၅ ခု၊ ဧန္နဝါရီလ ၁၀ ရက်နေ့တွင် မောင်လှသောင်းသည်၊ သူကြီး ဦးထွန်းမြိုင်နှင့် ရဲတပ်ကြပ် မောင်ချစ်စိန် (လိုပြ-၆)တို့အား အကျိုးအကြောင်း တိုင်ပြောလေသည်။ ထို့ကြောင့် သူကြီးဦးထွန်းမြိုင်သည် အယူခံတရားခံ၏အိမ်သို့ သွားရောက်ရာ၊ အယူခံတရားခံအား မသန်းမြင့်နှင့်အတူတွေ့ရပြီး၊ ၎င်းတို့က နှစ်ဦး သဘောတူ ပေါင်းသင်းနေပြီဖြစ်၍၊ လျော်ကြေးပေးပြီး ကြေအေးနိုင်ရန် ဆောင်ရွက် ပေးပါမည့်အကြောင်း ဦးထွန်းမြိုင်အား ပြောကြားလေသည်။ ရဲတပ်ကြပ် မောင်ချစ် စိန်ကလည်း အယူခံတရားခံနှင့် မသန်းမြင့်တို့အား ခေါ်မေးရာ မသန်းမြင့်က ၎င်းချစ် ကြိုက်၍ အယူခံတရားခံနှင့်အတူ သွားနေကြောင်း ဖြေကြားလေသည်။

ထိုနှစ်ဦးပင် ဒဟတ်ကုန်း ရွာသူကြီး ဦးညို (လိုပြ-၇)အား အယူခံတရားခံက ၎င်း၏အိမ်သို့ခေါ်ပြီး၊ အယူခံတရားခံက ၎င်းသည် မသန်းမြင့်နှင့်အတူ နှစ်ဦးသဘောတူ နေထိုင်ကြောင်း၊ သက်သေခံ "က" စာကို ရေးပေးပြီး၊ မသန်းမြင့်က ၎င်းသည်လင်ဖြစ်သူ မောင်လှသောင်းနှင့် ကွာရှင်းပြီးဖြစ်၍၊ အယူခံတရားခံအိမ်သို့ မိမိသဘော အတိုင်း တက်နေခြင်းသာဖြစ်ကြောင်း သက်သေခံ "ခ" စာကို ရေးပေးခဲ့လေသည်။

အထက်ပါ သက်သေခံအထောက်အထားများအရ၊ အယူခံတရားခံအပေါ် ထိုးသတ် ပုဒ်မ ၄၉၇ ဖြင့်စွဲချက်တင်ရာ၊ အယူခံဘရားခံက၊ မသန်းမြင့်တွင် လင်ရှိသည်ဟုမိမိမသိ ကြောင်း။ မသန်းမြင့်မှာ ယောကျ်ားမောင်လှသောင်းနှင့် ကွာရှင်းပြတ်စဲပြီးဖြစ် ကြောင်း၊ မသန်းမြင့်နှင့် ပေါင်းသင်းခြင်းမပြုခဲ့ရကြောင်း ထုချေလေသည်။ ပညာရှိ နယ်ပိုင် ရာဇဝတ်တရားသူကြီးက မသန်းမြင့်နှင့် မောင်လှသောင်းတို့မှာ ကွာရှင်း ပြီးသည်ကတကြောင်း၊ ၎င်းတို့နှစ်ဦး ပေါင်းသင်းနေထိုင်ကြသည်ထိုခြင်းမှာ မထင်ရှား သည်ကဘကြောင်း၊ ထိုအကြောင်းများကြောင့်၊ အပြစ်မရှိဟုကောက်ယူကာ အယူခံ တရားခံအား တရားသေလွှတ်ခဲ့ခြင်းဖြစ်သည်။

မသန်းမြင့်တွင် လင်ယောကျ်ားရှိသည်၊ မသန်းမြင့်၏လင်ယောကျ်ားမှာ မောင်လှ သောင်းပင် ဖြစ်သည်ဆိုသောအချက်ကို၊ အယူခံတရားခံ ကောင်းစွာသိရှိကြောင်း၊ မောင်ကံမြင့် (လိုပြ-၃)နှင့် မောင်သာဩ (လိုပြ-၈) တို့၏ထွက်ဆိုချက်များအရ ထင်ရှားသည်။ မောင်သာဩသည် မသန်းမြင့်နှင့် အစ်ကိုဝမ်းကွဲတော်သူတယောက် ဖြစ်သည်။ အယူခံတရားခံကိုယ်တိုင်က ၎င်းသည်မသန်းမြင့်နှင့် သမီးရည်းစားဖြစ်နေ ပြီးမှ၊ ယခုကိစ္စပေါ် ပေါက်လာရကြောင်း ဝန်ခံထားရာ၊ နှေချင်းတွေ့ပြီး နှေချင်း

ခိုးရာလိုက်သည့် ကိစ္စမဟုတ်သောကြောင့်၊ မသန်းမြင့်မှာ ကာမပိုင်ရှိသည်ဆိုခြင်းကို မသိနိုင်စရာအကြောင်းမရှိ။

ဒုတိယအချက်နှင့်ပတ်သက်၍ မောင်လှသောင်းနှင့် မသန်းမြင့်တို့သည် အခင်းဖြစ်ပွါးစဉ်အချိန်၌ လင်မယားအဖြစ်မှ ကွာရှင်းပြီး၊ မပြီးဆိုခြင်းကို ဆန်းစစ်ရန်လိုပေသည်။ ရာဇသတ်ပုဒ်မ ၄၉၇ တွင် အဓိကထင်ရှားစေရမည့်အချက်မှာ၊ ခိုးယူပေါင်းသင်းသည့်မိန်းမနှင့် တရားလိုတို့မှာ အကြင်လင်မယားအဖြစ်ရပ်တည်လျက်ရှိရမည်ဖြစ်သည်။ ယခုအမှုတွင်မူ မောင်လှသောင်းနှင့် မသန်းမြင့်တို့မှာ မြန်မာပုဒ္ဓဘာသာများ ဖြစ်ကြသည့်အလျောက်၊ မြန်မာပုဒ္ဓဘာသာ ဥပဒေအရ နှစ်ဦးသဘောတူလျှင် ကွာရှင်းပြတ်စဲနိုင်သည်။ စာချုပ်စာတမ်း ချုပ်ဆိုရန်လည်းမလို။ မသန်းမြင့်၊ ၎င်း၏မိခင် ဒေါ်ကျော် (ခံပြ-၃)နှင့် အဒေါ် မစောရှင် (ခံပြ-၄)တို့က မောင်လှသောင်းလာခေါ်စဉ် မသန်းမြင့်က ပြန်မလိုက်လိုကြောင်းပြော၍ နှစ်ဦးသဘောတူ ဦးသောင်း၏အိမ်၌ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ထွက်ဆိုသွားကြသည်မှာမှန်၏။ သို့ရာတွင် အယူခံတရားခံဘက်မှ ဦးသောင်းကိုလည်း သက်သေမပြခဲ့ပေ။ ထို့ပြင် မြန်မာပုဒ္ဓဘာသာလူမျိုးများသည် နှစ်ဦးသဘောတူ လင်မယားကွာရှင်းသော ကိစ္စများ၌ အသိသက်သေလူကြီးများရှေ့တွင် ပြုလုပ်လေ့ရှိရာ၊ ယခုကဲ့သို့ တော်ရိုးတိုင်း ကွာရှင်းခဲ့ကြသည်ဆိုခြင်းမှာ ယုတ္တိမရှိ။ ဒေါ်ကျော်နှင့်မစောရှင်တို့မှာ မသန်းမြင့်၏မိခင်နှင့် အဒေါ်တို့ ဖြစ်ကြသည့်အားလျော်စွာ၊ မသန်းမြင့်နှင့် အယူခံတရားခံတို့၏ အလိုက္ခ ထွက်ဆိုခဲ့ကြသည်ဟု ယူဆရပေမည်။ ၎င်းပြင်ဘဝ ကွာရှင်းပြီးဖြစ်က မောင်လှသောင်းသည် လူကြီးများအား သွားရောက်တိုင်တန်းရန် အကြောင်းမရှိနိုင်။ ထို့ပြင် မောင်လှသောင်းက မသန်းမြင့်အား ခေါ်၍မရသဖြင့်၊ သူကြီးဦးထွန်းမြိုင်နှင့် လူကြီးများကို တိုင်ကြားသောအခါ၊ လူကြီးများက၊ မသန်းမြင့်ကို ခေါ်ပြီးမေးသည့်အချိန်တွင်၊ အကယ်၍မသန်းမြင့်သည်၊ မောင်လှသောင်းနှင့် ကွာရှင်းပြီးဖြစ်ပါမူ၊ ကွာရှင်းပြီးဖြစ်ကြောင်း သူကြီးနှင့်လူကြီးများအား ပြောပြခဲ့သင့်သည်။ သူကြီးဦးထွန်းမြိုင်ကို စစ်ဆေးစဉ်က ထိုကိစ္စနှင့် ပတ်သက်၍ မေးခွန်းထုတ်ထား၌ လုံးဝဖေါ်ပြခဲ့ခြင်းမရှိ။ ထိုအချက်ကိုထောက်ရှုလျှင် မသန်းမြင့်က မောင်လှသောင်းနှင့် နှစ်ဦးသဘောတူ လင်မယားအဖြစ်မှ ကွာရှင်းပြီးဖြစ်သည်မှာ မဟုတ်မမှန်ကြောင်း ပေါ်လွင်နေ၏။ မသန်းမြင့်သည် မိမိ၏တဦးတည်းသဘောဖြင့် မောင်လှသောင်းအား ကွာရှင်းခြင်းမပြုနိုင်ပေ။ ထို့ကြောင့်သက်သေခံ "၁" စာမှာ ဥပဒေအရမခိုင်လုံ။ ထို့ကြောင့် မောင်လှသောင်းနှင့် မသန်းမြင့်တို့သည် အခင်းဖြစ်ပွါးစဉ်အချိန်က၊ လင်မယားအဖြစ်မှ ကွာရှင်းထားပြီးဖြစ်သည်ဆိုသော အောက်ရုံး၏ကောက်ယူချက်မှာ ပါစင်အောင်လွဲမှားနေကြောင်း ထင်ရှားသည်။

တတိယအချက်နှင့်ပတ်သက်၍ အယူခံတရားခံသည် မသန်းမြင့်အား မောင်လှ သောင်း သဘောမတူဘဲသျှက် ကာမစပ်ယှက် ပေါင်းသင်းခဲ့ခြင်းရှိမရှိ ဆိုခြင်းကို စဉ်းစားရန်ဖြစ်၏။ မိန်းမဘဉီးအား ကာမစပ်ယှက်ပေါင်းသင်းသည် မပေါင်းသင်းသည် ဆိုသောကိစ္စနှင့်ပတ်သက်၍ ယင်းသို့စပ်ယှက်ပေါင်းသင်းကြောင်း တိုက်ရိုက်သက်သေ အထောက်အထား ရရှိရန်မလွယ်ကူပေ။ ပတ်ဝန်းကျင်သက်သေ အထောက်အခံများ အပေါ်မူတည်၍သာ ဆုံးဖြတ်ရပေမည်။ ယခုအမှုတွင် သူကြီး ဦးထွန်းမြိုင်အား အယူခံတရားခံကိုယ်တိုင်က မသန်းမြင့်နှင့် နှစ်ဦးသဘောဟု ပေါင်းသင်းလျက်ရှိ၍၊ လျော်ကြေးပေးပြီး ကြေအေးအောင်ဆောင်ရွက်ပေးရန် ဝန်ခံပြောဆိုခဲ့သည့်အပြင်၊ သက်သေခံ "က" ၌ မသန်းမြင့်နှင့် နှစ်ဦးသဘောတူ ပေါင်းသင်းနေကြောင်းဝန်ခံချက်ရှိနေ၏။ သက်သေခံ "က" ၌၊ နှစ်ဦးသဘောတူကြောင်းဟုသာဖေါ်ပြထားသော်လည်း၊ တချိန်တည်းတွင် ချုပ်ဆိုပေးခဲ့သည့်သက်သေခံ "ခ" နှင့် တွဲဖက်၍ ဖတ်ရှုလျှင် ၎င်းသည် မသန်းမြင့်နှင့် ပေါင်းသင်းနေထိုင်သည်ကို ဆိုလိုကြောင်း ယုံမှားဘွယ်မရှိနိုင်။ ထိုကဲ့သို့အယူခံတရားခံ၏ ဝန်ခံချက်များကို အောက်ရုံးပညာရှိ တရားသူကြီးသည် မည်သို့မျှဝေဖန်ထားခြင်းမရှိ။

အထက်ပါအကြောင်းများကို ပေါင်းစပ်ကြည့်ရှုပါလျှင်၊ အယူခံဘရားခံသည် လင်ရှိမယားအား လင်ရှိမှန်းသိပါလျက် လင်သဘောတူညီချက်မရဘဲ၊ ပေါင်းသင်းစပ်ယှက်ကြောင်းထင်ရှားသည်။ အောက်ရုံး၏အမိန့်သည် သက်သေထွက်ချက်အရသော်၎င်း၊ တရားဥပဒေအရသော်၎င်း၊ မှန်ကန်ခြင်းမရှိဘဲ၊ ချွတ်ချော်မှားယွင်းနေသည့်အလျောက် ပယ်ဖျက်ရန်မှတပါး၊ အခြားနည်းလမ်းမရှိတော့ပေ။ မယားခိုးသောအမှုမှာ လူမှုရေးတွင်အကဲဖြတ်ခံရသည့် အမှုတခုဖြစ်သည်။ အိမ်ထောင်ရေးလောကတွင် သာယာပြေပြစ်မှုအား ဆူးညောင့်ခလုတ်သဘွယ်ဖြစ်၍၊ ထိုပြစ်မှုကျူးလွန်သူအား မှတ်လောက် သားလောက်သည့်အပြစ်ဒဏ်ကို ချမှတ်ရပေသည်။

သို့ပါ၍ အယူခံတရားခံ မောင်အောင်သိန်းအား တရားသေလွတ်ခဲ့သည့် အောက်ရုံး၏အမိန့်ကိုဖျက်ကာ ၎င်းအားထောသတ်ပုဒ်မ ၄၉၇ အရ၊ အသုပ်ကြမ်းနှင့်ထောင်ဒဏ် ၉ လကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ်လွှတ်တင်

ပြည်ထောင်စုမြန်မာနိုင်ငံ (ဟာဘီဘူလာ) (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

အဒူဂေါ်ဖူး (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

ရာဇသတ်ကြီး ပုဒ်မ ၄၀၆ အရ မူပြစ်ထင်ရှားစီရင်ခြင်း—ဒဏ်ငွေပေးဆောင်စေရန် ချမှတ်သော အမိန့်မှာ သိသိသာသာထင်ထင်ရှားရှားကြီး နည်းလွန်းသည်ဟုဆိုနိုင် မဆိုနိုင်။

† ၁၉၆၆ မြို့လ ၄ ရက်။

ဆုံးဖြတ်ချက်။ ။လျှောက်ထားခံရသူအပေါ် ဒဏ်ငွေ ၃၀၀ ကျပ်ပေးဆောင်စေရန် အမိန့်ချမှတ်ချုပ်၌ အောက်ရုံးက အကြောင်းမျှားပြထားသည်ကိုတွေ့ရှိရသည်။ ၎င်းအမိန့်မှာ ရာဇဝတ်မှုကျူးလွန်ခြင်းနှင့်သာလျှင် ပတ်သက်သည်။ ထိုတပ်ရိုက်သည့်ဒဏ်ငွေကို လျှောက်ထားခံရသူကပေးဆောင်ပြီးကာမျှဖြင့် ယုံကြည်အပ်နှံထားသောငွေ ၅,၅၀၀ ကျပ်ကို လျှောက်ထားသူအား ပြန်လည်ပေးအပ်ရန် တာဝန်မရှိဟုမဆိုနိုင်။ လျှောက်ထားသူကလျှောက်ထားခံရသူထံမှ ယုံကြည်အပ်နှံထားသောငွေကို တရားမကြောင်းဖြင့်ရယူရန် စွဲဆိုနိုင်သော အခွင့်အရေးရှိသည်။ သို့ဖြစ်ရာ ဒဏ်ငွေပေးဆောင်စေရန် ချမှတ်သောအမိန့်မှာ သိသိသာသာ ထင်ထင်ရှားရှားကြီး နည်းလွန်းသည်ဟုမဆိုသာ။

လှဆန်းနှင့် အစိုးရ၊ ၁၉၄၁ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ ၅၉၅ ကိုရည်ညွှန်းသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးဘကြိုင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားခံရသူ အဒူဂေါ်ဖူး (တရားခံ) အပေါ်၊ ရာဇသတ် ပုဒ်မ ၄၀၆ အရ ပြစ်မှုမြောက်သည်ဟု တွေ့ရှိရ၍၊ ဒဏ်ငွေ ၃၀၀ ကျပ် ပေးဆောင်စေ၊ ပျက်ကွက်က အလုပ်နှင့် ထောင်ဒဏ် ၉ လ ကျခံစေရန်၊ စစ်တွေမြို့၊ ပဌမရာဘက် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၁၄၉ တွင် အမိန့်ချမှတ်ခဲ့သည်။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၈၉ (ခ)။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၁၄၉ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့စွဲပါ၊ စစ်တွေမြို့၊ ပဌမရာဘက် ရာဇဝတ်တရားသူကြီး၏အမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၆၆

မြည်ဆောင်စု
မြန်မာနိုင်ငံ
နှင့်
အဒူဂေါ်ဖူး။

ထိုအမိန့်ကို လျှောက်ထားသူ ဟာဘီဘူလာက မကျေနပ်သဖြင့်၊ စစ်တွေမြို့၊ စက်ရှင်တရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၇ တွင်၊ အဒူဂေါ်ဖူး အပေါ် အပြစ်ဒဏ် တိုးမြှင့်ပေးပါရန်၊ ပြင်ဆင်မှုအလွှာတင်သွင်းခဲ့သည်။

ပညာရှိ စက်ရှင်တရားသူကြီးက၊ ထိုပြင်ဆင်မှုကို ကြားနာပြီး၊ လျှောက်ထားခံရသူ အဒူဂေါ်ဖူးသည်၊ လျှောက်ထားသူ ဟာဘီဘူလာနှင့် အခြားသူများက၊ ၎င်းအား ယုံကြည်၍ အပ်နှံထားသော ငွေ ၅,၅၀၀ ကျပ်ကို အလွဲသုံးစားပြုလုပ်ကြောင်း ထင်ရှားသဖြင့်၊ အောက်ရုံးက ဒဏ်ငွေ ၃၀၀ ကျပ် မျှသာ တပ်ရိုက်သောကြောင့်၊ ပြစ်ဒဏ်မှာ အလွန်နည်းနေကြောင်း တွေ့ရှိရကား၊ အဒူဂေါ်ဖူးအား ဒဏ်ငွေ ၁,၅၀၀ ကျပ် ပေးဆောင်ရန်၊ ပျက်ကွက်က အလုပ်နှင့် ထောင်ဒဏ် ၉ လ ကျခံစေ၍၊ ရရှိသော ဒဏ်ငွေ ၁,၅၀၀ ကျပ်ကို လျှောက်ထားသူ ဟာဘီဘူလာအား လျော်ကြေးအဖြစ် ပေးစေရန်၊ ပြင်ဆင်၍ အမိန့်ချမှတ်ပေးပါမည့်အကြောင်း၊ ထောက်ခံချက်ဖြင့် ဤရုံးသို့ တင်ဆက်ထားသည်။

ဤအမှုတွင် ပေါ်လွင်သည်မှာ၊ လျှောက်ထားခံရသူ အဒူဂေါ်ဖူးသည်၊ ဟာဘီဘူလာနှင့် မိတ်ဆွေတို့က၊ ၎င်းအား ယုံကြည်သဖြင့် အပ်နှံထားသော ငွေ ၅,၅၀၀ ကျပ်ကို အလွဲသုံးစား ပြုလုပ်ခြင်းဟုဖြစ်သည်။ အဒူဂေါ်ဖူးအပေါ် အောက်ရုံးက တွေ့ရှိသော ပြစ်မှုနှင့် ပတ်သက်၍၊ ကျွန်ုပ်အနေနှင့် မည်သို့မျှ ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။ သို့ရာတွင်၊ အဒူဂေါ်ဖူးအပေါ် ချမှတ်သော ပြစ်ဒဏ်နှင့် ပတ်သက်၍ စဉ်းစားရပေမည်။ ပညာရှိ စက်ရှင်တရားသူကြီးက၊ အဒူဂေါ်ဖူးအား ဒဏ်ငွေ ၃၀၀ ကျပ်သာလျှင် ပေးဆောင်စေခြင်းမှာ အလွန်မှ နည်းလွန်းသော ပြစ်ဒဏ်ဟု ယူဆပြီး၊ ၎င်းအား ဒဏ်ငွေ ၁,၅၀၀ ကျပ်အထိ တိုးမြှင့်တပ်ရိုက်ရန် ထောက်ခံသားခြင်းကို၊ ကျွန်ုပ်အနေနှင့် အတည်ပြုလက်ခံသင့် မသင့်စဉ်းစားရပေမည်။ လှဆန်းနှင့် အစိုးရ (၁) အမှုတွင်၊ ဤကဲ့သို့စီရင်ထုံးဖွဲ့ထားသည်။

> "The fact that a lenient sentence has been passed is not a sufficient ground on which this Court will in revision exercise its powers to enhance the sentence, unless it is such a manifestly inadequate punishment for the offence committed as to amount to a miscarriage of justice."

ထိုစီရင်ထုံးအရ စဉ်းစားရန်ရှိသည်မှာ၊ အဒူဂေါ်ဖူးအပေါ် ဒဏ်ငွေ ၃၀၀ ကျပ် ပေးဆောင်စေခြင်းသည်၊ သိသိသာသာ ထင်ထင်ရှားရှား နည်းလွန်းနေသော ပြစ်ဒဏ်ဟုတ် မဟုတ်ပင်ဖြစ်သည်။ အောက်ရုံးက ဤကဲ့သို့ ဒဏ်ငွေ ၃၀၀ ကျပ်သာလျှင်၊

(၁) ၁၉၄၁ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ ၅၅၅။

အဒူဂေါ်ဖူးအပေါ် ချမှတ်ထားခြင်းနှင့် ပတ်သက်၍၊ အကြောင်းပြထားသည်ကို တွေ့ရှိရသည်။ ထိုအကြောင်းမှာ၊ အဒူဂေါ်ဖူးသည် အချုပ်အတွင်း၌ နှစ်လခွဲမျှ အချုပ်ခံနေရပြီးဖြစ်သဖြင့်၊ အကျဉ်းခံစေရန် ထောင်ဒဏ်ကို မပေးဘဲ၊ ထိုမျှသော ငွေဒဏ်ကို ပေးဆောင်စေရန် ချမှတ်ခြင်းဖြစ်သည်။ ၎င်းပြင်၊ တရားရုံးများလက်စဲ့ အပိုဒ် ၆၀၂ တွင် ဒဏ်ငွေတပ်ရိုက်ချ၌ များလွန်းသော ဒဏ်ငွေကို ရုံးများက တပ်ရိုက်ခြင်းမပြုရန်၊ ဥပဒေက တားမြစ်ထားသဖြင့်၊ သတိကြီးစွာဖြင့် ရှောင်ကြဉ်ရန် ညွှန်ကြားထားသည်ကို တွေ့ရှိရသည်။ ၎င်းပြင်၊ ဤကဲ့သို့ အဒူဂေါ်ဖူးအပေါ် ဒဏ်ငွေ ၃၀၀ ကျပ် ပေးဆောင်စေရန် အမိန့်မှာ၊ ရာဇဝတ်မှု ကျူးလွန်ခြင်းနှင့်သာလျှင် ပတ်သက်သည်။ အဒူဂေါ်ဖူးသည် ဟာဘီဘူလာ၏ ငွေ ၅,၅၀၀ ကျပ်ကို၊ ယုံကြည်အပ်နှံမှု ဖေါက်ဖျက်၍ ဆုလဲသုံးစားပြုလုပ်သည်မှာ မှန်ပေ၏။ သို့ရာတွင်၊ ထိုဒဏ်ငွေ ၃၀၀ ကျပ်ကို တပ်ရိုက်ခြင်းဖြင့်၊ အဒူဂေါ်ဖူးက ပေးဆောင်ပြီးကာမျှဖြင့်၊ ယုံကြည်အပ်နှံထားသော ငွေ ၅,၅၀၀ ကျပ်ကို၊ အဒူဂေါ်ဖူးက ဟာဘီဘူလာအား ပြန်လည်ပေးအပ်ရန် တာဝန်မရှိဟု မဆိုနိုင်ပေ။ ဟာဘီဘူလာသည် အဒူဂေါ်ဖူးထံမှ ယုံကြည်အပ်နှံထားသော ငွေကို၊ တရားမကြောင်းဖြင့် ရယူရန် စွဲဆိုနိုင်သော အခွင့်အရေးရှိသည်။

အထက်ပေါ်ပြပါ အကြောင်းများဖကြောင့်၊ ယခုအဒူဂေါ်ဖူးအား ဒဏ်ငွေ ၃၀၀ ကျပ် ပေးဆောင်စေရန် ချမှတ်သော အမိန့်မှာ၊ သိသိသာသာ ထင်ထင်ရှားရှားကြီး နှည်းလွန်းသည်ဟု မဆိုသာသဖြင့်၊ ပညာရှိ စက်ရှင်တရားသူကြီး၏ ထောက်ခံတင်ပြချက်ကို ကျွန်ုပ်လက်မခံနိုင်ပေ။ အဒူဂေါ်ဖူးအပေါ် ချမှတ်ထားသော မူလအမိန့်ကို အတည်ပြုလိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမဒုတိယအယူခံမှု

တရားသူကြီး ဦးသက်ဇေရှေ့တွင်

† ၁၉၆၆

ဧပြီလ ၂၀ ရက်။

မခင်ရီ (အယူခံတရားလို)

နှင့်

မောင်ချစ်ပို (ခေါ်) မောင်သန်းထွန်းဦး (အယူခံတရားခံ)

မယားခေါ်လိုမှု—လူငယ်ဘဝချစ်ကြိုက်ကြသဖြင့်ခိုးရာလိုက်ခြင်း—လူသိရှင်ကြားလင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်း—မြန်အပ်သည့် အခမ်းအနားကျင်းပခြင်း—မြန်မာဗုဒ္ဓဘာသာတရား ဥပဒေအရ၊ တရားဝင်ထိမ်းမြားခဲ့ပြီးဖြစ် မဖြစ်။

ဆုံးဖြတ်ချက်။ ။နှစ်ဘက်သက်သေထွက်ချက်အရ၊ အယူခံတရားလိုနှင့် အယူခံတရားခံတို့သည် လူငယ်တို့ဘဝ ချစ်ကြိုက် ကြသဖြင့် ခိုးရာလိုက်ကာ တရားသူကြီးရွှေ၌ သဘောတူ ပေါင်းသင်းကြကြောင်း ကျမ်းကျိန်ပြီးနောက်၊ လူသိရှင်ကြား လင်မယားအဖြစ် ပေါင်းသင်း နေထိုင်ခဲ့ကြသည်မှာ ထင်ရှား၏။ ထို့နောက် အယူခံတရားလို၏မိဘများအိမ်၌ ပြန်အပ်သည့်အခမ်းအနားကို ရပ်ကွက်မှ လူကြီးများအားဖိတ်ကြားကာအယူခံတရားလို၏ဖခင်က တားမြစ်ခြင်းမရှိဘဲ ကျင်းပခဲ့၏။ သို့ဖြစ်ရာ အယူခံတရားလိုနှင့် အယူခံတရားခံတို့သည် မြန်မာဗုဒ္ဓဘာသာတရားဥပဒေအရ၊ တရားဝင်လက်ထပ် ထိမ်းမြားခဲ့ပြီး ဖြစ်သည်ဟုဆိုရမည်။

မအေးစိန်နှင့် မောင်လှမင်း၊ အတွဲ ၃၊ ရန်ကုန်စီရင်ထုံး ၄၅၅ ကိုရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးဘစိုး။

အယူခံတရားခံအတွက်။ ။ဦးထွန်းလွင်။

တရားသူကြီး ဦးသက်ဇေ။ ။အယူခံတရားခံ မောင်ချစ်ပိုက အယူခံတရားလို မခင်ရီအပေါ် ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ် တရားမရုံး၌မယားခေါ် လိုမှု စွဲဆိုရာပညာမှိုမြို့နယ်တရားမတရားသူကြီးက စွဲဆိုသော အမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သဖြင့် မောင်ချစ်ပိုက ခရိုင်တရားမရုံးတွင် အယူခံဝင်သော အခါ၊ ခရိုင်တရားမရုံးက အောက်ရုံးစီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်ပြီး မောင်ချစ်ပိုအား အနိုင်ပေးလိုက်

---

* ၁၉၆၅ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၄။

† ၁၉၆၅ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၁ တွင်၊ ၁၉၆၅ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့စွဲပါ၊ ဖျာပုံမြို့ခရိုင်တရားမတရားသူကြီးရုံးတော်၏ ချမှတ်သောဒီကရီကို အယူခံဝင်မှု။

လေသည်။ ထိုကဲ့သို့ မောင်ချစ်ပိုအား အနိုင်ပေးလိုက်သော ခရိုင်တရားမဲ့၏ စီရင်ချက်နှင့် ဒီကရီတို့ကို မခင်ရီက မကျေနပ်သဖြင့် ဤဒုတိယအယူခံမှုတင်သွင်းလာခြင်းဖြစ်ပေသည်။

မောင်ချစ်ပိုက မိမိနှင့် မခင်ရီတို့သည် လူငယ်တို့ဘဝ ချစ်ကြိုက်ကြ၍၊ ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလအတွင်းက နှစ်ဦးသဘောတူ ခိုးရာလိုက်ပြေးကြပြီး၊ ဗျာပုံမြို့ တတိယရာဘက် ရာဇဝတ်တရားသူကြီး ဦးထိပ်တင်ဘုန်း (လိုပြ-၁) ရှေ့၌ ကျမ်းကျိန် လက်ထပ်ကာ မြန်မာဗုဒ္ဓဘာသာ ဥပဒေအရ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြောင်း။ ထို့နောက် ၁၃၂၅ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် (၁၆-၁-၆၄) နေ့တွင် မိမိ၏ မိဘများက မခင်ရီ၏ မိဘများထံတွင် လူကြီးစုံရာနှင့် တောင်းရပ်၍ ထပ်မံလက်ထပ်မင်္ဂလာပွဲ ပြုလုပ်ခဲ့ကြောင်း။ (၁၉-၁-၆၄) နေ့တွင် မခင်ရီသည် ၎င်း၏ မိဘနေအိမ်သို့ သွားရောက်လည်ပတ်ရာ ပြန်မလာသဖြင့် သွားရောက်မေးမြန်းသောအခါ လာကြောင်းပြောပြီး၊ ည ၁၁ နာရီခန့်အချိန်တွင် မခင်ရီအား အခြားအရပ်သို့ မော်တော်နှင့် ပို့ရန်ပြုလုပ်နေသည်ကို တွေ့ကြောင်း။ ထို့ကြောင့် မိမိက မခင်ရီအား ဆွဲရာ၊ အနီးရှိ ရဲအရာရှိများက ဖြန်ဖြေကာ မခင်ရီအား ၎င်း၏ မိဘများနှင့် ထည့်လိုက်ကြောင်း။ မခင်ရီအား ၎င်း၏ မိဘများက ချုပ်ချယ်ထားသဖြင့် မိမိထံသို့ ပြန်မလာနိုင်ကြောင်း၊ ထို့ကြောင့် မခင်ရီအား လင်မယားအဖြစ် ပေါင်းသင်းရန် ပြန်ခေါ်လိုကြောင်းနှင့် ၎င်း၏ မိဘများအား မခင်ရီကို ချုပ်ချယ်ထားခြင်း မပြုရန် ပညတ်ချက် ထုတ်ပေးပါမည့်အကြောင်း၊ မခင်ရီနှင့် ၎င်း၏ မိဘများဖြစ်ကြသည့် ဦးလှဦးနှင့် ဒေါ်စိန်ချယ်တို့အပေါ် တရားစွဲဆိုလေသည်။ ပညာရှိမြို့နယ် တရားမတရားသူကြီးက ဦးလှဦးနှင့် ဒေါ်စိန်ချယ်တို့အား တရားခံအဖြစ် ထည့်သွင်း စွဲဆိုရန် မလိုဟု အဆုံးအဖြတ်ပေးကာ၊ ၎င်းတို့အား အမှုမှ ထုတ်ပယ်ခဲ့၏။

မခင်ရီက မောင်ချစ်ပိုသည် မိမိအား ကျိုက်လတ်မြို့မှ ပန်းဘဲစုန့် သူဇာရွာသို့ တိတ်တဆိတ် ခေါ်ဆောင်သွားပြီး ၁၅ ရက်ကျော်ခန့် ဝှက်ထားကာ၊ ဗျာပုံမြို့၌ ကျမ်းလိမ်၍ ကျိန်ခိုင်းခြင်းသာဖြစ်ကြောင်း၊ ထိမ်းမြားလက်ထပ်ခြင်း မပြုခဲ့ကြောင်း။ လူကြီးစုံရာရှေ့တွင် ထပ်မံ၍ မင်္ဂလာပွဲပြုလုပ်ခဲ့သည်ဆိုခြင်းမှာ မမှန်ကြောင်း။ မိမိ၏ မိခင်အား လှည့်ပတ်နှာယောင်စေကာ၊ မောင်ချစ်ပိုနှင့် ဆွေမျိုးများက ၎င်းတို့ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုကို ဖုံးကွယ် ပဖျောက်စေရန် ပြုလုပ်ခဲ့ခြင်းသာ ဖြစ်ကြောင်း။ မောင်ချစ်ပိုက ညှဉ်းပန်းနှိပ်စက်သဖြင့် မိဘအိမ်သို့ ပြန်လာခဲ့ခြင်းသာ ဖြစ်ကြောင်း ထုချေလေသည်။

၁၉၆၆

မခင်ရီ နှင့် မောင်ချစ်ပို (ခေါ်) မောင်သန်းထွန်းဦး။

အဆိုပါ အဆိုနှင့် အချေတို့အပေါ်တွင် မူတည်လျက်၊ မူလရုံးသည် အောက်ပါ ကောက်ချက်များကို ထုတ်ခဲ့၏။

၁။ တရားလိုနှင့် တရားခံတို့ ထိမ်းမြားကြပါသလား။

၂။ ထိမ်းမြားခဲ့ပါလျှင် အတည်ဖြစ်သော ထိမ်းမြားခြင်းဖြစ်ပါသလား။

၃။ တရားခံကို တရားလိုက နှိပ်စက်ညှဉ်းပန်းပါသလား။

၄။ နှိပ်စက်ညှဉ်းပန်းလျှင် ၎င်းနှိပ်စက်ညှဉ်းပန်းခြင်းမှာ ဤမယားခေါ် လိုမှုနှင့် လုံလောက်သော ထုချေချက်ဖြစ်ပါသလား။

၅။ တရားလို၏ သက်သာခွင့်ဘာလဲ။

နှစ်ဘက်အမှုသည်များနှင့် ၎င်းတို့၏ သက်သေအသီးသီးကို စစ်ဆေးကြားနာပြီးနောက်၊ ပညာရှိမူလရုံး တရားသူကြီးက မောင်ချစ်ပို့နှင့် မခင်ရီတို့သည် ထိမ်းမြားလက်ထပ်ခဲ့ကြသည်မှာ မှန်ကြောင်း။ သို့ရာတွင် မခင်ရီမှာ အသက် ၂၀ အောက် မိန်းကလေးတယောက်ဖြစ်၍၊ ဘခင် ဦးလှဦး၏ သဘောတူညီချက်မရှိသဖြင့်၊ ၎င်းတို့၏ ထိမ်းမြားလက်ထပ်ခြင်းမှာ ဥပဒေအရ တရားဝင်ထိမ်းမြားလက်ထပ်ခြင်း မဟုတ်ကြောင်း။ မောင်ချစ်ပိုက နှိပ်စက် ညှဉ်းပန်းသောကြောင့် မခင်ရီသည် မိဘအိမ်သို့ ထွက်လာရခြင်းဖြစ်ကြောင်း အဆုံးအဖြတ်ပြုကာ၊ မောင်ချစ်ပို၏ အမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်လေသည်။

ထိုကဲ့သို့ ပလပ်လိုက်သော အမိန့်ကို မကျေနပ်သဖြင့်၊ မောင်ချစ်ပိုက ခရိုင်တရားမရုံး၌ အယူခံဝင်ရာ၊ ပညာရှိခရိုင် တရားမတရားသူကြီးက မခင်ရီသည် မောင်ချစ်ပို့နှင့် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့သဖြင့် ၎င်းကိုသည် တရားဥပဒေအရ ထိမ်းမြား လက်ထပ်ခဲ့သည်ဟု ယူဆရမည်ဖြစ်ကြောင်း၊ ကောက်ယူကာ အောက်ရုံး စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်ပြီး မောင်ချစ်ပိုအား အနိုင် ပေးလိုက်လေသည်။

ဤဒုတိယ အယူခံတွင် မခင်ရီ၏ ပညာရှိ လွှတ်တော် ရှေ့နေကြီး ဦးဘစိုးက မခင်ရီ၏ ဘခင် ဦးလှဦး၏ သဘောတူညီချက် မရသဖြင့်၊ မခင်ရီနှင့် မောင်ချစ်ပို တို့သည် လင်မယား အဖြစ် ပေါင်းသင်းစပ်ယှက်ပြီးဖြစ်စေကာမူ၊ တရားဝင်ထိမ်းမြားခဲ့သည်ဟု မယူဆနိုင်ကြောင်း တင်ပြ လျှောက်လဲသွား၏။ နှိပ်စက်ညှဉ်းပန်း၍ မိဘအိမ်သို့ ဆင်းသွားရသည်ဆိုသော ထုချေချက်နှင့် ပတ်သက်၍ အထူးပြောဆိုခြင်းမရှိ။ သက်သေထွက်ချက်များကို ဖေနန်ဆန်းစစ်လျှင်လည်း ထိုထုချေချက်မှာ အခြေအမြစ်မရှိသည့် ထုချေချက်သာဖြစ်ကြောင်းထင်ရှားနေသည်။ ထို့ကြောင့် မောင်ချစ်ပို

နှင့် မခင်ရီတို့သည် မြန်မာဗုဒ္ဓဘာသာ တရားဥပဒေအရ တရားဝင် ထိမ်းမြား လက်ထပ်ခဲ့ခြင်း ရှိမရှိဆိုသော ပြဿနာကိုသာ ဖြေရှင်းရန် လိုပေသည်။

မြန်မာဗုဒ္ဓဘာသာ တရားဥပဒေအရ ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦး နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လျှင်တရားဝင် လက်ထပ်ထိမ်းမြားခြင်း မြောက်၏။ မည်သည့် အခမ်းအနားမျှ ပြုလုပ်ရန် မလိုပေ။ သို့ရာတွင် အကယ်၍ မိန်းမလေးသည် အသက် ၂၀ မပြည့်သေးလျှင် မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ သဘောတူညီမှုရမှသာလျှင် တရားဝင် ထိမ်းမြား လက်ထပ်ခြင်းကို ပြုလုပ်နိုင်ပေသည်။ မိဘသဘောတူညီချက်ဆိုသည်မှာ သဘောတူကြောင်း ပွင့်ပွင့်လင်းလင်း ပြောဆိုခြင်းသာမက သဘောတူကြောင်း အဓိပ္ပာယ် သက်ရောက်သည့် အပြုအမူမျိုးလည်း ပါဝင်ပေသည်။ ဤအတိုင်းပင်လည်း **မအေးစိန်နှင့် မောင်လှမင်း** (၁) တို့အမှုတွင် စီရင်ထုံးဖွဲ့ထားသည်ကို တွေ့ မြင်နိုင်၏။ သို့ဖြစ်ရာ ယခုအမှုတွင် မောင်ချစ်ပိုနှင့် မခင်ရီတို့ ပေါင်းသင်းရာ၌ မခင်ရီ၏ မိဘများ သဘောတူညီချက်ရှိ မရှိဆိုသော အချက်ကို ဆန်းစစ်ရန် လိုပေသည်။

နှစ်ဖက်သက်သေထွက်ချက်အရ မောင်ချစ်ပိုနှင့် မခင်ရီတို့သည် လူငယ်တို့ဘဝ ချစ်ကြိုက်ကြသဖြင့် ခိုးရာလိုက်ကာ တရားသူကြီးရှေ့ ၌ သဘောတူပေါင်းသင်းကြကြောင်း ကျမ်းကျိန်ပြီးနောက် လူသိရှင်ကြား လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ ကြသည်မှာ ထင်ရှား၏။ ထို့နောက် မောင်ချစ်ပို၏ မိခင် ဒေါ်သိန်းခင် (လိုပြ-ဂ) က မခင်ရီ၏ မိခင် ဒေါ်စိန်ချယ်ထံသို့ သွားရောက်ပြီး ကလေးများ (မောင်ချစ်ပိုနှင့် မခင်ရီ) ကို ပြန်အပ်ရန်ကိစ္စနှင့် ပတ်သက်၍ ပြော၏။ ထိုသို့ ပြန်အပ်ရန် ကိစ္စကိုပြောစဉ် ဦးလှဦးသည် အိမ်၌ရှိနေကြောင်း။ ပြန်အပ်သည့် ကိစ္စကို ဦးလှဦး သိသည်ဟု ထင်ကြောင်း ဒေါ်စိန်ချယ်က ထွက်ဆိုထားသောကြောင့် မောင်ချစ်ပိုနှင့် မခင်ရီတို့အား မခင်ရီတို့ မိဘများထံသို့ ပြန်အပ်ရန်ကိစ္စကို မခင်ရီ၏ ဖခင် ဦးလှဦး သိရှိကြောင်း ပေါ်လွင်နေသည်။ သို့ရာတွင် ဦးလှဦးသည် ယင်းသို့ ပြန်အပ်သော ကိစ္စကို ကန့်ကွက်ခြင်း လုံးဝမပြုလုပ်ဘဲ ၎င်း၏ အိမ်၌ပင် ပြန်အပ်သော အခမ်းအနား ကျင်းပရန် ခွင့်ပြုခဲ့သည်ကို ထောက်ရှုလျှင် ဦးလှဦးသည် တိုက်ရိုက် သဘောတူကြောင်း ထုတ်ဖော်ပြောဆိုခြင်း မရှိသော်လည်း ၎င်း၏ ပြုမူချက်မှာ သဘောတူရာအဓိပ္ပာယ် သက်ရောက်နေလေသည်။ ပြန်အပ်သည့် အခမ်းအနားတွင် ရပ်ကွက်မှ လူကြီးများကို ဖိတ်ကြားကာ ဒေါ်စိန်ချယ်တို့က လက်ဖက်ရည်၊ ကိတ်မုန့်တို့နှင့် ဧည့်ခံသည့်အပြင် ဘုရားကိုးဆူဆရာဦးအောင်သိန်းက မင်္ဂလာစကား ပြောကြားစေပြီး မောင်ချစ်ပို နှင့်

(၁) အတွဲ(၃) ၊ ရန်ကုန်စီရင်ထုံး ၄၅၅

၁၉၆၆

မင်္ဂလာ နှင့် မောင်ချစ်ဝို (ခေါ်) မောင်သန်းထွန်းဦး။

မင်္ဂလာတို့က ဒေါ်စိန်ချယ်နှင့် ဒေါ်သိန်းတို့အား ကန့်တော့်ကြကြောင်း သက်သေခံ အထောက်အထား ထင်ရှားနေသောကြောင့် မူလက လူငယ်ချင်း ချစ်ကြိုက်၍ ခိုးပြေး စဉ် သဘောမတူခဲ့စေကာမူ၊ ပြန်အပ်သောအခါ၌ စိတ်ပြေကာ ခွင့်လွှတ် သဘောတူ ခဲ့သည်ဟု ယူဆရပေမည်။ ယင်းသို့ ပြန်အပ်သည့်အခမ်းအနားကို ဦးလှဦး မတက် ရောက်ခဲ့သည်မှာ မှန်၏။ သို့ရာတွင် ၎င်းသည် သမီးနှင့် သမက်တို့အား တဘက်ဘက် မိဘက ပြန်အပ်မည်ဆိုခြင်းကို သိသည့်အပြင်၊ ၎င်း၏အိမ်၌ ထိုကဲ့သို့ ပြန်အပ်သည့် အခမ်းအနားကို ကျင်းပရန် မတားမြစ်ခဲ့သောကြောင့်၊ ၎င်း၏ ခွင့်ပြုချက်အရ ပြုလုပ် ခဲ့သည်ဟု ယူဆရပေမည်။ သို့ဖြစ်ရာ၊ ပညာရှိအောက်အယူခံရုံး တရားသူကြီး ကောက် ယူခဲ့သည့်အတိုင်း မောင်ချစ်ပို့နှင့် မခင်ရီတို့သည် မြန်မာ ဗုဒ္ဓဘာသာ တရားဥပဒေ အရ တရားဝင် လက်ထပ် ထိမ်းမြားခဲ့ပြီး ဖြစ်သည်ဟု ဆိုရမည် ဖြစ်သည်။

အထက်ပါ အကြောင်းမျှားကြောင့် အောက်အယူခံရုံး၏ အဆုံးအဖြတ်ကို ၎င် ရောက်စွက်ဖက်ရန် အကြောင်းမရှိသည့်အားလျော်စွာ၊ ဤအယူခံမှုကို တရားစရိတ်နှင့် တကွ ပလပ်လိုက်သည်။ ရွှေနေကြီးစရိတ် ၃၄ ကျပ် သတ်မှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ် ရွှေတွင်

မစိန်ရင် ပါ ၂ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ဦးဘသောင်း) (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၆ မြို့လ ၉ ရက်။

ရာဇသတ်ကြီးပုဒ်မ ၄၂၀ အရ စွဲချက်တင်ခြင်း၊ ငွေယူခြင်း၊ ယူထားသောငွေများအတွက် ဆိုင်ခန်းနှင့် ဆိုင်ရှိပစ္စည်းတို့ကို လွှဲအပ်ပေးမည်ဟု ကတိစာချုပ်ပြုလုပ်ခြင်း၊ ဆိုင်ခန်းနှင့်ပစ္စည်းများရှိခြင်း၊ မအပ်ခြင်းမှာ ချုပ်ဆိုထားသော ကတိကဝတ်ကို ဖေါက်ဖျက်ရာရောက် မရောက်၊ ရာဇဝတ်ကြောင်းနှင့်သက်ဆိုင် မသက်ဆိုင်။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူတို့မှာ ထိုစဉ်အခါကအစိုးရသို့ ပေးဆပ်ရန်ငွေများလိုနေသဖြင့်၊ ငွေရရှိရေးအတွက် ဦးဘသောင်းထံသို့ ချဉ်းကပ်ပြီးစုစုပေါင်းငွေ ၂၅,၀၀၀ ကျပ်ရယူခဲ့သည်။ ထိုငွေအတွက် ဦးဘသောင်းနှင့် သက်သေခံ "က" ကတိစာချုပ် ပြုလုပ်ကြရာ ယူထားသောငွေများအတွက် လျှောက်ထားသူတို့၏ ဆိုင်ခန်းနှင့်ဆိုင်ရှိပစ္စည်းတို့ကို ဦးဘသောင်းအားလွှဲအပ်ပေးမည်ဟု ကတိကဝတ်ရှိသည်။ စာချုပ်ပြုလုပ်စဉ်အခါက လျှောက်ထားသူတို့မှာ ဆိုင်ခန်းနှင့်ပစ္စည်းများလည်းရှိသည်။ ဆိုင်ခန်းမရှိ ပစ္စည်းမရှိဘဲနှင့်မရှိသောဆိုင်ခန်းနှင့် မရှိသော ပစ္စည်းများကို လွှဲအပ်ပေးပါမည်ဟု လိမ်လည်လှည့်ဖျားရှာ ငွေကောင်းခဲ့ခြင်းမဟုတ်၊ ငွေရပြီးသည့်နောက်မှ အကြောင်းကြောင်းကြောင့် ဆိုင်ခန်းနှင့် ပစ္စည်းများကို ဦးဘသောင်း ပြန်လည်မအပ်ခြင်းမှာ ချုပ်ဆိုထားသော ကတိကဝတ်ကို ဖေါက်ဖျက်ရာရောက်ပေမည်။ သို့ရာတွင် အမှုအင်္ဂါရပ်လက္ခဏာတို့သည် ထရာမကြောင်းနှင့်သာဆိုင်၍ ရာဇဝတ်ကြောင်းနှင့် မသက်ဆိုင်။

ဦးထိုးလှနှင့် နိုင်ငံတော်၊ အတွဲ ၁၊ ရန်ကုန်စီရင်ထုံး၊ စာမျက်နှာ ၃၇၉။

မစ္စတာ ဒီ၊ ဇာဖီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၅၃ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာမျက်နှာ ၂၈၀၊ (တရားလွှတ်တော်) တို့ကိုရည်ညွှန်းသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးတင့်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အစိုးရရွှေနေကြား ဦးခင်မောင်။
ဦးမောင်မောင် (၁၀)။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားသူများဖြစ်ကြသော မစိန်ရင်နှင့် ဦးအောင်မြတ်ကြည်တို့အပေါ်၊ ရန်ကုန်မြို့၊ ၁၀ ရာဘက်ရာဇဝတ် တရားသူကြီးရုံး

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၁၈၃ (ခ)။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၇ တွင်ချမှတ်သော၊ ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့၊ ၁၀ ရာဘက်ရာဇဝတ်တရားသူကြီး အမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၆၆

မစိန်ရင် ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးဘသောင်း)။

၁၉၆၄ ခုနှစ်၊ ဆုဇတ်ကြီးမှုအမှတ် ၁၇ တွင်၊ **ဆုဇ**သတ်ပုဒ်မ ၄၂၀ အရ စွဲချက်အသီးသီး တင်ခဲ့ခြင်းကြောင့်၊ ၎င်းတို့က မကျေနပ်ကြသဖြင့်၊ ထိုစွဲချက်များကို ပယ်ဖျက်ပေး ပါရန်၊ ဤခုံးသို့ ပြင်ဆင်မှုလျှောက်လွှာတင်သွင်းခြင်းဖြစ်သည်။

မစိန်ရင်နှင့် ဦးအောင်မြတ်ကြည်တို့သည်၊ လျှောက်ထားခံရသူ ဦးဘသောင်း (တရားလို) ထံမှ ကျပ်ငွေ ၂၅,၀၀၀ ကျပ်ရယူသည်။ ထိုသို့ရယူသည့်အတွက်၊ လျှောက်ထားသူများ၏ ဆိုင်ခန်းနှင့် ဆိုင်ရှိပစ္စည်းများကို ဦးဘသောင်းသို့ဆောင်းရန် သဘောတူကြသည်။ ဦးဘသောင်းနှင့် မစိန်ရင်တို့သည် ၁၉၆၀ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့က၊ ကတိစာချုပ်ပြုလုပ်ကြသည်။ ၎င်းမှာ သက်သေခံအမှတ် "က" ဖြစ်သည်။ မစိန်ရင်နှင့် ဦးအောင်မြတ်ကြည်တို့သည်၊ ဦးဘသောင်းထံမှ အဆိုပါငွေများကို ရယူပြီးဖြစ်သော်လည်း၊ ကတိအတိုင်း ဆိုင်ခန်းနှင့်တကွ ဆိုင်ရှိပစ္စည်းများကို မပေးအပ်သဖြင့်၊ ဦးဘသောင်းက ၎င်းတို့အပေါ် **ဆုဇ**သတ်ပုဒ်မ ၄၂၀ အရ၊ ရန်ကုန်မြို့၊ အနောက်ပိုင်းနယ်ပိုင်**ဆုဇ**တ်တရားသူကြီးရုံး၊ ၁၉၆၃ ခုနှစ်၊ **ဆုဇ**တ်ကြီးမှုအမှတ် ၁၅၁ တွင် တရားစွဲဆိုခဲ့သည်။ ပညာရှိ **ဆုဇ**တ်တရားသူကြီးက၊ ဦးဘသောင်း၏ ဦးတိုက်လျှောက်လွှာကိုလက်ခံပြီး၊ **ဆုဇ**တ်ကျင့်ထုံးပုဒ်မ ၂၀၂ အရ၊ ရဲ၏အစီရင်ခံစာကို ရယူရန် သက်ဆိုင်ရာရဲသို့လွှဲအပ်ခဲ့သည်။ ရဲ၏အစီရင်ခံစာကိုရပြီးနောက်၊ ပညာရှိ **ဆုဇ**တ်တရားသူကြီးက၊ ဦးဘသောင်း စွဲဆိုသောအမှုမှာ **ဆုဇ**တ်ကြောင်းနှင့် မစွဲဆိုနိုင်၊ တရားမကြောင်းနှင့်သာလျှင် တရားမမှုံးဥ်သာ စွဲဆိုနိုင်သဖြင့်၊ **ဆုဇ**တ်ကျင့်ထုံးပုဒ်မ ၂၀၃ အရ၊ ဦးတိုက်လျှောက်လွှာကို ပလပ်လိုက်သည်။

ထိုအမိန့်ကို ဦးဘသောင်းက မကျေနပ်သဖြင့်၊ ဟံသာဝတီနှင့် ရန်ကုန်ခရိုင် စက်ရှင်တရားသူကြီးရုံး၊ ၁၉၆၃ ခုနှစ်၊ **ဆုဇ**တ်ပြင်ဆင်မှုအမှတ် ၅၄ တွင်၊ ပြင်ဆင်မှုလျှောက်လွှာတင်သွင်းခဲ့သည်။ ပညာရှိ စက်ရှင်တရားသူကြီးက၊ နှစ်ဘက်သော ရှေ့နေကြီးများကို ကြားနာပြီးနောက်၊ ထိုအမှုတွင် ဦးတိုက်လျှောက်လွှာကို ပလပ်လိုက်ခြင်းမှာ၊ အလွန်စောလွန်းလှကြောင်း၊ ရှေ့ဆက်လက်၍ အမှုကို စစ်ဆေးရန်လိုကြောင်း အမိန့်ချမှတ်ခဲ့သည်။ ပညာရှိ စက်ရှင်တရားသူကြီး၏ အမိန့်အရ၊ ဤအမှုကို ရန်ကုန်မြို့၊ ၁၀ ရာဘာဂ်**ဆုဇ**တ်တရားသူကြီးရုံး၊ ၁၉၆၄ ခုနှစ်၊ **ဆုဇ**တ်ကြီးမှုအမှတ် ၁၇ တွင် စစ်ဆေးခဲ့သည်။ တရားလိုပြသက်သေ ၅ ဦးအား စစ်ဆေးပြီးနောက်၊ လျှောက်ထားသူများအပေါ် **ဆုဇ**သတ်ပုဒ်မ ၄၂၀ အရ၊ အသီးသီးစွဲချက်တင်လေသည်။ စွဲချက်များတွင် လျှောက်ထားသူများသည်၊ ဦးဘသောင်းအား ၎င်းတို့၏ ဆိုင်ခန်းကို လွှဲပြောင်းပေးမည်။ ထို့ပြင်၊ သက်သေခံအမှတ် "ခ" စာရင်းပါ ပစ္စည်းများကို

ရောင်းပေးမည်ဟု မရိုးမဖြောင့်သောသဘောဖြင့် လိမ်လည်ပြီး၊ ငွေ ၁၂,၅၀၀ ကျပ်ကို ဦးဘသောင်းထံမှ ရယူကြောင်းပါရှိသည်။

ထိုသို့စွဲချက်တင်ခြင်းကို လျှောက်ထားသူများက မကျေနပ်သဖြင့်၊ ၎င်းစွဲချက်များကို ပယ်ဖျက်ပေးပါရန်၊ ဤရုံးသို့ ပြင်ဆင်မှုလျှောက်လွှာ တင်သွင်းလေသည်။

၁၉၆၀ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့ဘွင်၊ ဦးဘသောင်းနှင့် မစိန်ရင်၊ ဦးအောင်မြတ်ကြည်တို့သည်၊ ချုပ်ဆိုကြသော ကတိစာချုပ်အရ၊ မစိန်ရင်နှင့် ဦးအောင်မြတ်ကြည်တို့သည်၊ ဦးဘသောင်းထံမှ ကျပ်ငွေ ၂၅,၀၀၀ ယူထားခဲ့ရာ၊ ထိုငွေ၏တန်ဘိုးဖြစ်သော သက်သေခံအမှတ် "ခ" စာရင်းအရ၊ ဆိုင်ခန်းရှိပစ္စည်းများကို ဦးဘသောင်းသို့ ရောင်းချရန် သဘောတူကြသည်။ ၎င်းပြင်၊ ဆိုင်ခန်းကိုလည်း ဦးဘသောင်းသို့အပ်ရန်သဘောတူကြသည်။ သို့ရာတွင်၊ မစိန်ရင်နှင့် ဦးအောင်မြတ်ကြည်တို့က၊ ဆိုင်ခန်းကိုသော်၎င်း၊ ဆိုင်ရှိပစ္စည်းများကိုသော်၎င်း၊ ဦးဘသောင်းသို့အပ်မပေးသဖြင့်၊ ဦးဘသောင်းက ၎င်းတို့အပေါ် ရာဇသတ်ပုဒ်မ ၄၂၀ အရ၊ တရားစွဲဆိုခြင်းဖြစ်သည်။

လျှောက်ထားသူများ၏ ပညာရှိရှေ့နေ ဦးတင့်က၊ ဤအမှုသည် ရာဇဝတ်ကြောင်းဖြင့် သက်ဆိုင်သောအမှု မဟုတ်ပါ။ မစိန်ရင်နှင့် ဦးအောင်မြတ်ကြည်တို့သည်၊ ဦးဘသောင်းထံမှ ငွေ ၂၅,၀၀၀ ကျပ်ရယူခြင်းကို မငြင်းလိုပါ။ သက်သေခံ အမှတ် "က" ကတိစာချုပ်ကို ပြုလုပ်သည်ဆိုသည်မှာလည်း မငြင်းလိုပါ။ ဦးဘသောင်းထံမှ ငွေ ၂၅,၀၀၀ ကျပ်ကို ရယူပြီးနောက်၊ ဆိုင်ခန်းနှင့် ဆိုင်ရှိပစ္စည်းများကို၊ ဦးဘသောင်းသို့လွှဲအပ်မပေးခြင်းမှာ၊ စာချုပ်ပါ ကတိပျက်ရာကျရောက်သည်ဟုယူဆရန်အကြောင်းရှိသဖြင့်၊ မစိန်ရင်နှင့် ဦးအောင်မြတ်ကြည်တို့အပေါ်တွင်၊ ရာဇဝတ်မှုနှင့် တရားမစွဲဆိုနိုင်ပါ။ တရားမသက်သက်သာ ဖြစ်ပါသည်။ ထို့ကြောင့်၊ ၎င်းတို့အပေါ် တင်ထားသောစွဲချက်များကို ပယ်ဖျက်ပေးပါရန် လျှောက်ထားသွားသည်။ လျှောက်ထားခံရသူ၏ ပညာရှိရှေ့နေကြီး ဦးမောင်မောင်(၁၀) က၊ မစိန်ရင်နှင့် ဦးအောင်မြတ်ကြည်တို့သည်၊ အလောတကြီး ငွေလိုသည်ဟုဆို၍၊ ဦးဘသောင်းထံတွင် ကျပ်ငွေ ၂၅,၀၀၀ ရယူပြီး၊ ထိုကျပ်ငွေ ၂၅,၀၀၀ ဘိုးဖြစ်သော ၎င်းတို့၏ဆိုင်ခန်းနှင့် ဆိုင်ရှိပစ္စည်းများကို လွှဲအပ်ပါမည်ဟု သဘောတူစာချုပ်ဖြင့်၊ ကတိကဝတ်ပြုထားသော်လည်း၊ လွှဲအပ်မပေးခြင်းကြောင့်၊ ၎င်းတို့သည် ဦးဘသောင်းထံမှ ငွေများကို လိမ်လည်၍ယူခြင်းဖြစ်သဖြင့်၊ ၎င်းတို့အပေါ် ယခုရာဇသတ်ပုဒ်မ ၄၂၀ အရ၊ တင်ထားသောစွဲချက်မှာ၊ မှန်ကန်ပါသည်ဟု လျှောက်လဲသွားသည်။

ပညာရှိ အစိုးရရှေ့နေကြီး ဦးခင်မောင်က၊ ဤအမှုတွင် ရာဇဝတ်မှုနှင့် စွဲဆိုထားခြင်းမှာ မှန်ကန်ပုံမရပါ။ အမှုသွားအမှုလာ၊ သက်သေထွက်ဆိုချက်များနှင့်

သက်သေခံတင်ထားသော စာချုပ်စာတမ်းများအရဆိုလျှင်၊ ဤအမှုသည် ဆုဇဝဘ် ပြုလုပ်ရန် အင်္ဂါရပ်မရှိပါ။ ထို့ကြောင့်၊ လျှောက်ထားသူများအပေါ် တင်ထားသော စွဲချက်မှာ၊ မှန်ကန်သည်မဟုတ်ပါကြောင်း တင်ပြသွားသည်။

ကျွန်ုပ်သည် ဤအမှုကိုအသေးစိတ်သုံးသပ်ရာတွင်၊ ဤသို့တွေ့ရှိရသည်။ မစိန်ရင်နှင့် ဦးအောင်မြတ်ကြည်တို့မှာ၊ ထိုအခါက အစိုးရသို့ပေးဆပ်ရန် ငွေများလိုနေသည်။ ထိုငွေရရှိရေးအတွက်၊ ဦးဘသောင်းထံသို့ ချဉ်းကပ်သည်။ ဦးဘသောင်းထံမှ ပဌမ ငွေ ၁၀,၀၀၀ ကျပ်ကို အော်ဒီမန်နှင့်ယူသည်။ နောက်ထပ်၍ ငွေယူပြန်သည်။ စုစုပေါင်း အတိုးအရင်းပါငွေ ၂၅,၀၀၀ ကျပ်ဖြစ်သွားသည်။ ထိုငွေ ၂၅,၀၀၀ ကျပ်အတွက် ဦးဘသောင်းနှင့် သက်သေခံအမှတ် "က" ကတိစာချုပ်ပြုလုပ်ကြသည်။ ထိုကတိ စာချုပ်အရဆိုလျှင်၊ ဦးဘသောင်းထံမှ ယူသားသောငွေအတွက်၊ ၎င်းတို့၏ဆိုင်ခန်းနှင့် သက်သေခံအမှတ် "ခ" ပါ ဆိုင်ရှိပစ္စည်းတို့ကို ဦးဘသောင်းအား လွဲအပ်ပေးမည်ဟု ကတိကဝတ်ရှိသည်။ ထိုသို့စာချုပ်ပြုလုပ်စဉ်အခါက၊ မစိန်ရင်နှင့် ဦးအောင်မြတ်ကြည်တို့မှာ ဆိုင်ခန်းရှိသည်။ သက်သေခံအမှတ် "ခ" တွင် ပြထားသော ပစ္စည်းများလည်း ရှိကြသည်။ ဆိုင်ခန်းမရှိ၊ ပစ္စည်းမရှိဘဲနှင့် မရှိသောဆိုင်ခန်းနှင့် မရှိသောပစ္စည်း များကို လွဲအပ်ပေးပါမည်ဟု လိမ်လည်သွဲ့ဖြား၍၊ ဦးဘသောင်းထံမှ ငွေတောင်းခံ ခြင်းမဟုတ်။ ဦးဘသောင်းထံမှ ငွေရပြီးသည့်နောက်မှ၊ အကြောင်းကြောင်းကြောင့် ဆိုင်ခန်းနှင့် ပစ္စည်းများကို၊ ဦးဘသောင်းထံသို့ ပြန်လည်မအပ်ခြင်းမှာ၊ ချုပ်ဆို ထားသော ကတိကတ်ကို ဖေါက်ဖျက်ရာကျပေမည်။ **ဦးဘိုးလူ** နှင့် **နိုင်ငံတော်** (၁) အမှုနှင့် **မစ္စတာ ဒီ၊ ရာဗီ** နှင့် **မြည်ထောင်စုမြန်မာနိုင်ငံ** (၂) အမှုတို့ကိုကြည့်ပါ။

အသက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ ဤအမှု၏ အင်္ဂါရပ်လက္ခဏာတို့သည်၊ တရားမကြောင်းနှင့်သာ သက်ဆိုင်၍၊ ဆုဇဝတ်ကြောင်းနှင့် မသက်ဆိုင်ဟု ယူဆသည်။ ယခုအခါ ဦးဘသောင်းကလည်း၊ လျှောက်ထားသူများအပေါ်၊ ရန်ကုန်မြို့၊ တရားမ တရားရုံးဘွင့်၊ မိမိပေးထားသောငွေများကို ရယူလိုမှုဖြင့်၊ တရားစွဲဆိုထားသည်ကို တွေ့ရှိရသည်။

သို့ဖြစ်၍၊ လျှောက်ထားသူများအပေါ် ဆုဇသတ်ပုဒ်မ ၄၂၀ အရ စွဲချက်တင်ထား ခြင်းမှာ၊ တရားဥပဒေအရ မှားယွင်းနေကြောင်း တွေ့ရှိရသဖြင့်၊ ထိုစွဲချက်များကို ပယ်ဖျက်ပြီး၊ လျှောက်ထားသူများအား တရားရှင်လွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

---

(၁) အတွဲ ၁၊ ရန်ကုန်စီရင်ထုံး၊ စာမျက်နှာ ၃၇၉။

(၂) ၁၉၅၃ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ စာမျက်နှာ ၂၈၀ (တရားလွှတ်တော်)။

နိုင်ငံတော် တရားရုံးချုပ်

တရားမအသေးအဖွဲအယူခံမှု

တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီး ဦးသက်ဖေတို့ရှေ့တွင်

မက်ဆားရှန်တီလာ(လ်)အင်ဆန်း (အယူခံတရားလို) *

နှင့်

အခွန်တော်စည်းကြပ်ကောက်ခံမှု စစ်ဆေးရေးအဖွဲ့ (အယူခံတရားခံ)

၁၉၆၆ †
မတ်လ ၁၀
ရက်။

သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၅ အရ လျှောက်ထားမှု ပုဒ်မတွင် ပြဆိုထားသည့်အချက်ကြီး ၅ ချက်နှင့် ပြည့်စုံရခြင်း၊ ခတုတ္ထလိုအပ်ချက် မပြည့်စုံခြင်း၊ အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၃၀ (၁) အရ အယူခံခွင့်ရရှိနိုင်ခြင်း၊ ၎င်းခြွင်းချက်များ၏ အဓိပ္ပါယ်ကောက်ယူပုံ။

ဆုံးဖြတ်ချက်။ ။သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၄၅ သက်သာခွင့်ကို ရယူလိုသူသည် ထိုပုဒ်မတွင် ပြဆိုထားသည့်အချက်ကြီး ၅ ချက်နှင့် ပြည့်စုံရမည်။ လျှောက်ထားသူသည် တောင်းဆိုဆည့်အခွင့်အရေးမရရှိပါက သက်သာခွင့်ရရှိနိုင်မှန် လုံးဝမရှိ ပိတ်ပင်နေပါသည်ဟုဆိုသည့်အချက်နှင့် ပြည့်စုံသည်ဟု မဆိုနိုင်၊ အဘယ်ကြောင့်ဆိုသော် အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၃၀ (၁) က ပေးထားသည့် အယူခံခွင့်ကို လျှောက်ထားသူသည် ရရှိနိုင်မည်ဖြစ်သောကြောင့်ပင်တည်း။

ထပ်မံဆုံးဖြတ်ချက်။ ။အမြတ်တော်ခွန်အက်ဥပဒေ ပုဒ်မ ၃၀ တွင်ပြဆိုထားသည့် ခြွင်းချက်များကို စဉ်းစားအဓိပ္ပါယ် ကောက်ယူရာ၌ တခုစီ သီးခြားကောက်ယူရန်မဖြစ်၊ အားလုံးကိုခြုံ၍ စဉ်းစားရပေမည်။

အယူခံတရားလိုအတွက်။ ။ဦးဝမ်ဟုတ်၊

အယူခံ တရားခံအတွက်။ ။လက်ထောက် ရှေ့နေချုပ် ဦးဘကျော်။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှာ ဤရုံး မူလဘက်ဆိုင်ရာ ၁၉၆၃ ခု၊ တရားမသေး ၁၇၄ တွင်၊ အယူခံတရားလိုက သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၅ အရ၊ လျှောက်ထားသည့် အလွှာကို ပယ်လိုက်သဖြင့် တင်သွင်းသည့် အယူခံမှုဖြစ်သည်။

အမှုအကြောင်းခြင်းရာမှာ အယူခံ တရားလိုသည် အမြတ်တော်ခွန် စည်းကြပ်သည့် ၁၉၅၈-၅၉ ခုနှစ်မှ ၁၉၆၂-၆၃ ခုနှစ်တိုင် ၅ နှစ်တွက်ငွေပေါင်း ၁,၇၀,၅၁၆၊၇၃ ပြားကို

---

* ၁၉၆၄ ခုနှစ်၊ တရားမအသေးအဖွဲ့ အယူခံမှု အမှတ် ၁၃။

† ၁၉၆၃ ခုနှစ်၊ တရားမသေးအမှု အမှတ် ၁၇၄ တွင် ၁၉၆၄ ခုနှစ်၊ မတ်လ ၁၄ ရက်ဝန်စွဲပါ၊ တရားရုံးချုပ် မူလဘက်ဌာနရုံးတော်၏ ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

၁၉၆၆ မက်ဆား ရွှန်တီ လာ(လ်) အင် ဆန်း နှင့် အခြား စည်းကြပ် ကောက်ခံမှု စစ် ဆေးရေးအဖွဲ့။

အမြတ်တော်ခွန်အဖြစ် ထမ်းဆောင်ရမည်ဟု အမြတ်တော်ခွန်ဌာနမှ စည်းကြပ်ခဲ့လေသည်။ ထိုသို့အမြတ်ခွန် စည်းကြပ်သည်ကို မကျေနပ်၍ အယူခံတရားလိုက ၁၉၆၃ ခု၊ မြန်မာပြည် အမြတ်တော်ခွန်ပြင်ဆင်သည့် ဥပဒေပုဒ်မ ၃၀ (၁)အရ၊ အယူခံဝင်နိုင်ရန် အယူခံတရားခံများဖြစ်သူ အာဏာပိုင် အဖွဲ့သို့ မိမိတို့ဝန်ခံသည့် အမြတ်တော်ခွန်ငွေကို ပေးသွင်း၍ အယူခံအဖွဲ့မှ ချမှတ်မည့်အမိန့်ကို လိုက်နာဆောင်ရွက်ရန်အတွက် ဝန်ခံချုပ်ဆိုပါက အယူခံခွင့် ပေးပါရန် လျှောက်ထားသည်ကို အယူခံတရားခံအဖွဲ့မှ ခွင့်မပြုဘဲ၊ ထို ၅ နှစ်အတွက် စည်းကြပ်ထားသည့် ထက်ဝက်အမြတ်ခွန်ဖြစ်သော ငွေပေါင်း ၈၆,၂၁၀ ကိုပေးသွင်းပြီး ကျန်ငွေအတွက် လုံလောက်သော အာမခံထားရှိပါက၊ အယူခံခွင့်ပြုမည်ဖြစ်ကြောင်း၊ ပြန်ကြားချက်မှာ ဥပဒေ ခွင့်ပြုချက်နှင့် ဆန့်ကျင်ချမှတ်သည့်အမိန့် ဖြစ်သဖြင့် အယူခံတရားခံအဖွဲ့အား အယူခံ တရားလို များသည် လျှောက်ထားသည့်အတိုင်း ဆောင်ရွက်ပါက အယူခံခွင့် ပေးစေရန် အမိန့် တရပ်ထုတ်ဆင့် ပေးပါမည့်အကြောင်း လျှောက်ထားခဲ့ခြင်းဖြစ်သည်။

၁၉၆၃ ခု၊ မြန်မာပြည် အမြတ်တော်ခွန် ပြင်ဆင်သည့် ဥပဒေပုဒ်မ ၃၀ (၁)၏ သက်ဆိုင်သည့် အပိုင်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

"30. (1) Any Assessee—

(a) denying his liability to be assessed under this Act,

* * * *

Provided further that no appeal shall lie against any order under this section unless the tax has been paid.

* * * *

Provided further that notwithstanding anything hereinbefore contained the Government or any person authorized in this behalf by the Government may permit an assessee to prefer an appeal, not being an appeal against an order under sub-section (1) of section 46, on payment of the tax admitted and on furnishing sufficient security for the due performance of the order that may be passed on appeal."

ယခုအမှုတွင် လျှောက်ထားသူ အယူခံတရားလိုများက ကိုးကားသည့် ခြွင်းချက်မှာ အထက်တွင် ပြဆိုထိုထားသည့်ပုဒ်မ ၃၀ (၁)၏ နောက်ဆုံးခြွင်းချက် ဖြစ်ပေသည်၊ ထိုခြွင်းချက်ပါ စကားများတွင် ပါရှိသည့် **may permit** ဆိုသည့် စကားမှာ၊ **shall permit** သို့မဟုတ် **must permit** ဟုအဓိပ္ပါယ် ကောက်ယူရမည်ဖြစ်၍ လျှောက်ထားသူ အယူခံ တရားလိုများအား ၎င်းတို့ လျှောက်ထားသည့်အတိုင်း

ခြွင်းချက်ဇာတ်ပါသည့် လိုအပ်ချက်များကို ဆောင်ရွက်ပါက အယူခံခွင့်ကို လျှောက်ထားခံရသူ အယူခံတရားခံအဖွဲ့က ပေးရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားသည်ဟု ပြဆိုပေသည်။

သို့သော်ပညာရှိ မူလဘက်ဆိုင်ရာ တရားသူကြီးက ပုဒ်မ ၃၀ ခြွင်းချက်တွင် သုံးထားသည့် **may permit** ဆိုသည့်စကားမှာ အထက်ကခြွင်းချက်နှင့် ပေါင်းစပ်ဆင်ခြင်စဉ်းစားရမည်ဖြစ်၍ သက်ဆိုင်သည့်အယူခံ တရားခံ အာဏာပိုင်အဖွဲ့မှာ မလိုက်လျောလျှင်မနေရ **must permit** သဘော သက်ရောက်သည်ဟုမဆို နိုင်၊ ထိုအဖွဲ့က ခြွင်းချက်ပါစည်းကမ်းများအရ ရွက်ဆောင်လင့်ကစား လိုက်လျောသင့်သည်ဟု ယူဆက လိုက်လျောခွင့်ပြုရန်၊ သို့မဟုတ်ပယ်ရန် အာဏာ ပေးအပ်ထားခြင်းသာဖြစ်၍ လျှောက်ခံရသူ အယူခံတရားခံအဖွဲ့၏ အမိန့်မှာ ဥပဒေအရ မှားယွင်းနေသဖြင့် လျှောက်ထားသူများ တောင်းဆိုသည့်အမိန့်ကို ထုတ်ဆင့်ပေးသင့်ကြောင်း ပေါ်လွင်ခြင်းမရှိဆိုပြီး လျှောက်လွှာကို ပယ်လိုက်သည်။

ယခုအယူခံ အမှုတွင်လည်း လျှောက်ထားသူ အယူခံ တရားလိုများက မူလရုံးတွင် ကိုးကားသည့်အတိုင်း အထက်ပါ ပြဆိုချက်များအရပင် ထပ်မံ လျှောက်ထားရာ၌ လျှောက်ခံရသူ အယူခံတရားခံ အာဏာပိုင်အဖွဲ့သည် နောက်ဆုံး ခြွင်းချက်အရ လျှောက်လွှာကို မိမိတို့က မလိုက်လျောသင့်ဟု ယူဆပါက အပြီးအပိုင် ပယ်နိုင်ခွင့် ရှိကြောင်း ဝန်ခံသော်လည်း၊ ယခုအမှုမှာကဲ့သို့ အယူခံတရားလိုများသည် အယူခံခွင့် ရလိုက အယူခံတရားခံများက အခွန်စည်းကြပ်သည့် ဌေများ၏ ထက်ဝက်ကို ပေးသွင်းပြီး ကျန်ဌေများအတွက် အာမခံ ပေးရမည်ဆိုသည့် အခြေအနေမျိုးကို ဥပဒေအရ ချမှတ်ခွင့် မရှိ၊ ထိုခြွင်းချက်တွင် ပါသည့်အတိုင်း အယူခံတရားလိုများက ရွက်ဆောင်ပါက အယူခံခွင့်ကို ပေးရမည်ဖြစ်သည်ဟု ပြဆိုပေသည်။

ထိုပြဆိုချက်ကို မစဉ်းစားမီ ယခုအမှုတွင် ရှေးဦးစွာ ဆင်ခြင်ရမည်မှာ အယူခံတရားလိုများ တင်သွင်းသည့် အလွှာမှာ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၎၅ လိုအပ်ချက်များ ပြည့်စုံခြင်းရှိ၊ မရှိပင်ဖြစ်သည်၊ ပုဒ်မ ၎၅ ၏သက်သာခွင့်ကို ရယူလိုသူသည် ထိုပုဒ်မတွင် ပြဆိုထားသည့် အချက်ကြီး ၅ ချက်နှင့် ပြည့်စုံရမည်ဖြစ်ရာ ယခုအမှုတွင် စတုတ္ထလိုအပ်ချက်ဖြစ်သည်။ လျှောက်ထားသူသည် တောင်းဆိုသည့် အခွင့်အရေး မရရှိပါက သက်သာခွင့် ရရှိနိုင်ရန် လုံးဝမရှိ၊ ပိတ်ပင်နေပါသည် ဆိုသည့်အချက်နှင့် ပြည့်စုံသည်ဟု မဆိုနိုင်ပေ၊ အဘယ်ကြောင့်ဆိုသော် အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၃၀ (၁)က ပေးထားသည့် အယူခံခွင့်ကို လျှောက်သူသည် စည်းကြပ်ထားသည့် အမြတ်ခွန်များကို ပေးသွင်းကာ ထိုအခွင့်အရေးကို ရရှိနိုင်မည်မှာ မလွဲဖြစ်သည့်အပြင်

၁၉၆၆

မက်ဆား ရွှန်တီ လာ(လ်) အင်ဆန်းနှင့် အခွန် စည်းကြပ်ကောက်ခံမှု စစ်ဆေးရေးအဖွဲ့။

ယခုအမှုတွင် ထိုအမြတ်ခွန်၏ ထက်ဝက်ကိုသာ ပေးသွင်း၍ ကျန်ငွေအတွက် အာမခံပေးခြင်းဖြင့် အယူခံခွင့် ရရှိနိုင်မည် ဖြစ်သောကြောင့်ပင်တည်း။

တဖန် အယူခံတရားလိုများ၏ အယူခံ ပြဆိုချက်ကို ကျွန်ုပ်တို့ လက်ခံနိုင်ရန် ခဲယဉ်းပေသည်၊ အဘယ်ကြောင့်ဆိုသော် ပုဒ်မ ၃၀ တွင် ပြဆိုထားသည့် ခြွင်းချက်များကို စဉ်းစားအဓိပ္ပါယ်ကောက်ယူရာ၌ တခုစီ သီးခြားကောက်ယူရန် မဖြစ်၊ အားလုံးကို ခြုံ၍ စဉ်းစားရပေမည်၊ ထို့ကြောင့် အယူခံတရားခံအဖွဲ့က ချမှတ်သည့် အမိန့်မှာ နောက်ဆုံး ခြွင်းချက်ပါ စကားများအရ အယူခံ တရားလို၏ ပြဆိုချက်ကို လိုက်လျောရန် သင့်သည်ဟု မယူဆ၍ အယူခံတရားခံအဖွဲ့မှ လျော်ကန်သွားကို အပြီးအပိုင် ပယ်လိုက်ခြင်းသာဖြစ်ကြောင်း ပေါ် လွင်နေသောကြောင့်ဖြစ်သည်။ သို့ရာတွင်ထိုအဖွဲ့မှလျော်ကန်သွားနှင့် ပတ်သက်၍ ပဌမ ခြွင်းချက်ကိုပါ ထည့်သွင်းစဉ်းစားရာ၌ ထိုခြွင်းချက်အရ စည်းကြပ်သည့် အခွန်ငွေများအားလုံး ပေးသွင်းရမည့် အစား၊ သက်ညှာသောအားဖြင့် အယူခံ တရားလိုများသည် စည်းကြပ်သည့် အခွန်တော်ငွေ ထက်ဝက်ကိုသာ ပေးသွင်း၍ ကျန်ထက်ဝက်အတွက် အာမခံ ပေးပါက အယူခံခွင့် ပြုမည်ဟု လိုက်လျောခြင်းသာဖြစ်ပြီး၊ ၎င်းအမိန့်မှာ နောက်ဆုံး ခြွင်းချက်အရ ချမှတ်သည့် အမိန့်မဟုတ်ကြောင်း ထင်ရှားနေသောကြောင့် ဖြစ်သည်။

ထို့ကြောင့် အယူခံ တရားလိုများ တင်သွင်းပြဆိုသည့် အယူခံချက်မှာ ယခုအမှုတွင် ချမှတ်ထားသည့် အမိန့်အရ နောက်ဆုံး ခြွင်းချက်ပေါ် မူတည်၍အယူခံ တရားခံအဖွဲ့က ချမှတ်ခဲ့သည့် အမိန့် မဟုတ်ရကား အောက်ရုံးကချမှတ်သည့် အမိန့်မှာ ဥပဒေအရ မှားယွင်း ချွတ်ချော်နေသဖြင့် ဝင်ရောက် စွက်ဖက်ရန် အကြောင်းရှိသည်ဟု ကျွန်ုပ်တို့ မည်သို့မျှ မတွေ့ရှိရပေ။

အထက်ပါ အကြောင်းများကြောင့် ယခု အယူခံမှုကို ခွင့်ပြုရန် မရှိသောကြောင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ပညာရှိ ရွှေနေကြီး စရိတ်အဖြစ် ရွှေဒင်္ဂါး ၅ ပြား သတ်မှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမသေးမှု

တရားသူကြီး ဦးကျော်ဇံဦးရွှေတွင်

မစ္စစ် ပရိုတီမာဂို(ရှ်) (လျှောက်ထားသူ)

နှင့်

အရွှယ်မရောက်သေးသူ ကလေးမျှားကိစ္စ (လျှောက်ထားခံရသူ)•

၁၉၆၆

မတ်လ ၂၅ ရက်။

ဇာပ်ချုပ်သူမျှားနှင့်အုပ်ချုပ်ခြင်းခံရသူမျှားအက်ဥပဒေ—အရွယ်မရောက်သေးသောကလေးမျှားနှင့် ၎င်းတို့၏ ပစ္စည်းမျှားကို အုပ်ချုပ်ကြည့်ရှုရန်လျှောက်ထားခြင်း—လျှောက်ထားသူမယားက ကြမ်းကြုတ်ရက်စက်စွာ နှိပ်စက်နှာကျင်စေခြင်း—ကလေးမျှားကိုလည်း မချစ်မကြင်နာဟု ယူဆနိုင်မနိုင်—ကလေးမျှားကို အုပ်ချုပ်ထိန်းသိမ်းကြည့်ရှုရန် သင့်တော်လျှောက်ပတ်သူဟုထိ မဟုထိ—ဆက်လက်အုပ်ချုပ်ထားမှသာ ကလေးတို့၏ ချမ်းသာကောင်းရာကောင်းကျိုးဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။လျှောက်ထားခံရသူသည် လျှောက်ထားသူကို နည်းအမျိုးမျိုးဖြင့် ကြမ်းကြုတ်ရက်စက်စွာ နှိပ်စက်နှာကျင်စေခဲ့သည်မှာ ထင်ရှားသည်။ သို့သော်လျှောက်ထားခံရသူသည် ၎င်း၏မယား လျှောက်ထားသူကို ကြမ်းကြုတ်ရက်စက်စွာ နှိပ်စက်နှာကျင်စေခဲ့သော်လည်းကလေးမျှားကို ဤသို့ပြုခဲ့ကြောင်း သက်သေထွက်ချက် တစုံတခုမျှမရှိ။ မိမိ၏မယားကိုမချစ်မကြင်နာသူသည်၊ ၎င်း၏ကလေးမျှားကိုလည်း မချစ်မကြင်နာဟု မယူဆနိုင်။ မိမိ၏မယားကိုကြမ်းကြုတ်ရက်စက်စွာ နှိပ်စက်နှာကျင်စေသူသည် အရွယ်မရောက်သေးသော မိမိ၏ကလေးမျှားကို အုပ်ချုပ်ထိန်းသိမ်းကြည့်ရှုရန် သင့်တော်လျှောက်ပတ်သူ မဟုတ်ဟု ယူဆရန် ခဲယဉ်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။လျှောက်ထားခံရသူသည် ကလေးမျှား နှုးညံ့သည့်အရွယ်ကပင် စ၍ ကြည့်ရှုမွေးမြူ သင်ကြားလာခဲ့သည်မှာ၊ ယခုအခါ အောင်မြင်နေကြောင်းကို လျှောက်ထားသူက မငြင်းနိုင်။ လျှောက်ထားသူမှာ ဥစ္စာအင်အားဖြစ်စေ၊ လုပ်စွမ်းအင်အားဖြစ်စေ၊ဆွေမျိုးအင်အားဖြစ်စေ မရှိသည်မှာ အထူးပြောစရာမလိုပေ။ ဤကလေးမျှားကိုကြည့်ရှုကျွေးမွေးသင်ကြားနိုင်ရန် သတ်မှတ်ရှိကြောင်းကိုလည်း ဝန်ခံရှိသည်။ ထို့ကြောင့်ကလေးမျှားကို ၎င်းအား အုပ်ချုပ်သူအနေဖြင့် ပေးအပ်ပါက ရုံးတော်က အမှားကြီး မှားမည်ဟု ယူဆသည်။ ကလေးမျှားသည် ယခုအခါ အိမ်နီးယပြည်တွင် ပညာသင်ကြားနေကြရာ၊လျှောက်ထားခံရသူမှာလည်း ၎င်းပြည်တွင် ဆွေမျိုးမျှားရှိနေ၍ စိုးရိမ်စရာ မရှိပေ။ ထိုမှလုံးကိုဖြုံ၍ ဘတ်ရှစ်ဆေး ဝေဖန်ကြည့်ရာ၊လျှောက်ထားခံရသူအဖေမှာ မသင့်တော် မလျှောက်ပတ်သူ မဟုတ်သည့်အပြင်၊ ကလေးမျှားကို ၎င်းကိုယ်တိုင်ကပင် ဆက်လက်အုပ်ချုပ်ထားမှသာကလေးတို့၏ချမ်းသာကောင်းရာကောင်းကျိုးဖြစ်မည်ဟု ယူဆသည်။

• ၁၉၅၆ ခုနှစ်၊ တရားမသေးမှုအမှတ် ၉၀။

၁၉၆၆

မစ္စစ်မရီ တီမာဂို(ရှ်) နှင့် အရွယ်မရောက် သားသူကလေး မျှားကိစ္စ။

G. Stephen v. *C. N. Stephen*. I.L.R. 9 Cal. 901 ; (1056) *Civil Regular Suit No.* 47 (1963), B.L.R. 526 (C.C.); **ဘီမာလန်ဒူးဂို(ရှ်)နှင့် မစ္စစ်မရီတီမာဂို(ရှ်)၊ဘီ၊အယ်၊အာ ၊ ၁၉၆၃၊ ၀၁ ၅၉၀** *Musammat Ashrafi Kuar* v. *Jai Narain and others*, (1910) 6 I.C 862 ; *Ma Thein Me* v. *Maung Pe Gywe*, (1915) 8 Bur. L.T. 73 ; *Mt. Rakhi* v. *Garib Das*, A.I.R. (1953) Bilaspur 26 ; *Fakhr-ud-din Khan* (2) *Harbans Rai*, v. *Mt. Biro*, A.I.R. (1926) Lah. 393 ; *K. V. Venkateswaran* v. *Saradambal*, I.L.R. 13 Ran. 590 ; *Siddie-Un-Nissa Bibi* v. *Nizan-Uddin Khan and others*, I.L.R. (1931) 54 All. 128 ; *Tan Shwe Kyu* v. *Chan Chain Lyan*, (1947) R.L.R. 107 at p. 119 ; *U Maung Maung* v. *Ma Aye Bu*, (1952) B.L.R. 406 (H.C.); *Prabhu Dayal* v. *Asharfi Kauri and another*, A.I.R. (1952) All. 858 ; *Bhola Nath* v. *Sharda Devi*, A.I.R. (1954) Pat. 489 ; *In re Spence* (1847) 2 Phillips 247 ; *Sukhdeo Rai* v. *Ram Chandar Rai and another*, I.L.R. (1924) 46 All. 706 **ထို့ကိုးရည်ညွှန်းသည်။**

လျှောက်ထားသူအတွက်။ ။ဦးမြင့်စိုး။

ဒုလျှောက်ထား ခံရသူအတွက်။ ။ဦးသန်းအောင်။

တရားသူကြီး ဦးကျော်ဇံဦး။ ။ဤအမှုမှာ လျှောက်ထားသူက အုပ်ချုပ်သူမျှားနှင့် အုပ်ချုပ်ခြင်း ခံရသူမျှား အက်ဥပဒေအရ၊ အရွယ်မရောက်သေးသော ကလေးမျှားနှင့် ၎င်းတို့၏ ပစ္စည်းမျှားကို အုပ်ချုပ်ကြည့်ရှုရန် လျှောက်ထားခြင်း ဖြစ်သည်။

လျှောက်ထားသူနှင့် လျှောက်ထား ခံရသူတို့မှာ ဟိန္ဒူဘာသာကို ကိုးကွယ်ကြသူ မျှားဖြစ်ပြီး လျှောက်ထားသူမှာ မြန်မာနိုင်ငံသားဟု ဆိုသော်လည်း ၎င်း၏ယောကျ်ား ဖြစ်သူ လျှောက်ထား ခံရသူမှာ အိန္ဒိယလူမျိုး ဖြစ်ပေသည်။

ဤအမှုကို စစ်ဆေးကြားနာနေစဉ်ပင် အရွယ်မရောက်သေးသော အကြီးဆုံး ကလေး သမီးမှာ အသက် ၁၈ နှစ်ကျော်လွန် သွားခဲ့သည်ဖြစ်၍ အုပ်ချုပ်သူမျှားနှင့် အုပ်ချုပ်ခြင်းခံရသူမျှား အက်ဥပဒေပုဒ်မ ၄ (၁)နှင့် The Majority Act, 1875 ပုဒ်မ ၃ အရ၊ ဤအမှုနှင့် မသက်ဆိုင်တော့ပေ၊ *G. Stephen* v. *C.N. Stephen* (1) တို့အပြင်၊ဤအမှု အတောအတွင်းမှာပင် တတိယကလေး သားမှာ သေဆုံးသွားရှာလေသည်ဖြစ်၍ ယခုအခါ ဒုတိယကလေးအသက် ၁၃ နှစ်ပြည့်သမီးနှင့် စတုတ္ထကလေးအသက် ၁၁ နှစ်ပြည့်သား စုစုပေါင်း အရွယ်မရောက်သေးသော ဤကလေး နှစ်ဦးတို့နှင့်သာ သက်ဆိုင်တော့သည်၊ ဤအကြောင်းအရာမျှားနှင့် ပတ်သက်၍ အငြင်းပွါးခြင်းမရှိကြပေ။

(1) I.L.R. 9 Cal. 901.

လျှောက်ထားသူနှင့် လျှောက်ထား ခံရသူများတို့မှာ ဤအမှုအပြင် ဤရုံးတော်၌ **၁၉၅၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၇၊** (2) တွင်၊ လျှောက်ထားသူအား ၎င်း၏ ယောကျာ်း လျှောက်ထားခံရသူနှင့် တရားဥပဒေအရ ခွဲခွါနေခွင့် (Judicial separation)အနိုင်ဒီကရီ ပေးခဲ့ရာ၊ အယူခံရုံးတော်မှ အတည်ပြုခဲ့လေသည်၊ (3) ၁၉၆၄ ခုနှစ်၊ တရားမ အသေးအဖွဲမှုအမှတ် ၆၇ တွင်လည်း၊ ကျွန်ုပ်ကိုယ်တိုင်က လျှောက်ထား ခံရသူအပေါ် အမြဲမယား ဆောက်ပံ့ငွေ တလလျှင် ၂၅၀(Permanent Alimony) ပေးစေဟု အမိန့်ချမှတ်ခဲ့လေသည်။ ဤအမှုနှစ်ခုနှင့် ယခုအမှုများတွင် တင်သွင်းထွက်ရှိဆိုသော သက်သေထွက်ချက်များကို နှစ်ဦးနှစ်ဘက် သဘောတူ ယခုအမှုတွင် အကိုးအကား အသုံးပြုခဲ့ကြသည်၊ အထက်ဖော်ပြပါ ၁၉၆၄ ခုနှစ်၊ တရားမ အသေးအဖွဲမှုအမှတ် ၆၇ တွင်၊ ကလေးများ၏ မရွှေမပြောင်းနိုင်သော ပစ္စည်းနှင့် ပတ်သက်၍၊ လျှောက်ထားခံရသူ ၎င်းတို့၏ အဖေသည် ထိုပစ္စည်းများကို (Trust) ပြုလုပ်ပြီး အုပ်ချုပ်ကြည့်ရှုသားခြင်းကို အငြင်းအခုံမရှိကြ၊ အရွယ်မရောက်သေးသော ကလေးများ၏ ပစ္စည်းများကို (Trust) ပြုလုပ် ထားရှိလျှင် ထိုပစ္စည်းများနှင့် ပတ်သက်၍ ပျက်စီးစေခြင်း၊ နစ်နာမှုများရှိခြင်း၊ မတရား ပြုလုပ်ခြင်းစသော ကိစ္စမျာ၊ ပေါ်ပေါက်လျှင် တာဝန်ရှိသူ (Trustee) အပေါ် အရေးယူရန် ဥပဒေများ အပြည့်အစုံ ရှိနေသည်ဖြစ်၍ ထိုပစ္စည်းများအတွက် အုပ်ချုပ်သူ ၎င်အပ်ရန်မလိုဟု *Musammat Ashrafi Kuar* **v.** *Jar Narain and others* (4) အမှုတွင် ပြဋ္ဌာန်းထားသည်· ဤပစ္စည်းများအပြင် Plascol Syndicate ခေါ် အခြား လုပ်ငန်း တခုကိုလည်း ကလေးများ၏ နာမည်ဖြင့် ပြောင်းရွှေထားရာ ယခ အစိုးရက ပြည်သူပိုင် ပြုလုပ်လိုက်ပြီဖြစ်၍ဤအမှုတွင် လျှောက်ထားသူက ပစ္စည်းမျာ နှင့်ပတ်သက်၍၊ အုပ်ချုပ်ခွင့်ပေးရန် မတိုက်တွန်း မတောင်းဆိုတော့ပါပြီဟု ၎င်း၏ ပညာရှိ ဝတ်လုံတော်ခရမှတဆင့် တင်ပြလျှောက်ထားသည် ဖြစ်၍ ဤကိစ္စကို စဉ်းစားဝေဖန် ဆုံးဖြတ်ချက်ပေးရန် မလိုတော့ပြီ၊ စဉ်းစားဝေဖန် ဆုံးဖြတ်ရန် အချက်မှာ၊ ဤအရွယ်မရောက်သေးသောကလေး မောင်နှမ နှစ်ယောက်ကို၎င်း၏အဖေ လျှောက်ထားခံရသူထံမှယူပြီး၊ လျှောက်ထားသူ အမေထံသို့ အုပ်ချုပ်ထိန်းသိမ်းကြည့်ရှုရန် ပေးအပ်သင့်၊ မသင့်ပင်ဖြစ်သည်။ ကလေး တယောက်မှာ အသက် ၁၃ နှစ်ပြည့်သမီး ဖြစ်ပြီး၊ နောက်တယောက်မှာ အသက် ၁၁ နှစ်ပြည့်သားဖြစ်နေ၍ နူးညံ့သောအရွယ် (of tender years) ဟူ၍ မဆိုသာပေ။ ***Ma Thein Me* v. *Maung Pe Gywe*** (5) အမှုတွင် ၇ နှစ်အရွယ်ရှိသော ကလေးကိုပင် နူးညံ့သော အရွယ်ဟု

(2) (1963) B.L.R. 526 (C.C.).
(3) (1963) B.L.R. 598 (C.C.).
(4) (1910) 6 I.C. 862.
(5) (1915) 8 Bur. L.T. 73.

၁၉၆၆

မစ္စစ်ရှိ တီမဘို့(ရှ်)နှင့် အရွယ်မရောက်သေးသူကလေးမျာ့းကိစ္စ။

မယူဆပေ၊ ထို့အတူ ***Mt. Rakhi*** v. ***Garib Das*** (6) အမှုတွင်လည်း၊ ၇ နှစ်ခွဲနှင့် ၆ နှစ်ခွဲအရွယ်ရှိ ယောကျ်ားကလေး နှစ်ယောက်ကို အခြားသော အကြောင်းများအပြင် နူးညံ့သော အရွယ်များ မဟုတ်သည်ဖြစ်၍၊ အမေအား အုပ်ချုပ်သူဖြစ် မပေးခဲ့ပေ။

လျောက်ထားသူနှင့် လျောက်ထားခံရသူတို့အပြင်၊ ၎င်းတို့၏ အရွယ်မရောက်သေးသော ကလေးနှစ်ယောက်တို့မှာ ဟိန္ဒူဘာသာကို ကိုးကွယ်သူများ ဖြစ်သည့် အလျောက် ဟိန္ဒူဥပဒေအရဆိုလျှင် အဖေသာ အရွယ်မရောက်သေးသော ကလေးကို ဓမ္မတာအလျောက် အုပ်ချုပ်သူအဖြစ်အုပ်ချုပ်ထိန်းသိမ်းရပေမည်။ **Mulla's Hindu Law**(ဒုတိယအကြိမ်နှိပ်စာအုပ်) ပုဒ်မ ၅၁၈ တွင်၊ အဖေသာ ဓမ္မတာအလျောက် အုပ်ချုပ်သူဖြစ်ပြီး အမေမှာ ဒုတိယ ဆွေမျိုးသာ ဖြစ်သည်ဟု ဖေါ်ပြထားသည်။ အုပ်ချုပ်သူများနှင့် အုပ်ချုပ်ခြင်း ခံရသူများ အက်ဥပဒေ ပုဒ်မ ၁၉ (၁)ကမူ၊ အရွယ်မရောက်သေးသော ကလေးမှာ အဖေရှိပြီး၊ ရုံးတော်၏ ထင်မြင်ချက်မှာ အဖေသည် မသင့်တော် မလျောက်ပတ်သူ မဟုတ်လျှင် ရုံးတော်၌ အုပ်ချုပ်သူ ခန့်အပ်ရန်အာဏာမရှိဟုဆိုသည်၊ ဤဥပဒေပုဒ်မ ၁၇ (၁)က ဤသို့ဆို၏။

> "17. (1) In appointing or declaring the guardian of a minor, the Court shall, subject to the provisions of this section, be guided by what, consistently with the law to which the minor is subject, appears in the circumstances to be for the welfare of the minor."

အထက်ဖေါ်ပြပါ ဥပဒေများကို ဝေဖန်စဉ်းစား ကြည့်ရှုလျှင် ကိုယ်နှင့်စပ်ဆိုင်သော ဥပဒေ (Personal Law)ကပင် အဖေကို အုပ်ချုပ်ရန် အခွင့်အရေး ပေးရှိစေကာမူ၊ သူသည် မသင့်တော် မလျောက်ပတ် (unfit) သူတယောက်ဖြစ်ပြီး ကလေး၏ ချမ်းသာ ကောင်းရာကောင်းကျိုး (Welfare) အတွက်မဟုတ်ဟု ရုံးတော်ကထင်မြင်ယူဆလျှင်အဖေကို အုပ်ချုပ်သူမခန့်အပ်၊ အရွယ်မရောက်သူကလေးများအတွက်အုပ်ချုပ်ထိန်းသိမ်းသူ ခန့်အပ်ရာ၌ ရုံးတော်များသည် ဤအချက်ကို လေးနက်စွာလိုက်နာရပေသည်။ ***Fakhr-ud-din Khan*** (a) ***Harbans Rai*** v. ***Mt. Biro*** (7) အမှုတွင်

> "Without a finding that the father is unfit, the law forbids the appointment or declaration of any other person to be guardian. In such cases the welfare of the minors is the main consideration."

ဟုပင် ပြဋ္ဌာန်းထားသည်၊ ***K.V. Venkateswaran*** v. ***Saradambal*** (8) အမှုတွင်၊ ဟိန္ဒူအဖေသည် ၎င်း၏အရွယ်မရောက်သေးသော ကလေး များအတွက်

(6) A.I.R. (1953) Bilaspur 26. (7) A.I.R. (1926) Lah. 393.
(8) I.L.R. 13. Ran. 590.

တရားဝင် အုပ်ချုပ်သူဖြစ်၍ ရုံးတော်မှငင်းအား ခန့်အပ်ခြင်း ပြုစေကာမူငင်း၏ ရှိသော အခွင့်အရေးများသည် ပိုမို၍လာသည်ဟု မဆိုသာဟုပြဋ္ဌာန်းထားသော်လည်း တရားဝန်ကြီး Leach, J က—

> "Shorn of the words which do not apply in this case the section states that nothing shall authorize the Court to appoint and declare a guardian of the person of the minor whose father is living and is not, in the opinion of the Court, unfit to be the guardian of the person of the minor."

ဟုဆိုထားသည်၊ ဤကိစ္စနှင့်ပတ်သက်၍ ***Siddis Un Fissa Bibi*** **v.** ***Nizam-Uddin Khan and others*** **(9)** အမှုတွင် ကြည်ကြည်လင်လင် ညွှန်းပြထားသည်ကို အကိုးအကား ဖော်ပြအံ့။

> " . . . So, where it appears that the minor has a father who is not unfit to be the guardian of the person of the minor, the court has no authority to appoint any person, not even the father himself, as guardian of the person of the minor.
>
> So far as the power to appoint and declare the guardian of a minor under section 17 of the Act is concerned, the personal law of the minor is to be taken into consideration but that law is not necessarily binding upon the court, which must look to the welfare of the minor consistently with that law. This is so in cases where section 17 applies. In such cases the personal law has to this extent been superseded that it is not absolutely binding on the court and can be ignored if the welfare of the minor requires that some one else, even inconsistently with that law, is the more proper person to be appointed guardian of the minor. Where, however, the personal law is not in conflict with any provision of the Act, it has not necessarily been superseded."

ယခင် ရန်ကုန်တရားလွှတ်တော်၏ အမှုဖြစ်သော ***Tan Shwe Kyu*** **v.** ***Chan Chain Lyan*** **(10)** တွင်လည်း ဤသို့ပင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

> "Indeed the question of true welfare of the minor is of guardianship under the law to which the minor is subject such paramount consideration that the recognized rights of

(9) I.L.R. (1931) 54 All. 128. (10) (1947) R.L.R. 107 at p. 119.

၁၉၆၆

မစ္စစ်ပတ်
တီမာတို(ရှ်)
နှင့်
အရွယ်မရောက်
သေးသူကလေး
များကိစ္စ။

must, if necessary, be assigned a relatively subordinate position;" "or as has sometimes been said, propinquity must yield to fitness. . . . ."

ဤမူသဘောတရားကို ***U Maung Maung*** v. ***Ma Aye Bu*** (11) အမှုတွင် လိုက်နာခဲ့သည်၊ ကျွန်ုပ်လည်း ဤမူသဘောတရား အတိုင်းပင် ယခုမြန်မာပြည် စီရင်ထုံးတွင်ထည့်သွင်းရန် ပြုပြင်နေသော တရားရုံးချုပ်၏ ၁၉၆၄ ခုနှစ်၊ တရားမအသေး အဖဲ့မှုအမှတ် ၇၄ (**မောင်ကျော်ဝင်းနှင့် မလှကြည်**) တွင်၊ အောက်ပါအတိုင်း ပြဋ္ဌာန်းထားခဲ့သည်။

"မြန်မာ ဗုဒ္ဓဘာသာ ဓလေ့ထုံးစံအတိုင်း၊ ကလေးများကို မိဘတဦးဦးက ပိုမိုး၍ အုပ်ချုပ်ထိန်းခွင့် ရှိငြားသော်လည်း ကလေးများက မိဘများနှင့် အတူ မနေဘဲ အဖွါးနှင့်သာ ပျော်ပျော်ပါးပါး တစုတခဲတည်းနေ၍၊ လုပ်ကိုင်စား သောက် ပညာသင်ကြားခြင်း ခံနေရလျှင်၊ တရားရုံးက မဖျက်ဆီးသင့်ပေ။"

ဟိန္ဒူဘာသာ ထုံးစံအရ ဆိုလျှင်လည်း၊ ဤမူသဘောတရား အတိုင်းပင်တည်း၊ ***Prabhu Daval*** v. ***Asharfi Kuari and another*** (12) နှင့် ***Bhola Nath*** v. ***Sharda Devi*** (13) ဤမူသဘောတရားကို ပိုမိုး၍ ခိုင်စေခြင်းငှါ၊ အိန္ဒိယပြည်တွင် လွှတ်လပ်ရေး ရပြီးနောက်၊ အုပ်ချုပ်သူများနှင့် အုပ်ချုပ်ခြင်း ခံရသူများအကြားဆက်ဆံရေးကို နောက်ဆက်တွဲ ထည့်သွင်းသကဲ့သို့ ၁၉၅၆ ခုနှစ်၊ The Hindu Minority and Guardianship Act တွင်ပေါင်းဖက်စပ်၍ ထားသည်ကို ကျွန်ုပ်တို့ တွေ့ရပေသည်၊ ဤဥပဒေပုဒ်မ ၅ တွင် ဤသို့ဘတ်ရှုရသည်။

"5. Save as otherwise expressly provided in this Act,—

(*a*) any text, rule or interpretation of Hindu law or any custom or usage as part of that law in force immediately before the commencement of this Act shall cease to have effect with respect to any matter for which provision is made in this Act;

(*b*) any other law in force immediately before the commencement of this Act shall cease to have effect in so far as it is inconsistent with any of the provisions contained in this Act.

ပုဒ်မ ၆ မှ လိုအပ်သော အချက်ကို ထုတ်နုတ်၍ပြအံ့။

"6. The natural guardians of a Hindu minor, in respect of the minor's person as well as in respect the minor's

(11) (1952) B.L.R. 406 (H.C.). (12) A.I.R. (1952) All. 858.
(13) A.I.R. (1964) Pat. 489.

property (excluding his or her undivided interest in joint family property), are—

(*a*) in the case of a boy or an unmarried girl—the father and after him, the mother: provided that the custody of a minor who has not completed the age of five years shall ordinarily be with the mother;"

အရေးကြီးသော ပုဒ်မမှာ ပုဒ်မ ၁၃ ဖြစ်သည်၊ ဤပုဒ်မက ဤသို့ဆို၏။

"13. (*1*) In the appointment or declaration of any person as guardian of a Hindu minor by a court, the welfare of the minor shall be the paramount consideration.

(2) No person shall be entitled to the guardianship by virtue of the provisions of this Act or of any law relating to guardianship in marriage among Hindus, if the court is of opinion that his or her guardianship will not be for the welfare of the minor."

ဤဥပဒေကို ပေါ်ပြရသည့် အကြောင်းမှာ ဟိန္ဒူဘာသာကို ကိုးကွယ်သူ အိန္ဒိယလူမျိုးများကပင် အုပ်ချုပ်သူများနှင့် အုပ်ချုပ်ခြင်း ခံရသူ အက်ဥပဒေပုဒ်မ ၇ နှင့် ၁၇ အရ၊ အရွယ်မရောက်သေးသော ကလေးအတွက် အုပ်ချုပ်သူ ခန့်အပ်ရာ၌ ကလေး၏ချမ်းသာ ကောင်းရာကောင်းကျိုးသာ အမှန်အကျိုးရှိသော အဓိကအချက် ဖြစ်ကြောင်းကို ထပ်မံ၍ လေးနက်စွာ ထင်ရှားကြေကြောင်းသာ ဖြစ်သည်။

ယခုအမှုကိုလည်း အထက်က ပေါ်ပြခဲ့သော ဥပဒေများနှင့် စီရင်ထုံးများအရ၊ စဉ်းစားဝေဖန်၍ ဆုံးဖြတ်ချက်ပေးရာတာ့မည်၊ အရေးကြီးသော အချက်မှာ လျှောက်ထားခံရသူသည် သင့်တော်လျှောက်ပတ်သူ ဟုတ်၊ မဟုတ်ပင်ဖြစ်သည်၊ သင့်တော်လျှောက်ပတ်၍ ကလေးများ၏ ချမ်းသာကောင်းရာ ကောင်းကျိုးအတွက်သာ ဖြစ်မည်ဆိုပါက၊ သူ့ကိုပင် အုပ်ချုပ်စေပြီး၊ လျှောက်လွှာကိုပလပ်ရုံသာဖြစ်သည်၊ လျှောက်ထားသူက အလျှောက်ခံရသူသည် သင့်တော် လျှောက်ပတ်သူ မဟုတ်ကြောင်းကို ၎င်း၏လျှောက်လွှာတွင်ဖော်ပြ အကြောင်းပြထားသည်မှာ—

(၁) ၎င်း၏ ကိုယ်ခန္ဓာနှင့် စိတ်ကို ပေါ်ပြပါ နည်းအမျိုးမျိုးဖြင့် ကြမ်းကြုတ်ရက်စက်စွာ ကလေးများ၌ကျင့် နှိပ်စက်နာကျင်စေဘတ်ခြင်း၊

(၂) ကလေးများ ကြောက်လန့်အောင် သေရည်သေရက်များကို မူးအောင် သောက်ခြင်း၊

၁၉၆၆

မစ္စစ်ဟရိ တီမာဂျီ (၎) နှင့် အရွယ်မရောက် သေးသူကလေး များကိစ္စ။

(၃) ကလေးများကို ၎င်းသဘောမတူဘဲ ရန်ကုန်မြို့ရှိ ကျောင်းသို့ ကျောင်း နေကျောင်းစား ပို့ထားခြင်း။

လျှောက်ထားသူက သူသည် အမေဖြစ်ပြီး၊ ကလေးများမှာ နူးညံ့သော အရွယ်ဖြစ်၍၊ သူသာ သင့်တော် လျှောက်ပတ်သောကြောင့် ကလေးများ၏ ချမ်းသာ ကောင်းရာ ကောင်းကျိုးများကို ကြည့်ရှုအုပ်ချုပ်နိုင်မည်ဟု လျှောက်လွှာတွင် ဖေါ်ပြ ရေးသား ထားရာ ယခုအခါ ဤအချက်အလက် အကြောင်းအရာများမှာ အထက်က ဖေါ်ပြ ခဲ့သော ဥပဒေနှင့် စီရင်ထုံးများအရ၊ လျှောက်ဆားခံရသူ အဖေသည် မသင့်တော် မလျှောက်ပတ်သူ ဖြစ်မှသာ လျှောက်ထားသူ အမေကို အုပ်ချုပ်ထိန်းသိမ်းသူ ခန့်အပ် လျှင် ကလေးများ၏ချမ်းသာ ကောင်းရာကောင်းကျိုး ဖြစ်မည်၊ မဖြစ်မည်ကို စဉ်းစား ဝေဖန်ရပေမည်။

အထက်ဖေါ်ပြပါ ပဌမအချက် (၁)နှင့် တတိယအချက် (၃)များနှင့် ပတ်သက်၍ အထက်ဖေါ်ပြခဲ့သော ၎င်းတို့၏ တရားဥပဒေအရ၊ လင်မယား ခွဲခွါနေမှု (2) တွင် ဆုံးဖြတ်ချက်များ ချထားပြီးဖြစ်၍၊ ဤအမှုတွင် နောက်တဖန် ဝေဖန်ဆုံးဖြတ်ရန်မလို ပြီ၊ လျှောက်ထား ခံရသူသည်၊ လျှောက်ထားသူကို အမှုတွင် ဖေါ်ပြပါ နည်းအမျိုးမျိုး တို့ဖြင့် ကြမ်းကြုတ်ရက်စက်စွာ နှိပ်စက်နှောက်ယှက်စေခဲ့သည်မှာ ထင်ရှားသည်၊ သို့သော် လျှောက်ထား ခံရသူသည် ၎င်း၏မယား လျှောက်ထားသူကို ကြမ်းကြုတ်ရက်စက်စွာ နှိပ်စက်နှောက်ယှက် စေခဲ့သော်လည်း ကလေးများကို ဤကဲ့သို့ ပြုခဲ့ကြောင်း သက်သေ ထွက်ချက် တစုံတခုမျှမရှိ၊ လျှောက်ထားသူ၏ ပညာရှိ ဝတ်လုံတော်ရှကလည်း လျှောက်ထား ခံရသူသည် ကလေးများအပေါ် ကြမ်းကြုတ်ရက်စက် နှိပ်စက်မှု မရှိ ကြောင်း လျှောက်လဲချက် ပေးရာတွင်၊ ဝန်ခံထားသည်၊ မိမိ၏မယားကို မချစ်မကြင်နာ သူသည် ၎င်း၏ကလေးများကိုလည်း မချစ်မကြင်နာဟု မယူဆနိုင်၊ မိမိ၏မယားကို ကြမ်းကြုတ်ရက်စက်စွာ နှိပ်စက်နှောက်ယှက်စေသူသည် အရွယ်မရောက်သေးသော မိမိ၏ ကလေးများကို အုပ်ချုပ်ထိန်းသိမ်း ကြည့်ရှုရန် သင့်တော်လျှောက်ပတ်သူ မဟုတ်ဟု ယူဆရန် ခဲယဉ်းသည်ဟု ကျွန်ုပ်ယူဆသည်၊ အဘယ့်ကြောင့်ဆိုသော် သူသည် မယားကို မုန်းတီးမကြင်နာဘဲ သားသမီးများကိုသာ ချစ်ခင်ကြင်နာသူ ဖြစ်နိုင်ပေသည်၊ ***In re Spence*** (14) အင်္ဂလိပ် စီရင်ထုံးတခုတွင် **Lord Chancellor** က ဤသို့ဆို၏။

" . . . It does not follow because a husband's conduct is such as to make his wife very unhappy, that he is therefore to be deprived of the custody of his children. To justify

(14) (1847) 2 Phillips 247.

such an interference with the father's rights, his misconduct must appear to be of such a nature as to be likely to contaminate and corrupt the morals of his children. . . "

ယခုအမှုတွင် လျှောက်ထား ခံရသူ၏ ကြမ်းကြုတ်ရက်စက်မှုများမှာ ကလေးများ အပေါ် ထိခိုက်ရန် အကြောင်းမရှိတော့ပေ၊ ကလေးများသည် နိုင်ငံခြားတွင် ပညာ သင်ကြား နေထိုင်လျက် လျှောက်ထားသူ အမေနှင့် ကွဲကွာနေရသည်မှာ ၁၉၅၈ ခုနှစ် ကပင်ဖြစ်သည်၊ လျှောက်ထားသူနှင့် လျှောက်ထား ခံရသူတို့မှာလည်း ခွဲခွါနေကြသည် မှာ နှစ်ပေါင်း များစွာပင် ရှိနေကြပြီ။ *Sukhdeo Rai* v. *Ram Chandar Rai and another* (15) အမှုတွင်လည်း—

" . . . It is not true to say that a father is liable to be deprived of the society of his child, or the control of his child, because he quarrelled with the mother or distrusted the mother's moral character."

ဟုဆိုထားသည်။

ကလေးများကို လျှောက်ထားသူ သဘောမတူဘဲ ခွဲခွါထားခြင်းမှာ ၎င်းတို့၏ တရား ဥပဒေအရ လင်မယား ခွဲခွါနေမှု (2) တွင်၊ ဤသို့ ဆုံးဖြတ်ထားသည်ကို တွေ့ရသည်။

" . . . I cannot see that such removal was without sufficient cause. It was the privilege and duty of the respondent as a father to look after the welfare of the children and to provide them with good education in happy surroundings. The privilege and duty was shared by the mother but by law and by custom the leadership was with the father. In the circumstance in which the home had been placed it was probably a wise thing to send the children to boarding school where at least they would be spared the pain of a disturbed family. Sending them away to school deprived their mother of the comfort of their companionship and probably made her more troubled and restless afterwards; but, Mr. Ghosh had to make the decision trying to strike a balance between his duty to the children and his duty to his wife. I cannot, therefore, hold that sending the children away constitute an act of cruelty on the part of the respondent towards petitioner."

ဒုတိယအချက် (၂)နှင့် ပတ်သက်၍ လျှောက်ထားခံရသူသည် သေရည်သေရက်ကို သောက်စားခြင်းပြုသည်ဟု သက်သေထွက်ချက် တစိုးတစေ့မျှမရှိ၊ ဆရာဝန် Dr.N.K.

A

(15) I.L. R. (1924) 46 All. 700.

၁၉၆၆

မစ္စစ်ပရီထီမာဂို(၆)နှင့် အလွယ်မရောက်သေးသူကလေးများကိစ္စ။

Anandan (DW 2) က၊ ၁၉၅၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၇ တွင်၊ လျှောက်ထားခံရသူသည် သေရည်သေရက်ကို တခါမျှ သောက်သူ မဟုတ်သည့်ပြင်၊ ကလေးများကိုလည်း ချစ်ခင်မြတ်နိုးသည်ဟု သက်သေထွက်ဆိုရှိသည်၊ ထိုအမှုဘွင် ဆရာဝန် **Dr. Hufton (DW 3), Krishna (DW 5), Dr. John (DW 4)** နှင့် **Dr. U Tun Hlaing(DW 8)**တို့ကလည်းထိုနည်းအတူပင် သက်သေထွက်ဆို ရှိသည်၊ လျှောက်ထားသူသည် လျှောက်ထား ခံရသူတို့နှင့် ရင်းနှီးသူ ရှေနေကြီး **P.N. Ghosh(DW 7)**နှင့် ဆရာဝန် စီဘထူး (DW 9) တို့ကလည်း ငင်းအမှုမှာပင် လျှောက်ထားခံရသူသည် သူ့ကလေးများကို ချစ်ခင် မြတ်နိုးသူဖြစ်ကြောင်း ထွက်ဆိုကြသည်၊ ပညာရှိ ဝဘ်ဇုံတော်ရ ဒေါက်တာ ဘဟန် (DW 4) ကလည်း ၁၉၆၄ ခုနှစ်၊ ဘရားမအသေးအဖွဲမှုအမှတ် ၆၇ တွင်၊ လျှောက်ထားခံရသူသည် သေရည်သေရက်ကို တခါမှ သောက်သူမဟုတ်သည်သာမက၊ သူ၏ ကလေးများကိုလည်း အလွန်ချစ်ခင်မြတ်နိုးသော အဖေဖြစ်ကြောင်း ထွက်ဆိုချက်များကို လက်မခံရန် အကြောင်း မရှိပေ၊ ယခုအမှုမှာလည်း လျှောက်ထားသူနှင့် လျှောက်ထား ခံရသူတို့၏ မိတ်ဆွေတဦးဖြစ်သူ အငြိမ်းစား အတွင်းဝန် ဦးမောင်မောင် (DW 2) နှင့် **J.L. Day (DW 4)** တို့ကလည်း ဤအကြောင်းကို လေးနက်စွာ ထောက်ခံထားကြသည်၊ လျှောက်ထား ခံရသူမှာ ဆေးလိပ်တောင် သောက်သူမဟုတ်ကြောင်း သက်သေထွက်ချက် ထင်ထင်ရှားရှား ရှိနေသည်၊ လျှောက်ထားသူ၏ အစ်ကိုဖြစ်သူ **Ganguli (PW 1)** ကိုယ်တိုင်က၊ ယခုအမှုတွင် လျှောက်ထားခံရသူကို မူးယစ်ရှိ တခါမျှ မမြင်ဘူးပါဟု ဝန်ခံထားသည်။

အထက်က ဖော်ပြခဲ့သည့် အကြောင်းအရာများကို ကြည့်ရှုပါက၊ လျှောက်ထားသူ၏ အကြောင်းပြချက်များမှာ ယုံကြည်လောက်အောင် သက်သေထွက်ချက်များမရှိ၊ ထို့အပြင်၊ လျှောက်ထားသူမှာ ကြေးငွေစွာ ချမ်းသာသူ မဟုတ်ကြောင်းကို ဝန်ခံထားသည်၊ ဥဟာတန်းအထိ ပညာသင်ကြားခဲ့ပြီး တလလျှင် ၂၀၀ ဖြင့် ကျောင်းဆရာမ လုပ်ခဲ့ဘူးသည်၊ ကလေးများ၏ ပစ္စည်းများကို အုပ်ချုပ်ရန် အရေးမကြီးလှသော်လည်း ကလေးများကို အုပ်ချုပ်ရန် အတွက်သာ ထိုပစ္စည်းများကို လိုလားခြင်းရှိကြောင်း လျှောက်ထားသူ ကိုယ်တိုင်က ထွက်ဆိုရှိသည်၊ သူ၏သက်သေ ထွက်ဆိုချက်မှာ—

> "Q. . . . You have admitted that as far as your earning capacity is concerned you will not be able to maintain the children here?
>
> A. I earn a very paltry sum.
>
> "Q. Which means you will not be able to maintain them out of that sum?

A. That is why I have claimed my jewellery in this case. In the separation case I did not claim. I now claim for it because out of the jewellery proceeds I can educate and bring up my children."

ကလေးများထံ သွားခွင့်ကို လျှောက်ထားခံရသူက နည်းအမျိုးမျိုးဖြင့် ပိတ်ပင်ထားသည်ဆိုခြင်းသော်လည်း၊ တစုံတခုမျှ ထောက်ခံချက်များ မတွေ့ရပေ၊ ကလေးများရန်ကုန်မြို့တွင် ရှိသောအခါ ကျောင်းတွင် သွားကြည့်ခွင့်ကို လျှောက်ထားခံရသူ၏ ပညာရှိ ဝတ်လုံတော်ရဟန်ပင် စာရေးထားကြောင်းကို ဝန်ခံရှိသည်၊ သို့သော်လည်း ဤအခွင့်အရေးကို အကျိုးရှိစွာ ခံယူခြင်း မရှိခဲ့ပေ၊ ကလေးများသည် ယခုသူတို့၏ ကျောင်းအသီးသီးတို့တွင် ပျော်ပျော်ပါးပါး ရှိနေကြောင်းကိုအထူးပြောစရာ မလိုပေ၊ လျှောက်ထားသူကလည်း မငြင်းပေ၊ မိမိကလေးများနှင့်လည်း အမြဲအဆက်အသွယ်မပြု၊ ကလေးများသည် ပဌမ ရန်ကုန်မြို့ရှိ နာမည်ကောင်းသော ကျောင်းများတွင် ပညာရှာကြပြီး၊ ၁၉၅၈ ခုနှစ်ကပင် သမီးကလေးမှာ အိန္ဒိယပြည်တွင် ပဌမ **ကလိမ်ပုင်** မြို့ရှိ မယ်သီလရှင်ကျောင်းတွင် ပညာသင်ကြားပြီး ယခုအခါ **ပွင်ဒီချာရီ**မြို့ရှိ မယ်သီလရှင်ကျောင်းတွင် ပညာဆက်လက် သင်ကြားနေသည်၊ သားကလေးမှာလည်း ယခုအခါ အိန္ဒိယပြည် **ဒါဂျီလင်**မြို့တွင် နာမည်ကြီးသော North Point ဒေါ် St. Joseph's College တွင် ပညာသင်ကြားနေသည်။ သက်သေခံစာများအရ၊ ဤကလေးများသည် ပျော်ပျော်ရွှင်ရွှင် ပညာအရည်အချင်း တိုးတက်နေကြောင်းကို အငြင်းအပုံးမရှိကြပေ၊ သားကလေးမှာ တနှစ်ခွဲ အရွယ်ကပင် လျှောက်ထားသူနှင့် ကွဲကွာနေရပြီး လျှောက်ထားခံရသူ အဖေကသာ မွေးစားကြည့်ရှု၍ နာမည်ကြီးလှသော ကျောင်းကောင်းတွင် ပညာကို လွတ်လပ်စွာ ထိပ်စာနှံမှုနေ၍ ဆွတ်ခူးနေသည်မှာ ဝမ်းမြောက်ဘွယ်ဆုပင်ဖြစ်သည်၊ သက်သေ ထွက်ချက်များတွင် တယောက်ကိုတယောက် မကောင်းသော စွပ်စွဲခြင်းမျှားနှင့် အမျိုးမျိုးအဖုံဖုံ ပြုလုပ်ခဲ့ကြသော်လည်း အထောက်အထားမျှားမရှိပေ၊ ဤစွပ်စွဲခြင်းမျှားကို ရေးသားဖော်ပြရန်မလိုလားပေ မလိုအပ်ပေ။ မည်သူကိုမျှ အကျိုးပေးမည်မဟုတ်။

လျှောက်ထား ခံရသူသည်၊ ကလေးများ နူးညံ့သည့် အရွယ်ကပင်စ၍ ကြည့်ရှုမွေးမြူ သင်ကြားလာခဲ့သည်မှာ ယခုအခါ အောင်မြင်နေကြောင်းကို လျှောက်ထားသူကမငြင်းနိုင်၊ လျှောက်ထားသူမှာ ဥစ္စာအင်အားဖြစ်စေ၊ လုပ်စွမ်းအင်အားဖြစ်စေ၊ ဆွေမျိုးအင်အားဖြစ်စေ မရှိသည်မှာ အထူးပြောစရာ မလိုပေ၊ ဤကလေးများကို ကြည့်ရှုကျွေးမွေး သင်ကြားနိုင်ရန် သတ္တိမရှိကြောင်းကိုလည်း ဝန်ခံရှိသည်၊ သို့ကြောင့် ကလေးများကို ၎င်းအားအုပ်ချုပ်သူအနေဖြင့် ပေးအပ်ပါက ရုံးတော်က အမှားကြီးမှားမည်ဟု ယူဆသည်၊ ကလေးများသည် ယခုအခါ အိန္ဒိယပြည်တွင် ပညာသင်ကြား

၁၉၆၆

မစ္စစ်ပီ တီမာဂို(၎) နှင့် အရွယ်မရောက် သေးသူကလေး များကိစ္စ။

နေကြရာ လျှောက်ထား ခံရသူမှာလည်း ၎င်းပြည်တွင် ဆွေမျိုးများ ရှိနေ၍ စိုးရိမ်စရာ မရှိပေ၊ ထမ္မသုံးကို လုံခြုံ၍ ဘဘ်ရှစ်ဆေး ဖေန်ကြည့်ရာ လျှောက်ထားခံရသူ အဖေမှာ မသင့်တော် မလျှောက်ပတ်သူ မဟုတ်သည့်အပြင် ကလေးများကို ၎င်း ကိုယ်ဘိုင်ကပင် ဆက်လက် အုပ်ချုပ်ထားမှုသာ ကလေးတို့၏ချမ်းသာ ကောင်းရာ ကောင်းကျိုး ဖြစ်မည်ဟု ယူဆသည်ဖြစ်၍၊ လျှောက်လွှာကို ပယ်ပလိုက်သည်။ အမှု၏ အခြေအနေအရ မိမိတို့၏စရိတ်ကို မိမိတို့ ခံကြရမည်ဟု အမိန့်ချမှတ်လိုက်သည်၊ ထို့အပြင် လျှောက်ထားခံရသူသည် ကျွန်ုပ်ရှေ့တွင် ရုံးတော်၌ သဘောတူညီချက်အရ လျှောက်ထားသူအား မည်သည့်အခါမဆို စည်းကမ်း နည်းလမ်းအလျောက် မည်သည့် နေရပ် အချိန်မဆို ကလေးများကို ကြည့်ခွင့် ပြောခွင့် ပြုခြင်းတို့ကို မဟန့်ဆီး မတားမြစ်ဘဲ ကူညီအားပေးရမည်ဟု အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အသေးအဖွဲလျှောက်လွှာ

တရားသူကြီး ဦးစိန်သင်း ရှေ့တွင်

မောင်ကို (လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (လျှောက်ထားခံရသူ)*

ရာဇဝထ်ကျင့်ထုံး ပုဒ်မ ၄၉၇၊ ၄၉၈-အထူး ရာဇဝတ်ရုံးဖွဲ့ မဖွဲ့ ဆုံးဖြတ်ချက် အတိအကျမရသေးခြင်း—အာမခံပေးခြင်းကိစ္စကို ဆောင်ရွက်နိုင် မနိုင်—တော်လှန်ရေးအစိုးရ၏ အခါအားလျော်စွာကျေညာသည့် မူဝါဒများနှင့် စပ်ဟပ်ရန်သတိချပ်ရခြင်း—ကျူးလွန်သည်ဆိုသည့် ပြစ်မှု၏အမျိုးအစားကို ထည့်သွင်းစဉ်းစားရခြင်း—ဆိုရှယ်လစ်စီးပွါးရေးစနစ် တခုလုံးကိုဖြို ဖျက်မည့်ရည်ရွယ်ချက်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အထူးရာဇဝတ်ရုံးဖွဲ့ မဖွဲ့ဆုံးဖြတ်ချက် အတိအကျမရသေးမီ တရားရုံးများသည် မိမိတို့ရှေ့မှောက်သို့ ရောက်ရှိနေသည့် ရာဇဝတ်မှုများ၌ အစွပ်အစွဲခံရသူအား အာမခံပေးခြင်းကိစ္စနှင့်ပတ်သက်၍ ရာဇဝတ်ကျင့်ထုံး ကိုခဉပဒေပုဒ်မ ၄၉၇ နှင့် ၄၉၈ များအရ၊ ဆောင်ရွက်နိုင်သည်။ သို့ရာတွင်တရားရုံးများသည် ရာဇဝတ်ကျင့်ထုံး ကိုခဉပဒေပုဒ်မ ၄၉၇ နှင့် ၄၉၈ တို့ကိုကျင့်သုံးလျက် အာမခံပေးခြင်းကိစ္စများကိုဆင်ခြင်စဉ်းစားရာ၌ တော်လှန်ရေးအစိုးရ၏ အခါအားလျော်စွာ ကျေညာထားသည့်မူဝါဒများနှင့်စပ်ဟပ်ရန်သတိချပ်ရမည်ဖြစ်သည်။ အာမခံပေးသင့်မပေးသင့် ဆင်ခြင်ရာ၌၊ ကျူးလွန်ပါသည်ဟုဆိုသော ပြစ်မှု၏ အမျိုးအစားကိုပါထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

လျှောက်ထားသူသည် မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့ကောင်း ပြုလုပ်မည်ဖြစ်သော်လည်း၊ ဆိုရှယ်လစ် စီးပွါးရေးတခုလုံးကို ဖြိုဖျက်မည့် ရည်ရွယ်ချက်မျိုးနှင့် ပြစ်မှုကျူးလွန်ခဲ့သူဖြစ်သည်ဟု ယူဆရန် အထောက်အထား တစုံတရာ မပေါ်ပေါက်ချေ။ လျှောက်ထားသူအချုပ်ခံနေရသည်မှာ ၂ နှစ်နီးပါး ရှိချေပြီ။ ၎င်းသည်တရားလိုပြသက်သေများကို ဖျက်ဆီးနိုင်ရန်အကြောင်းမမြင်ချေ။ အမှုစစ်ဆေးနေစဉ်အတွင်း အမှုတွင်ပြည့်ပြည့်စုံစုံ ခုခံနိုင်ရန်အတွက်လိုအပ်သည့်ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် အာမခံနှင့် လွှတ်ထားသင့်သည်။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အသေးအဖွဲ့ လျှောက်လွှာအမှတ် ၅။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်သေးမှုအမှတ် ၈ တွင်ချမှတ်သော ၁၉၆၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့စွဲပါ မန္တလေးမြို့၊ ရာဘက် စက်ရှင်တရားသူကြီး၏အမိန့်ကို မကျေနပ်၍ ရာဇဝတ်ကျင့်ထုံး ကိုခဉပဒေ ပုဒ်မ ၄၉၈ အရ လျှောက်ထားမှု။

၁၉၆၆ မတ်လ ၁ ရက်။

၁၉၆၆ မောင်ကို နှစ်ကို ပြည်ထောင်စု မြန်မာနိုင်ငံ။

လျှောက်ထားသူအတွက်။ ။ဦးကံမြိုင်။

လျှောက်ထားခံရသူအတွက်။ ။အဝိုးရလွှဲနေကြီး ဦးဘသေး

တရားသူကြီး ဦးစိန်သင်း။ ။မန္တလေးမြို့၊ ၅ ရာဘက် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၂၉ တွင်၊ လျှောက်ထားသူ မောင်ကို အပေါ်၌ အမရပူရမြို့အပိုင်၊ ချောင်းခွတိမ်ပြာရွာ၊ လယ်ယာနှင့် လုပ်ငန်းပေါင်းစုံ သမဝါယမ အသင်းပိုင် ငွေပေါင်း ၉,၃၉၀ ကျပ် ၅၀ ပြားနှင့် စပ်လျဉ်း၍ ရာဇဝတ်မကင်း သော ယုံကြည်အပ်နှံခြင်း ဖေါက်ဖျက်မှုကိုကျူးလွန်ကြောင်းဖြင့် ရာဇသတ်ကြီး ပုဒ်မ ၄၀၈ အရ၊ တရားစွဲဆို တင်ပို့ထားသည်။ ထိုအမှုကို တရားစွဲဆို တင်ပို့သည့် နေ့ရက်မှာ ၁-၄-၆၄ နေ့ဖြစ်သည်။ ထိုကဲ့သို့ တရားစွဲဆို တင်ပို့ပြီးလျှင်၊ ထိုအမှုကို အထူးရာဇဝတ်ရုံးတွင် စစ်ဆေးရန်၊ ထောက်ခံထားပြီးဖြစ်ကြောင်း ခရိုင်ရဲဝန်ထ၏ အစီရင်ခံစာကို တင်သွင်းခဲ့သည်။ လျှောက်ထားသူက မိမိအား အမှုစစ်ဆေးနေစဉ်အတွင်း အာမခံပေးရန် လျှောက်ထားသဖြင့်၊ ပညာရှိအောက်ရုံး တရားသူကြီးသည် ၂-၁-၆၄ နေ့စွဲပါ အောက်ပါ အမိန့်ကို ချမှတ်ခဲ့သည်။

> "ယနေ့ရုံးအမှုဆောင် ရဲမှူးထံမှ လျှောက်လွှာပြန်ရသည်။ အမှုကို အထူးရာဇဝတ်ရုံးတွင် စစ်ဆေးရန် ထောက်ခံထားပြီးဖြစ်ရာ၊ တရားခံအား အာမခံပေးခြင်းကို ကန့်ကွက်ကြောင်း အစီရင်ခံသည်။ လျှောက်လွှာ ပယ်လိုက်သည်"

အထက်ပေါ်ပြပါ အမိန့်ကို မကျေနပ်သဖြင့် လျှောက်ထားသူက မန္တလေးမြို့၊ ရာဘက် စက်ရုံ တရားသူကြီးရုံး၊ ရာဇဝတ်အသေးအဖွဲမှု အမှတ် ဂ/၆၄ တွင်၊ အယူခံဝင်ရာ မအောင်မြင်ခဲ့ချေ။ ပညာရှိရာဘက် စက်ရုံတရားသူကြီးသည် လျှောက်ထားသူ၏ လျှောက်လွှာကို ပယ်လိုက်ရာ၌ အောက်ပါအတိုင်း ဖေါ်ပြ ထားသည်ကို တွေ့ရှိရပြန်သည်။

> "သို့ရာတွင် အောက်ရုံးအမှုတွဲ ၂-၁-၆၄ နေ့စွဲ နေ့စဉ်မှတ်တမ်း၌ ဤအမှုကို အထူးရာဇဝတ်ရုံးတွင် စစ်ဆေး/ထောက်ခံထားပြီး ဖြစ်ကြောင်း တွေ့ရသည်။ ထိုသို့ ထောက်ခံထားသည့်အခါ တရားရုံးသည် အမှုကို စစ်ဆေးခြင်း မပြုဘဲ ဆိုင်းငံ့ထားရမည်။ တရားခံအချုပ်နှင့်ဖြစ်လျှင် သက်ဆိုင်ရာ တရားရုံးက စစ်ဆေးသည့်အခါနှိန်အထိ ပုံစံ ၁ ပါ ဝါရမ်းဖြင့် အကျဉ်းထောင်သို့ပို့၍ ချုပ်ထားစေရမည်ဟု အထူးရာဇဝတ်ရုံး နည်းဥပဒေအပိုဒ် ၃၊ အပိုဒ်ခွဲ ၄ က ဆိုထားပါ

သည်။ သို့ဖြစ်၍ တရားခံကို အာမခံဖြင့် လွှတ်မထားနိုင်ပါ။ လျှောက်လွှာကို ပလပ်လိုက်သည်"။

ထိုကြောင့် ယခုကျွန်ုပ်ရှေ့ရှိ လျှောက်လွှာကို၊ ရာဇဝတ်ကျင့်ထုံး ကိုဓ ဥပဒေပုဒ်မ ၄၉၈ အရ၊ တင်သွင်းခြင်း ဖြစ်သည်။

အမှုကို အထူးရာဇဝတ်ရုံးတွင် စစ်ဆေးရန် သင့်မသင့် ဆိုင်ရာ ရဲဝန်က အစီရင်ခံစာ တင်သွင်းသည်နှင့် တပြိုင်နက်၊ ထို အမှုကို ရှေ့သို့ ဆက်လက် ဆောင်ရွက်ခြင်း မပြုဘဲ ဆိုင်းငံ့ထားရမည့်အပြင်၊ တရားခံကိုလည်း အာမခံမပေးနိုင် တော့ဘဲ ပုံစံ ၁ ဖြင့်သာလျှင် ချုပ်ထားရန် ရမန်ပေးရမည်ဟု အောက်ရုံးများက ယူဆထားလေသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဤခရိုင်အတွင်းရှိ တရားရုံးများ၌ မကြာခဏ ပြဿနာများ ပေါ်ပေါက် ခဲ့ကြောင်း၊ အချို့သော တရားရုံးများသည် ထိုကဲ့သို့ သောအမှုမျိုးများ၌ အာမခံလျှောက်ထားခြင်းကိစ္စကို စဉ်းစားခြင်းပင် လုံးဝ မပြုလုပ်တော့ကြောင်း ထိုကဲ့သို့ လျှောက်ထားခြင်းများကို အဆုံးအဖြတ်မပေးတော့ဘဲ လစ်လျူရှု၍ သာလျှင်ထားတတ်ကြကြောင်းဖြင့် လျှောက်ထားသူ အတွက် လိုက်ပါ ဆောင်ရွက်သည့် ပညာရှိရှေ့နေကြီးက တင်ပြ လျှောက်လဲသွားလေသည်။

၁၉၆၂ခုနှစ်၊ အထူးရာဇဝတ်ရုံးဥပဒေပုဒ်မ ၃ (၁)အရ၊ ဖွဲ့စည်းထားသည့် အထူးရာဇဝတ်ရုံး၏ ရှေ့မှောက်သို့ ရောက်ရှိနေသော အမှုများကို ကြားနာ စစ်ဆေး စီရင်ရာ၌ အဆိုပါပုဒ်မတွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များအတိုင်းသာလျှင်၊ ဆောင်ရွက်စီမံရမည်ဖြစ်သည်။ ထိုပြဋ္ဌာန်းချက်များ သည် ရာဇဝတ် ကျင့်ထုံး ကိုဓ ဥပဒေတွင် ပါဝင်သည့် ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေလျှင်၊ ထိုပြဋ္ဌာန်းချက်များက လွှမ်းမိုးမည် ဖြစ်သည်။

သာမန် ရာဇဝတ်ရုံးများ ရှေ့မှောက်တွင် ရောက်ရှိနေသည့် အမှုများနှင့် ပတ်သက်၍မူ၊ အခြား တည်ဆဲဥပဒေတခုခုတွင် သီးခြားပြဋ္ဌာန်းခြင်း မရှိပါက၊ ရာဇဝတ်ကျင့်ထုံးကိုဓဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်းသာလျှင် ဆောင်ရွက်ရ မည်ဖြစ်သည်။ ရာဇဝတ် တရားသူကြီး တစ်ဦးသည် မိမိ ရှေ့မှောက်သို့ ရောက်ရှိနေသော အမှုကို ရာဇဝတ် ကျင့်ထုံး ကိုဓ ဥပဒေ ပုဒ်မ ၁၉၀တွင် ဖော်ပြ ထားသည့် နည်းတခုခုအရ၊ အရေးယူခြင်း (cognizance) ပြုလုပ်နိုင်သည်။ ထိုကဲ့သို့ အရေးယူခြင်း (cognizance) ပြုလုပ် လိုက်သည်နှင့် တပြိုင်နက် ထို တရားသူကြီးတွင် စီရင် ပိုင်ခွင့် အာဏာ(jurisdiction) ဖြစ်ပေါ်လာလေသည်။ ထိုကဲ့သို့စီရင် ပိုင်ခွင့် အာဏာဖြစ်ပေါ်လာသည်နှင့်အမျှ၊ တရားသူကြီးသည် ထိုအမှုနှင့်ပတ်သက်၍ စစ်ဆေးကြားနာ စီရင်ခြင်းများကို၊ ရာဇဝတ်ကျင့်ထုံး ကိုဓ ဥပဒေတွင် ဖေါ်ပြ ထားသည့် အတိုင်း ပြုလုပ် ဆောင်ရွက်နိုင် လေသည် ။ ထို ကဲ့ သို့ ပြု လုပ် ဆောင် ရွက် ခြင်း များ တွင် ၊ သက် သေ များ စစ် ဆေး ခြင်း

၁၉၆၆
မောင်ကို နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

တရားခံအား ရမန်ပေးခြင်း၊ အမှုရက်ချိန်းများ ချေဆိုင်းကန့်သတ်ခြင်း၊ သက်သေခံ ပစ္စည်းများနှင့် ပတ်သက်၍ အမိန့်များ ထုတ်ဆင့်နိုင်ခြင်း၊ သင့်တော်သော အမှုများတွင်၊ တရားခံအား အာမခံပေးခြင်း၊ အစရှိသည့် ဆောင်ရွက်မှုများကို ပြုလုပ်နိုင်လေသည်။ သို့ရာတွင် တရားသူကြီး၏ ရွေမှောက်တွင်ရောက်ရှိသည့်အမှုများအနက်၊ အချို့သောအမှုများသည်အထူးရာဇဝတ်ခုံး ဥပဒေနှင့်သက်ဆိုင်သည့်အမှုများလည်းရှိသည်။ ထိုအမှုများမှာ အထူးရာဇဝတ်ခုံးက စစ်ဆေးရန် သင့် မသင့် ခရိုင်ကော်မိတီက စဉ်းစားဆင်ခြင်ရန် ပို့ထားသော အမှုများဖြစ်သည်။ ထိုသို့ အစီရင်ခံထားသော အမှုများနှင့် ပတ်သက်လျှင်၊ တရားခုံးသည် ထိုအမှုကို စစ်ဆေးခြင်းမပြုဘဲ၊ ဆိုင်းငံ့ထားပြီးနောက် တရားခံအား အချုပ်နှင့်ဖြစ်လျှင်၊ သက်ဆိုင်ရာ တရားခုံးက စစ်ဆေးသည့်အချိန်အထိ ပုံစံ ၁ ပါ ဝါရမ်းဖြင့်၊ အကျဉ်းထောင်သို့ပို့၍ ချုပ်ထားစေရမည်ဟု အထူးရာဇဝတ်ခုံးနည်းဥပဒေပုဒ်မ ၄ တွင် ပြဋ္ဌာန်းထားသည်။ ထိုနည်းဥပဒေသည် အထူးရာဇဝတ်ခုံးဥပဒေပုဒ်မ ၂၁ အရ၊ အထူးရာဇဝတ်ခုံးဥပဒေကဲ့သို့ပင် အာဏာတည်လေသည်။ ထို့ကြောင့် အဆိုပါ ပြဋ္ဌာန်းချက်များအတိုင်း၊ တရားခုံးသည် လိုက်နာရမည်သာဖြစ်သည်။ သို့ရာတွင် ထိုပြဋ္ဌာန်းချက်များမှာ **အမှုကို စစ်ဆေးခြင်းမပြုရန်ကိုသာလျှင်** တားမြစ်ထားခြင်း ဖြစ်သည်။ အမှုစစ်ဆေးခြင်းဆိုရာ၌ အစုပ်စုံခံရသူသည် ပြစ်မှုကို ကျူးလွန်ခြင်း ရှိ မရှိဟူသည့် ပြဿနာနှင့် ပတ်သက်၍ သက်သေများကို ခေါ်ယူ စစ်ဆေးခြင်းကိုသာလျှင် ဆိုလိုသည်ဟု ယူဆရမည်။ အမှုနှင့် ပတ်သက်၍ **တရားခုံး၏ စီရင်ပိုင်ခွင့်** အာဏာအရ ဆောင်ရွက်နိုင်သည့် အခြားဆောင်ရွက်မှုများကိုပါ ဆိုင်းငံ့ထားရမည်ဟု ဆိုလိုဟန်မတူချေ။ အဘယ်ကြောင့်ဆိုသော် မည်သည့်ဆောင်ရွက်မှုကို မျှ မပြုလုပ်ရန် ရည်ရွယ်ချက်ရှိခဲ့ပါမူ၊ အဆိုပါနည်းဥပဒေ၌ အမှုကို "**စစ်ဆေးခြင်း** မပြုဘဲ" ဟူသည့် စကားရပ်များအစား "ကြားနာစစ်ဆေး**စီရင်**ခြင်း" ဟု နည်းဥပဒေပုဒ်မ ၅ တွင် အသုံးပြုထားသည့် စကားရပ်များကို အသုံးပြုမည်သာဖြစ်သည်။ **ထို့**ကဲ့သို့ စကားရပ်နှစ်မျိုး ခွဲခြားအသုံးပြုထားခြင်းကို၊ ထောက်ဆ၍ အထက်ဖော်ပြပါ ရည်ရွယ်ချက်မရှိကြောင်း ထင်ရှားလေသည်။ ဥပဒေပုဒ်မ တရပ်၏ အဓိပ္ပါယ်ကို လင်းပါးရာ၌ ထိုပုဒ်မတွင် ထည့်သွင်း ဖော်ပြထားခြင်း မရှိသည့်အပိုစကားလုံးများကို ဖြည့်စွက်ခြင်းအားဖြင့်၊ အဓိပ္ပါယ် ကောက်ယူခြင်း မပြုလုပ်သင့်ချေ။ ဤအချက်နှင့် ပတ်သက်၍ မက်(စ်) ဝဲ(လ်) ပြုစုသော နဝမအကြိမ်မြောက်ထုတ် (စတက်ကျူ) အဓိပ္ပါယ်ကောက်ခြင်း စာမျက်နှာ ၁၄ တွင် အောက်ပါအတိုင်း မြွက်ဆိုထားသည်။

> " . . . It is a strong thing to read into an Act of Parliament words which are **not there**, and, in the absence of clear necessity, it is a **wrong thing to do**. We are not entitled to read words into an Act of Parliament unless clear

reason for it is to be found within the four corners of the Act itself."

ထို့ကြောင့် အမှုကို စစ်ဆေးခြင်းမပြုဘဲ ဆိုင်းငံ့ထားရမည်ဟူ၍ အစွပ်စွဲခံရသူအား တရားဥပဒေအရ အာမခံပေးသင့် မပေးသင့်ကိစ္စနှင့် ပတ်သက်သည့် ကြားနာစစ်ဆေးစီရင်ခြင်းမျှားကို မပြုလုပ်ရဟု အဓိပ္ပါယ်မကောက်ယူသင့်ချေ။

အထူးရာဇဝတ်ခုံး ဖွဲ့မဖွဲ့ဆုံးဖြတ်ချက်အတိအကျမရသေးမီ၊ လျှောက်ထားသူအား အာမခံပေးခြင်းကို ပယ်ချခဲ့သည့် အောက်ခုံးအမိန့်ကို တရားခုံးချုပ်အနေနှင့် ပယ်ချ၍ အာမခံပေးလိုက ပေးနိုင်ကြောင်း ၁၉၆၅ ခုနှစ်၊ နိုင်ငံတော် တရားခုံးချုပ်၊ ရာဇဝတ် အသေးအဖွဲလျှောက်လွှာ အမှတ် ၇ တွင်၊ တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးချစ်ဘို ပါဝင်သည့် ခုံရုံးကဆုံးဖြတ်ချက်ချမှတ်ထားသည်ကိုလည်း တွေ့ရှိနိုင်လေသည်။ ထို့ကြောင့် အဆိုးရာဇဝတ်ခုံး ဖွဲ့မဖွဲ့ ဆုံးဖြတ်ချက် အတိအကျ မရသေးမီ တရားခုံးမျှားသည် မိမိဘို့ရှေ့မှောက်သို့ ရောက်ရှိနေသည့် ရာဇဝတ်မှုမျှား၌ အစွပ်စွဲခံရသူအား အာမခံပေးခြင်းကိစ္စနှင့် ပတ်သက်၍ ရာဇဝတ်ကျင့်ထုံး ကိုဥပဒေ ပုဒ်မ ၄၉၇ နှင့် ၄၉၈ မျှားအရ၊ ဆောင်ရွက်နိုင်သည်ဟု ဆုံးဖြတ်သိုက်သည်။

သို့ရာတွင် တရားခုံးမျှားသည် ရာဇဝတ်ကျင့်ထုံး ကိုဥပဒေ ပုဒ်မ ၄၉၇ နှင့် ၄၉၈ တို့ကို ကျင့်သုံးလျက်၊ အာမခံပေးခြင်းကိစ္စမျှားကို ဆင်ခြင်စဉ်းစားရာ၌ တော်လှန်ရေးအစိုးရ၏ အခါအားလျော်စွာ ကျေညာထားသည့် မူဝါဒမျှားနှင့် စပ်ဟပ်ရန် သတိချပ်ရမည်ဖြစ်သည်။ တော်လှန်ရေးအစိုးရသည် ဆိုရှယ်လစ်ပန်းတိုင်သို့ ချီတက်နေရာ၌ နိုင်ငံတော် ငြိမ်သပ်ပိပြားရေးကို ထိပါးစေနိုင်သော ပြစ်မှုမျှား၊ လူနေမှု ဘဝလုံခြုံရေးကို ပျက်ပြားစေနိုင်သော ပြစ်မှုမျှားအပြင်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ်တည်ဆောက်ရေးကို ထိပါးစေသည့် ပြစ်မှုမျှားကိုပါ ပြင်းပြင်းထန်ထန် အရေးယူသင့်သည်ဟု ယူဆထားသည်။ ထို့ကြောင့် ယခုကျန်ပ်ရှေ့ရှိအမှုတွင် လျှောက်ထားသူအား အာမခံ ပေးသင့် မပေးသင့် ဆင်ခြင်ရာ၌ ၎င်းကျူးလွန်ပါသည်ဟု ဆိုသော ပြစ်မှု၏ အမျိုးအစားကိုပါ **ထည့်**သွင်းစဉ်းစားရမည်ဖြစ်သည်။

လျှောက်ထားသူသည် အခင်းဖြစ်စဉ်က လယ်ယာနှင့် လုပ်ငန်းပေါင်းစုံ သမဝါယမ အသင်း**၏** အတွင်းရေးမှူးအဖြစ် ဆောင်ရွက်နေသူဖြစ်သည်။ ထိုအသင်းမှ ပျောက်ဆုံးနေသည့် ဒွေအရေအတွက်မှာ ၉,၃၉၁ ကျပ် ၅၀ ပြားဖြစ်သည်ဟု အဆိုရှိသည်။ ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်ရာတွင် (လလသသ) လုပ်ငန်းသည် အရေးကြီးသည့် **အစိတ်**အပိုင်းတွင် ပါဝင်နေသောကြောင့်၊ ထိုအသင်းကို ပျက်ပြားစေနိုင်သည့် အလွဲသုံးစားပြုခြင်းမှာ ဆိုရှယ်လစ်စီးပွါးရေးစနစ်ကို ပျက်ပြားစေနိုင်သည့် ပြစ်မှုမျှားဟု ယူဆသင့်ကြောင်းဖြင့်၊ ပညာရှိအစိုးရဥက္ကဋ္ဌကြီးက တင်ပြထားသည်။

၁၉၆၆ မောင်ကို နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

သို့ရာတွင် အထက်ဖော်ပြပါ နိုင်ငံတော် တရားရုံးချုပ် ၁၉၆၅ ခုနှစ်၊ ဇူလိုင် အသေး အဖွဲလျှောက်လွှာ အမှတ် ၇ တွင်၊ အာမခံနှင့် နေထိုင်ခွင့်ပြုလိုက်သည့် စွပ်စွဲခံရသူမှာ၊ ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်း လက်လီဆိုင်တခု၏ မန်နေဂျာပင်ဖြစ်သည်။ ပြည်သူ့ ပစ္စည်းကော်ပိုရေးရှင်းမှာလည်း (လလသ) ကဲ့သို့ပင် ဆိုရှယ်လစ်စီးပွါးရေးစနစ် ထူထောင်ရာ၌ အရေးကြီးသည့် မဏ္ဍိုင်တခုဖြစ်လေသည်။ အဆိုပါ အဖွဲအစည်းများ တွင် လုပ်ကိုင်နေသူများသည် ထိုအဖွဲအစည်းပိုင် ပစ္စည်းနှင့် ပတ်သက်၍ အလွဲသုံးစား ဖြုလုပ်ရုံကာမျှဖြင့်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ်ကို ဖျက်ဆီးရာကျသည်ဟု အမြဲတစေ မယူဆသင့်ချေ။ အမှု၏ အကြောင်းခြင်းရာနှင့်ဘက္ခပြစ်မှုကျူးလွန်သူ၏ ရည်ရွယ် ချက်စိတ်သဘောထားများအရ ထိုသူများ၏ ပြုလုပ်မှုသည် ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုကို တကယ်ပင် ပျက်ပြားစေနိုင်သည့် အကြောင်း လုံလောက်သည့် အထောက်အထားများ ရှိမှသာလျှင်၊ ထိုသူများအား အစိုးရ၏ စီးပွါးရေးစနစ်ကို ဆန့်ကျင်သူများဖြစ်သည်ဟု ယူဆသင့်ပေသည်။ မည် သို့ပင်ဖြစ်စေကာမူ၊ ယခုကျွန်ုပ် ရှေ့ရှိ အမှုဌ် စွပ်စွဲခံရသူသည် မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့ကောင်း ပြုလုပ်မည် ဖြစ်သော်လည်း၊ ဆိုရှယ်လစ်စီးပွါးရေးစနစ်တခုလုံးကို ဖြိုဖျက်မည့် ရည် ရွယ်ချက်မျိုးနှင့် ပြစ်မှုကျူးလွန်ခဲ့သူဖြစ်သည်ဟု ယူဆရန် အထောက်အထား တစုံ တရာမပေါ်ပေါက်ချေ။ လျှောက်ထားသူအား သက်ဆိုင်ရာ ခရိုင်လုံခြုံရေးနှင့် အုပ် ချုပ်မှုကော်မိတီကပင်လျှင်၊ တရားဥပဒေအရ အာမခံနှင့် လွှတ်ထားခြင်းကို မကန့် ကွက်ပါဟု သက်ဆိုင်ရာရုံးသို့ အကြောင်းကြားထားသည်ကို တွေ့ရှိရသည်။

လျှောက်ထားသူသည် ယခုအမှုတွင် အချုပ်ခံနေရသည်မှာ ၂ နှစ်နီးပါးရှိချေပြီ၊ ၎င်းသည် ဘောင်သူလယ်သမားတဦးသာလျှင်ဖြစ်သောကြောင့်၊ မိမိ၏ဩဇာတိက္ကမ ကို အသုံးပြု၍ တရားလိုပြ သက်သေများကို ဖျက်ဆီးနိုင်ရန် အကြောင်းလည်းမရှိင် ချေ။ ဤအမှုမျိုး၌ အရေးကြီးသော သက်သေခံချက်များသည် များသောအားဖြင့် စာရင်းအင်းများအရ၊ ပေါ်ပေါက်သည့် သက်သေခံချက်များသာသျှင် ဖြစ်လေရာ၊ အစုပ်စွဲခံရသူထံမှ ထိုစာရင်းအင်းများကို သိမ်းဆည်းခဲ့ပြီးဖြစ်သဖြင့်၊သက်သေများကို ဖျက်ဆီးရန် အကြောင်းမရှိတော့ချေ။ ထို့ပြင် ၎င်းသည် အထက်တွင်ဖော်ပြသည့် အတိုင်း၊ တောင်သူလယ်သမားတဦးဖြစ်သည်နှင့်အမျှ၊ မိမိ၏ လုပ်အားကို တိုင်းပြည် အတွက် လိုအပ်နေသည့်အချိန်တွင် အလဟဿ မဖြစ်စေရန်သော်၎င်း၊ အမှုစစ်ဆေး နေစဉ်အတွင်း အမှုတွင် ပြည့်ပြည့်စုံစုံ ခုခံနိုင်ရန်အတွက် လိုအပ်သည့် ဆောင်ရွက်မှု များ ပြုလုပ်နိုင်ရန်သော်၎င်း၊ ၎င်းအား အာမခံနှင့် လွှတ်ထားသင့်သည်ဟု ထင်မြင် ယူဆသည်။ အကယ်၍ အထူးရာဇဝတ်ရုံး ဖွဲ့စည်းပြီးသောအခါ၌ ထိုရုံးက လျှောက် ထားသူအား အာမခံနှင့် ဆက်လက်ထားရန် မသင့်ဟု ယူဆပါက၊ အဆိုပါရုံးက တရား

ဥပဒေအရ သင့်တော်သည့် အမိန့်ချမှတ်နိုင်မည်ဖြစ်သည်။ နောက်ဆုံး မှတ်ချက် **အနေနှင့် ပေါ်ပြလိုသည်မှာ၊ သာမန်အားဖြင့် ဆိုလျှင် အစွပ်စွဲခံရသူတဦးအား အမှုကို ရုံးသို့တင်၍ စစ်ဆေးခြင်းမပြုရသေးမီ၊** သို့မဟုတ် အမှုကို စစ်ဆေးနေစဉ်အတွင်း၌ အလွန်ကြာမြင့်စွာ ချုပ်နှောင်၍ ထားအပ်သည်မဟုတ်။ ထိုသို့ချုပ်နှောင်ထားခြင်းဖြင့်၊ ၎င်းအပေါ် တွင် ပြစ်မှုထင်ရှား မတွေ့ရှိသေးဘဲ၊ ကြိုတင်၍ အပြစ်ဒဏ်ပေးသည်မျိုးလည်း မဖြစ်အပ်ကြောင်း၊ ဤရုံးက အမှုပေါင်းများစွာတို့တွင် မကြာခဏ ညွှန်ကြားခဲ့ဘူးသည်ကိုလည်း သတိချပ်ရပေမည်။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ လျှောက်ထားသူသည် ကျပ်ငွေ ငါးထောင်တိတိ (ငွေ ၅,၀၀၀ ကျပ်တိတိ) တန် အာမခံကို၊ ခံဝန်သူနှစ်ဦးဖြင့် တင်သွင်းလျှင်၊ အာမခံနှင့် နေထိုင်ခွင့်ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

:-33B

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ်ရှေတွင်

† ၁၉၆၆ ဖြေလ ၅ ရက်။

မောင်ကျော်ဆွေ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

ရာဇသတ်ကြီး ပုဒ်မ ၃၆၃ အရ မှုပြစ်ထင်ရှား စီရင်ခြင်း —အမျိုးသားမှတ်ပုံတင်လက်မှတ်— မှေးဖွါးသည်ရက်စွဲဖေါ်ပြထားခြင်း—အမျိုးသားမှတ်ပုံတင်လက်မှတ် သက်သေခံအက်ဥပဒေ ပုဒ်မ ၃၅ အရ တရားဝင် မဝင် —ကျောင်းဝင်ပုံစံ—မွေးသက္ကရာဇ် ဖေါ်ပြထားခြင်း— ကျောင်းဝင်ပုံစံသက်သေခံအက်ဥပဒေပုဒ်မ ၃၅ အရတရားဝင် မဝင် —ဇာတာများမှာ အများနှင့်သက်ဆိုင်သော စာချုပ်စာတမ်းများဟုတ် မဟုတ် —ဆရာဝန်၏ အကြံဥာဏ်ပေးခြင်းသည် တရားဝင်သော သက်သေခံတင်ပြချက် အကြောင်းအရာဖြစ် မဖြစ် —ဦဟသံသယ အကျိုးခံစားခွင့်။

ဆုံးဖြတ်ချက်။ ။မခင်ရဲတင့် အသက်နှင့်ပတ်သက်၍ အသေးစိတ်စီစစ်ရာ အခြားသော်သက်သေခံ စာရွက်စာတမ်းများထက် စိတ်အဝင်စားဆုံးဖြစ်သည့် စာရွက်စာတမ်းမှာ နှစ်ခုဖြစ်သည်။ **ပဌမစာရွက်စာတမ်းမှာ** မခင်ရဲတင့်၏ အမျိုးသားမှတ်ပုံတင်လက်မှတ်ဖြစ်သည်။ အမျိုးသားမှတ်ပုံတင်အရာရှိက တရားဝင်လက်ခံထားသော မခင်ရဲတင့်၏မွေးဘွားသည့်ရက်စွဲ၊ ၁၉၄၈ ခု၊ စက်တင်ဘာလ ၂၁ ရက်ဖြစ်သည်။ ၎င်းမွေးဘွားသောနေ့စွဲကိုပြင်ဆင်၍ထည့်ထားရာတွင် မခင်ရဲတင့်တယောက်တည်း သဘောအရလုပ်ခြင်းမဟုတ်။ မိဘများက ခွင့်ပြုချပြင်ဆင်ထားကြကြောင်း အမှုတွဲတွင်ပေါ်လွင်သည်။ ဤကဲ့သို့ ပြင်ဆင်ရာ၌မခင်ရဲတင့်၏ အဆိုအရဆိုလျှင်၊ ၉ တန်းစာမေးပွဲဝင်ရာ၌ အသက် ၁၅ နှစ်မပြည့်သဖြင့် အသက်ကိုပြင်ဆင်ပြီး တိုးထားသည်ဟု ဖေါ်ပြထားသည်။ ထိုအချက်ကို အောက်ခုံးနှစ်ချုံးလုံးက လက်ခံထားသည်ကို တွေ့ရှိရသည်။ သို့ရာတွင် ဤမှတ်ပုံတင်လက်မှတ်သည် သက်သေခံအက်ဥပဒေ ပုဒ်မ ၃၅ အရ၊ တရားဝင်သော အများနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းမျိုးဖြစ်နေသဖြင့်၊ ၎င်းတွင် ဖေါ်ပြထားသော မခင်ရဲတင့်၏ မွေးဘွားသက္ကရာဇ်ကို အဓိကအချက်အနေဖြင့် **ထားရှိရလိမ့်မည်။** ၎င်းပြင် ဒုတိယစိတ်ဝင်စားသော စာချုပ်စာတမ်းမှာ ပြည်မြို့အစိုးရအထက်တန်း **ကျောင်း၊** ကျောင်းဝင်ပုံစံတွင် မခင်ရဲတင့်၏ မွေးသက္ကရာဇ်မှာ ၁၉၄၉ ခု၊ ဒီဇင်ဘာလ ၂၉ ရက်

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၂ (ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၃၀ တွင် ချမှတ်သော၊ ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့စွဲပါ၊ ပြည်မြို့၊ ၂ ရာဘက်အထူး ရာဇဝတ်တရားသူကြီး၏အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

ဖြစ်နေသည်ကို တွေ့ရှိရသည်။ ၎င်းကျောင်းဝင်ပုံစံမှာ ဆိုခဲ့ပြီးသည့်သက်သေခံအက်ဥပဒေပုဒ်မ ၃၅ အရ၊ တရားဝင်သော အမျှားနှင့်သက်ဆိုင်သည့်စာချုပ်စာတမ်းဖြစ်သည်။

မောင်ဟုတ်ဆိုင်နှင့် မောင်အေးလှ၊ ၁၉၄၀ ခု၊ ရန်ကုန်စီရင်ထုံး၊ စာမျက်နှာ ၄၈၁ ကိုရည်ညွှန်းသည်။

ဆက်လက်ဆုံးဖြတ်ချက်။ ။တရားလိုဘက်မှ မခင်ရဲတင့်၏ဇာတာနှင့် အခြားဇာတာများကို တင်ပြထားသည်။ ၎င်းဇာတာများမှာ အမျှားနှင့်သက်ဆိုင်သော စာချုပ်စာတမ်းများမဟုတ်ပေ။ ဇာတာများကိုမည်သည့်အခါမဆိုပြုလုပ်၍ ရနိုင်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ဆရာဝန်၏ ထွက်ချက်ကိုလည်း အသေးစိတ် စစ်ဆေးရန်လိုအပ်သည်။ ဆရာဝန်သည်မခင်ရဲတင့်၏ အရပ်အမောင်းအလေးချိန်နှင့် ကိုယ်ခန္ဓာအစိတ်အပိုင်းများအပြင်၊ သွားများကို ကြည့်ရှုစစ်ဆေးခဲ့မှုမှ၊ ခေတ်မှီ လောကဓါတ်နည်းဖြစ်သောဓါတ်မှန်ရိုက်၍ စစ်ဆေးခဲ့လေသည်။ လောကဓါတ်နည်းဖြင့် စစ်ဆေးရာ၌ တွေ့ရှိရသည်မှာ မခင်ရဲတင့်၏အသက်သည် ၁၅ နှစ်နှင့် ၁၇ နှစ်အကြားဖြစ်သည်ဆိုသော်လည်း၊ ၁၆ နှစ်နည်းနည်း ကျော်ပြီဟုထွက်ဆိုထားချက်ကိုထောက်ထားခြင်းအားဖြင့်၊ **ထိုလောကဓါတ် နည်းနှင့်စစ်ဆေး၍ ရရှိသော အချက်အလက်ဘို့မှာဆရာဝန်၏** အကြံဉာဏ်ဖြစ်စေကာမူ တရားဝင်သော သက်သေခံတင်ပြချက်အကြောင်းအရာဖြစ်သည်။
နိုင်ငံတော် နှင့် ကျူတရယ်၊ အိုင်-အယ်-အာ၊ ၁၉၃၉၊ မဒရပ်၊ စာမျက်နှာ ၈၇၁ ကိုရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။**အမှုတ ခုလုံးကိုခြုံ၍** ကြည့်သောအခါ တွေ့ရှိရသည်မှာ၊ **မခင်ရဲတင့်၏** အသက်နှင့်ပတ်သက်၍ **တရားလိုဘက်က** တိကျပြတ်သားသော သက်သေခံချက် **မရှိချေ။ တရားခံ** ဘက်က တင်ပြသော သက်သေခံစာမှတ်တမ်းများနှင့် အမျိုးသားမှတ်ပုံတင်လက်မှတ်အပြင်၊ **ဆရာဝန်၏** သက်သေထွက်ချက်များကို ထောက်မှုခြင်းအားဖြင့်၊ မခင်ရဲတင့်၏ အသက်သည် အချင်းဖြစ်စဉ် အခါကအသက် ၁၆ နှစ်ပြည့်ပြီးလည်း ဖြစ်နိုင်သည်။ မခင်ရဲတင့်၏အသက်သည် ထိုအချိန်အခါက အသက် ၁၆ နှစ် မပြည့်သေးလည်းဖြစ်နိုင်သည်။ ပြည့်ပြီးလည်း ဖြစ်နိုင်သည်ဟု အမှုတွဲတွင် ပေါ်လွင်နေသောကြောင့် ထိုအသက်နှင့် ပတ်သက်၍ ဒို့ဟာသံသယဖြစ်စရာအကြောင်း ပေါ်ပေါက်လာလေသည်။ ယင်းဒို့ဟာသံသယ၏ အကျိုးခံစားခွင့်ကို လျှောက်ထားသူသာလျှင် ခံစားရန် အကြောင်းရှိသည်။
နိုင်ငံတော် နှင့် ဦးဓမ္မပါလ၊ ရန်ကုန်အတဲ့ ၁၄၊ စာမျက်နှာ ၆၆၆။
အောင်ပွင့် နှင့် နိုင်ငံတော်၊ ၁၉၄၇ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊စာမျက်နှာ ၅၀ တို့ကိုရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးဘကြိုင်။

တရားသူကြီးဦးချစ်။ ။ပြည်မြို့ ၂ ရာဘက်ရာဇဝတ်တရားသူကြီးရုံး၊၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၀ တွင်၊ လျှောက်ထားသူ မောင်ကျော်ဆွေအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၆၃ အရ၊ပြစ်မှုမြောက်သည်ကို တွေ့ရှိရသဖြင့်၊ အလုပ်နှင့်ထောင်ဒဏ် ၈ လကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကိုလျှောက်ထားသူ မောင်ကျော်ဆွေက မကျေနပ်သဖြင့်၊ ပြည်မြို့ စက်ရှင်တရားသူကြီးရုံး ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ်

၄၇ တွင် အယူခံဝင်ခဲ့သည်။ ထိုအယူခံတွင် လျှောက်ထားသူအရေးနိမ့်သဖြင့်၊ ယခု ဤရုံးသို့ ရာဇဝတ်ပြင်ဆင်မှု တင်သွင်းခြင်းဖြစ်သည်။

အမှုအကြောင်းခြင်းရာနှင့်ပတ်သက်၍မူလရုံး၏စီရင်ချက်တွင် အပြည့်အစုံဖေါ်ပြထားသည်ကို တွေ့ရှိရသဖြင့် ထပ်လောင်း၍ဖေါ်ပြရန် မလိုအပ်ပေ။ ယခုစဉ်းစားရန် အဓိကပြဿနာမှာ နှစ်ရပ်ဖြစ်ပေသည်။ ပဌမပြဿနာမှာ မခင်ရဲတင့်(လိုပြ-၄)သည် လျှောက်ထားသူ မောင်ကျော်ဆွေခေါ်ရာသို့ ၁၉၆၅ ခု၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့က လိုက်ပါသွားရာတွင်၊ ၎င်း၏အလိုအတိုင်း လိုက်ပါသည် မလိုက်ပါသည်ဟူ၍ဖြစ်သည်။

ဒုတိယပြဿနာမှာ၊ ထိုအချိန်အခါက၊ မခင်ရဲတင့်သည်၊ အလိုတူအလိုပါဖြစ်စေကာမူ၊ ရာဇသတ်ကြီးပုဒ်မ ၃၆၁ နှင့်အညီ၊ မိဘအုပ်ထိန်းခြင်းမှ မလွတ်မြောက်သေးသော အသက် ၁၆ နှစ်အောက်ဖြစ်သည် မဖြစ်သည်ဟူ၍ဖြစ်သည်။

ပဌမပြဿနာနှင့် ပတ်သက်၍ အမှုတွဲတွင် ပေါ်လွင်သည်မှာ၊ အချင်းမဖြစ်မီ နှစ်နှစ်လောက်ကတည်းက၊ မခင်ရဲတင့်နှင့် မောင်ကျော်ဆွေဘို့မှာ သမီးရည်းစားဖြစ်၍ချစ်ကြိုက်နေကြသည်။ သက်သေခံအမှတ် (၁) ကော်ပီစာအုပ်တွင် မြင်းနိုင်ကြသော၊ သမီးရည်းစားစာများဖြစ်သည်။ အပြန်အလှန်ရေးထားသည်ကို တွေ့ရှိရသည်။ အောက်ရုံး နှစ်ရုံးစလုံးကလည်း၊ မောင်ကျော်ဆွေသည်၊ မခင်ရဲတင့်ကို ၁၉၆၅ ခု၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့က ခေါ်သွားစဉ်အခါ၊ မခင်ရဲတင့်က သဘောတူလိုက်သွားသည်ဟု ယူဆထားသည်ကိုတွေ့ရှိရသည်။ ထို့ကြောင့်၊ ပဌမပြဿနာနှင့်ပတ်သက်၍၊ မခင်ရဲတင့်သည်၊ မောင်ကျော်ဆွေနောက် ခိုးရာလိုက်ရာ၌ ၎င်း၏သဘောအလျောက် လိုက်ပါသွားသည်ဟု အဆုံးအဖြတ်ပေးရန်ရှိသည်။

ဒုတိယပြဿနာနှင့်ပတ်သက်၍ စဉ်းစားရာ၌၊ ခိုးရာလိုက်ပြေးသည့်အချိန်တွင်၊ မခင်ရဲတင့်သည် အသက် ၁၆ နှစ်အောက်ဖြစ်သည် မဖြစ်သည်နှင့်ပတ်သက်၍၊ တရားလိုဘက်နှင့်တရားခံဘက်တို့က အမျိုးမျိုးသက်သေထွက်ချက်များ ရှိသည့်အပြင်၊ သက်သေခံစာအမှတ်အသား များကိုလည်း၊ ရုံးသို့တင်ပြထားကြသည်။ အောက်ရုံး နှစ်ရုံးစလုံးက မခင်ရဲတင့်၏အသက်သည် ထိုအချိန်အခါက ၁၆ နှစ်မပြည့်သေးဟု ယူဆပြီးလျှင် မောင်ကျော်ဆွေသည် မခင်ရဲတင့်အား အုပ်ထိန်းသူမိဘများထံမှ လူခိုးမှု ကျူးလွန်သည်ဟုယူဆပြီး၊ ရာဇသတ်ကြီးပုဒ်မ ၃၆၃ အရ အပြစ်ပေးလိုက်ခြင်းဖြစ်သည်။ ယင်းသို့အပြစ်ပေးခြင်းမှာ၊ မှန်မမှန်ကို သေချာဂနစ္စာ သုံးသပ်ရန်လိုအပ်ပေသည်။

မခင်ရဲတင့်၏အသက် စစ်ဆေးရန် ၁၉၆၅ ခု၊ မတ်လ ၉ ရက်နေ့က (ခိုးရာလိုက်ပြေးပြီး ၁၃ ရက်အကြာ) ဆရာဝန်ဦးသာမိုး (လိုပြ-၁၂) ထံသို့ပို့သည်။ ၎င်းကမခင်ရဲတင့်၏အရပ်အမောင်း အလေးချိန်နှင့် သွားများကို စစ်ဆေးပြီးနောက်၊ ခါတ်မှန်ရိုက်၍

စစ်ဆေးကြည့်ရှုခြင်းအားဖြင့်၊မခင်ရဲတင့်၏ အသက်မှာ ၁၅ နှစ်နှင့် ၁၇ နှစ်ကြားရှိ၍၊ ၁၆ နှစ်နည်းနည်းသာ ကျော်မည်ဖြစ်နိုင်ပါသည်ဟု အကြံဉာဏ်ပေးသည်။မခင်ရဲတင့်၏ဇနီးတွင် တင်ပြသောဇာတာအရ မခင်ရဲတင့်သည် ၁၃၁၁ ခုနှစ်၊ပြာသိုလဆန်း ၁၅ ရက်နေ့ကဘွားမြင်သည်။ ထိုဇာတာအရဆိုလျှင် မခင်ရဲတင့်သည် အချင်းဖြစ်စဉ်အခါက အသက် ၁၆ နှစ်မပြည့်သေးပေ။ ထို့နောက် ပြည်မြို့ မြန်မာနှစ်ချင်း ခရစ်ယာန်အထက တန်းကျောင်း၊ ကျောင်းဝင်စာရင်းတွင် မခင်ရဲတင့်၏ မွေးသက္ကရာဇ်မှာ ၁၉၅၀ ခုနှစ်၊ ဇန္နဝါရီလ ၁၅ ရက်ဟုဖော်ပြထားသည်ကို တွေ့ရှိရသည်။ထင်းအတိုင်းဆိုလျှင်မခင်ရဲတင့်၏အသက်သည် အချင်းဖြစ်ချိန်က ၁၆ နှစ်မပြည့်သေးပေ။ထင်းပြင် မခင်ရဲတင့်၏ အမျိုးသားမှတ်ပုံတင်လက်မှတ်တွင် မွေးဘွားသည့်နေ့ရက်မှာ ဆန်း ၁၅-၁၀-၁၃၁၁ ဟုဖော်ပြထားသည်ကို တွေ့ရှိရသည်။ သို့သော် ၎င်းနေ့စွဲကို ဖျက်ပြီး ၁၉၄၈ ခု၊ ဒီဇင်ဘာလ ၂၉ ရက်ဟု ပြင်ထားသည်ကို တွေ့ရှိရသည်။ ထိုသို့ပြင်ဆုတွင်မခင်ရဲတင့်သည် မိဘများ၏သဘောတူညီချက်အရ ပြင်ထားသည်ကို အမှုတွဲတွင်တွေ့ရှိရသည်။ ပြင်ထားသော မွေးဘွားသည့်နေ့စွဲအရဆိုလျှင် မခင်ရဲတင့်သည် အချင်းဖြစ်စဉ်အခါက အသက် ၁၆ နှစ်ကျော်လွန်နေသည်။ မူလပေးထားသည့် ရက်စွဲအတိုင်းဆိုလျှင်၊ အသက် ၁၆ နှစ်မကျော်သေးပေ။

မောင်ကျော်ဆွေဘက်မှ၊ မခင်ရဲတင့် အသက်နှင့်ပတ်သက်၍ တင်ပြထားသော သက်သေခံစာများမှာ၊ သရက်ခရိုင် ကာမမြို့နယ် ကိုင်းရွာအုပ်စု လၤအၤက ဥက္ကဋ္ဌအား တိုင်ကြားသောစာတွင်၊ မခင်ရဲတင့်ကိုယ်တိုင် လက်မှတ်ထိုးထား၍ ၎င်း၏အသက်ကို ဖော်ပြထားသည်မှာ ၁၇ နှစ်ဖြစ်သည်ကို တွေ့ရှိရသည်။ ၎င်းပြင် အောင်လံမြို့ တတိယရာဘက် တရားသူကြီးရွှေတွင် မခင်ရဲတင့်က ကျမ်းကျိန်လျှာပြုလုပ်၍ တင်ဆက်ထားသော စာချုပ်အရဆိုလျှင်၊ မခင်ရဲတင့်၏မွေးသက္ကရာဇ်မှာ ၁၉၄၈ ခု၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ဖြစ်သဖြင့်၊ ၁၇ နှစ်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထိုနောက် မခင်ရဲတင့်၏ လက်ရေးဖြင့်၊ ပြည်မြို့ မြို့မလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီဥက္ကဋ္ဌထံသို့ ရေးသော့စာတွင်၊ သူသည်အသက် ၁၇ နှစ်ဖြစ်ပါသည် ဟုဖော်ပြထားသည်။ ထိုနောက်တဖန် ပြည်မြို့ အမှတ် (၁) အစိုးရအထက်တန်းကျောင်း ကျောင်းဝင်ပုံစံတွင်၊ မခင်ရဲတင့်၏ မွေးသက္ကရာဇ်မှာ ၁၉၄၈ ခု၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ဟု ဖော်ပြထားသည်။ ဤအတိုင်းဆိုလျှင် မခင်ရဲတင့်သည် အချင်းဖြစ်စဉ်အခါက အသက် ၁၆ နှစ်ပြည့်ခဲ့သည်။

အထက်တွင်ဖော်ပြသော တရားလို၊ တရားခံဘက်မှ တင်ပြကြသည့် မခင်ရဲတင့်နှင့် ပတ်သက်သော အသက်၏အထောက်အထားဖြစ်ကြသည်ကို တွေ့ရှိရသည်။ ကျွန်ုပ်ရွှေ့လျောက်လဲသော ပညာရှိအစိုးရရွှေနေကြီး ဦးဘကြိုင်က ဤအမှုတွင် မခင်ရဲတင့်၏ အသက်သည်အချင်းဖြစ်ချိန်အခါကအသက် ၁၆ နှစ်မပြည့်သေးပါဟုပြဆိုရန်မှာ တရားလို

၏တာဝန်သာဖြစ်ပါသည်။ အမှုသွားအမှုလာကို ကြည့်ရှုခြင်းအားဖြင့်၊ တရားလိုက မခင်ရဲတင့်၏ အသက်သည် ၁၆ နှစ်အောက်ဖြစ်ပါသည်ဟု တိတိကျကျ ပြဆိုထားခြင်း မရှိပါ။ တရားခံဘက်မှတင်ပြသော သက်သေခံစာအထောက်အထားများကို ကြည့်ရှုခြင်းအားဖြင့်၊ မခင်ရဲတင့်၏အသက်မှာ အချင်းဖြစ်စဉ်အခါက၊ အသက် ၁၆ နှစ်ပြည့်ပြီးဖြစ်သည်ကို တွေ့ရှိရပါသည်။ ၎င်းပြင် ဆရာဝန်၏ထွက်ချက်အရဆိုလျှင် ဆရာဝန်သည် ခါတ်မှန်ရိုက်၍၊ မခင်ရဲတင့်အား စစ်ဆေးပြီးနောက်၊ သူ၏အသက်သည် ၁၅ နှစ်နှင့် ၁၇ နှစ်ကြား ဖြစ်နိုင်သည်ဟု အကြံပေးထားရုံတွင်မက၊ အသက် ၁၆ နှစ်နှင်းနှင်းကျော်ပြီဟူ၍လည်း အကြံဉာဏ်ပေးထားသည်ကို တွေ့ရှိရပါသည်။ အချင်းဖြစ်စဉ် အချိန်အခါက မခင်ရဲတင့်အသက်မှာ ၁၆ နှစ်မပြည့်သေးဟုတထစ်ချ ဤအမှုတွင် မပေါ်လွင်သဖြင့်၊ ၁၆ နှစ်အောက်ဖြစ်လျှင်လည်း ဖြစ်နိုင်ပါသည်။ ၁၆ နှစ်ပြည့်ပြီးလျှင်လည်း ဖြစ်နိုင်ပါသည်ဟု ယူဆရန်အကြောင်းရှိပါသဖြင့်၊ မခင်ရဲတင့်၏အသက်နှင့် ပတ်သက်၍ ဒို့ဟသံသယများ ဖြစ်ပေါ်လာစရာအကြောင်း ရှိလေသည်။ ထိုကဲ့သို့ ဖြစ်ပေါ်လာသော ဒို့ဟသံသယ၏အကျိုးကို လျော့ကထားသူက ဥပဒေအရခံစားထိုက်သည်ဖြစ်သဖြင့် ၎င်းအကျိုးကို လျော့ကထားသူက ခံစားစေရန်၊ ဤရုံးက စစ်ဆေးစေလိုပါသည်ဟု တင်ပြသွားသည်။

ကျွန်ုပ်သည် ဤအမှုတွင် မခင်ရဲတင့်အသက်နှင့်ပတ်သက်၍အသေးစိတ်စီစစ်သည်။ အခြားသောသက်သေခံ စာရွက်စာတမ်းများထက် ကျွန်ုပ်စိတ်အဝင်စားဆုံးဖြစ်သည့် စာရွက်စာတမ်းမှာ၊ နှစ်ခုဖြစ်သည်။ ပဌမစာရွက်စာတမ်းမှာ မခင်ရဲတင့်၏အမျိုးသားမှတ်ပုံတင်လက်မှတ်ဖြစ်သည်။ အမျိုးသားမှတ်ပုံတင် အထူရှိက တရားဝင်လက်ခံထားသော မခင်ရဲတင့်၏မွေးဘွားသည့်ရက်စွဲ၊ ၁၉၄၀ ခု၊ စက်တင်ဘာလ ၂၉ ရက်နေ့ဖြစ်သည်။ ၎င်းမွေးဘွားသောနေ့စွဲကို ပြင်ဆင်၍ ထည့်ထားရာတွင် မခင်ရဲတင့်တယောက်တည်း သဘောအရလုပ်ခြင်းမဟုတ်၊ မိဘများက ခွင့်ပြု၍ ပြင်ဆင်ထားကြကြောင်း အမှုတွဲတွင်ပေါ်လွင်သည်။ ဤကဲ့သို့ပြင်ဆင်ရာ၌ မခင်ရဲတင့်၏အဆိုအရဆိုလျှင်၊ ၉ တန်းစာမေးပွဲဝင်ရာ၌ အသက် ၁၅ နှစ်မပြည့်သဖြင့် အသက်ကိုပြင်ဆင်ပြီး တိုးထားသည်ဟု ဖော်ပြထားသည်။ ထိုအချက်ကို အောက်ရုံးနှစ်ရုံးစလုံးက လက်ခံထားသည်ကိုတွေ့ရှိရသည်။ သို့ရာတွင် ဤမှတ်ပုံတင်လက်မှတ်သည် သက်သေခံ အက်ဥပဒေပုဒ်မ ၂၅ အရ တရားဝင်သော အများနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းမျိုးဖြစ်နေသဖြင့်၊ ၎င်းတွင် ဖော်ပြထားသော မခင်ရဲတင့်၏ မွေးဘွားသကျရာဇ်ကို အဓိကအချက်အနေဖြင့် ထာရှိရလိမ့်မည်။ ၎င်းပြင် ဒုတိယစိတ်ဝင်စားသော စာချုပ်စာတမ်းမှာ၊ ပြည်မြို့အစိုးရအထက်တန်းကျောင်း၊ ကျောင်းဝင်ပုံစံတွင် မခင်ရဲတင့်၏ မွေးသကျရာဇ်မှာ ၁၉၄၈ ခု၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ဖြစ်နေသည်ကို တွေ့ရှိရသည်။ ၎င်းကျောင်းဝင်ပုံစံမှာ ဆိုခဲ့ပြီး

သည့်သက်သေခံ အက်ဥပဒေပုဒ်မ ၃၅ အရ၊ တရားဂင်သော အများနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းဖြစ်သည်။ ဤအကြောင်းနှင့်ပတ်သက်၍၊ **မောင်ဟုတ်ဆိုင်နှင့် မောင်အေးလှ** (၁) ကိုကြည့်ပါ။ ၎င်းပြင် တရားလိုဘက်က မခင်ရဲတင့်၏ဇာတာနှင့် အခြားဇာတာများကို တင်ပြထားသည်။ ၎င်းဇာတာများမှာ အများနှင့်သက်ဆိုင်သော စာချုပ်စာတမ်းများမဟုတ်ပေ။ ဇာတာများကို မည်သည့်အခါမဆိုပြုလုပ်၍ ရနိုင်ပေသည်။ ၎င်းပြင် အလှန်အနေးကြီးသည့် မခင်ရဲတင့်၏ မွေးဘွားလက်မှတ်ကို တရားလိုဘက်ကတင်မပြနိုင်ပေ။ ၎င်းပြင် ဆရာဝန်၏ထွက်ချက်ကိုလည်း အသေးစိတ်စစ်ဆေးရန်လိုအပ်သည်။ ဆရာဝန်သည် မခင်ရဲတင့်၏ အရပ်အမောင်းအလေးချိန်နှင့် ကိုယ်ခန္ဓာအစိတ်အပိုင်းများအပြင် သွားများကို ကြည့်ရှုစစ်ဆေးခဲ့မှုမက၊ ခေတ်မှီလောကဓါတ်နည်းဖြစ်သော ဓါတ်မှန်ရိုက်၍ စစ်ဆေးခဲ့လေသည်။ လောကဓါတ်နည်းဖြင့်စစ်ဆေးရာ၌ တွေ့ရှိရသည်မှာ မခင်ရဲတင့်၏အသက်သည် ၁၅ နှစ်နှင့် ၁၇ နှစ်အကြား ဖြစ်သည်ဆိုသော်လည်း၊ ၁၆ နှစ်နည်းနည်းကျော်ပြီဟု ထွက်ဆိုထားချက်ကို ထောက်ထားခြင်းအားဖြင့်၊ ထိုလောကဓါတ်နည်းနှင့်စစ်ဆေး၍ ရရှိသောအချက်အလက်တို့မှာ၊ ဆရာဝန်၏အကြံဉာဏ်ဖြစ်စေကာမူ တရားဝင်သော သက်သေခံတင်ပြချက်အကြောင်းအရာဖြစ်သည်ဟု၊ **နိုင်ငံတော်နှင့် ကျူတရပ်** (၂) တွင်၊ ထုံးဖွဲ့ထားသည်ကိုတွေ့ရှိရသည်။

ဤအမှုတခုလုံးကိုခြုံ၍ကြည့်သောအခါ တွေ့ရှိရသည်မှာ မခင်ရဲတင့် အသက်နှင့်ပတ်သက်၍၊ တရားလိုဘက်က တိကျပြတ်သားသော သက်သေခံချက်မရှိခေ။ တရားခံဘက်ကတင်ပြသော သက်သေခံစာ မှတ်တမ်းများနှင့် အမျိုးသားမှတ်ပုံတင်လက်မှတ်အပြင်၊ ဆရာဝန်၏ သက်သေထွက်ချက်များကို ထောက်ခံခြင်းအားဖြင့်၊ မခင်ရဲတင့်၏ အသက်သည် အချင်းဖြစ်စဉ်အခါက ၁၆ နှစ်ပြည့်ပြီးလည်းဖြစ်နိုင်သည်။ အစိုးရရှေ့နေကြီးတင်ပြသည့်အတိုင်း၊ မခင်ရဲတင့်၏အသက်သည် ထိုအချိန်အခါက အသက် ၁၆ နှစ်မပြည့်သေးလည်းဖြစ်နိုင်သည်။ ပြည့်ပြီးလည်းဖြစ်နိုင်သည်ဟုအမှုတွဲတွင် ပေါ်လွင်နေသောကြောင့်၊ ထိုအသက်နှင့်ပတ်သက်၍ ဒို့ဟာသံသယဖြစ်စရာ အကြောင်းပေါ် ပေါက်လာလေသည်။ ယင်းဒို့ဟာသံသယ၏ အကျိုးခံစားခွင့်ကို လျှောက်ထားသူ မောင်ကျော်ဆွေကသာလျှင် ခံစားရန်ရှိသည်။ **နိုင်ငံတော်နှင့် ဦးစမွပါလ** (၃) နှင့် **မောင်အောင်ပွင့်နှင့် နိုင်ငံတော်** အမှု (၄) တို့ကိုကြည့်ပါ။

---

(၁) ၁၉၄၀ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာမျက်နှာ ၄၈၁။

(၂) အိုင်-အယ်-အာရ် ၁၉၃၉၊ မဒရပ်၊ စာမျက်နှာ ၈၃၁။

(၃) ရန်ကုန်အတွဲ ၁၄၊ စာမျက်နှာ ၆၆၆။

(၄) ၁၉၄၇ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာမျက်နှာ ၅၀။

ခုဖြင့်

မောင်ကျော်ဆွေနှင့် ပြည်ထောင်စုမှန်မာနိုင်ငံ။

အထက်တွင်ဖေါ်ပြသော အကြောင်းအချက်အလက်များနှင့် ဥပဒေအကိုးအကားများအရ၊ ကျွန်ုပ်သည် ပညာရှိ အစိုးရရွေးနေကြီးနှင့် သဘောချင်းတူညီသည်။ အောက်ခံနှစ်ခုက မခင်ရဲတင့်၏ အသက်နှင့် ပတ်သက်၍ ချမှတ်သောအမိန့်မှာ အကြောင်းခြင်းရာအရသော်၎င်း၊ ဥပဒေအချက်အလက်များအရသော်၎င်း အလွန်မှားယွင်းနေ၍ တရားမျှတမှုကင်းမဲ့နေသည်ကို တွေ့ရှိရသဖြင့်၊ ကျွန်ုပ်အနေနှင့် လက်မခံနိုင်ဘဲ ပယ်ဖျက်လိုက်သည်။ သို့ဖြစ်၍၊ လျောက်ထားသူ မောင်ကျော်ဆွေအား ဤအမှုနှင့်ပတ်သက်သမျှ တရားသေလွတ်ရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

† ၁၉၆၆ မတ်လ ၁၂ ရက်။

မောင်ကျော်နု (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) *

ရာဇသတ်ကြီး ပုဒ်မ ၃၀၄၊ ခုခံကာကွယ်ပိုင်ခွင့်ရှိ မရှိ၊ ခုခံကာကွယ်ပိုင်ခွင့်ကို လိုသည်ထက်ပိုရှိအသုံးပြု မပြု။

ဆုံးဖြတ်ချက်။ ။သေသူသည် အယူခံတရားလိုအား အရှည် ၂ တောင်၊ လုံးပတ် တကျပ်ခန့် ရှိသော တုတ်နှင့်စတင်ပြီး ၂ ချက်၊ ၃ ချက်ရိုက်သောကြောင့်၊ အယူခံတရားလိုသည်ခုခံ ကာကွယ်ပိုင်ခွင့်ရှိသည်ဆိုခြင်းမှာ မငြင်းနိုင်။ သို့ရာတွင်အယူခံတရားလိုသည် သေသူအားခါးနှင့်အချက်ပေါင်း ၅ ချက်တိတိ ထိုးခဲ့ခြင်းဖြစ်၍၊ ၎င်းသည် ခုခံကာကွယ်ပိုင်ခွင့်ကို လိုသည်ထက်ပို၍ အသုံးပြုမိကြောင်း ပေါ် ပေါက်နေသည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံ အတွက်။ ။အစိုးရရှေ့နေကြီး ဦးသိန်းဟန်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံ တရားလိုအပေါ် ရာဇသတ်ပုဒ်မ ၃၀၄ **အရ၊** တသက်တကျွန်း အပြစ်ဒဏ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သော ကျောက်ဖြူမြို့၊ အထူး (ရာဘက်စက်ရှင်) တရားသူကြီး၏ စီရင်ချက်ကိုမကျေနပ်သဖြင့် အယူခံဝင်သော အမှုဖြစ်သည်။

အမှုဖြစ်ပါးပုံအတွေ့ပွတို့အကျဉ်းချုပ်မှာ လွန်ခဲ့သော ၁၃၂၆ ခုနှစ်၊နယုန်လပြည့်ကျော် ၁၄ ရက် (၈-၆-၆၄) နေ့ညနေ ၇ နာရီအခါခန့်တွင် ကျောက်ဖြူခရိုင်၊ အမ်းမြို့အပိုင်၊ လုပ်ရွာနေ မောင်ဘိုးအေးသည်၊ မောင်စံတင် (လိုပြ-၁၁) အိမ်တွင် နေထိုင်သည့် ကျောင်းဆရာ မောင်ကျော်အေး (လိုပြ-၆) ထံသို့သွား၏၊ မောင်ကျော်အေးထံသို့ မရောက်မီ အိမ်ရှေ့တွင် အယူခံတရားလိုနှင့် တွေ့ဆုံ၍ ၎င်းတို့နှစ်ဦးသည် ကျောင်းဆရာ

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၀၉။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်အထူးအမှုအမှတ် ၂၇ တွင်ချမှတ်သော ၁၉၆၅ ခုနှစ်၊ဖေဖော်ဝါရီလ ၂ ရက်နေ့စံပါ၊ ကျောက်ဖြူမြို့၊ အထူး (ရာဘက်စက်ရှင်) တရားသူကြီး၏ အမိန့်ကို အယူခံမှု။

မောင်ကျော်အေး၏ ကြက်ဥထမ်းကို သူကိုင်မည်၊ ငါကိုင်မည်ဆိုသော ကိစ္စနှင့်ပတ်သက်၍၊ စကားများ ရန်ဖြစ်ကြသည်။ ထိုအခါ ကျေးဆရာ မောင်ကျော်အေးကအိမ်ထဲမှ ထွက်လာပြီး ဖြန်ဖြေ၍ရန်မဲ့ ပြီးစီးသွား၏၊ ထို့နောက် ၎င်းဘို့နှစ်ဦးသည် အတူထွက်လာရာ၊ မောင်လူအောင် (လိုပြ-၁)၏ အိမ်ရှေ့သို့ ရောက်သောအခါ ထပ်မံ၍စကားများကြပြန်သည်၊ ထိုသို့စကားများနေသဖြင့် မောင်ဖြူ (လိုပြ-၇)က ၎င်းတို့နှစ်ဦးအား ရန်မဖြစ်ကြရန်ပြောဆိုပြီး အယူခံတရားလိုအား ၎င်း၏ထံသို့လာရန်ခေါ်လိုက်၏။ အယူခံတရားလိုသည် မောင်ဖြူအနီးသို့ ရောက်လာသောအခါ မောင်ဖြူက အရပ်ထဲမှာ ဆူဆူညံညံမသုပ်ရန် ပြောနေခိုက် မောင်ဘိုးအေးသည် အရှည် ၂ တောင်ခန့်ရှိသည့် တုတ်ကိုင်၍ပြေးလာပြီး၊ အယူခံ တရားလိုအား ၂ ချက်၊ ၃ ချက်ရိုက်သည်၊ ထိုအခါ အယူခံတရားလိုက မောင်ဘိုးအေးကို ပူးသတ်လေသည်။ ထိုကဲ့သို့လုံးထွေး သတ်ပုတ်နေကြစဉ် မောင်လူအောင်နှင့် မောင်ဖြူတို့က ဘော်ကြရန် ပြောသဖြင့် အယူခံတရားလိုသည် မြေကြီးပေါ်တွင်လဲနေသော မောင်ဘိုးအေးအား လက်ဆွဲတ်လိုက်မြီး ထွက်သွားလေသည်။ မောင်ဘိုးအေးက ၎င်းကိုအယူခံတရားလို ထိုးသွားကြောင်း ပြောသဖြင့် မောင်ဖြူနှင့် မောင်လူအောင်တို့က ကြည့်ရှုသောအခါ မောင်ဘိုးအေး၏ နောက်ကျောဘွင် ဒါးဒဏ်ရာ ၃ ချက်၊ နံဘေးဘွင် ၁ ချက်၊ ရင်ဘတ် ၁ ချက် ပေါင်း ဓါးဒဏ်ရာ ၅ ချက်ကို တွေ့ရလေသည်။

ချက်ခြင်းပင် ဆယ်အိမ်မှူး ဦးဘိုးမြိုင် (လိုပြ-၅)အား အကြောင်းကြားသဖြင့်၊ ဒဏ်ရာရသူ မောင်ဘိုးအေးကို ရဲဌာနဘဏ္ဍာသို့ ယူသွားရန် စီစဉ်သော်လည်း မောင်ဘိုးအေးမှာ အချင်းဖြစ်ပြီးနောက် ၁၅ မိနစ်အကြာ သေဆုံးသွားလေသည်၊ ထိုစဉ်က အမ်းမြို့ပြည်သူ့ဆေးရုံ၌ ဆေးဆရာဝန် မရှိသဖြင့် ဆေးစပ်ဆရာ ဦးဘတင် (လိုပြ-၈) က မောင်ဘိုးအေး၏အလောင်းကို ကြည့်ရှုသောအခါ လက်ဝဲဘက် နို့အုံတွင် ဓါးဒဏ်ရာ တချက်၊ လက်ဝဲလက်ပြင်တွင်တချက်၊ လက်ျာ လက်ပြင်တွင် တချက်၊ ကျောကုန်းတည့်ဘဏ္ဍာတွင် တချက်နှင့် လက်ဝဲဘက် လက်မောင်းဘွင် တချက်၊ ပေါင်း ဒဏ်ရာ ၅ ချက် တွေ့ရလေသည်။ ထိုဒဏ်ရာများ၏ အနေအထားအရဆိုလျှင် လက်ဝဲဘက် နို့အုံနှင့် လက်ဝဲဘက် လက်ပြင်တွင် ရရှိသော ဒဏ်ရာများမှာ မုချသေစေနိုင်သည့် ဒဏ်ရာများဖြစ်ကြောင်း ဆရာဝန် ဦးကျော်မင်း (လိုပြ-၁၀)က ထွက်ဆိုသွားလေသည်။

အထက်ပါ သက်သေထွက်ချက်များအရ၊ အယူခံ တရားလိုအပေါ် ရုံးကင်တရားစွဲဆိုရာ ၎င်းက အချင်းဖြစ်ညတွင် သေသူ မောင်ဘိုးအေးသည်၊ မိမိအား တုတ်နှင့်ရိုက်သောကြောင့် ထွက်ပြေးခဲ့ရကြောင်း၊ ဒဏ်ရာများကို မောင်မောင် (ခံပြ-၂)နှင့် မောင်သိန်း (ခံပြ-၃)တို့အား သွားရောက်ပြသနေစဉ် သေသူ မောင်ဘိုးအေး၏ ဆဲရေးသံများကို ကြားရပြီးနောက် မောင် ဘိုးအေး ဓါးနှင့်ထိုး ခံရကြောင်း သိရသည်

ဟု ထုချေခဲ့သည်၊ ထိုထုချေချက်ကို အောက်ရုံးပညာရှိ တရားသူကြီးက လက်မခံဘဲ အထက်တွင် ပေါ်ပြသည့်အတိုင်း အပြစ်ပေးခဲ့ခြင်း ဖြစ်ပေသည်။

ဤအမှုတွင် အယူခံ တရားလိုသည်၊ သေသူ မောင်ဘိုးအေး အား ဓါးနှင့် ထိုးသည်ကို တပ်အပ်မည်သူမျှ မြင်လိုက်ခြင်း မရှိသော်လည်း အယူခံ တရားလိုနှင့် သေသူ မောင်ဘိုးအေးတို့ ထွေးလုံး သတ်ပုတ်နေသည်ကို မောင်လူအောင်နှင့် မောင်ဖြူတို့က သေချာစွာ တွေ့မြင်လိုက်ရသည်၊ မောင်လူအောင်မှာ သေသူနှင့်သော်၎င်း၊ အယူခံ တရားလိုနှင့် သော်၎င်း၊ ဆွေမျိုးတော်စပ်ခြင်း မရှိ၍ မတရားထွက်ဆိုရန် အကြောင်း မရှိ၊ မောင်ဖြူမှာလည်း အယူခံတရားလိုနှင့် သေသူတို့၏ ဦးလေး ဖြစ်သောကြောင့် တဘက်သို့ပင်းပြီး ထွက်ဆိုရန် အကြောင်းမရှိ၊ အယူခံ တရားလိုနှင့် သေသူ မောင်ဘိုးအေးတို့ ထွေးလုံးသတ်ပုတ် နေကြသည်ကို ထိုစဉ်က မောင်ဖြူ၏ လက်နှိပ် ခါတ်မီးအရောင်ဖြင့် ကောင်းစွာ တွေ့မြင်ခဲ့ကြောင်း ပေါ်လွင်နေသည်၊ ယင်းသို့ ထွေးလုံး သတ်ပုတ်ကြပြီးနောက် အယူခံ တရားလိုသည် မြေကြီးပေါ် တွင် လဲနေသည့် သေသူ မောင်ဘိုးအေးအား လက်သတ်ကာ ထွက်သွားသည်နှင့် တပြိုင်နက်၊ မောင်ဘိုးအေးက ၎င်းကိုဓါးနှင့် ထိုးသွားကြောင်း ပြောဆို စုပ်စွဲခဲ့သည့်အပြင်၊ ထိုစဉ်က ၎င်းတို့နှစ်ဦး လုံးထွေးသတ်ပုတ်နေသည့် နေရာသို့ အခြားတစုံတယောက်သောသူမျှ လာရောက်ခြင်း မရှိသည့်အလျောက် သေသူ မောင်ဘိုးအေးတွင် ရရှိခဲ့သော ဓါးဒဏ်ရာများမှာ အယူခံ တရားလို၏ လက်ချက်ပင်ဖြစ်ကြောင်း ထင်ရှားသည်။ထို့ကြောင့် အယူခံတရားလိုသည် မောင်ဘိုးအေးအား ဓါးနှင့် ထိုးခဲ့သည်ဆိုသော အောက်ရုံး တရားသူကြီး၏ ကောက်ယူချက်မှာ မှန်ကန်သည်၊ ၎င်းပြင်တဝ၊ အယူခံတရားလိုသည် အချင်းဖြစ်ပြီးနောက် ၎င်း၏ဇနီးဖြစ်သူ အုကြည်အား "ငါတော့ ဘိုးအေးကို ဓါးနှင့် ထိုးခဲ့ပြီ၊ နင်မနေဝံ့ရင် နင့်အမေအိမ်သွားနေ" ဟုပြောသံကို ဒေါ်မသာ (လိုပြ-၃)က ကြားခဲ့သည့်အလျောက် မောင်ဘိုးအေးအား ဓါးနှင့်ထိုးသော လက်သည်မှာ အယူခံ တရားလိုပင်ဖြစ်ကြောင်း ယုံမှားဘွယ် မရှိနိုင်ချေ။

သိရှာတွင် အယူခံတရားလိုသည် မည်သည့် ပြစ်မှုကို ကျူးလွန်ခဲ့သည်ဆိုသော အချက်နှင့် ပတ်သက်၍မူ စဉ်းစားရန်လိုသည်။ ဤအမှု၌ သေသူမောင်ဘိုးအေးသည် အယူခံ တရားလိုအား အရှည် ၂ တောင်၊ လုံးပတ် တကျပ်ခန့်ရှိသော တုတ်နှင့် စတင်ပြီး ၂ ချက်၊ ၃ ချက်ရိုက်သောကြောင့် အယူခံတရားလိုသည် ခုခံကာကွယ်ပိုင်ခွင့် ရှိသည်ဆိုခြင်းမှာ မင်ငြင်းနိုင်၊ သို့ရာတွင် အယူခံတရားလိုသည် သေသူ မောင်ဘိုးအေးအား ဓါးနှင့်အချက်ပေါင်း ၅ ချက်တိတိ ထိုးခဲ့ခြင်းဖြစ်၍ ၎င်းသည် ခုခံကာကွယ်ပိုင်ခွင့်ကို လိုသည်ထက်ပို၍ အသုံးပြုမိကြောင်း ပေါ်ပေါက်နေသည်။ သို့ဖြစ်လေရာ ၎င်းအပေါ် ရာဇသတ်ပုဒ်မ ၃၀၄ အရ၊ အပြစ်ပေးထားသော အောက်ရုံး ပညာရှိ တရားသူကြီး၏

၃၉၆

မောင်ကျော်နှင့် ပြည်ထောင်စု ဖြစ်မသိုင်း။

အမိန့်မှာ မှန်ကန်သည်။ အပြစ်ဒဏ်နှင့် ပတ်သက်၍ သေသူ မောင်ဘိုးအေးသည် စတင်၍ရိုက်နှက်ပြီး ရန်ရှာသူ တယောက်ဖြစ်ရာ အယူခံ တရားလိုသည် ဒေါသ အလျောက် ပြန်လည်ခုခံရင်း ထိုးသတ်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်နေသည်၊ ထို့ကြောင့်၊ ၎င်းသည် ပြစ်ဒဏ်နှင့် ပတ်သက်၍ သက်ညှာမှုကို ရသင့်သည်ဟု ယူဆသည်။

အထက်ပါ အကြောင်းမျှားကြောင့် အယူခံ တရားလိုအပေါ် ဆုဇသတ်ပုဒ်မ ၃၀၄ အရ၊ အပြစ်ပေးထားသော အောက်ရုံး၏ အမိန့်ကို အတည်ပြုသော်လည်း ၎င်းအပေါ် တသက်တကျွန်းဒဏ် ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်ပြီး၊ ၎င်းအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် ပြင်ဆင်အမိန့် ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေရွှေတွင်

မောင်ကျော်လှ (အယူခံတရားလို) † ၁၉၆၆ ဧပြီလ ၉ ရက်။

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ) *

ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၂) အရ ပြစ်မှုထင်ရှားစီရင်ခြင်း—ဆရာဝန်၏ ထင်မြင်ချက်—အလေးပေးရှိ၅ာ်းစားရခြင်း—ထင်မြင်ယူဆချက်သည် ယုံကြည်စိတ်ချရသော မျက်မြင်သက်သေတို့၏ အမှန်တကယ် တွေ့မြင်ခဲ့ရသော ဖြစ်ရပ်အမှန်ကို လွှမ်းမိုးခြင်းပြုနိုင်မပြုနိုင်။

ဆုံးဖြတ်ချက်။ ။သေသူက စတင်၍ လှုံ့စွပ်ခါးနှင့် ထိုးသောကြောင့် အနီးရှိခါးမျှောင်ဖြင့် ပြန်လည်ထိုးခဲ့ရသည်ဆိုသော အယူခံတရားလို၏ ထုချေချက်ကို ဆရာဝန်က သွယ်ဝိုက်၍ထောက်ခံထားသဖြင့် လေးလေးနက်နက် စဉ်းစားရန် လိုပေသည်။ ဆရာဝန်က အယူခံတရားလို၏နောက်ကျော တွင် ရရှိခဲ့သော ဒဏ်ရာမှာ လှုံ့စွပ်ခါးဖြင့် ထိုးမှသာ ရမည်။ လှမ်းပေါက်၍ မရနိုင်ဟုထင်မြင်ချက် ပေးထား၏။ ဆရာဝန်တဦး၏ ထင်မြင်ချက်သည် ဒဏ်ရာအနေအထားကိုကြည့်လျှင် မည်သို့မည်ပုံ ရရှိခဲ့သည်။ မည်သည့်လက်နက်ကြောင့် ရရှိခဲ့သည်ဟု အတွေ့အကြုံများအရ၊ ကောက်ယူချက်သာ ဖြစ်သည်။ ၎င်း၏ ထင်မြင်ချက်ကို လက်ဗွေပါရဂူ၊ လက်နက်ပါရဂူ စသည့် ပါရဂူတို့၏ထင်မြင်ချက် များနည်းတူ အလေးပေး၍ စဉ်းစားရမည်ဆိုခြင်းမှာ မှန်၏။ သို့ရာတွင် ပုထုစဉ်တို့မည်သည် မမှား သောသူဟူ၍ မရှိနိုင်။ သို့ဖြစ်ရာ ဆရာဝန်၏ထင်မြင်ချက်သည် အခါခပ်သိမ်း မှန်ရမည်ဟုမဆိုနိုင်ပေ။ ဆရာဝန်၏ ထင်မြင်ယူဆချက်သည် ယုံကြည်စိတ်ချရသော မျက်မြင် သက်သေတို့၏အမှန်တကယ် တွေ့မြင်ခဲ့ရသော ဖြစ်ရပ်မှန်ကို လွှမ်းမိုးခြင်း မပြုနိုင်။ မျက်မြင်သက်သေတို့၏ ထွက်ချက်မှာစိတ်ချ ယုံကြည်ရပါမူ၊ ထိုထွက်ချက်များအား ဆန့်ကျင်နေသည့် ဆရာဝန်၏ ထင်မြင်ချက်အား ပယ်ရပေ မည်။

ဂူလမ်နှင့် နိုင်ငံတော်၊ အေ၊အိုင်၊ အာ(ရ)၊ ၁၉၅၀၊ လာဟို၊ စာမျက်နှာ ၁၄၉။

သာကူးနှင့် နိုင်ငံတော်၊ အေ၊အိုင်၊အာ(ရ)၊ ၁၉၅၅၊ အလာဟာဘတ်၊ စာမျက်နှာ ၁၈၉ တို့ကို ရည်ညွှန်းသည်။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှု အမှတ် ၃၇၄။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၈ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် နေ့စွဲပါ၊ တောင်ငူမြို့၊ အထူး (စက်ရွှင်) တရားသူကြီး၏အမိန့်ကို အယူခံမှု။

၁၉၆၆ အယူခံတရားလိုအတွက်။ ။

မောင်ကျော်လှနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။ အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးသိန်းဟန်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလိုအပေါ် ရာဇသတ်ပုဒ်မ ၃၀၂ (၂) အရ၊ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သော၊ တောင်ငူမြို့၊ အထူး (စက်ရှင်) တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သောကြောင့် အယူခံဝင်သောအမှုဖြစ်သည်။

အမှုဖြစ်ပွါးပုံ အကြောင်းခြင်းရာ အတိုချုပ်မှာ၊ လွန်ခဲ့သည့် ၁၃၂၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက် (၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့) နံနက် ၈ နာရီခန့်အချိန်တွင်၊ တောင်ငူခရိုင်၊ မြို့လှရဲစခန်းအပိုင်၊ ကျွန်းပင်စုရွာနေ သေသူ ကိုဦးသည် ၎င်း၏အိမ်ဦးခန်းတွင် ထိုင်၍ကွန်ထိုးနေသည်။ ဇနီးမအုံးခင် (လိုပြ-၁)က ခြေရင်းခန်း၌ ဆန်ပြာလျက်ရှိ၏။ ထိုအချိန်တွင် မအုံးခင်၏ယောင်းမဖြစ်သူ မအပျို (ခေါ်) မအေးပျို (လိုပြ-၂)သည် မအုံးခင်အိမ်သို့ ရောက်လာပြီး၊ ကိုဦးနှင့် မအုံးခင်တို့ကြားတွင်ထိုင်ကာ အထည်ထုတ်သည့်အကြောင်းပြောဆိုနေစဉ်၊ ကိုဦးနှင့် အိမ်နီးခြင်းဖြစ်သည့် အယူခံတရားလိုသည် ၎င်း၏ခြံမှထွက်လာပြီး၊ ကိုဦးအိမ်ပေါ် သို့ တက်လာလေသည်။ ကိုဦး၏အနီးသို့ရောက်သောအခါ၊ မည်သို့မျှပြောဆိုခြင်းမပြုဘဲ၊ ၎င်းထံ၌ပါလာသော ခါးစူးဖြင့်၊ ကိုဦးအား တချက်ထိုးကာ ပြန်လှည့်ပြီးထွက်ပြေးလေသည်။ ယင်းသို့ထလှည့်အပြေးတွင်ကိုဦးကအနီးရှိလှံစွပ်ခါးဖြင့်လှမ်းပေါက်လိုက်သဖြင့်၊အယူခံတရားလို၏နောက်ကျောဘဝ် စိုက်ဝင်သွားလေသည်။ အယူခံတရားလိုလည်း နောက်ကျောတွင် ခါးတန်းလန်းဖြင့်၊ ၎င်း၏အိမ်ဘက်သို့ ပြန်ပြေးသွား၏။ ကိုဦးသည် အယူခံတရားလို၏နောက်သို့ လှေကားရင်းအထိရောက်အောင် ဆင်းလိုက်သေး၏။ သို့ရာတွင် လှေကားရင်းရောက်ကာလ၊ ဆက်မလိုက်နိုင်တော့ဘဲ၊ မြေကြီးပေါ် ၌လဲသွားလေသည်။

ယင်းသို့ အခင်းဖြစ်ပွါးပုံ အလုံးစုံကို တွေ့မြင်ကြရသည့် မအုံးခင်နှင့် မအပျို တို့သည်၊ ကိုဦးအား အယူခံတရားလိုက ခါးနှင့်ထိုးသွားကြောင်း အော်ဟစ်အကူအညီတောင်းကြသဖြင့်၊ ရာအိမ်မှူး ကိုလွန်းမောင် (လိုပြ-၃) နှင့် အခြားရွာသားများလာရောက်ကြည့်ရှုသောအခါ၊ ကိုဦးမှာ ခါးဒဏ်ရာနှင့် စကားမေးမရဘဲရှိနေသည်ကို တွေ့ရှိရလေသည်။ ကိုလွန်းမောင်သည် ကိုဦးအိမ်သို့မရောက်မီ၊ ခါးမတချောင်းကိုင်လျက်ထွက်လာသည့် အယူခံတရားလိုအား ဆုံမိသဖြင့်၊ အယူခံတရားလို၏ဘခင် ဦးတင်

အိမ်သို့ပို့ခဲ့ပြီးမှ၊ ကိုဦးအိမ်သို့ သွားရောက်ကြည့်ရှုခဲ့ခြင်းဖြစ်ပေသည်။ ကိုလွန်းမောင်အား အယူခံတရားလိုက ၎င်းသည် ကိုဦးကို ခါးနှင့်ထိုးခဲ့ကြောင်း ပြောပြခဲ့၏။

ဒဏ်ရာရသည့် ကိုဦးနှင့် အယူခံတရားလိုတို့အား၊ မြို့လှရဲတပ်စခန်းသို့ သီးခြားထမ်းစင်များဖြင့် ယူလာရာ၊ လမ်း၌ ကိုဦးသေဆုံးသွားလေသည်။ အလောင်းအား စစ်ဆေးသည့် ဆရာဝန် ဦးကျော်ကျော် (လိုပြ-၅) က၊ ကိုဦး၏ ပဋ္ဌမနံရိုးကြားတွင် ခါးထိုးဒဏ်ရာတခုကိုတွေ့ရပြီး၊ ထိုဒဏ်ရာတွင်းမှ အရိုးမပါအသွားနှစ်ဘက်ရှိ ခါးမျှောင်တချောင်းရရှိကြောင်း။ ထိုဒဏ်ရာကြောင့် နှလုံးကိုထိသဖြင့် မုချသေစေမည့် ဒဏ်ရာတခုဖြစ်ကြောင်း ထွက်ဆိုသွား၏။

အထက်ပါ သက်သေအထောက်အထားများအရ၊ အယူခံတရားလိုအားရာဇသတ်ပုဒ်မ ၃၀၂ အရ တရားစွဲဆိုရာ၊ အခင်းဖြစ်နေ့က ၎င်းသည်ဇနီးမမြ (ခံပြ-၂) နှင့်အတူ၊ မြက်ရိတ်ရန်အတွက်လာစဉ်၊ ကိုဦးကခေါ်သဖြင့်၊ ၎င်းတယောက်တည်း ကိုဦးအိမ်သို့ ဝင်သွားကြောင်း၊ ကိုဦးအနီးတွင် ထိုင်မိသောအခါ၊ ကိုဦးကလှံစွပ်ခါးနှင့်ထိုးလိုက်၍၊ ကြောက်အားလန့်အားနှင့် အနီးရှိခါးကိုကောက်ကာ ထိုးလိုက်မိကြောင်း၊ ထုချေသော်လည်း၊ ပညာရှိ အောက်ရုံးတရားသူကြီးက ၎င်း၏ထုချေချက်ကို လက်မခံဘဲ၊ အထက်ဌာနေါ်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်းဖြစ်သည်။

ယခုအမှုတွင် အယူခံတရားလို၏ နောက်ကျောဘက်လှံစွပ်ခါးဒဏ်ရာ ရခဲ့သည်ဆိုသော အချက်မှာ၊ အငြင်းမပွါးသော အချက်ဖြစ်သည်။ ထိုကဲ့သို့ ဒဏ်ရာရရှိခဲ့ခြင်းနှင့် ပတ်သက်၍၊ အယူခံတရားလိုသည် ကိုဦးအားစတင်၍ ခါးနှင့်ထိုးပြီး လှည့်အပြေးတွင်၊ ကိုဦးက လှံစွပ်ခါးဖြင့် ပစ်လိုက်သောကြောင့် ရရှိခဲ့ခြင်းဖြစ်သည်ဟု တရားလို အစိုးရဘက်မှ တင်ပြခဲ့၏။ အယူခံတရားလိုကမူ မိမိအား ကိုဦးက စတင်၍ လှံစွပ်ခါးနှင့် နောက်ကျောကို ထိုးသောကြောင့် ပြန်လည်ခုခံရင်း အနီးရှိတွေ့ရာခါးဖြင့် ထိုးခဲ့ရကြောင်း ထုချေခဲ့လေသည်။ သို့ဖြစ်၍ နှစ်ဘက်တင်ပြချက်များအနက်၊ မည်သည့်တင်ပြချက်သည် မှန်ကန်သောတင်ပြချက်ဖြစ်သည်ဟု ဝေဖန်ဆန်းစစ်ရန် လိုပေသည်။

တရားလိုအစိုးရဘက်မှ တင်ပြချက်နှင့် ပတ်သက်၍၊ မျက်မြင်သက်သေများဖြစ်ကြသည့် မအုံးခင်နှင့် မအပျိုတို့က၊ အယူခံတရားလိုသည် အိမ်ပေါ်သို့တက်လာပြီး ထိုင်၍ကွန်ထိုးနေသော ကိုဦးအား တစုံတရာပြောဆိုခြင်းမပြုဘဲ၊ ခါးနှင့်ထိုးကြောင်း၊ ယင်းတို့ထိုးပြီးလှည့်အပြေးတွင်၊ ကိုဦးကအနီးရှိ လှံစွပ်ခါးနှင့် ကောက်ပစ်လိုက်ရာ၊ အယူခံတရားလို၏ နောက်ကျောတွင် စိုက်ဝင်သွားကြောင်း၊ တိကျစွာထွက်ဆိုသွားကြသည်။ ၎င်းတို့သည် အယူခံတရားလိုအပေါ် မဟုတ်မတရားထွက်ဆိုကြရန် အကြောင်းမရှိပေ။ အယူခံတရားလိုက အခင်းဖြစ်ပွါးသော အချိန်တွင် ကိုဦးအိမ်၌ ကိုဦးတယောက်သာရှိပြီး၊ အခြားမည်သူမျှမရှိဟု ဆိုသော်လည်း၊ အခင်းဖြစ်ပွါး

ပြီးနောက် ချက်ချင်းပင် အမျိုးသမီးများ၏ အော်ဟစ်သံများကို ကြားရကြောင်း ကိုလွန်းမောင်က ထွက်ဆိုသွားသောကြောင့် အယူခံတရားလို၏ ငြင်းဆိုချက်မှာ မှန်ကန်ခြင်းမရှိဘဲ မအုံးခင်နှင့် မအပျိုတို့၏ ထွက်ချက်များမှာ မှန်ကန်ကြောင်း တွေ့ မြင်နိုင်ပေသည်။

သို့ရာတွင် ကိုဦးက စတင်၍ လုံစွပ်မားနှင့် ထိုးသောကြောင့် အနီးရှိ မားမြောင်ဖြင့် ပြန်လည် ထိုးခဲ့ရသည်ဆိုသော အယူခံတရားလို၏ ထုချေချက်ကို ဆရာဝန် ဦးကျော်ကျော်က သွယ်ဝိုက်၍ ထောက်ခံထားသဖြင့် လေးလေးနက်နက် စဉ်းစားရန် လိုပေသည်။ ဆရာဝန်က အယူခံတရားလို၏ နောက်ကျောတွင် ရရှိခဲ့သော ဒဏ်ရာမှာ လုံစွပ်မားဖြင့် ထိုးမှသာ ရမည်။ လှမ်းပေါက်၍ မရနိုင်ဟု ထင်မြင်ချက် ပေးထား၏။ ဆရာဝန်တစ်ဦး၏ ထင်မြင်ချက်သည် ဒဏ်ရာအနေအထားကို ကြည့်လျက် မည်သို့မည်ပုံ ရရှိခဲ့သည်၊ မည်သည့်လက်နက်ကြောင့် ရရှိခဲ့သည်ဟု အတွေ့အကြုံများ အရ ကောက်ယူချက်သာ ဖြစ်သည်။ ၎င်း၏ ထင်မြင်ချက်ကို လက်ဖွေပါရဂူ၊ လက်နက်ပါရဂူ စသည့် ပါရဂူတို့၏ ထင်မြင်ချက်များနည်းတူ အလေးပေး၍ စဉ်းစားရမည်ဆိုခြင်းမှာ မှန်၏။ သို့ရာတွင် ပုထုဇဉ်တို့ မည်သည် မမှားသောသူဟူ၍ မရှိနိုင်။ သို့ဖြစ်ရာ ဆရာဝန်၏ ထင်မြင်ချက် သည် အခါခပ်သိမ်း မှန်ရမည်ဟု မဆိုနိုင်ပေ။ ဆရာဝန်၏ ထင်မြင်ယူဆချက်သည် ယုံကြည်စိတ်ချရသော မျက်မြင်သက်သေတို့၏ အမှန်တကယ်တွေ့ မြင်ခဲ့ရသော ဖြစ်ရပ်အမှန်ကို လွှမ်းမိုးခြင်းမပြုနိုင်။ မျက်မြင်သက်သေတို့၏ ထွက်ချက်မှာ စိတ်ချယုံကြည်ရပါမူ ထိုထွက်ချက်များအား ဆန့်ကျင်နေသည့် ဆရာဝန်၏ ထင်မြင်ချက်အား ပယ်ရပေမည်။ **ဂူလမ်** နှင့် **နိုင်ငံတော်** (၁) အပြင် **သာကူး** နှင့် **နိုင်ငံတော်** (၂) အမှုများကို ကြည့်ပါ။

ယခုအမှုတွင် သေသူ ကိုဦးသည် ဒဏ်ရာရပြီးနောက် ထိုင်ရာမှ ထကာ လှေကားမှ မြေကြီးအရောက် အကူအညီမဲ့ ဆင်းလာနိုင်ပြီး လှေကားရင်း ရောက်မှ လဲသွားကြောင်း ပေါ်လွင်လျက်ရှိသော်လည်း ဆရာဝန်က ကိုဦးသည် ရရှိခဲ့သော ဒဏ်ရာအရဆိုလျှင် ဒဏ်ရာအရ တစ်မိနစ်၊ နှစ်မိနစ်အတွင်း သေမည်။ အနည်း အကျဉ်းမျှပင် လမ်းလျှောက်နိုင်လိမ့်မည် မဟုတ်ဟု ထင်မြင်ချက် ပေးခဲ့ သောကြောင့် ၎င်း၏ ထင်မြင်ချက်သည် တကယ့်ဖြစ်ရပ်နှင့် ကိုက်ညီခြင်းမရှိဘဲ ကွဲလွဲကြောင်း ထင်ရှားသည်။ ထို့ပြင် ဤအမှုမှာ ဆရာဝန်သည် လုပ်သက်လေးနှစ်သာ ရှိသေးသဖြင့် အတွေ့အကြုံများစွာ ရှိသေးဟန် မတူပေ။ သေသူ ကိုဦးက လှမ်းပေါက်လိုက်၍ လုံစွပ်မားသည် အယူခံတရားလို၏ နောက်ကျောတွင် ကိုင်၍ ထိုး လိုက် သည့် အ တိုင်း အခန့်သင့် စူး ဝင် သွား သည်ဆို ခြင်း မှာ

(၁) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၅၀၊ လာဟို ၁၄၉။
(၂) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၅၅၊ အလာဟာဘတ် ၁၀၉။

သဘာဝအရ မဖြစ်နိုင်ဟုဆိုရန် ခဲယဉ်းသည်။ သို့ဖြစ်၍ မျက်မြင်သက်သေများဖြစ်ကြသည့် မအုံးခင်နှင့် မအပျိုတို့၏ ထွက်ချက်များနှင့် ဖိလာဖြစ်နေသော ဆရာဝန်၏ ထင်မြင်ချက်ကို လက်ခံရန်အကြောင်းမရှိပေ။

အထက်ပါ အကြောင်းရပ်များကြောင့်၊ အယူခံတရားလိုသည်ရာဇသတ်ပုဒ်မ ၃၀၂ (၂) အရ၊ အပြစ်ရှိသည်ဆိုသော၊ အောက်ရုံး၏ ကောက်ယူချက်မှာ မှန်ကန်သည်ဟု ယူဆရမည်။ ၎င်းအပေါ် ချမှတ်ခဲ့သော အပြစ်ဒဏ်မှ လည်း ကြီးလေးသည်ဟု မဆိုနိုင်၍၊ ၎င်း၏အယူခံကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေရွှေတွင်

† ၁၉၆၆ မတ်လ ၁ ရက်။

မောင်ကြီးလှိုင် (ခေါ်) မောင်အောင်သိန်း (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ချမှတ်ပြီး စီရင်ချက်—ရာဇဝတ်တရားသူကြီးတွင်ပြင်ဆင်ပြောင်းလဲရန်အာဏာရှိ မရှိ—အမှားကို ပြင်ဆင်ရန် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၀ အရအစေးယူခြင်း။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်တရားသူကြီးသည် စီရင်ချက် ချမှတ်ပြီးနောက်၊ ထိုစီရင်ချက်ကို ပြင်ဆင်ပြောင်းလဲရန် အာဏာမရှိ။ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၃၉၆ အရ၊စကားလုံးမပြင်သည့်အသေးအမွှားကိစ္စမှအပ အခြားပြင်ဆင် ပြောင်းလဲခြင်း မပြုနိုင်။ ယင်းသို့ ပြင်ဆင်ပြောင်းလဲခြင်းပြုလုပ်ခဲ့ပါက ထိုပြင်ဆင်ချက် အမိန့်မှာ လုံးဝတရားမဝင်ပေ။

တရားသူကြီးတဦးသည် တရားဥပဒေနှင့် ဆန့်ကျင်သော အမိန့်တစုံတခုကို ချမှတ်ပြီးနောက်၊ မိမိအမှားကို သိရှိလာသောအခါ ထိုအမှားကို မိမိကိုယ်တိုင် မပြင်ဆင်ရ။ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၀ အရ တရားရုံးချုပ်သို့ အစီရင်ခံရမည်။

အစီရိမ်ဂျာလောရင်နှင့် နိုင်ငံစောဘော်၊ အေးအိုင်၊အာ(ရှ်)၊ ၁၉၃၃၊ ပရိဗီကောင်စီ၊ ၂၁၀။

နိုင်ငံတော်နှင့် မောင်ချို၊ အောက်မြန်မာပြည် စီရင်ထုံး အတွဲ ၂၊ စာမျက်နှာ ၄၃ ထို့ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးနှစ်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံ တရားလိုအပေါ် ရာဇသတ်ပုဒ်မ ၃၉၆ စွဲချက်အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်၊ ရာဇသတ်ပုဒ်မ ၄၃၆/၃၄ စွဲချက်အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၃ နှစ် တပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သော ဟင်္သာတမြို့၊ ပဌမအထူး (စက်ရှင်) တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်သော အမှုဖြစ်လေသည်။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှု အမှတ် ၄၄။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၃ တွင် ချမှတ်သော ၁၉၆၄ ခုနှစ်၊ဒီဇင်ဘာလ ၇ ရက်နေ့စွဲပါ၊ ဟင်္သာတမြို့၊ ပဌမအထူး (စက်ရှင်) တရားသူကြီး၏အမိန့်ကိုအယူခံမှု။

အမှုဖြစ်ပွါးပုံ အတ္ထုပ္ပတ္တိအကျဉ်းချုပ်မှာ လွန်ခဲ့သည့် ၁၃၂၃ ခုနှစ်၊နတ်တော်လပြည့် (၁၉၆၁ ခု၊ နိုဝင်ဘာလ ၂၂ ရက်) နေ့ ညသန်းခေါင်ကျော် နံနက် ၄ နာရီခန့် အချိန်တွင် ဟသံတခရိုင်၊ ကျားချောင်း ရဲစခန်းအပိုင် သက္ကယ်ပြင်ရွာသို့ ရောင်စုံသောင်းကျန်းသူ ၄၀၀ ခန့် ဝင်စီးရာ ရဲအုပ် ဦးစိန်ထွန်း (လိုပြ-၁) ဦးစီးသော ရဲအဖွဲ့ဝင် ၂၀ ခန့်နှင့် ဦးကျော်ဦး (လိုပြ-၁၁)ခေါင်းဆောင်သည့် ကာကွယ်ရေးအဖွဲ့ဝင် ၁၅ ဦးတို့က ရွှမ်းရွှမ်းချွဲ ချွဲ ခုခံတိုက်ခိုက်ကြသော်လည်း လူအင်အားခြင်းမမျှသဖြင့် အစိုးရဘက်မှ နောက်ဆုတ် ပေးလိုက်ရသေးသည်၊ တိုက်ပွဲတွင် ရဲသား မောင်သုရွှေနှင့် မောင်ကျင်ဆိုင် (ခေါ်) ကြီးဉာဏ် ကျဆုံးပြီး ရဲသား မောင်သိန်းမြင့် (လိုပြ-၆)၊ မောင်လှတင် (လိုပြ-၉)နှင့် မောင်တင်ညွန့် (လိုပြ-၁၀)တို့ ဒဏ်ရာရကြသည်။ အရပ်သားထဲမှ ဒေါ်တင်ဆိုသူမှာ သေနတ်မှန်ပြီးသေဆုံး၏၊ သောင်းကျန်းသူများက ဦးစိန်ထွန်း၏အိမ်၊ ဦးစိန်ထွန်း၏မိခင် ဒေါ်နှင်းဆိ၏အိမ်နှင့် ဦးကျော်ဦးတို့၏ အိမ်များကို မီးတင်ရှို့လိုက်ပြီး ရဲနှင့် ကာကွယ်ရေး အဖွဲ့ပိုင် ဘရင်းသေနတ်တာယက်၊ ကျည်ကပ် ၄ ကပ်၊ ရိုင်ဖယ်သေနတ် ၁၈ လက်၊ ခြောက်သုံးပြူးသေနတ် တာယက်နှင့် ယမ်းတောင့် ၁၂ တောင့်ကိုလုယူလိုက်လေသည်။ နံနက် ၁၁ နာရီခန့်အချိန်တွင် ရွာဘုန်းကြီးကျောင်းသို့ ကျေးရွာလူထုအား ဆင့်ခေါ်၍ တရားဟောပြီးလျှင် သောင်းကျန်းသူများသည် ထွက်ခွါသွားကြသည်။

သောင်းကျန်းသူများသည် ရဲသားများ ဖြစ်ကြသည့် မောင်သိန်းမြင့်၊ မောင်မုံ (လိုပြ-၇)၊ မောင်တင်ညွန့်နှင့် မောင်သန်းမောင် တို့ကိုငင်း၊ ကာကွယ်ရေး အဖွဲ့ဝင်များ ဖြစ်ကြသည့် မောင်အံ့ (လိုပြ-၂)၊မောင်ဟံရှိန် (လိုပြ-၃)၊ မောင်ခင်မြင့် (လိုပြ-၄) နှင့် မောင်သန်း (လိုပြ-၅)တို့ကိုငင်း ဘမ်းဆီး၍ ခေါ် သွားရာ ပေါ် သစ်ရွာရောက်ကာလ ရဲသား ၄ ဦးကို ပြန်လွှတ်လိုက်လေသည်၊ ကာကွယ်ရေး အဖွဲ့ဝင် ၄ ဦးကိုမူ တိုက်ပွဲတွင် ကျဆုံးသွားသည့် သောင်းကျန်းသူများ အလောင်းကို သဖန်းပင်ရွာအထိ ထမ်းပို့ခိုင်းပြီး သဖန်းပင်ရွာမှ ပြန်လွှတ်လိုက်၏။

ယင်းသို့ ပစ္စည်းသုံ၍ လူသတ်ပြီးလူနေအိမ်များကို မီးရှို့ သွားသော သောင်းကျန်းသူများထဲတွင် အယူခံတရားလိုပါကြောင်း တွေ့မြင် မှတ်မိလိုက်သော သူများမှာ မောင်အံ့၊ မောင်ဟံရှိန်၊ မောင်ခင်မြင့်၊ မောင်သိန်း၊ မောင်သိန်းမြင့်၊ မောင်မုံ၊ မောင်အောင်မြင့်၊ မောင်လှတင်၊ မောင်တင်ညွန့်၊ ဦးကျော်ဦး နှင့် မောင်ငြိမ်းမောင်၊ (လိုပြ-၁၂)တို့ ဖြစ်လေသည်။ ၎င်းတို့သည် တိုက်ပွဲတွင်ပါဝင် ဆင်နွှဲခဲ့ကြသူများဖြစ်ပြီး အယူခံ တရားလိုသည် ၎င်းတို့၏ရွာသူ တဦးဖြစ်သည့် မတင်ကြည် ဆိုသူနှင့် အိမ်ထောင်ကျဘူးသဖြင့် ကောင်းစွာ သိရှိနေသည့် အလျောက် တွေ့မြင်မှတ်မိလိုက်ခြင်းဖြစ်ပေသည်။

၁၉၆၆

မောင်ကြီးလှိုင် (ခေါ်) မောင်အောင်သိန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

အယူခံ တရားလိုက မိမိသည် သောင်းကျန်းသူများနှင့် ထိုစဉ်က လိုက်ပါခဲ့သော်လည်း လူများကိုထိအောင် သေနတ်နှင့် မပစ်ခဲ့ရကြောင်း၊ အိမ်များကို မီးရှို့ ဆုတ်ခွာလည်း မပါကြောင်း၊ အောက်ရုံး၌ ထုချေခဲ့သဖြင့် ပညာရှိအောက်ရုံး တရားသူကြီးက ၎င်းအပေါ် တရားစွဲဆိုသည့်အတိုင်း ပြစ်မှု ထင်ရှားသည်ဟု ကောက်ယူခဲ့လေသည်၊ အယူခံတရားလိုက ၎င်းအား သောင်းကျန်းသူများက အတင်းအကြပ်ခေါ်၍ အသက်ဘေးအတွက် လိုက်ခဲ့ရကြောင်း၊ အယူခံလွှာတွင် ဖေါ်ပြခဲ့၏၊ သို့ဆုတ်ခွာ တရားလို အစိုးရသက်သေများ၏ ထွက်ဆိုချက်အရ အယူခံတရားလိုသည် အခင်းဖြစ်နေ့က၊ သေနတ်သက်နက်ကို ကိုင်စွဲလျက် လွတ်လပ်စွာ သွားလာနေကြောင်း ပေါ်လွင်သဖြင့် သူပုန်မှုများအား ကြောက်၍၌၍ မလိုက်ချင်ဘဲ လိုက်လာရသည်ဆိုသော တင်ပြချက်မှာ ယုတ္တိမရှိ၊ သို့ဖြစ်ရာ အယူခံတရားလိုသည် ရာဇသတ်ပုဒ်မ ၃၉၆ နှင့် ၎၇၆/၃၄ အရ၊ အပြစ်ရှိသည်ဆိုသော အောက်ရုံး၏ ကောက်ယူချက်မှာ မှန်ကန်သည်။

သို့ရာတွင် အောက်ရုံးမှ ချမှတ်ခဲ့သည့် အပြစ်ဒဏ်နှင့် ပတ်သက်၍ အနည်းငယ် ဝေဖန်ရန် လိုပေသည်။ ပညာရှိအောက်ရုံး တရားသူကြီးသည် သက်သေများကိုစစ်ဆေးပြီးနောက်၊ ၁၉၆၄ ခု၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် စီရင်ချက် ချမှတ်လိုက်၏၊ ထိုစီရင်ချက်တွင် စွဲချက်နှစ်ရပ်လုံးအတွက် တသက်တကျွန်း အပြစ်ဒဏ်အသီးသီး သတ်မှတ်ခဲ့လေသည်၊ အယူခံတရားလို ကျူးလွန်သည့် ပြစ်မှုများမှာ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကြီး ထုတ်ပြန်ခဲ့သည့် ၁၉၆၃ ခုနှစ်၊ အထွေထွေ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်တွင် အကျုံးဝင်နေသည်ကို ပညာရှိအောက်ရုံး တရားသူကြီးသည် ထိုစဉ်က သတိမမိဟန် မတူပေ၊ ယင်းသို့ စီရင်ချက် ချမှတ်ပြီးနောက် ၇ ရက် ကြာသောအခါ ပညာရှိအောက်ရုံး တရားသူကြီးသည် မိမိ၏အမှားကို သိရှိသဖြင့် နောက်ဆက်တွဲအမိန့်တခု ချမှတ်လိုက်၏၊ ထို့နောက်ဆက်တွဲ အမိန့်ဖြင့် မူလက ချမှတ်ခဲ့သော အပြစ်ဒဏ်များကို ပယ်ဖျက်ကာ၊ ရာဇသတ်ပုဒ်မ ၃၉၆ အရ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်၊ ရာဇသတ်ပုဒ်မ ၎၇၆/၃၄ အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၃ နှစ် ကျခံစေရန် ပြင်ဆင်လိုက်လေသည်။

ရာဇဝတ်တရားသူကြီးသည် စီရင်ချက် ချမှတ်ပြီးနောက် ထိုစီရင်ချက်ကို ပြင်ဆင်ပြောင်းလဲရန် အာဏာမရှိ၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၃၆၉ အရ စကားလုံးပြင်သည့် အသေးအမွှား ကိစ္စမှအပ အခြားပြင်ဆင် ပြောင်းလဲခြင်း မပြုနိုင်ချေ၊ ယင်းသို့ ပြင်ဆင်ပြောင်းလဲခြင်း ပြုလုပ်ခဲ့ပါက ထိုပြင်ဆင်ချက် အမိန့်မှာ လုံးဝတရားမဝင်ပေ၊ **အစီရိမ်ကျော်လောရင်နှင့် နိုင်ငံတော်** (၁) အကယ်၍ တရားသူကြီး တဦးသည် တရားဥပဒေနှင့်ဆန့်ကျင်သော အမိန့်တစုံတခုကို ချမှတ်ပြီးနောက် မိမိ၏အမှားကို သိရှိလာသော အခါ ထိုအမှားကို မိမိကိုယ်တိုင် မပြင်ဆင်ရ၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၎၃၈ အရ၊

(၁) အေးဆိုင်၊အာ (ရှ်)၊ ၁၉၃၃၊ ပရီဗီကောင်စီ၊ ၂၁၈။

တရားရုံးချုပ်သို့ အစီရင်ခံရမည်၊ တရားရုံးချုပ်မှ ထိုအမှုကို ပြင်ဆင်ပေးလိမ့်မည် ဖြစ်သည်၊ **နိုင်ငံတော်နှင့် မောင်ချို** (၁)။

ထို့ကြောင့် ဤအမှုတွင်ပညာရှိ အောက်ရုံး တရားသူကြီး၏ နောက်ဆက်တွဲအမိန့်မှာ လုံးဝဘရားမဝင်ပေ၊ နောက်ဆက်တွဲ အမိန့်သည် တရားမဝင်သဖြင့် မူလအမိန့်မှာ အဘယ်ဖြစ်သည်ဟု မဆိုလို၊ သို့ရာတွင် အထက်၌ ဖော်ပြခဲ့သည့်အတိုင်း အယူခံတရားလိုသည် ရာဇသတ်ပုဒ်မ ၃၉၆ အရဂင်း၊ ပုဒ်မ ၄၃၆/၃၄ အရဂင်း ပြစ်မှုကျူးလွန်ခဲ့ကြောင်း သက်သေအထောက်အထား ခိုင်လုံနေသောကြောင့် အယူခံ တရားလိုအား အသစ်တဖန် ပြန်လည်စစ်ဆေးရန် မလိုအပ်တော့ပေ၊ ဤအမှုမှာ နစ်နာသူ ဦးစိန်ထွန်းက မိမိကိုယ်တိုင် နစ်နာသူအဖြစ်ဂင်း၊ သား မောင်လှရွှေနှင့် နှမ ဒေါ်တင့်တို့ သေဆုံးသဖြင့် နစ်နာသူ ဦးကျော်ဦး၏ ကိုယ်စားအဖြစ်ဂင်း တိုင်တန်းခဲ့သည့် အမှုဖြစ်သည့် အလျောက် အယူခံတရားလိုအပေါ် လုံးဝလွတ်ငြိမ်း ချမ်းသာခွင့်မပေးနိုင်သည့် အလျောက် တရားမျှတမှုကို ရှေ့ရှုကာ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၂၃ (၁)နှင့် ၅၆၁ (က) တို့ဘွင် အပ်နှင်းထားသည့် အာဏာများကို သုံးစွဲလျက် အယူခံတရားလို အား ရာဇသတ်ပုဒ်မ ၃၉၆ စွဲချက်အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်၊ ရာဇသတ်ပုဒ်မ ၄၃၆/၃၄ စွဲချက်အရအလုပ်ကြမ်းနှင့်ထောင်ဒဏ် ၃ နှစ်၊ ထိုအပြစ်ဒဏ်နှစ်ရပ်စလုံးကိုတပြိုင်တည်း ကျခံစေရန် ပြင်ဆင်သတ်မှတ်လိုက်ကာ အယူခံလွှာကို ပလပ်လိုက်သည်။ အောက်ရုံးမှ ထုတ်ပေးခဲ့သော ထောင်ဝရမ်းမှာ ထိုအတိုင်းပင်ဖြစ်၍ နောက်ထပ် ထောင်ဝရမ်းအသစ် ထုတ်ပေးရန် မလိုတော့ပေ။

---

(၁) အောက်မြန်မာပြည် စီရင်ထုံး အတွဲ ၂၊ စာ ၄၃။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးချစ်ရှေတွင်

† ၁၉၆၆ မတ်လ ၁၉ ရက်။

မောင်ခွေး (ခေါ်) မောင်ထွန်းကြည် (ခေါ်) အရိုးတောင် (အယူခံ တရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) *

မိမိကိုယ်ကို မိမိကာကွယ် ခုခံပိုင်ခွင့်—သေသူက ဓါးနှင့်လှမ်းခုတ်ရာတင်ပါးထိသွားခြင်း—ရန်မဖူနိုင် အောင်တချက်တည်းဓါးဖြင့်ရမ်းရှဲထိုးလိုက်ခြင်း—ရာဇသတ်ကြီး ပုဒ်မ ၉၇ အရ ခုခံပိုင်ခွင့်ရှိမရှိ။

ဆုံးဖြတ်ချက်။ ။ရွာသို့ ပြန်ဝင်လာရာတွင် ရွာမရောက်မီအယူခံတရားလိုကရွှေက သေသူက နောက်လာကြရာတွင်၊ သေသူသည် အရက်အမူး မပြေသေးပေ။ သေသူသည် လက်တွင်ကိုင်ထား သောဓါးနှင့် အယူခံတရားလိုကို လှမ်းရှဲခုတ်ရာ တင်ပါး၌ ထိသွားသည်။ အယူခံတရားလိုကနောက် ထပ် ခုတ်မည်စိုးသဖြင့် ရန်မူသော သေသူကို ရန်မဖူနိုင်အောင် တချက်တည်း ဓါးဖြင့်ရမ်းရှဲထိုးလိုက် ရာ၌ သေသူ၏ရင်ဘတ်၌ ထိသွားသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းမှာမိမိကိုယ်ကို မိမိကာကွယ်ခုခံပိုင်ခွင့် အရ ပြုလုပ်ခြင်းဖြစ်သည်ဟု ယူဆရန်အကြောင်းရှိသည်။ ထိုကြောင့်ရာဇသတ်ကြီး ပုဒ်မ ၉၇ အရ မိမိကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့်အရ ပြုလုပ်ခြင်းသည် ပြစ်မှုမမြောက်။

မောင်ကတုံး (ဂမုံး) နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံတော်၊** ၁၉၄၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး များ၊ စာမျက်နှာ ၆၆၁ ကိုရည်ညွှန်းသည်။

အယူခံတရားလိုအတွက် ။ ။

အယူခံတရားခံအတွက် ။ ။အစိုးရခရွှေနကြီး ဦးနှစ်။

တရားသူကြီး ဦးချစ်။ ။ပျဉ်းမနားမြို့၊ အထူးတရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၄၄ တွင်၊ အယူခံတရားလို မောင်ခွေး (ခေါ်) မောင်ထွန်းကြည် (ခေါ်) အရိုးတောင်အပေါ်၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ၊ ပြစ်မှုမြောက်သည်ကို တွေ့ရှိရသဖြင့်၊ ငွေးအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂ နှစ် ကျခံစေရန် အမိန့်ချ မှတ်ခဲ့လေသည်။ ထိုအမိန့်ကို အယူခံ တရားလိုက မကျေနပ်သဖြင့်၊ ဤရုံးသို့ အယူခံ ဝင်ခြင်းဖြစ်သည်။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၄၀၄။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၄၄ တွင်ချမှတ်သော ၁၉၆၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့စွဲပါ၊ ပျဉ်းမနားမြို့၊ အထူးတရားသူကြီး၏အမိန့်ကို အယူခံမှု။

၁၉၆၆

မောင်ခွေး (ခေါ်) မောင်ထွန်းကြည် (ခေါ်) အရိုး ထောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ရမည်းသင်းမြို့နယ်၊ တောင်ညို ပြည်သူ့ရဲစခန်းအပိုင်တွင်၊ ရွာသာရွာဌာ ၁၉၆၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့နံနက် ၇ နာရီခွဲအချိန်လောက်တွင် သေသူ မောင်တင်မောင် သည် ၎င်း၏နေထိုင်သော အိမ်၌ ဝက်သားဟင်းချက်၍ အရက်နှင့် သောက်နေသည်။ ထိုကဲ့သို့သောက်စားနေရာတွင် အယူခံတရားလို မောင်ခွေးနှင့် မောင်ညီဆောင်ဆိုသူတို့ လည်း ပါဝင်ကြသည်။ မောင်စိန်ဆိုသူလည်း ရောက်ရှိလာပြီး ဝိုင်း၍ သောက်စားကြ သည်။ ထိုကဲ့သို့ သောက်စားကြပြီးနောက်၊ မွန်းလွဲ ၃ နာရီအချိန်လောက်တွင်၊ အယူခံ တရားလိုမောင်ခွေး၏အိမ်၌၊မောင်ခွေး၊သေသူမောင်တင်မောင်နှင့် မောင်စိန် (လိုပြ-၄) တို့သည်၊ တဖန် အရက်များကို သောက်ကြပြန်သည်။ ၎င်းတို့ သုံးယောက်စသုံးမှာ အလွန်အကြူးမူးယစ်၍နေကြသည်။ ထို့သို့သောက်စားပြီးနောက်၊ မောင်စိန် (လိုပြ-၄) နေသော၊ လယ်ပြင်မရွာသို့၊ မောင်စိန်အား မောင်ခွေးနှင့် သေသူမောင်တင်မောင် တို့က လိုက်ပို့ကြသည်။ မောင်ခွေးနှင့် မောင်တင်မောင်တို့တွင်၊ ဓါးတချောင်းစီ ပါရှိ ကြသည်။ လယ်ပြင်မရွာရှိ မောင်စိန်၏ အိမ်သို့မရောက်ရှိမီ၊ ငှက်ပျော်ခြံ၌ မောင်တင် မောင်က မူးယစ်၍ ငှက်ပျောပင်များကို ဓါးနှင့်ခုတ်သည်။ ဤသို့ ဓါးနှင့်ခုတ်ရာတွင် အယူခံတရားလို မောင်ခွေးက၊ ငှက်ပျောခြံပိုင်ရှင် မောင်ကို (လိုပြ-၆) အား တောင်း ပန်လိုက်၍ ကြေနပ်သွားသည်။ဤကဲ့သို့ ပြုလုပ်ပြီးနောက် မောင်စိန်ကို လယ်ပြင်မရွာရှိ ၎င်း၏ အိမ်၌ ပို့ထားခဲ့ပြီး၊ မောင်ခွေးနှင့် သေသူ မောင်တင်မောင်တို့သည်၊ မိမိတို့ နေထိုင်ရာ ရွာသာရွာသို့ ပြန်လာကြသည်။ ထိုရွာ၏အဝင်အဝတွင် ဒေါ်စောမြ (လိုပြ-၇) ၏ ခြံစည်းရိုးကို သေသူမောင်တင်မောင်က ဓါးနှင့် ခုတ်ပြန်သည်။ ဒေါ်စောမြက ဤကဲ့သို့ခြံစည်းရိုးကို ဓါးနှင့်မခုတ်ရန်တောင်းပန်၍ ခြံစည်းရိုးကိုငုံ့သွားရန်ပင် လှမ်း၍ ပြောလိုက်သေးသည်။ ဤအခြင်းအရာမျှားဖြစ်ပြီးနောက် ရွာအဝတွင် မောင်ခွေးက ရှေ့က၊ မောင်တင်မောင်က နောက်ကနေ၍ ရွာထဲသို့ဝင်သွားသည်။ မောင်တင်မောင် သည် ညာဘက်လက်သန်သူဖြစ်သည့်အားလျော်စွာ၊ မိမိ၏ညာဘက်လက်တွင် ကိုင် ထားသော ဓါးနှင့် ရှေ့ကသွားနေသော မောင်ခွေးကို လှမ်းခုတ်လိုက်ရာ၊ မောင်ခွေး၏ ညာဘက်တင်ပါးတွင် ဓါးဒဏ်ရာရရှိသွားသည်။ ဤတွင် မောင်ခွေးက မိမိကိုင်ထား သော ဓါးနှင့် နောက်ပြန်၍ ထိုးလိုက်ရာတွင်၊ သေသူ မောင်တင်မောင်၏ ညာဘက် ရင်ဘတ်တွင် ဓါးဒဏ်ရာ ရရှိ၍ လဲကျပြီး ထိုနေရာ၌ပင် သေဆုံးသွားသည်။ ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့က၊ ဤအမှုနှင့် ပတ်သက်၍ရဲများက မောင်ခွေးကို ဘမ်းဆီးလိုက် သည်။မောင်ခွေးထံမှရရှိသော ငှက်ကြီးတောင်ဓါးတချောင်းကိုလည်း သိမ်းဆည်းလိုက် သည်။ မောင်တင်မောင်၏ အလောင်းနှားတွင် ဓါးတချောင်းကို ရရှိခဲ့သည်။ သေသူ မောင်တင်မောင်၏ အလောင်းကို၊ ဆရာဝန်ကြီး ဦးသောင်းရွှေ (လိုပြ-၃) ၏ စစ်ဆေး ချက်အရ၊ သေသူမောင်တင်မောင်တွင် ညာဘက်ရင်ဘတ်၌၊တားလက်မခွဲရှည်၍ ၄ ပုံ တပုံ

၁၉၆၆

မောင်ခွေး (ခေါ်) မောင်ထွန်းကြည် (ခေါ်) အမိုး တောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

လက်မအနက်ရှိသော ခါးဒဏ်ရာတခုကို တွေ့ရှိရကြောင်း။ ထိုဒဏ်ရာသည် မုချအမှန် သေရမည့် ဒဏ်ရာဖြစ်ကြောင်းကို တွေ့ရှိရသည်။ ထိုသက်သေ ဆရာဝန်ကို တရားခံ၏ ရှေ့နေက ပြန်လှန်မေးမြန်းရာ၌ ဖြေကြားရာတွင် " အရှေ့ကသွား၍ သေသူက နောက်က လိုက်ရာတွင်၊ သေသူက ရှေ့ကသွားသူကို ခါးဒဏ်ရာရအောင် ပြုလုပ်သောအခါ၊ ရှေ့က သွားသူကနောက်ပြန်ပြီး ခါးနှင့်ရမ်းလျှင် သေသူတွင် ယခုရှိသော ဒဏ်ရာရရှိသွားမည် လားဟု မေးမြန်းရာ၌ သိပ်မလွယ်လှပါ " ဟု ဖြေဆိုထားသည်ကိုတွေ့ရှိရပါသည်။ သို့ရာတွင် အောက်ရုံး ပညာရှိ တရားသူကြီးစီရင်ချက်တွင် ဖေါ်ပြထားသည်မှာ၊ " ထိုကဲ့သို့ နောက်ပြန် ခါးနှင့်ရမ်းလျှင် ရရှိနိုင်သော ဒဏ်ရာမျိုးမဟုတ်ကြောင်း " ဒေါက်တာဦးသောင်းရွှေ (လိုပြု၃) က ထွက်ဆိုထားသည်။ ဆရာဝန်ကိုယ်တိုင်က ဤကဲ့သို့ ပြုလုပ်လျှင် " သိပ်မလွယ်လှပါဟု " အဆိုရှိလျက်နှင့် အောက်ရုံးပညာရှိ တရားသူကြီးက မှတ်ချက်ချရာ၌၊ ထိုကဲ့သို့ ဒဏ်ရာမဟုတ်ကြောင်း ပြောခြင်းမှာ၊ သက်သေဆရာဝန် ထွက်ချက်နှင့် မကိုက်ညီဘဲ ချထားသော မှတ်ချက်ဖြစ်သည်။ " သိပ်မလွယ်လှပါ "ဟူသော အဓိပ္ပါယ်မှာ ရှေ့ကနေပြီး၊ နောက်ကသူကို ခါးနှင့် ရမ်းထိုးလိုက်သျှင် မဖြစ်နိုင်ဘူးဆိုခြင်းမှာ မဟုတ်၊ ဖြစ်လျှင်လည်း ဖြစ်နိုင်သည်ဟု ယူဆရန်ရှိသည်။

အမှုအသွားအလာကို ထောက်ရှု၍ အောက်ရုံး ပညာရှိတရားသူကြီးက သေသူ မောင်တင်မောင်က နောက်ကနေပြီး၊ ရှေ့မှသွားနေသော အယူခံတရားလို မောင်ခွေးကို ခါးနှင့် ခုတ်လိုက်သဖြင့်၊ မောင်ခွေးမှာ ရုတ်တရက် အကြီးအကျယ် ဒေါသထွက်ပြီး၊ သေသူအား ပြန်လည်၍ ခါးနှင့် ထိုးလိုက်သည်ဟု ယူဆ၍၊ လူသတ်မှုမမြောက်သော လူသေမှုသာဖြစ်သည်။ ရုဇသတ်ကြီး ပုဒ်မ ၃၀၄ အရ၊ မောင်ခွေးအပေါ် စွဲချက်တင်သည်။ ၎င်းစွဲချက်အရ အပြစ်ပေးလိုက်ခြင်းဖြစ်သည်။

ပညာရှိ အစိုးရရှေ့နေကြီး ဦးနှစ်က၊ အယူခံတရားလို မောင်ခွေးအပေါ် ရုဇသတ်ကြီးပုဒ်မ ၃၀၄ အရ ပြစ်မှုတွေ့ရှိရပြီး၊ ပြစ်ဒဏ်ချမှတ်ထားခြင်းမှာ၊ အမှုအသွားအလာအရငင်း၊ သက်သေများ၏ ထွက်ချက်အရငင်း၊ မှန်ကန်မည်ဟု မယူဆနိုင်ပါကြောင်းဖြင့် ဆင်ပြသည်။ အမှန်ယူဆသင့်သည်မှာ မောင်တင်မောင်သည် နောက်ကနေ၍၊ မောင်ခွေးကို ခါးနှင့်ခုတ်လျှင်၊ မောင်ခွေးက ခုခံကာကွယ်ပိုင်ခွင့် အနေဖြင့် ခါးနှင့် တချက်တည်း နောက်ကိုလှမ်း၍ ထိုးလိုက်ခြင်းဖြစ်တန်ရာပါသည်။ ထို့ကြောင့် ဤအမှုတွင် မောင်ခွေးသည် ခုခံကာကွယ်ပိုင်ခွင့်အတွင်း ဆောင်ရွက်မှုဖြစ်သဖြင့် မောင်ခွေးအား တရားသေလွှတ်ရန်သင့်ပါသည်ဟု ဝန်ခံ၍ တင်ပြသွားသည်။

ကျန်ုပ်သည် ဤအမှုကို အသေးစိတ် သုံးသပ်၍ဆုံးဖြတ်ချက်ပေးရာ၌ အရေးကြီးဆုံးသော စဉ်းစားရန် အချက်မှာ၊ အယူခံတရားလို မောင်ခွေးသည်၊ ရုတ်တရက် အကြီးအကျယ် ဒေါသထွက်၍၊ မောင်တင်မောင်အား၊ နောက်သည်၍ ခါးနှင့် ခုတ်

ခြင်းလော၊ သို့မဟုတ် သေသူ မောင်တင်မောင်က နောက်ကနေ၍ ဓါးနှင့် ခုတ်လိုက်ရာတွင် နောက်ထပ်၍ မိမိအားဓါးနှင့်မခုတ်နိုင်ရန်၊ မိမိကိုယ်ကို ခုခံ ကာကွယ်သည့်အနေနှင့် နောက်လှည့်၍ တချက်တည်း ထိုးလိုက်ခြင်းလောဟူ၍ ဖြစ်သည်။ ဆိုခဲ့ပြီးသည့်အတိုင်း။ မောင်တင်မောင်နှင့်မောင်ခွေးတို့မှာ အလွန်ပင် အရက်များ မူးယစ်၍ နေကြသည်။ ပိုမို၍ အရက်မူးယစ်သူမှာ သေသူမောင်တင်မောင် ဖြစ်သည်။ မောင်တင်မောင်သည် အကြောင်း မရှိဘဲ၊ ငှက်ပျောပင်များကို ဓါးနှင့်ခုတ်ခြင်း။ ခြံစည်းရိုးကို ဓါးနှင့်ခုတ်ခြင်းများ ပြုလုပ်ခြင်းတို့သည်မောင်တင်မောင်၏ စိတ်ထဲတွင် ဓါးဖြင့်ခုတ်လိုသော စိတ်များတက်ကြွနေသည့် လက္ခဏာရှိသည်။ မောင်ခွေးမှာ မောင်တင်မောင်ကဲ့သို့ အရက်မမူး ကြောင်း ထင်ရှားသည်။ မောင်တင်မောင်က ငှက်ပျောပင်များကို ဓါးနှင့်ခုတ်ရာ၌ မောင်တင်မောင်၏ကိုယ်စား ငှက်ပျောခြံပိုင်ရှင်ကို တောင်းပန်ရသူဖြစ်သည်။ မိမိရွာသို့ ပြန်ဝင်လာရာတွင်၊ရွာမရောက်မီ မောင်ခွေးက ရှေ့က၊ မောင်တင်မောင်က နောက်က လာကြရာ၊ မောင်တင်မောင်သည် အရက်အမူးမပြေသေးပေ။ မောင်တင်မောင်သည် လက်တွင်ကိုင်ထားသော ဓါးနှင့် မောင်ခွေးကို လှမ်းခုတ်ရာ၊ တင်ပါး၌ ထိသွားသည်။ မောင်ခွေးက နောက်ထပ်ခုတ်မည်စိုးသဖြင့် ရန်မူသော မောင်တင်မောင်ကို ရန်မမူနိုင်အောင်၊ တချက်တည်း ဓါးဖြင့် ရမ်း၍ ထိုးလိုက်ရာ၌၊ မောင်တင်မောင်၏ ရင်ဘတ်၌ ထိသွားပေသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းမှာ မိမိကိုယ်ကို မိမိကာကွယ်ခုခံပိုင်ခွင့်အရ ပြုလုပ်ခြင်းဖြစ်သည်ဟု ယူဆရန် အကြောင်းရှိသည်။ ထို့ကြောင့်ရာဇသတ်ကြီး ပုဒ်မ ၉၆ အရ မိမိကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့်အရပြုလုပ်ခြင်းသည် ပြစ်မှုမမြောက်ပေ။ ထို့ပြင် **မောင်ကတုံး (ဂခုံး) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်** (၁)၏ အမှုတွင်၊ အောက်ပါအတိုင်း စီရင်ထုံးဖွဲ့ထားသည်။

"လူတစ်ဦးတယောက် မိမိအား ရန်မူရန်လာလျှင် ရန်မူခြင်းခံရသူသည် ထွက်ပြေးရန်မလို၊ ရပ်တန့်၍ ခုခံနိုင်သည်။ မိမိကို ရန်မူသူသည် ထပ်မံ၍ ရန်မမူနိုင်သည့် တိုင်အောင် ခုခံနိုင်သည်။"

အထက်ဖော်ပြပါ အကြောင်းအချက်များနှင့် ယူဆချက်များတွင် ဥပဒေနှင့် တကွ စီရင်ထုံးများအရ ကျွန်ုပ်သည် အောက်ရုံး ပညာရှိတရားသူကြီးက၊ အယူခံတရားလို မောင်ခွေးအပေါ် တွေ့ရှိရသော ပြစ်မှုနှင့် ချမှတ်သော အပြစ်ဒဏ်တို့ကို အတည်ပြုရန် ခဲယဉ်းသည်။ သို့ဖြစ်၍ အောက်ရုံး ပညာရှိတရားသူကြီး၏အမိန့်ကို ပယ်ဖျက်ပြီး၊ အယူခံတရားလို မောင်ခွေးအား။ ဤအမှုနှင့် ပတ်သက်၍၊ တရားသေလွတ်ရန် အမိန့်ချမှတ်လိုက်သည်။

---

(၁) ၁၉၄၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၆၆၁။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေဌေတွင်

† ၁၉၆၆ ခု၊ ဧပြီလ ၆ ရက်။

မောင်ချစ်မောင် ပါ ၄ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီးပုဒ်မ ၃၉၆ အရ မူပြစ်ထင်ရှား စီရင်ခြင်း—လက်နက်ပါရာဂူ၏ထင်မြင်ချက်၊ အခြားသက်သေအထောက်အထားများအပေါ် ပိုမိုခိုင်မာလုံလောက်စေခြင်း၊ ထင်မြင်ချက်တခုတည်းဖြင့် စိတ်ချလက်ချ အပြစ်ပေးရန် ခိုင်မာလုံလောက်သည်ဟု ယူဆနိုင် မဆနိုင်။

ဆုံးဖြတ်ချက်။ ။လက်နက်ပါရာဂူသည် ယမ်းတောင့်ခွံတခုအား မည်သည့်သေနတ်က ပစ်ခဲ့သည်ဆိုသော အချက်နှင့်ပတ်သက်၍၊ လောကဓါတ်နည်းအရ စုံစမ်းစစ်ဆေးခဲ့သည်အားလျော်စွာ ၎င်း၏ ထင်မြင်ယူဆချက်ကို အလေးပေး၍ စဉ်းစားရမည်။ သို့ရာတွင်လက်နက်ပါရာဂူ၏ထင်မြင်ချက်သည် အခြားသက်သေ အထောက်အထားများအပေါ် ပိုမိုခိုင်မာလုံလောက်စေရန်အထောက်အကူဖြစ်စေသည့် သက်သေခံချက်မျိုးသာ ဖြစ်သည်။ အကယ်၍ အခြားသက်သေအထောက်အထားလုံးဝမရှိပါက၊ လက်နက်ပါရာဂူ၏ ထင်မြင်ချက်တခုတည်းဖြင့် တရားခံတဦးဦးအား စိတ်ချလက်ချ အပြစ်ပေးရန်ခိုင်မာလုံလောက်သည်ဟု မယူဆနိုင်။

အဘားဟာရက်ခန်နှင့်နိုင်ငံတော်၊ အေ၊အိုင်၊အာ(ရ)၊ ၁၉၃၇၊ ပက်ရှဝါး ၉၉ ရည်ညွှန်းသည်။

အယူခံတရားလိုအဘက်က။ ။

အယူခံတရားခံအတွက်က။ ။အစိုးရရှေ့နေကြီးဦးသိန်းဟန်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံဘရားလို မောင်ချစ်မောင်၊ မောင်တက် (ခေါ်) မောင်စီ၊ ကျော်သန်းနှင့် ချစ်တင် (ခေါ်) တင်လှတို့ လေးဦးအပေါ် ရာဇသတ်ပုဒ်မ ၃၉၆ အရ၊ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့သော၊ ပဲခူးမြို့၊ ဒုတိယအထူး (ရာဘက်စက်ရှင်) တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့်၊ အယူခံဝင်ခြင်းဖြစ်သည်။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှု အမှတ် ၃၉၆၊ ၃၉၇၊ ၃၉၈၊ ၃၉၉။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၂၀ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ဒီဇင်ဘာလ ၁ ရက်နေ့စွဲပါ၊ ပဲခူးမြို့၊ ဒုတိယ အထူးတရားသူကြီး၏ အမိန့်ကို အယူခံမှု။

အမှုဖြစ်ပါးပုံ အတ္ထုပ္ပတ္တိအကျဉ်းချုပ်မှာ၊ လွန်ခဲ့သည့် ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့ည ၁၀ နာရီခန့်အချိန်တွင်၊ ပဲခူးခရိုင် ဒိုက်ဦးရဲစခန်းအပိုင် ဆင်တဲရွာနေ ဦးတလုပ်ဖြူ (လိုပြ ၁) သည် နေအိမ်၌ အိမ်သားများနှင့်အတူ အိပ်နေစဉ်၊ အိမ်ရှေ့မှ ဘကြီး၊ ဘကြီးဟု ခေါ်သံနှင့်အတူ ဆေးလိပ်ဝယ်လိုကြောင်း ပြောသံကြားရသဖြင့်၊ ဦးတလုပ်ဖြူက စျေးမရောင်းတော့ကြောင်း ပြန်ပြောသော်လည်း၊ အိမ်ရှေ့မှလူက၊ တံခါးဖွင့်ပေးရန်ပြောသည့်အပြင်၊ သေနတ်မောင်းတင်သံ ကြားသောကြောင့်၊ အိမ်နောက်ဖေးတံခါးမှ ထွက်ပြေးရန်လုပ်၏။ သို့ရာတွင် နောက်ဖေးတွင် စောင့်နေသည့် လူဆိုးနှင့် ပက်ပင်းပါတိုးနေသဖြင့် မပြေးသာတော့ဘဲ၊ ထိုလူဆိုးနှင့်အတူ အိမ်ပေါ်သို့ ပြန်တက်ခဲ့ရ၏။ ထိုအချိန်တွင်၊ ဦးတလုပ်ဖြူ၏ အိမ်နီးချင်းဖြစ်သူ ဒေါ်ထွေး (လိုပြ ၃) သည် ၎င်း၏အိမ်၌ သားမောင်ထွန်းချစ်နှင့်အတူ ထွဲမီးထည့်နေစဉ်၊ ဦးတလုပ်ဖြူ အိမ်ဘက်မှ ဆူဆူညံညံကြားရလေသည်။ မောင်ထွန်းချစ်သည်း ဆူဆူညံညံကြားရာသို့ စုံစမ်းရန် ပြေးသွားရာ၊ လူဆိုးများက သေနတ်နှင့် ပစ်လိုက်သဖြင့်၊ မောင်ထွန်းချစ်သည် သေနတ်ကျည်ဆံထိမှန်ပြီး ဦးတလုပ်ဖြူအိမ်အနီးရှိ ချောင်းထဲသို့ကျကာ သေဆုံးသွားလေသည်။ လူဆိုးများသည် ဦးတလုပ်ဖြူထံမှ သုံးတောင့်ထိုး လက်နှိပ်ခါတ်မီး တခုသာရရှိပြီး၊ ဦးတလုပ်ဖြူအား ခါးစားခံအဖြစ် ခေါ်သွားကာ၊ ရွာပြင်ရောက်မှ ပြန်လွှတ်လိုက်လေသည်။ လူဆိုးများကပင် ဦးတလုပ်ဖြူအား လူတယောက်သေနတ်ထိမှန်သွားကြောင်း ပြောလိုက်သဖြင့်၊ ဦးတလုပ်ဖြူသည် အိမ်သို့ပြန်ရောက်သောအခါ၊ သတင်းသာရောက် မေးမြန်းကြသည့် ရွာသားများအား ပြန်လည်ပြောပြပြီး ရွာဖွေကြရာ၊ ချောင်းထဲတွင် သေနတ်ဒဏ်ရာနှင့် သေဆုံးနေသည့် မောင်ထွန်းချစ်အား တွေ့ရလေသည်။ ဦးတလုပ်ဖြူသည် မိမိအားဆွဲခေါ်သွားသည့် လူဆိုးများမှာ ဝါးယောက်ဖြစ်ပြီး အားလုံးပင် ဘောင်းဘီဝတ်ကာ သက္ကလပ်ဦးထုပ် ဆောင်းထားကြသည်ကို တွေ့ရသော်လည်း လူမှတ်မိလိုက်ခြင်း မရှိပေ။ လူဆိုးများ ထွက်သွားသည့် နေရာမှ ရိုင်ဖယ်ကျည်ဆံခွံဘခုနှင့် စတင်းကျည်ဆံခွံတခုတို့ကို တွေ့ရသဖြင့်၊ ရဲစခန်းမှူး ဦးအောင်သန်း (လိုပြ ၇) အား အပ်ပေးခဲ့၏။ လူဆိုးများ၏ လက်ချက်ဖြင့် သေဆုံးသွားသည့် မောင်ထွန်းချစ်၏ အလောင်းကို ဒိုက်ဦးမှို့ ပြည်သူ့ဆေးရုံသို့ ပို့လိုက်ရာ ဆရာဝန် ဦးလှမြင့် (လိုပြ ၅) က စစ်ဆေးရာ လက်ဝဲဘက် ရင်ဘတ်မှဝင်သည့် သေနတ်ဒဏ်ရာဘခုကို တွေ့ရပြီး၊ ကျည်ဆံသည် လက်ဝဲအဆုတ်ကို ဖောက်ထွင်းသွားသည်ကို တွေ့ရှိ၏။ ကျည်ဆံကိုမူ နောက်ကျောရှိ ကျက်သားထဲမှ ပြန်လည်ရရှိခဲ့လေသည်။

ထို့နောက် ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့ နံနက် ၁၁ နာရီအချိန်တွင် ရဲစခန်းမှူး ဦးအောင်သန်းသည် သဘင်းအရ သက်သေများနှင့်အတူ မလေးစုရွာနေ မောင်ဘိုးသီး၏အိမ်ကို ဝိုင်းရှာဖွေသောအခါ၊ အယူခံဘရားလို လေးဦးအား အိပ်နေ

၁၉၆၆
မောင်ချစ်မောင်
ပါ ၄
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

သည်ကို တွေ့ရပြီး၊ ၎င်းတို့အနီးမှ ခြောက်လုံးပြူးတလက်၊ အင်္ဂလိပ်ရိုင်ဖယ်တလက်၊ လုပ်ခြောက်လုံးပြူးတလက်၊ စတင်းကျည်ဆံများ၊ ရိုင်ဖယ်ကျည်ဆံများ၊ ဓါးမြှောင်နှင့် အဝတ်အစားများကို တွေ့ရှိ ဖမ်းဆီးရမိလေသည်။ ၎င်းတို့ထွက်ဆိုချက်အရ၊ ကြာအင်းရွာနေ မောင်မြတ်ထွန်းကို ၁၉၆၄ ခုနှစ်၊ နိုဇင်္ဘာလ ၂၅ ရက်နေ့တွင် ဖမ်းဆီးလိုက်ပြီး၊ ၎င်းထံမှ သုံးတောင့်ထိုး လက်နှိပ်ဓါတ်မီးတလက်ကို သိမ်းဆီးခဲ့သည်။ ထို့နောက် ၁၉၆၄ ခုနှစ်၊ ဒီဇင်္ဘာလ ၄ ရက်နေ့တွင် မောင်ကျော်စိန် ဆိုသူအား ဘမ်းဆီးလိုက်၏။

ဦးတလုပ်ဖြူအိမ်အနီးမှ ရရှိခဲ့သည့် ကျည်ဆံခွံများကို၊ အယူခံတရားလိုနှင့်အတူ တွေ့ရှိခဲ့သည့် သေနတ်များနှင့်တကွ စမ်းသပ်ကြည့်ရှုရန် အင်းစိန်မြို့၊ လောကဓါတ် ဌာနသို့ ပေးပို့ခဲ့သဖြင့်၊ လက်နက်ပါရဂူ ဦးမောင်ထွန်း (လိုပြ ၁၀) က စစ်ဆေးကြည့်ရှုသောအခါ၊ ဦးတလုပ်ဖြူအိမ်အနီးမှ ရရှိခဲ့သည့် ရိုင်ဖယ်ကျည်ဆံခွံသည်၊ အယူခံတရားလိုတို့နှင့်အတူ ဘမ်းဆီးရမိသည့် ရိုင်ဖယ်သေနတ်မှ ပစ်ခဲ့သော ကျည်ဆံခွံပင်ဖြစ်ကြောင်း တွေ့ရသေသည်။ မောင်မြတ်ထွန်းထံမှ ရမိခဲ့သော သုံးတောင့်ထိုး လက်နှိပ်ဓါတ်မီးမှာ၊ လူဆိုးများ ယူသွားသည့် ၎င်း၏လက်နှိပ်ဓါတ်မီးဖြစ်ကြောင်း ဦးတလုပ်ဖြူက ပစ္စည်းများ ပြသရာတွင် ဆွဲပြခဲ့လေသည်။

အထက်ပါ သက်သေအထောက်အထားများအရ၊ အယူခံတရားလို သေးဦးနှင့် မောင်မြတ်ထွန်း၊ မောင်ကျော်စိန်တို့ကို ဆာဇင့်ပုဒ်မ ၃၉၅/၁၀၉ အရ၊ ရုံးတင် တရားစွဲဆိုရာ၊ ပညာရှိ အောက်ရုံးတရားသူကြီးက မောင်ကျော်စိန်ကို တရားရှင်လွှတ်ခဲ့ပြီး မောင်မြတ်ထွန်းထံမှ ရမိခဲ့သော လက်နှိပ်ဓါတ်မီးမှာ လူအများသုံးစွဲသည့် သာမန်ပစ္စည်းတခုဖြစ်၍၊ ဦးတလုပ်ဖြူ၏ပစ္စည်းဖြစ်သည် တထစ်ချမဆိုနိုင်ဟု ကောက်ယူကာ၊ မောင်မြတ်ထွန်းအား တရားသေလွှတ်ခဲ့၏။ အယူခံတရားလိုများနှင့် ပတ်သက်၍မူ၊ ၎င်းတို့ထံမှ ရမိသော ရိုင်ဖယ်သေနတ်သည် လူဆိုးများထံမှ ကျန်ရစ်ခဲ့သော ကျည်ဆံခွံကိုပစ်သည့်သေနတ်ပင်ဖြစ်ကြောင်း၊ လက်နက်ပါရဂူ၏ ထွက်ဆိုချက်အရ၊ ၎င်းတို့သည် ဦးတလုပ်ဖြူအိမ်ကိုတိုက်သည့် ထားပြများပင် ဖြစ်ရမည်ဟု ကောက်ယူလျက် အထက်ပါအတိုင်း အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဤအမှုတွင်၊ ဦးတလုပ်ဖြူအိမ်သို့ ဝင်ရောက်တိုက်ခိုက်ကြသည့် ထားပြများကို မည်သူကမှ မှတ်မိလိုက်ခြင်းမရှိသည့်အပြင်၊ တိုက်ရာပါပစ္စည်း တစုံတရာကိုလည်း၊ အယူခံတရားလိုတို့ထံမှ ဖမ်းဆီးရမိခဲ့ခြင်းမရှိပေ။ ၎င်းတို့အပေါ် ငြိစွန်းနေသည့် တခုတည်းသော သက်သေအထောက်အထားမှာ၊ ထားပြတို့ထံမှ ကျန်ရစ်ခဲ့သော ရိုင်ဖယ်ယမ်းတောင့်ခွံသည်၊ ၎င်းတို့ထံမှ ရမိခဲ့သော ရိုင်ဖယ်သေနတ်မှ ပစ်ခဲ့သည့်ယမ်းတောင့်ခွံပင်ဖြစ်ကြောင်း လက်နက်ပါရဂူ၏ ထွက်ချက်ပင်ဖြစ်၏။ တနည်းဆိုရသော် အယူခံတရားလိုတို့အပေါ် ငြိစွန်းနေသည့် သက်သေအထောက်အထားမှာ ၎င်းတို့ပင် ထားပြ

တိုက်ရာ၌ ပါဝင်ခဲ့ကြကြောင်း တွေ့မြင်သိရှိသည့် တိုက်ရိုက်သက်သေခံချက်မဟုတ်ဘဲ၊ ၎င်းတို့ထံမှဘာမ်းမိသောရိုင်ဖယ်သေနတ်နှင့် ထားပြမျှားထံမှ ကျန်ရစ်ခဲ့သည့်ယမ်းတောင့်ခွဲကိုပစ်၍ရခြင်းကြောင့်၊ ၎င်းတို့သည်၊ ထားပြမျှားဖြစ်သည်ဟု ယူဆသင့်ကြောင်း သွယ်ဝိုက်ကာ ညွှန်ပြသည့် သက်သေအထောက်အထားသာဖြစ်လေသည်။

လက်နက်ပါရဂူသည်၊ ယမ်းတောင့်ခွဲတခုအား မည်သည့်သေနတ်က ပစ်ခတ်ခဲ့သည်ဆိုသော အချက်နှင့် ပတ်သက်၍၊ လောကဓါတ်နည်းအရ စုံစမ်းစစ်ဆေးခဲ့သည့် အားလျော်စွာ ၎င်း၏ထင်မြင်ယူဆချက်ကို အလေးပေး၍ စဉ်းစားရမည်ဆိုခြင်းကို၊ ကျွန်ုပ်လက်ခံ၏။ သို့ရာတွင် လက်နက်ပါရဂူ၏ ထင်မြင်ချက်သည် အခြားသက်သေအထောက်အထားများအပေါ် ပိုမိုခိုင်မာသုံလောက်စေရန် အထောက်အကူဖြစ်စေသည့် သက်သေခံချက်မျိုးသာဖြစ်သည်။ အကယ်၍ အခြားသက်သေအထောက်အထား လုံးဝမရှိပါက၊ လက်နက်ပါရဂူ၏ ထင်မြင်ချက်တခုတည်းဖြင့် တရားခံ တဦးဦးအား စိတ်ချလက်ချ အပြစ်ပေးရန် ခိုင်မာလုံလောက်သည်ဟု မယူဆနိုင်။

ယခုအမှုတွင်၊ အယူခံတရားလိုတို့ထံမှ ရိုင်ဖယ်သေနတ်ကို ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့၌သာ ဘမ်းဆီးရမိခဲ့ခြင်းဖြစ်ရာ၊ ထားပြတိုက်သည့် ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့ညက ၎င်းတို့သည်၊ ထိုသေနတ် လက်နက်ကို အသုံးပြုခဲ့သည်။ သို့တည်းမဟုတ် အသုံးပြုရာတွင် ပါဝင်ခဲ့ကြသည်ဆိုသော သက်သေအထောက်အထားကွင်းဆက်မှာ မရှိသဖြင့် လက်နက်ပါရဂူ၏ ထင်မြင်ယူဆချက်သည်၊ အယူခံတရားလိုဘို့အား၊ ထားပြတိုက်စဉ် လူသတ်မှု ကျူးလွန်ခဲ့သူမျှားဖြစ်ရမည်ဟု တထစ်ချ ကောက်ယူနိုင်လောက်အောင် ကွင်းဆက်အပြည့်အစုံရှိသည့် သွယ်ဝိုက်ညွှန်ပြသော သက်သေအထောက်အထားဖြစ်သည်ဟု မဆိုနိုင်ပေ။

အဘားဟာရက်ခန်နှင့် နိုင်ငံတော် (၁) တို့အမှုတွင် လူလယ်ဟိုင်ဒါးဆိုသူသည် အိပ်နေစဉ် လူမသမာသူတို့၏ လုပ်ကြံခြင်းခံရသည်။ ၎င်းအား မည်သူက သေနတ်နှင့် ပစ်သွားသည်ဆိုသော အချက်နှင့် ပတ်သက်၍၊ အခင်းဖြစ်ပွါးစဉ်က မျောင်နေသောကြောင့်၊ မည်သူမျှတွေ့မြင်လိုက်ရခြင်းမရှိ။ အခင်းဖြစ်ပွါးပြီး ၁၇ ရက်အကြာတွင်၊ တရားခံထံမှ ရိုင်ဖယ်သေနတ်တလက်ကို ဘမ်းဆီးရမိသောကြောင့် လက်နက်ပါရဂူထံ ပို့ပြီး စစ်ဆေးကြည့်ရာ၊ သေသူအနီးတွင် ကျန်ရစ်ခဲ့သော ယမ်းတောင့်ခွဲတခုသည် တရားခံ၏ သေနတ်မှပစ်သည့် ယမ်းတောင့်ခွဲဖြစ်ကြောင်းတွေ့ရ၍၊ တရားခံအား လူသတ်မှုနှင့် စွဲဆိုရာ၊ လက်နက်ပါရဂူ၏ ထင်မြင်ချက်သည်၊ အခင်းဖြစ်နေ့က တရားခံကိုယ်တိုင် ထိုသေနတ်ကို ကိုင်ဆောင်သုံးစွဲနေကြောင်း၊ သက်သေအထောက်အထား

(၁) အေ၊အိုင်၊အာ (ရ)၊ ၁၉၃၇ ပက်၅၀၊ ၉၉။

၁၉၆၆ မောင်ချစ်မောင် ပါ ၄ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

မင့်၌၊ တရားခံအပေါ် အပြစ်ပေးရန် မလုံလောက်ကြောင်း အဆုံးအဖြတ်ပြုထား လေသည်။ ထိုအမှုမှာ ယခုအမှုနှင့် အကြောင်းချင်းရာမျှားစွာတူညီနေပေသည်။

ထုဇေတ်မှု တခုခုတွင်၊ တရားခံအပြစ်ရှိကြောင်း သက်သေထူရန် တာဝန်မှာ တရားလိုဘက်၌သာ အစဉ်တစိုက်ရှိပြီး တရားလိုဘက်မှ တရားခံအပြစ်ရှိကြောင်း ထင်ရှားအောင် မပြသနိုင်ပါက၊ တရားခံသည် အပြစ်မရှိကြောင်း ထုချေရန်တာဝန် မရှိဆိုသော ဥပဒေသဘောတရားကို တရားရုံးများက ကျင့်သုံးလက်ခံထားပြီးဖြစ်သည်။ ယခုအမှုတွင် ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့ညက ထားပြတိုက်ဆာ၌၊ အယူခံတရား လိုတို့ပါဝင်ခဲ့ကြကြောင်း တိုက်ရိုက်သက်သေခံချက်သော်၎င်း၊ သွယ်ဝိုက်သည့်သက်သေ အထောက်အထားသော်၎င်း လုံးဝမရှိသဖြင့် ဂ ရက်အကြာ ၎င်းတို့ထံမှ ဘမ်းမိခဲ့သော ရိုင်ဖယ်သေနတ်မှ ထားပြမျှားထားခဲ့သည့် ယမ်းတောင့်ခွံကို ပစ်ခတ်ခဲ့သည်ဆိုသော လက်နက်ပါရဂူ၏ ထင်မြင်ချက်တခုတည်းဖြင့်၊ ၎င်းတို့အား စိတ်ချလက်ချ အပြစ်ပေးခြင်းမပြုနိုင်ပေ။

အထက်ပါ အကြောင်းများကြောင့် အောက်ရုံးအမိန့်နှင့် ပြစ်ဒဏ်များကို ပယ်ဖျက်ကာ၊ အယူခံတရားလိုများအား၊ ဤအမှုနှင့် ပတ်သက်၍ တရားသေလွတ်ရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီးဦးသက်ဖေ ရှေ့တွင်

မောင်ချစ်လှိုင် (ခေါ်) ဒုက္ခ (အယူခံတရားလို) † ၁၉၆၆
ခြေလ
၂၁ ရက်။
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) *

ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)အရ၊ဖြစ်မှု ထင်ရှား ခိုရင်ခြင်း—အရက် အလွန်မူးနေသောကြောင့် မည်သို့ မည်ပုံ ဖြစ်ပျက်ခဲ့သည်ဟု မသိကြောင်း ထုချေခြင်း—ရာဇသတ် ပုဒ်မ ၈၅ အရ ကင်းလွှတ်ခွင့်ရနိုင်မရနိုင်။

ဆုံးဖြတ်ချက်။ ။အယူခံ တရားလိုက အရက်အလွန်မူးနေသောကြောင့် မည်သို့ မည်ပုံ ဖြစ်ပျက်ခဲ့သည်ဟု မသိကြောင်း ထုချေခဲ့၏။ အခင်းဖြစ်စဉ်က အယူခံ တရားလိုသည်၊ အရက်မူးနေသော်လည်း လုံး၀ သတိလစ်လောက်အောင် မူးယစ်နေသည်ဟု မဆိုနိုင်ပေ။ ထို့ပြင်တဝ အယူခံ တရားလိုသည် အရက်ကို မိမိအလိုအလျောက် သောက်ခဲ့ခြင်းသာ ဖြစ်ပြီး သူတပါးက အတင်း အဓမ္မ တိုက်၍ သောက်ခဲ့ရခြင်း မဟုတ်သောကြောင့် အရက်မူး နေသဖြင့် မတော် မှန်သည်ကို ပြုလုပ်ခဲ့မိကြောင်း ဆိုရှိနားလည်ခြင်း မရှိဟု ဆိုသော ထုချေချက်ကို ဥပဒေအရ၊ လက်မခံနိုင်ပေ။ တရားခံက တဦးသည်၊ မိမိမသိဘဲသော်၎င်း၊အလိုမတူဘဲလော်၎င်း၊ သူတပါးက ထိုက်ကျေးဇူးဖြင့် မူးယစ်ကာ မိမိပြုလုပ်မျက်သည် မည်သို့ သဘောရှိသည်ကို၊ သို့မဟုတ် မတော် မှန်သည်၊ သို့မဟုတ် ဥပဒေနှင့် ဆန့်ကျင်သည်ကိုမသိနိုင်မှသာ၊ ရာဇသတ် ပုဒ်မ ၈၅ အရ၊ ကင်းလွှတ်ခွင့်ရနိုင်မည်ဖြစ်သည်။

အယူခံတရားထိုအတွက်။ ။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး။ ဦးသိန်းဟန်

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလိုအပေါ် ရာဇသတ်ပုဒ်မ ၃၀၂(၂) အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သော တောင်ငူမြို့၊ အထူး (စက်ရှင်) တရားသူကြီးဌာနစီရင်ချက်ကို မကျေနပ်သဖြင့်အယူခံဝင်သောအမှုဖြစ်သည်။

အမှုဖြစ်ပွါးပုံ အထပ္ပတ္တိအကျဉ်းချုပ်မှာ၊လွန်ခဲ့သည့် ၁၉၆၅ ခု၊ မေလ ၁၁ ရက်နေ့ည ၈ နာရီခန့်အချိန်တွင် တောင်ငူခရိုင်၊ ကညွတ်ကွင်းရဲစခန်းအပိုင် နောင်ဘိုရွာနေ

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှု အမှတ် ၃၇၅။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၉ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊နိုဝင်ဘာလ ၁၁ ရက်နေ့စွဲပါ၊ တောင်ငူမြို့၊ အထူးတရားသူကြီး၏ အမိန့်ကို အယူခံမှု။

၁၉၆၆

မောင်ချစ်လှိုင် (ခေါ်) စုကွန့် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အောင်သန်းကြည်သည် ကြက်ပျောက်သဖြင့် ကျေးရွာလုံခြုံရေး ကော်မီတီလူကြီး ဦးညွန့်မောင် (လိုပြ-၂) ထံသို့သွားရောက်ကာ၊ သေသူအုံးမောင် ခိုးသည်ထင်ကြောင်း၊ အုံးမောင်အိမ်တွင် ကြက်သားဟင်းချက်နေကြောင်းတိုင်ကြားသဖြင့် ဦးညွန့်မောင်သည် အောင်သန်းကြည်နှင့်အတူ အုံးမောင်အိမ်သို့သွားပြီး ကြည့်ရှုသောအခါ၊ ကြက်သားဟင်း ချက်စားနေကြသည်ကို တွေ့ရလေသည်။ အုံးမောင်အားမေးရာ လေဒုံးမှ ကြက်ဝယ်လာပြီး ချက်စားကြောင်းဖြေ၏။ ကြက်မွေးကိုပြရန်ပြောသောအခါ ခွေးစားသွားပြီဖြစ်ကြောင်း အုံးမောင်ကဖြေကြားသည်ကို ဦးညွန့်မောင်သည် မကျေနပ်သဖြင့်၊ ကြက်သားဟင်းတခွက်ကို သက်သေခံအဖြစ်ယူ၍ အိမ်သို့ပြန်ခဲ့၏။ အောင်သန်းကြည်လည်း ဦးညွန့်မောင်နှင့်အတူလိုက်၍ ပြန်လာပြီး မိမိအိမ်တွင်နေရစ်ခဲ့လေသည်။ ယင်းသို့ ဦးညွန့်မောင်နှင့် အောင်သန်းကြည်တို့ ရောက်သွားစဉ်က အုံးမောင်၏အိမ်၌ မောင်လေး ကေးသန်းဟန်နှင့် အယူခံတရားလိုတို့ ရှိနေကြလေသည်။

ဦးညွန့်မောင်သည် အိမ်သို့ပြန်ရောက်ပြီးနောက် နာရီဝက်ခန့်အကြာတွင် ၎င်း၏ထံသို့ အုံးမောင်၊ မောင်အေး (ခံပြ-၃)နှင့် အယူခံတရားလိုတို့ ရောက်လာကြပြီး ကြက်ကိစ္စကိုရှင်းလင်းလိုကြောင်း အုံးမောင်ကပြောရာ၊ ဦးညွန့်မောင်က မနက်ကျမှ ရှင်းရန်ပြောသော်လည်း၊ အုံးမောင်က မနက်လင်းလျှင် အခြားသူများသိကုန်မည်ဖြစ်၍ ရှက်စရာကောင်းမည်ဖြစ်သောကြောင့် ချက်ခြင်းရှင်းလိုကြောင်း ပြန်ပြောလေသည်။ ထို့ကြောင့်ဦးညွန့်မောင်က အယူခံတရားလိုအား အောင်သန်းကြည်ကို ခေါ်ရန် လွှတ်လိုက်လေသည်။ အယူခံတရားလိုက အောင်သန်းကြည်ကိုသွားခေါ်နေစဉ် ဦးညွန့်မောင်အိမ်သို့ မောင်မှိုကြီး (လိုပြ-၄) ရောက်လာ၏။ မျှားမကြာမီ အယူခံတရားလိုနှင့် အောင်သန်းကြည်တို့လည်း ရောက်လာကြသည်။

ဦးညွန့်မောင်အိမ်၏ ဘိနပ်ချွတ်အဆင့်ပေါ်တွင် စားပွဲတလုံးနှင့် တန်းလျားရှည် ၂ ခုရှိရာ၊ တခုသောတန်းလျားရှည်၌အုံးမောင်၊ မှိုကြီးနှင့် အယူခံတရားလိုတို့ အစဉ်လိုက်ထိုင်ကြ၏။ ဦးညွန့်မောင်ကဘိနပ်ချွတ်အဆင့်အပေါ် ရှိအိမ်အပေါ်တွင်ထိုင်ပြီး၊ ကျန်လူများက အခြားတန်းလျားရှည်ပေါ်တွင် ထိုင်ကြလေသည်။ ထိုစဉ်က အယူခံတရားလိုတွင် ဒါးမျောင်တချောင်းပါပြီး၊ မောင်အေးကိုင်ဆောင်လာသည့် ဒါးရှည်တချောင်းမှာ တန်းလျားလွှေအနီးရှိ စာပွဲဘေးတွင် ထောင်ထားလေသည်။ စားပေါ်ပွဲ၌ ရေနံဆီမီးခွက်တလုံးထွန်းထားလေသည်။

လူစုံသောအခါ ဦးညွန့်မောင်က အောင်သန်းကြည်နှင့်အုံးမောင်တို့အား မေးမြန်းရာ၊ အောင်သန်းကြည်က အုံးမောင်ချက်စားသောကြက်မှာ မိမိကြက်ဖြစ်ကြောင်း စွပ်စွဲ၏။ အုံးမောင်ကလည်း မဟုတ်ကြောင်းငြင်းဆို၏။ နောက်ဆုံးတွင် ဦးညွန့်မောင်က ကြက်ဘိုးလျော်ရန်ပြောသဖြင့် ကြက်ဘိုးမည်၍မည်မျှကျသည်ဟု တွက်ချက်ကြ၏။

မှုံကြီးနှင့်လေးကေးတို့ကမိုးလင်းမှင်္ဂလာလင်းတွက်ချက်ရန်ဝင်ပြောသော်လည်း၊အုံးမောင်ကမနက်ကျအောင် မနေနိုင်ကြောင်း။ ယခုပင် တွက်ချက်ပေးရမည်ဖြစ်ကြောင်း ပြောဆိုနေစဉ်၊ အယူခံတရားလိုသည် မိမိဘေးတွင်ထိုင်နေသော မှုံကြီးကိုကျော်၍ အုံးမောင်အား ဒါးမျှောင်နှင့် ထိုးလိုက်လေသည်။ အုံးမောင်သည် ရန်ရှိသောဒဏ်ရာကြောင့် ပက်လက်လန်ကာ ဒယိုင်းဒယိုင်ဖြစ်သွားစဉ်၊ စာပွဲဘေးခွ ထောင်ထားသော ဒါးကို အယူခံတရားလိုသည်ဆွဲကာ အုံးမောင်အား ခုတ်လေသည်။ အနီးရှိလူအားလုံးလည်းကြောက်အားလန့်အားနှင့် ထွက်ပြေးကြလေသည်။

ဦးညွှန့်မောင်သည် အုံးမောင်၏ဘခင် ဦးစံမြိုင်နှင့်ဇနီး မကြည်ကြည် (လိုပြ-၃) တို့အား သွားရောက်၍ အကျိုးအကြောင်းပြောပြပြီး၊ လက်တက်ကြီးရွာနေသူကြီး စောမောင်လေး (လိုပြ-၁) ထံသို့ အကြောင်းကြားရန် မောင်သန်းမောင်ဆိုသူကို လွှတ်လိုက်လေသည်။ ထို့နောက် ဦးညွှန့်မောင်သည် ဦးစံမြိုင်၊ မကြည်ကြည်တို့နှင့်အတူ အိမ်သို့ပြန်ပြီးကြည့်ရာ၊ အိမ်ပေါ်တွင် မည်သူ့ကိုမျှ မတွေ့ရတော့ပေ။ စာပွဲတန်းလျားနှင့်ကြမ်းပြင်ပေါ်တွင် သွေးများတွေ့ရပြီး၊ တန်းလျားအောက် မြေကြီးပေါ်တွင်သွေးပေနေသည့် ဒါးရှည်ကိုတွေ့ရ၏။ အိမ်ရှေ့တွင် စွပ်ကြောင်းတွေ့၍ စွပ်ကြောင်းလမ်းအတိုင်းလိုက်ကြည့်ရာ ရွာအရှေ့ဘက်ထိပ်၌ လမ်းကြောင်းပျောက်သွားသဖြင့် ထိုနေ့ညက ဦးညွှန့်မောင်တို့လူစုသည် အုံးမောင်အား လိုက်လံရှာဖွေခြင်းမပြုတော့ပေ။ နံနက်တွင် ရွာသားများနှင့်တဖန် ရှာဖွေသောအခါ ရွာအရှေ့ဘက် ကောက်ရိုးပုံတွင် ဒဏ်ရာများနှင့် သေဆုံးနေသည့် အုံးမောင်၏အလောင်းကို တွေ့ရလေသည်။

ထိုနေ့၌ပင် အုံးမောင်၏အလောင်းကို ဖြူးမြို့ပြည်သူ့ဆေးရုံသို့ပို့လိုက်၍ ဆရာဝန် ဦးသန်းညွှန့် (လိုပြ-၅)က စစ်ဆေးကြည့်ရှုရာ၊ ဝမ်းပိုက်အပေါ်ပိုင်း၌ ဒါးထိုးဒဏ်ရာတချက်နှင့် လည်ပင်းတွင် ဒါးခုတ်ဒဏ်ရာ ၂ ချက်တွေ့ရသည့်အပြင် ထိုဒဏ်ရာများမှာ တခုခြင်းအနေဖြင့် မုချသေစေမည့် ဒဏ်ရာများဖြစ်ကြောင်း တွေ့ရလေသည်။

အခင်းဖြစ်ပွါးပြီးနောက် အယူခံတရားလိုမှာ ရွာမှထွက်ပြေး တိမ်းရှောင်နေပြီး ၁၉၆၅ ခု၊ စက်တင်ဘာလ ၆ ရက်နေ့တွင် အဖမ်းခံသဖြင့်၊ ၎င်းအပေါ် ရာဇသတ်ပုဒ်မ ၃၀၂ အရ တရားစွဲဆိုခဲ့ခြင်းဖြစ်ပေသည်။ အယူခံတရားလိုက မိမိသည် အခင်းဖြစ်ပွါးစဉ် အချိန်၌ အရက်အလွန်မူးနေသောကြောင့် မည်သို့ပြုမူမိသည်ကိုမသိကြောင်း၊ နောက်မှ ၎င်းအားစွပ်စွဲထားသည်ဟုသိရှိ၍ တိမ်းရှောင်နေမိကြောင်း ထုချေသော်လည်း၊ ၎င်း ထုချေချက်အား ပညာရှိ အောက်ရုံးတရားသူကြီးသည် လက်မခံဘဲ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်းဖြစ်လေသည်။

ဤအမှုတွင်အယူခံတရားလိုသည် အုံးမောင်အား ဒါးမျှောင်ဖြင့်ထိုးပြီး ဒါးရှည်နှင့် ခုတ်ခဲ့ကြောင်း၊ မျက်မြင်သက်သေ ဦးညွှန့်မောင်နှင့် မှုံကြီးတို့၏ တပ်အပ်စွပ်စွဲချက်များ

၁၉၆၆

မောင်ချစ်ထွဋ်(ခေါ်)ဖုကွန့်နှင့် မြည့်ထောင်စုမြန်မာနိုင်ငံ။

ရှိသည်။ ၎င်းတို့သည် အယူခံတရားလိုအပေါ် မတရားထွက်ဆိုကြရန်အကြောင်းမရှိ။ အခင်းဖြစ်ပွါးစဉ်က အခင်းဖြစ်ပွါးဆဲ၌ ရေနံဆီမီးခွက်ထွန်းထားသောကြောင့် အဆိုပါသက်သေများသည် ကောင်းမွန်စွာ တွေ့မြင်လိုက်သည်ဆိုခြင်းမှာယုံမှားဘွယ်မရှိနိုင်ပေ။

အယူခံတရားလိုက အရက်အလွန်မူးနေသောကြောင့် မည်သို့မည်ပုံဖြစ်ပျက်ခဲ့သည်ဟုမသိကြောင်းထုချေခဲ့၏။ အခင်းဖြစ်စဉ်က အယူခံတရားလိုသည် အရက်မူးနေသော်လည်း လုံးဝသတိလစ်လောက်အောင် မူးယစ်နေသည်ဟုမဆိုနိုင်ပေ။ ၎င်းသည် အောင်သန်းကြည်အားခေါ်ရန် ဦးညွှန့်မောင်ကခိုင်း၍ ထွက်လာရာလမ်း၌ မှုံကြီးနှင့် ဆုံမိစဉ်မှုံကြီးကမေးသောအခါ အောင်သန်းကြည်ကိုသွားခေါ်မည်ဟု ပြောနိုင်သည့်အပြင် အောင်သန်းကြည်အား တပါတည်းခေါ်ခဲ့နိုင်သောကြောင့် လုံးဝသတိလစ်သည်အထိ မူးယစ်ခြင်းမဟုတ်ကြောင်း ပေါ်လွင်သည်။ ထို့ပြင်တစ၊ အယူခံတရားလိုသည် အရက်ကို မိမိအလိုအလျောက် သောက်ခဲ့ခြင်းသာဖြစ်ပြီး၊ သူတပါးက အတင်းအဓမ္မတိုက်၍သောက်ခဲ့ရခြင်းမဟုတ်သောကြောင့်၊ အရက်မူးနေဒ ဖြင့် မတော်မမှန်သည်ကိုပြုလုပ်ခဲ့မိကြောင်း သိရှိနားလည်ခြင်းမရှိဟုဆိုသော ထုချေချက်ကို ဥပဒေအရ လက်မခံနိုင်ပေ။ တရားခံတဦးသည် မိမိမသိပဲသော်၎င်း၊ အလိုမတူပဲသော်၎င်း၊ သူတပါးက တိုက်ကျွေးသဖြင့် မူးယစ်ကာ မိမိပြုလုပ်ချက်သည် မည်သို့သဘောရှိသည်၊ သို့မဟုတ် မတော်မမှန်သည်၊ သို့မဟုတ် ဥပဒေနှင့်ဆန့်ကျင်သည်ကို မသိနိုင်မှသာ၊ ရာဇသတ်ပုဒ်မ ၈၅ အရ ကင်းလွတ်ခွင့်ရနိုင်မည်ဖြစ်သည်။

အထက်ပါအကြောင်းများကြောင့် အောက်ရုံးစီရင်ချက်နှင့် အပြစ်ဒဏ်တို့ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသည့်အားလျော်စွာ၌အယူခံကိုပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေထွင်

မောင်စံထွန်း (အယူခံတရားလို) † ၁၉၆၆

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)* မတ်လ ၁၁ ရက်။

ရာဇသတ်ကြီးပုဒ်မ ၉၇ အရ၊ ခုခံကာကွယ်ပိုင်ခွင့် သေစေသည့် အထိ ပြုလုပ်နိုင် မလုပ်နိုင်။

ဆုံးဖြတ်ချက်။ ။လူတဦးတယောက်သည် ရာဇသတ်ကြီး ပုဒ်မ ၉၇ ၏ ပဌမ အပိုဒ်အရ လူကိုယ်ကို ထိခိုက် ကျူးလွန်သည့် ပြစ်မှုကို တားဆီးရန် မိမိကိုယ်နှင့် အခြားသူ၏ ကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့် ရှိသည်။ သေသူက အယူခံတရားလို၏ မိတ်ဆွေအား လက်သီးနှင့် ထိုးသောကြောင့် အယူခံ တရားလိုသည် ခုခံကာကွယ် ပိုင်ခွင့် ရ၏။ ဤရုတ္တင် သေသူသည် ရာဇသတ်ကြီး ပုဒ်မ ၁၀၀ တွင် ဖေါ်ပြထားသည့် လက်ဖောက်မှု ထခုခုကို ကျူးလွန်ခဲ့ခြင်း မရှိသဖြင့် အယူခံထရားလိုသည် ခုခံကာကွယ်ပိုင်ခွင့်ကို အသုံးပြုဆုဥ် သေစေသည် အထိ မပြုလုပ်နိုင်။

ဦးမြဲ နှင့် နိုင်ငံတော် ၁၉၄၀ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာမျက်နှာ ၁၀၉ ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။

အယူခံတရားခံအတွက်။ ။အစိုးရရွှေနေကြီး ဦးသိန်းဟန်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံ တရားလိုအပေါ် ရာဇသတ်ပုဒ်မ ၃၀၃ (၂) အရ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သောထားဝယ်မြို့၊ အထူး (စက်ရှင်) တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်သော အမှုဖြစ်သည်။

အမှုဖြစ်ပွားပုံ အတ္ထုပ္ပတ္တိအကျဉ်းချုပ်မှာ လွန်ခဲ့သည့် ၁၃၂၆ ခုနှစ်၊ တော်လဆင်း လပြည့်ကျော် ၁၃ ရက်၊ ၁၉၆၄ ခု၊ အောက်တိုဘာလ ၄ ရက်နေ့၊ မွန်းလွဲ တနာရီခန့် အချိန်တွင် ထားဝယ်မြို့၊ နိဗ္ဗာန်လမ်းပေါ်တွင် အယူခံတရားလိုသည် ၎င်း၏သူငယ်ချင်း မောင်သီးငွေ (ခံပြ-၂) နှင့်အတူလမ်းလျှောက်လာရာ၊ သေသုမောင်သံခဲသည် ၎င်းတို့ နောက်မှပြေးလိုက်လာပြီး မောင်သီးငွေ၏ ဦးခေါင်းကို ၂ ချက်၊ ၃ ချက်ခန့် လက်သီးနှင့်

---

* ၁၉၆၅ ခုနှစ်၊ ရာဇထက်အယူခံမှုအမှတ် ၆၁။

† ၁၉၆၄ ခုနှစ်၊ ရာဇထက်ကြီးမှုအမှတ် ၁၂ တွင် ချမှတ်သော ၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ရက် နေ့စွဲပါ၊ ထားဝယ်မြို့ (စက်ရှင်) ပဌမ အထူး တရားသူကြီး၏ အမိန့်ကို အယူခံမှု။

A

ထိုးသည်၊ ထိုအခါအယူခံဘရားလိုက လှုံ့စွဲပဓါးနှင့် မောင်သံခဲအား နောက်မှနေ၍ထိုးပြီးထွက်ပြေးလေသည်။ ထိုကဲ့သို့အခင်းဖြစ်ပွားသော နေရာမှာ မအုံးမြတင် (လိုပြ-၂) ၏အိမ်ရှေ့တွင်ဖြစ်ပြီး၊ မအုံးမြတင်နှင့် ထိုစဉ်ကအလည်အပတ် ရောက်ခဲ့နေသော မောင်ဘခင် (လိုပြ-၃) တို့သည်အခင်းဖြစ်ပွားပုံအလုံးစုံကို တွေ့မြင်လိုက်ကြရ၏။ ထို့ပြင်အခင်းဖြစ်ပွားရာဒေသအနီးရှိ မြောင်းပုလဲချောင်း၌ ငါးများနေသည့် မောင်ဘိုနီ (လိုပြ-၅) ကလည်း မောင်သံခဲသည် သီးငွေကို နှစ်ချက်ရိုက်ပြီးနောက် အယူခံတရားလိုက မောင်သံခဲအား တစုံတခုနှင့်ထိုး၍ ထွက်ပြေးသွားသည်ကို တွေ့မြင်လိုက်ရလေသည်။ ဆူညံသံကြားသဖြင့် အခင်းဖြစ်ပွားရာသို့ တဘက်မှ ပြေးလာသည့် မောင်လူအေး (လိုပြ-၁) သည် အယူခံတရားလိုအား မြောင်းပုလဲ လှမ်းဆုံတွင်တွေ့ရာ အယူခံတရားလိုက "လူအေး၊ ငါ့အနားမကပ်နှင့်" ဟုအော်၍ မောင်သီးငွေနှင့်အတူ မြောင်းပုလဲရပ်ထဲတို့ ဝင်ပြေးသွားသည်ကို တွေ့လိုက်ရ၏။

ထို့နောက် ဒဏ်ရာရသူ မောင်သံခဲအား အိမ်သို့ ပြန်ခေါ်သွားရာ အိမ်ရောက်ကာလ စကားမေးမရ ဖြစ်သွားသောကြောင့် ဆေးရုံသို့ ပို့လိုက်ရ၏။ ဆေးရုံသို့ရောက်ပြီး ၁၅ မိနစ်အကြာတွင် မောင်သံခဲမှာ အသက်ပျောက်သွားလေသည်။ ဆရာဝန် ဒေါ်ရင်မေ (လိုပြ-၁၀)က ခွဲစိတ်ကြည့်ရှုရာ လက်ျာဘက်နောက်ကျောတွင် ဓါးထိုးဒဏ်ရာတချက်နှင့် လက်ဝဲဘက်လက်ဖြန် နောက်၌ ပြတ်ရှသော ဒဏ်ရာတချက်တို့ကို တွေ့ရပြီး နောက်ကျောမှ ဒဏ်ရာသည် ရင်အုံကိုအားပေးသော သွေးကြောကြီးနှင့် သွေးကြောငယ်များကို ထိုးဖောက်သွား၍ သွေးထွက်ပြီး အဆုတ်အိမ်တွင် ခဲသွားကြောင်း၊ထိုသွေးခဲများသည် လက်ျာဘက် အဆုတ်ကို ဖိတွန်းသဖြင့် အဆုတ်မှာ အရွှေဘက်သို့ တလက်မခန့် နေရာရွှေ့သွားကြောင်း၊ ထိုဒဏ်ရာမှာ မုချသေစေနိုင်မည့် ဒဏ်ရာဖြစ်ကြောင်း တွေ့ရှိလေသည်။

အထက်ပါ သက်သေအဆာက်အဆားများအရ အယူခံတရားလိုအား ဘမ်းဆီး၍ ရုံးတင်တရားစွဲဆိုရာ သေသူ သံခဲသည် မောင်သီးငွေအား အကြောင်းမဲ့ ထိုးသဖြင့် မထိုးဖန်ပြောရာ မိမိကိုလည်း ထိုးသောကြောင့် မြေကြီးပေါ်သို့ လဲသွားကြောင်း။ ထိုအချိန်တွင် မောင်သီးငွေက သေသူ သံခဲအား တွန်းလိုက်သဖြင့် မိမိအပေါ်သို့ ပက်လက်လန်လဲကျလာရာ မိမိလက်ထဲရှိ လှုံ့စွဲပဓါးသည် သေသူ၏ နောက်ကျောတွင် ထိသွားခြင်းသာဖြစ်ကြောင်း ထုချေသော်လည်း ထိုထုချေချက်မှာ ယုတ္တိမရှိဟု ပညာရှိ အောက်ရုံးတရားသူကြီးကလက်မခံဘဲ ပယ်ချလျက် ၎င်းအပေါ် အထက်၌ ဖေါ်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်း ဖြစ်လေသည်။

ဤအမှုတွင်သေသူ သံခဲအား လှုံ့စွဲပဓါးနှင့် အယူခံ တရားလိုက ထိုးကြောင်း မျက်မြင်သက်သေများ ဖြစ်ကြသည့် မအုံးမြတင်၊ မောင်ဘဒင်နှင့် မောင်ဘိုနီတို့၏

တိကျသော ထွက်ဆိုချက်များရှိနေ၏။ အခင်းဖြစ်ပွားသော အချိန်မှာ မွန်းလွဲတနာရီ ဖြစ်ပြီး မြို့တွင်းရှိ လမ်းမကြီးပေါ်၌ ဖြစ်ပွားသည့်အလျောက် လူများပြီး စွပ်စွဲရန်သည်း အကြောင်းမရှိ၊ မောင်သီးငွေက တွန်းလိုက်၍လဲရင်း လှံစွပ်ခါးနှင့်ထိသွားသည်ဆိုသော ထုချေချက်မှာ ယုတ္တိမရှိသည့်အပြင် မျက်မြင်သက်သေဘို၏ ထွက်ချက်များနှင့်လည်း ကိုက်ညီခြင်းမရှိပေ။ ထို့ကြောင့် အယူခံတရားလိုသည် သေသူ သံခဲအား လှံစွပ်ခါးနှင့် ထိုးခဲ့သည်ဆိုသော အောက်ရုံး၏ ကောက်ယူချက်မှာ မှန်ကန်သည်။

သို့ရာတွင် အယူခံတရားလိုသည် မည်သည့်ပြစ်မှုကို ကျူးလွန်ခဲ့သည်ဆိုသော ပြဿနာကို ဝေဘန်ရန် လိုပေသည်၊ ယခုကဲ့သို့ ဖြစ်ပွားရခြင်းမှာ သေသူ သံခဲက အယူခံတရားလို၏ မိတ်ဆွေဖြစ်သူ သီးငွေအား စတင်၍ လက်သီးနှင့် ထိုးသောကြောင့် ဖြစ်ကြောင်း သက်သေ ထွက်ချက်များအရ ပေါ်လွင်သည်။ လူတဦးတယောက်သည် ရာဇသတ်ပုဒ်မ ၉၇ ၏ ပဌမအပိုဒ်အရ၊ လူ့ကိုယ်ကို ထိခိုက်ကျူးလွန်သည့် ပြစ်မှုကို တားဆီးရန် မိမိကိုယ်နှင့် အခြားသူ၏ကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်ရှိသည်။ ယခုအမှုဘင် သေသူ သံခဲက မိတ်ဆွေဖြစ်သူ သီးငွေအား လက်သီးနှင့် ထိုးသောကြောင့် အယူခံတရားလိုသည် ခုခံကာကွယ်ပိုင်ခွင့်ရ၏။ သို့ရာတွင် သေသူ သံခဲသည် ရာဇသတ်ပုဒ်မ ၁၀၀ တွင် ဖော်ပြထားသည့် လက်ရောက်မှု တခုခုကို ကျူးလွန်ခဲ့ခြင်း မရှိသဖြင့် အယူခံတရားလိုသည် ခုခံကာကွယ်ပိုင်ခွင့်ကို အသုံးပြုရာ၌ သေစေသည်အထိ မပြုလုပ်နိုင်၊ တနည်းဆိုရသော် လက်သီးနှင့် ထိုးသူကို ရာဇသတ်ပုဒ်မ ၁၀၁ အရ၊ သေစေခြင်းမှ တပါး၊ အခြားဘေးအန္တရာယ် ဖြစ်စေရန်သာ ပြုလုပ်နိုင်သည်။ ၎င်းပြင် ထိုကဲ့သို့ ပြုလုပ်နိုင်သော ဘေးအန္တရာယ်သည် ပြုလုပ်ရန် လိုသည်ထက်ပို၍ပြုခွင့်မရှိပေ။ ယခုအမှု၌ သံခဲသည် လက်သီးဖြင့် ထိုးခဲ့ခြင်းဖြစ်ရာ အယူခံတရားလိုသည် သံခဲအား သေစေခြင်း မပြုနိုင်။ သူငယ်ချင်းအား ထိုးသဖြင့် ဒေါသအလျောက် လက်တွင်ရှိသည့် လှံစွပ်ခါးနှင့် ၂ ချက်ထိုးခဲ့ခြင်းသာဖြစ်ရာ ၎င်း၏ ပြုမူချက်သည် ရာဇသတ်ပုဒ်မ ၂၉၉ ၏ တတိယခြွင်းချက်နှင့် အကျုံးဝင်နေသည်ဟု ဆိုရမည်။ ထိုအတိုင်းပင်လည်း **ဘိုးမြဲ** နှင့် **နိုင်ငံတော်** (၁)တွင် စီရင်ထုံး ဖွဲ့ဆိုးသည်ကို တွေ့မြင်နိုင်ပေသည်။ ထို့ကြောင့် အယူခံတရားလိုအား ရာဇသတ်ပုဒ်မ ၃၀၄ အရသာ အပြစ်ပေးရမည်ဖြစ်ရာ ၎င်းအား ရာဇသတ်ပုဒ်မ ၃၀၂ (၂)အရ၊ အပြစ်ပေးခဲ့သော အောက်ရုံး အမိန့်ကို ပယ်ဖျက်ပြီး ပုဒ်မ ၃၀၄ အရ ပြောင်းလဲလိုက်သည်။

သို့ရာတွင် အယူခံတရားလိုအပေါ် ပညာရှိ အောက်ရုံးတရားသူကြီး ချမှတ်ထား သောအပြစ်ဒဏ်မှာ ကြီးလေးသည်ဟု မဆိုနိုင်၍ ၎င်း၏အယူခံကို ပလပ်လိုက်သည်။

---

(၁) ၁၉၄၀ ရန်ကုန်စီရင်ထုံး ၁၀၉။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

† ၁၉၆၆
ဖေဖြေလ ၁၁
ရက်။

မောင်တင်ငွေ၊ မောင်ရွှေ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီးပုဒ်မ ၃၉၅ အရ၊ မူပြစ်ထင်ရှားစီရင်ခြင်း—တိုက်ရုပါ ပစ္စည်းများ ရက်အတန်ကြာ မိခြင်း—ထားပြတိုက်ရာတွင် ကိုယ်ထိလက်ရောက်ပါဝင်ခဲ့ခြင်း အထောက်အထား မရှိခြင်း—တိုက်ရုပါ ပစ္စည်း လက်ခံသူ၊ သို့တည်းမဟုတ် ခိုးရုပါ ပစ္စည်း လက်ခံသူ အဖြစ် အပြစ်ပေးသင့် မပေးသင့်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုများထံမှ တိုက်ရုပါ ပစ္စည်းများကို ရက်အတန်ကြာမှ မိခဲ့သည်မှာအပြင်၊ ၎င်းတို့အား ထားပြတိုက်ရာတွင် ကိုယ်ထိလက်ရောက် ပါဝင်ခဲ့သည်ဆိုသော သက်သေအထောက်အထား လုံးဝ မရှိသဖြင့် ၎င်းတို့သည် ထားပြများ ဖြစ်သည်ဟု ယူဆရမည့် အစား၊ တိုက်ရုပါ ပစ္စည်း လက်ခံသူ၊ သို့တည်းမဟုတ် ခိုးရုပါ ပစ္စည်း လက်ခံသူ အဖြစ်သာ အပြစ်ပေးသင့်သည်။

အယူခံတရားလို မောင်တင်ငွေသည်၊ ရန်ကုန်တွင် နေထိုင်သူ တဦးဖြစ်၍၊ အခင်းဖြစ်ပွါးသည့် ရွာ၌ ထားပြတိုက်သွားသည် ဆိုခြင်းကို သိနိုင်သူ တယောက် ဖြစ်သည်ဟု ယူဆရန် ခဲယဉ်းသဖြင့် ၎င်းထံမှ ရမိသော ပစ္စည်းများမှာ တိုက်ရုပါ ပစ္စည်းများ အဖြစ် သိရှိပြီး လက်ခံခဲ့သည်ဟု ကောက်ယူခြင်း မပြုနိုင်ရကား၊ ရာဇသတ်ပုဒ်မ ၄၁၁ အရသာ အပြစ်ပေးရန် သက်သေ အထောက် အထား ရှိသည်ဟု ယူဆရမည်။

အယူခံတရားလို မောင်ရွှေ နေထိုင်သော ရွာမှာ အခင်းဖြစ်ပွါးရာ ရွာနှင့် များစွာဝေးပုံ မရသဖြင့်၊ ၎င်းသည် ပစ္စည်းများကို လက်ခံ ဝယ်ယူစဉ်က တိုက်ရုပါ ပစ္စည်း ဖြစ်ကြောင်း သိရှိရန် အကြောင်း ပေါ် ပေါက်နေ သဖြင့် ရာဇသတ် ပုဒ်မ ၄၁၂ အရ၊ အပြစ်ပေးရန် လုံလောက်သည်။

စီပူဂျာရီ နှင့် နိုင်ငံတော်၊ အော၊ အိုင်၊ အာ၊ ၁၉၄၅၊ ဘုံဘိုင် ၂၉၂ ကို ရည်ညွှန်းသည်။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၄၇-၄၈။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၀၇ တွင် ချမှတ်သော ၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့စွဲပါ၊ အင်းစိန်မြို့၊ ဒုတိယ ရာဘက် (အထူး) ရာဇဝတ် တရားသူကြီး၏ အမိန့်ကို အယူခံဝင်မှု။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။အဝိုးရရွှေနေကြီး ဦးသိန်းဟန်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလို မောင်တင်ငွေနှင့် မောင်ရွှေတို့အပေါ် ရာဇသတ်ပုဒ်မ ၃၉၅ အရ အလုပ်နှင့် ထောင်ဒဏ် ၅ နှစ်စီကျခံစေရန်အမိန့် ချမှတ်ခဲ့သော အင်းစိန်မြို့ ဒုတိယရာဘာက်ရာဇဝတ်တရားသူကြီး၏ စီရင်ချက်ကိုမကျေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်သည်။

အမှုဖြစ်ပွါးပုံအတ္ထုပ္ပတ္တိအကျဉ်းချုပ်မှာ၊ လွန်ခဲ့သည့် ၁၉၆၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့ည ၉ နာရီခန့်အချိန်တွင် အင်းစိန်ခရိုင်၊ ထန်းတပင်မြို့အပိုင် ဆပ်ကလေးရွာနေ ဦးသာဌေး (လိုပြ-၁) အိမ်၊ ဦးနွဲ့ (လိုပြ-၂) အိမ်၊ မဗျော့ (လိုပြ-၃) အိမ်နှင့် ကိုလှမောင် (လိုပြ-၄) အိမ်များသို့လက်နက်ကိုင် ထားပြများဝင်ရောက်ကာ ရွှေငွေအဝတ်အထည်စသည့် ပစ္စည်းများကို လုယူဘိုက်ခိုက်သွားကြသည်။ ဦးနွဲ့အိမ်မှ ရွှေငွေအဝတ်အစားတန်ဘိုး ၂,၀၆၀ ကျပ်ခန့်ပါသွားပြီး၊ ဦးနွဲ့ထံမှ ငွေ ၁,၇၇၈ ကျပ်၊ ၇၅ ပြားပါသွား၏။ မဗျော့သည် ကျပ် ၅၀ တန် နားဝတ်တရံကိုပေးလိုက်ရပြီး၊ကိုလှမောင်သည် ၁,၅၀၀ တန်လက်ဝတ်လက်စားများကို ပေးလိုက်ရသည်။ အတိုက်ခံရသည့် အိမ်သူအိမ်သားများမှာ ထားပြများကို မှဘ်မိလိုက်ခြင်းမရှိကြပေ။ ထားပြဦးရောဂိုအဘိအာဂျမည်သူမျှ မပြောနိုင်သော်လည်း ၅ ယောက်ထက်မနည်းကြောင်း ထင်ရှားသည်။

ထို့နောက် ၁၉၆၄ ခုနှစ်၊မေလ ၄ ရက်နေ့တွင် ထန်းတပင်ရဲစခန်းမှ ဒု-လုံခြုံရေးမှူး ဦးထွန်းရွှေ (လိုပြ-၂၄) သည် သစ်ဆုတ်လုပ်ရေးအဖွဲ့မှ ဦးစံမြင့်၊ ကိုအောင်ကြိုင် (လိုပြ-၁၁) တို့နှင့်အတူ သစ်ကိစ္စနှင့်ပတ်သက်၍ လိပ်ချောင်းရွာမှအပြန် လိပ်ချောင်းကျေးရွာကျော်၌၊ မောင်ကျော်စိန်ဆိုသူနှင့် အယူခံတရားလို မောင်တင်ငွေတို့အား မသင်္ကာဘွယ်ရာ တွေ့ရှိသဖြင့်၊ ၎င်းတို့အား ရှာဖွေရာ မောင်ကျော်စိန်ထံမှ လက်ပတ်နာရီတလုံးကိုရရှိပြီး၊ အယူခံတရားလို မောင်တင်ငွေထံမှ လုပ်ခြောက်လုံးပြူးတလက် ၃၀၃ ကျည်ဆံ ၄ တောင့်နှင့်လက်နှိပ်ဓါတ်မီး ၂ လက်ကို ဘမ်းဆီးရမိ၏။ ၎င်းတို့ထံမှ ရမိခဲ့သောပစ္စည်းများအား အလားတူပစ္စည်းများနှင့် ရောနှောပြသရာဘွင် ဓါးပြတိုက်ခံရသူတဦးဖြစ်သည့် မောင်တင်ငွေ (လိုပြ-၁၈) က လက်နှိပ်ဓါတ်မီးတလက်နှင့် လက်ပတ်နာရီတို့ကို ထားပြများယူသွားသည့် ပစ္စည်းများဖြစ်ကြောင်း အမှတ်အသားများနှင့် တကွ ဆွဲပြနိုင်ခဲ့လေသည်။

၁၉၆၄ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ဦးထွန်းရွှေသည် ကုလားကြီးကုန်းရွာသားများဖြစ်ကြသည့် အယူခံတရားလို မောင်ရွှေနှင့် ၎င်း၏ယောကျ်ားမ ကိုဧချို့တို့အား တမ်းဆီး

၁၉၆၆

မောင်တင်ငွေ၊ မောင်ချွေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

လိုက်ပြီးနောက်၊ ၎င်းတို့၏ ပြဿနာချက်အရ ၁၉၆၄ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ကိုချို အိမ်ခေါင်းရင်း ထရံကြားမှ မိန်းမလက်ပတ်နာရီတလုံး၊ အိမ်နောက်ဘက် ထရံကြားမှ၊ ချွေကြိုးတကုံးနှင့် ကလေးချွေလက်ပတ်နာရီတလုံးကိုတို့ သိမ်းဆီးရမိခဲ့လေသည်။ ထိုကဲ့သို့ သိမ်းဆီးရမိသည့်ပစ္စည်းများအနက် မိန်းမလက်ပတ်နာရီကို မောင်တင်ကေ၌၊ ချွေကြိုးနှင့် ကလေး ချွေလက်ပတ်နာရီကို အခြားထားပြတိုက်ခံရသူ တဦးဖြစ်သည့် မခွေးမ (လိုပြ-၂၀) တို့ကငင်း ပစ္စည်းများစီတန်းပြသရာတွင် မှန်ကန်စွာ ချေးပြနိုင်ခဲ့၏။

ထို့နောက် ၁၉၆၄ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် အယူခံတရားလို မောင်တင်ငွေ၏ ပြဿနာချက်အရ အလုံငှနာလမ်းရှိ ၎င်း၏နေအိမ်နေ ဇနီး မစိန် (လိုပြ-၂၂) ထံမှ နားကတ် ၃ ဘက်နှင့် နားဆွဲတခုတို့ကို ဘမ်းဆီးရမိခဲ့လေသည်။ ထိုပစ္စည်းများကို ထားပြအတိုက်ခံခဲ့ရသည့် မသန်းမေ (လိုပြ-၁၆)၊ မသိန်း (လိုပြ-၁၉) နှင့် မခွေးမ (လိုပြ-၂၀) တို့က ဓါးပြ ယူသွားသည့် ၎င်းတို့၏ပစ္စည်းများဖြစ်ကြောင်း ပစ္စည်းပြရာ၌ မှန်ကန်စွာ ဆွဲပြနိုင်ခဲ့လေသည်။

အထက်ပါသက်သေ အထောက်အထားများအရ၊ အယူခံတရားလိုနှစ်ဦးနှင့် မောင်ကျော်စိန်၊ မောင်ချို့တို့အပြင် မောင်သောင်းချွေ (ခေါ်) မောင်မြင့်တို့ ငါးဦးအပေါ် ရာဇသတ်ပုဒ်မ ၃၅၅ အရ တရားစွဲဆိုရာ မောင်သောင်းချွေ (ခေါ်) မောင်မြင့်အား အောက်ရုံးပညာရှိ တရားသူကြီးသည် တရားရှင်လွှတ်ခဲ့၏။ အယူခံတရားလို မောင်တင်ငွေက ၎င်းထံမှ ဘမ်းဆီးရမိသောပစ္စည်းများမှာ မောင်ကျော်စိန်ထံမှ ဖဲနှိုင်သဖြင့် တန်ဘိုး ၉၀ ကျပ်ထားပြီး ရယူခဲ့သော်ဟုပစ္စည်းများသာဖြစ်ကြောင်း၊ ထားပြတိုက်ရာတွင်မပါကြောင်းထုချေလေသည်။ မောင်ကျော်စိန်က ထားပြတိုက်မှုကို ကိုယ်တိုင် ကျူးလွန်ခဲ့ကြောင်း ဝန်ခံကာ အယူခံတရားလို မောင်တင်ငွေအား ဖဲရှုံး၍ တိုက်ရာပါပစ္စည်းများကို အဘိုးထားပြီး ပေးလိုက်ရကြောင်း ထောက်ခံထွက်ဆိုသွား၏။ အယူခံတရားလို မောင်ချွေက ကိုချို့အိမ်နံရံကြားတွင် ဝှက်ထားသော ပစ္စည်းများကို ထွက်ပြေးနေသူ မောင်သောင်းထံမှ ငွေ ၂၀၀ ကျပ်နှင့် ဝယ်ထားပြီး လူဆိုးဘေးရန်ကိုကြောက်၍ ဝှက်ထားခြင်းဖြစ်ကြောင်း။ ထိုကဲ့သို့ ဝှက်ထားကြောင်းကို ယောကျ်ားမဖြစ်သူ ကိုချို့အား အသိမပေးခဲ့ကြောင်း ထုချေ၏။ ကိုချို့က သမက်မောင်ချွေသည်မိမိအိမ်တွင် နေသူဖြစ်ကြောင်း၊ အိမ်နံရံကြားတွင် ဝှက်ထားသည်ကို မိမိမသိကြောင်း ထုချေလေသည်။ ပညာရှိ အောက်ရုံးတရားသူကြီးသည် ထိုထုချေချက်များကို လက်မခံဘဲ အယူခံတရားလိုနှစ်ဦးနှင့် မောင်ကျော်စိန်တို့အပေါ် ရာဇသတ်ပုဒ်မ ၃၅၅ အရငင်း၊ မောင်ချို့အပေါ် ရာဇသတ်ပုဒ်မ ၄၁၂ အရငင်း၊ အပြစ်ပေးခဲ့ခြင်းဖြစ်လေသည်။ မောင်ကျော်စိန်နှင့် မောင်ချို့တို့မှာ အယူခံမဝင်ကြပေ။

ဤအမှုတွင် ထားပြုအတိုက်ခံရသည့် အိမ်သူအိမ်သားများသည် ထားပြုများအား မှတ်မိလိုက်ကြခြင်းမရှိ၊ သို့ဖြစ်ရာ ထားပြုတိုက်ရာ ပါပစ္စည်းများကို အယူခံတရားလိုက ထားပြုတိုက်ပြီးနောက် များမကြာမီ ထုတ်ပေးခဲ့သည်ဆိုသောအချက်သာလျှင် ၎င်းတို့အပေါ် ငြိစွန်းနေလေသည်။ ထိုကဲ့သို့ ငြိစွန်းသည့် သက်သေအထောက်အထားဖြင့် ၎င်းတို့သည် ထားပြုများဖြစ်ရမည်ဟု ကောက်ယူနိုင်-မနိုင်ဆိုသောအချက်ကို ဝေဘန်ဆန်းစစ်ရန်လိုပေသည်။

သက်သေခံ ဥပဒေပုဒ်မ ၁၁၄ ၏ ဥပမာ (က) တွင်၊ သူခိုးခိုးခံရပြီးနောက်၊ များမကြာမီအချိန်အတွင်း၊ ခိုးရာပါပစ္စည်းနှင့်တွေ့သောသူကို သူခိုး၊ သို့မဟုတ် ခိုးရာပါပစ္စည်းလက်ခံသူအဖြစ် ယူဆနိုင်ကြောင်း ပြဋ္ဌာန်းထားလေသည်။ ခိုးရာပါပစ္စည်းအား ဥပမာ နာရီပိုင်းအတွင်း တွေ့ရပါမူ ထိုသူသည် သူခိုးဖြစ်ကြောင်း လွှဲယွင်းနှင့်ပင် ကောက်ယူနိုင်ပေမည်။ အကယ်၍ ရက်အနည်းငယ်ကြာမှ တွေ့ရှိပါမူ ခိုးရာပါပစ္စည်းကို လက်ခံသူဟုသာ ယူဆရန်အကြောင်းရှိပေသည်။ ရက်လ အတော်ကြာညောင်းမှသာ တွေ့ရှိခဲ့ပါမူ သူခိုးဟူ၍ ၎င်း၊ ခိုးရာပါပစ္စည်းလက်ခံသူဟူ၍ဂင်း၊ ယူဆရန်အကြောင်း မရှိဘော့ပေ။ ခိုးရာပါပစ္စည်းနည်းတူ၊ ဓါးပြတိုက်ရာပါပစ္စည်းနှင့် ပတ်သက်၍လည်း အထက်တွင်ဖော်ပြခဲ့သည့် ယူဆချက်များအတိုင်း ကောက်ယူနိုင်ပေသည်။ သို့ရာတွင် ထားပြုတိုက်ရာပါပစ္စည်းတွေ့ရှိသူအား တိုက်ရာပါပစ္စည်းလက်ခံသူအဖြစ် ရာဇသတ်ပုဒ်မ ၄၁၂ အရ အပြစ်ပေးသင့်ပါသလော၊ သို့တည်းမဟုတ် ခိုးရာပါပစ္စည်းလက်ခံသူအဖြစ် ရာဇသတ်ပုဒ်မ ၄၁၁ အရသာ အပြစ်ပေးသင့်ပါသလောဟူ၍ ဝိဝါဒကွဲပြားနေ၏။ ထားပြုတိုက်ရာပါပစ္စည်းတွေ့စေကာမူ၊လက်ခံသူသည်ထားပြုတိုက်ရာပါပစ္စည်းဟုသိရှိနိုင်မည်မဟုတ်၍ ရာဇသတ်ပုဒ်မ ၄၁၁ အရ ခိုးရာပါပစ္စည်းလက်ခံသူအဖြစ်သာ အပြစ်ပေးသင့်ကြောင်း အချို့ကယူဆသည်။ အချို့ကမူပစ္စည်းလက်ခံသူသည် ထားပြုတိုက်ရာပါပစ္စည်းဖြစ်ကြောင်း သိရှိရန်အကြောင်း ပေါ်ပေါက်နေက ရာဇသတ်ပုဒ်မ ၄၁၂ အရ တိုက်ရာပါပစ္စည်းလက်ခံသူအဖြစ် အပြစ်ပေးသင့်ကြောင်း ယူဆကြသည်။ တိုက်ရာပါပစ္စည်းတွေ့ရှိသူတိုင်းကို ရာဇသတ်ပုဒ်မ ၄၁၁ အရ ခိုးရာပါပစ္စည်းအဖြစ် လက်ခံသူအဖြစ် အစဉ်အစိုက် အပြစ်ပေးရမည်ဆိုသော ကျဉ်းမြောင်းသည့်မူကို လက်မခံနိုင်။ အမှု၏ အကြောင်းခြင်းရာများအရထိုသူသည် ထားပြုတိုက်ရာပါ ပစ္စည်းဖြစ်ကြောင်း သိရှိရန် အကြောင်း ပေါ်ပေါက်နေက ရာဇသတ်ပုဒ်မ ၄၁၂ အရ တိုက်ရာပါပစ္စည်းလက်ခံသူ အဖြစ် အပြစ်ပေးရပေမည်။ ထိုကိစ္စနှင့်ပတ်သက်၍ **စီပူဂျာရီ နှင့် နိုင်ငံတော်** (၁)။ စီရင်ထုံးပါ ဝေဘန်ချက်ကို ရည်ညွှန်းလိုသည်။

(၁) ၈အ-အိုင်-အာ (ရှိ)၊ ၁၉၄၅ ဘုံဘိုင် ၂၉၂။

၁၉၆၆

မောင်တင်ငွေ၊ မောင်ရွှေနှင့် ပြည်ထောင်စုပြန်မဒုံင်း။

ဤအမှုတွင် အယူခံတရားလို မောင်တင်ငွေထံမှ တိုက်ရာပါပစ္စည်းဖြစ်သည့် လက်နှိပ်ဓါတ်မီးတလက်ကို ထားပြတိုက်ပြီး ၄ ရက်အကြာတွင်၎င်းနားဂတ် ၃ ဘက်နှင့် နားဆဲတခုကို ၁၄ ရက်အကြာတွင်၎င်း ရမိခဲ့ပြီး၊ အယူခံတရားလို မောင်ရွှေထံမှ အခြားတိုက်ရာပါပစ္စည်းအချို့ကို ၇ ရက်အကြာတွင်၎င်း၊ ဘမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ထံမှ တိုက်ရာပါပစ္စည်းများကို ရက်အတန်ကြာမှ ရမိခဲ့သည့်အပြင်၊၎င်းတို့သည် ထားပြတိုက်ရာတွင် ကိုယ်ထိလက်ရောက် ပါဝင်ခဲ့သည်ဆိုသော သက်သေအထောက်အထား လုံးဝမရှိသဖြင့် ၎င်းတို့သည် ထားပြများဖြစ်သည်ဟု ယူဆရမည့်အစား၊ တိုက်ရာပါပစ္စည်းလက်ခံသူ၊ သို့တည်းမဟုတ် ခိုးရာပါပစ္စည်းလက်ခံသူအဖြစ်လာ အပြစ်ပေးသင့်ပေသည်။

အယူခံတရားလို မောင်တင်ငွေသည် ရန်ကုန်မြို့၊ အလုံရပ်ဘွင် နေထိုင်လူတဦးဖြစ်၍၊ ထန်းတပင်မြို့အပိုင် ဆပ်ခလေးရွာတွင် ထားပြတိုက်သွားသည်ဆိုခြင်းကို သိနိုင်သူတယောက် ဖြစ်သည်ဟု ယူဆရန်ခဲယဉ်းပေသည်။ သို့ဖြစ်ရာ ၎င်းထံမှရမိသော ပစ္စည်းများမှာ တိုက်ရာပါပစ္စည်းများအဖြစ် သိရှိပြီး လက်ခံခဲ့သည်ဟု ကောက်ယူခြင်းမပြုနိုင်ပေ။ ထို့ကြောင့် ၎င်းအပေါ် ရာဇသတ်ပုဒ်မ ၄၁၁ အရသာ အပြစ်ပေးရန် သက်သေအထောက်အထားရှိသည်ဟု ယူဆရမည်ဖြစ်သည်။

အယူခံတရားလို မောင်ရွှေနှင့်ပတ်သက်၍မူ၊ ၎င်းနေထိုင်သော ကုလားကြီးကုန်ရွာမှာ အခင်းဖြစ်ပွါးရာ ဆပ်ခလေးရွာနှင့် များစွာဝေးပုံမရသဖြင့်၊ ၎င်းသည် ပစ္စည်းများကို လက်ခံဝယ်ယူစဉ်က တိုက်ရာပါပစ္စည်းဖြစ်ကြောင်း သိရှိရန်အကြောင်း ပေါ်ပေါက်နေသည်။ သို့ဖြစ်ရာ ၎င်းအပေါ် ရာဇသတ်ပုဒ်မ ၄၁၂ အရ အပြစ်ပေးရန် လုံလောက်သည်ဟု ကောက်ယူရမည်။

အထက်ပါ အကြောင်းများကြောင့် အယူခံတရားလို မောင်တင်ငွေအပေါ် ရာဇသက်ပုဒ်မ ၃၅၅ အစား ပုဒ်မ ၄၁၁ အရ ပြောင်းလဲကာ အလုပ်နှင့် ထောင်ဒဏ် ၁၀ (ဆယ်) လကျခံစေရန်နှင့် အယူခံတရားလို မောင်ရွှေအပေါ် ရာဇသတ်ပုဒ်မ ၃၅၅ အစား ပုဒ်မ ၄၁၂ အရ ပြောင်းလဲကာ အလုပ်နှင့် ထောင်ဒဏ် တနှစ်ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးသက်ဖေတို့ရှေ့တွင်

မောင်ထွန်းမြင့် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၆ ပြီလ ၂၀ ရက်။

ရာဇသတ်ပုဒ်မ ၄၉၇ အရ၊ မှုပြစ်ထင်ရှား စီရင်ခြင်း—ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၄၁၇ အရ၊ အယူခံဝင်ရာ—အယူခံရုံးသည်၊ သက်သေထွက်ချက်များကိုပြန်လည်သုံးသပ်ကာအမိန့်ချမှတ်နိုင်သော အာဏာရှိ မရှိ—အယူခံရုံးအနေနှင့် လွှယ်လင့်တကူ ပယ်ဖျက်ခြင်း မပြုရ ဆိုသော အချက်ကြီး လေးချက်—ငယ်ရွယ်သူ၏ သက်သေ၏ ထွက်ချက် လက်ခံ စရာ အကြောင်းရှိ မရှိ။

ဆုံးဖြတ်ချက်။ ။တရားခံဘဦးအား၊ တရားသေလွန်သည့် အမိန့်ကို ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၄၁၇ အရ၊ အယူခံဝင်သော အခါ၊ တရားခံ တဦးအား၊ အပြစ်ပေးသဖြင့် ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၄၂၃ အရ၊ အယူခံဝင်သည့် အမှုနည်းတူ၊ အယူခံရုံးသည်၊ သက်သေ ထွက်ချက်များကို ပြန်လည် သုံးသပ်ကာ အမိန့်ချမှတ်နိုင်သော အာဏာရှိသည် ဆိုခြင်းကို စောဒက မတက်နိုင်ပေ။ သို့ရာတွင် ယင်းသို့ သက်သေ ထွက်ချက်များကို ပြန်လည် သုံးသပ်ပြီး အမိန့် ချမှတ်ခွဲ၌၊ သက်သေ တို့အား ယုံထိုက် မယုံထိုက် ဆိုသော ကိစ္စနှင့် ပတ်သက်၍၊ အောက်ရုံး တရားသူကြီး၏ ထင်မြင် ချက်၊ အပြစ်ရှိကြောင်း ထင်ရှားအောင် မပြနိုင်သရွေ့ တရားခံသည် အပြစ် မရှိဟု ကောက်ယူ ရမည့် ကနဦး ယူဆချက်မှ တရားသေ လွှတ်သည့် အမိန့်က ပိုမို ခိုင်လုံနေစေသည် ဆိုခြင်း၊ သံသယ အကျိုးကို တရားခံသာ ခံစားခွင့် ရှိခြင်းနှင့် သက်သေများအား ကိုယ်ဘိုင် တွေ့မြင်ခဲ့ သည့် အောက်ရုံး တရားသူကြီး၏ အကြောင်းခြင်းရာ ဆုံးဖြတ်ချက်ကို အယူခံရုံးအနေနှင့် လွှယ် လင့်တကူ ပယ်ဖျက်ခြင်း မပြုရ ဆိုသော အချက်ကြီး လေးချက်ကို မျက်ခြေ မပြတ်သင့်ပေ။ တနည်းဆိုသော် သက်သေထွက်ချက်များကို ပြန်လည်သုံးသပ်ခွင့် အယူခံရုံးသည် မူလရုံးနှင့် သဘောကွဲလွဲရုံမျှဖြင့်၊ မူလရုံး၏ အမိန့်ကို ပယ်ဖျက်ရန် အကြောင်း မလုံလောက်ပေ။ ထင် ရောက်စွက်ဖက်ရန် လုံလောက်သော အကြောင်းများ ရှိရန် လိုပေသည်။ မည်သည့် အတွက် ဝင်ရောက် စွက်ဖက်ရကြောင်း ဖော်ပြရန်လည်း လိုပေသည်။

ရှိဃိုဆွာရက် နှင့် နိုင်ငံတော်၊ အော၊ အိုင်၊ အာ (ရ)၊ ၁၉၃၄၊ ပရီဗီကောင်စီ၊ ၂၂၇။

ဆန်ဝယ်ဆင် နှင့် **ရာဂျာတန်ပြည်နယ်**၊ အော၊ အိုင်၊ အာ (ရ)၊ ၁၉၆၁ ခု၊ တရားလွှတ်တော်ချုပ် ၇၁၅။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၅၃၃ တွင် ချမှတ်သော ၁၉၆၄ ခုနှစ်၊ မေလ ၂၉ ရက် နေ့စွဲပါ၊ ရန်ကုန်မြို့ (၅) ရာဘက် ရာဇဝတ် တရားသူကြီး၏ အမိန့်ကို အယူခံမှု။

၁၉၆၆

မောင်ထွန်းမြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

မောင်အောင်စိ နှင့် **ပြည်ထောင်စု၊** ၁၉၅၉ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ ၁၈ (တရားလွှတ်တော် ချုပ်)။

မောင်မြအောင်နှင့် **ပြည်ထောင်စု၊** ၁၉၆၀ ခု၊ မြန်မာပြည်စီရင်ထုံး ၂၀ (လွှတ်တော် တို့ကိုရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။သက်သေတဦးသည်၊ အသက်ပင် ငယ်ရွယ်သော်လည်း၊ အသိဉာဏ် နှင့် ပြည့်စုံပြီး အမှုတွင် ပေါ်ပေါက်လျက်ရှိသော မှုပြစ်ခြင်းရာများအရ လိမ်လည် ထွက်ဆိုရန် အ အကြောင်း မရှိက၊ ၎င်း၏ ထွက်ဆိုချက်ကို လက်မခံ စရာ အကြောင်းမရှိ၊ သို့ရာတွင် အသက် အရွယ် နုနယ်သည့် ကလေးသူငယ် သက်သေများသည်၊ မသမာသူတို့က လုပ်ကြံကာ သင်ကြား ထားသည့်အတိုင်း ယုံလွယ် မှတ်လွယ်သောကြောင့်၊ ယင်းသက်သေ ထွက်ချက်မျိုးကို သတိကြီးစွာ ဖြင့် လက်ခံရမည်။

အာဇက် နှင့် **နိုင်ငံတော်၊** ၁၉၄၀ ခုနှစ်၊ ရန်ကုန်စီရင်ထုံးများ ၁၀၄ ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ရွှေနေကြီးဦးသန်းအောင်။

အယူခံတရားခံအတွက်။ ။အစိုးရရွှေနေကြီး ဦးနှစ်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလို မောင်ထွန်းမြင့်အား၊ ရန်ကုန်မြို့၊ ပဉ္စမရာဘက် ရာဇဝတ် တရားသူကြီးရုံးတွင်၊ ရာဇသတ်ပုဒ်မ ၄၉၇ အရ၊ တရား စွဲဆိုရာ၊ ပညာရှိ ပဉ္စမရာဘက် ရာဇဝတ်တရားသူကြီးက၊ ၎င်းအား တရားသေ လှတ်ခဲ့၏။ ထိုသို့ တရားသေလွှတ်သော အမိန့်ကို နိုင်ငံတော်အစိုးရက မကျေနပ် သဖြင့်၊ ဤရုံးသို့ အယူခံဝင်ရာ၊ ပညာရှိတရားသူကြီး ဦးစောဘသိန်းက တရားသေ လွှတ်သော အောက်ရုံးအမိန့်ကို ပယ်ဖျက်ကာ၊ အယူခံတရားလိုအား ရာဇသတ်ပုဒ်မ ၄၉၇ အရ၊ အလုပ်နှင့် ထောင်ဒဏ်တနှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သောကြောင့်၊ ဤအယူခံမှု ပေါ်ပေါက်လာရခြင်းဖြစ်သည်။

တရားခံတဦးအား တရားသေလွှတ်သည့်အမိန့်ကို၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၁၇ အရ အယူခံဝင်သောအခါ၊ တရားခံ တဦးအား အပြစ်ပေးသဖြင့်၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၂၃ အရ အယူခံဝင်သည့်အမှုနည်းတူ၊ အယူခံရုံးသည် သက်သေထွက်ချက်များ ကို ပြန်လည် သုံးသပ်ကာ အမိန့်ချမှတ်နိုင်သော အာဏာရှိသည်ဆိုခြင်းကို စောဒက မတက်နိုင်ပေ။ သို့ရာတွင် ယင်းသို့ သက်သေထွက်ချက်များကို ပြန်လည် သုံးသပ်ပြီး အမိန့်ချမှတ်ရာ၌၊ သက်သေတို့အား ယုံထိုက် မယုံထိုက်ဆိုသော ကိစ္စနှင့် ပတ်သက်၍၊ အောက်ရုံးတရားသူကြီး၏ ထင်မြင်ချက် မှုပြစ်ရှိကြောင်း ထင်ရှားအောင် မပြနိုင် သရွေ့ တရားခံသည် အပြစ်မရှိဟု ကောက်ယူရမည့် ကနဦးယူဆချက်မှာ တရားသေ လွှတ်သည့် အမိန့်က ပိုမိုခိုင်လုံနေစေသည်ဆိုခြင်း၊ သံသယအကျိုးကို တရားခံသာ ခံစားခွင့် ရှိခြင်းနှင့် သက်သေများအား ကိုယ်တိုင် တွေ့မြင်ရခဲ့သည့် အောက်ရုံး တရား

သူကြီး၏ အကြောင်းခြင်းရာ ဆုံးဖြတ်ချက်ကို၊ အယူခံရုံးအနေနှင့် လွှယ်လင့်တကူ ပယ်ဖျက်ခြင်းမပြုရဆိုသော အချက်ကြီး လေးချက်ကို၊ မျက်ခြေမပြတ်သင်ပေ။ တနည်းဆိုသော် သက်သေထွက်ချက်များကို ပြန်လည်သုံးသပ်ရာ၌၊ အယူခံရုံးသည် မူလရုံးနှင့် သဘောကွဲလွဲရုံမျှဖြင့်၊ မူလရုံး၏ အမိန့်ကို ပယ်ဖျက်ရန် အကြောင်း မလုံလောက်ပေ။ ဝင်ရောက် ဖက်စွက်ရန် လုံလောက်သော အကြောင်းများ ရှိရန်လိုပေသည်။ မည်သည့်အတွက် ဝင်ရောက် ဖက်စွက်ရကြောင်း ဖေါ်ပြရန်လည်း လိုပေသည်။ အထက်ပါမူကို ပရီဗီကောင်စီက ၁၉၃၄ ခုနှစ်တွင် **ရှိယိုဆွာရပ်နှင့် နိုင်ငံတော်** (၁) အမှုဌ် ချမှတ်ခဲ့ရာ၊ အိန္ဒိယပြည် တရားလွှတ်တော်ချုပ်နှင့် မြန်မာပြည်ရှိ ယာခင် တရားလွှတ်တော်ချုပ်တို့က **စီရင်ထုံးဆေါင်း** မြောက်များစွာ၌ လိုက်နာကျင့်သုံးခဲ့၏၊ **ဆန်ဝပ်ဆင်နှင့် ရာဂျာစတန်ပြည်နယ်** (၂)၊ **မောင်အောင်စိန်နှင့် ပြည်ထောင်စု** (၃) နှင့် **မောင်မြအောင်နှင့် ပြည်ထောင်စု** (၄) တို့မှာ ၎င်းမူကို ကျင့်သုံးခဲ့သော စီရင်ထုံးအချို့ ပင်ဖြစ်၏။ ထိုမူသည် တရားမျှတမှုရှိပြီး အလွန်ပင် လျော်ကန် သင့်မြတ်လှ၍၊ ကျနော်တို့လည်း သဘောတူ လက်ခံသည်။ သို့ဖြစ်ရာ အောက်အယူခံရုံးသည် မူလရုံး၏ အမိန့်ကို ပယ်ဖျက်ရာ၌ အထက်ပါ မူအား လိုက်နာကျင့်သုံးခဲ့ခြင်း ရှိ မရှိဆိုသော ပြဿနာကို ဧဘန်သုံးသပ်ရန် လိုပေသည်။

မူလရုံး တရုံးလို ဦးမြင့်ဆွေနှင့် မမြရီတို့မှာ လွန်ခဲ့သည့် ၉ နှစ်ခန့်ကစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြ၏။ ယင်းသို့ လင်မယားအဖြစ် ပေါင်းသင်းနေကြခြင်းကို အယူခံတရားလိုသည် ကောင်းစွာ သိရှိလေသည်။ ဦးမြင့်ဆွေနှင့် မမြရီတို့၏ အိမ်ထောင်ရေး ခရီးမှာ ဖြောင့်ဖြူးဟန်မတူပေ။ ဦးမြင့်ဆွေ၏ တင်ပြချက်အရဆိုလျှင်၊ ၁၉၆၃ ခု၊ မတ်လ ၃ ရက်နေ့တွင် မမြရီသည် ဘောက်ထော်ရှိ ၎င်း၏ မေးစား ဘခင်ဦးအရှင်ကျော်(လိုပြ-၇) အိမ်သို့ သွားရောက်နေထိုင်ခဲ့၏။ ဂ-၅-၆၃ နေ့တွင် ဦးမြင့်ဆွေက ၎င်း၏ ၉နှီးအား သွားရောက်ခေါ်ရာ၊ နောက်နေ့တွင် လိုက်မည်ဟု မမြရီကပြောလိုက်၏။ နောက်နေ့တွင်သွားခေါ်သောအခါ၊ မမြရီပြန်သွားပြီဖြစ်ကြောင်းဦးအရှင်ကျော်က ပြောသဖြင့်၊ အိမ်ပြန်ပြီးကြည့်ရာ၊ မမြရီအား အိမ်၌ မတွေ့ရချေ။ ထို့ကြောင့် စုံစမ်းကြည့်ရာ၊ တူးတူး (လိုပြ-၅) ကား မမြရီသည် အယူခံတရားလိုနှင့် မကြာခဏ ရုပ်ရှင်ကြည့်ဘူးသဖြင့်၊ ၎င်းနှင့် လိုက်ပြေးဟန်တူကြောင်း၊ အယူခံတရားလို၏ အစ်မသည် ဂ မိုင်ရှိ ဂေါ်ရခါးကုန်းတွင်နေ၍၊ ထိုအိမ်သို့ သွားရှာလျှင် တွေ့မည်ဖြစ်ကြောင်း ပြော

(၁) အေ၊အိုင်၊အာ (ရ)၊ ၁၉၃၄ ပရီဗီကောင်စီ ၂၂၇။
(၂) အေ၊အိုင်၊အာ (ရ)၊ ၁၉၆၁ တရားလွှတ်တော်ချုပ် ၇၁၅။
(၃) ၁၉၅၉ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး ၁၈ (လွှတ်တော်ချုပ်)။
(၄) ၁၉၆၀ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး ၂၀ (လွှတ်တော်ချုပ်)။

၁၉၆၆ မောင်ထွန်းမြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

သောကြောင့်၊ တူးတူး၊ မောင်လှရွှေ (ခံပြ-၂) တို့နှင့်အတူ၊ ဂေါ်ရခါးကုန်းမှိ အယူခံတရားလို၏ အစ်မအိမ်သို့ လိုက်သွားကြလေသည်။ အိမ်ခန်းထဲမှ အယူခံတရားလို ပဌမထွက်လာပြီး၊ မမြရိုက ၎င်းနောက်မှ ထွက်လာသဖြင့်၊ ဦးမြင့်ဆွေက "ဘယ်လိုလုပ်တာလဲ" ဟု ဒေးရာ၊ မမြရိုက "မြင်တဲ့အတိုင်းဘဲ" ဟု ပြန်ဖြေလေသည်။ ထို့နောက် ဦးမြင့်ဆွေက မမြရိုအား ပြန်ခေါ်ရာ၊ မမြရိုက မလိုက်လိုကြောင်း ငြင်းဆိုပြီး၊ ၎င်း၏ဘခင်ထံသို့ ပြန်ပို့ပေးရန် ပြောသဖြင့်၊ ပြန်ပို့ခဲ့ရလေသည်။ ထို့ပြင် အယူခံတရားလိုနှင့် မမြရိုတို့သည် တဦးနှင့်တဦး သာမန် မိတ်ဆွေထက်မက ခင်မင်ရင်းနှီးကြကြောင်း ထင်ရှားအောင် ဦးလှသန်း (လိုပြ-၆) အား သက်သေထူခဲ့၏။ ထိုသက်သေက ၎င်းတို့နှစ်ဦးအား တခါက ပွေဘက်နေကြသည်ကို တွေ့မြင်ဘူးကြောင်း ထွက်ဆိုသွား၏။

အယူခံတရားလိုက မမြရိုအား ကြာခိုပြီး ပေါင်းသင်းခြင်း မပြုခဲ့ရကြောင်း၊ မမြရိုက ဦးမြင့်ဆွေအပေါ် လင်မယားကွာရှင်းလိုမှု စွဲဆိုရာတွင်၊ မိမိက အားပေးအားမြှောက် လုပ်သည်ဟု ထင်ပြီး တရားစွဲဆိုခြင်းသာ ဖြစ်ကြောင်း၊ အခင်းဖြစ်ပွါးသည်ဆိုသော ၁၉၆၃ ခု၊ မေလ ၉ ရက် နေ့က၊ မောင်လှရွှေ (ခံပြ-၂) အိမ်၌ ရှိနေကြောင်း၊ ထုချေကာသက်သေများကိုလည်း တင်ပြခဲ့၏။ ၎င်း၏ အဓိက သက်သေမှာမောင်လှရွှေဖြစ်သည်။ ၎င်းက ဦးမြင့်ဆွေသည် မိမိအား အခင်းဖြစ်နေ့က ဂေါ်ရခါးကုန်းတွင် အယူခံတရားလိုနှင့် မမြရိုတို့အား အတူတွေ့ကြောင်း သက်သေခံပေးရန်ပြောရာ၊ မိမိက မှန်သည်အတိုင်းသာ ထွက်နိုင်မည်ဟု ပြန်ပြောခဲ့ကြောင်း ထွက်ဆိုသွားလေသည်။ မမြဖိုအား မူလရုံးမှ ရုံးခေါ် သက်သေအဖြစ် စစ်ဆေးရာ၊ အယူခံတရားလိုနှင့် ပေါင်းသင်းခဲ့သည်ဆိုခြင်းကို လုံးဝငြင်းဆိုသွားလေသည်။

အဆိုပါ သက်သေအထောက်အထားများအရ မူလရုံးမှ အယူခံတရားလိုသည် မမြရိုအား လင်ရှိမိန်းမမှန်း သိပါလျက် ပေါင်းသင်းဆက်ဆံခဲ့သည်ဆိုသော ဦးမြင့်ဆွေ၏ စွပ်စွဲခြက်ကို ထောက်ခံသော သက်သေမှာ မတူးတူး တဦးသာရှိကြောင်း၊ ထို့သက်သေသည် အသက်အရွယ် နုနယ်သည့် ကလေးသူငယ် သက်ဆယ်ဖြစ်၍၊ ဦးမြင့်ဆွေက သင်ကြားထားသည့်အတိုင်း ထွက်ဆိုခဲ့ခြင်း မဟုတ်ဟု မဆိုနိုင်ကြောင်း။ အယူခံတရားလိုနှင့် မမြရိုတို့၏ ဆက်ဆံပုံမှာ မသက်ဝစရာဖြစ်သော်လည်း၊ ၎င်းတို့သည် ကာမစပ်ယှက်ခဲ့ကြောင်း သက်သေအထောက်အထား မရှိသဖြင့်၊ ရာဇသတ်ပုဒ်မ ၄၉၇ အရ၊ အပြစ်မပေးနိုင်ကြောင်း ကောက်ယူကာ၊ အယူခံတရားလိုအား တရားသေလွှတ်ခဲ့၏။

အယူခံရုံး ပညာရှိတရားသူကြီးကမူ၊ အယူခံတရားလိုအား မမြရိုနှင့်အတူ ဂေါ်ရခါးကုန်းရှိ အိမ်တွင် တွေ့ရသည်ဆိုသော ဦးမြင့်ဆွေ၏ စွပ်စွဲခြက်ကို၊ မဘူးတူးက ထောက်ခံထားသည့်အပြင်၊ တခါက အယူခံတရားလိုနှင့် မမြရိုတို့သည် ပွေဘက်နေကြသည်ကို တွေ့မြင်ခဲ့ရကြောင်း ဦးလှသန်းက ထွက်ဆိုထားသဖြင့်၊ ၎င်းတို့သည် တဦးနှင့် တဦး

များစွာ ခင်မင်ရင်နှီးကြပြီး၊ ပေါင်းသင်းသံဝါသစပ်ယှက်ရန် အခါအခွင့်ရှိကြောင်း ထို့ပြင် ဦးအရှင်ကျော်က အယူခံတရားလိုသည် မမြရီအား လင်မယားအဖြစ် ပေါင်းသင်းနေသည်ဟု ဦးမြင့်ဆွေက တိုင်ကြားဖူးကြောင်း ထွက်ဆိုသွားသည့်အပြင်၊ မမြရီ ကိုယ်တိုင်ကလည်း၊ ဦးမြင့်ဆွေနှင့် မပေါင်းသင်းလို၍ လင်မယားကွာရှင်းလိုမှု စွဲဆိုထားကြောင်း ဝန်ခံထားသောကြောင့်၊ အယူခံတရားလိုနှင့် မမြရီတို့လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြသည်ကိုတွေ့မြင်သော တိုက်ရိုက်သက်သေမရှိစေကာမူ၊ အယူခံတရားလိုသည် ဦးမြင့်ဆွေ၏ ဇနီး မမြရီနှင့်မျောက်မထားသည်ဟုယူဆရမည်ဖြစ်ကြောင်းအဆုံးအဖြတ်ပြုကာ၊ တရားသေလွတ်သည့် အမိန့်ကို ပယ်ဖျက်၍ အလုပ်နှင့်ထောင်ဒဏ် တစ်နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်လေသည်။

အယူခံတရားလို၏ ပညာရှိရှေ့နေကြီးက၊ ဂေါ်ရခါးကန်းအိမ်ရှိ အခန်းတစ်ခန်းတည်းမှ၊ အယူခံတရားလိုနှင့် မမြရီတို့အား အတူတွေ့ရသည်ဆိုသော ဦးမြင့်ဆွေ၏ စွပ်စွဲချက်ကို အသက်အရွယ် နှနယ်သည့် မတူးတူး၏ ထွက်ချက်မှအပ၊ အခြားထောက်ခံသည့်သက်သေခံချက်မရှိသဖြင့်၊ ယုံကြည်ရန် အကြောင်းမရှိဟု ကောက်ယူထားသော မူလရုံး၏ကောက်ယူချက်နှင့် ပတ်သက်၍၊ အယူခံရုံး ပညာရှိတရားသူကြီးသည် မည်သို့မည်ပုံ မှားယွင်းနေသည်ဟု ဖေါ်ပြခြင်းမပြုဘဲ၊ ထိုစွပ်စွဲချက်အား ယုံကြည်လက်ခံခဲ့ခြင်းမှာ၊ သက်သေထွက်ချက်များကို ပြန်လည်သုံးသပ်ရာ၌၊ မူလရုံး၏ ယူဆချက်နှင့် သဘောကွဲလွဲကာမှုဖြင့်၊ မူလရုံး၏ အမိန့်ကို ပယ်ဖျက်ရာရောက်နေကြောင်း လျှောက်လဲတင်ပြသွားလေသည်။

သက်သေတစ်ဦးသည် အသက်ပင် ငယ်ရွယ်သော်လည်း၊ အသိဉာဏ်နှင့် ပြည့်စုံပြီး၊ အမှုတွင် ပေါ်ပေါက်လျက်ရှိသော မူပြစ်ခြင်းရာများအရ၊ လိမ်လည်ထွက်ဆိုရန် အကြောင်းမရှိက၊ ၎င်း၏ထွက်ချက်ကို လက်မခံစရာ အကြောင်းမရှိ၊ သို့ရာတွင် အသက်အရွယ် နှနယ်သည့် ကလေးသူငယ် သက်သေများသည် မသမာသူတို့က လုပ်ကြံကာသင်ကြားထားသည့်အတိုင်း ယုံလွယ်မှတ်လွယ်သောကြောင့်၊ ယင်း သက်သေ၏ ထွက်ချက်မျိုးကို သတိကြီးစွာဖြင့် လက်ခံရမည်ဟုတရားရုံးများက မူချမှတ်ယူထားခြင်း ဖြစ်လေသည်။ **အာဖတ်နှင့် နိုင်ငံတော် (၅) အပြင်၊ မောင်မြအောင်နှင့် ပြည်ထောင်စု(၄)** ယခုအမှုတွင် မတူးတူးသည် အသက် ၁၂ နှစ်အရွယ် သူငယ်မတစ်ယောက်ဖြစ်၏။ ၎င်း၏ ထွက်ချက်နှင့် ပတ်သက်၍ မူလရုံးက အသက်အရွယ် နှနယ်သည့် ကလေး သက်သေထွက်ချက်ဖြစ်သည့် **အလျောက်၊ လက်မခံနိုင်ဟု** ကောက်ယူ ထားရာ၊ကိုယ်တိုင်တွေ့မြင်ခဲ့ရ သည့် မူလရုံး၏ **ကောက်ယူချက်** ကို လုံ လောက် သော အကြောင်း မရှိဘဲ ပယ်ချ ရန် မ သင့်ခေ။ ၎င်း ၏ ထွက် ချက် တွင် အ ခင်း ဖြစ် နေ့ က ရှစ် မိုင် ကုန်း မှ

(၅)၁၉၄၀ ခုနှစ်၊ ရန်ကုန်စီရင်ထုံးများ ၁၀၄။

၁၉၆၆

မောင်ထွန်းမြင့်နှင့် မြည်ထောင်စု မြန်မာနိုင်ငံ။

ဦးအရှင်ကျော်အိမ်သို့၊ သုံးဘီးကားနှင့် သွားကြရာ၊ **ဦးအရှင်ကျော်အိမ်သို့** ည ၇ နာရီအချိန် ရောက်သွားကြောင်း၊ ထိုစဉ်က ဦးမြင့်ဆွေနှင့် ကိုလှရွှေတို့လည်းပါကြောင်း ထွက်ဆိုသွားသော်လည်း၊ ဦးအရှင်ကျော်ကမူ ဦးမြင့်ဆွေတို့လူစုသည်၊ ည ၁၁ နာရီ အချိန်တွင် ရောက်လာကြကြောင်း၊ အယူခံတရားလိုလည်း ပါလာကြောင်း ထွက်ဆို ခဲ့သဖြင့်၊ ၎င်းတို့၏ ထွက်ချက်များမှာ အလွန်ပင်ကွဲလွဲနေသည့်အလျောက်၊ မည်သူက မှုသားထွက်ဆိုခဲ့သည်ဟု တပ်အပ်ပြောရန် ခဲယဉ်းပေသည်။

ရာဇသတ်ပုဒ်မ ၄၉၇ အရ ပြစ်မှုတွင်၊ အဓိကအချက်မှာ လင်ရှိမိန်းမကို လင်၏ သဘောတူညီချက်မရှိဘဲ၊ ကာမစပ်ယှက်ခြင်းပင်ဖြစ်သည်။ သာမန်အားဖြင့် လင်ရှိ မယားအား ကြာရှိပြီး ပေါင်းသင်း စပ်ယှက်သည်ဆိုသော ကိစ္စ၌ မျက်မြင်သက်သေ ရရှိရန် မလွယ်ပေ။ တဦးနှင့်တဦး သံဝါသ စပ်ယှက်ရန် အခွင့်အရေးရှိသည့် လုံလောက် သော ပတ်ဝန်းကျင် သက်သေအထောက်အထားများ ရှိပါမူ၊ ပေါင်းသင်းစပ်ယှက် ခဲ့ကြသည်ဟု ကောက်ယူနိုင်ပေမည်။ ယခုအမှုတွင် **အယူခံတရားလိုနှင့်** မမြရီတို့အား တခါက ပွေ့ဘက်နေကြသည်ကို တွေ့မြင်ရသည်ဆိုသော်လည်း၊ အခင်းဖြစ်ပွါးသည့်နေ့ မတိုင်မီ မည်သည့်နေ့ရက်က ဖြစ်သည်ဆိုသော သက်သေထွက်ချက်မရှိ။ အကယ်၍ ၎င်းတို့နှစ်ဦးသည် ရှစ်မိုင်ကုန်းရှိ အိမ်၏ အခန်းတခန်းထဲမှ တွေ့ရသည်ဟုဆိုစေကာမူ၊ မဘူးဘူး၏ ထွက်ချက်အရဆိုလျှင် ယင်းသို့တွေ့သောအချိန်မှာ မိုးချုပ်လိမ့်ဦးမည် မဟုတ်သည့်အပြင်၊ အခန်းဘံခါးမှာ ပိတ်ထားသည်ဟုလည်း သက်သေထွက်ချက် မရှိသည်သာမက၊ ထိုအိမ်၌ အယူခံတရားလို၏ အစ်မလည်း ရှိနေသည်ဆိုသော အချက် တို့ကို ပေါင်းစပ်ကြည့်ရှုလျှင်၊ ၎င်းတို့သည် ကာမစပ်ယှက်ရန် အခါအခွင့်ရခဲ့ကြသည် ဆိုခြင်းမှာ ဒို့ဟဖြစ်စရာ အကြောင်း ပေါ်ပေါက်နေ၏။

အမှုဖြစ်ရပ်များကို၊ ကျွန်ုပ်တို့ သေချာစွာ ဆန်းစစ်ကြည့်ရှုသောအခါ၊ အောက် အယူခံရုံးသည် သက်သေထွက်ချက်များကို သုံးသပ်ရာတွင်၊ မူလရုံးနှင့် သဘောကွဲလွဲ ကာမှုဖြင့်၊ မူလရုံး၏ အမိန့်ကို လုံလောက်သည့်အကြောင်းမရှိဘဲ၊ ဝင်ရောက် ဖက်စက် ခဲ့ကြောင်း ပေါ်လွင်ထင်ရှားနေသည်။ ယင်းတို့ ဝင်ရောက် ဖက်စက်ခဲ့ခြင်းမှာ အထက် တွင် ဖော်ပြခဲ့သည့်အတိုင်း တရားဥပဒေနှင့် မညီညွတ်သဖြင့်၊ ပယ်ဖျက်ရပေမည်။

သို့ပါ၍၊ အယူခံတရားလိုအပေါ် ရာဇသတ်ပုဒ်မ ၄၉၇ **အရ**၊ အလုပ်နှင့် ထောင်ဒဏ် တန့်စ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သော၊ အယူခံရုံး၏ စီရင်ချက်ကို ပယ်ဖျက်ပြီး၊ အယူခံ တရားလိုအား ဤအမှုနှင့် ပတ်သက်၍ တရားသေလွတ်ရန် အမိန့်ချမှတ်လိုက်သည်။ အယူခံတရားလိုအား အာမခံနှင့် လွှတ်ထားပြီးဖြစ်၍၊ ခံငန်ချုပ်ကို ပယ်ဖျက်ရန်သာ လိုပေသည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမဒုတိယအယူခံမှု

တရားသူကြီး ဦးထွန်းတင်ရွှေတွင်

မောင်ထွန်းလှ (အယူခံတရားလို)

နှင့်

မောင်စိန်ဘွဲ့ (အယူခံတရားခံ)*

† ၁၉၆၆ မတ်လ ၁၉ ရက်။

တရားမကျင့်ထုံးပုဒ်မ ၁၀၀ (၁) (က) ဒုတိယအယူခံမှုတွင် အကြောင်းခြင်းရာများနှင့် ပတ်သက်၍ ထပ်မံသုံးသပ်ခွင့် ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။စဲ့ဆိုထားသည့်ငွေမှာ ၃၅၀ ကျပ်သာဖြစ်၍ —ငွေ ၅၀၀ ကျပ်ထက်လျော့နည်းနေရကား တရားမကျင့်ထုံးပုဒ်မ ၁၀၀ (၁) (က) တွင်ပြဆိုထားသည့်အတိုင်း—ဒုတိယအယူခံမှုအဖြစ် ဥပဒေ အချက်အလက်များပေါ် သာမူတည်ဆုံးဖြတ်ခွင့်ရှိပြီး—အကြောင်းခြင်းရာများနှင့် ပတ်သက်၍ မူ ထပ်မံသုံးသပ်ခွင့်မရှိ။

ဦးစံဖေနှင့် မသင်းကြည်၊ ၁၉၅၅ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာမျက်နှာ ၁၃၇။

မမြူနှင့် ကေစီမစ်တရာ၊ ရန်ကုန်စီရင်ထုံး ၆၊ စာမျက်နှာ ၅၀၆ တို့ကိုရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ "အောက်အယူခံရုံးမှ အယူခံတရားလိုသည် အယူခံတရားခံထံမှ ချေးယူခဲ့သည်မှာ မှန်ကန်သည်ဟု ဆုံးဖြတ်ခဲ့ခြင်းသည် သက်သေခံအထောက်အထား လုံးဝကင်းမဲ့နေသည်ဟု မဆိုနိုင်သဖြင့် ဒုတိယအယူခံမှုတွင် ထိုတွေ့ရှိယူဆချက်ကို ဝင်ရောက်စွက်ဖက်ရန် အခွင့်အရေးမရှိ။

ဒီဃိကာလီပတ်တက်နှင့် ရမ်ဒေဗီနှင့်တဦး၊ ၁၉၄၀၊ ရန်ကုန်စီရင်ထုံး၊ စာမျက်နှာ ၇၇၇ ကိုရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးမောင်မောင်။

အယူခံတရားခံအတွက်။ ။ဦးဝင်းလှိုင်။

တရားသူကြီး ဦးထွန်းတင်။ ။ယခု ဒုတိယ အယူခံမှုမှာ အယူခံတရားခံ မောင်စိန်ဘွဲ့က အယူခံတရားလို မောင်ထွန်းလှအပေါ် ဖြူးမြို့၊ မြို့နယ်တရားမ တရားသူကြီးရုံး၊ ၁၉၆၄ ခုနှစ်၊ တရားမမူအမှတ် ၂၀ တွင်၊ ချေးငွေ ၃၅၀ ကိုရလိုမှု တရားစွဲဆိုရာ ရုံးနိမ့်သွားသော်လည်း၊ တောင်ငူခရိုင်၊ တရားမ တရားသူကြီးရုံး ၁၉၆၄ ခုနှစ်၊

---

* ၁၉၆၅ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၆။

† ၁၉၆၄ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၁၈ တွင် တောင်ငူမြို့၊ ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

အယူခံအမှတ် ၁၈ တွင် အယူခံဝင်သောအခါ တရားစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ရရှိသည်ကို မကျေနပ်၍ တရားခံဖြစ်သူ အယူခံတရားလိုက ဤဒုတိယ အယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

အမှုအကြောင်းရာမှာ တရားလိုဖြစ်သူ မောင်စိန်ဘွင့်က ၁၃၂၅ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်နေ့က တရားခံ မောင်ထွန်းလှက အစိုးရဘဏ်မှ ချေးယူငွေ ပြန်ဆပ်ရန် ငွေလိုနေသဖြင့် ငွေ ၃၅၀/- ကိုခေတ္တ ချေးငှားပါရန်နှင့် ငှင်းငွေကို ၁၃၂၆ ခုနှစ်၊ အစိုးရဘဏ်မှ ပြန်ချေးယူသည့်အခါ ပြန်ဆပ်ပါမည်ဟု ကတိပေးသဖြင့် ငွေ ၃၅၀/- ကိုချေးလိုက်သော်လည်း၊ ပြန်လည်ပေးဆပ်ခြင်း မပြုသဖြင့် ထိုငွေရရှိရန် တရားစွဲဆိုရကြောင်း ပြဆိုသည်။

တရားခံဖြစ်သူ ဦးထွန်းလှကမူ ငှင်းငွေကို ချေးငှားသည် ဆိုသည်ကို လုံးဝငြင်းဆို၍ မိမိက အစိုးရဘဏ်ကြွေးဆပ်လိုသဖြင့် တရားလိုသို့ နွားတစ်ကောင်ကို ၃၅၀/- နှင့်ရောင်းလိုက်ရာ ငွေ ၃၅၀/-သာရရှိ၍ ငွေ ၂၅/- ကျန်ရှိနေပါသေးသည်ဟု ချေပ သည်။

မူလရုံးမှ အမှုတွင် ကောက်ချက် ၃ ချက်ထုတ်နတ် စစ်ဆေးခဲ့ရာ အရေးကြီးသည့်ပဌမကောက်ချက်ဖြစ်သည့်တရားခံက တရားလိုထံမှ ငွေ ၃၅၀/- ကို ၁၃၂၆ ခုနှစ်အတွက် အစိုးရဘဏ်မှ အသစ်ထပ်မံ ချေးသည့်အချိန်တွင် ပြန်ဆပ်ရန်ကတိဖြင့် ၁၃၂၅ခုနှစ် တန်ခူးလဆန်း ၉ ရက်နေ့က အစိုးရဘဏ်ချေးငွေ ပြန်ဆပ်ရန်အတွက် ချေးယူခြင်း မှန်သလားနှင့် ပတ်သက်၍၊ ငွေ ၃၅၀/-ကို အယူခံတရားလိုဖြစ်သူ တရားခံက ချေးယူခဲ့သည်ဆိုသည်မှာ မမှန်ဟု ဆုံးဖြတ်ပြီး တရားလိုဖြစ်သူ အယူခံတရားခံ၏ အမှုကို ပလပ်လိုက်လေသည်။

အယူခံဝင်သောအခါ ပညာရှိ ခရိုင်တရားမ တရားသူကြီးက တရားလို သက်သေများ၏ အစစ်ခံချက်နှင့် အမှုတွင် တင်သွင်းခဲ့သည့် သက်သေခံအမှတ် (က)၊ (ခ)စာတမ်းများကို ပေါင်းစပ် ဆင်ခြင်သော် အယူခံတရားလိုက အယူခံ တရားခံထံမှ ငွေ ၃၅၀/-ချေးယူထားကြောင်းမှာ ထင်ရှားသည်ဆိုပြီး အောက်ရုံးမှ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး အယူခံတရားခံ စွဲဆိုသည့်အတိုင်း ဒီကရီကို စရိတ်နှင့်တကွ ချမှတ်ပေးလိုက်လေသည်။

ယခုအယူခံရာဝယ် အယူခံတရားလိုက အဓိက ကိုးကားသည့် ပြဆိုချက်မှာ၊ အောက်ရုံးမှ သက်သေခံ မဝင်သည့်အမှတ် (က)၊ (ခ) စာတမ်းများအပေါ် အလေးမူ၍ ယခုအမှုကို ဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်း ချွတ်ချော်ခြင်း ဖြစ်နေပါသည်ဟု ပြဆိုသည်။

ယခုအမှုတွင် စွဲဆိုထားသည့်ငွေမှာ ၃၅၀ သာဖြစ်၍၊ ငွေ ၅၀၀ ထက် လျော့နည်းနေရကား၊ တရားမကျင့်ထုံးပုဒ်မ ၁၀၀ (၁) (က)တွင် ပြဆိုထားသည့်အတိုင်း၊ ဒုတိယ အယူခံမှုအဖြစ် (ကျိုက်ဒုံမှ) ဥပဒေ အချက်အလက်ပေါ်သာ မူတည် ဆုံးဖြတ်ခွင့်ရှိပြီး အကြောင်းခြင်းရာများနှင့် ပတ်သက်၍မူ ထပ်မံ သုံးသပ်ခွင့် မရှိကြောင်းကို **ဦးစံဖေနှင့် မသင်းကြည်** (၁)အမှုတွင်-

"As the value of the appeal does not exceed Rs.500, the appellant can only suceed if he can bring his appeal within the ambit of clause (a) sub-s. I of s. 100 of the Civil Procedure Code, that is to say, unless he could show that the decision is contrary to law or to some usage having the force of law."

ဟုဥင်း၊ **မဖြူနှင့် ကေးစီ၊ မစ်တရာ**(၂) အမှုတွင်-

"Under the provisions of ss. 100, 101, second appeals lie only if the decision is contrary to law or if the decision fails to determine some material issue of law or if there is any substantial error of defect in the procedure. S. 100 says nothing about the findings of fact, concurrent or otherwise, and therefore the finding of the first Appellate Court upon a question of fact is final, if that Court had before it evidence in support of the finding, however unsatisfactory it might be if examined.

ဟု ပြဆိုထားသောကြောင့် ဖြစ်သည်။

သို့ဖြစ်ရကား၊ ယခု အယူခံမှုတွင် ဆင်ခြင် နိုင်ရန်မှာ အောက် အယူခံရုံးမှ အယူခံ တရားလိုသည် အယူခံ တရားခံထံမှ ငွေ ၃၅၀/- ချေးယူခဲ့ခြင်းမှာ မှန်ကန်ကြောင်း တွေ့ရှိရသည် ဆိုပြီး ဆုံးဖြတ် နိုင်ရန်မှာ အမှုတွင် သက်သေခံ အထောက် အထား ရှိ မရှိကို ဆင်ခြင်ရပေမည်။ ၄င်းအချက်နှင့် ပတ်သက်၍ အယူခံ တရားလို ၏ ပညာရှိ ရှေ့နေကြီး က သက်သေခံ (က) စာတမ်းကို ကြည့်မှု ၄င်းမှာ ပစ္စည်း ခွဲဝေသည့် စာချုပ် ဖြစ်နေသဖြင့် လိုအပ်သည့် တံဆိပ်ခေါင်း ထမ်းဆောင်ထားခြင်း မရှိသဖြင့် ထိုစာချုပ်မှာ သက်သေခံ မဝင်ရကား ၄င်းစာချုပ်ပေါ်မူတည်၍ သက် သေခံချက်များကို အောက်အယူခံရုံး မှ သုံးသပ်ခဲ့ခြင်းမှာ ဥပဒေ

(၁)၁၉၅၅ ခု၊ မြန်မာပြည်စီရင်ထုံး၊ စာမျက်နှာ ၁၃၇။
(၂)ရန်ကုန်စီရင်ထုံး ၆၊ စာမျက်နှာ ၅၈၆။

၁၉၆၆

မောင်ထွန်းလှ နှင့် မောင်စိန်ဘွင့်။

အရ စဉ်းစားခွင့် မရှိသဖြင့် အောက်အယူခံရုံးမှ ဆုံးဖြတ်ချက်မှာ တရားဝင်သက်သေခံ ကင်းမဲ့နေသဖြင့် လက်ခံနိုင်ရန်မရှိ ပယ်ဖျက်သင့်ပါသည်ဟု ပြဆိုလိုသည်။

သို့သော် ထိုပြဆိုချက်ကို လက်ခံနိုင်ရန် ခဲယဉ်းပေသည်။ အဘယ်ကြောင့် ဆိုသော် သက်သေခံ (က)၊ (ခ) စာတမ်းများကို ကြည့်မူ၊ နှစ်ဦး နှစ်ဘက်ပိုင် ပစ္စည်းများကို သဘောတူ ခွဲစိတ်ဝေ ယူကြပါသည်ဟုသာ ပြဆိုပြီး ပစ္စည်း စာရင်းများကိုမူ ဖေါ်ပြခြင်းမပြုပေ၊ ပေးဆပ်ရန်ရှိသည့် ကြွေးများကိုသာ မှတ်သားထား၍ တဦးလျှင်မည်မျှ ပေးဆပ်ရမည် ဖြစ်ကြောင်း ရေးထားရကား၊ ၎င်းစာချုပ်မှာ ပစ္စည်းများ ခွဲဝေယူသည့် (**Partition Deed**) မဖြစ်နိုင်၊ အလွန်ဆုံး လူကြီးစုံရာရွှေတွင် ပြုလုပ်သည့် မိသားစုအစီအစဉ် (**Family arrangement**) ၏ မှတ်သားချက် တခုသာဖြစ်ကြောင်း ပေါ်လွင်နေပေသည်၊ တဖန် တရားလို ဦးစိန်ဘွင့် တရားစွဲဆိုသည်မှာလည်း ၎င်းစာတမ်းများပေါ် အခြေပြု စွဲဆိုခဲ့ခြင်းမဟုတ် ထိုစာတမ်းများကို သက်သေ ဦးကျော်စိန် (လိုပြ-၃)အား စစ်ဆေးသော အခါမှ ပေါ်လာ၍ တင်သွင်းခဲ့ခြင်း ဖြစ်သည့်ပြင် အယူခံ တရားလိုကလည်း ၎င်းစာတမ်းကို မိမိလက်မှတ် ထိုးခဲ့ကြောင်း ဝန်ခံထားသောကြောင့် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ၎င်းသက်သေခံ စာတမ်းအမှတ် (က)နှင့် (ခ)ကို ပယ်၍ အခြားသက်သေခံချက်များကို ကြည့်ရှုမူ အချင်းဖြစ်သည့်ငွေ ၃၅၀ ကို အယူခံ တရားလိုက အယူခံတရားခံထံမှ ချေးယူကြောင်းကို မောင်ညို (လိုပြ-၁)က အတိ အလင်း ထွက်ဆိုထားသည့်ပြင် သက်သေ မောင်အောင်သန်းနှင့် မောင်ကျော်စိန်တို့က အယူခံတရားလိုသည် မိမိတို့ရွှေ၌ ငွေ ၃၅၀ ကိုအယူခံတရားခံ၏ငနီး ဒေါ်အုန်းမြသို့ ပေးဆပ်ရန်ရှိကြောင်း ပြောပြ ဝန်ခံပါသည်ဟု ထွက်ဆိုရကား၊ ထိုသက်သေများ၏ ထွက်ဆိုချက်ကို ယုံကြည်လက်ခံနိုင်စရာ မရှိပါဟုလည်း မည်သို့မျှ မတွေ့ရှိရသဖြင့် အောက်အယူခံရုံးမှ အယူခံတရားလိုသည် ငွေ ၃၅၀ ကိုအယူခံ တရားခံထံမှ ချေးယူခဲ့သည်မှာ မှန်ကန်သည်ဟု ဆုံးဖြတ်ခဲ့သည်မှာ သက်သေခံ အထောက်အထား လုံးဝ ကင်းမဲ့နေသည်ဟု မဆိုနိုင်တော့ပေ။

သို့ဖြစ်ရကား၊ *Deokali Pattak* v. *Ramdevi and another* (၃) အမှုတွင်—

> "If there is evidence upon which a finding of fact has been arrived at, which could have been arrived at with propriety by the first appellate Court, the High Court on

(၃) ၁၉၄၀ ခု၊ ရန်ကုန်စီရင်ထုံး၊ စာမျက်နှာ ၇၇၇။

second appeal under s. 100 of the Civil Procedure Code will not interfere with such finding."

ဟု ပြဆိုထားသည့်အတိုင်း ဤရုံးမှ ဒုတိယအယူခံမှုတွင် ထိုတွေ့ရှိ ယူဆချက်ကို ဝင်ရောက်စွက်ဖက်ရန် အခွင့်အရေး မရှိတော့ပေ။

အထက်ပါ ပြဆိုချက်မှအပ၊ ယခုအယူခံမှုတွင် အယူခံ တရားလိုကအခြားဥပဒေ ကိုးကားချက် တင်သွင်းနိုင်ခြင်း မရှိရကား အထက်က ရည်ညွှန်းခဲ့သည့် ဦးစံဖေ စီရင်ထုံး (၁)တွင် ပြဆိုထားသည့်အတိုင်း ယခုအယူခံမှုကို လက်ခံခွင့်ပြုရန် အကြောင်း မရှိတော့သဖြင့် ပလပ်ရမည်ဖြစ်သည်၊ ထို့ကြောင့် အယူခံမှုကို စရိတ်နှင့်တကွ ပလပ် လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမဒုတိယအယူခံမှု

တရားသူကြီး ဦးချစ်ရှေတွင်

† ၁၉၆၆ ခု၊ မြို့ လ ၂၅ ရက်။

မောင်လှ ပါ ၂ (အယူခံတရားလို)

နှင့်

ဒေါ်မမလေး (ငှင်း၏တရားဝင်ကိုယ်စားလှယ် မောင်ကိုကြီး (အယူခံ) တရားခံ)*

မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၅ (၁) (ဃ) အရ၊ မြေကို လက်ရောက် အပ်ပေးရန် တရားစွဲဆိုခြင်း—အောက်ရုံး နှစ်ရုံးလုံးက အကြောင်းခြင်းရာပေါ် တွင်သော်၎င်း၊ ဥပဒေ အချက်အလက်များပေါ် တွင်သော်၎င်း တသဘောတည်းအမိန့်ချမှတ်ထားခြင်း—ဒုတိယအယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်း ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အောက်ရုံးနှစ်ရုံးစလုံးက အကြောင်းခြင်းရာပေါ် တွင်သော်၎င်း၊ ဥပဒေ အချက်အလက်များပေါ် တွင်သော်၎င်း၊ တသဘောတည်း ချမှတ်ဆုံးဖြတ်သော အမိန့်ကို၊ ဒုတိယအယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။ ထိုကဲ့သို့ တသဘောတည်း ချမှတ်ခဲ့သော အမိန့်မှာအလွန်အလွန်မှားယွင်းပြီး တရားမျှတမှု လွန်စွာကင်းမဲ့နေမှသာလျှင်၊ ဤရုံးက ဝင်ရောက်စွက်ဖက်နိုင်သည်။

ဒါဂါနှင့် ဂျီပါဟာ၊ ပရိဗီကောင်စီ၊ ၁၈၊ ကာလကတ္တား၊ စာမျက်နှာ ၂၃။

ပါတပ်နှင့် မိုဟန်ဒါနက်၊ ပရိဗီကောင်စီ၊ ၁၇၊ **ကာလ**ကတ္တား၊ ၂၉၁။

ရမ်ဂိုပေါနှင့် ရွှန်စကာတန်၊ ပရိဗီကောင်စီ၊ ၂၀၊ ကာလကတ္တား ၉၃။

မဖြူနှင့် ကေ၊ စီ၊ မစွတရား၊ ရန်ကုန်အတွဲ ၆၊ စာမျက်နှာ ၅၈၆ ရည်ညွှန်းဘည်။

အယူခံတရားလိုအတွက်။ ။ဦးကိုကိုကြီး (၃)။

အယူခံတရားခံအတွက်။ ။ဦးလှမောင် (၁)။

တရားသူကြီး ဦးချစ်။ ။အယူခံတရားခံ ဒေါ်မမလေး (တရားလို) ၎င်း၏ တရားဝင် ကိုယ်စားလှယ် မောင်ကိုကြီးက၊ အယူခံ တရားလိုများ ဖြစ်ကြသော မောင်လှနှင့် မောင်အောင်ကြီး (တရားခံများ) တို့ကို၊ ပျဉ်းမနားမြို့၊ မြို့နယ်တရားမ

---

* ၁၉၆၄ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၅၂။

† ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၈ တွင်၊ ပျဉ်းမနားမြို့၊ မြို့နယ်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

တရားသူကြီးရုံး၊ ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၈ တွင်၊ ၁၉၆၀ ပြည့်နှစ်၊ မြို့မြဆိုင်ရာဥပဒေပုဒ်မ ၁၂ (၁) (ဃ) အရ၊ အချင်းဖြစ်မြေပေါ်တွင်၊ (၁) တရားခံ မောင်လှက ဆောက်လုပ်ထားသော အဆောက်အဦကို ဖျက်ယူပြောင်းရွှေ့ပြီး၊ မြေကိုလက်ရောက်အပ်ပေးရန် နှင့်ထုတ်စေလိုမှု တရားစွဲဆိုလေသည်။ ထိုရုံးက၊ တရားလို တရားခံတို့၏ အဆိုအချေအလှာများအရ၊ လိုအပ်သော ကောက်ချက်များကို ပြုလုပ်ပြီး၊ အမှုကိုစစ်ဆေးခဲ့သည်။ ထိုရုံးက၊ တရားလို ဒေါ်မမလေး စွဲဆိုသည့်အတိုင်း၊ ၎င်းအား အနိုင်ဒီကရီပေးခဲ့သည်။

ထိုအမိန့်နှင့် ဒီကရီကို၊ မကျေနပ်သဖြင့်၊ အယူခံဘရာလိုများ (မူလတရားခံများ) က၊ ပျဉ်းမနားမြို့၊ ခရိုင်တရားမ တရားသူကြီးမှုး၊ ၁၉၆၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၀ တွင် အယူခံဝင်လာခဲ့ကြသည်။ ပညာရှိ ခရိုင်တရားမ တရားသူကြီးက၊ မူလရုံးချမှတ်သောအမိန့်နှင့် ဒီကရီကို အတည်ပြုပြီး၊ အယူခံကို ပလပ်ခဲ့လေသည်။

အယူခံတရားလိုများက၊ ထိုအမိန့်ကို မကျေနပ်ကြပြန်သဖြင့်၊ ဤရုံးသို့ ဒုတိယအကြိမ် အယူခံဝင်လာကြသည်။

အမှုအဖြစ်အမျက် အကြောင်းခြင်းရာအတိုချုပ်မှာ၊ အောက်ပါအတိုင်းဖြစ်သည်။ အယူခံတရားခံ ဒေါ်မမလေးပိုင် အချင်းဖြစ်မြေကွက်ကို၊ လွန်ခဲ့သော ၁၀ နှစ်လောက်က၊ အယူခံတရားလို မောင်လှသို့ မြေငှါးခ တလ ၂၀ ကျပ်ဖြင့် ငှါးရမ်းခဲ့သည်။ မောင်လှသည် ၎င်းမြေကွက်ပေါ်တွင် အဆောက်အဦတခုပြုလုပ်၍၊ ဆိုင်ငှါးခဲ့သည်။ အယူခံတရားလို မောင်အောင်ကြီးသည်၊ ထိုအဆောက်အဦ၌ မောင်လှနှင့် အပူဟာကွဲနေပြီး၊ ဆိုင်ငှါးအလုပ်ကို လုပ်ကိုင်သည်။ ထိုမြေကွက်တွင်၊ အယူခံတရားခံ ဒေါ်မမလေးက သဘောရိုးဖြင့် အဆောက်အဦတခု ဆောက်လုပ်ပိုသောကြောင့်၊ ဒေါ်မမလေးသည် ၎င်း၏ရွှေ့နေမှတဆင့် (၁၉၆၁ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့စွဲဖြင့်)၊ အယူခံတရားလိုများထံသို့ နို့တစ်ပေးခဲ့သည်။ ၎င်းနို့တစ်စာကို၊ အယူခံတရားလိုများက (၁၉၆၁ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့) တွင်ရရှိသည်။ ၎င်းနို့တစ်စာအရ၊ မြေငှါးကာလမှာ၊ ၁၉၆၁ ခု၊ ဇူလိုင်လ ၃၁ ရက်နေ့မှောက်သဖြင့်၊ ၁၉၆၁ ခု၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍၊ အယူခံတရားလိုအမှတ် (၁) မောင်လှသည် မြေငှါးမဟုတ်တော့သဖြင့်၊ ၎င်းဆောက်လုပ်ထားသော အဆောက်အဦကို ဖျက်၍ယူသွားပြီးလျှင်၊ မြေကို ဒေါ်မမလေးထံ ပြန်အပ်ရန်ဖြစ်သည်။ မောင်အောင်ကြီးသည်၊ မောင်လှထံတွင် ခိုကပ်နေသူဖြစ်သဖြင့်၊ ၎င်းထံသို့ နို့တစ်ပေးစာပါအတိုင်း မဆောင်ရွက်ကြသဖြင့်၊ ၎င်းတို့ကို ဒေါ်မမလေးက အထက်တွင် ပေါ်ပြခဲ့သည့်အတိုင်း တရားစွဲဆိုခြင်းဖြစ်သည်။

A

၁၉၆၆

မောင်လှ ပါ ၂ နှင့် ဒေါ်မမလေး။

အယူခံတရားလို မောင်လှက၊ ၎င်းသည် အချင်းဖြစ်မြေကိုငှါးသည့် မြေငှါးကာလမှာ၊ အင်္ဂလိပ်ပကွဗိန်လအတိုင်းမဟုတ်။ အင်္ဂလိပ်ပကွဗိန်၏ ကြားလအတိုင်းဖြစ်သဖြင့်၊ ၎င်းတို့ထံသို့ပေးသော နို့တစ်မှာ တရားမဝင် ပျက်ပြယ်ပါသည်။ ၎င်းပြင် ဒေါ်မမလေးသည်၊ အချင်းဖြစ်မြေပေါ်တွင် အဆောက်အဦ ဆောက်လုပ်နိုင်ရန် အရည်အချင်းလည်းမရှိ၊ ပြင်ဆင်မှုလည်းမရှိ၊ ငွေရေးကြေးရေးလည်း မဘတ်နိုင်၊ သဘောရိုးမှဖြင့် အဆောက်အဦ ဆောက်လုပ်ရန်မဟုတ်သောကြောင့်၊ ဒေါ်မမလေး၏ စွဲဆိုထားသောအမှုမှာ ပျက်ပြယ်စေပါသည်ဟု ထုချေထားသည်။ သို့ရာတွင်၊ မူလရုံးက၊ အယူခံတရားလိုများ တင်ပြသော အချက်ကြီး (၂) ချက်ကို၊ အဓိကထား၍ ကောက်ချက်များ ထုတ်နုတ်ပြီးလျှင်၊ အမှုကိုစစ်ဆေးပြီးသကာလ၊ အဆုံးအဖြတ်ပေးရာတွင်၊ အယူခံတရားလိုများနှင့် အယူခံတရားခံများတို့ တင်ပြသော မြေငှါးခဖြတ်ပိုင်းများအရ၊ မြေငှါးကာလမှာ အင်္ဂလိပ်ပကွဗိန်အရဖြစ်၍၊ အယူခံတရားခံကပေးသော နို့တစ်စာမှာ၊ ဥပဒေနှင့် ကိုက်ညီသည်။ ၎င်းပြင် ဒေါ်မမလေးသည် အချင်းဖြစ်မြေပေါ်တွင်၊ အဆောက်အဦ ပြုလုပ်လိုခြင်းမှာ သဘောရိုးနှင့်ပြုလုပ်လိုခြင်းဟူ၍လည်း ယူဆခဲ့သည်။ ထို့ကြောင့်၊ ဒေါ်မမလေးအား ၎င်းစွဲဆိုဘည့်အဘိုင်း၊ အမိန့်နှင့် ဒီကရီကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

ပဌမအယူခံရုံးက၊ ဤအမှုကို တဖန်ပြန်လည်သုံးသပ်ရာတွင်၊ မူလအောက်ရုံးက၊ အကြောင်းခြင်းရာများပေါ်တွင်၎င်း၊ ဥပဒေအချက်အလက်များ အပေါ်တွင် ၎င်း၊ တွေ့ရှိချက်၊ ယူဆချက်နှင့် အဆုံးအဖြတ်ပေးချက်တို့မှာ၊ မှန်ကန်သည်ဟု ဘွေ့ရှိရသဖြင့်၊ အတည်ပြုပြီး၊ မောင်လှနှင့် မောင်အောင်ကြီးတို့၏ အယူခံလွှာကို ပလပ်ခဲ့သည်။

ယခုဤရုံးသည်၊ တရားမကျင့်ထုံးပုဒ်မ ၁၄၀ အရ၊ ဒုတိယအယူခံရုံး အနေဖြင့် အောက်ရုံးမှ ချမှတ်သော အမိန့်များကို ဝေဘန်သုံးသပ်ရန်ဖြစ်သည်။

အယူခံတရားလိုများ၏ ပညာရှိ ရွှေနေကြီး ဦးကိုကိုကြီး (၃) က၊ ရုံးတော်က စဉ်းစားရန် အဓိကအချက်နှစ်ချက်တင်ပြသွားသည်။ ပဌမအချက်မှာ၊ မြေငှါးကာလသည် အင်္ဂလိပ်ပကွဗိန်လအတိုင်း မဟုတ်ပါ။ မြေငှါးခဖြတ်ပိုင်းများကို ကြည့်ရှုခြင်းအားဖြင့်၊ မြေငှါးကာလမှာ၊ အင်္ဂလိပ်ပကွဗိန်ကြားလဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်မမလေးပေးသော နို့တစ်မှာ တရားဝင်သောနို့တစ် မဟုတ်ပါကြောင်း၊ ဒေါ်မမလေး စွဲဆိုသော အမှုတခုလုံးကို ပျက်ပြယ်စေပါသည်ဟု တင်ပြသွားသည်။ ဒုတိယအဓိကအချက်နှင့် ပတ်သက်၍၊ ပညာရှိ ရွှေနေကြီးက ဆက်လက်တင်ပြရာတွင်၊ ဒေါ်မမလေးသည်၊ အချင်းဖြစ်မြေပေါ်တွင် အဆောက်အဦ ဆောက်လုပ်လိုသည်မှာ သဘောရိုးမဟုတ်ပါ။ ဒေါ်မမလေး၌ အဆောက်အဦ ဆောက်လုပ်နိုင်ရန် ငွေကြေးမရှိသည့်အပြင်၊ မြို့နှိမ်ပါယ်က အတည်ပြုထားသော အိမ်ပုံစံတင်ပြရန်မှတပါး၊ အခြား

ပြင်ဆင်မှုလည်း မရှိသေးပါ။ ထို့ကြောင့် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြ ဆိုင်ရာ ပုံးရမ်းခကြီးကြေးရေး အက်ဥပဒေပုဒ်မ ၁၂(၁) (ဃ) အင်္ဂါရပ်များနှင့် အကျုံးမဝင် ပါသောကြောင့်၊ ဒေါ်မမလေး၏ စွဲဆိုသောအမှုမှာ အခြေခံမခိုင်လုံပါ။

အယူခံတရားခံ၏ ပညာရှိ ရှေ့နေကြီး ဦးလှမောင် (၁)က၊ ယခုရုံးသည် ဒုတိယ အယူခံရုံးဖြစ်ပါသည်။ အောက် ရုံးနှစ်ရုံးစလုံးက အမှုအကြောင်း ခြင်းရာ တွင်သော်ငင်း၊ ဥပဒေ အချက်အလက်နှင့် ပတ်သက်၍သော်ငင်း ချမှတ်ထားသော အဖိန့်များမှာ တညီတညွတ်တည်းဖြစ်နေပါသဖြင့်၊ ဤရုံးက ထိုအဖိန့်များကို ဝင်ရောက် စွက်ဖက်ခြင်း မပြု လုပ်နိုင်ပါဟု လျောက်လဲသွားသည်။

ပညာရှိ ရှေ့နေကြီး ဦးကိုကိုကြီး (၃) တင်ပြသော အချက်များကို လေ့လာ သုံးသပ်ရာ၌ တွေ့ရှိရသည်မှာ၊ ထို အချက်များနှင့် ပတ်သက်၍ အောက်ရုံး နှစ်ရုံးစလုံး၌ပင် တင်ပြပြီးဖြစ်သည်ကို တွေ့ရှိရသည်။ မူလရုံးကထိုအချက်များနှင့်ပတ်သက်၍ လိုအပ်သော ကောက်ချက်များကို ထုတ်ပြီး၊ အမှုကိုစစ်ဆေး၍ အဆုံး အဖြတ် ပေးပြီး ဖြစ်သည်။ ပဌမ အယူခံရုံးကလည်း ထိုအချက်များကို ပြန်လည် သုံးသပ်ပြီး ဖြစ်သည်။ အောက်ရုံးနှင့် သဘောခြင်းတူညီပြီး ဖြစ်သည်။ ကျွန်ုပ်အနေဖြင့် ဤအမှုကို စီစစ်ရာ၌ တွေ့ရှိရသည်မှာ၊ ဒေါ်မမလေးက၊ မောင်လှအား မြေငှါးရာ၌၊ အင်္ဂလိပ် ပြက္ခဒိန်လအရ ငှါးရမ်းခြင်း ဖြစ်သည်။ ၄င်းအပြင် ဒေါ်မမလေးသည်၊ အချင်း ဖြစ်မြေကို ပြန်ရယူလိုရ၍ အဆောက် အဦတစ်ခု ဆောက်လုပ်ရန်မှာ မရိုးသားဟု မတွေ့ရှိရပေ။ မူလရုံးနှင့် ပထမအယူခံရုံးတို့ တွေ့ရှိရသော အမှုအကြောင်းခြင်းရာနှင့် သော်ငင်း ဥပဒေအချက် အလက်များနှင့် သော်ငင်း၊ တွေ့ရှိရသော အချက်များမှာ၊ အလွန်တရာမှ မှားယွင်း ချွတ်ချော်မှုတရားမျှတမှု ကင်းမဲ့သည်ဟု မတွေ့ရှိရပေ။ **ဒါဂါနှင့် ကျိုင်ဟာ(၁)**အမှု။ **ပါတပ်နှင့်မိုဟန်ဒါနတ် (၂)** အမှုနှင့် **ရမ်ဂိုပေါနှင့် ရွန်စကာတန် (၃)** အမှုများတွင် ချမှတ်ထားသောမူကို လိုက်နာ၍အဆုံးအဖြတ်ပေးထားသည့် **မဖြူ** နှင့်**ကော၊ စီ၊ မစ္စတရား(၄)**အမှုတွင်၊ အောက်ပါအတိုင်း အဆုံးအဖြတ်ပေးထားသည်။

"Under the provisions of ss. 100, 101, second appeals lie only if the decision is contrary to law or if the decision fails to determine some material issue of law or if there is any substantial error or defect in the procedure. S. 100 says nothing about the findings of fact, concurrent or otherwise, and therefore the finding of the first Appellate Court

(၁) ပရီဗွီကောင်စီ ၁၈၊ ကာလကတ္တား၊ စာ ၂၃။
(၂) ပရီဗွီကောင်စီ ၁၇၊ ကာလကတ္တား၊ စာ ၂၉၁။
(၃) ပရီဗွီကောင်စီ ၂၀၊ ကာလကတ္တား၊ စာ ၉၃။
(၄) ရန်ကုန်အတွဲ ၆၊ စာမျက်နှာ ၅၀၆။

upon a question of fact is final, if that Court had before it evidence in support of the finding, however unsatisfactory it might be if examined."

အထက်ဖော်ပြပါ စီရင်ထုံးများတွင် ချမှတ်ထားသောမူအပေါ်တွင် အမှီသဟဲပြုလုပ်၍၊ ယခုအမှုကို ဝေဖန်သုံးသပ်ရာ၌၊ အောက်ရုံးနှစ်ရုံးစလုံးက၊ အကြောင်းခြင်းရာပေါ်တွင်သော်လည်းကောင်း၊ ဥပဒေအချက်အလက်များအပေါ်တွင်သော်လည်းကောင်း၊ တသဘောတည်းချမှတ်ထားသောအမိန့်ကို၊ ဒုတိယအယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။ မြွက်ဟခဲ့သည့်အတိုင်း၊ ထိုကဲ့သို့ တသဘောတည်း ချမှတ်ခဲ့သော အမိန့်မှာ၊ အလွန့်အလွန် မှားယွင်းပြီး တရားမျှတမှုလွန်စွာ ကင်းမဲ့နေမှသာလျှင်၊ ဤရုံးက ဝင်ရောက်စွက်ဖက်နိုင်သည်။ ဤအမှုတွင် ယင်းကဲ့သို့ အခြေအနေမျိုးကို မတွေ့ရှိရပေ။

ထို့ကြောင့်၊ အောက်ရုံးနှစ်ရုံးစလုံးက အမိန့်များကို အတည်ပြုပြီး၊ ဤဒုတိယအယူခံလျှောက်လွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရေနေစရိတ်မှာ ကျပ် ၅၀ သတ်မှတ်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

မောင်သာထွန်း ပါ ၂ (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) *

† ၁၉၆၆ ဧပြီလ ၅ ရက်။

ရာဇသတ်ပုဒ်မ ၃၂၆ အရ မူပြစ်ထင်ရှားစီရင်ခြင်း—သေခါနီးစွပ်စွဲချက်—သက်သေခံဥပဒေပုဒ်မ ၃၂ အရ၊ သက်သေခံဝင်ခြင်း—သေခါနီးစွပ်စွဲချက်ဘာသာသည်နှင့် အပြစ်ပေးနိုင် မပေးနိုင်—လူမှားပြီး စွပ်စွဲရန် အကြောင်း ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုတို့အပေါ် ငြိစွန်းနေသည့် တာဒုတည်းသော သက်သေအထောက်အထားမှာ သေသူ၏ သေခါနီးစွပ်စွဲချက်ပင် ဖြစ်သည်။ သေခါနီး စွပ်စွဲချက်သည် သက်သေခံဥပဒေပုဒ်မ ၃၂ အရ သက်သေခံဝင်သဖြင့်၊ ထိုသေခါနီးစွပ်စွဲချက်မှာ ယုံကြည်စိတ်ချရပါမူ၊ ထိုသေခါနီး စွပ်စွဲချက်တာဒုတည်းနှင့်ပင် တရားခံအပေါ် အပြစ်ပေးနိုင်သည် ဆိုခြင်းမှာ ယုံမှားဘွယ်မရှိ။ သေသူ ဓါးခုတ် ခံရသောအချိန်မှာ မှောင်နေသောအချိန်ဖြစ်ကြောင်း ထင်ရှားသည်။ သို့ဖြစ်ရာ ဓါးနှင့် အခုတ်ခံရသူက မိမိအားရန်မူသူမျှားအား ထင်ထင်ရှားရှား တွေ့မြင်လိုက်နိုင်ရန် အကြောင်း မရှိ။ အလင်းရောင်မရှိသည့် နေရာတွင် အခုတ်ခံရခြင်းဖြစ်သည့်အားလျော်စွာ သေသူသည် လူမှားပြီး စွပ်စွဲခဲ့ခြင်းမဟုတ်ဟု တထစ်ချယူဆရန် မဖြစ်နိုင်။ အကယ်၍ သေသူသည် မတရားလိမ်လည်စွပ်စွဲရန်အကြောင်းမရှိဟု ဆိုစေကာမူ လူမှားပြီး စွပ်စွဲရန်အကြောင်းမရှိဟု မဆိုသာသည့်အလျောက်၊ ၎င်း၏ သေခါနီး စွပ်စွဲချက်တာဒုတည်းဖြင့် အပြစ်ပေးရန် ခိုင်မာလုံလောက်သည်ဟု မဆိုနိုင်။

ဘိုးစီ နှင့် နိုင်ငံတော်၊ အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၆၊ ရန်ကုန်၊ ၃၂၄။

ကျင်ဟုတ် နှင့် ပြည်ထောင်စု၊ ၁၉၄၉၊ မြန်မာပြည်စီရင်ထုံး ၁၅၄ (တရားလွှတ်တော်)။

မောင်ထွန်းစိန်နှင့် ပြည်ထောင်စု၊ ၁၉၅၄၊ မြန်မာပြည်စီရင်ထုံး ၁၁ (တရားလွှတ်တော်ချုပ်) ၄၂၀။

ရမ်နတ်နှင့်မဒါယာပရာက်ပြည်နယ်၊ အေ၊အိုင်၊အာ(ရ်)၊ ၁၉၅၃ (တရားလွှတ်တော်ချုပ်)တို့ကို ရည်ညွှန်းသည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှု အမှတ် ၂၄။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၂၄ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ဒီဇင်ဘာလ ၂၁ ရက် နေ့စွဲပါ ထာယာဝတီမြို့၊ ပဌမအထူးတရားသူကြီး၏ အမိန့်ကို အယူခံမှု။

အယူခံတရားလိုအတွက်။ ။ဦးဘအေး။

အယူခံတရားခံအတွက်။ ။ အစိုးရရှေ့နေကြီး ဦးသိန်းဟန်။

တရားသူကြီး ဦးသက်ဖေ။ ။ အယူခံတရားလို မောင်သာထွန်းနှင့် မောင်ညွှန့်ခင်တို့အပေါ် ရာဇသတ်ပုဒ်မ ၃၂၆ အရ၊ အလုပ်နှင့်ထောင်ဒဏ် ၅ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့သော သာယာဝတီမြို့ ပထမအထူးတရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်သောအမှုဖြစ်သည်။

အမှုဖြစ်ပွားပုံအကြောင်းခြင်းရာအတိုချုပ်မှာ၊ လွန်ခဲ့သည် ၁၃၂၇ခုနှစ်၊ ဝါဆိုလပြည့်ကျော် ဂရက်(၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၂၁) ရက်နေ့တွင်၊ သာယာဝတီခရိုင်၊ မင်းလှအုပ်၊ ဥတိုရွာနေသူကြီးဦးကျော်စိန်သည်ရွာလမ်းဖေါက်သည့် နေရာသို့ သွားရောက်လုပ်အားပေးပြီး၊ ည ၇နာရီသာသာ အချိန်လောက်၌ အိမ်သို့ပြန်ခဲ့၏။ အိမ်ရောက်ပြီး အိမ်ရှေ့ရေကန်တွင် ခြေဆေးနေခိုက် လူနှစ်ဦးက ၄င်းအား ဓါးများနှင့်ခုတ်ကာ ထွက်ပြေးကြလေသည်။ ဦးကျော်စိန်သည် အော်ဟစ်အကူ အညီတောင်းကာ ၄င်းအားရန်ပြုသူများ၏နောက်သို့ အနည်းငယ်မျှ လိုက်သေး၏။ သို့ရာတွင် ၄င်းတို့အား မှီအောင် မလိုက်နိုင်ပေ။

ထိုသို့ဦးကျော်စိန်၏ အော်ဟစ်အကူအညီတောင်းသံကို၊ အိမ်ပေါ်၌ ထမင်းစားနေကြသည့် ဦးကျော်စိန်၏ဇနီး ဒေါ်မြရင် (လိုပြ ၃)နှင့် လူငါးမောင်စန်း (လိုပြ ၂)တို့ကြား၍ အိမ်အောက်သို့ဆင်းလာကြပြီး၊ အိမ်ရှေ့တွင်ရပ်နေသည့် ဦးကျော်စိန်ထံသို့သွားကြ၏။ ဦးကျော်စိန်ထံတွင် ဒဏ်ရာများတွေ့သဖြင့် ဒေါ်မြရင်က မေးမြန်းသောအခါ အယူခံတရားလို နှစ်ဦးနှင့် အမည်မသိတစ်ယောက်တို့က ၄င်းအားဓါးနှင့်ခုတ်ကြောင်း ဦးကျော်စိန်ကပြောသည်။ ထိုသို့ပြောသည်ကို မောင်စန်းလည်းကြားရလေသည်။

ချက်ခြင်းပင် ရွာသားများက ဦးကျော်စိန်အား မင်းလှမြို့ ပြည်သူ့ဆေးရုံသို့ ပို့လိုက်ပြီးမင်းလှရဲစခန်းတွင် အကြောင်းကြားသဖြင့် ရဲစခန်းမှ တပ်ကြပ်ကြီး စာရေးဦးကျော်ညွှန့် (လိုပြ-၁)သည် ဆေးရုံသို့သွားရောက်၍ တိုင်ချက်ကို ရေးယူခဲ့၏။ ထိုတိုင်ချက်တွင် ဦးကျော်စိန်က ၄င်းအား ဓါးနှင့်ခုတ်သူများမှာ အယူခံတရားလိုနှစ်ဦးနှင့် အမည်မသိလူတစ်ယောက် တို့ဖြစ်ကြောင်းဖေါ်ပြခဲ့၏။ ထို့နောက် မင်းလှမြို့နယ်၊ ရာဇဝတ်တရားသူကြီးသည် ဆေးရုံသို့လာရောက်ကာ သေတမ်းစစ်ချက်ယူသဖြင့်၊ ၄င်းအတိုင်းပင် စွပ်စွဲခဲ့လေသည်။

ဦးကျော်စိန်သည်ရရှိခဲ့သောဒဏ်ရာများကြောင့်နောက်နေ့နံနက်၉နာရီ အချိန်တွင် ဆေးရုံ၌ သေဆုံးသွားလေသည်။ အလောင်းကို ဆရာဝန်ဦးဖေတင် (လိုပြ-၅)

ကခဲ့စိပ်ကြည့်ရှုရာ၊ ဦးခေါင်းနောက်တွင် ဒဏ်ရာတချက်၊ လက်ျာပုခုံးတွင် တချက်နှင့် လက်ဝဲလက်ဖဝါးတွင်တချက်၊ ပေါင်း ၃ ချက်တွေ့ရသေးသည်။ ဦးခေါင်းတွင်ရသော ဒဏ်ရာမှာ ဦးခေါင်းခုံနှင့် ဦးနှောက် ၃ လက်မခန့် ပြတ်သွားသဖြင့် မုချသေစေမည့် ဒဏ်ရာဖြစ်ကြောင်း တွေ့ရှိရ၏။

အထက်ပါသက်သေ အထောက်အထားများအရ၊ အယူခံဘရားလိုတို့အား ထင သတ်ပုဒ်မ ၃၀၂ အရ၊ ရုံးတင်တရားစွဲဆိုရာ၊ ၎င်းတို့က ဦးကျော်စိန်အား ခါးနှင့်မခုတ် ရကြောင်းငြင်းဆိုကာ သက်သေထူခဲ့သော်လည်း၊ ပညာရှိအောက်ရုံး တရားသူကြီးက အခင်းဖြစ်ပါးသော အချိန်မှာ နေဝင်ပြီးအချိန်ဖြစ်သော်လည်း မှောင်အတိကျပြီး ဖြစ်သည့်အချိန် မဟုတ်သေးသဖြင့်၊ ဦးကျော်စိန်သည် မိမိရွာသားများဖြစ်ကြသည့် အယူခံတရားလိုတို့အား တွေ့မြင်မှတ်မိနိုင်ရန်အကြောင်း ရှိသည်ဟုကောက်ယူကာ ၎င်း တို့၏ ထုချေချက်များကိုလက်မခံဘဲ၊ အထက်ဌာနဖော်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်း ဖြစ်လေသည်။

ဤအမှုတွင် အယူခံတရားလိုတို့အပေါ် ငြိစွန်းနေသည့်တခုတည်းသော သက်သေ အထောက်အထားမှာ ဦးကျော်စိန်၏ သေခါနီး စွပ်စွဲချက်ပင်ဖြစ်သည်။ ထို့ကြောင့် အဆိုပါ သေကာနီးစွပ်စွဲချက်ဖြင့် အယူခံတရားလိုတို့အပေါ် အပြစ်ပေးရန် လုံလောက် ခြင်းရှိ မရှိဆိုသောပြဿနာကို ဇေဖန်ဆန်းစစ်ရန်လိုပေသည်။ သေကာနီးစွပ်စွဲချက် သည် သက်သေခံဥပဒေပုဒ်မ ၃၂ အရ၊သက်သေခံဝင်သဖြင့် ထိုသေကာနီးစွပ်စွဲချက်မှာ ယုံကြည်စိတ်ချရပါမူ ထိုသေကာနီး စွပ်စွဲချက်တခုတည်းနှင့်ပင် တရားခံအပေါ် အပြစ် ပေးနိုင် သည်ဆိုခြင်းမှာ ယုံမှားဘွယ်မရှိ။ အကယ်၍ သေသူသည် မိမိအား ရန်ပြုသူအား ကောင်းမွန်စွာ တွေ့မြင်လိုက်နိုင်ရန် အကြောင်းရှိပြီး၊ တရားခံအပေါ် မတရားစွပ်စွဲရန် အကြောင်းမရှိပါက၊ ၎င်း၏သေကာနီး စွပ်စွဲချက်သည် တန်ဘိုးရှိသော စွပ်စွဲချက် တခုဖြစ်သည်ဟု ဆိုရပေမည်။ **ဘိုးစီ** နှင့် **နိုင်ငံတော်** (၁)။ သေကာနီးစွပ်စွဲချက်မှာ မှန်သည်၊ မမှန်သည်ဆိုသောအချက်ကို ဂေးခွန်းထုတ်၍ မစစ်ဆေးနိုင်သည်ကတကြောင်း အတွေ့အကြုံများအရ အခါခပ်သိမ်း စိတ်ချလက်ချ လက်မခံနိုင်သည်ကတကြောင်း၊ ထိုအကြောင်းများကြောင့် သတိကြီးစွာဖြင့်၊ ဇေဖန်ဆန်းစစ်ပြီးမှသာ တရားခံအပေါ် အပြစ်ပေးသင့်ပေသည်။ **ကျင်ဟုတ်** နှင့် **ပြည်ထောင်စု** (၂)၊ **မောင်ထွန်းစိန်** နှင့် **ပြည်ထောင်စု**(၃)၊ **ရမ်နတ်** နှင့် **မဒါယာပရာဂ်ပြည်နယ်**(၄)။

---

(၁) အေ၊အိုင်၊အာ (ရ)၊ ၁၉၃၆၊ ရန်ကုန်၊ ၃၂၄။

(၂) ၁၉၄၉၊ မြန်မာပြည်စီရင်ထုံး၊ ၁၅၄ (တရားလွှတ်တော်)။

(၃) ၁၉၅၄ မြန်မာပြည်စီရင်ထုံး ၁၁ (တရားလွှတ်တော်ချုပ်)။

(၄) အေ၊အိုင်၊အာ(ရ)၊ ၁၉၅၃၊ တရားလွှတ်တော်ချုပ်၊ ၄၂၀။

B

၁၉၆၆

မောင်သာထွန်း ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ယခုအမှုတွင် ဦးကျော်စိန် ဓါးခုတ်ခံရသော အချိန်မှာ မောင်နေသောအချိန်ဖြစ်ကြောင်းထင်ရှားသည်။ အဘယ်ကြောင့်ဆိုသော် ဦးကျော်စိန်၏ အော်ဟစ်အကူအညီတောင်းသံကိုကြားသဖြင့် ၎င်း၏ဇနီး ဒေါ်မြရင်သည် အိမ်ပေါ်မှမီးတိုင်ကို ကိုင်ဆင်းရပြီး၊ လူငါးမောင်စန်းက အိမ်ပေါ်မှ လက်နှိပ်ဓါတ်မီးနှင့် ထိုးချကြည့်ရကြောင်း ဒေါ်မြရင်နှင့် မောင်စန်းတို့ ကိုယ်တိုင်ထွက်ဆိုထားခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် ဦးကျော်စိန်နှင့် အိမ်နီးချင်းဖြစ်သူ ဦးသိန်းရွှေ (ခံပြ-၇) ကအော်သံကြား၍ မီးပုံးကို ကိုင်ပြီးသွားရကြောင်း၊ ထိုအချိန်က မောင်နေကြောင်း ထွက်ဆိုထားသည်။ သို့ဖြစ်ရာ ဓါးနှင့်အခုတ်ခံရသူဦးကျော်စိန်သည် မိမိအား ရန်မူသူမျှားအား ထင်ထင်ရှားရှား တွေ့မြင်လိုက်နိုင်ရန် အကြောင်းမရှိပေ။ အာဃာတရောင်မရှိသည့်နေရာဘွင် အခုတ်ခံရခြင်းဖြစ်သည့်အားလျော်စွာ ဦးကျော်စိန်သည် လူမှားပြီး စွပ်စွဲခဲ့ခြင်းမဟုတ်ဟု တထစ်ချယူဆရန် မဖြစ်နိုင်။ အကယ်၍ဦးကျော်စိန်သည် မဘရားလိမ်လည်စွပ်စွဲရန် အကြောင်းမရှိဟု ဆိုစေကာမူ လူမှားပြီးစွပ်စွဲရန် အကြောင်းမရှိဟု မဆိုသာသည့် အလျောက် ၎င်း၏သေကာနီး စွပ်စွဲချက် တခုတည်းဖြင့် အပြစ်ပေးရန် ခိုင်မာလုံလောက်ဟုမဆိုနိုင်ပေ။

အထက်ပါအကြောင်းများကြောင့် ဦးစံခင်၏သား အယူခံတရားလို မောင်သာထွန်းနှင့် ဦးဘိုးသာ၏သား အယူခံတရားလို မောင်ခင်ညွန့်တို့အား ဆုဇသတ်ပုဒ်မ ၃၀၇ အရ၊ထောင်ဒဏ် ၅ နှစ်စီ ကျခံစေရန် အပြစ်ပေးခဲ့သော အောက်ရုံးအမိန့်ကို ပယ်ဖျက်ကာ ၎င်းတို့အား ဤအမှုနှင့်ပတ်သက်၍ တရားသေလွတ်ရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးချစ်ရှေတွင်

မောင်အေးမောင် (အယူခံတရားလို) † ၁၉၆၆
မတ်လ
၁၁ ရက်။

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီး ပုဒ်မ ၃၀၂၊ အချင်းချင်း ရန်ဖြစ်ကြခြင်း—ခလုတ်တိုက်လဲအသွား ဓါးဦးချွန်ဖြင့် ၆ ချက်ထိုးခြင်း—ရာဇသတ်ကြီးပုဒ်မ ၂၉၉ (၂) (ဃ) ခြွင်းချက်တွင် အကျုံးဝင် မဝင်။

ဆုံးဖြတ်ချက်။ ။အယူခံ တရားလိုနှင့် သေသူတို့ မူလက အချင်းချင်းရန်ဖြစ်ကြသည်။ ထိုသို့ ရန်ဖြစ်စဉ်အခါက၊ ဝါးတုတ်ပါ၍ အယူခံတရားလိုတွင် ဓါးဦးချွန်ပါသည်။ ထွေးလုံးရစ်ပတ်နေပြီး နောက်၊ သေသူက အနီးရှိခြံထဲသို့ ဝင်ပြေးရာတွင် အယူခံတရားလိုက နောက်ကနေ လိုက်ရာ၊ သေသူ ခလုတ်တိုက်လဲအသွား အယူခံတရားလိုက သေသူအပေါ် ခွစီးပြီး၊ မိမိတွင်ပါလာသော ဓါးဦးချွန်ဖြင့် ၆ ချက်ထိုးခြင်းမှာ ရာဇသတ်ကြီး ပုဒ်မ ၂၉၉ (၂) (ဃ) ခြွင်းချက်တွင် အကျုံးဝင်ခြင်း မတွေ့ရှိရ။

လျှောက်ထားသူအတွက်။ ။

လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးနှစ်။

တရားသူကြီး ဦးချစ်။ ။အယူခံတရားလို မောင်အေးမောင်အပေါ်၊ သေသူ မောင်သန်းရွှေအား ဓါးဒဏ်ရာ ၆ ချက် ရရှိအောင်ပြုလုပ်၍ သေသွားရသောကြောင့် ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂)အရ ပြစ်မှုမြောက်သည်ဟု တွေ့ရှိရသဖြင့် ထောင်ဒဏ် တသက်တကျွန်း ကျခံစေရန်၊ ပြည်မြို့ပဌမ အထူးတရားသူကြီးရုံး၊ ၁၉၆၄ ခု၊ ရာဇဝတ် ကြီးမူအမှတ် ၃၂ တွင် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကိုမကျေနပ်သဖြင့်၊ အယူခံ တရားလိုမောင်အေးမောင်က ဤရုံးတွင်အယူခံတင်သွင်းခြင်းဖြစ်သည်။

အမှုအဖြစ်အပျက် အကြောင်းခြင်းရာများနှင့်ပတ်သက်၍၊ အောက်ရုံး၏စီရင်ချက် တွင် ပြည့်စုံစွာဖော်ပြထားပြီးဖြစ်ရကား ထပ်လောင်း၍ဖော်ပြရန်မလိုပေ။ သို့ရာတွင် ယခုအမှုတွင် စဉ်းစားဆုံးဖြတ်ရန် အချက်အလက်များမှာ၊ သေသူမောင်သန်းရွှေကို အယူခံတရားလိုက ဓါးနှင့်ထိုးသူဟုတ်မဟုတ်နှင့် ထိုသို့ဓါးနှင့်ထိုးသူဖြစ်ခဲ့လျှင်၊ မောင်

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၃၂ တွင်၊ ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့စွဲပါ၊ ပြည်မြို့၊ ပဌမအထူးတရားသူကြီး၏အမိန့်ကို မကျေနပ်သဖြင့် အယူခံဝင်မှု။

အေးမောင်အပေါ် အောက်ရုံးက ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂)အရ ပြစ်မှုတွေ့ရှိ၍ ပြစ်ဒဏ်ချမှတ်ထားခြင်းမှာ မှန် မမှန်ဖြစ်သည်။

ပညာရှိ အစိုးရရှေ့နေကြီး ဦးနှစ်က ဤအမှုတွင်၊ သေသူမောင်သန်းရွှေအား၊ အယူခံတရားလို မောင်အေးမောင် က သက်သေခံ ဓါးဦးချွန်ဖြင့် ထိုးသဖြင့် ဓါးဒဏ်ရာ ၆ ချက်ရပြီး ထိုဒဏ်ရာ ၆ ချက်ကြောင့် သေသူမောင်သန်းရွှေ သေဆုံးရခြင်းမှာ တရားလိုပြသက်သေများ၏ ထွက်ချက်အရ ပေါ်လွင်ထင်ရှားပါသည်။ အမှန်မှာ မောင်စိုးဝင်း (လိုပြ-၂)နှင့်မောင်ကျောက်ခဲ (လိုပြ-၃)တို့၏ ထွက်ချက်အရ ဆိုလျှင်၊ သေသူနှင့် အယူခံတရားလိုတို့သည် ရန်ဖြစ်ကြရာ၌ သေသူ တွင်ဝါးလုံးတုတ် တစ်ချောင်းရှိ၍ အယူခံတရားလို၌ သက်သေခံ ဓါးဦးချွန် တစ်ခုရှိကြောင်း တွေ့ရှိရသည်ဟု ပါရှိသည်။ ၄င်းတို့နှစ်ဦး ထွေးလုံးရစ်ပတ်နေပြီးနောက်၊ သေသူ မောင်သန်းရွှေက ဦးထွန်းစိန် ခြံထဲသို့ထွက်ပြေးရာ၊ မောင်အေးမောင်က နောက်ကပြေးလိုက်ပြီး၊ ထိုခြံအရောက်တွင် သေသူ ခလုတ်တိုက်လဲအကျတွင် မောင်အေးမောင်က သူ့အပေါ်ခွစီး၍ ပါလာသော ဓါးဦးချွန်နှင့် အချက်ပေါင်းများစွာထိုးသည်။ သေသူမောင်သန်းရွှေကလည်း၊ သူ့ကိုမောင်အေးမောင်က ဓါးဖြင့် ထိုးပါ သည်ဟုအော်သည်။ အချင်းဖြစ်သောအရပ်မှာ ထုံးပိုမြို့ ဖြစ်၍ အချိန်မှာ၊ ၁၉၆၄ ခုနှစ်၊ မေလ ၂၀ ရက်နေ့ည ၉နာရီ အချိန်က ဖြစ်သည်။ လမ်းဓါတ်မီးရောင်များဖြင့် ထိုအချိန်တွင် အချင်းဖြစ်သောနေရာ၌ အလင်းရောင်ရှိပါသည်။ သေသူမောင်သန်းရွှေ အော်သံကိုကြားသဖြင့် အရပ်လူကြီးများလာကြပြီး မောင်အေးမောင်ကို သူနေသောအိမ်သို့ ဆွဲခေါ်သွားရာ၊ မောင်အေးမောင်က ကြမ်းပေါက်ကြားမှ မြေကြီးပေါ်သို့ ဓါးဦးချွန်ကို ချလိုက်ပါသည်။ ထိုဓါးဦးချွန်ကို နောက်နေ့တွင် ရဲကလာရောက်သိမ်းဆည်းသွားလေသည်။ ဓါတုဗေဒ၏ စစ်ချက်အရ ထိုဓါးဦးချွန်တွင် လူသွေးပေနေပါသည်။ မောင်သန်းရွှေမှာ နောက်နေ့ည နေ ၃နာရီခွဲလောက်တွင် သေဆုံးသွားပါသည်။ မသေဆုံးမီ သေခါနီးစစ်ချက်များကို၊ ပဒေါင်းမြို့ မြို့နယ်ရာဇဝတ်တရားသူကြီးထံတွင် တစ်ကြိမ်၊ ထို့နောက် ပြည်မြို့ ဒုရာဘက် ရာဇဝတ်တရားသူကြီးထံတွင် တစ်ကြိမ်မှတ်ပြုလုပ်ခဲ့သည်။ ထိုသေခါနီး စစ်ချက်များတွင်သူကို မောင်အေးမောင်က ဓါးနှင့်ထိုးကြောင်း အတိအလင်းဖေါ်ပြထား သည်ကို တွေ့ရှိရပါသည်။ ဆရာဝန် ဦးရွှမောင် (လိုပြ-၂၂)သည် သေသူ၏ဒဏ်ရာများကို စစ်ဆေးသူဖြစ်သည်။ သေသူ၌ ဓါးဒဏ်ရာ ၆ ချက်ရှိ၍ ဒဏ်ရာအမှတ် (၁) မှာ မုချသေရမည့် ဒဏ်ရာဖြစ်သည်။ ဓါးဒဏ်ရာများကို သက်သေခံဓါးဦးချွန်ဖြင့် ပြုလုပ်၍ ရနိုင်သည်ဟု ထွက်ဆိုထားပါသည်။ ထိုအကြောင်းများကြောင့် အောက်ရုံးပညာရှိ တရားသူကြီးက အယူခံတရားလို အပေါ်ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂)အရ ပြစ်မှုမြောက်သည်ကို တွေ့ရှိပြီး၊ ထောင်ဒဏ်တသက်တကျွန်းချမှတ်ခြင်း မှာ၊ မှန်ကန်သည်ဟု တင်ပြသွားသည်။

ဤအမှုတွင် ကျွန်ုပ်အသေးစိတ် လေ့လာသုံးသပ်ရာတွင် တွေ့ရှိရသည်မှာ၊ အယူခံတရားလို မောင်အေးမောင်နှင့် သေသူ မောင်သန်းရွှေတို့မှာ မူလက အချင်းချင်း ရန်ဖြစ်ကြသည်။ ထိုသို့ရန်ဖြစ်စဉ် အခါက၊ သေသူတွင် ဝါးတုတ်ပါ၍ အယူခံတရားလိုတွင် သက်သေခံ ဓါးဦးချွန်ပါသည်။ ထွေးလုံးရစ်ပတ်နေပြီးနောက်၊ သေသူမောင်သန်းရွှေက အနီးရှိ ဦးထွန်းစိန် ခြံထဲသို့ ဝင်ပြေးရာတွင်၊ အယူခံတရားလို မောင်အေးမောင်က နောက်ကနေလိုက်ရာ၊ မောင်သန်းရွှေ ခလုတ်တိုက်လဲအသွား မောင်အေးမောင်က သေသူ အပေါ်ခွစီးပြီး မိမိတွင်ပါလာသော ဓါးဦးချွန်ဖြင့် ၆ ချက်ထိုးခြင်းမှာ ဆရာဝန်၏ထွက် ချက်အရ ထင်ရှားသည်။ ဤကဲ့သို့ရန်ဖြစ်ရာ၌ ရက်စက်ကြမ်းကြုတ်စွာဖြင့်၊ ဓါးနှင့် ၆ ချက်ထိုခြင်းမှာ ရာဇသတ်ကြီးပုဒ်မ ၂၉၃ (၂)(ဃ) ခွင်းချက်တွင် အကျုံးဝင်ခြင်းမတွေ့ရှိရပေ။ ပညာရှိအစိုးရရှေ့နေကြီး တင်ပြသော အချက်အလက်များကို ကျွန်ုပ် လက်ခံပြီး၊ သေသူမောင်သန်းရွှေကို ဓါးဒဏ်ရာ ရရှိ၍ သေစေအောင်ပြုလုပ်သူမှာ အယူခံတရားလို မောင်အေးမောင် ဖြစ်သည်ဟု တွေ့ရှိရသည်။ ဖော်ဆို ခဲ့ပြီးသော ခွင်းချက်တွင်အကျုံး မဝင်သဖြင့် ပညာရှိ အောက်ရုံး တရားသူကြီးက၊ အယူခံတရားလို မောင်အေးမောင် အပေါ်၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂)အရ ပြစ်မှုမြောက်သည်ဟု တွေ့ရှိရသည်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။ပြစ်ဒဏ်မှာ လည်း ထောင်ဒဏ် တသက်တကျွန်းပေးထားခြင်းမှာ၊ အမှုသွားအမှုလာအဖြစ်အပျက်ကို ထောက်ရှုခြင်းအားဖြင့် များလွန်းသည်ဟုမဆိုနိုင်ပေ။

ထို့ကြောင့် အောက်ရုံးပညာရှိ တရားသူကြီးချမှတ်သော အမိန့်ကို ဝင်ရောက်စွက်ဘက်ရန် အကြောင်းမတွေ့ရှိရသဖြင့်၊ အတည်ပြုပြီးအယူခံလွှာကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးချစ် ရှေ့တွင်

† ၁၉၆၆ မတ်လ ၁၈ ရက်။

မောင်အောင်ငြိမ်း
၁။ မောင်ပေါ
၂။ မောင်ရွှေရ
} (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ပုဒ်မ ၃၆၆/၃၆၆/၁၁၄—မိန်းမအလိုမတူသောအချိန် ခိုးယူသွားခြင်း—ပြစ်မှုမြောက်မြောက်—နောက်ပိုင်းဌ သဘောတူညီရာရောက်ခြင်း—ပြစ်ဒဏ်ပေးရာ၌ စဉ်းစားရန်။

ဆုံးဖြတ်ချက်။ ။မိန်းမ အလိုမတူသောအချိန်မှာ ၎င်းအားခိုးယူသွားသောအချိန်ဖြစ်သည်ဟု ရာဇသတ်ပုဒ်မ ၃၆၆ တွင် အဓိပ္ပာယ်ဖော်ပြထားသည်။ အယူခံ တရားလိုများသည် ခါးကိုယ်စီကိုင်၍ မိန်းမအား ခြိမ်းချောက်ပြီး ခေါ်ဆောင်သွားရာ၌၊ မိန်းမအလိုမတူ ရုန်းကန်ငြင်းဆန်၍ အနီးရှိလူကို ခေါ်၍ အကူအညီပင် တောင်းကြောင်းကို ထောက်ထားခြင်းအားဖြင့်၊ မိန်းမသည် ထိုအခါက အလိုတူ အလိုပါ မဟုတ်ကြောင်း ထင်ရှားနေသည်။ မူလကနဦးက မိန်းမသဘောတူညီချက်မရဘဲ အတင်းအဓမ္မ ခါးပြ၍ ခြိမ်းခြောက်ခေါ်ခြင်းမှာ ရာဇသတ်ပုဒ်မ ၃၆၆ အရ ပြစ်မှုမြောက်သည်ဟု ယူဆရမည်။ နောက်ပိုင်းကျမှ ၎င်းမိန်းမက သဘောတူညီရာ ရောက်သည်ဟု ယူဆရန်အကြောင်းတို့မှာ အယူခံတရားလိုများကိုအပြစ်ပေးရာ၌ သက်ညှာစဉ်းစား၍အပြစ်ပေးရန်အကြောင်းဖြစ်သည်။

နိုင်ငံတော်နှင့် အေးမောင်၊ အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ၃၊ ၁၉၀၅-၀၆၊ ၁၃၃ (၁၆)ကို ရည်ညွှန်းသည်။

အယူခံတရားလိုများအတွက်။ ။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးနှစ်။

တရားသူကြီး ဦးချစ်။ ။ပျဉ်းမနားမြို့၊ အထူးတရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၁ တွင်၊ အယူခံတရားလို မောင်အောင်ငြိမ်းအပေါ် ရာဇသတ်ပုဒ်မ ၃၆၆ အရ၊ ပြစ်မှုမြောက်သည်ဟု တွေ့ရှိရသဖြင့်၊ သရက်မြို့၊ ဘော်စတယ်ကျောင်း

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှု အမှတ် ၈။
၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၄၀၅။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၁ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့စွဲပါ၊ ပျဉ်းမနားမြို့၊ အထူးတရားသူကြီး၏အမိန့်ကို အယူခံမှု။

၁၉၆၆

မောင်အောင်ငြိမ်း၊ ၁။ မောင်ပေါ်၊ ၂။ မောင်ရွှေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

တွင် ၄ နှစ်ထိန်းသိမ်းထားစေရန်၊ အယူခံတရားလို မောင်ပေါ်နှင့် အယူခံတရားပြိုမောင်ရွှေရတို့အပေါ် တွင်လည်း၊ ရာဇသတ်ပုဒ်မ ၃၆၆/၁၁၄ အရ၊ ပြစ်မှုမြောက်သည်ဟုတွေ့ရှိရသဖြင့်၊ ၎င်းတို့အား အလုပ်နှင့်ထောင်ဒဏ် ၁ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ မောင်အောင်ငြိမ်းက၊ ၎င်းအပေါ် ချမှတ်သောအမိန့်ကို မကျေနပ်သဖြင့်၊ ဤရုံးသို့အယူခံဝင်ရာ၊ ဤရုံး ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၈ တွင်လက်ခံ၍ ဖွင့်လှစ်ထားသည်။ မောင်ပေါနှင့်မောင်ရွှေရတို့ကလည်း၊ ၎င်းတို့အပေါ် ချမှတ်သော အမိန့်ကို မကျေနပ်သဖြင့် အယူခံဝင်ကြရာ၊ ဤရုံး ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၄၀၅ တွင်လက်ခံ၍ ဖွင့်လှစ်ထားသည်။ ထိုအမှု ၂ ခုကို ဤအမှုတွင်တပေါင်းတည်းစီရင်ချက်ချမှတ်မည်။

မောင်အောင်ငြိမ်း၊ မောင်ပေါနှင့်မောင်ရွှေရတို့သည်၊ တပ်ကုန်းမြို့မြောက်ဘက် ၆ မိုင်ခန့်တွင်ရှိသော၊ ညောင်ငါးပင်ကျေးရွာအနီးတွင် ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ညနေ ၄ နာရီအချိန်လောက်၊ ဦးညီမောင် (လိုပြ-၁)နှင့် မကျင်စိန် (လိုပြ-၁၀) တို့၏သမီး၊ အသက် ၁၇ နှစ်ခန့်ရှိ မညို (လိုပြ-၈)ကို၊ မောင်အောင်ငြိမ်းက မယားအဖြစ် ပေါင်းသင်းရန် အတင်းအဓမ္မဓါးများဖြင့်ခြိမ်းချောက်၍ ခိုးယူသွားခြင်းဖြစ်သည်။ ထို အခါက မောင်အောင်ငြိမ်း၊ မောင်ပေါနှင့်မောင်ရွှေရတို့တွင် ဓါးကိုယ်စီရှိကြသည်။ ၎င်းတို့သည် မညို နွားကျောင်းသောနေရာသို့လာ၍၊ မညိုအား အတင်းအဓမ္မဆဲခေါ်သွားခြင်းဖြစ်သည်။ ထိုအနားတွင် မညို၏ မောင်ဝမ်းကွဲတော်သူ မောင်ရွှေမောင် (လိုပြ-၃)၊ ကိုဝိုင်းလေး (လိုပြ-၅)နှင့် ကိုဘိုကေ (လိုပြ-၇)တို့ရှိကြသည်။ မညိုကို အယူခံတရားလိုများက ဓါးများဖြင့် အတင်းအဓမ္မခေါ်ဆောင်သွားကြရာတွင်၊ မညိုက ရုံးကန်ခြင်းဆန့်သော်လည်းမရ၊ ၎င်းကမနီးမဝေးတွင်ရှိသော ကိုဝိုင်းလေးအား အကူအညီပေးရန် လှမ်းခေါ်ရာ၊ ကိုဝိုင်းလေးသည် မညိုကိုပြန်၍ဆဲခေါ်လိုသော်လည်း၊ အယူခံတရားလိုများမှာ ဓါးတဝင့်ဝင့်လုပ်နေကြသဖြင့်၊ အနားသို့မချဉ်းကပ်ရဲဘဲဖြစ်နေသည်။ ကိုဝိုင်းလေးက မောင်ရွှေမောင်အား၊ ရွာထဲတွင်ရှိသော မညို၏ အဖေ ဦးညီမောင်ကို သွားရောက်တိုင်ပြောရန် ခိုင်းလိုက်သည်။ ဦးညီမောင်ထံသို့ မောင်ရွှေမောင်ရောက်ရှိပြီး အကျိုးအကြောင်းပြောရာ၊ ဦးညီမောင်က သူကြီးဦးဝိုင်းထံသို့ သွားရောက်တိုင်တန်းသည်။ ထိုသို့တိုင်တန်းရာတွင်၊ သူ၏သမီးမညိုကို၊ အောင်ငြိမ်း၊ ရွှေရနှင့်မောင်ပေါတို့ဆဲသွားကြောင်း၊ ၎င်းတို့ထံတွင် ဓါးကိုယ်စီပါကြောင်းပြောပြသည်။ နောက်တနေ့ ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင်၊ ဦးညီမောင်က တပ်ကုန်းမြို့ရဲဌာနသို့သွား၍တိုင်ချက်ပေးသည်။ ထိုတိုင်ချက်၌ အယူခံတရားလိုများက၊ မညိုအား ဓါးကိုယ်စီဖြင့် ခြိမ်းချောက်၍ခိုးယူသွားကြောင်းပါရှိသည်။ ထိုတိုင်ချက်မှာ သက်သေခံအမှတ် "က" ဖြစ်သည်။ အယူခံတရားလိုများသည် မညိုကို အရွေ့တော

ထဲသို့ ခေါ်သွားကြသည်။ တညလုံးမအိပ်ရဘဲ၊ တောထဲတွင်သွားနေရသည်။ နောက်တနေ့တွင် ညောင်လွန်မော်တော်ကားဆိပ်သို့ရောက်၍၊ ကားဖြင့်ပျဉ်းမနားမြို့သို့ခေါ်သွားကြသည်။ ပျဉ်းမနားမြို့ ၊ မဝိုင်းကြည် (ခ/ပ-ဂ) အိမ်သို့ရောက်ရှိကြသည်။ ထိုအိမ်တွင်ညအိပ်၍၊ မောင်အောင်ငြိမ်းက၊ မည်ဇာ။ သားမယားတကြိမ်ပြုကျင့်သည်။ နောက်တနေ့တွင်မည်ဇာ။ မောင်အောင်ငြိမ်းက အောင်ကုန်းရွာသို့ခေါ်သွားလေသည်။ ထိုညတွင် ထိုရွာ ကိုထွန်းတင် အိမ်၌အိပ်ကြသည်။ ထိုညဥ့်လည်း မောင်အောင်ငြိမ်းကမည်ဇာ။ သားမယားတကြိမ်ပြုကျင့်သည်။ ထိုရွာမှတဖန် နောက်တနေ့ ပျဉ်းမနားမြို့ စတုတ္ထရာဘက် ရာဇဝတ်တရားသူကြီးရုံးသို့၊ မောင်အောင်ငြိမ်းက မည်ဇာကို ခေါ်သွားပြီး၊ ရုံးတွင်ထိန်းမြားမင်္ဂလာ သစ္စာပြုသည့်စာချုပ်များပြုလုပ်၍ တရားသူကြီးဦးစိုးမြင့် (ခ/ပ-ဌ)ရှေ့တွင်၊ မောင်အောင်ငြိမ်းနှင့် မည်ဇာတို့က လက်မှတ်ရေးထိုးကြသည်။ ထိုမှတဆင့်၊ မည်ဇာကို အောင်ကုန်းရွာသို့ပြန်ခေါ်လာသည်။ ထိုရွာသို့ မည်ဇာ၏အဖေ ဦးညီမောင်နှင့် ရဲအရာရှိများရောက်ရှိလာ၍၊ မည်ဇာအားခေါ်ဆောင်သွားသည်။ ထိုအခါတွင် မည်ဇာ၊ သူသဘောမတူဘဲလိုက်ခဲ့ရကြောင်း၊ မိမိဖခင်အား ပြောပြသည်။ မည်ဇာကိုဆရာဝန်က စမ်းသပ်ကြည့်ရှုရာ၊ မည်၌မကြာခင်က ကာမရာဂစပ်ယှက်ထားခြင်းများ တွေ့ရှိရကြောင်း၊ ဆရာဝန်၏ ဆေးစာတွင် ပါရှိသည်။

အယူခံတရားလိုများသည် အကျဉ်းထောင်များမှ အယူခံလွှာများကို တင်ခြင်းဖြစ်သည်။ ၄င်းတို့အတွက် ရှေ့နေမပါ။ အယူခံ တရားခံ ပြည်ထောင်စုမြန်မာနိုင်ငံအတွက်၊ ပညာရှိအစိုးရရှေ့နေကြီး ဦးနှစ်က၊ ဤအမှုတွင် မည်သည်အယူခံ တရားလိုများနောက်သို့ နိုးရာလိုက်ပြေးပြီးနောက်၊ ရောက်ရှိသောရွာများတွင် ညအိပ်၍ ပျဉ်းမနားမြို့တွင် တရားသူကြီး ရှေ့သို့ရောက်ရှိပြီး ၊ ထိမ်းမြားမင်္ဂလာစာတမ်းများတွင် လက်မှတ်ရေးထိုးသည်ကိုထောက်ရုံခြင်းအားဖြင့်၊ မည်၏သဘောတူညီချက် ပါရှိသည်ဟု ယူဆရန်အကြောင်းရှိသောကြောင့် အယူခံတရားလိုများအပေါ်တွင် ပြစ်မှုကိုတွေ့ရှိပြီး ပြစ်ဒဏ်ချမှတ်ခြင်းမှာ မှားယွင်းကြောင်း ယူဆပါသည်ဟု တင်ပြသွားပါသည်။

ကျွန်ုပ်သည် ဤအမှုကို သေချာကျနစွာ လေ့လာသုံးသပ်သောအခါ၊ တွေ့ရှိရသည့် အချက်မှာ၊ ပညာရှိအစိုးရရှေ့နေကြီး တင်ပြသောအချက်နှင့် မကိုက်ညီပေ။ အရေးကြီး၍ အဓိကအနေနှင့် စဉ်စားရန်ရှိသော ပြဿနာမှာ၊ နွားလှန်နေသော မည်ဇာကို အယူခံတရားလိုများရောက်ရှိလာပြီး၊ သူမအားခေါ်ဆောင်သွားရာ၌၊ မည်၏သဘောတူညီချက်ရှိမရှိဖြစ်သည်။ ထိုအချိန်အခါမှာ၊ အလွန်အရေးကြီးသော အချိန်ဖြစ်သည်။ ထိုအခါက မည်၏ဆန္ဒမဟုတ်ဘဲ၊ ငြင်းဆန်ရန်းကန်လျက်နှင့် ကြောက်ရွံ့၍ မည်ပါသွားရခြင်း၊ တနည်းကား၊ မည်၏ သဘောတူညီချက် လုံးဝမရှိဘဲ၊ ဤကဲ့သို့ ဆွဲငင်ခံရပြီးနောက်မှ၊ မည်ဇာ သဘောတူညီသည်ဟု ယူဆရန် အချက်အလက်များ နောက်

ပိုင်းတွင် တွေ့ရှိရသောကြောင့်၊ အယူခံတရားလိုများကို အမှုနှင့် ပတ်သက်၍ ကွင်းလုံးကျွတ်မလွှတ်နိုင်။ ဤကဲ့သို့မိန်းမခိုးမှုမျိုးတွင်၊ ရုံးကပြစ်ဒဏ်ချမှတ်ရာ၌သာလျှင်၊ စဉ်းစားရန်အကြောင်းရှိလေသည်။ ရာဇသတ်ပုဒ်မ ၃၆၆ ကိုဖော်ပြရန်လိုပေမည်။ ၎င်းက ဤကဲ့သို့ဆို၏။

"မိန်းမအလိုမတူဘဲ၊ ထိုမိန်းမကို တဦးတယောက်သောသူနှင့် ထိမ်းမြားပေးစားခြင်းငှါ အတင်းအဓမ္မပြုရန် အကြံနှင့် သော်၄င်း၊ ထိုသို့အတင်း အဓမ္မပြုခြင်းခံရမည် ဖြစ်တန်ရာသည်ကိုသိလျက်နှင့်သော်၄င်း၊ အနိုင်အထက်ပြုခြင်းဖြင့် ဖြစ်စေ၊ ကာမသွေးဆောင် အကျင့်ဖျက်ဆီးခြင်းဖြင့်ဖြစ်စေ၊ မတရားသဖြင့်ကာမစပ်ယှက်စေရန်သော်၄င်း၊ ထိုသို့အနိုင်အထက်ပြုခြင်း၊ သို့တည်းမဟုတ် ကာမသွေးဆောင်အကျင့် ဖျက်ဆီးခြင်းခံရမည် ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော်၄င်း၊ မည်သူမဆို မိန်းမတဦးတယောက် အားခိုးယူလျှင်၊ သို့တည်း မဟုတ် သွေးဆောင်ဆွဲခေါ်လျှင်၊ ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တမျိုးမျိုး ချမှတ်ရမည်ဖြစ်ပြင်၊ ငွေဒဏ် လည်းချမှတ်နိုင်သည်။

"ထိုပြင် ဤရာဇသတ်ကြီးတွင် အဓိပ္ပါယ်ဖော်ပြသည့် ရာဇဝတ်မကင်းသော ခြောက်လှန့်ခြင်းနည်းဖြင့်သော်၄င်း၊ မိမိအခွင့်အာဏာကို အလွဲသုံးစားပြုခြင်းဖြင့် သော်၄င်း၊ အခြားအတင်းအဓမ္မနည်းတနည်းနည်းဖြင့်သော်၄င်း၊ အနိုင်အထက် ပြုခြင်းဖြင့်ဖြစ်စေ၊ ကာမသွေးဆောင် အကျင့်ဖျက်ဆီခြင်းဖြင့်ဖြစ်စေ၊ မိန်းမတစ်ဦးတစ်ယောက်ကို အခြားသူတစ်ဦးတစ်ယောက် နှင့် မတရားသဖြင့် ကာမစပ်ယှက်စေရန် အကြံနှင့်သော်၄င်း၊ ထိုသို့ကာမစပ်ယှက်ခြင်းခံရမည် ဖြစ်တန်ရာသည်ကို သိလျက် နှင့်သော်၄င်း၊ မည်သူမဆို ထိုမိန်းမအား တနေရာရာမှ ထွက်သွားစေရန် သွေးဆောင်လျှင်၊ ထိုသူကို အထက်ကဖော်ပြသည့် အတိုင်း ပြစ်ဒဏ် ချမှတ်ရမည်"

မိန်းမအလိုမတူသောအချိန်မှာ၊ ၎င်းအားခိုးသွားသော အချိန်ဖြစ်သည်ဟု အထက်ပါပုဒ်မက အတိအလင်းဖော်ပြထားသည်။ ထို့ကြောင့် သက်သေထွက်ချက်များနှင့် ညှိနှိုင်း၍ ဝေဖန်သုံးသပ်ရန်အကြောင်းမှာ၊ ထိုခိုးယူစဉ်အချိန်က၊ မည်သည် သဘောတူညီချက်ရှိမရှိဖြစ်သည်။ မျက်မြင်သက်သေများဖြစ်ကြသော၊ ကိုဝိုင်းလေး(လိုပြ-၅)၊ကိုဘိုကေ(လိုပြ-၇)နှင့်မောင်ရွှေမောင်(လိုပြ-၃)တို့၏ သက်သေထွက်ချက်အရနှင့် မည်သို့ (လိုပြ-၈) ၏ သက်သေထွက်ချက်အရ ဆိုလျှင်၊ အယူခံ တရားလိုများသည် ဓားကိုယ်စီကိုင်၍၊မည်သူအား ခြိမ်းခြောက်ပြီးခေါ်ဆောင်သွားရာ၌ မည်သူကအလိုမတူ ရုန်းကန်ငြင်းဆန်၍၊ အနီးရှိကိုဝိုင်းလေးကိုပင်ခေါ်၍ အကူအညီပင်တောင်းကြောင်းကို ထောက်ထားခြင်းအားဖြင့်၊ မည်သည် ထိုအခါက အလိုတူအလိုပါ မဟုတ်ကြောင်း

၁၉၆၆

မောင်အောင်ငြိမ်း၊ ၁။ မောင်ပေါ်၊ ၂။ မောင်ရွှေရနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ထင်ရှားနေသည်။ ဤနေရာတွင် **နိုင်ငံတော်** နှင့် **အေးမောင်** (၁) အမှုတွင် တရားဝန်ကြီးချုပ်၊ ဆာ-အိပ်(ချ်) အဒမ်ဆင်က၊ ဂျူရီလူကြီးများအား ညွှန်ကြားပြောဆိုသောအချက်မှာ၊ စိတ်ဝင်စားဘွယ်ရာဖြစ်သဖြင့်၊ အောက်ပါအတိုင်း ဖော်ပြလိုက်သည်။

> "Such is the case against each of the accused individually. But I must again remind you that it all hangs on the question of Ma Nu's consent. Unless you find that Ma Nu was taken by force and against her consent you should find all of the accused not guilty. I need only further remind you that any reasonable doubt that you may have should be given in favour of the accused."

ထို့ကြောင့်၊ မည်၏ သဘောတူညီချက်မရရှိဘဲ၊ အတင်းအဓမ္မဖျင်းအား အယူခံတရားလိုများက ခါးများဖြင့်ခြိမ်းခြောက်၍ ခေါ်သွားခြင်းမှာ၊ အမှုတွဲတွင်ပေါ်လွင်နေသဖြင့်၊ အယူခံတရားလိုများသည် ပညာရှိအထူးတရားသူကြီး တွေ့ရှိရသည်အတိုင်း မည်ကိုအတင်းအဓမ္မခိုးယူမှုဖြင့် ပြစ်မှုမြောက်သည်ဟု ယူဆရန်ရှိသည်။ အထက်တွင်၊ မြွက်ဟခဲ့သည့်အတိုင်း၊ ဤကဲ့သို့အတင်းအဓမ္မခိုးယူသွားပြီးသည့်နောက်မှ၊ ရောက်ရှိသောရွာများတွင်အိပ်၍၊ မောင်အောင်ငြိမ်းက မည်ကို သားမယားပြုကျင့်ပြီး၊ ပျဉ်းမနားရောက်ရှိသောအခါ၊ တရားသူကြီးရှေ့ဘွင် ထိမ်းမြားမင်္ဂလာ ပြုလုပ်ခြင်းတို့မှာ၊ နောက်ပိုင်းအပြုအမူများဖြစ်သည်။ ထိုနောက်ပိုင်းတွင်၊ မည်၏သဘောဆန္ဒအရ၊ မောင်အောင်ငြိမ်းနှင့် လိုက်ပါလာသည်ဟု ယူဆစေကာမူ၊ မူလကနဦးက မည်ကိုဂျင်း၏သဘောတူညီချက်မရဘဲ၊ အတင်းအမွေခါးပြ၍ ခြိမ်းခြောက်ဆဲခေါ်ခြင်းမှာ၊ ရာဇသတ်ပုဒ်မ ၃၆၆ အရ ပြစ်မှုမြောက်သည်ဟု ယူဆရပေမည်။ နောက်ပိုင်း ဖြစ်ပျက်သောကိစ္စနှင့် ပတ်သက်၍၊ နောက်ပိုင်းကျမှ မည်ကသဘောတူညီရာ ရောက်သည်ဟုယူဆရန် အကြောင်းတို့မှာ၊ အယူခံတရားလိုများကို အပြစ်ပေးရာ၌၊ သက်ညှာစွာစဉ်းစား၍ အပြစ်ပေးရန် အကြောင်းဖြစ်သည့် အားလျော်စွာ၊ ပညာရှိ အထူးတရားသူကြီးကလည်း အယူခံတရားလိုများအပေါ် သက်သက်ညှာညှာနှင့် ပြစ်ဒဏ်ပေးထားသည်ကို တွေ့ရှိရသည်။

အထက်ဖော်ပြပါ အကြောင်းခြင်းရာများနှင့် ယူဆချက်တို့အပြင်၊ ဥပဒေအကိုးအကားများအရ၊ အယူခံတရားလိုအပေါ် ပညာရှိ အထူးတရားသူကြီးက တွေ့ရှိရသောပြစ်မှုနှင့် ချမှတ်သောပြစ်ဒဏ်တို့မှာ၊ မှားယွင်းသည်ဟု၊ ကျနော်မယူဆပေ။ ထို့ကြောင့် ယင်းအမိန့်ကို ဝင်ရောက်စွက်ဖက်ရန်အကြောင်းရှိသည်ဟု မတွေ့ရှိရသဖြင့် အတည်ပြုပြီး၊ အယူခံလွှာများကို ပလပ်လိုက်သည်။

(၁) အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ၃ (၁၉၀၅-၀၆)၊ ၁၃၃ (၁၆)။

နိုင်ငံတော် တရားရုံးချုပ်

တရားမအယူခံမှု

တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီး ဦးသက်ဖေ တို့ရှေ့တွင်

ရမ်နီရန်ဂျာ(လ်)လီတာ (အယူခံတရားလို) †၁၉၆၆

နှင့်

ဒေါ်သန်း (အယူခံတရားခံ)* မတ်လ ၁၆ ရက်။

တရားမကျင့်ထုံးပုဒ်မ ၄၇—ဇာရီမှုကို မူလအမှုကြီးနှင့် တဆက်တည်း သတ်မှတ်ခြင်း—မူလအမှုကြီး တွင်တောင်းခံခဲ့ဆိုသည့်ငွေအရ ဇာရီမှုကို စီရင်ပိုင်ခွင့်ရှိခြင်း—အချင်းဖြစ်မြေသည် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃ (ခ) ၏လယ်ယာမြေအဓိပ္ပါယ်၌ အကျုံးဝင်မဝင်—ဝရမ်းဖမ်းဆီးခြင်းမှာ ပုဒ်မ ၃၇ နှင့်ဆန့်ကျင်နေ မနေ။

ဆုံးဖြတ်ချက်။ ။ဇာရီမှုမှာလည်း မူလအမှုကြီးနှင့် တဆက်တည်းသတ်မှတ်ရမည် ဖြစ်သည်။ ဇာရီမှုပေါက်ဖွားလာသည့် မူလအမှုတွင်၊ တရားလိုက တောင်းခံခဲ့ဆိုသည့်ငွေမှာလည်းငွေ ၆၀,၀၀၀ ကျပ်ဖြစ်နေ၍၊ ဤရုံးမှသာ စီရင်ခွင့်ရှိပြီး၊ ရည်ညွှန်းသည့် တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၃ အရ၊ ရန်ကုန်မြို့၊ တရားမရုံး စီရင်ပိုင်ခွင့်ထက် ကျော်လွန်နေသောကြောင့်ဖြစ်သည်။ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၃ တွင် ဆက်လက်ဆောင်ရွက်ဆဲ အမှုများကိုပါ ရည်ညွှန်းသည်တကြောင်း၊ ဥပဒေအရ ဇာရီမှုကို ဆောင်ရွက်ရန်ရုံးမှာ မူလအမှုကြီးကို ကြားနာခဲ့သည့်ရုံးမှသာ ဆောင်ရွက်ခွင့်ရှိရကား၊ ဇာရီမှုကို သီးခြား၍ ရန်ကုန်မြို့၊တရားမရုံးကသာ ဆောင်ရွက်ခွင့်ရှိပါသည်ဆိုသည့် **အဆို** ပြုချက်ကို လက်မခံနိုင်။

ထပ်မံဆုံးဖြတ်ချက်။ ။လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဥပဒေပုဒ်မ ၃ (ခ) တွင် ပြဆိုထားသည့် လယ်ယာမြေ၏အဓိပ္ပါယ် ဖွင့်ဆိုချက်တွင် အချင်းဖြစ်မြေ အကျုံးဝင်ကြောင်း ပြဆိုနိုင်ခြင်း မရှိသည့်ပြင်၊ ၎င်းအပိုဒ်နောက်ဆုံးစာကြောင်းတွင် အချင်းဖြစ်မြေကဲ့သို့ အလားတူမြေမျိုးများနှင့် ပတ်သက်၍ "သို့ရာတွင် မြို့ရွာအတွင်းတည်ရှိသော လူနေအိမ်ယာအဖြစ် လက်ရှိထားသည့်မြေ မပါဝင်ချေ"ဟု ပြဆိုထားသဖြင့်၊ အချင်းဖြစ်မြေကို ဝရမ်းဖမ်းဆီးခြင်းမှာ ပုဒ်မ ၃၇ နှင့်ဆန့်ကျင် နေကြောင်း မည်သို့မှ ယူဆရန်မဖြစ်။

ဆရက်အလီပါ ၁ နှင့် ကာဆင်မိုဟာမက်ရှူဂါတီ၊ ၁၉၄၉ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ စာမျက်နှာ ၁၂၅ (တရားလွှတ်တော်ချုပ်) ကိုရည်ညွှန်းသည်။

---

* ၁၉၆၅ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၃၁။

† ၁၉၆၅ ခုနှစ်၊ ဇာရီမှုအမှတ် ၅ တွင်၊ ရန်ကုန်မြို့၊ တရားရုံးချုပ်၊ မူလဘက်ဌာနရုံးတော်၏ ချမှတ်သော ၁၉၆၅ ခုနှစ်၊ဇူလိုင်လ ၂၀ နေ့စွဲပါအမိန့်ကို အယူခံမှု။

အယူခံတရားလိုအတွက်။ ။ ဦးဝမ်ဟုတ်။

အယူခံတရားခံအတွက်။ ။မစ္စတာ အိပ်(ခ်)၊ အမ်၊ ဖစ်ရား။

တရားသူကြီး ဦးထွန်းတင်။ ။ ယခုအယူခံမူမှာ၊ တရားမကျင့်ထုံးပုဒ်မ ၄၇ အရ၊ ဤရုံးမူလဘက်ဆိုင်ရာ တရားမကြီးမှုအမှတ် ၁၁/၅၉မှ ပေါက်ဖွားသည့် ဇာရီမူအမှတ် ၅/၆၅ တွင်၊ ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့က ချမှတ်ခဲ့သည့်အမိန့်ကို မကျေနပ်၍ တင်သွင်းသည့် အယူခံမူဖြစ်သည်။

မူလ တရားမကြီးမှုအမှတ် ၁၁/၅၉ တွင်၊ အယူခံတရားခံဖြစ်သူ တရားလိုက၊ တရားခံဖြစ်သူ အယူခံတရားလိုထံမှ လျော်ကြေးငွေ ၆၀၀၀၀ ကျပ်ရရှိရန် တရားစွဲဆိုသည်တွင်၊ ငွေ ၃၃ ၀၀၀ ကျပ်အတွက်သာ ဒီကရီချမှတ်ပေးလိုက်လေသည်။ သို့သော်၊ အယူခံမူအမှတ် ၆၂/၆၁ တွင်ငွေပေါင်း ၄၂ ၉၀၀ ကျပ်ကို စရိတ်နှင့် တကွ အယူခံတရားလိုက ပေးဆပ်စေရန် ၁၉၆၂ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့က ပြင်ဆင်လိုက်သည့် ဒီကရီကို ရရှိခဲ့လေသည်။ ထိုဒီကရီငွေကိုရနိုင်ရန်၊ တရားနိုင်ဖြစ် သူအယူခံတရားခံက၊ ယခင်ကနှစ်ကြိမ်တိုင်တိုင် ဇာရီမူအမှတ် ၂၃/၆၁ အရငင်း၊ ဇာရီမူအမှတ် ၁၁/၆၃ အရငင်း၊ ဖွင့်၍ တောင်းခံခဲ့သော်လည်း၊ ရရှိခြင်းမရှိသဖြင့်၊ တရားနိုင်က ၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်၊ တရားရုံး အယူခံ တရားလိုပိုင်၊ သက်နိုးကျွန်းမြို့ မြို့မရပ်ကွက်အမှတ် ၃၃ ခြံမြေကို၊ ဝရမ်းဖမ်းဆီးရောင်း ချရန်၊ ဇာရီအမှုအမှတ် ၅/၆၅ တွင် လျှောက်ထားသည် တွင်၊ ရုံးမှခြံမြေကို ဝရမ်းကပ်ခဲ့လေရာ၊ ၁၉၆၅ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် တရားရုံးဖြစ်သူ အယူခံတရားလိုက၊ ဤရုံးမှ ဇာရီမူကို ဆက်လက်ဆောင်ရွက်ရန် အခွင့်အာဏာမရှိတော့သဖြင့်၊ ဇာရီလွှာကို ဆောင်ရွက်ခွင့်ရှိသည့်၊ ရန်ကုန်မြို့ တရားမရုံးတွင် တင်သွင်းစေရန်၊ တရားနိုင်ဖြစ်သူ အယူခံတရားခံသို့ ပြန်ပေးစေရန်နှင့် ဝရမ်းဖမ်းဆီး ထားသည့် ခြံ မြေမှာလည်း၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး ဥပဒေအရ၊ လယ်ယာမြေအဖြစ်သို့ အကျုံးဝင်နေသဖြင့်၊ ပုဒ်မ ၃၇ အရ ဝရမ်း ဖမ်းဆီးခြင်းမပြုနိုင်ပါဟု ကန့်ကွက်လေသည်။

သို့သော်၊ မူလဘက်ဆိုင်ရာ ပညာရှိ တရားသူကြီးက၊ ယခုဇာရီမူမှာ မူလ အမှုကြီးတွင်၊ ငွေ ၆၀ ၀၀၀ ကျပ်အတွက် တရားစွဲဆိုခဲ့ခြင်းဖြစ်သဖြင့်၊ အယူခံတရားခံ အခြေခံ အခြေပြုသည့်၊ ၁၉၆၂ ခုနှစ်၊ တော်လှန်ရေး ကောင်စီ၏ ဥပဒေ အမှတ် ၁၃ တွင် အကျုံးမဝင်၊ ဝရမ်းဖမ်းဆီးထားသည့် သက်နိုးကျွန်းမြို့ရှိ ခြံမြေမှာလည်း လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးဥပဒေပုဒ်မ ၃(ခ) တွင် ပြဆိုထားသည့် **အတိုင်း၊ လယ်ယာမြေ** အမျိုးအစားတွင် မပါဝင်၊ ကင်းလွတ်သော မြေမျိုး ဖြစ်သဖြင့်၊ **ဝရမ်း ဖမ်းဆီး** ခွင့်ရှိ

သည်ဟု ဆုံးဖြတ်ပြီး၊ အယူခံတရားလို၏ ကန့်ကွက်လွှာကို ပလပ်လိုက်သဖြင့်၊ ယခု အယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

ယခုအမှုတွင် အယူခံတရားလို၏ ပညာရှိ ရွှေနေကြီးက၊ မူလအမှုတွင် အယူခံ တရားခံက၊ ငွေ ၆၀,၀၀၀ ကျပ်ရရှိရန် တရားစွဲဆိုခဲ့သဖြင့်၊ ဤချုပ်မူလဘက်ဆိုင်ရာမှ စီရင်ခွင့်အာဏာရှိသော်လည်း၊ အယူခံမှုအမှတ် ၆၂/၆၁ တွင်၊ ငွေပေါင်း ၄၂,၉၀၀ ကျပ် ကိုသာ၊ ၁၉၆၂ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့က ဒီကရီချမှတ်ပေးခဲ့သဖြင့်၊ ၁၉၆၂ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့ထုတ် တော်လှန်ရေးကောင်စီ၏ ဥပဒေအမှတ် ၁၃ ပါ ပြဋ္ဌာန်း ချက်သည်၊ ယခုအမှုကို အကျုံးဝင်နေသဖြင့်၊ ဇာရီပြုလုပ်သည့်ငွေမှာလည်း ၅၀,၀၀၀ ကျပ်ထက်လျော့နည်းနေရကား၊ ထိုဥပဒေအရ ဇာရီမှုကို၊ ရန်ကုန်မြို့၊ တရားမရုံးတွင် သာ တင်သွင်းပြီး ဆက်လက်ဆောင်ရွက်ခွင့်ရှိကြောင်းကို၊ **ဆရက်အလီ ပါ ၁** နှင့် **ကာဆင်မိုဟာမက်ရှူဂါတီ** (၁) စီရင်ထုံးတွင် ပြဆိုထားသည့်အတိုင်း၊ ဇာရီလွှာကို ရန်ကုန်မြို့၊ တရားမရုံးတွင် ဆောင်ရွက်ရန် လွှဲပြောင်းပေးသင့်ပါသည်ဟု ပြဆိုလေ သည်။

သို့သော်၊ ထိုပြဆိုချက်ကို ကျွန်ုပ်တို့ လက်ခံနိုင်ရန် ခဲယဉ်းပေသည်။ အဘယ်ကြောင့် ဆိုသော်၊ ယခုအမှုမှာ ရည်ညွှန်းသည့် စီရင်ထုံးတွင် ပြဆိုထားသည့်အတိုင်း၊ မပြီးဆုံး သေးသည့်အမှုမဟုတ်သည့်ပြင်၊ ဇာရီမှုမှာလည်း မူလအမှုကြီးနှင့် တဆက်တည်း သတ်မှတ်ရမည်ဖြစ်ကြောင်းကို၊ အယူခံတရားလို၏ ပညာရှိ ရွှေနေကြီးက မငြင်းဆိုနိုင် သဖြင့်၊ ယခုဇာရီမှု ပေါက်ဖွါးလာသည့် မူလအမှုတွင်၊ တရားလိုက တောင်းခံစွဲဆိုသည့် ငွေမှာလည်း၊ ငွေ ၆၀,၀၀၀ ကျပ်ဖြစ်နေသဖြင့်၊ ဤချုပ်မှသာစီရင်ခွင့်ရှိပြီး၊ ရည်ညွှန်းသည့် တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၃ အရ၊ ရန်ကုန်မြို့၊ တရားမရုံးစီရင်ပိုင်ခွင့်ထက် ကျော်လွန်နေသောကြောင့် ဖြစ်ပေသည်။

တဖန်၊ အယူခံတရားလို၏ ပညာရှိရွှေနေကြီးက၊ ယခုဇာရီမှုကို ဖွင့်သောအခါက မူလတရားမကြီးမှုနှင့် ဆက်စပ်သည့် အယူခံမှုမှာ၊ ပြီးဆုံးနေပြီဖြစ်၍၊ တော်လှန်ရေး ကောင်စီ ဥပဒေအမှတ် ၁၃ ကို ထုတ်ပြန်သောအခါ၊ ထိုအမှုမှာလည်း စစ်ဆေးဆဲအမှု မဟုတ်တော့သဖြင့်၊ ယခုဇာရီမှုတွင် အကျုံးဝင်သည့်ငွေမှာလည်း ၅၀,၀၀၀ ကျပ်ထက် လျော့နည်းနေသဖြင့်၊ ရန်ကုန်မြို့၊ တရားမရုံးတွင်သာ ဆက်လက်ဆောင်ရွက်သည့် အခွင့်အရေးရှိပါသည်ဟု ဆိုလိုသည်။

သို့ရာတွင်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၃ တွင်၊ ဆက်လက်ဆောင်ရွက် ဆဲအမှုမျှားကိုပါ ရည်ညွှန်းသည်တကြောင်း၊ ဥပဒေအရ ဇာရီမှုကို ဆောင်ရွက်ရန်

(၁) ၁၉၄၉ ခု၊ မြန်မာပြည်စီရင်ထုံးများ၊ စာမျက်နှာ ၁၂၅ (တရားလွှတ်တော်ချုပ်)။

၁၉၆၆

ရမ်နီရန်ဂျာလ်လီတာနှင့် ဒေါ်သန်း။

ရုံးမှာ၊ မူလအမှုကြီးကို ကြားနာခဲ့သည့်ရုံးမှာသာ ဆောင်ရွက်ခွင့်ရှိရကား၊ ယခု ဇာခိမ်္ဘကို သီးခြား၍ ရန်ကုန်မြို့၊ တရားမရုံးကသာ ဆောင်ရွက်ခွင့်ရှိပါသည်ဆိုသည့် အဆိုပြုချက်ကို လက်ခံနိုင်ရန် မဖြစ်ပေ။

ထိုမှတဆင့်၊ ဝရမ်းဘမ်းဆီးထားသည့် ခြံမြေမှာ၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေပုဒ်မ ၃၇ နှင့် ဆန့်ကျင်နေသဖြင့်၊ ဘမ်းဆီးခွင့် မရှိပါဆိုသည့် ဒုဘိယပြဆိုချက်နှင့် ပတ်သက်၍မူ၊ အယူခံတရားလို၏ ပညာရှိရွေးနေကြီးက၊ ထိုဥပဒေပုဒ်မ ၃ (ခ) တွင် ပြဆိုထားသည့် လယ်ယာမြေ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်တွင်၊ အချင်းဖြစ်မြေ အကျုံးဝင်ကြောင်း ပြဆိုနိုင်ခြင်းမရှိသည့်ပြင်၊ ၎င်းအပိုဒ်နောက်ဆုံးစာကြောင်းတွင် ယခု အချင်းဖြစ်မြေကဲ့သို့ အလားတူမြေမျိုးများနှင့် ပတ်သက်၍၊ "သို့ရာတွင်၊ မြို့နယ်အတွင်း တည်ရှိသော လူနေအိမ်ရာအဖြစ် လက်ရှိထားသည့်မြေ မပါဝင်ချေ" ဟု ပြဆိုထားသဖြင့်၊ အချင်းဖြစ်မြေကို ဝရမ်းဘမ်းဆီးခြင်းမှာ၊ ပုဒ်မ ၃၇ နှင့် ဆန့်ကျင်နေကြောင်း၊ မည်သို့မျှယူဆရန်မဖြစ်တော့ပေ။ ထို့အတွက်ကြောင့်ပင်၊ ၎င်းအချက်နှင့် ပတ်သက်၍၊ အယူခံတရားလို၏ ပညာရှိရွေးနေကြီးကလည်း၊ ယခုအယူခံမှုဥ ထပ်မံ၍ လေးနက်စွာ စောဒနာခြင်း မပြုတော့ပေ။

ဖော်ပြပါ အကြောင်းများကြောင့်၊ ယခုအယူခံမှုကို ခွင့်ပြုလက်ခံသင့်ကြောင်း ကျွန်ုပ်တို့ မည်သို့မျှ မတွေ့ရှိရသဖြင့်၊ အယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ပညာရှိရွေးနေကြီးစရိတ်အဖြစ် ရွှေဂင်း ၅ ပြား သတ်မှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမပြင်ဆင်မှု

တရားသူကြီး ဦးထွန်းတင်ဌေတို့၏

အင်ပတ်ကာမိုဟာမက် (လျှောက်ထားသူ)

နှင့်

လူဝင်မှုကြီးကြပ်ရေးဝန် (လျှောက်ထားခံရသူ) *

† ၁၉၆၆ မဆလ ၁၉ ရက်။

ထဇက်သတ် ဒီကရီကို ပယ်ဖျက်ရန် လျှောက်ထားခြင်း—တဇက်သတ် ဒီကရီကို ပယ်ဖျက်ခြင်း—တရားမျှတခြင်း ကင်းမဲ့၍ များစွာနစ်နာရန်အကြောင်းရှိ မရှိ။

ဆုံးဖြတ်ချက်။ ။တဇက်သတ် ဒီကရီကို ပယ်ဖျက်လိုက်ခဲ့နှင့် လျှောက်ထားသူအဘို့ တရားမျှတခြင်း ကင်းမဲ့၍ များစွာနစ်နာရန်အကြောင်းရှိသည်ဟု မည်သို့မျှ မတွေ့ရှိရသည်ဖြင့်၊ လျှောက်ထားသူ ကုန်ကျသည့် ရွေနေစရိတ်အတွက်ကိုလည်း လျှောက်ထားခံရသူက ကျခံရမည်ဟု ခဲ့မှအမိန့်ချမှတ်ပေးခဲ့ပြီး ဖြစ်သဖြင့်၊ အောက်ခံခဲ့မှု ချမှတ်ခဲ့သည့်အမိန့်တွင် ဤခံခဲ့မှု ဝင်ရောက်စွက်ဖက်ရန် သင့်သည့်အကြောင်းခြင်းရာများ ရှိသည်ဟု မဆိုနိုင်။

ဦးခင်နှင့် မြန်မာ့တံခွန်ကုမ္ပဏီပါ-၁၊ ၁၉၅၁ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ ၁၃၄။

အီး၊အက်(စ်)ကိုဟင်းနှင့် ဗွီ၊အီး၊အာ(ရ်)၊အမ်၊အေ၊အာ(ရ်)၊ချစ်တီးယားဖမ်း၊ ၁၉၅၀ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ၊ ၁၀၀ ကိုရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။ဦးကျော်ထွန်း။

လျှောက်ထားခံရသူအတွက်။ ။မစွတာ အက်(စ်)၊ ကေ၊ ဂို(ရှ်)။

တရားသူကြီး ဦးထွန်းတင်။ ။ယခုပြင်ဆင်မှု အလွှာမှာ ရန်ကုန်မြို့၊ တရားမရုံး၊ တရားမကြီးမှုအမှတ် ၉၇ တွင်၊ ၁၉၆၅ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့ကချမှတ်သည့် တဘက်သတ်ဒီကရီကို ပယ်ဖျက်ပေးပါရန် လျှောက်ထား ခံရသူက လျှောက်ထားသည့် အတိုင်း ၁၉၆၅ ခုနှစ်တဘ်ဘလ ၂၉ ရက်နေ့စွဲပါ အမိန့်အရ၊ ခွင့်ပြုရှိ ပယ်ဖျက်ပေးလိုက်သည်ကိုမကျေနပ်သဖြင့် လျှောက်ထားသူက တင်သွင်းသည့် အလွှာဖြစ်သည်။

ထိုတရားမကြီးမှုအမှတ် ၉၇/၆၅ မှာ၊ လျှောက်ထားသူက လျှောက်ထား ခံရသူ လူဝင်မှု ကြီးကြပ်ရေးဝန်အပေါ် မိမိမှာ တိုင်းရင်းသား ဖြစ်ကြောင်း မြွက်ဟ၍ ပေးရန်

---

* ၁၉၆၅ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၅၀။

† ၁၉၆၅ ခုနှစ်၊ တရားမကြီးမှု အမှတ် ၉၇ တွင်၊ ရန်ကုန်မြို့တော် တရားမရုံး၊ ဒုတိယတရားသူကြီး ရုံးတော်၏ ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

၁၉၆၆

အင်ပတ်ကာမိုဟာမက် နှင့် လူဝင်မှုကြီးကြပ်ရေးဝန်။

သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ စွဲဆိုသည့် အမှုဖြစ်သည်၊ အမှုတွင် လျှောက်ထားခံရသူ အပေါ်သို့ ချအပ်သည့် သမ္မာန်စာမှာ လျှောက်ထားခံရသူ၏ ဌာနရုံးသို့ ၁၉၆၅ ခု၊ မတ်လ ၁ ရက်နေ့က ပေးအပ်ခဲ့သော်လည်း အမှုချိန်းသည့် ၁၉၆၅ ခု၊ **မတ်လ** ၃ ရက်နေ့တွင် ရုံးသို့ လျှောက်ထားခံရသူဘက်မှ မည်သူမျှ လာရောက်ခြင်း မရှိသဖြင့် အမှုကို တဘက်သတ်ကြားနာပြီး ၁၉၆၅ ခု၊မတ်လ ၁၂ ရက်နေ့က ဒီကရီ ချမှတ်ပေးလိုက်ခြင်းဖြစ်သည်။

လျှောက်ထား ခံရသူက ၁၉၆၅ ခု၊ပြီလ ၃ ရက်နေ့တွင် ထိုတဘက်သတ် ဒီကရီကို ပယ်ဖျက်ပေးရန် လျှောက်ထားရာ၌၊ ကျမ်းကျိန်ပြဆိုသည်မှာ အမှုတွင် ချအပ်ခဲ့သည့် သမ္မာန်စာနှင့်ပတ်သက်၍ ယခင်အထက်ထက်က ရာဇဝတ်ရုံးတွင်သာ အမှုမျှားဆိုင်ခဲ့ရသည့်အတိုင်း ထိုသမ္မာန်စာမှာလည်း ရာဇဝတ်ရုံးမှပင် ဖြစ်မည်ဟု ယူဆပြီး သက်သေခံရန်အတွက် နောက်ထပ်သမ္မာန်စာရမှ သွားမည်ဟု စောင့်ဆိုင်းနေရာမှ ၁၉၆၅ ခု၊မတ်လ ၅ ရက်နေ့တွင် ရာဇဝတ်ရုံးသို့ သွားရောက်စုံစမ်းသည်တွင် ၎င်းအမှုမှာ ထိုရုံးမှမဟုတ် တရားမရုံးမှဖြစ်ကြောင်း ထို့အချိန်ကျမှသိရသဖြင့် ဆက်လက်မေးမြန်းနေရာ ရုံးအမှုန်ကို ၁၉၆၅ ခု၊မတ်လ ၁၂ ရက်နေ့ညနေမှ သိရပြီး၊ အမှုတွင်တဘက်သတ် ဒီကရီ ချမှတ်ထားပြီးကြောင်းတွေ့ရှိရသည်။ မိမိမှာ ယခင်က တရားမမှုမျှားကို မလေ့လာ မဆောင်ရွက်ဘူးသဖြင့် သဘောရိုးနှင့် မှားယွင်း ခဲ့ခြင်းသာဖြစ်ပြီး တမင်သက်သက် ပေါ့လျော့ခြင်း မဟုတ်သဖြင့် ခွင့်ပြုရန် လျှောက်ထားလေသည်။

လျှောက်ထားသူကမူ၊ ချအပ်သည့် သမ္မာန်စာတွင် ရုံးအမည် ပါဝင်နေသဖြင့် လျှောက်ထားခံရသူ၏ ပြဆိုချက်မှာ ယုတ္တိမတန်၊ သမ္မာန်စာကို ရွေးနေချုပ်ထံသို့ပေးပို့ပါက ရွှေ့ဆောင်ရန်များ ပြည့်စုံနိုင်သဖြင့် လျှောက်ထား ခံရသူ တောင်းဆိုသည့် အတိုင်း အမှုတွင် ချမှတ်ထားသည့် တဘက်သတ်ဒီကရီကို ပယ်ဖျက်ရန်အကြောင်း လုံလောက်ခြင်း မရှိပါဟု ကန့်ကွက်လေသည်။

သို့ရာတွင် အောက်ရုံးပညာရှိ တရားသူကြီးက လျှောက်ထားခံရသူ၏ ပြဆိုချက်မျှားမှာ လုံလောက်သည်ဟု ယူဆ၍၊ **ဦးငွေနှင့် မြန်မာ့တံခွန် ကုမ္ပဏီပါ-၁** (၁)စီရင်ထုံးပါ ပြဆိုချက်မျှားအရ၊ အမှုကို တရားမျှတစွာ ဆက်လက်ကြားနာနိုင်ရန် လျှောက်ထားခံရသူ၏အလှာကို ခွင့်ပြုရာတွင် လျှောက်ထားခံရသူက လျှောက်ထားသူသို့ စရိတ် ၁၇ ကျပ် ပေးစေရမည်ဟု အမိန့်ချမှတ်လိုက်သည်။

ယခုပြင်ဆင်မှု အာသာတွင်လည်း၊ လျှောက်ထားသူက အောက်ရုံးတွင် တင်သွင်းသည့် အလားတူ ကန့်ကွက်ချက်မျှားအရပင် လျှောက်ထားခဲ့ရာ ဦးစွာဖော်ပြလိုသည်

(၁) ၁၉၅၁ ခု၊ မြန်မာပြည်စီရင်ထုံးမျှား၊ ၁၃၄။

မှာ လျှောက်ထားခံရသူ လူဝင်မှု ကြီးကြပ်ရေးဝန် ဌာနမှအရာရှိသည်၊ မှုခင်းကိစ္စများ နှင့်ပတ်သက်၍၊ နိုင်ငံတော် ရှေနေချုပ် ဌာနနှင့် တိုက်ရိုက်ဆက်သွယ်ခွင့်မရှိ၊ မိမိဌာန ဆိုင်ရာ အကြီးအကဲမှတဆင့် တရားရေး ဌာနသို့ မေတ္တာရပ်ခံ၍သာ နိုင်ငံတော် ရှေနေချုပ်၏ အကူအညီကို ရယူနိုင်ပါသည်ဟု အစိုးရအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိ ရှေနေကြီး၏ ပြဆိုချက်ကို လျှောက်ထားသူက မည်သို့မျှ မငြင်းဆိုနိုင်သဖြင့် လျှောက်ထားသူ၏ အဓိက ကန့်ကွက်ချက်မှာ မှန်ကန်၍သက်ခံသင့်သည်ဟု မဆိုနိုင်ပေ။ သို့ဖြစ်ရကား၊ အမှုတွင်ဒီကခိုချမှတ်ပေးခဲ့သည့်ဘရားသူကြီးကပင်လျှောက်ထားခံရသူ၏ ပြဆိုချက်များမှာ အမှုအကြောင်းခြင်းရာများအရ ချမှတ်ခဲ့သည့် တဘက်သတ် ဒီကရီကို ပယ်ဖျက်ပေးရန် လုံလောက်သည်ဟု ယူဆဆုံးဖြတ်ခဲ့ခြင်းမှာ လျော်ကန်သင့်မြတ်ခြင်း မရှိပါဟုဓဆိုနိုင်ပေ။

မည်သို့ပင်ဖြစ်စေ၊ ယခုကဲ့သို့ အလားတူဖြစ်သည့် အလှာမျိုးကို ယခင်တရားလှတ်တော်မှ **အီး၊ အက်(စ်) ကိုဟင်းနှင့် ဗွီ၊ အီး၊ အာ(ရ်)၊ အမ်၊ အေ၊ အာ(ရ်) ချစ်တီးယားစမ်း** (၂) စီရင်ထုံးတွင် အောက်ပါအတိုင်း ထုံးဖွဲ့ခဲ့လေသည်။

> **" That where an application under Order IX, Rule 13 of the Code of Civil Procedure for setting aside an *ex parte* decree was granted by the Trial Court a revision lies to the High Court.**
>
> **The High Court will not interfere in revision against an Interlocutory order unless some grave injustice or hardship would result on failure to do so.**
>
> **It is difficult to see how grave injustice or real hardship could be said to be sustained by the plaintiff if an *ex parte* decree in his favour is set aside and he is compensated in costs therefor."**

အမှုတွင်လည်း တဘက်သတ် ဒီကရီကို ပယ်ဖျက်လိုက်ရုံနှင့် လျှောက်ထားသူအဘို့ တရားမျှတခြင်း ကင်းမဲ့၍ များစွာနစ်နာရန် အကြောင်း ရှိသည်ဟု မည်သို့မျှ မတွေ့ ရှိရသည့်ပြင် လျှောက်ထားသူ ကုန်ကျသည့် ရှေနေစရိတ်အတွက် ကိုသည်း လျှောက်ထားခံရသူက ကျခံရမည်ဟု ရုံးမှ အမိန့်ချမှတ်ပေးခဲ့ပြီး ဖြစ်သဖြင့် အောက်ရုံးမှ ချမှတ်ခဲ့သည့် အမိန့်ဘွင် ဤရုံးမှ ဝင်ရောက်စွက်ဖက်ရန် သင့်သည့် အကြောင်းခြင်းရာများ ရှိသည်ဟု မဆိုနိုင်၍ လျှောက်လွှာကို ပလပ်ရမည်သာ ဖြစ်သည်။

ဖော်ပြပါ အကြောင်းများကြောင့် ဤပြင်ဆင်မှု အလှာကို စရိတ်မရှိ ပလပ်လိုက်သည်။

(၂) ၁၉၅၀ စု၊ မြန်မာပြည်စီရင်ထုံးများ၊ ၁၀၀။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

† ၁၉၆၆

ပြေလ
၇ ရက်။

အောင်သိန်း (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ပုဒ်မ ၃၀၂ (၂)/၃၂၆ အရ၊ မူပြစ်ထင်ရှားစီရင်ခြင်း—မိမိက သေစေရန် မရည်ရွယ်သော သူအား သေခြင်းကို ဖြစ်စေခြင်း—မိမိက ကြဲရွယ်သူကို သေစေသော ပြစ်မှုနှင့် ထပ်တူ ဖြစ်မဖြစ်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုက ၎င်းသည် တူမဖြစ်သူ မကြည်ကြည်အား သေစေရန် ရည်ရွယ်ပြီး ဓါးနှင့် ခုတ်ခဲ့ခြင်း မဟုတ်သဖြင့်၊ ၎င်းအပေါ် ရာဇသတ် ပုဒ်မ ၃၀၂ (၂) အစား၊ ၃၀၄ (က) အရသာ အပြစ်ပေးသင့်ကြောင်း၊ ၎င်း၏ အယူခံလွှာ၌ ဖေါ်ပြထားသည်။ ရာဇသတ် ပုဒ်မ ၃၀၁ အရ တရားခံ တဦး၏ ပြုမူချက်သည် မိမိက သေစေရန် မရည်ရွယ်သော သူအား သေခြင်းကို ဖြစ်စေလျှင်၊ ထိုပြုမူချက်သည် မိမိက ကြဲရွယ်သူကို သေစေသော ပြစ်မှုနှင့် မခြား ထပ်တူ ဖြစ်သည်ဟု ပြဋ္ဌာန်းထားသဖြင့် အယူခံ တရားလိုသည် မကြည်ကြည်အား သေစေရန် မရည်ရွယ်သော်လည်း ၎င်း၏ ပြုမူချက်ကြောင့် မကြည်ကြည်အား သေဆုံးခဲ့ရခြင်း ဖြစ်ရာ ကြဲရွယ်သူကို သေစေသည့် ပြစ်မှုနှင့် မခြား ထပ်တူပင် ဖြစ်သည်ဟု ယူဆရမည် ဖြစ်သည်။

ချစ်လှိုင်၊ ထွန်းဝိုင်း နှင့် မြန်မာနိုင်ငံ၊ ၁၉၅၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်)၊ စာမျက်နှာ ၅၀၂ ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။(အစိုးရရွှေနေကြီး) ဦးသိန်းဟံ။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလို အပေါ် ရာဇသတ် ပုဒ်မ ၃၀၂ (၂) စွဲချက်အရ အလုပ်နှင့် ထောင်ဒဏ် ၇ နှစ်၊ ပုဒ်မ ၃၂၆ စွဲချက်အရ၊ အလုပ်နှင့် ထောင်ဒဏ် ၄ နှစ် အပြစ်ဒဏ် နှစ်ရပ်စလုံးကို တပေါင်းတည်း ကျခံစေရန် အမိန့် ချမှတ်ခဲ့သည်၊ ရန်ကုန်မြို့၊ အထူး (စက်ရှင်) တရားသူကြီး၏ စီရင် ချက်ကို မကျေနပ်သဖြင့် အယူခံဝင်သော အမှုဖြစ်သည်။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၉၈။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၆၄ တွင် ချမှတ်သော၊ ၁၉၆၅ ခုနှစ်၊ မေလ ၁၈ ရက် နေ့စွဲပါ၊ ထံသာဝတီနှင့် ရန်ကုန်ခရိုင် စက်ရှင် ရာဇဝတ် တရားသူကြီး၏ အမိန့်ကို အယူခံမှု။

အမှုဖြစ်ပွါးပုံ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်မှာ လွန်ခဲ့သည့် ၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့ ည ၇ နာရီ ခွဲ အချိန်ခန့်တွင်၊ မောင်ကျော်သင်း (လိုပြ ၁) သည် မင်္ဂလာဒုံ ပေါက်ကုန်းရွာမှ မိမိနေထိုင်သော သက်နိုးကျွန်းရွာဘက်သို့ လှည်းဖြင့် ထွက်လာသည်။ လှည်းပေါ်၌ အသက် ၃ နှစ် အရွယ်ရှိ ၎င်း၏သမီးမကြည်ကြည် အပြင်၊ မောင်ကျော်အုန်း (လိုပြ ၂) တို့လည်း ပါလာလေသည်။ လှည်းကို မောင်ကျော်သင်းက မောင်း၍၊ သမီး မကြည်ကြည်သည် မောင်ကျော်သင်း၏ ပေါင်ပေါ်၌ အိပ်လျက် လိုက်လာသည်။ ထိုကဲ့သို့ ထွက်လာပြီးနောက်၊ နာရီဝက်ခန့် ကြာသောအခါ၊ သက်နိုးကျွန်း ရွာအနီးရှိ ကုက္ကိုပင်နားသို့ ရောက်သောအခါ၊ လှည်း ရှေ့မှ လူတယောက် လျှောက်လာသည်ကို တွေ့ရသည်။ ထိုသူသည် အနီးသို့ ရောက် သောအခါ၊ လှည်းထမ်းပိုးတုံးကိုဓါးနှင့်တချက် ခုတ်လိုက်သည်။ မောင်ကျော်သင်းက ထိုသူအား အယူခံ တရားလိုမှန်း သိသဖြင့်၊ "ကိုအောင်သိန်းရယ် မလုပ်ပါနှင့် ကလေး အိပ်နေလို့ပါ" ဟုပြောလေသည်။ မောင်ကျော်သင်းနှင့် အယူခံ တရားလိုတို့မှာ သမီးယောက်ဖ အရင်း တော်စပ်ကြသည်။ သို့ရာတွင် အယူခံ တရားလိုသည် လှည်း ထမ်းပိုးတုံးအောက်မှ ငုတ်ငင်လာပြီး မောင်ကျော်သင်းအား ဓါးဖြင့် ခုတ်ရာ၊ မောင်ကျော်သင်း၏ ဦးခေါင်းနှင့် လက်တို့တွင် ထိလေသည်။ ပေါင်ပေါ်၌ အိပ်လျက် လိုက်ပါလာသည့် ကလေးကိုလည်း ထိသွားလေသည်။ ထိုကဲ့သို့ ဓါးနှင့် ခုတ်လိုက် သဖြင့်၊ ကလေးမှာ လှည်းပေါ်က ကျသွား၍၊ မောင်ကျော်သင်းသည် အယူခံ တရား လိုအား ဝင်၍ လုံးလေသည်။ ထိုကဲ့သို့ ဝင်လုံးသော အချိန်ကျမှ အယူခံ တရားလို သည်၊ မိမိရန်မူသော သူမှာ မည်သူ မည်ဝါ ဖြစ်သည်ဟု သိရသည့် အတွက် ဟာ မှားသွားပြီဟု ပြောပြီး၊ လှည်းပေါ်မှ ကျသွားသည့် ကလေးကို သွားရောက်ကြည့် ရှုလေသည်။ ကလေး၏ ဦးခေါင်း၌ ဒဏ်ရာ တချက် တွေ့ရသဖြင့် အနီးရှိ မအေးစိန် (လိုပြ ၃) ၏ အိမ်သို့ သွားရောက်ပြီး ပတ်တီး စီးလေသည်။

ထိုကဲ့သို့ အချင်းဖြစ်ပွါးသဖြင့် လှည်းပေါ်တွင် ပါလာသော မောင်ကျော်အုန်း သည်၊ လှည်းပေါ်မှ ဆင်းပြီး ငါးဦး ကော်မတီဝင် ဦးချစ်ဟန် (လိုပြ ၁၁) ထံသို့ သွားရောက်ကာ၊ မောင်ကျော်သင်းကို အယူခံ တရားလိုက ဓါးနှင့် ခုတ်ကြောင်း တိုင်တန်းလေသည်။ ထိုကဲ့သို့ မောင်ကျော်အုန်းက တိုင်တန်းခြင်းကို၊ ဦးချစ်ဟန် သည်သက်သေခံ အမှတ် (ခ) တိုင်ချက်တွင် ရေးမှတ် ထားခဲ့လေသည်။

ဒဏ်ရာရသွားသည့် မကြည်ကြည်နှင့် မောင်ကျော်သင်းတို့ကို မင်္ဂလာဒုံ စစ်ဆေး ရုံသို့ ပို့လိုက်၍၊ မောင်ကျော်သင်း၏ ဦးခေါင်းမှ ဒဏ်ရာကို ချုပ်ပေးလိုက်ပြီး၊ အင်းစိန် ဆေးရုံသို့ တဖန် ပေးပို့လိုက်လေသည်။ မကြည်ကြည်၏ ဒဏ်ရာမှာ သေးငယ်သော ဒဏ်ရာမဟုတ်သဖြင့် မင်္ဂလာဒုံ ဆေးရုံ၌ပင် အတွင်းလူနာအဖြစ် ကုသရန် ထားခဲ့ရာ

၁၉၆၆

အောင်သိန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ညတွင်းချင်းပင် မကြည်ကြည်သည့် စစ်ဆေးချို့ခြင်း သေဆုံးသွားလေသည်။ မကြည်ကြည်၏ အလောင်းကို ခွဲစိပ်ကြည့်သည့် ဆရာဝန် ဒေါ်သင်းသင်းခိုင် (လိုပြ-၁၄) က၊ ဦးခေါင်းတွင် ဓါးဒဏ်ရာ တချက် တွေ့ရကြောင်း။ ထိုဒဏ်ရာကြောင့် ဦးနှောက်ပြတ်သွားရာ မုတ်ချ သေစေနိုင်သည့် ဒဏ်ရာ တခုဖြစ်ကြောင်း တွေ့ရလေသည်။ မောင်ကျော်သင်းတွင်လည်း လက်ဝဲ လက်မောင်းဘို၊ လက်မောင်းရိုး ကြိုးပြတ်သွားသော ဓါးဒဏ်ရာ တချက် တွေ့ရှိ ခဲ့သေသည်။

အချင်းဖြစ်ပွါးရာ အနီးမှ ဓါးတချောင်းကို တွေ့ရှိ၊ သိမ်းဆည်းခဲ့ရာ၊ ထိုဓါးပေါ်၌ သွေးများကို ဓါတုဗေဒ အရာရှိက စစ်ဆေး ကြည့်ရှုသောအခါ တွေ့ရလေသည်။ ထိုဓါးမှာ အယူခံ တရား ပို၏ ဓါးဖြစ်ကြောင်း၊ မောင်ကြည် (လိုပြ ၈) နှင့် ကိုကျောက် (လိုပြ ၅) တို့ က ထွက်ဆို ထားကြလေသည်။ ထိုနောက် အယူခံ တရားပိုသည် ကိုငြိမ်း (လိုပြ ၄) ၏ ထံ၌ အချင်းဖြစ်ပွါးသည့် ညကပင် လူမှားပြီး၊ အုန်းကြိုင် ထင်မှတ်၍ ခုတ်မိကြောင်း ဝန်ခံခဲ့လေသည်။ အထက်ပါ သက်သေ အထောက် အထားများ အရ၊ အယူခံ တရားပိုအား ဆ၉သတ် ပုဒ်မ ၃၀၂ (၂) အရ တရားစွဲဆိုရာ၊ အယူခံ တရားပိုက မောင်ကျော်သင်းနှင့် သေဆုံးသူ မကြည်ကြည် တို့အား ဓါးနှင့် မခုတ်ရကြောင်း၊ အချင်း ဖြစ်ပွါးသည့် ဆိုသောအချိန်က ၎င်းသည် မောင်ကျောက်၏ အိမ်၌ ရှိနေကြောင်း ထုချေသော်လည်း၊ ပညာရှိ အောက်ရုံး တရားသူကြီးသည်၊ ၎င်း၏ ထုချေချက်ကို လက်မခံဘဲ၊ အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း အပြစ်ပေးခဲ့ခြင်း ဖြစ်သည်။

ဤအမှုတွင် မောင်ကျော်သင်းသည်၊ ရဲဌာနာ၌ တိုင်ချက်ပေးစဉ်က ၎င်းကို မည်သူ မည်ဝါက ဓါးနှင့် ခုတ်သည်ဟု တိုင်ချက်၌ ထည့်သွင်း ဖော်ပြခဲ့ခြင်း မရှိသည်မှာ မှန်၏။ သို့ရာတွင် ၎င်းသည် ရုံး၌ အစစ်ခံစဉ် အချိန်၌ ၎င်းအား ဓါးနှင့် ခုတ်သောသူမှာ အယူခံ တရားပိုပင် ဖြစ်ကြောင်း အတိ အလင်း စွပ်စွဲထား၏။ ရဲဌာနာတွင် တိုင်ကြားစဉ်က အယူခံ တရားပိုအား နာမည် တပ်၍ မတိုင်ကြားခဲ့ခြင်းမှာ၊ ၎င်းတို့သည် သမီးယောက်ဖ အရင်း ဖြစ်နေသည့် အလျောက် ယောက်ဖ ဖြစ်သူအား အကာ အကွယ်ပေးရန် အလို့ငှါ၊ ထိန်ချန်ထားသည်ဟု ယူဆရန် အကြောင်းရှိသည်။ သို့ရာတွင် လှည်းပေါ်၌ ပါလာသည့် မောင်ကျော်အုန်းက အယူခံ တရားပိုအား နာမည်တပ်ပြီး ဦးချစ်ဟန် ထံ၌ တိုင်ကြား ထားပြီးကြောင်း တွေ့ရသဖြင့်၊ ထိန်ပှက်ထားရန် မဖြစ်နိုင်မှန်း ကို သိရှိလာသည့် အလျောက် ရုံးတွင် အမှန်အတိုင်း အစစ်ခံခဲ့သည်ဟု ယူဆရပေမည်။ ထို့ပြင် အယူခံ တရားပိုသည်၊ မောင်ကျော်သင်းကို လူမှားပြီး ဓါးနှင့် ခုတ်မိကြောင်း၊ ကိုငြိမ်းထံ၌ အချင်းဖြစ်ညက ဝန်ခံထားသည်ဆိုသော အချက်လည်း ရှိနေသည်။ ကိုငြိမ်းက ရုံးတွင် ထွက်

ဆိုရာ၌ ထိုကဲ့သို့ ဝန်ခံထားသည် ဆိုခြင်းကို ပဌမ ဖေါ်ပြခြင်း မပြုသဖြင့် ပညာရှိ အစိုးရ ရှေ့နေကြီးက ရဲစက္ကူနှင့် တိုက်ဆိုင်၍ မေးမြန်းသောအခါ အယူခံ တရားလို သည်၊ ၎င်းထံ၌ အချင်းဖြစ်ညက လူမှား၍ ခုတ်မိကြောင်း ဝန်ခံခဲ့သည်ဟု၊ ရဲအရာရှိ ထံတွင် အစစ်ခံခဲ့ကြောင်း၊ ထိုရဲ အရာရှိထံ၌ အစစ်ခံချက်မှာ မှန်ကန်ကြောင်း ဝန်ခံ ထားသောကြောင့်၊ ထိုထွက်ချက်ကို သက်သေခံ အဖြစ် အသုံး ပြုနိုင် သည် ဆိုခြင်းမှာ မဖြင်းနိုင်ပေ။ **ချစ်လှိုင်၊ ထွန်းဝိုင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (၁) အမှုကိုကြည့်ပါ။ ၎င်းပြင်တဝ အချင်းဖြစ်ညက မောင်ကျော်လင်း အား၊ ခါးနှင့်ခုတ်သည့် လက်သည်မှာ အယူခံ တရားလိုပင် ဖြစ်ကြောင်း မောင်ကျော်အုန်း ကလည်း ဆောက်ခံ ထွက်ဆိုထားသည်ဆိုသော အချက်လည်း ရှိနေသေးသည် ကို သတိချပ်ရပေမည်။ ထို့ကြောင့် အယူခံ တရားလို၏ လက်ချက်ဖြင့် မကြည်ကြည် သေဆုံးရပြီး၊ မောင်ကျော်သင်း ဒဏ်ရာ ရရှိခဲ့သည် ဆိုခြင်းမှာ ယုံမှားဘွယ် မရှိ နိုင်တော့ပေ။

အယူခံ တရားလိုက ၎င်းသည် တူမဖြစ်သူ မကြည်ကြည်အား၊ သေစေရန် ရည် ရွယ်ပြီး ခါးနှင့် ခုတ်ခဲ့ခြင်း မဟုတ်သဖြင့်၊ ၎င်းအပေါ် ဆုဇသတ် ပုဒ်မ ၃၀၂ (၂) အစား ၃၀၄ (က) အရသာ အပြစ်ပေးသင့်ကြောင်း၊ ၎င်း၏ အယူခံလွှာ၌ ဖေါ်ပြ ထားသည်။ ဆုဇသတ်ပုဒ်မ ၃၀၁ အရ၊ တရားခံ တဦး၏ ပြုမူချက်သည်၊ မိမိကသေ စေရန် မရည်ရွယ်သော သူအား သေစေခြင်းကို ဖြစ်စေလျှင်၊ ထိုပြုမူချက်သည် မိမိက ကြံရွယ်သူကို သေစေသော ပြစ်မှုနှင့်မခြား ထပ်တူ ဖြစ်သည်ဟု ပြဋ္ဌာန်းထား သဖြင့် အယူခံ တရားလိုသည် မကြည်ကြည်အား သေစေရန် မရည်ရွယ်သော်လည်း ၎င်း၏ ပြုမူချက်ကြောင့်၊ မကြည်ကြည် သေဆုံးခဲ့ရခြင်း ဖြစ်ရာ၊ ကြံရွယ်သူကို သေစေသည် ပြစ်မှုနှင့် မခြား ထပ်တူပင် ဖြစ်သည်ဟု ယူဆရမည် ဖြစ်သည်။

အထက်ပါအကြောင်းများကြောင့်၎င်းအပေါ် ဆုဇသတ်ပုဒ်မ ၃၀၂ (၂) အရ၎င်း၊ ဆုဇသတ်ပုဒ်မ ၃၂၆ အရ၎င်း အပြစ်ရှိသည် ဆိုသော ပညာရှိ အောက်ရုံး တရားသူ ကြီး၏ ကောက်ယူချက်မှာ မှန်ကန်သည်။ ၎င်းအပေါ်တွင် ချမှတ်ခဲ့သည့် အပြစ် ဒဏ်မှာလည်း ကြီးလေးသည်ဟု မဆိုနိုင်။ ဤအယူခံမှုကို ပလပ် လိုက်သည်။ ။

(၁) ၁၉၅၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး စာ ၅၀၂ (တရားလွှတ်တော်)။

နိုင်ငံတော် တရားရုံးချုပ်

တရားမအထွေထွေအယူခံမှု

တရားသူကြီးဦးသက်ဖေခွေတွင်

† ၁၉၆၆ ဦးကိုကိုကြီး (အယူခံတရားလို)

မတ်လ ၂၅ ရက်။ နှင့်

ကာရာဂျမား (အယူခံတရားခံ) *

အလုပ်သမား လျော်ကြေး အက်ဥပဒေ ပုဒ်မ ၂၅—နှစ်ဖက်သောသက်သေများကို ကိုယ်တိုင် စစ်ဆေးခြင်း မပြု—အမှုတွဲ နေ့စဉ် မှတ်တမ်းများကို ရေးမှတ်ခြင်း—သက်သေများကို ချိန်းဆို ခြင်း—ဥပဒေပါပြဋ္ဌာန်းချက်ကိုတိကျစွာလိုက်နာခဲ့ခြင်းမရှိစေကာမူတရားမျှတမှုကိုရရှိစေခြင်း ရှိမရှိ—ဒဏ်ရာ ပြဿနာသည် အကြောင်းခြင်းရာနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက် ဖြစ်မဖြစ်။

ဆုံးဖြတ်ချက်။ ။အလုပ်သမားလျော်ကြေးမင်းကြီးသည် နှစ်ဖက်သော သက်သေများကို ကိုယ်တိုင် စစ်ဆေးခြင်း မပြုသော်လည်း အမှုတွဲမှို နေ့စဉ် မှတ်တမ်းများကိုရေးမှတ်ခြင်း၊ သက်သေများကို ချိန်းဆိုခြင်း၊ အမိန့်ချမှတ်ခြင်း စသည့်ဆောင်ရွက်ချက်များကို ပြုလုပ်ခဲ့၏။ ၎င်း၏ အမိန့်တွင်လည်း သက်သေထွက်ချက်များသာ မက သက်ဆိုင်သည့် ဥပဒေ အချက် အလက်များကိုပါ စေနှင့် သုံးသပ်ထားသည်ကို တွေ့မြင်နိုင်၏။ ၎င်းပြင် အယူခံ တရားလိုသည် အလုပ်သမား လျော်ကြေးမင်းကြီးရှေ့တွင် အမှုဆိုင်စဉ်က ရှေနေဌေးရမ်းပြီး ခုခံခဲ့ရာ ထိုစဉ်က သက်သေများအား စစ်ဆေးခြင်းနှင့် ပတ်သက်၍ မည်သို့မျှ ကန့်ကွက်ခြင်း မရှိသည်ကိုလည်း သတိ ချပ်ရပေမည်။ သို့ဖြစ်ရာ အလုပ်သမားမင်းကြီး အမိန့်သည် သက်သေ စစ်ဆေး စဉ်က ဥပဒေပါ ပြဋ္ဌာန်းချက်ကို တိကျစွာ လိုက်နာခဲ့ခြင်း မရှိစေကာမူ၊ တရားမျှတမှုကို ရရှိစေခဲ့ပြီး ဖြစ်၍၊ ပျက်ပြယ်သော အမိန့် မဟုတ်။

မောင်းခိုင် နှင့် နိုင်ငံတော်၊ အတွဲ ၁၃၊ ရန်ကုန် ၁။

အရွာဘီ နှင့် ပြည်ထောင်စု၊ ၁၉၅၀ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး စာမျက်နှာ ၃၇၄ (တရားလွှတ်တော်)။

ဦးမောင်ကြီး နှင့် ဒေါ်လှကဲ၊ ၁၉၆၃ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၄၁ တို့ကို ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။အလုပ်သမား တဦးတွင် ရရှိခဲ့သော ဒဏ်ရာသည် အလုပ်ချိန် အတွင်း အလုပ်ခွင်၌ ဖြစ်ပေါ်ခဲ့သည့် ဒဏ်ရာ ဟုတ်မဟုတ် ဆိုသော ဆုံးဖြတ်ချက်မှာ အကြောင်းခြင်းရာနှင့် ပတ်သက်သည့်ဆုံးဖြတ်ချက်သာဖြစ်သည်။ ဥပဒေနှင့် ပတ်သက်သော အဆုံးအဖြတ် မဟုတ်ချေ။

ဘီ၊ အို၊ စီ၊ လီမိတက် နှင့် မမွေးရင်၊ အတွဲ ၁၃၊ ရန်ကုန်၊ စာမျက်နှာ ၅၅၃ ကို ရည်ညွှန်းသည်။

---

* ၁၉၆၅ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၁၉။

† ၁၉၆၃ ခုနှစ်၊ရန်ကုန်မြို့၊ တွဲဘက်အလုပ်သမားလျော်ကြေး မင်းကြီးရုံးတော်၏ အမှုအမှတ် အလည လျော်၁ ၂ တွင် ၁၉၆၅ ခုနှစ်၊ ဧပြီလ ၁၁ ရက် နေ့စွဲဖြင့် ချမှတ်သော အမိန့်မှအယူခံမှု။

ဧယူခံတရားလိုအတွက်။ ။ဦးမြင့်စိုး။

အယူခံတရားခံအတွက်။ ။မစ္စတာ တီ၊ပီ၊ဝမ်။

၁၉၆၆ / ဦးကိုကိုကြီး နှင့် ကာရာဂျမား။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလို ဦးကိုကိုကြီးက၊ အယူခံတရားခံ ကာရာဂျမားအား လျော်ကြေးငွေ ကျပ် ၁၂၃၆၀ ပြား ဂဝ ပေးဆောင်ရန် ချမှတ်ခဲ့သည့် ခုနှစ် ကုန်မြို့၊ အလုပ်သမားလျော်ကြေးမင်းကြီး၏ အမိန့်ကို မကျေနပ်သဖြင့် အယူခံဝင်သောအမှုဖြစ်သည်။

အယူခံတရားလိုသည် အောင်သုခ မော်တော်ပိုင်ရှင်ဖြစ်ပြီး၊ အယူခံတရားခံမှာ ထိုမော်တော်၏စူကာနီဖြစ်သည်။ လွန်ခဲ့သည့် ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ ညခန ၃ နာရီခွဲ ၄ နာရီခန့်အချိန်တွင်၊ အောင်သုခမော်တော်သည် လမ်းမတော် ဆိပ်ကမ်းရှိဘောတံတားခွဲ ဆိုက်ကပ်ကာ ကုန်များတင်နေရာ တာဝန်ကျသူ အယူခံတရားခံသည် စက်ခန်းအခြေဘက် သဘော်ဘကြမ်းပြင်ပေါ်၌ ညစ်ပတ်ပေရေနေသည့် စက်ဆီနှင့်ရေများကိုသုတ်စဉ် ချော်လဲသဖြင့်၊ ဒူးဂေါင်းခွံ ဒဏ်ရာရရှိခဲ့ကြောင်း။ ထို ဒဏ်ရာမှာ အလုပ်ချိန်အတွင်း အလုပ်ခွင်မှဖြစ်ပေါ်ခဲ့သည့် ဒဏ်ရာဖြစ်ကြောင်း။ ထို ဒဏ်ရာအတွက် မော်တော်ပိုင်ရှင်ဖြစ်သူ အယူခံတရားလိုထံမှ လျော်ကြေးငွေ ရလိုကြောင်း၊ အလုပ်သမား လျော်ကြေးမင်းကြီးထံတွင် လျှောက်ထားလေသည်။

အယူခံတရားလိုက အယူခံတရားခံတွင် ရရှိခဲ့သောဒဏ်ရာမှာ၊ အလုပ်ချိန်အတွင်း အလုပ်ခွင်၌ ဖြစ်ပေါ်ခဲ့သည့်ဒဏ်ရာမဟုတ်ကြောင်း၊ အယူခံတရားခံသည် မိမိဘာသာ ရရန်ရှိသော ငှက်ပျောသီးဘိုးအကြွေးတောင်းရန် မော်တော်မှဆင်းကာ ကမ်းပေါ်သို့ တက်လာရာ ဆိပ်ခံဘောတံတားပေါ်၌ချော်လဲပြီး ဒဏ်ရာရခဲ့ခြင်းသာဖြစ်ကြောင်း။ ထို့ကြောင့် တောင်းဆိုသည့်လျော်ကြေးငွေကို မပေးထိုက်ကြောင်းဟုထုချေခဲ့၏။

ပညာရှိအလုပ်သမား လျော်ကြေးမင်းကြီးသည် နှစ်ဘက်အမှုသည်များနှင့် သက်သေတို့ကို စစ်ဆေးပြီးနောက်၊ အယူခံတရားခံသည်၊ ဘောတံတားပေါ်၌ ချော်လဲခဲ့ခြင်းမဟုတ်ဘဲ၊ မော်တော်ပေါ်၌ ချော်လဲခဲ့ခြင်းသာဖြစ်ကြောင်း။ ထို့ကဲ့သို့ချော်လဲသဖြင့် ဒဏ်ရာရခဲ့ခြင်းမှာ အလုပ်ချိန်အတွင်း အလုပ်ခွင်၌ဖြစ်ပေါ်ခဲ့သည့် ဒဏ်ရာဖြစ်သည့်အလျောက်၊ အယူခံတရားလိုက အယူခံတရားခံအား လျော်ကြေးငွေပေးရန် တာဝန်ရှိကြောင်း ကောက်ယူကာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အမိန့်ချမှတ်ခြင်းဖြစ်သည်။

A ဤအမှုတွင် အယူခံတရားလိုဘက်မှ အဓိကလျှောက်လဲသွားသည့်အချက်မှာ ပညာရှိအလုပ်သမား လျော်ကြေးမင်းကြီးသည်၊ အလုပ်သမား လျော်ကြေးအက်ဥပဒေ ပုဒ်မ ၂၅ ကို တိကျစွာလိုက်နာခဲ့ခြင်းမရှိသဖြင့်၊ ၎င်းချမှတ်ခဲ့သောအမိန့်မှာ ပျက်ပြယ်

နေ၍၊ ထိုအမိန့်ကိုပယ်ဖျက်ပြီး အလုပ်သမားလျော်ကြေးမင်းကြီးထံသို့ ထိုပုဒ်မနှင့် အညီ အသစ်တဖန်စစ်ဆေးဆုံးဖြတ်ရန် ပြန်လည်ပေးပို့သင့်ကြောင်းပင်ဖြစ်သည်။

အလုပ်သမားလျော်ကြေး အက်ဥပဒေပုဒ်မ ၂၅ မှာ၊ အလုပ်သမားမင်းကြီးသည် ယခုကဲ့သို့ လျော်ကြေးတောင်းဆိုသည့်အမှုများတွင် သက်သေများကိုမည်သို့မည်ပုံ စစ်ဆေးရမည်ဟု ပြဋ္ဌာန်းထားသော ပုဒ်မဖြစ်၏။ ယခုအမှုတွင် ပညာရှိအလုပ်သမား လျော်ကြေးမင်းကြီးသည် သက်သေများအား ကိုယ်တိုင်မစစ်ဆေးဘဲ၊ အလုပ်သမား အဆုရှိ ဦးသာဒင်ဆိုသူအား စစ်ဆေးခိုင်းထားသဖြင့်၊ အလုပ်သမား လျော်ကြေး အက်ဥပဒေပုဒ်မ ၂၅ ပါပြဋ္ဌာန်းချက်နှင့်အညီ၊ တိတိကျကျ ဆောင်ရွက်ထားခြင်း မရှိကြောင်း ပေါ်လွင်နေ၏။ သို့ရာတွင် ၎င်း၏အမှုတွဲပါ နေ့စဉ်မှတ်တမ်းများနှင့် အမိန့်ကို ကိုယ်တိုင်ဆောင်ရွက်ထားသည်ကို ထောက်ရှုလျှင်၊ ၎င်းသည် အမှုစစ်ဆေး ခြင်းနှင့်ပတ်သက်၍ အလုပ်သမားအဆုရှိ ဦးသာဒင်အား လုံးဝလွှဲထားခြင်းမဟုတ်ဘဲ၊ ၎င်းကိုယ်တိုင်လည်း ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ခဲ့ကြောင်း ထင်ရှားသည်။

ဥပဒေပါပြဋ္ဌာန်းချက်တခုခုအားတိကျစွာ မလိုက်နာကာမျှဖြင့်၊ ထိုပြဋ္ဌာန်းချက် အရ၊ ပြုလုပ်ဆောင်ရွက်မှုသည် ပျက်ပြယ်သည်ဟု တယူသန်မဆိုအပ်ပေ။ ပြဋ္ဌာန်း ချက်အား တိကျစွာမလိုက်နာခဲ့စေကာမူ၊ တတ်နိုင်သရွေ့ လိုက်နာခဲ့ပြီး၊ ထိုပြဋ္ဌာန်းချက် အရ၊ ပြုမူဆောင်ရွက်မှုသည် မမျှတမှုမရှိပါက၊ ပျက်ပြယ်သည်ဟုမယူဆသင့်၊ တရား စီရင်ရာတွင် အဓိကအချက်မှာ တရားမျှတမှု ရှိမရှိဆိုခြင်းပင်ဖြစ်သည်။ ထိုကိစ္စနှင့် ပတ်သက် **မောင်ဦးခိုင် နှင့်နိုင်ငံတော်** (၁) အပြင်၊ **အရှာဘီ** နှင့် **ပြည်ထောင်စု** (၂)တို့ အမှုများ၌ ရာဇဝတ်ကျင့်ထုံးပါ မလုပ်မနေရသည့် ပြဋ္ဌာန်းချက်များပင်ဖြစ်လင့်ကစား ထိုပြဋ္ဌာန်းချက်များအတိုင်း၊ မဆောင်ရွက်ကာမျှဖြင့် တရားမျှတမှုမရှိဟု မဆိုနိုင်၍ ပြဋ္ဌာန်းချက်အရ ဆောင်ရွက်မှုသည် ပျက်ပြယ်ခြင်းမရှိဟု စီရင်ထုံးဖွဲ့ထားသည်ကို ရည်ညွှန်းလိုသည်။

ယခုအမှုတွင် အလုပ်သမားလျော်ကြေးမင်းကြီးသည်၊ နှစ်ဘက်သောသက်သေ များကို ကိုယ်တိုင်စစ်ဆေးခြင်းမပြုသော်လည်း အမှုတွဲရှိနေ့စဉ် မှတ်တမ်းများကိုရေး မှတ်ခြင်း၊သက်သေများကိုချိန်းဆိုခြင်း၊အမိန့်ချမှတ်ခြင်းစသည့်ဆောင်ရွက်ချက်များကို ပြုလုပ်ခဲ့၏။ ၎င်း၏အမိန့်တွင်လည်း သက်သေထွက်ချက်များသာမက၊ သက်ဆိုင်သည့် ဥပဒေ အချက်ဒ၊ သက်များကိုပါ ဝေဖန်သုံးသပ်ထားသည်ကို တွေ့မြင်နိုင်၏။ ၎င်းပြင် အယူခံတရားလိုသည် အလုပ်သမားလျော်ကြေးမင်းကြီးရှေ့တွင် အမှုဆိုင်စဉ်က ပညာရှိ ရှေ့နေကြီး ဦးညွှန့်မိန်းကို ငှါးရမ်းပြီး ခုခံခဲ့ရာ၊ ထိုစဉ်ကသက်သေများအား၊ စစ်ဆေး

---

(၁) ၈၀၃ ခုခ၊ ရန်ကုန်၊ ၁။

(၂) ၁၉၅၀ ခုနှစ်၊ မြန်မာပြည်ဓိရင်ထုံး၊ စာ ၃၇၄၊ တရားလွှတ်တော်။

ခြင်းနှင့်ပတ်သက်၍ မည်သို့မျှ ကန့်ကွက်ခဲ့ခြင်းမရှိသည်ကိုလည်း သတိချပ်ရပေမည်။ သို့ဖြစ်ရာ ပညာရှိ အလုပ်သမားမင်းကြီး၏ အမိန့်သည် သက်သေစာဆေးစဉ်က၊ ဥပဒေပါပြဋ္ဌာန်းချက်ကို တိကျစွာလိုက်နာခဲ့ခြင်း မရှိစေကာမူ၊ တရားမျှတမှုကိုရရှိစေခဲ့ပြီးဖြစ်၍ ပျက်ပြယ်သောအမိန့်မဟုတ်ဟု ကျွန်ုပ်ယူဆသည်။ **ဦးမောင်ကြီး** နှင့် **ဒေါ်လှကဲ** (၁) တို့အမှုတွင်လည်း၊ ယခုဘရားသူကြီးချုပ်ဖြစ်နေသည့် ဒေါက်တာ ဦးမောင်မောင်က အလားတူပင် အဆုံးအဖြတ်ပြုထားသည်ကို တွေ့မြင်နိုင်လေသည်။

အလုပ်သမားတဦးတွင် ရရှိခဲ့သောဒဏ်ရာသည်၊ အလုပ်ချိန်အတွင်း အလုပ်ခွင်၌ ဖြစ်ပေါ်ခဲ့သည့် ဒဏ်ရာဟုတ် မဟုတ် ဆိုသောဆုံးဖြတ်ချက်မှာ အကြောင်းခြင်းရာနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်သာဖြစ်သည်။ ဥပဒေနှင့်ပတ်သက်သော အဆုံးအဖြတ်မဟုတ်ခေ။ **ဘီးအိုးစီးလီမိတက်** နှင့် **မမွေးရင်** (၂)၊ အယူခံတရားခံသည် အောင်သုခမော်တော်ပေါ်၌ ချော်လဲကြောင်း၊ မောင်လှမောင်၊ ကိုမောင်ကြီး၊ မောင်ကို၊ မောင်ဟုတ်၊ မောင်လှအောင် နှင့် မောင်လှသောင်းတို့က တညီတညွတ်တည်း ထွက်ဆိုထားကြသည်။ ထိုသက်သေမျှားသည် အယူခံတရားခံနှင့် မည်သို့မျှ ဆွေမျိုးတော်စပ်ခြင်း မရှိကြသည့်အပြင် အယူခံ တရားလိုအပေါ်၊ နစ်နာအောင် ထွက်ဆိုကြရန် အကြောင်းမရှိ၍၊ ၎င်းတို့၏ထွက်ချက်မျှားကို လက်မခံနိုင်စရာ အကြောင်းမရှိ၊ ထို့ပြင် အယူခံတရားခံသည် လုပ်သားကျောမွဲလူတန်းစား တဦးဖြစ်ရာ၊ မတရားသက်သေစယ်ပြီး တင်ပြနိုင်မည့် ပုဂ္ဂိုလ်တယောက်သည်းမဟုတ်၊ အယူခံတရားလိုတင်ပြသည့် မောင်လှ၊ မာမွတ်နှင့် မောင်တင်အောင်တို့မှာ၊ အယူခံတရားလို၏သဘော်ဘင်ပင် လက်ရှိအလုပ်လုပ်နေကြသူများဖြစ်၍၊ မိမိတို့အလုပ်ရှင်ဘက်မှပင်၍ထွက်ဆိုခြင်းမပြုဟုတထစ်ချမဆိုနိုင်။ သခင်ထွန်းကြိုင်မှာ သာကေတတွင်နေသူဖြစ်ရာ၊ လမ်းမတော်ဆိပ်ကမ်း၌ စာဆင်း၍ ထည့်သည်ဆိုခြင်းမှာယုတ္တိကောင်းစွာမရှိပေ။ ထို့ကြောင့် အယူခံတရားခံသည် ဘောတံတားပေါ်၌ ချော်လဲခဲ့ခြင်းမဟုတ်ဘဲ၊ အောင်သုခမော်တော်ပေါ်တွင် ချော်လဲ၍ ဒဏ်ရာရခဲ့ခြင်းဖြစ်သည်ဆိုသော ပညာရှိအလုပ်သမားမင်းကြီး၏ အဆုံးအဖြတ်မှာ မှန်ကန်သည်ဟုယူဆသည်။

အထက်ဖော်ပြပါ အကြောင်းမျှားကြောင့်၊ ဤအယူခံမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေကြီးစရိတ် ၃၄ ကျပ်သတ်မှတ်သည်။

---

(၁) ၁၉၆၃ ခုနှစ်၊ တရားမ အထွေထွေ အယူခံအမှုအမှတ် ၄၁။
(၂) အတွဲ ၁၃၊ ရန်ကုန်၊ စာ ၅၅၃။

နိုင်ငံတော် တရားရုံးချုပ်

တရားမပဋမအယူခံမှု

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

† ၁၉၆၆
မတ်လ ၁၁ ရက်။

ဦးကျော်စိန် ပါ ၂ (အယူခံတရားလိုများ)

နှင့်

ဦးအောင်သိန်း ပါ ၂ (အယူခံတရားခံများ) *

အိမ်ကို လက်ရောက် ပေးအပ်ရန်နှင့် လျော်ကြေးရရန် တရားစွဲဆိုမှု—နေထိုင်ခြင်းမှာ လိုင်စင်စီမျာ အဖြစ် ဖြစ်မဖြစ်—နစ်နာကြေး ပေးရန် တာဝန် ရှိမရှိ။

ဆုံးဖြတ်ချက်။ ။အယူခံ တရားလိုများသည်၊ အချင်းဖြစ် အိမ်တွင် နေထိုင်ခြင်းမှာ အယူခံ တရားခံများ အခွင့်အရ နေထိုင်သူများ (လိုင်စင်စီ) ဖြစ်ပြီး၊ ထိုသို့ နေထိုင်နိုင်ခွင့်ကို အယူခံ တရားခံများက ရုပ်သိမ်းခဲ့ပြီး ဖြစ်ကြောင်း ထင်ရှားနေရကား၊ အယူခံ တရားလိုများသည်၊ အချင်းဖြစ် အိမ်တွင်နေထိုင်ခြင်းအတွက် အိမ်ရှင်အယူခံ တရားခံများသို့ နစ်နာကြေး ပေးရန် တာဝန် ရှိပေသည်။

ဝီလာ နှင့် မာဆာ၊ (1956) Queen's Bench Division Vol. I, 274 at 284... ကို ရည်ညွှန်းသည်။

အယူခံတရားလိုများအတွက်။ ။ဦးကျော် (၁)။

အယူခံတရားခံများအတွက်။ ။ဦးစံသိန်း။

တရားသူကြီး ဦးထွန်းတင်။ ။ယခု အယူခံမှုမှာ ရန်ကုန်မြို့ တရားမရုံး၊ ၁၉၆၂ ခု၊ တရားမကြီးမှုအမှတ် ဂ၆ဂ တွင်၊ တရားလိုဖြစ်သူ အယူခံတရားခံများက တရားခံ ဖြစ်သူ အယူခံတရားလိုများအပေါ် ၎င်းတို့ပိုင် အလုံသိပ်ပံလမ်း၊ အမှတ် ဂ၂ နေအိမ်မှ ဖယ်ရှားရှိ လက်ရောက်ပေးအပ်ရန်နှင့် ထိုအိမ်တွင်နေသည့်အတွက် တလလျှင် ၅၀ နှုန်းနှင့် ၃ နှစ်အတွက် ငွေပေါင်း ၁,၈၀၀ ကိုလျော်ကြေးအဖြစ်ရရန် တရားစွဲဆိုရာ၊ လျော်ကြေးငွေ ၁,၄၄၀ ဆုံးဖြတ်သည်မှအပ အယူခံတရားခံများ စွဲဆိုသည့်အတိုင်း၊ ဒီကရီချမှတ် ပေးလိုက်သည်ကို မကျေနပ်၍၊ အယူခံတရားလိုများက တင်သွင်းခဲ့သည့် အယူခံမှုဖြစ်သည်။

အမှု၏ နောက်ခံကြောင်းရာဇဝင်ကို ပြဆိုရလျှင် တရားလိုဖြစ်သူ အယူခံ တရားခံများက အချင်းဖြစ်အိမ်နှင့်မြေကို အဘိုးငွေ ၇,၄၅၀ နှင့် အယူခံတရားလိုတို့သို့ ရောင်းချ

---

* ၁၉၆၄ ခုနှစ်၊ တရားမ ပဋမ အယူခံမှုအမှတ် ၂၅။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ဂ၆ဂ တွင် ရန်ကုန်မြို့၊ တတိယတရားမ တရားသူကြီး ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

ရန် ၁၉၅၆ ခု၊ ဇန္နဝါရီလ ၄ ရက်နေ့တွင် သဘောတူ စာချုပ်ချုပ်ဆို၍၊ ဝယ်သူ အယူခံ တရားလိုများကစရံငွေအဖြစ် ငွေ ၁,၀၀၀ ကိုထိုနေ့တွင်ပေးပြီး၊ ကျန်ငွေများကို ဇန္နဝါရီလအကုန်တွင်ပေးဆပ်ရန် ဖြစ်လေသည်။ ထိုသို့ရောင်းဝယ်ရန် ကတိစာချုပ်အရ၊ အိမ်ရှင်အယူခံတရားခံများက၊အယူခံတရားလိုများတို့အား ထိုအိမ်တွင် ဝင်ရောက်နေထိုင်ရန်ခွင့်ပြုခဲ့ပေသည်။ အချိန်စေ့ရောက်သောအခါ အယူခံတရားခံများမှာ မြေ၏ပိုင်ရှင်မဟုတ်ခြောင်း တွေ့ရှိရသဖြင့် အယူခံ တရားလိုများက ကျန်ငွေကို ပေးချေရန် ငြင်းဆိုသည်တွင်၊ အယူခံတရားခံများက ကတိစာချုပ်ကို ဖျက်သိမ်းပြီး၊အယူခံတရားလိုများကို အိမ်မှ ဖယ်ရှားပေးရန်၊ အိမ်နှင်လိုမှု ရန်ကုန်မြို့၊ တရားမရုံး အမှုအမှတ် ၁၂၂၄/၅၆ တွင် တရားစွဲဆိုလေသည်။ သို့ရာတွင် ထိုသို့တရားစွဲဆိုစဉ် အယူခံတရားခံများက ရရှိထားသည့် စရံငွေ ၁,၀၀၀ ကိုပြန်လည်ပေးခြင်း မပြုသဖြင့် အယူခံတရားလိုများသည် ပစ္စည်းလွှဲပြောင်းရေး ဥပဒေ ပုဒ်မ ၅၃ (က)အရ၊ နေပိုင်ခွင့်ရှိသဖြင့် ၎င်းတို့ကို အိမ်မှမနှင်နိုင်ဆိုပြီး၊ ထိုအမှုကို ယခင် တရားလွှတ်တော်တိုင် တက်ရောက် စွဲဆိုခဲ့သော်လည်းအယူခံတရားခံများသာ နှုံးနိမ့်ခဲ့လေသည်။ ထိုအတောအတွင်းတွင် အယူခံတရားလိုများက မိမိတို့ပေးထားသည့် စရံငွေ ၁,၀၀၀ နှင့် စာချုပ်ဖေါက်ဖျက်သည့် နစ်နာကြေးရရန် အယူခံတရားခံတို့အပေါ် ရန်ကုန်မြို့၊ တရားမရုံး အမှုအမှတ် ၁၀၇၄/၅၇ တွင်တရားတထုံးစွဲဆိုရာ အနိုင်ဒီကရီရရှိ၍၊ အယူခံတရားခံများက ဒီကရီကျငွေများကိုပေးဆပ်ခဲ့ရသည်။

ထို့အတွက် အယူခံတရားလိုများက အိမ်အရောင်းအဝယ် စာချုပ်မှာ ပျက်ပြယ်ပြီး၊ စရံငွေကိုသည်း အယူခံတရားလိုများသို့ ပြန်လည်ပေးခဲ့ပြီးဖြစ်ရာ၊ အချင်းဖြစ်အိမ်တွင် အယူခံတရားလိုများ နေထိုင်ခြင်းမှာ အယူခံ တရားခံများ၏ အခွင့်နှင့် နေထိုင်သူ (လိုင်စင်စီ)များသာ ဖြစ်တော့သဖြင့်၊ ထိုသို့နေထိုင်သည့်အတွက် နစ်နာကြေးနှင့် အိမ်မှဖယ်ရှား လက်ရောက်အပ်ပေးရန် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

တရားခံဖြစ်သူ အယူခံတရားလိုများကမူ အချင်းဖြစ်အိမ်တွင် အရောင်းအဝယ် စာချုပ်အရ၊ အချို့အဝက် ဆက်လက်ဆောင်ရွက်သည့် အနေနှင့် မိမိတို့ ဝင်ရောက်နေထိုင်ခြင်းသာဖြစ်၍ အယူခံ တရားခံများသည် နစ်နာကြေးကို မရထိုက်၊ ယခုအမှုမှာ ယခင်တရားမမှုဒအမှတ် ၁၂၂၄/၅၆ နှင့် အမှတ် ၁၀၇၄/၅၁ ပါဆုံးဖြတ်ချက်များအရ၊ အပြီးသတ် ပိတ်ပင်နေပြီးဖြစ်၍ အယူခံတရားခံများက တရားစွဲဆိုခွင့် မရှိတော့ပါဟု ချေပလေသည်။ ထို့အတွက် အမှုတွင် အောက်ပါကောက်ချက်များကို မှုံးမှထုတ်နုတ်ခဲ့လေသည်။

9A

၁။ တရားခံများ ချေလွှာအပိုဒ် ၂ တွင်ဖေါ်ပြထားချက်အရ၊ ဤအမှုကို စွဲဆိုရန် ပိတ်ပင်ထားပြီး (***Res Judicata***)ဖြစ်သလား၊

၁၉၆၆ ဦးကျော်စိန် ပါ ၂ နှင့် ဦးအောင်ဆိန်း ပါ ၂။

၂။ တရားလို၏ အဆိုလွှာအပိုဒ် (၁၀)တွင် ဖေါ်ပြထားသည့်အတိုင်း၊တရားခံများကလည်း အချင်းဖြစ်အိမ်တွင် နေခြင်းမှာ အခွင့် (Licensee) အနေဖြင့် နေခြင်းဖြစ်သလား၊

၃။ တရားလိုများသည် အဆိုလွှာအပိုဒ် (၁၁)တွင် ဖေါ်ပြသည့်အတိုင်း၊ အချင်းဖြစ်အိမ်တွင် နေထိုင်ခဲ့သည့်အတွက် လျော်ကြေးငွေ ၁,၇၀၀ ရသင့်သလား၊

၄။ တရားလို မည်သည့်သက်သာခွင့် ရသင့်သနည်း။

ပဌမ ကောက်ချက်နှင့် ပတ်သက်၍၊ အောက်ရုံးမှာ အယူခံတရားလိုများနှင့် ချုပ်ဆိုခဲ့သည့် အရောင်းအဝယ် ကတိစာချုပ်မှာ ပျက်ပြယ်သွားပြီး စရံငွေ ၁,၀၀၀ ကိုလည်း၊ အယူခံတရားလိုများက ပြန်လည်ရရှိပြီး ဖြစ်ရကား၊ အခြေအနေ ပြောင်းလဲသွားပြီဖြစ်၍၊ အထက်ဖေါ်ပြပါ ယခင်အမှုများတွင် ဆုံးဖြတ်ချက်များကြောင့် ယခုအမှုကို စွဲဆိုရန် ပိတ်ပင်လျှင် မဖြစ်ဟုထင်း၊ ဒုတိယ ကောက်ချက်နှင့် ပတ်သက်၍ လည်း အယူခံ တရားလိုများသည်၊ အချင်းဖြစ်အိမ်တွင် နေထိုင်ခြင်းမှာ အယူခံတရားခံများ၏ အခွင့်အရာ (လိုင်စင်စီ) များအဖြစ် နေခြင်းသာ ဖြစ်သည်ဟုထင်း၊ အယူခံ တရားခံများအတွက် အသာပေး၍ ဖြေဆိုခဲ့ရကား၊ အယူခံ တရားလိုများသည်၊ အိမ်ရှင် အယူခံတရားခံများက အလိုရှိမှု အချင်းဖြစ်အိမ်မှ ဖယ်ရှား၍လက်ရောက် အပ်ပေးရမည့်အပြင်၊ နစ်နာကြေးပါ ရထိုက်သဖြင့် နစ်နာကြေးကို တလအတွက် ငွေ ၄၀ သတ်မှတ်ပြီး ထိုစွဲဆိုသည့်အတွင်း ဒီကရီ ချမှတ်ပေးလိုက်လေသည်။

ယခုအယူခံမှုတွင် အယူခံတရားလိုများက၊ အယူခံရာဝယ် ကနဦးအနေနှင့် ယခုအမှုမှာ ယခင်အမှုအမှတ် ၁၂၄၄/၅၆ ဆုံးဖြတ်ချက်အရ၊ တရားစွဲဆိုခွင့် ပိတ်ပင်နေပါပြီဟု ထပ်မံပြဆိုသော်လည်း၊ အမှုကြားနာသောအခါ ထိုပြဆိုချက်ကို စွန့်လွှတ်ပါသည်ဟု အယူခံ တရားလိုများ၏ ပညာရှိ ရှေ့နေကြီးက လျှောက်ထားသဖြင့်၊ ၎င်းအချက်နှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးရန် မလိုတော့ပေ။ သို့သော် အယူခံ တရားလိုများအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိ ရှေ့နေကြီးက၊ အယူခံ တရားလိုများသည်၊ အချင်းဖြစ်အိမ်တွင် အယူခံ တရားခံများ၏ အခွင့်အရေးနှင့် နေထိုင်သူ (လိုင်စင်စီ) များသာ ဖြစ်သည်ဆိုခြင်းနှင့် ထိုသို့ ယူဆနိုင်လင့်ကစား၊ ၎င်းတို့နေထိုင်သည့် အခွင့်အရေးကို အယူခံ တရားခံများက ရန်ကုန်မြို့၊ တရားမရုံး၊ဥပဒေပုဒ်မ ၁၇ (လိုအပ်ချက်) အရ၊ ရှင်းလင်းခြင်း မရှိသေး၍၊ အချင်းဖြစ် အိမ်ကိုငင်း၊ နစ်နာကြေးကိုငင်း ရပိုင်ခွင့် မရှိပါဟု ပြဆိုပေသည်။

သို့သော်၊ အရောင်းအဝယ် ကတိစာချုပ်ကို ဖျက်သိမ်းပြီး၊အယူခံ တရားလိုများက ပေးထားသည့် စရံငွေနှင့်လျော်ကြေးများ ရရှိရန် တရားစွဲဆိုခဲ့သည့်အတိုင်း၊ ဒီကရီ

ရှိ၍ ငွေများပါရမည်ဖြစ်ရကား၊ ၎င်းတို့သည် အချင်းဖြစ်အိမ်တွင် ပစ္စည်းလွဲပြောင်းရေး ဥပဒေပုဒ်မ ၅၃ (က)၏ အခွင့်အရေးအရ၊ ယခုတိုင် နေထိုင်ခြင်း ဖြစ်ပါသည်ဟု ယူဆရန်ရှိကြောင်းကို တရားလိုများ၏ ပညာရှိ ရှေနေကြီးက အောက်ရုံးမှ ရည်ညွှန်းခဲ့သည့် **ဝီလာ** နှင့် **မာဆာ** (၁)စီ ရင်ထုံးကို ဆန့်ကျင်ထုံး ဖွဲ့ထားသည်သာမက တခုမျှ ပြနိုင်စွမ်းမရှိပေ။ သို့ဖြစ်ရကား အထက်ပါ စီရင်ထုံးတွင် ပြဆိုသည့်အတိုင်း၊ အယူခံတရားလိုများသည်၊ အချင်းဖြစ်အိမ်တွင် အယူခံ တရားခံများ၏ အခွင့်အရေးအရ နေထိုင်သူ (လိုင်စင်စီ)များ ဖြစ်သည်ဟု အောက်ရုံးမှ ယူဆဆုံးဖြတ်ခဲ့သည်မှာ မှန်ကန်သည်ဟု လက်ခံရပေမည်။

ရန်ကုန်မြို့၊ တရားမရုံး ဥပဒေပုဒ်မ ၁၇ အရ၊ ထိုသို့နေထိုင်ခြင်း ဖြစ်လင့်ကစား၊ ၎င်းအခွင့်အရေးကို အယူခံ တရားခံများက ရပ်သိမ်းခဲ့ခြင်း မရှိသေး၍၊ အချင်းဖြစ်အိမ်ကို လက်ဆောက်ရပိုင်ခွင့်မရှိသေးပါ ဆိုသည့် ပြဆိုချက်နှင့် ပတ်သက်၍လည်း ယခင်အယူခံ တရားခံများ စွဲဆိုသည့် အမှုအမှတ် ၁၂၄၄/၅၆ တွင်၊ အယူခံတရားလိုများသို့ ပေးခဲ့သည့်နို့တစ်စာအရ အိမ်မှ ၁၉၅၆ ခု၊ ကြဂုတ်လ ၃၁ ရက်နေ့နောက်ဆုံးထားပြီး ဖယ်ရှားပေးရန် တောင်းဆိုခဲ့ခြင်း ဖြစ်သည့်အပြင်၊ အယူခံ တရားလိုများကလည်း ကတိစာချုပ်ပျက်ပြယ်သဖြင့် ပေးထားသည့် စရံငွေနှင့် လျော်ကြေးငွေများရရှိရန်ကို တရားစွဲဆိုခဲ့ပြီး ဖြစ်ရကား၊ အယူခံတရားခံများက အယူခံတရားလိုတို့သို့ အချင်းဖြစ်အိမ်တွင်နေထိုင်ရန် အခွင့်အရေးကို ယနေ့တိုင် မရပ်သိမ်းပါဆိုသည့် ပြဆိုချက်ကို လက်ခံနိုင်ရန်မရှိပေ။

ထို့ကြောင့် အယူခံတရားလိုများသည်၊အချင်းဖြစ်အိမ်တွင် နေထိုင်ခြင်းမှာ၊ အယူခံတရားခံများ၏ အခွင့်အရ နေထိုင်သူ (လိုင်စင်စီ)များဖြစ်ပြီး၊ ထိုသို့နေထိုင်နိုင်ခွင့်ကို အယူခံ တရားခံများက ရပ်သိမ်းခဲ့ပြီးဖြစ်ကြောင်း ထင်ရှားနေရကား၊ အယူခံ တရားလိုများသည်၊ အချင်းဖြစ်အိမ်တွင် နေလိုင်စင်အတွက် အိမ်ရှင် အယူခံတရားခံများသို့ နစ်နာကြေးပေးရန် တာဝန်ရှိပေသည်။ နစ်နာကြေးနှင့် ပတ်သက်၍ အောက်ရုံးက တလ ၄၀ ဆုံးဖြတ်ခြင်းကို အယူခံတရားလိုများက မည်သို့မျှ စောဒကပြုခြင်း မရှိသဖြင့် ထိုနှုန်းထားမှာ သင့်မြတ်သည့် နစ်နာကြေး ဖြစ်သည်ဟု လက်ခံရန်ရှိပေသည်။

ဖော်ပြပါ အကြောင်းများကြောင့် ယခုအယူခံမှုတွင် အယူခံ တရားလိုများ၏ ပြဆိုချက်မှာ မည်သို့မျှ ခရီးရောက်၍ မှန်ကန်လက်ခံနိုင်စရာ ရှိကြောင်း မတွေ့ရှိရသဖြင့် အောက်ရုံး ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီတွင် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမတွေ့ရှိသဖြင့် ယခုအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

---

(၁) (1956) Queen's Bench Division Vol. I, 274 at 284.

နိုင်ငံတော် တရားရုံးချုပ်
ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးချုပ် ဧဒါက်တာမောင်မောင်၊ တရားသူကြီး ဦးချစ် နှင့် တရားသူကြီး ဦးသက်ဖေ တို့ ရွေတွင်

ဦးကျော်ညွန့် (ပြင်ဆင်ရန် လျှောက်ထားသူ)

† ၁၉၆၆ ပြီလ ၅ ရက်။

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

ရာဇသတ်ကြီး ဥပဒေပုဒ်မ ၄၀၉ အရ စွဲဆိုခြင်း—ထောင်မှူးများထောင်မှ ပိုလျှံနေသောသီးနှံများကို အပြင်သို့ ရောင်းခြင်း—ရောင်းရငွေများကို အစိုးရ ငွေတိုက်သို့ ပေးသွင်းခြင်း—ယင်းကဲ့သို့ ရောင်းချခြင်းသည် တာဝန် ဝတ်တရားနှင့် လုံးဝမအပ်ဟု ဆိုနိုင် မဆိုနိုင်—ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၉၇(၁) အရအစိုးရ၏ ကြိုတင်ခွင့်ပြုချက်ယူရန်လိုမလို —အစိုးရ၏ ကြိုတင်ခွင့်ပြုချက် လိုသည်ဟု သတ်မှတ်ခြင်းသည် ပုဂ္ဂိုလ် တဦးဦးကို မထိုက်မတန်သော အကာ အကွယ်ပေးခြင်း မြောက် မမြောက်။

ဆုံးဖြတ်ချက်။ ။ဘော်စတယ် ကျောင်းအုပ်နှင့် အကျဉ်းဌာန မင်းကြီးတို့၏ ပြောဆိုချက်တို့ကို ခြုံ၍ ကြည့်လျှင် ထောင်မှူးများသည် မိမိတို့၏ ထောင်များမှ ပိုလျှံသော သီးနှံများကို အပြင်သို့ ရောင်း၍ အစိုးရ ငွေတိုက်သို့ ရောင်းရငွေများကို ပေးသွင်းသည့် အလေ့ အထ ရှိကြသည်။ ကြိုတင်၍ အကျဉ်းဌာန မင်းကြီးထံ ခွင့်ပန်ခြင်း၊ အစီရင်ခံခြင်း စသည်ကို ပြုလျှင် စည်းကမ်း ကျန်သည်။ ထိုသို့ ခွင့်ပန်ခြင်း၊ အစီရင်ခံခြင်း ပြုရန် ပျက်ကွက်ခဲ့မျှနှင့် ဥပဒေကို ချိုးဖောက်သည်၊ ရာဇဝတ်မှု ကျူးလွန်သည်ဟု မဆိုသာသေး။ ဌာနတွင်း စည်းကမ်း ဖောက်ဖျက်ခြင်း၊ ပျက်ကွက်ခြင်းကာ ဖြစ်နိုင်သည်။ ဌာနဆိုင်ရာ အကြီးအကဲက သတိပေးခြင်း၊ အရေးယူခြင်းကို ပြုကောင်းပြုမည်။ လုပ်ရိုး လုပ်စဉ် အရ၊ သီးနှံများကို အပြင်သို့ ရောင်းချခြင်းသည် တာဝန် ဝတ်တရားနှင့် လုံးဝ မအပ်စပ်ဟု မဆိုနိုင်၊ ထို့ကြောင့် ရာဇဝတ်ကြောင်းဖြင့် အရေးယူလိုလျှင် ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၁၉၇ (၁) အရ၊ အစိုးရ၏ ကြိုတင် ခွင့်ပြုချက် ယူရန်လိုပေလိမ့်မည်။

ထပ်မံဆုံးဖြတ်ချက်။ ။ကြိုတင် ခွင့်ပြုချက်ပေးသင့် မပေးသင့်ကို သက်ဆိုင်ရာ အစိုးရ ဌာနက ဆုံးဖြတ်ရခြင်းဖြင့် ဌာနတွင်း စည်းကမ်း ထိန်းသိမ်းခြင်းနှင့် ဌာနကို အုပ်ချုပ် ကွပ်ကဲခြင်းကို ပိုမို ထိရောက်စွာ ဆောင်ရွက်နိုင်သည်။ သက်ဆိုင်ရာ အဆာရှိ အဖို့လည်း အရမ်းမဲ့ စွပ်စွဲ ခံရခြင်း၏ အန္တရာယ်မှ အတော်အသင့် အကာ အကွယ်ရသည်။ မိမိ၏ တရားဝင် တာဝန်များကို ရဲရဲဝံ့ဝံ့ ထမ်းဆောင်နိုင်သည်။ ထို့ကြောင့် အစိုးရ၏ ကြိုတင် ခွင့်ပြုချက်ကို လိုသည်ဟု သတ်မှတ်ခြင်းသည် ပုဂ္ဂိုလ် တဦးဦးကို မထိုက်မတန်သော အကာ အကွယ် ပေးခြင်း မမြောက်။ အများ အကျိုးကို ပြုရ၍၊ အစိုးရ ဌာနများ၏စည်းကမ်းအုပ်ချုပ်ရေး ထိန်းသိမ်းမှုကို အထောက် အကူ ပြုစေသည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၇ (ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၈၁ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နေ့စွဲပါ၊ သရက်မြို့၊ ဒုတိယရာဘက်ရာဇဝတ်တရားသူကြီး (အထူးအာဏာရ) အမိန့်ကို ပြန်၍ဆင်ခြင်မှု။

ဌာန အကြီးအကဲက ရာဇဝတ်မှု ဖွင့်ရန် အကယ် လိုအပ်သည်ဟု မြင်လျှင် အစိုးရ၏ ခွင့်ပြုချက်ကို ရယူရန် ခက်ခဲမည် မဟုတ်ပေ။

နိုင်ငံတော်နှင့် မောင်ဘိုမောင် ရန်ကုန်အတွဲများ၊ ၁၃၊ စာမျက်နှာ ၅၄၀။

အင်ဘရီ (စ်) နှင့် **ပြည်ထောင်စု မြန်မာနိုင်ငံ** ၁၉၅၃ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၃၁၅၊ (တရား လွှတ်တော်) တို့ကိုရည်ညွှန်းသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးတင့်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးဘကြော်။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။လျှောက်ထားသူ ဦးကျော်ညွန့် သည် သရက်မြို့၊ ဘော်စဘယ်(လ်) ကျောင်းအုပ်ကြီးအဖြစ်ဆောင်ရွက်နေစဉ်ကျောင်း မှစိုက်ပျိုး၍ ပိုလျှံသောနှမ်း စသော သီးနှံတို့ကို အပြင်သို့ရောင်းချ၍ ကိုယ်ကျိုးအတွက် သုံးစွဲခဲ့သည်ဟု စွပ်စွဲခြင်းခံရသည်။ အစဦး၌ ဦးကျော်ညွန့်အား အရေးကြီးသောကုန် ပစ္စည်းများနှင့်ဆောင်ရွက်မှုများဆိုင်ရာအက်ဥပဒေပုဒ်မ ၈ (၁)အရ၊ရဲတပ်ဖွဲ့စခန်းမှူးက တိုင်ချက်ဖွင့်ခဲ့သည်။ နောက်ပိုင်းတွင်ထိုပုဒ်မဖြင့် မစွဲဘဲ ရာဇသတ်ကြီးပုဒ်မ ၄၀၉ အရ၊ ယုံကြည်အပ်နှံခြင်းကို ဖေါက်ဖျက်မှုဖြင့် စွဲဆို၍ ရုံးသို့အမှုကိုတင်ပို့ခဲ့ကြသည်။

အမှုကို သရက်မြို့၊ ဒုတိယရာဘက်ရာဇဝတ်တရားသူကြီးရုံးတွင် စစ်ဆေးခဲ့ရာ၊ တရားလိုပြသက်သေနှစ်ဦးကို စစ်ဆေးအပြီးတွင်၊ ဦးကျော်ညွန့်၏ ပညာဒိုင်ရှေနေကြီးက အကြောင်း ၂ ချက်ကို တင်ပြ၍ အမှုကို ပလပ်ကာ ဦးကျော်ညွန့်အား တရားခွင် လွှတ်သင့်ကြောင်းဖြင့် လျှောက်လဲခဲ့သည်။ ပဌမအချက်မှာ အဆင်းဖြစ်နှမ်း စသော ပစ္စည်းတို့ကို ဦးကျော်ညွန့်သည် တာဝန်ဝတ်တရားကို ဆောင်ရွက်လျက်၊ ဇာလီတောင် ဆရာတော်သို့ ၁၉၆၃ ခုနှစ်ကတည်းက ရောင်းချ၍ ငွေများကို စံနစ်တကျ ငွေတိုက်သို့ ပေးသွင်းခဲ့ပြီးဖြစ်သည်မှာ ပေါ်လွင်သဖြင့် မည်သည့်ပြစ်မှုကိုမျှ မကျူးလွန်ကြောင်း၊ ထင်ရှားကြောင်း။ ဒုတိယတင်ပြချက်မှာ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၉၇ (၁) အရ၊ ဦးကျော်ညွန့်ကဲ့သို့သော အရွေးချယ်ခံတန်း အဆင့်ရှိ အကျဉ်းဌာနဝန်ထမ်းတဦးအား ၎င်း၏တာဝန်ဝတ်တရားကိုထမ်းဆောင်ပြုမူခဲ့ခြင်းအတွက် စွဲဆိုစစ်ဆေးလိုလျှင်၊သက်ဆိုင် ရာ အစိုးရဌာန၏ တရားစွဲဆိုခွင့်ကို ကြိုတင်ရယူရန်လိုပါသည်။ ထိုသို့ကြိုတင် ခွင့်ပြုချက်မရဘဲ တရားစွဲဆိုခဲ့ခြင်းသည် တရားမဝင် မှားယွင်းပါသည်ဟူ၍ဖြစ်သည်။

အမှုစစ်ရုံး ပညာရှိ တရားသူကြီးက အထောက်အထား မလုံလောက်ဟု ယူဆ ရန်မှာ တရားလိုသက်သေ နှစ်ယောက်ကိုသာ စစ်ဆေးပြီးသေးသဖြင့် စောသေးသည်ဟု ဆုံးဖြတ်ခဲ့သည်။ အစိုးရ၏ ကြိုတင်ခွင့်ပြုချက်လို မလိုဆိုသည့် ပြဿနာနှင့် ပတ်သက် ၍လည်း စီရင်ထုံးများနှင့် တရားရုံးချုပ်၏ ၁၉၆၄ ခုနှစ်၊ ညွှန်ကြားလွှာအမှတ် ၁၈ ကို ကိုးကားပြီးလျှင် ပညာရှိ ထရားသူကြီးက ကြိုတင်ခွင့်ပြုချက်မလိုဟူ၍၊ ဆုံးဖြတ်ခဲ့သည်။

၁၉၆၆

ဦးကျော်ညွန့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ထိုဆုံးဖြတ်ချက်တို့ကို မကျေနပ်သဖြင့် ဦးကျော်ညွန့်က စက်ရှင်ရုံးသို့ ပြင်ဆင်မှုဖွင့်လှစ်တက်ရောက်ခဲ့ရာ၊ ပညာရှိ စက်ရှင်တရားသူကြီးက မူလရုံးနှင့် ပဌမဆုံးဖြတ်ချက်၌ သဘောတူသည်။ တရားလိုဘက်သက်သေနှစ်ဦးကိုသာ စစ်ဆေးရသေး၍ အမှုကို မခိုင်လုံဟု မဆိုသာသေးကြောင်း။ အစိုးရ၏ ကြိုတင်ခွင့်ပြုချက် လို မလိုပြဆနာနှင့် ပတ်သက်၍မူကား ဦးကျော်ညွန့်သည် ဇာလီတောင် ဆရာတော်သို့ နှမ်းများကို ရောင်းချခဲ့ခြင်းမှာ၊ ဘော်စတယ်(လ်) ကျောင်းအုပ်ကြီး၏ လုပ်ရိုးလုပ်စဉ် အစဉ်အလာအရ ရောင်းကြောင်းပေါ် လွင်သည်။မိမိ၏ အလုပ်ဝတ်တရားနှင့်ဆက်စပ်နေသော ပြုမူချက်တရပ်ဖြစ်၍ ထိုပြုမူချက်နှင့် ပတ်သက်၍ တရားစွဲဆိုလိုလျှင် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၉၇ (၁) အရ၊ အစိုးရ၏ ကြိုတင်ခွင့်ပြုချက်ကို အခြေခံပြုရမည်ဟု ဆုံးဖြတ်သင့်ကြောင်း ပညာရှိ စက်ရှင်တရားသူကြီးက ဤရုံးသို့ထောက်ခံ၍ အမှုတွဲကို ပေးပို့ခဲ့သည်။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၉၇ (၁) ကို အဓိပ္ပါယ်ဖွင့်ဆို၍ တရားရုံးချုပ်က ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့စွဲပါ ညွှန်ကြားလွှာအမှတ် ၁၈ ကို ရာဇဝတ်တရားသူကြီးများ အားလုံးသို့ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ထိုညွှန်ကြားလွှာတွင် ပုဒ်မ ၁၉၇ (၁) တွင် အကဲ့ရဲ့ဝင်သော ပြည်သူ့ဝန်ထမ်းနှစ်မျိုးနှစ်စားရှိကြောင်း ရှင်းလင်းဖေါ်ပြခဲ့သည်။ ထိုနှစ်မျိုးနှစ်စားမှာ (က) ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ရာဇသတ်ပုဒ်မ ၁၉ တွင် ဖေါ်ပြထားသည့် တရားသူကြီးနှင့် (ခ) တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရတဲ့ ရာထူးမှနုတ်ပယ်ခြင်းမပြုနိုင်သည့် ပြည်သူ့ဝန်ထမ်းတို့ဖြစ်သည်။ ဦးကျော်ညွန့်သည် (ခ) အမျိုးအစားတွင်ပါသော ပြည်သူ့ဝန်ထမ်းတဦးဖြစ်ကြောင်း အငြင်းမထွက်ပေ။

ညွှန်ကြားလွှာတွင် ဆက်လက်ရှင်းလင်းထားသည်မှာ၊ ပုဒ်မ ၁၉၇ (၁) တွင် အကဲ့ရဲ့ဝင်သော ပြည်သူ့ဝန်ထမ်းပင်ဖြစ်လင့်ကစား၊တာဝန်ဝတ်တရားအရထမ်းဆောင်နေခိုက် ကျူးလွန်သော ပြစ်မှုအတွက်သာ ၎င်းအားတရားစွဲဆိုရန် ကြိုတင်ခွင့်ပြုချက်လိုကြောင်း၊ တာဝန်ဝတ်တရားနှင့် လုံးဝမအပ်စပ်သည့် ပြုမူချက်နှင့် ပတ်သက်လျှင် ခွင့်ပြုချက်ယူရန်မလိုကြောင်း ဖေါ်ပြ၍၊ ဥပမာများကို စီရင်ထုံးများအား ရည်ညွှန်း၍ ပေးထားသည်။ လာဘ်ယူသောတရားသူကြီး၊ အစိုးရပစ္စည်းများကို ရောင်းချအလွဲသုံးစားပြုသောအရာရှိ၊ လူနာထံမှခါးပိုက်နှိုက်သောဆရာဝန်စသည်တို့ကိုရုံးတင်စစ်ဆေးရန် ကြိုတင်ခွင့်ပြုချက်မလိုဟု ဆိုထားသည်။ ထို "မူ" ကို စီရင်ထုံးပြုထားသည့် အရေးကြီးသော မြန်မာနိုင်ငံ စီရင်ထုံးများသည် **နိုင်ငံတော်**နှင့် **မောင်ဘိုမောင်** (၁) နှင့် **အင်ဘရို(စ်)** နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ** (၂) တို့ဖြစ်သည်။ **မောင်ဘိုမောင်**

---

(၁) ရန်ကုန်အတွဲများ ၁၃၊ စာမျက်နှာ ၅၄၀။

(၂) ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး ၃၁၅၊ ထူးလွှတ်တော်။

အမှုတွင် တရားခံသည် လက်ထောက် စာရင်းကိုင်တဦးဖြစ်၍ တရားရုံးချုပ်ညွှန်ကြားလွှာတွင် ဖေါ်ပြထားသော အရာရှိ အမျိုးအစားတွင် မပါဝင်ခဲ့ချေ။ ထို့ကြောင့် မောင်ဘိုမောင်အား တရားစွဲဆိုရန် အစိုးရ၏ ကြိုတင်ခွင့်ပြုချက် မလိုချေ။ အကယ်၍ မောင်ဘိုမောင်သည် ထိုအရာရှိမျိုးပင် ဖြစ်စေဦး၊ အလဲသုံးစားပြစ်မှုသည် တာဝန်နှင့် ဆက်စပ်သည်မဟုတ်၊ ရာထူးကို အခွင့်အရေးယူ၍ ကျူးလွန်သော ပြစ်မှုသာဖြစ်သည်။ ထိုကြောင့် ကြိုတင်ခွင့်ပြုချက်မယူဘဲ ၎င်းကိုတရားစွဲဆိုနိုင်ပေမည်ဟု ဒေယူခံရုံးက ဆက်၍ ဝေဖန်မှတ်ချက်ပြုလေသည်။ ထိုဝေဖန်ချက် မပြုလျှင်လည်း ပဌမအကြောင်းနှင့်ပင် အယူခံကို ဆုံးဖြတ်နိုင်ခဲ့သည်။

အင်ဘရှိ(စ်) အမှုတွင် တရားခံသည် ညွှန်ကြားလွှာတွင် အကျုံးဝင်သော အစိုးရအရာရှိတဦးဖြစ်ခဲ့သည်။ ၎င်းက အစိုးရ ရေဒီယိုများကို တာဝန်ဖြင့် ရောင်းချရာမှ အလွဲသုံးစားပြုလုပ်ခဲ့ခြင်းဖြင့် စွဲဆိုခြင်းခံရကာ ပြစ်ဒဏ်ရခဲ့လေသည်။ အယူခံတွင် **အစိုးရ၏** ကြိုတင်ခွင့်ပြုချက်မယူဘဲ တရားစွဲခဲ့ခြင်းကြောင့် အမှုသည် ပျက်ပြယ်ပါသည်ဟု **အင်ဘရှိ(စ်)**ဘက်မှ တင်ပြခဲ့ရာ၊ ထိုတင်ပြချက်ကို ရုံးကလက်မခံ၊ **မောင်ဘိုမောင်** စီရင်ထုံးကို လိုက်နာ၍ အလွဲသုံးစားပြုခြင်းသည် အရာရှိတဦး၏ တာဝန်ဝတ်တရား နှင့် ပတ်သက်ခြင်းမရှိဟု ဆုံးဖြတ်ခဲ့လေသည်။ **အင်ဘရှိ(စ်)** စီရင်ထုံးတွင် အမှုကို စစ်ဆေးပြီး၊ တရားခံတွင် အပြစ်ရှိကြောင်း ပေါ်လွင်ပြီးမှ အစိုးရ၏ ကြိုတင်ခွင့်ပြုချက်ရယူခြင်းနှင့်လိုခဲ့ မလိုခဲ့ကို အယူခံ၌ စဉ်းစားခဲ့ရခြင်းဖြစ်သည်။ အကယ်၍ လိုသည်ဟု ဆုံးဖြတ်ခဲ့လျှင်၊ အမှုကို အသစ်တဖန် စစ်ဆေးရန်သာရှိခဲ့မည်။ တရားခံလည်း အပြစ်မှ ကင်းလွတ်မည်မဟုတ်၊ ထပ်မံစစ်ဆေးရခြင်းကြောင့် ၎င်းသာနစ်နာဘွယ်လည်း ရှိသည်။ ရုံးများတွင်လည်း ထင်ရှားပြီးအမှုကို တဖန်ပြန်လည်စစ်ဆေးရ၍ အချိန်ကုန်ရမည်။ ထိုအချက်သည် အယူခံရုံး၏ စိတ်ထဲ၌ ကိန်းဝပ်လျက်ရှိခဲ့ပေလိမ့်မည်။

ကျွန်ုပ်တို့ ရှေ့မှောက်ရှိ အမှုတွင်ကား၊ တရားလိုသက်သေ ၂ ဦးကိုသာ စစ်ဆေးရသေးသည်။ ဦးကျော်ညွန့်သည် ဘော်စတယ်(လ်)ကျောင်းမှထွက်သော ပိုလျှံသီးနှံများကို ရောင်းချ၍ အလွဲသုံးစားပြုခဲ့သည်ဟု စွဲဆိုချက်မျှသာ ရှိသေးသည်။ တရားလိုကလည်း အပြည့်အစုံ မြွက်ဆိုခြင်းမပြုရသေး။ ထိုသို့မြွက်ဆိုပြီးမှ ရုံးကစွဲချက်တင်လောက်သော အထောက်အထားများရှိ မရှိကို စဉ်းစားဆုံးဖြတ်ရဦးမည်။ စွဲချက်တင်မှ၊ ဦးကျော်ညွန့်က ခုခံချေပရဦးမည်။

ဦးကျော်ညွန့်သည်တာဝန်ဝတ်တရားအရ သီးနှံများကို ရောင်းချခဲ့သလောဟူသည့် ပြဿနာသည်ဤအခြေအနေ၌အဓိကပြဿနာဖြစ်သည်။ တာဝန်ဝတ်တရားအရ ရောင်းချပြီးမှ၊ ဖေါက်ပြန်ကာ အလွဲသုံးစားလုပ်ခဲ့သည် မလုပ်ခဲ့သည်မှာ အမှုကို အပြည့်အစုံ စစ်ဆေးမှ ပေါ်လွင်မည်ဖြစ်ပေသည်။ အမှုကိုစွဲဆိုရန် အစိုးရ၏ ကြိုတင်ခွင့်ပြုချက်

လို မလိုကိုစဉ်းစားသည့် ဤအဆင့်၌ဖေါက်ပြန်စိတ်ရှိ မရှိနှင့် ပြစ်မှုမြောက်သောအပြု အမူရှိခဲ့ မရှိခဲ့ ထည့်သွင်းစဉ်းစားနိုင်ရန် အထောက်အထား အလုံအလောက် မရှိနိုင်သေးပေ။

တာဝန်ဝတ်တရားအရ သီးနှံများကိုရောင်းချခဲ့ခြင်းဖြစ်သလောဟူသည့်ပြဿနာကို စဉ်းစားနိုင်ရန်၊ ပညာရှိ စက်ရှင်တရားသူကြီးသည် လက်ရှိ ဘော်စတယ်(လ်)ကျောင်းအုပ် ဦးမောင်မောင်ခင်အား ဖိတ်ခေါ်မေးမြန်းခဲ့သည်။ ကျောင်းထွက်သီးနှံများကို ကျောင်းအုပ်က အပြင်သို့ရောင်းချပြီးလျှင် ရငွေကို ငွေတိုက်တွင် ချလံနှင့်သွင်းကြသည့် အစဉ်အလာရှိကြောင်းဖြင့် ဦးမောင်မောင်ခင်က ထွက်ဆိုခဲ့သည်။ အမှုတွဲတွင် ဦးကျော်ညွန့်က နှမ်းများရောင်းရငွေများကို ထိုသို့ငွေတိုက်သို့ ချလံဖြင့် ၁၉၆၁ ခုနှစ် ဘင်တကြိမ်၊ ၁၉၆၃ ခုနှစ်တွင် တကြိမ် ပေးသွင်းခဲ့သည်ကို တွေ့ရသည်။ (သက်သေခံ ည၊ ၌၊ ၌၊ ဂ၊ ဈ)။

ကျွန်ုပ်တို့ကလည်း ပို၍သေချာအောင် အကျဉ်းဌာနမင်းကြီးဦးသန်းနွဲ့ကိုဖိတ်ခေါ်မေးမြန်းခဲ့သည်။ အမှန်တရားကိုရှာဖွေရာတွင် ပါဝင်ကူညီသည့်စေတနာဖြင့် ဦးသန်းနွဲ့က ရှုံးသို့လာရောက်ပြောဆိုခဲ့သည်မှာ၊ ပိုလျှံသီးနှံများကို အပြင်သို့ မရောင်းရဟုလည်း မတားမြစ်ပါ။ ညွှန်ကြားချက်မရှိ၍ အချို့သော ထောင်မှူးများက မိမိထံအစီရင်ခံ၍ ရောင်းကြပါသည်။ အချို့ကား အစီရင်ခံခြင်းမပြုပါ။ ပျက်စီးလွယ်သော သီးနှံများကို ရောင်းချရန် အကျဉ်းဌာနမင်းကြီး၏ ခွင့်ပြုချက်မလိုပါ။ နှမ်းသည်ကား သိုလှောင်ထားနိုင်သည့် ပစ္စည်းဖြစ်ပါသည်။ ဘော်စတယ်(လ်)ကျောင်းမှ နှမ်းများရောင်းချခြင်း နှင့်ပတ်သက်၍ ခွင့်တောင်းခြင်း၊ အစီရင်ခံခြင်း မပြုခဲ့ပါ။ ငွေသွင်းထားသည်ကိုကား တွေ့ပါသည်။ ယခုကဲ့သို့ အမှုမျိုး ယခင်ကလည်း မဖြစ်ဘူးပါစသည်ဖြင့် ဦးသန်းနွဲ့က ထွက်ဆိုလေသည်။

ဦးမောင်မောင်ခင်နှင့် ဦးသန်းနွဲ့တို့၏ ပြောဆိုချက်တို့ကို ခြုံ၍ကြည့်လျှင် ထောင်မှူးများသည် မိမိတို့ထောင်များမှ ပိုလျှံသောသီးနှံများကို အပြင်သို့ရောင်း၍ အစိုးရငွေတိုက်သို့ ရောင်းရငွေများကို ပေးသွင်းသည့် အလေ့အထရှိကြသည်။ ကြို့တင်၌ အကျဉ်းဌာနမင်းကြီးထံ ခွင့်ပန်ခြင်း၊ အစီရင်ခံခြင်း စသည်ကိုပြုလျှင် စည်းကမ်းကျနသည်။ ထိုသို့ခွင့်ပန်ခြင်း၊ အစီရင်ခံခြင်းပြုရန် ပျက်ကွက်ခဲ့မှုနှင့် ဥပဒေကို ချိုးဖေါက်လည်း ထုဇဝတ်မှုကျူးလွန်သည်ဟု မဆိုသာပေ။ ဌာနတွင်းစည်းကမ်းဖေါက်ဖျက်ခြင်း၊ ပျက်ကွက်ခြင်းကား ဖြစ်နိုင်သည်။ ဌာနဆိုင်ရာ အကြီးအကဲက သတိပေးခြင်း၊ အရေးယူခြင်းကို ပြုကောင်းပြုမည်။ လုပ်ရှိးလုပ်စဉ်အရ သီးနှံများကို အပြင်သို့ရောင်းချခြင်းသည်တာဝန်ဝတ်တရားနှင့်လုံးဝမအပ်စပ်ဟု မဆိုနိုင်။ ထိုကြောင့်

ရာဇဝတ်ကြောင်းဖြင့် အခြေးယူလိုလျှင် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၉၇ (၁) အရ အစိုးရ၏ ကြိုတင်ခွင့်ပြုချက်ယူရန် လိုပေလိမ့်မည်။

ကြိုတင်ခွင့်ပြုချက်ပေးသင့် မပေးသင့်ကို သက်ဆိုင်ရာ အစိုးရဌာနက ဆုံးဖြတ်ရခြင်းဖြင့်၊ ဌာန၊တွင်းစည်းကမ်းထိန်းသိမ်းခြင်းနှင့် ဌာနကို အုပ်ချုပ်ကွပ်ကဲခြင်းကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်သည်။ သက်ဆိုင်ရာ အရာရှိအဖို့လည်း အရမ်းမဲ့စွပ်စွဲခံရခြင်း၏ အန္တရာယ်မှ အတော်အသင့် အကာအကွယ်ရသည်။ မိမိ၏တရားဝင်တာဝန်များကို ရဲရဲဝံ့ဝံ့ ထမ်းဆောင်နိုင်သည်။ ထို့ကြောင့် အစိုးရ၏ ကြိုတင်ခွင့်ပြုချက်လိုသည်ဟု သတ်မှတ်ခြင်းသည် ပုဂ္ဂိုလ်တဦးဦးကို မထိုက်မတန်သော အကာအကွယ်ပေးခြင်းမဖြောက်။ အများအကျိုးကိုပြု၍ အစိုးရဌာနများ၏ စည်းကမ်း၊ အုပ်ချုပ်ရေးထိန်းသိမ်းမှုကို အထောက်အကူပြုစေသည်။ ဌာနအကြီးအကဲက ရာဇဝတ်မှု ဖွင့်ချန်အာဏာလိုအပ်သည်ဟုမြင်လျှင် အစိုးရ၏ ခွင့်ပြုချက်ကို ရယူရန် ခက်ခဲမည်မဟုတ်ပေ။

တရားစီရင်ရာတွင် ဥပဒေနှင့် ဆန့်ကျင်၍ တရားမဲ့ပြုလုပ်သော မြို့ပိုင်အရာရှိလာဘ်ယူသော ရာဇဝတ်တရားသူကြီးတို့ကို အထူးရာဇဝတ်ရုံးများဖွဲ့၍ စစ်ဆေးစေသော အခါ တော်လှန်ရေးအစိုးရက ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၉၇ (၁) အရ တရားစွဲဆိုခွင့်ကို ကြိုတင်ထုတ်ပေးခဲ့သည်ကို ကျွန်ုပ်တို့သည် အထူးရာဇပတ်ရုံး အယူခံအဖွဲ့၏ အမှုတွဲများမှ တွေ့ရှိရသည်။ (**ပြည်ထောင်စု** နှင့် **ဦးထွန်းအေး**၊ တောင်ငူအထူးရာဇဝတ်ရုံးအမှုတ် ၂၄/၆၃။ **ပြည်ထောင်စု** နှင့် **ဦးအေးသင်း**၊ အင်းစိန်အထူးရာဇဝတ်ရုံးအမှုတ် ၉/၆၃။)

ဦးသန်းခွဲ၏ ထွက်ဆိုချက်နှင့် အမှုပါ အချက်အလက်များကို ထောက်ချင့်၍၊ လျှောက်ထားသူ ဦးကျော်ညွန့်သည် တာဝန်ဝတ်တရားနှင့် လုံးဝမအပ်မစပ်ပြုလုပ်ခဲ့သည်ဟု မဆိုနိုင်ကြောင်း၊ ထိုကြောင့် ၎င်းအား တရားစွဲဆိုရန် အစိုးရ၏ ကြိုတင်ခွင့်ပြုမိန့်လိုကြောင်းဖြင့် ပညာရှိ လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးဘကျော်ကလည်း တင်ပြသည်။ ကျွန်ုပ်တို့ကလည်း အထက်၌ ဖော်ပြပြီးသော အကြောင်းတို့ကြောင့် ထိုသို့ပင် သဘောရရှိသဖြင့်၊ ပညာရှိ စက်ရှင်တရားသူကြီး၏ ထောက်ခံချက်ကို လက်ခံကာ၊ အစိုးရ၏ ကြိုတင်ခွင့်ပြုချက်လိုသောအမှု ဖြစ်သည်ဟု ဆုံးဖြတ်သည်။

လျှောက်ထားသူ၏ ပညာရှိရှေ့နေကြီး ဦးတင့်က ယခုအထိ မှတ်တမ်းတင်ပြီးသော သက်သေခံချက်တို့အရပင် လျှောက်ထားသူတွင် အပြစ်မရှိဟု ရှင်းလင်းသည်ဟု တဆက်တည်းကျွန်ုပ်တို့က ဆုံးဖြတ်ပေးရန် တောင်းခံသည်။ သို့ဆုတွင် ထိုအချက်နှင့် ပတ်သက်၍မူကျွန်ုပ်တို့သည် စက်ရှင်တရားသူကြီးနှင့် ထပ်တူပင်၊ အချက်အလက် မပြည့်စုံသေးဟုသဘောရရှိကြသည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမအထွေထွေလျှောက်လွှာ

တရားသူကြီးချုပ်ဒေါက်တာမောင်မောင်၊ တရားသူကြီးဦးချစ်နှင့်တရားသူကြီး ဦးသက်ဖေ တို့ရှေ့တွင်

† ၁၉၆၆ မတ်လ ၈ ရက်။

ဦးကြင်စိန် (လျှောက်ထားသူ)

နှင့်

မန္တလေးမြို့၊ အရှေ့ပိုင်း လဘက်ရည်နှင့် မုံ့ဖိုလုပ်ငန်းပိုင်ရှင်မျှား သမဝါယမကွန်ကိုးလီမိတက် (လျှောက်ထားခံရသူ) *

မြန်မာနိုင်ငံ သမဝါယမအသင်းများဆိုင်ရာ နည်းဥပဒေအပိုဒ် ၁၅ (၁) သမဝါယမအသင်း၏ လုပ်ငန်းများနှင့် ပတ်သက်၍ အသင်းသားအချင်းချင်း၊ သို့မဟုတ် အသင်းသားနှင့် အသင်း တဖက်တချက် အငြင်းပွါးကြခြင်း—မှတ်ပုံတင်အရာရှိက ဆုံးဖြတ်နိုင်ခြင်း—အသင်းသားဟောင်း ဆိုသည့် စကားရပ်—အသင်းသားအဖြစ် မရသေးမီက ထိုပုဂ္ဂိုလ်နှင့် အသင်းတို့အချင်းချင်း ဆက်ဆံဆောင်ရွက်ကြသည့် ကိစ္စ—သမဝါယမမြို့နယ်အရာရှိက ဆုံးဖြတ်ခွင့် ရှိမရှိ။

ဆုံးဖြတ်ချက်။ ။ပြည်သူ အချင်းချင်း ပဋိပက္ခ ဖြစ်ကြလျှင်သာမန်အားဖြင့် တရားရုံးမျှားသို့သွားရန်ဖြစ်သော်လည်း၊ မြန်မာနိုင်ငံ သမဝါယမအသင်းမျှားဆိုင်ရာ နည်းဥပဒေ ၁၅ အတွင်း ကျရောက်သော မှုခင်း ကိစ္စမျှားကို မူကား တရားရုံးသို့ မရောက်စေဘဲ၊ မှတ်ပုံတင် အရာရှိနှင့်ပ မြန်မြန် ဆန်ဆန် စရိတ်စခ သက်သက်သာသာ ပြီးစေသည်။ ဤကဲ့သို့ အထူး ဥပဒေ ပြုလုပ်၍၊ ပြဋ္ဌာန်းထားချက်များကို တတ်နိုင်သမျှ တိတိကျကျ အဓိပ္ပါယ်ကောက်ယူ ကျင့်သုံးရသည်။ ဥပဒေ ကရည်မှန်းသည်ထက် ကျယ်ဝန်းစေအောင် ဆွဲငင်၍ သုံးစွဲရသည် မဟုတ်။

ထပ်မံဆုံးဖြတ်ချက်။ ။အသင်းသားဟောင်း ဆိုသည့် စကားရပ်ကို အချင်း ဖြစ်ပွါးသည့် အချိန်က အသင်းသား အဖြစ် တည်နေခဲ့သော် အသင်းသားဟောင်းဟူ၍၊ အဓိပ္ပါယ်ကောက် ယူမှု ပိုမိုမျှတမည်ဟု ယူဆသည်။ ထိုသို့ အဓိပ္ပါယ် ကောက်ယူမှ ဥပဒေကို ပြဋ္ဌာန်းသည့် ရည်ရွယ် ချက်နှင့် ပိုမို ကိုက်ညီမည်။ တကြိမ်တခါက အသင်းသား ဖြစ်ခဲ့ဘူးခဲ့မျှနှင့် ထိုပုဂ္ဂိုလ်သည် အသင်း သားအဖြစ်ကို မရသေးမီက ထိုပုဂ္ဂိုလ်နှင့် အသင်းတို့ အချင်းချင်း ဆက်ဆံ ဆောင်ရွက်ကြခဲ့သည့် ကိစ္စနှင့် ပတ်သက်၍၊ အချင်းဖြစ်ပွါးလျှင်၊ တရားရုံးသို့ မသွားစေရဘဲ၊ နည်းဥပဒေ ၁၅ အရ၊ မှတ်ပုံတင်အရာရှိထံသို့သာ သွားရမည်ဆိုလျှင်၊ မျှတ မှန်ကန်မည်ဟု မဆိုသာခေျ၊ အချင်း ဖြစ်ပွါးစဉ် အခါက၊ ထိုပုဂ္ဂိုလ်နှင့် အသင်းသည် အသင်း၏ စည်းကမ်းဘောင်မျှား အတွင်းက ဆက်ဆံခဲ့ကြသည်ဟု မဆိုသာခေျ။ ထိုအချိန်က ထိုပုဂ္ဂိုလ်နှင့် အသင်းတို့ ဆက်ဆံခြင်းသည်၊ အသင်းနှင့်

* ၁၉၆၅ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ အမှတ် ၅။

† မန္တလေးမြို့၊ တရားရုံးချုပ်၏ တရားမ ပဌမ အယူခံမှုအမှတ် ၄ တွင် ၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့စွဲပါ အမိန့်နှင့် ဒီကရီတို့ကို မကျေနပ်၍၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ အထူး အယူခံ ဝင်ခွင့်ရရန် လျှောက်ထားသော လျှောက်လွှာ။

အသင်းသားတို့၏ ဆက်ဆံခြင်းမျိုးသာ ဖြစ်ခဲ့သည်ဟု မဆိုသာချေ။ ထို့ကြောင့် ထိုဆက်ဆံခြင်းမှ ပေါက်ဖွါးသော ပဋိပက္ခမှသည် နည်းဥပဒေ ၁၅ အတင်းသို့ မကျရောက်ဘဲ သမဝါယမ မြို့နယ်အရာရှိက အမှုကိုလက်ခံ စစ်ဆေး၍ ဆုံးဖြတ်ခဲ့ခြင်းသည် တရားမဝင်၊ အတည် မဖြစ်။

လျှောက်ထားသူအတွက်။ ။ဦးကျော်မြင့်။

လျှောက်ထားခံရသူအဘွက်။ ။ဦးတင့်။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။အယူခံတရားလို ဦးကြင်စိန်အပေါ်တွင်၊ မန္တလေးမြို့အရှေ့ပိုင်း လာက်ရည်နှင့် မုံဖိုလုပ်ငန်းပိုင်ရှင်များ သမဝါယမကွန်ကိုး လိမိတက်၏ လုပ်ငန်းနှင့်ပတ်သက်၍၊ ငွေများရေးရာရှိသည်ဟု၊ မြို့နယ်သမဝါယမအရာရှိက၊ အနည်ာတခုံဖြင့် ဆုံးဖြတ်ချက်ချခဲ့သည်။ မြန်မာနိုင်ငံ သမဝါယမအသင်းများဆိုင်ရာနည်းဥပဒေအပိုဒ် ၁၅(၁)အရ၊သမဝါယမအသင်းတခု၏ အသင်းဝင်၊ သို့မဟုတ် အသင်းဝင်ဟောင်း အချင်းချင်းသော်၎င်း၊ အသင်းဝင်၊ သို့မဟုတ် အသင်းသားဟောင်းနှင့် အသင်း၏ကော်မီတီ၊ သို့မဟုတ် အရာရှိတို့တဘက်တချက် အသင်း၏ လုပ်ငန်းဆောင်တာနှင့်ပတ်သက်၍၊ အချင်းဖြစ်ပွါးကြလျှင်၊ မှတ်ပုံတင်အရာရှိထံသို့၊ ထိုအချင်းဖြစ်ပွါးခြင်းကို တင်သွင်းရမည်ဟု ဖော်ပြထားသည်။ ထိုပြဋ္ဌာန်းချက်အရ၊ သမဝါယမ မြို့နယ်အရာရှိက၊ ဦးကြင်စိန်နှင့် သမဝါယမအသင်းတို့အကြား၊ အချင်းဖြစ်ပွါးခြင်းကို စစ်ဆေးဆုံးဖြတ်ခဲ့ခြင်းဖြစ်ပေသည်။

ဦးကြင်စိန်က၊ မန္တလေးမြို့ရာဘက် ခရိုင်တရားမရုံး၌၊ အထက်ဖော်ပြပါကဲ့သို့၊ သမဝါယမမြို့နယ်အရာရှိက၊ ၎င်း၏အပေါ် ဆုံးဖြတ်ချက်ချမှတ်ထားခြင်းသည်၊ တရားမဝင်ပါ၊ အချင်းဖြစ်ပွါးစဉ်အခါက၊ ၎င်းသည်၊ အဲသင်းဝင်တဦးမဟုတ်ခဲ့ပါ။ ထို့ကြောင့် မှတ်ပုံတင်အရာရှိအား၊ အသင်းကိစ္စများနှင့်ပတ်သက်၍ စီရင်ဆုံးဖြတ်ပိုင်ခွင့်ပေးထားသည့် နည်းဥပဒေအတွင်း၌ ၎င်းသည်မကျရောက်ပါ။ ထို့ကြောင့်၊ မြို့နယ်အရာရှိက ချမှတ်ထားသောအမိန့်သည်၊ စီရင်ပိုင်ခွင့်ကို ကျော်လွန်၍ ချမှတ်ထားခြင်းဖြစ်သောကြောင့်၊ တရားမဝင်ဟု၊ မြွက်ဟကျေညာပေးပါဟု၊ ရာဘက်ခရိုင် တရားမရုံးတွင် ဦးကြင်စိန်က၊ တရားစွဲဆိုခဲ့သည်။

ပညာရှိရာဘက်ခရိုင် တရားမတရားသူကြီးက၊ အကြောင်းချင်းရာများနှင့် ဥပဒေအချက်အလက်များကို၊ စေ့စုံစွာသုံးသပ်ပြီးနောက်၊ ဦးကြင်စိန်တောင်းဆိုသည့် မြွက်ဟဒီကရီကို၊ ချမှတ်ပေးခဲ့သည်။ ပညာရှိ တရားသူကြီးကတွေ့ရှိသည်မှာ၊ ဦးကြင်စိန်သည်၊ အသင်း၏အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ဘူးသည် မှန်သော်လည်း၊ ၎င်းကိုယ်တိုင် အချင်းဖြစ်ပွါးသည့်အချိန်က အသင်းသားမဟုတ်ခဲ့၊ ထို့နောက်ပိုင်းမှ အသင်းဝင်အဖြစ်ကို ရရှိခဲ့သည်။ ထို့ကြောင့် သမဝါယမမြို့နယ်အရာရှိက စစ်ဆေးဆုံးဖြတ်သော၊

အချင်းဖြစ်ပွားခြင်းနှင့် ပတ်သက်၍ ဦးကြင်စိန်သည်၊ အသင်း၏ လက်ရှိအသင်းသားလည်းမဟုတ်၊ အသင်းသားဟောင်းလည်း မဟုတ်သောကြောင့်၊ မြို့နယ်အရာရှိတွင် အမှုကိုလက်ခံ စစ်ဆေးဆုံးဖြတ်ပိုင်ခွင့်မရှိ။ အမှုတွင် ချမှတ်သောအမိန့်သည်၊ ဒီကရီအာဏာမတည်ဟူ၍ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အသင်းက၊ ထိုဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့်၊ ဤရုံးသို့ ပထမ အယူခံတင်သွင်းခဲ့ရာ၊ မန္တလေးတွင် ရုံးထိုင်ခဲ့သော၊ ပညာရှိတရားသူကြီးဦးစံမောင်က၊ သမဝါယမအသင်းများဆိုင်ရာ နည်းဥပဒေအပိုဒ် ၁၅ ကို၊ အဓိပ္ပါယ်ကောက်ယူရာ၌၊ အချင်းဖြစ်ပွားစဉ်အခါက ဦးကြင်စိန်သည် အသင်းသားမဟုတ်ခဲ့ဟု ဆိုစေဦးတော့၊ အချင်းဖြစ်ပွားသည့်ကိစ္စကို၊ သမဝါယမအသင်းများ၏ မှတ်ပုံတင်အရာရှိထံပို့သောအချိန်၌ ဆိုလျှင်၊ ဦးကြင်စိန်သည် အနည်းဆုံး အသင်းသားဟောင်း ဖြစ်၍နေပြီ။ ထိုကြောင့် အမှုကိစ္စသည်၊နည်းဥပဒေ ၁၅ အတွင်း၌ကျရောက်သည်။ မှတ်ပုံတင်အရာရှိတွင်လည်း စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟုကောက်ယူကာ၊ အယူခံကိုလက်ခံ၍၊ မူလရုံး၏ စီရင်ချက်နှင့်အမိန့်တို့ကို ပလပ်ခဲ့လေသည်။

ဦးကြင်စိန်က၊ အယူခံဝင်ရန်အခွင့်ထူးကိုတောင်းသဖြင့် အယူခံတရားခံများအား ထုချေလိုကထုချေနိုင်ရန် အချိန်ပေးပြီးနောက် အယူခံဝင်ရန် အခွင့်ထူးကိုပေးခဲ့သည်။ ထိုသို့ပေးစဉ်က၊ အောက်ပါပြဿနာကို စဉ်းစားဆုံးဖြတ်ရန်လိုပေလိမ့်မည်ဟု၊ ခုံရုံးကမှတ်ချက်ပြုခဲ့သည်။

"ဤအမှုတွင်၊ လျှောက်ထားသူဦးကြင်စိန်သည်အချင်းဖြစ်စဉ်အခါက၊ သမဝါယမအသင်းသားတစ်ဦး မဟုတ်ဟု အဆိုရှိသည်။ အချင်းဖြစ်ပြီးမှ အသင်းသားတစ်ဦးဖြစ်လာသည်။ သို့ရာတွင်၊ ၄င်း၏အပြုအမူအားဖြင့်၊ သက်သေခံချက်မတင်မပြနိုင်ရန်၊ အပြီးသတ်ပိတ်ပင်ခြင်း (Estoppel by Conduct)ရှိမရှိ ဟူသောပြဿနာမှာ၊ အများနှင့် သက်ဆိုင်သော အရေးကြီးသည့် ဥပဒေပါဝင် သက်ရောက်သည်ဟု ယူဆသည်။ ထိုဥပဒေရေးရာအချက်နှင့် ပတ်သက်၍၊ နောက်နောင်အဲ့ကျိုးဖြစ်ထွန်း မည်ဟူ၍လည်း ယူဆသည်။"

အယူခံတရားလို၏ ပညာရှိရှေ့နေကြီး ဦးကျော်မြင့်က၊ အထက်ပါပြဿနာတရပ်တည်းကိုသာ ကွန်မ်တို့က စဉ်းစား ကြမည်ဆိုလျှင်၊ ၄င်း၏ အမှုသယ်သည် အလွယ်တကူအနိုင်ရပြီးဖြစ်ပါသည်။ အကြောင်းမူကား။ သက်သေအထောက်အထားများအရ၊ ဦးကြင်စိန်သည်၊ တစ်ကြိမ်တစ်ခါကမျှ၊ ၄င်းသည်အသင်းသားမဟုတ်ပါဘဲနှင့် အသင်းသား ဖြစ်လေဟန်ဆောင်ခဲ့သည်ဟုမပေါ်ပါ။ ဦးကြင်စိန်သည်၊ အသင်းဝင်တစ်ဦး၏ ကိုယ်စားလှယ်မျှသာဖြစ်၍၊ အစွမ်းအစရှိသူဖြစ်သောကြောင့်၊ ၄င်းအား အသင်းသား

ဦးကြင်စိန်နှင့် မန္တလေးမြို့၊ အရွှေပိုင်းလာဘက်ရည်နှင့် မုံဖိုလုပ်ငန်းပိုင်ရှင်များ သမဝါယမကွန်ကိုးလိမိတက်။

မဟုတ်ဘဲ၊ အတွင်းရေးမှူးအဖြစ် တာဝန်ယူစေ၍ အသင်းကိစ္စများကို ဆောင်ရွက်စေခဲ့ကြကြောင်း၊ အများသိသည်ဟု သက်သေအထင်အရှားရှိပါသည်။ အသင်းကိုငင်း၊ အသင်းသားများကိုသော်ငင်း၊ မိမိသည်၊ အသင်းသား တဦးဖြစ်သည်ဟု လွဲမှားယုံကြည်အောင် တစုံတခုပြုခဲ့သည့်၊ အထောက်အထား လုံးဝမရှိပါ။ ထို့ကြောင့် အထက်ပါပြဿနာ တရပ်တည်းကိုသာ စဉ်းစား၍၊ အယူခံကိုဆုံးဖြတ်မည်ဆိုလျှင်၊ အယူခံတဆူးလိုကို အသာပေး၍ ဆုံးဖြတ်ရမည်သာဖြစ်ပါသည်ဟု၊ ပညာရှိရွှေနေကြီးက လျောက်လဲသည်။ အထောက်အထားများအရလည်း၊ ကျွန်ုပ်တို့သည် ထိုသို့ပင်ဆွေ့ရှိကြသည်။ ဦးကြင်စိန်သည် အသင်း၏အဘွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ခြင်းသည်၊ စည်းကမ်းများနှင့်အတိအကျ ညီညွတ်သည်ဟု မဆိုသာချေ။ သို့ရာတွင်၊ ငင်းက ငင်းကိုယ်ကို အသင်းသားတဦးဖြစ်ပါသည်ဟု၊ အခြားသူများ လွဲမှားယုံကြည်အောင် ပြုလုပ်၍၊ ထိုဆုထူးကိုယူခဲ့သည်ဟု မပေါ်လွင်။ ငင်းသည်၊ အသင်းသားတဦး၏ ကိုယ်စားလှယ်ဖြစ်ကြောင်းကို၊ အများသိ၍ လက်ခံခဲ့ကြဟန်တူသည်။

ဦးကျော်မြင့်က နောက်တဆင့်တင်ပြသည်မှာ၊ ပညာရှိတရားသူကြီး ဦးစံမောင်၏ စီရင်ချက်တွင် "အသင်းသားဟောင်း" ဟူသောစကားရပ်ကို၊ အဓိပ္ပါယ်ကောက်ယူ ရာ၌၊ ဟိုရိုလ်တဦးကယောင်္ကာသည်၊ အသင်းသားဖြစ်ခဲ့ဘူးလျှင်၊ အသင်းသားအဖြစ်မှ ရပ်စဲပြီးသည့်နောက်ပိုင်း မည်သည့်အချိန်ဥမဆို အသင်းသားဟောင်းဖြစ်သည်။ ထို့ကြောင့်၊ အသင်းသားအဖြစ်မှ ရပ်စဲပြီးသည့်နောက်၊ အသင်း၏လုပ်ငန်း ဆောင်တာနှင့် ပတ်သက်၍၊ အမှုကိစ္စပေါ် ပေါက်လျှင်၊ ငင်းပုဂ္ဂိုလ်အပေါ် တွင်၊ စစ်ဆေးဆုံးဖြတ်နိုင်ခွင့်ရှိသည်၊ သမဝါယမအသင်းများမှတ်ပုံတင် အရာရှိတွင် တည်ရှိသည်။ ထိုသို့ပညာရှိတရားသူကြီး ဦးစံမောင်က အဓိပ္ပါယ်ကောက်ယူခြင်းသည်၊ ကျယ်ဝန်းလှပါသည်။ အမှန်အားဖြင့်၊ ကောက်ယူသင့်သည်မှာ၊ အချင်းဖြစ်ပွါးသော ကိစ္စများပေါ် ပေါက်သည့် အချိန်ဥ အသင်းသားဖြစ်နေခဲ့သော် အသင်းသားဟောင်းဟူ၍သာ၊ နည်းဥပဒေ ၁၅ ကို တိတိကျကျအဓိပ္ပါယ် ကောက်ယူသင့်ပါသည်ဟု လျောက်လဲတင်ပြသည်။

ဦးကြင်စိန်သည်၊ ၁၉၅၃ ခုနှစ်၊ ဖြေလ ၂၃ ရက်နေ့တွင်မှ၊ အယူခံဘရားခံအသင်း၏ အသင်းသားတဦး ဖြစ်လာခဲ့ကြောင်းကို၊ မူလရုံးနှင့် ပဌမအယူခံရုံးတို့က ဧွေ့ရှိပြီး ဖြစ်သည်။ ၁၉၅၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ဘွင်၊ ငင်းအပေါ် အသင်းအုပ်ချုပ်သူများက၊ မကျေနပ်ကြ၍ ငင်းအားအသင်းသားအဖြစ်မှ ထုတ်ပယ်ကြောင်း အကြောင်းကြားခဲ့သည်။ ထိုသို့ထုတ်ပယ်ခြင်းမပြုမှီ၊ အသင်း၏ဥက္ကဋ္ဌ ဦးကြင်စိန်သည် အသင်း၏အထယ်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သည့် အချိန်ကာလအတွင်းက၊ အသင်းသို့ ငွေစိုက်ထုတ်ပေးထားသည်ဆိုသော ငွေတဒသောင်းကို၊ ဦးကြင်စိန်အား ပြန်ပေးခဲ့သည်။ ထိုသို့အသင်းနှင့် ဦးကြင်စိန်ငွေလည်းအမ်း၊ အသင်းသားအဖြစ်မှ

၁၉၆၆
ဦးကြင်စိန်နှင့် မန္တလေးမြို့၊ အရှေ့ပိုင်း လဘက်ရည်နှင့် မုံဖိုလုပ်ငန်း ပိုင်ရှင်များ သမဝါယမကုန်ကိုး လိမိတက်။

လည်း ထုတ်ပယ်ပြီးကြသည့်နောက်မှ ယခင် ၁၉၅၁-၅၂ ခုနှစ်အတွက်၊ အသင်း၏ ငွေစာရင်းများကို စစ်ဆေးကြည့်ရှုရာတွင်၊ ကွာနေသည်ဆိုသော ငွေပေါင်း ၇,၂၀၀ ကျပ် အတွက်၊ အသင်းက၊ ဦးကြင်စိန်အပေါ် မှတ်ပုံတင်အရာရှိသို့ တိုင်တမ်းခဲ့ခြင်းဖြစ်သည်။ ထိုစာရင်းစစ် နှစ်အတွင်းက၊ ဦးကြင်စိန်သည် အသင်းသားမဟုတ်ကြောင်းကို၊ မူလရုံး နှင့်ပဋမအယူခံရုံးတို့က တွေ့ရှိကြသည်။ သို့ရာတွင်၊ ထိုအချိန်က ဦးကြင်စိန်သည်၊ အသင်း၏အတွင်းရေးမှူးအဖြစ်ဆောင်ရွက်လျက်ရှိသည်။ ၁၉၅၃ ခုနှစ်တွင်၊ ၎င်းကိုယ်တိုင်၊ အသင်းသားအဖြစ်ကိုလည်းရရှိသည်။ ထို့ကြောင့်၊ နည်းဥပဒေ ၁၅ ကို၊ အခိုပွါယ်ကောက်ယူရန်အလို့ငှါ၊ ဦးကြင်စိန်သည်၊ အသင်းသားဟောင်းတဦးဖြစ်မြောက်ပြီဟု ယူဆရမည်ဟူ၍၊ ပညာရှိတရားသူကြီး ဦးစံမောင်က ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အချင်းဖြစ်ပွါးစဉ်အခါက၊ ဦးကြင်စိန်သည်၊ အသင်းသားမဟုတ်ခဲ့ကြောင်းကို၊ အမှုကိစ္စကို စုံစမ်းစစ်ဆေးခဲ့သည့်၊ မှတ်ပုံတင် အရာရှိကိုယ်တိုင်က တွေ့ရှိပြီးနောက်၊ အောက်ပါကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

> "ဦးကြင်စိန်သည်၊ အမှုဖြစ်ပွါးသည့် နှစ်များအတွင်းက အသင်းသားအဖြစ် မတည်ခဲ့။ သုံးငါးဘီစကွတ်မှုံဘိုက် (အသင်းဝင်)၏ ကိုယ်စားလှယ်အဖြစ် ရပ်တည်ခဲ့သည်ဟု နားလည်ခဲ့ဘူးပေသည်။ သို့ရာတွင် အဆိုပါအချိန်၌ပင်လျှင်၊ ဦးကြင်စိန်သည်၊ အထက်ပါမုံတိုက်တွင်၊ အကျိုးတူဖက်စပ်လုပ်ကိုင်ခဲ့သည်မှာ အထင်အရှားဖြစ်သည်။ ထို့ကြောင့် သုံးငါးမုန့်တိုက်၏ ကိုယ်စားလှယ်အဖြစ် အသင်းတွင် ပါဝင်ခဲ့သည့်အတိုင်း၊ ၎င်းကိုယ်တိုင် ကိုယ်စားလှယ်ဖြစ်ကြောင်း မှာကား ငြင်းဆိုနိုင်ဘွယ်မရှိချေ။"

အခိုပွါယ်ဖွင့်ဆိုရာတွင်၊ ပြဿနာပေါ်နေသော၊ မြန်မာနိုင်ငံ သမဝါယမအသင်းများဆိုင်ရာ နည်းဥပဒေ ၁၅ သည်၊ သမဝါယမအသင်း၏ လုပ်ငန်းများနှင့် ပတ်သက်၍၊ အသင်းသားအချင်းချင်း၊ သို့မဟုတ် အသင်းသားနှင့် အသင်းတဘက်တချက် အငြင်းပွါးကြလျှင်၊ ထိုအငြင်းပွါးချက်များကို၊ မြန်မြန်လွယ်လွယ်နှင့် စရိတ်စကမျှားစွာမကုန်ကျစေဘဲ ဆုံးဖြတ်နိုင်ရန်၊ မှတ်ပုံတင်အရာရှိထံသို့သာ၊ အမှုကိစ္စကိုယူဆောင်သွားရမည်ဟု ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ထိုအမှုကိစ္စများကို တရားမရုံးများက၊ လက်ခံစစ်ဆေးပိုင်ခွင့်မရှိကြချေ။ မှတ်ပုံတင်အရာရှိက၊ အနည်းဘခုံအဖြစ် နှစ်ဘက်ကိုကြားနာ၍၊ သင့်တော်မျှဘသော ဆုံးဖြတ်ချက်ကို ချမှတ်နိုင်သည်။ ထိုဆုံးဖြတ်ချက်သည်၊ တရားမရုံး၏ အမိန့်ဒီကရီကဲ့သို့ ဘာသာတည်သည်။ ထို့ကြောင့်၊ နည်းဥပဒေ ၁၅ သည်၊ သာမန်တရားရုံးများ၏ စီရင်ပိုင်ခွင့်မှ သမဝါယမအသင်းများနှင့်ပတ်သက်သော အချို့ကိစ္စရပ်များကို ထုတ်ယူ၍၊ ထိုအမှုကိစ္စများကို၊ မှတ်ပုံတင်အရာရှိထံ လွှဲပြောင်းပေးပို့ခြင်းဖြစ်သည်။ တနည်းဆိုရသော်၊ ပြည်သူ့အချင်းချင်း၊ ပဋိပက္ခဖြစ်ကြလျှင်၊ သာမန်

ဦးကြင်စိန်နှင့် မန္တလေးမြို့၊ အရှေ့ပိုင်း လာဘက်ရည်နှင့် မုံဖိုလုပ်ငန်း ပိုင်ရှင်များ သမဝါယမကုန်ကိုး လိမိတက်။

အားဖြင့် တရားရုံးများသို့ သွားရန်ဖြစ်သော်လည်း၊ နည်းဥပဒေ ၁၅ အတွင်း ကျရောက်သောမူခင်းကိစ္စများကိုမူကား၊ တရားရုံးသို့ မရောက်စေဘဲ၊ မှတ်ပုံတင်အရာရှိနှင့်ပင် မြန်မြန်ဆန်ဆန် စရိတ်စခ သက်သက်သာသာပြီးစေသည်။ ဤကဲ့သို့၊ အထူးဥပဒေ ပြုလုပ်၍၊ ပြဋ္ဌာန်းထားချက်များကို၊ တတ်နိုင်သမျှ တိတိကျကျ အဓိပ္ပါယ်ကောက်ယူ ကျင့်သုံးရသည်။ ဥပဒေက၊ ရည်မှန်းသည်ထက် ကျယ်ဝန်းစေအောင် ဆွဲငင်၍ သုံးစွဲရသည်မဟုတ်။ ထိုသို့ဆွဲငင်ချဲ့ထွင်၍သုံးစွဲလျှင်၊ မူရင်းဥပဒေကို ဖြည့်စွက်သည့် သဘော၊ ဥပဒေသစ်ပြုလုပ်၍ ထောက်လှမ်းသည့်သဘော ဖြစ်နိုင်သည်။ တရားစီရင်ပိုင်ခွင့်နှင့်ပတ်သက်သော နည်းဥပဒေ ၁၅ ကဲ့သို့သော ပြဋ္ဌာန်းချက်များကို၊ တိတိကျကျ အဓိပ္ပါယ်ကောက်ယူရသည်။ ကျယ်ဝန်းစွာချဲ့ထွင်၍ အဓိပ္ပါယ်ကောက်ယူခြင်းမပြုရ။

ထိုမူအရဆိုလျှင် အသင်းသားဟောင်းဆိုသည့် စကားရပ်ကို၊ အချင်းဖြစ်ပွါးသည့် အချိန်က၊ အသင်းသားအဖြစ် တည်နေခဲ့သော် အသင်းသားဟောင်းဟူ၍ အဓိပ္ပါယ်ကောက်ယူမှ ပိုမိုမျှတမည်ဟုယူဆသည်။ ထိုသို့အဓိပ္ပါယ်ကောက်ယူမှ ဥပဒေကိုပြဋ္ဌာန်းသည့်ရည်ရွယ်ချက်နှင့် ပိုမိုကိုက်ညီမည်။ တကြိမ်တခါက အသင်းသားဖြစ်ခဲ့ဘူးရုံမျှနှင့်၊ ထိုပုဂ္ဂိုလ်သည် အသင်းသားအဖြစ်ကို မခံသေးမီက၊ ထိုပုဂ္ဂိုလ်နှင့် အသင်းတို့အချင်းချင်း ဆက်ဆံဆောင်ရွက်ခဲ့ကြသည့် ကိစ္စနှင့်ပတ်သက်၍၊ အချင်းဖြစ်ပွါးလျှင်၊ တရားရုံးသို့၊ မသွားစေဘဲ၊ နည်းဥပဒေ ၁၅ အရ၊ မှတ်ပုံတင်အရာရှိထံသို့သာ၊ သွားရမည်ဆိုလျှင်၊ မျှတမှုနှင့်ကန်မည်ဟု မဆိုသာချေ။ အချင်းဖြစ်ပွါးစဉ်အခါက၊ ထိုပုဂ္ဂိုလ်နှင့်အသင်းသည် အသင်း၏ စည်းကမ်းဘောင်များအတွင်းက ဆက်ဆံခဲ့ကြသည်ဟု မဆိုသာချေ။ ထိုအချိန်က၊ ထိုပုဂ္ဂိုလ်နှင့် အသင်းတို့ဆက်ဆံခြင်းသည်၊ အသင်းနှင့် အသင်းသားတို့၏ ဆက်ဆံခြင်းမျိုးသာ ဖြစ်ခဲ့သည်ဟု မဆိုသာချေ။ ထို့ကြောင့် ထိုဆက်ဆံခြင်းမှ ပေါက်ဖွါးသော ပဋိပက္ခမှုသည်၊ နည်းဥပဒေ ၁၅ အတွင်းသို့ မကျရောက်ဘဲ၊ သမဝါယမမြို့နယ်အရာရှိက၊ အမှုကိုလက်ခံစစ်ဆေး၍၊ ဆုံးဖြတ်ခဲ့ခြင်းသည် တရားမဝင်၊ အတည်မဖြစ် ဟူ၍၊ ကျွန်ုပ်တို့ ဆုံးဖြတ်ရပေမည်။

အထက်ပါအကြောင်းတို့ကြောင့်၊ ဤအထူးအယူခံမှုကို၊ လက်ခံ၍၊ ပဌမအယူခံရုံးက ချမှတ်ခဲ့သော စီရင်ချက်နှင့်အမိန့်တို့ကို စရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။

ဤရုံး ရွှေနေကြီးခ ၅၁ ကျပ်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးထွန်းတင်၊ တရားသူကြီး ဦးချစ်နှင့် ဦးသက်ဖေတို့ရှေ့တွင်

† ၁၉၆၆ ဦးစောဝင်း ပါ ၁ (ပြင်ဆင်ရန်လျှောက်ထားသူများ)

မတ်လ ၈ ရက်။

နှင့်

အထူးတရားသူကြီး (၁) ပါ ၂ (အထူးစုံစမ်းရေးဌာန အက်ဥပဒေ၊ ရန်ကုန်မြို့) (ပြင်ဆင်ရန်လျှောက်ထားခံရသူများ)*

နိုင်ငံခြားသား ကုမ္ပဏီတခုအပေါ် ရာဇဝတ်ကြောင်းနှင့် အရေးယူခြင်း —ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီတခုသည် ဥပဒေ၏ မျက်စေ့တွင် သက်ရှိပုဂ္ဂိုလ်တဦးကဲ့သို့ သီးခြားရပ်တည်ခြင်းရှိသည်။ ထိုရပ်တည်သော ပုဂ္ဂိုလ်သည် ကုမ္ပဏီတွင် အစုပါဝင်ကြသူများ၊ ကုမ္ပဏီကို အုပ်ချုပ်ကွပ်ကဲကြသော ဒါရိုက်တာလူကြီးများ၊ ကုမ္ပဏီတွင် အမှုထမ်းကြသော အဆာရှိများနှင့် တသီးတခြားဖြစ်သည့် သက်မဲ့ဖြစ်သော ကုမ္ပဏီသည် သက်ရှိပုဂ္ဂိုလ်တဦးကဲ့သို့ သီးခြား ရပ်တည်ခြင်းမှာ ဥပဒေက ပြဋ္ဌာန်းခြင်းကြောင့် ဖြစ်သည်။ သို့ရာတွင် ကုမ္ပဏီဆိုသည်မှာ လူပုဂ္ဂိုလ်များက ပါဝင်ဆောင်ရွက်ခြင်း၊ အုပ်ချုပ်ကွပ်ကဲခြင်းမပြုဘဲ လုပ်ရှားဆောင်ရွက်နိုင်သည်မဟုတ်။ ထို့ကြောင့် လက်တွေ့အားဖြင့် ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များ အတူယှဉ်တွဲ၍ လုပ်ကိုင်ကြရသည်။ ဥပဒေ၏ မျက်စေ့တွင်ကား ကုမ္ပဏီ၏ လုပ်ကိုင်ချက်၊ အခွင့်အရေး၊ တာဝန်စသည်တို့နှင့် လူပုဂ္ဂိုလ်တို့၏ လုပ်ကိုင်ချက်၊ အခွင့်အရေး တာဝန်စသည်တို့ကို ခွဲခြား၍ မြင်နိုင်သည်။ ကုမ္ပဏီတခုသည် သက်ရှိပုဂ္ဂိုလ်တဦးဖြစ်သကဲ့သို့ သီးခြားရပ်တည်သည့် အားလျော်စွာ၊ အခွင့်အရေးများလည်း သီးခြားရှိသည်။ တာဝန်များလည်း သီးခြားရှိသည်။ တာဝန်ပျက်ကွက်လျှင် တရားမကြောင်း၊ ရာဇဝတ်ကြောင်း စသည်တို့ဖြင့် ဥပဒေက ပြဋ္ဌာန်းထားသလို ကုမ္ပဏီသည်လည်း သီးခြား တရားစွဲဆိုခြင်း ခံရနိုင်သည်။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၅၀ (ခ)။

† လျှောက်ထားသူများက ၎င်းတို့အပေါ် ရန်ကုန်မြို့ပဋမအဆင့်တရားသူကြီး (အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေ) ရုံး ရာဇဝတ်ကြီးမှုအမှတ် ၂၇၃/၅၉ တွင် နိုင်ငံခြားငွေ လဲလှယ်မှုစည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေပုဒ်မ ၂၄ (၂) အရ စွဲဆိုထားသည့်အမှုတွဲကို ပယ်ဖျက်ပေးရန် လျှောက်ထားသော လျှောက်လွှာ။

ထပ်မံဆုံးဖြတ်ချက်။ ။လျှောက်ထားသူများသည် အမှုတွင် တရားခံများမဟုတ်ကြတော့ပြီ။ ၎င်းတို့သည် တရားခံကုမ္ပဏီ၏ ကိုယ်စား ပါဝင်ခုခံနေကြခြင်းသာ ဖြစ်သည်။ တရားခံကုမ္ပဏီသည် ဥပဒေအရ နိုင်ငံခြားသား ကုမ္ပဏီဖြစ်နေသည်ကို မူလရုံးက တွေ့ရှိဆုံးဖြတ်ပြီးဖြစ်သည်။ ထို့ကြောင့် တရားခံကုမ္ပဏီအပေါ် ဆက်လက်အရေးယူလျက်ရှိခြင်းသည် အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့်အမိန့်နှင့် ကိုက်ညီသည်။လျှောက်ထားသူများသည် တရားခံကုမ္ပဏီကို ကိုယ်စားပြု၍ အမှုတွင်ခုခံနေကြရခြင်းသည် အထွေထွေ လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်၏ အနှစ်သာရနှင့်ဆန့်ကျင်ခြင်းမည်သို့မျှမရှိ။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။ဦးခြေဝင်ဖိုး။

ပြင်ဆင်ရန် လျှောက်ထား ခံရသူအတွက်။ ။လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးဘကျော်။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။မြန်မာသဘော်ဝ ကော်ပိုရေးရှင်းလီမိတက်ကို နိုင်ငံခြား ငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေး ဥပဒေအရ ရန်ကုန်မြို့၊ အထူး တရားသူကြီးရုံး (အထူးစုံစမ်း စစ်ဆေးရေးဌာန အက်ဥပဒေ)တွင် တရားစွဲဆို ထားသည်။ မူလအမှုကို စွဲဆိုတင်ပို့စဉ် အခါက လျှောက်ထားသူ ၂ ဦးအပါအဝင် ကုမ္ပဏီ၏ ဒါရိုက်တာ လူကြီးများနှင့် အုခြားကုမ္ပဏီ အရာရှိများကိုပါ တရားခံများ အဖြစ် ပူးတွဲတင်ပို့ခဲ့ခြင်းဖြစ်သည်။ ထို့နောက်မှ ကုမ္ပဏီကိုပါ သီးခြားတရားခံ တဦး အဖြစ်ထည့်သွင်းရန် တရားလိုဘက်မှ လျှောက်ထား၍ ရုံးကခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ထိုသို့ကုမ္ပဏီနှင့်တကွ ဒါရိုက်တာ လူကြီးများ၊ အခြားအရာရှိများကို တရားစွဲဆိုလျက် ရှိစဉ် အစိုးရက အထွေထွေ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်ကို ထုတ်ပြန်ခဲ့သည်။ဒါရိုက်တာ လူကြီးများနှင့် အခြားအရာရှိများသည် လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်၏ အကျိုးခံစား ခွင့်ရှိကြသော ပြည်ထောင်စုသားများ ဟုတ် မဟုတ်ကို ရုံးကစုံစမ်း စစ်ဆေးခဲ့၍၊ ၎င်းတို့သည် ပြည်ထောင်စုသားများ ဖြစ်ကြသည်ဟု ကောက်ယူ ဆုံးဖြတ်ခဲ့သည်၊ ကုမ္ပဏီနှင့် ပတ်သက်၍မူကား၊ အစုရှယ်ယာဝင်များတွင် နိုင်ငံခြားသားများလည်း ပါဝင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ၊ ကုမ္ပဏီသည်၊ နိုင်ငံခြားသား ဖြစ်သည်ဟု ရုံးကဆုံးဖြတ်ခဲ့သည်။ တိုဆုံးဖြတ်ချက်များကို မူဘည်၍ တရားရေးဌာနက လူပုဂ္ဂိုလ် တရားခံများကို အမှုမှ လွှတ်ငြိမ်းခွင့်ပြုကြောင်း၊ ကုမ္ပဏီ အဝပါ စွဲဆိုထားသော အမှုကိုမူ တရားဥပဒေအရ ဆက်လက် စစ်ဆေးရန် ဖြစ်ကြောင်း ရုံးအား ညွှန်ကြားခဲ့သည်။ ထိုညွှန်ကြားချက်အရ ကုမ္ပဏီမှလွဲ၍ အခြားတရားခံများကို လွှတ်ငြိမ်းခွင့် ပြုခဲ့သည်။ ကုမ္ပဏီအပေါ်၌မူ ဆက်လက် စစ်ဆေးလျက်ရှိသည်။လျှောက်ထားသူ ၂ ဦးသည် ကုမ္ပဏီ၏ ဒါရိုက်တာ လူကြီးများအဖြစ် ကုမ္ပဏီ၏ ကိုယ်စား အမှုတွင် ဆက်လက်ပါဝင် ခုခံနေကြရသည်။ ၎င်းတို့က ဤရုံးသို့ ပြင်ဆင်မှုဖွင့်လှစ် လျှောက်ထားကြရာ၌ ၎င်းတို့အား လွှတ်ငြိမ်းခွင့် ပြုပြီးနောက် ကုမ္ပဏီအပေါ်

၁၉၆၆

ဦးစောဝင်း ပါ ၁ နှင့် အထူးတရားသူကြီး (၁) ပါ ၂ (အထူးစုံစမ်းရေးဌာန အက်ဥပဒေ၊ ရန်ကုန်မြို့)။

ဆက်လက် စစ်ဆေးကာ အမှုပြီးဆုံးသည့် အခါ၌ အကယ်၍ အပြစ်ပေးပါလျှင်၊ ၎င်းတို့သာ ကုမ္ပဏီ၏ကိုယ်စား ပြစ်ဒဏ်ကျခံရမည် ဖြစ်ပါသည်။ စွပ်စွဲထားသော ပြစ်မှုအရဆိုလျှင် ထောင်ဒဏ် သင့်နိုင်သည်ဖြစ်၍ အကယ်၍ရုံးက ကုမ္ပဏီအား ထောင်ဒဏ် ပေးလျှင် ၎င်းတို့သာ ကုမ္ပဏီကိုယ်စား ထိုဒဏ်ကို ခံရမည် ဖြစ်ပါသည်။ ထိုသို့ ခံယူရမည် ဆိုလျှင် အစိုးရက ၎င်းတို့အား အမှုနှင့် ပတ်သက်၍ လွှတ်ငြိမ်းခွင့် ပြုထားခြင်းသည် အကျိုးမဲ့ အလဟဿ ဖြစ်ရပါမည်။ ထို့ကြောင့် ကုမ္ပဏီအပေါ် ဆက်လက် အရေးယူခြင်းကို ပယ်ဖျက် ပေးသင့်ပါသည်ဟု မြွက်ဆိုကြသည်။

ကုမ္ပဏီ၏ ဒါရိုက်တာ လူကြီးများနှင့် အခြားအရာရှိများကို ပြည်ထောင်စုသားများအဖြစ် လွှတ်ငြိမ်းချမ်းသာခွင့် ပြုပြီးနောက်မှ နိုင်ငံခြားသား ကုမ္ပဏီဘခုအပေါ် ရာဇဝတ်ကြောင်းနှင့် ဆက်လက် အရေးယူခြင်းသည် အထွေထွေ လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်၏ အနှစ်သာရနှင့် ဆန့်ကျင်၍နေ၊ မနေ ဟူသည့်ပြဿနာသည် အရေးကြီးသော ဥပဒေ ပြဿနာတရပ်ဖြစ်သည်။ ထိုပြဿနာပေါ် တွင် ယခင်ကကျရုံး စီရင်ထုံးဖွဲ့ထားခြင်းမရှိသေး။ ထို့ကြောင့် စုံညီခုံရုံး ဖွဲ့စည်း၍ အမှုကို ဆုံးဖြတ်သင့်ပါသည်ဟု ပညာရှိ တရားသူကြီး ဦးချစ်က အကြံပြုသဖြင့် အမှုကို ကျစုံညီခုံရုံးက ကြားနာခဲ့ခြင်းဖြစ်သည်။

လျှောက်ထားသူများ၏ ပညာရှိ ရွှေနေကြီး ဦးချောင်ဖိုးက ၎င်း၏အမှုသည် နှစ်ဦးကို တကြိမ် လွှတ်ငြိမ်းချမ်းသာခွင့် ပေးပြီးနောက် တဖန် ထိုအမှုနှင့် ပတ်သက်၍ ပင် အရေးယူ စစ်ဆေးခြင်းသည် ဥပဒေအရ မှားယွင်းပါသည်။ တကြိမ် အပြစ်ပေးခံရပြီးသူ၊ သို့တည်းမဟုတ် တကြိမ်အမှုနှင့် ပတ်သက်၍ တရားသေ လွှတ်ပြီးသူကို ထပ်မံ၍ ထိုအမှုအတွက် စစ်ဆေးအပြစ်ပေးခြင်း မပြုနိုင်ပါဟု လျှောက်လဲသည်။ သို့ရာတွင် အမှုကိုပညာရှိ အထူးတရားသူကြီးက အပြီးတိုင် စစ်ဆေး ဆုံးဖြတ်ရသေးသည်မဟုတ်။ လျှောက်ထားသူ ၂ ဦးအား အထွေထွေ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ ၎င်းတို့ပိုင်ဆိုင်လ်အနေနှင့် လွှတ်ငြိမ်းခွင့် ပြုခဲ့ခြင်းဖြစ်သည်။ ယခုအမှု ဆက်လက် စစ်ဆေးနေသည်မှာလည်း ကုမ္ပဏီ တခုတည်းကိုသာ တရားခံပြုလုပ်၍ စစ်ဆေးခြင်းဖြစ်သည်။ ကုမ္ပဏီ၏ကိုယ်စား ပါဝင်ခုခံ နိုင်ရန်အတွက် ကုမ္ပဏီ၏ ဒါရိုက်တာသူကြီးများ၊ အရာရှိများအဖြစ် လျှောက်ထားသူများကို ထည့်သွင်းထားခြင်း ဖြစ်သည်။ ၎င်းတို့ ပုဂ္ဂိုလ်အရ တရားခံအဖြစ် ထပ်မံထည့်သွင်းခြင်းမဟုတ်၊ ထိုအချက်ကို ဦးချောင်ဖိုးက မှန်ကန်ကြောင်း ဝန်ခံသည်၊ သို့ရာတွင် အကယ်၍ ကုမ္ပဏီသည် ပြစ်ဒဏ်ကျခံရမည်ဆိုလျှင် ထိုပြစ်ဒဏ်ကို ကုမ္ပဏီ၏ကိုယ်စား လျှောက်ထားသူများကသာ ကျခံကြရဦးမည်ဖြစ်၍ အထွေထွေ လွှတ်ငြိမ်း ချမ်းသာခွင့်ကို အဓိပ္ပါယ် ဖွင့်ဆိုချက်အရ ကုမ္ပဏီကိုပင်လျှင် ဆက်လက်စစ်ဆေးရန် မဟုတ်တော့ပါဟု ပညာရှိ ရွှေနေကြီးက တင်ပြသည်။

ကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်း တည်ထောင်ထားသော ကုမ္ပဏီ တခုသည် ဥပဒေ၏ မျက်စိတွင် သက်ရှိပုဂ္ဂိုလ် တဦးကဲ့သို့ သီးခြားရပ်တည်ခြင်းရှိသည်။ ထိုသို့ ရပ်တည်သော ပုဂ္ဂိုလ်သည် ကုမ္ပဏီဘွင် အစုပါဝင်ကြသူများ၊ ကုမ္ပဏီကိုအုပ်ချုပ် ကွပ်ကဲကြသော ဒါရိုက်တာ လူကြီးများ၊ ကုမ္ပဏီဘွင် အမှုထမ်းကြသော အရာရှိများ နှင့် တသီးတခြားဖြစ်သည်။ သက်မဲ့ဖြစ်သော ကုမ္ပဏီသည် သက်ရှိ ပုဂ္ဂိုလ်တဦးကဲ့သို့ သီးခြား ရပ်တည်ရခြင်းမှာ ဥပဒေက ပြဋ္ဌာန်းခြင်းကြောင့် ဖြစ်သည်။ သို့ရာတွင် ကုမ္ပဏီဆိုသည်မှာ လူပုဂ္ဂိုလ်များက ပါဝင်ဆောင်ရွက်ခြင်း၊ အုပ်ချုပ် ကွပ်ကဲခြင်း မပြုဘဲ လှုပ်ရှား ဆောင်ရွက်နိုင်သည်မဟုတ်၊ ထို့ကြောင့် လက်တွေ့အားဖြင့် ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များ အတူယှဉ်တွဲ၍ လုပ်ကိုင်ကြရသည်။ ဥပဒေ၏ မျက်စိတွင်ကား ကုမ္ပဏီ၏ လုပ်ကိုင်ချက်၊ အခွင့်အရေး၊ တာဝန် စသည်တို့နှင့် လူပုဂ္ဂိုလ်တို့၏ လုပ်ကိုင်ချက်၊ အခွင့်အရေး၊ တာဝန် စသည်တို့ကို ခွဲခြား၍ မြင်နိုင်သည်၊ ကုမ္ပဏီတခုသည် သက်ရှိ ပုဂ္ဂိုလ်တဦး ဖြစ်ဘိသကဲ့သို့ သီးခြားရပ်တည်သည့် အားလျော်စွာ အခွင့်အရေးများ လည်း သီးခြားရှိသည်။ တာဝန်များလည်း သီးခြားရှိသည်၊ တာဝန် ပျက်ကွက်လျှင် တရားမကြောင်း၊ ရာဇဝတ်ကြောင်း စသည်တို့ဖြင့် ဥပဒေကပြဋ္ဌာန်းထားသလို ကုမ္ပဏီ သည်လည်း သီးခြား တရားစွဲဆိုခြင်း ခံရနိုင်သည်၊ ဤအမှုတွင် ထိုကဲ့သို့ မြန်မာ့သဘော်ကော်ပိုရေးရှင်းလီမိတက်သည် ကုမ္ပဏီအပေါ် သီးခြား စွဲဆိုခံနေရခြင်း ဖြစ်ပေသည်။

ကုမ္ပဏီ တခုကို ရာဇဝတ်ကြောင်းဖြင့် တရား စွဲဆိုနိုင်ကြောင်းကို ပညာရှိ ရှေနေကြီး ဦးချောင်ဖိုးကမငြင်း၊ ပြစ်ဒဏ်နှင့် ပတ်သက်၍သာ အကယ်၍ ကုမ္ပဏီအပေါ် ထောင်ဒဏ်ပေးလျှင် ကုမ္ပဏီကိုယ်စား ၎င်း၏ အမှုသည်များက ထိုဒဏ်ကို ကျခံရမည် ဖြစ်ပါသည်။ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ၊ ပြည်ထောင်စုသားများ ဖြစ်ကြသော ၎င်း၏ အမှုသည်များသည် အမှုမှ လွတ်ငြိမ်းချမ်းသာခွင့် ရပြီးနောက် ကုမ္ပဏီကိုယ်စား ထောင်ဒဏ်ကျခံရန် မသင့်ပါဟု လျှောက်လဲ တင်ပြခြင်းဖြစ်သည်။

အမှုကို ဆက်လက် စစ်ဆေးဆဲဖြစ်၍ အမှုပြီးဆုံးတိုင် ရောက်သောအခါ ကုမ္ပဏီသည် ပြစ်ဒဏ်ရမည် မရမည်ကို ဤအခြေအနေ၌ ကြိုတင်၍ မမြင်နိုင်ပေ။ ထို့ကြောင့် ဦးချောင်ဖိုး တင်ပြသော အချက်ကို စဉ်းစား ရန်မှာ စောသေးသည်။ ထိုအချက်ကို အမှုစစ်ဆေးလျက်ရှိသော ပညာရှိ တရားသူကြီးက အချိန်ကျ၍ လိုအပ်လျှင်၊ စဉ်းစားဆုံးဖြတ်မည် ဖြစ်ပေသည်။ တရားခံသည် ကုမ္ပဏီဖြစ်၍ငင်း၊ တရားခံ ကုမ္ပဏီကို ကိုယ်စားပြုကြသော လျှောက်ထား သူများသည် ပြည်ထောင်စု သားများအဖြစ် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်၏ အကျိုးခံစားခွင့်ကို ရပြီးသူများ ဖြစ်၍ငင်း၊ တရားခံ ကုမ္ပဏီအပေါ် ပြစ်မှုထင်ရှား တွေ့ရှိလျှင် မည်သည့် ပြစ်ဒဏ်မျိုးကို သတ်မှတ်သင့်သည်ဆိုသည့် အချက်ကို ပညာရှိ တရားသူကြီးက လေးနက်စွာ စဉ်းစား၍

၁၉၆၆

ဦးစောဝင်း ပါ ၁ နှင့် အထူးတရားသူကြီး (၁) ပါ ၂ (အထူးစုံစမ်းရေးဌာန အက်ဥပဒေ၊ ရန်ကုန်မြို့)။

မျှတမှုကန်စွာ ဆုံးဖြတ်မည်ဟု ယုံကြည်သည်။ ပညာရှိ လက်ထောက် နိုင်ငံတော်ရွေနေချုပ် ဦးဘကျော်ကလည်း ပြစ်ဒဏ်နှင့် ပတ်သက်၍ ယခုအချိန်က ကြိုတင်ပြီး စဉ်းစား ဝေဖန်ရန်မှာ စောလွန်းပါသည်။ အထူးတရားသူကြီး အနေနှင့် ထောင်ဒဏ် သတ်မှတ်ခြင်း မပြုဘဲ ဒဏ်ငွေ တပ်ရိုက်လျှင် ဖြစ်ပျက်နေသော အခြေအနေများအရ၊ မှန်ကန်မှုတမည်ဟု ဆုံးဖြတ်ကောင်း ဆုံးဖြတ်ပါလိမ့်ဦးမည်။ အမှုတွင် ယခုတရားခံ ဖြစ်နေသည်မှာ လျှောက်ထားသူများ မဟုတ်၊ နိုင်ငံခြားသား ကုမ္ပဏီသာ ဖြစ်ပါသည်။ နိုင်ငံခြားသားများသည် အထွေထွေ လွတ်ငြိမ်း ချမ်းသာခွင့် အမိန့်၏ အကျိုးခံစားခွင့်ကို မရကြသဖြင့် တရားခံ ကုမ္ပဏီ အပေါ်တွင် ဆက်လက်စစ်ဆေး နေခြင်းသည် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်နှင့်လည်း ကိုက်ညီပါသည်။ ဥပဒေအရလည်း မှန်ကန်ပါသည်ဟု တင်ပြသည်။

လျှောက်ထားသူများသည် အမှုတွင် တရားခံများ မဟုတ်ကြတော့ပြီ။ ၎င်းတို့သည် တရားခံ ကုမ္ပဏီ၏ ကိုယ်စား ပါဝင်ခုခံနေခြင်းသာ ဖြစ်သည်၊ တရားခံ ကုမ္ပဏီသည်၊ ဥပဒေအရ နိုင်ငံခြားသား ကုမ္ပဏီ ဖြစ်နေဆဲကို မူလချုံးကတွေ့ရှိဆုံးဖြတ်ပြီးဖြစ်သည်။ ထို့ကြောင့် တရားခံ ကုမ္ပဏီအပေါ် ဆက်လက် အရေးယူလျက် ရှိခြင်းသည် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်နှင့် ကိုက်ညီသည်။ လျှောက်ထားသူများသည် တရားခံ ကုမ္ပဏီကို ကိုယ်စားပြု၍ အမှုတွင် ခုခံနေကြခြင်း ဖြစ်သည်။ အထွေထွေ လွတ်ငြိမ်း ချမ်းသာခွင့် အမိန့်၏ အနှစ်သာရနှင့် ဆန့်ကျင်ခြင်း မည်သို့မျှမရှိ။

အထက်ပါ အကြောင်းတို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ အထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်နှင့် တရားသူကြီး ဦးသက်ဖေတို့ရှေ့တွင်

† ၁၉၆၆
မတ်လ
၃၀ ရက်။

ဦးစံ (လျှောက်ထားသူ)

နှင့်

မလှချစ် ပါ ၃ (လျှောက်ထားခံရသူများ) *

မြန်မာပုဒ္ဓဘာသာ တရားဥပဒေ—လင်မယားနှစ်ဦးသဘောတူ ကွာရှင်းခြင်း—ပစ္စည်းခွဲဝေရာ၌ အိမ်ထောင်ရေးပြစ်မှုကြောင့် ကွာရှင်းခြင်းကို အခြေပြုသည့် ပစ္စည်းခွဲဝေးရေးကို အသုံးပြုနိုင်မပြုနိုင်—နှစ်ဦးသဘောတူ ကွာရှင်းခြင်းကို အခြေပြုသည့် ပစ္စည်းခွဲဝေရေးကရသာ ခွဲဝေရေးနှင့်ဆက်ဆိုင် မသက်ဆိုင်။

ဆုံးဖြတ်ချက်။ ။မြန်မာပုဒ္ဓဘာသာ တရားဥပဒေအရ လင်မယားနှစ်ဦးသည် သဘောတူလျှင် အချိန်မရွေး ကွာရှင်းနိုင်ကြ၏။ နှစ်ဦးသဘောတူ ကွာရှင်းလျှင် လင်ခန်းမယားခန်း လုံးဝပြတ်စဲသည်။ ယင်းသို့ နှစ်ဦးသဘောတူ ကွာရှင်းခဲ့ခြင်းဖြစ်လျှင် လင်မယားပစ္စည်းခွဲဝေရာ၌ အိမ်ထောင်ရေးပြစ်မှုကြောင့် ကွာရှင်းခြင်းကို အခြေပြုသည့်ပစ္စည်းခွဲဝေရေးကို အသုံးမပြုနိုင်။ နှစ်ဦးသဘောတူ ကွာရှင်းခြင်းကို အခြေပြုသည့် ပစ္စည်းခွဲဝေရေးသာလျှင် သက်ဆိုင်မည်ဖြစ်သည်။ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲကြောင်း ထင်ရှားလျှင် မယားဖြစ်သူသည် အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်ခဲ့သေကာမူ၊ လင်မယားပစ္စည်းခွဲဝေရာ၌ နှစ်ဦးသဘောတူကွာရှင်းခြင်းကို အခြေပြုသည့်ပစ္စည်းခွဲဝေရေး အရသာ ခွဲဝေရမည်။

မဖယ်လှနှင့် မောင်အိုးသုံ အတွဲ ၇၊ ရန်ကုန်စီရင်ထုံး၊ စာ ၉၈ ကို ချည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။ဦးကျော်မြင့်။

လျှောက်ထားခံရသူများအတွက်။ ။ဦးတင်မောင်။

တရားသူကြီး ဦးသက်ဖေ။ ။လျှောက်ထားသူ ဦးစံနှင့် လျှောက်ထားခံရသူ ဒေါ်လှချစ်တို့သည် ၁၉၄၃ ခုနှစ်မှစ၍၊ အကြင်လင်မယား အဖြစ် ပေါင်းသင်းခဲ့ရာ သမီး-မသိလစံ၊ သား-မောင်လူတော်စံတို့ ထွန်းကားခဲ့၏။ ၁၉၅၁ ခုနှစ်၊ အောက်တို

---

* ၁၉၆၅ ခုနှစ်၊ တရားမအထွေထွေ လျှောကလွှာအမှတ် ၅၀။

† ၁၉၆၅ ခုနှစ်၊ တရားမဟုမအယူခံမှုအမှတ် ၁၉ တွင်၊ ၁၆-၁၀-၆၅ နေ့စွဲပါ၊ ရန်ကုန်မြို့၊ တရားရုံး၌ တရားသူကြီး ဦးစိန်သင်း ရုံးတော်၏ ချမှတ်သော အမိန့်ကို မကျေနပ်၍ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်ရရန် လျှောက်လွှာ။

ဘာလ ၂ ရက်နေ့တွင် ရန်ကုန်မြို့ နာလာလမ်း အမှတ် ၈ နေအိမ်နှင့် မြေကို ဒေါ်လှချစ်နှင့် သားသမီး နှစ်ဦးတို့၏ အမည် ဖြင့် ဝယ်ယူခဲ့သော်လည်း ထိုပစ္စည်းမှာ လင်မယားနှစ်ဦးပိုင် နှစ်ပါးစုံ ပစ္စည်း ဖြစ်လေသည်။ ၁၉၅၈ ခုနှစ်တွင် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့သည်၊ နှစ်ဦးသဘောတူအကြောင်းလင်မယား အဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြ၏။ ထိုသို့ ကွာရှင်း ပြတ်စဲကြပြီးနောက်၊ လျှောက်ထားခံရသူသည်၊ စောထွန်းအောင်ဆိုသူနှင့် နောက်အိမ်ထောင်ပြုကာ၊ အဆိုပါ အိမ်၏ အခန်း တခန်းတွင် နေထိုင်လျက် ရှိသည်သာမက၊ ကျန်အခန်းများ၌ နေထိုင်ကြသောအိမ်ငှားများ ထံမှလည်း အိမ်လခများကို ကောက်ခံနေလေသည်။

လျှောက်ထားသူက၊ လျှောက်ထားခံရသူသည် မိမိနှင့် အကြောင် လင်မယား အဖြစ် ပေါင်းသင်းနေထိုင်စဉ်ကပင်၊ စောထွန်းအောင် ဆိုသူနှင့်ဖောက်လွဲ ဖောက်ပြန်ပြုလုပ်ကာ မုဒိမ်းမှုတွင် သွားရောက် ပေါင်းသင်း နေထိုင်ခဲ့ကြောင်း။ ထို့နောက် ရန်ကုန်မြို့သို့ပြန်လာပြီး၊ စောထွန်းအောင်နှင့်ပေါင်းသင်း၍၊ ပဋိသန္ဓေပင် ရနေပြီ ဖြစ်၍၊ ကွာရှင်းပေးရန် ပြောသောကြောင့် ၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် သက်သေခံ "က" စာချုပ်ချုပ်ဆိုကာ ကွာရှင်း ပေးခဲ့ရကြောင်း၊ ထိုစာ ချုပ်အရ၊ လျှောက်ထားခံရသူသည်၊ တန်ဖိုးကျပ် ၃၀၀၀ခန့်ရှိသော လက်ဝတ် လက်စားများကို ရရှိပြီး ကျန်ပစ္စည်းအရပ် ရပ်အပေါ် အကျိုးခံစားခွင့်ကို စွန့်လွှတ်ခဲ့ကြောင်း။ ထို့ကြောင့် လျှောက်ထားခံရသူသည်၊ ဖေါ်ပြပါ အိမ်နှင့် ပတ်သက်၍၊ အကျိုးခံစားခွင့် လုံးဝ မရှိကြောင်း မြွက်ဟပေးရန်နှင့် ၎င်းလက်ရှိနေထိုင်သည့် အခန်းကို လက်ရောက် အပ်ပေးရန် အပြင် အိမ်ငှားများ ထံမှ အိမ်လခ ကောက်ခံခြင်း မပြုရန် တားဆီး ပိတ်ပင်သည့် ဒီကရီရလိုကြောင်း၊ ရန်ကုန်မြို့ တရားမရုံး၌တရား စွဲဆို ခဲ့လေသည်။

လျှောက်ထားခံရသူက၊ မိမိသည်၊ လျှောက်ထားသူနှင့် အကြောင် လင်မယား အဖြစ် ပေါင်းသင်းနေစဉ် စောထွန်းအောင် နှင့် ဖောက်ပြားခဲ့သည် ဆိုခြင်းမှာ မဟုတ်ကြောင်း၊ ၁၉၅၈ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် သက်သေခံ အမှတ် "၁" စာချုပ်အရ၊ နှစ်ဦးသဘောတူ လင်မယား အဖြစ်မှ ကွာရှင်း ပြတ်စဲခဲ့ကြောင်း၊ ထိုကဲ့သို့ ကွာရှင်းပြတ်စဲပြီးမှ စောထွန်းအောင်အား ပေါင်းသင်းခဲ့ခြင်းသာ ဖြစ်ကြောင်း။ ၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့စွဲပါ သက်သေခံ "က" စာချုပ်ကို မိမိမချုပ်ဆိုခဲ့ရကြောင်း ငြင်းဆို ထုခြေခဲ့၏။

လျှောက်ထားသူက၊ ၁၉၅၈ ခုနှစ်၊ မေလ ၂၇ ရက်နေ့စွဲပါ သက်သေခံ အမှတ် "၁" စာချုပ်ကို လျှောက်ထားခံ ရသူက တွံတေးမြို့တွင် သွားရောက် တရားအားထုတ်လိုကြောင်း ပြော၍၊ လက်မှတ်ထိုးပေးလိုက်ရခြင်း ဖြစ်ကြောင်း၊ အမှန်တကယ်

ကွာရှင်းပြတ်စဲရန် ရည်ရွယ်ချက် မရှိသည့် အလျောက်၊ သက်သေခံ "ခ" စာချုပ်တွင် မပြတ်စဲသေးကြောင်း ဖေါ်ပြကာ တနေ့တည်း၌ပင် လက်မှတ် ထိုးခဲ့ကြောင်း ပြန်လည် ဖြေကြားခဲ့၏။ လျှောက်ထားခံရသူကမူ သက်သေခံ "ခ" စာချုပ်ကိုလည်း မိမိ လက်မှတ်မထိုးခဲ့ရကြောင်း ငြင်းဆိုလေသည်။

ရန်ကုန်မြို့ တရားမရုံး၏ ပညာရှိတတိယ တရားသူကြီးသည် နှစ်ဖက် သက်သေများကို စစ်ဆေးပြီးနောက်၊ လျှောက်ထားခံရသူသည်၊ လျှောက်ထားသူနှင့် လင်မယားအဖြစ် ပေါင်းသင်းနေစဉ်ပင် စောထွန်းအောင်နှင့် ဖောက်ပြားခဲ့ကြောင်း၊ ၎င်းတို့သည် ၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့စွဲပါ သက်သေခံ "က" စာချုပ်ကို ချုပ်ဆို၍ လင်မယား ကွာရှင်းကာ ပစ္စည်းများ ခွဲဝေခဲ့ကြောင်း ကောက်ယူလျက် လျှောက်ထားသူ၏ အမှုကို တရားစရိတ်နှင့် တကွ အနိုင် ဒီကရီချ ပေးလိုက်လေသည်။

လျှောက်ထားခံရသူက၊ ထိုဒီကရီကို မကျေနပ်သဖြင့်၊ တရားရုံးချုပ်သို့ အယူခံဝင်ရာ၊ ပညာရှိတရားသူကြီး ဦးစိန်သင်းက လျှောက်ထားခံရသူသည်၊ လျှောက်ထားသူနှင့်ပေါင်းသင်းနေစဉ် စောထွန်းအောင်နှင့် ဖောက်ပြားခဲ့သည်ဆိုခြင်းမှာ သက်သေ အထောက်အထားမခိုင်လုံကြောင်း သက်သေခံ အမှတ် "က" လင်မယား ကွာရှင်းပြီး ပစ္စည်းများ ခွဲဝေသည့် စာချုပ်ကို လျှောက်ထားခံရသူက ချုပ်ဆိုခဲ့သည် ဆိုခြင်းမှာလည်း မထင်ရှားကြောင်း အကယ်၍ ထင်ရှားသည်ဟုဆိုစေကာမူ ထိုစာချုပ်မှာ မှတ်ပုံတင်ထားခြင်းမရှိ၍ အခင်းဖြစ် အိမ်နှင့်ပတ်သက်၍ လျှောက်ထားခံရသူ၏ အခွင့်အရေးဆုံးရှုံခြင်း မရှိကြောင်း၊ အဆုံးအဖြတ်ပြုကာ၊ အောက်ရုံး ဒီကရီကို ပယ်ဖျက်ပြီး၊ လျှောက်ထားသူ၏အမှုကို တရားစရိတ်များနှင့်တကွ ပလပ်လိုက်၏။ ထိုကဲ့သို့ ၎င်း၏အမှုကိုပလပ်လိုက်သော အမိန့်ကို မကျေနပ်သဖြင့်၊ လျှောက်ထားသူက အထူးအယူခံ ခွင့်ပြုရန် ယခုလျှောက် ထားခြင်း ဖြစ်ပေသည်။

လျှောက်ထားသူ၏ ပညာရှိ ရှေ့နေကြီး ဦးကျော်မြင့်က လျှောက်ထားသူသည် လျှောက်ထား ခံရသူအား စောထွန်းအောင် နှင့် ဖောက်ပြားသည်ဟု စွပ်စွဲခဲ့ပြီးနောက် ကွာရှင်းခဲ့ ကြောင်း၊ ယင်းသို့ကွာရှင်းပြီးနောက် လျှောက်ထားခံရသူသည်၊ စောထွန်းအောင် နှင့် ပေါင်းသင်းခဲ့သည့်အတွက် မခွဲဝေသေးသည့် ပစ္စည်း အားလုံးကို လျှောက်ထားသူသာ ရပိုင် ခွင့်ရှိကြောင်း၊ မနက္ကယ် ဓမ္မသတ်၏ ဒွါဒသမတွဲ အခဏ်း၃၊ တတိယ နောက်ဆုံး စာပိုဒ်ရှိ အောက်ပါအပိုဒ်ကို ရည်ညွှန်းသွား၏။

"မယားသည် သယောက် မျောက်မထားသည်ကို လင်အတတ်အမှုန် မသိသင်္ကာသော သူ နလုံးရှိသည့် အတိုင်း၊ ညသည်၊ မည်သူနှင့် ဖြစ်သည်၊ မယားကို

ဆို၏။ မယားကလည်း မဟုတ်ပါ၊ ထိုသင်္ဂါသော ယောကျ်ားကိုလည်း တိုင်တန်း၏။ သူသိ သူထင်ဆို၏။ မ ဟုတ်ပါ ကုယ်လေ၏။ ထိုနောက် ၎င်းမယားကို လင်ကွာ၍၊ ဥစ္စာ မပြတ် မစည်း ခင် အတွင်း၊ ၎င်းသူနှင့် မယား နေထိုင်လျှင်၊ မယားခိုးအပြစ် စားစေ၊ မယား ကိုယ်ဘိုးကိုလည်း လင်စားစေ။ ဥစ္စာ အလုံးကို လည်း လင်ရစေ။ ”

အဆိုပါ အပိုဒ်ကို သေချာစွာ လေ့လာ ကြည့်လျှင်၊ နှစ်ဦး သဘောတူ လင်ခန်း၊ မယားခန်း ပြတ်စဲခဲ့ပြီးသည့် ကိစ္စနှင့် မသက်ဆိုင်ဘဲ၊ လင်က မယား အပေါ် မျောက်မထားသည့်၊ အကြောင်းပြချက်ဖြင့် လင်မယား ပြတ်စဲရန်နှင့် နှစ်ပါးစုံ ပစ္စည်းများ ရလိုကြောင်း စွဲဆိုသည့် အမှုမျိုးနှင့်သာ အကျုံးဝင်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။

မြန်မာပုဒ္ဓဘာသာ တရား ဥပဒေ အရ၊ လင်မယား နှစ်ဦးသည်၊ သဘောတူလျှင် အချိန်မရွေး ကွာရှင်း နိုင်ကြ၏။ နှစ်ဦး သဘောတူ ကွာရှင်းလျှင် လင်ခန်း မယားခန်း လုံးဝ ပြတ်စဲသည်။ ယင်းသို့ နှစ်ဦး သဘောတူ ကွာရှင်း ခဲ့ခြင်း ဖြစ်လျှင် လင်မယား ပစ္စည်း ခဲ့ဝေရာ၌ အိမ်ထောင်ရေး ပြစ်မှုကြောင့် ကွာရှင်းခြင်းကို အခြေ ပြုသည့် ပစ္စည်း ခဲ့ဝေရေးကို အသုံး မပြုနိုင်။ နှစ်ဦး သဘောတူ ကွာရှင်းခြင်းကို အခြေပြုသည့်ပစ္စည်းခဲ့ဝေရေးသာလျှင်သက်ဆိုင်မည်ဖြစ်သည်။ မမယ်လှနှင့်မောင်ဘိုးသုံ (၁) တို့ အမှုတွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲကြောင်း ထင်ရှားလျှင်၊ မယား ဖြစ်သူသည်၊ အိမ်ထောင်ရေး ပြစ်မှုကိုကျူးလွန်ခဲ့စေကာမူ၊လင်မယား ပစ္စည်း ခဲ့ဝေရာ၌ နှစ်ဦး သဘောတူကွာရှင်းခြင်းကိုအခြေပြုသည့် ပစ္စည်း ခဲ့ဝေရေးအရသာ ခဲ့ဝေရမည်ဟု အဆုံးအဖြတ် ပြုထားသည်။ ထိုဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့ သဘောတူ လက်ခံသည်။

ယခုအမှုတွင် လျှောက်ထားသူနှင့် လျှောက်ထား ခံရသူဘို့သည်၊ ၁၉၅၈ ခုနှစ်၊ မေလ ၂၇ ရက်နေ့ကပင် နှစ်ဦးသဘောတူ ကွာရှင်း ပြတ်စဲကြပြီး ဖြစ်ကြောင်း အောက်အယူခံရုံးမှ ကောက်ယူ ဆုံးဖြတ် ထားပြီး ဖြစ်သည်။ သို့ဖြစ်ရာ၊ လျှောက်ထားသူ၏ ပညာရှိ ရှေ့နေကြီး ဦးကျော်မြင့် ကိုးကားသည့် အထက်ဖော်ပြပါ မနုကျယ် စမ္မသတ်မှ စာပိုဒ်နှင့် ဤအမှု၏ မူပြစ် အကြောင်း ခြင်းရာတို့မှာ အံဝင် ဂွင်ကျ မရှိကြောင်း ပေါ်လွင်နေလေသည်။

အထက်ပါ အကြောင်း ရပ်များကြောင့် ဤအထူး အယူခံခွင့် လျှောက်လွှာကို လက်ခံရန် အကြောင်း မမြင်၍၊ တရား စရိတ်နှင့် တကွ ပလပ် လိုက်သည်။ ရှေ့နေကြီး စရိတ် ၃၄ ကျပ် သတ်မှတ်သည်။

---

(၁) အတွဲ ၇၊ ရန်ကုန်စီရင်ထုံး၊ စာ ၉၀။

နိုင်ငံတော် တရားရုံးချုပ်

တရားမ အထွေထွေမှု

တရားသူကြီး ဦးချစ်နှင့် တရားသူကြီး ဦးသက်ဇေတို့ရှေ့တွင်

ဦးထွန်းမောင် ပါ ၃ (လျှောက်ထားသူများ)

နှင့်

ဦးအုံကြာ (လျှောက်ထားခံရသူ) *

စာချုပ်ကို လိမ်လည်လှည့်ဖြား မတရားဩဇာလွှမ်းမိုးစဉ် ချုပ်ဆိုခဲ့ရသဖြင့် ပျက်ပြယ်စေလိုကြောင်း စွဲဆိုမှု—လိမ်လည်လှည့်ဖြားမတရားဩဇာလွှမ်းမိုးခဲ့ခြင်း ရှိမရှိဧကာဒ်ချက်—တရားဥပဒေနှင့် ပတ်သတ်သည့် အဆုံးအဖြတ် ဟုတ် မဟုတ်။

ဆုံးဖြတ်ချက်။ ။စာချုပ်တခုခုအား လိမ်လည်လှည့်ဖြား မတရားဩဇာလွှမ်းမိုးစဉ် ချုပ်ဆိုခဲ့ရသဖြင့် ပျက်ပြယ်စေလိုကြောင်း စွဲဆိုသည့်အမှုများတွင်၊ လိမ်လည်လှည့်ဖြား မတရားဩဇာလွှမ်းမိုးခဲ့ခြင်း ရှိမရှိဆိုသော ကောက်ယူချက်မှာ အကြောင်းခြင်းရာ အပေါ် တွေ့ရှိသည့် ဆုံးဖြတ်ချက်သာဖြစ်သည်။ တရားဥပဒေနှင့် ပတ်သက်သည့် အဆုံးအဖြတ်မဟုတ်။

ဆက်ဂါမရာဆပ်နှင့် ဟာနာရိန်ဒတ်၊ အေ·အိုင်·အာရ်၊ ၁၉၃၂ ခုနှစ်၊ ပရီဗီကောင်စီကို ရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။ဦးဘသန်း (၁)။

လျှောက်ထားခံရသူအတွက်။ ။မလာရောက်။

တရားသူကြီး ဦးသက်ဇေ။ ။**ဤ အထူးအယူခံခွင့် လျှောက်လွှာ ပေါ် ပေါက်လာရသည့်နောက်ကြောင်း ဆုဇင် အတိုချုပ်မှာ အောက်ပါအတိုင်း ဖြစ်၏။**

သထုံခရိုင်၊ ပေါင်မြို့၊ ထားဝယ်စုရပ်နေ လျှောက်ခံရသူ ဦးအုံကြာက ပေါင်မြို့၊ ကဒါရပ်နေ လျှောက်ထားသူ ဦးထွန်းမောင်နှင့် ဒေါ် သန်းတင်တို့အား ၁၉၆၁ **ခုနှစ်၊ ဇူလိုင်လ ၄** ရက်နေ့တွင် ပေါင်မြို့၊ မြေကွက်အမှတ် ၂၊ စမ်းညီနောင် အလွှေကွက်

* ၁၉၆၅ ခုနှစ်၊ တရားမအထွေထွေမှု အမှတ် ၂၀။

† ၁၉၆၄ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၄၀ တွင်၊ ရန်ကုန်မြို့၊ တရားရုံးစျုပ။ ၉-၄-၆၅ နေ့စွဲဖြင့် ချမှတ်သောဘမိန့်နှင့် ဒီကရီကို မကျေနပ်၍ အထူးအယူခံခွင့်ပြုရန် လျှောက်ထား၊ ဒေသလျှောက်လွှာ။

† ၁၉၆၅ မတ်လ ၁၇ ရက်။

၁၉၆၆

ဦးထွန်းမောင်
ပါ ၃
နှင့်
ဦးအုံကြား

၁၉၅၉-၆၀ ခုနှစ် ဦးပိုင်နံပါတ် ၁၆၊ မြေချိန်ရေိယာ ဒဿမ ၁၉၄ကေရှိ မြေနှင့် ထိုမြေပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ခင်းပျဉ်ကာ ဓနိုပိုး အိမ်တလုံးကို အဘိုးငွေ ၁၀၀၀ ဖြင့် မှတ်ပုံတင် စာချုပ်ချုပ်ဆိုကာ ရောင်းချခဲ့၏။ ထိုနောက် သထုံမြို့ နယ်ပိုင်တရားမရုံး၏ ၁၉၆၃ ခုနှစ်၊ တရားမကြီးမူအမှတ် ၄ တွင်၊ လျှောက်ခံရာ ဦးအုံကြားက မြေနှင့်အိမ်ဝယ်သူ ဦးထွန်းမောင် နှင့် ဒေါ်သန်းတင် တို့အပြင် လက်ရောက် နေထိုင်လျက် ရှိသည့် ၊ မောင်ဟဲစိန်တို့ အပေါ် မိမိ ချုပ်ဆိုခဲ့သောအရောင်း စာချုပ်မှာ လှည့်ပြွှား လိမ်လည်ခြင်းကြောင့် ချုပ်ဆိုမိသည့် စာချုပ် ဖြစ်သည့် အလျောက် ဖျက်သိမ်း ပေးရန်နှင့် စာချုပ်ပါ အိမ်နှင့်မြေတို့ကို လက်ရှိ အပ်ပေးစေရန် တရားစွဲဆိုလေသည်။ ပညာရှိနယ်ပိုင် တရားမ တရားသူကြီးသည် လျှောက်ခံရသူ စွဲဆိုသည့်အတိုင်း အနိုင် ဒီကရီ ချပေးလိုက်သဖြင့်လျှောက်ထားသူများက သထုံမြို့ ခရိုင်တရားမရုံး၏ ၁၉၆၄ ခုနှစ် တရားမ အယူခံမှုအမှတ်၃ တွင်၊ အယူခံဝင်ရာ မအောင်မြင်ခဲ့ပေ။ ထို့ကြောင့် တရားရုံးချုပ်၏ ၁၉၆၄ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၄၈တွင် ၊ လျောက်ထားသူများက နောက်ထပ် အယူခံဝင်သော်လည်း ၄င်းတို့၏ အယူခံမှာ ပလပ်ခြင်းခံရပြန်လေသည်။ ဤကဲ့သို့ ရုံးသုံးရုံး စလုံးတွင် အရေးနိမ့်ခဲ့ သော်လည်း လျောက်ထားသူတို့ သည်စိတ်မကျေနပ်သေးသဖြင့် ယခု တဖန်အထူးအယူခံ ခွင့်ပြုရန်လျောက်ထားခြင်းဖြစ်လေသည်။

ဤအမှုတွင် ပေါ်ပေါက်လျက် ရှိသည့် တခုတည်းသော ပြဿနာမှာ ၁၉၆၁ခုနှစ် ဇူလိုင်လ ၄ရက် နေ့စွဲပါ လျောက်ခံရသူက လျောက်ထားခံရသူ ဦးထွန်းမောင် နှင့်ဒေါ်သန်းတင်တို့အားမြေနှင့် အိမ်ကိုရောင်းချသည့် စာချုပ်မှာ လိမ်လည်လှည့်ဖျား မတရားသြဇာ လွှမ်းမိုးခံရစဉ် ချုပ်ဆို ခဲ့သည့်အတွက် ပျက်ပြယ်သည့် စာချုပ်ဟုတ်မဟုတ် ဆိုခြင်းပင်ဖြစ်၏။ ထိုအချက်နှင့်ပတ်သက်၍ ပထမ အယူခံရုံးနှင့် ဒုတိယအယူခံရုံးများက လျှောက်ခံရသူသည် ထိုစာချုပ်ကို ချုပ်ဆိုစဉ် အချိန်က ၎င်း၏ဇနီး သေဆုံးပြီး အသုဘ စရိတ်စက ငွေကိုလိုနေခိုက် စိတ်မချမ်းမသာ ဖြစ်နေသည်က တကြောင်း၊ ၎င်း၏ ကွယ်လွန်သူဇနီးမှာ လျှောက်ထားသူ ဒေါ်သန်းတင် ၏ညီမဖြစ်သည့်အလျောက် မဟုတ် မတရားမလုပ်တန်ရာ ဟူသောထင်မြင်၍တကြောင်း ထိုအကြောင်းများကြောင့် လိမ်လည် လှည့်ဖြား မတရားသြဇာလွှမ်းမိုး ခံခဲ့ရသည်ဟု ထပ်တူထပ်မျှကောက်ယူ ဆုံးဖြတ်ပြီး ဖြစ်သည်။

စာချုပ် တခုခုအား လိမ်လည်လှည့်ဖြား မတရား သြဇာလွှမ်းမိုးစဉ် ချုပ်ဆိုခဲ့ရ သဖြင့် ပျက်ပြယ်စေလိုကြောင်း စွဲဆိုသည့် အမှုများတွင် လိမ်လည်လှည့်ဖြား မတရားသြဇာ လွှမ်းမိုးခဲ့ခြင်း ရှိ မရှိဆိုသော ကောက်ယူချက်မှာ အကြောင်းခြင်း ရာအပေါ် တွေ့ရှိသည့် ဆုံးဖြတ်ချက်သာ ဖြစ်ပေသည်။ တရားဥပဒေနှင့် ပတ်သက်သည့်

အဆုံးအဖြတ်မဟုတ်ခေျ။ ထိုကိစ္စနှင့် ပတ်သက်၍ **ဟရီဗို့**ကောင်စီ၏ စီရင်ထုံးဖြစ်သော **ဆက်ဂါပရာဆတ်**နှင့် **ဟာနာဝိန်ဒတ်** (၁)တို့အမှုကိုသာ ရည်ညွှန်းလိုသည်။

ယခုအမှုတွင် ထိုကဲ့သို့ အကြောင်းခြင်းရာနှင့် ပတ်သက်သော ကောက်ယူချက်မှာ အောက်အယူခံရုံး နှစ်ရုံးစလုံးမှ ထပ်တူထပ်မျှ သဘောတူ ကောက်ယူခဲ့ပြီးဖြစ်သည့် ဆုံးဖြတ်ချက် ဖြစ်လေရာ ဤအထူးအယူခံခွင့် လျှောက်ထားရာ၌ နောက်ထပ်တဖန် ပြောဆိုခွင့် မရှိဘော့ပေ၊ လျှောက်ထားသူတို့၏ နစ်နာချက်မှာ အများပြည်သူတို့နှင့် သက်ဆိုင်သည့် ခက်ခဲနက်နဲသော ဥပဒေတရပ် ဖြစ်သည်ဟုလည်း မဆိုနိုင်။ ထို့ကြောင့် လျှောက်ထားသူတို့၏ အထူးအယူခံခွင့် လျှောက်လွှာကို ခွင့်ပြုရန် အကြောင်းမမြင်သဖြင့် ပလပ်လိုက်သည်။ တဘက်မှ ခုခံခြင်းမရှိ၍ ဤလျှောက်လွှာအတွက် တထူး စရိတ် ချမှတ်ခြင်းမပြု။

(၁) အေ-အိုင်-အာ (ရှ်) ၁၉၇၂၊ ဟရီဗို့ကောင်စီ။

နိုင်ငံတော် တရားရုံးချုပ်

တရားမကြီးမှု

တရားသူကြီး ဦးကျော်ဇံဦးရွှေတင်

ဦးပညာဇောတ ပါ ၃ ဦး (တရားလိုများ)

နှင့်

ဦးဥာဏိက ပါ ၂ ဦး (တရားခံများ) *

၁၉၆၆

ဖေဖော်
၂၇ ရက်။

တရားမကျင့်ထုံး ပုဒ်မ ၉၂ (၁) (ခ)—သရက်တောကျောင်းထိုက်ကို ကြီးကြပ်အုပ်ချုပ်ရန်အလို့ငှါ ရေးဆွဲထားသောစကင်းနည်းလမ်းစည်းမျဉ်း—ဥက္ကဋ္ဌမဟာထေရ်ဆရာတော် ၂ ပါးရွေးကောက်ထင်မြောက်ရန် အမိန့်နှင့်ညွှန်ကြားချက်များထုတ်ဆင့်ရန် တောင်းဆိုခြင်း—ကာလစည်းကမ်းသတ်အက်ဥပဒေ ပဌမဇယား၊ ပဌမကဏ္ဍ အမှတ် ၁၂၀ နှင့် အကျုံးဝင် မဝင်—ရွေးကောက်ပွဲပြုလုပ်ရန် လိုအပ်ခြင်း—စကင်းနည်းလမ်းစည်းမျဉ်းမှာပါသည့်အတိုင်း မဲဆန္ဒစာရင်းပြုလုပ်ရန်လိုခြင်း၊ ၎င်းတွင် ဖော်ပြထားသည့်အရည်အချင်းနှင့် ပြည့်စုံမှုသာ ဥက္ကဋ္ဌမဟာထေရ်ဆရာတော်နှင့် နာယကဆရာတော်များအဖြစ် ရွေးကောက်တင်မြောက်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားခံအမှတ် (၁)ကို ၁၃၀၈ ခုနှစ် (၁၉၄၆) ကပင် ရွေးကောက်တင်မြောက်ထားရာ၊ ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့မှသာ ၎င်းအပေါ် တရားစွဲဆိုသည်ဖြစ်၍၊ ၆ နှစ်ထက်ကျော်လွန်နေပြီး ဖြစ်ရကား ကာလစည်းကမ်းသတ် အက်ဥပဒေ ပဌမဇယား၊ ပဌမကဏ္ဍအမှတ် ၁၂၀ နှင့်အကျုံးဝင်သဖြင့် အမှုမှာ တရားခံအပေါ် ကာလစည်းကမ်းသတ်ကျော်လွန်နေပြီဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။စကင်းနည်းလမ်း စည်းမျဉ်းအရ မဲဆန္ဒစာရင်းလည်းမထား၊ နာယကဆရာတော်များကို သုံးနှစ်တကြိမ် ရွေးကောက်တင်မြောက်ခြင်း မရှိသည်တို့ကြောင့် ရွေးကောက်ပွဲပြုလုပ်ရမည်ဖြစ်ရာ၊ စကင်းနည်းလမ်း စည်းမျဉ်းမှာပါသည့်အတိုင်း၊ မဲဆန္ဒစာရင်းတခုပြုလုပ်ထားရမည်။ ၎င်းတွင် ဖော်ပြထားသော အရည်အချင်းရှိသည့် ပုဂ္ဂိုလ်များသာ မဲဆန္ဒစာရင်းတွင် ပါဝင်နိုင်ပြီး၊ ၎င်းတို့ကသာ အဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်းများ ပြုလုပ်နိုင်သည်။ ထို့အပြင် စကင်းဥပဒေတွင် ဖော်ပြထားသည့် အရည်အချင်းပြည့်စုံမှုသာထရပ်စတီးခေါ် ဥက္ကဋ္ဌမဟာထေရ်ဆရာတော်နှင့် နာယကဆရာတော်များအဖြစ် ရွေးကောက်တင်မြောက်နိုင်မည်။ ရွေးကောက်တင်မြောက်ခြင်းကိုလည်း ခံရမည်။ ပြိုင်ဘက်မရှိစေကာမူအရည်အချင်းမရှိလျှင် အဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်း၊ ဆွေးခံခြင်းများ မပြုလုပ်ရ။ အရည်အချင်းရှိပြီး ပြိုင်ဘက်မရှိမှသာ ရွေးကောက်ပွဲပြုလုပ်ရန်မလို။

Foord and others v. Baker (1859) 27 BEAV 193 ကိုရည်ညွှန်းသည်။

* ၁၉၆၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၉။

တရားလိုများအတွက်။ ။ဦးဘသန်း (၁)။
တရားခံများအတွက်။ ။ဦးလှဖေ (၂)။

တရားသူကြီး ဦးကျော်ဇံဦး။ ။ဤအမှုမှာတရားလိုများက တရားခံများ အပေါ် ပြည်ထောင်စု မြန်မာနိုင်ငံ ရှေ့နေချုပ်၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်မြို့ သရက်တောကျောင်းတိုက်ကို ကြီးကြပ် အုပ်ချုပ်ရန်အလို့ငှါ၊ ယခင် အောက်မြန်မာပြည် တရားရုံးချုပ်၏ ၁၉၁၃ ခုနှစ်၊ ပထမအယူခံမှုအမှတ် ၁၂၉ တွင်၊ ပြင်ဆင်ရေးဆွဲထားသော စကင်းနည်းလမ်းစည်းမျဉ်း (သက်သေခံအမှတ် ခ) နှင့် တရားမကျင့်ထုံး ပုဒ်မ ၉၂ (၁) (ခ)အရ၊ ထရပ်စတီး (Trustees) ခေါ် ဥက္ကဋ္ဌ မဟာထေရ်ဆရာတော် ၂ပါး ရွှေကောက် တင်မြောက်ရန် အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ဆင့်ပါရန် သက်သာခွင့် (prayer) တွင်တောင်းဆို ထားသည်ကို တွေ့ရသည်။ အဘယ်ကြောင့် ဤကဲ့သို့ လျောက်ထား တောင်းဆိုရခြင်း အကြောင်းမှာ တရားခံ ဆရာတော် ၂ပါးသည် အဆိုပါ စကင်းနည်းလမ်းစည်းမျဉ်းအရ ရွှေကောက် တင်မြောက်ခြင်းခံရသော ထရပ်စတီး (Trustees) ခေါ် ဥက္ကဋ္ဌ မဟာထေရ်ဆရာတော်များ မဟုတ်ဟု တရားလိုများက ယူဆ၍ ဖြစ်သည့်အပြင်၊ ဤတရားခံ ဆရာတော်နှစ်ပါးကို ထရပ်စတီးအဖြစ်မှ တရားမကျင့်ထုံး ပုဒ်မ ၉၂ (၁)(က)အရ၊ ရုပ်သိမ်းရန်တောင်းဆိုထားသည်ကိုလည်း တွေ့ မြင်ရပေသည်။ စကင်းနည်းလမ်း စည်းမျဉ်းအရ သံဃာမဲ ဆန္ဒရှင်များ စာရင်းပင် ထားရှိခြင်းမရှိဟု ဆိုသည်။

တရားခံများ၏ ချေပလွှာအရဆိုလျှင် ဒုတိယ ကမ္ဘာစစ်ကြီး ပြီးသောအခါ ဦးနန္ဒသာမိတပါးသာ ဥက္ကဋ္ဌမဟာထေရ် ဆရာတော်အဖြစ်ကျန်ရှိနေသဖြင့် ၁၉၄၆ ခု၊ ဇူလိုင်လ ၂၉ ရက်(၁၃၀၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်) နေ့တွင် လစ်လပ်လျက်ရှိသော (ထရပ်စတီး) ဥက္ကဋ္ဌမဟာထေရ်ဆရာတော်တပါး၏ နေရာတွင် ပထမတရားခံ ဦးဥာဏိက ဆရာတော်ကို ကြေငြာရက်အတွင်း ပြိုင်ဘက်မရှိ တင်မြောက်ခဲ့ပြီး နာယက ဆရာတော် ၅ ပါးကို လည်းရွေးကောက် တင်မြောက် ခဲ့ လေ သည်။ ဤ နာယက ဆရာတော် ၅ ပါး အနက် ယခုတရားလို အမှတ် ၁ ဦးပညာဇောတလည်း တပါး ပါဝင်သည်။ စကင်း ဥပဒေ အပုဒ် ၃ အရ၊ ထရပ်စတီး (Trustees)ခေါ် ဥက္ကဋ္ဌ မဟာထေရ် ဆရာတော်မှာ သိက္ခာပုဒ်တော်၌ တည်သမျှ ကာလပတ်လုံး အုပ်ချုပ်ခြင်း အလုပ်ကို လုပ်နိုင်သော်လည်း နာယက ဆရာတော် ၅ ပါးမှာမူ စကင်းနည်းလမ်း စည်းမျဉ်း အပိုဒ် ၇ အရ ၊ ၃ နှစ် အတွက်သာ ရွေးချယ် တင်မြောက်ခြင်းကို ခံရပေမည် ဖြစ်၍ ၁၃၁၂ ခုနှစ် ၊ ဝါခေါင်လ (၁၉၅၀ ခုနှစ် ၊ ဩဂုတ်လ) တွင် တဖန် ပထမ တရားလို ဦးပညာဇောတ အပါအဝင် နာယကဆရာတော် ၅ ပါးကို အများသဘောတူ

၁၉၆၆

ဦးပညာဇောတ ပါ ၃ ဦး နှင့် ဦးဥာဏိက ပါ ၂ ဦး။

ရွေးကောက်တင်မြှောက် ခဲ့ခဲလသည်။ ထိုနောက် ထရပ်စတီး ဦးနန္ဒသာမိ ပျံလွန် တော်မူ၍ ၎င်း၏နေရာတွင် ဒုတိယဘရားခံဦးပရမ တဦးတည်းသာ ဧလျာက်ထားခဲ့၍ ပြိုင်ဘက်မရှိ ၁၃၂၂ ခုနှစ်၊ တော်သလင်းလ (၁၉၆၀ ခုနှစ်၊ စက်တင်ဘာလ)တွင် ရွေးကောက်တင်မြှောက်ခြင်း ခံရလေသည်ဟုဆိုသည်။ ထို့အပြင် နာယကဆရာတော်လည်း ၅ ပါး တင်မြှောက်ခဲ့လေသည်။

တရားခံများက ပြိုင်ဘက်မရှိ၍ မဲဆန္ဒ စံနှုန်းဖြင့် ရွေးကောက်ပွဲ မကျင်းပရခြင်းသာ ဖြစ်သည်ဟု ချေပကြသည်။ သံဃာမဲဆန္ဒဝင်များ၊ စာရင်း မထားခြင်းကို မငြင်းပေ။ သို့သော် ဝါဆိုသံဃာစာရင်းကို မဲဆန္ဒရှင်များ စာရင်းအဖြစ် ရွေးအစဉ်အဆက်က သုံးစွဲဆောင်ရွက် ခဲ့ကြသည့်အတိုင်း သုံးစွဲဆောင်ရွက်ခဲ့ကြသည်ဟု ဝန်ခံသာကြသည်။ တရားခံများက ကာလစည်းကမ်းသတ် ကျော်လွန်နေပြီဖြစ်၍ တရားစွဲဆိုပိုင်ခွင့် မရှိဟုလည်း ချေပထားသည့်အပြင်၊ တားလိုများသည် မိမိဘို့၏ ပြုမူလုပ်ကိုင်ပါတ် ဆောင်ရွက် အသိအမှတ် ပြုထားပြီးမှ ယခုမှသာ တရားခံများသည် ထရပ်စတီးခေါ် ဥက္ကဋ္ဌ မဟာဆေရာဆရာတော်များ မဟုတ်ဟု ငြင်းဆိုပိုင်ခွင့် မရှိဟုလည်း ချေပထားကြသည်။ စုံစမ်းစစ်ဆေးရန် ပဌမငြင်းချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

> ၁။ တရားခံ ဆရာတော် ၂ ပါးသည် သရက်တောကျောင်းတိုက် နည်းလမ်း စည်းမျဉ်းအရ ရွေးကောက်ထားသော ထရပ်စတီးခေါ် ဥက္ကဋ္ဌ မဟာ ထေရ်နှစ်ပါး ဟုတ်ပါသလား၊ မဟုတ်ပါသလား။

အရေးကြီးသော စကင်းနည်းလမ်း စည်းမျဉ်းမှာ အပိုဒ် ၄ ပင်ဖြစ်သည်၊ ဤအပိုဒ် ၄ က ဤသို့ဆို၏။

> "4. There shall be a voter's list kept with the trustees and no person shall be entitled to vote for the Election of a trustee or for member of the Council unless he is a *Rahan* who has spent the last year in the *Kyaungdike* and whose name has been borne on the voter's list for the 6 months previous to the election as being a resident *Rahan* of the *Kyaungdike*.

ဤမဲဆန္ဒ စာရင်းတွင် ပါရှိသူများသည် ထရပ်စတီးခေါ် ဥက္ကဋ္ဌ မဟာထေရ် ဆရာတော် နှစ်ပါးနှင့်ကောင်စီဝင် နာယကဆရာတော် ၅ ပါးတို့ကိုမဲပေး၍ ရွေးကောက် တင်မြှောက်နိုင်ပေသည်။ ယခုအမှုတွင် ပြိုင်ဘက်များပင် မရှိစေကာမူ မဲဆန္ဒစာရင်း မရှိ၍ ရွေးကောက် တင်မြှောက်ကြသော ပုဂ္ဂိုလ်များသည် စကင်းနည်းလမ်း စည်းမျဉ်း အရ၊ လိုအပ်သော မဲဆန္ဒ ပေးနိုင်သော အရည်အချင်းရှိ မရှိကို မသိနိုင်ဖြစ်၍ ရွေးကောက် တင်မြှောက်ခြင်းများမှာ စကင်းနည်းလမ်း စည်းမျဉ်းအရ မဟုတ်ဟု ယူဆရပေမည်။ တရားခံအမှတ် ၁၊ ဦးဥာဏိကကိုယ်တိုင်က ၁၃၀၈ (၁၉၄၆) ခုနှစ်

တွင် ရွေးကောက်ပွဲ မလုပ်ဘဲ ဦးနန္ဒသာမိက မည်သူက မည်သူ့ကို အဆိုတင်သွင်း၍ မည်သူက ထောက်ခံပြီး ရွေးကောက် လိုက်သည်ဟု ထွက်ဆိုရှိရာ အဆိုတင်သွင်းသူနှင့် ထောက်ခံသူတို့မှာ မဲဆန္ဒစာရင်း မရှိ၍ ဤကဲ့သို့ အဆိုနှင့် ထောက်ခံချက်များပေးနိုင်ရန် အရည်အချင်း ရှိမရှိကို မသိနိုင်ပေ။ ၁၃၂၂ (၁၉၆၀) ခုနှစ်တွင်လည်း ဒုတိယ တရားခံအား၊ ထရပ်စဘီး အဖြစ် ရွေးကောက်တင်မြှောက်သော အခါလည်း သက်သေခံ အမှတ် (က)အရ၊ အချက်အလက်အကြောင်းအရာများကို ကြော်ငြာနှင့် တောင်းဆို ထားသော်လည်း ၎င်း၏လျှောက်လွှာစာရွက်ပင်မရှိဟု ဆရာတော် ဦးဉာဏိက ကထွက်ဆိုရှိသည်။ ဤငြင်းချက်နှင့် ပတ်သက်၍ တရားလိုများနှင့် တရားခံများမှာ အထူးပြောစရာ မရှိကြပေ။ ထရပ်စဘီးနှင့် နာယက ဆရာတော်များ ရွေးကောက် တင်မြှောက်ရာတွင် မဲဆန္ဒစာရင်း မရှိဘဲ၊ တဦးက အဆိုတွင်း၍ တဦးက ထောက်ခံပြီး ပြီးဘက်မရှိ စနစ်ဖြင့် ဖြစ်သည်မှာ အငြင်းမရှိပေ။ နှစ်ဘက်ပညာရှိ ရှေ့နေကြီးများ လျှောက်လဲသည့်အတိုင်း တရားလို တရားခံများတို့၏ ဝန်ခံချက်များအရ ဤအမှုကို ဆုံးဖြတ်နိုင်ပေသည်။

ဒုတိယ ငြင်းချက်မှာစကင်းနည်းလမ်း စည်းမျဉ်းအရ၊ ရွေးကောက် တင်မြှောက်ခြင်းမဟုတ်ခဲ့သော် ထရပ်စတီးခေါ် ဥက္ကဋ္ဌ မဟာထေရ်နှစ်ပါး အသစ် ရွေးကောက်တင်မြှောက်ရန် လို-မလိုပင်ဖြစ်သည်။ ဤငြင်းချက်ကို ဖြေဆိုရ မည်မှာအသစ် ရွေးကောက် တင်မြှောက်ရန် လိုသည်ဟု ဖြေဆိုရပေမည်။

အထက်ပါ ငြင်းချက်နှစ်ခုအပြင် အပိုငြင်းချက် ၂ ခုရှိသေးသည်၊ ၎င်းတို့မှာ-

"၁။ ဤအမှုသည် တရားခံအမှတ် ၁ အပေါ် ကာလစည်းကမ်းသတ် ကျော်လွန် နေသလား။

၂။ တရားခံ ဆရာတော် ၂ ပါးသည် သရက်တောကျောင်းတိုက် စကင်ဉပဒေ အရ ရွေးကောက် ထားသော ထရပ်စဘီး ခေါ် မဟာထေရ် ၂ ပါး မဟုတ်ပါဟု ငြင်းဆို ပိုင်ခွင့်ရှိ-မရှိ။"

ဤအပိုငြင်းချက် အမှတ် ၁ နှင့်ပတ်သက်၍ နှစ်ဘက်ပညာရှိ ရှေ့နေကြီးများက ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမ ဇယား၊ ပထမကဏ္ဍ အမှတ် ၁၂၀ နှင့်အကျုံးဝင်ကြောင်း သဘောကိုက်ညီကြသည်။ ဤ အမှတ် ၁၂၀ အရဆိုလျှင် တရားခံ အမှတ် ၁ အပေါ် တရားစွဲဆိုပိုင်ခွင့်ကိုရရှိသည့် အခါကစ၍၊ ၆ နှစ်အတွင်း တရားစွဲဆိုရမည်။ တရားခံအမှတ် ၁ ကို၊ ၁၃၀၈ (၁၉၄၆)ခုနှစ်၊ ကပင်ရွေးကောက် တင်မြှောက်ထားရာ၊ ယခုအမှုကို ၁၉၆၄ ခု၊ ဩဂုတ်လ ၁၀ ရက်နေ့မှသာ တရားစွဲဆိုသည်ဖြစ်၍ ၆ နှစ်ထက်ကျော်လွန်နေပြီဖြစ်၍ အမှုမှာ တရားခံအမှတ် ၁ အပေါ် ကာလစည်းကမ်းသတ် ကျော် လွန်နေပြီဟု ဖြေဆိုသည်။

၁၉၆၆

ဦးပညာဒေဝတ ပါ ၃ ဦး နှင့် ဦးဥာဏိက ပါ ၂ ဦး။

အပိုင်ခြင်းချက် အမှတ် ၂ နှင့်ပတ်သက်၍ တရားခံ ဆရာတော်နှစ်ပါးသည် စကင်းနည်းလမ်း စည်းမျဉ်းအရ၊ ရွေးကောက်ထားသော ထရပ်စတီးခေါ် မဟာထေရ် ဆရာတော် ၂ ပါးမဟုတ်ဟု ၎င်းတို့ကခြင်းဆိုခြင်း မရှိခဲ့သော်လည်း စကင်းနည်းလမ်း စည်းမျဉ်းအရ၊ ရွေးကောက်တင်မြှောက်ခြင်း မမြောက်သည် ဖြစ်၍ ဤခြင်းချက်မှာ အရေးမကြီးလှသည့်အပြင်၊ သက်ဆိုင်ခြင်းလည်း မရှိပေ။ ပဌမတရားခံသည်၊ နှစ်ပေါင်းများစွာပင် ဥက္ကဋ္ဌ မဟာထေရ် ဆရာတော်ဟု မိမိကိုယ်ကိုမိမိယူဆခဲ့ပြီး၊ ဝတ္တရားများကို ဆောင်ရွက်ခဲ့လေသည်။ ဤအမှုစွဲဆိုသည့်တိုင်အောင်လည်းယူဆလေသည်။ တရားလို များကလည်းပဌမ မူလကယုံကြည်ခဲ့ကြသည်။ နောက်မှသာစကင်းဥပဒေနှင့် မကိုက်ညီကြောင်းတွေ့ရှိကြလေသည်။ ဤခြင်းချက်ကို ဤမျှဖြေဆိုလျှင်ပင်လုံ လောက်ပြီဟု ယူဆသည်။

တမှုလုံးကို ခြုံ၍ကြည့်လျှင် ဥက္ကဋ္ဌ မဟာထေရ် ဆရာတော် ရွေးကောက်ရာ၌ ဖြစ်စေ၊ နာယကဆရာတော် ရွေးကောက်ရာ၌ဖြစ်စေ စကင်းနည်းလမ်းစည်းမျဉ်းအရ ရွေးကောက် တင်မြှောက်ခြင်း မရှိသည်မှာ ထင်ရှားသည်။ ဤကိစ္စကို နှစ်ဘက်စလုံး ကလည်းအငြင်းပွါးခြင်းမရှိကြပေ။ မဲဆန္ဒရှင်စာရင်း မရှိသည်ကတကြောင်း၊ နာယက ဆရာတော်များကို သုံးနှစ်တကြိမ် ရွေးကောက် တင်မြှောက်ခြင်း မပြုခဲ့သည်က တကြောင်းများကြောင့်၊ စကင်းနည်းလမ်း စည်းမျဉ်းအရ မလိုက်နာခဲ့သည်ဟု ဆိုရပေမည်။ စကင်းနည်းလမ်း စည်းမျဉ်းမှာ အရေးကြီးသော လမ်းညွှန်တခု ဖြစ်ပေသည်။ ဤစကင်းနည်းလမ်း စည်းမျဉ်းကို တိတိကျကျ မလိုက်နာက ယခင်တရားရုံးချုပ်က၊ ယခင်မဟာသံဃာဇာ သာသနာပိုင် ဆရာတော်ကြီးနှင့် တိုင်ပင်၍ လိုက်နာရန်ရေးဆွဲပေးခဲ့သည်မှာ ဘချည်းနှီးပင်ဖြစ်ပေလိမ့်မည်။ ဘာသာရေး အလှူဒါန အများနှင့် သက်ဆိုင်သော စကင်းနည်းလမ်းစည်းမျဉ်းကို လေးစား၍ ကြပ်တည်းသောချာမှန်ကန်စွာ လိုက်နာရပေမည်။ ဤကဲ့သို့အမှုမျှားသည် ကျွန်ုပ်ဘို့အချေနိုင်ငံများတွင် ရှားပါသည်၊ အင်္ဂလန်ပြည်တွင် အင်္ဂလိပ်သက္ကရာဇ် ၁၈၅၉ ခုနှစ် ဖြစ်ပွါးသော ***Foord and others*** v. ***Baker*** (1) စီရင် ထုံးတွင် စကင်းနည်းလမ်း စည်းမျဉ်းက—

> "No person shall act as trustees who shall, directly or indirectly, take a lease of or hold or occupy the estate and property belonging to the charity or any *part* thereof, or any interest therein, for his own benefit or for the benefit of any person or persons whomsoever."

ဟုဆိုရှိသည်။

(1) (1959) 27 Beav. 193.

၁၉၆၆

ဦးသည္ဘေဘ
ပါ ၃ ဦး
နှင့်
ဦးဥာဏိက
ပါ ၂ ဦး။

အမှုဇာတ်မြေကွက်မှာ အဘိုးမရှိ သေးငယ်လှသော ပစ္စည်းဖြစ်ပြီး တရားခံတို့ဆွေမျိုး အဆက်ဆက် လက်ထဲတွင် နှစ်ပေါင်း ၅၀ ခန့် ရှိခဲ့သည်သာမက၊ စကင်းနည်းလမ်း စည်းမျဉ်း ရေးဆွဲသော အခါလည်း၊ တရားခံက ငှါးထားကြောင်း ပေါ်လွင်ထင်ရှား သော်လည်း၊ တရားရုံးတော်က တရားခံသည် ထရပ်စတီးတဦး မလုပ်နိုင်ပေဟု ဖြေဆို လိုက်သည်။ The Master of the Rolls (Sir John Romilly) က၊ ဤသို့ ဆုံးဖြတ်၏။

> "I am of opinion that a clause of this description must be construed strictly, and that no person who exercises the duties of trustee or acts as such ought to be allowed to have anything whatever to do with, or have any beneficial interest in, any part of the charity property. The defendant, who is the lessee of a portion of the charity estate, cannot act as trustee; he must either give up the lease or the trusteeship."

ယခုအမှုကို ခြုံ၍ကြည့်လျှင် စကင်းနည်းလမ်း စည်းမျဉ်းအရ၊ မဲဆန္ဒစာရင်းလည်း မထားသည်ကတကြောင်း၊ နာယက ဆရာတော်များကို သုံးနှစ်တကြိမ် ရွေးကောက် တင်မြှောက်ခြင်း မရှိသည်က တကြောင်းတို့ကြောင့် ရွေးကောက်ပွဲ ပြုလုပ်ရမည် ဖြစ်ရာ၊ စကင်းနည်းလမ်း စည်းမျဉ်းမှာ ပါသည့်အတိုင်း မဲဆန္ဒစာရင်းတခု ပြုလုပ် ထားရမည်ဟု ညွှန်ကြားရန် လိုအပ်ပေမည်။ စကင်းနည်းလမ်း စည်းမျဉ်းတွင် ဖော်ပြထားသော အရည်အချင်းရှိသည့် ပုဂ္ဂိုလ်များသာ မဲဆန္ဒစာရင်းတွင် ပါဝင် နိုင်ပြီး ဤမဲဆန္ဒ ပေးနိုင်သူများကသာ အဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်းများ ပြုလုပ်နိုင်ပေမည်။ ထို့အပြင် စကင်းဥပဒေတွင် ဖော်ပြထားသည့် အရည်အချင်း ပြည့်စုံမှသာ ထရပ်စတီးခေါ် ဥက္ကဋ္ဌ မဟာထေရ် ဆရာတော်နှင့် နာယက ဆရာတော် များအဖြစ်လည်း ရွေးကောက် တင်မြှောက်ခြင်းကို ခံရမည်ဖြစ်ကြောင်း သတိချပ် စေရန် ညွှန်ကြားချက် လိုအပ်ပေမည်။ ဤအရည်အချင်း (Qualifications) များ ပြည့်ပြည့်စုံစုံရှိမှသာ ရွေးကောက် တင်မြှောက်ခြင်းကို ခံရပေမည်။ ရွေးကောက် တင်မြှောက်နိုင်ပေမည်။ ပြိုင်ဘက်မရှိ စေကာမူ အရည်အချင်းမရှိလျှင် အဆိုတင်သွင်း ခြင်း၊ ထောက်ခံခြင်း၊ အရွေးခံခြင်းများ မပြုလုပ်ရပေ။ အရည်အချင်းရှိပြီး ပြိုင်ဘက် မရှိမှသာ ရွေးကောက်ပွဲ ပြုလုပ်ရန် မလိုပေ။

အထက်က ဖော်ပြခဲ့သော အကြောင်းများကြောင့် ဤအမှုတွင်လစ်လပ်နေသော ထရပ်စတီး (Trustee)ခေါ် ဥက္ကဋ္ဌ မဟာထေရ် ဆရာတော်တပါး၊ (ဒုတိယ တရားခံဆရာတော်၏နေရာ) နှင့် ကောင်စီဝင် နာယကဆရာတော် ၅ ပါး ကို မဲဆန္ဒ စာရင်းတွင် ပါဝင်သူများက ရွေးကောက် တင်မြှောက်ရန် အမိန့်ချမှတ်လိုက်သည်။

၁၉၆၆ တရားလို၊ တရားခံများမှာ ရဟန်းသံဃာများ ဖြစ်သည့်အားလျော်စွာ မိမိတို့၏ စရိတ်ကို မိမိတို့ ခံကျရမည်ဟု အမိန့်ချမှတ်လိုက်သည်။

ဦးပညာဇောတ ပါ ၃ ဦး နှင့် ဦးဥာဏိက ပါ ၂ ဦး။

မှတ်ချက်။ ။ဤဘုတ္တင် နေဘက်ဆုံးလျှောက်လဲချက်ပေးပြီးနောက် ဤစီရင်ချက်မချမှတ်မီ အတောအတွင်း၊ ပဌမတရားခံဆရာတော်သည်၊ ပျံလွန်တော်သွားရှာပြီဟုသိရှိ၍၊ ဤရုံးတော်မှ ဝမ်းနည်းကြောင်း မှတ်ထမ်းတင်ထားပေသည်။ ဤစီရင်ဆုံးဖြတ်ချက်မှာ တရားမကျင့်ထုံးဘမိန့် ၂၂၊ နည်း ၆ အရဖြစ်သည်။

နှစ်ဘက်ပညာရှိရွေးနေကြီးမျာ်းက၊ ဤရုံးတော်မှ အလှူတိုဦးက ရွေးကောက်ပွဲပြုလုပ်ရန် ဆောင်ရွက်ပါက အကျိုးရှိမည်ဟုလျှောက်လဲကြ၍၊ ဤရုံးတော် မူလဘက်ဌာန အတွင်းဝန်က ဤကိစ္စကို ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးချစ် ရွှေတင်

ဦးပန်းအေး (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၆ မတ်လ ၁၂ ရက်။

ရာဇသတ်ကြီး ပုဒ်မ ၃၇၆ (ပဌမအပိုင်း)—မုဒိမ်းကျင့်စဉ်အခါက မုဒိမ်းကျင့်ခံရသောမိန်းမ အလိုတူ မတူ—အပြုအမူကို စဉ်းစားရခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံ တရားလိုက တရားလိုကို ဆက်လက်၍ မုဒိမ်းကျင့်သည်ဟူသော ပြောဆိုချက်မှာ တရားလိုသည် အယူခံတရားလို၏ ကာမဆုဂစပ်ယှက်မှုကို အလိုတူဆုဖြစ်ကြောင်း ထောက်ပြသည်။ မုဒိမ်းမှုမျှားတွင် မုဒိမ်းကျင့်စဉ်အခါက မုဒိမ်းကျင့်ခံရသောမိန်းမသည် အလိုတူ မတူမှာ သူ၏အပြုအမူကို စဉ်းစားရပေမည်။

ထွန်ကြွယ်ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၅၆ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်)၊ စာမျက်နှာ ၃၁။

ဒေါက်တာအုန်းသင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၅၉ ခု၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်)၊ စာမျက်နှာ ၆၃ တို့ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးနှစ်။

တရားသူကြီး ဦးချစ်။ ။မော်လမြိုင်မြို့၊ (၂) ရာဘက် ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၅ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၁၆ တွင်၊ အယူခံတရားလို ဦးပန်းအေးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၇၆ (ပဌမအပိုင်း)အရ၊ ပြစ်မှုကျူးလွန်သည်ဟု တွေ့ရှိရသဖြင့် အလုပ်နှင့် ထောင်ဒဏ် ၅ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို ဦးပန်းအေးက မကျေနပ်သဖြင့် ဤခုံရုံးသို့ အယူခံဝင်ခြင်းဖြစ်သည်။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၄၉။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၆ တွင် ချမှတ်သော၊ ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက် နေ့စွဲပါ၊ မော်လမြိုင်မြို့၊ (၂) ရာဘက်ရာဇဝတ်တရားသူကြီး၏အမိန့်ကို အယူခံမှု။

၁၉၆၆

ထို့ပြင် လောင်းတမ်းကစားမှု အက်ဥပဒေပုဒ်မ ၆ အရ၊ ဝရမ်းကို ထုတ်မပေးမီ၊ တရားသူကြီး၊ သို့မဟုတ် ခရိုင်ရဲကြီးကြပ်ရေးမှူးသည်၊ အိမ်အဆောက်အဦတခုခုအား အကောက်အစားယူ၍ ကစားဝိုင်းပြုလုပ်သည့် ကစားဒိုင်အိမ်အဖြစ် အသုံးပြုနေသည် ဟုယုံကြည်လောက်သောသတင်းရထားကြောင်းသို့တည်းမဟုတ်ထိုကဲ့သို့အသုံးပြုသည် ဟုယုံကြည်ကြောင်း၊ မှတ်တမ်းတင်ရန်လိုသည်။ ထိုမှတ်တမ်းကို တရားခံများအား ရုံးတင် တရားစွဲဆိုသည့်အခါ ဝရမ်းနှင့် အတူတင်ပြရန်လိုပေသည်။ ထိုကဲ့သို့မှတ်တမ်း တင်ထားခြင်းမရှိလျှင်၊ ထုတ်ပေးခဲ့သောဝရမ်းမှာ ပုဒ်မ ၆ အရ၊ ထုတ်ပေးသည်ဟုမယူဆနိုင်တော့ပေ။ **ကိုစိန်**နှင့် **နိုင်ငံတော်**(၂)အမှု၌အလားတူစီရင်ထုံးဖွဲ့ထားလေသည်၊ ဤအမှုတွင် ဝရမ်းထုတ်ပေးခဲ့သည့်ပဌမရာဇာက် ရာဇဝတ်တရားသူကြီးသည်အထက်တွင် ဖော်ပြခဲ့သည့်အတိုင်းလိုအပ်သည့်မှတ်တမ်းကိုရေးသားထားခြင်း မရှိသည့်အလျောက်၊ ၎င်း၏ဝရမ်းမှာ ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်နှင့် မကိုက်ညီကြောင်းပေါ်လွင်နေသည်။

အထက်ပါ အကြောင်းများကြောင့်၊ ဤအမှုတွင် ထုတ်ပေးခဲ့သော ကစားဝိုင်းဖမ်း ဝရမ်းမှာ လောင်းတမ်းကစားမှု အက်ဥပဒေပုဒ်မ ၆ အရ၊ ထုတ်ပေးခဲ့သော ဝရမ်း မဟုတ်ပေ။ သို့ဖြစ်ရာ ပုဒ်မ ၇ အရ၊ ထင်မြင်ကောက်ယူချက်ကို တရားခံများအပေါ် အသုံးမချနိုင်တော့ပေ။ သို့ဖြစ်ရာ တရားခံများသည် အကောက်အစားယူသည့်ကစား ဒိုင်အိမ်၌ လောင်းတမ်းကစားကြသည်ဟု ထင်ရှားအောင်ပြသရန် တာဝန်မှာတရားလို အပေါ်ပြန်၍ ကျနေလေသည်။ သို့ရာတွင် ကိုထွန်းသောင်၊ကိုအုံးမောင်နှင့်ကိုကျင်စန်း

(၁) ၁၂၊ဘီ၊အယ်(လ်)၊တီ၊ ၁၆၅"

(၂) ၁၉၃၉ ခုနှစ်၊ ရန်ကုန်စီရင်ထုံး ၄၄၇"

၁၉၆၆ ကိုအောင်သိန်း ပါ ၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

တို့၏ ထွက်ချက်များအရ၊ လျှောက်ထားသူတို့သည် အကောက်အစားယူသည့်ကစား ဒိုင်အိမ်၌ လောင်းတမ်းကစားကြသည်ဟု ယူဆရန်လုံးဝအကြောင်းမရှိပေ။ ထို့ပြင် လျှောက်ထားသူတို့အားလွှန်ခဲ့သည့် ၁၉၆၃ ခုနှစ်၊ မေလ ၂၅ ရက်နေ့မှစ၍ အရေးယူခဲ့ရာ၊ ယနေ့ဆိုလျှင် သုံးနှစ်တိတိကြာမြင့်ခဲ့ပြီးဖြစ်သည်သာမက၊ ၎င်းတို့အားဆက်လက် စစ်ကြောစေခြင်းအားဖြင့်အပြစ်ကျရန်အကြောင်းမရှိသည်ကတကြောင်း၊အစိုးရအဘို့ အချိန်ကုန်လူပန်းပြီး ငွေကြေးကုန်ကျစရာသာရှိသည်တကြောင်း၊ ထိုအကြောင်းများကြောင့် ဒိုက်ဦးမြို့၊ မြို့နယ်ရာဇဝတ် တရားသူကြီးရုံး၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၅၇ ကို ပယ်ဖျက်လိုက်ပြီး၊ ထိုအမှုရှိ တရားခံအားလုံးကို တရားသေလွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်ရွှေတင်

စူလတန်အာမက် (ပြင်ဆင်ရန်လျှောက်ထားသူ) † ၁၉၆၆ ဇွန်လ ၁၈ ရက်။

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးခင်မောင်ညို) (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်ပြဋ္ဌာန်းချက်) အက်ဥပဒေပုဒ်မ ၄(၂)/၁၃(၁)အရ မူပြစ်ထင်ရှားစီရင်ခြင်း—ပြည်ထောင်စုသား ဖြစ်သည်ဟု တရားမရုံး၌ မြွက်ဟ ကျေညာချက်ကို ရရှိရန် တရားစွဲဆိုနိုင်ခြင်း—ပြည်ထောင်စုသား ပြစ်မှုအက်ဥပဒေပုဒ်မ(၆)အရ လျှောက်ထားနိုင်ခြင်း—ပြည်ထောင်စုသား လက်မှတ်ရလိုကြောင်း လျှောက်ထားနိုင်ခြင်း—ရာဇဝတ်ကြောင်းဖြင့် အရေးယူ၍ ပြစ်ဒဏ်ပေးထားသည်မှာ လျှော်ကန်သည်ဟု ဆိုသာ မဆိုသာ-တရားဥပဒေနှင့်လည်းညီ မညီ။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည် ပြည်ထောင်စုသား ဖြစ်သည်ဟု ဥပဒေအရ အခိုင်အလုံ သက်သေထူနိုင်လျှင်၊ ၎င်းကပင် ထိုသို့ သက်သေသူ၍ တရားမရုံး၌ မြွက်ဟကျေညာချက်ကို ရရှိရန် တရားစွဲဆိုနိုင်သည်။ သို့မဟုတ် ပြည်ထောင်စုသား ဖြစ်မှု အက်ဥပဒေပုဒ်မ (၆) အရ၊ ၎င်း၏ ဘဝနှင့်ပတ်သက်၍ ရှိနေသော သံသယကို ပယ်ဖျောက်ပေးစေရန် အစိုးရသို့ လျှောက်ထားနိုင်သည်။ သို့မဟုတ် ၎င်းက ပြည်ထောင်စုသား လက်မှတ် ရလိုကြောင်း လျှောက်ထားသည့် အပေါ်၌ သက်ဆိုင်ရာ အစိုးရ ဌာနက စဉ်းစားပြီး အပြီးအပြတ် ဆုံးဖြတ်ပေးနိုင်သည်။ ယခု အခြေအနေ၌ကား အမြင့်အပျက်များအရ ၎င်းအပေါ် ရာဇဝတ်ကြောင်းဖြင့် အရေးယူ၍ ပြစ်ဒဏ်ပေးထားသည်မှာ လျော်ကန်မှုတသည်ဟူ၍လည်း မဆိုသာ၊ တရားဥပဒေနှင့်လည်းမညီပေ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေ ဒေါ်မြသန်းနု ။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။လျှောက်ထားသူစူလတန်အာမက် အပေါ် တွင်၊ လူဝင်မှုကြီးကြပ်ရေး(အရေးပေါ်ပြဋ္ဌာန်းချက်) အက်ဥပဒေပုဒ်မ ၄(၂)/၁၃(၁)အရ၊ မော်လမြိုင်မြို့ ပဌမရာဘက်ရာဇဝတ်တရားသူကြီးက ပြစ်မှုထင်ရှားတွေ့

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၆၀(ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၁(စ)တွင်ချမှတ်သော ၁၉၆၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့စွဲပါ မော်လမြိုင်မြို့ စက်ရှင်တရားသူကြီး၏ အမိန့်ကို ပြန်၍ဆင်ခြင်မှု။

ရှိ၍၊ ဒဏ်ငွေတရားကျပ်တိတိ ပေးဆောင်စေရန် အမိန့်ချမှတ်ထားသည်။ ထိုအမိန့်သည် အကြောင်းအချက်ဥပဒေအရ မှားယွင်းပါသည်။ ထိုကြောင့် ပယ်ဖျက်ပေးသင့်ပါသည် ဟူသော ထောက်ခံချက်ဖြင့်၊ ပညာရှိ မော်လမြိုင်ခရိုင် စက်ရှင်တရားသူကြီးက၊ ဤရုံး သို့အမှုတွဲများကို တင်ပို့ခဲ့ခြင်းဖြစ်သည်။ စူလတန်အာမက်အပေါ် တွင် ၁၉၆၃ ခုနှစ် တွင်တကြိမ်၊ မော်လမြိုင်မြို့ စတုတ္ထရာဘက် ရာဇဝတ်တရားသူကြီးရုံး၌၊ နိုင်ငံခြားသား မှတ်ပုံတင်အက်ဥပဒေအရ အရေးယူတရားစွဲဆိုခဲ့ဘူးသည်။ ထိုအမှုတွင်ရုံးက စူလတန် အာမက်သည် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကို ထုတ်ယူထားမိသည်မှာမှန်သော်လည်း ၎င်းသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်သည်။ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ထုတ်ယူမိကာမျှနှင့် ပြည်ထောင်စုသားဘဝကို ဆုံးရှုံးသည်မဟုတ်ဟု ဆုံးဖြတ်ပြီးလျှင်၊ ၎င်းအား တရားသေလွှတ်ခဲ့သည်။ ထိုအမိန့်ကိုပြင်ဆင်ခြင်း၊ အယူခံဝင်ခြင်း မရှိခဲ့ချေ။

စူလတန်အာမက်သည်၊ နှစ်ပေါင်း ၃၀ ကျော်ခန့်ကစ၍ မော်လမြိုင်မြို့တွင် အိုးအိမ်စိုက်ထူ နေထိုင်ခဲ့သူဟူ၍ အထောက်အထားရှိသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်၊ ၎င်းသည်သဘော်သားတဦးအဖြစ် စစ်တကောင်းသို့ တခေါက်လိုက်ပါခဲ့ပြီးနောက်၊ မော်လမြိုင်မြို့သို့ ပြန်လာကာ တဆက်တည်း နေထိုင်ခဲ့သည်။ အပြန်အတွက် ပြည်ဝင်ခွင့်နှင့်ဗီဇာရယူခဲ့၍၊ ၁၉၄၉ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့တွင် နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကို ထုတ်ယူခဲ့သည်။ ၁၉၅၀ ခုနှစ်တွင် ၎င်းကပြည်ဝင်ခွင့်လက်မှတ်ကို ပယ်ဖျက်ပေးမှန် ယူဝင်မှုကြီးကြပ်မရုံးသို့ လျှောက်ထားခဲ့သည်။ မိမိဘဝမသေချာ၍ ၁၉၅၇ ခုနှစ်တွင် စူလတန်အာမက်က ပြည်ထောင်စုသားလက်မှတ်ကို ရရှိရန် မော်လမြိုင်ခရိုင် ရာဇဝတ်တရားသူကြီးထံ လျှောက်ထားခဲ့ပြန်သည်။ ၎င်းအား နောက်ဆုံးစွဲဆိုသည့် အပြစ်ပေးခဲ့သောအမှုသည် ဗီဇာရက်လွန်နေထိုင်သည့်အတွက် ဖြစ်သည်။

ပညာရှိခရိုင် စက်ရှင်တရားသူကြီးက စူလတန်အာမက်သည် ပြည်ထောင်စုသားဖြစ်နေသည်ဟူသော တရားရုံးတရုံး၏ဆုံးဖြတ်ချက်ကို ပြင်ဆင်ပယ်ဖျက်ခြင်းလည်းမရှိသေး၊ ဗီဇာရက်မကုန်မီ စူလတန်အာမက်သည်၊ နိုင်ငံသားလက်မှတ်ကိုထုတ်ယူ၍ ဆက်လက်နေထိုင်ခဲ့သည်မှာလည်း၊ ထင်ရှားနေသည်။ ၎င်းကဗီဇာနှင့် ပြည်ဝင်ခွင့်ကို ပယ်ဖျက်ပေးရန် လူဝင်မှုကြီးကြပ်ရေးရုံးသို့ လျှောက်ထားခဲ့သည်မှာလည်း အပြီးအပြတ်အမိန့်မချသေး။ ထို့ပြင်၎င်းကိုယ်တိုင် ပြည်ထောင်စုသားလက်မှတ် ရရှိလိုကြောင်း လျှောက်ထားခဲ့ပြီးဖြစ်သည်။ ထိုအကြောင်းကိုထောက်ရှုလျှင်၊ ၎င်းအပေါ် ပြစ်မှုထင်ရှားတွေ့ရှိထားခြင်းသည် မှားယွင်းပါသည်ဟု ထောက်ခံခြင်းဖြစ်သည်။ ထို ထောက်ခံချက်ကို ပညာရှိအစိုးရရွှေနေကြီး ဒေါ်မြသန်းနုက လက်ခံထိုက်ပါသည်ဟု

တင်ပြသည်။ နိုင်ငံခြားသားလက်မှတ်ကို မှားယွင်း၍ ယူမိကာမှုနှင့် ပြည်ထောင်စုသားဖြစ်သူတဦးသည်၊ ပြည်ထောင်စုသားဘဝကို ဆုံးရှုံးသည်မဟုတ်ကြောင်း စီရင်ထုံးမျှားရှိပါသည်။ စူလတန်အာမက်၏ဘဝကို ပြတ်သားရှင်းလင်းစွာ ဆုံးဖြတ်ပေးရန်လိုသည်မှာမှန်သော်လည်း၊ ၎င်းအားပြစ်မှုထင်ရှားတွေ့ရှိကာ ပြစ်ဒဏ်တပ်ရိုက်ထားခြင်းသည် တရားမျှတမှုနှင့်၎င်း ဥပဒေနှင့်၎င်း ဆန့်ကျင်ပါသည်ဟု လျှောက်လဲသည်။

စူလတန်အာမက်သည် ပြည်ထောင်စုသားဖြစ်သည်ဟု ဥပဒေအရ အခိုင်အလုံသက်သေထူနိုင်လျှင်၊ ၎င်းကပင် ထိုသို့သက်သေထူ၍ တရားမရုံး၌ မြွက်ဟကျေညာချက်ကိုရရှိရန် တရားစွဲဆိုနိုင်သည်။ သို့မဟုတ် ပြည်ထောင်စုသားဖြစ်မှု အက်ဥပဒေပုဒ်မ (၆) အရ၊ ၎င်း၏ဘဝနှင့်ပတ်သက်၍ရှိနေသော သံသယကို ပယ်ဖျောက်ပေးစေရန် အစိုးရသို့လျှောက်ထားနိုင်သည်။ သို့မဟုတ်၎င်းက ပြည်ထောင်စုသားလက်မှတ်ရလိုကြောင်း လျှောက်ထားသည့်အပေါ် ၌ သက်ဆိုင်ရာအစိုးရဌာနက စဉ်းစား၍ အပြီးအပြတ်ဆုံးဖြတ်ပေးနိုင်သည်။ ယခုအခြေအနေ၌ကား အဖြစ်အပျက်မျှားအရ ၎င်းအပေါ် ရာဇဝတ်ကြောင်းဖြင့် အရေးယူ၍ ပြစ်ဒဏ်ပေးထားသည်မှာ လျော်ကန်မှုတသည်ဟူ၍လည်းမဆိုသာ၊ တရားဥပဒေနှင့်လည်း မညီပေ၊ ပြစ်ဒဏ်တပ်ရိုက်ပြီးဖြစ်လျှင် နောက်တဆင့်အနေနှင့်၎င်းအား၊ ပြည်နှင်ဒဏ်ပေးကောင်း ပေးပေလိမ့်မည်။ ထိုကဲ့သို့ ပြည်နှင်ဒဏ်ခံရလျှင် ၎င်းသာ ပြည်ထောင်စုသား တဦးဖြစ်သည်မှန်လျှင်၊ ၎င်းအတွက် အဘိုးတန်သော ပြည်ထောင်စုသားဘဝကိုလည်း ဆုံးရှုံးရမည်၊ ၎င်း၏မိသားစုသည်လည်း မျှားစွာနစ်နာရပေလိမ့်မည်။

အထက်ပါအကြောင်းတို့ကြောင့်၊ ပညာရှိ စက်ရှင်တရားသူကြီး၏ ထောက်ခံချက်ကိုလက်ခံ၍၊ လျှောက်ထားသူအပေါ် ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းနှင့် ပြစ်ဒဏ်ချမှတ်ထားခြင်းတို့ကို ပယ်ဖျက်လိုက်သည်။ ဒဏ်ငွေပေးဆောင်ပြီးဖြစ်က၊ ထိုဒဏ်ငွေကို ၎င်းအားပြန်ပေးစေ။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ် ရွှေတင်

† ၁၉၆၆ ဇွန်လ ၄ ရက်။

ဒေါ်တင်မြင့် (ပြင်ဆင်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးရွှေသန်း) (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

ရာဇဝတ်ကျင်ထုံးပုဒ်မ ၂၂၂ (၂)—တနှစ်အတွင်း အကြိမ်ပေါင်း များစွာ ငွေများကို အလွဲသုံးစားပြုခြင်း—တမူတည်း ပေါင်း၍ စွဲချက်တခုတည်း ပြုလုပ်ပြီး စစ်ဆေးနိုင် မနိုင်။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၂၂(၂)အရ တနှစ်အတွင်း ယုံကြည်အပ်နှံမှုကို ဖေါက်ဖျက်၍ဖြစ်စေ၊ အလွဲသုံးစားပြုလုပ်၍ဖြစ်စေ၊ အကြိမ်ပေါင်းများစွာ ပြုလုပ်ခြားသော်လည်း ထိုကဲ့သို့ ကျူးလွန်ခြင်းကြောင့် အလွဲသုံးစားသော ငွေများကို တမူတည်းပေါင်း၍ စွဲချက်တခုတည်း သာလျှင်ပြုလိုက်ပြီး စစ်ဆေးနိုင်ကြောင်း အတိုအလင်း ဖေါ်ပြထားသည့်အလျောက် လျှောက်ထား သူသည် ၅ ကြိမ်တိုင်တိုင် ၁၉၆၃ ခုနှစ် မေလ ၂၉ ရက်နေ့မှ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့ အထိအလွဲသုံးစားပြုလုပ်ထားသောငွေမှာ ၂၁၂၀ ကျပ် ၉၀ ပြားဖြစ်၍ ထိုတပေါင်းတည်းငွေကို စွဲချက်တခုတည်းနှင့်ပင်စွဲချက်တင်၍ စစ်ဆေးနိုင်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးဝင်းလှိုင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးဘကြိုင်။

တရားသူကြီး ဦးချစ်။ ။တောင်ငူမြို့၊ ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်းနှင့် လက္ကားဆိုင်ရှိ ငွေနှင့်ပစ္စည်းများကို၊ ရန်ကုန်မြို့မှ စာရင်းစစ်အရာရှိ ဦးအေးသင်နှင့် အဖွဲ့တို့က၊ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့ထွင် စစ်ဆေးကြရာ၊ ၁၉၆၃ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှ ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့အတွင်း ၅ ကြိမ်အလိုလို ရောင်းရသောစုစုပေါင်း ငွေ ၂,၁၂၀ ကျပ် ၉၀ ပြား ကို၊ ငွေကိုင်စာရေးလျှောက်ထားသူ ဒေါ်တင်မြင့်က ဘဏ်တိုက်သို့ပေးသွင်းခြင်းမရှိဘဲ၊ မိမိကိုယ်ကျိုးအတွက်အလွဲသုံးစား ပြုလုပ်ထားသည်ကို တွေ့ရသဖြင့်၊ ၎င်းအပေါ် ရာဇသတ်ကြီး ပုဒ်မ ၄၀၉ အရ

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၇၉(ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၇၇ တွင်ချမှတ်သော ၁၉၆၆ ခုနှစ်၊ဇန်နဝါရီလ ၁၀ ရက်နေ့စွဲပါ တောင်ငူမြို့ (၅) ရာဘက်ရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပြန်၍ဆင်ခြင်မှု။

အရေးယူတရားစွဲဆိုခဲ့ရာ၊ တောင်ငူမြို့ (၅)ရာဘက်ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၅ ခု၊ ရာဇဝတ်ကြီးမှု အမှတ် ၇၄ တွင်၊ တရားလိုပြသက်သေများကို စစ်ဆေးပြီးသော အခါ၊ စွဲချက်မှာ ၅ ရပ်ဖြစ်နေသဖြင့်၊ တမှုတည်းတွင် စုပေါင်း၍စွဲချက်တင်နိုင်စွမ်း မရှိဟုယူဆပြီး၊ စွဲချက်မတင်ဘဲ၊ လျှောက်ထားသူတရားခံ ဒေါ်တင်မြင့်အား တရားရှင်လွှတ်ရန်အမိန့်ချမှတ်ခဲ့သည်။

ထိုအမိန့်ကို မကျေနပ်သဖြင့်၊ တောင်ငူမြို့ ခရိုင်ရာဇဝတ်တရားသူကြီးက၊ ၎င်း၏ ရုံး ၁၉၆၆ ခု။ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃ ကိုဖွင့်လှစ်၍၊ အောက်ရုံးအမှုတွဲကိုခေါ်ပြီး သုံးသပ်သည်။ နှစ်ဘက်သောရှေ့နေကြီးများကို ကြားနာပြီးလျှင်၊ ပညာရှိခရိုင် ရာဇဝတ်တရားသူကြီးက၊ ၁၉၆၆ ခု၊ ဧပြီလ ၈ ရက်နေ့တွင်အမိန့်ချမှတ်သည်။ ထိုအမိန့်တွင်၊ အောက်ရုံးတရားသူကြီးက စွဲချက်မှာ ၅ ခုဖြစ်နေသဖြင့် စွဲချက် ၃ ခုကို တကြိမ်၊ ကျန်စွဲချက် ၂ ခုကိုတကြိမ်ခွဲ၍ တသီးတခြားစီစွဲဆိုရာမှာ၊ ရုံး၏တာဝန် မဟုတ်၊ တရားလို၏တာဝန်သာဖြစ်သည်ဟု ယူဆပြီး စွဲချက်မတင်ဘဲ၊ ဒေါ်တင်မြင့် အား တရားရှင်လွှတ်လိုက်သောအမိန့်ကို ပယ်ဖျက်လိုက်သည်။ ယင်းသို့ပယ်ဖျက်ပြီး နောက်၊ ထိုအမှုကို တောင်ငူမြို့ (၄) ရာဘက်ရာဇဝတ်တရားသူကြီးရုံးက ထပ်မံစစ် ဆေးရန်အမိန့်ချမှတ်ခဲ့သည်။

ပညာရှိခရိုင်ရာဇဝတ်တရားသူကြီး၏ယူဆချက်မှာ ၁၉၆၃ ခု၊ မေလ ၂၉ ရက်နေ့မှ ၁၉၆၃ ခု၊ ဒီဇင်ဘာလ ၈ ရက်နေ့အထိ၊ ဒေါ်တင်မြင့်သည် ၅ ကြိမ်တိုင်တိုင် အလွဲ သုံးစားပြုလုပ်ထားသောငွေမှာ ၂,၁၂၀ ကျပ် ၉၀ ပြား ဖြစ်၍၊ ထိုတပေါင်းတည်းငွေကို စွဲချက်တခုတည်းနှင့်ပင် စွဲချက် တင်၍ စစ်ဆေးနိုင်ကြောင်း ဖေါ်ပြထားသည်။ ဤသို့ တွေ့ရှိချက်မှာ မှန်ကန်သည်။ အဘယ်ကြောင့်ဆိုသော်၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၂၂ (၂) အရ တနှစ်အတွင်း ယုံကြည်အပ်နှံမှုကို ဖေါက်ဖျက်၍ဖြစ်စေ၊ အလွဲသုံးစား ပြုလုပ်၍ဖြစ်စေ၊ အကြိမ်ပေါင်းများစွာပြုလုပ်ငြားသော်လည်း၊ ထိုကဲ့သို့ကျူးလွန်ခြင်း ကြောင့်အလွဲသုံးစားသောငွေများကိုတမှုတည်းပေါင်း၍ စွဲချက်တခုတည်းသာလျှင် ပြု လုပ်ပြီးစစ်ဆေးနိုင်ကြောင်းအတိအလင်းဖေါ်ပြထားသည်။ ထိုရည်ညွှန်းသောပုဒ်မကို၊ ပညာရှိ အောက်ရုံးတရားသူကြီးက သတိမူဟန်မတူပေ။ ဤရုံးပြင်ဆင်မှုတွင် ဤ အချက်ကိုသာ အဓိကထား၍ သုံးသပ်လိုက်သည်။ လျှောက်ထားသူ ဒေါ်တင်မြင့်၏ ပညာရှိ ရှေ့နေကြီးက၊ အခြား အချက်အလက်များကို တင်ပြသော်ငြားလည်း၊ လေးလေးနက်နက် ပြောဆိုခြင်းမရှိပေ။

ထို့ကြောင့်၊ အောက်ရုံးအမိန့်ကို ပယ်ဖျက်လိုက်သော ပညာရှိခရိုင်ရာဇဝတ်တရား သူကြီး၏အမိန့်ကို လက်ခံအတည်ပြု၍ လျှောက်ထားသူ၏ ပြင်ဆင်မှုလွှာကိုပလပ် လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်
ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးစိန်သင်းဌေးတင်

† ၁၉၆၆ မေလ ၁၉ ရက်။

ဒေါ်ဖွါးတင် (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (မတင်ရှေ့) (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

ရာဇသတ်ပုဒ်မ ၄၁၇ အရမူပြစ် ထင်ရှား စီရင်ခြင်း—လိမ်လည်လှည့်ဖြား လိုသောသဘော၌ မရှိဆိုသည့် အဓိကအချက်— ဝိညာဉ် ဖေါက်ဖျက်မှုပြုငှဲ့ တရားမကြောင်း တရားစွဲဆိုရန်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည် မတင်ရှေ့ထံမှ ငွေ ၃၀ ကျပ် ကိုလက်ခံစဉ်က ၎င်းနှင့်လိမ်လည်လှည့်ဖြားလိုသော စိတ်ရှိကြောင်း သက်သေခံ အထောက်အထားတစုံတရာ မတွေ့ရှိရချေ။ ထိုကဲ့သို့ မအေးနုအား ရက်ကန်း ပညာသင်ပေးရန်အတွက်ငွေ ၃၀ ကျပ် ကိုလက်ခံပြီးနောက်၊ မအေးနုအား ရက်ကန်း ပညာသင်ပေးခဲ့ကြောင်းများနှင့် ပတ်သက်၍ အငြင်းပွါးချက် မရှိ။ သို့ဖြစ်လေရာ လျှောက်ထားသူအပေါ်၌ ပဋိညာဉ် ဖေါက်ဖျက်မှုဖြင့် တရားမကြောင်း စွဲဆိုရန်သာ အကြောင်းရှိလေသည်။

မောင်ဘိုးလူ နှင့် နိုင်ငံတော်၊ ရန်ကုန်စီရင်ထုံး၊ အတွဲ ၁၊ စာ မျက်နှာ ၃၉၇။ ဘိုးဝံ့ နှင့် မစ္စစ်မိုဘာထူးသားအင်ကုမ္ပဏီလီမိတက်၊ အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ၆၊ စာမျက်နှာ ၃၈ တို့ကိုရည်ညွှန်းသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေ ဦးမင်းဟန်။

တရားသူကြီး ဦးစိန်သင်း။ ။ပုသိမ်မြို့၊ ဒုတိယရာဘက် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၅၃၄ တွင်၊ လျှောက်ထားသူ ဒေါ်ဖွါးတင် အား၊ ရာဇသတ်ကြီးပုဒ်မ ၄၁၇ အရ၊ မူပြစ်ထင်ရှားစီရင်၍ ဒဏ်ငွေ ၅၀ ကျပ်ပေးဆောင်စေ။ မပေးဆောင်နိုင်က၊ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၂ လကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ အမှုဇာတ်အကြောင်းခြင်းရာ အတိုချုပ်မှာ၊ အောက်ပါအတိုင်းဖြစ်ပါသည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၇၁(ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၅၃၄ တွင်ချမှတ်သော ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် နေ့စွဲပါ၊ ပုသိမ်မြို့ ဒုတိယရာဘက် ရာဇဝတ်တရားသူကြီး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

တရားခံဒေါ်ဖွါးတင်သည်၊ ရက်ကန်းရုံပိုင်ရှင်တဦးဖြစ်သည်။ (၁၃၂၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်)၊ ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် တရားလို မတင်ရွှေသည်၊ ၎င်း၏ညီမ၊ မအေးနုအား ဒေါ်ဖွါးတင်ထံတွင် ရက်ကန်းပညာသင်ပေးရန်၊ ငွေ ၃၀ ကျပ် ပေးချေအပ်နှံခဲ့သည်။ တလခန့်ကြာသောအခါ ဒေါ်ဖွါးတင်ကမအေးနုအား၊ "နုံသည်၊အသည်" ဟုပြောဆိုပြီး၊ ရက်ကန်းပညာသင်ပေးခြင်းမှရပ်စဲလိုက်သည်ဟု၊ တရားလိုကစွပ်စွဲထားသည်။ မတင်ရွှေသည်၊ ဒေါ်ဖွါးတင်ထံမှ မအေးနုကိုရက်ကန်းပညာသင်ပေးရန်အတွက် ပေးထားသည့်ငွေ ၃၀ ကျပ်ကို ပြန်တောင်းလေသည်။ ဒေါ်ဖွါးတင်က၊ ထိုငွေ ၃၀ ကျပ်ကိုပြန်၍ ပေးရန်ငြင်းဆန်သောကြောင့်၊ ဤအမှုကိုစွဲဆိုရခြင်းဖြစ်သည်။

ဒေါ်ဖွါးတင်ကမူ၊ မိမိသည် မအေးနုအား၊ ရက်ကန်းပညာသင်ပေးသဖြင့်၊ မအေးနုမှာ၊ ရက်ကန်းပညာကိုတတ်မြောက်ခဲ့ပြီးဖြစ်သည်ဟု၊ ထုချေထားလေသည်။ ဒေါ်ဖွါးတင်နှင့် မတင်ရွှေတို့စုပ်ကြားတွင်၊ ဒေါ်ဖွါးတင်ကမအေးနုအား၊ ရက်ကန်းပညာကိုတတ်မြောက်သည်အထိသင်ပေးရန် ကတိကဝတ်ရှိခဲ့ကြောင်း၊ အောက်ရုံးအမှုတွဲတွင် ရရှိသည့်သက်သေခံချက်များအရ၊ မပေါ်လွင်ချေ။ သို့ရာတွင်ပညာရှိ ရာဇဝတ်တရားသူကြီးက ဒေါ်ဖွါးတင်သည်၊ မအေးနုအား ရက်ကန်းပညာကိုဘတ်မြောက်အောင် သင်ပေးမည်ဟုပြောပြီး၊ မတတ်တတတ်သင်ပေးသောကြောင့်၊ ငွေ ၃၀ ကျပ်ကို လိမ်လည်၍ယူရာရောက်သည်ဟု ဆုံးဖြတ်ချက်ချမှတ်လိုက်သည်။ သို့နှင့်အထက်တွင် ဖေါ်ပြသည့်အတိုင်း၊ မှုပြစ်ထင်ရှားစီရင်ကာ အပြစ်ပေးလိုက်ခြင်းဖြစ်သည်။

ထိုအမိန့်နှင့်စီရင်ချက်တို့ကို မကျေနပ်သဖြင့်၊ ဒေါ်ဖွါးတင်က ပုသိမ်မြို့စက်ရှင် တရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၅၅ တွင်၊ ရာဇဝတ်ပြင်ဆင်မှုလျှောက်ထားခဲ့သည်။ ထိုအမှုတွင်၊ ပညာရှိစက်ရှင်တရားသူကြီးက၊ အောက်ရုံး၏စီရင်ချက်နှင့်အမိန့်တို့သည်၊ ဥပဒေအရ မှားယွင်းချွတ်ချော်နေသည်ဟု ယူဆသောကြောင့်၊ ထိုစီရင်ချက်နှင့်အမိန့်တို့ကို ပယ်ဖျက်ပေးပါမည့်အကြောင်း ထောက်ခံချက်နှင့် ဤရုံးသို့တင်ပို့လိုက်ခြင်းဖြစ်သည်။

ပညာရှိစက်ရှင်တရားသူကြီး၏ ထောက်ခံချက်များကို၊ လက်ခံရမည်ဖြစ်သည်။ ဤအမှုတွင်လိုက်ပါဆောင်ရွက်သည့် အစိုးရရွှေနေကြီးကလည်း၊ ပညာရှိစက်ရှင်တရားသူကြီး ထောက်ခံထားသည့်အတိုင်း၊ မူလရုံး၏စီရင်ချက်နှင့်အမိန့်တို့ကို ပယ်ဖျက်သင့်ကြောင်းဖြင့်လျှောက်လဲထားလေသည်။

ရာဇဝတ်ကြီးပုဒ်မ ၄၁၅ တွင်ပါရှိသည့် အလွန်အရေးကြီးသော အဓိကအချက်မှာ၊ လိမ်လည်လှည့်ဖြားလိုသော သဘောရှိခြင်းပင်ဖြစ်သည်။ ယခုကျွန်ုပ်ရှေ့ရှိအမှုတွင်၊ လျှောက်ထားသူ ဒေါ်ဖွါးတင်သည်၊ မတင်ရွှေထံမှငွေ ၃၀ ကျပ်ကို လက်ခံစဉ်က၊

၁၉၆၆ ဒေါ်ဖွါးတင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (မတင်ရွှေ)။

ငင်းဥ်လိမ်လည်လှည့်ဖြားလိုသော စိတ်ရှိကြောင်း သက်သေခံ အထောက်အထားတစုံတရာမတွေ့ရှိရချေ။ ဒေါ်ဖွါးတင်သည်၊ မအေးနုအား ရက်ကန်းပညာသင်ပေးရန် အတွက်၊ ငွေ ၃၀ ကျပ်ကို လက်ခံခဲ့ကြောင်း၊ ထိုကဲ့သို့လက်ခံပြီးနောက်၊ မအေးနုအား ရက်ကန်းပညာ သင်ပေးခဲ့ကြောင်းမျှားနှင့် ပတ်သက်၍လည်း အငြင်းပွါးချက်မရှိ။ မအေးနုကိုယ်တိုင်က၊ ငင်း၏အစစ်ခံချက်၌၊ "ကျမသည်ရက်ကန်းသင်တာ ၂ လ ကျော်ကြာတယ်ဆိုတာမဟုတ်ပါ။ တလကျော်လောက်ဘဲရှိပါသေးတယ်" ဟုထွက်ဆိုထားသည်။ သို့ဖြစ်လေရာ၊ လျှောက်ထားခံရသူ မတင်ရွှေတို့ စွပ်စွဲထားသည့်အတိုင်း မှန်စေကာမူ၊ ဒေါ်ဖွါးတင်အပေါ် ၌ ပဋိညာဉ် ဖေါက်ဖျက်မှုဖြင့် တရားမကြောင်းစွဲဆိုရန်သာလျှင် အကြောင်းရှိလေသည်။ **မောင်ဘိုးလူ** နှင့် **နိုင်ငံတော်** (၁) အမှု၌၊ တရားခံသည်၊ ငွေကိုလက်ခံစဉ်က၊ မိမိအပေါ် ၌ပဋိညာဉ်အရ၊ သက်ရောက်သည့်တာဝန်ကိုဆောင်ရွက်ရန် အကြံအစည်မရှိသောကြောင့်၊ တရားခံသည် လိမ်လည်မှုကျူးလွန်ရာမရောက်ဟု ဆုံးဖြတ်ထားလေသည်။ အလားတူပင်၊ **ဘိုးရွှဲ** နှင့် **မစွစ်မိုဘရားသားအင်ကုမ္ပဏီလိမိတက်** (၂) စီရင်ထုံးတွင်လည်း၊ ငွေကိုလက်ခံစဉ်က၊ တရားခံ၌ပဋိညာဉ် အရသက်ရောက်သည့်တာဝန်ကို၊ ဆောင်ရွက်ရန် ရည်ရွယ်ချက်မရှိမှသာလျှင်၊ ဆုဇသတ်ကြီးပုဒ်မ ၄၂၀ အရ၊ ပြစ်မှုကျူးလွန်ရာ မြောက်သည်ဟု ဖေါ်ပြထားလေသည်။

ထို့ကြောင့်၊ ယခုကျွန်ုပ်ရှေ့ရှိအမှုတွင်လည်း၊ ဒေါ်ဖွါးတင်သည် ပဋိညာဉ်အရ၊ မိမိတွင်သက်ရောက်သည့်တာဝန်ကို၊ ပျက်ကွက်ကောင်း ပျက်ကွက်ပေလိမ့်မည်။ သို့ရာတွင်၊ ထိုပဋိညာဉ်အရ၊ ငွေ ၃၀ ကျပ်ကိုလက်ခံစဉ်က၊ ၎င်းသည်ပဋိညာဉ်အရ၊ သက်ရောက်သည့်တာဝန်ကို ဆောင်ရွက်ရန် ရည်ရွယ်ချက်မရှိဟု ဆိုနိုင်စရာအကြောင်းတစုံတရာမပေါ် ပေါက်ချေ။

အထက်ပါအကြောင်းမျှားကြောင့်၊ ပညာရှိ စက်ရှင်တရားသူကြီး ထောက်ခံထားသည့်အတိုင်း၊ မူလရုံးကချမှတ်သည့် မူပြစ်ထင်ရှားစီရင်ခြင်းနှင့် အမိန့်စီရင်ချက်တို့ကို ပယ်ဖျက်လိုက်သည်။ လျှောက်ထားသူအား ကျိအမှုနှင့်ပတ်သက်၍၊ တရားသေလွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

---

(၁) ရန်ကုန်စီရင်ထုံး၊ အတွဲ ၁၊ စာမျက်နှာ ၃၉၇။

(၂) အောက်မြန်မာပြည် စီရင်ထုံး၊ အတွဲ ၆၊ စာမျက်နှာ ၃၈။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ဒုတိယအယူခံမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

ဒေါ်သဲရင် (အယူခံတရားလို)

နှင့်

ဦးထွန်းဥာဏ် ပါ ၁၇ (အယူခံတရားခံများ)*

† ၁၉၆၆ မေလ ၃၁ ရက်။

အုပ်ထိန်းစီမံခန့်ခွဲစေပးစေလိုမှု စွဲဆိုခြင်း—မိခင် မသေမီက သားသမီးအားလုံး သဘောတူညီချက် အရ၊ မိသားစု စီမံမှုတရပ် ပြုလုပ်ခြင်း—မိသားစု စီမံမှု အတည်ဖြစ် မဖြစ်။

အယူခံ တရားလိုက မိမိ၏ မိခင် ကွယ်လွန်သူ ဒေါ်ကွမ်း ပိုင်အခင်းဖြစ်အိမ်နှင့် မြေကို အုပ်ထိန်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆို၏။ မူလရုံးနှင့် ပဌမ အယူခံရုံးတို့က အခင်းဖြစ် အိမ်နှင့်မြေကို ဒေါ်ကွမ်း မသေမီကပင် သားသမီး အားလုံး သဘောတူညီချက် အရ၊ မိသားစုစီမံမှု တရပ် ပြုလုပ်ကာ၊ ဒေါ်အေးသင်အား ခွဲဝေပေးခဲ့သည်ဟု အဆုံးအဖြတ်ပြုကာ၊ အယူခံတရားလို၏ အမှုကို ပလပ် လိုက်သည်။

ဆုံးဖြတ်ချက်။ ။ဒေါ်ကွမ်းသည် အချင်းဖြစ် အိမ်နှင့် မြေကို သမီးအငယ်ဆုံး ဒေါ်အေးသင်ကို ခွဲဝေပေးခဲ့သည်။ ဒေါ်အေးသင်သည် ဒေါ်ကွမ်းသေဆုံးသောအခါ ဒေါ်ကွမ်း၏ အမွေကို ဆက်ခံနိုင်သည့် အမွေစား အမွေခံတယောက်ဖြစ်၍၊ ထိုကဲ့သို့ ခွဲဝေပေးခြင်းမှာ မိသားစုစီမံမှုအရ၊ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ အယူခံမှုကို ပလပ်လိုက်သည်။

ရဇတာင်မင်းနှင့် ရမ်ကူမားရမ်၊ အေ၊အိုင်၊အာ(ရ)၊ ၁၉၃၄၊ ရန်ကုန်၊ ၁၇၆ ခြားနားပြသည်။
မဓကျော့ နှင့် ဒေါ်ဓကျားအု၊ အေ၊အိုင်၊အာ(ရ)၊ ၁၉၃၅၊ ရန်ကုန်၊ ၂၇၅ ရည်ညွှန်းသည်။

အယူခံတရားလို အတွက်။ ။ဦးဘိုးသာ။

အယူခံတရားခံများအတွက်။ ။ဦးထွန်းတင်။

တရားသူကြီး ဦးသက်ဖေ။ ။မော်လမြိုင်မြို့၊ ကျိုက္ခမီ ရာဘက်နယ်ပိုင် တရားမရုံး၏ ၁၉၆၃ ခုနှစ်၊တရားမကြီးမှုအမှတ် ၂(က)တွင်၊ အယူခံတရားလိုက အယူခံတရားခံများအပေါ် ကွယ်လွန်သူ ဒေါ်ကွမ်း ပိုင်ဟစ္စည်းဖြစ်သည့် ရေးမြို့၊ မြို့မကွင်း အမှတ် ၁၂၇ (က)အုပ်စု အမှတ် ၃၈၊ ရေးမြို့၊ ခေမာလမ်းနှင့် ယုဇနလမ်းထောင့်ရှိ မြေနှင့် ထိုမြေပေါ်ရှိ အိမ်ကို အုပ်ထိန်းစီမံခန့်ခွဲ ပေးစေသိမ့်ပွဲဆို၏။ အယူခံတရားလိုက၊ ဒေါ်ကွမ်းသည်

---

* ၁၉၆၅ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၁၃။

† ၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ (က) တွင်၊ မော်လမြိုင်မြို့၊ ကျိုက္ခမီ ရာဘက်နယ်ပိုင် တရားရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၆ ခေါ်သဲရင် နှင့် ဦးထွန်းဥာဏ် ပါ၊ ၁၇။

လွန်ခဲ့သည့် ၁၇ နှစ်ခန့်က ကွယ်လွန်ရာ၊ အမေ့ဆိုင်များအဖြစ် သားသမီးများ ဖြစ်ကြသည့် မိမိအပြင်၊ အယူခံတရားခံ ဦးထွန်းဥာဏ်၊ အယူခံတရားခံ ဦးဘသော်၊ ဒေါ်မြမြ၊ ဒေါ်ချစ်စုနှင့် ဒေါ်အေးသင်တို့ ကျန်ရစ်ခဲ့ကြောင်း။ ဒေါ်ချစ်စုမှာ လွန်ခဲ့သည့် ဂ နှစ်ခန့်က သေဆုံးပြီး ၎င်း၏ အမေ့ဆိုင်များအဖြစ် အယူခံတရားခံ မောင်အောင်ညွှန့်နှင့် မောင်ထွန်းဟန်တို့ ကျန်ရစ်ကြောင်း။ ဒေါ်မြမြသည် လွန်ခဲ့သည့် ၃ လခန့်က ကွယ်လွန်သဖြင့်၊ အယူခံတရားခံ မအေးငွေနှင့်မခင်ထွေးတို့သည်၊ ၎င်း၏ အမေ့ဆိုင်များအဖြစ် ကျန်ရစ်ကြောင်း။ ဒေါ်အေးသင်မှာ ၁၃၂၄ ခုနှစ်၊ ကဆုန်လတွင် သေဆုံး၍ ကျန် အယူခံ တရားခံများသည် ၎င်း၏ အမေ့ဆိုင်များအဖြစ် ကျစ်ရစ်ခဲ့ကြောင်း။ အခင်းဖြစ် အမေ့ပုံ အိမ်နှင့်မြေကို၊ မူလပိုင်ရှင် ဒေါ်ဂွမ်း သေဆုံးပြီးနောက် အမေ့ခွဲဝေခြင်းမပြုဘဲ၊ ဒေါ်အေးသင်အား အများသဘောတူ နေထိုင်စေခဲ့ကြောင်း။ ဒေါ်အေးသင် ကွယ်လွန်ပြီးနောက်၊ ဒေါ်အေးသင်၏ သားသမီးများအား အမေ့ခွဲဝေရန် တောင်းဆိုရာ ငြင်းဆန်နေကြောင်း။ ထိုအမေ့ပုံ အိမ်နှင့်မြေအပေါ် တွင် မိမိက ၃ ပုံ၊ အယူခံတရားခံ ဦးထွန်းဥာဏ်က ၃ ပုံ၊ အယူခံတရားခံဦးဘသော်က ၃ ပုံ၊ အယူခံ တရားခံ မောင်အောင်ညွှန့်နှင့် မောင်ထွန်းဟန်တို့က ဒေါ်ချစ်စု ဝေစုအတွက် ၃ ပုံ၊ အယူခံဘရားခံ မအေးငွေနှင့် မခင်ထွေးတို့က ဒေါ်မြမြ၏ ဝေစုအတွက် ၃ ပုံနှင့် ကျန်အယူခံတရားခံများက ဒေါ်အေးသင် ဝေစုအတွက် ၃ ပုံ ရသင့်ရထိုက်သဖြင့်၊ ထိုအချိုးကျအတိုင်း၊ အမွေခွဲဝေပေးစေလိုကြောင်း၊ အဆိုပြုလာလေသည်။

အယူခံတရားခံ ဦးထွန်းဥာဏ်နှင့် မောင်အောင်ညွှန့်တို့က၊ အယူခံတရားလို စွဲဆိုသည့်အတိုင်း ဒီကရီချပေးရန် ခေ့လ္ဘာ တင်၏။ အယူခံတရားခံ မအေးငွေ၊ မခင်ထွေးနှင့် မောင်ထွားဖေတို့မှာ ဆင့်စာအတည်ဖြစ်သော်သည်း၊ ရုံးသို့ မလာရောက်သဖြင့်၊ ၎င်းတို့အပေါ် တဘက်သတ် စစ်ဆေးခဲ့လေသည်။ ကျန်အယူခံ တရားခံများကမူ၊ ကွယ်လွန်သူ ဒေါ်ဂွမ်းသည်၊ မသေမီ ၁၃ နှစ်ခန့်က သားသမီးများ၏ သဘောတူညီချက်အရ၊ ၎င်း၏ပစ္စည်းများအား၊ ခွဲဝေသည့် မိသားစု စီမံမှုတရပ် ပြုလုပ်ခဲ့ကြောင်း။ ထိုမိသားစုစီမံမှုအရ၊ အယူခံတရားခံဦးဘသော်သည်၊ ရေးမြို့နယ် ကွင်းကြီးကွင်းရှိ မြေချိန် ၅ ကေရှိသော လယ်တခင်းကိုရရှိကြောင်း။ သမီး ဒေါ်ချစ်စု၊ ဒေါ်မြမြ၊ ဒေါ်သဲရင်၊ ဒေါ်အေးသင်နှင့် သား ဦးထွန်းဥာဏ်တို့က၊ သက်နိုးကျွန်းရှိ မြေချိန် ၂၀ ကေရှိသော လယ်တခင်းကို စုပေါင်း၍ ရရှိခဲ့ကြောင်း။ သားသမီး များတွင် အငယ်ဆုံး ဖြစ်သည့် ဒေါ်အေးသင်အား၊ချစ်မြတ်နိုးသည့်အလျောက်၊ ၎င်း၏အစ်ကိုနှင့် အမများ၏ သဘောတူညီချက်အရ၊ အခင်းဖြစ် အိမ်နှင့် မြေကို ပေးခဲ့ကြောင်း။ ထိုကဲ့သို့ ခွဲဝေပေးသည့်အတိုင်း၊ ဒေါ်အေးသင်သည် လက်ရှိ နေထိုင်ပိုင်ဆိုင်ခဲ့သဖြင့်

အယူခံတရားလိုသည်၊ အမေခွဲဝေပေးရန် တောင်းဆိုခြင်းမပြုနိုင်ကြောင်း၊ အမှုစွဲဆိုရန် ကာလစည်းကမ်းသတ် ဥပဒေအရ အချိန်ကျော်လွန်နေပြီဖြစ်ကြောင်း ထုခုံကြလေသည်။

ပညာရှိ နယ်ပိုင် တရားမတရားသူကြီးသည်၊ နှစ်ဦးနှစ်ဘက် အမှုသည်နှင့် သက်သေများကို ကြားနာပြီးနောက်၊ အခင်းဖြစ် အိမ်နှင့်မြေကို၊ ဒေါ်ဂွမ်းသည် မသေမီကပင် သားသမီးအားလုံး သဘောတူညီချက်အရ၊ မိသားစု စီမံမှုတပုဒ် ပြုလုပ်ကာ၊ ဒေါ်အေးသင်အား ခွဲဝေပေးခဲ့ကြောင်း။ ထိုမိသားစုစီမံမှုအတိုင်း ၁၅ နှစ်တိုင်တိုင် သဘောတူ လိုက်နာခဲ့ပြီး၊ ယခုမှ မကျေနပ်ဟုမပြောဆိုနိုင်တော့ကြောင်း၊ အဆုံးအဖြတ်ပြုကာ အယူခံတရားလိုတို့၏ အမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်၏။ ယင်းသို့ ပလပ်လိုက်သော ဒီကရီကို မကျေနပ်သဖြင့်၊ မော်လမြိုင်မြို့၊ ခရိုင်တရားမရုံးသို့ အယူခံဝင်ရာ၊ ပညာရှိ ခရိုင်တရားမ တရားသူကြီးကလည်း၊ အောက်ရုံး ယူဆသည့်အတိုင်း၊ ဒေါ်ဂွမ်းသည် မသေမီ မိသားစုစီမံမှုတရပ်ကို ပြုလုပ်ကာ၊ မိမိပိုင် ပစ္စည်းများ သားသမီးများအား ခွဲဝေပေးခဲ့ကြောင်း၊ အခင်းဖြစ် အိမ်နှင့် မြေမှာ၊ ထိုမိသားစု စီမံမှုအရ ဒေါ်အေးသင် ရရှိခဲ့သည့် ပစ္စည်းဖြစ်ကြောင်း ကောက်ယူကာ အောက်ရုံးစီရင်ချက်နှင့် ဒီကရီတို့ကို အတည်ပြုလိုက်လေသည်။ ထိုအမိန့် ဒီကရီကို အယူခံတရားလိုက မကျေနပ်ပြန်သဖြင့်၊ ဤဒုတိယ အယူခံမှုကို တဖန် တင်သွင်းလာခြင်း ဖြစ်ပေသည်။

အယူခံ တရားလို၏ ပညာရှိရွှေနေကြီးက၊ အယူခံ တရားခံတို့သည်၊ ၎င်းတို့၏ ထုခုံလွှာတွင် ဒေါ်ဂွမ်း မသေမီ ၁၃ နှစ်က၊ မိသားစု စီမံမှုကို ပြုလုပ်ကာ အခင်းဖြစ် အိမ်နှင့်မြေကို ဒေါ်အေးသင်အား ပေးခဲ့သည်ဟု ဆိုထားသော်လည်း၊ အောက်ရုံးတွင် သက်သေအဖြစ် အစစ်ခံရာ၌၊ ဒေါ်ဂွမ်း မသေမီ ၃ နှစ်ကမှ မိသားစုစီမံမှုကို ပြုလုပ်ခဲ့ကြောင်း ထွက်ဆိုသွားသောကြောင့်၊ ဒေါ်ဂွမ်း မသေမီ မိသားစုစီမံမှုတရပ် ပြုလုပ်ခဲ့သည်ဆိုသော တင်ပြချက်မှာ ထင်ရှားသည့် တင်ပြချက်တခု ဖြစ်သည်ဟု မယူဆသင့်ကြောင်း လျှောက်လဲသွား၏။

ယခုကဲ့သို့ ဒုတိယ အယူခံမှုမျှားတွင်၊ ပဌမအယူခံရုံးမှ တွေ့ရှိခဲ့သည့် အကြောင်းခြင်းရာနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ကို ဒုတိယ အယူခံရုံးအနေဖြင့် လုံးဝ လက်ခံရမည်ဖြစ်၏။ ပဌမအယူခံရုံး၏ ကောက်ယူချက်မှာ သက်သေ အထောက်အထား ရှိနေပါက၊ မည်မျှပင်လဲမှားနေစေကာမူ၊ ဒုတိယ အယူခံရုံး၌၊ ထိုကောက်ယူချက်အား၊ စောဒက မတက်နိုင်ပေ။ **စီးချွမ်ဘီး ဆန်စက်ကုမ္ပဏီ**နှင့် **ခုကရုန်ဟတ်** (၁)၊ ဤအမှုတွင် သူကြီး ဦးခင်မောင် (လိုပြ-၂)နှင့် အမေဆိုင်တဦးဖြစ်သူ ဦးဘသော်(ခေါ်) ဦးဥာဏ်တို့၏ ထွက်ဆို့ချက်အရ၊ ဒေါ်ဂွမ်းသည် မသေမီ ၎င်း၏ပစ္စည်းများကို သားသမီးများ

(၁) ၁၉၅၅ ခုနှစ်၊ မြန်မာပြည် စီရင်ထုံး ၂၉၁ (တရားလွှတ်တော်)။

၁၉၆၆ ဒေါ်သဲရင်နှင့် ဦးထွန်းဥာဏ် ပါ ၁၇။

အား ခွဲဝေပေးခဲ့သည်ဆိုသော အောက်အယူခံရုံး၏ ကောက်ယူချက်မှာ လုံးဝ အချေအမြစ်မရှိဟု မဆိုသာသည့်အလျောက် အယူခံတရားလို၏ ပညာရှိ ရှေနေကြီး၏ လျှောက်လဲ တင်ပြချက်ကို လက်မခံနိုင်ပေ။

ဒုတိယအချက်အနေဖြင့်၊ အယူခံတရားလို၏ ပညာရှိရှေနေကြီးက အကယ်၍ ဒေါ်ဂွမ်းသည်၊ ၎င်းမသေမီ ၎င်း၏ပစ္စည်းများကို ခွဲဝေ၍ ပေးခဲ့သည်ဟု ဆိုစေကာမူ၊ ထိုကဲ့သို့ ခွဲဝေပေးခြင်းမှာ၊ မိသားစု စီမံမှုမဟုတ်ဘဲ၊ မေတ္တာနှင့် ပေးကမ်းခြင်းသာ ဖြစ်၍၊ ပစ္စည်း လွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၁၂ အရ၊ မှတ်ပုံတင် စာချုပ် ချုပ်ဆို ထားရန် လိုကြောင်း၊ ထိုကဲ့သို့ ချုပ်ဆိုခဲ့ခြင်း မရှိသဖြင့် ဒေါ်အေးသင်သည်၊ အခင်းဖြစ် အိမ်နှင့်မြေကို လုံးဝပိုင်ဆိုင်ခွင့် မရကြောင်း တင်ပြသွားပြန်လေသည်။ ထိုတင်ပြချက် နှင့် ပတ်သက်၍၊ မိသားစု စီမံမှုပြုလုပ်ရာတွင် ပါဝင်သူများသည်၊ အမွေပုံပစ္စည်းဥစ္စာ အခွင့်အရေး ရှိသူများ ဖြစ်ရမည်ဖြစ်ရာ၊ ဤအမှုတွင် ဒေါ်ဂွမ်း၏ အမွေပစ္စည်းအပေါ် ဒေါ်ဂွမ်း၏ သားသမီးများသည် ဒေါ်ဂွမ်း မသေမီ အခွင့်အရေး မရှိကြသည့် အလျောက်၊ ထိုပစ္စည်းများအား ခွဲဝေခြင်းမှာ၊ မိသားစုစီမံမှု မဖြောက်ဟု အကြောင်း ပြသွားကာ **တောင်မင်း**နှင့် **ရမ်ကုမားရမ်** (၂) အမှုကို ကိုးကားသွားလေသည်။ ထိုအမှုတွင် မခိုင်ဖြူနှင့် ၎င်း၏ ဩရသသားတို့အပေါ် အယူခံတရားခံက၊ ဒီကရီ ရသဖြင့်၊ ၎င်းတို့ ပစ္စည်းကို ဝရမ်းကပ်ရာ မခိုင်ဖြူ၏ ကနိဋ္ဌသားများက၊ ထိုပစ္စည်းမှာ မိမိဘခင် ဦးလှဘော်ဇံ မသေမီက မိသားစုစီမံမှုတရပ် ပြုလုပ်ကာ မိမိတို့အား ခွဲဝေ ပေးထားသည့် ပစ္စည်း ဖြစ်သည်ဟု တရားစွဲဆို၏။ ဦးလှဘော်ဇံတွင် ကွယ်လွန်သွားသည့် ပဌမဇနီးမှ သမီးတယောက်လည်းရှိရာ၊ အကယ်၍ ၎င်းသည် မသေမီ အမွေပုံ ပစ္စည်းများကို မိသားစုစီမံမှုဖြင့် ခွဲဝေပါမူ၊ ၎င်း၏ အမွေဆက်ခံခွင့်ရှိသည့် ပဌမဇနီး၏ သမီးနှင့် မခိုင်ဖြူတို့အားသာလျှင် ခွဲဝေပေးနိုင်သည်။ မခိုင်ဖြူ၏ ကနိဋ္ဌ သားများမှာ ဦးလှဘော်ဇံ၏ အမွေပုံပစ္စည်းအပေါ် အခွင့်အရေး မရှိသဖြင့်၊ ၎င်းတို့အား ခွဲဝေပေး ခြင်းမှာ၊ မိသားစုစီမံမှုအရ ခွဲဝေပေးခြင်းမဟုတ်။ မေတ္တာအရ ပေးကမ်းခြင်းသာ ဖြစ်သည်ဟု ယူဆရမည်ဖြစ်ကြောင်း အဆုံးအဖြတ် ပြုထားခြင်း ဖြစ်လေသည်။

ယခု အမှု၏ အကြောင်းခြင်းရာမှာ ထိုအမှု၏ အကြောင်းခြင်းရာနှင့် လုံးဝမတူပေ။ ဒေါ်ဂွမ်းသည် အခင်းဖြစ် အိမ်နှင့်မြေကို သမီးအငယ်ဆုံး ဒေါ်အေးသင်ကို ခွဲဝေပေးစဉ်၊ ဒေါ်အေးသင်သည် ဒေါ်ဂွမ်း သေဆုံးသောအခါ၊ ဒေါ်ဂွမ်း၏ အမွေကို ဆက်ခံနိုင်သည့် အမွေစား အမွေခံတယောက်ဖြစ် ၊ ထိုကဲ့သို့ ခွဲဝေပေးခြင်းမှာ မိသားစု စီမံမှု ဖြစ်သည်ဟု ကောက်ယူရမည်။ ယခုအမှု၏ အကြောင်းခြင်းရာများသည်၊ **မကျော့**နှင့် **ဒေါ်**

F-

(၂) အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၄ ခုနှစ်၊ ရန်ကုန် ၁၇၆။

ကျေးအု (၃)တို့ စီရင်ထုံးနှင့် ဆင်တူနိုးမှား ဖြစ်သည်။ ထိုအမှုတွင် မိခင်ဖြစ်သူ ဒေါ်ကျေးအုသည် ၎င်း မသေမီ သားများအား ပစ္စည်းအသီးသီး ခွဲဝေပေးခဲ့၏။ သားတစ်ဦးဖြစ်သူ မောင်စံလှ ရူးသွပ်သွား၍ ၎င်း၏ လယ်ကို ဇနီးမကျော့က အုပ်ချုပ်သည်ကို မရှစိမ့်သဖြင့် ဒေါ်ကျေးအုက ထိုလယ်မှာ မိမိပစ္စည်းဖြစ်ကြောင်း ကြေငြာပေးရန် တရားစွဲဆိုသောအခါ အမွေစား အမွေခံ အချင်းချင်း ပစ္စည်းခွဲဝေပေးကြခြင်းမှာ မိသားစု စီမံမှုပြု လုပ်ရာ ရောက်၍ အတည်ဖြစ်ကြောင်း အဆုံးအဖြတ်ပေးခဲ့လေသည်။

မိသားစုစီမံမှုပြုလုပ်ကာ၊ အမွေပုံပစ္စည်းများကို ခွဲဝေပေးခြင်း၏အဓိက ရည်ရွယ်ချက်မှာ အတောမသတ်နိုင်သည့် အမွေမှု အရှုပ်အထွေးများ ပေါ်ပေါက် ခြင်းမှငင်း သားချင်းတစ်စု အမွေကိစ္စနှင့် ပတ်သက်၍ စိတ်ဝမ်းကွဲပြားကာ မသင့်မတင့်ဖြစ်ရခြင်းမှ ၎င်းကာကွယ်ရန် ဖြစ်လေသည်။ မြန်မာဗုဒ္ဓဘာသာ ဥပဒေအရ လင်မယားနှစ်ဦး၏ ပစ္စည်းကို လင်သေလျှင် မယားပိုင်သည်။ မယားသေလျှင် လင်ပိုင်သည်ဆိုသော သဘောရှိရာ၊ ဩရသမှအပ ကျန်ကနိဋ္ဌသားသမီးများသည် မိဘနှစ်ဦးစလုံးမသေမီ အမွေပုံပစ္စည်းအပေါ် လက်ငင်း အခွင့်အရေးမရှိကြပေ။ ယင်းသို့ လက်ငင်းအခွင့်အရေး မရှိသဖြင့် မိသားစု စီမံမှု ပြုလုပ်နိုင်ခွင့် မရှိဟုဆိုလျှင် မြန်မာဗုဒ္ဓဘာသာတို့သည်မိဘနှစ်ဦးစလုံး မသေမီမိသားစုစီမံမှု ပြုလုပ်နိုင်ကြတော့မည် မဟုတ်ပေ။ ထိုကဲ့သို့ဆိုလျှင် မြန်မာဗုဒ္ဓဘာသာတို့၌ အလွန်ရည်ရွယ်ချက်ကောင်းသည့် မိသားစုစီမံမှု ပြုလုပ်နိုင်သော အခွင့်အရေးကြီးတစ်ခုဆုံးရှုံးလက်လွတ်နေသည်ဟု ယူဆရမည်ဖြစ်သည်။ အမှန်မှာ မိဘတစ်ဦးဦးက မသေမီ သားသမီးများဖြစ်ကြသည့် အမွေစားအမွေခံများကို ခေါ်၍ ၎င်းတို့၏ သဘောတူညီချက်ဖြင့် အမွေခွဲဝေရန် ပဋိညာဉ်ပြုလုပ်ထားလျှင် ထိုစီမံချက်၌ အတင်းအကြပ် ပြုလုပ်ခြင်း၊ မတရား ဩဇာညောင်းခြင်း၊ အရေးကြီးသည့် အချက်အလက်များကို ထိန်ချန်ထားခြင်း စသည့်မတရားမှုမရှိပါက ထိုမိသားစုစီမံမှုသည် အတည် ဖြစ်ရမည် ဖြစ်သည်။ အမွေပုံ ပစ္စည်းအပေါ်၌လက်ငင်းအခွင့်အရေး မရှိ စေကာမူ၊ တစ်နေ့တွင် အခွင့်အရေး ရှိလာမည့် အမွေစား အမွေခံအားလုံး သဘောတူလျှင် အမွေပစ္စည်းအား ခွဲဝေသည့် မိသားစု စီမံမှုကိုပြုလုပ်နိုင်ခွင့်ရှိသည်ဟု ကျွန်ုပ် ထင်မြင်ယူဆသည်။ သို့ဖြစ်ရာ ဤအမှုတွင် ဒေါ်ငွမ်းမသေမီ အခင်းဖြစ် အိမ်နှင့်မြေကို ဒေါ်အေးသင်အား ပေးကမ်းခဲ့ခြင်းမှာ မိသားစုစီမံမှုအရ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ကောက်ယူရမည်ဖြစ်သည်။

အထက်ပါအကြောင်းများကြောင့်ဤဒုတိယ အယူခံအမှုကို တရားစရိတ် နှင့်တကွ ပလပ်လိုက်သည်။

(၃) အေ၊ အိုင်၊ အာ(ရဲ) ၊၁၉၃၅ခုနှစ်၊ ရန်ကုန် ၃၅၅။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

† ၁၉၆၆

ဇွန်လ ၂၇ ရက်။

တရားသူကြီး ဦးချစ် ရွှေတွင်

ပြည်ထောင်စု မြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ကီရွှန်ရှင်း (ပြင်ဆင်ရန်လျှောက်ထားခံရသူ) *

သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေ ပုဒ်မ ၅ (၁) အရ၊ မူပြစ်ထင်ရှား၊ စီရင်ခြင်း--ပြစ်ဒဏ်။

ဆုံးဖြတ်ချက်။ ။မြန်မာပြည်တွင်းမှာရှိသော ပစ္စည်းများကို အစိုးရ၏အခွင့်အမိန့် မရရှိဘဲနှင့် အခြားနိုင်ငံသို့ သယ်ယူပို့ဆောင်ခြင်းမှာ မြန်မာပြည်၏ စီးပွါးရေးကို ထိခိုက်နစ်နာသည့်အပြင်၊ အစိုးရ အနေနှင့်လည်း နိုင်ငံခြားငွေ ရရှိရေး၌ ထိခိုက်နစ်နာနေသည်။

ဤကဲ့သို့ ကြီးလေးသော ပြစ်မှု ကျူးလွန်သူအား စံပြအနေဖြင့်၊ နောက်နောင်ပြုလုပ်မည့် သူ မလုပ်နိုင်အောင် အပြစ်ဒဏ်ပေးရာ၌ ဟန့်တားစေသင့်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက် ။ ။(အစိုးရရှေ့နေကြီး) ဦးလှသင်း။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ကိုယ်တိုင်လာရောက်သည်။

တရားသူကြီး ဦးချစ်။ ။၁၉၆၆ ခု၊ မတ်လ ၂ ရက်နေ့က၊မင်္ဂလာဒုံလေယာဉ်ပျံကွင်းတွင်၊ အိန္ဒိယပြည်သို့ အပြီးအပိုင်ပြန်မည့် လျှောက်ထားခံရသူ၊ ကီရွှန်ရှင်းအား ရှာဖွေရာ၌၊ ၎င်းထံမှအစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ၊ လျှို့ဝှက်စွာ၊ အိန္ဒိယပြည်သို့ ယူဆောင်သွားရန်၊ ဆန်းဖိုးပတ်ကားဖေါင်တိန် (၂၉၄)၊ ဆူပါပိုင်လော့ဖေါင်တိန် (၁၉၂) စုစုပေါင်း တန်ဘိုးငွေ ၇,၃၁၀ ကို ရှာဖွေတွေ့ရှိရာ၊ယင်းလျှောက်ထားခံရသူ အပေါ်တွင် သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) အရတရားစွဲဆိုခဲ့ရာ၊ ရန်ကုန်မြို့ (အထူးစုံစမ်းစစ်ဆေးရေး အက်ဥပဒေ) အထူးတရားသူကြီးရုံး ၁၉၆၆ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၃၂ တွင် စစ်ဆေးခဲ့သည်။ လျှောက်ထားခံရသူ

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၉၇ (ခ)။

† ရန်ကုန်မြို့၊ အထူး စုံစမ်းစစ်ဆေးရေးဌာန ပဌမ အထူး တရားသူကြီးရုံး ရာကြီးမှု အမှတ် ၃၂/၆၆ တွင်၊ လျှောက်ထားခံရသူအပေါ် ၁၉၄၇ ခုနှစ်၊ သွင်းကုန် ဆုတ်ကုန် ကြီးကြပ်ရေး (ယာယီ) အက် ဥပဒေ ပုဒ်မ ၅ (၁) အရ၊ ၁၉၆၆ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့စွဲပါ ချမှတ်သော အမိန့်ကို မကျေနပ်၍ ပြစ်ဒဏ် တိုးမြှင့်ပေးပါရန် နိုင်ငံတော် ဘေနချုပ်က တင်သွင်းသော ရာဇဝတ် ပြင်ဆင်မှုလျှောက်လွှာ။

(တရားခံအပေါ်) အောက်ရုံးမှစွဲတင်သည့်ပုဒ်မအတိုင်း စွဲချက်ပြုလုပ်ရာတွင်၊ လျှောက်ထားခံရသူက အပြစ်ရှိပါသည်ဟု ဝန်ခံလေသည်။ အောက်ရုံးတရားသူကြီးက ၁၉၆၆ခု၊ ဇူလိုင် ၁၃ရက်နေ့တွင် အမိန့်ချမှတ်ရာ၌၊ လျှောက်ထားခံရသူအား၊ ရုံးတက်ရုံးဆင်းထောင်ဒဏ်နှင့်ဒဏ်ငွေ ၃၀၀၀/- (သုံးထောင်ကျပ်) ပေးဆောင်စေ၊ ပျက်ကွက်ပါက အလုပ်နှင့်ထောင်ဒဏ် ၃ လကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ထိုကဲ့သို့ချမှတ်သောအပြစ်ဒဏ်မှာ၊ အလွန်အလွန်မှနည်းလွန်းပါသဖြင့် တိုးမြှင့်ပေးပါရန်၊ အစိုးရက ပြင်ဆင်လွှာတင်သွင်းသည်။ အမှုခေါ်ရာတွင် လျှောက်ထားသူ၊ ကီရွန်ရွင်း ကိုယ်တိုင်ရောက်ရှိလာသည်။ လျှောက်ထားသူ၏ ပညာရှိအစိုးရရှေ့နေကြီး ဦးလှသင်းအားကြားနာပြီးနောက်၊ ဤအမှုကိုသုံးသပ်ရာ၌၊ လျှောက်ထားခံရသူအပေါ် စွဲတင်ထားသည့်အတိုင်း အပြစ်ဒဏ်ပေးရန်မှာ၊ အလုပ်နှင့်ထောင်ဒဏ် ၇ နှစ်အထိပေးနိုင်သည်။ ငွေဒဏ်လည်းချမှတ်နိုင်သည်။ ယခုပေးထားသော အပြစ်ဒဏ်မှာ ရုံးတက်ရုံးဆင်းထောင်ဒဏ် တရက်နှင့်ဒဏ်ငွေ ၃၀၀၀/-သာလျှင်ဖြစ်သောကြောင့် လျှောက်ထားခံရသူ ပြုလုပ်သော ပြုမူချက်နှင့် ပေးထားသော အပြစ်ဒဏ် တိုမှာ နှိုင်းစာလိုက်လျှင်၊ ပေးထားသောအပြစ်ဒဏ်မှာ အဆမတန်နည်းလွန်းသည်ဟု တွေ့ရှိရသည်။

ယခုအခါ နိုင်ငံခြားသို့ သွားရောက်သော ခရီးသည်များမှာ၊ မြန်မာပြည်တွင်းမှ ပစ္စည်းများကို တိတ်တဆိတ်ခိုးယူ၍ သယ်ယူပို့ဆောင်သော အလေ့အထမှာများစွာ ရှိသည်ကိုတွေ့ရှိရသည်။ သက်ဆိုင်ရာတို့မှ မတွေ့ရှိရဘဲနှင့် ထွက်ခွါသွားသော ခရီးသည်များမှာ၊ ပစ္စည်းအများအပြားပင် ယူဆောင်သွားသည်ဟု ယူဆသည်။ ယခုကဲ့သို့ မြန်မာပြည်တွင်းမှရှိသော ပစ္စည်းများကို အစိုးရ၏အခွင့်အမိန့်မရရှိဘဲနှင့်အခြားနိုင်ငံသို့ သယ်ယူပို့ဆောင်ခြင်းမှာ၊ မြန်မာပြည်၏စီးပွားရေးကို ထိခိုက်နစ်နာသည့်အပြင်၊ အစိုးရ အနေဖြင့်လည်း၊ နိုင်ငံခြားငွေရရှိရေး၌ ထိခိုက်နစ်နာနေသည်။

ဤကဲ့သို့ ကြီးလေးသောပြစ်မှုကျူးလွန်သူအား စံပြအနေဖြင့် နောက်နောင်ပြုလုပ်မည့်သူမလုပ်နိုင်အောင် အပြစ်ဒဏ်ပေးရာ၌ ဟန့်တားစေသင့်သည်။

လှစမ်းနှင့်အစိုးရ (၁) အမှုတွင် အဆုံးအဖြတ်ပေးထားသည့်အတိုင်း၊ ယခုကဲ့သို့ကြီးလေးသော ပြစ်မှုနှင့်အပြစ်ဒဏ်တို့ နှိုင်းစာလျှင်၊ အလွန်အလွန်မှ အပြစ်ဒဏ်မှာနည်းလွန်းနေခြင်းကြောင့်၊ အမှုနှင့်ပတ်သက်၍ အလွန်တရာမှ တရားမျှတမှုကင်းမဲ့ပြီး၊ တရားစီရင်ရေးမလွှိုင်မှာလည်း ယိမ်းယိုင်စရာအကြောင်းရှိသွားနိုင်ပေသည်။ ထို့ကြောင့် လျှောက်ထားခံရသူအပေါ် အောက်ရုံးမှချမှတ်သော ပြစ်မှုနှင့်အပြစ်ဒဏ်များအပြင်၊ အလုပ်နှင့် ထောင်ဒဏ် ၃ နှစ် တိုးမြှင့်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

---

(၁) ၁၉၄၁ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာမျက်နှာ ၅၉၅။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးထွန်းတင် နှင့် တရားသူကြီး ဦးချစ်ဘို့ရွှေတွင်

ပြည်ထောင်စု မြန်မာ နိုင်ငံ ကောက်ပဲ သီးနှံ ရောင်းဝယ်ရေး အဖွဲ့ (အယူခံတရားလို)

နှင့်

ပြည်တော်သာဆန်စက်၏အစုစပ်မျှားဖြစ်သော ၁၊ ဂေါ် ရှောင်လင် (မ်)၊ ၂၊ တန်စိတ်ဟုတ် (အယူခံတရားခံမျှား) *

၁၉၆၆ †
ဇွန်လ ၁၈ ရက်

မဋ္ဌညာဉ် စာချုပ်အရ၊ ဆန်ကြိတ်ခဲ့ရောင်းချသည့် တန်ဘိုးငွေရရှိရန် တရားစွဲဆို့မှု—အစုစပ်အက်ဥပဒေ ပုဒ်မ ၄၀ မှတ်မှုတင်ထားသည့် အစုစပ်လုပ်ငန်း—လုပ်ငန်းတွင် ပါဝင်သူများ သဘောတူညီက မည်သည့် အချိန်အခါတွင် မဆို ဖျက်သိမ်းနိုင်ခြင်း—အစုစပ်အက်ဥပဒေ ပုဒ်မ ၆၉ (၃) နှင့် တရားမကျင့်ထုံး အမိန့် ၃၀၊ နည်းဥပဒေ ၁ (ခ) အရ၊ တရားခွဲဆိုခြင်းမှာ မှန်မမှန် နှစ်ဦးနှစ်ဖက် သဘောတူညီ ချုပ်ဆိုသည့် ပဋိညာဉ်စာချုပ်—ဆန်များကို သဘောတူညီ လက်ခံသည့် ကာလ—ဆန်ကြိတ်ပြီးကြောင်း တင်သွင်းသည့် (Delivery Order) ရရှိပြီး ဆန်များကို အဆင့် အတန်းမှီသည်ဟု သဘောတူညီလက်ခံသည့်နေ့မှသာ လက်ဝေါက်ရယူခြင်းဖြစ်သည်ဟု သဘောတူညီချက်—ကာလစည်းကမ်းသတ် ဥပဒေ ပဌမ ဇယား အပိုဒ် ၅၂—ကုန်ဘိုးချေရန်နေ့မှာ ဆန်များကို သဘောတူလက်ခံသည့် နေ့မှသာစ၍ ရေတွက်ရခြင်း—တရားစွဲဆိုသည်မှာ ဥပဒေအရ၊ ခွင့်ပြုသည့် ကာလ စည်းကမ်းသတ် အချိန် ကျော်မကျော်။

ဆုံးဖြတ်ချက်။ ။အစုစပ် အက်ဥပဒေ ပုဒ်မ ၄၀ အရ၊ မှတ်မှုတင် ထားသည့် အစုစပ်လုပ်ငန်းကို ထိုအစုစပ်လုပ်ငန်းတွင် ပါဝင်သည့် လူများ သဘောတူညီက မည်သည့် အချိန်အခါမဆို ဖျက်သိမ်းနိုင်ကြောင်း ဥပဒေက ခွင့်ပြုထားပေသည်။ ထိုအတွက် ယခုကဲ့သို့ မှတ်ပုံတင်ခြင်းမရှိသည့် အစုစပ်လုပ်ငန်းကို ဖျက်သိမ်းရန် မည်သည့် ဆောင်ရွက်ချက်မျိုးမျှ လိုအပ်ခြင်းမရှိသဖြင့်၊ အစုရှင်များက သဘောတူညီဖျက်သိမ်းခဲ့ပါမူ၊ ထိုအစုစပ်လုပ်ငန်းမှာ ဖျက်သိမ်းပြီးပြီဟု ယူဆရမည်ဖြစ်ပေသည်။ တရားလို ပြည်တော်သာ ဆန်စက်၏ ကိုယ်စားလှယ်ထွက်ဆိုချက်ကို ဆန့်ကျင်သည့် မည်သည့် သက်သေခံ အထောက်အထားမျှ မရှိသဖြင့် တရားလို ပြည်တော်သာဆန်စက် အစုစပ်လုပ်ငန်းမှာ ၎င်းသက်သေက ထွက်ဆိုခဲ့သည့် အတိုင်း၊ ၁၉၆၅ ခုနှစ် လောက်က ဖျက်သိမ်းလိုက်ပြီးဖြစ်ကြောင်းမှာ မှန်ကန်သည်ဟု ယူဆရန်ရှိသည်။ သို့အတွက် အမှုကို အယူခံတရားခံမျှားက

---

* ၁၉၆၅ ခုနှစ်၊ တရားမ ပဌမ အယူခံမှုအမှတ် ၂၇။

† ၁၉၅၈ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၇ တွင်၊ ၁၉၆၅ ခုနှစ်၊ ဇန္နဝါရီလ ၂၈ ရက်နေ့စွဲပါ၊ တရားရုံးချုပ် မူလ ရာဘက်တရားဆိုကြီး ဦးကျော်ဇံဦး ရုံးတော်၏ ချမှတ်သောဒီကရီကို အယူခံဝင်မှု။

အစုစပ် အက်ဥပဒေ ပုဒ်မ ၆၉ (၃) နှင့် တရားမကျင့်ထုံးအမိန့် ၃၀၊ နည်းဥပဒေ ၁ (ခ) အရ၊ တရားစွဲဆိုခြင်းမှာ ဥပဒေအရ မှန်ကန်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။နှစ်ဦးနှစ်ဖက် သဘောတူညီ ချုပ်ဆိုသည့် ပဋိညာဉ်စာချုပ်အပိုဒ် ၆ အရ၊ အယူခံတရားလိုအဖွဲ့က ဆန်များကို သဘောတူညီလက်ခံသည့် ကာလမှာဆန်ကြိတ်ပြီး အကြောင်း၊ တင်သွင်းသည့် (Deliver Order) ရရှိပြီး အယူခံတရားလိုအဖွဲ့ကငင်း၊ (Deliver Order) အရ၊ ကြိတ်ခဲ့သည့် ဆန်များကို အဆင့်အတန်းမီသည်ဟု သဘောတူညီလက်ခံသည့် နေ့မှသာ လက်ရောက်ရယူခြင်းဖြစ်သည်ဟု သဘောတူညီထားကြသည်။ ထိုအတွက် ကာလစည်းကမ်းသတ် ဥပဒေ ပဌမ ဇယား အပိုဒ် ၅၂ တွင် ရည်ညွှန်းထားသည့် ကုန်ဘိုးချေရန် နေ့မှာ ဆန်များကို အယူခံ တရားလိုအဖွဲ့က သဘောတူညီလက်ခံသည့်နေ့မှသာစ၍ ရေတွက်ရသည် ဖြစ်သည်မှာ ထင်ရှားသည်။ အချင်းဖြစ် ဆန်များနှင့် ပက်သက်၍ အယူခံတရားလိုအဖွဲ့က ၁၉၅၅ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင်မှသာ သဘောတူလက်ခံသည်ဖြစ်ရကား၊ အယူခံတရားခံများက တရားစွဲဆိုသည်မှာ ဥပဒေအရ ခွင့်ပြုထားသည့် ကာလစည်းကမ်းသတ် အချိန် မကျော်လွန်။

၁၉၆၆

ပြည်ထောင်စု မြန်မာနိုင်ငံ ကောက် ပဲသီးနှံ ရောင်း ဝယ်ရေး အဖွဲ့ နှင့် ပြည်တော်သာ ဆန်စက်၏အစု စပ်များဖြစ်သော ၁၊ ဂေါ် ရွှေဘင် လင် (မ်)၊ ၂၊ တန်ခိုတ် ဟုတ်။

အယူခံတရားလိုအဘွက်။ ။ဦးမျိုးခင်

အယူခံတရားခံများအဘွက်။ ။မစ္စတာ စီ၊ အေ၊ စူးမား

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှာ ဤရုံးမူလဘက်ဆိုင်ရာ ၁၉၅၈ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၇ တွင် တရားလိုဖြစ်သူ အယူခံ တရားခံ ပြည်တော်သာ ဆန်စက်က၊ တရားခံဖြစ်သူ အယူခံတရားလို နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့အား၊ ၁၉၅၅ ခုနှစ်၊ မတ်လ ၅ ရက်နေ့စွဲပါ၊ ပဋိညာဉ်စာချုပ်အရ၊ ဆန်တန်ချိန် ၃၁၀ ကို ကြိတ်ခဲ့ ရောင်းချသည့်တန်ဘိုးငွေ ၇၂,၅၀၉ ကျပ် ၉၄ ပြားကို ရရှိရန် တရားစွဲဆိုသည့်အတိုင်း၊ ရုံးမှ စီရင်ချက်နှင့် ဒီကရီချမှတ်ပေးလိုက်သည်ကို မကျေနပ်၍ တရားခံဖြစ်သူ အယူခံဘရားလိုက တင်သွင်းခဲ့သည့် အယူခံမှုဖြစ်သည်။

တရားလိုဖြစ်သူ အယူခံဘရားခံ၏ စွဲဆိုလွှာအရ၊ အယူခံတရားလိုများ ဝယ်ယူသည့် ဆန်တန်ချိန် ၃၁၀ ကို ၁၉၅၅ ခုနှစ်၊ မတ်လ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်နေ့ဘို့တွင် တနေ့လျှင် တန်ချိန် ၁၁၀ ကျ ကြိတ်ခဲ့ပြီး၊ အယူခံတရားလိုများပေးသည့်ဂုံနီအိတ်များသို့ ထည့်သွင်း၍ ၎င်းတို့၏ ဂိုဒေါင်များသို့ ပေးအပ်ခဲ့ကြောင်း။ ထိုဆန်များ ကြိတ်ခဲ့ရသည့် အတွက် ကျသင့်သည့်ငွေများကို ရရှိရန် ဘီ(လ်)အမှတ် ၁၃၊ ၁၄၊ ၁၅ များအရ၊ ၁၉၅၅ ခုနှစ်၊ မတ်လ ၁၄ ရက်၊ ၁၅ ရက်၊ ၁၆ ရက်နေ့ဘွင် ပြည်သူ့ဘဏ် အမှတ် ၉ မှတဆင့် အယူခံတရားလိုများအဖွဲ့သို့ ပေးပို့ခဲ့ကြောင်း။ ထိုဘီ(လ်)များအတွက်ရရှိရန် စုစုပေါင်းငွေမှာ ၇၂,၅၀၉ ကျပ် ၃၄ ပြားဖြစ်ပြီး၊ ထို ဘီ(လ်)များကို အယူခံတရားလိုများက လက်ခံ၍ ဌေးချေရန်သာ ဆောင်ရွက်ရန်ရှိတော့သည့်အချိန်၊ ၁၉၅၅ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့ တွင် ဆန်စက်မှာ မတော်တဆမီးသင့်လောင်သွားသဖြင့်၊ ဆန်စက်၌ ပစ္စည်းများနှင့်

၁၉၆၆ ပြည်ထောင်စု မြန်မာနိုင်ငံ ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့နှင့် ပြည်တော်သာ ဆန်စက်ဧကအစု စပ်များဖြစ်သော ၁၊ ဂေါ်ရွှောင် လင်(မ်)၊ ၂၊ ထန်စိတ် ဟုတ်။

အယူခံတရားလိုတို့အား၊ ရောင်းထားသည့် ဆန်များပါ မီးလောင်ရာတွင် ဆုံးရှုံးသွား သောကြောင့်၊ အယူခံဘရားလိုများက ကျသင့်သည့်ငွေကို မံပေးခဲ့ခြင်းဖြစ်ကြောင်း။ ဆန်များကို အယူခံတရားလိုများသည် လက်ရောက်ရရှိပြီးဖြစ်၍၊ထိုဆန်များနှင့် ပတ်သက် ပြီး ဆုံးရှုံးနစ်နာခြင်းကို၊ အယူခံဘရားလိုများသာ ကျခံရန်ရှိသဖြင့် တရားလိုဖြစ်သူ အယူခံတရားခံများသည်၊ ဆန်ဘိုးအတွက်ငွေများကို ရသင့်သည့်အတိုင်း အကြိမ်ကြိမ် တောင်းခံခဲ့ရာ မရရှိသဖြင့် အမှုကိုစွဲဆိုရပါသည်ဟု ပြဆိုလေသည်။

တရားခံဖြစ်သူ အယူခံဘရားလိုတို့က ရည်ညွှန်းသည့် ပဋိညာဉ်စာချုပ်အရ၊ ဆန် တန်ချိန် ၃၀၀ ကို ဝယ်ယူခဲ့ကြောင်းကို မငြင်းဆိုပေ။ သို့သော် ၎င်းတို့က ထိုဆန်များကို သဘောကိုက်ညီပြီး၊ လက်ခံယူခဲ့ခြင်းမပြုသေးမီ ၁၉၅၅ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင်၊ စက်ကို မီးလောင်၍ ဆန်များ ဆုံးရှုံးသွားရာ၊ ထိုဆန်များအတွက် မိမိတို့ကတော့ငင်းဆို သည့် တန်ဘိုးကို မပေးထိုက်ပါဟု ချေပလေသည်။ ထို့ပြင်တရားခံဖြစ်သူ အယူခံတရား လိုများက၊ တရားလိုဖြစ်သူ အယူခံတရားခံသည်၊ အမှုကို ယခုကဲ့သို့အစုရှင်များအားလုံး ထည့်သွင်းခြင်းမပြုဘဲ တရားမစွဲဆိုနိုင်ကြောင်းနှင့် ယခုတောင်းဆိုသည့် ငွေမှာလည်း ကာလစည်းကမ်းသတ် အချိန်ကျော်လွန်နေပြီဖြစ်၍ မရသင့်ပါဟု ထပ်မံပြဆိုလေသည်။

ထိုအမှုတွင်၊ ဤရုံးမူလဘက်ဌာန၏ စီရင်ချက်တွင် ပြဆိုထားသည့် အတိုင်း ကောက်ချက် ၄ ခုကို ထုတ်နှုတ်၍ အမှုကို စစ်ဆေးခဲ့ရာ ထိုကောက်ချက်များနှင့် ပတ် သက်၍၊ တရားလိုဖြစ်သူ အယူခံ တရားခံအတွက် အသာစီး ဖြေဆိုခဲ့သည့်အတိုင်း အမှုကို၊ စရိတ်နှင့်တကွ ဒီကရီချပေးလိုက်ခြင်းဖြစ်သည်။

ထိုအတွက်၊ အယူခံတရားလိုများက ယခု အယူခံမှုကို တင်သွင်းခဲ့ရာဝယ်၊ တရားလို ဖြစ်သူ အယူခံတရားခံများသည် ယခုကဲ့သို့ အမှုကို စွဲဆိုရန် အခွင့်အရေးမရှိပါဆိုသည့် အချက်ကို မူလဘက်ရုံးမှ လက်မခံခဲ့ခြင်းမှာ မှားယွင်းနေသည်ဟု ၎င်း၊ အချင်းဖြစ် ဆန် များကို၊ ဝယ်ယူသူ အယူခံတရားလိုများက သဘောတူညီ လက်ခံရယူပြီးသည်ဟုဆိုင်း၊ ယခုအမှုမှာ ကာလစည်းကမ်းသတ်အခါနှင့် မကျော်လွန်သေးပါဟု ၎င်းဆုံးဖြတ်ခဲ့ခြင်းမှာ သက်သေခံချက်များအရသော်၎င်း၊ ဥပဒေအချက်များအရသော်၎င်း၊ မှားယွင်းနေသ ဖြင့်၊ မူလဘက်ရုံးမှ ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်သင့်ပါသည်ဟု ပြဆို လေသည်။

ပဌမဌာနခံချက်ဖြစ်သည့် အယူခံဘရားခံများသည်၊ ယခုအမှုကို စွဲဆိုခဲ့သည့်အတိုင်း စွဲဆိုရန် အခွင့်အရေးမရှိပါဟုဆိုသည်နှင့် ပတ်သက်၍ အယူခံဘရားလိုများက အယူခံ တရားခံကမ္မဏီသည် ဖျက်သိမ်းပြီးသည့် ကုမ္ပဏီဖြစ်ပါက အစုစပ် အက်ဥပဒေ ပုဒ်မ ၆၉ (၃) (က) အရ၊ စွဲဆိုခွင့်ရှိမည်မှာ မှန်ပေသည်။ သို့သော် ယခုအမှုတွင် အယူခံ တရားခံ၏ ကုမ္ပဏီကို ဖျက်သိမ်းပြီးကြောင်း လုံလောက်သည့် သက်သေခံချက် မရှိသဖြင့်

အယူခံတရားခံများသည်၊ အမှုကို ယခုကဲ့သို့ စွဲဆိုခွင့်မရှိပါဟု လျှောက်ထားလေသည်။ ထို့အတွက် အယူခံတရားလိုများ ငြင်းဆိုသည့် အချက်၏ အဓိက ပြဿနာမှာ တရားလိုဖြစ်သူ အယူခံတရားခံများ၏ကုမ္ပဏီမှာဖျက်သိမ်းပြီးသည့် ကုမ္ပဏီဖြစ်ကြောင်းပေါ်လွင်မှု၊ ယခုကဲ့သို့ ကုမ္ပဏီ၏ အစုရှင် ၂ဦးက တရားမကျင့်ထုံးအမိန့် ၃၀ နည်း၃ပဒေ ၁ (ခ)အရ၊ တရားစွဲဆိုနိုင်မည်ဖြစ် ပေသည်။ သို့ရာတွင် ကုမ္ပဏီကို ဖျက်သိမ်းကြောင်းသက်သေခံ အထောက်အထား ထင်ရှားခြင်း မရှိသဖြင့်အစုစပ် ဥပဒေ ပုဒ်မ ၆၉ (၃)တွင် အကျုံးမဝင်၊ ပုဒ်မ ၆၉(၁)အရ၊ ကုမ္ပဏီမှာ မှတ်ပုံတင် ထားခြင်း မရှိသဖြင့်၊ ယခုအမှုကိုစွဲဆိုရန် ဥပဒေ အရ အခွင့်အရေးမရှိပါဟု ဆိုလိုလေသည်။

ထိုအချက်နှင့် ပတ်သက်၍ တရားလိုဖြစ်သူ အယူခံတရားခံများ၏ ကိုယ်စားလှယ်ဖြစ်သူ တန်ဟွာခိန် (လိုပြ-၃)က အယူခံတရားခံများ၏အစုစပ်ကုမ္ပဏီမှာ ၁၉၅၆ ခုနှစ်က ဖျက်သိမ်းလိုက်ကြောင်းကို ရုံးရှေ့တွင် ကျမ်းကျိန် အစစ်ခံခဲ့လေသည်။ ထိုအစစ်ခံချက်နှင့် ပတ်သက်၍ တရားခံဖြစ်သူ အယူခံတရားလိုကမည်သို့မျှ ပြန်လှန် မေးခွန်းများထုတ်ခဲ့ခြင်းမပြုပေ။ သို့ရာတွင် အယူခံတရားလို၏ပညာရှိရှေ့နေကြီးက၊ တရားလို အစုစပ်ကုမ္ပဏီတွင် အစုဝင် ၃ ဦးရှိရာ၊ ထို ၃ ဦးအနက် မည်သူမျှလာရောက်၍ ၄င်းတို့၏ အစုစပ်ကို ဖျက်သိမ်းလိုက်ကြောင်းကျမ်းကျိန် အစစ်ခံခြင်း မပြုကြသဖြင့်တရားလို၏ ကိုယ်စားလှယ် ဖြစ်သူတယောက်တည်းကထွက်ဆိုချက်ကို လက်ခံရန် မသင့်ကြောင်း ပြဆိုပေသည်။ အယူခံတရားခံများ၏ အစုစပ် လုပ်ငန်းသည်အစုရှင်၃ဦး ပါဝင်ကြောင်း တန်ဟွာခိန်၏အစစ်ခံချက်အရ ထင်ရှား၍ ထိုအစုရှင် ၃ ဦးအနက် အစုရှင် ၂ ဦးမှာ မြန်မာပြည်တွင် ရှိ၍ အစုရှင် တဦးသာနိုင်ငံခြားတွင် ရောက်ရှိနေကြောင်းတွေ့ရှိရသည်။မြန်မာပြည်တွင်ရှိနေသည့် အစုရှင် ၂ဦးအနက် မည်သူကမျှ တရားလို ပြည်တော်သာ ဆန်စက်လုပ်ငန်းမှာ၊ ဖျက်သိမ်းရခြင်း မရှိသေးကြောင်း၊ အယူခံ တရားလိုများအဖွဲ့သို့ အကြောင်းကြားခဲ့ခြင်း ရှိသည်ဟု လည်းကောင်း၊ ထိုလုပ်ငန်းနှင့် ပတ်သက်၍ နေသည့် ပြည်သူ့ဘဏ် အမှတ် ၉ သို့ အစုစပ်လုပ်ငန်းမှာ ဖျက်သိမ်းခြင်း မရှိသေးကြောင်း၊ အစုရှင်တစ်ဦးဦးက အကြောင်းကြားခဲ့သည် ဟု အမှုတွဲတွင် မည်သို့မျှ မတွေ့ရချေ။ ထို့ပြင် အယူခံတရားလိုဖြစ်သူ ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့က လည်း တရားလို ပြည်တော်သာဆန်စက် အစုစပ်လုပ်ငန်းကို ယခုထက်တိုင် ဖျက်သိမ်းခြင်း မပြုသေးကြောင်း၊ မည်သည့် အထောက်အထားမှ ပြနိုင်ခြင်း မရှိသည့်အပြင်၊ ထိုအချက်နှင့် ပတ်သက်၍၊ အစုရှင် တစ်ဦးတစ်ယောက်ကိုမျှလည်း ခေါ်ယူမေးမြန်း ခဲ့ခြင်း မရှိပေ။ အစုစပ် အက်ဥပဒေ ပုဒ်မ ၄၀ အရ မှတ်ပုံတင်ထားသည့် အစုစပ် လုပ်ငန်းကို ထိုအစုစပ်လုပ်ငန်းတွင် ပါဝင်သည့်လူများ သဘောတူညီကမည်သည့်အချိန်အခါမဆို ဖျက်သိမ်းနိုင်ကြောင်း ဥပဒေက ခွင့်ပြုထားပေသည်။ထို့အတွက် ယခုကဲ့သို့ မှတ်ပုံတင်ခြင်း မရှိသည့် အစုစပ် လုပ်ငန်းကို

A

၁၉၆၆

ပြည်ထောင်စု မြန်မာနိုင်ငံ ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့ နှင့် ပြည်တော်သာ ဆန်စက်၏အစု စပ်များဖြစ် သော ၁။ဂေါ်ရှောင် လင်(မ်)၊ ၂။တန်စိတ် ဟုတ်။

ဖျက်သိမ်းရန် မည်သည့်ဆောင်ရွက်ချက်မျိုးမျှ လိုအပ်ခြင်းမရှိသဖြင့်၊ အစုရှင်များက သဘောတူညီ ဖျက်သိမ်းခဲ့ပါမူ၊ ထိုအစုစပ်လုပ်ငန်းမှာ ဖျက်သိမ်းပြီးပြီဟု ယူဆရမည်ဖြစ်ပေသည်။ သို့ဖြစ်ရကား။ ယခုအမှုတွင် တရားလို ပြည်တော်သာ ဆန်စက်၏ ကိုယ်စားလှယ် တန်ဟွာခိန် ၏ထွက်ဆိုချက်ကို ဆန့်ကျင်သည့် မည်သည့် သက်သေခံ အထောက်အထားမျှမရှိသဖြင့်တရားလို ပြည်တော်သာ ဆန်စက် အစုစပ်လုပ်ငန်းမှာ ၄င်းသက်သေက ထွက်ဆိုခဲ့သည့်အတိုင်း၊ ၁၉၅၆ ခုနှစ်လောက်ကဖျက်သိမ်းလိုက်ပြီး ဖြစ်ကြောင်းမှာ မှန်ကန်သည်ဟု ယူဆရန်သာရှိတော့သည်။ ထို့ပြင် ထိုအစုစပ် လုပ်ငန်းဖျက်သိမ်းပြီးကြောင်း အထောက်အထားအနေနှင့် တွေ့ရှိရသည်မှာ တရားလို ကုမ္ပဏီ၏အစုရှင်တစ်ဦးဖြစ်သူဘော်စိန်ဟော့က ၁၉၅၈ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် တန်ဟွာခိန်သို့ ပေးခဲ့သည့် ကိုယ်စားလှယ်စာ သက်သေခံအမှတ် အက်(ဖ်)အရ၊ တရားလို၏ အစုစပ်လုပ်ငန်းမှာ ဖျက်သိမ်းပြီးဖြစ်ကြောင်းကိုင်း။ စာချုပ်တွင် အတိအလင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ထို့အတွက် တရားလိုဖြစ်သူအယူခံတရားခံ၏ အစုစပ်လုပ်ငန်းမှာ၊ ၁၉၅၆ ခုနှစ်မှစ၍ အစုရှင်များကသဘောတူညီဖျက်သိမ်းလိုက်ပြီးဖြစ်သည်ဟုတွေ့ရှိသော်၊ အယူခံတရားခံများက၊ ယခုအမှုကိုအစုစပ်အက်ဥပဒေပုဒ်မ ၆၉(၃)နှင့် တရားမကျင့်ထုံး အမိန့် ၃၀ နည်းဥပဒေ ၁ (ခ)အရ၊ တရားစွဲဆိုခဲ့ခြင်းမှာ ဥပဒေအရ မှန်ကန်သည်ဟုသာ ကျွန်ုပ်တို့လက်ခံရမည်ဖြစ်သည်။

ဒုတိယပြဿနာဖျက်ဖြစ်သည့်အချင်းဖြစ် ဆန်တန်ချိန် ၃၀၀ ကို တရားခံဖြစ်သူ အယူခံတရားလို နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့မှ သဘောတူညီလက်ခံခဲ့ခြင်းမရှိသေးကြောင်းနှင့် ပတ်သက်၍၊ တရားလိုဖြစ်သူ ပြည်တော်သာ ဆန်စက်အတွက် ကိုယ်စားလှယ် တန်ဟွာခိန်က ဆန်များကို ကြိတ်ပြီးသည့်နေ့တွင်ပင်၊ အယူခံတရားလိုများအဖွဲ့ပိုင် ဂုံနီအိတ်ထဲသို့ ထည့်ခြင်းနှင့်၊ ၄င်းတို့တံဆိပ်နှိပ်ပြီး ထိုအဖွဲ့မှပိုင်ဆိုင်သည့် ဂိုဒေါင်များသို့ ပေးသွင်းခဲ့၍၊ ဆန်နမူနာကိုမူဘီ(လ်) နှင့်အတူ ပြည်သူ့ဘဏ်အမှတ် ၉ မှတဆင့်အဖွဲ့ရုံးသို့ ငွေချေရန်အတွက် ပေးပို့ခဲ့ကြောင်း ထွက်ဆိုလေသည်။ ဘီ(လ်)များကိုပြည်သူ့ဘဏ် အမှတ် ၉ မှတဆင့် ပေးပို့ ရခြင်းနှင့် ပတ်သက်၍ တရားလိုဖြစ်သူအယူခံတရားခံ အစုစပ်လုပ်ငန်းသည်၊ ထိုလုပ်ငန်းအတွက် ငွေများကိုပြည်သူ့ဘဏ် အမှတ် ၉ မှ ချေးယူ၍၊ မိမိတို့ပစ္စည်းကို ပေါင်နှံထားခဲ့ခြင်းဖြစ်ရာ၊ လုပ်ငန်းမှရရှိမည့် ငွေများကို ဘဏ်ကသာ တဆင့်ထုတ်ယူပြီး တရားလိုသို့ထုတ်ပေးထားသည့် ငွေများအတွက် ခုနှိမ်ရန် အတွက် ဖြစ်သည်။ ထိုသို့ ခုနှိမ်ရခြင်း ဖြစ်ကြောင်းကို ပြည်သူ့ဘဏ် အမှတ် ၉ တွင် ဆောင်ရွက်နေသည့် မစ္စတာ ပီ၊ ကေ၊ ရှိုင်း (လိုပြ - ၁)က တိ ကျ

စွာ ထောက်ခံသွားရာ၌၊ အချင်းဖြစ်ဆန်များနှင့်ပတ်သက်၍သက်သေခံ အမှတ် အေ၊ ဘီ၊ စီ၊ ဘီ(လ်)များဆန်ကြိတ်နှုန်းတစ်စာ၊ ဆန်လက်ရောက်ပေးအပ်ခြင်းအမိန့်စသည်တို့ကို ဘဏ်၏မှတ်ပုံတင်စာအုပ်တွင် ရေးမှတ်၍ တရားခံဖြစ်သူအယူခံတရားလိုများထံသို့ ပေးပို့ခဲ့ကြောင်း၊ ထိုသက်သေခံအမှတ် အေ၊ ဘီ၊ စီ တို့ကို အယူခံတရားလိုများက ရရှိကြောင်း တံဆိပ်ရိုက်နှိပ်၍၊ ငွေထုတ်ပေးခွင့် ပြုထားပြီးဖြစ်ကြောင်း တွေ့ရှိရသဖြင့်၊ မိမိကိုယ်တိုင် ၄င်းဘီ(လ်) များပေါ်တွင် မှတ်သား၍ စာရင်းသွင်းပြီး အယူခံတရားလိုများအဖွဲ့သို့ သွားရောက်၍၊ ငွေပေးချက်လက်မှတ် တောင်းဆိုသော်လည်း ချက်လက်မှတ်များကို ပြုလုပ်ပြီး၊ ပေးကာနီးအချိန်တွင် ဆန်စက်မှာ မီးလောင်ခံရသဖြင့်၊ အယူခံတရားလိုအဖွဲ့က၊ ထိုချက်လက်မှတ်များကို ထုတ်ပေးခဲ့ခြင်းမရှိပါဟု ထွက်ဆိုလေသည်။ တဖန်၄င်းသက်သေကပင်၊ တရားခံဖြစ်သူ အယူခံတရားလိုတို့က၊ ဆန်များကို သဘောတူညီလက်ခံခြင်းမပြုပါက၊ ထုံးတမ်းစဉ်လာအရမိမိတို့ပို့သည့် ဘီ(လ်)များကိုပြန်လည်ပေးပို့ရမည်ဖြစ်သည်။ထိုသို့ပြုလုပ်ခြင်းမရှိဘဲ၊ ၄င်းဘီလ်များကို အယူခံတရားလိုများအဖွဲ့ စာရင်းကိုင်ချုပ် ဦးစိန် ကိုယ်တိုင်လက်မှတ်ထိုးကြောင်းမှာ ထင်ရှားနေသဖြင့်၊ ထိုဘီ(လ်)များနှင့် ပတ်သက်သည့် ဆန်များကို တရားခံအဖွဲ့မှ သဘောတူညီ လက်ခံပြီးကြောင်းမှာ ထင်ရှားပါသည် ဟု ထွက်ဆိုလေသည်။

၄င်းအချက်နှင့် ပတ်သက်၍ အယူခံတရားလိုများ၏ အဖွဲ့အတွက် ဆန်များကို လက်ခံနိုင်သည့် ဇုံမန်နေဂျာ ဦးအောင်ကြည် (ခံပြ-၁)ကလည်း၊ အချင်းဖြစ်သည့် ဆန်များနှင့်ပတ်သက်၍၊ ၄င်းက လက်ခံခြင်းမရှိပါဟု တိကျစွာ မပြောနိုင်ပါဟုသာ ထွက်ဆိုပြီး အယူခံတရားလိုအဖွဲ့၏ အင်စပိတ်တော် ဦးအေး (ခံပြ-၂)ကလည်း၊ ဆန်နမူနာများကို အဖွဲ့အတွက် ဦးအောင်ကြည်မှတပါး အခြားမည်သူမျှ လက်ခံခွင့်မရှိကြောင်းထွက်ဆိုပေသည်။ ဦးအေးက တရားလိုဖြစ်သူအယူခံတရား၏ ဆန်စက်မှဆန်နမူနာများကို တကြိမ်တခါမျှပယ်သည်မရှိဘူးပါဟု၄င်း၊ ပယ်လိုက်လျှင်လည်းပယ်ကြောင်း ပုံနှိပ်ထားသည့် စာရွက်တွင် ဦးအောင်ကြည်ကိုယ်တိုင် လက်မှတ်ထိုးပြီးပေးရပါသည်ဟု ထွက်ဆိုရာ၊ ယခုအမှုတွင် ထိုသို့ပယ်သည့် စာရွက်ကို၊ စက်သို့ပေးခဲ့ကြောင်း သက်သေခံ လုံးဝမရှိပေ။ ယခုပြဆိုချက်နှင့် ပတ်သက်၍ ဆန်များကို အယူခံတရားလိုတို့၏ အဖွဲ့မှ လက်မခံငြင်းပယ်ခဲ့သည်ဆိုမှု၊ ထိုသို့ပြသရန် တာဝန်မှာ အယူခံတရားလိုအဖွဲ့ပေါ်တွင် တည်ရှိနေပေသည်။ သို့ရာတွင် ဆန်ကို လက်ခံသည်၊ သို့မဟုတ်ပယ်နိုင်သည့် အရာရှိဖြစ်သူ ဦးအောင်ကြည်ကိုယ်တိုင်က၊ အချင်းဖြစ်ဆန်များကို မိမိလက်မခံပယ်ခဲ့ကြောင်း၊ တိကျစွာ မပြောနိုင်ပါဟု ထွက်ဆိုထားပြီး၊ အထောက်

၁၉၆၆

ပြည်ထောင်စု မြန်မာနိုင်ငံ ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့ နှင့် ပြည်တော်သာ ဆန်စက်ဇော်အစု စပ်များဖြစ် သော ဒေါ်ရွှေငင် လင်(မ်)၊ ဦးတန်စိတ် ဟုတ်။

ချေရန်နေမှာ ဆန်များကိုအယူခံတရားလိုအဖွဲ့က သဘောတူညီလက်ခံသည့်နေ့မှသာစ၍ ရေတွက်ရမည်ဖြစ်သည်မှာ ထင်ရှားနေပြီး၊ အယူခံတရားလိုများ ပြဆိုသကဲ့သို့ ဆန်ကြိတ်ပြီးသည့်နေ့တွင် Delivery Order ပေးပို့ခဲ့သဖြင့်၊ ၄င်းနေ့မှစ၍ ရေတွက်သင့်သည်ဆိုခြင်းကိုမူ၊ အထက်က ရည်ညွှန်းသည့် ပဋိညာဉ်စာချုပ်စည်းကမ်းချက်၊ အပိုဒ် ၆ အရမူ လက်ခံနိုင်ရန် မရှိပေ။

ယခုအမှုတွင် အချင်းဖြစ် ဆန်များနှင့်ပတ်သက်၍ သက်သေခံအမှတ် အေ၊ ဘီ၊ စီ၊ ဘီ(လ်) များပေါ်တွင် တရားလိုအဖွဲ့က စာရင်းကိုင်ချုပ်ဦးစိန်က၊ ငွေပေးရန်မှတ်တမ်းတင်ပြီး ပြည်သူ့ဘဏ်အမှတ် ၉ သို့ ပြန်လည်ပေးပို့ခဲ့သည်မှာ ၁၉၅၅ ခုနှစ်၊ မတ်လ၁၉ ရက်နေ့မှ ဖြစ်ကြောင်းကို၊ပြည်သူ့ဘဏ်အမှတ် ၉မှ မစ္စတာရှိုင်းက၊ ၄င်းသက်သေခံ စာရွက်စာတမ်းများပေါ်တွင် မိမိ၏မှတ်သားချက်ကို ရည်ညွှန်း၍ ထွက်ဆိုထားသဖြင့်၊ ထို ဘီ(လ်)များနှင့် ပတ်သက်သည့်ဆန်များကို၊ အယူခံတရားလိုအဖွဲ့က ၁၉၅၅ ခုနှစ်၊မတ်လ ၁၉ရက်နေ့တွင်မှသာ သဘောတူညီလက်ခံခဲ့သည်ဟု၊ အောက်ရုံးမှ ယူဆခဲ့သည်မှာ၊ မှန်ကန်သည်ဟု လက်ခံရပေမည်။ သို့ဖြစ်ရကားအယူခံတရားခံများက တရားစွဲဆိုခဲ့သည်မှာ၊ ဥပဒေအရ ခွင့်ပြုသည့် ကာလစည်းကမ်းသတ်အချိန် မကျော်လွန်သေးဟု ကျွန်ုပ်တို့ ဆုံးဖြတ်သည်။

အထက်ပါပြဆိုချက်များမှအပ ယခုအမှုတွင် အယူခံတရားလိုများက၊ အခြားအခြေပြုကိုးကားချက် ပြဆိုခြင်းမရှိ ရကား၊ အမှုကို အောက်ရုံးမှ ဆုံးဖြတ်ခဲ့သည်မှာ၊သက်သေခံချက်များအရသော်၄င်း၊ ဥပဒေအချက်များအရသော်၄င်း၊ မှားယွင်းချွတ်ချော်ခြင်း ဖြစ်နေသည်ဟု မဆိုနိုင်သဖြင့်၊ ယခုအယူခံမှုကို ခွင့်ပြုရန် မရှိသောကြောင့် ပလပ်ရမည်သာ ဖြစ်ပေသည်။

ဖေါ်ပြပါ အကြောင်းများကြောင့်၊ ယခုအယူခံမှုကို စရိတ်နှင့် တကွ ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်
ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်၊ တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီးဦးချစ်တို့ရှေ့တွင်

+ ၁၉၆၆
မေလ ၇ ရက်

ပြည်ထောင်စုမြန်မာနိုင်ငံ ကိုသန်းငွေ(ခေါ်) ပီ၊ကျို၊တာရှန်း(ပြင်ဆင်ရန် လျှောက်ထားသူ)

နှင့်

မခင်ရီ(ပြင်ဆင်ရန် လျှောက်ထားခံရသူ)

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၈၈ - လျှောက်သူနှင့် လျှောက်ခံရသူတို့မှာ ခရစ်ယာန်များဖြစ်ကြခြင်း၊ ခရစ်ယာန်လက်ထပ်ထိမ်းမြားရေးအက်ဥပဒေအရ လက်မထပ်ခဲ့ခြင်း---အမျိုးသမီးများ၏ ဘဝလုံခြုံမှုကို စောင့်ရှောက်ကာကွယ်ရန် အစိုးရ၏လှုမှုရေးအရတာဝန်လက်ထပ်ထိမ်းမြား အိမ်ထောင်တည်ရေးသည် ဘာသာရေးကိစ္စဟုတ်၊ မဟုတ် ရာဇဝတ်ရုံးသို့ စရိတ်လျှောက်ထားနိုင်စေခြင်း၄၁ ဖန်တီးထားခြင်းများ --နက်နဲရှုပ်ထွေးသော ပြဿနာများကိုတရားမရုံးများကသာအပြီးသတ်ဖြေရှင်းပေးနိုင်ခြင်း -- လူအများ ရှေ့မှောက် လက်ထပ်ခဲ့ကြ ပြီးနောက် ၂နှစ်ကျော် ဦးအထင်အရှားလင်မယားအဖြစ်ပေါင်းသင်းနေထိုင် ခဲ့ကြခြင်း -- လက်ထပ်စဉ်က နည်းလမ်း မကျခဲ့သည်ကို အခွင့်အရေး ယူနိုင်မည်ဆိုလျှင် သဘာဝ တရား မျှတမှုနှင့် ဆန့်ကျင်မည်--မဟား စရိတ်ပေးရန် တာဝန် မရှိဟုခုခံခြင်း မပြုနိုင်။

ဆုံးဖြတ်ချက်။ ။ အမျိုးသမီးများ၏ ဘဝလုံခြုံမှုကို ကာကွယ်စောင့်ရှောက်ရန် အစိုးရတွင် လူမှုရေး အရ တာဝန်ရှိသည်။ ၎င်းတို့ မည်သည့်ဘာသာကို ကိုးကွယ်သည်က ပဓာနမဟုတ်။ လက်ထပ်ထိမ်းမြား အိမ်ထောင်တည်ရေးသည် ဘာသာရေးကိစ္စမဟုတ်။ လူမှုရေးကိစ္စဖြစ်ကြောင်း ကျွန်ုပ်တို့နိုင်ငံ၌ အခွန့်ရှည်စွာ လက်ခံကျင့်သုံးခဲ့ကြသည်။ အနောက်နိုင်ငံများနှင့် ခရစ်ယာန်ဘာသာဝင်များကလည်း ထို့သို့ပင် ယူဆလာ ကြပြီး၊ ခရစ်ယာန်ဘာသာ ဂိုဏ်းကြီးများကလည်း အိမ်ထောင်ရေးကိစ္စများပေါ် နှစ်ပေါင်းများစွာက ချမှတ် ထားခဲ့သော ပညတ်ချက်များကို ပြန်လည်သုံးသပ်၍ လျော့ပေါ့ခြင်း၊ ရုပ်သိမ်းခြင်းများ ပြုနေကြပြီ။

ဦးဘဖေနှင့် မစောရင်၊ ၁၉၅၁၊ မြန်မာနိုင်ငံစီရင်ထုံး၊ တရားလွှတ်တော်၊ ၁၁၃၊ သဘောကွဲလွဲသည်။

Russ v. Russ(1962-3) Weekly Law Reports 930 Court of Appeal ရည်ညွှန်းသည်။

ပုဒ်မ ၄၈၈ အရ မိန်းမတစ်ဦးက ရာဇဝတ်ရုံးသို့ စရိတ်လျှောက်ထားနိုင်စေခြင်းသည် အမှုကို မြန်မြန် ကျဉ်းကျဉ်း စစ်ဆေးကာ လိုအပ်သော အကူအညီကို မကြန့်မကြာ စရိတ်အကုန်အကျ

---

* ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၁၃၂(ခ)။

+ ၁၉၆၃ ခုနှစ်၊ ရာဇဝတ်သေးမှုအမှတ် ၆၅ တွင် ချမှတ်သော ၁၉၆၄ ခုနှစ်၊ မေလ ၇ ရက် နေ့စွဲပါ၊ ရန်ကုန်မြို့ စတုတ္ထရာဘက်ရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပြန်၍ပြင်ဆင်မှု။

နည်းစွာဖြင့် ရန်ကုန်စေရန် ဖန်တီးထားခြင်းဖြစ်သည်။ လင်မယားဟုတ် မဟုတ်၊ ကွဲကွာ၍နေမနေ၊ ယောကျ်ားဖြစ်သူက အကြောင်းအလဲ့အလောက် မရှိဘဲ စရိတ်ထောက်ပံ့ရန် ပျက်ကွက်ခြင်းဟုတ်မဟုတ် စသည်ကို စစ်ဆေး၍ ရုံးကသင့်တော်သော အမိန့်ကိုချမှတ်ရသည်။ နက်နဲရှုတ်ထွေးသော ပြဿနာများ ပေါ်ပေါက်လျှင်ကား တရားမရုံးများကသာ ထိုပြဿနာကို အပြီးသတ်ဖြေရှင်း ပေးနိုင်ပေမည်။

Sailendra v. Snchalata 41 C.W.N. 898 ရည်ညွှန်းသည်။

လျှောက်ခံရသူသည် အရည်အချင်း ချို့ငဲ့ခြင်း မရှိခဲ့ဘဲ လက်ထပ်ရာတွင်၊ ဘုန်းကြီးသို့မဟုတ် မှတ်ပုံတင်အရာရှိရှေ့မှောက်၌ပြုလုပ်ရန် ပျက်ကွက်ခဲ့ခြင်းသာ ဖြစ်သည်။ ထိုသို့ပျက်ကွက်ရသည်မှာလည်း လျှောက်သူကပင် တရားဝင် လင်ခန်းမယားခန်း မြောက်နိုင်ပါသည်ဆို သောကြောင့်ဖြစ်ခဲ့ရသည်ဟု အထောက် အထားများရှိသည်။ လူအများ၏ရှေ့မှောက် လက်ထပ်ခဲ့ကြပြီးနောက် ၂နှစ်ကျော်လည်း ၂ ဦးအထင်အရှား လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး၊ ထိုသို့လက်ထပ် နေထိုင်ခဲ့ကြောင်းကိုလည်း လျှောက်သူက အမှု၌ ဖြေလွှာတင်ရာတွင် ဝန်ခံခဲ့ပြီးမှ၊ လက်ထပ်စဉ်က နည်းလမ်းမကျခဲ့သည်ကို အခွင့်အရေး ယူနိုင်မည်ဆိုလျှင် သဘာဝတရား မျှတမှုနှင့်ဆန့်ကျင်ပေလိမ့်မည်။ ထိမ်းမြားရေး အက်ဥပဒေကိုပင် အခွင့်အရေးယူရာ ရောက်ပေလိမ့်မည်။

Cousterdine v. Smaine A.I.R 1918 Lower Burma 83;

David v. Devi A.I.R. 1953 Orissa 10 ရည်ညွှန်းသည်။

အမှုပါအကြောင်းအချက်များနှင့် ဥပဒေ အတွေးအခေါ်၊ အစီးရင်း လူမှုရေးဝါဒများကို ထောက်ချင့်၍၄င်း၊ လျှောက်သူ၏ ဝန်ခံချက်နှင့် အခြားအထောက်အထားများကြောင့်၄င်း၊ လက်ထပ်ခဲ့စဉ်က နည်းလမ်းနှင့် အပြည့်အဝ ကိုက်ညီခြင်း မရှိခဲ့ခြင်းကြောင့် လျှောက်သူက လျှောက်ခံရသူအား ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၀၀ အရ ပယ်ားစရိတ်ပေးရန် တာဝန်မရှိဟု ခုခံခြင်းမပြုနိုင်။

ပြင်ဆင်လျှောက်ထားသူအတွက်။ ။ မစ္စတာ ဂျဖား။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ ဦးလှမောင်(၁)။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။ တရားသူကြီးဦးချစ်က၊ အောက်ပါမှတ်ချက်များဖြင့်၊ ဤပြင်ဆင်မှုကိုခုံရုံးဖွဲ့၍ စဉ်းစားဆုံးဖြတ်သင့်ကြောင်း ထောက်ခံခဲ့ခြင်းဖြစ်ပေသည်။

"ဤအမှုတွင်၊ မခင်ရီက၊ ကိုသန်းငွေ(ခေါ်)မစ္စတာ ပီ၊ကျီတာရွှန်းရာရှင်ထံမှ၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ၄၀၀အရ၊မယားစရိတ်ရရန်၊ရန်ကုန်မြို့ စတုတ္ထ ရာဘက်ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၃ခုနှစ်၊ ရာဇဝတ်အသေးအဖွဲမှုအမှတ် ၆၅ တွင်၊စွဲဆိုခဲ့သည်၊ လျှောက်ထားသူနှင့်လျှောက်ထားခံရသူတို့မှာခရစ်ယာန်များဖြစ်ကြသည်။မခင်ရီမှာတပ်ပတစ်ဂိုဏ်းဝင်ဖြစ်၍ကိုသန်းငွေမှာရိုမင်ကတ်သလစ်ဂိုဏ်းဝင်ဖြစ်သည်။မူလရုံးတွင်မခင်ရီကို စစ်ဆေးနေခိုက်၊ ကိုသန်းငွေက ၄င်းတို့သည် ခရစ်ယာန်ဂိုဏ်းဝင်များဖြစ်ကြ

သဖြင့် ခရစ်ယာန်လက်ထပ်ထိမ်းမြားရေးအက်ဥပဒေအရ၊ လက်မထပ်ခဲ့ခြင်းကြောင့်မခင်ဧရီသည် ၎င်း၏တရားဝင်ဇနီးမဟုတ်ကြောင်း၊ ထို့ကြောင့်မခင်ဧရီသည်၊ ၎င်းထံမှမယား စရိတ်မရထိုက်ကြောင်း ထုချေခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်၍၊ မူလရုံးတရားသူကြီးက၊ ကိုသန်းဌေနှင့် မခင်ဧရီတို့သည်၊ ခရစ်ယာန် လက်ထပ်ထိမ်းမြားရေး အက်ဥပဒေအရ၊ လက်ထပ်ထိမ်းမြားခြင်း မပြုလုပ်ခဲ့ဘဲ၊ မိတ်ဆွေများကို ဂရင်းဟော်တယ်သို့ဘိတ်ကျွေးမွေးပြီး၊ အကြင်လင်မယားအဖြစ် အသိအမှတ်ပြုစေခဲ့ခြင်းနှင့် အကြင်လင်မယားအဖြစ် ၂ နှစ်တိုင်တိုင် ပေါင်းသင်းခဲ့ပြီးမှ၊ လင်မယားရန်ဖြစ်ကြသဖြင့်၊ ကိုသန်းဌေက မခင်ဧရီအား၊ အိမ်တွင်မနေနိုင်အောင် ညှဉ်းပန်းနှိပ်စက်သောကြောင့်၊ မခင်ဧရီသည် ကိုသန်းဌေထံမှ မယားစရိတ် တောင်းခံခြင်းဖြစ်ပါသည်။ ခရစ်ယာန်လက်ထပ်ထိမ်းမြားခြင်းအက်ဥပဒေအရ၊ လက်ထပ်ထိမ်းမြားခြင်း မပြုခဲ့သော်ငြားလည်း၊ ၎င်းတို့သည်၊ မြန်မာတိုင်းရင်းသား လူမျိုးများဖြစ်ကြ၍၊ ၎င်းတို့မှာလည်း လင်မယားအဖြစ်နေထိုင်ခဲ့ကြောင်း ကျော်ဇောသတင်းရှိသည့် အားလျော်စွာ၊ ၎င်းတို့သည် တရားဝင်ဇနီးမောင်နှံအဖြစ် ယူဆရန်အကြောင်းရှိသည်ဟု အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို ကိုသန်းဌေက မကျေနပ်သဖြင့်၊ ရန်ကုန်မြို့၊ ဟံသာဝတီနှင့် ရန်ကုန်ခရိုင်စက်ရှင်ရုံး၊ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၆၉ တွင်၊ ပြင်ဆင်မှုတင်သွင်းခဲ့သည်။ ပညာရှိစက်ရှင်တရားသူကြီးက မူလရုံး၏ယူဆချက်မှာ တရားဥပဒေအရ မှားယွင်းပါသဖြင့်၊ ပယ်ဖျက်ပေးပါရန်၊ တရားရုံးချုပ်သို့ အစီရင်ခံခဲ့သည်။

ဤရုံးကနှစ်ဘက်သောရှေ့နေကြီးများတင်ပြချက်များကိုကြားနာပြီးအဆုံးအဖြတ်ပေးရန် အခွင့်မရောက်သေးဟုယူဆ၍၊ ၂ ဘက် သောအမှုသည်များနှင့် သက်သေများတို့ကိုစစ်ဆေးပြီး၊ ဤရုံးသို့ပြန်လည်တင်ပြရန် အမိန့်ချမှတ်ခဲ့သည်။

ထိုအမိန့်အတိုင်းမူလရုံးက ဆောင်ရွက်ပြီးလျှင်၊ ဤရုံးသို့တင်ပို့ရာ၊ ဤအမှုကို ကျွန်ုပ်ကြားနာသည်။ လျှောက်ထားသူ၏ရှေ့နေကြီးနှင့် လျှောက်ထားခံရသူတို့၏ရှေ့နေကြီးများက အမှုနှင့်ပတ်သက်၍၊ စီရင်ထုံး အများအပြားကိုးကားပြီး လျှောက်လဲသွားသည်။

ပညာရှိရှေ့နေကြီး မန္တတာဂျဖါးက၊ ပညာရှိစက်ရှင်တရားသူကြီး၏ ထောက်ခံချက်ကိုလက်ခံပြီး၊ မခင်ဧရီသည် ကိုသန်းဌေ၏တရားဝင်ဇနီးမဟုတ်သဖြင့် တောင်းခံခြင်းကို မရနိုင်ပါ။ မခင်ဧရီနှင့်ကိုသန်းဌေတို့မှာ ၎င်းတို့၏ပုဂ္ဂလိကနှင့်စပ်ဆိုင်သော ဥပဒေဖြစ်သည့် ခရစ်ယာန်ထိမ်းမြားလက်ထပ်ခြင်း အက်ဥပဒေအရ၊ လက်ထပ်ထိမ်းမြားခြင်း မပြုလုပ်ခဲ့သောကြောင့်၊ တရားဝင်ဇနီးမဟုတ်ကြောင်း၊ လျှောက်လဲသွားသည်။

မခင်ဧရီ၏ ပညာရှိရှေ့နေကြီး ဦးလှမောင်က အကြင်လင်မယားသည်၊ ခရစ်ယာန်များဖြစ်ကြ၍၊ ခရစ်ယာန်ထိမ်းမြားလက်ထပ်ခြင်း အက်ဥပဒေအရ ထိမ်းမြားလက်ထပ်

ခြင်းမပြုလုပ်ခဲ့စေကာမူ နှစ်ပေါင်းများစွာ အတူနေလာပြီး အကြင်လင်မယားဟု ကျော်ဇောသတင်းရှိကြသောကြောင့် တရားဝင်အကြင်လင်မယားဖြစ်သည်ဟူသော အဆုံးအဖြတ်များကို ပေးထားသည့် စီရင်ထုံး အများအပြားကို အကိုးအကားပြု၍ တင်ပြသွားလေသည်။

ဤကိစ္စမျိုးတွင်၊ မြန်မာပြည်တွင်နေထိုင်သော တိုင်းရင်းသားများသည် မည်သည့်ဘာသာကိုကိုးကွယ်ကြသော်လည်း၊ လူမှုနေထိုင်ရေးတွင် လုံခြုံမှုရရှိစေရန်မှာ၊ တော်လှန်ရေးအစိုးရ၏ စေတနာဖြစ်သည်ဟုယူဆသည်။ ဤသို့သောအမှုများသည် အများပြည်သူအတွက်၊ အလွန်အရေးကြီးသော အမှုမျိုးဖြစ်သည်ဟု ယူဆသဖြင့်၊ တရားရုံးချုပ်အနေနှင့် လူမှုနေထိုင်ရေးနှင့်ပတ်သက်သော၊ အကျိုးဖြစ်ထွန်းစေမည့် တိကျပြတ်သားသည့် ဆုံးဖြတ်ချက်တစ်ခု လိုအပ်သည်ဟု ယူဆသည်။

ထို့ကြောင့်၊ ဤအမှုကို ကျွန်ုပ်တစ်ဦးတည်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ပေးခြင်းထက်၊ စုံညီခုံရုံးပွဲ၍ အဖက်ဖက်မှကျယ်ကျယ်ပြန့်ပြန့်စဉ်းစားပြီး အဆုံးအဖြတ်ပေးပါက သင့်လျော်မည်ဟု ယူဆပါသည်။"

အထက်ပါမှတ်ချက်များနှင့် အမှုတွင်ပေါ်လွင်သော အကြောင်းခြင်းရာများမှ ခုံရုံးကစဉ်းစားဆုံးဖြတ်ရန်ပြဿနာကို ကျွန်ုပ်တို့ ဤသို့ဖော်ထုတ်ခဲ့ကြသည်။

> "လင်နှင့်မယားအဖြစ် အတူအိုးအိမ်ထူထောင်လာခဲ့ကြ၍၊ ရပ်ရွာက လင်မယားအဖြစ်၊ အသိအမှတ်ပြုခဲ့ကြသော ယောကျ်ားနှင့် မိန်းမတို့ ရှိကြရာ၊ ၄င်းတို့ အချင်းချင်း မသင့်မတင့် ကြ၍ ၊ ခွဲခွာ နေထိုင်ကြ သောအခါ ၌ မိန်းမက မယား စရိတ်ကို ရာဇဝတ်ကျင့်ထုံးအရ လျှောက်ထား တောင်းခံသည်။ ထိုအခါ ယောကျ်ားဖြစ်သူက ၊ မူလ၄င်းတို့ ထိမ်းမြား လက်ထပ်ခဲ့ကြစဉ်က၊ ဘာသာရေးအရ လိုက်နာရမည့်နည်းနာ ကျင့်စဉ်များ နှင့်မညီ၊ ချိုးယွင်းခဲ့သည်ဖြစ်၍၊ တရားဝင် လင်မယားအဖြစ်ကို မရောက်ခဲ့။ ထို့ကြောင့် မယားစရိတ်ပေးရန်မရှိဟုအောင်မြင်စွာ ခုခံနိုင်ပါသလော"

အမှုသည်များ၏ ပညာရှိရှေ့နေကြီးများနှင့်၊ ရုံးတော်၏သဟာယအဖြစ်၊ နိုင်ငံတော်ရှေ့နေချုပ်ကိုယ်စား လိုက်ပါဆောင်ရွက်သော ပညာရှိအစိုးရရှေ့နေကြီး ဒေါ်မြသန်းနုကို၊ ကျွန်ုပ်တို့ကြားနာခဲ့ကြသည်။ ရှေ့နေကြီးများနှင့် ရုံးတော်သဟာယ တို့သည် ဥပဒေပြဿနာပေါ်တွင်၊ ကျွန်ုပ်တို့အား အဖိုးတန်သော အကူအညီကို ပေးခဲ့ကြရုံမက၊ ၂ဘက်အမှုသည်များ ပြေအေးလိုက၊ ပြေအေးနိုင်ကြရန် ဖျောင်းဖျ အကြံညဏ်များပေးခဲ့ကြ ပေသည်။ ပြေအေးကြမည့် အရိပ်အရောင်များရှိခဲ့၍၊ အချိန်အတန် တန်ပေးခဲ့သော်လည်း၊ နောက်ဆုံးတွင် အောင်မြင်ခြင်းမရှိခဲ့ပေ။

မခင်ရီက၊ စားစရိတ်တောင်းခဲ့သည့်လျှောက်လွှာပထမပိုဒ်တွင် "လျှောက်ထားသူသည်၊ လျှောက်ထားခံရသူနှင့်၊ ၁၉၆၁ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင်၊ ရန်ကုန်မြို့၊ ဧည့်ပရိသတ်များရှေ့တွင်၊ ထိမ်းမြားလက်ထပ်ကြပြီးသည့်နောက်၊ အကြင်လင်မယားအဖြစ် အတူနေထိုင်ခဲ့ပါသည်"ဟု မြွက်ဆိုခဲ့လေသည်။ ကိုသန်းဌေးက ချေလွှာတင်သွင်းရာ၌၊ထိုအပိုဒ်ပါအချက်အလက်များမှန်ပါသည်ဟုဝန်ခံခဲ့လေသည်။လင်မယားကဲ့ကွာနေရခြင်းမှာ၊ မခင်ရီကသစ္စာမဲ့ခဲ့ခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် မခင်ရီသည် စားစရိတ်မရထိုက်ဟုသာ ချေပခဲ့ခြင်းဖြစ်သည်။

ထိမ်းမြားဧည့်ခံပွဲသို့ မိတ်ဆွေများကိုဘိတ်ကြားစာ၊ ကိုသန်းဌေးကမခင်ရီ၏ဖခင်ထံသို့ငင်း မခင်ရီထံသို့ငင်း၊ ရေးသားခဲ့သောစာများ၊ အခြားအထောက်အထားများအရ ဧည့်ခံပွဲပြုလုပ်၍၊ လူအများက လင်မယားအဖြစ် အသိအမှတ်ပြုခြင်းကိုခံ၍၊ ၂ နှစ်ခန့်မျှ ကိုသန်းဌေးနှင့်မခင်ရီတို့ အတူနေထိုင်ခဲ့ကြသည်မှာ၊ အငြင်းပွါးသောအချက်ဖြစ်သည်။ ထိုအခြေအနေ၌၊ လင်မယားကဲ့ကွာကြလေသည်။ မခင်ရီကရုံးသို့တက်ရောက်၍ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၀၈ အရ၊ စရိတ်တောင်းသောအခါ၊ လင်မယားဟုတ်ကြောင်းအစတွင် ကိုသန်းဌေးကဝန်ခံ၍၊ မခင်ရီအစစ်ခံသောအခါ၊ လက်ထပ်စဉ်အခါက၊ ခရစ်ယာန်လက်ထပ်ထိမ်းမြားရေး အက်ဉပဒေပုဒ်မ ၄ နှင့် ၅ အရ၊ ခရစ်ယာန်ဘုန်းကြီး၊ မှတ်ပုံတင်အရာရှိ စသည်တို့မပါဝင်ခဲ့ဟု ပေါ်ပေါက်သဖြင့်၊ ကိုသန်းဌေး၏ရှေ့နေကြီးက၊ ထိုသို့ဆိုလျှင်တရားဝင်လက်ထပ်ထိမ်းမြားခြင်း မရှိခဲ့နိုင်ပါ။ မခင်ရီသည်တရားဝင်မယားမဟုတ်၍ စရိတ်မရထိုက်ပါဟု လျှောက်လဲခဲ့လေသည်။ ထိုလျှောက်လဲချက်သည်၊ ကိုသန်းဌေးထုချေလွှာတွင် ဝန်ခံထားချက်နှင့်ဆန့်ကျင်သည်။ နောက်မှအကြံရ၍ တင်ပြသော ချေပချက်လည်းဖြစ်ပေသည်။

ခရစ်ယာန်အက်ဉပဒေပုဒ်မ ၄ နှင့် ၅ တို့ကို၊ အတိအကျ လိုက်နာခြင်းမပြုခဲ့ကြောင်းကို မခင်ရီကမငြင်းကွယ်ချေ။ ထိုသို့ဖြစ်ခဲ့ရခြင်းသည်၊ ကိုသန်းဌေးက ၂ ဦးကြေနပ်သဘောတူ၍ လူအများရှေ့တွင်လက်ထပ်လျှင် လင်ခန်းမယားခန်းမြောက်သည်ဆို၍၊ ၎င်းကလက်ခံခဲ့ခြင်းဖြစ်ကြောင်း၊ ရုံးတွင်၊ မခင်ရီကထပ်မံအစစ်ခံခဲ့သည်။ ကိုသန်းဌေး၏ ပညာရှိရှေ့နေကြီး မစွတာ ဂျွမ်းက၊ ဥပဒေက အတိအလင်းပြဋ္ဌာန်းထားသည့်အတိုင်း မလိုက်နာခဲ့လျှင်၊ တရားဝင်လက်ထပ်ထိမ်းမြားခြင်း မရှိနိုင်ကြောင်း၊ တရားဝင်ထိမ်းမြားခြင်းမရှိခဲ့လျှင် မယားစရိတ်မရနိုင်ကြောင်း လျှောက်လဲ၍၊ **ဦးဘဖေ** နှင့် **မစောရင်**(၁)ဆုံးဖြတ်ချက်ကို ကိုးကားသည်။ ထိုအမှုတွင် မဟာမေဒင်ဘာသာလုပ်ရိုးထုံးတမ်းများကို မလိုက်နာခဲ့သောကြောင့်၊ တရားဝင်လင်မယားအဖြစ်သို့မရောက်။ ထို့ကြောင့် မိန်းမတဦးသည်၊ မယားစရိတ်မရနိုင်ဟု ဆုံးဖြတ်ထားသည်ကိုတွေ့ရသည်။

B

(၁) ၁၉၅၁၊ မြန်မာနိုင်ငံ စီရင်ထုံး တရားလွှတ်တော် ၁၁၃။

အလားတူစီရင်ထုံးများလည်း ရှေးယခင်ကရှိခဲ့ဘူးပေသည်။ သို့ရာတွင်၊ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုဥပဒေ ပြဋ္ဌာန်းပြီးခဲ့သည့် နောက်ပိုင်း၌သာ ထိုအမှုများ ဖြစ်ပွားခဲ့သည်ဆိုလျှင်၊ စီရင်ထုံးများသည် လည်း ကွဲပြားခဲ့ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထိုအမှုအချို့တွင် စရိတ်တောင်းသူများသည် ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးများ ဖြစ်ခဲ့ပေသည်။

အမျိုးသမီးများ၏ ဘဝလုံခြုံမှုကို စောင့်ရှောက်ကာကွယ်ရန် အစိုးရတွင် လူမှုရေးအရ တာဝန်ရှိသည်။ ၎င်းတို့မည်သည့် ဘာသာကို ကိုးကွယ်သည်က ပဓာနမဟုတ်၊ လက်ထပ်ထိမ်းမြား အိမ်ထောင်တည်ရေးသည် ဘာသာရေးကိစ္စမဟုတ်။ လူမှုရေးကိစ္စဖြစ်ကြောင်း ကျွန်ုပ်တို့နိုင်ငံ၌ အခွန်ရှည်ကြာစွာ လက်ခံကျင့်သုံးခဲ့ကြသည်။ အနောက်နိုင်ငံများနှင့် ခရစ်ယာန်ဘာသာဝင်များကလည်း၊ ထိုသို့ပင်ပို၍ ယူဆလာကြပြီး၊ ခရစ်ယာန်ဘာသာ ဂိုဏ်းကြီးများကလည်း၊ အိမ်ထောင်ရေး ကိစ္စများပေါ် နှစ်ပေါင်းများစွာက ချမှတ်ထားခဲ့သော ပညတ်ချက်များကို၊ ပြန်လည်းသုံးသပ်၍ လျော့ပေါ့ခြင်း၊ ရုပ်သိမ်းခြင်းများ ပြုနေကြပြီ။

ခရစ်ယာန် အတွေးအခေါ်လွှမ်းခဲ့သော အင်္ဂလိပ်အိမ်ထောင်ရေးဥပဒေတွင်၊ တချိန်က တစ်လင်တစ်မယားစနစ်ကိုသာ အသိအမှတ်ပြုခဲ့သည်။ မယားတစ်ယောက်ထက်ပို၍ ယူခြင်းကိုပင်လုံးဝအသိအမှတ်မပြုခဲ့ချေ။ အခြားတစ်နိုင်ငံတွင် မဟာမေဒင်ဘာသာအရဖြစ်စေ၊ အခြားထုံးတမ်းအရဖြစ်စေ မယားတစ်ယောက်ထက်ပို၍ တရားဝင် လက်ထပ်ပေါင်းသင်းနိုင်ခြင်းကို အသိအမှတ်မပြုခဲ့။ သို့ရာတွင် မကြာသေးမီမှစ၍ ကာလဒေသအလိုက် ကျင့်သုံးကြသော ထုံးတမ်းအရ၊ လက်ထပ်ခဲ့ကြခြင်း၊ ကွာရှင်းခဲ့ကြခြင်းစသည်တို့ကို အင်္ဂလိပ်တရားလွှတ်တော်သည် လက်ခံအသိအမှတ်ပြုလာလေပြီ။ **Russ v. Russ** (၂)ဤသို့လျှင် အိမ်ထောင်ရေးနှင့်ပတ်သက်သော အတွေးအခေါ်များသည်၊ခရစ်ယာန်ဘာသာအများစု ကိုးကွယ်သောနိုင်ငံများ၌ပင်၊ ဘာသာရေး မှ လွတ်ကင်း၍၊ လူမှုခရေးနယ်တွင်းသို့ ချင်းနင်းရောက်ရှိ၍ လက်တွေ့ကျကျ ဖြစ်ပေါ်လျက်ရှိပြီ။

ဤအမှုတွင် မခင်ရီသည် ဗုဒ္ဓဘာသာဝင်အမျိုးသမီး မဟုတ်၊ ၁၉၅၄ ခုနှစ်၊ အထူးထိမ်းမြားမှုဥပဒေတွင် အကျုံးမဝင်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ထိုဥပဒေအရ ဤအမှုကို ဆုံးဖြတ်ရန်မဟုတ်ချေ။ အိမ်ထောင်ရေးနှင့်ပတ်သက်သောဥပဒေ၊ အတွေးအခေါ် ပြောင်းလဲမှုနှင့် အစိုးရ၏စေတနာ စသည်တို့ကို ကျွန်ုပ်တို့သတိပြုရမည် ဖြစ်သော်လည်း၊ ကျွန်ုပ်တို့၌ကား ဥပဒေသစ် ပြုလုပ်ပြဋ္ဌာန်းနိုင်ခွင့်မရှိ။ တည်ဆဲဥပဒေများကိုသာ ပြောင်းလဲလျက်ရှိသော အခြေအနေ၊ အတွေးအခေါ် အစိုးရမူဝါဒများနှင့် အနီးစပ်ဆုံးကိုက်ညီအောင် ကျင့်သုံးရမည်ဖြစ်ပေသည်။

---

(၂) (1962-63) Weekly Law Reports 930,Court of Appeal, 41 C.W.N 898.

ပညာရှိအစိုးရရှေ့နေကြီး ဒေါ်မြသန်းနု က၊ မခင်ရီသည် တရားမမှုစွဲဆို၍၊ ၎င်းသည် တရားဝင်မယားဖြစ်ကြောင်း မြွက်ဟဒီကရီတောင်းခံလိုကတောင်းခံနိုင်ပါသည်။ လျော်ကြေး၊ မယားစရိတ် စသည်ကိုလည်း တရားမကြောင်းဖြင့် စွဲဆိုတောင်းခံနိုင်ပါသည်။ သို့ရာတွင်၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၈ အရမူကား၊ စရိတ်မရနိုင်ပါ။ ထိုပုဒ်မအရ လျော်ကြေးထားနိုင်သော တရားဝင်မယားမဟုတ်ပါဟု တင်ပြသည်။

ကျွန်ုပ်တို့၏အမြင်တွင်ကား ပုဒ်မ ၄၈ အရ၊ မိန်းမဘဦးက၊ ရာဇဝတ်ရုံးသို့ စရိတ်လျော်ကြေးထားနိုင်စေခြင်းသည်၊ အမှုကိုမြန်မြန်ကျဉ်းကျဉ်း စစ်ဆေးကာ၊ လိုအပ်သောအကူအညီကို မကြန့်မကြာ၊ စရိတ်အကုန်အကျနည်းစွာဖြင့် ရနိုင်စေရန် ဖန်တီးထားခြင်းဖြစ်သည်။ လင်မယားဟုတ် မဟုတ်၊ ကွဲကွာ၍နေ မနေ၊ ယောကျ်ားဖြစ်သူက အကြောင်းအလုံအလောက်မရှိဘဲ၊ စရိတ်ထောက်ပံ့ရန် ပျက်ကွက်ခြင်းဟုတ် မဟုတ် စသည်ကိုစစ်ဆေး၍၊ ရုံးကသင့်တော်သောအမိန့်ကို ချမှတ်ရသည်။ နက်နဲရှုပ်ထွေးပြဿနာမျာ၊ ပေါ်ပေါက်လျှင်ကာ၊ တရားမရုံးမျာ၊ကသာ ထိုပြဿနာမျာ၊ကို၊ အပြီးသတ်ဖြေရှင်းပေးနိုင်ပေမည်။ ***Sailendra*** **v.** ***Snehalata*** (၃) တွင်အောက်ပါကဲ့သို့ မှတ်ချက်မျာ၊ချမှတ်ထာ၊သည်ကို၊ ကျွန်ုပ်တို့ရှည်ညွှန်းလိုသည်။

> "It is contended that in law a marriage of this character cannot be celebrated and cannot be given legal effect to. There are various authorities cited to us in support of this proposition.
>
> On the other hand on behalf of the wife and on the part of the Deputy Legal Remembrancer, who attended the Court as *amicus curiae*, we were invited to uphold the learned Magistrate's decision as he was merely giving affect to the section of the Code which gives proper and speedy relief in the circumstance, and that he ought not to be burdened and this court of criminal appeal ought not to be burdened civil law which could not possibly concern it.
>
> I am inclined to accede to that argument. It seems to me that if the Petitioner here wishes to impeach the validity of his marriage, he should bring a declaratory suit in a Civil Court when the whole question can be investigated and the authorities pros and con canvassed in this regard."

ကိုသန်းဌေ၏ ပညာရှိရှေ့နေကြီး မစ္စတာ ဂျဖါးက၊ အမှုသယ် ၂ဦးလက်ထပ်ခဲ့ကြသည်ဆိုသည်မှာ၊ ဥပဒေပြဋ္ဌာန်းသည့် နည်းလမ်းအတိုင်းမဟုတ်၍၊ တရားမဝင်ခဲ့ပါဟု လျောက်လဲခြင်းသာဖြစ်သည်။ မခင်ရီတွင် တရားဝင်လက်ထပ်၍ မယားအဖြစ်သို့

(၃) 41 C.W.N. 898.

၁၉၆၆

ပြည်ထောင်စု မြန်မာနိုင်ငံ ကိုသန်းဌေး (ခေါ်) ဝီးကျီ၊ တာရှန်း နှင့် မခင်ရီ။

ရောက်စေနိုင်သော အရည်အချင်းတစုံတရာ ချို့တဲ့နေပါသည်ဟုမဆိုခဲ့။ ခရစ်ယာန်လက်ထပ်ထိမ်းမြားရေး အက်ဥပဒေပုဒ်မ ၅ ကလည်း၊ လက်ထပ်ရသည့်နည်းလမ်းနှင့် သာပတ်သက်သည်။ ထိမ်းမြားသူတို့၏အရည်အချင်းကို သတ်မှတ်သည်မဟုတ်ခဲ့။ *Consterdine* v. *Smaine* (၄) တွင်၊ ဤသို့ဆိုထားသည်။

> "The word 'solemnised' in S. 5, Christiam Marriage Act means 'celebrated' and refers to the ceremony only.
>
> Section 5, Christian Marriage Act, deals only with the ceremony and the person who may perform it, and not with the capacity of the persons on whom it is performed or with the capacity of the person who performs it, save that he should have received episcopal ordination."

ဤအမှုတွင်၊ မခင်ရီသည်၊ အရည်အချင်းချို့ငဲ့ခြင်းမရှိခဲ့ဘဲ၊ လက်ထပ်ရာတွင်၊ ဘုန်းကြီး၊ သို့မဟုတ် မှတ်ပုံတင်အရာရှိရွေးမောက်ခံပြုလုပ်ရန် ပျက်ကွက်ခဲ့ခြင်းသာ ဖြစ်သည်။ ထိုသို့ပျက်ကွက်ရသည်မှာလည်း ကိုသန်းဌေကပင် တရားဝင်လင်ခန်းမယားခန်း မြောက်နိုင်ပါသည်ဆိုသောကြောင့်ဖြစ်ခဲ့ရသည်ဟုအထောက်အထားများရှိသည်။ လူအများ၏ရွေးမောက် လက်ထပ်ခဲ့ကြပြီးနောက်၊ ၂ နှစ်ကျော်လည်း ၂ ဦးအထင်အရှား လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီးပြီ။ ထိုသို့လက်ထပ်နေထိုင်ခဲ့ကြောင်းကိုလည်း၊ ကိုသန်းဌေကအမှုဌ ဖြေလွှာတင်ရာတွင် ဝန်ခံခဲ့ပြီးမှ လက်ထပ်စဉ်က၊ နည်းလမ်းမကျခဲ့ သည်ကိုငြင်းကအခွင့်အရေးယူနိုင်မည်ဆိုလျှင်၊သဘာဝတရားမျှတမှုနှင့်ဆန့်ကျင်ပေလိမ့်မည်။ ထိမ်းမြားရေး အက်ဥပဒေကိုပင် အခွင့်အရေးယူရာ ရောက်စေလိမ့်မည်။

မခင်ရီ၏ ပညာရှိရွှေနေကြီး ဦးလှမောင်က၊ ဓိရင်ထုံးမျှားစွာကို ကိုးကား၍၊ အိမ်ထောင်ရေးဥပဒေမျှားသည်၊ လူမှုရေးဥပဒေမျှားသာ ဖြစ်ကြောင်းနှင့် ၎င်းဥပဒေမျှားသည်ခေတ် နှင့် လျော်ညီအောင် ကမ္ဘာ၌ ပြုပြင် မြှောင်လဲလျှက် ရှိပြီဖြစ်ကြောင်းတို့ကို တင်ပြသည်။ *David* v. *Devi* (၅) ကို ဦးလှမောင်ကအထူးကိုးကားသည်။ ထိုအမှုတွင် ယောကျ်ားသည် ခရစ်ယာန်ဖြစ်၍၊ မိန်းမကလည်း ခရစ်ယာန်ဖြစ်ပါသည် အဆိုရှိသည်။ သို့ရာတွင် ဘာသာဝင်ရာ၌၊ မိန်းမသည် ရေနှစ်ခြင်းမပြုခဲ့ရခေ့။ လင်မယားကွဲကွာ၍၊ မယားကစရိတ်တောင်းသောအခါ၊ ယောကျ်ားကအမျိုးမျိုးခုခံရာတွင်၊ မိန်းမသည် နှစ်ခြင်းမပြုခဲ့ရဘူး၍၊ ခရစ်ယာန်မစစ်ဟူ၍ငြင်း၊ လက်ထပ်စဉ်က၊ ခရစ်ယာန် ထိမ်းမြားရေး အက် ဥပဒေ ပုဒ်မ ၅ နှင့်အညီ မပြုလုပ်ခဲ့၍၊ ထိမ်းမြားခြင်းမမည်ဟူ၍ငြင်း ဆိုခဲ့သည်။ မိန်းမဘက်မှ ထိုပုဒ်မနှင့်အညီ လက်ထပ်ခဲ့ပါသည်ဟု အထင်အရှား သက်သေ မထူနိုင်ခဲ့ခေ့။ သို့ရာတွင် ယောကျ်ား၏ ဝန်ခံချက်များ၊ ဗေးစာများနှင့် အခြား သက်သေများကို ထူနိုင်ခဲ့သည်။ ထိုအထောက်အထားများ

F-4

(၄) **A.I.R. (1918) Lower Burma 83.** (၅) **A.I.R. (1953) Orissa 10.**

၁၉၆၆

ပြည်ထောင်စု မြန်မာနိုင်ငံ ကိုသန်းငွေ (ခေါ်)ပီ၊ဂျီ၊ တာရှန်း နှင့် မခင်ရီ။

အရ၊ ရုံး၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၀၀ ၏ လိုအပ်ချက်တို့အရ၊ လင်မယားမြောက်သည်ဟု ယူဆနိုင်သည်ဟု ဆုံးဖြတ်ကာ၊ မယားစရိတ်ခွင့်ပြုခဲ့သည်။ ထိုအမိန့်ကို တရားလွှတ်တော်က အတည်ပြုရာတွင် အောက်ပါ ကဲ့သို့ ဝေဘန်သုံးသပ်ခဲ့သည်။

> **"There is no provision in the Indian Christian Marriage Act to the effect that marriage amongst Indian Christians can be proved only by affirmatively establishing that the provisions of S. 5 of the Act were complied with or by production of a certified copy of the marriage certificate as permitted by S. 80 of that Act. The Evidence Act also does not lay down any special mode of proof of a Christian marriage.** Hence admissions by either of the spouses of the fact of marriage, evidence of eye-witnesses who were present during the marriage ceremony, subsequent conduct of the couple in living as husband and wife for some time and the opinion expressed by conduct of persons who had special means of knowledge of the subject, being all various recognised modes of proof of a marriage may be admitted in evidence to prove a marriage among Indian Christians also.
>
> Section 488 of the Criminal Procedure Code is not included in the Proviso to S. 50, Evidence Act. Hence for proof of marriage in a proceeding under S. 488, Cr. P. C., the standard of proof need not be so high as required either in a proceeding under the Indian Divorce Act or in prosecutions under Ss. 494, 495, 497 or 498 of the Penal Code. Thus, even opinion expressed by conduct of persons who had special means of knowledge on the subject, may suffice to prove the fact of marriage in a proceeding under S. 488, Cr. P. C."

အထက်ပါ ကဲ့သို့ အမှုပါ အကြောင်းအချက်များ နှင့် ဥပဒေ အတွေးအခေါ်၊ အစိုးရ၏ လူမှုရေး မူဝါဒများကို ထောက်ချင့်၍ ပေါ်ပေါက်သော ပြဿနာ ပေါ်တွင် ကျွန်ုပ် တို့က ဤသို့ ဖြေဆို ဆုံးဖြတ်သည်။ ကိုသန်းငွေ၏ ဝန်ခံချက်နှင့် အခြား အထောက် အထားများ ကြောင့် လက်ထပ်ခဲ့စဉ်က၊ နည်းလမ်းနှင့် အပြည့်အဝကိုက်ညီ မရှိခဲ့ ခြင်းကြောင့် ၊ ၄င်းသည်မခင်ရီအား ၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၀၀ အရ၊ မယား စရိတ် ပေးရန် တာဝန် မရှိဟု ခုခံခြင်း မပြုနိုင်။ ၎င်းက မခင်ရီသည် သစ္စာမဲ့ခဲ့၍ မယားစရိတ် မရထိုက်ဟူ၍ မူလက တင်ပြခဲ့သော် တခုတည်းသော ခုခံချက်ကိုသာ ဆက်လက်စစ်ဆေး၍အမှုကို ဆုံးဖြတ်ပေးရန်ဖြစ်သည်။

5B စက်ရှင် တရားသူကြီး၏ ထောက်ခံချက်ကို လက်မခံ။ စက်ရှင်ရုံးပြင်ဆင်မှုကို အထက်ပါ မှတ်ချက်များဖြင့် ပြန်ပို့လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်ရွှေတွင်

† ၁၉၆၆ မေလ ၃ ရက်။ ပြည်ထောင်စု မြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

၁။ မောင်ရွှေ (ခေါ်)မောင်ရွှေ၊ ၂။ မောင်ထွန်းရှင် (ပြင်ဆင်ရန်လျှောက်ထားခံရသူများ)*

တရားရှင်လွှတ်သော အမိန့်ကို ပယ်ဖျက်၍ လိုအပ်သော အမိန့်များကို ချမှတ်ပေးရန် ပြင်ဆင်မှုတင်သွင်းခြင်း—တရားရှင်လွှတ်မည့်အစား တရားခံများကို ပြေလွှတ်စေလျှင် အမှုအလုံးစုံ ပိုမိုထင်ရှားစေခြင်း—ညှဉ်းပြသည့် သက်သေခံ အထောက်အထား ရှိနေခြင်း—တဖက်နစ်နာသူများအဘို့ တရားမျှတမှုကင်းမဲ့ပြီဟု ထင်မြင်ယူဆဘွယ်ရာရှိ မရှိ—ဆီလျော်ဆက်စပ်သော အချက်အလက် ဟူသမျှကို ဖေါ်ထုတ်ရန်လိုအပ်ခြင်း—အမှန်တရားကို စီရင်ကြောင်း ပိုမိုထင်ရှားစွာ အများက မြင်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။အထူးတရားသူကြီး ဆုံးဖြတ်ထားသည်မှာ ချုတ်ချော် မှားယွင်းသည်ဟု မဆိုသာချေ။ သို့ရာတွင် တရားခံများကို တရားရှင်လွှတ်မည့်အစား ၎င်းတို့အား ဖြေရှင်းထုခြေစေလျှင် ဖြစ်ပျက်ခဲ့သမျှအလုံးစုံ ပိုမိုထင်ရှားစေမည်။ ၎င်းတို့အား အပြစ်ပေးလောက်အောင် အခိုင်အလုံ အထောက်အထားများ မရှိဟု အထူးတရားသူကြီးက ယူဆသော်လည်း၊ ၎င်းတို့အား ညှဉ်းပြသည့် သက်သေခံ အထောက်အထားများကား ရှိနေပေသည်။ ထို့ကြောင့် ၎င်းတို့အား ထုခြေဖြေရှင်းစေခြင်းမပြုဘဲ တရားရှင်လွှတ်လျှင် တဖက်က နစ်နာသူများအတွို့ ရုံးတော်စီရင်ချက်သည် တရားမျှတမှုကင်းမဲ့ခဲ့ပြီဟု ထင်မြင်ယူဆဘွယ်ရာရှိသည်။ တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့အမှန်တရားကို စီရင်ကြောင်း အများမြင်စေရာသည်။ တရားရုံး အနေနှင့်လည်း ဆီလျော်ဆက်စပ်သော အချက်အလက်ဟူသမျှကို ဖေါ်ထုတ်ပြီးမှ ဆုံးဖြတ်ချက်ချလျှင်ပိုမိုချလည်မှန်ကန်နိုင်သည်။ အမှန်တရားကို စီရင်ကြောင်း ပိုမိုထင်ရှားစွာ အများက မြင်နိုင်သည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၅၃ (ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမူ အမှတ် ၆၂ တွင် ၁၉၆၆ ခုနှစ်၊ ဇန္နဝါရီလ ၈ ရက် နေ့စွဲပါ၊ ပြည်မြို့၊ ပဌမ အထူးတရားသူကြီး၏ အမိန့်ကို ပြင်ဆင်ရန်လျှောက်ထားမှု။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အစိုးရရှေ့နေ၊ ဦးဘကြိုင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။လျှောက်ထားခံရသူ မောင်ရွှေနှင့် မောင်ထွန်းရှင်တို့သည် လယ်ယာနှင့် အင်းအိုင် လုပ်ကိုင်ကြသူများဖြစ်ကြသည်။ မောင်အုံးငွေဆိုသူသည်၊ ၎င်းတို့၏ အင်းအနီးအနားတွင် လှန်းဇော်ရာဖြင့် သေဆုံးသွားသဖြင့် ၎င်းတို့အပေါ် မောင်အုန်းငွေအား သတ်မှုဖြင့်၊ ပြည်မြို့ ပထမ အထူးတရားသူကြီးရုံးတွင် စွဲဆိုခဲ့သည်။ ပညာရှိ တရားသူကြီးက၊ တရားလိုဖက်ကို အပြီးအဆုံးစစ်ဆေးပြီးနောက်၊ စွဲချက်တင်လောက်အောင်သက်သေ အထောက်အထားမရှိဟုယူဆသဖြင့် မောင်ရွှေနှင့် မောင်ထွန်းရှင်တို့ကို တရားရှင်လွှတ်ခဲ့သည်။ ထိုကဲ့သို့လွှတ်ခြင်းသည် ဥပဒေအရ၊ မှားယွင်းပါသည်။ အမှန်ဆိုသော်၊ စွဲချက်တင်လောက်အောင် အထောက်အထားများရှိနေပါသည်။ ထို့ကြောင့် တရားရှင်လွှတ်သောအမိန့်ကို ပယ်ဖျက်၍ လိုအပ်သော အမိန့်များကို ချမှတ်ပေးပါရန်၊ ဤပြင်ဆင်မှုကို အစိုးရက တင်သွင်းခဲ့ခြင်းဖြစ်သည်။

ပညာရှိ အစိုးရရှေ့နေကြီး ဦးဘကြိုင်က၊ အချင်းဖြစ်သည့်ညက သေဆုံးသူ မောင်အုန်းငွေသည်၊ ၎င်း၏ဇနီးအား၊ ငရှေနှင့် ထွန်းရှင်တို့မှာ၍ သူတို့တဲသို့သွားမည် ပြောပြီးထွက်သွားကြောင်း၊ အုန်းငွေလဲ၍သေဆုံးရာနေရာမှ မောင်ရွှေနှင့် ထွန်းရှင်တို့ ဆည်အထိ သွေးစက်များ တွေ့ရကြောင်း၊ ဆည်တဲအနီးတွင် သတ်ပုတ်ထားသည့် အခြင်းအရာများလည်း တွေ့ရကြောင်း၊ ထို့ကြောင့် အုန်းငွေက အသက်မထွက်မီ ကလေးတွင် "ငရှေနှင့် ထွန်းရှင်"ဟု အမည်များပြော၍ ထွက်ဆိုသွားကြောင်း၊ ထိုအထောက်အထားအရ စွဲချက်တင်သင့်ပါသည်။ဆက်လက်၍ လျှောက်ထားခံရသူများအား ဖြေရှင်းထုချေစေကာ၊ အမှုမခိုင်လုံက ၎င်းတို့အား တရားသေလွှတ်ရန် ဖြစ်ပါသည်။ ယခုအခြေအနေ၌ကား၊ စွဲချက်တင်၍ ဓာတ်လက် စစ်ဆေးခြင်းအားဖြင့် ဖြစ်ပျက်သမျှ အားလုံးကို ဖော်ထုတ်နိုင်မည်ဖြစ်ပါသည်ဟု အစိုးရရှေ့နေကြီးက လျှောက်လဲသည်။ ပညာရှိ အထူးတရားသူကြီးသည်၊ အကြောင်းအချက်တို့ကို သေချာစွာ ချိန်ဆပြီး၍၊ သေဆုံးသူ မောင်အုန်းငွေက သေခါနီးဆဲဆဲ "ငရှေနှင့် ထွန်းရှင်ကွာ" ဟု ပြောဆိုခဲ့ခြင်းသည်၊ မရေရာမပြည့်စုံ။ သွေးစက်များတွေ့ရှိရခြင်း၊ သတ်ပုတ်ထားသည့်အခြင်းအရာများကို တွေ့ရှိရခြင်း စသည်တို့သည်လည်း ခိုင်လုံသော အထောက်အထားများမဟုတ်၊ ထွန်းရှင်၏ ဖြောင့်ချက်ဆိုသော ထွက်ချက်သည်လည်း ဥပဒေအရ ဖြောင့်ချက်မမည်၊ မိမိကိုယ်မိမိအပြစ်လွှတ်ရန် ပြောဆိုထားခြင်းမျှသာ ဖြစ်၍ သက်သေခံမဝင်၊ ထို့ကြောင့် အားလုံးကို ခြုံ၍ကြည့်လျှင်၊ တရားခံနှစ်ဦးအား

၁၉၆၆

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ၁။ မောင်ရွှေ (ခ) မောင်ရှေး၊ ၂။ မောင်ထွန်းရှင်။

အပြစ်ပေးလောက်အောင် ခိုင်လုံသော အထောက်အထားများ မရှိဟုဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ပညာရှိအထူးတရားသူကြီး ဆုံးဖြတ်ထားသည်မှာ ချွတ်ချော်မှားယွင်းသည်ဟု မဆိုသာချေ။ သို့ရာတွင် တရားခံများကို တရားရုံးလွှတ်မည့်အစား၊ ငှင်းတို့ အားဖြေရှင်း ထုချေစေလျှင်၊ ဖြစ်ပျက်ခဲ့သမျှ အလုံးစုံ ပိုမိုထင်ရှားစေမည်ဟု ယူဆသည်။ ငှင်းတို့အား အပြစ်ပေးလောက်အောင် အခိုင်အလုံ အထောက်အထားများမရှိဟု ပညာရှိ အထူးတရားသူကြီးက ယူဆသော်လည်း၊ ငှင်းတို့အား ညွှန်ပြသည့် သက်သေခံ အထောက်အထားများကား ရှိနေပေသည်။ ထို့ကြောင့်ငှင်းတို့အား ထုချေဖြေရှင်း စေခြင်းမပြုဘဲ တရားရုံးလွှတ်လျှင်၊ တဖက်က နစ်နာနေသူများအဘို့ ရုံး၏ စီရင်ချက်သည် တရားမျှတခြင်းကင်းမဲ့ခဲ့ပြီဟု ထင်မြင်ယူဆ ဖွယ်ရာ ဖြစ်သည်။ တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာမကဘဲ၊ ထိုသို့ အမှန်တရားကို စီရင်ကြောင်း အများမြင်စေရာသည်။ တရားရုံးအနေနှင့်လည်း ဆီလျော်ဆက်စပ်သော အချက် အလက်ဟူသမျှကို ဖော်ထုတ်ပြီးမှ ဆုံးဖြတ်လျှင်၊ ပိုမိုချွတ်လည်း မှန်ကန်နိုင်သည်။ အမှန်တရားကို စီရင်ကြောင်းပိုမို ထင်ရှားစွာ အများကမြင်နိုင်သည်။

အထက်ပါ အကြောင်းတို့ကြောင့်၊ လျှောက်ထားခံရသူတို့အပေါ် တရားရှင်လွှတ်သည့်အမိန့်ကို ပယ်ဖျက်လိုက်သည်။ ငှင်းတို့အားစွဲချက်တင်၍ ဆက်လက်စစ်ဆေးရန် ဖြစ်သည်။ လျှောက်ထားခံရသူများအား ဤပြင်ဆင်မှုကို ထုချေနိုင်ရန် နို့တစ်ထုတ်ခဲ့ရာ၊ ငှင်းတို့က လယ်ယာ၊အင်းအိုင် အလုပ်ကြောင့် ရုံးသို့မလာရောက်နိုင်ပါ။ ရှေ့နေလည်း ဂူးရမ်းခြင်းမပြုနိုင်ပါ။ သင့်တော်သော အမိန့်ကိုသာ ချမှတ်ပါဟု ပြန်ကြားကြသည်။ ထို့ကြောင့် ပြစ်မှုထင်ရှားကြောင်း မခိုင်လုံဟု ပညာရှိတရားသူကြီးက ယူဆလျှင် ငှင်းတို့အား အလွတ်ထုချေစေသင့်သည်ဟု ယူဆ သည်။ ဆက်လက် စစ်ဆေးရာတွင် ကြန့်ကြာစေခြင်း မရှိစေရန်ငှင်း၊ အမှုကို စစ်ဆေးခဲ့သော ပညာရှိတရားသူကြီးသည် မှန်ကန်မှုတစွာ တရားစီရင်လိမ့်မည်ဟု ယူဆ သဖြင့် ငှင်း အမှုကို အခြားအထူးတရားသူကြီးရုံးသို့ လွှဲပြောင်းပေးခြင်းမပြုဘဲ၊ စစ်ဆေးခဲ့သော ပညာရှိ တရားသူကြီးကပင်၊ ပြီးဆုံးသည့်တိုင် စစ်ဆေး ဆုံးဖြတ်စေ ရမည်ဟူ၍လည်း အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်
တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးထွန်းတင် ရှေ့တွင်

မူဆာအက် (စ်) မဒါး ပါ ၂ (အယူခံတရားလို)

နှင့်

ဦးထွန်းမြတ် (အယူခံတရားခံ)

၁၉၆၆ ခု ဖွန်လ ၁၀ ရက်။

အလုပ်မှ မတရား ထုတ်ပယ်လိုက်သည့် အတွက် လျော်ကြေး ရရှိရန် တရားစွဲဆိုမှု - ရုတ်တရက် အလုပ်မှထုတ်ပယ်လိုက်ခြင်းကို လုံလောက်အောင်ပြဆိုနိုင်ခြင်း မရှိခြင်း - ကြိုတင်၍ နို့တစ်စာ ပေးခဲ့ကြောင်း မတွေ့ရှိရခြင်း -အလုပ်မှ ထုတ်ပယ် လိုက်ခြင်း မှာ မတရား ထုတ်ပယ်လိုက်ခြင်း ဖြစ် မဖြစ် -ကိုယ်စားလှယ် အဖြစ်ဆောင်ရွက် ရသည့်လုပ်ငန်းမှ တိုက်ရိုက် ပေါ်လာသည့် နစ်နာချက်များ အတွက်သာ ခိုင်းစေသူ ထံမှ လျော်ကြေး ရထိုက်ခြင်း-ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၂၂၂ ပါပြဆိုချက်များနှင့် အကျုံးဝင်သည် ဟု ဆိုနိုင် မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။ အမှုတွင်ပေါ်လွင်သည့် သက်သေခံချက်များကို လေ့လာမှု၊ အယူခံ တရားလိုများသည် အယူခံတရားခံအား ရဲအရာရှိများ ဖမ်းဆီးသည့် ၁၉၅၉ခုနှစ်၊ ဇန်နဝါရီလ ဂရက်နေ့တွင် အလုပ်မှ ရပ်စဲလိုက်ကြောင်း ထွက်ဆိုသော်လည်း မည်သည့် အကြောင်းခြင်းရာကြောင့် ထိုသို့ ရုတ်တရက် အလုပ်မှ ထုတ်ပယ်လိုက်ခြင်း ဖြစ်သည်ကို လုံလောက်အောင် ပြဆိုနိုင်ခြင်း မရှိပေ။ ထို့ပြင် အယူခံတရားခံအား အလုပ်မှ ထုတ်ပယ်ခြင်းမပြုလုပ်မီ ကြိုတင်၍ နို့တစ်စာ ပေးခဲ့ကြောင်းလည်း မတွေ့ ရှိရချေ။ ထို့ကြောင့် အယူခံတရားလိုများသည် အယူခံတရားခံအား အလုပ်မှ ထုတ်ပယ်လိုက်ခြင်းမှာ မတရား ထုတ်ပယ်လိုက်ခြင်းဖြစ်ပေသည်။

အယူခံတရားလိုများက အယူခံတရားခံအားပြန်ပေးများကိုငွေပေးရန်ကိုယ်စားလှယ် အဖြစ် စေလွှတ်ရာတွင် ကိုယ်စားလှယ်ဖြစ်သူ အယူခံတရားခံသည် ကိုယ်စားလှယ်အဖြစ် ရွက်ဆောင်ရသည့် လုပ်ငန်းမှ တိုက်ရိုက်ဖြစ်ပေါ်လာသည့် နစ်နာချက်များအတွက်သာ ငင်းအား ခိုင်းစေသူထံမှ လျော်ကြေးရထိုက်ကြောင်း ထင်ရှားနေပေသည်။ ရဲအရာရှိများက အယူခံတရားခံအား ပြန်ပေးများကို ပေးရန် အယူခံတရားလိုများက အပ်ခဲ့သည့်ငွေ ၆,၀၀,၀၀၀ ကျပ် အနက်မှ ငွေ ၇၀,၀၀၀ ကျပ်ကို ငင်းက ရယူထိမ်ချန်ခြင်း ပြုလုပ်သည်ဆိုခြင်းမှာ မည်သို့မျှ ပဋိညာဉ် အက် ဥပဒေ ပုဒ်မ ၂၂၂ ပါ ပြ ဆို ချက် နှင့် အ ကျုံး ဝင် သည် ဟု မ ဆို နိုင် ပေ။ ထို့ အ တွက် အောက်ရုံး မှ အယူခံ တရားခ ံအား အယူခံတရားလို

---

* ၁၉၆၄ ခုနှစ်၊ တရားမ ပဌမ အယူခံမှု အမှတ် ၁၀၇။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၀၃ တွင် ရန်ကုန်မြို့တော်တွဲဘက် တရားမ တရားသူကြီးချုပ် ရုံးတော်၏ချမှတ်သော ၁၉၆၄ ခုနှစ်၊ ဖွန်လ ၂၉ရက် နေ့စွဲပါ ဒီကရီကို အယူခံမှု။

ဖြစ်သူ အယူခံတရားခံသည် မိမိ၏စွဲလှာတွင် ပြန်ပေးမှားသို့ မိမိငွေသွားပေးရခြင်းမှာ အယူခံတရားလိုများ၏ ကိုယ်စားလှယ်အဖြစ် သွားရောက်ပေးခဲ့ရခြင်း ဖြစ်ကြောင်း၊ မည်သို့မျှဖော်ပြထားခြင်း မရှိသည့် အပြင်၊ ၄င်းအချက်နှင့် ပတ်သက်၍လည်း ကောက်ချက် ထုတ်ပေးခြင်း မရှိလင့်ကစား၊ ရုံးတော်မှ အမှုတွင်ပေါ်လွင်သည့် သက်သေခံချက်များအရ၊ ထိုပြဿနာကို ဆုံးဖြတ်ခဲ့ရခြင်းမှာ တရားမျှတမှုကင်းမဲ့၍ ဥပဒေအရ မှားယွင်းနေပါသည်ဟု အဓိက ပြဆိုလေသည်။

အမှုတွင်ပေါ်လွင်သည့် သက်သေခံချက်များကို လေ့လာမှု၊ အယူခံတရားလိုများသည် အယူခံ တရားခံအား ရဲအရာရှိများ ဖမ်းဆီးသည့် ၁၉၅၉ ခု၊ ဇန်နဝါရီလ ဂ ရက်နေ့တွင် အလုပ်မှ ရပ်စဲလိုက်ကြောင်း ထွက်ဆိုသော်လည်း၊ မည်သည့်အကြောင်းခြင်းရာကြောင့်၊ ထိုသို့ရုတ်တရက် အလုပ်မှ ထုတ်ပယ် လိုက်ခြင်း ဖြစ်သည်ကို၊ လုံလောက်အောင် ပြဆိုနိုင်ခြင်းမရှိပေ။ ထို့ပြင် အယူခံတရားခံအား အလုပ်မှ ထုတ်ပယ်ခြင်း မပြုမီ ကြိုတင်၍ နှုတ်စာပေးခဲ့ကြောင်းလည်း မတွေ့ရှိရချေ။ ထို့ကြောင့် (အောက်ရုံးမှ)အယူခံ တရားလိုများသည်၊ အယူခံတရားခံအား အလုပ်မှ ထုတ်ပယ်လိုက်ခြင်းမှာ မတရားထုတ်ပယ်လိုက်ခြင်း ဖြစ်ပေသည်ဟု ယူဆ ဆုံးဖြတ်ခဲ့ခြင်းမှာ မှန်ကန်သည်ဟု လက်ခံရပေမည်။ ၄င်းအချက်နှင့် ပတ်သက်၍ အယူခံတရားလိုများ၏ ပညာရှိရှေ့နေကြီး မစ္စတာစူး(ရ်)မားက အယူခံတရားခံအား အယူခံတရားလိုများကအလုပ်မှ မတရား ထုတ်ပယ်လိုက်သည်ဟုဆိုစေကာမူ၊ အယူခံတရားခံသည် လျော်ကြေးအဖြစ် လစာအပြည့်တစ်လအတွက် ရထိုက် ကြောင်းကို ***T.V. Sundaresan v.Provincial Government, C.P.N Berar and another*** (၁)စီရင်ထုံးပါပြဆိုချက်ကို ကိုးကားလေသည်။ သို့ရာတွင်ထိုအမှုဌ အလုပ်ရှင်က အလုပ်သမားအား အလုပ်မှ မရပ်ဆဲမီ နှုတ်စာ တင်ကြို ပေးခဲ့ကြောင်း တွေ့ရှိရသဖြင့်၊ ယခုအမှုအကြောင်းအရာများနှင့် တူညီခြင်းမရှိပေ။ ထို့ကြောင့်ပင် အယူခံတရားလိုများ၏ ပညာရှိ ရှေ့နေကြီးက မူလရုံးမှ အယူခံတရားခံအား မတရား ထုတ်ပယ်လိုက်သဖြင့် အယူခံတရားခံသည် လစာပြည့် ၃ လစာကို လျော်ကြေး အဖြစ် ရထိုက်ကြောင်း ဆုံးဖြတ်ခဲ့သည်ကို မိမိက လေးနက်စွာ ကန့်ကွက်ရန်မရှိပါဟု ပြဆိုလေသည်။

သို့ရာတွင် ယခုအမှုမှာ မူလရုံးမှ အယူခံ တရားခံသည်အယူခံ တရားလိုများ ၏ကိုယ်စားလှယ်အဖြစ် ဆောင် ရွက်ခဲ့ရခြင်း ဖြစ်သည်ဟု ယူဆပြီး၊ ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၁၈၈ အထိ အကျုံးဝင်သည့်အစိုင်းပုဒ်မ ၂၂၂အရ အယူခံ တရားလိုများ သည် ကိုယ်စားလှယ် ဖြစ်သူ အယူခံတရားခံအား ထိုပုဒ်မ တွင် ရည်ညွှန်း ထား သည့် အ တိုင်း ရွက် ဆောင် ခဲ့သည့် အ လုပ် ကြောင့် ဖြစ် ပေါ် နစ်နာ ရသည့် လျော် ကြေး ငွေ များ ကို

(၁)A.I.R. (33), 1946, Nagpur 273.

ပေးသင့်သည်ဟု ယူဆဆုံးဖြတ်ခဲ့ခြင်းကို လက်ခံနိုင်ရန် မရှိကြောင်း ပြဆိုထား၍၊ အယူခံတရားလိုများ၏ ပညာရှိဌေးနေကြီးက ရှေးဦးစွာ အယူခံတရားခံ၏ စွဲလှဘကို တရားမကျင့်ထုံး အမိန့် ၆၊ နည်းဥပဒေ ၂ လိုအပ်ချက်များအရ ဖေါ်ပြခြင်းမရှိခြင်းကြောင့် ရုံးတော်မှ တရားလိုအတွက် စွဲဆိုသည်နှင့် ခြားနားပြီး၊ အမှုကို စဉ်းစားဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း ပေါ်လွင်နေကြောင်းကို ပြဆိုလေသည်။ ၎င်းအချက်နှင့် ပတ်သက်၍ အောက်ရုံးမှ တရားလိုဖြစ်သူ အယူခံတရားခံ၏စွဲလှဘကို ကိုယ်စားလှယ် ဖြစ်သည့် အကြောင်း အတိအလင်း ပြဆိုထားခြင်း မရှိကြောင်းကို ရည်ညွှန်းခဲ့သော်လည်း အမှုတွင် ပေါ်လွင်သည့် သက်သေခံချက်များအရ၊ အယူခံတရားခံ ဆောင်ရွက်ပေးခဲ့ခြင်းမှာ၊ အယူခံ တရားလိုများ၏ကိုယ်စားလှယ်အဖြစ်သာရွက်ဆောင်ခဲ့ကြောင်းထင်ရှားသည့်အပြင်၊ မိမိ၏ခိုင်းစေသူတဦးကိုပင် ကိုယ်စားလှယ်ပင် ခန့်အပ်နိုင်ကြောင်း ထုံးတမ်း သာဓကများ ရှိသဖြင့် ၎င်းအချက်မှာ ဥပဒေအချက် ဖြစ်ရကား၊ စဉ်းစားဆုံးဖြတ်ခွင့်ရှိသည်ဟု ပြဆိုခဲ့ပေသည်။

အမှုတွဲကိုလေ့လာမှု၊ အယူခံတရားခံသည် ယခုအမှုတွင် ဆောင်ရွက်ရသည့် ကိစ္စနှင့် ပတ်သက်၍၊ အယူခံတရားလိုများ၏ ကိုယ်စားလှယ် ဖြစ်ကြောင်းကို တိကျစွာ ရှည်ညွှန်းထားခြင်း မရှိသည့်အပြင်၊ အမှုတွင် ၎င်းအချက်နှင့် ပတ်သက်၍ ကောက်ချက်ထုတ်ထားခြင်း မရှိကြောင်းမှာ ထင်ရှားပေသည်။ မည်သို့ပင် ဖြစ်စေ၊ ဆက်လက်စဉ်းစားရန်မှာ အယူခံတရားခံသည် ယခုအမှုဌ ဆောင်ရွက်ခဲ့ခြင်းမှာ အယူခံတရားလိုများ၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်ဟု ယူဆလင့်ကစား၊ အယူခံတရားခံသည် မည်သည့် လျော်ကြေး ငွေမျိုးများနှင့် သက်သာခွင့်များကို ရရှိထိုက်သည် ဆိုသည်ကို စဉ်းစားရမည် ဖြစ်ပေသည်။ ထိုအချက်နှင့် ပတ်သက်၍၊ ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၂၂၂ တွင် အောက်ပါအတိုင်း ပြဆိုထားပေသည်။

> "222. The employer of an agent is bound to indemnify him against the consequences of all lawful acts done by such agent in exercise of the authority conferred upon him."

ဤပုဒ်မ အရဆိုလျှင်၊ ကိုယ်စားလှယ်အား ခန့်ထားသူသည် ၎င်းကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရသည့် လုပ်ငန်းများမှ တရားဝင်သည့် လုပ်ကိုင်ဆောင်ရွက်ချက်များအတွက်၊ ဖြစ်ပေါ်လာသည့် နစ်နာကြေးများကို ပေးရမည် ဖြစ်သည်ဟု ပြဆိုထားပေသည်။ ထို့အတွက် ယခုအမှုတွင် အယူခံတရားခံသည် ရဲအရာရှိများ ဘမ်းဆီးပြီး အမှုစွဲဆိုခြင်းခံရသည်မှာ၊ ထိုသို့ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရာမှ မိမိတရားဝင် ပြုလုပ်ခဲ့သည့် အကြောင်းများကြောင့်၊ နစ်နာခြင်း ခံရသည် ဖြစ်မဖြစ်ဆိုသည်ကို စီစစ်ရပေမည်။ ထို့အချက်နှင့် ပတ်သက်၍ သက်သေခံချက်များကို လေ့လာသောအခါ၊

၁၉၆၆

မူဆာအက် (စ်) မဒါး ပါ ၂ နှင့် ဦးထွန်းမြတ်။

အယူခံဘရားခံက ပြန်ပေးမျှားသို့ ငွေကို သွားရောက်ပေးပြီး ပြန်ပေးဆဲခံရသူ လွတ်မြောက်လာသည့် ၁၉၅၇ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့မှ ၎င်းဘမ်းဆီးခံရသည့် ၁၉၅၉ ခုနှစ်၊ ဇန္နဝါရီလ ၈ ရက်နေ့တိုင် ၂ နှစ်နီးပါးခန့် အယူခံတရားလိုမျှားထံတွင် ကောင်းမွန်စွာ အလုပ် ဆက်လက် လုပ်ကိုင်နေကြောင်းမှာ ထင်ရှားပေသည်။ တဖန် အယူခံတရားခံ ဘမ်းဆီး တရားစွဲဆိုခြင်း ခံရသည်မှာလည်း၊ အယူခံတရားလိုမျှား၏ တိုင်တန်းချက် ကြောင့်မဟုတ်၊ ဗိုလ်ချုပ်ကြီး အစိုးရ တက်လာသောအခါ ရဲအရာရှိမျှားက ပြန်ပေး ဆဲသည့်ကိစ္စနှင့်ပတ်သက်၍ ထပ်မံစုံစမ်းထုတွင် အယူခံတရားခံသည် ပြန်ပေးမျှားသို့ ပေးသည့်ငွေ အနက်မှ ငွေ ၇၀,၀၀၀ ကျပ်ကို ရယူထားကြောင်း အထောက်အထား ရှိသည်ဆိုပြီး ရဲအရာရှိမျှားက တရားစွဲဆိုခဲ့ခြင်းသာဖြစ်သည်။ သို့ဖြစ်ရကား၊ အယူခံ တရားခံမှာ ပြန်ပေးကိစ္စနှင့် ပတ်သက်၍ ၎င်းဆောင်ရွက်ခဲ့သဖြင့်သာ ဘမ်းဆီး ချုပ်နှောင်ခြင်း ခံရသည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်စရာ ရှိသော်လည်း၊ အထက်က ပြဆိုခဲ့သည့် ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၂၂၂ ပါ ပြဆိုချက်မျှားနှင့်မူ ကိုက်ညီခြင်း ရှိသည်ဟု မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ရဲအရာရှိမျှား စွပ်စွဲသကဲ့သို့ အယူခံ တရားခံသည် ပြန်ပေးမျှားကို ပေးရန် ငွေမျှားအနက်မှ ငွေ ၇၀,၀၀၀ ကျပ်ကို ရယူ ထိန်ချန်ထားခဲ့သည်ဆိုမူ၊ ထိုပြုမူချက်မှာ အယူခံတရားလိုမျှားက ၎င်းအား ပြန်ပေး မျှားကို **ငွေပေးရန်** ကိုယ်စားလှယ်အဖြစ် စေလွှတ်ခဲ့ရာတွင် တရားသဖြင့် ရွက်ဆောင် ရခြင်းကြောင့်၊ **ဖြစ်ပေါ် ရသည့်** နစ်နာချက် ဖြစ်သည်ဟု ယူဆရန်မဖြစ်သောကြောင့် ဖြစ်ပေသည်။ ထို့ပြင်၊ အောက်ခုံးက ကိုယ်စားလှယ်မျှားသည်၊ မည်ရွေမည်မျှ လျော်ကြေးငွေအဖြစ် ရရှိနိုင်ကြောင်း ရည်ညွှန်းသည့် ပဋိညာဉ် အက်ဥပဒေမှပြဆိုချက်မှာ—

> '. . . **But it is not every loss or damage for which the agent will be entitled to re-imbursement from his principal. The latter is liable only for such losses and damages as are** direct and immediate, and naturally flow from **the execution** of the agency."

ဟု ပြဆိုထားသဖြင့် ကိုယ်စားလှယ် ဖြစ်သူ အယူခံတရားခံသည်၊ ကိုယ်စားလှယ်အဖြစ် ရွက်ဆောင်ရသည့် လုပ်ငန်းမှ တိုက်ရိုက်ဖြစ်ပေါ်လာသည့် နစ်နာချက်မျှားအတွက်သာ ၎င်းအား ခိုင်းစေသူထံမှ လျော်ကြေးရထိုက်ကြောင်း ထင်ရှားနေပေသည်။ ယခုအမှုတွင် ရဲအရာရှိမျှားက အယူခံတရားခံအား ပြန်ပေးမျှားကိုပေးရန် အယူခံ တရားလိုမျှားက အပ်ခဲ့သည့်ငွေ ၆,၀၀,၀၀၀ ကျပ်အနက်မှ ငွေ ၇၀,၀၀၀ ကျပ်ကို ၎င်းက ရယူထိန်ချန်ခြင်း ပြုလုပ်သည်ဆိုခြင်းမှာ၊ မည်သို့မျှ ပဋိညာဉ် **အက်ဥပဒေ** ပုဒ်မ ၂၂၂ ပါ ပြဆိုချက်နှင့် အကျုံးဝင်သည်ဟု မဆိုနိုင်ပေ။ ထို့အတွက် **ယခုအမှုတွင်** အောက်ခုံးမှ အယူခံတရားခံအား ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၂၂၂ အရ၊ အယူခံ

F-

တရားလိုများထံမှ ၎င်းအချုပ်ခံရသည့် ၁၁ လနှင့် ၁၈ ရက်အတွက် ကျသင့်သော လစာငွေ ၉၂၈၀ ကျပ်ကိုငင်း အမှုအတွက် ဝတ်လုံတော်ရ ငှါးရမ်းရသဖြင့် အခပေးရသည့်ငွေ ၁၇၀၀ ကျပ်ကိုငင်း ရသင့်သည်ဟု ယူဆဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေအရမှန်ကန်၍ လက်ခံနိုင်စရာရှိသည်ဟု မဆိုနိုင်သောကြောင့် ပယ်ဖျက်ရပေမည်။ ထိုမှအပ အယူခံတရားခံသည် အလုပ်မှ မတရားထုတ်ပယ်လိုက်သဖြင့် နစ်နာကြေး အဖြစ် လစာပြည့် ၃ လအတွက် ငွေ ၂၄၀၀ ကျပ်ကိုငင်း၊ ၁၉၅၉ ခုနှစ်၊ ဇန္နဝါရီလအတွက်ဖမ်းဆီးသည့် နေ့တိုင် အလုပ်လုပ်ခဲ့သဖြင့် ရသင့်သည့်ငွေ ၁၈၀ ကျပ် ၆၅ ပြားကိုငင်းအယူခံ တရားလိုများထံမှ ရသင့်ကြောင်းမှာ ထင်ရှားပေသည်။

ဖော် ပြပါ အကြောင်းများကြောင့် အောက်ရုံးမှ ဒီကရီနှင့်စီရင်ချက်တွင် တရားခံဖြစ်သူ အယူခံ တရားလိုများသည် ယခုအမှုတွင် ငွေ ၂,၅၈၀ ကျပ် ၆၅ ပြားကိုသာ၊ ၎င်းအပေါ် ကျသင့်သော အချိုးကျစရိတ်နှင့် တရားလိုဖြစ်သူ အယူခံတရားခံသို့ ပေးစေရမည်ဟု ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အသေးအဖွဲ့အယူခံမှု

တရားသူကြီး ဦးချစ် ရှေ့တွင်

† ၁၉၆၆

ဇွန်လ ၁၁ ရက်။

မောင်ခေတ်ထွန်း (အယူခံတရားလို)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားလို) *

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၂၆ အရ ရုံးပြောင်းပေးရန် လျှောက်ထားခြင်း—အမှုအမှန်ရရှိရေးနှင့် ပတ်သက်၍ သက်သေများကို အချိန်အခါမရွေး ဝင်ရောက်မေးမြန်းနိုင် မနိုင်—"ရုံးမေး" ဟုဖေါ်ပြရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ။တရားသူကြီးသည် အမှုအမှန်ရရှိရေးနှင့် ပတ်သက်၍ ရုံးတွင် အမှုစစ်ဆေးနေသောအခါ သက်သေများကို အချိန်အခါမရွေး ဝင်ရောက်မေးမြန်းနိုင်သည်။ ထိုသို့မေးမြန်းသည့်ရည်ရွယ်ချက်မှာ အမှုမှန်ဖေါ်ထုတ်ရေး သာလျှင် သက်သက် ဖြစ်ရပေမည်။ တရားခံကိုလွှတ်စေလိုသောသဘော၊ သို့မဟုတ် တရားခံကို ထောင်ကျစေလိုသောသဘောမျိုးဖြင့် မပြုလုပ်အပ်ပေ။ အဓိုးရ ရွှေနေကြီးဘက်က သက်သေများအား အခိုက မေးခွန်းမေးမြန်းနေစဉ် ဖြစ်စေ၊ တရားခံ၏ ရွှေနေကြီးက ပြန်လှန်မေးခွန်း မေးနေသည့် အချိန်တွင်ဖြစ်စေ တရားသူကြီးသည် အမှုနှင့်ပတ်သက်၍ ဝင်ရောက်မေးမြန်းနိုင်ပေသည်။ သို့ရာတွင် ထိုသို့မေးရာ၌ တရားသူကြီးသတိပြုရန်မှာ မိမိမေးသော မေးခွန်းသည် ရွှေနေ၏မေးခွန်းမျိုး မဖြစ်စေဘဲ ရုံးမေးခွန်းမျိုး ဖြစ်စေရန်လိုအပ်သည်။ ထိုကြောင့် "ရုံးမေး" ဟူ၍ဖေါ်ပြရန်လိုအပ်သည်။ သို့မှသာလျှင် အယူခံရုံးက မည်သည့်မေးခွန်းကိုမည်သူက မေးထား၍ သက်သေကဖြေဆိုထားသည်ကို သိနိုင်ပေမည်။ သက်သေထွက်ရာ၌ မရှင်းလင်းသော အချက်အလက်များရှိလျှင် ရုံးက မေးနိုင်ပေသည်။ ယင်းသို့ မေးရာ၌ ရုံးမေးဟုခေါင်းစဉ်တပ်ရန် မမေ့ဘို့လိုအပ်သည်။

ကိုခင်မောင် နှင့် မအုံးပါ ၃ နိုင်ငံတော် တရားရုံးချုပ် ၁၉၅၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၇၅(ခ)ကိုရည်ညွှန်းသည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အသေးအဖွဲ့ အယူခံမှုအမှတ် ၃၄။

† ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄၂၆ တွင်ချမှတ်သော ရန်ကုန်မြို့၊ အဋ္ဌမရာဘက် ရာဇဝတ်တရားသူကြီး၏ အမှုကိုရုံးပြောင်း စစ်ဆေးမိန့် ချမှတ်ပေးပါရန် လျှောက်ထားသော လျှောက်လွှာ။

အယူခံတရားလိုအတွက်။ ။မစ္စတာ တီ၊ ပီ၊ ဝမ်း။

အယူခံတရားခံအတွက်။ ။အစိုးရရွှေနေကြီး ဒေါ်မြသန်းနု။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားသူ (တရားခံ) မောင်ခေတ်ထွန်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၃၆ အရ၊ ရန်ကုန်မြို့၊ အဋ္ဌမ ရာဘက် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄၂၆ တွင် တရားစွဲဆိုတင်ပို့ထားသည်။ ထိုအမှုတွင် အောက်ရုံးက တရားလိုပြ သက်သေ သုံးဦးစစ်ဆေးပြီးဖြစ်သည်။ တရားလိုပြသက်သေများကို စစ်ဆေးနေစဉ် တရားသူကြီးက တရားခံနှစ်နာစေသော မေးခွန်းများကို ကြားဖြတ်၍မေးသည် ဟုစွပ်စွဲချက်ရှိသည်။ အထူးသဖြင့်တရားခံ၏ ရွှေနေကြီးက၊ သက်သေများကို ပြန်လှန်မေးခွန်း စစ်ဆေးနေစဉ်တွင် ရုံးကတရားခံ၏ သက်သာရာသက်သာကြောင်း အချက်အလက်များကို ပေါ်လာလျှင် ကြားဖြတ်၍ တရားခံနစ်နာစေမည့် အချက်အလက်များကို မေးသည်ဟု စွပ်စွဲချက်ရှိသည်။ ဤကဲ့သို့ တရားသူကြီးက ရုံးအနေနှင့် မေးခြင်းမဟုတ်ဘဲ တရားခံ၏ရွှေနေကြီး ပြန်လှန်မေးခွန်း ထုတ်သည့် အပိုင်းတွင် ဝင်ရောက်၍ မေးခြင်းကြောင့် တရားခံ၏ ရွှေနေကြီး အမေးမျိုးဖြစ်သာသည်ဟု စွပ်စွဲချက်ရှိသည်။ တရားသူကြီး၏ ဤကဲ့သို့သော အပြုအမူကြောင့် တရားခံ၏စိတ်ထဲတွင်ဂုင်း အမှုကို ထိုရုံးခွဲ စစ်ဆေးပါက တရားမျှတမှုနှင့် မှန်ကန်မှုကို ရလိမ့်မည်မဟုတ်ဟု စိုးရိမ်ကြောင်းကျမှု ဖြစ်လာသဖြင့် ဤရုံးသို့ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၂၆ အရ၊ ရုံးပြောင်းပေးပါရန် လျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားသူ ၏ ပညာရှိ ရွှေနေကြီး မစ္စတာ တီ၊ ပီ၊ ဝမ်း နှင့် အစိုးရဘက်မှ လိုက်ပါဆောင်ရွက်သော ပညာရှိရွှေနေကြီး ဒေါ်မြသန်းနုတို့ကို ကြားနာသည်။ အစိုးရရွှေနေကြီးက ဤအမှုကို ရုံးပြောင်းပေးက သင့်လျော်ပါမည်။ တရားသူကြီး၏ ပြုမူချက်ကြောင့် တရားခံသည် စိုးရိမ်မကင်းဖြစ်မည်ဆိုပါက ဖြစ်နိုင်ပါမည်။ ယင်းသို့ စိုးရိမ်မကင်းဖြစ်မှုမျိုးမှာလည်း လျော်ကန်သင့်မြတ်သော စိုးရိမ်မကင်းဖြစ်သည်ဟု ရုံးကယူဆသင့်ပါသည်။ ထို့ပြင် ရန်ကုန်မြို့၊ ခရိုင်ရာဇဝတ်တရားသူကြီးကလည်း၊ ဤအမှုကို အခြားရုံးသို့ ပြောင်းပေးရေးနှင့် ပတ်သက်၍၊ ကန့်ကွက်ရန် မရှိပါကြောင်းဟု ရွှေနေချုပ်ရုံးသို့ အမှာစာမူရင်း ပေးထားပါသည်ဟု တင်ပြသည်။ ထိုအမှာစာမူရင်းကို ရုံးသို့တင်ပေးသဖြင့် ရုံးကလက်ခံပြီး အမှုတွဲတွင် တွဲထားသည်။

ဤကဲ့သို့ရုံးပြောင်းလျှောက်လွှာကိစ္စနှင့် ပတ်သက်၍ ကိုခင်မောင် နှင့် မအုံး ပါဠု အမှုတွင် (၁) ကျွန်ုပ်စီရင်ချက်ချမှတ်ခဲ့ပြီးဖြစ်သည်။ ထိုအမှုတွင် ကျွန်ုပ်၏တွေ့ရှိချက်နှင့် ဆုံးဖြတ်ချက်ကို ပြည့်ပြည့်စုံစုံ ဖော်ပြထားပြီးဖြစ်သည်။ (၎င်းအမှုကိုကြည့်ပါ)။

(၁) နိုင်ငံတော် တရားရုံးချုပ် ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၇၅ (ခ)။

ဆိုရှယ်လစ်တရားစီရင်ရေးတွင် အမှုမှန်ဖော်ထုတ်ရေးမှာ၊ အမှုသည်များနှင့် အမှုသည်များ၏ရှေ့နေကြီးများတို့၏ တာဝန်သာမဟုတ်၊ တရားသူကြီးတို့၏ တာဝန်လည်းဖြစ်ကြောင်း၊ ဤရုံးက မကြာခဏထုတ်ဖော်ပြောဆိုခဲ့သည်။ တရားသူကြီးသည် အမှုအမှန်ရရှိရေးနှင့် ပတ်သက်၍ ရုံးတွင် အမှုစစ်ဆေးနေသောအခါ၊ သက်သေများကို အချိန်အခါ မရွေး ဝင်ရောက်မေးမြန်းနိုင်သည်။ ထိုသို့မေးမြန်းသည့် ရည်ရွယ်ချက်မှာ အမှုမှန်ထုတ်ဖော်ရေးသာလျှင် သက်သက်ဖြစ် ရပေမည်။ တရားခံကို လွတ်စေလိုသော သဘော၊ သို့မဟုတ်တရားခံကိုထောင်ကျစေလိုသောသဘောမျိုးဖြင့် မပြုလုပ်အပ်ပေ။ အစိုးရရှေ့နေကြီး ဘက်က သက်သေများအားအဓိကမေးခွန်းမေးမြန်း နေစဉ်ဖြစ်စေ၊ တရားခံ၏ ရှေ့နေကြီးက ပြန်လှန်မေးခွန်း မေးနေသည့်အချိန်တွင်ဖြစ်စေ တရားသူကြီးသည် အမှုနှင့်ပတ်သက်၍ ဝင်ရောက်မေးမြန်းနိုင်ပေသည်။ သို့ရာတွင် ထိုသို့မေးရာ၌ တရားသူကြီး သတိပြုရန်မှာ၊ မိမိမေးသောမေးခွန်းသည် ရှေ့နေ၏ မေးခွန်းမျိုးမဖြစ်စေဘဲ၊ ရုံးမေးခွန်းမျိုးဖြစ်စေရန် လိုအပ်သည်။ ထိုကြောင့် "ရုံးမေး" ဟူ၍ ဖေါ်ပြရန် လိုအပ်ပေသည်။ သို့မှသာလျှင် အယူခံရုံးက မည်သည့်မေးခွန်းကို မည်သူက မေးထား၍ သက်သေက ဖြေဆိုထားသည်ကို သိနိုင်ပေမည်။ သက်သေထွက်ရာ၌၊ မရှင်း လင်းသော အချက်အလက်များရှိလျှင် ရုံးကမေးနိုင်ပေသည်။ ယင်းသို့မေးရာတွင် ရုံးမေးဟုခေါင်းစဉ်တပ်ရန် မမေ့ဖို့ လိုအပ်သည်။

ဤအမှုတွင် တရားခံ၏ ရှေ့နေကြီးက ပြန်လှန်မေးခွန်းမေးသောအခါ၊ တရားသူကြီးက ဝင်ရောက်၍ မေးရာ၌၊ တရားခံရှေ့နေက ထိုမေးခွန်းကို ရုံးမေးဟူ၍ မှတ်သားပါဟု ပြောဆိုသော်လည်း၊ တရားသူကြီးက မှတ်သားခြင်း မပြုလုပ်ခဲ့ဟု စွပ်စွဲချက်ရှိသည်။ ထိုကဲ့သို့ မေးရာ၌ တရားခံအပေါ် နစ်နာစေလိုသော သဘောဖြင့် မေးသည်ဟုလည်း စွပ်စွဲချက်ရှိသဖြင့်၊ တရားခံ၏စိတ်၌ ဤရုံးတွင် ၄င်း၏အမှုစစ်ဆေးပါက၊ တရားမျှတမှုနှင့် မှုကန်မှု ရလိမ့်မည်မဟုတ်ဟု စိုးရိမ်မကင်းမျိုးဖြစ်လာသည်မှာ၊ စိတ်ကူးယဉ်စိုးရိမ်မကင်းမျိုး မဟုတ်၊လျော်ကန် သင့်မြတ်သော စိုးရိမ်မကင်းမှုမျိုး ဖြစ်သည်ဟု ကျွန်ုပ်ယူဆသည်။

ထို့ကြောင့် ဤအမှုကို ထိုရုံးမှရုပ်သိမ်းစေ၍၊ အမှုသည်များနှင့် သက်သေများသွားလာလွယ်ကူမည့် နေရာ ဖြစ်သော၊ စီရင်ပိုင်ခွင့်အာဏာရှိသည့် ခရိုင်ရာဇဝတ်တရားသူကြီးက သင့်တော်သည်ဟု ထင်သော အခြားရုံးတစ်ရုံးသို့ ပြောင်းရွှေ့ပြီး၊ အစမှစစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

မောင်စန်းမောင် (အယူခံတရားလို)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီးပုဒ်မ ၃၀၄(က)အရ မူပြစ်ထင်ရှားစီရင်ခြင်း—အမဲလက်ရင်း အမဲကောင်ကိုသေနတ်နှင့် တချက်ပစ်ခြင်း—ဥပဒေနှင့် မကိုက်ညီသော ပြုလုပ်မှုဟုဆိုနိုင် မဆိုနိုင်—သေစေရန်၊ သို့မဟုတ် နာကျင်စေရန် ရာဇဝတ်မကင်းသည့် အကြံ၊ အသိဉာဏ်ဖြင့် ပြုလုပ်ခြင်းရှိမရှိ—ရာဇသတ်ပုဒ်မ ၈၀ အရပြစ်မှုမမြောက်ခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည် တောထဲ၌ အမဲလိုက်ရင်း အမဲကောင်ကို သေနတ်နှင့် တချက်ပစ်ခဲ့၏။ ယင်းသို့အမဲကောင်ကို ဖစ်ခဲ့သော အယူခံတရားလို၏ ပြုမူချက်မှာ ဥပဒေနှင့်မညီသော ပြုလုပ်မှုဟုမဆိုနိုင်ပေ။ ဥပဒေနှင့်မဆန့်ကျင်သည့် အပြုအမူကို ပြုလုပ်ရာ၌ အယူခံတရားလိုသည် မောင်ကျောက်ကိုဖြစ်စေ၊ အခြားလုပ်သား ပြည်သူတဦးကိုဖြစ်စေ သေစေရန်၊သို့မဟုတ် နာကျင်စေရန် ရာဇဝတ်မကင်းသည့်အကြံ၊ အသိဉာဏ်ဖြင့် ပြုလုပ်ခဲ့ခြင်း မရှိသည့်အလျောက် ၎င်း၏ ပြုမူချက်သည် ရာဇသတ်ပုဒ်မ ၈၀ အရပြစ်မှုမမြောက်။

နိုင်ငံတော်နှင့် မောင်ပန်းကြီး (၁၈၂ - ၉၄) အက်(စ်)၊ ၈၅၊ အောက်မြန်မာပြည် ၃၀၈။
ဘာဆန်ဆင်း နှင့် နိုင်ငံတော်၊ အေ၊အိုင်၊အာ(ရ်)၊၁၉၂၇ လာဟိုး ၈၀၀၊ တို့ကိုခြားနားပြသည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံ အတွက်။ ။အစိုးရရှေ့နေကြီး ဦးသိန်းဟန်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံ တရားလို မောင်စန်းမောင် အပေါ် ရာဇသတ် ပုဒ်မ ၃၀၄ (က) (၁) အရ၊ အလုပ်နှင့်ထောင်ဒဏ် ၂ နှစ်ကျခံစေရန်

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ်-၈၁။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၆ တွင်ချမှတ်သော ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့စွဲပါ၊ သရက်မြို့၊ ပဌမ အထူးတရားသူကြီး၏ အမိန့်ကိုအယူခံမှု။

† ၁၉၆၆ ဇွန်လ ၁၆ ရက်။

၁၉၆၆

မောင်စန်းမောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

အမိန့်ချမှတ်ခဲ့သော သရက်မြို့၊ ပဌမ အထူး (စက်ရှင်) တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့်၊ အယူခံဝင်ခြင်းဖြစ်သည်။

အမှုဖြစ်ပွါးပုံ အကြောင်းခြင်းရာ အတိုချုပ်မှာ၊ အောက်ပါအတိုင်း ဖြစ်၏။ ၁၉၆၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် သရက်ခရိုင်၊ ကျောက်ပန်းတောင်း ရဲစခန်းမှူး ဦးခင် (လိုပြ-၁၈) သည် ဒုရဲတပ်ကြပ် မောင်သာအေးနှင့် ရဲတပ်သားများ ဖြစ်ကြသော မောင်မောင် (လိုပြ-၁၄)၊ မောင်လှရွှေ (လိုပြ-၁၅)၊ အုံးမောင်တို့အား လူဆိုးဘမ်းရန် သစ်ဆိမ့်ပင်ရွာသို့ လွှတ်လိုက်၏။ ရဲတပ်သားများတွင် ရိုင်ဖယ်သေနတ် ကိုယ်စီ ပါသွားကြသည်။ ၎င်းတို့သည် နောက်တနေ့ ၁၉၆၅ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် သပြေပင်ရွာသို့ သွားကြသည်။ ညနေ ၃ နာရီအချိန်တွင် ဒုရဲတပ်ကြပ် သာအေးသည်၊ ရဲသား အုံးမောင်နှင့် လှရွှေ တို့၏ရိုင်ဖယ်များကိုယူကာ၊ သပြေပင်ရွာ ကာကွယ်ရေးအဖဲ့ဝင်ကျင်စိန်၊ မျက်ပြူးနှင့်အယူခံတရားလိုအပြင် ရွာသား ထွန်းရွှေလေးဟိုနှင့် အတူ၊ စံမြရွာအနောက်တောင်ဘက် တမိုင်ခန့်ဝေးသည့် တောထဲသို့ အမဲပစ်သွားကြသည်။ တောထဲတွင် သာအေးနှင့် ကျင်စိန်တို့ကတတဲ့၊ ထွန်းရွှေလေးနှင့်မျက်ပြူးတို့ကတတဲ့၊ အယူခံတရားလိုကတဦးတည်း သီးခြား၊ အမဲချောင်းကြရာ၊ အမဲကောင်မြင်သဖြင့် မျက်ပြူးကတချက်၊ အယူခံတရားလိုကတချက် ပစ်ကြသည်။ အယူခံတရားလိုသည် ရဲသားအုံးမောင်၏ သေနတ်ကိုကိုင်ပြီး၊ မျက်ပြူးကရဲသား လှရွှေ၏ သေနတ်ကို အသုံးပြုသည်။ နှစ်ချက်ပစ်သော်လည်း အမဲမရသဖြင့်၊ ရွှေသူငှေးရွာကို ဖြတ်၍ ပြန်လာကြရာ၊ ရွှေသူငှေးရွာသားများက လူဆိုးသူဆိုးများ ကြောက်အောင် သေနတ်တချက်ဖောက်ခဲ့ရန် တောင်းပန်သဖြင့်၊ အယူခံတရားလိုက သေနတ်တချက် ဖောက်ခဲ့ပြီး သပြေပင်ရွာသို့ ပြန်လာကြသည်။

ထိုကဲ့သို့ အယူခံတရားလိုတို့ အမဲပစ်ထွက်သည့်နေ့၊ မွန်းတည့် အချိန်လောက်တွင် စံမြရွာနေ မောင်ကျောက်နှင့် ဇနီး မကျင်မို့ဝင် (လိုပြ-၃) တို့သည် ရွာနှင့် တခေါ်ခန့် အဝေးတွင် ရှိသည့် ၎င်းတို့၏ ယာခင်းသို့ သွား၍ ပေါင်းသင်နေကြသည်။ ညနေ ၃ နာရီခန့် အချိန်တွင် မောင်ကျောက်သည် ပဒပ်တူးရန် ယာခင်း၏ အနောက်တောင်ဘက်ရှိ တောထဲသို့ တယောက်ထည်းထွက်သွားလေသည်။ ယင်းသို့ ထွက်သွားပြီးနောက် တနာရီခန့် ကြာသောအခါ ၎င်းထွက်သွားရာ တောထဲမှ သေနတ်သံနှစ်ချက်ကို မကျင်မို့ဝင်ကြားလိုက်ရ၏။ ထို့နောက် မောင်ကျောက်မှာ မိုးချုပ်သည့်တိုင်အောင် ပြန်လာသဖြင့် မကျင်မို့ဝင်သည် နွားများကို မောင်းလျက် ရွာသို့ တဦးတည်းပြန်လာပြီး၊ ကျေးရွာ လ-အ-က ကော်မီတီလူကြီး ကိုကျင် (လိုပြ-၂) အား အကျိုးအကြောင်းပြောပြသောကြောင့်၊ နောက်နေ့ နံနက်တွင် ရွာသားများ စုရုံး၍ လိုက်လံရှာဖွေသောအခါ၊ ရွာ၏ အနောက်တောင်ဘက်ရှိ တောထဲ၌ မောင်

ကျောက်အား ခါးမှဝင်၍ ဝမ်းဗိုက်မှ ထွက်သည့် ထုတ်ချင်းပေါက် သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရလေသည်။

ဒုဇဝါတပ်ကြပ် မောင်သာအေးတို့လူစု အမဲပစ်ကြသည့် တောထဲ၌ပင်၊ မောင်ကျောက် သေနတ်မှန်၍သေဆုံးခဲ့ရသည့် အတွက် အမဲပစ်ရာတွင် ပါဝင်ကြသည့် မောင်သာအေး၊ ကျင်စိန်၊ မျက်ပြူး၊ ထွန်းရွှေလေးနှင့် အယူခံတရားလိုတို့ ငါးဦး အပေါ် လူသတ်မှုဖြင့် ရုံးတင် တရားစွဲဆိုရာ၊ ပညာရှိ အောက်ရုံး တရားသူကြီးက အယူခံတရားလို ပစ်သည့် သေနတ် ကျည်ဆံကြောင့် မောင်ကျောက် သေဆုံးရသည်ဟု ကောက်ယူကာ အထက်တွင် ဖေါ်ပြခဲ့သည့် အတိုင်းအပြစ်ပေးခဲ့ခြင်းဖြစ်သည်။ ကျန် တရားခံများဖြစ်ကြသည့် သာအေး၊ ကျင်စိန်၊ မျက်ပြူးနှင့် ထွန်းရွှေလေးတို့ကိုမူ အပြစ်ပေးရန် သက်သေ အထောက်အထားမရှိသဖြင့် တရားရှင်လွှတ်ခဲ့၏။

ဤအမှုတွင်အခင်းဖြစ်နေ့က၊ တောထဲ၌အမဲလိုက်စဉ် အယူခံတရားလိုနှင့်မျက်ပြူး (လိုပြ-၂၄) တို့သည် သေနတ်တချက်စီ ပစ်ခဲ့ကြ၏။ ထို့နောက် သပြေပင်ရွာသို့အပြန် ရွှေသူဌေးရွာသို့ရောက်သောအခါ ရွာသားအချို့၏တောင်းပန်ချက်အရ၊ အယူခံတရားလိုကသေနတ်ဘချက် ဖေါက်ခဲ့သည်။ မောင်ကျောက်သေဆုံးသောနေရာမှာ စံမြရွာ၏ အနောက်တောင်ဘက် တမိုင်သာသာ အဝေးရှိ တောအတွင်းဖြစ်၍၊ ရွှေသူဌေးရွာမှ အယူခံတရားလိုပစ်ဖေါက်လိုက်သည့် သေနတ် ကျည်ဆံကြောင့် မဖြစ်နိုင်ပေ။ တောထဲ၌ အမဲလိုက်စဉ် ပစ်ခတ်ခဲ့သည့် သေနတ် ကျည်ဆံ တခုခုကြောင့် မောင်ကျောက် သေဆုံးရခြင်း ဖြစ်လေသည်။ ထိုကဲ့သို့ အမဲလိုက်စဉ်က အယူခံဘရားလိုက တချက်၊ မျက်ပြူးကတချက် ပစ်ခတ်ခဲ့ကြောင်း သက်သေအထောက်အထား ရှိနေသော်လည်း သေဆုံးသူ မောင်ကျောက်၌ သေနတ်ဒဏ်ရာ တချက်သာ ရရှိခဲ့သဖြင့်၊ မည်သူ၏ ကျည်ဆံကြောင့် မောင်ကျောက်သေဆုံးရသည် ဆိုခြင်းကို မည်သူကမျှ အတိအကျ မပြောနိုင်ပေ။ ရဲစခန်းမှူး ဦးခင်က မျက်ပြူးနှင့် အယူခံ တရားလိုတို့ သေနတ်ပစ်သည့် နေရာ အသီးသီးသို့ သွားရောက်ကြည့်ရှုရာ၊ မျက်ပြူးပစ်သည့် နေရာမှာ မောင်ကျောက် သေနတ်မှန်သည့် နေရာသို့ မရောက်နိုင်ဘဲ၊ အယူခံတရားလိုပစ်သည့် နေရာမှာသာရောက်နိုင်သည်ဟု ထင်မြင်ကြောင်း ထွက်ဆိုခဲ့သဖြင့်၊ ထိုထင်မြင်ချက်အပေါ် အောက်ရုံးပညာရှိ တရားသူကြီးက မှီငြမ်းလျက်၊ အယူခံတရားလိုအပေါ် အပြစ်ပေးခဲ့ခြင်းဖြစ်သည်။ ရဲစခန်းမှူး ဦးခင်သည် အယူခံတရားလိုပစ်သည့်နေရာမှ မောင်ကျောက် သေနတ်မှန်သည့်နေရာသို့ သေနတ်ကျည်ဆံရောက်နိုင်ကြောင်း ထင်မြင်ချက်ပေးရာတွင်၊ အကွာအဝေး၊ အနေအထား စသည့်အရေးကြီးသော အချက်အလက်များကို ဖေါ်ပြခဲ့ခြင်းမရှိသဖြင့်၊ ၎င်း၏ထင်မြင်ချက်သည် ကေန်မုဘျမှန်ကန်ရမည့်ထင်မြင်ချက် ဖြစ်သည်ဟု မဆိုနိုင်ချေ။ သို့ဖြစ်ရာမောင်ကျောက် သည် အယူခံ

တရားလိုပစ်လိုက်သည့် ကျည်ဆံထိမှန်ပြီး သေဆုံးရသည်ဆိုသော အချက်မှာ ထင်ရှားသည်ဟု မဆိုနိုင်ချေ။

အကယ်၍၊ အယူခံတရားလို ပစ်လိုက်သည့်သေနတ်ကျည်ဆံသည် မောင်ကျောက်အားထိမှန်ခဲ့သည်ဟုစေကာမူ၊ အယူခံတရားလိုသည် ရာဇသတ်ပုဒ်မ ၃၀၄ (က) အရ ပြစ်မှုမြောက်သည်ဟု မဆိုနိုင်ချေ။ လူသတ်မှုအရသော်လည်းကောင်း၊ လူသေမှုအရသော်လည်းကောင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းမခံထိုက်သေး အရမ်းပြုလုပ်မှု၊ သို့မဟုတ် ပေါ့လျော့သော ပြုလုပ်မှုကိုပြုရင်း လူကိုသေစေမှသာ ရာဇသတ်ပုဒ်မ ၃၀၄ (က) အရ အပြစ်ပေးနိုင်မည် ဖြစ်သည်။ ထိုပုဒ်မအရ ထင်ရှားအောင် ပြသရမည့် အဓိကအရေးကြီးသည့်အချက်မှာ၊ တရားခံ၏ပြုမူချက်သည် အရမ်းပြု လုပ်မှုဟုတ်မဟုတ်၊ ပေါ့လျော့သော ပြုလုပ်မှုဟုတ်မဟုတ် ပင်ဖြစ်သည်။အကယ်၍တရားခံ ပြုမူချက်မှာ အရမ်းပြုလုပ်မှုလည်းမဟုတ်၊ပေါ့လျော့သောပြုလုပ်မှု လည်းမဟုတ်လျှင်၊ရာဇသတ်ပုဒ်မ ၃၀၄(က)အရ အပြစ်မပေးနိုင်ချေ။

ဤအမှုတွင် အယူခံတရားလိုသည် အခြားတရားရှင်လွတ်ခြင်း ခံရသည့်လူလေးဦးနှင့်အတူ တောထဲတွင် အမဲပစ်ခဲ့ကြ၏။ ယင်းသို့အမဲပစ်သောနေရာမှာ စံမြရွာနှင့်တစ်မိုင်သာသာဝေးသည့် တောနက်ထဲတွင်ဖြစ်ရာ၊ ထိုကဲ့သို့ လူသူ မနီးသည့်တောထဲတွင် ပဒပ်တူးရန် မောင်ကျောက်ရောက်နေလိမ့်မည်ဟု အယူခံ တရားလိုသည် တင်ကြိုး၍ သိရှိနိုင်မည်မဟုတ်ပေ။ အမဲပစ်ကြပြီးနောက် အယူခံ တရားလိုနှင့် အဖော်များသည် မောင်ကျောက်သေနတ်ထိမှန် သွားသည်ကို လုံးဝမသိရှိတဲ့ ရွာသို့ပြန်ခဲ့ကြသည်ဆိုသောအချက်ကိုထောက်လျှင်၊ အယူခံတရားလိုသာမက ၄င်း၏အဖော် များလည်း ထိုတောထဲ၌ လူရှိနေလိမ့် မည်ဆိုချင်းကို လုံးဝမတွေးတော မမျှော်လင့်ကြောင်း ထင်ရှားသည်၊သို့ဖြစ်ရာ လူသူမရှိသည့်တောထဲတွင် သားကောင်ကို သေနတ်နှင့် ပစ်သောအယူခံတရားလို၏ ပြုမူချက်သည်အရမ်းပြုလုပ်မှုဟုမဆိုနိုင်။ ပေါ့လျော့သော ပြုလုပ်မှုဟုလည်း မယူဆနိုင်ချေ။

အကယ်၍ အယူခံတရားလိုသည် လူအသွားအလာရှိသည့် ရွာအနီးသို့မဟုတ် လမ်းအနီးတွင် အမဲပစ်ခဲ့ပါမူ သို့မဟုတ် လမ်းအနီးအနားဌ လူသူလေးပါးရှိရန် အကြောင်း ပေါ်ပေါက်နေမည် ဖြင့်၍၊ ၄င်း၏ပစ်ခတ်မှုသည် ပေါ့လျော့မှု သို့မဟုတ် အရမ်းပြုလုပ်မှု ဖြစ်သည်ဟု ယူဆကောင်းယူဆ နိုင်ပေမည်။သို့ရာတွင်အယူခံတရားလိုသည် လူသူ လေးပါး သွားလေ့လာလေ့မရှိသော တောထဲ၌ အမဲပစ်ခဲ့ခြင်းဖြစ်၍ ၄င်း၏ပြုမူမှုမှာ ပေါ့လျော့မှု သို့မဟုတ် အရမ်းပြုလုပ်မှု ဖြစ်သည်ဟု မယူဆနိုင်ချေ။

ပညာရှိအစိုးရရှေ့နေကြီးတင်ပြသောနိုင်ငံတော်နှင့်မောင်ပန်းကြီး(၁) တို့

---

(၁) (၁၈၇၂-၉၄)အက်(စ်)၊ဂျေ။ အောက်မြန်မာပြည် ၃၀၈။

အမှုမှာ ယခုအမှုနှင့်အကြောင်းခြင်းရာမတူပေ။ ထိုအမှုတွင် သေလူနှင့် တရားခံတို့ အမဲပစ်ထုတ်ကြရာ၊ တောထဲ၌ လူချင်းကွဲသွားပြီးနောက်၊ တရားခံက မဲမြင်၍ သေနတ်နှင့်ပစ်လိုက်သဖြင့်၊ သေသူကိုထိမှန်သွားခြင်း ဖြစ်သည်။ တရားခံသည် မဲမြင်သည့်အခါ လူလား၊ အမဲလားဟု သေချာစွာမကြည့်ဘဲ အရမ်းပစ်လိုက်ခြင်း ဖြစ်၍ ၎င်း၏ ပြုမူချက်သည် ရာဇသတ် ပုဒ်မ ၃၀၄ (က) အရ အကျုံးဝင်သည်ဟု အဆုံးအဖြတ်ပေးထားခြင်း ဖြစ်သည်။ ယခုအမှုတွင် အယူခံတရားလိုသည် အရမ်းပစ်ခဲ့ခြင်းမဟုတ်ဘဲ အမဲကောင်ကိုပစ်ခတ်ရင်း၊ တောတွင်းတနေရာတွင် ရောက်နေသည့် မောင်ကျောက်အား ကံဆိုးပြီး ထိမှန်ခဲ့ခြင်းဖြစ်ရာ၊ မတော်တဆ ဖြစ်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

ဘာဆန့်ဆင်း နှင့် **နိုင်ငံတော်** (၂) တို့အမှုတွင် တရားခံသည် အခြားလူ ၂၀ ခန့်နှင့် အတူ တောထဲ၌ အမဲလိုက်ရင်း ၎င်း၏အဖေ၊ များလိုက်လာသည့် တောဝက်ကို သေနတ်နှင့်ပစ်လိုက်ရာ ဝက်ကိုမထိဘဲ ၎င်း၏ခယ်မယောကျ်ားကို ထိမှန်သေဆုံးသွား၍ ရာဇသတ်ပုဒ်မ ၃၀၄ (က) နှင့် တရားစွဲဆိုရာ၊ လာဟိုးတရားလွှတ်ထောင်က ၎င်း၏ ပြုမူချက်မှာ အရမ်းပြုလုပ်မှု၊ သို့မဟုတ် ပေါ့လျော့မှုဖြစ်သည်ဟု မဆိုနိုင်၍ အပြစ်မပေးနိုင်ကြောင်း အဆုံးအဖြတ်ပြုထားသည်ကို တွေ့မြင်နိုင်ပေသည်။

ဤအမှုတွင် အယူခံတရားလိုသည် တောထဲ၌ အမဲလိုက်ရင်း အမဲကောင်ကို သေနတ်နှင့် တချက်ပစ်ခဲ့၏။ ယင်းသို့ အမဲကောင်ကို ပစ်ခတ်ခဲ့သော အယူခံတရားလို၏ ပြုမူချက်မှာ ဥပဒေနှင့်မညီသော ပြုလုပ်မှုဟု မဆိုနိုင်ပေ။ ဥပဒေနှင့် မဆန့်ကျင်သည့် အပြုအမူကို ပြုလုပ်ရာ၌ အယူခံတရားလိုသည် မောင်ကျောက်ကို ဖြစ်စေ၊ အခြားလုပ်သားပြည်သူတဦးဦးကို ဖြစ်စေ သေစေရန်၊ သို့မဟုတ် နာကျင်စေရန် ရာဇဝတ်မကင်းသည့်အကြံ၊ အသိဉာဏ်ဖြင့် ပြုလုပ်ခဲ့ခြင်းမရှိသည့်အလျောက်၊ ၎င်း၏ပြုမူချက်သည် ရာဇသတ် ပုဒ်မ ၈၀ အရ မြစ်မှု မမြောက်ဟု အဆုံးအဖြတ် ပြုရပေမည်။ မောင်ကျောက်သည် ကံမကောင်း အကြောင်းမလှသဖြင့် မတော်တဆ သေဆုံးရခြင်းသာ ဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်သည်။

အထက်ပါ အကြောင်းရပ်များကြောင့် ဒေသာက်ရုံး စီရင်ချက်နှင့် အပြစ်ဒဏ်တို့ကို ပယ်ဖျက်ပြီး၊ အယူခံတရားလိုအား ဤအမှုနှင့်ပတ်သက်၍ တရားသေလွှတ်လိုက်သည်၊

(၂) အေ၊အိုင်၊အာ(ရ်)၊ ၁၉၂၇ လာဟိုး ၈၈၀။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

မောင်စံမြိုင် (အယူခံတရားလို)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၆ ဇွန်လ ၁၆ ရက်။

ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂)အရ ပြစ်မှုထင်ရှားစီရင်ခြင်း—တရားခံပြုမူချက်မှာ ရာဇသတ်ကြီး ဥပဒေပါ ကင်းလွှတ်ချက်တခုခုဖြင့် အကျုံးဝင်သည်ဟု ထုချေခြင်း—သက်သေခံ ဥပဒေပုဒ်မ ၁၀၅ ထုချေချက်ထင်ရှားအောင် ပြသရန် တရားခံအပေါ် တာဝန်ကျရောက်ခြင်း။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်မှုမျိုးတွင် တရားခံသည် အပြစ်ရှိကြောင်း သက်သေထူရန်တာဝန်မှာ တရားလိုဘက်၌ အစဉ်တစိုက်ရှိသော်လည်း၊ တရားခံကဎ်း၏ ပြုမူချက်မှာ ရာဇသတ်ကြီး ဥပဒေပါကင်းလွှတ်ချက် တခုခု၌ အကျုံးဝင်သည်ဟုထုချေလာပါက၊ ထိုထုချေချက် ထင်ရှားအောင်ပြသရန် တာဝန်မှာ ၎င်းအပေါ်၌ ကျရောက်ကြောင်း သက်သေခံ ဥပဒေပုဒ်မ ၁၀၅ ကပြဋ္ဌာန်းထားသည်။

ဘီကေပီစီကာကာ နှင့် ဆုံဘိုင်ပြည်နယ်၊ အေးအိုင်၊အာ(ရှ်)၊၁၉၅၅(တရားလွှတ်တော်ချုပ်) ၁၃၂ (၁၅၃) ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးဇေမောင်။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးနှစ်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလိုအပေါ် ရာဇသတ်ပုဒ်မ ၃၀၂ (၂) အရ အလုပ်နှင့်ထောင် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သော သာယာဝတီမြို့ ဒုတိယအထူး (ရာဘက်စက်ရှင်) တရားသူကြီး၏ စီရင်ချက်ကိုမကျေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်သည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ်-၇၀။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၄ တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ မတ်လ ၁၀ ရက် နေ့စွဲပါ၊ သာယာဝတီမြို့၊ ဒုတိယအထူး (ရာဘက်စက်ရှင်) ရာဇဝတ်တရားသူကြီး၏ အမိန့်ကိုအယူခံမှု။

လွန်ခဲ့သည့် ၁၉၆၅ ခု၊ မတ်လ ၂၃ ရက်နေ့သည် ၇ နာရီအချိန်တွင် ဆန့်စက်အလုပ်သမားမောင်ငယ်သည် သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ သာစီရွာရှိ သုခဝတီဆန်စက်သို့အလုပ်ဆင်းသွားရာ၊ နောက်နေ့ နေ့လည်အချိန်အထိ အိမ်သို့ပြန်မရောက်လာသဖြင့်၊ ၎င်း၏ညီ မောင်မြဟန် (လိုပြ-၁) သည်၊ သာစီရွာသို့ သွားရောက်စုံစမ်းသော်လည်းသတင်းမရသောကြောင့်၊ ရဲစခန်း၌လူပျောက်တိုင်တန်းခဲ့၏။ ၁၉၆၅ ခု၊ မတ်လ ၂၃ရက်နေ့သည် ၉ နာရီခန့်အချိန်တွင် ဒုလုံခြုံရေးမှူး ဦးညိမ်းမောင်(လိုပြ-၁၀) နှင့် မောင်မြဟန်တို့သည် သတင်းအရသွားရောက်ရှာဖွေရာ၊ သုခဝတီဆန်စက်၏ အနောက်ဘက် တဖါလုံအကွာ လယ်ကွင်းထဲမှ ဒဏ်ရာများဖြင့် သေဆုံးနေသော မောင်ငယ်၏အလောင်းကိုတွေ့ရ၍ ကြို့ပင်ကောက် ပြည်သူ့ဆေးရုံသို့ပို့လိုက်၏။ ဆေးရုံတွင် ဆရာဝန် ဦးညိမ်းမောင် (လိုပြ-၈) က စစ်ဆေးကြည့်ရှုရာ၊ ဦးခေါင်းနောက်ဘက်လည်ပင်းရင်း၌ ဒဏ်ရာတချက်၊ ဒူးခေါင်းတဘက်တချက်တွင် ပွန်းပဲ့သော ဒဏ်ရာတချက်စီတွေ့ရ၏။ ဦးခေါင်းတွင်ရရှိသော ဒဏ်ရာကြောင့် ဦးနှောက်ပျက်စီးပြီး သေဆုံးကြောင်းတွေ့ရှိ၏။ ထိုဒဏ်ရာသည် အင့်ခဲဖြင့်ထုက ရနိုင်သည့်ဒဏ်ရာဖြစ်ကြောင်း ဆရာဝန်က ထင်မြင်ချက်ပေးခဲ့သည်။

မောင်ငယ်မည်သို့မည်ပုံသေဆုံးရသည်ဆိုခြင်းနှင့် ပတ်သက်၍၊ မောင်ခင်မောင်ကြီး (လိုပြ-၂)က၊ ၎င်းသည်အခင်းဖြစ်သည့် ၁၉၆၅ ခု၊မတ်လ ၂၃ ရက်နေ့သည် ၉ နာရီခန့် အချိန်တွင် ဆန်စက်နောက်ဘေးရှိ ဒုန်ကင် (ခေါ်) ရေစုတ်စက်ကို ပြင်ဆင်နေခိုက် ၎င်း၏အနောက်ဘက် ဝါး ၃ ပြန်ခန့်အကွာမှ ဘုဘ်၊ ဘုဘ်နှင့်ရိုက်သံကြားသဖြင့် လှမ်းကြည့်ရာ မောင်ငယ်အား အယူခံတရားလိုက အုတ်ခဲဖြင့် ဦးခေါင်းကို ထုသည်ကိုတွေ့မြင်ရသောကြောင့် "ဟေ့ စံမြို့ငြိ၊ လွန်မယ်၊ လွန်မယ်" ဟုအော်၍၊ အယူခံတရားလိုသည် မောင်ငယ်အား စက်၏အနောက်ဘက် လယ်ကွင်းဆီသို့ဆွဲသွားသည်ကို တွေ့မြင်လိုက်ရကြောင်း အဆိုရှိသည်။ ယင်းသို့ မောင်ခင်မောင်ကြီးက "ဟေ့ စံမြို့ငြိ၊ လွန်မယ် လွန်မယ်" ဟုအော်သည်ကို မောင်တင်ငွေ (လိုပြ-၃)၊ မောင်ခင်စိန် (လိုပြ-၄) နှင့် မသိန်းတင် (လိုပြ-၅)တို့ကြားလိုက်ရ၏။

အခင်းဖြစ်ပွါးပြီးနောက်၊ အယူခံ တရားလိုသည် ထွက်ပြေး တိမ်းရှောင်နေရာ၊ ၁၉၆၅ ခု၊ ဧပြီလ ၁၀ ရက်နေ့ကျမှ ကြို့ပင်ကောက်မြို့၌လာရောက်အာဘ်းခံလေသည်။ ထို့နောက် ၁၉၆၅ ခု၊ ဧပြီလ ၁၂ ရက်နေ့တွင် အယူခံတရားလိုသည် ဇီးကုန်းမြို့၊ ဒုတိယရာဘာကာဆုဇဝတ်တရားသူကြီး ဦးမောင် (လိုပြ-၉) ၏ရှေ့၌ သက်သေခံအမှတ် "ဂ" ဖြောင့်ချက်ကိုပေးခဲ့၏။ ထိုဖြောင့်ချက်တွင် အခင်းဖြစ်ညက ဆန်စက်အနီး ရေကန်ဘောင်တွင် မောင်ငယ်က လှုံနှင့်ထိုးရန်လုပ်သဖြင့် တုတ်နှင့် ၂ ချက်၊ ၃ ချက်ရိုက်ပြီး ထွက်ပြေးခဲ့ကြောင်း။ ဆန်စက်ရှင် ဦးကြင်ဟန်အား တွေ့ရှိအကျိုးအကြောင်းပြောပြ

၁၉၆၆ မောင်စံမြို့နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ရာ၊ ဦးကြင်ဟန်က ၎င်း၏ တာဝန်ထားပါဟု ပြောခဲ့ကြောင်း။ မောင်ခင်မောင်ကြီးက မောင်ငယ်ကို လည်ပင်းနှင်းပြီး အုတ်ခဲနှင့်ပေါက်ပြီး နှိပ်နင်း၍လက်လွန်ပြီးသေဆုံးသွားသဖြင့် လယ်ကွက်ထဲထုတ်ထားရသည်ဟု ပြောကြောင်း၊ အယူခံတရားလိုက ဖော်ပြထားလေသည်။

အထက်ပါသက်သေအထောက်အထားများအရ၊ အယူခံတရားလိုအား မောင်ငယ်သေဆုံးရခြင်းနှင့်ပတ်သက်၍ ရုံးတင်တရားစွဲဆိုရာ၊ အယူခံတရားလိုက မောင်ငယ်သည် မိမိအားလှံဖြင့်စတင်၍ ထိုးသဖြင့် တုတ်နှင့်ခုခံကာကွယ်ရင်း တချက်ရိုက်ခဲ့ခြင်းဖြစ်၍၊ ခုခံကာကွယ်ပိုင်ခွင့် အတွင်းကျရောက်သည်ဟု ထုချေသော်လည်း ၎င်း၏ထုချေချက်ကို ပညာရှိအောက်ရုံးတရားသူကြီးက လက်မခံဘဲ ပယ်ချကာ၊ အထက်တွင်ဖော်ပြခဲ့သည့် အတိုင်း အပြစ်ပေးခဲ့ခြင်းဖြစ်လေသည်။

ဤအမှုတွင် အယူခံတရားလိုသည် မောင်ငယ်အားသတ်သည့် လက်သည်ဖြစ်ကြောင်းထင်ရှားအောင် အစိုးရဘက်မှ အယူခံတရားလို၏ ဖြောင့်ချက် (သက်သေခံ-၈) နှင့် မျက်မြင်သက်သေ မောင်ခင်မောင်ကြီး (လိုပြ-၂) တို့၏ထွက်ချက်များကို အဓိကကိုးကားခဲ့၏။

ဖြောင့်ချက်ဆိုသည်မှာ တရားခံဘဦးဦးက ၎င်းအပေါ်စွပ်စွဲထားသည့် ပြစ်မှုကို ကျူးလွန်ကြောင်း၊ သို့တည်းမဟုတ် ထိုပြစ်မှုမြောက်စေမည့် အပြုအမူကိုပြုမူခဲ့ကြောင်း၊ ဝန်ခံပြောဆိုချက်ဖြစ်သည်။ အကယ်၍ ၎င်း၏ဝန်ခံပြောဆိုချက်မှာ စွဲဆိုထားသည့်ပြစ်မှု ကင်းလွတ်စေမည်၊ သို့တည်းမဟုတ် အပြစ်မထောက်အောင် ကိုယ်လွတ်ရုံးသည့် စကားရပ်များဖြစ်လျှင်၊ ထိုဝန်ခံပြောဆိုချက်ကို ဖြောင့်ချက်ဟု မခေါ်ဆိုနိုင်ပေ။ **မောင်ဟန်နှင့် နိုင်ငံတော်** (၁)နှင့် **ချစ်တင် ခေါ် စုသီး နှင့်ပြည်ထောင်စု** (၂) တို့အမှုများကိုကြည့်ပါ။ ယခုအမှုတွင် အယူခံတရားလို၏ဖြောင့်ချက်၌ သေသူမောင်ငယ်က ၎င်းအား လှံနှင့်ထိုးသောကြောင့် နှစ်ချက်သုံးချက်ရိုက်ပြီးထွက်ပြေးရကြောင်း ဖော်ပြထားရာ၊ ထိုအတိုင်းသာမှန်ပါမူ၊ အယူခံတရားလိုသည် ရာဇသတ်ပုဒ်မ ၁၀၀ အရပြစ်မှုမမြောက်အောင် ပြောဆိုဝန်ခံထားခြင်းသာဖြစ်သောကြောင့်၊ သက်သေခံ "ဂ" အား ဖြောင့်ချက်တခုအနေဖြင့် လက်ခံစဉ်းစားခြင်းမပြုနိုင်။

မျက်မြင်သက်သေ မောင်ခင်မောင်ကြီးက မောင်ငယ်အား အယူခံတရားလိုသည် အုတ်ခဲနှင့်ထုသည်ကို တွေ့မြင်ရသဖြင့် "ဟေ့စုံမြိုင် လွန်မယ်၊ လွန်မယ်" ဟုအော်ဟစ်သတိပေးခဲ့ရကြောင်းထွက်ဆိုသွား၏။ ယင်းသို့ အော်ဟစ်သတိပေးသံကို မောင်တင်ငွေ (လိုပြ-၃)၊ မောင်ခင်စိန် (လိုပြ-၄) နှင့် မသိန်းတင် (လိုပြ-၅) တို့က ကြားလိုက်ရ

(၁) ၁၉၄၇၊ ရန်ကုန်စီရင်ထုံး စာ ၃၇၁။

(၂) ၁၉၅၁၊ မြန်မာပြည်စီရင်ထုံးစာ ၁၄၂ (တရားလွှတ်တော်ချုပ်)။

ကြောင်း ထောက်ခံထွက်ဆိုသွားကြလေသည်။ အယူခံတရားလို၏ ပညာရှိရေနေကြီးက မောင်ခင်မောင်ကြီး ရှိနေသည့်နေရာနှင့် အခင်းဖြစ်ပွားသောနေရာတို့မှာ ဝါး ၃ ပြန်ခန့်ကွာသဖြင့်၊ မောင်ခင်မောင်ကြီးသည်အယူခံတရားလိုအား မှတ်မိရန် လုံလောက်သည့် အလင်းရောင် မရှိသည့် အလျောက်၊ မောင်ခင်မောင်ကြီး၏ ထွက်ဆိုချက်ကို လက်မခံ သင့်ကြောင်း လျှောက်လဲသွား၏။ အခင်း ဖြစ်ပွားသည့်နေ့မှာ ၁၃၂၆ ခုနှစ်၊ တပေါင်းလဆုတ် ၆ ရက်ဖြစ်၍၊ အခင်းဖြစ်ပွားသည့် ည ၉နာရီအချိန်တွင် လမထွက်သေးသည်မှာ ယုံမှားဘွယ်မရှိ။ သို့ရာတွင် မောင်ခင်မောင်ကြီးသည် ရေနံဆီမီးခွက်နှင့် ရေတုံကင်ကို ပြင်ဆင်နေရာ မီးခွက်ရောင်ကြောင့်၄င်း၊ ဘွိုင်လာအိုးမီးထိုးသည့်မီးပေါင်းမှ မီးရောင်ကြောင့်၄င်း၊ အခင်းဖြစ်ပွားသည့် နေရာအထိ အလင်းရောင်ကျရောက်ကာ အယူခံတရားလိုအားတွေ့မြင်မှတ်မိလိုက်သည် ဆိုသောအကြောင်းပြချက်မှာ ယုတ္တိရှိနေလေသည်။

ထို့ပြင် အယူခံတရားလိုက သေသူမောင်ငယ်အား တုတ်နှင့်တစ်ချက် ရိုက်ခဲ့ကြောင်း၊ ၄င်း၏ရာဇသတ်ကျင့်ထုံး ပုဒ်မ ၃၄၂ (၁)အရ ရုံးရှေ့ထွက်ဆိုခဲ့သော ထွက်ချက်တွင် ဝန်ခံထားသည်ကို သတိချပ်ရန်လိုပေသည်။ ထိုထွက်ချက် သာ ၄င်းပုဒ်မ၏ ပုဒ်မခွဲ(၃)အရ အယူခံတရားလိုအပေါ်အသုံးပြုနိုင်သည်ဆိုခြင်းမှာ ယုံမှားဘွယ်မရှိပေ။ အယူခံတရားလိုက ၄င်းသည်မောင်ငယ်အား ရာဇသတ်ပုဒ်မ ၁၀၀ အရ၊ ခုခံ ကာကွယ်ရင်း တုတ်နှင့်ရိုက်ခဲ့ရကြောင်း ထုချေထားရာ၊ ယင်းသို့ ရာဇဝတ်ပြစ်မှုမှ ကင်းလွတ်ခွင့်ရနိုင်ကြောင်း ထုချေချက်ကို ထင်ရှားအောင် ပြသရန်တာဝန်မှာ အယူခံတရားလိုအပေါ်တွင် ကျရောက်လျက်ရှိလေသည်။

ရာဇဝတ်မှုမျှားတွင် တရားခံသည် အပြစ်ရှိကြောင်း သက်သေထူရန်တာဝန်မှာ တရားလိုဘက်၌ အစဉ်တစိုက် ရှိသော်လည်း၊ တရားခံက၄င်း၏ပြုမူချက်မှာ ရာဇသတ်ကြီးဥပဒေပါ ကင်းလွတ်ချက်တခုခု၌အကျုံးဝင်သည်ဟု ထုချေလာ ပါက၊ ထိုထုချေချက်အား ထင်ရှားအောင်ပြသရန်တာဝန်မှာ ၄င်းအပေါ်၌ကျရောက်ကြောင်း သက်သေခံဥပဒေပုဒ်မ ၁၀၅ ကပြဋ္ဌာန်းထားသည်။ ထိုသို့ပြဋ္ဌာန်းထားသည့် အလျောက်တရားခံက သက်သေထူရန်တာဝန်ရှိကြောင်း **ဘီကေပီစီ ကာကာ** နှင့် **ဘုံဘိုင်ပြည်နယ်**(၃)တို့ အမှုဒ္ဌအဆုံးအဖြတ်ပြုထားသည်ကို တွေ့မြင်နိုင်လေသည်။

ယခုအမှုတွင် အခင်းဖြစ်ပွားရာဒေသတွင်သော်၄င်း၊ မောင်ငယ်၏ အလောင်းတွေ့သောနေရာတွင်သော်၄င်း၊ မောင်ငယ်ကိုင်ဆောင်သည်ဆိုသော လုံကိုမတွေ့ရှိခဲ့ပေ။မောင်ငယ်သည်အခင်းဖြစ်ပွားနေ့က လုံကိုယူသွားကြောင်း ဒေါ်စောညွန့် (ခံပြ-၃)က ထွက်ဆိုထားသော်လည်း၊ အခင်းဖြစ်စဉ်က မောင်ငယ်ထံ၌ လုံ ရှိသည်

(၃) အေးအိုင်၊ အာ(ရ)၊ ၁၉၅၅ တရားလွှတ်တော်ချုပ် ၁၃၂ (၁၅၃)။

ဆိုသော သက်သေ အထောက် အထား စိုးစဉ်းမျှ မရှိချေ။ အောက်ရုံး အမှုတွဲ၏ ဆင့်စာဖိုင်၌ တွဲထားသည့် ရှာဖွေပုံစံအရ ဆိုလျှင် ဆန်စက်ရှေ့ပါးပုံထဲမှ လုံ တစ်ချောင်း ရခဲ့ခြင်းဖြစ်ရာ၊ စက်နောက်ဘေး၌အခင်းဖြစ်ပွားစဉ် မောင်ငယ်ထံ၌ လုံမရှိ ကြောင်းပေါ်လွင်နေလေသည်။ ထို့ပြင် အယူခံတရားလိုက မောင်ငယ်ကိုတုတ်ဖြင့် ရိုက်ခဲ့သည်ဟုဆိုသော်လည်း မောင်ငယ်၏ ဦးခေါင်းတွင်တွေ့ရှိသော ဒဏ်ရာမှာ အလျား ၄ လက်မ၊အနံ ၃ လက်မခွဲရှိသဖြင့် တုတ်ဖြင့်ရိုက်ခြင်း မဟုတ်ဘဲ အုတ်ခဲနှင့် ထုသည်ဆိုသော မောင်ခင်မောင်ကြီး၏ ထွက်ဆိုချက်ကို ထောက်ခံနေပြီး အယူခံတရားလို၏ ထုချေချက်ကို ယုတ္တိကင်းမဲ့စေ၏။ သို့ဖြစ်ရာ မောင်ငယ်က ရန်မူသဖြင့် ခုခံကာကွယ်ရင်းတုတ်နှင့် ရိုက်ခဲ့သည်ဆိုသော အယူခံတရားလို၏ တင်ပြချက်မှာ မထင်ရှား၍လက်မခံနိုင်ဟု အဆုံးအဖြတ်ပြုခဲ့သော အောက်ရုံး၏အမိန့်မှာ မှန်ကန်သည်။

ဤအမှုတွင် မောင်ငယ်အားသတ်သူမှာ အယူခံတရားလိုဖြစ်ကြောင်း စွပ်စွဲချက်နှင့် ပတ်သက်၍ မျက်မြင်သက်သေအဖြစ် မောင်ခင်မောင်ကြီးတစ်ယောက်သာ ရှိသော်လည်း၊ အယူခံတရားလို၏ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၃၄၂(၁)အရ၊ ရုံးရှေ့ ရှိထွက်ဆိုချက်နှင့် ပေါင်းစပ်ကြည့်ရှုလျှင်၊ သံသယဖြစ်စရာ အကြောင်းမရှိနိုင်ပေ၊ ၎င်းအပေါ်ချမှတ်ထားသော အပြစ်ဒဏ်မှာလည်း ကျူးလွန်ခဲ့သည့်ပြစ်မှုနှင့် နှိုင်းစာလျှင် ကြီးလေးသည်ဟုမဆိုနိုင်၊ ၎င်း၏အယူခံလွှာကိုပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

မောင်တင်ငွေ (အယူခံတရားလို)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ) *

† ၁၉၆၆ ဖေလ ၁၇ ရက်။

ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂) အရ သူပြစ်ထင်ရှားစီရင်ခြင်း—တရားစီရင်ရာ မြန်မြန်နှင့် မှန်မှန် စီရင်ရန်အရေးကြီးခြင်း—ရက်ချိန်းပေးရန် ရှေ့နေ၏ လျှောက်ထားချက်ကို လက်မခံသဲ့အခြား ရှေ့နေတဦးအား လိုက်ပါဆောင်ရွက်စေခြင်း—တရားခံနှင့် ၎င်း၏ သက်သေထူက်ချက်များအရ တရားခံက မူလတင်ပြခဲ့သော ထုချချက်များအတိုင်း ကောင်းစွာတင်ပြနိုင်ခဲ့ခြင်း—တရားခံ၏ အကျိုးကိုထိခိုက်နစ်နာစေသည်ဟုဆိုနိုင် မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။တရားစီရင်ရာတွင် မြန်မြန်နှင့်မှန်မှန် စီရင်ရန်အရေးကြီးသည်။ အောက်ရုံးတရားသူကြီးသည် ရက်ချိန်းပေးရန် အယူခံတရားလို၏ ရှေ့နေ၏လျှောက်ထားချက်ကို လက်မခံဘဲ၊ အခြားရှေ့နေတဦးအား အယူခံတရားလိုအဘွက် လိုက်ပါဆောင်ရွက်စေခဲ့ခြင်းမှာ အမှုကို မြန်မြန်ဆန်ဆန်ကြီးပြီးစေရန် စေတနာဖြင့်၊ ပြုလုပ်ခဲ့သည်ဆိုခြင်းမှာ ယုံမှားဘွယ်မရှိ။ တရားလိုပြသက်သေအားလုံးကို အယူခံတရားလို၏ မူလရှေ့နေကြီးက မေးခွန်းထုတ်ခဲ့၏။ နောက်ရှေ့နေလိုက်ပါဆောင်ရွက်သော အခါ၌တွင် တရားလိုပြသက်သေများကို စစ်ဆေးရန်လုံးဝမရှိတော့ပေ။ အယူခံတရားလိုနှင့် ၎င်း၏ သက်သေထူက်ချက်များကို ကြည့်လျှင် အယူခံတရားလိုသည် မူလတင်ပြခဲ့သော ထုချချက်များအတိုင်းကောင်းစွာတင်ပြနိုင်ခဲ့သည့်အလျောက် အောက်ရုံး တရားသူကြီး၏အပြုအမူမှာအယူခံတရားလို၏ အကျိုးကိုထိခိုက်နစ်နာစေသည်ဟု မဆိုနိုင်၊ တရားမျှတမှုကို ကင်းမဲ့စေခဲ့သည်ဟုမယူဆနိုင်။

အယူခံတရားလိုအတွက် ။ ဦးမောင်မောင်ခင်။

အယူခံတရားခံအတွက် ။ ။အစိုးရရှေ့နေကြီး ဦးသိန်းဟန်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလို အပေါ် ရာဇသတ်ပုဒ်မ ၃၀၂(၂) ကို ကျူးလွန်သဖြင့်၊ ပြစ်မှု ကျူးလွန်သည့် ကလေးသူငယ်များ အက်ဥပဒေ ပုဒ်မ

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၁၇။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၆ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့စွဲပါ ပြည်မြို့၊ ပဌမ အထူးဘရားသူကြီး၏ အဓိန့်ကိုအယူခံမှု။

၂၅(၁)အရ၊ အသက် ၂၃ နှစ်ပြည့်သည့်တိုင်အောင်၊ သရက်မြို့ ဘော်စတယ်ကျောင်း၌ ထိန်းသိမ်းထားစေရန် အမိန့်ချမှတ်ခဲ့သော ပြည်မြို့ အထူး(စက်ရှင်) တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်သည်။

အမှုဖြစ်ပွားပုံ အတ္ထုပ္ပတ္တိအကျဉ်းချုပ်မှာ၊ လွန်ခဲ့သည့် ၁၉၆၅ ခုနှစ်၊ မေလ ၂၇ ရက်နေ့ ညနေ ၄ နာရီခန့်အချိန်တွင်၊ ပြည်ခရိုင်၊ မကျည်းကုန်းရဲစခန်းအပိုင်၊ အင်းကြီးရွာနေ မလုရီ (လိုပြ-၂) သည် ရှေ့ကသွား၍၊ သေသူကျင်ခဲသည် ရေအိုးထမ်းလျက်နောက်က လိုက်လာရာ၊ ဂွမ်းကနဲ အသံကြားသဖြင့် မလုရီက လှည့်ကြည့်လိုက်သောအခါ၊ ကျင်ခဲသည် ပုဆစ်တုတ်ထိုင်ကာ လဲလျက်ရှိပြီး၊ ၎င်းထမ်းလာသည့် ရေအိုးမှာလည်း ကွဲလျက်ရှိသည်ကို တွေ့ရ၏။ အတောင် ၃၀ ခန့် အကွာတွင် အယူခံတရားလိုထွက်ပြေးသည်ကိုလည်း တွေ့မြင်ရလေသည်။ အနီးအနား၌ အခြားမည်သူကိုမျှမတွေ့ရပေ၊

မလုရီသည် ကျင်ခဲအား ပွေ့ ၍၊ အယူခံတရားလိုရိုက်ပြေးကြောင်း အော်ဟစ်သဖြင့် ကျင်ခဲ၏ မိခင် မဖွားတင် (လိုပြ-၁)လည်း အော်သံကြားရာသို့ ပြေးသွားရာ အယူခံတရားလို ပြေးသွားသည်ကို မြင်လိုက်ရလေသည်။ ထို့နောက် ဦးသက်ပြင်း (လိုပြ-၄)နှင့် မကြင်ခ (လိုပြ-၅) တို့ရောက်လာကြ၍ မလုရီက ကျင်ခဲကို အယူခံတရားလိုရိုက်ပြီး ထွက်ပြေး သွားကြောင်း ပြောပြ၏။

ကျင်ခဲမှာ အရိုက်ခံရပြီးနောက် စကားမေးမရသဖြင့်၊ ပေါင်းတည်မြို့ ပြည်သူ့ဆေးရုံ သို့ပို့လိုက်ရာ၊ ဆေးရုံမရောက်မီ သေဆုံးသွားလေသည်။ ဆရာဝန် ဒေါ်အိုင်ဒါဖရန့်စစ် (လိုပြ-၁၁)က၊ ကျင်ခဲ၏ ဦးခေါင်း နောက်စေ့တွင် ဒဏ်ရာ တစ်ချက်ရကြောင်း၊ ထိုဒဏ်ရာကြောင့် ဦးခေါင်းရိုးကွဲပြီး ဦးနောက်အမှေးပါးစုတ်ကာ၊ ဦးနောက်ထဲသို့ သွေးများဝင်သဖြင့်သေဆုံးရကြောင်း၊ ထို ဒဏ်ရာမှာ မုချသေစေမည့် ဒဏ်ရာဖြစ်ကြောင်း ထွက်ဆိုသွားလေသည်။

အထက်ပါသက်သေ အထောက်အထားများအရ၊ အယူခံတရားလိုအပေါ် လူသတ်မှုနှင့် ရုံးတင်တရားစွဲဆိုရာ၊ ၎င်းကကျင်ခဲ ကိုမရိုက်ရကြောင်း၊ အခင်းဖြစ်နေ့က လယ်ကွင်းထဲရှိ ပျိုးခင်းများကို နွားစားမည် ပြုသဖြင့်၊ ပျိုးခင်းရှင်များက အော်နေသောကြောင့် နွားလိုက်ရန်ပြေးသွားခြင်းသာ ဖြစ်ကြောင်း ထုချေသော်လည်း၊ ပညာရှိ အောက်ရုံးတရားသူကြီးသည် ထိုထုချေချက် ကိုလက်မခံဘဲ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်း ဖြစ်လေသည်။

အယူခံတရားလို၏ ပညာရှိရှေ့နေကြီးက၊ အောက်ရုံးပညာရှိတရားသူကြီးသည် အမှုကို စစ်ဆေးရာ၌၊ အမြန်စစ်ဆေး ဆုံးဖြတ်ရန်သာ အဓိကထားပြီး၊ တရား၏

ရှေနေက နေထိုင်မကောင်းသဖြင့် ရက်ချိန်းတောင်းသည်ကို မပေးဘဲ ရုံးရှေ့တွင် ရှိနေသည့် အခြားရှေနေတဦးအား ဆောင်ရွက်စေခဲ့ခြင်းမှာ အယူခံတရားလိုအတွက် မျှားစာ နစ်နာစေခဲ့သည့် အလျောက်၊ ဤအမှုကို အသစ်တဖန် ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်သင့်သည်ဟု လျှောက်လဲတင်ပြသွား၏။

ယခုအမှုတွင် ပညာရှိ အောက်ရုံး တရားသူကြီးသည် အယူခံတရားလိုက ဆင်းရဲနွမ်းပါးသဖြင့် ရှေနေမဲ့နိုင်ကြောင်း လျှောက်ထားသောကြောင့် အစိုးရစရိတ်ဖြင့် ရှေနေတဦးကို ငှါးပေးခဲ့ရာ၊ ထိုရှေနေသည်တရားလို သက်သေအားလုံးကို ပြန်လှန် မေးခွန်းထုတ်ခဲ့၏။ အယူခံတရားလိုအား စွဲချက်တင်ပြီးနောက်၊ တရားလို သက်သေ အချို့ကို ပြန်ခေါ်စစ်ဆေးစေခဲ့လေသည်။ အယူခံ တရားလိုနှင့် ၎င်းတို့၏ သက်သေ များကို စစ်ဆေးရန် ချိန်းဆိုသည့်နေ့တွင် ထိုရှေနေက နေထိုင်မကောင်းသဖြင့် ရက် ချိန်းပေးရန် လျှောက်လွှာတင်ရာ၊ ပညာရှိ အောက်ရုံး တရားသူကြီးသည် ရက်ချိန်း ပေးလျှင် အမှုကြန့်ကြာမည်ဟုဆိုကာ၊ ရုံးရှေ့တွင်ရှိနေသော အခြား ရှေနေတဦးအား အယူခံဘရားလိုအတွက် လိုက်ပါ ဆောင်ရွက်စေခဲ့လေသည်။

တရားစီရင်ရာတွင် မြန်မြန်နှင့် မှန်မှန်စီရင်ရန် အရေးကြီးသည်ဆိုခြင်းကို အထူး ဖော်ပြရန်မလိုပေ။ မြန်မြန်စီရင်ရုံဖြင့်လည်း မပြီးသေးချေ။ မှန်ကန်ဘို့လည်းလိုပေ သည်။ ယင်းသို့ မှန်မှန် စီရင်ရာ၌၊ တရားရုံးများသည် လုပ်နည်းလုပ်ဟန်အရ မှန်ကန် ရမည့်အပြင်၊ မှန်မှန်ကန်ကန် လုပ်ခဲ့ကြောင်းကိုလည်း ပေါ်လွင်သိသာစေရမည် ဖြစ် သည်။ ဤအမှုတွင် ပညာရှိ အောက်ရုံး တရားသူကြီးသည် ရက်ချိန်းပေးရန် အယူခံ တရားလိုရှေနေ၏ လျှောက်ထားချက်ကို လက်မခံဘဲ၊ အခြားရှေနေတဦးအား အယူခံ တရားလိုအတွက် လိုက်ပါ ဆောင်ရွက်စေခဲ့ခြင်းမှာအမှုကို မြန်မြန်ဆန်ဆန် ပြီးစီးစေရန် စေတနာဖြင့် ပြုလုပ်ခဲ့သည်ဆိုခြင်းမှာ ယုံမှားဘွယ်မရှိ။ ယင်းသို့ ပြုလုပ်ခဲ့ခြင်းဖြင့် အယူခံတရားလို၏ အကျိုးကို ထိခိုက်စေခြင်း ရှိ-မရှိ၊ တရားမျှတမှု ကင်းမဲ့စေခြင်း ရှိ-မရှိ ဆိုသည့် ပြဿနာကို ဖြေရှင်းရန်လိုပေသည်။

အောက်ရုံးတွင် တရားလိုသက်သေများအားလုံးကို အယူခံတရားလို၏ မူလရှေနေ ကြီးက မေးခွန်းထုတ်ခဲ့၏။ နောက်ရှေနေ လိုက်ပါဆောင်ရွက်သော အချိန်တွင်၊ တရားလိုသက်သေများကို စစ်ဆေးရန် လုံးဝမရှိတော့ပေ။ အယူခံတရားလိုသည် မူသက ပင် သေသူကျင်ခဲကို မရိုက်ရကြောင်း၊ ကျင်ခဲသည် မိမိဖါသာလဲပြီး ဒဏ်ရာရခြင်းသာ ဖြစ်ကြောင်း၊ ပျိုးခင်းရှင်များ အော်၍ နွားလိုက်ရန် ပြေးသွားခြင်းသာ ဖြစ်ကြောင်း ဆိုသည့် ထုချေချက်ကို တင်ပြခဲ့ပြီး၊ ထိုထုချေချက်အတိုင်းပင် နောက်ရှေနေကလည်း တင်ပြခဲ့ပေသည်။ အယူခံတရားလိုနှင့် ၎င်း၏သက်သေထွက်ချက်များကို ကြည့်လျှင်၊ အယူခံတရားလိုသည် မူလတင်ပြခဲ့သော ထုချေချက်များအတိုင်း ကောင်းစွာ တင်ပြ

နိုင်ခဲ့ သည့်အလျောက်၊ အောက်ရုံးပညာရှိတရားသူကြီး၏အပြုအမူမှာအယူခံ တရားလို၏အကျိုးကို ထိခိုက်နစ်နာစေသည်ဟု မဆိုနိုင်။ တရားမျှတမှုကို ကင်းမဲ့ စေခဲ့သည်ဟု မယူဆနိုင်။ ထို့ကြောင့် ဤအမှု ကို အသစ်တဖန် ပြန်လည်စစ်ဆေးစေ သင့်သည်ဆိုသောအယူခံတရားလို၏ ပညာရှိရှေ့နေကြီး၏ လျှောက်လဲချက်ကို လက်မခံနိုင်။

မူပြစ်ခြင်းရာနှင့်ပတ်သက်၍ အယူခံတရားလို၏ ပညာရှိရှေ့နေကြီးက၊ သေသူအား အယူခံတရားလိုက ရိုက်သည်ကိုမြင်သည့် မျက်မြင်သက်သေမရှိသည်က တစ်ကြောင်း၊ သေသူတွင် ရရှိခဲ့သောဒဏ်ရာမှာ၊ ဆရာဝန်၏ ထွက်ချက်အရ ချော်လဲပြီး ရန်ိင်သည့် ဒဏ်ရာဖြစ်သည်ကတစ်ကြောင်းထိုအကြောင်းများကြောင့် အယူခံတရားလိုအပေါ် ယုံမှားသံသယ အကျိုးခံစားစေသင့်ပြီး တရားသေလွတ်ထိုက်ကြောင်း လျှောက်လဲ သွား၏။

အယူခံတရားလိုက သေသူအား ရိုက်သည်ကို တပ်အပ်မြင်ရသည့် သက်သေမရှိသော်လည်း ရိုက်သံ ကြား၍ လှည့်ကြည့်လိုက်ရာ အယူခံတရားလို ထွက်ပြေးသွားသည်ကိုမြင်ရသည့်အပြင်၊ အနီးအနား၌ အယူခံ တရားလိုမှအပ၊ အခြားမည်သူမျှ မရှိကြောင်း၊ မလုရီက ထွက်ဆိုသွားသည့်အပြင်၊ အခင်းဖြစ်ပွားသော အချိန် မှာ ညနေ ၄ နာရီခန့်သာ ရှိသေးသဖြင့် လူများပြီး စွပ်စွဲရန် အကြောင်း မပေါ်ပေါက်နိုင်သည့်အလျောက် သေသူအားရိုက်သောသူမှာ အယူခံတရားလိုပင် ဖြစ်ကြောင်း ယုံမှားဖွယ်မရှိနိုင်။

ဒဏ်ရာနှင့်ပတ်သက်၍ မလုရီက ရိုက်သံကြား၍ လှည့်ကြည့်လိုက်သောအခါ ကျင်ခဲသည် ပုဆစ် တုတ်ထိုင်လျက် လဲနေသည်ကို တွေ့ရသဖြင့် အလိုအလျောက် လဲကာ နောက်စေ့တွင် ဒဏ်ရာရခဲ့ သည်ဆိုခြင်းမှာ ယုတ္တိမရှိနိုင်။ ထို့ပြင် ဆရာဝန်က ကျင်ခဲတွင် ရရှိခဲ့သောဒဏ်ရာမှာ မြေကြီးပေါ်လဲ၍ မရနိုင်ကြောင်း ထွက်ဆိုထားသဖြင့် ကျင်ခဲသည် မိမိဘာသာလဲကာ ဒဏ်ရာရခဲ့သည်ဆိုခြင်းမှာ လုံးဝ မဖြစ်နိုင်ပေ။

အယူခံတရားလို နှင့် ၎င်း၏သက်သေများက၊ ပျိုးခင်းရှင်များအော်၍ အယူခံတရားလိုသည် နွားလိုက်ရန် ပြေးသွားသည်ဆိုသော ထုချေချက်နှင့်ပတ်သက်၍ စခန်းမှူးဦးစံရွှေ(လိုပြ-၉)က အခင်းဖြစ်ပွားရာ၌ အခင်း ဖြစ်ပွားစဉ်အချိန်က ပျိုးခင်းများမရှိကြောင်း ထွက်ဆိုချက်ရှိနေ၏။ အခင်းဖြစ်ပွားသောနေ့မှာ ၁၉၆၅ ခုနှစ်၊ မေ ၂၇ ရက်နေ့ဖြစ်ရာ၊ ထိုအချိန်တွင် လယ်စပ်၍ပင် မထွန်ယက်သေးသဖြင့် ပျိုးပင်မရှိ ဆိုသော ထွက်ဆိုချက် မှာ ပို၍ သဘာဝကျသည်ဟု ဆိုရမည်ဖြစ်သည်။ သို့ဖြစ်ရာ

အယူခံတရားလိုသည် ရာဇသတ်ပုဒ်မ၃၀၂(၂)အရ၊ အပြစ်ရှိသည်ဆိုသော အောက်ရုံး၏ ကောက်ယူချက်မှာ မှန်ကန်သည်။

အယူခံတရားလို အပေါ်အောက်ရုံးမှသက်ညှာစွာ စဉ်းစားပြီး၊အကျင့်စာရိတ္တပြုပြင်ရေးကျောင်းသို့ ပို့ခဲ့ပြီးဖြစ်၍ အောက်ရုံး၏အမိန့်ကို ဝင်ရောက်စွက်ဖက်ရန်အကြောင်းမမြင်၊ ထို့ကြောင့် ဤအယူခံလွှာကိုပလပ်လိုက်သည်။

3B

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးချစ် နှင့် တရားသူကြီး ဦးသက်ဖေတို့ ရှေ့တွင်

† ၁၉၆၆ မေလ ၅ ရက်။

မောင်တင်မြ (အယူခံတရားလို)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁)(ခ)/၃၀၂ (၁)(ဂ)အရ မူပြစ်ထင်ရှားစီရင်ခြင်း—အလှန်ကြောက်ရလွန်းသည့်အခြေအနေမျိုးတွင်သက်သေကလူဆိုးမျက်နှာကို မြင်လိုက်ရသည်ဟု စွပ်စွဲခြင်း—စွပ်စွဲခြင်းမှာယုတ္တိရှိ မရှိ—အသံဖြင့် မှတ်မိသည်ဟုစွပ်စွဲခြင်း—အသံကို မှတ်မိယုံဖြင့်အပြစ်ပေးနိုင် မပေးနိုင်—ဧသဒၵါထိုက်သော ဘမူမျိုးထွင် သက်သေတဦးတည်း၏ ထွက်ချက်—အထူးသဖြင့် ဆန်းစစ်ဝေဖန်ရန်လို—သံသယဖြစ်စေနိုင်သော မျက်မြင်သက်သေတဦးတည်း ထက်ချက်ဖြင့်ပြစ်ဒဏ်ပေးခြင်းမှာသင့် မသင့်။

ဆုံးဖြတ်ချက်။ ။လူဆိုးသည်ခါးဖြင့် သေသူကိုခုတ်သည်။ မမြင်ရှေအားလည်း မကြည့်နှင့်ဆို၍ ဝပ်ထားခိုင်းသည်။ ဤသို့ အလွန်ကြောက်ရလွန်းသည့် အခြေအနေမျိုးတွင် မမြင်ရှေက လူဆိုးမျက်နှာကို မီးရောင်နှင့်မြင်လိုက်ရပါသည်ဟု စွပ်စွဲခြင်းမှာ ယုတ္တိမရှိဟုယူဆသည်။

ကိုလန်မာမက်ခန် နှင့် အစိုးရ၊အိုင်-အယ်-အာ (ရ) ပတ္တနာစီရင်ထုံး၊ ၁၉၂၅၊ အတွဲ-၄၊ စာ ၃၂၇ (၃၂၉) ကိုရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။အသံကိုသာကြား၍ ထိုအသံမှာ အယူခံတရားလို၏ အသံဖြစ်ပါသည်ဟု ပြောဆို၏။ အသံကို မှတ်မိရုံဖြင့် အပြစ်မ ပေးနိုင်။

အောင်ခင် နှင့် အစိုးရ၊ အေ၊အိုင်၊အာ(ရ)၊ ၁၉၃၇၊ ရန်ကုန်၊ စာ ၄၁၇ ကိုရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။သေဒဏ်ထိုက်သော အမှုမျိုးတွင် သက်သေ တဦးတည်း၏ ထွက်ချက်ကို အထူးသဖြင့် ဆန်းစစ်ဝေဖန်ရန် ရှိသည်။

မောင်ရွှေ နှင့် ပြည်ထောင်စုမြန်နိုင်ငံ၊ ၁၉၆၀ ခု၊ မြန်မာပြည်စီရင်ထုံး၊ တရားလွှတ်တော်၊ စာ ၂၄၃ ကိုရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။လူသတ်မှု တခုတွင် အခြားသက်သေများကို ပယ်၍ သံသယဖြစ်စေနိုင်သော မျက်မြင်သက်သေ တဦးတည်း၏ ထွက်ချက်ဖြင့် ပြစ်ဒဏ်ပေးခြင်းမှာ မသင့်လျော်ချေ။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၆၄။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၂၄ တွင်ချမှတ်သော၊ ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့စွဲပါ၊ တောင်ငူမြို့၊ အထူး (စက်ရှင်) တရားသူကြီး၏ အမိန့်ကို အယူခံမှု။

ပြင်ပဌ္ဌ အမှုမှန်သည်မှ ဒေးသည်ကို ထည့်သွင်းမစဉ်းစားဘဲ၊ တရားရုံးတော်၏ ရှေ့မှောက်တွင် ထွက်ဆို သော သက်သေခံချက်များ အပေါ် ဦးမူတည်၍၊ ၎င်း သက်သေခံချက်မျာ းကို ချိန်ဆပြီး၊ တရားခံအာ း ပြစ်ဒဏ်ချမှတ်ရသဖြင့်၊ ထိုသက်သေခံချက်တွင် သံသယ ဖြစ်ပေါ် စေရန် အချက်အလက်များရှိပါက သံသယ၏ အကျိုးကို တရားခံသာ ခံစားခွင့်ရှိသည်။

အယူခံတရားလိုအတွက်။ ။ဒေါက်တာ ဘမော်။

အယူခံတရားခံအတွက်။ ။(အစိုးရရှေ့နေကြီး) ဦးတိုးမောင်။

တရားသူကြီး ဦးချစ်။ ။တောင်ငူမြို့၊ အထူးတရားသူကြီးရုံး၊ ၁၉၆၅ ခု၊ ရာဇဝတ် ကြီးမူအမှာ် ၂၄ တွင်၊ အယူခံဘရားလို မောင်တင်မြအပေါ်၊ ရာဇသတ်ကြီးပုဒ်မ ၃၁၂ (၁) (ခ) နှင့် ရာဇသတ်ကြီးပုဒ်မ ၃၁၂ (၁) (ဂ) တို့အရ၊ပြစ်မှုရောက်သည်ဟု တွေ့ရှိရသဖြင့်၊ ၎င်းအာ း သေဒဏ်အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို အယူခံတရားလို မောင်တင်မြက မကျေနပ်သဖြင့်၊ ဤရုံးသို့အယူခံဝင်လာခြင်းဖြစ်သည်။

အမှုအဖြစ်အပျက် အကြောင်း ချင်းရာနှင့် ပတ်သက်၍၊ အောက်ရုံး၏ စီရင်ချက်တွင် အပြည့်အစုံဖေါ်ပြထာ းသဖြင့် ထပ်လောင်း၍ ဖေါ်ပြရန် လိုမည်မထင ပေ။ လိုရင်းအချက်လေ ာက်ကိုသာလျှင် ဖေါ်ပြသွားပေမည်။ အယူခံတရားလို မောင်တင်မြသည်၊ တောင်ငူခရိုင်၊ ထန်းတပင်ရဲစခန်းအပိုင် ဒိုးစိမ့်ရွာသား ဖြစ်၍၊ ၎င်း သည်သူရင်းငှါးဖြစ်သည်။ သေသူ ဦးဘိုးရန်နှင့် ၎င်း၏ ဇနီး မမြရွှေနှင့် သား သမီးတို့ မှာ၊ ဒိုးစိမ့်ရွာတွင် နေထိုင်ကြသည်။ အချင်းမဖြစ်မီ ၃ လလောက်က၊ မောင်တင်မြ သည် ဦးဘိုးရန်ထံတွင် သူရင်းငှါးအဖြစ်လုပ်ကိုင်ဘူးသည်။ ၁၉၆၅ ခုနှစ်၊ စက်တင်ာ်လ ၂၀ ရက်နေ့ သန်းခေါင်ယံအချိန်တွင် မမြရွှေ (လို့ပြ-၂) သည်၊ အိပ်ပျော်နေရာမှ ၎င်း၏ ယောကျ်ားဦးဘိုးရန်အိပ်သည့်နေရာဘက်မှ ဝုန်းဝုန်းဒိုင်းဒိုင်းအသံများ ကြား သဖြင့် လန့်နိုးသည်။ ထိုအခါက အိမ်ထဲတွင် အလင်းရောင်မရှိ။ လူဆိုးတယောက်က သူမအာ းမထနှင့် ပြောပြီး၊ နွားရောင်းရငေ့ ၃၀၀ ကိုတောင်းသည်။ ဦးဘိုးရန်က ပေးလိုက်ဟုပြောသဖြင့်၊ ခြေရင်းရှိ စားပဲ့အောက်တွင် ခေါင်းလိမ်းဆီဘူးထဲ၌ ထည့် ထာ းသော လက်ဝက်လက်စာ းများကို ထုတ်ပေးလိုက်သည်။ လူဆိုးက ဦးဘိုးရန်၏ လက်နှိပ်ခါတ်မီးဖြင့် မီးထိုးပြသည်။ ထိုမီးရောင်ကြောင့် လူဆိုးမှာ မိမိအိမ်၌သူရင်းငှါး လုပ်ခဲ့ဘူးသူ တင်မြဖြစ်ကြောင်းမှတ်မိသည်ဟု အဆိုရှိသည်။ လူဆိုးသည် ရွှေထည် လက်ဝတ် လက်စာ းများကို ယူပြီးနောက်၊ နွားရောင်းရသောငွေကို ထပ်မံတောင်း ပြန်သည်။ ဦးဘိုးရန်က မမြရွှေအား ရှိတာအကုန်လုံးပေးလိုက်ဟု ပြောသဖြင့်၊ ဝတ်ထားသောဆွဲကြိုးနှင့် နားကပ်တဘက်ကို ထုတ်ပေးလိုက်ရသည်။ နားကပ်တ ဘက်မှာ ကြပ်နေ၍ မချွတ်နိုင်သောကြောင့်မထုတ်ပေးလိုက်ရပေ။ ပစ္စည်းများကို

ရရှိပြီးသော်လည်း၊ လူဆိုးက ဦးဘိုးရန်ကိုစားနှင့် အကြိမ်ပေါင်းများစွာ ခုတ်သည်။ ဦးဘိုးရန် ငြိမ်သွားသောအခါ၊ လူဆိုးသည် ထွက်သွားရန် မီးဖိုဘက်သို့သွားသည်။ မမြရွှေက ခေါင်းမော်၍ကြည့်ရာတွင်၊ လူဆိုးက မမြရွှေထံလာပြီး၊ ရင်ဘတ်ကို ဖနောင့်နှင့်ပေါက်၊ စားပြားဖြင့် ဘယ်ဘက်လက်မောင်းနှင့်လက် ဦးခေါင်းတို့ကို ရိုက်သည်။ လူဆိုးက ဘယ်သူ ဘယ်ဝါထင်သည် ဟုပြောလျှင်တာအိမ်သားလုံးသတ်ပြစ်မည်ဟု ကြိမ်းမောင်းသည်။ ထို့နောက် "ဟေ့ငလုံး ငလုံး သေနတ်ပေး" မအေးခိုန်အိမ် နှင့် ငသိန်းတို့ အိမ်ကို သွားပြီးတိုက်မည်ဟု ပြောသည်။ ဤတွင်အိမ်အောက်မှနေ၍ လက်နှိပ်ဓာတ်မီးထိုးလိုက်ရာ ထိုမီးရောင် သည်ဖွင့်ထားသော ပြူတင်းပေါက်သို့ဝင်လာပြီး၊ လူဆိုး၏ မျက်နှာကို ထိုးမိသဖြင့်၊ လူဆိုးသည်တင်မြဖြစ်သည်ဟု အဆိုရှိသည်။ လူဆိုးသည်ဦးဘိုးရန်ကို ခုတ်ထစ်၍ မမြရွှေထံမှ ပစ္စည်းများကို ရယူနေစဉ်၊ ၎င်းတို့၏သား မောင်ကုလား (လိုပြ-၃) သည် ညီငယ် မောင်ကျော်နှင့် မလှမ်းမကမ်းသော နေရာတွင် အိပ်နေရာမှ နိုးသဖြင့် ငုတ်တုတ်ထထိုင်ပြီး မိဘများဘက်သို့ ကြည့်နေသည်။ သို့သော်လည်း၊ မောင်ကုလားသည် လူဆိုးမှာ မည်သူမည်ဝါဖြစ်ကြောင်း မမြင်ရပေ၊ သို့သော် ပြောဆိုနေသောအသံကိုကြားရသဖြင့်၊ ထိုအသံသည် တင်မြ၏အသံဖြစ်ကြောင်းအဆိုရှိသည်။ လူဆိုးထွက်သွားပြီးနောက်၊ မမြရွှေကအော်ရာတွင်၊ ရွာသားများ ရောက်လာကြသည်။ ဦးစိန် (လိုပြ-၉)သည်၊ အော်သံကြားသဖြင့်၊ မမြရွှေအိမ်သို့လာသည်။ မအေးစိန်၊ ပေးတိုးနှင့် ကျောက်ခဲတို့လည်း ပါလာကြသည်။ မမြရွှေအိမ်ပေါ်တွင်၊ ဦးဘိုးရန်သည် စားခုတ်ဒဏ်ရာနှင့် သေနေသည်ကို တွေ့ရသည်။ စားပြများကို မှတ်မိသလားဟု မမြရွှေအား မေးရာ၊ မှောင်ထဲမှာမို့ လူကိုလည်း မမြင်ဘူး၊ မမှတ်မိပါဘူးဟုပြန်ပြောသည်။ ထို့နောက်ဦးစိန်က၊ မမြရွှေအားအသံကို မှတ်မိသလားဟုမေးရာ၊ အသံကိုလည်းမမှတ်မိဘူးဟုပြန်ပြောသည်။ လူဆိုး၏အသံ မှာစပါးကြီးရွာထဲကလည်းမဟုတ်၊ ဒိုးစိမ့်ရွာကလည်းမဟုတ်ဟု မမြရွှေကဆက်လက်၍ ပြောဆိုသည်။ ထိုအချိန်တွင် အယူခံ တရားလိုတင်မြ စားတချောင်းကိုင်၍ ရောက်လာသည်။ ဦးစိန်ကတင်မြအားလုံခြုံရေးဥက္ကဋ္ဌ ဦးလွန်းမောင်ကို သွားခေါ်ရန်ခိုင်းလိုက်သည်။ တင်မြသည် ဦးလွန်းမောင်ကိုသွားခေါ်သည်။ ဦးလွန်းမောင် ရောက်ရှိလာသောအခါ ၊တင်မြအား မြို့နိုးစခန်း သို့သွားတိုင်ရန်ခိုင်းသည်။ တင်မြသည် မြို့နိုးစခန်း ဒုတိယလုံခြုံရေးမှူး ဦးမောင်ကြီး (လိုပြ ၁) ထံသို့သွားရောက်တိုင်တန်းသည်။ အလောင်းကို ထန်းတပင်ပြည်သူ ဆေးရုံသို့ တင်မြ လိုက်ပို့ပေးသည်။ ဆရာဝန် ဦးတင်မြသန်း (လိုပြ-၅)က၊ အလောင်းတွင် ရရှိသော အပြင်ဒဏ်ရာများကို စစ်ဆေးရာ၊ စားခုတ်ဒဏ်ရာ ၆ ချက်တွေ့ရှိရသည်။ ထို ဒဏ်ရာများမှာ သက်သေခံ စားဖြင့် ခုတ်၍ ရသော ဒဏ်ရာများဖြစ်သည်။ ဒဏ်ရာ အမှတ် (၁) မှာ မုချသေရမည့် ဒဏ်ရာဖြစ်သည်ဟု ဆရာဝန်က ထွက်ဆိုထားသည်။

အယူခံဘရားလို တင်မြသည် မမြရွှေအိမ်သို့လာ၍၊ ဦးဘိုးရန်၏ အသုဘကိစ္စတွင် ရက်လည်ဆွမ်းသွတ်သည့် အချိန်အထိ ဆောင်ရွက်မေးနေကြောင်း အမှုတွင် ပေါ်လွင်သည်။ ၎င်းကို အချင်းဖြစ်ပြီး ဂ ရက်ကြာမှ ဦးဘိုးရန်ကို သတ်မှုဖြင့် ဘမ်းဆီးသည်ဟု ၎င်းကို ဘမ်းဆီးပြီးမှ မမြရွှေ ကဦးဘိုးရန်ကို သတ်၍ ပစ္စည်းများ လုယူသောလူဆိုးမှာ တင်မြဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုသည်။

အယူခံတရားလို၏ ပညာရှိ ရွှေနေကြီး ဒေါက်တာ ဘမော်က၊ မမြရွှေသည် လူဆိုးမည်သူ မည်ဝါဖြစ်ကြောင်းကိုမသိပါ။ မောင်ကုလား (လို့ပြ-၃) သည်၊ အချင်းဖြစ်စဉ်အခါက အိပ်ယာမှ နိုးရ၍ ထဆိုင်ပြီးကြည့်နေစဉ်၊ လူဆိုးသည် မည်သူ မည်ဝါဖြစ်ကြောင်းကို မသိပါ။ သို့ရာတွင် လူဆိုး၏အသံမှာ တင်မြ၏ အသံဖြစ်ပါသည်ဟု ပြောဆိုသွားခြင်းမှာ တိကျသော သက်သေထွက်ချက်မဟုတ်ပါ။ ၎င်းပြင် အချင်းမဖြစ်မီက မောင်တင်မြသည်၊ ဦးဘိုးရန် မမြရွှေဘို့ထံတွင် သူရင်းငှါးအဖြစ် လုပ်ကိုင်ဆုဌ အလုပ်လုပ်ရာတွင် မိမိအလုပ်ထက် ပိုလုပ်ကြောင်း၊ မမြရွှေကို ဦးဘိုးရန်နှင့် ကွာရှင်းခိုင်းကြောင်း၊ တင်မြက မမြရွှေထံ ငွေ ၅၀ ချေးရာ တွင် မရသဖြင့်၊ ကြိမ်းမောင်းကြောင်း ထွက်ဆိုချက်မှာ၊ မမြရွှေ၏အပြောသာဖြစ်သဖြင့်၊ ထောက်ခံချက်မရှိသောကြောင့် လက်မခံသင့်ပါ။ မောင်တင်မြသည် မမြရွှေကို အမှန်ချစ်ကြိုက်နေက၊ အချင်းဖြစ်စဉ်အခါတွင် မမြရွှေကို ရက်ရက်စက်စက် ဖနှောင့်နှင့်ပေါက်၊ ခါးပြားနှင့် ရိုက်မည်မဟုတ်ပါ။ လုရက်သွားသော ပစ္စည်းများကိုလည်း၊ မောင်တင်မြထံမှ ပြန်မရပါ။ လူဆိုးသည် အချင်းဖြစ်စဉ်အခါက၊ အလွန်အရက်မူးနေသည်ဟု မမြရွှေက ထွက်ဆိုထားသော်လည်း၊ ထိုအချိန်အခါက မောင်တင်မြသည်၊ မောင်လေး (လို့ပြ-၆) အိမ်၌အိပ်နေသူဖြစ်သဖြင့်၊ အရက်သောက်ကြောင်း သက်သေခံမရှိပါ။ လူဆိုးက "ငလုံး ငလုံး သေနတ်ပေး" ဟုပြောဆိုရာ၌ ငလုံးအမည်ရှိသူမှာ၊ ထိုရွာနှင့် အခြားနီးစပ်ရွာများတွင် ရှိသောသူဟု အမှုတွဲတွင် မပေါ်လွင်ပါ။ ရဲအရာရှိများအပါအဝင်သက်သေများက အချင်းဖြစ်ပြီးလျှင် ပြီးခြင်း၊ မမြရွှေအား မေးမြန်းကြသောအခါ၊ မမြရွှေက လူဆိုးသည် မည်သူမည်ဝါဖြစ်ကြောင်းကို မသိပါ။ အသံကိုလည်း မမှတ်မိကြောင်း ထွက်ဆိုသွားပါသည်။ အထူးသဖြင့်၊ ဦးလွန်းမောင် (ခံပြ-၂) ၏ သက်သေထွက်ချက်ကို၊ ရုံးတော်က အလေးပြုထိုက်ပါသည်။ ၎င်းသည် ဒိုးစိမ့်ရွာတွင် လုံခြုံရေးနှင့် မြေယာကော်မီတီ ဥက္ကဋ္ဌ ဖြစ်ပါသည်။ ၎င်း၏ ထွက်ချက်အရဆိုလျှင် မမြရွှေခါးပြဟာ ဒိုးစိမ့်နှင့် စပါးကြီးရွာထဲက လူမဟုတ်ပါ၊ အသံကိုလည်းမသိပါ။ ခါးပြသည် အင်မဟန် အရက်မူးနေသည်ဟု ပြောကြောင်း ထွက်ဆိုထားချက်ရှိသည်။ မမြရွှေက မောင်တင်မြကို အလွန်ကြောက်သဖြင့်၊ မောင်တင်မြမှန်းသိလျက်သားနှင့် ထုတ်ဖော်မပြောရဲဟု ဆိုခြင်းမှာ ယုတ္တိမရှိပါ။ မောင်တင်မြသည် လူဆိုး လူမိုက်

၁၉၆၆

မောင်တင်မြနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

တယောက်ဟု သက်သေခံချက်မရှိပါ။ ၎င်းတွင် မောင်ပု (လိုပြု-၄) ၏သက်သေခံ ခါးရှိသော်ငြားလည်း၊ အလောင်းကို ဆေးရုံသို့ ပို့သည့်အချိန်တွင်၊ ထိုခါးကို မမြင်ရဘဲ တိုအိမ်တွင်ပင် ထားခဲ့ပါသည်။ ထို့ကြောင့် သူသည် လက်နက်မရှိသောသူ တယောက် ဖြစ်ပါသည်။ ရဲများ လာရောက်စစ်ဆေးစဉ်အခါက၊ လက်နက်မရှိသော မောင်တင်မြ အား ကြောက်နေရန် အကြောင်းမရှိပါ။ လူဆိုးသည် မောင်တင်မြ အစစ်အမှန်ဖြစ်ခဲ့ ပါလျှင်၊ ရဲများအား လူဆိုးမှာ မောင်တင်မြဖြစ်သည်ဟု ပြောလိုက်လျှင် ပြောလိုက်ခြင်း မောင်တင်မြကို ဘမ်းမည်ဖြစ်ပါသည်။ အချင်းမဖြစ်ခင် ညနေက မောင်တင်မြသည်၊ မောင်ပုကိုခေါ်၍ ၎င်း၏အိမ်၌ ထမင်းကျွေးထားတွင်၊ ဘိုးရန်ကို သတ်ရအောင်ဟု တင်မြက ပြောခြင်းမှာ ယုတ္တိမရှိပါ။ ထိုအကြောင်းနှင့် ပတ်သက်၍လည်း၊ မောင်ပု ကမည်သူ့ကိုမျှမပြောပါ။ ၎င်းပြင် အချင်းဖြစ်ညက တင်မြသည်၊ မောင်ပုအိမ်တွင် မောင်လေး (လိုပြု-၆) နှင့် အတူ တခန်းတည်းအိပ်ရာ၊ မမြရွှေတို့ အိမ်ဘက်မှ ဆူဆူညံညံကြားသဖြင့်၊ မောင်ပုနှင့် မောင်လေးတို့က ထကြည့်ရာတွင်၊ မောင်တင်မြ မရှိတော့ကြောင်းနှင့် မောင်ပု၏ခါးလည်း မရှိတော့ကြောင်း ထွက်ဆိုထားချက်များကို အောက်ရုံးက အလေးမပေးထိုက်ပါ။ အဘယ့်ကြောင့် ဆိုသော်၊ မောင်တင်မြသည် မမြရွှေတို့၏အိမ်တွင် သူရင်းငှားလုပ်ခဲ့ဘူးသူ ဖြစ်သည့်အလျောက်၊ ထိုအိမ်ဘက်မှ ဆူဆူညံညံအသံကြားသဖြင့်အကူအညီပေးရန်၊ မည်သူ့မျှကိုမနှိုးဘဲ၊ မောင်ပုခါးကိုဆွဲ၍ ဆင်းသွားပါသည်၊ မပေါက်စ (ခံပြု-၃) နှင့် မောင်သန်းတင် (ခံပြု-၄) တို့ကိုလည်း မောင်တင်မြသည် မောင်ပုအိမ်မှ ခါးကိုင်ဆင်းလာပြီး ဆူဆူညံညံ အသံအကြောင်းကို မေးကြောင်းထွက်ဆိုထားပါသည်။ သေသူ၏သားမောင်ကုလားနှင့် မောင်ကျော်တို့ မောင်သန်းတင်အိမ်သို့ ရောက်ရှိလာသောအခါ၊ ၎င်းတို့အိမ်ကို ခါးပြတိုက်သွားပြီး၊ ၎င်း၏အဖေကိုလည်း သတ်သွားသည်ဟုပြောသဖြင့်၊ မောင်တင်မြသည်မောင်သန်းတင် တို့နှင့်အတူမောင်ကုလားတို့ပါ မမြရွှေတို့၏အိမ်သို့သွားကြောင်း။ အထက်ပေါ်ပြပါအ ခြင်းအရာများကို ထောက်ခြင်းအားဖြင့်၊ လူသတ်၍ လုယက်သော လူဆိုးမှာ၊ အယူခံ တရား**လို**မောင်တင်မြဖြစ်သည်ဟု တထစ်ချမပြောနိုင်ပါ။ ထို့ကြောင့် မောင်တင်မြ အပေါ်ပြစ်မှုတွေ့ရှိရသည့် သေဒဏ်အပြစ်ပေးထားခြင်းမှာ မှားယွင်းပါသည်ဟု လျှောက်လဲသွားသည်။

ပညာရှိ အစိုးရရွှေနေကြီး ဦးတိုးမောင်က၊ အမှုမှာအမှုအမှန်ဖြစ်သော်ငြားလည်း ဦးဘိုးရန်ကို သတ်၍ ပစ္စည်းများ လုယူသော လူဆိုးမှာ မောင်တင်မြဖြစ်သည်ဟု အမှုတွဲတွင် တိကျပြတ်သားစာမပေါ်လွင်ပါ။ မောင်တင်မြအပေါ်တွင် ဒီဟသံသယ

ဖြစ်စရာ အကြောင်းလောက်သာ ရှိသဖြင့်၊ ထိုဒိဟသံသယ၏ အကျိုးခံစားခွင့်ကို မောင်တင်မြ ခံစားထိုက်ပါသည်ဟု ရိုးသားစွာ ဝန်ခံသွားသည်။

ကျွန်ုပ်တို့သည်၊ ပညာရှိရွှေနေကြီးများ၏ လျှောက်လဲချက်ကို ကြားနာပြီးနောက် အမှုကို အသေးစိတ် ဝေဖန်သုံးသပ်စိစစ်ကြသည်။ အယူခံတရားလို မောင်တင်မြသည် ဦးဘိုးရန်ကို ကြိုတင်ကြံရွယ်၍ သတ်ဖြတ်ခြင်းလော၊ ဦးဘိုးရန် နှင့် မမြရွှေတို့၏ ပစ္စည်းများကို လုယက်ရာ၌၊ ဦးဘိုးရန်ကို သတ်ဖြတ်ခြင်းလော၊ စသည်တို့ကိုစဉ်းစားရန် အဓိကအချက်ကြီးဖြစ်ပေသည်။ မောင်တင်မြသည် ဦးဘိုးရန် မမြရွှေတို့ထံသူရင်းငှါးအဖြစ်၊ အချင်းမဖြစ်မီ လွန်ခဲ့သော ၃ လလောက်က၊ ၁၅ ရက်မျှ လုပ်ကိုင်ခဲ့သည်ဆိုခြင်းမှာ မငြင်းနိုင်ပေ။ မောင်တင်မြက မမြရွှေကို၊ တဘက်သတ် ချစ်ကြိုက်နေခြင်းနှင့်ပတ်သက်၍၊ သက်သေထွက်ချက်မရှိ။ "ခင်ဗျား ဒီယောကျ်ားကြီးကို ကွာလိုက်ပါ၊ မကွာရင်သိကြရောပေါ့" ဟုပြောဆိုခြင်းနှင့် ပတ်သက်၍လည်း သက်သေထွက်ချက်မရှိ။ ထို့ပြင် မောင်တင်မြက ဦးဘိုးရန် မမြရွှေတို့ထံ ငွေ ၅၀ ချေးသည်ကိုမရှင်းဘဲ၊ ဦးလွန်းမောင်ဆိုသူအား ငွေ ဂဝ ချေးလိုက်သဖြင့်၊ ၎င်းအကြောင်းကို မောင်တင်မြသိရှိသောအခါ၊ သူ့ကိုငွေမချေးရကောင်းလားဆိုပြီး သိကြရောပေါ့ဆိုပြီး ကြိမ်းမောင်းခြင်းနှင့်ပတ်သက်၍သက်သေခံချက်မရှိ။ ဦးလွန်းမောင် (ခံပြ-၂)အမည်ရှိသူမှာ၊ ထိုရွာတွင် လုံခြုံရေးနှင့် မြေယာကော်မီတီဥက္ကဋ္ဌတဦးသာရှိသည်။ ဦးလွန်းမောင်က၊ ဦးဘိုးရန်နှင့် မမြရွှေတို့ထံမှ ဘယ်သောအခါမှ ငွေမချေးရဟုထွက်ဆိုထားသည်။ ၎င်းပြင် သက်သေခံအမှတ် (ဆ) ဖြစ်သော စာကို၊ မောင်တင်မြထံမှတွေ့ရှိရသည်။ ထိုစာမှာ သမီးရည်းစားစာမျိုးဖြစ်ပြီး၊ ထိုစာကို မောင်တင်မြကမမြရွှေထံသို့ပေးသည့် စာဖြစ်သည်ဟု တထစ်ချ မပြောနိုင်ပါ။ ဦးလွန်းမောင် (ခံပြ-၂) ၏ သက်သေထွက်ချက်အရ၊ မောင်တင်မြသည် ၎င်း၏တူမ မခင်ကြည်နှင့် ချစ်ကြိုက်နေသဖြင့်၊ ၎င်းက သဘောမတူသောကြောင့်၊ ၎င်း၏တူ မောင်ထွန်းမောင်နှင့် ပေးစားလိုက်သည်ဟု အဆိုရှိသည်။ ထိုစာမှာ မခင်ကြည်သို့ ပေးသောစာဖြစ်လျှင် ဖြစ်နိုင်မည်။ အချင်းမဖြစ်မီညနေက၊ မောင်ပု (လိုပြ-၄)ကို မောင်တင်မြကခေါ်၍ ထမင်းကျွေးထုတ်ရာ၊ ကိုတိုးရန်ကို သတ်ရအောင်လို့ ပြောသည်ဆိုခြင်းနှင့် ပတ်သက်၍ မောင်ပု၏ အပြောသာလျှင်ရှိသည်။ ထိုပြောချက်သည် ယုတ္တိမရှိကြောင်းနှင့် ပညာရှိရွှေနေကြီးကတင်ပြသွားသည်။ ထိုတင်ပြချက်မှာမှန်ကန်သည်ဟု၊ ကျွန်ုတို့ယူဆသည်။

ဒုတိယ ဘက်မှ ဆူဆူညံညံ အသံကြားသောအခါ၊ မောင်ပုအိမ်တွင် မောင်လေးနှင့်အတူ အိပ်နေသော မောင်တင်မြသည်၊ အိမ်အဖော်များကို မနှိုးဘဲ၊ မောင်ပုခါးကိုကိုင်၍

၁၉၆၆ မောင်တင်မြနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ဆင်းသူးခြင်းမှာ အချင်းဖြစ်ပြီးမှ ဆင်းသူးသည်ဟု မယူဆဘဲ အချင်းမဖြစ်ခင် ကထဲက၊ ဆင်းသူး၌ မောင်ပုခါးနှင့်ပင်၊ ဦးဘိုးရန်ကို ခုတ်သတ်သည့်အနေမျိုး ယူဆတားခြင်းမှာ၊ လွဲမှားသည်ဟု ယူဆရပေမည်။ အောက်ရုံးပညာရှိ တရားသူကြီး သည် မပေါက်စ (ခ်ပြ-၃) နှင့် မောင်သန်းတင် (ခ်ပြ-၄) တို့၏ သက်သေထွက်ချက် များကိုလုံလောက်သော အကြောင်းမရှိဘဲ **ပယ်လိုက်**သည်မှာ မှားယွင်းသည်ဟု ယူဆ သည်။ ၎င်းတို့၏သက်သေထွက်ချက်များကိုအလေးပေး၍ စဉ်းစားလျှင်၊ မောင်တင်မြ သည် မမြရွှေဘို့အိမ်ဘက်မှ ဆူဆူညံညံကြားပြီးမှ မောင်ပုအိမ်ပေါ်မှ ဆင်းလာပြီး မောင်သန်းတင် အိမ်ထဲရောက်သောအခါ၊ သေသူ၏သား မောင်ကုလားနှင့် မောင် ကျော်တို့ထံမှ အကျိုးအကြောင်းသိရသဖြင့်၊ မမြရွှေတို့အိမ်သို့ မောင်သန်းတင်ပါ လိုက်သွားသည်မှာ ထင်ရှားသည်။ ဦးစိန် (လိုပြ-၉) သည်၊ မမြရွှေအိမ်သို့ အရင်ဆုံး ရောဘ်သူဖြစ်သည်။ သူသည်မောင်တင်မြ ကိုင်းခုတ်ခါးတလက် ကိုင်ဆောင်လာပြီး မမြရွှေ တို့အိမ်သို့လာသည်ကို သိရှိရသည်။ ဦးစိန်ကပင်လျှင်၊ မောင်တင်မြအား၊ လုံခြုံရေးနှင့် မြေယာကော်မီတီ ဥက္ကဋ္ဌဦးလွန်းမောင်သို့ သွားခေါ်ရန် ခိုင်းလိုက်သည်။ ဦးလွန်းမောင် ရောက်လာသောအခါ၊ ၎င်းကမောင်တင်မြအား၊ မြို့စိုးစခန်းသို့သွားတိုင် ရန်ပင်လှတ်လိုက်သည်။ မောင်တင်မြသည်အမှန်စင်စစ်ဦးဘိုးရန်အား ကိုင်ဆောင်လာ သော မောင်ပုခါးနှင့် ခုတ်ခဲ့ပါမူ၊ ခါးခုတ်ချက်များမှာလည်း ၆ ချက်ဖြစ်သဖြင့်၊ ခါး ၌ သွေးစွန်းစရာ အကြောင်းရှိသည်။ ၎င်းပြင် ၎င်းဝတ်ထားသော အဝတ်အစား၌ လည်း သွေးများ ပေနေစရာ အကြောင်းရှိနိုင်သည်။ သို့ရာတွင်၊ မောင်တင်မြ၌ သော်၎င်း၊ ခါး၌သော်၎င်း၊ သွေးတွေ့ရှိသည်ဟု သက်သေထွက်ချက်မရှိပေ။ မမြရွှေ၏ အဆိုအရဆိုလျှင်၊ မောင်တင်မြသည် အလွန်အရက်မူးနေသည်ဟု ဆိုလေသည်။ မောင် တင်မြ အရက်သောက်ထားကြောင်း သက်သေထွက်ချက်မရှိပေ။ မောင်တင်မြသည် ၎င်း၏အိမ်၌ မောင်ပုနှင့်အတူ ထမင်းစားပြီးနောက်၊ မောင်ပုအိမ်သို့လိုက်သွား၍ ဆေးလိပ် တရှိုက်နှစ်ရှိုက် သောက်ပြီးလျှင်၊ မောင်လေးနှင့် အတူအိပ်သည်ဟု သက်သေထွက်ချက်ရှိသဖြင့် မောင်တင်မြသည် ဘယ်လိုနည်းနှင့်မျှ အရက်မူးနေသူ မဟုတ်ပေ။ မမြရွှေ၏ ထွက်ချက်အရ မောင်တင်မြသည်၊ ခေါင်း၌သဘက်ပတ်ထားပြီး မိန်းမချည် ချည်ထားသည်ဟု တွေ့ရှိရကြောင်း၊ ဦးဘိုးရန် လက်နှိပ်ခါတ်မီးကို မောင် တင်မြက ထိုးထားသဖြင့်၊ ၎င်းမီးအလင်းရောင်ဖြင့် မြင်ရပါသည်ဟုဆိုသည့်အချက်မှာ ယုတ္တိမရှိပေ။ စဉ်းစားခန့်ရှိပေသည်။ လူဆိုးသည် ခါးဖြင့် ဦးဘိုးရန်ကိုလည်း ခုတ် သည်၊ မမြရွှေအားလည်းမကြည့်နှင့် ဆို၍ဝပ်ထားခိုင်းသည်။ ဤကဲ့သို့ အလွန် ကြောက်ရလွန်းသည့် အခြေအနေမျိုးတွင်၊ မမြရွှေက လူဆိုးမျက်နှာကို မီးရောင်နှင့်

မြင်လိုက်ရပါသည်ဟု စွပ်စွဲခြင်းမှာ၊ ယုတ္တိမရှိဟုယူဆသည်။ ဂိုလန်မာမက်ခန်နှင့် အစိုးရ (၁) အမှုတွင်—

> "It is often and wisely, not thought safe to convict a person upon his identification by *one* individual under circumstances of strain and terror accompanying violent crime."

ဟုစီရင်ထုံးဖွဲ့ထားသည်။

ၚင်းပြင်၊ မမြရွှေက မောင်တင်မြသည်၊ ဦးဘိုးရန်အား ခါးနှင့် ခုတ်သတ်ပြီးလျှင် နောက်ထပ်မံ၍ ပစ္စည်းများကို ယူပြီး၊ အထက်တွင် မိမိက မော့ကြည့်လိုက်သည်ဟု အဆိုရှိသည်။ ထိုအချိန်အခါတွင် အိမ်အတွင်း၌ အလင်းရောင်မရှိ မှောင်နေသဖြင့် လူဆိုးကို မြင်နိုင်စွမ်းမရှိပေ။။ ထို့ပြင် မောင်တင်မြက သူ့ကို မော့ကြည့်ရမည်လား ဆိုပြီး မမြရွှေအား ဖနှောင့်နှင့် ပေါက်၍ ခါးပြားနှင့် ၂ ချက် ရိုက်လိုက်ခြင်းမှာ မမြရွှေ၌ ဒဏ်ရာ ဒဏ်ချက်ရရှိသည်ဟု မပေါ်လွင်ချေ။ ၚင်းနောက် စဉ်းစားရန်ရှိသော အချက်တခုမှာ၊ ထိုမှောင်ထဲတွင် လူဆိုးက ၚင်းအား၊ မမြရွှေက မော့ကြည့်နေသည်ကို မြင်နိုင်မည်မဟုတ်ပေ။ လူဆိုးသည် မောင်တင်မြဖြစ်ခဲ့လျှင်၊ မိမိချစ်ကြိုက်နေသော မမြရွှေအား ထိုကဲ့သို့ ဖနှောင့်နှင့်ပေါက် ခါးပြားနှင့် ရိုက်မည်မဟုတ်ပေ။ ၚင်းပြင်လူဆိုးက "လုံး လုံး သေနတ်ပေး" ဟုပြောဆုတွင်၊ အိမ်အောက်ကနေ လက်နှိပ်ခါတ်မီးထိုး သည်၊ ထိုလက်နှိပ်ခါတ်မီးရောင်တွင်၊ လူဆိုးသည် တင်မြဖြစ်ကြောင်း မှတ်မိပါသည်ဟု ထွက်ဆိုချက်မှာ ယုတ္တိမတန်ပေ။ ထို့ရှာတွင် လုံးနှာမည်ဖြင့် လူရှိသည်ဟု သက်သေခံချက်မရှိပေ။ ထို့ပြင် တင်မြက မအေးချိန်နှင့် ငသိန်းတို့ အိမ်သွားတိုက်မည်ဟုပြောပြီး ဆင်းသွားသော်ငြားလည်း၊ ထိုညကဖြစ်စေ၊ နောက်ည များတွင်ဖြစ်စေ၊ မအေးချိန်နှင့် ငသိန်းတို့အိမ်တွင် ခါးပြတိုက်မှုမဖြစ်ပေ။ မြို့စိုးစခန်း ဒုတိယစခန်းမှူး ဦးမောင်ကြီး (လိုပြ-၁)၊ ဦးစိန် (လိုပြ-၉)၊ ကညတ်ကွင်းရဲစခန်းမှူး ဦးခင်မောင် (လိုပြ-၁၀) နှင့် ဦးလွန်းမောင် (ခံပြ-၂) တို့ကို၊ မမြရွှေက လူဆိုးသည် မောင်တင်မြ ဖြစ်ကြောင်း ပြောရုံမျှမက၊ လူဆိုးမှာ ဒိုးစိမ့်နှင့် စပါးကြီးရွာမှလူ မဟုတ်ဟုပြောသည့်အပြင်၊ လူဆိုးမှာ အလွန်အရက်မူးနေသည်ဟု ပြောပြလေသည်။

ထို့ကြောင့် ကျွန်ုပ်တို့ ယူဆသည်မှာ၊ လူဆိုးကို မမြရွှေသည် ထင်ထင်ရှားရှား မမှတ်မိသဖြင့် အယူခံတရားလို မောင်တင်မြ မဟုတ်ပေ။ မောင်ကုလား (လိုပြ-၃) သည်၊ မိဘမျှား အိပ်ယာနှင့် မနီးမဝေးတွင် အိပ်နေသူဖြစ်သည်။ ဝုန်းဒိုင်းအသံကြား၍

(၁) အိုင်၊အယ်(လ်)၊အာ(ရ်)၊ ပတ္တနာစီရင်ထုံး ၁၉၂၅ ခု၊အတွဲ ၄ စာ ၃၂၇ (၃၂၉)။

၁၉၆၆
မောင်တင်မြ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

နိုးပြီးထရာတွင်၊ လူဆိုးသည် အယူခံတရားလို မောင်တင်မြဖြစ်သည်ဟု မစွပ်စွဲနိုင်ပေ။ ၎င်း၏ထွက်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။ "ကျွန်တော်နိုးသည့်အချိန်မှ ခါးပြဆင်းသွားသည့်အချိန်အထိ၊ ကျွန်တော့်အဘေဘက်သို့ လှည့်ကြည့်၍ ငုတ်တုတ်ထိုင်နေကြပါသည်။ ခါးပြသည် ပြေးသည်အထိ ကျွန်တော် ဘာအရောင်မျှ မမြင်ပါ။" စသည်တို့ကို ထောက်ထားသဖြင့်၊ ထိုအချိန်က အိမ်ပေါ်တွင် အလင်းရောင်မရှိဟု ယူဆနိုင်သည်။ ထို့နောက် ၎င်းအား အစိုးရရှေ့နေကြီး ထပ်မံမေးမြန်းသောအခါ "အဘေအမေအိပ်ယာဘက်မှ ဘာမျှဓါတ်မီးရောင်မမြင်လိုက်ပါ" ဟု ထွက်ဆိုပြန်သည်။ အမှန်ဓါတ်မီးရောင် မြင်ရလျှင်၊ မိဘအိပ်ယာနှင့် မဝေးသော နေရာမှ ကြည့်နေရာတွင်၊ တွေ့မြင်ရသော လူဆိုးမှာ၊ ယခင်က သိကျွမ်းခဲ့ဘူးသူ မောင်တင်မြဖြစ်မည်ကို မှတ်မိရပေမည်။ သို့သော်လည်း ဤသို့မပြောဆို။ အသံကိုသာကြား၍ ထိုအသံမှာ မောင်တင်မြ၏ အသံသာဖြစ်ပါသည်ဟု ပြောဆိုသည်။ အသံကိုမှတ်မိရုံဖြင့် အပြစ်မပေးနိုင်ခြင်းနှင့်ပတ်သက်၍၊ **အောင်ခင်**နှင့် **အစိုးရ** (၂)အမှုတွင်၊ အောက်ပါအတိုင်းစီရင်ထုံးဖွဲ့ထားသည်။

> **"It is never safe to rely on the identification of a person by his voice. One is always liable to make a mistake."**

ကျွန်ုပ်တို့သည် ဤအမှုတခုလုံးကို ခြုံ၍သုံးသပ်ကြည့်သောအခါ၊ အယူခံတရားလို မောင်တင်မြကို ငြိစွန်းသော သက်သေထွက်ချက်မှာ၊ မမြင်ရ (လိုပြ-၂) ၏သက်သေထွက်ချက်ဖြစ်သည်။ ဤအမှုသည်ထင်ရှားပါက၊ သေဒဏ်ထိုက်သော အမှုဖြစ်သည်။ ထိုသေဒဏ်ထိုက်သော အမှုမျိုးတွင်၊ သက်သေတဦးတည်း၏ ထွက်ချက်ကို၊ အထူးသဖြင့်ဆန်းစစ်ဝေဘန်ရန်ရှိသည်ဟု၊ **မောင်ရွှေ** နှင့် **ပြည်ထောင်စု မြန်မာနိုင်ငံ** (၃) အမှုတွင် အောက်ပါအတိုင်းအဆုံးအဖြတ်ပေးထားသည်။

> "ကြီးလေးသော သေဒဏ်ထိုက်သင့်သည့် ရာဇဝတ်မှု တမှုနှင့်ပတ်သက်၍ တရားလိုဘက် အဓိက သက်သေတဦးတည်း၊ သို့မဟုတ် တဦးထက်ပို၍ရှိရမည်ဟု ဥပဒေက သတ်မှတ်ထားခြင်းမရှိလျှင်၊ သက်သေတဦးတည်း၏ထွက်ချက်နှင့်ပင် ယင်းထွက်ချက်ကို သံသယကင်းရှင်းစွာဖြင့်၊ ပတ်ဝန်းကျင် အခြေအနေနှင့် ထောက်ခံချက် သက်သေ ရှိမရှိကို အထောက်အထားပြု၍၊ ယုံကြည်နိုင်လောက်သော ထွက်ချက်ဖြစ်သည်ဟု ယူဆနိုင်ပါက၊ တရားခံအား အပြစ်ဒဏ်ပေးနိုင်သည်။ သို့သော် ယင်းထွက်ဆိုချက်သည် ယုံကြည်နိုင်လောက်သော ထွက်ချက်

(၂) အေ၊အိုင်၊အာ(ရ)၊ ၁၉၃၇၊ ရန်ကုန်၊ စာ ၄၀၇။
(၃) ၁၉၆၀ ခု၊ မြန်မာပြည်စီရင်ထုံး၊ တရားလွှတ်တော်၊ စာ ၂၄၃။

ဟုတ်မဟုတ်မှာ၊ ၎င်းကို ထောက်ခံထားသော သက်သေများ ရှိမရှိပေါ် ၌ တည်နေ၍၊ ရှိပါက ပို၍အမှုကို ထင်ရှားစေသည်။ ထွက်ချက်သည်ယုံကြည်သင့်သည်၊ မယုံကြည်သင့်သည်မှာ၊ အမှု၏ အဖြစ်အပျက်အကြောင်းချင်းရာပေါ် ၌ လည်းများစွာ အမှီသဟဲပြုသည်။

လူသတ်မှုတစ်ခုတွင်၊ အခြားသက်သေများကို ပယ်၍ သံသယဖြစ်စေနိုင်သော မျက်မြင်သက်သေ တစ်ဦးတည်း၏ ထွက်ချက်ဖြင့် ပြစ်ဒဏ်ပေးခြင်းမှာ မသင့်လျော်ချေ။ ပြင်ပ၌ အမှုမှန်သည် မှားသည်ကို ထည့်သွင်း မစဉ်းစားဘဲ တရားရုံးတော်၏ ရှေမှောက်တွင် ထွက်ဆိုသော သက်သေခံချက်များအပေါ်၌ မူတည်၍ ၎င်း သက်သေခံများကို ချိန်ဆပြီး တရားခံအား ပြစ်ဒဏ်ချမှတ် ရသဖြင့် ထိုသက်သေခံချက်တွင် သံသယ ဖြစ်ပေါ်စေရန် အချက်အလက်များ ရှိပါက သံသယ၏ အကျိုးကို တရားခံသာ ခံစားခွင့်ရှိကြောင်း Nura and another v.state A.I.R (1936) Lah, 778 ကို ရည်ညွှန်းသည်။"

ထိုအမှုတွင် ချမှတ်သောအဆုံးအဖြတ်ကို မှီငြမ်းပြု၍ ဤအမှုကို ဝေဖန်သုံးသပ်စိစစ်ရာ၌ မမြရွှေ (လှိုပြ-၂) ၏ သက်သေထွက်ချက်မှာ အပြီးအမောက် မတည့်ရုံမျှမက အမှုအကြောင်းချင်းရာနှင့် သက်သေထွက်ချက်များအရ ဖီလာဆန့်ကျင်နေသည်ကို တွေ့ရှိရသဖြင့် ၎င်း၏ ထွက်ချက်ကို ယုံကြည်ရန် ခဲယဉ်းသည်ဟု ကျွန်ုပ်တို့ ယူဆသည်။

အထက်ဖော်ပြပါ အကြောင်းချင်းရာများနှင့် ယူဆချက်များအပြင် စီရင်ထုံးများအရ ကျွန်ုပ်တို့သည် အောက်ရုံးပညာရှိ တရားသူကြီးချမှတ်သော အဓိန်မှာ များယွင်းနေသည်ဟု တွေ့ရှိရသဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းရှိပေသည်။

သို့ဖြစ်၍ အယူခံတရားလို မောင်တင်မြအပေါ် အောက်ရုံးပညာရှိ တရားသူကြီးက ရာဇသတ်ကြီးပုဒ်မ ၃၂၂ (၁) (ခ) နှင့် ၃၀၂ (၁) (ဂ) တို့အရ ပြစ်မှုမြောက်သည်ကို တွေ့ရှိရပြီး သေဒဏ်ချမှတ်ခြင်းကို ပယ်ဖျက်လိုက်ပြီး ၎င်းအား ဤအမှုနှင့် ပတ်သက်သမျှ တရားသေလွတ်စေရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဇေ ရွှေတင်

မောင်တင်လှိုင် (အယူခံတရားလို)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၆ ဌာန်လ ၂ ရက်။

ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂) အရ မူပြစ်ထင်ရှားစီရင်ခြင်း—ရဲစခန်းတွင် ပေးခဲ့သော ပဌမသတင်းချက်—ကျမ်းသစ္စာပြုပြီးထွက်ဆိုသောထွက်ဆိုချက်မဟုတ်ခြင်း—တရားခံတဦးအပေါ် အခြေခံသက်သေအထောက်အထား တခုအဖြစ် အသုံးပြုနိုင်မပြုနိုင်—သက်သေခံ အက်ဥပဒေပုဒ်မ ၁၅၇ အရထောက်ခံသည့်အနေ၊ သို့မဟုတ် ပုဒ်မ ၁၄၅ အရဆန့်ကျင်သည့်အနေဖြင့်သာအသုံးချနိုင်ခြင်း—ပဌမသတင်းချက်ကိုအခြားသက်သေတို့၏ ထွက်ချက်များကိုထောက်ခံသည့်အနေဖြင့် အသုံးပြုနိုင် မပြုနိုင် ရဲထံတွင်အစစ်ခံချက် —ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၆၂ အရ မူလထွက်ချက်နှင့်ကွဲလွဲခြင်း၊ ရုံးရှေ့ရှိထွက်ချက်ကို ထောက်ခံသည့် အနေဖြင့် အသုံးပြုနိုင် မပြုနိုင်—ရဲထံတွင်ထွက်ဆိုခဲ့ကြောင်း၊ ထိုထွက်ဆိုချက်အတိုင်း မှန်ကန်ကြောင်း ဝန်ခံခြင်းဖြစ် လျှင် တရားခံအပေါ် အသုံးပြုနိုင် မပြုနိုင်။

ဆုံးဖြတ်ချက်။ ။ရဲစခန်းတွင် ပေးခဲ့သော ပဌမသတင်းချက်မှာ ကျမ်းသစ္စာပြုပြီး ထွက်ဆိုသော ထွက်ချက်လည်း မဟုတ်၊ အဖော်ဖက်မှ ပြန်လှန်မေးခွန်းထုတ်ရန်လည်း အခွင့်အရေးမရှိ သည့် လူ တဦး တယောက်၏ တိုင်ချက် မှတ်တမ်း တခုသာဖြစ်၏ ။ ထို မှတ်တမ်း အား တရားခံတဦးအပေါ် အခြေခံသက်သေ အထောက်အထားတခုအဖြစ် အသုံးမပြုနိုင်၊ လာဇောက်ဘိုင်တန်းသူ၏ရုံးရှေ့ရှိထွက်ချက်ကို သက်သေခံ ဥပဒေပုဒ်မ ၁၅၇ အရ ထောက်ခံသည့်အနေ၊ သို့တည်းမဟုတ် ပုဒ်မ ၁၄၅ အရ ဆန့်ကျင်သည့် အနေဖြင့်သာ အသုံးချနိုင်ပေသည်။

အောက်ရုံးတရားသူကြီးသည် ဦးတင်မောင် (လိုပြ-၇) က ၎င်းအား မောင်တင်အေးသည် ဦးဘကျော်ကို ဒါးနှင့်ခုတ်သောသူမှာ အယူခံတရားလိုပင် ဖြစ်ကြောင်း ပြောဆိုခဲ့သဖြင့်၊ ပဌမသတင်းချက်မှာ ဦးတင်မောင်၏ ထွက်ချက်ကို ထောက်ခံနေသည်ဟု ယူဆခဲ့၏။ ပဌမသတင်းချက်သည် သတင်းချက် ပေးသူ၏ ထွက်ချက်ကိုသာ ထောက်ခံသည့် အနေဖြင့် အသုံးပြုနိုင်သည်။ အခြားသက်သေတို့၏ ထွက်ချက်များကို ထောက်ခံသည့် သက်သေအထောက်အထားအဖြစ်အသုံးမပြုနိုင်ပေ။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ် အယူခံမှု အမှတ် ၃၀၁။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၅ တွင်ချမှတ်သော ၁၉၆၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့စွဲပါ၊ ပုသိမ်မြို့၊ အထူးရာဇာက်စက်ရှင်တရားသူကြီး၏ အမိန့်ကိုအယူခံမှု။

နိစ္စအာလီနှင့် အူတာဃရာဒကပြည်နယ်၊ အေ၊အိုင်၊အာ(ရ်)၊ ၁၉၅၇ ခုနှစ်၊ တရားလွှတ်တော် ချုပ်၊စာ ၃၆၆။

အဗ္ဗဒူလာဇစ်နှင့် နိုင်ငံတော်၊ အေ၊အိုင်၊အာ(ရ်)၊ ၁၉၄၁ ကာလကတ္တား၊ စာ ၅၃၃ တို့ကိုရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ရဲထံတွင် အစစ်ခံချက်နှင့် ပတ်သက်၍ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၆၂ အရ သက်သေ တဦးဦးသည် မူလထွက်ချက်နှင့် ကွဲလွဲကာ ထွက်ဆိုပါမူ၊ ၎င်းသည်ယုံကြည်စိတ်ချရသော သက်သေမဟုတ်ကြောင်း၊ ဆန့်ကျင်ဘက် ထွက်ဆိုသည့် သက်သေဖြစ်ကြောင်း ထင်ရှားအောင်၊ ထိုအစစ်ခံချက်ကို တင်ပြအသုံးပြုနိုင်သည်။ ၎င်း၏ရုံးရှေ့ရှိ ထွက်ချက်ကိုထောက်ခံသည့်အနေဖြင့် အသုံးမပြုနိုင်ချေ။

အကယ်၍ သက်သေတဦးသည် ရဲထံတွင်ထွက်ဆိုသော ထွက်ဆိုချက်နှင့် ကွဲလွဲပြီးရုံးဥ္စ ထွက်ဆိုနေပါက အစိုးရရှေနေကြီးသည် ရုံး၏ခွင့်ပြုချက်နှင့် ရဲထံတွင်ထွက်ဆိုခဲ့သော ထွက်ချက်ကို ဖတ်ပြ၍မေးမြန်းနိုင်သည်။ ထိုကဲ့သို့မေးမြန်းသောအခါ သက်သေက ဖတ်ပြသော ထွက်ချက်မှာ ရဲထံတွင်ထွက်ဆိုခဲ့ကြောင်း၊ ထိုထွက်ချက်အတိုင်း မှန်ကန်ကြောင်း ဝန်ခံပါမူ ၎င်းထွက်ချက်ကို တရားခံအပေါ် အသုံးပြုနိုင်ပေမည်။

သာယော်ကြီးနှင့် နိုင်ငံတော်၊ ၁၉၆၄ ခုနှစ်၊ **ရန်ကုန်စီရင်ထုံး၊** စာ ၂၂၉ (၂၄၀)။

ချစ်လှိုင်၊ ထန်းဝိုင်းနှင့်မြည်ထောင်စု၊၁၉၅၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၅၈၂ (**တရားလွှတ်တော်**) ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။မစ္စတာ အင်စီဆင်း။

အယူခံတရားခံအတွက်။ ။(အစိုးရရှေနေကြီး) ဦးနှစ်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလိုအပေါ် ရာဇသတ်ပုဒ်မ ၃၀၂(၂) အရ၊ တသက်တကျွန်းအပြစ်ဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သော ပုသိမ်မြို့၊ အထူး (ရာဘက်စက်ရှင်) တရားသူကြီး၏စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်သော အမှုဖြစ်သည်။

အမှုဖြစ်ပွါးပုံ အထုပ်ပတ္တိအကျဉ်းချုပ်မှာ လွန်ခဲ့သည့်၊ ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင်၊ ပုသိမ်ခရိုင်၊ ကျုံပျော်မြို့နေ၊ ပျဉ်းကတိုးကုန်းရွာသူကြီးဦးဘကျော်သည် ကျုံပျော်မြို့နှင့် သုံးမိုင်ခန့်ဝေးသည့် သပြေကွင်းရွာသို့ အလုပ်ကိစ္စနှင့်သွား၏။ ညနေ ၄ နာရီခွဲကျော်ကျော်ခန့်အချိန်တွင်၊ ဦးဘကျော်သည် သပြေကုန်းရွာမှ မောင်တင်အေး (လို့ပြ-၁) ၏ဆိုက်ကားစီးပြီး၊ ကျုံပျော်သို့ ပြန်လာရာ ရွာဖျားရှိမောင်သန်းရင် (လို့ပြ-၆)၏ အကြော်ဆိုင်ရောက်ကာလ၊ ဦးဘကျော်သည် မောင်တင်အေးနှင့်အတူ

၁၉၆၆

မောင်တင်လှိုင်နှင့် မြည့်ထောင်စုမြန်မာနိုင်ငံ။

ထန်းရည်ဝင်သောက်၏။ မောင်ညွန့်ရွှေ (လိုပြ-၂)သည် သပြေကွင်းရွာတွင် အကြွေးတောင်းပြီးစက်ဘီးဖြင့်ပြန်လာရာ၊ ဦးဘကျော်နှင့် မောင်တင်အေးတို့ကို အကြော်ဆိုင်၌တွေ့သဖြင့်ဝင်းတို့နှင့်အတူ ထန်းရည်ဝင်သောက်သည်။

ထန်းရည်သောက်ကြပြီးနောက်၊ ဦးဘကျော်သည် မောင်တင်အေး၏ဆိုက်ကားနှင့်ပင် ကျုပ္ပျော်မြို့ဘက်သို့ထွက်လာ၏။ မောင်ညွန့်ရွှေသည် ၎င်းတို့ဆိုက်ကားရှေ့မနီးမဝေးမှ စက်ဘီးစီးလျက်ပြန်ခဲ့လေသည်။ သပြေကွင်းရွာနှင့် တဖါလုံခန့်အဝေးတာလမ်းဘေးရှိ ကုက္ကိုပင်ပေါ်တွင်၊ အယူခံတရားလိုက သစ်ကိုင်းများကိုခုတ်လျက်၎င်း၊ ကုက္ကိုပင်အောက်၌ မောင်မြသောင်း (လိုပြ-၃)နှင့်၊ မောင်စံသိန်း (လိုပြ-၄)တို့က ထင်းများကိုထွင်လျက်၎င်း တွေ့ရသဖြင့်၊ ဦးဘကျော်က အယူခံတရားလိုအား သစ်ပင်ခုတ်ခွန်မည်သူက ခွင့်ပေးသလဲဟုမေးရာ၊ အယူခံတရားလိုက အလုပ်သမားခေါင်း ဦးချစ်ဖေ (လိုပြ-၅)က ခွင့်ပေးကြောင်းဖြေဆိုသည်။ ထိုအခါ ဦးဘကျော်က ဦးချစ်ဖေကို မေးကြည့်မည်၊ မဟုတ်ရင်တော့ အချုပ်ခံရမည်ဟု ခြိမ်းခြောက်ပြောဆိုကာ ကျုပ္ပျော်ဘက်သို့ ဆက်လက်ထွက်ခွါလာလေသည်။

ယင်းသို့ထွက်ခွါလာပြီးနောက် ၂ ဖါလုံလောက်အကွာရောက်ကာလဆိုက်ကားစီးလာသူ ဦးဘကျော်အား ဝါးခမောက်ကိုရွှေစိုက်လျက် ဆောင်းလာသူတဦးက နောက်မှနေ၍ ဒါးနှင့်ဝင်၍ခုတ်လေသည်။ ထိုစဉ်က ဦးဘကျော်သည် ဝါးခမောက်ဆောင်းလာသဖြင့်၊ ဒါးသည်ဝါးခမောက်ကိုထိကာ အသံအတော်ပင်မည်၏။ ဆိုက်ကားနင်းသူ မောင်တင်အေးသည်၊ ဆိုက်ကားနှင့်ဦးဘကျော်အား ထားပစ်ကာထွက်ပြေးလေသည်။ ဆိုက်ကားရှေ့မနီးမဝေးမှ စက်ဘီးစီးပြီးပြန်လာသည့် မောင်ညွန့်ရွှေလည်း ဝါးခမောက်ကို ဒါးခုတ်သံကြား၍ လှည့်ကြည့်ရာ ဦးဘကျော်အား လူတယောက်က ဒါးနှင့်ခုတ်နေသည်ကိုမြင်ရသဖြင့်၊ မောင်တင်အေးနှင့်အတူ ထွက်ပြေးလေသည်။ ထိုကဲ့သို့ အခင်းဖြစ်ပါးသောအခါမှာ နေဝင်ရီသရော်ဖြစ်၍ ကောင်းစွာအလင်းရောင်မရှိသဖြင့်၊ ဦးဘကျော်အား ဒါးနှင့်ခုတ်သူမှာ အယူခံတရားလိုနှင့်တူသည်ဟုသာ ပြောနိုင်ကြောင်း၊ မောင်တင်အေးနှင့် မောင်ညွန့်ရွှေတို့၏ အဆိုရှိကြလေသည်။

မောင်တင်အေးနှင့် မောင်ညွန့်ရွှေတို့သည်၊ ကျုပ္ပျော်မြို့သို့မရောက်မီ၊ တောင်လုံရဲကင်းစခန်းသို့ရောက်သဖြင့်၊ စခန်းမှူး ဒု-တပ်ကြပ်မောင်မိုးဇက် (လိုပြ-၉)အား အကျိုးအကြောင်းပြောပြရာ၊ မောင်မိုးဇက်က မောင်တင်အေးအား ကျုပ္ပျော်မြို့ရဲတပ်စခန်းတွင် တိုင်ကြားရန် လွှတ်လိုက်သည်။ မောင်ညွန့်ရွှေအား ခေါ်ထားလိုက်၏။ မောင်တင်အေးသည်၊ ကျုပ္ပျော်မြို့သို့ ရောက်သောအခါ၊ ဦးတင်မောင် (လိုပြ-၇) အားခေါ်၍ ရဲတပ်စခန်းသို့ သွားရောက်ကာ၊ ပဌမသတင်းချက် (သက်သေခံက) ကို ပေးလေ

သည်။ ထိုပဌမသတင်းချက်တွင် ဦးဘကျော်အား ဒါးနှင့်ခုတ်သူမှာ အယူခံတရားလို ဖြစ်ကြောင်း ဖေါ်ပြခဲ့၏။

၁၉၆၆ မောင်တင်လှိုင် နှင့် မြည်ထောင်စု မြန်မာနိုင်ငံ။

ထိုအခါ ဒု-လုံခြုံရေးမှူး ဦးအုံးကျော် (လိုပြ-၁၁) သည် မောင်တင်အေးနှင့်အတူ တောင်လုံ ရဲကင်းစခန်းသို့ သွားရောက်ကာ ဒု-တပ်ကြပ် မောင်မိုးဇက်၊ မောင်ညွန့်ရွှေ အပြင်၊ အခြားလူကြီးများနှင့်အတူ အခင်းဖြစ်ပွါးရာသို့ သွားရောက်ကြည့်ရှုရာ၊ မောင်တင်အေး၏ ဆိုက်ကားကို လမ်းပေါ်တွင် တွေ့ရပြီး၊ ဆိုက်ကားနှင့် ၂ ဖါလုံအကွာ လယ်ကွက်ထဲတွင် ဦးဘကျော်အား၊ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရလေသည်။

ဦးဘကျော်၏ အလောင်းကို ကျုံပျော်မြို့ ပြည်သူ့ဆေးရုံသို့ ပို့လိုက်၍၊ ဆရာဝန် ဦးကျော်ညိမ်း (လိုပြ-၁၀) က ကြည့်ရှုစစ်ဆေးရာ၊ ရင်ပတ်ရွေတွင် ပွန်းပဲ့သော ဒဏ်ရာ ၄ ခု၊ မေးတွင် ပွန်းပဲ့သော ဒဏ်ရာ ၁ ခု၊ လက်ျာဘက် နားရွက်နောက်တွင် ပွန်းပဲ့သော ဒဏ်ရာ ၁ ခု၊ လက်ျာဘက် ဦးခေါင်းထိပ်တွင် ပြတ်ရှသော ဒဏ်ရာတခုကို တွေ့ရလေသည်။ ဦးခေါင်းထိပ်တွင် ရရှိသော် ဒဏ်ရာကြောင့် ဦးခေါင်းခွံကွဲပြီး ဦးနှောက်တွင် သွေးလွှန်ကာ သေဆုံးရကြောင်း တွေ့ရှိ၏။ ထိုဒဏ်ရာမှာ မုချသေစေမည့် ဒဏ်ရာဖြစ်သည်ဟု ဆရာဝန်က ထင်မြင်ချက်ပေးထားလေသည်။

အခင်း ဖြစ်ပွါးပြီးနောက်၊ အယူခံတရားလိုသည်၊ မိမိအိမ်မှ တိမ်းရှောင် နေပြီး၊ ၁၉၆၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ကမှ ရဲစခန်းသို့ လာရောက်အဖမ်းခံသဖြင့်၊ ၎င်းအား ရုံးတွင် တရားစွဲဆိုရာ၊ ဦ.ဘကျော်အာ.၊ သတ်သောသူမှာ မိမိပင် ဖြစ်ကြောင်း စွပ်စွဲထား၍ ကြောက်ရွံ့ကာ ထွက်ပြေးတိမ်းရှောင်နေမိကြောင်း၊ အမှန်မှာ ဦးဘကျော်ကို မိမိမသတ်ရကြောင်း၊ အခင်းဖြစ်စဉ်အချိန်က ညီမဖြစ်သူ မအေးမြိုင် (ခံပြ-၃) ၏ အိမ်၌ သူကြီး ဦးဘကျော်က ကြိမ်းမောင်းသွား၍ ခေတ္တရှောင်ရင်း ရှိနေကြောင်း ထုချေသော်လည်း ပညာရှိ အောက်ရုံး တရားသူကြီးသည် ၎င်း၏ ထုချေချက်ကို လက်မခံဘဲ၊ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်းဖြစ်လေသည်။

ဤအမှုတွင် အယူခံတရားလိုက သေသူ ဦးဘကျော်အား ဒါးနှင့်ခုတ်သည် ဆိုသော အချိန်က၊ ၎င်းတို့အနီးတွင် မောင်တင်အေး (လိုပြ-၁) နှင့် မောင်ညွန့်ရွှေ (လိုပြ-၂) နှစ်ယောက်သာ ရှိကြသဖြင့်၊ အယူခံတရားလိုသည် စွဲဆိုသည့်အတိုင်း အပြစ်ရှိ မရှိဆိုသော အဖြေမှာ ၎င်းတို့ နှစ်ဦး၏ ထွက်ချက် အပေါ်၌ မူတည်လျက် ရှိပေသည်။ အောက်ရုံးတွင် မောင်တင်အေးနှင့် မောင်ညွန့်ရွှေတို့က ဦးဘကျော်ကို ခုတ်သောသူသည်၊ ဝါးခမောက်ကို ရွှေစိုက်လျက် ဆောင်းထားသဖြင့် ၎င်း၏မျက်နှာကို ကောင်းစွာ မမြင်ရသည့်အပြင်၊ အခင်းဖြစ်ပွါးသော အချိန်မှာ နေဝင် ရီတရော

ခ၉၆၆ မောင်တင်လှိုင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ဖြစ်သည့် အလျောက်၊ ကောင်းမွန်စွာ တွေ့မြင်ရန် အလင်းရောင်မရှိ၍၊ ထိုသူသည် မည်သူမည်ဝါဖြစ်သည်ဟုတိကျစွာမသိကြောင်း၊ သို့ရာတွင်အခင်း မဖြစ်ပွါးမီ မိနစ်ပိုင်း အတွင်းက သူကြီး ဦးဘကျော်သည်၊ အယူခံတရားလိုအား သစ်ပင်ခုတ်သည့် ကိစ္စနှင့် ပတ်သက်၍ ကြိမ်းမောင်းခဲ့သဖြင့် အယူခံတရားလိုပင် ခုတ်သည်ဟု ထင်မြင်ပြီး၊ အယူခံ တရားလိုအား စွပ်စွဲခဲ့ကြောင်း ထွက်ဆိုသွားကြလေသည်။ ထို့ကြောင့် အယူခံ တရားလို၏ ပညာရှိ ရွှေနေကြီး မစ္စတာဆင်းက တရားခံတဦးသည်၊ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားအောင် ပြသရန် တာဝန်မှာ တရားလိုဘက်၌ အစဉ်တစိုက်ရှိသည့် အားလျော်စွာ ထိုသက်သေများသည် အယူခံ တရားလိုအပေါ် ထင်ရှဲသာ ထင်နိုင်ပြီး အတတ်မစွဲ နိုင်ကြသည့်အလျောက် အယူခံတရားလိုအား တရားသေ လွှတ်ပစ်သင့်ကြောင်း လျောက်လဲသွား၏။ အစိုးရအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိ အစိုးရရွှေနေကြီး ဦးနှစ်ကလည်း၊ အယူခံတရားလိုအပေါ် အဆိုပါသက်သေနှစ်ဦး၏ ထွက်ဆိုချက်သာရှိရာ၊ ၎င်းတို့၏ထွက်ဆိုချက်များမှာ အယူခံတရားလိုအား အပြစ်ပေးနိုင်အောင် စိတ်ချလက်ချ လက်ခံသင့်သည့် ထွက်ဆိုချက်များမဟုတ်သောကြောင့်၊ အယူခံတရားလိုအား တရားသေလွှတ်သင့်ကြောင်း ထောက်ခံတင်ပြသွားလေသည်။

ပညာရှိအောက်ရုံး တရားသူကြီးက သက်သေမောင်တင်အေးသည် ကျူပျော်ရဲစခန်း၌ သက်သေခံ(က) တိုင်ချက်ကိုပေးစဉ်က၊ ဦးဘကျော်အား ဒါးနှင့်ခုတ်သောသူမှာ အယူခံတရားလိုဖြစ်သည်ဟု တိကျစွာတိုင်တန်းခဲ့ပြီး၊ ရုံးရောက်မှ အယူခံတရားလိုထင်သည်ဟု ပြောင်းလဲထွက်ဆိုခြင်းမှာ အယူခံတရားလိုသည် ၎င်း၏ယောက်ဖဖြစ်သောကြောင့်၊ ကူယ်ထောင့် ထွက်ဆိုခဲ့ခြင်းသာဖြစ်ပြီး၊ ပဌမသတင်းချက်မှာပို၍ မှန်ကန်သည်ဟု အဓိပ္ပါယ်သက်ရောက်သော ကောက်ယူချက်ပြုလုပ်ခဲ့၏။ ရဲစခန်းတွင် ပေးခဲ့သော ပဌမသတင်းချက်မှာ ကျမ်းသစ္စာပြုပြီး ထွက်ဆိုသော ထွက်ချက်လည်းမဟုတ်၊ တဘက်မှ ပြန်လှန်မေးခွန်းထုတ်ရန်လည်း အခွင့်အရေးမရှိသည့် လူတဦးတယောက်၏ တိုင်ချက်မှတ်တမ်းတခုသာဖြစ်၏။ ထိုမှတ်တမ်းအား တရားခံတဦးအပေါ် အခြေခံသက်သေအထောက်အထားတခုအဖြစ် အသုံးမပြုနိုင်၊ လာရောက်တိုင်တမ်းသူ၏ရုံးရှေ့ရှိထွက်ချက်ကို သက်သေခံဥပဒေပုဒ်မ ၁၅၇ အရ၊ ထောက်ခံသည့်အနေ၊ သို့တည်းမဟုတ် ပုဒ်မ ၁၄၅ အရ၊ ဆန့်ကျင်သည့်အနေဖြင့်သာ အသုံးချနိုင်ပေသည်။ ဤအတိုင်းပင် **နီစာအာလီ** နှင့် **ဖူတာပရာဒက်ပြည်နယ်** (၁) တို့အမှုတွင် အိန္ဒိယပြည် တရားလွှတ်တော်ချုပ်က အဆုံးအဖြတ်ပြုထား၏။ သို့ဖြစ်ရာ အယူခံတရားလိုအပေါ် အပြစ်ရှိမရှိဆိုသောပြဿနာနှင့်ပတ်သက်၍ တိုင်ချက်ပေးသူ၏ သက်သေထွက်ချက်အစား တိုင်

(၁) အေ၊အိုင်၊အာ(ရ်)၊ ၁၉၅၇ ဥနှစ်၊ တရားလွှတ်တော်ချုပ်၊ စာ ၃၆၆။

ချက်ကို အလေးပေး၍၊ စဉ်းစားခဲ့သည့် ပညာရှိ အောက်ရုံးတရားသူကြီး၏ ဆုံးဖြတ်ချက်မှာ ဥပဒေနှင့်မညီညွတ်ဟု ဆိုရမည်ဖြစ်သည်။

ထို့ပြင်ပညာရှိ အောက်ရုံးတရားသူကြီးသည် ဦးတင်မောင် (လို့ပြ-၇)က ၎င်းအား မောင်တင်အေးသည် ဦးဘကျော်ကို ဒါးနှင့်ခုတ်သောသူမှာ အယူခံတရားလိုပင်ဖြစ်ကြောင်း ပြောဆိုခဲ့သဖြင့်၊ ပဌမသတင်းချက်မှာ ဦးတင်မောင်၏ထွက်ချက်ကို ထောက်ခံနေသည်ဟု ယူဆခဲ့၏။ ပဌမသတင်းချက်သည် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း၊ သတင်းချက်ပေးသူ၏ ထွက်ချက်ကိုသာ ထောက်ခံသည့်အနေဖြင့် အသုံးပြုနိုင်သည်။ အခြားသက်သေတို့၏ ထွက်ချက်များကိုထောက်ခံသည့် သက်သေအထောက်အထား အဖြစ် အသုံးမပြုနိုင်ပေ။ **အဗ္ဗုဒ္ဓလာဇစ်**နှင့် **နိုင်ငံတော်**(၂) ကိုကြည့်ပါ။

၎င်းပြင်တဝ ပညာရှိအောက်ရုံးတရားသူကြီးသည် မောင်ညွန့်ရွှေနှင့် မောင်မိုးဇက်တို့၏ ရဲထံတွင် ထွက်ဆိုခဲ့သောထွက်ချက်များကို အယူခံတရားလိုအား အပြစ်ပေးရာတွင် အသုံးချထားသည်ကိုတွေ့ရ၏။ မောင်ညွန့်ရွှေကရဲထံ၌ ဦးဘကျော်ကိုခုတ်သောသူမှာ၊ အယူခံတရားလိုဖြစ်ကြောင်း ထွက်ဆိုခဲ့သော်လည်း၊ ရုံးရွှေရောက်သောအခါ အယူခံတရားလိုထင်သည်ဟုသာ ထွက်ဆိုခဲ့၏။ မောင်မိုးဇက်ကလည်း မောင်ညွန့်ရွှေအား မေးမြန်းရာ၊ မောင်ညွန့်ရွှေက ဦးဘကျော်အား ခုတ်သောသူမှာ အယူခံတရားလိုဖြစ်သည်ဟုပြောကြောင်း။ ရဲအရာရှိထံ၌ အစစ်ခံခဲ့သော်လည်း၊ ရုံးရွှေရောက်သောအခါ မောင်ညွန့်ရွှေက အယူခံတရားလိုဖြစ်သည်ဟုထင်ကြောင်း မိမိအား ပြောခဲ့သည်ဟု ထွက်ဆိုလေသည်။ ရဲထံတွင်အစစ်ခံချက်နှင့်ပတ်သက် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၆၂ အရ၊ သက်သေ တဦးဦးသည် မူလထွက်ချက်နှင့် ကွဲလွဲကာ ထွက်ဆိုပါမူ၊ ၎င်းသည် ယုံကြည်စိတ်ချရသော သက်သေမဟုတ်ကြောင်း၊ ဆန့်ကျင်ဘက်ထွက်ဆိုသည့်သက်သေဖြစ်ကြောင်း ထင်ရှားအောင်၊ ထိုအစစ်ခံချက်ကို တင်ပြအသုံးပြုနိုင်သည်။ ၎င်း၏ ရုံးရွှေရှိထွက်ချက်ကို ထောက်ခံသည့်အနေဖြင့် အသုံးမပြုနိုင်ချေ။ **သာငယ်ကြီး** နှင့် **နိုင်ငံတော်**(၃)။ အကယ်၍ သက်သေတဦးသည်ရဲထံတွင်ထွက်ဆိုသောထွက်ဆိုချက်နှင့် ကွဲလွဲပြီး ရုံး၌ထွက်ဆိုနေပါက၊ အစိုးရရှေ့နေကြီးသည် ရုံး၏ခွင့်ပြုချက်နှင့် ရဲထံတွင်ထွက်ဆိုခဲ့သော ထွက်ချက်ကိုဘတ်ပြ၍မေးမြန်းနိုင်သည်။ ထိုကဲ့သို့ မေးမြန်းသောအခါ၊ သက်သေက ဘတ်ပြသောထွက်ချက်မှာ ရဲထံတွင်ထွက်ဆိုခဲ့ကြောင်း၊ ထိုထွက်ချက်အတိုင်း မှန်ကန်ကြောင်းဝန်ခံပါမူ၊ ၎င်းထွက်ချက်ကို တရားခံအပေါ် အသုံးပြုနိုင်ပေမည်၊ **ချစ်လှိုင်**၊ **ထွန်းဝိုင်း** နှင့် **ပြည်ထောင်စု**(၄)၊ ယခုအမှုတွင် မောင်တင်အေး

(၂) အေးအိုင်၊အာ(ရ)၊ ၁၉၄၁ ခုနှစ်၊ ကာလကတ္တား၊ စာ ၅၃၃။
(၃) ၁၉၄၆ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ ၂၂၉ (၂၄၀)။
(၄) ၁၉၅၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၅၀၂ (တရားလွှတ်တော်)။

၁၉၆၆ မောင်တင်လှိုင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

နှင့် မောင်ညွန့်ရွှေတို့သည် ရဲထံတွင် ဦးဘကျော်အား အယူခံတရားလိုက ခုတ်သည်ဟု ထွက်ဆိုခဲ့သော်လည်း၊ ထိုထွက်ချက်မှာ အမှန်အကန်မဟုတ်ကြောင်း၊ အမှန်မှာ အယူခံတရားလိုဟုထင်ကြောင်းသာ ရုံးဥဒ္ဒထွက်ဆိုသွားကြသောကြောင့်၊ ၎င်းတို့၏ရဲထံ၌ ထွက်ဆိုခဲ့သည့် ထွက်ချက်များအား အသုံးမပြုနိုင်ပေ။

အယူခံတရားလိုသည် အခင်းဖြစ်ပြီးနောက် နှစ်လနီးပါးခန့် တိမ်းရှောင်နေသည်မှာ မှန်၏။ သို့ရာတွင် ၎င်းက ၎င်းအပေါ် လူသတ်မှုဖြင့် မဟုတ်မတရားစွပ်စွဲထားသောကြောင့် ကြောက်၍ပြီး တိမ်းရှောင်နေမိကြောင်း ထုချေထားရာ တိမ်းရှောင်နေသည်ဆိုသောအချက်ကြောင့်၊ အယူခံတရားလိုသည် လူသတ်သမားဖြစ်ရမည်ဟု တထစ်ချ မယူဆနိုင်ပေ။ ထိုအတိုင်းပင်လည်း ယခင်တရားလွှာတော်ချုပ်က **မောင်စိန်ထွန်း နှင့် ပြည်ထောင်စု** (၅) အမှုတွင် အဆုံးအဖြတ်ပြုထားသည်ကို တွေ့မြင်နိုင်ပေသည်။

အထက်ပါ အကြောင်းရပ်များကြောင့်၊ ပညာရှိအစိုးရရှေ့နေကြီး တင်ပြထောက်ခံသွားသည့်အတိုင်း၊ မောင်တင်အေးနှင့် မောင်ညွန့်ရွှေတို့၏ ထွက်ချက်များမှာ စိတ်ချလက်ချလက်ခံနိုင်သည့်ထွက်ချက်များမဟုတ်၍ အယူခံတရားလိုသည် ဦးဘကျော်အား သတ်ခဲ့သည့် တရားခံအစစ်ဖြစ်သည်ဟု သံသယကင်းရှင်းစွာဖြင့် မယူဆနိုင်သည့် အလျောက်၊ အောက်ရုံးစီရင်ချက်နှင့်အပြစ်ဒဏ်တို့ကိုပယ်ဖျက်ကာ၊ အယူခံတရားလိုအား၊ ဤအမှုနှင့်ပတ်သက်၍ တရားသေလွတ်ရန် အမိန့်ချမှတ်လိုက်သည်။

---

(၅) ၁၉၅၄ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၁၁ (တရားလွှတ်တော်ချုပ်)။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် တရားသူကြီး ဦးစိန်သင်းတို့ရှေ့တွင်

မောင်တင်အောင် (ပြင်ဆင်ရန်လျှောက်ထားသူ) † ၁၉၆၆

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားခံရသူ) • မေလ။

ရာဇသတ်ပုဒ်မ ၃၂၆/၃၂၆/၁၁၄ အရ မူပြစ်ထင်ရှားစီရင်ခြင်း—ဒေသဆုံးသူရရှိသည့် ဒဏ်ရာများ အသက်ကိုသေစေသည့်ဒဏ်ရာမှာ မည်သူပြုလုပ်၍ ရရှိသည့် ဒဏ်ရာဖြစ်ကြောင်း သက်သေခံ ချက်မရှိခြင်း—ဒေသဆုံးသူအား ဝိုင်းဝန်းခုတ်ထစ်ကြသူ အားလုံးတို့သည်ရာဇသတ်ကြီးပုဒ်မ ၃၂၆ အရသာလျှင် ပြစ်မှုထင်ရှား စီရင်ထိုက်သည်ဟု အမြဲတစေယူဆသင့်မသင့်—အကြံတူ ရှိမရှိဆိုသည်ပြဿနာကို ဆုံးဖြတ်ရန်မှာ အလွန်ခဲယဉ်းခြင်း လူ၏စိတ်နေစိတ်ထားပေါ်၌ တည်ရှိသည့်အချက် တိုက်ရိုက်သက်သေခံချက် ရရှိရန် အလွန်ခဲယဉ်းခြင်း—ပတ်ဝန်းကျင် အကြောင်းခြင်းရာများနှင့်တကွ အခြား အကြောင်း အချက်တို့ကိုလည်း ထည့်သွင်းစဉ်းစား ရခြင်း—အကြံတူတုခုရှိနေပါသည်ဟူသော အချက်မှလွဲ၍၊ အခြားမည်သည့် အချက်မျိုးမှ ရှိနိုင်မည်မဟုတ်ဟု ယူဆနိုင်သောအခါမှသာလျှင် အကြံတူတ ခုရှိသည်ဟု ကောက်ယူဆုံး ဖြတ်သင့်ခြင်း—အားလုံးသော အမှုအခင်းများကို အကျုံးဝင်အောင် အလွန်တိကျသည့် စည်းကမ်းချက်များ၊ သို့မဟုတ် မူများ၊ သို့မဟုတ် ဥပဒေသများ သတ်မှတ်ထားရန် အလွန် ခဲယဉ်းခြင်း ဖြောင့်ချက်တွင် ဖြောင့်ချက်ပေးသူ အနေနှင့် သတ်ဖြတ်ရန် အကြံအစည် ရှိ မရှိမပေါ်ပြထားခြင်း—အခြားလုံလောက်သည့် သက်သေခံအထောက်အထားမရရှိခြင်း—အကြံတူတခုရှိမရှိဟူသော ပြဿနာသည် အလွန်ဒိဋ္ဌဟသံသယ ဖြစ်စရာကောင်းသည့် ပြဿနာ သာဖြစ်မပြစ်။

ဆုံးဖြတ်ချက်။ ။အမှု ၏ ပတ်ဝန်းကျင် အကြောင်းချင်းရာ များနှင့် မောင်ဘိုးဝိုင်၏ ဖြောင့်ဆို ချက် များတွင် ပေါ် ပေါက်သည့် အချက် အလက်များကို ထောက်ဆ၍ တရားခံများ သည် မောင်သိန်းအောင်အား ဒါးနှင့်ခုတ်ရာ၌ မိမိတို့၏ အကြံတူတခုကို အထမြောက်စေရန် ရည်ရွယ်၍ ပြစ်မှု မြောက်သော ပြုလုပ်မှုကို ပြု မပြု နှင့်ပတ်သက်ပြီး၊ ဆင်ခြင်စဉ်းစားရန် လိုအပ်သည်။ သေ ဆုံးသူရရှိသည့် ဒဏ်ရာများအနက် ဂုဏ်၏အသက်ကို သေစေသည့် ဒဏ်ရာ မှာ မည်သူပြုလုပ် ၍ ရရှိသည့်ဒဏ်ရာဖြစ်ကြောင်း သက်သေခံချက်မရှိရုံကာမျှဖြင့် ၊ ထိုသေဆုံးသူအား ဝိုင်းဝန်းခုတ်ထစ်

• ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၂-၂ (က)။

† ၁၉၆၅ ခုနှစ်၊ ထုဇဝတ်ကြီးမူအမှတ် ၉ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက် နေ့စွဲပါ၊ စစ်ကိုင်းမြို့၊ အထူးတရားသူကြီး၏ အမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၆၆ မောင်တင်အောင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ကြသူအားလုံးတို့သည် ရာဇသတ်ကြီး ပုဒ်မ ၃၂၆ အရသာလျှင် **ပြစ်မှုထင်ရှား စီရင်ထိုက်သည်ဟု** အပြတစေမယူဆသင့်ချေ။

တရားခံများ၌ အကြံတူရှိမရှိကို ဆုံးဖြတ်ရန်မှာ အလွန်ခဲယဉ်းသည့် ပြဿနာဖြစ်သည်။ ထိုအချက်သည်လူ၏စိတ်နေစိတ်ထားအပေါ်၌ တည်ရှိသည့် အချက်ဖြစ်ရကား တိုက်ရိုက်သက်သေခံချက်ရရှိရန် အလွန်ခဲယဉ်း၏။ များသောအားဖြင့် ထိုပြဿနာကို ဆင်ခြင်ရာ၌ **အမှု**၏ပတ်ဝန်းကျင်အကြောင်းခြင်းရာများနှင့်တကွ၊ တရားခံများ အသုံးပြုသည့် နက်လက်များ၊ အချင်းမဖြစ်မီ အချိန်အနည်းငယ်အတွင်းတွင်၎င်း၊ **အချင်းဖြစ်ပြီးနောက် အချိန်အနည်းငယ် အတွင်းတွင်၎င်း** တရားခံများ၏ ပြုမူသွားလာနေထိုင်ပုံ၊ ၎င်းတို့၏ ပြောဆိုကြိမ်းမောင်းချက် **အစရှိသည်တို့ကို** ထည့်သွင်းစဉ်းစားပြီး ထိုအချက်အားလုံးတို့သည် တရားခံတို့၌ အကြံတူတခု ရှိနေပါသည်ဟူသော အချက်မှလွဲ၍ အခြားမည်သည့် အချက်မျိုးမှ ရှိနိုင်မည်မဟုတ်ဟု ယူဆနိုင်သော **အခါမှသာလျှင်**၊ ထိုကဲ့သို့သော အကြံတူတခုရှိသည်ဟု ကောက်ယူဆုံးဖြတ်သင့်လေသည်။

ထိုပြဿနာနှင့်ပတ်သက်၍ အားလုံးသော အမှုအခင်းများကို အကျုံးဝင်အောင် အလွန်တိကျသည့် စည်းကမ်းချက်များ၊ သို့တည်းမဟုတ် မူများ၊ သို့တည်းမဟုတ် ဥပဒေသများကို သတ်မှတ်ထားရန် အလွန်ခဲယဉ်းပေသည်။ အကြောင်းသော်ကား၎၊ ဥပဒေသများဟူ၍ ဖြစ်ပေါ်လာသည့် ယေဘုယျသဘောမှာ အမျိုးအစားတူညီသော အမှုအခင်းများ၏ အရေးကြီးသော အကြောင်းခြင်းရာများ၊ သို့မဟုတ် အချက်အလက်များကိုသာ စုစည်းဆုတ်ကိုင်လျက်၊ ယင်းတို့အပေါ်တွင် မူတည်ရေးဆွဲထားခြင်း ဖြစ်သည်။ ထိုကဲ့သို့သောမူ ဥပဒေသ မျိုးကို **အမှု**တခု၌ ထင်ဟပ်၍ကြည့်သောအခါ၊ ဤအမှုတွင် ယခင်က **အရေးမကြီး**ဟု ချန်လှပ်ခဲ့သည်များက၊ ဤ**အမှု**၌**အရေးကြီး**သည့် အကြောင်းခြင်းတမျိုး ဖြစ်နေတတ်သည်လည်း**ရှိ၏**။ ထိုကဲ့သို့ဖြစ်ခဲ့သော် ယင်းဥပဒေသ၊ သို့တည်းမဟုတ် မူဖြင့်**အ**ဆုံးအဖြတ်ပေးခဲ့လျှင် တရားမျှတမှုနှင့်ကင်းခြင်း မရှိနိုင်ပေ။

ခအားမောင် (ခေါ်) မောင်ခေါင်းကြီးနှင့် နိုင်ငံတော်၊ ၁၉၄၆ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ၊ ၁၉၇။

ဓမောင်မြင့်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၄၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၃၇၉။

မောင်အေး ပါ ၂ နှင့် နိုင်ငံတော်၊ အတွဲ၊ ၈၊ ရန်ကုန်စီရင်ထုံး၊ စာ ၆၀၇ တို့ကိုရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားခံ မောင်ဘိုးငို၏ ဖြောင့်ဆိုချက်ဘွင် မိမိအနေနှင့်မူ သေသူအား သတ်ဖြတ်ရန် အကြံအစည်ရှိ **မ**ရှိ ဖေါ်ပြထားခြင်း မရှိပေ။ တင်အောင်က ခေါ်သဖြင့် မိမိနှင့် မောင်ကြိုင်တို့ လိုက်ပါသည်ဟုသာလျှင် ဖြောင့်ဆိုထားသည်။ ထို့ကြောင့် မောင်တင်အောင်နှင့် မောင်ကြိုင်တို့တွင် သေသူကိုသတ်ရန် အကြံတူတခုရှိ မရှိဟူသော အချက်မှာ ၎င်းတို့နှင့် အတူတရားစွဲဆိုခြင်းခံရသည့် တရားခံတဦး၏ ဖြောင့်ဆိုချက်မျှသာ ဖြစ်နေသည်။ ထို့ကြောင့် ထိုအချက်နှင့် ပတ်သက်၍ အခြားလုံလောက်သည့် သက်သေခံ အထောက်အထား မရရှိဘဲလျက် မောင်တင်အောင်နှင့် မောင်ကြိုင်တို့တွင် သေသူအား သတ်ဖြတ်ရန် အကြံတူတခုရှိသည်ဟု တထစ်ချမယူဆသင့်ချေ။ **အ**မှုတွဲတွင် ရရှိသည့် သက်သေခံချက်မျှားအားလုံးကိုခွဲ၍ ကြည့်၌ သောအခါ၌လည်း တရားခံများသည် သေသူအား အသက်ကိုသေစေသည်အထိ ရန်တုံ့ပြန်ရန် အကြောင်းမပေါ်ပေါက်ချေ။ ထို့အပြင်တရားခံတို့၌ သေသူအား သတ်ဖြတ်ရန် အကြံတူတခုရှိ မရှိဟူသော ပြဿနာသည် အလွန်ဒိဟသံသယ ဖြစ်စရာကောင်းသည့် ပြဿနာသာ ဖြစ်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက် ။။ဦးဟန်တင် (၂)။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အစိုးရလွှဲနေကြီး ဦးနှစ်။

တရားသူကြီးဦးစိန်သင်း။ ။သေသူ မောင်သိန်းအောင်သည် ထီးဆောင်းရွာတောင်ဘက်စည်းရိုးအနီးတွင်၊ မယား မအုံးမြိုင် (လိုပြ-၁)၊ သမီးမခင်ညွန့် (လိုပြ-၂) သား မောင်မျိုးညွန့် (လိုပြ-၃)၊ အခေါ် မမယ်လှ တို့နှင့်အတူနေထိုင်ကြသည်။ တရားလိုပြသက်သေများ၏ အစစ်ခံချက်များအရ၊အမှုဖြစ်ပွါးပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

၁၃-၅-၆၆ ခုနှစ်၊တန်းခူးလဆန်း ၁ ရက် ၁၃၆၇ ခု၊ ပြီလ ၂ ရက်နေ့၊ ညသန်းခေါင်ကျော်အချိန်တွင်၊ မောင်သိန်းအောင်တို့အိမ်သားများသည် နေအိမ်၌ အိပ်ပျော်နေခိုက် အိမ်အပြင်ဘက်မှ တရားခံမောင်ဘိုးငိုက မောင်သိန်းအောင်အား နှိုးပြီး၊ မီးခွက်ထွန်းခိုင်းသည်။ မောင်သိန်းအောင်က တံခါးကိုဖွင့်ပေးလိုက်သောအခါ၊ မောင်ဘိုးငို၊ မောင်တင်အောင်နှင့် မောင်ကြိုင်တို့သည် ဒါးများကိုယ်စီကိုင်ကာ အိမ်ထဲသို့ဝင်လာကြသည်။ အိမ်ထဲသို့ရောက်သောအခါ၊ မောင်ဘိုးငိုတို့သည် မောင်သိန်းအောင်ထံမှ ဆိတ်နို့ မုန့် ဒိ ဘိုးဝယ်စားကြ၏။ ထိုစဉ်အခါက မအုံးမြိုင်သည် ၎င်းတို့အနီးရှိကုတင်ပေါ်၌မိမိ၏သားသမီးများနှင့်အတူတုံးလုံးလှဲလျက်အိပ်နေကြသည်။ ထိုနောက် မောင်တင်အောင်က မောင်သိန်းအောင်အား "ငွေ ၂၀ ချေးမည်လိုက်ခဲ့" ဟုပြောသောကြောင့် မောင်သိန်းအောင်သည် မောင်တင်အောင်တို့နှင့်အတူ နေအိမ်မှထွက်ခွါသွားလေသည်။ ထိုကဲ့သို့ ထွက်ခွါသွားပြီး ခဏမျှကြာသောအခါ "အုံးမြိုင် အုံးမြိုင်" ဟု မောင်သိန်းအောင်၏ အော်သံကို ရွာသာတွင်းမှကြားလိုက်သဖြင့်၊ အုံးမြိုင်သည် ရွာဘောင်ဘက်တံခါးဆီသို့ လိုက်သွားသည်။ ရွာတံခါးတွင် ကိုလူပိုင် (လိုပြ-၈) ကင်းစောင့်နေသည်ကို တွေ့ရှိရသည်။ မောင်လူပိုင်က မအုံးမြိုင်အား "မြောက်ဘက်မှအော်သံကြားတယ်၊ နင်မသွားဘူးလား" ဟုမေးရာ၊မအုံးမြိုင်က ကြောက်ရွံ့သဖြင့် မသွားရဲကြောင်းပြောပြီး နေအိမ်သို့ပြန်ခဲ့လေသည်။

မအုံးမြိုင်သည် မိမိ၏နေအိမ်ဝင်းပေါက်အနီးသို့ ရောက်သောအခါ၊လူနှစ်ယောက်ကို မြင်သောကြောင့်၊ "ကိုသိန်းအောင်လား" ဟုမေးလိုက်လေသည်။ ထိုလူနှစ်ယောက်က "ကျုပ်တို့ပါ" ဟုပြောသဖြင့် ကြည့်လိုက်သောအခါ ထိုလူနှစ်ယောက်မှာ တင်အောင်နှင့်ဘိုးငိုတို့ဖြစ်ကြောင်း တွေ့လိုက်လေသည်။ ထိုနောက် မောင်တင်အောင်သည် မအုံးမြိုင်အား ဒါးနှင့်ခုတ်ရန် ရွယ်သောကြောင့်၊ မအုံးမြိုင်သည် အိမ်ထဲသို့ဝင်ပြေးသည်။ မောင်တင်အောင်သည် မအုံးမြိုင်နောက်မှလိုက်သွားပြီး၊ နေအိမ်ထဲတွင် မအုံးမြိုင်အား ဒါးနှင့်ခုတ်လေတော့သည်။ မအုံးမြိုင်၏ဦးခေါင်းနှင့်လက်တို့ကို

ထိမှန်သွားသောကြောင့်၊ မအုံးမြိုင်က "သေပါပြီသေပါပြီ" ဟုအော်ဟစ်သည်တွင်၊ မောင်တင်အောင်သည် ဒါးကိုင်ကာ အိမ်ထဲမှထွက်သွားလေသည်။ ထိုအခိုက်အတန့်တွင် သမီးဖြစ်သူ မခင်ညွန့်နှင့်သားဖြစ်သူ၊ မောင်မျိုးညွန့်တို့သည် အိပ်နေရာမှ နိုးကြလေသည်။

ထိုနောက် မအုံးမြိုင်သည် ရွာတောင်ဘက်တံခါးတွင် ကင်းစောင့်နေသူ ကိုလူပိုင်အားလှမ်းခေါ်ရာ၊ ကိုလူပိုင် မလာရောက်သဖြင့် သူကြီးကိုခေါ်ပေးပါဟု အော်ဟစ်လေသည်။ များမကြာမီ သံချောင်းခေါက်သံကြားရပြီးနောက်၊ သူကြီးဦးတင်အောင် (လိုပြ ၅) သည် ရွာတောင်ဘက်တံခါးသို့ ရောက်ရှိလာ၏။ သူကြီး ဦးတင်အောင်သည် ရွာသား ၄-၅ ယောက်တို့နှင့်အတူ ရွာတောင်ပိုင်းသို့သွားရောက်ကြည့်ရှုသောအခါ၊ မောင်ပေသီးနှင့် မောင်သောင်းလှဆိုသူတို့၏ အိမ်စပ်ကြားတွင် မောင်သိန်းအောင်လဲ၍သေနေသည်ကိုတွေ့ရလေသည်။ ထိုနောက်သူကြီးဦးတင်အောင်သည် မအုံးမြိုင်၏အိမ်သို့သွားရောက်ကာ၊ မအုံးမြိုင်ကိုလည်း ဒါးဒဏ်ရာများနှင့်တွေ့ရှိသောကြောင့် မေးမြန်းစုံစမ်းသည်တွင် မအုံးမြိုင်က အဖြစ်အပျက်များကို သူကြီးအားတိုင်တန်းလေသည်။ များမကြာမီ သူကြီးဦးတင်အောင်သည် လှည်းများဆင့်ပြီးဒဏ်ရာရသူမအုံးမြိုင်နှင့်ကလေးများကိုတင်၍မြင်းမူမြို့ပြည်သူ့ရဲတပ်စခန်းသို့ပို့လိုက်လေသည်။ ပြည်သူ့ရဲတပ်စခန်းသို့ရောက်သောအခါ၊ မအုံးမြိုင်က အောက်ရုံးအမှုတွဲတွင်၊ သက်သေခံအမှတ် "က" အဖြစ်တင်သွင်းထားသည့် ပဌမသတင်းပေးအစီရင်ခံချက်ကိုပေးခဲ့၏။

ထိုနောက် မအုံးမြိုင်အား မြင်းမူမြို့ ပြည်သူ့ဆေးရုံသို့ပို့လိုက်သောကြောင့်၊ မအုံးမြိုင်၏ဒဏ်ရာများကိုဆရာဝန် အက်(စ်) စီးဒေး (လိုပြ-၇) က စစ်ဆေးကြည့်ရှုလေသည်။ မအုံးမြိုင်ရရှိသည့် ဒဏ်ရာအရေအတွက်မှာ ၈ ခုဖြစ်ပြီး ထိုဒဏ်ရာ ၈ ခုအနက်မှ ၅ ခုမှာ အပြင်းအထန် နာကြင်စေမှုကို ဖြစ်စေသည့်ဒဏ်ရာဖြစ်ကြောင်း သက်သေဆရာဝန်က ထင်မြင်ချက်ပေးထား၏။ အချင်းဖြစ်ပြီးနောက်တနေ့တွင် ရဲအဖွဲ့မှရဲအရာရှိများ လာရောက်ပြီးသေဆုံးသူမောင်သိန်းအောင်၏အလောင်းကို မြင်းမူမြို့ ပြည်သူ့ဆေးရုံသို့ပို့လိုက်သည်။ ထိုအလောင်းကိုလည်း ဆရာဝန်အက်(စ်) စီးဒေး ကပင်ခဲ့စိတ်စစ်ဆေးကြည့်ရှုသည်။ သက်သေဆေးဆရာဝန်၏ထွက်ဆိုချက်အရ ဆိုသော် သေဆုံးသူသည် ပြတ်ရှသည့်ဒဏ်ရာ ၈ ခုရရှိခဲ့ကြောင်း။ ထိုဒဏ်ရာများ၊ အနက် ဒဏ်ရာနှစ်ခုတို့သည် လူ၏အသက်ကို ကေန်မုခါသေစေမည့် ဒဏ်ရာများဖြစ်ကြောင်းပင်ဖြစ်သည်။

၌အမှုကို ၁၉၆၅ ခု၊ ဧပြီလ ၃ ရက်နေ့မှအစပြု၍ စခန်းမှူး ဦးဘတုတ်(လိုပြ-၁၀) ကစုံစမ်းစစ်ဆေးခြင်းပြုခဲ့လေသည်။ ထိုနေ့မှာပင်၊ ဦးဘတုတ်သည်မောင်တင်အောင်၊ မောင်ဘိုးငိုနှင့် မောင်ကြိုင်တို့ကိုဘမ်းဆီးလိုက်သည်။ ၁၉၆၅ ခု၊ ဧပြီလ ၄ ရက်နေ့

တွင် ဦးဘတုတ်သည် အခင်းဖြစ်သည့်ရွာသို့ သွားရောက်ပြီး၊ တရားခံမောင်ကြိုင်နှင့် မောင်တင်အောင်တို့ ညွှန်ပြသောနေရာများမှ သက်သေခံဒါးနှစ်လက်ကို သိမ်းဆည်းလိုက်သည်။ ၁၉၆၅ ခု၊ ဧပြီလ ၅ ရက်နေ့ရောက်သောအခါ တရားခံ မောင်ဘိုးငိုက ဖြောင့်ချက်ပေးရန်ဆန္ဒရှိကြောင်း ပြောသဖြင့်၊ ၎င်းအား မြင်းမူမြို့ ပဌမရာဘက် ရာဇဝတ် တရားသူကြီးရုံးသို့ ပို့လိုက်၏။ ပဌမ ရာဘက် ရာဇဝတ် တရားသူကြီး ဦးတင်အောင် (လိုပြ-၄) သည်၊မောင်ဘိုးငို၏ဖြောင့်ဆိုချက်ကိုမိမိရုံး ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အသေးအဖွဲမှုအမှတ် ၄၁ တွင် ရေးမှတ်ယူထားလေသည်။ ထိုကဲ့သို့ရေးမှတ်ယူပြီးထားသည့် မောင်ဘိုးငို၏ ဖြောင့်ဆိုချက်ကို အောက်ရုံးအမှုတွဲတွင်သက်သေခံအမှတ် "ခ" အဖြစ်တင်သွင်းထားလေသည်။

မောင်ဘိုးငို၏ ဖြောင့်ဆိုချက်တွင် အခင်းဖြစ်သည့်နေ့ ညနေ ၇ နာရီခန့်၌၊ မိမိသည် မောင်တင်အောင်၊ မောင်ကြိုင်တို့နှင့်အတူ ရွာတောင်ဘက်ဆီသို့ သွားရောက်ရာ၊ ရွာတောင်ဘက်ဘံခါးအနီးတွင်၊ မောင်သိန်းအောင်နှင့် တွေ့ကြောင်း။ ထိုအခါ မောင်သိန်းအောင်က မိမိတို့အားဆဲဆိုပြီး ရွာထဲသို့ဝင်သွားကြောင်း။ မိမိတို့သည် ရွာတောင်ဘက်ကွင်းတွင်၊ အခင်းကြီးသွားပြီးနောက်၊ ၇ နာရီခွဲခန့်အချိန်တွင်၊ မိမိတို့နေအိမ်များသို့ အသီးသီးပြန်ခဲ့ကြကြောင်း။ မိမိသည်အိမ်ပြန်ရောက်၍ ထမင်းစားပြီးသဖြင့်ထိုင်နေစဉ်၊ မောင်တင်အောင်နှင့် မောင်ကြိုင်တို့ ရောက်ရှိလာကြောင်း၊ ထိုအခါ မောင်တင်အောင်က မောင်သိန်းအောင်ကို သွားသတ်ရန် မိမိကိုခေါ်သဖြင့်၊ မိမိသည် မောင်တင်အောင်တို့နှင့်အတူ ရွာတောင်ဘက်ရှိ၊ မောင်သိန်းအောင်အိမ်ရှေ့ဘက် ယာခင်းသို့ သွားရောက်ကာ ထိုင်နေကြကြောင်း၊ ထိုနောက် ည ၁၁ နာရီခန့်အချိန်သို့ရောက်သည်တွင်၊ မောင်တင်အောင်က "ငှတ်ဝင်သတ်ရအောင်" ဟုပြောပြီးခေါ်သည့်အတွက် မိမိနှင့် မောင်ကြိုင်တို့သည်၊ မောင်တင်အောင်နှင့်အတူ၊ သိန်းအောင်၏ အိမ်သို့သွားရောက်ခဲ့ကြောင်း၊ သိန်းအောင်၏အိမ်သို့ ရောက်ရှိသောအခါ၊ မိမိက သိန်းအောင်အား မီးခွက်ထွန်းရန်ပြောပြီး၊ သိန်းအောင်က မီးခွက်ထွန်းလိုက်သောအခါ မိမိတို့ သုံးယောက်စလုံး သိန်းအောင်၏ နေအိမ်ထဲသို့ ဝင်သွားကြကြောင်း၊ သိန်းအောင် အိမ်ထဲတွင် မုန့်ဝယ်စားပြီးနောက်၊ မောင်တင်အောင်က သိန်းအောင်အား "ငွေ ၂၀ ချေးမည်လိုက်ခဲ့" ဟုပြောသဖြင့်၊ သိန်းအောင်သည် မိမိတို့နှင့်အတူ နေအိမ်မှလိုက်လာခဲ့ကြောင်း၊ မိမိတို့သည် ရွာလမ်းအတိုင်း မြောက်ဘက်သို့ဂျောက်သွားခဲ့ကြရာ၊ ကိုသောင်းလှဆိုသူ၏ အိမ်အရှေ့ရှိလမ်းကြားသို့ရောက်သည်တွင် မောင်သိန်းအောင်အား ကိုတင်အောင်က ၎င်း၏လက်တွင် ပါလာသော ဒါးရှည်နှင့် နောက်မှနေပြီး တချက်ခုတ်လိုက်ကြောင်း၊ ထိုအခါ မောင်သိန်းအောင်သည် မြေကြီးပေါ် သို့ ဖင်ထိုင်ရက် လဲကျသွားစဉ် မိမိက သိန်းအောင်

၁၉၆၆ မောင်တင်အောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

အား ဒါးဖြင့်တချက်ခုတ်သိုက်ကြောင်း၊ ထိုနောက် မောင်ကြိုင်ကလည်း၊ ၎င်းတွင် ပါလာသော ဒါးရှည်ဖြင့် မောင်သိန်းအောင်အား နောက်ထပ် နှစ်ချက်ခုတ်လိုက်ကြောင်း၊ မောင်သိန်းအောင် လဲကျသွားပြီးနောက်၊ မိမိတို့သုံးယောက်သည် ရွာအရှေ့ဘက်တံခါးသို့ပြေးသွားကြပြီး၊ ထိုတံခါးမှထွက်ကာ မောင်သိန်းအောင်၏အိမ်ဘက်သို့သွားကြကြောင်း၊ မအုံးမြိုင်အိမ်အနီးသို့ရောက်သောအခါ၊ မိမိသည် မိမိကိုင်ဆောင်လာသည့်ဒါးရှည်ကို ပစ်ထားခဲ့ကြောင်း၊ မအုံးမြိုင်အိမ်အနီးရှိ တမာပင်တပင်အောက်တွင် မောင်ကြိုင် နေရစ်ခဲ့သောကြောင့်၊ မိမိနှင့်တင်အောင်တို့ နှစ်ဦးသာလျှင် မအုံးမြိုင်၏အိမ်သို့ သွားရောက်ခဲ့ကြောင်း၊ မအုံးမြိုင်၏အိမ်သို့ ရောက်သောအခါ မအုံးမြိုင်အား အိမ်ပေါက်ဝ၌တွေ့ရှိကြောင်း၊ မအုံးမြိုင်က "ကိုသိန်းအောင်လား" ဟု လှမ်းမေးလိုက်သောအခါ ကိုတင်အောင်သည် မအုံးမြိုင်ရှိရာသို့သွား၍ မအုံးမြိုင်အားဒါးနှင့်ခုတ်လိုက်ရာ၊ မအုံးမြိုင်က ရှောင်ပြီး၊ အိမ်ထဲသို့ပြေးဝင်သွားသောကြောင့် မောင်တင်အောင်သည် အိမ်ထဲသို့ဆက်လိုက်သွားကြောင်း၊ မောင်တင်အောင်အိမ်ထဲသို့ ရောက်သောအခါ၊ ဒါးနှင့်ခုတ်သံမျှကို ကြားရသည့်အပြင်၊ မအုံးမြိုင်ကလည်း "ကိုသိန်းအောင်ကယ်ပါ-ကယ်ပါ" ဟုပြောဆိုသံမျှကြားရပြန်ကြောင်း။ ၎င်းနောက် မောင်တင်အောင် ပြန်ထွက်လာပြီး မိမိတို့သုံးဦးစုမိကြသောအခါ၊ မိမိတို့သည် ကားလမ်းအတိုင်းအရှေ့ဘက်ဆီသို့ထွက်ခွါသွားကြပြီးနောက်၊ မိမိတို့နေအိမ်များသို့ အသီးသီးပြန်လာခဲ့ကြောင်းမျှသာပင်ဖြစ်သည်။

ဤအမှုကိုစစ်ဆေးသည့် စစ်ကိုင်းမြို့ ပညာရှိအထူးတရားသူကြီးသည် တရားခံမောင်တင်အောင်အပေါ်၌ မောင်သိန်းအောင်နှင့် မအုံးမြိုင်တို့အား ပြင်းထန်သည့် ဒဏ်ရာများရစေသောကြောင့်၊ ရာဇသတ်ပုဒ်မ ၃၂၆ အရ ပြစ်မှုနှစ်ရပ်ဖြင့်စွဲချက်များတင်သွင်းခဲ့၏။ တရားခံမောင်ဘိုးငိုအပေါ်တွင်လည်း မောင်သိန်းအောင်အား ပြင်းထန်သည့်ဒဏ်ရာရစေသောကြောင့်၎င်း၊ မအုံးမြိုင်အား မောင်တင်အောင်က ပြင်းထန်သည့် ဒဏ်ရာရစေအောင် ပြုလုပ်ရာတွင် အားပေး ကူညီ သောကြောင့်၎င်း ရာဇသတ်ကြီးပုဒ်မ ၃၂၆ နှင့် ၃၂၆/၁၁၄ တို့အရစွဲချက်များအသီးသီး တင်သွင်းခဲ့လေသည်။ တရားခံမောင်ကြိုင်အပေါ်၌မူ၊ မောင်သိန်းအောင်အား ပြင်းထန်သည့် ဒဏ်ရာရစေသောကြောင့်ရာဇသတ်ကြီး ပုဒ်မ ၃၂၆ အရစွဲချက်တင်သွင်းခဲ့လေသည်။ တရားခံများက မိမိတို့အပေါ်တွင် တင်သွင်းထားသည့် စွဲချက်အသီးသီးတို့ကိုငြင်းဆိုခဲ့သည်။ တရားခံများ၏ ခုခံချေပချက်များမှာ မိမိတို့သည် အခင်းဖြစ်စဉ်က အခင်းဖြစ်သည့်နေရာတွင်မရှိကြဘဲ၊ တပါးသောအရပ်များသို့ရောက်ရှိ နေကြကြောင်းများပင်ဖြစ်သည်။

မောင်သိန်းအောင် သေဆုံးရခြင်းနှင့်ပတ်သက်၍ ပညာရှိအောက်ရုံး တရားသူကြီးက "အဆိုပါဘရားခံသုံးယောက်သည် မောင်သိန်းအောင်အား ငွေချေးရန် ခေါ်သွားပြီးနောက်၊ မကြာမီပင် ဒါးနှင့်ဝိုင်း၍ ခုတ်ထစ်ကြကြောင်း၊ မျက်မြင်သက်သေမရှိသော်လည်း အမှုအဖြစ်အပျက်ကသက်သေခံနေသည်" ဟု မိမိ၏စီရင်ချက်တွင်ဖော်ပြထားသည်။ အကယ်စင်စစ်ဆိုသော်၊ ပညာရှိအောက်ရုံးတရားသူကြီးသည် ထိုအချက်နှင့်ပတ်သက်၍ တရားခံ မောင်ဘိုးငို၏ ဖြောင့်ဆိုချက်ပေါ်တွင် မူတည်ပြီး ဆုံးဖြတ်ချက်ချဟန်တူသည်။အောက်ရုံးတွင် မောင်ဘိုးငိုကမိမိ၏ဖြောင့်ဆိုချက်များကိုရုပ်သိမ်းထားလေသည်။ မောင်ဘိုးငို၏ အလိုအရဆိုသော် မိမိသည် ထိုဖြောင့်ဆိုချက်များကို ရဲအာဏာရှိများက နှိပ်စက်သောကြောင့် ပေးရခြင်းဖြစ်သည်။ သို့ဆိုတွင် ထိုအချက်နှင့်ပတ်သက်၍ မောင်ဘိုးငိုသည် သက်သေခံချက်များ တင်ပြနိုင်ခြင်းမရှိသည့်ပြင်၊ မိမိအား အစိုးရဖွဲ့နေကြီးက ပြန်လှန်မေးခွန်းထုတ်သောအခါ၌လည်း မိမိသည်ပဌမဏာဘက် ရာဇဝတ်တရားသူကြီးရှေ့၌ဖြောင့်ဆိုချက်များကို မိမိအလိုအလျောက်ပေးပါသည်ဟု ဝန်ခံထား၏။ ထို့ကြောင့်ပင် ပညာရှိ အောက်ရုံးတရားသူကြီးက မောင်ဘိုးငို၏ ဖြောင့်ဆိုချက်များသည် မိမိသဘောဆန္ဒအလျောက် ပေးခဲ့သည့်ဖြောင့်ဆိုချက်များဖြစ်သည်ဟု ဆုံးဖြတ်ချက်ချမှတ်ထားသည်။

မောင်ဘိုးငို၏ ဖြောင့်ဆိုချက်များသည် အရေးကြီးသည့် အဓိကအချက်များ၌ ထောက်ခံချက်များရရှိသည် မရှိသည်ကို ပညာရှိအောက်ရုံးတရားသူကြီး စီရင်ချက်တွင် ဝေဖန်ထားခြင်းမတွေ့ရှိရပေ။ ကျွန်ုပ်တို့အနေနှင့် ထိုဖြောင့်ဆိုချက်များကို သေချာစွာဆန်းစစ်ကြည့်ရှုသောအခါ၌ အရေးကြီးသည့်အချက်များတွင် သက်သေခံ အာအထောက်အထားရရှိကြောင်း တွေ့ရှိရသည်။ မအုံးမြိုင် (လိုပြ-၁) ၏ အစစ်ခံချက်၌ မိမိ၏ယောကျ်ား မောင်သိန်းအောင်သည်၊ မောင်တင်အောင် မောင်ဘိုးငို၊ မောင်ကြိုင်၊ တို့နှင့်အတူနေအိမ်မှ ထွက်သွားခဲ့ကြောင်း အတိအလင်းဖော်ပြထားသည်။ ၎င်းတို့ထွက်သွားပြီးနောက်၊ မကြာမီ မိမိ၏ယောကျ်ားသည် "မအုံးမြိုင် မအုံးမြိုင်" ဟု ခေါ်ကြောင်းဖြင့်လည်းအစစ်ခံထားသည်။ နေအိမ်သို့ ပြန်လည်ရောက်ရှိသောအခါ၌လည်း၊ နေအိမ်ဘေပါက်ဝတွင် မောင်တင်အောင်နှင့် မောင်ဘိုးငိုတို့ကို တွေ့ရှိကြောင်း၊ မအုံးမြိုင်က အစစ်ခံသည်။ ထို့ကြောင့် မောင်ဘိုးငို၏ ဖြောင့်ဆိုချက်များတွင်ပါရှိသည့်အချက်အလက်များကို မအုံးမြိုင်က ထောက်ခံထွက်ဆိုထားသည်ကို တွေ့ရှိရသည်။ မအုံးမြိုင်အပြင် မခင်ညွန့် (လိုပြ-၂) နှင့် မောင်မျိုးညွန့် (လိုပြ-၃) တို့၏ အစစ်ခံချက်များ၌လည်း မောင်ဘိုးငို၏ ဖြောင့်ဆိုချက်များကို ထောက်ခံထွက်ဆိုထားသည့် အချက်များပါရှိလေသည်။ ထိုမှတပါး သေဆုံးသူ မောင်သိန်းအောင်တွင် ရှိသည့် ဒဏ်ရာ ၈ ချက်အနက် ၄ ချက်တို့သည် အခြားသော ဒဏ်ရာများပြု

လုပ်ရာ၌ ကာကွယ်လိုက်သောကြောင့် ရရှိနိုင်သည့် ဒဏ်ရာမျိုးဖြစ်ကြောင်းကိုသက်သေဆေးဆရာဝန်က ထင်မြင်ချက် ပေးထားလေသည်။ တနည်းအားဖြင့် ဆိုသော် မောင်သိန်းအောင်သည် ဒါးဖြင့် လေးချက်အခုတ်ခံရခြင်းပင်ဖြစ်သည်။ တရားခံ၊ မောင်ဘိုးဦး၏ ဖြောင့်ဆိုချက်တွင် သေသူကို မောင်တင်အောင်ကတချက်၊ မိမိက တချက်နှင့် မောင်ကြိုင်က နှစ်ချက်ခုတ်ထစ်ကြောင်း ပါရှိလေရာ၊ ထိုအချက်မှာလည်း သက်သေဆေးဆရာဝန်၏ အစစ်ခံချက်နှင့်ကိုက်ညီနေသည်ကိုတွေ့ရှိရသည်။ သက်သေခံဒါးများကို တွေ့ရှိရသည့်နေရာများမှာလည်း မောင်ဘိုးဦး၏ ဖြောင့်ဆိုချက်တွင် ဖော်ပြထားသည့်နေရာများအတိုင်းဖြစ်သည့်အပြင် ထိုဒါးနှစ်လက်အနက် တခုတွင် သွေးများစွန်းနေကြောင်း သက်သေခံအထောက်အထား ရရှိခဲ့သည်။ ထို့ကြောင့် မောင်ဘိုးဦး၏ ဖြောင့်ဆိုချက်များသည် မိမိအလိုအလျောက် ပေးခဲ့သည့်ဖြောင့်ဆိုချက်များဖြစ်သည်သာမက၊ မှန်ကန်သော ဖြောင့်ဆိုချက်များ ဖြစ်သည်ဟူ၍လည်း ယူဆနိုင်စရာအကြောင်းရှိ၏။ သို့နှင့် ပညာရှိ အောက်ရုံးတရားသူကြီးသည် မျက်မြင်သက်သေများ၏ ထွက်ချက်များနှင့်တကွ မောင်ဘိုးဦး၏ဖြောင့်ဆိုချက်များအပေါ် တွင် မူတည်ပြီး မောင်သိန်းအောင်အား ဒဏ်ရာရအောင် ပြုလုပ်သူများသည်၊ မောင်တင်အောင်၊ မောင်ဘိုးဦးနှင့်မောင်ကြိုင်တို့ဖြစ်သည်ဟူ၍ဆုံးဖြတ်ချက်ချ၊ မအုံးမြိုင်အား ဒဏ်ရာရအောင်ပြုလုပ်သူမှာ မောင်တင်အောင်ဖြစ်သည်ဟူ၍ဆုံးဖြတ်ချက်ချ၊ မောင်တင်အောင်က မအုံးမြိုင်အား ဒဏ်ရာရအောင်ပြုလုပ်ရာတွင် မောင်ဘိုးဦးသည် အနီးဘွိုပြီး အားပေး ကူညီခြင်းပြုခဲ့သည်ဟူ၍ဆုံးဖြတ်ချမှတ်ခြင်းများသည် မှန်ကန်သည်ကို ကျွန်ုပ်တို့ တွေ့ရှိရသည်။

ပညာရှိ အောက်ရုံးတရားသူကြီးက မောင်သိန်းအောင် ဒါးခုတ်ခံရ၍ သေဆုံးသွားသော်လည်း၊ မည်သူ၏လက်ချက်ကြောင့် သေဆုံးရသည်ဟု မပေါ် ပေါက်ခဲ့သောကြောင့်၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၄ ဖြင့်သာလျှင် စွဲချက်တင်ခဲ့ရပါသည်ဟု စီရင်ချက်တွင်ဖော်ပြထားလေသည်။ သို့ရာတွင် အမှု၏ ပတ်ဝန်းကျင်အကြောင်းချင်းရာများနှင့် မောင်ဘိုးဦး၏ ဖြောင့်ဆိုချက်များတွင် ပေါ် ပေါက်သည့် အချက်အလက်များကိုထောက်ဆ၍ တရားခံများသည် မောင်သိန်းအောင်အား ဒါးနှင့်ခုတ်ရာ၌ မိမိတို့၏ အကြံတူတခုကို အထမြောက်စေရန် ရည်ရွယ်၍ပြစ်မှုမြောက်သောပြုလုပ်မှုကိုပြုမပြုနှင့် ပတ်သက်ပြီးဆင်ခြင်စဉ်းစားရန်လိုအပ်သည်။ သေဆုံးသူ ရရှိသည့်ဒဏ်ရာများအနက် ၎င်း၏အသက်ကိုသေစေသည့် ဒဏ်ရာမှာ မည်သူပြုလုပ်၍ ရရှိသည့်ဒဏ်ရာဖြစ်ကြောင်းသက်သေခံချက်မရှိရုံကာမျှဖြင့် ထိုသေဆုံးသူအား ဝိုင်းဝန်းခုတ်ထစ်ကြသူများအားလုံးတို့သည် ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရသာလျှင် ပြစ်မှုထင်ရှားစီရင်ထိုက်သည်ဟု အမြဲတစေမယူဆသင့်ချေ။ ပညာရှိအောက်ရုံးတရားသူကြီးသည် အကြောင်း တစုံတရာမဖော်ပြဘဲ တရားခံဘို့ကျူးလွန်သော ပြစ်မှုသည် ရာဇသတ်ကြီး ပုဒ်မ ၃၀၄ တွင်သာ

အကျိုးဝင်သည်ဟု ဆုံးဖြတ်ထားသည်။ ထို့ကြောင့်လည်း တရားခံများ၏ ပြုလုပ်မှုသည် ဆဇသတ်ကြီး ပုဒ်မ ၃၀၂ (၁)(ခ)/၃၄ တွင် အကျိုးဝင်မဝင်ဆုံးဖြတ်ချက် ချမှတ်ရန်အလို့ငှါ၊ ဤပြင်ဆင်မှုကို ဖွင့်လှစ်ရခြင်းဖြစ်သည်။ အကယ်၍ တရားခံများ၏ ကျူးလွန်မှုသည်၊ အထက်ဖော်ပြပါပုဒ်မဘွင် အကျိုးဝင်ခဲ့သော်၊ ၎င်းတို့အား သေဒဏ်မှ လွဲ၍ အခြားမည်သည့်အပြစ်ဒဏ်ကိုမှပေးနိုင်မည်မဟုတ်ချေ။ သို့ဖြစ်ရကား၊ ဤပြဿနာကို အလွန် လေးလေးနက်နက် ဆင်ခြင်သုံးသပ်ရန် လိုအပ်လေသည်။

ဆဇသတ်ကြီးပုဒ်မ ၃၄ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

> "တဦးထက်ပိုသောသူများသည် မိမိတို့၏ အကြံတူတခုကို အထမြောက်စေရန် ရည်ရွယ်၍ပြစ်မှုမြောက်သော ပြုလုပ်မှုကိုပြုခဲ့လျှင်၊ ထိုပြုလုပ်မှုကိုတဦးတည်းပြုလုပ်ဘိသကဲ့သို့ ထိုသူအသီးသီး၌ တာဝန်ရှိသည် "။

ထို့ကြောင့် ယခု ကျွန်ုပ်တို့ ဆွေးမြေ့ာက်ရှိ အမှု၌ တရားခံများသည် သေဆုံးသူ မောင်သိန်းအောင်အား ဒါးနှင့် ခုတ်ထွာင် ထိုကဲ့သို့ပြုလုပ်ကြခြင်းသည် မိမိတို့၏ အကြံတူတခုကိုအထမြောက်စေရန် ရည်ရွယ်၍ ပြုလုပ်ခဲ့သည့်ပြုလုပ်မှုဖြစ်လျှင်၊ ၎င်းတို့သုံးဦးစလုံးသည် မောင်သိန်းအောင်သေဆုံးသည့်အတွက် တာဝန်ရှိရမည်ပင် ဖြစ်သည်။ တရားခံများ၌ အထက်ဖော်ပြပါ အကြံတူမျိုးရှိမရှိကို ဆုံးဖြတ်ရန်မှာ အလွန်ခဲယဉ်းသည့် ပြဿနာဖြစ်သည်။ ထိုအချက်သည် လူ၏ စိတ်နေစိတ်ထားအပေါ် ၌တည်ရှိသည့် အချက်ဖြစ်ရကား၊ တိုက်ရိုက်သက်သေခံချက်ရရှိရန် အလွန်ခဲယဉ်း၏။ များသောအားဖြင့် ထိုပြဿနာကိုဆင်ခြင်ရာ၌ အမှု၏ပတ်ဝန်းကျင်အကြောင်းခြင်းရာများနှင့် တကွ၊ တရားခံများအသုံးပြုသည့် လက်နက်များ၊ အချင်းမဖြစ်မီ အချိန်အနည်းငယ် အတွင်းတွင်၎င်း၊ အချင်းဖြစ်ပြီးနောက် အချိန်အနည်းငယ်အတွင်းတွင်၎င်း၊ တရားခံများ၏ ပြုမူ သွားလာနေထိုင်ပုံ၊ ၎င်းတို့၏ပြောဆိုကြိမ်းမောင်းချက် အစရှိသည်တို့ကို ထည့်သွင်းစဉ်းစားပြီး ထိုအချက်အားလုံးတို့သည် တရားခံတို့၌ အထက်ဖော်ပြပါအကြံတူတခုရှိနေပါသည်ဟူသော အချက်မှလွဲ၍ အခြားမည်သည့်အချက်မျိုးမှရှိနိုင်မည်မဟုတ်ဟု ယူဆနိုင်သောအခါမှသာလျှင် ထိုကဲ့သို့သော အကြံတူတခုရှိသည်ဟုကောက်ယူဆုံးဖြတ်သင့်လေသည်။ **မောင်အေးမောင် (ခေါ်) မောင်ဂေါင်းကြီး** နှင့် **နိုင်ငံတော်** (၁) အမှုစီရင်ထုံးတွင်၎င်း၊ **မောင်မြင့်** နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ** (၂) အမှုစီရင်ထုံးတွင်၎င်း၊ အထက်ပါမူကိုလိုက်နာကျင့်သုံးခဲ့သည်။ သို့ရာတွင် ထိုပြဿနာနှင့်ပတ်သက်၍ အားလုံးသော အမှုအခင်းများကို အကျိုးဝင်အောင် အလွန်တိကျသည့် စည်းကမ်း

---

(၁) ၁၉၄၆ ခု၊ ရန်ကုန်စီရင်ထုံး စာ ၁၉၇။

(၂) ၁၉၄၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး စာ ၃၇၉။

ချက်များ၊ သို့တည်းမဟုတ် မူများ၊ သို့တည်းမဟုတ် ဥပဒေသများကို သတ်မှတ်ထား ရန် အလွန်ခဲယဉ်းပေသည်။ အကြောင်းသော်ကား၊ ဥပဒေသများဟူ၍ ဖြစ်ပေါ် လာသည့် ယေဘုယျသဘောမှာ အမျိုးအစားတူညီသော အမှုအခင်းများ၏ အရေး ကြီးသော အကြောင်းခြင်းရာများ၊ သို့မဟုတ် အချက်အလက်များကိုသာ စုစည်း ဆုပ်ကိုင်လျက် ယင်းတို့အပေါ် တွင်မူတည် ရေးဆွဲထားခြင်းဖြစ်သည်။ ထိုကဲ့သို့သော မူ ဥပဒေသမျိုးကို အမှုတခု၌ ထင်ဟပ်၍ကြည့်သောအခါ၊ ဤအမှုတွင် ယခင်က အရေးမကြီးဟုချန်လှပ်ခဲ့သည်များက၊ဤအမှု၌အရေးကြီးသည့်အကြောင်းခြင်း တမျိုး ဖြစ်နေတတ်သည်လည်းရှိ၏။ ထိုကဲ့သို့ဖြစ်ခဲ့သော် ယင်းဥပဒေသ၊ သို့တည်းမဟုတ် မူ ဖြင့် အဆုံးအဖြတ်ပေးခဲ့လျှင် တရားမျှတ မှန်ကန်ခြင်းမရှိနိုင်ပေ။ **မောင်အေး ပါ-၂** နှင့် **နိုင်ငံတော်** (၃) အမှုစီရင်ထုံးတွင်လည်း ဤအချက်နှင့်ပတ်သက်၍ မည်သည့်အမှု အခင်းမျိုးမဆိုအကျုံးဝင်နိုင်မည့်မူ၊ ဥပဒေသများ သတ်မှတ်ရန်ခဲယဉ်းကြောင်းကိုဖော် ပြထားလေသည်။ ထို့ကြောင့် တရားခံများ၏အကြံအစည်ကိုသိရှိပေါ်လွင်ရန် အမှု တခုတွင် သက်သေထင်ရှားပေါ်လွင်သည့် အချက်အလက်များအပေါ်၌ မူတည်ပြီး ဆုံးဖြတ်ရာသည်ဟု ထိုစီရင်ထုံးတွင် မိန့်မြွက်ထားသည်ကို တွေ့ရှိရသည်။ အထက်ဖော်ပြ ပါအကြောင်းများကြောင့် ယခုကျွန်ုပ်တို့ရှေ့ရှိအမှု၌ အမှုတွဲတွင်ရရှိသည့် ပေါ်လွင် ထင်ရှားသော သက်သေခံချက်များကို ထောက်ဆ၍ တရားခံများ၌အကြံတူတခုရှိမရှိ သေချာစွာ စီစစ်ဝေဖန်ရန်လိုအပ်သည်။

တရားခံ မောင်ဘိုးငို၏ ဖြောင့်ဆိုချက်တွင် မိမိအား မောင်တင်အောင်က သိန်းအောင်ကိုသတ်ရန် လာရောက်ခေါ်ငင်ပါသည်ဟု ထွက်ဆိုထား၏။ မိမိအနေနှင့်မူ သိန်းအောင်အား သတ်ဖြတ်ရန်အကြံအစည် ရှိမရှိဖော်ပြထားခြင်းမရှိပေ။ တင်အောင် က ခေါ်သဖြင့် မိမိနှင့်မောင်ကြိုင်တို့ လိုက်ပါသွားပါသည်ဟုသာလျှင် ဖြောင့်ဆိုထား သည်။ ထို့ကြောင့် မောင်တင်အောင်နှင့် မောင်ကြိုင်တို့တွင် သိန်းအောင်ကိုသတ်ရန် အကြံတူတခုရှိမရှိဟူသောအချက်မှာ ၎င်းတို့နှင့်အတူ တရားစွဲဆိုခြင်းခံရသည့် တရားခံ တဦး၏ဖြောင့်ဆိုချက်မျှသာ ဖြစ်နေသည်။ ထို့ကြောင့် ထိုအချက်နှင့်ပတ်သက်၍အခြား လုံလောက်သည့် သက်သေခံ အထောက်အထား မရရှိဘဲလျက်၊ မောင်တင်အောင်နှင့် မောင်ကြိုင်တို့တွင် သိန်းအောင်အား သတ်ဖြတ်ရန် အကြံတူတခုရှိသည်ဟု တထစ်ချ မယူဆသင့်ချေ။ အမှုတွဲတွင်ရရှိသည့် သက်သေခံချက်များအားလုံးကို ခြုံ၍ကြည့်ရှု သောအခါ၌လည်း၊ တရားခံများသည် မောင်သိန်းအောင်အား အသက်ကိုသေစေသည် အထိ ရန်တုံ့ပြန်ရန်အကြောင်းမပေါ်ပေါက်ချေ။ မောင်ဘိုးငို၏ ဖြောင့်ဆိုချက်၌ အခင်းမဖြစ်မီ စောစောပိုင်းက မောင်သိန်းအောင်သည် မိမိတို့အား ဆဲရေးတိုင်းထွာ

(၃) အတွဲ (၈)၊ ရန်ကုန်စီရင်ထုံး စာ ၆၀၇။

ခြင်းပြုလုပ်ခဲ့သည်ဟု ဖေါ်ပြထား၏။ သို့ရာတွင် မောင်သိန်းအောင်သည် တရားခံများအား ဆဲရေးတိုင်းထွာသည်ဆိုရာ၌ ထူးထူးခြားခြား ရင့်သီးကြမ်းကြုတ်စွာ ဆဲဆိုခဲ့သည်မဟုတ်။ တောသူတောင်သားများတို့၏ လေ့အရဆဲဆိုတိုင်းထွာခြင်းမျှသာ ဖြစ်သည်။ ထိုကဲ့သို့ ဆဲရေးတိုင်းထွာခြင်းကြောင့် တရားခံများသည် မောင်သိန်းအောင်အား ရန်မူရန်အကြံရှိကောင်းရှိပေလိမ့်မည်။သို့ရာတွင် မောင်သိန်းအောင်၏ အသက်ကိုသေစေသည်အထိ သတ်ပုတ်ရန် ရည်ရွယ်ချက်ရှိသည်ဟု တထစ်ချမယူဆနိုင်ပေ။ “ သတ်မည် ” ဟူသောစကားရပ်များကို တရားခံများကဲ့သို့သော တောသူတောင်သားများသည် အလွန်လွယ်ကူစွာပြောဆိုအသုံးပြုလေ့ရှိသည်။လက်နက်တစုံတရာ မပါရှိပါဘဲ လျက်နှင့်ပင်တဦးတယောက်သောသူသည် အခြားသူတဦးတယောက်အား သွားရောက် သတ်ပုတ်မည်ဟု ပြောဆိုလေ့ရှိသည်မှာ အများအသိပင် ဖြစ်သည်။ ထို့ကြောင့် မောင်တင်အောင်က သိန်းအောင်အား သွား၍သတ်မည်ဆိုရာတွင် သိန်းအောင်အသက်ကို သေစေသည်အထိ သတ်ဖြတ်ရန် ရည်ရွယ်ချက်နှင့် ပြောဆိုခြင်းဟုတ်ခြင်မှဟုတ်ပေမည်။ မိမိတို့အား ဆဲရေးတိုင်းထွာခြင်းပြုလုပ်သောကြောင့်သွားရောက် ရန်မူရန်မျှသာပြောဆိုခြင်းဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေကာမူ ဤအချက်နှင့်ပတ်သက်သူ ယခု ကျွန်ုပ်တို့ရှေ့ရှိအမှုတွဲတွင်ရရှိသည့် သက်သေခံချက်များ အားလုံးကို ခြုံ၍ကြည့်ရှုသောအခါ တရားခံတို့၌ မောင်သိန်းအောင်အား သတ်ဖြတ်ရန် အကြံတူတခုရှိမရှိဟူသောပြဿနာသည် အလွန်ဒိဋ္ဌိဟ သံသယဖြစ်စရာကောင်းသည့်ပြဿနာသာ ဖြစ်သည်။ ဖြောင့်ချက်ပေးသည့် တရားခံမောင်ဘိုးငိုသည် အသက် ၁၈ နှစ်မျှသာရှိသေးသည်။ ငယ်ရွယ်သူတဦးဖြစ်လေရာ ၎င်း၏ဖြောင့်ဆိုချက်များတွင် အချို့သောစကားရပ်များသည် စိတ်လိုက်မာန်ပါ ပြောဆိုခဲ့သည့်စကားများလည်း ပါနိုင်သည်။ ထို့ကြောင့် ၎င်း၏ထွက်ဆိုချက်တခုတည်းပေါ် မူတည်ပြီး၊ တရားခံများ၌ အဆိုပါအကြံတူတခုရှိသည်ဟု ဆုံးဖြတ်ချက်မချမှတ်သင့်ဟု ကျွန်ုပ်တို့ ထင်မြင်ယူဆသည်။

တရားခံများသည် မောင်သိန်းအောင်၏ အိမ်သို့သွားရာ၌ ဒါးကိုယ်စီကိုင်ဆောင်ပြီးသွားကြသည်မှာ ထင်ရှားလေသည်။ ဒါးကဲ့သို့သော လက်နက်သည် လူတဦးတယောက်အား သေစေသည်အထိ အန္တရာယ်ပြုလုပ်နိုင်သည်။သို့ရာတွင် ထိုကဲ့သို့သော လက်နက်မျိုးများကို ကိုင်ဆောင်သွားရုံကာမျှဖြင့် ၎င်းတို့၌ မောင်သိန်းအောင်အား သတ်ဖြတ်ရန် အကြံအစည်ရှိသည်ဟုမဆိုနိုင်ပေ။ ဤအချက်နှင့်ပတ်သက်၍၊ **မောင်မြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** (၄) အမှုစီရင်ထုံးတွင်လည်း အထက်တွင်ဖေါ်ပြထားသကဲ့သို့ ယူဆသင့်ကြောင်း တွေ့ရှိရသည်။ တရားခံများသည် မောင်သိန်းအောင်အား

(၄) ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ ၃၇၉။

၁၉၆၆ မောင်တင်အောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

တွေ့ရှိလျှင် တွေ့ရှိခြင်းမည်သို့မျှမပြုလုပ်ကြချေ။ မောင်သိန်းအောင်တွင် လက်နက်တစုံတရာကိုင်ဆောင်ခြင်းမရှိဘဲ၊ တရားခံများနှင့် လိုက်ပါသွားကြသည်ကိုထောက်ဆ၍ ကြည့်ရှုသောအခါ၌လည်း မိမိသည်တရားခံများအား ရန်သူများအဖြစ် အသိအမှတ်မပြုလုပ်ခဲ့ကြောင်း ထင်ရှားပြန်သည်။ ရွာတွင်းသို့ရောက်သောအခါမှ တခုခုသော အကြောင်းပေါ် ပေါက်လာပြီး၊ တရားခံများသည် မောင်သိန်းအောင်ကို သတ်ပုတ်ကြရာ၌ လက်လွန်သွားခြင်းမျှသာ ဖြစ်သည်ဟု ကျန်ုပ်တို့ ထင်မြင်ယူဆသည်။ ထို့ကြောင့် မောင်သိန်းအောင်သည် တရားခံများ ဝိုင်းဝန်းဒါးနှင့်ခုတ်သဖြင့် သေဆုံးရသော်လည်း မည်သူပြုလုပ်သည့် ဒဏ်ရာကြောင့်အသက်ဆုံးရှုံးရကြောင်း သက်သေခံအထောက်အထားမရှိသဖြင့် **မောင်စိန် ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** (၅) အမှုစီရင်ထုံးတွင်ကျင့်သုံးထားသည့်မူအရ၊ တရားခံများ၏ ပြုလုပ်မှုသည်အပြင်းအထန် နာကျင်စေမှုမြောက်သည့်ပြုလုပ်မှုသာလျှင်ဖြစ်သည်ဟု ဆုံးဖြတ်ရပေမည်။

အထက်ဖော်ပြပါ အကြောင်းအဝဝတို့ကြောင့်၊ ဤအမှုတွင် တရားခံများအား ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁) (ခ)/၃၄ အရ ပြစ်မှုထင်ရှား စီရင်ရန် မဖြစ်နိုင်။ ပညာရှိ အောက်ရုံးတရားသူကြီးဆုံးဖြတ်ချက်ချမှတ်ထားသည့်အတိုင်း တရားခံများသည် မိမိတို့အပေါ် ဦစွဲချက်များတင်သွင်းထားသည့်အတိုင်း အပြစ်များရှိကြသည်ဟူ၍ သာလျှင် ယူဆရမည်ဖြစ်သည်။ တရားခံတို့၏ ခုခံချေပချက်များနှင့်ပတ်သက်၍ ပညာရှိ အောက်ရုံးတရားသူကြီးက အကြောင်းစုံလင်စွာ ဖော်ပြပြီး၊ ၎င်းတို့၏ အစစ်ခံချက်များနှင့်တကွ သက်သေများ၏ အစစ်ခံချက်များကိုပယ်ချခဲ့သည်။ ထိုကဲ့သို့ပယ်ချခဲ့ခြင်းမှာ မှန်ကန်သည်ဟု ကျွန်ုပ်တို့ဆုံးဖြတ်ချက်ချမှတ်လိုက်သည်။ ပညာရှိအောက်ရုံးတရားသူကြီးက တရားခံမောင်တင်အောင်နှင့် မောင်ဘိုးငိုတို့အပေါ် တွင် စုစုပေါင်းထောင်ဒဏ် ၁၀ နှစ်နှင့် မောင်ကြိုင်အပေါ် တွင် ထောင်ဒဏ် ၇ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ရာ၊ ထိုပြစ်ဒဏ်မှုမျှသည် အမှု၏ ပတ်ပန်းကျင် အကြောင်းခြင်းရာများအရ၊ အလွန်ကြီးလေးသည်ဟုမဆိုသာချေ။ ထို့ကြောင့် ဤအမှုတွင် အယူခံတရားလိုများ၏ အယူခံလွှာများကို ပလပ်လိုက်သည်။ ပြင်ဆင်မှုနှင့်ပတ်သက်၍ အထက်တွင် ဖော်ပြထားသည့်အတိုင်း ပညာရှိအောက်ရုံးတရားသူကြီး ချမှတ်သည့်စီရင်ချက်နှင့် အမိန့်တို့သည် မှန်ကန်သည်ကို တွေ့ရှိရသဖြင့် ဤပြင်ဆင်မှုကိုပိတ်ပြီး၊ ပညာရှိအောက်ရုံးတရားသူကြီးသည် သက်သေခံချက်များကို ဝေဖန်ရာ၌ ဤစီရင်ချက်တွင် ပါရှိသည့် အချက်အလက်များကို သတိပြုရန်လိုသည်ဟူသော မှတ်ချက်နှင့် အောက်ရုံးအမှုတွဲကို အောက်ရုံးသို့ပြန်ပို့စေ။ ။

---

(၅) ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး စာ ၂၂၉။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

မောင်တိုက်ဖြူ (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၆ မလ ၁၂ ရက်။

ရာဇသတ်ကြီးပုဒ်မ ၃၉၄ အရ မူပြစ်ထင်ရှားစီရင်ခြင်း—တဦးတည်းသော သက်သေထွက်ချက်— အပြန်အလှန် စွပ်စွဲချက်ရှိနေခြင်း ထွက်ချက်တခုတည်းဖြင့် အပြစ်ပေးသင့် မပေးသင့်— ထွက်ချက်အား ထောက်ခံသည့် သက်သေ အထောက်အထားရှိ မရှိ—ထောက်ခံသည့် သက်သေအထောက်အထားရှိလျှင် အပြစ်ပေးနိုင် မပေးနိုင်။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်မှုတခုတွင် တဦးတည်းသော သက်သေထွက်ချက်ဖြင့် အပြစ်ပေးရမည်ဟု တားမြစ်ထားခြင်း မရှိသော်လည်း၊ ထိုသက်သေအပေါ် အပြန်အလှန် စွပ်စွဲချက်ရှိနေလျှင်၊ ၎င်း၏ထွက်ချက်တခုတည်းဖြင့် အပြစ်မပေးသင့်၊ ၎င်း၏ထွက်ချက်အား ထောက်ခံသည့်သက်သေ အထောက်အထားရှိမှသာ စိတ်ချလက်ချ အပြစ်ပေးနိုင်မည်။ အယူခံတရားလိုကိုယ်တိုင်က မောင်အောင်ကြည်အား ဒါးနှင့် ခုတ်ခဲ့ရကြောင်း ဝန်ခံထား၏။ သို့ရာတွင် ယင်းသို့ခုတ်ရခြင်းမှာ မိမိဇနီးကို မုဒိန်းကျင့်၍ ခုတ်ခြင်းဖြစ်သည်ဟု ထုချေသော်လည်း၊ ထိုထုချေချက်မှာ အထောက်အထား မခိုင်လုံပေ။ အခင်းဖြစ်သည့်နေ့က မောင်အောင်ကြည်သည် စပါးဒိုင်တွင် စပါးသွားရောင်းသဖြင့် ငွေများရရှိကာ အယူခံတရားလိုနှင့်အတူ ရွာသို့ပြန်လာကြသည်ဆိုသော သက်သေအထောက်အထားများ ရှိနေသည့်အပြင်၊ အလုံရပြီးနောက်၊ မောင်အောင်ကြည်သည် ချက်ခြင်းတိုင်တန်းခဲ့သည် ဆိုသော သက်သေထွက်ချက်များ ရှိနေသောကြောင့်၊ အယူခံတရားလိုက ဒါးနှင့်ခုတ်ပြီး ငွေလုသည်ဆိုသည့်စွပ်စွဲချက်မှာ ယုတ္တိမရှိဟုမဆိုနိုင်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။(အစိုးရရှေ့နေကြီး) ဦးသိန်းဟံ။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလိုအပေါ် ရာဇသတ်ပုဒ်မ ၃၉၄ အရ၊ အလုပ်နှင့် ထောင်ဒဏ် ၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သော၊ ပဲခူးမြို့ ပဌမရာဘက် ရာဇဝတ်တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်သည်။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၆၁။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၅၆ တွင်ချမှတ်ခဲ့သော၊ ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့စွဲပါ၊ ပဲခူးမြို့၊ ပဌမရာဘက် အထူးရာဇဝတ်တရားသူကြီး၏ အမိန့်ကိုအယူခံဝင်မှု။

၁၉၆၆

မောင်တိုက်ဖြူနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

အမှုဖြစ်ပါးပုံ အကြောင်းခြင်းရာ အတိုချုပ်မှာ၊ လွန်ခဲ့သည့် ၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင်၊ ပဲခူးခရိုင် မြစ်ကျိုးရဲစခန်းအပိုင် ခင်တန်းကြီးကျေးရွာနေ မောင်အောင်ကြည် (လိုပြ-၁) သည် တမာတကား စပါးဒိုင်ခွ စပါး ၁၆၃ တင်းကို ငွေ ၅၁၀ ကျပ် ၆၀ ပြားဖြင့် ဆောင်းပြီး၊ စပါးဒိုင်မှူး ဦးကြည်လှ (လိုပြ-၅) နှင့်အတူ၊ အရက်ဆိုင်၌ အရက်ဆသာက်ကြ၏။ အရက်ဆိုင်သို့ အယူခံတရားလို ရောက်လာ၍၊ ၎င်းလည်း ဝင်သောက်သည်။ ထိုနောက် စပါးဒိုင်သို့ ပြန်လာကြပြီး မောင်အောင်ကြည်က ရွာပြန်ရန် အယူခံဘရားလိုအား လှည်းငှါးခိုင်းရာ မရခဲ့။ အယူခံတရားလိုက ၎င်းလည်း အဖော်လိုက်မည်ခပြော၍၊ မောင်အောင်ကြည်သည် အယူခံတရားလိုနှင့် အတူ ခြေလျင်ထွက်လာရာ၊ လမ်းတွင် အယူခံတရားလိုသည် တပိုတပါးသွားမည်ဟန်ပြု၍ ပျောက်သွားလေသည်။ မောင်အောင်ကြည်က အော်ခေါ်သော်လည်း၊ အယူခံဘရားလိုသည် မလာခပ။ နောက်ဆုံးတွင် မောင်အောင်ကြည်သည်၊ ကိုထွန်းအေး (ခံပြ-၂)၏ တဲသို့ ရောက်သွားပြီး၊ ကိုထွန်းအေးအား အယူခံဘရားလိုနှင့်အတူ ထွက်လာရာ မျက်ခြေပြတ်သွားကြောင်း ပြောပြလေသည်။ ကိုထွန်းအေးက ခင်တန်းကြီးရွာရှိရာ မီးဆောင်ဘက်သို့ ညွှန်ပြသည့်အတိုင်း၊ မောင်အောင်ကြည်လည်း ထွက်ခွါလာရာ၊ လမ်းတွင် အယူခံဘရားလိုက ဒါးနှင့်ခုတ်ပြီး အိတ်ထဲရှိ ငွေ ၄၀၃ ကျပ်ကို လုယူသိုက်လေသည်။ အယူခံတရားလိုက ခုတ်သဖြင့် မောင်အောင်ကြည်၏ လက်ဝဲဘက်လက်မောင်း၌ ဒဏ်ရာတချက်ရရှိခဲ့လေသည်။ ထိုနောက် မောင်အောင်ကြည်သည် ထွက်ပြေးကာ ခင်တန်းကြီးရွာနေ၊ ကိုပွ (လိုပြ-၈) အား ညတွင်းချင်းပင် အယူခံတရားလိုက ဒါးနှင့်ခုတ်ပြီး ငွေသုံးကြောင်းတိုင်ကြားခဲ့၏။ ချက်ခြင်းပင် ကိုပွသည် မောင်အောင်ကြည်အား ခေါ်၍ ရှမ်းတပ်ရင်းသို့ သွားရောက်တိုင်ကြားရာ၊ စစ်တပ်မှ ၎င်းတို့အား၊ ခင်တန်းကြီးရဲစခန်းသို့ ပို့လိုက်လေသည်။

ထိုအချိန်တွင် အယူခံတရားလိုနှင့် ၎င်း၏ ဇနီး မဘင်စိန်တို့သည်၊ ရဲစခန်းသို့ ရောက်လာကြပြီး၊ မတင်စိန်အား မောင်အောင်ကြည်က မုဒိန်းကျင့်ကြံသဖြင့် အယူခံတရားလိုက မောင်အောင်ကြည်အား ဒါးနှင့်ခုတ်လိုက်ကြောင်း တိုင်ကြားလေသည်။ နှစ်ဦးနှစ်ဘက် အပြန်အလှန် တိုင်ကြားချက်အရ၊ ရဲအဖွဲ့မှ အယူခံဘရားလိုအပေါ် ရာဇသတ်ပုဒ်မ ၃၉၄ အရ၎င်း၊ မောင်အောင်ကြည်အပေါ် ရာဇသတ်ပုဒ်မ ၃၇၆ အရ၎င်း ရုံးတင် တရားစွဲဆိုရာ၊ ပညာရှိအောက်ရုံးတရားသူကြီးသည် မောင်အောင်ကြည်အား တရားသေလွှတ်ခဲ့ပြီး၊ အယူခံတရားလိုအပေါ် အထက်၌ဖေါ်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ခြင်းဖြစ်လေသည်။

ဤအမှုတွင် အယူခံတရားလိုသည် မောင်အောင်ကြည်အား ဒါးနှင့်ခုတ်ပြီး ငွေလုသည်ဆိုသော စွပ်စွဲချက်နှင့် ပတ်သက်၍၊ မောင်အောင်ကြည်၏ စွပ်စွဲချက် တခုသာ

ရှိ၏။ ရာဇဝတ်မှုတခုတွင် တဦးတည်းသော သက်သေ၏ ထွက်ချက်ဖြင့် အပြစ်မပေးရဟု တားမြစ်ထားခြင်း မရှိသော်လည်း၊ ထိုသက်သေအပေါ် အပြန်အလှန် စွပ်စွဲချက်ရှိနေလျှင်၊ ၎င်း၏ ထွက်ချက်တခုတည်းဖြင့် အပြစ်မပေးသင့်ပေ။ ၎င်း၏ ထွက်ချက်အား ထောက်ခံသည့် သက်သေအထောက်အထား ရှိမှသာ စိတ်ချလက်ချ အပြစ်ပေးနိုင်ပေမည်။

အခင်းဖြစ်နေ့ညနေက၊ မောင်အောင်ကြည်သည် အယူခံတရားလိုနှင့် အတူ စပါးဒိုင်မှ ထွက်သွားကြကြောင်း၊ စပါးဒိုင်မှူး မောင်ကြည်လှ (လိုပြ-၅) က ထွက်ဆိုထားသောကြောင့် မိမိတဦးတည်းရှာသို့ ပြန်လာသည်ဆိုသော အယူခံတရားလို၏ တင်ပြချက်မှာ မဟုတ်မမှန်ကြောင်း ထင်ရှားသည်။ မောင်အောင်ကြည်က ၎င်းသည်၊ အယူခံတရားလိုနှင့် အတူ ပြန်လာရာလမ်းတွင် အယူခံတရားလိုနှင့် ကွဲသွားကြောင်း၊ ကိုထွန်းစိန် (ခံပြ-၂) အား ပြောပြခဲ့သဖြင့်၊ ၎င်းတို့နှစ်ဦး စပါးဒိုင်မှ အတူပြန်လာသည်ဆိုခြင်းမှာ ယုံမှားဘွယ်မရှိနိုင်။

မောင်အောင်ကြည်သည် ငွေလုခံရပြီးနောက်၊ ရွာရှိ ကိုပွအား ချက်ခြင်းသွားရောက် အကြောင်းကြားကာ စစ်တပ်မှတဆင့် ရဲစခန်းသို့ တိုင်ကြားခဲ့သည်ကို ထောက်ရှုလျှင် ၎င်း၏ စွပ်စွဲချက်မှာ အချိန်ယူ စဉ်းစားပြီး ပြုလုပ်ခဲ့သည့် စွပ်စွဲချက်မဟုတ်ကြောင်း ထင်ရှားသည်။ အယူခံဘရားလိုနှင့် ၎င်း၏ ဇနီး မတင်စိန်တို့ကလည်း တချိန်တည်းလိုလို၌ပင် ရဲစခန်းသို့ သွားရောက်ကာ မောင်အောင်ကြည်သည် မတင်စိန်ကို မုဒိန်းကျင့်သဖြင့် ဒါးနှင့်ခုတ်လိုက်ရကြောင်း တိုင်ကြားခဲ့သည်မှာ မှန်၏။ ထိုစွပ်စွဲချက်နှင့် ပတ်သက်၍၊ အောက်ရုံးမှလည်ဆယ်ကာ ပြုလုပ်သည့် စွပ်စွဲချက် ဖြစ်သည်ဟု အဆုံးအဖြတ်ပေးကာ၊ မောင်အောင်ကြည်အား တရားသေလွှတ်ခဲ့ပြီးဖြစ်သည်။ ထိုအမှုမှာ အောက်ရုံး ပညာရှိ တရားသူကြီး၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၆၂ ပင်ဖြစ်၏။ ထိုအမှုတွင် မတင်စိန်က မောင်အောင်ကြည်သည် မိမိ၏ မိန်းမကိုယ်ထဲသို့ ယောကျ်ား တံဆာကို ထည့်ပြီးဆောင့်သည်ဟု ထွက်ဆိုခဲ့သော်လည်း၊ ဆရာဝန်၏ အစစ်အဆေး မခံလိုကြောင်း ငြင်းဆိုခဲ့ပြီး၊ တိုင်ချက်ပေးသည့်ညက ဘော်လီအင်္ကျီကို မိမိဘာသာဆုတ်ကာ လုံးထွေး ချေနေသည်ကို တွေ့မြင်ကြောင်း ရဲသား မောင်သန်းထွန်းက ထွက်ဆိုထားသောကြောင့် လည်ဆယ်မှုဖြစ်သည်ဟုကောက်ယူခဲ့ခြင်း ဖြစ်လေသည်။

ယခုအမှုတွင် အယူခံတရားလိုကိုယ်တိုင်က မောင်အောင်ကြည်အား ဒါးနှင့် ခုတ်ခဲ့ရကြောင်း ဝန်ခံထား၏။ သို့ရာတွင် ယင်းသို့ ခုတ်ရခြင်းမှာ မိမိ၏ ဇနီးကို မုဒိန်းကျင့်၍ ခုတ်ခြင်းဖြစ်သည်ဟု ထုချေသော်လည်း၊ ထိုထုချေချက်မှာ အထောက်အထား မခိုင်လုံပေ။ အခင်းဖြစ်နေ့က မောင်အောင်ကြည်သည် စပါးဒိုင်တွင် စပါးသွားရောင်း

၁၉၆၆

မောင်တိုက်မြှုနှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

သဖြင့် ငွေများရရှိကာ၊ အယူခံတရားလိုနှင့် အတူ ရွာသို့ပြန်လာကြသည်ဆိုသော သက်သေအထောက်အထားများ ရှိနေသည့်အပြင်၊ အလုံခံရပြီးနောက်၊ မောင်အောင်ကြည်သည် ချက်ခြင်း တိုင်တန်းခဲ့သည်ဆိုသော သက်သေထွက်ချက်များ ရှိနေသောကြောင့်၊ အယူခံတရားလိုက ဒါးနှင့်ခုတ်ပြီး ငွေလုသည်ဆိုသည့် စွပ်စွဲချက်မှာ ယုတ္တိမရှိဟု မဆိုနိုင်။ ထို့ကြောင့်၊ အယူခံတရားလိုသည် ရာဇသတ်ပုဒ်မ ၃၉၄ အရ၊ ပြစ်မှုကျူးလွန်သည်ဆိုသော ကောက်ယူချက်မှာ မှန်ကန်သည်။ လုယူခြင်းခံရသည့် ငွေမှာ ၄၀၃ ကျပ်သာဖြစ်၍ ၎င်းအပေါ် ချမှတ်ထားသော ထောင်ဒဏ် ၅ နှစ်အပြစ်ဒဏ်မှာ ကြီးလေးသည်ဟု ယူဆသည်။ သို့ပါ၍ အဆိုပါ အပြစ်ဒဏ်အစား အလုပ်နှင့် ထောင်ဒဏ် ၃ နှစ်သာ ကျခံစေရန် ပြင်ဆင်၍ အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

မောင်ထွန်းရွှေ ပါ ၂ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၆

မေလ

၁၈ရက်၊

ရာဇသတ်ကြီးပုဒ်မ ၃၉၂ အရမူပြစ်ထင်ရှားစီရင်ခြင်း—စွဲဆိုသည့်အမှုတွင် ပေါ် ပေါက်လျက်ရှိသော သက်သေထွက်ချက်နှင့် အခြား သက်သေအထောက်အထားများ အပေါ် မူတည်လျက်အပြစ်ရှိ မရှိ ဆုံးဖြတ်ခြင်း—အခြားအမှုမှသက်သေအထောက်အထားများကို ထည့်သွင်းစဉ်းစား ခြင်းပြုနိုင် မပြုနိုင်။

ဆုံးဖြတ်ချက်။ ။တရားခံတဦးအား ပြစ်မှုကျူးလွန်ခဲ့သည်ဟုဆိုကာ ရုံးတင်တရားစွဲဆိုသော အခါ၊ ယင်းသို့စွဲဆိုသည့်အမှုတွင် ပေါ် ပေါက်လျက်ရှိသော သက်သေထွက်ချက်နှင့် အခြား သက်သေ အထောက်အထားများအပေါ် မူတည်လျက် အပြစ်ရှိ မရှိဆိုသော ပြဿနာကို ဆုံးဖြတ်ရမည်ဖြစ်သည်။ အခြားအမှုမှ သက်သေအထောက်အထားများကို ထည့်သွင်းစဉ်းစားခြင်း မပြုနိုင်။ အခြားအမှုမှ သက်သေအထောက်အထားများကို အသုံးပြုခွင့်ပေးလျှင်၊ ပြင်ပအထောက်အထား များပါ တစစဝင်လာပြီး တရားခံများအဘို့ အထူးနစ်နာဘွယ် အကြောင်းရှိလေသည်။

အယူခံတရားလိုအဘက်က ။ ။

အယူခံတရားခံအတွက် ။ (အစိုးရရှေ့နေကြီး) ဦးသိန်းဟံ ။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလို ထွန်းရွှေနှင့် ခွေးနီတို့အပေါ်၊ ရာဇသတ်ပုဒ်မ ၃၉၂ (၁) အရ၊ အလုပ်နှင့် ထောင်ဒဏ် ၇ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သော ကျိုက်ထိုမြို့၊ နယ်ပိုင် ရာဇဝတ် တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်သည်။

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၂၅/၂၂၇။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၆၈ တွင်ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့စွဲ ပါ ကျိုက်ထိုမြို့၊ နယ်ပိုင် ရာဇဝတ်တရားသူကြီး၏ အမိန့်အယူခံမှု။

အမှုဖြစ်ပွားပုံအကြောင်းခြင်းရာ အတိုချုပ်မှာ လွန်ခဲ့သည့် ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ည ၁၀ နာရီခန့်အခါမှာ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ ကင်းရွာ တောင်ကြီးစုရပ်ကွက်နေ မစောကြည် (လိုပြ-၄)၏ နေအိမ်သို့ ဓားနှင့်လုံကိုင် လူဆိုးသုံးယောက်ဝင်ရောက်ကာ တန်ဖိုးငွေ ၉၅၀ ကျပ်ခန့်ရှိသည့် ရွှေနှင့် အဝတ်အထည်ပစ္စည်းများကို လုယူ၍ ထွက်သွားကြလေသည်။ မစောကြည်နှင့် အိမ်သားများသည် လူဆိုးများကို မှတ်မိလိုက်ကြခြင်းမရှိပေ။ နံနက်တွင် မစောကြည်သည် ကျေးရွာလူကြီး ဦးဘိုးသွက်(လိုပြ-၃)အား သွားရောက်တိုင်ကြားသဖြင့် ဦးဘိုးသွက်က ရဲစခန်းသို့ တစ်ဆင့် အကြောင်းကြားလိုက်လေသည်။

၁၉၆၅ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် ရဲစခန်းမှူး ဦးခင်မောင်(လိုပြ-၈)သည် အယူခံတရားလို ထွန်းရွှေအား သတင်းအရ ကျွိုက်ထိုတွင် ဖမ်းဆီးလိုက်၏။ ၎င်း၏ထွက်ဆိုချက်အရ အယူခံတရားလို ခွေးနီနှင့် သာအောင်ဆိုသူတို့အား ဝင်းကရွာတွင် ဖမ်းဆီးလိုက်ပြီး ၎င်းတို့ထံမှ သက်သေခံပစ္စည်း ရွှေထည် နှင့် အဝတ်အစားများကို သိမ်းဆီးခဲ့၏။ ထို့နောက် ၁၉၆၅ ခု ၊ မတ်လ ၉ ရက်နေ့တွင် သာအောင်သည် ဤလုယက်မှုနှင့်ပတ်သက်၍ ကျွိုက်ထိုမြို့ ပဌမရာဘက်ရာဇဝတ်တရားသူကြီး ဦးဘရှင်(လိုပြ-၂)ထံတွင် ဖြောင့်ချက်ပေးခဲ့၏။ ထိုဖြောင့်ချက်ကို အောက်ရုံးတရားသူကြီး၏ ရာဇဝတ်ကြီးမှုအမှတ် ၆၇/၆၅ တွင် တွဲထား၏။ ဤအမှုတွင် မိတ္တူတင်သွင်းခဲ့ခြင်းမရှိပေ။ အယူခံတရားလို ခွေးနီ၊ သာအောင်တို့ထံမှ ဖမ်းဆီး ရမိခဲ့သော ပစ္စည်းများကို လုယက်ခြင်းခံရသည့် သက်သေများအား စီတန်းပြသရာ မခင်နွဲ့(လိုပြ-၅)က နားဆွဲတစ်ဖက်ကို ၎င်း၏နားမှ လူဆိုးများအား ချွတ်ပေးလိုက်သည့်ပစ္စည်းဖြစ်ကြောင်း မှန်ကန်စွာ ဆွဲပြလေသည်။ မစောကြည်(လိုပြ-၄)ကလည်း လက်စွပ်တစ်ကွင်း၊ နားကပ်တစ်ရံနှင့် အဝတ်အစားများကို ၎င်း၏ထံမှ လူဆိုးများ ယူသွားသည့် ပစ္စည်းများဖြစ်ကြောင်း အမှတ်အသားများနှင့်တကွ ဆွဲပြနိုင်ခဲ့လေသည်။

အထက်ပါအထောက်အထားများအရ၊ အယူခံတရားလို သာအောင်အား ရုံးတင်တရားစွဲဆိုရာ သာအောင် က ပြစ်မှုကျူးလွန်ကြောင်းဝန်ခံသဖြင့် ၎င်းအပေါ် အလုပ်နှင့်ထောင်ဒဏ် ၃ နှစ် ချမှတ်လိုက်လေသည်။ သာအောင်သည် ထိုအပြစ်ဒဏ်ကို အယူခံဝင်ရောက်ခြင်းမရှိပေ။ အယူခံတရားလိုတို့က လုယက်ရာတွင် မပါကြောင်း၊ အချင်းဖြစ်ပွားစဉ်က ၎င်းတို့သည် အခြားနေရာတွင်ရှိနေကြကြောင်း ထုချေကြသော်လည်း ပညာရှိအောက်ရုံးတရားသူကြီးသည် ၎င်းတို့၏ ထုချေချက်များကို လက်မခံဘဲ အထက်တွင်ဖော်ပြခဲ့သည့် အတိုင်း အပြစ်ပေးခဲ့ခြင်းဖြစ်လေသည်။

တရားခံတစ်ဦးအား ပြစ်မှုကျူးလွန်ခဲ့သည်ဟုဆိုကာ ရုံးတင်တရားစွဲဆိုသောအခါ ယင်းသို့ စွဲဆိုသည့် အမှုတွင် ပေါ်ပေါက်လျက်ရှိသော သက်သေထွက်ချက်နှင့် အခြား

သက်သေ အထောက်အထားများအပေါ် မူတည်လျက်အပြစ်ရှိ မရှိဆိုသော ပြဿနာ ကို ဆုံးဖြတ်ရမည် ဖြစ်သည်။ အခြားအမှုမှ သက်သေအထောက်အထားများကို ထည့်သွင်း စဉ်းစားခြင်း မပြုနိုင်။ အခြားအမှုမှ သက်သေအထောက်အထားများကို အသုံးပြုခွင့်ပေးလျှင် ပြင်ပ သက်သေအထောက်အထားများပါ တစစဝင်လာပြီး၊ တရားခံများအဘို့ အထူးနစ်နာဘွယ်ရာ အကြောင်းရှိလေသည်။

ယခုအမှုတွင် ပညာရှိ အောက်ရုံး တရားသူကြီးသည် ၎င်း၏ ရာဇဝတ်ကြီးမှု အမှတ် ၆၇/၆၅ မှ သာအောင်၏ ဖြောင့်ချက်ကို ဤအမှုခွဲထည့်သွင်း စဉ်းစားထား သည်ကို တွေ့ရ၏။ မှန်ကန်သည့် လုပ်နည်းလုပ်ဟန်မှာ အကယ်၍ သာအောင်၏ ဖြောင့်ချက်ကို ဤအမှုတွင် ထည့်သွင်းစဉ်းစားလိုပါမူ၊ မိတ္တူအမှန်တခုကို ကူးပြီး ဖြောင့်ချက်ယူသူ ဦးဘချင် (လို၊ပြ-၂)မှဘဆင့်တင်သွင်းခဲ့သင့်လေသည်။ အလားတူပင် သက်သေခံပစ္စည်းများကို သာအောင်နှင့် အယူခံတရားလို ခွေးနီထံမှရမိသည်ဆိုသော အချက်နှင့်ပတ်သက်၍၊ ရှာဖွေပုံစံ မိတ္တူများကို ဤအမှုခွဲတင်သွင်းပြီး ရှာဖွေစဉ်က သက်သေအဖြစ် ရှိကြသည့် ဦးဖေအောင် (လို၊ပြ-၉)နှင့် ဦးအောင်စိန် (လို၊ပြ-၈)တို့ အား ပြည့်စုံစွာ စစ်ဆေးရမည်ဖြစ်သည်။

ထို့ကြောင့် အဆိုပါ ရာဇဝတ်ကြီးမှု အမှတ် ၆၇/၆၅ မှ သက်သေခံအထောက် အထားများကိုဤ အမှုခွဲ ထည့်သွင်းစဉ်းစားခြင်း မပြုလျှင်၊ အယူခံတရားလို ထွန်းရွှေ သည် ဤအမှုနှင့်ပတ်သက်၍၊ မည်သို့မည်ပုံ ပါဝင်ငြိစွန်းနေသည်ဆိုသော သက်သေ အထောက်အထား လုံးဝ မရှိတော့ပေ။ အယူခံတရားလို ခွေးနီထံမှသက်သေခံပစ္စည်း များကို ရရှိသည်ဆိုသော သက်သေခံချက်လည်း မရှိဖြစ်နေ၏။ ဦးဖေအောင်နှင့် ဦးအောင်စိန်တို့အား သက်ညှာစွာ ပြန်လည်စစ်ဆေးရန် ဤရုံးမှ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၂၈ အရ ညွှန်ကြားခဲ့သည့်အတိုင်း ပြန်လည်စစ်ဆေးချက်၌လည်း တိုက်ရာပါ ပစ္စည်းများကို အယူခံတရားလို ခွေးနီထံမှရမိခဲ့သည်ဆိုသော စွပ်စွဲချက်များ မပါ ရှိပေ။ သို့ဖြစ်ရာ အယူခံတရားလို ထွန်းရွှေနှင့်ခွေးနီတို့အပေါ် ဤအမှုနှင့်ပတ်သက်၍ ခိုင်လုံသော သက်သေ အထောက်အထားရှိသည်ဟု မဆိုနိုင်တော့ပေ။

အထက်ပါ အကြောင်းများကြောင့်၊ အယူခံတရားလိုထွန်းရွှေနှင့် ခွေးနီတို့အား ဤအမှုနှင့် ပတ်သက်၍ တရားသေလွတ်လိုက်သည်။ ၎င်းတို့အပေါ် ကျိုက်ထိုနယ်ပိုင် ရာဇဝတ်ဘရားသူကြီးရုံး၏ ရာဇဝတ်ကြီးမှု အမှတ် ၆၇/၆၅ တွင် ချမှတ်ထားသော အပြစ်ဒဏ်များကိုကျွန်ုပ်၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၂၆ နှင့် ၂၂၇ တို့ တွင်အတည်ပြုပြီးဖြစ်၍၊ လုံးဝကွင်းလုံးကျွတ် လွတ်ခွင့်မရနိုင်ပေ။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

၁၉၆၆ †
မေလ
၁၁ ရက်။

မောင်ထွန်းဝေ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ဦးကျင်ဟုတ် (ခေါ်) ဦးခွေး (ပြင်ဆင်ရန်လျှောက်ထားခံရသူ) *

ရာဇသတ်ကြီးပုဒ်မ ၄၀၈ အရစွဲဆိုမှု—ရုံးတွင်သိမ်းဆည်းထားသော ပစ္စည်းများကို အာမခံနှင့်ပြန်ပေးခြင်း—ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၆ (က)အရအမိန့်မှာယာယီသဘောမျှဖြစ်ခြင်း—မူလရုံး၏အမိန့်မှာ လုံးဝတရားမျှတမှု ကင်းမဲ့သည့်အမိန့်တရပ်ဖြစ်သည်ဟု ဆိုနိုင်မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၆(က) အရ အမိန့်မှာယာယီ သဘောမျှသာ ဖြစ်ရာ၊ သက်သေများကို စစ်ဆေးပြီးနောက်၊ လျှောက်ထားသူတွင် အပြစ်မရှိကြောင်းတွေ့ရှိရပါမူ၊ ပစ္စည်းများအား လျှောက်ထားသူပင် ပြန်ရမည်ဖြစ်၍၊ ၎င်းအပေါ် နစ်နာဘွယ်ရာ အကြောင်းမရှိ။ အကြောင်းချင်းရာများအရ မူလခုံး၏ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၆(က)အရ အမိန့်မှာလည်းလုံးဝ တရားမျှတမှုကင်းမဲ့သည့် အမိန့်တရပ်ဖြစ်သည်ဟု မဆိုနိုင်၍ ဝင်ရောက် စွက်ဖက်ရန် အကြောင်းမရှိ။

ခေါ်အေးမှင် နှင့် ဦးအောင်သိန်း၊ ၁၉၆၃ ခု၊ မြန်မာပြည်စီရင်ထုံး၊ ၇၉၂ ပိုင်းခြားဝေဖန်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးလှဖေ (၂)။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးသန်းနိုင်။

တရားသူကြီး ဦးသက်ဖေ။ ။ရန်ကုန်မြို့၊ တတိယရာဘက် ရာဇဝတ်တရားသူကြီးရုံး၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၃၂၇ တွင်၊ လျှောက်ထားသူအပေါ် လျှောက်ထားခံရသူက၊ ရာဇသတ်ပုဒ်မ ၄၀၈ အရ၊ ဦးတိုက် လျှောက်ထား တရားစွဲဆိုခဲ့၏။ လျှောက်ထားသူက၊ ၎င်းနှင့်မောင်ကျော်လှိုင်ဆိုသူတို့သည်၊ သမိုင်းရပ်၊ ပိသူကာလမ်း

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၈၈(ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၂၇ တွင်ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့၊ တတိယရာဘက်ရာဇဝတ်တရားသူကြီး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

အမှတ် ၅၁ နေအိမ်တွင်၊ ဂျပန်ဘိနပ်လုပ်ငန်းကို စပ်တူလုပ်ကိုင်ခဲ့ကြောင်း၊ ၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် မောင်ကျော်လှိုင်သည် လျှောက်ထားခံရသူ၏ ဇနီးကို ခိုးယူထွက်ပြေးကာ စပ်တူလုပ်ငန်းတွင် အသုံးပြုသော ပစ္စည်းအဝဝကို အလုပ်သမားတစ်ဦးဖြစ်သည့် လျှောက်ထားသူထံ၌ ထားခဲ့ကြောင်း၊ ထို့ကြောင့် လျှောက်ထားခံရသူက ပစ္စည်းစာရင်းတောင်းရာ လျှောက်ထားသူက သက်သေခံ "က"စာရင်းကိုပေး၍ စာရင်းပါပစ္စည်းများကိုလျှောက်ထားသူအား ယုံကြည်အပ်နှံခဲ့ကြောင်း။ ထို့နောက် လျှောက်ထားသူသည် အပ်နှံထားသော ပစ္စည်းအချို့ကို ရောင်းချပြီး ကိုယ်ကျိုးအတွက် အသုံးပြုခဲ့ကြောင်း၊ အဆိုပြုစွပ်စွဲခဲ့၏။ ထို့ပြင် လျှောက်ထားခံရသူ က လျှောက်ထားသူသည် ယုံကြည်အပ်နှံထားသော ပစ္စည်းများကို ရောင်းချသုံးစွဲပစ်ရန် အကြောင်းရှိ၍ ထိုပစ္စည်းများအား ဝါးရမ်းထုတ်ပြီး ဖမ်းဆီးပေးရန် လျှောက်ထားသောကြောင့် ပညာရှိတတိယရာဘက် ရာဇဝတ်တရားသူကြီးသည် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၉၆ အရ စပေါ်ငွေ ၆၀၀ ကျပ်၊ ညှပ်ဖိနပ်လုပ်သော စက်တစ်စုံ၊ ဘိနပ်ပုံစံ ၁၈ ခု၊ ဂျပန်စက်ဘီးအဟောင်း တစ်စီး၊ သဲကြိုး ၂၅၅ ဒါဇင်နှင့် ငွေ ၈၂၀ကျပ် တို့ကို လျှောက်ထားသူထံမှ ဝါးရမ်းဖမ်းသိမ်းဆည်းခဲ့၏။

ထို့နောက် အမှုကို စတင်၍ မစစ်ဆေးမီပင် လျှောက်ထားခံရသူက ရုံးတွင် သိမ်းဆည်းထားသော ပစ္စည်းများကို အာမခံနှင့် ပေးထားရန်တောင်းဆိုရာ လျှောက်ထားသူကလည်း ထိုပစ္စည်းများကို၊ ၎င်းကိုသာလျှင် ပြန်ပေးထားသင့်ကြောင်း အပြိုင်အဆိုင် လျှောက်ထားလေသည်။ ပညာရှိတတိယ ရာဘက် ရာဇဝတ်တရားသူကြီးသည် နှစ်ဦးနှစ်ဖက်ကို ကြားနာပြီးနောက် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၆ (က)အရ၊ လျှောက်ထားခံရသူအား ပစ္စည်းများကို ခံဝန်နှင့် ပြန်ပေးလိုက်လေသည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် လျှောက်ထားသူက ဟံသာဝတီစက်ရုံးတွင် ပြင်ဆင်မှုတင်သွင်းခဲ့သော်လည်း အရေးရုံးနိမ့်ခဲ့သောကြောင့် ဤပြင်ဆင်မှုကို တစ်ဖန်တင်သွင်းလာခြင်းဖြစ်လေသည်။

လျှောက်ထားသူ၏ ပညာရှိရှေ့နေကြီးက လျှောက်ထားသူသည် လျှောက်ထားခံရသူနှင့် မောင်ကျော်လှိုင်တို့၏ အစုစပ်လုပ်ငန်းတွင် အလုပ်လုပ်သည့် အလုပ်သမားတစ်ဦးမဟုတ်ကြောင်း၊ အမှန်မှာ မောင်ကျော်လှိုင်၏ မိတ်ဆွေဖြစ်ပြီး၊ မောင်ကျော်လှိုင်နှင့် အလုပ်အတူ လုပ်သူဖြစ်၍ လျှောက်ထားခံရသူသည် ၎င်း၏ ဇနီးကို မောင်ကျော်လှိုင်က ခိုးယူပေါင်းသင်းသောကြောင့်၊ မောင်ကျော်လှိုင်၏ မိတ်ဆွေဖြစ်သည့် လျှောက်ထားသူအား အကျိုးဆုတ်ယုတ်အောင် လိမ်လည်တရားစွဲဆိုခြင်းသာဖြစ်ကြောင်း၊ သက်သေခံ "က" စာရင်းမှာ မိမိရေးသားပေးလိုက်သည့် စာရင်းဖြစ်သည်ဆိုသော သက်သေအထောက်အထားမရှိကြောင်း၊ ပစ္စည်းများကို မိမိထံမှ သိမ်းဆည်း

၁၉၆၆ မောင်ထွန်းဝေနှင့် ဦးကျင်ဟုတ် (၁)ဦးခွေး။

သွားခြင်းဖြစ်၍၊ မိမိအား ပြန်ပေးခဲ့သင့်ကြောင်း၊ ယင်းသို့ပြန်ပေးခြင်းမပြုဘဲ၊ လျှောက်ထားခံရသူအား ပြန်ပေးခဲ့ခြင်းမှာ၊ တရားဥပဒေနှင့် ဆန့်ကျင်နေကြောင်း လျှောက်လဲခါ၊ **ဒေါ်အေးမှင်နှင့် ဦးအောင်သိန်း** (၁) တို့ စီရင်ထုံးကို ကိုးကားသွားလေသည်။ ထိုအမှုတွင်၊ မူလရုံး တရားလိုက မူလမှုံးတရားခံထံမှမော်တော်ကားကိုဝယ်ပြီး၊ စာချုပ်စာတမ်းဖြင့် ပြန်လည်ငှါးရမ်းခဲ့ပြီးနောက်၊ ငှါးရမ်းခမျှားကို မပေးသည်သာမက၊ မော်တော်ကား၏ မှတ်ပုံတင်လက်မှတ်ကို ပျောက်ဆုံးသွားလေဟန်ဖြင့် အသစ်ရအောင်ကြိုးစားနေသည်ဟုဆိုကာ၊ ရာဇသတ်ပုဒ်မ ၄၂၀ အရ တရားစွဲဆိုသောအခါ၊ မူလရုံးက တရားလိုသည် စာချုပ် စာတမ်းအရ မော်တော်ကားပိုင်ရှင်ဖြစ်၍၊ မော်တော်ကားအား ငင်းကို ပြန်ပေးခဲ့လေသည်။ ထိုအမိန့်ကို မကျေနပ်၍ စောဒကဝင်သောအခါ၊ တရားရုံးချုပ်က တရားလိုသည် မော်တော်ကားပိုင်ရှင်ဖြစ်သော်လည်း၊ တရားခံသည် ထိုမော်တော်ကားကို အငှါးစာချုပ် စာတမ်းအရ၊ တရားသောနည်းဖြင့် လက်ဝယ်ထားရှိသူတဦးဖြစ်၍၊ ပြစ်မှုကျူးလွန်ခြင်း ရှိ မရှိ မဆုံးဖြတ်ရသေးမီ၊ ငင်းသို့သာ ပြန်ပေးရမည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်လေသည်။

ယခုအမှုတွင် လျှောက်ထားခံရသူက၊ အစုစပ်ဝင်ဖြစ်သူ မောင်ကျော်လှိုင် စွန့်ပစ်ထားသည့် မိမိပိုင်ပစ္စည်းများမှာ၊ သက်သေခံအမှတ် "က" စာရင်းပါ ပစ္စည်းများဖြစ်ကြောင်း၊ ထိုစာရင်းကို လျှောက်ထားသူကပင် ရေးပေးခဲ့ကြောင်း၊ ထိုပစ္စည်းများကို လျှောက်ထားသူအား ယုံကြည်အပ်နှံခဲ့ကြောင်း၊ အဆိုပြုလာရာ၊ လျှောက်ထားသူက ပစ္စည်းစာရင်းတခုကို ပြုလုပ်ပြီး၊ လျှောက်ထားခံရသူအား ပေးခဲ့ရကြောင်း၊ ငင်း၏ စောဒကလွှာများတွင် ဝန်ခံ ဖော်ပြထားသဖြင့်၊ ယခုအခြေအနေတွင် လျှောက်ထားခံရသူသည်၊ **ထိုပစ္စည်းများ၏** ပိုင်ရှင်ဖြစ်သည်ဟု ကောက်ယူရန် အကြောင်းရှိသည်ဆိုသော၊ အောက်ရုံးများ၏ ယူဆချက်များမှာ၊ ပါစင်အောင် လွဲမှားနေသည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့်၊ ဤအမှုပါအကြောင်းချင်းရာများမှာ၊ **ဒေါ်အေးမှင်နှင့် ဦးအောင်သိန်း** (၁) တို့ အမှု၏ ဖြစ်ရပ်နှင့် မတူကြောင်း တွေ့မြင်နိုင်ပေသည်။ လျှောက်ထားသူသည် သက်သေခံ "က" ကို၊ လျှောက်ထားခံရသူများ၏ လက်ပါးစေများက လှည့်ပတ်ပြောဆို၍ ပေးလိုက်ရခြင်း ဟုတ် မဟုတ်၊ ထိုစာရင်းမှာ လျှောက်ထားသူ ကိုယ်တိုင် လက်မှတ်ထိုးထားခြင်း ဟုတ် မဟုတ်ဆိုသော ပြဿနာများမှာ၊ သက်သေများကို လုံးဝစစ်ဆေးခြင်းမပြုရသေးသဖြင့်၊ ဝေဖန်ဆန်းစစ်ခြင်း မပြုနိုင်သေးပေ။ ထို့ပြင်၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၆ (က) အရ၊ အမိန့်မှာ ယာယီသဘောမျှသာဖြစ်ရာ၊ သက်သေများကို စစ်ဆေးပြီးနောက်၊ လျှောက်ထားသူတွင် အပြစ်မရှိကြောင်း တွေ့ရှိပါမူ၊ ပစ္စည်းများအား လျှောက်ထားသူပင် ပြန်ရမည်ဖြစ်၍၊ ငင်းအပေါ် နစ်နာဘွယ်ရာ အကြောင်း

(၁) ၁၉၆၃ မြန်မာပြည်စီရင်ထုံး ၇၉၂။

မရှိ၊ ပညာရှိမူလရုံး တရားသူကြီးသည် ထိုကိစ္စနှင့် ပတ်သက်၍ အဆုံးအဖြတ်ကို ဆောလျင်စွာ ပေးနိုင်ရန်အလို့ငှာ သက်သေများကို အမြန်ဆုံး စစ်ဆေးလိမ့်မည်ဟု ယုံကြည်မျှော်လင့်သည်။

အထက်ပါအကြောင်းများကြောင့် မူလရုံး၏ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၆ (က) အရ အမိန့်မှာ လုံးဝတရားမျှတမှု ကင်းမဲ့သည့် အမိန့်တစ်ရပ် ဖြစ်သည်ဟု မဆိုနိုင်၍ ဝင်ရောက်ဖက်စွက်ရန် အကြောင်းမရှိပေ။ သို့ပါ၍ ကျွန်ုပ်ဆင်မှုကို ပလပ်ထိုက်သည်။

မောင်ချိုလေးက မီးခွက်ရောင်ဖြင့် မှတ်မိလိုက်သည်။ လူဆိုးတယောက်သည် အိမ်ပေါ်သို့ လက်နှိပ်ဓါတ်မီးထိုး၍ တက်သွားကာ မခင်စိန်ထံမှ နားကွင်းတရံကို ဖြုတ်ယူ၏။ ထို့နောက် လူဆိုးများသည် မောင်ထွန်းရင်အား ခေါ်၍ ထွက်သွားကြလေသည်။

ထိုကဲ့သို့ လူဆိုးများ ထွက်သွားကြပြီးနောက်၊ မောင်ချိုလေးသည် ကဝကွင်းရဲစခန်းသို့ သွားရောက်ပြီး၊ ဓါးပြတိုက်ခံရကြောင်း တိုင်တန်းသည်။ ကဝကွင်းရဲစခန်းမှာ သောင်းကျန်းသူ နယ်မြေနှင့် နီးစပ်သဖြင့် ညအချိန် အမှုအခင်း လာရောက်တိုင်တန်းပါက၊ အခင်းဖြစ်ပွားရာသို့ လိုက်မသွားဘဲ နံနက်မိုးလင်းမှ သွားရောက်ကြည့်ရှုရန်အမိန့် ထုတ်ထားသည့် အလျောက်၊ မောင်ချိုလေးအား နံနက်မှ လိုက်လာမည်ဟု ရဲစခန်းအတွင်းမှနေ၍ ပြောလိုက်လေသည်။ ထို့နောက် မောင်ချိုလေးသည်၊ ကိုထွန်းရ (လိုပြ-၉) ထံသို့ သွားရောက်တိုင်တန်းသဖြင့် ကိုထွန်းရသည် မောင်ချိုလေး၏ အိမ်သို့ လိုက်လာ၏။ ကိုထွန်းရအား မောင်ချိုလေးက လူဆိုးများအနက် အယူခံတရားလိုကို မှတ်မိလိုက်ကြောင်း ပြောပြသည်ဟု မောင်ချိုလေးနှင့် မစိန်မြတို့က အဆိုပြုသည်။ ထို့နောက်၊ မောင်ချိုလေးသည် ကျေးရွာ လ-အ-က ဥက္ကဋ္ဌ ဦးအုံး (လိုပြ-၈)အား၊ မိုးမလင်းမီ သွားရောက် တိုင်းတန်းခဲ့၏။ နံနက်မိုးလင်းသော အခါ၊ မောင်ချိုလေးသည် တာတပေါ ရဲစခန်းသို့ သွားရောက်၍ ပဌမ သတင်းချက် (သက်သေခံ အမှတ်-က)ကို ပေးလေသည်။ ထိုနေ့နံနက်၌ပင် လူဆိုးများနှင့် ပါသွားသည့် မောင်ထွန်းရင်အား၊ ဒါးဒဏ်ရာ ၁၀ ချက်ဖြင့် သေဆုံးနေသည်ကို ရွာဖျားတွင် ပြန်လည် တွေ့ရှိလေသည်။

အထက်ပါ သက်သေ အထောက်အထားများအရ၊ အယူခံတရားလိုအပေါ် လူသတ်မှု၊ လုယက်မှုတို့ဖြင့် ရုံးတင်တရားစွဲဆိုရာ၊ ပညာရှိ အောက်ရုံး တရားသူကြီးက အယူခံတရားလိုသည် လူသတ်မှုကျူးလွန်ကြောင်း သက်သေ အထောက်အထား မရှိသဖြင့် လုယက်မှုအရ စွဲချက်တင်ခဲ့၏။ ထိုအခါ အယူခံတရားလိုက၊ လုယက်မှု မကျူးလွန်ခဲ့ရကြောင်း၊ ၎င်းသည် ကဝကွင်း ငါးဒိုင်တွင် ည ၉ နာရီမှ ၁၁ နာရီအထိ ရှိနေကြောင်း၊ မောင်ချိုလေးသည် အခင်းဖြစ်နေ့ ညနေက ဘော်လီဘောကစားရာတွင် နောက်ထပ် မကစားရန် တားမြစ်ခဲ့၍ မတရားစွပ်စွဲကြောင်း၊ ထုချေသော်လည်း ၎င်း၏ထုချေချက်ကို ပညာရှိ အောက်ရုံး တရားသူကြီးက လက်မခံဘဲ၊ အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း၊ အပြစ်ပေးခဲ့ခြင်း ဖြစ်လေသည်။

အယူခံ တရားလို၏ ပညာရှိ ရှေနေကြီးက အောက်ရုံး ပညာရှိ တရားသူကြီးသည်၊ ပြည်သူ့ရဲ့ တပ်ဖွဲ့ဝင် တဦးအပေါ် နာမည်ထုတ်ဖော် တိုင်တန်းဝံ့သည် ဆိုသော အချက်ကို အလေးပေး၍ အယူခံတရားလိုအပေါ် အပြစ်ပေးခဲ့သဖြင့် ၎င်း၏ဆုံးဖြတ်ချက်ကို လက်ခံလျှင် ပြည်သူ့ဝန်ထမ်းများအတွို့ လုံခြုံမှု ကင်းမဲ့စေမည့် အစဉ်အလာ

တစ်ရပ် ဖြစ်ပေါ်နိုင်၍ လေးလေးနက်နက် စဉ်းစားစေလိုကြောင်း လျှောက်လဲသွား၏။ အပြစ်ရှိသူကို ထိုက်သင့်သော အပြစ်ပေးရန်နှင့် အပြစ်မရှိသောသူကို ဥပဒေအရ ကာကွယ်ပေးရန် တာဝန်မှာ တရားရုံးများ၏ အဓိက ဝတ္တရား ဖြစ်လေသည်။ ယင်းသို့ အကာအကွယ်ပေးရာတွင် ပြည်သူဝန်ထမ်းကို တစ်မျိုး၊ အခြားလုပ်သားပြည်သူကို တစ်ဖုံ၊ ကွဲပြားခြားနားလျက် စဉ်းစားခြင်း မပြုနိုင်။ ညီတူညီမျှ အကျိုးခံစားခွင့် ပေးရမည် ဖြစ်သည်။ ထိုအတိုင်းပင်လည်း တရားရုံးချုပ် အမှုးရှိသည့် တရားရုံးများသည် လိုက်နာကျင့်သုံးလျက်ရှိသည်ဆိုခြင်းကို မမေ့သင့်ပေ။ အပြစ်မရှိလျှင် မည်သူမဆို ဥပဒေအရ တရားရုံးများ၏ အကာအကွယ်ရမည်ဆိုခြင်းကို သံသယ မရှိစေလို။

အယူခံတရားလို၏ ပညာရှိရှေ့နေကြီးက တစ်ဖန် ဤအမှုတွင် တစ်ဦးတည်းသော မျက်မြင်သက်သေဖြစ်သည့် မောင်ချိုလေးသည် ခိုးမှုဖြင့် ထောင် ၄ လကျဖူးပြီး ဓားပြမှုဖြင့် အချုပ်ခံရဖူးသူဖြစ်၍ ၎င်းသည် ယုံကြည်ထိုက်သည့် သက်သေ အဖြစ်အစား မဟုတ်ဟု တင်ပြသွား၏။ မောင်ချိုလေးသည် လွန်ခဲ့သည့် ၆ နှစ်ခန့်က နာရီခိုးမှုဖြင့် ထောင် ၄ လ ကျဖူးသည်မှာ မှန်၏။ ဓားပြမှုနှင့် ချုပ်ထားစဉ် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ လွတ်လာသည်မှာလည်း မှန်၏။ တစ်ချိန်က ထောင်ကျဖူးရုံမျှဖြင့် မောင်ချိုလေးသည် အစဉ် မုသားပြောနေသည့် လူတစ်ယောက် ဖြစ်သည်ဟု ဆိုရန် ခဲယဉ်းသည်။ ထို့ပြင် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကြီးက ယခင်ပြစ်မှုကျူးလွန်ဘူး သူများအား စိတ်သစ်မွေးကာ ဘဝသစ် ထူထောင်နိုင်ရန် ၁၉၆၃ ခုနှစ်တွင် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ဖြင့် သင်ပုံးချိုပြီးဖြစ်ရာ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့် ထုတ်ပြန်ပြီး နောက်ပိုင်း၌ မောင်ချိုလေးသည် မည်သည့်ရာဇဝတ်မှုကိုမှ ကျူးလွန်ခဲ့ခြင်း မရှိသည့်အလျောက်ငင်းအား ရာဇဝင် လူဆိုးတစ်ယောက် ဖြစ်သည်ဟုလည်း မဆိုနိုင်ချေ။ ထို့ကြောင့် မောင်ချိုလေး၏ ထွက်ချက်အား ၎င်းသည် တစ်ချိန်က ရာဇဝတ်ပြစ်ဒဏ် ကျခံရဖူးသည်ဆိုသော အကြောင်းပြချက်ကြောင့် ပယ်သင့်သည်ဆိုသော တင်ပြချက်ကို လက်မခံနိုင်။

ထို့နောက်အယူခံတရားလို၏ ပညာရှိရှေ့နေကြီးကပင်အယူခံ တရားလိုသည် ရဲ ဒု-လုံခြုံရေးမှူး တစ်ဦးဖြစ်ရာ ပစ္စည်းလုယက်စဉ် မီးခွက်ကိုင်ပြီး သေတ္တာ ထဲမှ ပစ္စည်းများကို ရှာဖွေသည် ဆိုခြင်းမှာ မိမိအား အိမ်သားများကလူမှတ်မိနိုင်အောင် တမင်ပြုလုပ်ပေးသည်နှင့်တူ၍သဘာဝမကျသည့်အလျောက် မယုံကြည်ထိုက်ဟု တင်ပြလာပြန်သည်။ အတိုက်ခံရသူ မောင်ချိုလေးနှင့်မစိန်မြတို့၏ ထွက်ဆိုချက်များ အရအယူခံတရားလို အမှုးရှိသည့် လူဆိုးများမှာ ထိုစဉ်က အရက်မူးနေကြကြောင်းပေါ်ပေါက်နေရာ အရက်မူးနေသော သူသည်လုပ်သင့်သည်ကို မလုပ်ဘဲမလုပ်သင့်သည်ကိုလုပ်တတ်သည့်သဘာဝရှိတတ်သည့် အလျောက်အယူခံတရားလိုသည်

အတင့်ရဲပြီး မီးခွက်ကိုင်လျက် ပစ္စည်းရှာသည်ဆိုသော စွပ်စွဲချက်မှာလုံးဝ သဘာဝမကျဟု မဆိုသာပေ။

အစိုးရအတွက်လိုက်ပါဆောင်ရွက်သည့် ပညာရှိ အစိုးရရှေ့နေကြီး နှစ်ဦးကလည်း မောင်ချိုလေးသည် အခင်းဖြစ်ပွားပြီး နောက် ဦးအုံး (လိုပြ-၈) နှင့် ကိုထွန်းရ (လိုပြ-၉) တို့အား လူဆိုးများအထဲတွင် အယူခံတရားလိုပါကြောင်း နာမည်ထုတ်ဖော်၍ တိုင်ကြားခဲ့သည်ဆိုသော်လည်း ဦးအုံးနှင့် ကိုထွန်းရတို့က မောင်ချိုလေးအား ထောက်ခံခြင်းမပြုသဖြင့် မောင်ချိုလေး၏ ထွက်ချက်တစ်ခုတည်းဖြင့် အယူခံတရားလိုအပေါ် အပြစ်ပေးရန် မခိုင်လုံကြောင်း တင်ပြသွားသည်။ ဦးအုံးနှင့် ကိုထွန်းရတို့သည် ရဲစစ်ဆေးစဉ်က တစ်မျိုးထွက်ဆိုခဲ့ကြပြီး ရုံးရှေ့ရောက်သောအခါ ကွဲလွဲစွာထွက်ဆိုကြသဖြင့် ၎င်းတို့အား ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၆၂ အရ ဆန့်ကျင်ဘက် ထွက်ဆိုသည့် သက်သေများအဖြစ် ကြေညာခြင်း ခံခဲ့ရသောကြောင့် ၎င်းတို့၏ ထွက်ချက်များအား အလေးပေး၍ ထည့်သွင်း စဉ်းစားခြင်း မပြုနိုင်ပေ။သို့ ဖြစ်ရာ ၎င်းတို့၏ ထွက်ချက်များသည် မောင်ချိုလေး၏ ထွက်ဆိုချက်အား လုံးဝထိခိုက်ခြင်း နိုင်မရှိပေ။ တန်ဖိုးယုတ်လျော့စေခြင်း မပြုနိုင်ပေ။

ဤအမှုတွင် အယူခံတရားလိုသည် လူဆိုများအနက် တစ်ယောက်ဖြစ်သည်ဆိုသော စွပ်စွဲချက်နှင့် ပတ်သက်၍ မောင်ချိုလေး၏ ထွက်ချက်တစ်ခုတည်း ရှိသည်မှာ မှန်၏။ တစ်ဦးတည်းသော သက်သေထွက်ချက်သာ ရှိသောကြောင့် တရားခံအပေါ် အပြစ်မပေးရဟု ဥပဒေက တားမြစ်ထားခြင်း မရှိ။ အကယ်၍ ထိုထွက်ချက်သည် ပတ်ဝန်းကျင် သက်သေ အထောက်အထားများအရ ယုံကြည်ထိုက်သည်ဟု သဲသယ ကင်းရှင်းစွာ ယူဆနိုင်လျှင် ထိုထွက်ချက်တစ်ခုတည်းနှင့်ပင် အပြစ်ပေးနိုင်သည်ဆိုခြင်းမှာ ယုံမှားဖွယ်မရှိပေ။ မောင်ချိုလေးသည် လူဆိုးများ ထွက်သွားပြီးနောက် လူဆိုးများအထဲတွင် အယူခံတရားလိုပါကြောင်း ၎င်း၏ မရီး မစိန်မြအား ပြန်ပြောခဲ့၏။ မစိန်မြက လူဆိုးများအား ကောင်းစွာ မကြည့်ရဲ၍ မမှတ်မိကြောင်း ထွက်ဆိုခဲ့သဖြင့် ၎င်းသည် မောင်ချိုလေး၏ မရီးပင် ဖြစ်သော်လည်း အမှန်ကိုသာထွက်ဆိုသည့် သက်သေတစ်ယောက်ဖြစ်ကြောင်း ထင်ရှားသည်။ လိမ်လည်ထွက်ဆိုမည် ဆိုပါက အယူခံတရားလိုအား မှတ်မိလိုက်သည်ဟု အလွယ် တကူပင် ပြောဆိုနိုင်ပေသည်။ ထို့ပြင် မောင်ချိုလေးသည် နံနက်မိုးလင်းသောအခါ တာတပေါ်ရဲစခန်းသို့ သွားရောက်ပြီး အယူခံတရားလိုပါကြောင်း တိုင်ချက်ပေးခဲ့သည်ဆိုသော အချက်လည်း ရှိနေပြန်သည်။

မောင်ချိုလေးသည် အဲယူခံတရားလိုအား မီးခွက်ကိုင်ပြီး သေတ္တာထဲမှ ပစ္စည်းရှာစဉ် မီးခွက်ရောင်ကြောင့် ကောင်းမွန်စွာ မြင်တွေ့လိုက်ရခြင်းဖြစ်ရာ လူမှားပြီး စွပ်စွဲရန် အကြောင်း မပေါ်ပေါက် နိုင်ပေ။ ယင်းသို့ မီးခွက် ထွန်းပြီး သေတ္တာထဲမှ

ပစ္စည်း ရှာကြောင်းကို မောင်ချိုလေးသာမက မစိန်မြကလည်း ထွက်ဆိုထားသောကြောင့် ထိုအချက်မှာ လုပ်ကြံတင်ပြချက် မဟုတ်ကြောင်း ပေါ်လွင်သည်။

မောင်ချိုလေးသည် အယူခံတရားလို အပေါ် မတရားစွပ်စွဲရန် အကြောင်းရှိမရှိဆိုသော အချက်ကို သုံးသပ်ရန် လို၏။ အယူခံတရားလိုက မောင်ချိုလေးအား တစ်ကြိမ်က ဖမ်းဆီး ဖူးသည်ဆိုသော်လည်း ထိုအချက်နှင့်ပတ်သက်၍ မောင်ချိုလေးကို စစ်ဆေးစဉ်က မေးခွန်းထုတ်ခဲ့ခြင်း မရှိ။ မောင်ချိုလေးအား ခိုးမှုနှင့်သော်၄င်း၊ ဓားပြမှုနှင့် သော်၄င်း၊ ဖမ်းဆီးသူမှာ အယူခံတရားလို မဟုတ်ဘဲ နာမည်တူ ရဲအရာရှိ ဦးဘိုးခွေးသာဖြစ်ကြောင်း သက်သေထွက်ချက်များအရ ထင်ရှားနေသဖြင့် မောင်ချိုလေးသည် အယူခံတရားလိုအပေါ် ကလဲ့စားချေသည့် သဘောဖြင့် မတရားစွပ်စွဲရန် အကြောင်းမရှိပေ။ ထို့နောက် အယူခံတရားလိုက အခင်းဖြစ်နေ့ ညနေပိုင်း၌ ဘော်လီဘောကို ဆက်၍မကစားရန် မောင်ချိုလေးအား ပြောခဲ့၍ မဟုတ်မမှန်ဘဲ စွပ်စွဲသည်ဟု ဆိုထားပြန်၏။ ထိုကိစ္စနှင့် ပတ်သက်၍ အယူခံတရားလိုသည် ထောက်ခံသည့် သက်သေလည်း မတင်ပြခဲ့ပေ။ အကယ်၍ ထိုကိစ္စမှာ မှန်သည်ထားစေဦး ဘော်လီဘောကို တစ်ပွဲမှနှစ်ပွဲသို့ ဆက်မကစားရန် တားဖူသည့် အကြောင်းကြောင့် လုယက်မှုနှင့် မတရားစွပ်စွဲသည်ဆိုခြင်းမှာ ယုတ္တိမရှိပေ။

အယူခံတရားလိုသည် ကဝက္ကင်း ငါးခိုင်၌ အခင်းဖြစ်သည့် ၉ နာရီမှ ၁၁ နာရီအထိ ရှိနေသည်ဆိုခြင်းမှာ မှန်ကောင်း မှန်ပေမည်။ မောင်ချိုလေးတို့အိမ်သို့ လူဆိုးများ ဝင်လာသောအချိန်မှာ ည ၁၀ နာရီ ဖြစ်သည်။ ၁၁ နာရီ ဖြစ်သည်ဟု မည်သူမျှ အတတ်မပြောနိုင်။ မောင်ချိုလေးနှင့် မစိန်မြတို့က ည ၁၀ နာရီအချိန်တွင် အိပ်ရာဝင်ကြပြီး အိပ်ပျော်နေခိုက် အိမ်နီးချင်း မောင်ထွန်းရ ခေါ်သံကြား၍ နိုးလာသည်ဟုသာ ထွက်ဆိုနိုင်ကြသဖြင့် လူဆိုးလာသောအချိန် နာရီကို တိကျစွာ မသိကြောင်း ပေါ်လွင်သည်။ မစိန်မြက လူဆိုးများလာသော အချိန်မှာ သန်းခေါင်အချိန်လောက် ရှိပြီဟု မှန်းဆထွက်ဆိုခဲ့၏။ ထို့ကြောင့် အယူခံတရားလိုသည် ကဝက္ကင်းငါးခိုင်း၌ ည ၁၁ နာရီအထိ ရှိနေစေကာမူ ထိုနောက်ပိုင်း၌ လုယက်မှုကျူးလွန်ခဲ့သည် ဟု ယူဆရန်အကြောင်း ပေါ်ပေါက်နေသည်။

အထက်ပါ အကြောင်းရပ်များကို ပေါင်းစပ်ကြည့်ရှုလျှင် လူဆိုးများအနက် အယူခံတရားလို ပါသည်ဆိုသော စွပ်စွဲချက် နှင့် ပတ်သက်၍ မောင်ချိုလေး၏ ထွက်ချက် တစ်ခုတည်းသာ ရှိသော်လည်း ၎င်းသည် လူဆိုးများ ထွက်သွားပြီးနောက် အယူခံတရားလိုပါကြောင်း ထုတ်ဖော်ပြောဆိုခဲ့ခြင်း၊ အယူခံတရားလိုအား ကောင်းမွန်စွာ တွေ့ မြင်မှတ်မိရန် အခွင့်အရေးရှိခြင်း၊ အယူခံတရားလိုအပေါ် မတရား ထွက်ဆိုရန် အကြောင်း မရှိခြင်း စသည့်အချက် အလက် များကြောင့် ၎င်း ၏ ထွက်ချက်အား

၁၉၆၆

ဦးဘိုးခွေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

သံသယကင်းရှင်းစွာဖြင့် ယုံကြည်လက်ခံခဲ့သော ပညာရှိအောက်ရုံး တရားသူကြီး၏ ဆုံးဖြတ်ချက်မှာ မှန်ကန်သည်ဟု ယူဆသည့်အားလျော်စွာ အယူခံတရားလို၏ ပညာရှိရေနေကြီးနှင့် အစိုးရအတွက် လိုက်ပါဆောင်ရွက်သည့် အစိုးရရေနေကြီး တို့၏ တင်ပြချက်များကို ကျွန်ုပ်လက်မခံနိုင်။ သို့ပါ၍ အောက်ရုံးစီရင်ချက်နှင့် အပြစ်ဒဏ်တို့ကို အတည်ပြုပြီး ဤအယူခံအမှုကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်ရွှေတင်

မောင်ဝင်း (ပြင်ဆင်ရန်လျှောက်ထားသူ) †၁၉၆၆

နှင့် မေလ ၆ ရက်။

ပြည်ထောင်စု မြန်မာနိုင်ငံ (ဆာလီအာမွတ်) (ပြင်ဆင်ရန်လျှောက်ထားခံရသူ)

ရာဇသတ်ကြီးပုဒ်မ ၃၇၆/၅၁၁ အရ စွဲချက်တင်ခြင်း —တရားလိုပြသက်သေများတွင် ကွဲလွဲခြင်းများ— ပျော့ကွက်များရှိနေခြင်း—အချက်အလက်စုံလင်ရန်အတွက် အမှုကို ဆက်လက်စစ်ဆေးရန် —အစွပ်စွဲခံရသူက ဖြေရှင်းရန် အချက်အလက်များ ပေါ်လွင်နေလျှင် စွဲချက်တင်၍ ဖြေရှင်းရန် လိုခြင်း။

ဆုံးဖြတ်ချက်။ ။အမှုတွဲ အကြောင်းအချက်အားလုံးကို ခြုံ၍ကြည့်ရှုရာ တရားလိုသက်သေတွင် ကွဲလွဲခြင်းများ၊ ပျော့ကွက်များ ရှိနေသည် မှန်သော်လည်း၊ စွဲချက်တင်၍ လျှောက်ထားသူအား ဆက်လက်စစ်ဆေးသင့်သော အခြေအနေကား ရှိသည်ဟု ဆိုရပေမည်။ ဆက်လက်စစ်ဆေး၍ အချက်အလက် အစုံအလင် အမှုတွဲတွင် မှတ်တမ်းတင်ပြီးမှ ရုံးသည် ပြည့်စုံမှန်ကန်စွာ ဆုံးဖြတ်စီရင်နိုင်ပေလိမ့်မည်။ စွဲချက်ကို ပယ်ဖျက်ပေးရန်ဆိုလျှင် တရားလိုပြ သက်သေများ၏ ထွက်ချက်တို့ကို ယုံကြည်လက်ခံစေဦးတော့ အစွပ်စွဲခံရသူသည် မည်သည့်ပြစ်မှုမျှ ကျူးလွန်ခဲ့သည်ဟု မပေါ်လွင်ရန်လိုသည်။ အစွပ်စွဲခံရသူက ဖြေရှင်းရန် အချက်အလက်များ ပေါ်လွင်နေလျှင်၊ စွဲချက်တင်၍ ၎င်းအား ဖြေရှင်းစေရမည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးစိန်ဟုတ်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အဆိုးရရွှေနေကြီး ဦးတိုးမောင်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄၅(ခ)။

† လျှောက်ထားသူကၛင်းအပေါ် ရန်ကုန်မြို့၊ (၁၁) ရာဘက်ရာဇဝတ်တရားသူကြီးရုံး၊ ရာကြီးမှုအမှတ် ၁၀ ၆၀/၆၄ တွင် ရာဇသတ်ကြီးပုဒ်မ ၃၇၆/၅၁၁ အရ၊ (၂၀-၁-၆၆) နေ့က စွဲချက်တင်ထားသည်ကို ပယ်ဖျက်ပေးပါရန် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၉ အရ လျှောက်ထားသော ပြင်ဆင်မှုဖြစ်သည်။

၁၉၆၆
မောင်ဝင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
(ဆာလီအာ
မွတ်)။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။လျှောက်ထားသူ မောင်ဝင်း အပေါ်၊ ကလေးမ တဦးကို မုဒိမ်းပြုကျင့်ရန်အားထုတ်မှုဖြင့်၊ ရန်ကုန်မြို့၊ (၁၁) ရာဘက် ရာဇဝတ်တရားသူကြီးရုံးတွင် စွဲချက်တင်ထားသည်။ လျှောက်ထားသူက ထိုသို့စွဲချက်တင်ရန် အထောက်အထား အခိုင်အလုံမရှိပါ။ ထို့ကြောင့် စွဲချက်ကိုပယ်ဖျက်ပေးသင့်ပါသည်ဟု လျှောက်ထားသည်။

လျှောက်ထားသူ၏ ပညာရှိရွှေနေကြီးဦးစိန်ဟုတ်ကငင်း၏ အမှုသည် သည်အချုပ်နှင့်ကြာမြင့်စွာလည်းနေခဲ့ရပါသည်။ တရားလိုပြသက်သေအားလုံးကိုစစ်ဆေးပြီးနောက် ကွဲလွဲစွာ ထွက်ဆိုထားကြခြင်းနှင့် ဆရာဝန်က မိန်းကလေးတွင်၊ မည်သည့် ဒဏ်ရာမျှ မတွေ့ရဟု ထွက်ဆိုထားခြင်းတို့ကို ထောက်ရှု၍ စွဲချက်မတင်ဘဲ၊ တရားရှင်လွှတ်သင့်ပါသည်ဟု တင်ပြသွားသည်။

ပညာရှိ အစိုးရရွှေနေကြီး ဦးတိုးမောင် ကမူ၊ တရားလိုပြသက်သေများတွင် ကွဲလွဲချက် အနည်းငယ်ရှိပါသည်။ တယောက်က အချင်းဖြစ်သည့်အချိန်၌၊ လျှောက်ထားသူသည် ၎င်း၏ အခန်း၌ အိပ်ပျော်နေသည်ကို ဟောက်သံကြားရပါသည်ဟု ထွက်ဆိုခြင်းလည်းမှန်ပါသည်။ သို့ဆုတွင်၊ တရားလိုပြသက်သေထွက်ချက်အားလုံးကိုပေါင်းစပ်ကြည့်လျှင်၊ စွဲချက်တင်၍ အမှုကို ဆက်လက်စစ်ဆေးသင့်သည့်အခြေအနေပေါ် လွှင်ပါသည်၊ လျှောက်ထားသူအပေါ် စွဲချက်တင်ထားရုံမျှသာရှိပါသည်။ ပြစ်မှုထင်ရှား တွေ့ရှိထားခြင်း မဟုတ်သေးပါ။ ဆက်လက် စစ်ဆေး၍ ပြစ်မှု မထင်ရှားပါလျှင်၊ တရားသေ လွှတ်နိုင်ပါသည်။ ယခုမူ စွဲချက်ကို ပယ်ဖျက်ရန် စောပါသေးသည်ဟု လျှောက်လဲသည်။

ဤအခြေအနေ၌၊ ဤရုံးကသက်သေခံချက်မျှားကို အသေးစိတ်လေ့လာ၍ ဝေဘန်သုံးသပ်လျှင်၊ ဆက်လက်စစ်ဆေးသောအခါ၊ မူလရုံးက လွှတ်လပ်စွာ အမှုတရားကို ရှာဖွေထုတ်နိုင်သည်။ ထို့ကြောင့် သက်သေခံချက်မျှားကို အသေးစိတ် လေ့လာ ဝေဖန်သုံးသပ်ခြင်းမပြုဘဲ၊ အားလုံးခြုံ၍သာလျှင် ကြည့်ရှုသင့်သည်။ ထိုသို့ကြည့်ရှုရာ၌ တရားလိုသက်သေများတွင်၊ ကွဲလွဲခြင်းများ ပေါ့ဂ္ဂက်များ ရှိနေသည်မှန်သော်လည်း၊ စွဲချက်တင်၍ လျှောက်ထားသူအား ဆက်လက် စစ်ဆေးသင့်သော အခြေအနေကား ရှိသည်ဟု ဆိုရပေမည်။ လျှောက်ထားသူက ပြန်လည်ဆွေးနွေးငြင်းခုံရန် အချက်များ၊ အမှုတွင် ပေါ် ထွက်လျက်ရှိသည်။ ဆက်လက်စစ်ဆေး၍ အချက်အလက် အစုံအလင် အမှုတွဲတွင် မှတ်တမ်းတင်ပြီးမှ ရုံးသည် ပြည့်စုံမှန်ကန်စွာ စီရင်ဆုံးဖြတ်နိုင်ပေလိမ့်မည်။ ထိုသို့စီရင်ဆုံးဖြတ်မှလည်း ရုံးသည်အမှုန်ကို အသေအချာ လေ့လာပြီးမှ စီရင်ကြောင်း၊ အများမြင်ပေလိမ့်မည်။ စွဲချက်ကို ပယ်ဖျက်ပေးရန် ဆိုလျှင်၊ တရားလိုပြ သက်သေများ၏ ထွက်ချက်တို့ကို ယုံကြည်လက်ခံစေဦးတော့၊ အစွပ်အစွဲခံရသူသည် မည်သည့်ပြစ်မှုမျှ ကျူးလွန်ခဲ့သည်ဟု မပေါ် လွင်ရန်လိုသည်။

အစွပ်စွဲခံရသူက ဖြေရှင်းရန် အချက်အလက်များ ပေါ်လွင်နေလျှင်၊ စွဲချက်တင်၍ ၎င်းအား ဖြေရှင်းစေရမည်။

အမှုသည်များစွာကြာမြင့်ခဲ့သည်ကို တွေ့ရှိရသည်။ သို့ရာတွင် နှေစဉ်မှတ်တမ်းမှ တွေ့ရသည်မှာ၊ အမှုကိုအထူး ရာဇဝတ်ခုံရုံးဖွဲ့စည်း၍ စစ်ဆေးရန် သင့် မသင့်၊ သက်ဆိုင်ရာတို့က အဆုံးအဖြတ်ယူနေသည်မှာ ၁၅ လခန့် ကြာမြင့်လာခဲ့ပြီး၊ ထိုနောက်မှ မူလစစ်ဆေးနေသော ရုံးကပင်၊ အမှုကို ဆက်လက်စစ်ဆေးစီရင်ရန် ညွှန်ကြားချက် ရခဲ့ခြင်း ဖြစ်သည်။

အမှုမှာ များစွာကြာမြင့်ခဲ့ပြီးဖြစ်၍၊ ရှေ့တွင် မလိုအပ်သော ကြန့်ကြာမှု မရှိစေဘဲ၊ မြန်မြန်နှင့် မှန်မှန် စစ်ဆေးစီရင်ရန် ညွှန်ကြား၍၊ ပြင်ဆင်မှုကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ် ရွှေတင်

မောင်သန်းအောင် (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၆ ဇွန်လ ၄ ရက်။

ရာဇသတ်ကြီးပုဒ်မ ၄၅၇ (၁) အရ မှုပြစ်ထင်ရှားစီရင်ခြင်း—ယေရှုယ်သူတဦးဖြစ်၍ တက္ကသိုလ် ကျောင်းသား တဦးဖြစ်ခြင်း—ဘဝအညွှန်းမတုံးစေရန်နှင့် ပြန်လည်ဘဝသစ် ထူထောင်နိုင်စေရန် ရည်ရွယ်သင့်ခြင်း—ပြစ်ဒဏ်လျှော့ပေါ့သင့် မသင့်။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည် ယေရှုယ်သေးသူတဦးဖြစ်၍၊ တက္ကသိုလ်ကျောင်းသား တဦးဖြစ်သည်ကို ထောက်ချင့်ပြီး၊ ၎င်း၏ဘဝ အညွှန်းမတုံးစေအောင်နှင့် ၎င်းသည် အပြစ်ဒဏ် ခံရပြီးသောအခါ ပြန်လည်ဘဝသစ် ထူထောင်နိုင်စေရန် ရည်ရွယ်သင့်သည်။ ထို့ကြောင့်၎င်းအား ပညာပေးသည့် အနေဖြင့် မူလအပြစ်ဒဏ်ကို လျှော့ပေါ့သင့်သည်။

စိန်အောင်မင်း (ခေါ်)သန်းရွှေ နှင့် **ပြည်ထောင်စု မြန်မာနိုင်ငံ** တရားရုံးချုပ်၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၅၇ ရည်ညွှန်းသည်။

ပြင်ဆင်ရန် လျှောက်ထားသူ အတွက်။ ။ဦးတင်ဇံ။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးတိုးမောင်။

တရားသူကြီး ဦးချစ်။ ။ရန်ကုန်မြို့၊ (၃) ရာဘက် ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၅ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၁၅၇၂ တွင်၊ လျှောက်ထားသူ မောင်သန်းအောင် အပေါ် ရာဇသတ်ကြီး ပုဒ်မ ၄၅၇ အရ၊ ပြစ်မှုမြောက်သည်ဟု တွေ့ရှိရ၍၊ ၎င်းအား ထောင်ဒဏ် ၂ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို လျှောက်ထားသူက မကျေနပ်သဖြင့် ရန်ကုန်မြို့၊ ရာဘက် စက်ရှင် တရားသူကြီး ဦးသာထွန်း၏ရုံး ၁၉၆၅ ခု၊

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၇၇ (၁) ။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၅၇၂ တွင် ချမှတ်သော၊ ၁၉၆၅ ခု၊ စက်ဘာ၁ာလ ၂၃ ရက်နေ့စွဲပါ ရန်ကုန်မြို့၊ (၃) ရာဘက် ရာဇဝတ် တရားသူကြီး၏ အမိန့်ကိုပြန်၍ ဆင်ခြင်မှု ။

ရာဇဝတ် အယူခံမှုအမှတ် ၁ တွင် ယူခံဝင်လာခဲ့သော်လည်း အောင်မြင်မှု မရှိခဲ့ပေ။ ထို့ကြောင့် လျှောက်ထားသူ မောင်သန်းအောင်က၊ ဤရုံးသို့ တဖန် ရာဇဝတ် ပြင်ဆင်မှု လွှာတင်သွင်းခြင်းဖြစ်သည်။

အမှုအဖြစ် အပျက် အတိုချုပ်မှာ၊ ၁၉၆၅ ခု၊ စက်တင်ဘာလ ၅ ရက်နေ့နံနက် ၂ နာရီ အချိန်ခန့်တွင်၊ ရန်ကုန်တက္ကသိုလ် ၎င်းကျောင်းဆောင် အခန်း ၆၆ /နေ ဆေးကျောင်းသူ အသက် ၂၅ နှစ်ရှိ မလေးခိုင်သည် အိပ်ပျော်နေစဉ်၊ လျှောက်ထားသူသည် မလေးခိုင်အား တံခါးဖွင့်ခိုင်း၍၊ ၎င်းအခန်းအတွင်းသို့ မလေးခိုင်ခွင့်မပြုဘဲ၊ မလေးခိုင်အား ရာဇဝတ်အပြစ်ဒဏ်ထိုက်သင့်သည့်ပြစ်မှုတခုကို ကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့်၊ပိုင်နက်ကျူးလွန်မှုကိုပြုလုပ်ခဲ့လေသည်။လျှောက်ထားသူမောင်သန်းအောင်နှင့် မလေးခိုင်တို့မှာ ယခင်ကသမီးရည်းစားဖြစ်ခဲ့ကြသည်ဟုအဆိုရှိသည်။ သို့ရာတွင်အချင်းဖြစ်စဉ်အခါက၊ ၎င်းတို့သည် ပြတ်ပြတ်စဲစဲဖြစ်နေသည်ဟု ဆိုသည်။ သို့သော်လည်း အချင်းဖြစ် ညသန်းခေါင်ကျော် အချိန်တွင်၊ လျှောက်ထားသူသည် သက်သေခံ ဓါးမြောင်ကိုကိုင်ဆွဲ၍ အုပ်ခန်းရံကိုကျော်ပြီး မလေးခိုင် အခန်းသို့ မလေးခိုင်အား၊ ရာဇဝတ်ထိုက်သင့်သည့်ပြစ်မှု တခုကို ကျူးလွန်ရန်၊ ၎င်း၏ အခန်းထဲသို့ ကျူးကျော်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

မူလရုံး ပညာရှိ တရားသူကြီးနှင့် အယူခံရုံး ပညာရှိ တရားသူကြီးတို့က၊ လျှောက်ထားသူ မောင်သန်းအောင်၏ ပြုမူချက်မှာ ရာဇသတ်ကြီး ပုဒ်မ ၄၅၇၊ အပိုင်း (၁) အရ၊ အကျူးဝင်သည်ဟု ယူဆကာ၊ ထိုပုဒ်မအရပြစ်မှုမြောက်သည်ဟု တွေ့ရှိရသည်။

လျှောက်ထားသူ၏ ပညာရှိရှေ့နေကြီး ဦးတင်ရီက၊ လျှောက်ထားသူ မောင်သန်းအောင် အပေါ် အောက်ရုံး နှစ်ရုံးစလုံးက၊ တသဘောတည်း တထပ်တည်း တွေ့ရှိသော ပြစ်မှုနှင့် ပတ်သက်၍၊ မည်သို့မျှ မပြောလိုတော့ပါ။ ယင်းသို့ တွေ့ရှိချက်မှာ မှန်ကန်ပါသည်ဟု ဝန်ခံလေ၏။ သို့သော် ပညာရှိရှေ့နေကြီးက၊ လျှောက်ထားသူ အပေါ် အပြစ်ဒဏ်ချမှတ်ရာ၌၊ အလုပ်နှင့် ထောင်ဒဏ် ၂ နှစ် ပေးထားခြင်းမှာ ပြင်းထန်လှပါသည်။ သက်ညှာသော သဘောဖြင့်၊ ဤရုံးက လျော်ကန်သလို လျှော့ပေါ့ပေးပါရန် အသနားခံသွားလေသည်။

အစိုးရဘက်မှ လိုက်ပါ ဆောင်ရွက်သော ပညာရှိ အစိုးရ ရှေ့နေကြီး ဦးတိုးမောင်က၊ တဘက်မှ ပြစ်မှု ကျူးလွန်ခြင်းနှင့်ပတ်သက်၍ မည်သို့မျှ မပြောလိုပါဟု ဝန်ခံသွားသဖြင့်၊ မိမိအနေဖြင့်ပြောစရာမလိုတော့ပါ။ သို့သော်အပြစ်ဒဏ်ချမှတ်ခြင်းနှင့် စပ်လျဉ်း၍၊ လျှောက်ထားသူအား ပေးထားသော အလုပ်နှင့် ထောင်ဒဏ် ၂ နှစ်မှာ များလွန်းသည်ဟု မဆိုနိုင်ပါ။ မိန်းကလေးများသာ နေထိုင်သော ကျောင်းဆောင်သို့ ညဉ့်အချိန်မတော်သော အခါတွင်၊ ဓါးမြောင်လက်နက်ကို ကိုင်ဆွဲပြီး

ပုန်းလျှိုးဝှက်သျှိုး ကျူးကျော်မှုပြုခြင်းမှာ၊ ကျောင်းဆောင်နေ အမျိုးသမီးများ၏ လုံခြုံမှုအတွက် အထူးမလိုလားအပ်သော ကိစ္စတရပ်ဖြစ်ပါသည်။ လျှောက်ထားသူအား သက်ညှာစွာ အပြစ်ဒဏ်ပေးပါက၊ နောက်နောင်တွင် အလားတူ ကိစ္စများ ဖြစ်ပေါ်နိုင်စရာ အကြောင်းရှိသဖြင့်၊ ကျောင်းသူများ၏ လုံခြုံရေးကို အဓိကထား သည့် အနေဖြင့်၊ ပေးထားသော ပြစ်ဒဏ်မှာ လျော်ကန်သင့်မြတ်လှပါသည်ဟု တင်ပြသွားသည်။

ကျွန်ုပ်အနေနှင့် ဤအမှုတွင် အပြစ်ဒဏ်ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ သာ စဉ်းစား ရပေမည်။ **ဆုဇသတ်ကြီး** ပုဒ်မ ၄၅၇၊ အပိုင်း (၁) အရ၊ ချမှတ်နိုင်သည့် အပြစ်ဒဏ်မှာ ထောင်ဒဏ် ၅ နှစ် အထိဖြစ်သည်။ လျှောက်ထားသူ မောင်သန်းအောင်မှာ၊ တက္ကသိုလ်ကျောင်းသား တဦးဖြစ်၍၊ ယခင်အခါများက ပုသိမ်မြို့တွင် နေထိုင်စဉ်၊ မလေးခိုင်နှင့်သမီးရည်းစားဖြစ်ခဲ့ကြသည်မှာ အောက်ရုံး နှစ်ရုံးစလုံးက ယူဆထားပြီးဖြစ်သည်။ သို့ရာတွင်အချင်းဖြစ်ချိန်၌ဥင်းတို့သည်သမီးရည်းစား မဟုတ်ကြသော်လည်း၊ သို့သော်လျှောက်ထားသူ မောင်သန်းအောင်မှာအချစ်စိတ်အချစ်သွေးများမွန်နေသဖြင့် အချင်းဖြစ်သည့် ညဥ့် အမှုတွဲတွင် ပေါ်လွင်သည့် ပြစ်မှုကို မိုက်မှားစွာ ပြုလုပ်မိဟန် လက္ခဏာရှိသည်။ လျှောက်ထားသူ၏ အသက်မှာ မလေးခိုင်၏ အသက်ကဲ့သို့ ၂၅ နှစ် မျှသာ ရှိသေးသည်။ ယခင်အခါက ပြစ်မှုကျူးလွန်ခဲ့ဘူးသူ တဦးဖြစ်သည်ဟု အမှုတွဲတွင် မပေါ်လွင်၊ အကျင့်စာရိတ္တလည်း ကောင်းမွန်သူ တဦးဖြစ်ပေသည်။ လူငယ်ပီပီ မြင်ကဲဟာခဲ့သည့်အတိုင်း စူးစမ်းဆင်ခြင်မှု မရှိဘဲ ဂမူးရွှူးထိုးပြုလုပ်ခြင်းမှာ လျှောက်ထားသူ မောင်သန်းအောင်၏ မိုက်မှားမှု တရပ်ဖြစ်ပေသည်။ တဘက်တွင် ခံရသော မိန်းကလေးဘက်ကလည်း မနစ်နာရစေဘဲ၊ လျှောက်ထားသူ အပေါ် တရားမျှတမှုဖြင့် သက်ညှာစွာ စဉ်းစားနိုင်ရန် အကြောင်းခြင်းရာများရှိသည့် အားလျော်စွာ သက်ညှာစွာ စဉ်းစားရပေမည်ဟု ယူဆသည်။ **စိန်အောင်မင်း (ခေါ်) သန်းရွှေ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (၁) အမှုတွင်၊ တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်က၊ အမိန့်ချမှတ်ရာ၌၊ အယူခံတရားလိုများသည်၊ အောက်ရုံးက၊ ဆုဇသတ်ကြီး ပုဒ်မ ၃၉၇ အရ၊ ပြစ်မှုကျူးလွန်သည်ကို တွေ့ရှိရပြီး၊ အလုပ်နှင့် ထောင်ဒဏ် ၇ နှစ် ကျခံစေရန် ချမှတ်သော အမိန့်ကို၊ ဆုဇသတ်ကြီး ပုဒ်မ ၃၉၄ အရ၊ ပြောင်းလဲလိုက်သည်။ ၎င်းပြင် အပြစ်ဒဏ် သတ်မှတ်ရာတွင် အယူခံ တရားလို ၂ ဦးသည် ငယ်ရွယ်သေးသူများ ဖြစ်ကြသည်ကို ထောက်ချင့်၍၊ ၎င်းတို့သည် ဘဝ အညွှန့် မတုံးရ စေအောင်နှင့် ၎င်းတို့ အပြစ်ဒဏ်ကျခံပြီး ဖြစ်သောအခါ ပြန်လည်၍ ဘဝသစ် ထူထောင်နိုင်ကြစေအောင် ရည်ရွယ်သင့်သည်။ ထို့ကြောင့် အယူခံတရားလိုများ

(၁) တရားရုံးချုပ် ၁၉၆၅ ခု၊ ဆုဇတ် အယူခံမှုအမှတ် ၁၅၇။

အပေါ်မူလရုံးတရားသူကြီးက အလုပ်နှင့်ထောင်ဒဏ် ၇ နှစ်ပေးထားခြင်းမှ အလုပ်နှင့် ထောင်ဒဏ် ၄ နှစ်အထိ လျှော့ချ၍ ကျခံစေရန် ပြင်ဆင်သတ်မှတ်ထားသည်။

ယခုအမှုတွင်လည်း လျှောက်ထားသူ မောင်သန်းအောင်သည် ငယ်ရွယ်သေးသူ တစ်ဦးဖြစ်၍ တက္ကသိုလ်ကျောင်းသား တစ်ဦးဖြစ်သည်ကို ထောက်ချင့်ပြီး၊ ၎င်း၏ဘဝ အညွှန်းမတုံးရစေအောင်နှင့် ၎င်းသည် အပြစ်ဒဏ် ခံရပြီးသောအခါ ပြန်လည်ဘဝသစ် ထူထောင်နိုင်စေရန် ရည်ရွယ်သင့်သည်။ ထို့ကြောင့် ၎င်းအား ပညာပေးသည့် အနေဖြင့် မူလ အပြစ်ဒဏ်ကို လျှော့ပေါ့သင့်သည်ဟု ယူဆသည်။

သို့ဖြစ်၍ လျှောက်ထားသူ မောင်သန်းအောင်အပေါ် အောက်ရုံးနှစ်ရုံးစလုံးက တွေ့ရှိရသော ပြစ်မှုကို အတည်ပြုလိုက်ပြီး၊ အပြစ်ဒဏ်သတ်မှတ်ရာ၌ မူလပေးထားသော အလုပ်နှင့် ထောင်ဒဏ် ၂ နှစ်အစား အလုပ်နှင့် ထောင်ဒဏ် ၁ နှစ်ကိုသာ လျှင် လျှော့ပေါ့၍ ကျခံစေရန် ပြင်ဆင်သတ်မှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ အထွေထွေအယူခံမှု

တရားသူကြီး ဦးသက်ဖေရွှေတွင်

† ၁၉၆၆

ဇွန်လ
၁၈ ရက်။

ရှိဂိုကရင်း(နှ) ဆင်း (အယူခံတရားလို)

နှင့်

စူရိယာနတ် (သ) ဆင်းပါ ၃ (အယူခံတရားခံများ)*

ဟိန္နူမိသာဒစ္ဆ၏ မခွဲဝေရသေးသည့် ပစ္စည်းဖြစ်ကြောင်းနှင့် ပစ္စည်းများကို တဦးတည်းသဘောဖြင့် ရောင်းချခြင်း မပြုနိုင်ကြောင်း ကျေညာပေးရန် တရားစွဲဆိုမှု—ပစ္စည်းထိန်းခန့်ထားရန် လျှောက်ထားခြင်း—တော်လှန်ရေးကောင်စီ အက်ဥပဒေ အမှတ် ၂/၆၂—တရားမ ကျင့်ထုံး အမိန့် ၄၀ နည်းဥပဒေ ၃ ပစ္စည်းထိန်းအား ပစ္စည်းထိန်းအဖြစ် ကောက်ခံရရှိထားသည့် ငွေများရုံးသို့တင်သွင်းရန် ညွှန်ကြားခြင်း—ရန်ကုန်မြို့၊ တရားမရုံ အက်ဥပဒေပုဒ်မ ၂၄ အ အယူခံဝင်ခွင့်ရှိ မရှိ—အငြင်းပွါးနေသောကိစ္စကို ဆောင်ရွက်ရန် အယူခံရုံးက ရန်ကုန်မြို့၊ တရားမရုံးသို့လွှဲအပ်ခြင်း—ကိစ္စကိုဆောင်ရွက်ရန်အာဏာရှိ မရှိ—ပစ္စည်းထိန်းသည် ၎င်းအား အုပ်ထိန်းရန်တာဝန်ပေးထားသော ပစ္စည်းနှင့် စပ်လျဉ်း၍ အကြောင်းပြပြီးရုံး၏ညွှန်ကြားချက်ကို လိုက်နာရန် ငြင်းဆိုခြင်းဖြင့်နိုင် မဖြုနိုင်—ပစ္စည်းထိန်းအဖြစ် ခန့်အပ်သည့်အမှုပြီးစီးသွားစေကာမူ ပစ္စည်းထိန်း၏ တာဝန်ကုန်ဆုံးခြင်းရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ပစ္စည်းထိန်းအား ပစ္စည်းထိန်းအဖြစ် ကောက်ခံရရှိ ထားသည့်ငွေများကို ရုံးသို့တင်သွင်းရန် ညွှန်ကြားသော အမိန့်မှာ တရားမကျင့်ထုံး အမိန့် ၄၀ နည်းဥပဒေ ၃ ပါပြဋ္ဌာန်းချက်အတိုင်း ချမှတ်ခြင်းဖြစ်၍ ရန်ကုန်မြို့၊ တရားမရုံး အက်ဥပဒေပုဒ်မ ၂၄ အရ အယူခံဝင်ခွင့် မရှိပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ပစ္စည်းထိန်းကို ခန့်ထားသောရုံးမှာ အယူခံရုံးဖြစ်သည်။ သို့ရာတွင် အယူခံရုံးက အငြင်းပွါးနေသောကိစ္စကို ဆောင်ရွက်ရန် မူလဘာဏ်ရုံးသို့ လွှဲအပ်ခဲ့၏။ မူလရုံးဘွင် တန်ခိုးအာဏာမရှိတော့သဖြင့် ထိုကိစ္စကို ရန်ကုန်မြို့၊ တရားမရုံးက ဆက်လက်ဆောင်ရွက်ရန် အယူခံတရားလို၏ လျှောက်ထားချက်အရ အယူခံရုံးကပင်၊ ရန်ကုန်မြို့၊ တရားမရုံးသ လွှဲအပ်ခဲ့ခြင်းဖြစ်ရာ ထိုရုံး၌ အငြင်းပွါးနေသော ကိစ္စကို ဆောင်ရွက်ရန် အာဏာရှိသည်။

---

* ၁၉၆၆ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၁၃။

† ၁၉၆၆ ခုနှစ်၊ တရားသေးမှုအမှတ် ၁၃၉ တွင် ရန်ကုန်မြို့တော် တရားမ တရားသူကြီးချုပ်ရုံးတော်၏ ချမှတ်သောအမိန့်ကိုအယူခံဝင်မှု။

ထပ်မံဆုံးဖြတ်ချက်။ ။အမှုတခုတွင် အခင်းဖြစ် ပစ္စည်းနှင့် ပတ်သက်၍ ဖြစ်စေ၊ အခြား ပစ္စည်းတခုခုနှင့် ပတ်သက်၍ဖြစ်စေ၊ အမှုသည်တဦးဦး သို့မဟုတ် အခြားလူတယောက်ယောက်ကို ရုံးမှပစ္စည်းထိန်းခန့်ထားလျှင် ထိုသူသည်ရုံး၏ အဆုံးရှိတဦးဖြစ်လာသောကြောင့် ရုံးမှချမှတ်သည့် ညွှန်ကြားချက်များကို လိုက်နာရန် တာဝန်ရှိသည်။ ထိုသူသည့် ၎င်းအားအုပ်ထိန်းရန် တာဝန် ပေးထားသော ပစ္စည်းမှာ ၎င်းပိုင်ဖြစ်သည်ဆိုသော အကြောင်းပြချက်နှင့် ရုံး၏ညွှန်ကြားချက်ကို လိုက်နာရန် ငြင်းဆိုခြင်း မပြုနိုင်။

ပစ္စည်းထိန်းတဦးအား ရုံးမှရပ်စဲကြောင်း အမိန့်ချမှတ်ခြင်း မပြုသေးမီ ၎င်းသည် ပစ္စည်းထိန်း အဖြစ်၌ ရပ်တည်ကျက်ရှိသေးသည်ဟု ယူဆရမည်ဖြစ်သည်။ မိမိအား ခန့်အပ်ခဲ့သည့် အမှု ပြီးစီးသွားစေကာမူ၊ ပစ္စည်းထိန်းသည် ရုံးသို့နောက်ဆုံး စာရင်းသွင်းခြင်း၊ ငွေသွင်းခြင်းနှင့် အခြားလိုအပ်သည့်ကိစ္စများကို ရုံး၏အခိန့်အရ ဆောင်ရွက်ပြီးနောက်၊ ရုံးကငင်းသည် ဝတ္ထုရုးမျှား ဆက်လက်ဆောင်ရွက်ရန် မရှိတော့ဟု ယူဆကာ ပစ္စည်းထိန်းအဖြစ်မှ ရပ်စဲသောအခါတွင်သာ ၎င်း၏တာဝန်မှာ ကုန်ဆုံးမည် ဖြစ်ပေသည်။

ရမ်ဆရပ်ဒတ်နှင့်ရာမက်ရှဝါဒတ်၊ အေ၊အိုင်၊အာ(ရ်)၊၁၉၅၀၊ ပတ္တနှာ၊ ၁၀၄ ခြားနားပြသည်။

အယူခံတရားလိုအတွက်။ ။မစ္စတာ ဂျီ၊ အင်၊ ဘနာဂျီ။

အယူခံတရားခံအတွက်။ ။မစ္စတာ အင်၊ စီ၊ဆင်း။

တရားသူကြီး ဦးသက်ဖေ။ ။ယခင်တရားလွှတ်တော်မူလဘက်ဌာန၏ ၁၉၅၀ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ တွင် အယူခံတရားခံအမှတ် ၁ က၊ အယူခံတရားလိုနှင့် အခြား အယူခံတရားခံများအပေါ်၊ ရန်ကုန်မြို့ရှိ ပစ္စည်းအချို့မှာ၊ ၎င်းတို့ပိုင် ဟိန္ဒူမိသားစုတို့၏ မခွဲဝေရသေးသည့် ပစ္စည်းဖြစ်ကြောင်းနှင့်၊ ထိုပစ္စည်းများ အား အယူခံတရားလို တဦးတည်းသဘောဖြင့် ရောင်းချခြင်း မပြုနိုင်ကြောင်း ကျေညာပေးရန် တရားစွဲဆို ထားသည့်အတိုင်း၊ ဒီဂရီချပေးခဲ့၏။ အယူခံတရားလိုက ထိုဒီဂရီကို မကျေနပ်သဖြင့် ယခင်တရားလွှတ်တော်၏ ၁၉၅၆ ခုနှစ် တရားမ ပထမအယူခံ အမှုအမှတ် ၁ တွင် အယူခံ ဝင်ရာ၊ ထိုအယူခံမှုကို ကြားနာနေခိုက်၊ အယူခံတရားခံအမှတ် ၁ က၊ အခင်းဖြစ် ပစ္စည်းများအပေါ် ပစ္စည်းထိန်း ခန့်ထားရန် လျှောက်ထားလေသည်။ ထို့နောက် နှစ်ဦးသဘောတူညီချက်အရ၊ ၁၉၅၈ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့၌၊ အယူခံတရားလို ကိုပင် ပစ္စည်းထိန်းအဖြစ် အယူခံရုံးတော်မှ ခန့်ထားလိုက်၏။ ၁၉၆၅ ခုနှစ်၊ တရားမ ပထမ အယူခံအမှုအမှတ် ၁ တွင် အယူခံတရားလိုပင် အရေးနိမ့်သဖြင့် ယခင် တရား လွှတ်တော်ချုပ်သို့ ထပ်မံအယူခံဝင်ပြန်လေသည်။ ထိုအယူခံအမှုမှာ တရားလွှတ်တော် ချုပ်၏ ၁၉၆၂ ခုနှစ်၊ တရားမ အယူခံအမှုအမှတ် ၈ ဖြစ်လေသည်။ တရားလွှတ်တော် ချုပ်မှလည်း အလားတူပင် အယူခံတရားလိုအား ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ တွင် အရှုံးပေးလိုက်ပြန်၏။ ထိုအခါ အယူခံတရားခံအမှတ် ၁ သည်၊ ၁၉၅၆ ခုနှစ်၊

၁၉၆၆ ဒို့ဂိုကရင်း (နှ) ဆင်း နှင့် စူရိယာနတ်(သ) ဆင်း ပါ ၃။

တရားမ ပထမအယူခံမှုအမှတ် ၁ တွင်ပစ္စည်းထိန်းဖြစ်သူအယူခံတရားလိုအား ၎င်းကို ခန့်ထားသည့် ၁၉၅၈ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှစ၍ ကောက်ခံထားသောငွေများကို ရုံးသို့သွင်းရန် ညွှန်ကြားပေးစေလိုကြောင်း လျှောက်ထားရာ၊ အယူခံရုံးပညာရှိ တရားသူကြီးများက၊ ၁၉၆၅ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် တရားရုံးချုပ်မူလဘက်ဌာန မှ ဆက်လက် ဆောင်ရွက်ရန် အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်လေသည်။

> "ဤကိစ္စမှာ ယခင်တရားလွှတ်တော် တရားမကြီးမှုအမှတ် ၃/၁၉၅၀ ခုနှစ်၊ စပ်လျဉ်း၍ပစ္စည်းထိန်းကို ၁၉၆၅ ခုနှစ်၊ပထမအယူခံ အမှုအမှတ် ၁ တွင်ခန့်ထား ခြင်းမှ ပေါ်ပေါက်လာသည်။ ပစ္စည်းထိန်း အနေနှင့် စာရင်းအင်းများကို ရုံးတော်သို့သွင်းရန်နှင့် ၎င်း၏ လက်တွင် ရှိသော ငွေများကို ရုံးတော်သို့ ပေးသွင်းရန်လို မလိုဟူသောအချက်မှာ ဤရုံး၏မူလဘက်ဆိုင်ရာတွင်ဆုံးဖြတ်ဘို့ ဖြစ်သည်။ ထို့ကြောင့်၊ မူလဘက်ဆိုင်ရာသို့ လိုအပ်သလို ဆောင်ရွက်ရန်ပို့စေ"။

သို့ရာတွင် မူလဘက်ဌာနမှာ၊ တော်လှန်ရေး ကောင်စီ အက်ဥပဒေအမှတ် ၂/၆၂ အရ၊ တန်ဘိုး ငါးသောင်းကျပ် အထက်ရှိသော မူလ မှုခင်းများကိုသာ ကြားနာ ရမည်ဖြစ်၍၊ တန်ဘိုး ၁၆,၀၀၀ သာရှိသော ဤအမှုကို ရန်ကုန်မြို့တရားမ တရားရုံး၊ သို့ပို့ပေးရန် အယူခံတရားလို ကိုယ်တိုင် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် နေ့စွဲပါ လျှောက်လွှာနှင့် လျှောက်ထားချက်အရ၊ အယူခံရုံးမှ ရန်ကုန်မြို့ တရားမရုံးသို့ ပေးပို့ ကြားနာရန် ထပ်မံအမိန့်ချမှတ်လိုက်၏။ ရန်ကုန်မြို့ တရားမရုံးသို့ ရောက်သောအခါ၊ ပညာရှိ တရားသူကြီးချုပ်က နှစ်ဦး နှစ်ဘက်ကို ကြားနာပြီးနောက်၊ ပစ္စည်းထိန်းဖြစ်သူ အယူခံတရားလိုက ပစ္စည်းထိန်းအဖြစ် ကောက်ခံရရှိထားသော ငွေကြေးများကို ရုံး တွင် ရက်သတ္တ နှစ်ပတ်အတွင်း တင်သွင်းရန် အမိန့်ချမှတ်လိုက်လေသည်။ ထို အမိန့်ကို မကျေနပ်သဖြင့် ပယ်ဖျက်ပေးရန် ဤအယူခံမှု လျှောက်ထားခြင်းဖြစ်လေ သည်။

ပစ္စည်းထိန်းအား ပစ္စည်းထိန်းအဖြစ် ကောက်ခံရရှိထားသည့် ငွေများကို ရုံးသို့ တင်သွင်းရန် ညွှန်ကြားထားသော အမိန့်မှာတရားမကျင့်ထုံးအမိန့် ၄၀ နည်းဥပဒေပုဒ်မ ၃ ပါပြဋ္ဌာန်းချက်အတိုင်း ချမှတ်ခြင်းဖြစ်၍ ရန်ကုန်မြို့တရားမရုံး အက်ဥပဒေပုဒ်မ ၂၄ အရ၊ အယူခံဝင်ခွင့်မရှိပေ။ အယူခံတရားလို၏ပညာရှိရွှေနေကြီးက အယူခံဝင် ခွင့်မရှိလျှင်၊ ပုဒ်မ ၂၅ အရ၊ ပြင်ဆင်မှု အနေဖြင့်ပြောင်းလဲကာ စဉ်းစားဆုံးဖြတ် ပေးရန် လျှောက်ထားချက်အရ၊ အောက်ရုံး၏ အမိန့်အား ပြင်ဆင်မှုအနေဖြင့် ဝင်ရောက် စွက်ဖက်သင့် မသင့်ဆိုသော ပြဿနာကိုဆန်းစစ်ရန် လိုပေသည်။

အယူခံတရားလို၏ ပညာရှိရွှေနေကြီးက ပစ္စည်းထိန်းအား ခန့်ထားသည့် အယူခံရုံး ကသာ ညွှန်ကြားချက်ပေးရန် အာဏာရှိကြောင်း၊ရန်ကုန်မြို့ တရားမရုံးသည် ပစ္စည်း

ထိန်းခန့်ထားသော ရုံးမဟုတ်သဖြင့် ပစ္စည်းထိန်းကို ငွေသွင်းရန် ညွှန်ကြားချက်ပေးရန် အခွင့်အာဏာမရှိကြောင်း လျှောက်လဲသွား၏။ ပစ္စည်းထိန်းကို ခန့်ထားသော ရုံးမှာ၊ အယူခံရုံးဖြစ်သည်မှာ မှန်၏။ သို့ရာတွင်အယူခံရုံးက ယခု အငြင်းပွါးနေသော ကိစ္စကို ဆောင်ရွက်ရန် ၁၉၆၅ ခုနှစ်၊ ပြေလ ၆ ရက်နေ့က မူလဘက်ရုံးသို့ လွှဲအပ်ခဲ့၏။ ထို့နောက် မူလဘက်ရုံးတွင် တန်ခိုး အာဏာမရှိတော့သဖြင့်၊ ထိုကိစ္စကို ရန်ကုန်မြို့ တရားမရုံးက ဆက်လက် ဆောင်ရွက်ရန် အယူခံတရားလို၏ လျှောက်ထားချက်အရ၊ အယူခံရုံးကပင်၊ ရန်ကုန်မြို့ တရားမရုံးသို့ လွှဲအပ်ခဲ့ခြင်းဖြစ်ရာ ထိုရုံး၌ ဆောင်ရွက်ရန် အာဏာမရှိဟု အယူခံတရားလိုသည် ပြောဆိုပိုင်ခွင့် မရှိတော့ပေ။ အယူခံရုံးက ချမှတ်သော အမိန့်ကို မကျေနပ်လျှင်၊ ထိုအမိန့်ကို အယူခံဝင်ရန်သာရှိ၏။ ထိုအမိန့်မှာ တည်မြဲနေသည့် အားလျော်စွာ၊ ရန်ကုန်မြို့ တရားမရုံးသည် အငြင်းပွါးနေသော ကိစ္စကို ဆောင်ရွက်ရန် အာဏာရှိသည်ဟု ကောက်ယူရမည်ဖြစ်သည်။

အယူခံတရားလို၏ ပညာရှိရွှေနေကြီးကတဖန်၊ အယူခံတရားလိုသည် မခွဲဝေရသေးသည့် ဟိန္နှုလူမျိုးမိသားစု၏အကြီးအကဲမန်နေဂျာအဖြစ်ငင်း၊ ပစ္စည်းထိန်းအဖြစ်ငင်း၊ ငွေများကို ထိန်းသိမ်းနေရကြောင်း၊ ဟိန္နှုလူမျိုးများ အက်ဥပဒေအရ ဟိန္နှုလူမျိုးမိသားစု၏ အကြီးအကဲမန်နေဂျာသည် မိသားစုပစ္စည်းများကို ခွဲဝေသည့်အခါမှ အပ၊မိသားစုပစ္စည်းများအား လက်ဝယ်ထားနိုင်ခွင့်ရှိကြောင်း၊ ယခုကိစ္စ ပေါ်ပေါက်လာရသည့် မူလမူခင်းမှာ မိသားစု ပစ္စည်းများကို ခွဲဝေသော အမှုမဟုတ်၍၊ မိသားစုပစ္စည်းဖြစ်သည် ငွေများကို ရုံးသို့ပေးသွင်းရန် အမိန့်မပေးနိုင်ကြောင်း လျှောက်လဲသွား၏။ အမှုတခုခုတွင် အခင်းဖြစ် ပစ္စည်းနှင့် ပတ်သက်၍ ဖြစ်စေ၊ အခြားပစ္စည်းတခုခုနှင့်ပတ်သက်၍ဖြစ်စေ၊ အမှုသည်တဦးဦး၊ သို့မဟုတ် အခြားလူတယောက်ယောက်ကို ရုံးမှပစ္စည်းထိန်းခန့်ထားလျှင် ထိုသူသည် ရုံး၏ အရာရှိတဦးဖြစ်လာသောကြောင့် ရုံးမှချမှတ်သည့် ညွှန်ကြားချက်များကို လိုက်နာရန် တာဝန်ရှိ၏။ ထိုသူသည် ၎င်းအား အုပ်ထိန်းရန် တာဝန်ပေး ထားသော ပစ္စည်းမှာ ၎င်းပိုင်ပစ္စည်းဖြစ်သည်ဆိုသော အကြောင်းပြချက်နှင့် ရုံး၏ ညွှန်ကြားချက်ကို လိုက်နာရန် ငြင်းဆိုခြင်းမပြုနိုင်။ ထို့ကြောင့် ရုံးမှ ပစ္စည်းထိန်းအဖြစ် ခန့်ထားခဲ့သော အယူခံတရားလိုသည် မခွဲဝေရသေးသည့် ဟိန္နှုလူမျိုးမိသားစု၏ အကြီးအကဲ မန်နေဂျာအဖြစ်ဖြစ် ရုံး၏အမိန့်ကို မဖီဆန်နိုင်ပေ။ထို့ပြင်တဝပစ္စည်းထိန်းအား၊ ၎င်းထိန်းသိမ်းထားရသည့်ငွေများကိုရုံးသို့သွင်းရန် အမိန့်မှာ၊ အမှန်အားဖြင့်ဆိုလျှင်၊ မည်သူကိုမှ ထိခိုက်သည့် အမိန့်မဟုတ်ချေ။ ရုံးတွင် တင်သွင်းမည့်ငွေကို အမှန်တကယ် ရသင့်ရထိုက်သူအတွက်ရုံးကထိန်းသိမ်းထားခြင်းသာဖြစ်သည်။ သို့ပါ၍ အယူခံတရားလိုက ၎င်းသည် မခွဲဝေရသေးသည့် ဟိန္နှုလူ

၁၉၆၆

ရှိဂိုကရင်း (နှ) ဆင်း နှင့် စူရိယာနတ်(သ) ဆင်း ပါ ၃။

လူမျိုးမိသားစု၏ အကြီးအကဲ မန်နေဂျာဖြစ်သောကြောင့် ၎င်းအားရုံးက ငွေသွင်းရန် ညွှန်ကြားချက် မပေးနိုင်ဟုဆိုသော လျှောက်လဲချက်ကို လက်မခံနိုင်။

အယူခံတရားလို၏ ပညာရှိ ရှေ့နေကြီးကပင်၊ ယခုကိစ္စပေါ် ပေါက်လာသည့် မူလ အမှုမှာ အဆုံးသတ်ပြီးစီးသွားပြီးဖြစ်၍၊ အယူခံတရားလိုသည် ပစ္စည်းထိန်းအနေဖြင့် ရပ်တည်လျက် မရှိတော့ကြောင်း၊ ထို့ကြောင့်၎င်းအပေါ် ရုံးမှ ညွှန်ကြားချက်မပေးနိုင် တော့ကြောင်း၊ ထပ်မံတင်ပြသွားပြန်သည်။ ပစ္စည်းထိန်းတဦးအားရုံးမှ ရပ်စဲကြောင်း အမိန့်ချမှတ်ခြင်းမပြုသေးမီ ၎င်းသည် ပစ္စည်းထိန်းအဖြစ်၌ ရပ်တည်လျက်ရှိသေးသည်ဟု ယူဆရမည်ဖြစ်သည်။ မိမိအားခန့်အပ်ခဲ့သည့် အမှုပြီးစီးသွားစေကာမူ၊ ပစ္စည်းထိန်းသည် ရုံးသို့ နောက်ဆုံးစာရင်းသွင်းခြင်း၊ ငွေသွင်းခြင်းနှင့် အခြားလိုအပ်သည့်ကိစ္စများကို ရုံး၏ အမိန့်အရ ဆောင်ရွက်ပြီးနောက် ရုံးက ၎င်းသည် ဝတ်တရားများ ဆက်လက် ဆောင်ရွက်ရန် မရှိတော့ဟု ယူဆကာ ပစ္စည်းထိန်းအဖြစ်မှ ရပ်စဲသော အခါတွင်သာ ၎င်း၏တာဝန်မှာ ကုန်ဆုံးမည်ဖြစ်ပေသည်။ အယူခံတရားလို၏ ပညာရှိရှေ့နေကြီး တင်ပြသည့် **ရမ်ဆရပ်ဒတ်** နှင့် **ရာမက်ရှ်ဝါဒတ်** (၁) တို့အမှုနှင့် ယခုမှာ အကြောင်း ခြင်းရာများ တူညီခြင်း မရှိသည်ကို သတိချပ်ရန်လိုပေသည်။ ထိုအမှုတွင် တရားလိုက ၎င်း၏ ကိုယ်ပိုင်အခွင့်အရေးအရ တရားစွဲဆိုရာ၊ အရေးနိမ့်သဖြင့် အယူခံတက်စဉ် အယူခံရုံးက ပစ္စည်းထိန်းခန့်ထားခဲ့၏။ ထိုအယူခံဝင်နေစဉ် တရားလိုသေဆုံးသွားသည်။ ၎င်းစွဲဆိုသည့် အမှုသည် ကိုယ်ပိုင် အခွင့်အရေးအရ စွဲဆိုခဲ့ခြင်းဖြစ်၍၊ ၎င်းသေဆုံးသွားသောအခါ၊ ၎င်း၏ ကိုယ်ပိုင် အခွင့်အရေးများလည်း ပျောက်ကွယ်သွားသည့် အလျောက်၊ ၎င်း၏ အမွေဆက်ခံသူများကို အမှုၥ ပါဝင်ခွင့်မပြုဘဲ အမှုကို ဖလပ်လိုက်လေသည်။ ၎င်း၏အမွေဆက်ခံသူများက ပစ္စည်းထိန်းကို ဆက်လက်၍ ပစ္စည်းများအားထိန်းသိမ်းထားရန် လျှောက်ထားချက်ကို ရုံးမှ လက်မခံဘဲ အမှုမှာ ဖလပ်လိုက်ပြီးဖြစ်၍၊ ပစ္စည်းထိန်းကို ဆက်လက် ထားရှိရန် မလိုတော့ကြောင်းမှတ်ချက် ပြုထားခြင်းဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ၊ တရားမကျင့်ထုံး အမိန့် ၄၀၊ နည်းဥပဒေ ၃ (၈) အရ၊ ပစ္စည်းထိန်း၏ တာဝန်များတွင် ၎င်း၏ လက်ဝယ်ရှိသော ငွေများကို ရုံးသို့ တင်သွင်းရန် တာဝန်လည်းတခု ပါရာ၊ ထိုတာဝန်ကို ဆောင်ရွက်ရန် ရုံးမှ ညွှန်ကြားခြင်းသည် တရားဥပဒေနှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ပေ။

---

(၁) အေးအိုင်၊အာ(ရှ်)၊ ၁၉၅၀၊ ပတ္တနား ၁၀၄။

၁၉၆၆

ရှိဂိုကရင်း (နှံ) ဆင်း နှင့် စူရိယာနတ်(သ) ဆင်း ပါ ၃။

နိဂုံးချုပ်အနေဖြင့် ဆိုရသော်၊ ဤလျှောက်လှာသည်၊ ရန်ကုန်မြို့တရားမရုံး အက်ဥပဒေပုဒ်မ ၂၄ အရ၊ အယူခံမဝင်နိုင်၊ ပုဒ်မ ၂၅ အရလည်း အောက်ရုံး၏အမိန့်မှာ တရားဥပဒေသဘော အရ၊ မှားယွင်းချက်၊ တိမ်းစောင်းချက်ရှိသည်ဟု မဆိုသာပေ။ ထို့ကြောင့်၊ ဤအယူခံကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ငွေနေကြီးစရိတ် ၃၄ ကျပ် သတ်မှတ်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ် အထွေထွေလျှောက်လွှာ

† ၁၉၆၆ ဇွန်လ ၂၀ ရက်။

တရားသူကြီးချုပ်၊ ဒေါက်တာမောင်မောင်နှင့် တရားသူကြီး ဦးသက်ဖေတို့ရှေ့တွင်

ဦးကြည် (လျှောက်ထားသူ)

နှင့်

မခင်ရီ (လျှောက်ထားခံရသူ) *

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၈၈ (၁) —မယားသည် လင်၏နောက်သို့လိုက်ပြီး လုပ်ကိုင်စားသောက်ပေါင်းသင်းနေထိုင်ရန် တာဝန်ရှိခြင်း—မယားဝတ္တရား မကျေပြန်လျှင် လင်ဖြစ်သူကကျေးမွေးပြုစုရန်တာဝန်ရှိ မရှိ—ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၄၈ (၄) ၏ ပြဋ္ဌာန်းချက်—လုံလောက်သော အကြောင်းဆိုရာ၌ အမှုတခုနှင့်တခု အကြောင်းခြင်းရာများ တူညီမည်မဟုတ်—ပေါ်ပေါက်နေသည့် အကြောင်းခြင်းရာများ အပေါ်မူတည်၍ အဆုံးအဖြတ်ပြုရခြင်း—လျှောက်ထားသူ ဆွေမျိုးနှင့် တယောက်မျက်နှာ တယောက် မကြည့်နိုင်လောက်အောင်—ရန်ဖြစ်ထားခြင်း၊ ရန်ဖြစ်ထားသည့် ဆွေမျိုးအိမ်၌လိုက်၍ ခနခန်ငြင်းဆိုခြင်းမှာ လုံလောက်သော အကြောင်းဟုတ် မဟုတ်—အမျိုးသားတဦးသည် အမျိုးသမီးတဦးကို ဇနီးအဖြစ် ပေါင်းသင်းခဲ့မှုဇနီးဖြစ်သူအား ဓာတ်ဖြေမှုစောင့်ရှောက်ရန်တာဝန်ရှိခြင်း—စားစရိတ် မပေး ထိုဖြန်နည်းအမျိုးမျိုးနှင့်ခုခံပြီးခွဲခွာအဆင့်ဆင့် တက်ရောက်နိုင်ခွင့်ရှိခနလျှင် မယားကို အတိုဒုက္ခ ရောက်စေခြင်း၊ မှန်ကန်သောလူမှုရေးနှင့် ဆန့်ကျင်နေသည်အလျှောက် အားမပေးသင့်။

ဆုံးဖြတ်ချက်။ ။ရောင်နောက်ဆံဆုံးပါဆိုသကဲ့သို့ မယားသည် လင်၏ နောက်သို့လိုက်ပြီး အေးအတူ ပူအမျ လုပ်ကိုင်စားသောက် ပေါင်းသင်းနေထိုင်ရန် တာဝန်ရှိ၏။ ထိုဘာဝန်အတိုင်း မဆောင်ရွက်ပါက၊ မယားဝတ္တရား ကျေပြန်လိမ့်မည် မဟုတ်ပေ။ မယားဝတ္တရား မကျေပြန်လျှင် လင်ဖြစ်သူက ကျေးမွေးပြုစုရန် တာဝန်ရှိသည်ဟု ဆိုရန်ခဲယဉ်းပေမည်။ ထို့ကြောင့်ပင် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၈၈ (၄) ၌ လုံလောက်သော အကြောင်းမရှိဘဲ လင်နှင့်အတူ နေထိုင်ခြင်းမရှိသည့် မယားသည် စားစရိတ်ကို မရနိုင်ဟု ပြဋ္ဌာန်းထားခြင်း ဖြစ်ပေသည်။ လုံလောက်သော အကြောင်း

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အထွေထွေ လျှောက်လွှာအမှတ် ၁။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှု အမှတ် ၅၂ (ခ) တွင်ချမှတ်သော ၁၉၆၅ ခုနှစ်၊နိုဝင်ဘာလ ၁၉ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့၊ တရားရုံးချုပ် တရားသူကြီး၏ အမိန့်ကို မကျေနပ်သဖြင့်၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ တင်သွင်းသော အခွင့်ထူး အယူခံဝင်ရန် လျှောက်လွှာ။

ဆိုရာ၌ အမှုတခုနှင့်တခုသည် အကြောင်းခြင်းရာများ တူညီမည်မဟုတ်၍၊ မည်သည့်အကြောင်းခြင်းရာသည် လုံလောက်သော အကြောင်းဖြစ်သည်၊ မည်သည့် အကြောင်းခြင်းရာမှာ လုံလောက်သောအကြောင်းမဟုတ်ဟု ပုံသေကာခ၍ မှတ်ယူ၍မဖြစ်နိုင်ပေ။ ပေါ်ပေါက်နေသည့် အကြောင်းခြင်းရာများ အပေါ်မူတည်၍ အဆုံးအဖြတ်ပြုရမည်ဖြစ်သည်။

လျှောက်ထားခံရသူ အနေဖြင့် တယောက်မျက်နှာ တယောက် မကြည့်နိုင်လောက်အောင် ရှုန့်ဖြစ်ထားသော လျှောက်ထားသူအဒေါ်တို့ထံ၌ မည်သည့်နည်းနှင့်မျှ သွားရောက်နေထိုင်ရန် မဖြစ်နိုင်တော့ပေ။ သို့ဖြစ်ရာ လျှောက်ထားခံရသူသည် လျှောက်ထားသူ၏ ဦးလေးနှင့်အဒေါ်တို့၏ တိုက်သို့လိုက်ပြီး လျှောက်ထားသူနှင့် ပေါင်းသင်းရန် ငြင်းဆိုခြင်းမှာ လုံလောက်သော အကြောင်းရှိနေသည်ဟု ဆိုရမည်ဖြစ်သည်။

အကြောင်အမျိုးသားဘဦးသည် အမျိုးသမီးတဦးကို ဇနီးအဖြစ် ပေါင်းသင်းခဲ့ပါမူ ဇနီးဖြစ်သူအား ကျေးဇူးစောင့်ရှောက်ရန် တာဝန်ရှိ၏။ ယင်းသို့ ကျေးဇူးစောင့်ရှောက်ရန် တာဝန်မှာ၊ မြန်မာ-ဗုဒ္ဓဘာသာတို့၏ ကျမ်းဂန်များအရလည်း လင့်ကျင့်ဝတ်ငါးပါး၌ တပါးအပါအဝင်ဖြစ်သည်။ သို့ဖြစ်ရာ ကွာရှင်းပြီးဖြစ်သည့် ဇနီးမှလွဲ၍ မယားစားစရိတ်ကို ထောက်ပံ့ရန် ဦးမလေးသင့်ခေ့။ ကိုယ်ပိုင်ပစ္စည်းဥစ္စာ၊ သို့မဟုတ် ဝင်ငွေရှိသည့် အမျိုးသမီးများမှအပ ကျန်အိမ်ထောင်ရှင် အမျိုးသမီးများမှာ လင်ယောကျ်ားကို မှီခိုအားထားနေရကြရာ လင်ယောကျ်ားကစားစရိတ် မပေးသဖြင့်၊ စားစရိတ်စဲ့ဆိုသောအခါ စားစရိတ်မပေးလို၍နည်းအမျိုးမျိုးနှင့်ခုခံပြီး ချွဲအဆင့်ဆင့်သို့ တက်ရောက်နိုင်ခွင့်ရှိနေလျှင် မယားခမြာမှာစားရမဲ့ဘဝနှင့် အဘိဒုက္ခရောက်ရန်သာ ရှိပေတော့သည်။ ထိုကိစ္စမျိုးသည်မှန်ကန်သော လူမှုရေးနှင့်လည်းဆန့်ကျင်နေသည့် အလျှောက် အားမပေးသင့်။

မောင်တင်ဒေ နှင့် မြည်ထောင်စု မြန်မာနိုင်ငံ၊ တရားရုံးချုပ်၏ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အထွေထွေ **လျှောက်လွှာအမှတ် ၅** ရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။ဦးသန်းအောင်။

လျှောက်ထားခံရသူအတွက်။ ။ဦးလှဖေ (၂)။

တရားသူကြီး ဦးသက်ဖေ။ ။လျှောက်ထားသူ ဦးကြည်နှင့် လျှောက်ထားခံရသူ မခင်ရီတို့သည်၊ မြန်မာ-ဗုဒ္ဓဘာသာ အကြင်လင်မယားဖြစ်ကြသည်။ ဦးကြည်သည် ရွှေတောင်မြို့၊ ဘုရားကြီးလမ်းနေ၊ ယက္ကန်းရုံပိုင်ရှင် ဦးကျန်-ဒေါ်ခင်အေးတို့၏ တူဖြစ်ပြီး၊ ဦးကျန်-ဒေါ်ခင်အေးတို့၏ တိုက်၌နေထိုင်ကာ၊ ဦးကျန်-ဒေါ်ခင်အေးတို့၏ လုပ်ငန်း၌ ဆောင်ရွက်နေသူတဦးဖြစ်သည်။ မခင်ရီမှာလည်း မူလက၊ ဦးကျန်-ဒေါ်ခင်အေးတို့၏ အလုပ်သမားတဦးဖြစ်သည်။ ၎င်းတို့နှစ်ဦးကို ဦးကျန်-ဒေါ်ခင်အေးတို့ကပင်၊ လွန်ခဲ့သည့် ၁၃၂၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်နေ့တွင် ထိမ်းမြားလက်ထပ်ပေးခဲ့၏။ ထိမ်းမြားလက်ထပ်ပြီးနောက်၊ ၎င်းတို့သည်၊ ဦးကျန်-ဒေါ်ခင်အေးတို့၏တိုက်၌ပင်နေထိုင်ခဲ့ကြသည်။ မခင်ရီသည် ကိုယ်ဝန်ရှစ်လရှိသောအခါ၊ ဦးကြည်၏

သဘောတူညီချက်အရ၊ ၎င်း၏အဒေါ်ဖြစ်သူ ဒေါ်စောရင်အိမ်သို့၊ မီးဖွါးရန်ကိစ္စနှင့် ပတ်သက်၍ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ဒေါ်စောရင်အိမ်မှာ၊ ဦးကျန်-ဒေါ်ခင်အေး တို့၏တိုက်နှင့် ၂ အိမ်သာခြားပြီး၊ နောက်ဖေးချင်းဆက်လျက်ရှိသည်။

မခင်ရီသည် ၁၃၂၃ ခုနှစ်၊တန်ဆောင်မုန်းလဆုတ် ၁၄ ရက်နေ့တွင်၊ အမှာပူးကလေး ၂ ယောက်ကို ဖွါးမြင်သည်။ ဝါဆိုလပြည့်နေ့တွင် ဒေါ်ခင်အေးသည်၊ မခင်ရီနေထိုင်သည့် ဒေါ်စောရင်အိမ် ခြံစည်းရိုးအနီးမှ ၎င်း၏အလုပ်သမားများနှင့် ညှော်ကြော်သည်၊ တိုစဉ်က အမှာပူးကလေးများမှာ နေမကောင်းသဖြင့်၊ မခင်ရီက အညှော်လုပ်ရင်ပြောပြီးမှ လုပ်သင့်ကြောင်း ပြောရာမှအစ၊ မခင်ရီနှင့်ဒေါ်ခင်အေးတို့ ခွန်းကြီးခွန်၊ ငယ် စကားများ ရန်ဖြစ်ကြသည်။ ယင်းသို့မခင်ရီနှင့် ဒေါ်ခင်အေးတို့ ရန်မဖြစ်မီက ဦးကြည်သည် မခင်ရီထံသို့ ဝင်ထွက်သွားလာနေပြီး ထောက်ပံ့ခဲ့သည်။ သို့ရာတွင် မခင်ရီနှင့် ဒေါ်ခင်အေးတို့ ရန်ဖြစ်ကြပြီးနောက်၊ ဦးကြည်သည် မခင်ရီထံသို့မလာတော့သည်သာမက၊ ထောက်ပံ့ခြင်းလည်း မပြုတော့ချေ။

ထို့ကြောင့် မခင်ရီက၊ မယားနှင့်သားစားစရိတ်များရလိုကြောင်း၊ ပြည်မြို့၊ ပဥ္စမရာဘက် ရာဇဝတ်တရားသူကြီးရုံးတွင် တရားစွဲဆိုရာ၊ မယားစရိတ်တလ ၎၀ ကျပ်နှင့် ကလေး ၂ ယောက်အတွက် တလ ၂၀ ကျပ် ပေါင်းတလ ၆၀ ကျပ်ပေးဆောင်ရန် အမိန့်ချမှတ်လိုက်သည်။ ထိုအမိန့်ကို ဦးကြည်ကမကျေနပ်သဖြင့်၊ ပြည်မြို့၊စက်ရှင်ရုံးသို့အယူခံဝင်ရာ၊ ပညာရှိစက်ရှင်တရားသူကြီးက၊ ဦးကြည်သည် မခင်ရီအား ပြန်လည်ပေါင်းသင်းရန် ခေါ်သော်လည်း၊ ငြင်းဆန်နေခြင်းနှင့်ပတ်သက်၍ လုံလောက်သော အကြောင်းရှိ မရှိဆိုခြင်းကို စုံစမ်းပြီးမှ၊ မယားစားစရိတ်ကိုအမိန့်ချမှတ်သင့်ကြောင်း၊ အဆုံးအဖြတ်ပြုကာ၊ အောက်ရုံး၏အမိန့်ကို ပယ်ဖျက်ပြီး၊ ပြန်သည်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့၏။ ထို့ကြောင့် မခင်ရီကစွဲဆိုသည့်အမှုကို၊ ပြည်မြို့၊ တွဲတက်ခရိုင် ရာဇဝတ်တရားသူကြီးကိုယ်တိုင် စစ်ဆေးပြီးနောက်၊ ကလေးစားစရိတ်ကို ခွင့်ပြုသော်လည်း မခင်ရီအတွက် မယားစရိတ်ကိုခွင့်မပြုခဲ့ပေ။ ထိုအမိန့်ကို မကျေနပ်သဖြင့်၊ မခင်ရီက စက်ရှင်ရုံးသို့ အယူခံဝင်သော်လည်း၊ အယူခံမှုမှာကာလစည်းကမ်းသတ်အခါနှင့် ကျော်လွန်နေပြီဆိုသော အကြောင်းပြချက်နှင့် ပယ်ချခြင်းခံရ၏။ ထို့ကြောင့် မခင်ရီသည် တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းလာရာ၊ ပညာရှိတရားသူကြီး ဦးချစ်က၊ မခင်ရီသည် ဒေါ်ခင်အေး ညှော်လုပ်သောကိစ္စနှင့်ပတ်သက်၍ ရန်ဖြစ်ဘူးသဖြင့်၊ ဦးကြည်က မခင်ရီအား၊ ဦးကျန်-ဒေါ်ခင်အေးတို့တိုက်သို့ လိုက်နေရန်ခေါ်ခြင်းကို ငြင်းဆန်နိုင်ကြောင်း၊ အဆုံးအဖြတ်ပြုကာ၊ ကလေးစားစရိတ်အပြင်၊ မယားစားစရိတ်ကိုလည်း ပေးဆောင်စေရန် အမိန့်ချမှတ်လိုက်လေသည်။ ထိုအမိန့်ကို ဦးကြည်က မကျေနပ်သဖြင့်၊ ဤအခွင့်ထူးအယူခံခွင့်လျှောက်လွှာကို လျှောက်ထားခြင်းဖြစ်၏။

အခွင့်ထူးအယူခံဝင်ရန် လျှောက်ထားသည့် လျှောက်လွှာများနှင့်ပတ်သက်၍၊ **မောင်တင်ငွေ** နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ**(၁) တို့အမှုတွင်၊ အောက်ပါအတိုင်း အဆုံးအဖြတ်ပေးထားပြီးဖြစ်သည်။

> "ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ အယူခံဝင်ရန် အခွင့်ထူး လျှောက်ထားသည့်လျှောက်လွှာများကို၊ ဤရုံးအနေဖြင့် လွယ်လင့်တကူ လက်ခံလေ့မရှိ၊ ထိုလျှောက်လွှာမျိုးကို၊ ဤရုံးမှ လက်ခံစဉ်းစားဆုံဖြတ်၊ သာမန်ရာဇဝတ်အယူခံရုံး အနေဖြင့် လက်ခံစဉ်းစားခြင်းမဟုတ်သည်ကို သတိချပ်ရန်လိုသည်။ လျှောက်လွှာပါကိစ္စသည် မကြာခဏ တွေ့ကြုံတတ်သည့်အပြင် လုပ်သားပြည်သူ အများနှင့်သက်ဆိုင်သောအရေးကြီးသည့်ပြဿနာနှင့် အကျုံးဝင်နေသည်သာမက၊ ထိုပြဿနာကို ဖြေရှင်းရာ၌ မှန်ကန်ခြင်းမရှိသဖြင့်၊ တရားစီရင်ရေးမကျိုင် ယိမ်းယိုင်သွားစေမည့် အစဉ်အလာတရုပ်ဖြစ်ရန် အလားအလာရှိနေလျှင် လက်ခံရပေမည်။ ထို့ပြင်၊ အောက်ရုံးအမိန့်သည် လုံးဝတရားမျှတမှုမရှိအောင် မှားယွင်းချွတ်ချော်တိမ်းစောင်းနေပါမူ၊ ပုဒ်မ ၆ အရ၊ အယူခံဝင်ရန် အခွင့်ထူး လျှောက်လွှာကို ခွင့်ပြုရမည်ဖြစ်သည်။

လျှောက်ထားသူ၏ ပညာရှိရှေ့နေကြီး ဦးသန်းအောင်က၊ မယားစားစရိတ်အမှုမှာ အသေးအဖွဲအမှုတခုပင် ဖြစ်လင့်ကစား၊ လုပ်သားပြည်သူများအထဲ၌ မကြာခဏ ပေါ်ပေါက်လေ့ရှိသည့် ပြဿနာတရပ်ဖြစ်ပြီး၊ လင်ဖြစ်သူ၏ နှိပ်စက်ညှဉ်းပန်းခြင်း၊ သို့မဟုတ် မယားငယ်ယူခြင်း စသည့်မနှစ်မျို့ဘွယ် အပြုအမူတခုခုကြောင့်မဟုတ်ဘဲ လင်၏အခေါ်ဖြစ်သူက ညှော်လုပ်ခဲ့သည့် အကြောင်းပြချက်ဖြင့်၊ ဇနီးကလင်ခေါ်ရာသို့ လိုက်ရန်ငြင်းဆန်ကာ၊ စားစရိတ်တောင်းခံသည်ဆိုသော ဆုံးဖြတ်ချက်မှာ၊ တရားစီရင်ရေးမကျိုင် ယိမ်းယိုင်စေမည့် အစဉ်အလာတရုပ်ဖြစ်သွားရန် အလားအလာရှိနေ၍၊ ဤလျှောက်လွှာကို လက်ခံသင့်ကြောင်း တင်ပြသွားလေသည်။ လျှောက်ထားခံရသူ၏ ပညာရှိရှေ့နေကြီး ဦးလှဖေ(၂)ကမူ၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၈၈ (၄) အရ၊ ဇနီးဖြစ်သူသည် လင်ခေါ်ရာသို့မလိုက်နိုင်အောင် လုံလောက်သော အကြောင်းရှိပါက မလိုက်ဘဲနေနိုင်ကြောင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ သို့တည်းမဟုတ် မယားငယ်ယူခြင်း စသည့် မနှစ်မြို့ဘွယ်ရာ အပြုအမူတရပ်ရပ်ကို၊ လင်ဖြစ်သူက မပြုလုပ်ခဲ့စေကာမူ၊ အခြားလုံလောက်သော အကြောင်းရှိပါက၊ လင်ခေါ်ရာသို့မလိုက်ဘဲ မယားစားစရိတ်တောင်းဆိုနိုင်ကြောင်း ပြန်လှန်တင်ပြသွား၏။

---

(၁) တရားရုံးချုပ်၏ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အထွေထွေ လျှောက်လွှာအမှတ် ၅။

ဆောင်နောက်ဆံထုံးပါ ဆိုသကဲ့သို့၊ မယားသည်လင်၏ နောက်သို့လိုက်ပြီး၊ အေးအတူပူအမျှလုပ်ကိုင်စားသောက်ပေါင်းသင်းနေထိုင်ရန် တာဝန်ရှိ၏။ ထိုတာဝန်အတိုင်း မဆောင်ရွက်ပါက၊ မယားဝတ္တရား ကျေပြန်လိမ့်မည်မဟုတ်ပေ။ မယားဝတ္တရားမကျေပြန်လျှင်၊ လင်ဖြစ်သူက ကျေးမွေးပြုစုရန် တာဝန်ရှိသည်ဟုဆိုရန် ခဲယဉ်းပေမည်။ ထိုကြောင့်ပင်၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၈၈(၄) ၌၊ လုံလောက်သော အကြောင်းမရှိဘဲ လင်နှင့်အတူနေထိုင်ခြင်း မရှိသည့်မယားသည်၊ စားစရိတ်ကိုမရနိုင်ဟု ပြဋ္ဌာန်းထားခြင်းဖြစ်ပေသည်။ လုံလောက်သောအကြောင်းဆိုရာ၌၊ အမှုတခုနှင့်တခုသည် အကြောင်းခြင်းရာများ တူညီမည်မဟုတ်၍၊ မည်သည့်အကြောင်းခြင်းရာသည် လုံလောက်သော အကြောင်းဖြစ်သည်၊ မည်သည့်အကြောင်းခြင်းရာမှာ လုံလောက်သောအကြောင်း မဟုတ်ဟု၊ ပုံသေကားချပ်မှတ်ယူ၍ မဖြစ်နိုင်ပေ။ ပေါ်ပေါက်နေသည့် အကြောင်းခြင်းရာများအပေါ် မူတည်၍၊ အဆုံးအဖြတ်ပြုရမည်ဖြစ်သည်။

ယခုအမှုတွင် ဦးကြည်က မခင်ရီအား၊ ဦးကျန်-ဒေါ်ခင်အေးတို့၏ တိုက်သို့ ပြန်၍ပေါင်းသင်းနေထိုင်ရန် ခေါ်သော်လည်း၊ မခင်ရီမှာ ဒေါ်ခင်အေးနှင့် ခွန်းကြိုးခွန်းငယ် စကားများ ရန်ဖြစ်ထားသဖြင့်၊ ဦးကျန်-ဒေါ်ခင်အေးတို့၏ တိုက်သို့ ပြန်ဂိုက်ရန် ငြင်းဆိုခြင်းမှာ လုံလောက်သောအကြောင်းမရှိဟု မဆိုနိုင်ပေ။ ဦးကြည်က မခင်ရီအား အိုးအိမ်အသစ်ထူထောင်သော အိမ်တဆောင် မီးတပြောင်ဖြင့် ထားမည်ဟု ပြောဆို ခေါ်ယူခြင်းမဟုတ်ချေ။ ဦးကြည်သည် ဦးကျန်- ဒေါ်ခင်အေးတို့၏အိမ်ထောင်၌ ဦးစီးလည်းမဟုတ်၊ ဦးကျန်- ဒေါ်ခင်အေးတို့အား မှီခိုအားထားနေရသူဖြစ်ရာ မခင်ရီအနေဖြင့် တယောက်မျက်နှာ တယောက် မကြည့်နိုင်လောက်အောင် ရန်ဖြစ်ထားသော ဒေါ်ခင်အေးတို့ထံ၌ မည်သည့်နည်းနှင့်မျှ သွားရောက်နေထိုင်ရန် မဖြစ်နိုင်တော့ပေ။ သို့ဖြစ်ရာ၊ မခင်ရီသည်၊ ဦးကျန်-ဒေါ်ခင်အေးတို့၏ တိုက်သို့လိုက်ပြီး၊ ဦးကြည်နှင့် ပေါင်းသင်းရန် ငြင်းဆိုခြင်းမှာ လုံလောက်သောအကြောင်းရှိနေသည်ဟု ဆိုရမည်ဖြစ်သည်။ အဆက်ပါအကြောင်းများကြောင့်၊ အောက်ပြင်ဆင်သည့်ခွဲးသည် လက်ရှိ ဥပဒေကိုကျင့်သုံးရာ၌ မှားယွင်းချွတ်ချော်ခဲ့သည်ဟု မယူဆနိုင်ပေ။

အကြောင်အမျိုးသားတဦးသည်၊ အမျိုးသမီးတဦးကို ဇနီးအဖြစ် ပေါင်းသင်းခဲ့ပါမူ ဇနီးဖြစ်သူအား ကျေးမွေးစောင့်ရှောက်ရန် တာဝန်ရှိ၏။ ယင်းသို့ကျေးမွေးစောင့်ရှောက်ရန် တာဝန်မှာ၊ မြန်မာ-ဗုဒ္ဓဘာသာတို့၏ကျမ်းဂန်များအရလည်း၊ လင့်ကျင့်ဝတ်ငါးပါး၌ တပါးအပါအဝင်ဖြစ်သည်။ သို့ဖြစ်ရာ၊ ကွာရှင်းပြီးဖြစ်သည့် ဇနီးမှလွဲ၍ မယားစားစရိတ်ကို ထောက်ပံ့ရန် ဦးမလေးသင့်ချေ။ ကိုယ်ပိုင်ပစ္စည်းဥစ္စာ၊ သို့မဟုတ် ဝင်ငွေရှိသည့် အမျိုးသမီးများမှအပ၊ ကျန်အိမ်ထောင်ရှင်အမျိုးသမီးများမှာ၊ လင်

ယောကျ်ားကို မှီခိုအားထားနေရကြရာ၊ လင်ယောကျ်ားက စားစရိတ်မပေးသဖြင့်၊ စားစရိတ်စွဲဆိုသောအခါ၊ စားစရိတ်မပေးလို၍ နည်းအမျိုးမျိုးနှင့် ခုခံပြီး ရုံးအဆင့်ဆင့်သို့ တက်ရောက်နိုင်ခွင့်ရှိနေလျှင်၊ မယားခမြာမှာ စားရမဲ့ သောက်ရမဲ့ဘဝနှင့် အတိဒုက္ခရောက်ရန်သာ ရှိပေတော့သည်။ ထိုကိစ္စမျိုးသည် မှန်ကန်သောလူမှုရေးနှင့်လည်း ဆန့်ကျင်နေသည့်အလျောက်၊ အားမပေးသင့်ဟု ကျွန်ုပ်တို့ယူဆသည်။

ထို့ကြောင့်၊ ဦးကြည်၏ အခွင့်ထူး အယူခံဝင်ရန် လျှောက်လွှာကို ခွင့်ပြုရန် အကြောင်းမမြင်သဖြင့်၊ တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ငွေနေကြီးစရိတ် ဂျ ကျပ်သတ်မှတ်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးစိန်သင်းရွှေတင်

† ၁၉၆၆ မေလ ၁၇ ရက်။

ဦးချစ်ဖေ ပါ ၂ (အယူခံတရားလိုများ)

နှင့်

ဒေါ်မြမေ (အယူခံတရားခံ) *

တရားမကျင့်ထုံးပုဒ်မ ၉၂ အရ ဝါကပ်(ဖ)နှင့်ပတ်သက်၍တရားစွဲဆိုခြင်း—အမှု၏အမျိုးအစားနှင့် စီရင်ပိုင်ခွင့် တရားလိုအဆိုလွှာပါ စွပ်စွဲချက်များအတိုင်းဆုံးဖြတ်ရခြင်း—တရားလိုတောင်းဆိုသည့်သက်သာခွင့်သည် တရားမကျင့်ထုံးပုဒ်မ ၉၂(၁)(ဂ)တွင် အကျုံးဝင်မဝင်—ပုဒ္ဒ ဘာသာဝင် တဦးအား မူတဝါလီ လူကြီးတဦးအဖြစ် ခန့်အပ်နိုင် မအပ်နိုင်။

အယူခံတရားလိုများက သက်သာခွင့် ၃ မျိုးတောင်းဆိုလျက် အယူခံ တရားခံ အပေါ်တွင် တရားမကျင့်ထုံးပုဒ်မ ၉၂ အရ ဝါကပ်(ဖ) နှင့် ပတ်သက်၍ တရားစွဲဆို၏။ အောက်ရုံးတွင်အရေးနိမ့်သဖြင့်အယူခံဝင်ရာ—

ဆုံးဖြတ်ချက် ။ ။အမှု၏ အမျိုးအစားနှင့် စီရင်ပိုင်ခွင့်ကို ဆုံးဖြတ်ရာ၌၊ တရားလို၏ အဆိုလွှာတွင်ပါရှိသည့်စွပ်စွဲချက်များအတိုင်းသာ ဆုံးဖြတ်ရမည်ဖြစ်သည်။ တရားလို၏ အဆိုလွှာ၌ အခင်းဖြစ်ပွားစည်းမျဉ်းနှင့်ပတ်သက်၍ ဝါကပ်(ဖ) တခုရှိကြောင်း တရားလိုများဘက် ဝါကပ်(ဖ)၏ အုပ်ချုပ်သူများအဖြစ် ခန့်ထားရန် သက်သာခွင့် တောင်းဆိုထားသည့် အချက်များအရ၊ တရားမကျင့်ထုံးပုဒ်မ ၉၂ တွင် အကျုံးဝင်သည်ဟု ယူဆရမည်ဖြစ်သည်။

မန်သီ၌အဗ္ဗဒုလ်ရာဟင်ခန်နှင့်အမျာ နှင့် **ဖကီရ်မိုဟမ်မက်ရှက်နှင့် တဦး**၊ ဘေ၊အိုင်၊အာ (ရ)၊ (၃၃) ၁၉၄၆၊ နဂ်ပူရ်၊ ၄၀၁ ရည်ညွှန်းလိုက်နာသည်။

တရားလိုများ တောင်းဆိုသည့်အတိုင်း မိမိတို့အား အချင်းဖြစ် ဝါကပ်(ဖ)၏ မူတဝါလီ လူကြီးများအဖြစ် ခန့်အပ်ပါက၊ ဝါကပ်(ဖ) နှင့် သက်ဆိုင်သည့် ပစ္စည်းများကို ၎င်းတို့ထံ ပေးအပရန် အမိန့်တရုပ် ချမှတ်ရမည် ဖြစ်သည်။ ထို့ကြောင့် ထိုပစ္စည်းများကို တရားခံက မိမိလက်သို့ပေးအပ်ရန် တောင်းဆိုသည့် သက်သာခွင့်သည် အထက်ဖော်ပြပါ ကျင့်ထုံးပုဒ်မ ၉၂ (၁)(ဂ) တွင် အကျုံးဝင်သည်ဟုယူဆရပေမည်။

---

* ၁၉၆၄ ခုနှစ်၊ တရားမ ပဌမ အယူခံမှု အမှတ် ၁၂၇။

† ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင် မအူပင်မြို့၊ ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

ဂျွန်ဆင်ဘိုးမင်းနှင့် အခြားတဦး နှင့် ဦးအိုနှင့် အခြားသူများ၊ ရန်ကုန်စီရင်ထုံး၊ အတွဲ ၁၀၊ စာမျက်နှာ ၃၄၂ ခြားနားခြင်းကိုပြသည်။

၁၉၆၆

ဦးချစ်ဖေ ပါ ၂ နှင့် ဒေါ်မြမေ။

ထပ်မံဆုံးဖြတ်ချက်။ ။အယူခံတရားလို (၁) သည် ဗုဒ္ဓဘာသာဝင် တဦးဖြစ်ကြောင်း အငြင်းပွါး ချက်မရှိ။ သို့ရာတွင်ဗုဒ္ဓဘာသာဝင် ဖြစ်ရုံကာမျှဖြင့် ၎င်းအား မူတဝါလိ လူကြီးတဦး အဖြစ် မခန့်အပ်နိုင်ဟု မဟာမေဒင်ဥပဒေအရ ပိတ်ပင်ထားခြင်း မရှိ။ အယူခံတရားလို (၁) ဆောင်ရွက်ရမည့် ဝတ္တရားများသည် ဗလီကျောင်း၊ စာသင်ကျောင်းနှင့် သင်းချိုင်းများကို ဆောက်လုပ်ပြင်ဆင်ရန်ပင် ဖြစ်သည်။ ထိုဝတ္တရားများကို ဆောင်ရွက်ရာ၌၊ ဘာသာရေးနှင့် ပတ်သက်သည့် ကိစ္စများ ပါရှိနိုင်မည်မဟုတ်။

အမ်၊အီး၊မစ်ချလာပါ ၂ နှင့် အေးအမ်၊ မစ်ချလာနှင့် အခြားသူများ၊ ၁၉၃၈ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာမျက်နှာ ၂၂၆။

ရှိတ်မတ်စတန်ဆရက် နှင့် ဘာလာနိုင်ရှိရဲဒီ၊ ၁၉၅၃ ခုနှစ်၊ မဒရပ် စီရင်ထုံး၊ စာမျက်နှာ ၉၅၈ သဘောကွဲလွဲသည်။

အယူခံတရားလိုမျာ၊အတွက်။ ။ဦးစံသိန်း။

အယူခံတရားခံအတွက်။ ။ဦးဇေယျ။

တရားသူကြီး ဦးစိန်သင်း။ ။မအူပင်မြို့၊ ခရိုင်တရားမရုံး၊ ၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင် အယူခံတရားလိုမျာ၊ ဖြစ်ကြသော ဦးချစ်ဖေနှင့် ဒေါ်စိန်ရင်တို့က အယူခံ တရားခံ ဒေါ်မြမေအပေါ်တွင် တရားမကျင့်ထုံး ပုဒ်မ ၉၂ အရ၊ တရားစွဲဆိုသည်။ တရားလို၏ အဆိုလွှာတွင် အောက်ပါအချက်မျာ၊ ဖေါ်ပြထာ၊သည်။

မဟာမေဒင် ဘာသာဝင်ဖြစ်သည့် ဇေရဘာဒီလူမျိုး ဦးဖေ ဆိုသူသည်၊ ၁၉၂၆ ခုနှစ်က ကွယ်လွန်အနှစ်စွ ရောက်ခဲ့သည်။ ဦးဖေသေဆုံးပြီးနောက်၊ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ချမ်းသာနှင့် ညီမျာ၊ဖြစ်ကြသော ဦးဖေါ်နှင့် ဦးဘိုးကျော်တို့သည် သေဆုံးသူ၏ အမွေစာ၊ အမွေခံမျာ၊အဖြစ် ဝါကပ်(ဖ)စာချုပ်တခုကို ၁၉၂၆ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ချုပ်ဆိုခဲ့ကြသည်။ ထိုဝါကပ်(ဖ)သည် လှူဒါန်းရန်နှင့် ဘာသာရေးကိစ္စမျာ၊အတွက် ပြုလုပ်သည့် ဝါကပ်(ဖ)ဖြစ်သည်။ ထိုဝါကပ်(ဖ)နှင့် သက်ဆိုင်သည့် ပစ္စည်းမျာ၊အနက်၊ အောက်ရုံး အမှုတွဲတွင် အဆိုလွှာနှင့် ပူးတွဲတင်သွင်းသည့် ဇယားတွင် ဖေါ်ပြထာ၊သော လက်ဝတ်လက်စာ၊မျာ၊ ပါဝင်သည်။ ဝါကပ်(ဖ)စာချုပ်အရ၊ ထိုလက်ဝတ်လက်စာ၊မျာ၊ကို ရောင်းချပြီးနောက် ရရှိသည့်ငွေမျာ၊ကို ဗလီကျောင်း၊ စာသင်ကျောင်းနှင့် သင်းချိုင်းမျာ၊ကို ဆောက်လုပ်ပြင်ဆင်ရန် ဖြစ်သည်။ ၁၉၃၁ ခုနှစ်တွင် ဦးဘိုးကျော် သေဆုံးသွားသောကြောင့် ဦးဖေါ်သည် ထိုဝါကပ်(ဖ)အတွက် အုပ်ချုပ်သူ လူကြီးအဖြစ်ဖြင့် ဆောင်ရွက်ကာ၊ အဆိုပါ လက်ဝတ်လက်စာ၊မျာ၊ကို မိမိ၏လက်တွင် ထာ၊ခဲ့သည်။

၁၉၂၉ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ဦးဖော် သေဆုံးပြန်လေသည်။ ဦးဖော် သေဆုံးသောအခါ ၎င်း၏သားများ ဖြစ်ကြသော ဦးအုံးဖေနှင့် ဦးဘကျင်တို့က ထိုဝါကပ်(ဖ)အတွက် အုပ်ချုပ်သူများအဖြစ် ဆောင်ရွက်ခဲ့သည်။ လက်ဝတ်လက်စားများမူ ဦးဘကျင်က ထိန်းသိမ်းထား၏။ ဦးအုံးဖေသည် ၁၉၄၄ ခုနှစ်တွင် သေဆုံးခဲ့ရာ ၎င်းသေဆုံးပြီးနောက် ဦးဘကျင်က ထိုဝါကပ်(ဖ) အတွက် တစ်ဦးတည်းသော အုပ်ချုပ်သူအဖြစ် ဆောင်ရွက်ကာ လက်ဝတ်လက်စားများကို ထိန်းသိမ်းထားခဲ့သည်။ ဦးဘကျင် သည် ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် သေဆုံးသွားသောအခါ ၎င်း၏ တရားဝင်ကိုယ်စားလှယ်အဖြစ်နှင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်မြမေ ကျန်ရစ်ခဲ့သည်။ ဒေါ်မြမေသည် ဦးဘကျင်၏ တရားဝင်ကိုယ်စားလှယ်အဖြစ် အဆိုပါ လက်ဝတ်လက်စားများကို လက်ဝယ်ထားခဲ့လေသည်။

တရားလိုများဖြစ်သည့် ဦးချစ်ဖေနှင့် ဒေါ်စိန်ရင်တို့သည် ဦးဖော်၏ သားနှင့်သမီး အသီးသီးဖြစ်ကြသောကြောင့် ဤဝါကပ်(ဖ)တွင် စိတ်ဝင်စားသူများဖြစ်သည်နှင့်အမျှ ဤဝါကပ်(ဖ)အတွက် အုပ်ချုပ်သူများအဖြစ် ဆောင်ရွက်ရန် ဆန္ဒရှိကြသည်။ သို့နှင့် ၎င်းတို့က တရားခံဒေါ်မြမေထံ နို့တစ်စာပေးပြီး ၎င်းတို့၏ လိုအင်ဆန္ဒအတိုင်း ဆောင်ရွက်ရန် ပြောကြားသော်လည်း ဒေါ်မြမေသည် ဆောင်ရွက်ခဲ့ခြင်း မရှိချေ။ တရားလိုများ တောင်းဆိုသော သက်သာခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) တရားလိုများအား ဝါကပ်(ဖ)၏ အုပ်ချုပ်သူများအဖြစ် ခန့်ထားရန်။

(၂) တရားခံအား အထက်တွင် ဖော်ပြထားသည့် ဝါကပ်(ဖ) ပစ္စည်းဖြစ်သော လက်ဝတ်လက်စားများ သို့တည်း မဟုတ် ထိုလက်ဝတ်လက်စားများ၏ တန်ဖိုးဖြစ်သည့် ငွေ ၇၁,၀၀၀ ကျပ်ကို ပေးအပ်ရန်။

(၃) ထိုဝါကပ်(ဖ) ကို ရုံး၏ ညွှန်ကြားချက်များအတိုင်း အုပ်ချုပ်စီမံခန့်ခွဲရန်။

တရားခံ ဒေါ်မြမေက ထုချေလွှာ တင်သွင်းရာတွင် တရားလိုများ၏ စွပ်စွဲချက်များကို အားလုံးလိုလိုပင် ငြင်းဆိုထား၏။ အဓိကအချက်အနေနှင့် ငြင်းဆိုထားသည်မှာ ၎င်းသည် အခင်းဖြစ် လက်ဝတ်လက်စားများကို မည်သည့်အခါကမျှ မိမိ၏ လက်ဝယ်တွင် မထားခဲ့ဖူးကြောင်းပင် ဖြစ်သည်။

ပညာရှိ အကဲ့ရုံးတရားသူကြီးက တရားလို၏ အဆိုလွှာတွင် ဖော်ပြထားသည့် သက်သာခွင့် အပိုဒ် ၂ သည် တရားမကျင့်ထုံး ပုဒ်မ ၉၂ နှင့် အကျုံးမဝင်သောကြောင့် ထိုသက်သာခွင့်ကို တရားလိုသည် ဤအမှုဌ် တောင်းဆိုနိုင်ခွင့်မရှိဟု ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၉ ရက်နေ့စွဲပါ အမိန့်တစ်ရပ် ချမှတ်လိုက်သည်။ ထိုပြဿနာနှင့် ပတ်သက်၍ ဆုံးဖြတ်ချက် ချမှတ်ရာ၌ ပညာရှိအောက်ရုံးတရားသူကြီးက တရားခံ

ဒေါ်မြမေသည် ဦးဘကျင်၏ ဇနီးဖြစ်လင့်ကစား မူတာဝါလီတစ်ဦး မဟုတ်သည့်အပြင် ဝါကပ်(ဖ)နှင့် သက်ဆိုင်ခြင်းမရှိသည့် အပြင်လူမျိုသာဖြစ်သောကြောင့် အထက်ဖော်ပြပါ သက်သာခွင့် အပိုဒ် (၂) ကို ဤအမှုတွင် ထည့်သွင်းတောင်းဆိုခြင်း မပြုနိုင်ကြောင်း ဖော်ပြထားသည်။ သက်သာခွင့် အပိုဒ် (၃) နှင့် ပတ်သက်၍လည်း ဤအမှုတွင် ထိုသက်သာခွင့်ကို ထည့်သွင်းတောင်းဆိုခြင်း မပြုနိုင်ဟု ပညာရှိအောက်ရုံးတရားသူကြီးက ဆုံးဖြတ်ခဲ့သည်။ ပညာရှိအောက်ရုံးတရားသူကြီး၏ အကြောင်းပြချက်မှာ ထိုသက်သာခွင့်သည် ကျင့်ထုံးပုဒ်မ ၉၂ (၁) (က) (ခ) (ဂ) (ဃ) (င) (စ) (ဆ) နှင့် (စျ) တို့တွင် အကျုံးဝင်သည့် သက်သာခွင့်မဟုတ်ဟူ၍ ဖြစ်သည်။

ထိုအမိန့်ချမှတ်ပြီးနောက် ၁၉၆၄ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့စွဲပါ အမိန့်တစ်ရပ်ကို ချမှတ်ပြန်လေသည်။ ထိုအမိန့်နှင့် ပတ်သက်သည့် ပြဿနာမှာ တရားလို ဦးချစ်ဖေသည် ဗုဒ္ဓဘာသာတစ်ဦးဖြစ်သောကြောင့် ဝါကပ်(ဖ)ပစ္စည်းများနှင့် ပတ်သက်၍ မူတာဝါလီတစ်ဦးအဖြစ် ခန့်အပ်သင့်မသင့်ဟူသည့် ပြဿနာဖြစ်သည်။ ပညာရှိ အောက်ရုံးတရားသူကြီးက ဦးချစ်ဖေသည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သည်နှင့်အမျှ ဝါကပ်(ဖ) စာချုပ်တွင် ပါရှိသည့် ဗလီကျောင်းစာသင်ကျောင်းနှင့် သခ်ိုင်းများ ဆောက်လုပ်ပြင်ဆင်ရန်အတွက် မည်သည့်နည်းနှင့်မျှ ထိုကိစ္စများတွင် အကျိုးသက်ရောက် စိတ်ဝင်စားစွာ ဆောင်ရွက်နိုင်မည့် ပုဂ္ဂိုလ်မဟုတ်ဟု ယူဆချမှတ်လိုက်သည်။ ထို့ကြောင့် ဦးချစ်ဖေကို ဤအမှုမှ ဖယ်လျှင် ဒေါ်စိန်ရင်တစ်ဦးသာ ကျန်ရှိတော့မည် ဖြစ်ရာ ဒေါ်စိန်ရင်အား အခြားမဟာမေဒင်ဘာသာဝင်တစ်ဦးကို ထည့်သွင်း၍ တရားစွဲဆိုရန် ညွှန်ကြားလိုက်သည်။ သို့ရာတွင် ဒေါ်စိန်ရင်သည် ထိုကဲ့သို့ ညွှန်ကြားသည့်အတိုင်း မလိုက်နာခြင်းကြောင့် ၎င်း၏ အမှုကို တရားမကျင့်ထုံး အမိန့်၁၇၊ နည်း ဥပဒေ (၃) အရ စရိတ်မရှိ ပလပ်ခဲ့သည်။ ထိုအမိန့်နှင့် တကွ၊ ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ရက်နေ့စွဲပါ အထက်ဖော်ပြပါ အမိန့်တို့ကို မကျေနပ်သဖြင့် ယခု ကျွန်ုပ် ရှေ့ရှိ အယူခံလွှာကို တင်သွင်းခြင်းဖြစ်သည်။

နှစ်ဦးနှစ်ဖက်သော ပညာရှိ ရှေ့နေကြီးများက ယခု ကျွန်ုပ်ရှေ့တွင် လျှောက်လဲလျက် ပေးရာ၌ ပဋမအချက်အနေဖြင့် ဤအမှုသည် တရားမကျင့်ထုံး ပုဒ်မ ၉၂ တွင် အကျုံးဝင်မဝင်ကို တင်ပြလျှောက်လဲသွားကြလေသည်။ အယူခံတရားလို ဒေါ်မြမေ အတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိ ရှေ့နေကြီးက ဤအမှုတွင် ဝါကပ်(ဖ) ရှိနေသေးကြောင်း မပေါ်ပေါက်သဖြင့် တရားလိုသည် ကျင့်ထုံး ပုဒ်မ ၉၂ အရ တရားမစွဲဆိုနိုင် ကြောင်းဖြင့် တင်ပြခဲ့သည်။ သို့ရာတွင် ***Munshi Abdul Rahim Khan and other V. Fakir Mohammad Shak and another (1)***

A

(1) A.I.R (33), 1946 Nagpur 401.

၁၉၆၆ ဦးချစ်ဇေ ပါ ၂ နှင့် ဒေါ်မြမေ။

အမှုစီရင်ထုံးတွင် ဖော်ပြထားသည့်အတိုင်း၊ အမှု၏ အမျိုးအစားနှင့် စီရင်ပိုင်ခွင့်ကို ဆုံးဖြတ်ရာ၌၊ တရားလို၏အဆိုလွှာတွင် ပါရှိသည့် စွပ်စွဲချက်များ အတိုင်းသာလျှင် ဆုံးဖြတ်ရမည်ဖြစ်သည်။ ယခု ကျွန်ုပ်ရှေ့ရှိ အမှုတွင်တရားလို၏အဆိုလွှာ၌၊ အခင်းဖြစ်ပစ္စည်းများနှင့် ပတ်သက်၍၊ ဝါကပ် (ဖ်) တခုတည်ရှိကြောင်း၊ ထိုဝါကပ်(ဖ)အတွက် နောက်ဆုံးစီမံအုပ်ချုပ်သူမှာ၊ အယူခံတရားခံ ဒေါ်မြမေ၏ယောကျ်ား ဦးဘကျင်ဖြစ်ကြောင်း၊ထိုဝါကပ်(ဖ်)ပိုင် ပစ္စည်းများကို၊ နောက်ဆုံးလက်ရှိထားခဲ့သူမှာ၊ဦးဘကျင်ဖြစ်ကြောင်း၊ ဦးဘကျင်သေဆုံးသွားပြီးနောက်၊ တရားခံဒေါ်မြမေသည်၊ ဦးဘကျင်၏ အမွေစားအမွေခံ တရားဝင် ကိုယ်စားလှယ် အဖြစ်၊ ထိုဝါကပ်(ဖ်) ပစ္စည်းများကို ထိန်းသိမ်းထားကြောင်း အစရှိသည့် စွပ်စွဲချက်များပါရှိလေသည်။ တရားခံ၏ ချေပလွှာတွင် တရားလိုအဆိုပြုခဲ့သည့်အချက်များကို ငြင်းဆိုထားသည်ကား မှန်၏။ သို့ရာတွင် ထိုအချက်များမှန် မမှန်ကို သက်သေများစစ်ဆေးပြီးမှ ဆုံးဖြတ်ချက် ချမှတ်နိုင်မည်ဖြစ်သည်။ ယခု အခြေအနေတွင်မူကား၊ တရားလို၏အဆိုလွှာတွင် ပါရှိသည့် အချက်များအရ၊ ဤအမှုသည် တရားမကျင့်ထုံး ပုဒ်မ ၉၂ တွင် အကျုံးဝင်သည်ဟူ၍သာ ယူဆရမည်ဖြစ်ချေသည်။

တရားလို တောင်းဆိုသည့် သက်သာခွင့် အပိုဒ် ၂ တွင် တရားခံအား ဝါကပ်(ဖ) ပစ္စည်းဖြစ်သည့် လက်ဝတ်လက်စားများ၊ သို့တည်းမဟုတ် ထိုလက်ဝတ်လက်စားများ၏ တန်ဘိုးဖြစ်သည့် ငွေ ၇၁,၀၀၁ ကျပ်ကို ပေးအပ်ရန် တောင်းဆိုထားသည်။ ပညာရှိ အောက်ရုံး တရားသူကြီးက ဤအမှုတွင် တရားလိုသည် ထိုသက်သာခွင့်ကို မတောင်းဆိုနိုင်ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ထိုကဲ့သို့ဆုံးဖြတ်ချက်ချမှတ်ရာ၌၊ **ကျွန်ဆင်ဘိုးမင်းနှင့် အခြားသူဘဦး နှင့် ဦးအိုနှင့် အခြားသူများ** (၂) အမှုစီရင်ထုံးကို ကိုးကားထားသည်။ ထိုအမှု စီရင်ထုံးဘွင် ကျင့်သုံးခဲ့သောမူများသည်၊ ယခုကျွန်ုပ်ရှေ့ရှိ အမှုတွင် ပါရှိသည့် အချက်အလက်များနှင့် စပ်ဟပ်၍ ကျင့်သုံးနိုင်ပါက တရားလိုသည် ထိုသက်သာခွင့်ကို မတောင်းဆိုနိုင်ရုံမျှမက တရားခံ ဒေါ်မြမေအား ဤအမှုတွင် တရားခံအဖြစ် ထည့်သွင်းနိုင်မည် မဟုတ်ပေ။ သို့ရာတွင် အဆိုပါစီရင်ထုံး၌ ချမှတ်ထားသည့် မူမှာ ကျင့်ထုံးပုဒ်မ ၉၂ အရ စွဲဆိုသောအမှုတွင် တရားလိုသည် အပြင်လူတစိမ်းအပေါ်၌ ဝါကပ်(ဖ)ပစ္စည်းနှင့် ပတ်သက်၍၊ မြွက်ဟဒီကရီတောင်းဆိုခြင်း၊ ပိုင်ဆိုင်ခွင့်၊ သို့တည်းမဟုတ် လက်ရောက် အပ်ပေးရန် တောင်းဆိုခြင်း အစရှိသည့် သက်သာခွင့်များကို မပြုလုပ်နိုင်ဟု ဖော်ပြထားခြင်းမျှသာ ဖြစ်သည်။ ဤအမှုတွင် တရားခံ ဒေါ်မြမေသည်၊ ဝါကပ်(ဖ)နှင့် မည်သို့မျှ သက်ဆိုင်သည့် အပြင်လူတဦးဖြစ်သည်ဟု မဆိုသာခေ့။အဘယ်ကြောင့်ဆိုသော်ထရားလို၏စွပ်စွဲချက်တွင် အချင်းဖြစ်ဝါကပ်(ဖ)

(၂) ရန်ကုန်စီရင်ထုံး၊အတွဲ ၁၀ စာမျက်နှာ ၃၄၂။

ကို နောက်ဆုံးစီမံအုပ်ချုပ်သူမှာ ဒေါ်မြမေ၏ခင်ပွန်းဖြစ်သည်။ ဒေါ်မြမေ၏ခင်ပွန်း သေဆုံးသွားပြီးနောက်၊ ဒေါ်မြမေသည် ၎င်းခင်ပွန်း၏ တရားဝင်ကိုယ်စားလှယ် အမွေစားအမွေခံအဖြစ် ထိုပစ္စည်းများကို ဆက်လက်သိမ်းဆည်းထားကြောင်း အဆိုပြုထားလေသည်။ ဒေါ်မြမေသည် ဝါကပ်(ဖ)ကို နောက်ဆုံးစီမံအုပ်ချုပ်သူ ဦးဘကျင်၏ ဇနီးဖြစ်ကြောင်း အငြင်းပွားချက် မရှိချေ။ ထို့ကြောင့် ဒေါ်မြမေသည် ဤအမှုနှင့် ပတ်သက်၍ အပြင်လူ သူစိမ်းသက်သက် ဖြစ်သည်ဟု ယူဆနိုင်ရန် ခဲယဉ်းလှပေသည်။ အထက်ဖော်ပြပါ ဂျွန်ဆင်ဘိုးမင်းအမှု၌ တရားလိုများသည် အချင်းဖြစ်ပစ္စည်းတွင် တကယ်တမ်း စိတ်ပါဝင်စား နိုင်မည့်သူများ မဟုတ်သောကြောင့် ၎င်းတို့သည် ကျင့်ထုံးပုဒ်မ ၉၂ အရ တရားမစွဲနိုင်ကြောင်းဖြင့် စီရင်ထုံးဖွဲ့ထားခြင်း ဖြစ်သည်။

ယခုအမှုတွင်မူကား အထက်တွင်ဖော်ပြထားသည့်အတိုင်း ဒေါ်မြမေသည် ဦးဘကျင်၏ ဇနီးဖြစ်သည်သာမက၊ ဦးဘကျင် သေဆုံးသွားပြီးနောက် ဝါကပ်(ဖ) ပစ္စည်းများကို မိမိက ထိန်းသိမ်းထားပါသည်ဟု အဆိုပြုထားလေသည်။ ထို့ကြောင့် အထက်ပါ စီရင်ထုံးကို အားကိုးအားထားပြုကာ၊ တရားလိုများသည် သက်သာခွင့် အပိုဒ် ၃ ကို ဤအမှုတွင် မတောင်းဆိုနိုင်ဟု ပညာရှိအောက်ရုံးတရားသူကြီး ယူဆခြင်းသည် မှားယွင်းလေသည်။

ထိုထက် ပိုမိုစဉ်းစားဆင်ခြင်သုံးသပ်ရန် လိုသည့်အချက်မှာ အထက်ဖော်ပြပါ သက်သာခွင့်သည်၊ကျင့်ထုံးပုဒ်မ ၉၂ အပိုဒ် (က) (ခ) (ဂ) (ဃ) (င) (စ) (ဆ) နှင့် (ဇ) တွင် ဖော်ပြထားသည့် သက်သာခွင့်များအနက် မည်သည့် သက်သာခွင့်တွင်မျှ အကျုံးမဝင်သောကြောင့် ထိုသက်သာခွင့်ကို ပေးထိုက်မပေးထိုက်ဟူသည့် အချက်ဖြစ်သည်။ သို့ရာတွင် ကျင့်ထုံးပုဒ်မ ၉၂ အပိုဒ် ၁၊ အပိုဒ်ငယ် (ဂ) တွင် အုပ်ထိန်းသူထံ အပြီးအပိုင် ပစ္စည်းရောက်ရှိခြင်းနှင့် သက်ဆိုင်သည့် ဒီဂရီရရှိနိုင်ခွင့် ပါရှိလေသည်။ ဤအမှုတွင် တရားလိုများ တောင်းဆိုသည့်အတိုင်း မိမိတို့အား အချင်းဖြစ်ဝါကပ်(ဖ) ၏ မူဘာဝါလီလူကြီးများအဖြစ် ခန့်အပ်ပါက ဝါကပ်(ဖ) နှင့် သက်ဆိုင်သည့် ပစ္စည်းများကို ၎င်းတို့ထံ ပေးအပ်ရန် အမိန့်တစ်ရပ် ချမှတ်ရမည် ဖြစ်သည်။ ထို့ကြောင့် ထိုပစ္စည်းများကို တရားခံက မိမိလက်သို့ ပေးအပ်ရန် တောင်းဆိုသည့် သက်သာခွင့်သည် အထက်ဖော်ပြပါ ကျင့်ထုံးပုဒ်မ ၉၂ (၁) (ဂ) တွင် အကျုံးဝင်သည်ဟု ယူဆရပေမည်။ ထို့ကြောင့် ပညာရှိအောက်ရုံးတရားသူကြီး သည် သက်သေခံချက်များ မရရှိသေးဘဲလျက် အမှုသည်များ၏ အဆိုလွှာနှင့် ချေပလွှာများပေါ်တွင် မူတည်၍ ပဏာမဆုံးဖြတ်ချက် အဖြစ် တရားလိုတောင်းဆိုသည့် သက်သာခွင့် အပိုဒ် ၂ သည် ဤအမှုနှင့် အကျုံးမဝင်ဟု ဆုံးဖြတ်ချက် ချမှတ်ခြင်းမှာ မှားယွင်းလေသည်။

တစ်ဖန် အောက်ရုံးက တရားလိုတောင်းဆိုသည့် သက်သာခွင့်အပိုဒ် (၃) သည်လည်း ဤအမှုတွင် ထည့်သွင်းတောင်းဆို နိုင်မည်မဟုတ်ဟု ဆုံးဖြတ်ထားခဲ့လေသည်။ ထိုသို့ဆုံးဖြတ်ရာ၌ ပညာရှိအောက်ရုံးတရားသူကြီး အကြောင်းပြချက်မှာ ထိုတောင်းဆိုချက်သည် တရားမကျင့်ထုံး ပုဒ်မ ၉၂ (၁)၊ အပိုဒ်ငယ် (က) မှ (ဇ) အထိ ဖော်ပြထားသည့် သက်သာခွင့်များနှင့် အကျုံးမဝင်ဟူသည့် အကြောင်းပြချက် ဖြစ်သည်။ ထိုအချက်နှင့် ပတ်သက်၍လည်း ပညာရှိအောက်ရုံးတရားသူကြီးက **ကာလာပါအမ်အက်(စ်)အေဂနီနှင့် အခြားသူများနှင့် မဟာမက်အီဗရာဟင်နှင့် အခြားတစ်ဦး** (၃) အမှုစီရင်ထုံးကို ကိုးကားထားသည်။ ထိုစီရင်ထုံးတွင် ကျင့်ထုံးပုဒ်မ ၉၂ (၁)၊ အပိုဒ်ငယ် (ဇ) တွင် ဖော်ပြထားသည့် "အခြားသော သိုတည်းမဟုတ် ပိုမိုခရီးရောက်သော သက်သာခွင့်" ဆိုသည်မှာ အခြားအပိုဒ်ငယ်များတွင် ဖော်ပြသည့် သက်သာခွင့်များနှင့် သဘောချင်းတူညီသည့် သက်သာခွင့် သာလျှင် ဖြစ်ရမည် ဟု စီရင်ထုံးပြုထားသည်။ သက်သာခွင့်အပိုဒ် (၃) တွင် တရားလိုတောင်းဆိုသည့် သက်သာခွင့်မှာ ထိုဝါကပ်(ဖ)ကို ရုံး၏ ညွှန်ကြားချက်များအတိုင်း အုပ်ချုပ်စီမံခန့်ခွဲရန် ဖြစ်သည်။ ထို့ကြောင့် ထိုသက်သာခွင့်သည် ပုဒ်မ ၉၂ (၁) (က) မှ (ဇ) အထိတွင် ပါရှိသည့် သက်သာခွင့်များနှင့် သဘောတရားအရ တူညီခြင်းမရှိဟု ဆိုနိုင်မည် မဟုတ်ချေ။ ကျင့်ထုံးပုဒ်မ ၉၂ (၁) တွင်ပင်လျှင် ရုံး၏ ညွှန်ကြားချက် လိုအပ်သောအခါ၌ တရားစွဲဆိုနိုင်ကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် အပိုဒ် (၃) တွင် ဖော်ပြထားသည့် သက်သာခွင့်သည် ကျင့်ထုံးပုဒ်မ ၉၂ တွင် အကျုံးဝင်လေသည်။

ပညာရှိအောက်ရုံး တရားသူကြီးသည် တရားလို ဦးချစ်ဖေအား အမှုမှ ဖယ်ပြီး အခြား မဟာမေဓင် ဘာသာဝင် တစ်ဦးကို ထည့်သွင်း၍ တရားစွဲဆိုရန် တရားလို ဒေါ်စိန်ရင်အား ညွှန်ကြားခဲ့သည်။ ထိုသို့ ညွှန်ကြားရာ၌ ပညာရှိအောက်ရုံးတရားသူကြီး၏ အကြောင်းပြချက်များမှာဦးချစ်ဖေသည် ဗုဒ္ဓဘာသာဝင် ဖြစ်သောကြောင့် မဟာမေဓင် ဘာသာ အရ ပြုလုပ် ထားခဲ့သည့် လှူဒါန်းမှု များတွင် မည်သည့်နည်းနှင့်မျှ ၎င်းအတွက် အကျိုးရှိသည့် စိတ်ဝင်စားမှုများ မရှိနိုင်ဟုဖော်ပြထားသည်။ ထိုအချက်နှင့် ပတ်သက်၍ **အမ်၊အီးမစ်ချလာပါ၂ နှင့် အေ၊အမ်မစ်ချလာနှင့် အခြားသူများ(၄)**အမှုစီရင်ထုံးကို အကိုးအကား ပြုထားလေသည်။ ဦးချစ်ဖေသည် ဗုဒ္ဓဘာသာဝင် တစ်ဦး ဖြစ်ကြောင်း အငြင်းပွားချက် မရှိ။သို့ရာတွင် ဗုဒ္ဓဘာသာဝင် ဖြစ်ရုံကာမျှဖြင့် ၎င်းအား မူတာဝါလီ လူကြီး တစ်ဦးအဖြစ် မခန့်အပ်နိုင်ဟု မဟာမေဓင် ဥပဒေ အရ ပိတ်ပင်ထားခြင်း မရှိချေ ။ ဦးချစ်ဖေ ဆောင်ရွက် ရမည့် ဝတ္တရားများ သည် ဗလီ

(၃) ရန်ကုန်စီရင်ထုံးအတွဲ ၉၊ စာမျက်နှာ ၄၅၉။
(၄) ၁၉၃၈ ခုနှစ်၊ ရန်ကုန်စီရင်ထုံး စာမျက်နှာ ၂၂၆

ကျောင်း။ စာသင်ကျောင်းနှင့် သံချိုင်းများကို ဆောက်လုပ်ပြင်ဆင်ရန်ပင် ဖြစ်သည်။ ထိုဝတ္ထုရားများ ဆောင်ရွက်ရာ၌ ဘာသာရေးနှင့် ပတ်သက်သည့် ကိစ္စများ ပါရှိနိုင်မည် မဟုတ်၊ **အမိရာအလီ** ပြုစုထားသည့် မဟာမေဒင်ဥပဒေကျမ်း၊ အတွဲ ၁၊ ၄ ကြိမ်မြောက်ထုတ်၊ စာမျက်နှာ ၄၄၆ တွင် မူစလင်ဘာသာဝင် မဟုတ်သူတစ်ဦးအား မူတာဝါလီလူကြီးအဖြစ် ခန့်နိုင် ကြောင်း ပြဆိုထားလေသည်။ **ရှိတ်မတ်စတန်ဆရက်**နှင့် **ဘာလာနိုင်ရိုရဲဒီ** (၅) အမှုစီရင်ထုံးတွင် ဘာသာရေးအရ ဆောင်ရွက်ရန် တာဝန်ရှိနေသည့် ကိစ္စရပ်များတွင် မဟာမေဒင်ဘာသာဝင် မဟုတ်သူအား မူတာဝါလီလူကြီး ခန့်ရန် မသင့်ကြောင်း စီရင်ထုံး ပြုထားသည်ကား မှန်၏။ သို့ရာတွင် ယခု ကျွန်ုပ်ရှေ့ရှိ အမှုဌ မူတာဝါလီအဖြစ် ဆောင်ရွက်ရမည့် တာဝန်များသည် မဟာမေဒင် ဘာသာရေးအရသာလျှင် ပြုလုပ်နိုင်မည့် တာဝန်များ မဟုတ်ချေ။ အဆောက်အဦများ ဆောက်လုပ် ပြင်ဆင်ရန် ဖြစ်သဖြင့် ထိုတာဝန်သည် မူစလင်ဘာသာရေးအရသာလျှင် ပြုလုပ်နိုင်မည့် တာဝန်ဖြစ်သည်ဟု မဆိုနိုင်။ ပညာရှိ အောက်ရုံးတရားသူကြီးက ဦးချစ်ဖေသည် အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအမှုတွင် စိတ်ဝင်စားနိုင်မည့် ပုဂ္ဂိုလ် မဟုတ်ဟု ယူဆထားသည်။ သို့ရာတွင် ဦးချစ်ဖေသည် ဤအမှုဌသူစိမ်းတစ်ရံစာ တစ်ယောက် မဟုတ်ချေ။ပါကပ်(ဖ)ကို တည်ထောင်သည့်သူများမှ ဆင်းသက်ပေါက်ဖွား လာသည့်သူ တဦးဖြစ်ရာ ထိုပါကပ်(ဖ) တွင် စိတ်ဝင်စားမှု ရှိမည်ဟုသာ ယူဆအပ်လေသည်။ ထို့ကြောင့် ပညာရှိတရားသူကြီးက ဦးချစ်ဖေကို အမှုမှ ဖယ်ပြီး ဒေါ်စိန်ရင်အား အခြားမဟာမေဒင် ဘာသာဝင်တစ်ဦးကို အမှုတွင်ထည့်သွင်းပြီး တရားစွဲဆိုရန် ညွှန်ကြားခြင်းမှာ မှားယွင်းလေသည်။

ဤအမှုတွင် တရားလိုများ၏ အဆိုလွှာ ပြန်ကြားလွှာနှင့်တကွ တရားခံ၏ ထုချေလွှာများကို ဆင်ခြင်သုံးသပ်ကြည့်ရှုသည့် အခါ ၎င်းတို့ အငြင်းပွားနေသည့် အချက်များသည် အကြောင်းခြင်းရာ ပြဿနာများအပေါ် မူတည်လျက် ရှိသည်ကို တွေ့ရှိရ လေသည်။ ထို့ကြောင့် သက်သေခံချက်များ မရရှိဘဲလျက် ထို အငြင်းပွားချက်များကို စီရင်ဆုံးဖြတ်နိုင်မည် မဟုတ်ချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ပညာရှိ အောက်ရုံးတရားသူကြီး ချမှတ်သည့် အမိန့်များကို ပယ်ဖျက်ပြီး နောက် ဤအမှုကို ဥပဒေအရ ရှေ့သို့ ဆက်လက်ဆောင်ရွက်ကြားနာရန် အမှုတွဲကို အောက်ရုံးသို့ ပြန်လည်ပေးပို့လိုက်သည်။ တရားစရိတ်ကို အမှုပြီးဆုံးလျှင် တရားရုံးသူက ကျခံစေရမည်။ ဤရုံး၏ ရှေ့နေခမှာ ကျပ် ၅၀/- ဖြစ်သည်ဟု သတ်မှတ်လိုက်သည်။

(၅) ၁၉၅၃ ခုနှစ်၊ မဒရပ် စီရင်ထုံး၊ စာမျက်နှာ ၉၅၈။

နိုင်ငံတော် တရားရုံးချုပ်

တရားမ အထွေထွေအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

ဦးစိုးတင် (အယူခံတရားလို)

နှင့်

ခရိုင်အလုပ်သမား လျော်ကြေးမင်းကြီး၊ သထုံမြို့ (အယူခံတရားခံ)*

†၁၉၆၆ ဇွန် လ ၉ ရက်။

အလုပ်သမားလျော်ကြေး အက်ဥပဒေပုဒ်မ ၄ (၁) အေ (၁) အရ လျော်ကြေးပေးဆောင်ရန် အမိန့်မှတ်ထားခြင်း—အမှုတခု၏ စီရင်ချက်သည် အခြားအမှုတခုတွင် အခါခပ်သိမ်းအသုံးပြုနိုင် မပြုနိုင်—အယူခံတရားလိုသော်ငင်း၊ အယူခံတရားခံသော်ငင်း အမှုသည်အဖြစ် မပါဝင်သော ရာဇဝတ်မှုစီရင်ချက်—ရာဇဝတ်မှုစီရင်ချက်တွင် ဖေါ်ပြထားသော အကြောင်းခြင်းရာများအပေါ် မူတည်၍ ဆုံးဖြတ်ခြင်းပြုနိုင် မပြုနိုင်—မော်တော်ယာဉ်ပေါ် မှအောက်သို့ဆင်းနေချိန်တွင် ၎င်းသည် အလုပ်တာဝန်ထမ်းဆောင်ခြင်း မရှိဟု ဆိုနိုင် မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။အမှုတခုစီရင်ချက်သည် အခြားအမှု တခုတွင် အခါခပ်သိမ်း အသုံးမပြုနိုင်ချေ။ အယူခံတရားလို အားကိုးအားထား ပြုခဲ့သောရာဇဝတ်မှုစီရင်ချက်မှာ အယူခံပယ်ပယ်လိုသော်ငင်း၊ အယူခံတရားခံသော်ငင်း အမှုသည်အဖြစ် ပါဝင်သည့်အမှုမဟုတ်။ သို့ဖြစ်၍ ကွယ်လွန်သူ မောင်လှမောင် မည်သို့မည်ပုံ သေဆုံးရသည်ဆိုသောအချက်နှင့်ပတ်သက်၍၊ ထိုရာဇဝတ်မှုဆိုင်စီရင်ချက်တွင်ဖေါ်ပြထားသော အကြောင်းခြင်းရာများအပေါ် မူတည်၍ဆုံးဖြတ်ခြင်း မပြုနိုင်။ အလုပ်သမားမင်းကြီး၏ ရွေမှောက်၌ စစ်ဆေးခဲ့သော သက်သေထွက်ချက်များ အပေါ်၌သာ အခြေခံလျက် အဆုံးအဖြတ်ပြုရမည်ဖြစ်သည်။

မော်တော်ယာဉ်မောင်းသမား တဦးသည် မော်တော်ယာဉ်ပေါ် အလုပ်ချိန်တလျှောက်လုံး ရှိနေရန်မလိုခဖ။ မော်တော်ယာဉ်ရပ်နားထားခိုက် မော်တော်ယာဉ်ပေါ်မှ အောက်သို့ ဆင်းနေချိန်တွင်၎င်းသည် အလုပ်တာဝန်ထမ်းဆောင်ခြင်း မရှိတော့ဟုမဆိုနိုင်ချေ။ မောင်ခိုင်အားတုတ်နှင့် ကြည်ဆယ်ရင်းထိုးနေစဉ် မောင်လှမောင်သည် အလုပ်ဝတ္တရား ဆောင်ရွက်နေဆဲ မဟုတ်ဟုဆိုနိုင်သော်လည်း၊ ကားကြိတ်မိသော အချိန်မှာ မိမိ၏ မော်တော်ယာဉ်ရှိရာသို့ ပြန်လာနေစဉ်ဖြစ်၍ အလုပ်ဝတ္တရားဆောင်ရွက်နေခိုက် ဖြစ်သည်ဟု ယူဆရမည်။

---

* ၁၉၆၅ ခုနှစ်၊ တရားမ အထွေထွေအယူခံမှုအမှတ် ၅၀။

† ၁၉၆၅ ခုနှစ်၊ အလုပ်သမားလျော်ကြေးမှုအမှတ် ၃ တွင်၊ ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့စွဲပါ၊ သထုံမြို့၊ ခရိုင်အလုပ်သမား လျော်ကြေးမင်းကြီးရုံးတော်၏ ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

နိုင်ငံတော်တရားရုံးချုပ်

တရားသူကြီးဦးသက်ဖေရှေ့တွင်

တရားမ ဒုတိယအယူခံမှု

ဦးဘဖေ ပါ ၆ (အယူခံတရားလို)

နှင့်

မချိုတီး(ခေါ်) မညွန့် ပါ ၂ (အယူခံတရားခံ)*

† ၁၉၆၆

ဖွန်လ ၁၇ ရက်။

မြေလက်ရောက်ရလိုကြောင်း တရားစွဲဆိုမှု ---- အမွေပုံပစ္စည်း --- နှုတ်ဖြင့် မိသားစုစီမံမှုအရ ပစ္စည်းများ ခွဲဝေကြခြင်း --- ဥပဒေအရ အတည်ဖြစ်၊ မဖြစ် --- အမွေပုံပစ္စည်းအပေါ် လက်ရှိနေထိုင်ခြင်း- အခြားအမွေဆိုင်များ၏ ပိုင်ဆိုင်ခွင့်ကို ဆန့်ကျင်၍ နေထိုင်ခဲ့သည်ဟု ဆိုနိုင်မဆိုနိုင်--- ကာလ စည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၁၄၄ အရ ဆန့်ကျင်ဘက် ပိုင်ဆိုင်သူ တစ်ယောက် ဖြစ် မဖြစ်။

ဆုံးဖြတ်ချက်။ ။ ကွယ်လွန်သူ ဒုခန်ရမ်းနှင့် ဒေါ်တုတ်တို့၏ အမွေပုံပစ္စည်းများကို ခွဲဝေပြီးဖြစ်သည်ဆိုသော ဒုတိယအယူခံတရားလို၏ ထုချေချက်နှင့်ပတ်သက်၍ စာချုပ်စာတမ်းမရှိ၊ နှုတ်ဖြင့် မိသားစု စီမံမှုအရ ပစ္စည်းများကို ခွဲဝေကြသည်ဟု ဆိုလိုဟန်လက္ခဏာရှိသည်။ မိသားစု စီမံမှုအရနှုတ်ဖြင့် အမွေပစ္စည်းများကို ခွဲဝေခြင်းသည် ဥပဒေအရ အတည်ဖြစ် သည်။

ရမ်ရီပေါနှင့် တူဆီရမ်၊ အေ၊ အိုင်၊ အာ(ရ)၊ ၁၉၂၈ ခုနှစ်၊ အလာဟာဘတ် ၆၄၁ (စုံညီခုံ)။

မကျော့နှင့် ဒေါ်ကျေးဥ၊ အေ၊ အိုင်၊ အာ(ရ)၊ ၁၉၃၃ ခုနှစ်၊ ရန်ကုန်၊ စာ ၃၅၅။

ဦးမြတ်ဖြူနှင့် မစောရွှင်၊ ၁၉၄၉ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၄၉၂ (တရားလွှတ်တော်) တို့ကို ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ဒုတိယ အယူခံတရားလိုသည် မခွဲဝေရသေးသည့် အမွေပုံပစ္စည်းအပေါ် လက်ရှိနေထိုင်ခဲ့ခြင်းမှာ အခြားအမွေဆိုင်များ၏ ပိုင်ဆိုင်ခွင့်ကို ဆန့်ကျင်၍ နေထိုင်ခဲ့သည်ဟု မဆိုနိုင်သဖြင့် ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၁၄၄ အရ ဆန့်ကျင်ဘက် ပိုင်ဆိုင်သူတစ်ယောက် ဖြစ်လာခဲ့သည်ဟု မယူဆနိုင်ပေ။ ၎င်း၏ ပိုင်ဆိုင်မှုမှာ အမွေဆိုင် အားလုံးအတွက်ဖြစ်သည်ဟု ကောက်ယူရန်သာရှိသည်။

မောင်အောင်ထွန်းနှင့်မောင်စံညွန့်၊အတွဲ၅၊ရန်ကုန်စီရင်ထုံး၊စာ၅၇၆ကိုရည်ညွှန်းသည်။

---

* ၁၉၆၅ ခုနှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ၂၃။

† ၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၄ တွင် ဟသ်ာတမြို့ ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ၁၉၆၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့စွဲနှင့် ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

အယူခံတရားလိုများအတွက် ။ ။ မစွတာ ဇွီ၊ စံစီဖိုး။

အယူခံတရားခံများအတွက် ။ ။ ဦးအောင်မျိုး။

တရားသူကြီး ဦးသက်ဖေ ။ ။ဟာသ်တပြို့၊ ပြို့မ အရှေ့ကွင်း အမှတ် ၄၆၊ ငါးမျက်နှာဘုရားကြီးရပ်ကွက်၊ ၁၉၅၇-၅၈ ခုနှစ်၊ ဦးပိုင်အမှတ် ၁၉၊ ဧရိယာဒဿမ ၁၇၂ ကေရီ မြေကွက်ကို မူလက ဒူခန်ရမ်းနှင့်ဇနီး ဒေါ်တုတ်တို့ ပိုင်ခဲ့ကြသည်။ ဒူခန်ရမ်းသည် လွန်ခဲ့သည့် အနှစ် ၄၀ ခန့်က သေဆုံးပြီး ဒေါ်တုတ်မှာ ၁၉၄၃ ခုနှစ် လောက်တွင် အနိစ္စ ရောက်သည်။ ၎င်းတို့ သေဆုံးသောအခါ သားသမီးများဖြစ်ကြသည့် မမျှင်၊ မအတင်၊ မောင်ဘအေး၊ မအုပနှင့် မထွေးတို့ ငါးဦးသည် အမွေဆိုင်များအဖြစ် ကျန်ရစ်ခဲ့၏။ ၁၃၂၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက် (၁၉၅၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၆ ရက်) နေ့တွင် မမျှင်၊ မအတင်၊ မောင်ဘအေးနှင့် မအုပ တို့ လေးဦးက အယူခံ တရားခံ (မူလရုံး တရားလို) များဖြစ်ကြသည့် မချိုတီး (ခေါ်) မညွန့်နှင့် မသိန်းမြတို့အား မှတ်ပုံတင် စာချုပ်နှင့် အဆိုပါ မြေအား တန်ဖိုးငွေ ၃,၀၀၀/- ဖြင့် ရောင်းချခဲ့လေသည်။ အမွေဆိုင်တစ်ဦးဖြစ်သူ မထွေး [အယူခံ တရားလို အမှတ် (၁)] သည် ထိုမြေပေါ်၌ နေထိုင်လျက် ရှိပြီး အခြားအမွေဆိုင်များက ရောင်းချသည့် စာချုပ်၌လက်မှတ်မထိုးခဲ့ချေ။

မချိုတီးနှင့် မသိန်းမြတို့သည် မြေကို ဝယ်ယူပြီးနောက် မြေပေါ်တွင် နေထိုင်လျက်ရှိသော မထွေးနှင့် ၎င်း၏ မြေငှားများကို မြေပေါ်မှ ထွက်ခွာသွားကြရန် တောင်းဆိုသော်လည်း မရသဖြင့် ထိုမြေ၏ ငါးပုံလေးပုံကို တိုင်းထွာခွဲဝေ၍ လက်ရောက်ရလိုကြောင်း ဟသ်တပြို့၊ နယ်ပိုင် တရားမရုံး ၁၉၆၂ ခုနှစ်၊ တရားမကြီးမူအမှတ် ၂၅ ၌ တရားစွဲဆိုလေသည်။

မချိုတီးနှင့် မသိန်းမြတို့ စွဲဆိုသော အမှုကို မထွေးနှင့် ၎င်း၏ ခင်ပွန်း ကိုဘဖေတို့ ကမ္ဘာ ခုခံကြလေသည်။ မြေငှားများက ရုံးဝင် အမှုမဆိုင်ကြချေ။ မထွေးနှင့် ၎င်း၏ ခင်ပွန်းတို့က မိဘများ ဖြစ်ကြသည့် ဒူခန်ရမ်းနှင့် ဒေါ်တုတ်တို့ သေဆုံးပြီး နောက် ၎င်းတို့၏ အမွေကို ခွဲဝေသောအခါ အခင်းဖြစ် မြေတစ်ခုလုံးကို မထွေးက ရရှိခဲ့ကြောင်း၊ မ ေးသည် မြေပေါ်၌ အမွေဆိုင် တဦးအနေဖြင့် မဟုတ်ဘဲ ပိုင်ရှင် တဦးအနေဖြင့် နှစ်ပေါင်း ၂၀ ကျော်ခန့် လက်ရှိနေထိုင်ခဲ့၍ တရားစွဲဆိုရန် ကာလ စည်းကမ်းသတ် အချိန် ကျော်လွန်နေပြီ ဖြစ်ကြောင်း ၊ မထွေးသည် အမွေဆိုင် တဦးဖြစ်၍ အမွေပုံ မြေကိုကျန် အမွေဆိုင်များထံမှ ရှေးဦးစွာ ဝယ်ယူပိုင်ခွင့်ရှိကြောင်း အဓိကထား၍ ထုချေ ခဲ့ကြလေသည်။

ပညာရှိနယ်ပိုင်တရားမတရားသူကြီးသည် နှစ်ဖက်အမှုသည်နှင့် သက်သေများကို ကြားနာပြီးနောက် ဒေါ်တုတ်၏ အမွေပုံ ပစ္စည်းများကို ခွဲဝေသောအခါ အခင်းဖြစ်မြေကို မထွေးက ရရှိခဲ့သည်ဆိုခြင်းမှာ မှန်ကန်ကြောင်း။ ထို့ကြောင့် အခြား အမွေဆိုင်များသည် အခင်းဖြစ်မြေကို ရောင်းချိုင်ခွင့် မရှိကြောင်း။ အဆုံးအဖြတ်ပြုကာ မချိုတီးနှင့် မသိန်းမြတို့ စွဲဆိုသော အမှုကို တရားစရိတ်နှင့်တကွ ပလပ်ခဲ့၏။

ထိုအမိန့်နှင့် ဒီကရီတို့ကို မချိုတီးနှင့် မသိန်းမြတို့က မကျေနပ်သဖြင့် ဟသ်တခရိုင်၊ တရားမရုံးသို့ အယူခံဝင်ရာ ပညာရှိခရိုင်တရားမ တရားသူကြီးသည် တရားမကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၂၅ အရ "ကွယ်လွန်သူ ဒူခန်ရမ်းနှင့် ဇနီး ဒေါ်တုတ်တို့သည် ဟိန္ဒူဘာသာကိုးကွယ်သူများ ဖြစ်ကြသလော၊ သို့တည်းမဟုတ် မည်သည့်ဘာသာကို ကိုးကွယ်ကြသနည်း" ဆိုသည့် ကောက်ချက်အသစ်တစ်ရပ် ထုတ်ကာ အောက်ရုံးသို့ ပြန်လည်စစ်ဆေး အစီရင်ခံရန် ညွှန်ကြားခဲ့လေသည်။ ပညာရှိ နယ်ပိုင်တရားမ တရားသူကြီးသည် နောက်ထပ်သက်သေများကို စစ်ဆေးပြီးနောက် ကွယ်လွန်သူ ဒူခန်ရမ်းနှင့် ဇနီး ဒေါ်တုတ်တို့မှာ ဗုဒ္ဓဘာသာ ကိုးကွယ်သူများ ဖြစ်ကြသည်ဟု ပြန်လည်အစီရင်ခံခဲ့သည်။

ထိုနောက် ပညာရှိ ခရိုင်တရားမ တရားသူကြီးသည် နှစ်ဖက်ပညာရှိ ရှေ့နေကြီးများကို ကြားနာပြီး (၁) ကွယ်လွန်သူ ဒူခန်ရမ်းနှင့် ဇနီး ဒေါ်တုတ်တို့မှာ ဟိန္ဒူဘာသာဝင်များဖြစ်ကြောင်း၊ (၂) အမွေပုံပစ္စည်းများကို ခွဲဝေခြင်းမရှိသေး၍ အခင်းဖြစ်မြေကို မထွေးတစ်ဦးတည်း အပိုင်ရခဲ့သည်ဆိုခြင်းမှာ မဟုတ်မမှန်ကြောင်း၊ (၃) ထိုမြေအား မထွေးသည် အမွေဆိုင်တစ်ဦးအနေဖြင့် ပိုင်ဆိုင်နေထိုင်ခဲ့ခြင်းသာဖြစ်၍ တရားစွဲဆိုရန် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း မရှိသေးကြောင်း ကောက်ယူကာ အောက်ရုံး စီရင်ချက်နှင့်ဒီကရီတို့ပယ်ဖျက်လျက် မချိုတီးနှင့် မသိန်းမြတို့အမှုကို နှစ်ရုံးစလုံးတရားစရိတ်များနှင့်တကွ အနိုင်ပေးလိုက်လေသည်။ ထိုကဲ့သို့ အနိုင်ပေးလိုက်ခြင်းကို မထွေးနှင့် ၎င်း၏ခင်ပွန်း ကိုဘဖေတို့က မကျေနပ်၍ ဤဒုတိယအယူခံမှုကို တင်သွင်းလာခြင်း ဖြစ်ပေသည်။

ဤအမှုတွင် အရေးတကြီး စဉ်းစားရမည့် ပြဿနာမှာ တစ်ရပ်သာ ရှိသည်။ ထိုပြဿနာမှာကွယ်လွန်သူဒူခန်ရမ်းနှင့် ဒေါ်တုတ်တို့၏အမွေပုံပစ္စည်းများကို အမွေဆိုင်များ ဖြစ်ကြသည့် ၎င်းတို့၏ သားသမီးများက ခွဲဝေပြီးမပြီး ဆိုခြင်းပင် ဖြစ်သည်။ အကယ်၍ ခွဲဝေပြီး၍အခင်းဖြစ်မြေကို မထွေးကရရှိခဲ့ပြီးဖြစ်လျှင် ကျန် အမွေဆိုင်များ ဖြစ်ကြသည့် မမျှင်၊ မအတင်၊ မောင်ဘအေးနှင့် မအုပတို့တွင် ထိုမြေ အားရောင်းချိုင်ခွင့်ရှိတော့မည် မဟုတ်သောကြောင့် မချိုတီးနှင့် မသိန်းမြတို့အမှုကို ပယ်ရပေမည်။ အကယ်၍ ခွဲဝေပေးခြင်း မရှိက မထွေး၏ ပိုင်ဆိုင်မှုမှာ အမွေဆိုင်အားလုံး

၁၉၆၆

ဦးဘဒေ ပါ ၆ နှင့် မချိုတီး (ခေါ်) မည္ဆန့်ပါ ၂။

အတွက် ပိုင်ဆိုင်ခြင်းသာ ဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်ပြီး၊ မချိုတီးနှင့် မသိန်းမြတို့ အမှုကို အနိုင်ပေးရမည် ဖြစ်သည်။

ယခုအမှုတွင် ကွယ်လွန်သူ ဒူခန်ရမ်းနှင့် ဒေါ်တုတ်တို့၏ အမွေပုံ ပစ္စည်းများကို ခွဲဝေပြီး ဖြစ်သည်ဆိုသော မထွေး၏ ထုချေချက်နှင့် ပတ်သက်၍ စာချုပ်စာတမ်းမရှိ၊ နှုတ်ဖြင့် မိသားစု စီမံမှုအရ ပစ္စည်းများကို ခွဲဝေကြသည်ကို ဆိုလိုဟန် လက္ခဏာ ရှိသည်။ မိသားစု စီမံမှုအရ နှုတ်ဖြင့် အမွေပစ္စည်းများကို ခွဲဝေခြင်းသည် ဥပဒေအရ အတည်ဖြစ်သည်။ **ရမ်ရီပေါ** နှင့် **တူဆီရမ်** (၁) **မကျော့** နှင့် **ဒေါ်ကျေးအု** (၂) **ဦးမြတ်ဖြူ**နှင့် **မစောရှင်** (၃)တို့ အမှုများကိုကြည့်ပါ။

အခင်းဖြစ် မြေကွက်သည် မူလက မထွေး၏မိဘများ ဖြစ်ကြသည့် ဒူခန်ရမ်းနှင့် ဒေါ်တုတ်တို့ပိုင်ပစ္စည်းဖြစ်ကြောင်း အငြင်းမထွက်ပေ။ သို့ဖြစ်ရာ ထိုမြေကို မိသားစု စီမံမှုအရ နှုတ်ဖြင့် အမွေပစ္စည်း ခွဲဝေရာ၌ မိမိတဦးတည်း ရရှိခဲ့သည်ဆိုသော အချက်ကို ထင်ရှားအောင် ပြသရန် တာဝန်မှာ မထွေးအပေါ်၌ ကျရောက်လျက်ရှိလေသည်။ ယင်းသို့ ကျရောက်လျက်ရှိသော တာဝန်ကို မထွေးသည် အောက်ရုံး၌ ကျေပွန်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပေ။ ၎င်း၏ ပညာရှိ ရှေနေကြီးကလည်း၊ အမွေပစ္စည်းများက အမွေဆိုင် အချင်းချင်း ခွဲဝေကြကြောင်း လုံလောက်သည့် သက်သေအထောက် အထား မရှိကြောင်း ပြီးသားစွာ ဝန်ခံသွားရာ၏။

မထွေးသည် ယင်းသို့ မခွဲဝေရသေးသည့် အမွေပုံ ပစ္စည်းအပေါ် လက်ရှိနေထိုင်ခဲ့ခြင်းမှာ အခြား အမွေဆိုင်များ၏ ပိုင်ဆိုင်ခွင့်ကို ဆန့်ကျင်၍ နေထိုင်ခဲ့သည်ဟု မဆိုနိုင်ပေ။ ဒေါ်တုတ်သေဆုံးပြီးနောက်၊ ၎င်း၏ သမီးများ ဖြစ်ကြသည့် မချွေသက်နှင့် မအေးတို့သည် ထိုမြေပေါ်၌ နေထိုင်ခဲ့ကြပြီး၊ ထိုမြေပေါ်၌ပင် ကွယ်လွန်ခဲ့ကြကြောင်း မထွေး၏ သက်သေတဦးဖြစ်သူ ဦးဘညိုက ထွက်ဆိုသွားသည့်အပြင် မထွေးသည် အခြား အမွေဆိုင်များ၏ အခွင့်အရေးကို ပေါ်လွင် ထင်ရှားစွာ ဆန့်ကျင်လျက် ပိုင်ဆိုင်ခဲ့သည်ဆိုသော လုံလောက်သည့် သက်သေအထောက်အထား မရှိသောကြောင့် ၎င်းသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၁၄၄ အရ၊ အခင်းဖြစ်မြေအပေါ် ဆန့်ကျင်ဘက် ပိုင်ဆိုင်သူတယောက် ဖြစ်လာခဲ့သည်ဟု မယူဆနိုင်ပေ။ ၎င်း၏ ပိုင်ဆိုင်

(၁) အော်အိုင်၊အာ(ရှ်)၊ ၁၉၂၈ ခုနှစ်၊ အာလာဟာဘတ် ၆၄၁ (စုံညီရုံး)။
(၂) အော်အိုင်၊အာ(ရှ်)၊ ၁၉၃၃ ခုနှစ်၊ ရန်ကုန်၊ စာ ၃၅၅။
(၃) ၁၉၄၉ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၄၉၂ (တရားလွှတ်တော်)။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးချစ် ရွှေတင်

ဦးစံတင့် (အယူခံတရားလို)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၆
ဖွန်လ ၂၅ရက်။

နိုင်ငံခြားငွေ လဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၂)/ ၂၄(၁)/၂၄ (၂)အရ မူပြစ်ထင်ရှားစီရင်ခြင်း—နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေပုဒ်မ ၁၃(၂)တွင် အကျုံးဝင် မဝင်—နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေးအက်ဥပဒေပုဒ်မ ၂၁(၃)အရ ထုတ်ပြန်သောနိုင်ငံခြား ငွေလဲလှယ်ရေး ကြီးကြပ်ရေးဝန်၏ အမိန့်ကိုမနာခံခြင်း—နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေပုဒ်မ ၂၁ (၃) နှင့် ယှဉ်တွဲ၍ပုဒ်မ ၂၄(၁)/၂၄(၂) တို့အရသာ စွဲဆိုရန်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။အမှုတွင်တွေ့ရှိရသည့် အခြေခံအချက်များအရ နိုင်ငံခြားငွေ လဲလှယ်မှု စည်းမျဉ်း သတ်မှတ်ရေး အက်ဥပဒေပုဒ်မ ၁၃(၂)တွင် အကျုံးမဝင်၊ အယူခံတရားလိုအပေါ် တင်ထား သော စွဲချက်ကို ကြည့်လျှင် ကျောက်များ၏ ထောင်းရေငွေကို မြန်မာပြည်သို့ ပြန်လည်ပေးသွင်းခြင်း မရှိသဖြင့်၊ ပြစ်မှုမြောက်သည်ဟု ဆိုထားသည်။ အမှုနှင့်မှာနိုင်ငံခြားငွေ လဲလှယ်မှုကြီးကြပ်ရေးဝန်၏ နိုင်ငံခြားငွေ လဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေပုဒ်မ ၂၁ (၃) အရ ထုတ်ပြန်သောအမိန့် ကို မနာခံခြင်းသာ ဖြစ်သဖြင့် ထိုအက်ဥပဒေပုဒ်မနှင့် ယှဉ်တွဲ၍ ပုဒ်မ ၁၄ (၁)/၂၄ (၂) တို့နှင့် သာလျှင် ခိုင်တင်ဘရားသားနှင့် အယူခံတရားလို ပါဝင်သော ခိုင်တင်ဘရားသား၏ အခြားအရာရှိ များအပေါ် စွဲဆိုရန်ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။ဦးသက်ငွေ။

အယူခံတရားခံအတွက်။ ။(အစိုးရဗျေနေကြီး) ဦးနှစ်။

• ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၉၅။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၇ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက် နေ့ရုံပါ၊ ပဌမအတူးတရားသူကြီး၊ အသူးစုံစမ်းစစ်ဆေးရေးဌာန (အက်ဥပဒေ)၊ ရန်ကုန်မြို့၏ အမိန့်ကိုအယူခံမှု။

တရားသူကြီး ဦးချစ် ။ ။ရန်ကုန်မြို့ အထူးစုံစမ်းစစ်ဆေးရေးဌာန (အက်ဥပဒေ) ပဋ္ဌမအထူးတရားသူကြီးရုံး၊ ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၇ တွင် အယူခံတရားလိုဖြစ်သော ခိုင်တင်ဘရားသား၏ မန်နေဂျာနှင့် အတွင်းရေးမှူး ဦးစံတင့်အပေါ် နိုင်ငံခြား ငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေးအက်ဥပဒေပုဒ်မ ၁၃(၂)/ ၂၄ (၁)/ ၂၄ (၂) တို့အရ ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိရ၍ ၎င်းအား အလုပ်နှင့် ထောင်ဒဏ်လေးလ ကျခံစေရန် ၁၉၆၅ ခု၊ နိဝင်ဘာလ ၁၇ ရက်နေ့က အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် ဦးစံတင့်က ဤရုံးသို့ အယူခံဝင်လာသည်။ ထိုအယူခံကို ကျွန်ုပ်ပဋ္ဌမ ကြားနာသည့်နေ့ဖြစ်သော ၁၉၆၆ ခု၊ မတ်လ၊ ၉ ရက်နေ့တွင် အယူခံတရားလိုသည် အကျဉ်းဒဏ်ခံပြီး၍ လွတ်လာပြီး ဖြစ်သည်။

ဤအမှုအဖြစ်အပျက် အကြောင်းခြင်းရာနှင့် ပတ်သက်၍ အောက်ရုံး စီရင်ချက်တွင် ပြည့်စုံစွာ ဖော်ပြထားပြီး ဖြစ်သည်။

ယခု ဤအယူခံရုံးက စဉ်းစားရမည့်အချက်မှာ အယူခံတရားလို ဦးစံတင့်သည် နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ် ရေးအက်ဥပဒေပုဒ်မ ၁၃ (၂) တွင် **အဓိပ္ပာယ်** ဖော်ထားသောအမှုကို ကျူးလွန်သည်။ မကျူးလွန်သည်ဟူသော အချက် ဖြစ်သည်။ ဦးစံတင့် မန်နေဂျာနှင့် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သော ခိုင်တင်ဘရားသား ကုမ္ပဏီသည် မိုးကုတ်မှ ဦးရန့် ဦးဘလှိုင်တို့ ပိုင်ဆိုင်သော ကျောက်များကို ဟောင်ကောင်သို့တစ်ဆင့် ရောင်းရန်အစိုးရထံမှ ဂျီ၊ အာ(ရ်)၊ အက်(စ်) လိုင်စင်အမှတ် ၆၀၇၅၉၊ သက်သေခံအမှတ် (က) ဂျီ၊ အာ(ရ်)၊ အက်(စ်)၊ လိုင်စင်အမှတ် ၆၀၇၉၀၊ သက်သေခံအမှတ် (ဃ) နှင့် ဂျီ၊ အာ(ရ်)၊ အက်(စ်) လိုင်စင်အမှတ် ၆၁၁၄၅၊ သက်သေခံအမှတ် (က) တို့ကို ရရှိသည်။ ကျောက်များ၏ တန်ဖိုးမှာ ကျပ်ငွေ ၂,၂၈,၅၃၄. ၆၀ ဖြစ်သည်။ ထိုကျောက်များကို ဟောင်ကောင်သို့ ရောင်းရန်ပေးပို့ရာ၌ ဦးစံတင့်သည် အရေးပါအရာရောက် သူ ဖြစ်သည်။ မူလကတိအတိုင်း ထိုကျောက်များ၏ တန်ဖိုးကို ဟောင်ကောင်သို့ ပို့သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း မြန်မာပြည်သို့ ပြန်လည်တင်သွင်းရမည် ဖြစ်သည်။ ရက်ပေါင်း ၆၀ ကျော်လွန်သော်ငြားလည်း ယင်းကျောက်များ၏ တန်ဖိုးများကို မြန်မာပြည်သို့ ပြန်လည်တင်သွင်းနိုင်ခြင်း မရှိချေ။ အဘယ်ကြောင့်ဆိုသော် ဟောင်ကောင်က ပေးသောစျေးမှာ အလွန်နည်းနေ၍ ဖြစ်သည်။ အကောက်တော်ဌာနက ဖြတ်ထားသော စျေးအတိုင်း မရသဖြင့် အရောင်းအဝယ် ပြုလုပ်၍ မရနိုင်ဘဲ ထိုကျောက် များမှာ ဟောင်ကောင်၌ပင် သောင်တင်နေသည်။ ဤတွင် ခိုင်တင်ဘရားသားက နိုင်ငံခြား ငွေလဲလှယ်မှု ကြီးကြပ်ရေးအရာရှိထံသို့ ရက်တိုးပေးရန် တောင်းဆိုခဲ့သည်။ နိုင်ငံခြားငွေလဲလှယ်မှု ကြီးကြပ်ရေးအရာရှိက ရက်တိုးပေးသော်ငြားလည်း ဟောင်ကောင်တွင် အရောင်းအဝယ် မဖြစ်ပေ။ ထို့ကြောင့်

နိုင်ငံခြား ငွေလဲလှယ်မှု ကြီးကြပ်ရေး အရာရှိက ခိုင်တင်ဘရားသားသို့ ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် နေ့စွဲဖြင့် သက်သေခံစာအမှတ် (ဒ) အရ ပေးပို့ခဲ့သော ကျောက်များအတွက် အကောက်ခွန်ဌာနမှ ဖြတ်ဆိုထားသော တန်ဖိုးများကို မရရှိခြင်းကြောင့်၊ ထိုကျောက်များအားလုံးကို မြန်မာပြည်တွင်းသို့ ပြန်လည်သွင်းရန် ညွှန်ကြားလိုက်သည်။ ထို့ပြင် ၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၁ ရက်နေ့စွဲဖြင့် နိုင်ငံခြား ငွေလဲလှယ်မှုကြီးကြပ်ရေးဝန်က သက်သေခံအမှတ် (နှ) ဖြင့် ခိုင်တင်ဘရားသားသို့ ထိုကျောက်များအားလုံးကို ၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၅ ရက်နေ့မတိုင်မီ မြန်မာပြည်တွင်းသို့ပြန်လည်သွင်းရန် ညွှန်ကြားထားသည်။ ထိုသက်သေခံတင်ထားသော စာများ၏ အဓိပ္ပါယ်အရဆိုလျှင် ခိုင်တင်ဘရားသားသည် ၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၅ ရက်နေ့ကို နောက်ဆုံးထား၍ ဟောင်ကောင်သို့တင်ပို့ ထားသောမိုးကုတ်ကျောက်များ အားလုံးကို မြန်မာပြည်တွင်းသို့ပြန်လည်သွင်းရန် ဖြစ်သဖြင့်၊ ထိုကျောက်များကို ဟောင်ကောင်၌ အဖိုးစားနားနှင့် ရောင်းရန်ဟူသော ပြဿနာမပေါ်ပေါက်တော့ပေ။ ယင်းသို့ မပေါ်ပေါက်သည့် အားလျော်စွာ ကျောက်၏ တန်ဖိုးငွေကို မြန်မာပြည်သို့ ပေးသွင်းရမည်ဟူသော ပြဿနာမှာလည်း မပေါ်ပေါက်တော့ပေ။ သို့အတွက် နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေးအက်ဥပဒေပုဒ်မ ၁၃ (၂) တွင် အကျုံးမဝင်ပေ။ ထို့ကြောင့် အယူခံတရားလိုအပေါ် ထိုအက်ဥပဒေအရ စွဲချက်တင်ပြီး အပြစ်ပေးထားခြင်းမှာ မှားယွင်းသည်ဟု ယူဆသည်။ အယူခံတရားလိုအပေါ် တင်ထားသော စွဲချက်ကို ကြည့်လျှင်လည်း ထိုကျောက်များ၏ ရောင်းရငွေကို မြန်မာပြည်သို့ ပြန်လည် ပေးသွင်းခြင်း မရှိသဖြင့် ပြစ်မှုမြောက်သည်ဟု ဆိုထားသည်။ ဤသည်မှာ မှားယွင်းသည်။ အမှန်မှာ နိုင်ငံခြားငွေလဲလှယ်မှု ကြီးကြပ်ရေးဝန်၏ နိုင်ငံခြား ငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေးအက်ဥပဒေ ပုဒ်မ ၂၁ (၃) အရ ထုတ်ပြန်သော အမိန့်ကို မနာခံခြင်းသာ ဖြစ်သဖြင့် ထိုအက်ဥပဒေပုဒ်မနှင့် ယှဉ်တွဲ၍ ပုဒ်မ ၂၄ (၁)/၂၄ (၂) တို့နှင့်သာလျှင် ခိုင်တင်ဘရားသားနှင့် အယူခံတရားလိုပါဝင်သော ခိုင်တင်ဘရားသား၏ အခြားအရာရှိများအပေါ် စွဲဆိုရန် ဖြစ်သည်။

အထက်ပါ အကြောင်းများကြောင့် ဦးစံတင့်အပေါ် နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေး အက်ဥဒေပုဒ်မ ၁၃ (၂)/၂၄ (၁)/၂၄ (၂) တို့အရ ပြစ်မှုမြောက်သည်ကို တွေ့ရှိရ၍ အလုပ်နှင့် ထောင်ဒဏ်လေးလ ကျခံစေရန် ချမှတ်သော အမိန့်ကို ပယ်ဖျက်လိုက်သည်။ ဤအမှုနှင့် ပတ်သက်သမျှ အယူခံတရားလို ဦးစံတင့်အား တရားသေလွှတ်ရန် အမိန့်ချမှတ် လိုက်သည်။

ခိုင်တင်ဘရားသား၏လုပ်ငန်းကိုအစိုးရကပြည်သူပိုင်လုပ်ပြီး၍ အချင်းဖြစ် ကျောက်များအပြင်ခိုင်တင်ဘရားသား၏ အခြားပစ္စည်းများနှင့်ပတ်သက်၍လည်း အစိုးရ

ထံ စာရင်းပေးပြီး ဖြစ်သည်ဟု သိရသည်။ ယခုအခါ ခိုင်တင်ဘရားသား အမည်နှင့် မည်သည့်လုပ်ငန်းမှ မရှိတော့ချေ။ ထို့ပြင် ဦးစံတင့်မှာ ထောင်ဒဏ်လေးလခံပြီး ဖြစ်သည်။ ထိုအခြင်းအရာများကို ထောက်ထား၍ ခိုင်တင်ဘရားသားကိုသော် လည်းကောင်း၊ ဦးစံတင့်နှင့် အခြားအရာရှိ များကိုသော်၄င်း၊ နိုင်ငံခြားငွေ လဲလှယ်မှုစည်းမျဉ်း သတ်မှတ်ရေး အက်ဥပဒေ ပုဒ်မ ၂၁ (၃)/၂၄ (၁)/၂၄ (၂) တို့အရ နောက်ထပ်တရားတစ်ထုံး စွဲဆိုနိုင်သော်လည်း ယခုကျမှ တရားစွဲဆိုရန် လျော်ကန်သင့်မြတ်မည် မဟုတ်ဟု ယူဆသည်။

အယူခံတရားလိုအတွက် ။ ။ ဦးဘညွှန့်
အယူခံတရားခံ ၂ အတွက် ။ ။ မစွတာဘီ၊ ကေ၊ ဆင်း။

တရားသူကြီး ဦးသက်ဖေ ။ ။အယူခံတရားလိုအပေါ် ၎င်း၏ အလုပ်သမားတစ်ဦးဖြစ်သူ မောင်လုမောင် သေဆုံးသဖြင့် မောင်လုမောင်၏ဇနီး အယူခံတရားခံ မသန်းညွှန့်အား အလုပ်သမားလျော်ကြေး အက်ဥပဒေပုဒ်မ ၄ (၁)အေ(၁) အရ လျော်ကြေးငွေ ၂,၈၀၀/- ပေးဆောင်ရန် ချမှတ်ထားသည့် သထုံခရိုင်၊ အလုပ်သမားမင်းကြီး၏ အမိန့်ကို မကျေနပ်သဖြင့် အယူခံဝင်သောအမှု ဖြစ်သည်။

အယူခံတရားလိုသည် သထုံခရိုင် ပေါ်တော်မူကျေးရွာရှိ သိန်းရင်ကြည် ဆန်စက်ပိုင်တစ်ဦးဖြစ်ပြီး ကွယ်လွန်သူ မောင်လုမောင်မှာ အယူခံတရားလိုထံ၌ တစ်လလျှင် လစာ ၀၀/- ဖြင့် မော်တော်ယာဉ်မောင်းနှင်သူအဖြစ် အလုပ်လုပ်ကိုင်သည့် အလုပ်သမားတစ်ဦး ဖြစ်သည်။ မောင်လုမောင်သည် အယူခံတရားလို၏ မော်တော်ယာဉ်ဖြင့် သဲကုန်းကျေးရွာရှိ အစိုးရစပါးဒိုင်မှ စပါးများကို အယူခံတရားလို၏ ဆန်စက်နှင့် အခြားဆန်စက်များသို့ တိုက်ပို့ပေးရသည်။ ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်ညနေ ၆ နာရီခန့်အချိန်တွင် မောင်လုမောင်သည် ၎င်း၏ မော်တော်ယာဉ်ကို မောင်း၍ သဲကုန်း စပါးဒိုင်သို့အသွား လမ်းရှိ ထန်းပင်ချောင် နင်းကြမ်းတွင်နားပြီး၊ စပါးဒိုင်မှတက်လာသော မော်တော်ယာဉ်ကို စောင့်နေ၏။နင်းကြမ်းဆိုသည်မှာ ချောင်းငယ်ကို မြေဖို့ကာ ကားလမ်းလုပ်ထားခြင်း ဖြစ်လေသည်။ နင်းကြမ်းပေါ်မှ ဖြတ်သွားသည့် မော်တော်ယာဉ်များထဲမှ နင်းကြမ်းပြုလုပ်ထားသူက အကောက်ယူသည်။

ထိုအချိန်တွင် အယူခံတရားလို၏ ကိုယ်စားလှယ်ဖြစ်သူ မောင်ဖုန်းမြင့် (ခ/ပြ-၁) သည် စပါးဒိုင်မှ နောက်ဆုံးကားဖြင့် ပြန်တက်လာကာ မောင်လုမောင်ရှိရာ ထန်းပင်ချောင် နင်းကြမ်းသို့ ရောက်လာ၏။ မောင်လုမောင်က မောင်ဖုန်းမြင့်အား စပါးတိုက်ရဦးမလားမေးရာ မောင်ဖုန်းမြင့်က အချိန်မရှိတော့ဘူးဟု ပြန်ပြောလိုက်လေသည်။ ထို့နောက် မောင်လုမောင်သည် မောင်ဖုန်းမြင့် စီးလာသော မော်တော်ယာဉ်မောင်းသူ မောင်ခိုင်ကို တုတ်နှင့်လိုက်၍ ကြည်ဆယ်သည့်သဘောဖြင့် ထိုးသည်။ မောင်ခိုင်လည်း မိမိ၏ မော်တော်ယာဉ်ကို မောင်းနှင်ပြီး ထွက်လာရာ မောင်လုမောင်သည် မောင်ခိုင်၏ မော်တော်ယာဉ်အောက်သို့ ရောက်ကာ နောက်ဘီးဖြင့် ကြိတ်မိလေသည်။ ဒဏ်ရာရသူ မောင်လုမောင်အား ချက်ချင်းပင် ဆေးရုံသို့ ယူလာသော်လည်း ဆေးရုံမရောက်မီပင် ကွယ်လွန်သွားလေသည်။

ထို့ကြောင့် မောင်လှမောင်၏ဇနီး မသန်းညွှန့်က သထုံခရိုင်၊ အလုပ်သမား လျော်ကြေးမင်းကြီးရုံးတွင် ခင်ပွန်းသည် သေဆုံးရသည့်အတွက်လျော်ကြေးရလိုကြောင်း လျှောက်ထားရာ အယူခံတရားလိုက မောင်လှမောင်သည် အလုပ်အချိန်အတွင်း၌ သော်၄င်း အလုပ်ဝတ္တရားဆောင်ရွက်စဉ်၄င်း သေဆုံးခြင်း မဟုတ်၍ လျော်ကြေးမရထိုက်ကြောင်း ထုချေသော်လည်း ၎င်း၏ ထုချေချက်များ လက်မခံဘဲ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အလုပ်သမားမင်းကြီးက အမိန့်ချမှတ်ခဲ့ ခြင်း ဖြစ်လေသည်။

အယူခံတရားလို၏ ပညာရှိရှေ့နေကြီးက အယူခံတရားလိုသည် မိမိ အလုပ်သမားများအား နေ့စဉ်မည်သည့်အချိန်မှ မည်သည့်အချိန်အထိ အလုပ်ဘာဝန်ထမ်းဆောင်ရမည်ဟု တိတိကျကျ သတ်မှတ်ထားခြင်း မရှိသဖြင့် အခင်းဖြစ်ပွားသော အချိန်မှာ ညနေ ၆ နာရီပင် ဖြစ်သော်လည်း အလုပ်အချိန်အတွင်း ဖြစ်ပွားခဲ့သည်ဟု ယူဆရမည်ပင်ဖြစ်ကြောင်း ဝန်ခံသွား၏။ အယူခံတရားလို၏ ကိုယ်စားလှယ် မောင်ဖုန်းမြင့်၏ ထွက်ဆိုချက်အရ မောင်လှမောင်သည် စပါးနှိုင်သို့ စပါးသယ်ရန် မော်တော်ယာဉ်နှင့်အဆင်း လမ်း၌ သေဆုံးရကြောင်း ပေါ်လွင်နေ၍ အလုပ်ချိန်အတွင်း သေဆုံးရသည်ဆိုခြင်းမှာ မငြင်းဆိုနိုင်ပေ။

သို့ရာတွင် အယူခံတရားလို၏ ပညာရှိရှေ့နေကြီးက မောင်လှမောင်သည် အလုပ်ဝတ္တရား ဆောင်ရွက်စဉ် သေဆုံး ခြင်းမဟုတ်၍ လျော်ကြေးမပေးထိုက်ကြောင်း လျှောက်လဲကာ စီရင်ထုံး အမြောက်အမြားကို ကိုးကားတင်ပြသွား၏။ အမှု တစ်ခု၏ ဖြစ်ရပ်ကြောင်းခြင်းရာသည် အခြားအမှုတစ်ခုမှ ဖြစ်ရပ်ကြောင်းခြင်းရာနှင့် ထပ်တူထပ်မျှ မတူညီနိုင်ချေ။ ထို့ကြောင့် ဤအမှုတွင် မောင်လှမောင်သည် အလုပ်ဝတ္တရား ဆောင်ရွက်နေစဉ် သေဆုံးခြင်းရှိမရှိဆိုသော ပြဿနာကို စီရင်ထုံးများနှင့် နှိုင်းချိန်မည့်အစား ဖြစ်ရပ်ကြောင်းခြင်းရာများအပေါ် မူတည်လျက် အဆုံးအဖြတ်ပေးမှသာ မှန်ကန်ပေသည်။

မောင်လှမောင် မည်သို့မည်ပုံ သေဆုံးရသည်ဆိုခြင်းနှင့် ပတ်သက်၍ အယူခံတရားလိုဘက်မှ သထုံမြို့ ပဉ္စမရာဘက် ရာဇဝတ် တရားသူကြီးရုံး၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄၇ တွင် ချမှတ်ထားသော စီရင်ချက်ကို အကိုးအကား ပြုခဲ့၏။ ထိုအမှုမှာ မောင်လှမောင်အား ကြိတ်သွားသည့် မော်တော်ယာဉ်ကို မောင်းသူ မောင်ခိုင်အား ရာဇသတ်ပုဒ်မ ၃၀၄ အရ တရားစွဲဆိုသည့်အမှု ဖြစ်လေသည်။

အမှုတစ်ခု၏ စီရင်ချက်သည် အခြားအမှုတစ်ခုတွင်အခါခပ်သိမ်းအသုံး မပြုနိုင်ချေ။ တရားမကျင့်ထုံးပုဒ်မ ၁၁ အရတရားမမှုတစ်ခုသည်ယခင်ဆုံးဖြတ်ချက် ရှိသဖြင့် ၄င်းရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၀၃ အရ ရာဇဝတ်မှုတစ်ခုသည် ယခင်တရားသေ လွှတ်သော အမိန့်ရှိသဖြင့်၄င်း နောက်ထပ်စွဲဆိုခြင်းမပြုနိုင်ဟု ထုချေသော အခါမျိုးတွင် အသုံးပြု

နိုင်သည်။ သက်သေခံဥပဒေပုဒ်မ ၄၁ တွင် ဖော်ပြထားသော အမွေဆက်ခံသည့် သက်သေခံစာ ထုတ်ပေးသော အမှု ကြွေးမြီ မဆပ်နိုင်သည့် လူမဲ့မှုစသည့် အမှုများတွင် ချမှတ်ထားသော အမျာနှင့် သက်ဆိုင်သည့် စီရင်ချက်များကို နောက်စွဲဆိုသည့် အမှုများတွင် အသုံးပြုနိုင်ပေသည်။ ထို့ပြင် စီရင်ချက်တစ်ခုခုသည် လုပ်သားပြည်သူတစ်ရပ်လုံးနှင့် ပတ်သက်နေလျှင် သက်သေခံ ဥပဒေပုဒ်မ ၄၂ အရ အသုံးပြုနိုင်မည် ဖြစ်သည်။

ယခုအမှုတွင် အယူခံတရားလို အားကိုးအားထားပြုခဲ့သော စီရင်ချက်မှာ အထက်တွင် ဖော်ပြခဲ့သည့် စီရင်ချက် အမျိုးအစား မဟုတ်သည်သာမက ထိုစီရင်ချက် ချမှတ်ခဲ့သော အမှုဌ အယူခံတရားလိုသော်ငင်း၊ အယူခံတရားခံသော် ငင်း အမှုသည်အဖြစ် ပါဝင်ခဲ့ခြင်း မရှိချေ။ သို့ဖြစ်ရာ ကွယ်လွန်သူ မောင်လှမောင် မည်သို့ မည်ပုံ သေဆုံးရသည်ဆိုသော အချက်နှင့် ပတ်သက်၍ ထိုရာဇဝတ်မှု၏ စီရင်ချက်တွင် ဖော်ပြထားသော အကြောင်းခြင်းရာများအပေါ် မူတည်၍ ဆုံးဖြတ်ခြင်း မပြုနိုင်။ အလုပ်သမားမင်းကြီး၏ ရှေ့မှောက်၌ စစ်ဆေးခဲ့သော သက်သေ ထွက်ချက်များအပေါ်၌သာ အခြေခံလျက် အဆုံးအဖြတ် ပြုရမည် ဖြစ်သည်။

ထိုကိစ္စနှင့် ပတ်သက်၍ မောင်ဖုန်းမြင့်က မောင်လှမောင်သည် မိမိအား စပါးတိုက်ရဦးမလားဟု မေးပြီးနောက် အခြားမော်တော်ယာဉ်မောင်းသူ မောင်ခိုင်အား ကြည်ဆယ်သည့် သဘောဖြင့် လိုက်၍ တုတ်နှင့် ထိုးကြောင်း၊ ထို့နောက် မောင်လှမောင်သည် မိမိ၏ မော်တော်ယာဉ်သို့ ပြန်အသွားတွင် ကားကြိတ်မိခြင်း ဖြစ်ကြောင်း ထွက်ဆိုသွားရာ မောင်လှမောင် သည် မောင်ခိုင်အား တုတ်နှင့်ဆက်ကာ ဓာက်ကာ ထိုးပြီး ကြည်ဆယ်နေခိုက် ကားကြိတ်မိသည်ဆိုသော အယူခံတရားလို၏ စွပ်စွဲချက်မှာ မဟုတ်မမှန်ကြောင်း ပေါ်လွင်နေ၏။

မော်တော်ယာဉ် မောင်းသမားတစ်ဦးသည် မော်တော်ယာဉ်ပေါ် အလုပ်ချိန် တစ်လျှောက်လုံး ရှိနေရန်မလိုပေ။ မော်တော် ယာဉ်ရပ်နားထားခိုက် မော်တော်ယာဉ်ပေါ်မှ အောက်သို့ ဆင်းနေချိန်တွင် ၎င်းသည် အလုပ်တာဝန်ထမ်းဆောင်ခြင်း မရှိတော့ဟု မဆိုနိုင်ချေ။ မောင်ဖုန်းမြင့်၏ ထွက်ဆိုချက်အရ မောင်လှမောင်သည် မောင်ခိုင်အား ကြည်ဆယ်ပြီးနောက် မိမိ၏ အလုပ်ဝတ္တရားရှိရာ မော်တော်ယာဉ်သို့အသွားတွင် ကားကြိတ်မိခြင်းဖြစ်ရာ၊ ယင်းသို့ကားကြိတ်မိချိန်၌ မောင်လှမောင်သည် အလုပ်ဝတ္တရား ဆောင်ရွက်နေဆဲမဟုတ်ဟု မဆိုနိုင်ပေ။ မောင်ခိုင်အား တုတ်နှင့် ကြည်ဆယ်ရင်း ထိုးနေစဉ် မောင်လှမောင်သည် အလုပ်ဝတ္တရား ဆောင်ရွက်နေဆဲ မဟုတ်ဟု ဆိုနိုင်သော်

လည်း၊ ကားကြိတ်မိသောအချိန်မှာ မိမိ၏ မော်တော်ယာဉ်ရှိရာသို့ ပြန်လာနေစဉ် ဖြစ်၍ အလုပ်ဝတ္တရားဆောင်ရွက်နေခိုက် ဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။

အထက်ပါအကြောင်းရပ်များကြောင့်၊သထုံခရိုင် အလုပ်သမားလျော်ကြေးမင်းကြီး၏ အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိခြေ၊ သို့ပါ၍ ဤအယူခံမူကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေကြီးစရိတ် ၃၄ သတ်မှတ်သည်။

မှုမှာ အမွေဆိုင်အားလုံးအတွက် ဖြစ်သည်ဟု ကောက်ယူရန်သာ ရှိပေသည်။ **မောင်အောင်ထွန်း** နှင့် **မောင်စံညွန့်** (၄) တို့အမှုကို ကြည့်ပါ။

အယူခံတရားလိုတို့၏ ပညာရှိရှေ့နေကြီးက မထွေးသည် အမွေဆိုင်တစ်ဦးဖြစ်၍ အခင်းဖြစ်မြေနှင့်ပတ်သက်သော အခြားအမွေဆိုင်တို့၏ အစုများကို ရှေးဦးစွာ ဝယ်ယူပိုင်ခွင့်ရှိသည်ဆိုသော အချက်ကို ထည့်သွင်းစဉ်းစားပေးရန် တင်ပြသွား၏။ မိဘဘိုးဘေးတို့၏ ပစ္စည်းကို သူစိမ်းတစ်ရံလူ လက်ထဲသို့ မရောက်စေဘဲ သားစဉ်မြေးဆက်တို့၌သာ အစဉ်တစိုက် ထားရှိနိုင်ရန် အလို့ငှာ မခွဲဝေရသေးသည့် အမွေပုံပစ္စည်းမှ အမွေဆိုင်တစ်ဦးဦး၏ ဝေစုကို အခြားအမွေဆိုင်များက ရှေးဦးစွာ ဝယ်ပိုင်ခွင့်ရှိ သည်ဆိုခြင်းကို မငြင်းဆိုနိုင်ပေ။ **ရေနံအိုးနှင့် မောင်မြတ်စံ** (၅)၊ အမွေဆိုင်တစ်ဦးသည် မခွဲဝေရသေးသည့် အမွေပုံပစ္စည်းမှ ၎င်း၏ ဝေစုကို အခြားအမွေဆိုင်များအား ဝယ်ယူရန် ရှေးဦးစွာ အခွင့်အရေးမပေးဘဲ သူစိမ်းတစ်ရံလူတစ်ယောက်ယောက်အား ရောင်းချခဲ့ပါလျှင် အခြားအမွေဆိုင်များက ထိုအရောင်းအဝယ်အား ကန့်သတ်ထားသည့် အချိန်အတွင်း ပယ်ဖျက်နိုင်ခွင့် ရှိပေသည်။ ယင်းသို့ ပယ်ဖျက်ခြင်း မရှိသေးလျှင် ထိုအရောင်းအဝယ်သည် ခိုင်မာတည်မြဲလျက် ရှိသည်ဟု ဆိုရမည် ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ **မောင်ရွှေညွန့်နှင့်မစိုး** (၆)၊ **ဆိုမာဂွန်ဒရမ်ချတ်တီး**နှင့် **ရွှေညွန့်** (၇) တို့ စီရင်ထုံးများကိုသာ ရည်ညွှန်းလိုသည်။

ယခုအမှုတွင် မထွေးသည် အခြားအမွေဆိုင်များက အခင်းဖြစ် မြေနှင့် ပတ်သက်၍ ၎င်းတို့ ဝေစုများအား အယူခံတရားခံများသို့ ရောင်းချခဲ့သည့် အရောင်းအဝယ်စာချုပ်အား ပယ်ဖျက်ရန် တရားစွဲဆိုခဲ့ခြင်း မရှိသေးပေ။ သို့ဖြစ်ရာ အယူခံတရားခံတို့ ကိုးကားခဲ့သော အရောင်းအဝယ်စာချုပ်မှာ ခိုင်မာတည်မြဲလျက်ပင် ရှိနေသည့်အလျောက် အယူခံတရားလိုတို့သည် အယူခံတရားခံတို့ စွဲဆိုသော အမှုကို ခုခံခြင်းမပြုနိုင်ပေ။

အထက်ပါ အကြောင်းရပ်များကြောင့် ဟင်္သာတခရိုင် တရားမရုံး၏ စီရင်ချက်နှင့် ဒီဂရီတို့ကို အတည်ပြုကာ ဤအယူခံမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။

---

(၄) အတွဲ ၅၊ ရန်ကုန်စီရင်ထုံး၊ စာ ၅၇၆။
(၅) အတွဲ ၈၊ အောက်မြန်မာပြည်စီရင်ထုံး၊ စာ ၄၆၆။
(၆) အတွဲ ၂ အထက်မြန်မာပြည်စီရင်ထုံး၊ (၁၈၉၇-၉၁) ၁၅၅။
(၇) အတွဲ ၈၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၄၉၇။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးဦးသက်ဖေရှေ့တွင်

ဦးမောင်မောင်(ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ(ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

၁၉၆၆ +

မေလ ၂၃ ရက်။

ရာဇသတ်ကြီးပုဒ်မ ၄၂၀ အရ တရားစွဲဆိုခြင်း--- ဖြစ်ရပ်အမှန်ကို ပေါ်လွင်ထင်ရှားလာအောင် စစ်ဆေးဖော်ပေးရန် တရားသူကြီး၏ဝတ္တရား---အကြောင်းမဲ့ ရာဇဝတ်မှုတရားစွဲဆိုခြင်း ကိစ္စမျိုးကို အားပေးသင့်မသင့်။

ဆုံးဖြတ်ချက်။ ။ တရားလို သို့မဟုတ် တရားခံတစ်ဦးဦး၏ မတတ်ကျွမ်း မလိမ္မာမှုကြောင့် ဖြစ်ရပ်အမှန်ကို တင်ပြနိုင်ခြင်းမရှိသည့် အမှုမျိုးတွင် ဖြစ်ရပ်အမှန်ကို ပေါ်လွင်ထင်ရှားလာအောင် စစ်ဆေးထုတ်ဖော်ပေးရန် တရားသူကြီး၏ ဝတ္တရားဖြစ်သည်။ အမှန်တရားထုတ်ဖော်ရေးကို အဓိကမထားဘဲ ဒိုင်လူကြီးအနေဖြင့်သာ အဆုံးအဖြတ်ပေးလျှင် တရားသူကြီး၏ တာဝန်ကျေပြွန်လိမ့်မည်မဟုတ်ပေ။ သို့ရာတွင် တစ်ဖက်မှလည်း လုပ်သားပြည်သူ တစ်ဦးဦးအား အကြောင်းမဲ့ ရာဇဝတ်ပြစ်မှု ကျူးလွန်သည်ဟု ရုံးတင်တရားစွဲဆိုထားခြင်း မပြုအပ်သည်ကိုလည်း သတိချပ်ရန်လိုသည်။ အစွပ်စွဲခံရသူအဖို့လည်း မသက်သာ၊ တိုင်းပြည်အတွက်လည်း အကျိုးယုတ်စေမည့် အကြောင်းမဲ့ ရာဇဝတ်မှု တရားစွဲဆိုခြင်းကိစ္စမျိုးကို အားပေးရန်မသင့် ချေ။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။ ဦးကျော်မြင့်။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။ ဒေါက်တာ မောင်ဖြူးနှင့် အစိုးရရှေ့နေကြီး ဦးဘကြိုင်။

တရားသူကြီး ဦးသက်ဖေ။ ။လျှောက်ထားသူ ဦးမောင်မောင်အပေါ် ၎င်း၏ ယောက်ဖ ဖြစ်သူ ကေမိန်ရိန်းက တောင်ငူမြို့ စတုတ္ထရာဘက်ရာဇဝတ် တရားသူကြီးရုံး၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးအမှုအမှတ် ၈၀တွင် ရာဇသတ်ပုဒ်မ ၄၂၀ အရ ဦးတိုက်

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၆ (ခ)။

+ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၇ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဧပြီ ၁၁ ရက်နေ့စွဲပါ၊ တောင်ငူခရိုင် ရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

တရားစွဲဆိုရာ ပညာရှိစတုဏ္ဍရာဘက် ရာဇဝတ်တရားသူကြီးသည် တရားလို သက်သေများကို စစ်ဆေးပြီးနောက် လျှောက်ထားသူ ဦးမောင်မောင်အား တရားရှင်လွှတ်ခဲ့၏။ ထိုကဲ့သို့ တရားရှင်လွှတ်သော အမိန့်ကို ကေမိန့်ရိန်းက မကျေနပ်သဖြင့် တောင်ငူမြို့ ခရိုင်ရာဇဝတ်တရားသူကြီးရုံး၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၇ ၌ စောဒကဝင်ရာ ပညာရှိခရိုင် ရာဇဝတ်တရားသူကြီးသည် နှစ်ဖက်ပညာရှိ ရှေ့နေကြီးများကို ကြားနာပြီးနောက် မူလရုံး၏ အမိန့်ကို ပယ်ဖျက်ကာ လျှောက်ထားသူ ဦးမောင်မောင်အပေါ် ဒုတိယရာဘက်ရာဇဝတ် တရားသူကြီးရုံး၌ ထပ်မံစစ်ကြောစီရင်ရန် အမိန့်ချမှတ်လိုက်လေသည်။ လျှောက်ထားသူက ယင်းအမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားသောကြောင့် ဤပြင်ဆင်မှုပေါ်ပေါက်ရခြင်း ဖြစ်သည်။

ပညာရှိခရိုင်ရာဇဝတ်တရားသူကြီး လုပ်သားပြည်သူအချင်းချင်း မကျေနပ်မှုကိစ္စနှင့် ပတ်သက်၍ တရားရုံး၏ အဆုံးအဖြတ် ကို ရယူရန် တိုင်ကြားစွဲဆိုလာသောအခါ တရားသူကြီးများသည် နှစ်ဘက်မှတင်ပြသည့် သက်သေအထောက်အထားများနှင့်သာ တင်းတိမ်ရောင့်ရဲကာ အဆုံးအဖြတ်ပေးခြင်းထက် အမှန်တရားပေါ်ပေါက်စေခြင်း အလို့ငှာ မူဖြစ်ခြင်းရာကို သိနိုင်စွမ်းရှိသူများအား ဆင့်ဆိုခေါ်ယူစစ်ဆေးသင့်ကြောင်း ယခု အမှုတွင်ကား အရောင်းအဝယ် စာချုပ်ကို ရေးသားသည့် ဦးထွန်းမြင့်ကို လည်းကောင်း၊ မော်တော်ကားကို ပြင်ဆင်ရန် အပ်ထားသည့် အလုပ်ရုံပိုင်ရှင် ဦးအိစွပ်ကိုလည်းကောင်း၊ မော်တော်ကား၏ နံပါတ်အသစ်ကို ပြောင်းလဲပေးရသည့် မော်တော်ယာဉ်မှတ်ပုံတင်ဌာနမှ တာဝန်ခံအရာရှိကို လည်းကောင်း၊ ဦးတိုက်လျှောက်ထားသူက ခေါ်ယူစစ်ဆေးခဲ့ခြင်း မပြုစေကာမူ မူလရုံးမှ ခေါ်ယူစစ်ဆေးရန် လိုအပ်နေကြောင်း ကောက်ယူကာ မူလရုံး၏ တရားရှင်အမိန့်ကို ပယ်ဖျက်ခဲ့ခြင်း ဖြစ်လေသည်။

လုပ်သားပြည်သူအချင်းချင်း အငြင်းပွားသည့် ပြဿနာနှင့်ပတ်သက်၍ တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရန် တိုင်ကြား စွဲဆိုလာသောအခါ တရားသူကြီးများသည် အမှန်တရားပေါ်ပေါက်ရအောင် တွေးတောကြံဆ၍ စစ်ကြောစီရင်ရန် တာဝန်ရှိကြသည်မှာ မှန်၏။ တရားလို သို့မဟုတ် တရားခံတစ်ဦးဦး၏ မတတ်ကျွမ်းမလိမ္မာမှုကြောင့် ဖြစ်ရပ်အမှန်ကို တင်ပြနိုင်ခြင်း မရှိသည့် အမှုမျိုးတွင် ဖြစ်ရပ်အမှန်ကို ပေါ်လွင်ထင်ရှားလာအောင် စစ်ဆေးထုတ်ဖော်ပေးရန် တရားသူကြီး၏ဝတ္တရားဖြစ်သည် ဆိုခြင်းကိုလည်း မငြင်းနိုင်။အမှန်တရားထုတ်ဖော်ရေးကို အဓိကမထားဘဲ ဒိုင်လူကြီးအနေဖြင့်သာအဆုံးအဖြတ်ပေးလျှင် တရားသူကြီး၏ တာဝန်ကျေပွန်လိမ့်မည် မဟုတ်ပေ။ သို့ရာတွင် တစ်ဖက်မှလည်း လုပ်သားပြည်သူတစ်ဦးဦးအား အကြောင်းမဲ့ ရာဇဝတ်ပြစ်မှုကျူးလွန်သည်ဟု ရုံးတင်တရား စွဲဆိုထားခြင်း မပြုအပ်သည်ကိုလည်း သတိချပ်ရန် လိုအပ်သည်။ ရာဇဝတ်ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူသည် ထုချေဖြေရှင်းရန် ရုံးသို့

ဦးမောင်မောင်နှင့် ပြည်ထောင်စုပြန်မာနိုင်ငံ။

၁၉၆၆ လာရောက်ရခြင်းနှင့် ရွှေနေရွှေရပ်များ ငှါးရမ်းရသဖြင့် ငွေကြေးကုန်ကျခြင်း စသည့်ဒုက္ခများအပြင်၊ အပြစ်ဒဏ်ကျခံရမည်လောဆိုသည့်စိတ်သောကကိုလည်း၊ နာရီ မလပ်ခံစားနေရသဖြင့်၊ တိုင်းပြည်အတွက် အလွန် လိုအပ်နေသည့်ငင်း၏ လုပ်အားကို အပြည့်အဝ ရနိုင်လိမ့်မည် မဟုတ်တော့ပေ။ သို့ဖြစ်ရာ အစုပ်စွဲခံရသူ အဘိုလည်း မသက်သာ၊ တိုင်းပြည်အတွက်လည်း အကျိုးယုတ်စေမည့် အကြောင်းမဲ့ဆုဇဝတ်မှု တရားစွဲဆိုခြင်း ကိစ္စမျိုးကို အားပေးရန် မသင့်ချေ။

ဤအမှုပေါ် ပေါက်လာရသည့် အကြောင်းခြင်းရာ အတိုချုပ်မှာ၊ လွန်ခဲ့သည့် ၁၉၆၁ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် တောင်ငူမြို့၊ အုတ်ကျုတ်တန်းရပ်နေ၊ မူလရုံး တရားလို ဦးမိန်ရှိန်းသည် ၎င်း၏ ဂျီ၊ အမ်၊ စီ၊ သစ်ဆွဲကားအမှတ် တောင်ငူ၊ ၆၇၉ ကို၊ သက်သေခံအမှတ် "၁" အရောင်းအဝယ်စာချုပ်ဖြင့်၊ လျှောက်ထားသူ ဦးမောင်မောင်အား တန်ဘိုးငွေ ၂၀,၀၀၀ နှင့် ရောင်းချခဲ့၏။ တနေ့တည်းတချိန်တည်း၌ပင် လျှောက်ထားသူ ဦးမောင်မောင်က ကြိုးပြင် ၂၄ ကွင်းမှ ၎င်းကိုယ်ပိုင် ထုတ်လုပ်မည့် ကညင်သစ်တန် ၂၀၀ ကို တတန်လျှင် ၁၀၀ နှုန်းနှင့်ရောင်းချကြောင်း၊ သစ်ဘိုးငွေ ၂၀,၀၀၀ ကို ဦးမောင်မောင်က လက်ခံရရှိကြောင်း၊ သက်သေခံ "က" စာချုပ်ဖြင့် ရောင်းချလေသည်။ ယင်းသို့ ဦးမိန်ရှိန်းနှင့် ဦးမောင်မောင်တို့ အပြန်အလှန်အရောင်းအဝယ် စာချုပ် ချုပ်ဆိုကြသော်သည်း၊ တဦးနှင့် တဦး ငွေအပေးအယူ မရှိကြချေ။ မော်တော်ကား၏တန်ဘိုးကို သစ်ထုတ်လုပ်ခွင့်တွင် သစ်များပေးရန် ဖြစ်လေသည်။ ဦးမိန်ရှိန်းနှင့် ဦးမောင်မောင်တို့မှာ သမီးယောကျ်ား များဖြစ်ကြပြီး၊ ထိုကဲ့သို့ စာချုပ် ချုပ်ဆိုစဉ် အချိန်အခါက၊ တအိမ်တည်း နေထိုင် ကြလေသည်။ ထို့နောက် သစ်တန် ၂၀၀ ကို ပေးအပ်ရန် အချိန်ကျရောက်သောအခါ၊ ဦးမောင်မောင်သည် သစ်များကိုပေးအပ်ရန် ပျက်ကွက်ခဲ့သည်။ ယင်းသို့သစ်များကိုပေးရန်ပျက်ကွက်သဖြင့်၊ မော်တော်ကားကို ပြန်တောင်းရာ မရသောကြောင့် ဦးမိန်ရှိန်းက ဦးမောင်မောင်အပေါ် ဆုဇသတ်ပုဒ်မ ၄၂၀ အရ၊ မူလရုံး၌ ဦးတိုက်တရားစွဲဆိုခဲ့ခြင်းဖြစ်လေသည်။

လူတဦးတယောကျ်အား ၎င်း၏ပစ္စည်း သို့မဟုတ် ငွေကိုပေးအပ်စေရန် လိမ်လည်၍ မရိုးဖြောင့်သော သဘောနှင့် သွေးဆောင်မှုသာ၊ ဆုဇသတ်ပုဒ်မ ၄၂၀ အရ၊ အကျုံးဝင်မည်ဖြစ်သည်။ ပစ္စည်း သို့မဟုတ် ငွေကို ပေးအပ်ခြင်းမပြုမီ၊ တရားခံက ထိုသူအား လိမ်လည်လှည့်ဖြားခဲ့သည် ဆိုသော အချက်ရှိရန်လိုပေသည်။ ပစ္စည်း၊ သို့မဟုတ် ငွေကို ပေးအပ်စေရန် သွေးဆောင်ခြင်းပြုလုပ်ချိန်၌ တရားခံသည် လိမ်လည်လှည့်ဖြားခြင်းမရှိပါမူ၊ ၎င်းအပေါ် ဆုဇဝတ် ကြောင်းအရ တရားမစွဲဆိုနိုင်။

မောင်ဘိုးလူ နှင့် နိုင်ငံတော်(၁)၊ ပြည်ထောင်စု နှင့် ဦးခင်မောင်လတ် (၂)၊ မစ္စတာ ဒီ၊ဂျာ ပီ(လ်) နှင့် ပြည်ထောင်စု(၃)၊ မရွှေ(ခေါ်) မကျင်ရွှေ နှင့် ပြည်ထောင်စု (၄)၊ဦးစိန်နှင့် ပြည်ထောင်စု(၅) တို့မှာ အလားတူအဆုံးအဖြတ်ပြုထားသည့်စီရင်ထုံး အချို့ပင်ဖြစ်လေသည်။

ယခုအမှုတွင်၊ လျှောက်ထားသူသည် သက်သေခံအမှတ် "၁" အရောင်းအဝယ် စာချုပ်ကို ချုပ်ဆိုပြီးနောက်၊ မော်တော်ကားအား ၎င်း၏ ကြေးငွေဖြင့် ပြင်ဆင်ထားကြောင်း ဦးမိန်ရှိန်းကိုယ်တိုင်က ဝန်ခံထားသောကြောင့်၊ ၎င်းတို့ နှစ်ဦးကားအရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းမှာ ဟန်ဆောင်အရောင်းအဝယ်မဟုတ်၊ အပြီးအပိုင် အရောင်းအဝယ်ဖြစ်ကြောင်း ပေါ်လွင်သည်။ ယင်းသို့ မော်တော်ကားကို ဝယ်စဉ် လျှောက်ထားသူက ထိုမော်တော်ကား၏ တန်ဘိုးငွေဖြစ်သော ငွေ ၂၀,၀၀၀ အတွက် ကညင်သစ်တန် ၂၀၀ ကို သစ်ထုတ်လုပ်ချိန်၌ ဦးမိန်ရှိန်းအား အပ်ပေးရန် သဘောတူခဲ့၏။ လျှောက်ထားသူသည် သစ်စက်ပိုင်ရှင်တဦး ဖြစ်သည်သာမက သစ်ထုတ်လုပ်ရန် ကိုယ်ပိုင်ကြိုးဝိုင်းလည်း ရှိသူဖြစ်ကြောင်း၊ ဦးမိန်ရှိန်းဘက်မှ ငြင်းဆိုနိုင်ခြင်း မရှိသဖြင့် ယင်းသို့သစ်တန် ၂၀၀ ကိုအပ်ပေးရန် သဘောတူစဉ်က လျှောက်ထားသူသည် သစ်များကို အပ်ပေးရန် အခြေအနေမရှိဘဲ လိမ်လည်လှည့်ဖြားရန် စာချုပ် ချုပ်ဆိုခဲ့သည်ဟု မဆိုနိုင်ပေ။သို့ဖြစ်၍ လျှောက်ထားသူက အချိန်ကျ၍ သစ်များကို ပေးအပ်ရန်ပျက်ကွက်သော ကိစ္စမှာ ရာဇဝတ်ကြောင်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိ၊ တရားမကြောင်းဖြင့်သာ တရားစွဲဆို တောင်းခံရပေမည်။

အထက်ပါအကြောင်းများကြောင့်လျှောက်ထားသူ ဦးမောင်မောင်အားဆုဇယတ် ပုဒ်မ ၄၂၀ အရ၊ ထပ်မံစစ်ကြော စီရင်ချမှတ်ခဲ့သော တောင်ငူမြို့၊ ပညာရှိခရိုင်ဆုဇဝတ် တရားသူကြီး၏ အမိန့်ကို ပယ်ဖျက်ပြီး၊ လျှောက်ထားသူအား တရားရှင်လွှတ်ခဲ့သည့် တောင်ငူမြို့၊ ပညာရှိ စတုတ္ထဆုဘက် ဆုဇဝတ်တရားသူကြီး၏ အမိန့်ကို အတည်ပြုလိုက်သည်။

---

(၁) အတွဲ ၁၊ ရန်ကုန်၊ စာ ၃၉၇။
(၂) ၁၉၅၂ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၁၁၄ (တရားလွှတ်တော်)။
(၃) ၁၉၅၃ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၂၈၀ (တရားလွှတ်တော်)။
(၄) ၁၉၅၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၃၀၆ (တရားလွှတ်တော်)။
(၅) ၁၉၆၀ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၂၃၅ (တရားလွှတ်တော်)။

နိုင်ငံတော်တရားရုံးချုပ်

တရားမပဋိမအယူခံမှု

တရားသူကြီး ဦးထွန်းတင် ရွှေတွင်

† ၁၉၆၆

ဇွန်လ ၁၁ ရက်။

ဦးလှမြိုင် (အယူခံတရားလို)

နှင့်

ဗုဒ္ဓသာသနဥနုဂ္ဂဟအဖွဲ့၊ ၎င်း၏အတွင်းရေးမှူး ဦးလှစိန် (အယူခံတရားခံ) *

မြေပေါ်တွင် ကျူးကျော်၍ ဆောက်လုပ်ထားသည့် အဆောက်အဦများကို ဖယ်ရှားပေးရန်နှင့် မြေကိုလက်ရှိရရှိရန် တရားစွဲဆိုမှု—ဒွေချေးငှါးသည်နှင့် ပတ်သက်၍ အော်ဒိမ်စာချုပ် မတင်ပြနိုင်ခြင်း—ကတိစာချုပ်တွင် မြေ၏ စာချုပ် စာတမ်းများကို အပေါင်သဘောဖြင့်ပေးအပ်ကြောင်း မဖော်ပြခြင်း—ပစ္စည်းလွှဲပြောင်းရေး ဥပဒေပုဒ်မ ၅၈ အက်(ဖ်)၊ပုဒ်မ ၆၉(၁)(စီ) ပုဒ်မ ၆၉(၂) (ဧအ)၊ ပုဒ်မ ၆၉ (၂)(ဘီ)များအရ ရောင်းပိုင်ခွင့်ရှိမရှိ—မိမိဝယ်ယူခဲ့ကြောင်း ပိုင်ဆိုင်သည့်အနေဖြင့် မြေကိုလက်ရောက်ရရှိရန် တရားစွဲဆိုမှု—တရားဝင်ပိုင်ဆိုင်ကြောင်း ပေါ်လွင်အောင် ပြသနိုင်ခြင်း မရှိခြင်း—တောင်းဆိုသည့် သက်သာခွင့်ကို ရရှိရန် ခွင့် မရှိ။

ဆုံးဖြတ်ချက်။ ။အက်(စ်)အမ်(မ်)နှာနှာဘာဝါးက ဦးရွှမ်းဘိုထံမှငွေ ၇,၅၀၀၊ ချေးငှါးခဲ့သည့်နှင့်ပတ်သက်၍ အော်ဒိမ်စာချုပ်ကိုလည်း တင်ပြနိုင်ခြင်းမရှိသည်ဖြင့်၊ သက်သေခံ(၄)ကတိစာချုပ်တွင် အချင်းဖြစ်မြေ၏ စာချုပ်စာတမ်းများကို အပေါင်သဘောအဖြစ် ဦးရွှမ်းဘိုထံသို့ ပေးအပ်ခဲ့ကြောင်း၊ မည်သို့မျှ တိကျစွာဖော်ပြထားခြင်းမရှိ။ ထို့ကြောင့်အချင်းဖြစ်မြေကို ပိုင်ရှင်တဦးဖြစ်သူ အက်(စ်)၊အမ်(မ်)နှာနှာဘာဝါးကဦးရွှမ်းဘိုသို့ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၅၈ အက်(ဖ်)အရ စာချုပ်စာတမ်းများ အပ်နှံသည့် အပေါင်အဖြစ် ပေါင်နှံထားခဲ့ကြောင်း မည်သို့ထင်ရှားခြင်း မရှိပေ။ တဖန်ဦးရွှမ်းဘိုက သက်သေခံအမှတ် (၄) ကတိစာချုပ်ပါ စည်းကမ်းချက်အရ ချေးငွေကို သတ်မှတ်သည့် အချိန်တွင် ပြန်ဆပ်ခြင်း မပြုသဖြင့် ပေါင်နှံထားသည့်အချင်းဖြစ်မြေကို တရားလိုသို့ ရောင်းပိုင်ခွင့်ရှိသည့်အတိုင်း ရောင်းချလိုက်သည် ဆို သော်လည်း ထိုသို့ ရောင်းချခဲ့ခြင်းမှာ ပစ္စည်းလွှဲပြောင်းရေး ဥပဒေ ပုဒ်မ ၆၉(၂) (စီ)တွင် ပြဆိုထားသည့် အတိုင်း ရောင်းချနိုင်ရန် အပေါင်စာချုပ်စာတမ်း မရှိသည်တကြောင်း၊ပုဒ်မ ၆၉(၂)(ဧအ)တွင် ပြဆိုထားသည့်အတိုင်း ချေးငွေများ

---

* ၁၉၆၄ ခုနှစ်၊ တရားမ ပဋိမအယူခံမှုအမှတ် ၄၉။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၉၉ တွင်၊ ရန်ကုန်မြို့တော် တရားမရုံးတရားသူကြီးချုပ် ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

ကို ၃ လအတွင်းပေးဆပ်ရန် မြီစားသို့ နို့တစ်စာထုတ်ဆင့်ခဲ့ကြောင်း မည်သို့မျှ မတွေ့ရှိရသည့်အပြင် ပုဒ်မ ၆၉(၂)(ဘီ)တွင် ပြဆိုထားသည့် အတိုင်း အတိုးငွေများမှာ ၅၀၀ ကကျော်နေကြောင်း ကိုလည်း မတွေ့ရှိရသဖြင့် အပေါင်ခံသည်ဆိုသူ ဦးရှမ်းဘိုက အချင်းဖြစ်မြေကို ဥပဒေအရရောင်းပိုင်ခွင့်ရှိမည်မဟုတ်ပေ။ ထို့အတွက် အယူခံတရားလိုက အချင်းဖြစ်မြေကို ဦးရှမ်းဘိုထံမှ ဝယ်ယူခဲ့ခြင်းမှာ မည်သို့မျှ တရားဝင်ပိုင်ဆိုင်ခြင်း ဖြစ်ခဲ့သည်ဟု ယူဆရန်မဖြစ်။

ဦးမင်းစိန် နှင့် မဟာမက်ရှဖီ၊ ၁၉၅၅၊ မြန်မာပြည်စီရင်ထုံး၊ စာ ၁၃၀၊ ရည်ညွှန်းသည်။

အချင်းဖြစ်မြေကို လက်ရောက်ရရှိရန် မိမိဝယ်ယူ၍ တရားဝင်ပိုင်ဆိုင်သည့် အနေဖြင့်၊ တရားစွဲဆိုသော အမှုမျိုးတွင် တရားစွဲဆိုသူသည် အချင်းဖြစ်ပစ္စည်းကို တရားဝင်ပိုင်ဆိုင်ကြောင်း ပေါ်လွင်အောင် ပြသနိုင်ခြင်းမရှိက၊ တောင်းဆိုသည့် သက်သာခွင့်ကို မည်သို့မျှ ရရှိရန်မရှိ။

အေးအယ်(လ်)အာ(ရ်)အ(မ်)အရှန်နာချာလနှ် ချစ်တီးယား နှင့် ကိုထူးမောင် ပါ ၁၊ အေးအိုင်၊အာ(ရ်)၊ ၁၉၃၃၊ **ရန်ကုန်စာ** ၁၇၄၊ ရည်ညွှန်းသည်။

အယူခံတရားလိုအဘက်။ ။ဦးသန်းမောင်။

အယူခံတရားခံအတွက်။ ။ဦးလှသိန်း။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှာ၊ ရန်ကုန်မြို့ တရားမရုံး၊ ၁၉၆၂ ခုနှစ် တရားမကြီးမှုအမှတ် ၁၁၉၉ တွင်၊ တရားလိုဖြစ်သူ၊ အယူခံတရားလို ဦးလှမြိုင်က အချင်းဖြစ် ရန်ကုန်မြို့၊ သာသနာ့ရိပ်သာလမ်းရှိ၊ တာမေတိုက်နယ် မြေတိုင်း ရပ်ကွက်၊ အမှတ် ၃၅၊ ဦးပိုင် အမှတ် ၆၂၊ မြေဧရိယာ ၁ ဒသမ ၅၂၂ မြေကွက်ကို၊ ၎င်းသည်၊ ဦးရှမ်းဘိုဆိုသူထံမှ သက်သေခံအမှတ် (ခ) ရေစစ်ခရီစာချုပ်အရ၊ ဝယ်ယူပိုင်ဆိုင်ခဲ့၊ သဖြင့်၊ အယူခံတရားခံဖြစ်သူ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့အား ၎င်းတို့ ထိုမြေပေါ်တွင် ကျူးကျော်၍ ဆောက်လုပ်ထားသည့် အဆောက်အဦမျာ်းကို ဖယ်ရှားပေးရန်နှင့် မြေကို လက်ရှိရရှိရန် တရားစွဲဆိုခဲ့သည်ကို၊ အောက်ရုံးမှ စရိတ်နှင့် တကွ ပလပ်လိုက်သဖြင့်၊ အယူခံတရားလိုက တင်သွင်းခဲ့သည့်အယူခံမှုဖြစ်သည်။

တရားခံဖြစ်သူ အယူခံတရားခံများက၊ အချင်းဖြစ်သည့်မြေမှာ၊ အယူခံတရားလိုဖြစ်သူ ဦးလှမြိုင် ဝယ်ယူပိုင်ဆိုင်သည်ဆိုသည်ကို ငြင်းဆို၍၊ တရားလိုစွဲဆိုသည့်အတိုင်း ထိုမြေကို လက်ရောက်ရရှိနိုင်ရန် အခွင့်အရေးမရှိပါဟု ချေပလေသည်။

မူလရုံး၏ စီရင်ချက်တွင် ဖော်ပြထား၍ တွေ့ရှိရသည်မှာ၊ အချင်းဖြစ်မြေနှင့် ပတ်သက်၍၊ ရှေးဦးစွာ၊ အယူခံတရားခံများဖြစ်သူ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့မှ အယူခံတရားလိုအပေါ်၊ ထိုမြေကို လက်ရောက်ရရှိ၍ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၉ အရ ရန်ကုန်မြို့ တရားမရုံး၊ ၁၉၆၂ ခုနှစ်၊တရားမကြီးမှု အမှတ် ၁၁၃၄ တွင် စွဲဆိုခဲ့ပြီးနောက်မှ အယူခံတရားလိုက၊ ယခုအမှုကို အယူခံတရားခံအပေါ် တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။နှစ်ဦး

နှစ်တက်တို့က၊ ယခုအမှုကို ရှေ့ဦးစွာ ဆုံးဖြတ်ပြီးမှ၊ အယူခံတရားခံများ စွဲဆိုသည့်အမှုကို ဆက်လက် စဉ်းစားကြရာ သဘောတူညီခဲ့သဖြင့် အယူခံတရားခံများ စွဲဆိုသည့် အမှုအမှတ် ၁၁၃၄/၆၂ ကို ယခုအမှုပြီးဆုံးသည့်တိုင် ဆိုင်းငံ့ထားခဲ့လေသည်။

ယခုအမှုတွင် ပေါ်လွင်သည့် သက်သေခံချက်များအရ တွေ့ရှိရသည်မှာ အချင်းဖြစ်မြေကို မူလက အမ်(မ်)အက်(စ်) နာနာဘာဝါးဆိုသူပိုင်ဆိုင်၍ ၎င်းမှာ ၁၉၃၉ ခုနှစ်တွင် သေဆုံးသွားပြီး အမွေစားအမွေခံများအဖြစ် သားသမီး ၁၂ ယောက် ကျန်ရစ်ခဲ့သည်တွင် အကြီးဆုံးသားမှာ အက်(စ်)အမ်၊ နာနာဘာဝါး ဖြစ်လေသည်။ အက်(စ်)အမ်၊ နာနာဘာဝါးသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဦးရှမ်းဘိုဆိုသူထံမှ ငွေ ၇၅၀၀/- ချေးယူပြီး အချင်းဖြစ်သည့်မြေနှင့် ပတ်သက်သည့် စာချုပ်စာတမ်းများကို အပေါင်သဘောနှင့် ဦးရှမ်းဘိုထံ သက်သေခံအမှတ် (၄) ကတိစာချုပ်အရ အပ်နှံထားခဲ့ကြောင်း။ ထိုကတိစာချုပ်တွင် ချေးငွေကို အက်(စ်)၊ အမ်၊ နာနာဘာဝါးသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၃ ရက်နေ့တွင် ပြန်၍ မဆပ်ပေးနိုင်ပါက ဦးရှမ်းဘိုက ပေါင်နှံထားသည့်မြေကို ရောင်းပိုင်ခွင့် ရှိပါသည်ဟု ပေါ်သူက သဘောတူညီခဲ့လေသည်။ ထိုသဘောတူညီချက်အရ ၁၉၆၁ ခုနှစ်၊ စက်တင်ဘာလ၊ ၂၁ ရက်နေ့တွင် ဦးရှမ်းဘိုက အချင်းဖြစ်မြေကို အယူခံတရားလိုသို့ သက်သေခံအမှတ် (ခ) အရောင်းအဝယ် ရေစစ္စရီ စာချုပ်အရ ရောင်းချလိုက်ခြင်း ဖြစ်သည်။

အမှုတွင် တရားခံဖြစ်သူ အယူခံတရားခံများက အချင်းဖြစ်မြေကို တရားလိုဖြစ်သူ အယူခံတရားလိုသည် ပိုင်ဆိုင်ခွင့် မရှိ၍ လက်ရောက်မရထိုက်ပါဟု ငြင်းဆိုထားသဖြင့် အောက်ရုံးမှ ကောက်ချက် ၃ ခု ထုတ်နှတ်ခဲ့ရာ အရေးကြီးသည့် ကောက်ချက်မှာ ပထမ ကောက်ချက် ဖြစ်သည့် "အချင်းဖြစ်မြေကို တရားလိုက တရားဝင်ပိုင်ဆိုင်ပါသလား" ဆိုသည့် ကောက်ချက် ဖြစ်သည်။ ၎င်းကောက်ချက်နှင့် ပတ်သက်၍ သက်သေခံချက်များကို ကြည့်ရှုသောအခါ အချင်းဖြစ် မြေကို ပိုင်ရှင် အမ်(မ်)၊ အက်(စ်)၊ နာနာဘာဝါး သေဆုံးသောအခါ ၎င်း၏ အမွေစား အမွေခံများ ဖြစ်သည့် သားသမီး ၁၂ ယောက်က ပိုင်ဆိုင်သဖြင့် ထိုသားသမီး ၁၂ ယောက်အနက် အကြီးဆုံးဖြစ်သူ အက်(စ်)၊ အမ်၊ နာနာဘာဝါးတစ်ယောက်တည်းက ဦးရှမ်းဘိုအား ပေါင်ခဲ့သည်ဆိုသည်မှာ အပေါင်အထမြောက်သည်ဟု မဆိုနိုင်သည့်အပြင် ဦးရှမ်းဘို ကလည်း သက်သေခံ (၄) ကတိစာချုပ်တွင် ပါရှိသည့်အတိုင်း ချေးငွေများကို မရ ရှိသဖြင့် ရောင်းချလိုက်သည်ဆိုသော်လည်း ထိုသို့ ရောင်းချ နိုင်ရန် ပစ္စည်း လွှဲပြောင်းရေး ဥပဒေပုဒ်မ ၆၉ (ဇိုအပ်ချက်) များနှင့် အညီ ဆောင်ရွက် ခဲ့ခြင်း မရှိ သဖြင့် မြေကို ဝယ်ယူ ခဲ့သူ အယူခံ

တရားလိုသည်၊ အချင်းဖြစ် မြေနှင့် ပတ်သက်၍၊ ပိုင်ဆိုင်ခွင့် ရရှိသည်ဟု မယူဆနိုင်ဆိုပြီး၊ အယူခံတရားလိုစွဲဆိုသည့် အမှုကို စရိတ်နှင့် တကွ ပလပ်လိုက်ခြင်းဖြစ်သည်။

ယခုအယူခံမှု တင်သွင်းရာတွင်၊ အယူခံတရားလိုက၊ သက်သေခံအမှတ် (၄) ကတိစာချုပ်အရ၊ အချင်းဖြစ်မြေကို၊ ဦးရှမ်းဘိုအား အပေါင်အဖြစ် ပေးထားခဲ့ကြောင်းမှာ ၎င်းစာချုပ်တွင် ရည်ညွှန်းထားချက်များအရ၊ ပေါ်လွင်သဖြင့်၊ ဦးရှမ်းဘိုက၊ ထိုအပေါင်ပစ္စည်းကို၊ အယူခံတရားလိုသို့ ရောစွရှိစာချုပ်အရ၊ ရောင်းချခဲ့သဖြင့် ၊အယူခံတရားလိုသည်သာ၊ အချင်းဖြစ် မြေ၏ တရားဝင်ပိုင်ဆိုင်သူ ဖြစ်ပါသည်ဟု၊ ယူဆသင့်ကြောင်းပြဆိုပေသည်။ သို့ရာတွင်၊ ယခုအမှု၌၊ အချင်းဖြစ်မြေကို မူလပိုင်ရှင် အမ်(မ်)၊ အက် (စ်)၊ နာနာဘာဝါး သေဆုံးသွားသောအခါ၊ ၎င်း၏ အမွေစားအမွေခံများဖြစ်သူ သားသမီး ၁၂ ယောက်တို့က ပိုင်ဆိုင်လာကြောင်းနှင့်၊ ထိုမြေကိုသားတယောက်တည်းကသာ အပေါင်ပြုလုပ်ရန် အခွင့်အရေးမရှိကြောင်းကို၊ အယူခံတရားလိုအတွက် လိုက်ပါ ဆောင်ရွက်သည့် ပညာရှိ ရွှေနေကြီးက ဝန်ခံပေသည်။

တဖန်၊ ယခုအမှုတွင် အက် (စ်)၊ အမ်၊ (မ်)၊ နာနာဘာဝါးက၊ ဦးရှမ်းဘိုထံမှ ငွေ ၇,၅၀၀ ချေးငှါးခဲ့သည်နှင့် ပတ်သက်၍၊ အော်ဒီမံ စာချုပ်ကိုလည်း၊ တင်ပြနိုင်ခြင်း မရှိသည့်ပြင်၊ သက်သေခံ (၄) ကတိစာချုပ်တွင်၊ အချင်းဖြစ် မြေ၏ စာချုပ်စာတမ်းများကို အပေါင်သဘောအဖြစ် ဦးရှမ်းဘိုထံသို့ ပေးအပ်ခဲ့ကြောင်း၊ မည်သို့မျှ တိကျစွာ ဖေါ်ပြထားခြင်းမရှိကြောင်းကို မငြင်းဆိုနိုင်ပေ။ ထို့ကြောင့် အချင်းဖြစ်မြေကို ပိုင်ရှင်တဦးဖြစ်သူ အက် (စ်)၊ အမ် (မ်) နာနာဘာဝါးက ဦးရှမ်းဘိုသို့ ပစ္စည်းလွှဲပြောင်းရေး ဥပဒေပုဒ်မ ၅၀ အက် (ဖ်) အရ၊ စာချုပ် စာတမ်းများ အပ်နှံသည့် အပေါင်အဖြစ်၊ ပေါင်နှံထားခဲ့ကြောင်း၊ မည်သို့မျှထင်ရှားခြင်းမရှိပေ။ တဖန် ဦးရှမ်းဘိုက၊ သက်သေခံအမှတ် (၄) ကတိစာချုပ်ပါ စည်းကမ်းချက်အရ၊ ချေးငွေကို သတ်မှတ်သည့် အချိန်တွင်၊ ပြန်ဆပ်ခြင်း မပြုသဖြင့်၊ ပေါင်နှံထားသည့် အချင်းဖြစ်မြေကို၊ တရားလိုသို့ ရောင်းပိုင်ခွင့် ရှိသည့်အတိုင်း၊ ရောင်းချလိုက်သည်ဆိုသော်လည်း၊ ထိုသို့ ရောင်းချခဲ့ခြင်းမှာ၊ ပစ္စည်းလွှဲပြောင်းရေး ဥပဒေပုဒ်မ ၆၉ (၁) (စီ) တွင် ပြဆိုထားသည့်အတိုင်း ရောင်းချနိုင်ရန်၊ အပေါင်စာချုပ် စာတမ်းမရှိသည်တကြောင်း၊ ပုဒ်မ ၆၉ (၂) (အေ) တွင်၊ ပြဆိုထားသည့်အတိုင်း၊ ချေးငွေများကို ၃ လအတွင်း၊ ပေးဆပ်ရန် မြို့စားသို့နို့တစ်စာ ထုတ်ဆင့်ခဲ့ကြောင်း၊ မည်သို့မျှ မတွေ့ရှိရသည့်အပြင်၊ ပုဒ်မ ၆၉ (၂) (ဘီ) တွင် ပြဆိုထားသည့် အတိုင်း၊ အတိုးငွေ များများမှာ ၅၀၀ က ကျော်ကြောင်းကိုလည်း မတွေ့ရှိရသဖြင့် **ဦးမင်းစိန်နှင့် မဟာမက်ရှဖီ** ပါ (၁) (၁) တွင် ပြဆိုထား

(၁) ၁၉၅၅ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး စာမျက်နှာ ၁၃၀။

၁၉၆၆ — ဦးလှမြိုင်နှင့် ဗုဒ္ဓသာသနာ့နဂိုဟာအမွှေ၊ ၎င်း၏ အတွင်းရေးမှူး ဦးလှစိန်။

သည့်အတိုင်း အပေါင်ခံသည်ဆိုသူ ဦးရှမ်းဘိုက၊ အချင်းဖြစ် မြေကို၊ ဥပဒေအရ ရောင်းပိုင်ခွင့် ရှိမည်မဟုတ်ပေ။ ထို့အတွက် အယူခံတရားလိုက အချင်းဖြစ် မြေကို ဦးရှမ်းဘို ထံမှ ဝယ်ယူခဲ့ခြင်းမှာ မည်သို့မျှ တရားဝင်ပိုင်ဆိုင်ခြင်း ဖြစ်ခဲ့သည်ဟု ယူဆရန်မဖြစ်နိုင်ကြောင်းကို၊ အယူခံ တရားလိုအတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိ ဒွေနေကြီးက မငြင်းဆိုနိုင်ပေ။

ထို့ကြောင့် အောက်ရုံးမှ အယူခံတရားလိုသည်၊ အချင်းဖြစ် မြေကို တရားဝင်ပိုင်ဆိုင်ခဲ့ကြောင်း မတွေ့ရှိရဆိုပြီး၊ ၎င်းက လက် ရောက်ရရှိရန်တရားစွဲဆိုခဲ့သည်ကို၊ ခွင့်မပြုဘဲ ပလပ်လိုက်ခြင်းမှာ ဥပဒေအရသော်၎င်း၊ သက်သေခံ အထောက်အထား များအရသော်၎င်း၊ မှားယွင်းချွတ်ချော်ခြင်းဖြစ်နေသည်ဟု မည်သို့မျှ မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော်၊ ယခုကဲ့သို့ အချင်းဖြစ် မြေကို လက်ရောက်ရရှိရန် မိမိဝယ်ယူ၍ တရားဝင်ပိုင်ဆိုင်သည့် အနေဖြင့်၊ တရားစွဲဆိုခဲ့သော အမှုမျိုးတွင် တရားစွဲဆိုသူသည်၊ အချင်းဖြစ် ပစ္စည်းကို၊ တရားဝင်ပိုင်ဆိုင်ကြောင်း ပေါ်လွင်အောင် ပြသနိုင်ခြင်းမရှိက၊ တောင်းဆိုသည့် သက်သာခွင့်ကို၊ မည်သို့မျှ ရရန်မရှိကြောင်းကို **အေ၊ အယ် (လ်)၊ အာ (ရ်)၊ အမ် အဋ္ဌနာချာလန်ချစ်တီးယား** နှင့် **ကိုထူးမောင် ပါ (၁)(၂)** စီရင်ထုံးတွင်၊ အတိအလင်း ပြဆိုထားသောကြောင့် ဖြစ်ပေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ ယခုအယူခံမှုကို ခွင့်ပြုရန် အကြောင်းမည်သို့မျှ မရှိသဖြင့်၊ အယူခံမှုကို စရိတ်နှင့် တကွ ပလပ်လိုက်သည်။

---

(၂) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၃၊ ရန်ကုန်၊ စာမျက်နှာ ၁၇၄။

နိုင်ငံတော် တရားရုံးချုပ်

တရားမ အထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးသက်ဖေတို့ရှေ့တွင်

ဦးအေးမောင် (လျှောက်ထားသူ)

နှင့်

ဦးကြည်ပါ ၃ (လျှောက်ထားခံရသူများ)*

† ၁၉၆၆ ဇွန်လ ၁၄ ရက်။

အမှုခေါ် စာချွန်တော် အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားခြင်း—မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ—အိမ်ရှင်၊ သို့မဟုတ် အိမ်ငှါးက လျှောက်ထားလျှင် စံငှါးရမ်းခ သတ်မှတ်ပေးရန် ကြီးကြပ်ရေးဝန်၏တာဝန်—ဥပဒေက အပ်နှင်းထားသော အာဏာအတွင်းက ထမ်းဆောင်ခြင်းဖြစ်ရာ ကြီးကြပ်ရေးဝန်၏ အမိန့်ကို ဤအချက်နှင့် ပတ်သက်၍ ပယ်ဖျက်ရန် အကြောင်းမြင် မမြင်—တရားဝင်ဆိုက်ရောက်လာသော မှုခင်းများကို စစ်ဆေးရာ၌ မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ကို သုံးစွဲ၍ ဆုံးဖြတ်ကြရခြင်း—အမှုသည်များက လက်ခံသဘောတူကြသည် ဆိုလျှင် သဘောတူသည့်အတိုင်း ရုံးကလည်း လက်ခံနိုင် မနိုင်—အများနှင့်ဆိုင်သည့်ပြဿနာကိုလိုအပ်သော စုံစမ်းစစ်ဆေးခြင်းကိုပြုလုပ်ကာအဆုံးအဖြတ်ကိုယ်ပိုင်ဉာဏ်ဖြင့် ပေးရခြင်း—အိမ်ကိုစံငှါးရမ်းခ သတ်မှတ်ပေးခြင်းသည် အများနှင့် ပတ်သက်သောပြဿနာဟုတ် မဟုတ်—မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၄၃—အချင်းဖြစ်အိမ်နှင့် သက်ဆိုင်ခြင်းရှိမရှိ—ကြီးကြပ်ရေးဝန်က အမှုကို ဆက်လက်ကိုင်တွယ် စစ်ဆေး၍ ဆုံးဖြတ်ရန်အာဏာရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အိမ်ငှါးသည့်စာချုပ်ကို ဆန့်ကျင်၍ စံငှါးရမ်းခသတ်မှတ်ရန် ကြီးကြပ်ရေးဝန်ထံသွားရောက်လျှောက်ခဲ့သည်မှန်၏။ သို့ရာတွင်အိမ်ရှင်၊ သို့မဟုတ် အိမ်ငှါးကလျှောက်ထားလျှင် စံငှါးရမ်းခ သတ်မှတ်ပေးရန် ကြီးကြပ်ရေးဝန်၏ တာဝန်ဖြစ်သည်။ ကြီးကြပ်ရေးဝန်သည် လိုအပ်သည် ထင်က မိမိသဘောအတိုင်းလည်း စံငှါးရမ်းခကို သတ်မှတ်ပေးနိုင်သည်။ ထို့သို့လျှောက်ထားသည်နှင့် တပြိုင်နက် ကြီးကြပ်ရေးဝန်က ဥပဒေပါ နည်းလမ်းအတိုင်း ဆောင်ရွက်ရန် တာဝန်ဖြစ်ပေါ်လာသဖြင့် ထိုတာဝန်ကို ဥပဒေကအပ်နှင်းထားသော အာဏာအတွင်းက ထမ်းဆောင်ခြင်းဖြစ်ရာ ကြီးကြပ်ရေးဝန်၏ အမိန့်ကို ဤအချက်နှင့် ပတ်သက်၍ ပယ်ဖျက်ရန်အကြောင်းမမြင်။

---

* ၁၉၆၆ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာအမှတ် ၂၂။

† ရန်ကုန်မြို့၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်ရုံး၏ အမှုအမှတ် ၄၀၀ အေ/၆၄ တွင် ၁၉-၁၁-၆၅ နေ့စွဲပါအမိန့်ကို မကျေနပ်၍ အမှုခေါ် စာချွန်တော်အမိန့်ထုတ်ဆင့် ပေးရန် လျှောက်ထားသော လျှောက်လွှာ။

၁၉၆၆

ဦးအေးမောင်နှင့် ဦးကြည် ပါ ၃။

တရားရုံး၊ သို့မဟုတ် မှုခင်းစီရင်ဆုံးဖြတ်သကဲ့သို့ ဆောင်ရွက်ဆုံးဖြတ်ရမည့်တာဝန်ကို ထမ်းဆောင်ရသော ရုံး၊ ပုဂ္ဂိုလ် စသူတို့သည် မိမိတို့ရှေ့မှောက်သို့ တရားဝင် ဆိုက်ရောက်လာသော မှုခင်းများကို စစ်ဆေးစီရင်ရာ၌ မိမိတို့၏ကိုယ်ပိုင်ဉာဏ်ကို သုံးစွဲ၍ ဆုံးဖြတ်ကြရသည်။ တဘက်တချက်အမှုသည် များနှင့်သာ ဟာသက်သော အကြောင်းအချက် ပြဿနာပေါ်တွင် ထိုအမှုသည်များက လက်ခံသဘောတူကြသည်ဆိုလျှင်၊ ထိုသို့ သဘောတူသည့်အတိုင်း ရုံးကလည်း လက်ခံနိုင်သည်။ သို့ရာတွင် အကြောင်း အချက် ပြဿနာသည် အမှုသည်များနှင့် သာမက အများနှင့်လည်း ဆိုင်သည်ဆိုလျှင် အမှုသည်များ မည်သို့ပင် သဘောတူကြစေကာမူ ရုံးက ထိုအကြောင်းအချက် ပြဿနာနှင့် ပတ်သက်၍ လိုအပ်သော စုံစမ်းစစ်ဆေးရခြင်းကို ပြုလုပ်ကာ အဆုံး အဖြတ်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ပေးရသည်။

အချင်းဖြစ်အိမ်ကို စံငှါးရမ်းခ သတ်မှတ်ခပေးခြင်းသည် အိမ်ရှင် အိမ်ငှါးတို့နှင့်သာ လောလော ဆယ် ပတ်သက်ခသာ်လည်း အများပြည်သူနှင့် ပတ်သက်ခသာ ကိစ္စလည်း ဖြစ်နေသည်ကို သတိပြုရမည်။ အချင်းဖြစ်အိမ်ခန်း၏ စံငှါးရမ်းခကို သတ်မှတ်ပေးသည်ဆိုလျှင် အိမ်ရှင် အိမ်ငှါး ပြောင်းလဲခြင်းများ ဖြစ်စေကာမူ၊ ထိုစံငှါးရမ်းခသည် တည်ရှိနေမည်သာ ဖြစ်သည်။ ထို့ကြောင့် လက်ရှိ အိမ်ရှင် အိမ်ငှားတို့နှင့်သာ ပတ်သက်သော ပြဿနာမဟုတ်၊ အများနှင့် ပတ်သက်သော ပြဿနာ ဖြစ်သည်။ ထို့ကြောင့် ထိုပြဿနာပေါ်တွင် ကြီးကြပ်ရေး ဝန်က မိမိကိုယ်ပိုင်ဉာဏ်ဖြင့် စုံစမ်းစစ်ဆေးရန်လိုသည်။ အများနှင့် ပတ်သက်သော ပြဿနာဘရပ်ကို အိမ်ငှါးက မိမိထံသို့ ယူဆောင်လာခဲ့ခြင်း ဖြစ်ရာ ကြီးကြပ်ရေးဝန်သည် အချင်းဖြစ်အိမ်သည် ဥပဒေအတွင်းကျရောက် မရောက်ကို မိမိကိုယ်တိုင်စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်ရပေလိမ့်မည်။ အိမ်ငှါးဖြစ်သူက တချိန်တွင် အိမ်ရှင်နှင့် ချုပ်ဆိုခဲ့သော စာချုပ်စည်းကမ်း တခုတည်းဖြင့်သာ ကြီးကြပ်ရေးဝန်က ဆုံးဖြတ်ရန်မဟုတ်ချေ။ အိမ်ငှါးကတချိန်တခါတွင် အိမ်ကို ၄၀ ရာခိုင်နှုန်းကျော် အကုန်အကျခံ၍ ပြင်ဆင်ပြီး ဖြစ်သည်ကို တွေ့ရှိကြေနပ်သည်ဆိုကာမျှနှင့် ကြီးကြပ်ရေးဝန်အတွက် ပြီးပြတ်သည်မဟုတ်။ ကြီးကြပ်ရေးဝန်ကိုယ်တိုင် ထိုကဲ့သို့ ဟုတ် မဟုတ်ကို စစ်ဆေးဆုံးဖြတ်ရပေလိမ့်မည်။

ထပ်မံဆုံးဖြတ်ချက်။ ။မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၄၃ က အတိအလင်း ပြဋ္ဌာန်းထားပြီး ဖြစ်သဖြင့် အချင်းဖြစ်အိမ်ကို ပြည်သူပိုင် ပြုလုပ်ပြီးဖြစ်ရာ မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေးအက်ဥပဒေနှင့် သက်ဆိုင်ခြင်း မရှိသည့်အလျောက် ကြီးကြပ်ရေး ဝန်ထံတွင်လည်း အမှုကို ဆက်လက်ကိုင်တွယ် စစ်ဆေး၍ ဆုံးဖြတ်ရန် အာဏာမရှိတော့ပြီ။ ထို့ကြောင့် ကြီးကြပ်ရေးဝန်၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။

မောင်ရွှင် နှင့် ဦးစံအောင်ပါ ၂၊ ၁၉၆၅ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်ထားမှု အမှတ် ၄၁၊ နိုင်ငံတော်တရားရုံးချုပ်။

ဒေါ်သောင်း နှင့် ဒေါ်မမကြီး၊ ၁၉၆၁ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာမျက်နှာ ၇၇ (တရားသူကြီးတော်ချုပ်) တို့ကိုရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။မစ္စတာ ဆူဘန်း။

လျှောက်ထားခံရသူအတွက်။ ။ဦးမြင့်စိုး။

ရုံးတော်သဟ ၁ယအမြစ်။ ။အစိုးရရှေ့နေကြီး ဒေါ်မြသန်းနု။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။လျှောက်ထားသူ ဦးအေးမောင်သည် ရန်ကုန်မြို့၊ အလံပြဘုရားလမ်း အိမ်အမှတ် ၃၉ ၏အိမ်ရှင်ဖြစ်ခဲ့၍၊ လျှောက်ထားခံရသူ ဦးကြည်သည် ထိုအိမ်အောက်ထပ်ကို ငှါးရမ်းနေထိုင်ခဲ့သော အိမ်ငှါးဖြစ်ခဲ့သည်။ အိမ်ရှင် အိမ်ငှါးစာချုပ်တွင် ဦးကြည်ကအိမ်လခတလလျှင် ၇၀၀ ကျပ် ပေးရန် သဘောတူ၍၊ အိမ်ကိုအိမ်ရှင်က၊ စရိတ်စကမျှားစွာကုန်ကျခံ၍ ပြင်ဆင်ထားပြီးဖြစ်သောကြောင့် မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေတွင် အကျုံးမဝင်သော အိမ်ဖြစ်ပါသည်ဟု လက်ခံသဘောတူကြောင်းကို ဖေါ်ပြခဲ့သည်။

နောက်ဆုံး၌ ဦးကြည်က ရန်ကုန်မြို့၊ ငှါးရမ်းခကြီးကြပ်ရေးဝန်ထမ်းသို့သွားရောက်၍ အိမ်လခစေ့းကြီးပါသည်၊ စံငှါးရမ်းခသတ်မှတ်ပေးပါဟု လျှောက်ထားခဲ့သည်။ ပညာရှိကြီးကြပ်ရေးဝန်က အမှုကိုစစ်ဆေးနေစဉ်အတွင်း၌ပင် အိမ်ကို နိုင်ငံတော်အစိုးရက အမိန့်ဖြင့် ပြည်သူပိုင်ပြုလုပ်ခဲ့ပြန်သည်။ ထို့ကြောင့် ပဏာမ ဥပဒေပြဿနာမျှားအဖြစ် အိမ်ရှင်ဘက်မှ နှစ်ချက်တင်ပြခဲ့သည်။ ပဌမအချက်မှာ အိမ်ငှါးကိုယ်တိုင်က စာချုပ်တွင် ၎င်းသည် အိမ်ကိုတန်ဘိုး၏ ၄၀ ရာခိုင်နှုန်းကျော်မျှကုန်ကျအောင် အိမ်ရှင်က ပြင်ဆင်ထားပြီးသည်ကို တွေ့ရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် အိမ်သည် မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေးဥပဒေတွင် အကျုံးမဝင်ပါ။ ထိုအချက်သည် အိမ်ရှင် အိမ်ငှါးစာချုပ်၏ အခြေခံဖြစ်ပါသည်ဟု အိမ်ငှါးက သဘောတူခဲ့ပါသည်။ ထို့ကြောင့် အိမ်ငှါးသည်ထိုသဘောတူချက်ကိုဖေါက်ဖျက်၍ စံငှါးရမ်းခသတ်မှတ်ပေးရန် ကြီးကြပ်ရေးဝန်ထမ်းသွားရောက်နိုင်ပါဟူ၍ ဖြစ်သည်။

အိမ်ရှင်က တင်ပြခဲ့သော ဒုတိယအချက်သည် အိမ်ကိုပြည်သူပိုင်ပြုလုပ်ပြီးဖြစ်၍၊ ကြီးကြပ်ရေးဝန်က ဆက်လက်၍ စံငှါးခသတ်မှတ်ရေးအတွက် စစ်ဆေးရန် အာဏာမရှိပါ။ အမှုကိုပလပ်ရန်သာ ရှိပါတော့သည်ဟူ၍ဖြစ်သည်။

ကြီးကြပ်ရေးဝန်က အထက်ပါအချက် နှစ်ရပ်စလုံးအပေါ် တွင်၊ အိမ်ရှင်ကိုဆန့်ကျင်၍ ဆုံးဖြတ်ခဲ့သည်။ အိမ်ရှင် အိမ်ငှါးစာချုပ် မည်သို့ပင်ရှိစေ အချင်းဖြစ်အိမ်သည် အက်ဥပဒေအတွင်းသို့ ကျရောက် မရောက် ဆိုသည့်အချက်ကို ကြီးကြပ်ရေးဝန်က သာဆုံးဖြတ်ရန် တာဝန်ရှိသည်။ အိမ်ငှါး၏သဘောတူချက်သည် ထိုပြဿနာကို အပြီးအပိုင်ဆုံးဖြတ်ပေးနိုင်သည် မဟုတ်ဟူ၍ငင်း၊ အိမ်ကိုပြည်သူပိုင် သိမ်းပြီးဖြစ်သော်လည်း ထိုသို့မသိမ်းမီကာလအတွက် စံငှါးရမ်းခ သတ်မှတ်ပေးပိုင်ခွင့် မိမိဆံတွင်ရှိသည်ဟူ၍ ငင်း ကြီးကြပ်ရေးဝန်က အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို စာချုန်တော်ထုတ်ဆင့်၍ ပယ်ဖျက်ပေးရန် အိမ်ရှင်က ကျွန်ုပ်တို့ထံသို့ လာရောက်လျှောက်ထားသည်။

အိမ်ရှင်၏ပညာရှိ ရှေ့နေကြီး မစ္စတာ ဆူဘန်းက ပဌမပြဿနာနှင့်ပတ်သက်၍ အိမ်ငှါးသည် မသိနားမလည်သောသူမဟုတ်၊ ပညာတတ်ပုဂ္ဂိုလ်တဦးဖြစ်ပါသည်။ စာ

ချုပ်ပါ အချက်အလက်များကို ကောင်းစွာသိနားလည်ပြီးလျှင် သဘောတူကြေနပ်၍ ရေးထိုးခဲ့ခြင်းဖြစ်ရာ၊ ထိုစာချုပ်ပါ သဘောတူချက်အတိုင်း အိမ်ငှါးဖြစ်သူက ကြီးကြပ်ရေးဝန်ထံ စံငှါးရမ်းခ သတ်မှတ်ပေးရန် လျှောက်ထားပိုင်ခွင့်မရှိပါဟုတင်ပြသည်။ ဦးကြည်၏ပညာရှိရွှေနေကြီး ဦးမြင့်စိုးက အိမ်ရှင်အိမ်ငှါးဆက်ဆံရေးကို မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည်ဖြစ်ရာ၊ ထိုဥပဒေက ပေးအပ်သောအခွင့်အရေးကို အိမ်ငှါးကယူလျှင် ဥပဒေနှင့်အညီ ကြီးကြပ်ရေးဝန်က ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ဥပဒေက နှင်းအပ်သော တာဝန်ကို ထမ်းဆောင်ရာသာရောက်ပါသည်။ ထို့ကြောင့် ကြီးကြပ်ရေးဝန်က ၎င်းဆောင်ရွက်ရမည့်တာဝန်ကို အပ်နှင်းသည့် အာဏာအတွင်းကဆောင်ရွက်ခြင်းကို ဤရုံးက စာချုန်တော်ဖြင့် ပြင်ဆင်ရန်မဟုတ်ပါဟု လျှောက်လဲသည်။

အိမ်ငှါးသည် စာချုပ်ကိုဆန့်ကျင်၍စံငှါးရမ်းခသတ်မှတ်ရန်ကြီးကြပ်ရေးဝန်ထံသွားရောက်လျှောက်ထားခဲ့သည်မှန်၏။ သို့ရာတွင်အိမ်ရှင်၊ သို့မဟုတ် အိမ်ငှါးက လျှောက်ထားလျှင် စံငှါးရမ်းခသတ်မှတ်ပေးရန် ကြီးကြပ်ရေးဝန်၏ တာဝန်ဖြစ်သည်။ ကြီးကြပ်ရေးဝန်သည် လိုအပ်သည်ထင်က မိမိသဘောအတိုင်းလည်း စံငှါးရမ်းခကို သတ်မှတ်ပေးနိုင်သည်။ ဤအမှုတွင် အိမ်ငှါးကလာရောက်၍ ဥပဒေကပေးသော အခွင့်အရေးကို တောင်းဆိုကာ အချင်းဖြစ်အိမ်၏ စံငှါးရမ်းခကို သတ်မှတ်ပေးပါဟု လျှောက်ထားခြင်းဖြစ်သည်။ ထိုသို့လျှောက်ထားသည်နှင့်တပြိုင်နက် ကြီးကြပ်ရေးဝန်က ဥပဒေပါနည်းလမ်းအတိုင်းဆောင်ရွက်ရန် တာဝန်ဖြစ်ပေါ်လာသည်။ ထိုတာဝန်ကို ဥပဒေက အပ်နှင်းသော အာဏာအတွင်းက ထမ်းဆောင်ခြင်းဖြစ်ရာ၊ ကြီးကြပ်ရေးဝန်၏အမိန့်ကို ဤအချက်နှင့်ပတ်သက်၍ ပယ်ဖျက်ရန်အကြောင်းမမြင်။

တရုံးရုံး၊ သို့မဟုတ် မှုခင်းစီရင်ဆုံးဖြတ်သကဲ့သို့ ဆောင်ရွက်ဆုံးဖြတ်ရမည့်တာဝန်ကိုထမ်းဆောင်ရသော ရုံး၊ ပုဂ္ဂိုလ် စသူတို့သည် မိမိတို့ရွေမျောက်သို့ တရားဝင်ဆိုက်ရောက်လာသော မှုခင်းများကို စစ်ဆေးစီရင်ရာ၌ မိမိတို့၏ကိုယ်ပိုင်ဉာဏ်ကို သုံးစွဲ၍ ဆုံးဖြတ်ကြရသည်။ တဘက်တချက် အမှုသည်များနှင့်သာ ပတ်သက်သောအကြောင်းအချက်ပြဿနာပေါ်တွင်၊ ထိုအမှုသည်များကလက်ခံသဘောတူကြသည်ဆိုလျှင်၊ ထိုသို့သဘောတူသည့်အပေါ်၌ ရုံးကလည်းလက်ခံနိုင်သည်။ သို့ရာတွင် အကြောင်းအချက်ပြဿနာသည် အမှုသည်များနှင့်သာမက အများနှင့်လည်းဆိုင်သည်ဆိုလျှင်၊ အမှုသည်များမည်သို့ပင် သဘောတူကြစေကာမူ ရုံးက ထိုအကြောင်းအချက်ပြဿနာနှင့်ပတ်သက်၍ လိုအပ်သော စုံစမ်းစစ်ဆေးခြင်းကို ပြုလုပ်ကာ အဆုံးအဖြတ်ကိုကိုယ်ပိုင်ဉာဏ်ဖြင့်ပေးရသည်။

ဤအမှုတွင် အချင်းဖြစ်အိမ်ကို စံတားရမ်းခ သတ်မှတ်ပေးခြင်း သည်။ အိမ်ရှင်အိမ်တွင်းတို့နှင့်သာ လောလောဆယ် ပတ်သက်သော်လည်း အများပြည်သူနှင့် ပတ်သက်သော ကိစ္စလည်း ဖြစ်နေသည်ကို သတိပြုရမည်။ အချင်းဖြစ် အိမ်ခန်း၏ စံတားရမ်းခကို သတ်မှတ်ပေးသည်ဆိုလျှင် အိမ်ရှင် အိမ်တွင်း ပြောင်းလဲခြင်းများ ဖြစ်စေကာမူ ထိုစံတားရမ်းခသည် တည်ရှိနေမည်သာ ဖြစ်သည်။ ထို့ကြောင့် လက်ရှိအိမ်ရှင် အိမ်တွင်းတို့နှင့်သာ ပတ်သက်သော ပြဿနာမဟုတ်၊ အများနှင့် ပတ်သက်သော ပြဿနာ ဖြစ်သည်။ ထို့ကြောင့် ထိုပြဿနာပေါ်တွင် ကြီးကြပ်ရေးဝန်က မိမိကိုယ်ပိုင်ဉာဏ်ဖြင့် စုံစမ်းစစ်ဆေးရန် လိုသည်။အများနှင့် ပတ်သက်သော ပြဿနာတစ်ရပ်ကို အိမ်တွင်းက မိမိထံသို့ ယူဆောင်လာခဲ့ခြင်းဖြစ်ရာ ကြီးကြပ်ရေးဝန်သည် အချင်းဖြစ်အိမ်သည် ဥပဒေအတွင်း ကျရောက်မရောက်ကို မိမိကိုယ်တိုင် စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်ရပေလိမ့်မည်။ အိမ်တွင်းဖြစ်သူက တစ်ချိန်တွင်အိမ်ရှင်နှင့် ချုပ်ဆို ခဲ့သောစာချုပ်စည်းကမ်း တစ်ခုတည်းဖြင့်သာ ကြီးကြပ်ရေးဝန်က ဆုံးဖြတ်ရန် မဟုတ်ချေ။ အိမ်တွင်းက တစ်ချိန် တစ်ခါတွင် အိမ်ကို ၄၀ ရာခိုင်နှုန်းကျော် အကုန်အကျခံ၍ ပြင်ဆင်ပြီးဖြစ်သည်ကို တွေ့ရှိကျေနပ်သည်ဆိုကာမျှနှင့် ကြီးကြပ်ရေးဝန်အတွက် ပြီးပြတ်သည်မဟုတ်။ ကြီးကြပ်ရေးဝန်ကိုယ်တိုင် ထိုကဲ့သို့ ဟုတ်မဟုတ်ကို စစ်ဆေးဆုံးဖြတ် ရပေလိမ့်မည်။

မောင်ရှင်နှင့် ဦးစံအောင်ပါ ၂ (၁) အမှုတွင် အလားတူ ပြဿနာပေါ်၌ တရားသူကြီး ၃ ဦး ပါဝင်သော စုံညီခုံရုံးက အဆုံးအဖြတ်ပေးခဲ့ပြီး၊ ထိုအမှုတွင် အိမ်ရှင်အိမ်တွင်းတို့က အချင်းဖြစ်အိမ်သည် မြို့ပြဆိုင်ရာ ဂူးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေတွင် အကျုံးမဝင်ပါဟု သဘောတူ စာချုပ်ခဲ့ကြသည်။ သို့ရာတွင် အိမ်ရှင်က အိမ်တွင်းကို ဖယ်ရှားလို၍ ရုံးသို့ သွားရောက် စွဲဆိုသောအခါ အမှုကို ဂူးရမ်းခကြီးကြပ်ရေးဥပဒေ၏ အပြင်ဘက်မှ လက်ခံစစ်ဆေးပါဟု ရုံးအား တောင်းဆိုခဲ့လေ သည်။ ထိုတောင်းဆိုချက်အရ အိမ်သည် အမှန်တကယ်ပင် ဥပဒေ၏ အပြင်ဘက်သို့ ကျရောက်မရောက်ကို ဆုံးဖြတ်ရန် ကောက်ချက်တစ်ရပ် ထွက်ပေါ်လာသည်။ ထိုကောက်ချက်ကို မူလရုံးက ထုတ်နုတ်၍ စစ်ဆေးကာ အဆုံးအဖြတ်ကို ပေးခဲ့သည်။ အိမ်ရှင်က ပဌမအယူခံရုံး၏ အမိန့်ကို မကျေနပ်၍ ဤရုံးသို့ လာရောက်ပြီး အယူခံဝင်ရန် အခွင့်ထူးတောင်းခံရာတွင် ပဌမအယူခံရုံးသည် အိမ်ရှင်အိမ်တွင်းစာချုပ်ကို ကျော်လွန်ကာ ဆုံးဖြတ်ခဲ့ခြင်းသည် များယွင်းပါသည်ဟု လျှောက်လဲတင်ပြခဲ့သည်။ သို့ရာတွင် ဤရုံးက အယူခံဝင်ရန် အခွင့်ထူး မပေးဘဲ အချင်းဖြစ်အိမ်သည် အိမ်တွင်းရမ်းခ ကြီးကြပ်ရေးဥပဒေအတွင်း ကျရောက်သည် မရောက်သည်ကို ကောက်ချက်တစ်ရပ်အဖြစ် မူလရုံးက လည်းကောင်း၊ ပဌမအယူခံရုံးက လည်းကောင်း စဉ်းစားဆုံးဖြတ်ခဲ့ကြခြင်းသည် မှန်ကန်သည်ဟု ဆုံးဖြတ်ခဲ့သည်။

---

(၁) ၁၉၆၅ ခုနှစ်၊ တရားမအသေးအဖွဲလျှောက်ထားမှုအမှတ် ၄၁၊ နိဂုံးတော်တရားရုံးချုပ်။

၁၉၆၆

ဦးအေးမောင်
နှင့်
ဦးကြည် ပါ ၃။

အထက်ပါအကြောင်းတို့ကြောင့်၊ ကြီးကြပ်ရေးဝန်ကအချင်းဖြစ်အိမ်နှင့်ပတ်သက်၍ စံငှါးရမ်းခသတ်မှတ်ရန် အမှုဖွင့်လှစ်ဆောင်ရွက်ခြင်းသည် ၎င်း၏တာဝန်အရနှင့် လုပ်ပိုင်ခွင့်အာဏာတို့နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ဆုံးဖြတ်သည်။

အချင်းဖြစ်အိမ်ကို ယခုအခါပြည်သူပိုင်ပြုလုပ်ပြီးပြီဟု နှစ်ဘက်လွှေနေကြီးများကတင်ပြကြသည်။ထို့အချက်ကိုကြီးကြပ်ရေးဝန်ထံသို့လည်းတင်ပြခဲ့ကြသည်။ကြီးကြပ်ရေးဝန်က အိမ်ကိုပြည်သူပိုင် ပြုလုပ်သည့်အချိန် အထိအိမ်ရှင် အိမ်ငှါးရှိနေခဲ့ကြသည်ဖြစ်ရာ၊ ထိုကာလအတွက် စံငှါးရမ်းခ သတ်မှတ်ပေးလျှင် သင့်လျော်မည်ဟုယူဆ၍ အမှုကိုပလပ်ခြင်းမပြုဘဲ ဆက်လက်ဆောင်ရွက်ရမည်ဟု အမိန့်ချမှတ်ခဲ့သည်။ ဤပြဿနာနှင့်ပတ်သက်၍ **ပညာရှိလွှေနေကြီး** မစွာဘာ၊ ဆူဘန်းက စီရင်ပိုင်ခွင့်အာဏာဆိုသည်မှာ၊ အမှုကိုလက်ခံသည်မှ **အပြီး**သတ်ဆုံးဖြတ်ပြီးသည်အထိ တည်ရှိရန်လိုပါသည်။ အမှုလက်ခံစဉ်က **အာဏာရှိသော်လည်း** နောက်ပိုင်း၌ အာဏာကင်းမဲ့ရသည့် အခြေအနေသို့ရောက်လျှင်၊ တရား**ရုံး**သည် **ဆက်လက်စစ်ဆေး**ရန်မလိုတော့ဘဲ၊ အမှုကို ပလပ်ရန်သာရှိပါသည်။ စီရင်ပိုင်ခွင့်အာဏာသည် **စ-လည်-ဆုံး** အားလုံးသောအချိန်ကာလတို့၌အပြည့်အဝတည်ရှိရန်လိုပါသည်။ ဤ**အမှုတွင်မူ အချင်း**ဖြစ်အိမ်ကို ပြည်သူပိုင်သိမ်းပြီး၍ မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်**မ ၄၃ အရ၊** ကြီးကြပ်ရေးဝန်တွင် ဆက်လက်စစ်ဆေးဆောင်ရွက်ရန်အာဏာမရှိတော့ပါ**ဟု လျှောက်**လဲတင်ပြသည်။

ပညာရှိ လွှေနေကြီး ဦးမြင့်စိုးက **ဒေါ်သောင်း** နှင့် **ဒေါ်မမကြီး**(၂) **စီရင်ထုံး**ကို ရည်ညွှန်း၍ စံငှါးရမ်းခဆိုသည်မှာကြီးကြပ်ရေးဝန်က သတ်မှတ်မှသာ ပေါ်ပေါက်သည်မဟုတ်၊ အိမ်ရှင် အိမ်ငှါးရှိနေသမျှ မှင်းတို့၏ဆက်ဆံရေးနောက်ခံတွင် ရှိနေရပါသည်။ ကြီးကြပ်ရေးဝန်ကသတ်မှတ်ပေးသောအခါတိတိကျကျဖြစ်လာသော်လည်းမသတ်မှတ်သေးမီ၌ စံငှါးရမ်းခဆိုသည့်သဘောသည် အိမ်ရှင် အိမ်ငှါးဆက်ဆံမှုတွင်သာ ဝင်လျက်ရှိပါသည်။ ထို့ကြောင့် ဤအမှုတွင် စံငှါးရမ်းခမှာ အိမ်ရှင်နှင့်အိမ်ငှါးစတင်၍ငှါးရမ်းဆက်ဆံလာသည့်အချိန်မှစ၍ ရှိခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ရှိခဲ့ပြီး ဖြစ်သည့်သဘောကို တိတိကျကျတန်ဘိုးဖြတ်ရန်လိုပါသည်။ ထို့ကြောင့် ပြည်သူပိုင်ပြုလုပ်သည်အထိကာလအတွက် ကြီးကြပ်ရေးဝန်သည် စံငှါးရမ်းခကိုသတ်မှတ်ပေးရန် အာဏာရှိပါသည်ဟု လျှောက်လဲသည်။

ကြီးကြပ်ရေးဝန်အတွက် လိုက်ပါဆောင်ရွက်သော ပညာရှိ အစိုးရလွှေနေကြီး ဒေါ်မြသန်းနု၊ ဦးမြင့်စိုး လျှောက်ထားတင်ပြသည်မှာ သာမန်အားဖြင့် ဟုတ်မှန်သော်လည်း၊ အက်ဥပဒေပုဒ်မ ၄၃ က၊ အောက်ပါကဲ့သို့ အတိအလင်းဆိုသဖြင့်

(၂) ၁၉၆၁ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာမျက်နှာ ၇၇ (တရားလွှတ်တော်ချုပ်)။

အမှုကို ကြီးကြပ်ရေးဝန်က ဆက်လက်ဆောင်ရွက်ရန်သော်၎င်း၊ ဆုံးဖြတ်ရန်သော်၎င်း အာဏာမရှိတော့ဟု ယူဆရန် သာ ရှိပါသည်ဟု တင်ပြသည်။

"ဤအက်ဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်မျှ၊ အစိုးရ၊ သို့တည်းမဟုတ် အစိုးရဌာန၊ သို့တည်းမဟုတ် ရန်ကုန်စည်ပင်သာယာရေးအဖွဲ့၊ သို့တည်းမဟုတ် ရန်ကုန်မြို့နီစီပါယ် ကော်ပိုရေးရှင်း၊ သို့တည်းမဟုတ် မြို့နီစီပါယ် အက်ဥပဒေ အရသော်၎င်း၊ ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေအရသော်၎င်း၊ ဖွဲ့စည်းထားသည့်အခြားဒေသန္တရအဖွဲ့တခုခုကအိမ်ရှင်ဖြစ်သော ဥပစာတခုခုနှင့် သော်၎င်း မြေသိမ်းအက်ဥပဒေအရဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ အရေးယူ ဆောင်ရွက်မှုကြောင့်၊ အစိုးရ၊ သို့တည်းမဟုတ် အစိုးရဌာန၊ သို့တည်းမဟုတ် ရန်ကုန်စည်ပင်သာယာရေးအဖွဲ့၊ သို့တည်းမဟုတ် ရန်ကုန်မြို့နီစီပါယ် ကော်ပို ရေးရှင်း၊ သို့တည်းမဟုတ် မြို့နီစီပါယ် အက်ဥပဒေအရသော်၎င်း၊ ကျေးလက် ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေအရသော်၎င်း၊ ဖွဲ့စည်းထားသည့် အခြား ဒေသန္တရ အဖွဲ့တခုခုက အပိုင်ရရှိပြီးဖြစ်သည့်၊ သို့တည်းမဟုတ် အပိုင်ရရှိမည့် ဥပဒေနှင့်သော်၎င်း သက်ဆိုင်ခြင်းမရှိစေရ"။

အထက်ပါကဲ့သို့ ဥပဒေကအတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်သဖြင့်၊ အချင်းဖြစ်အိမ်သည် မြို့ပြဆိုင်ရာ ဂျိုးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေနှင့် သက်ဆိုင်ခြင်းမရှိတော့ပြီဟုဆုံးဖြတ်ရပေမည်။ ထိုကဲ့သို့ဆုံးဖြတ်လျှင် ကြီးကြပ်ရေးဝန်ထံတင်လည်း အမှုကို ဆက်လက်ကိုင်တွယ်စစ်ဆေး၍ ဆုံးဖြတ်ရန် အာဏာ မရှိတော့ပြီဟု ထပ်ဆင့်၍ဆုံးဖြတ်ရန်သာဖြစ်သည်။

ထို့ကြောင့် ကြီးကြပ်ရေးဝန်၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ အရေးကြီးသော ဥပဒေ ပြဿနာအဓိပ္ပါယ်ဖွင့်ဆိုရန် လိုသည့်အမှုဖြစ်သောကြောင့်၊ အမှုသည်တို့က မိမိတို့၏တရားစရိတ်ကို အသီးသီးကျခံကြစေ။

အခါ၌၊ ထိုကားသည် ဦးအောင်ကား မဟုတ်တော့ပေ။ ထိုပစ္စည်း မတွေ့မီ အချိန်အနည်းငယ်အတွင်းက ဦးအောင်သည် ထိုကားကို ဦးဘစိန်၏ညီ မာလာဆင် (ခံပြ-၄) ထံသို့ ကျပ်ငွေ ၇,၀၀၀ နှင့် ရောင်းပြီးဖြစ်သည်။ ယင်းကဲ့သို့ ဦးအောင် ရောင်းပြီးသော မော်တော်ကား ဖင်ထိုင်ခုံအောက်မှ သက်သေခံရှပ်ကို တွေ့ရှိရသဖြင့် ထိုရှပ်သည်လည်း မြို့နိုစီပါယ် ဂိုဒေါင်မှ ပျောက်ဆုံးသော ရှပ်ဖြစ်သည်ဟု ယူဆကာ၊ ဦးအောင်အပေါ် ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆(၁) အရ၊ တရားစွဲဆိုခြင်း ဖြစ်သည်။

မူလရုံးက တရားလိုပြသက်သေ ၁၇ ဦးအား စစ်ဆေးပြီးလျှင် ဦးအောင်အပေါ် ဆိုခဲ့ပြီးသော ဥပဒေ ပုဒ်မ ၆(၁)နှင့် စွဲချက်တင်၍၊ တရားခံနှင့်တရားခံပြ သက်သေများကို စစ်ဆေးပြီး ၎င်းအား သက်သေခံ ရှပ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သည်ဟု ယူဆကာ၊ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အမိန့်ချမှတ်ခဲ့သည်။

အယူခံရုံးက ထိုအမှုတွင် ၂ ဘက်သော ရှေ့နေကြီးများကိုကြားနာပြီး၊ အောက်ရုံး တရားသူကြီးသည်၊ အမှုစစ်ဆေးရာ၌ တိကျပြတ်သားမှုမရှိ၊စွဲချက်တင်ရာ၌လည်း တိကျပြတ်သားမှု မရှိဟု ဆို၍ အောက်ရုံးက ဦးအောင်အပေါ် ချမှတ်ထားသော ပြစ်မှု တွေ့ရှိခြင်းနှင့်ပြစ်ဒဏ်တို့ကို ပယ်ဖျက်၍၊ ထိုအမှုကို ခရိုင်ရာဇဝတ်တရားသူကြီးက ပေးပို့သော ရာဇဝတ်ရုံးတရုံးရုံးက ပြန်လည်စစ်ဆေးစေရန်အမိန့်ချမှတ်ခဲ့သည်။ ထိုသို့ ချမှတ်သော အမိန့်မှာ ဥပဒေနှင့် ညီ မညီ သုံးသပ်ဝေဖန်ရန် အကြောင်းရှိသည်။ **ပီးကေ၊ ဆင်းနှင့် အစိုးရ** (၁) အမှုတွင် ဤသို့ ဆုံးဖြတ်ချက် ချမှတ်ထားသည်။

> " Where the prosecution came into Court with an incomplete case which, so far as it went, confirmed the defence.
>
> Held: that they were not entitled to a retrial."

၎င်းပြင် **ဟန်ဒူမြားနှင့် အစိုးရ** (၂)အမှုတွင် အောက်ပါအတိုင်း စီရင်ထုံးဖွဲ့ထားသည်။

> " A re-trial should not be ordered with the object of enabling the prosecution to fill up deficiencies in the evidence of the prosecution."

ထရိပူရာရီဘာတာချာဂျီ နှင့် **အစိုးရ** (၃) အမှုတွင်အောက်ပါအတိုင်းအဆုံးအဖြတ် ပေးထားသည်။

> " If the evidence actually adduced by the prosecution is insufficient to support a conviction, a retrial cannot be

(၁) အေ၊အိုင်၊အာ(ရှ်)၊ ၁၉၂၈ ပတ္တနာ၊ စာ ၂၉၃။

(၂) အတွဲ ၃ ဘားမားလောတိုင်း၊ စာ ၉။

(၃) အေ၊အိုင်၊အာ(ရှ်)၊ ၁၉၃၈ ကလကတ္တား၊ စာ ၃၆၁။

ordered simply to give the prosecution another chance of producing further and better evidence."

ကင်ချွန်မေဘာနှင့် အစိုးရ (၄)တွင် အောက်ပါအတိုင်း စီရင်ထုံးဖွဲ့ထားသည်ကို တွေ့ရပြန်သည်။

"The next point we have to consider is whether the accused should be re-tried (Here his Lordship considered the evidence and concluded). On the facts that I have just narrated, it seems to us that the case is not so clear and decisive as to warrant a re-trial. The first trial lasted about nine months and has taken up a considerable portion of public time. The accused has been subjected to this prosecution in addition to his insolvency, and on the facts it seems to us that far from there being a certainty, there is not even much probability that, if we order a re-trial, there would be a conviction. The expenses of a new trial would be very heavy. We think that we should follow the principle laid down in *the state* v. *Durgadas* (5) and refrain from ordering a re-trial. We reverse the conviction recorded against and sentences passed upon the accused and direct that he be acquitted and discharged. The bail bonds to be cancelled."

ထိုပြင်ရာဖီအူဒင်အာမက် နှင့် အစိုးရ(၆)အမှုဌ်းသည်း၊ ဤသို့ စီရင်ထုံးဖွဲ့ထားသည်ကိုလည်း တွေ့ရပြန်သည်။

"A re-trial in a criminal case should not be ordered too lightly and should be avoided as much as possible. A re-trial certainly should not be ordered, where it can be established that there is really no evidence to go before a jury, because to order a re-trial in such circumstances would be to put the accused to unnecessary harassment."

အထက်ဖော်ပြပါ စီရင်ထုံးများကို မှီငြမ်းပြု၍ စဉ်းစားရန် ရှိသောအချက်မှာ ပညာရှိ စက်ရှင် တရားသူကြီးက ယခုအမှုကို ပြန်လည်စစ်ဆေးရန် ချမှတ်သောအမိန့်သည်၊ အမှုအာဿားအလာတွင် ဖြစ်ပေါ်သောအကြောင်းချင်းရာများနှင့်ဆော်ငင်း၊

(၄) အတွဲ ၃၅၊ ကရင်မနယ်လောဂျာနယ်၊ စာ (၁၄၇၇—၁၄၇၉)။

(၅) 148 Ind. Cas. 271.

(၆) အတ ၃၆၊ ကရင်မနယ်လောဂျာနယ်၊ စာ ၈၀၈။

ဥပဒေ အချက်အလက်များနှင့်သော်ငင်း ညီညွတ်သည် မညီညွတ်သည်ကို စဉ်းစားရန် ရှိပေသည်။ အမှုတွင် စစ်ပြီးထားသော သက်သေများ၏ ထွက်ချက်အရ၊ တရားခံ လျှောက်ထားသူ ဦးအောင်အား အပြစ်ပေးနိုင်ဘွယ်ရာ အကြောင်း ရှိ မရှိဖြစ်သည်။

လျှောက်ထားသူ၏ ပညာရှိ ရှေနေကြီး ဦးမြင့်စိုးနှင့် လျှောက်ထာ ခံရသူဘက်မှ လိုက်ပါ ဆောင်ရွက်သော ပညာရှိ ရှေနေကြီး ဦးသန်းမောင်အပြင်၊ ပညာရှိ အစိုးရ ရှေနေကြီး ဦးဘကြိုင်ကို ကြားနာရသည်။ ဦးမြင့်စိုးက ဤအမှုကို ပြန်လည်စစ်ဆေးရန် ချမှတ်သော အမိန့်မှာ မှားယွင်းပါသည်။ လျှောက်ထားသူ ဦးအောင် အပေါ် အချင်းဖြစ် သက်သေခံ ရှပ်ကို အလွဲသုံးစား ပြုလုပ်သည်ဆိုခြင်းနှင့် ပတ်သက်၍ ခိုင်လုံသော သက်သေခံချက်မရှိပါ။ ဦးအောင်အပေါ် အပြစ်ပေးနိုင်လောက်သော သက်သေခံချက်များ မရှိသဖြင့် ပြန်လည်စစ်ဆေးရန် ချမှတ်သော အမိန့်မှာ မှားယွင်းပါသည်ဟု လျှောက်လဲပြီး၊ စီရင်ထုံး အများအပြားကို တင်ပြသွားသည်။ လျှောက်ထားခံရသူ၏ ရှေနေကြီး ဦးသန်းမောင်က သက်သေခံရှပ်ကို ဦးအောင်က အလွဲသုံးစား ပြုလုပ်သည်မှာ တိုက်ရိုက်မျက်မြင်သက်သေအမှုတွင်မရှိသော်လည်း၊ အကြောင်းခြင်းရာအရ၊အခြား သက်သေခံချက်များ ရှိနေသဖြင့် ဦးအောင်အပေါ် တွင် ချမှတ်သော အမိန့်မှာမှန်ကန်သော အမိန့် ဖြစ်ပါသည်ဟု တင်ပြသွားလေသည်။

ပညာရှိ အစိုးရ ရှေနေကြီးက ဤအမှုတွင် ဦးအောင်သည် အချင်းဖြစ် ရှပ်ကို အလွဲသုံးစား ပြုလုပ်သည်ဆိုရာ၌ သက်သေများ ထွက်ချက်အရ၊ တိကျပြတ်သားမှု မရှိပါ။ ဦးအောင် အပေါ်တွင် မသက်ဘွယ်ရာသာ အကြောင်း ရှိပါသည်။ ဦးအောင် အပေါ်တွင် စုပ်စဲခြင်းမှာ ပြတ်သားမှု မရှိသောကြောင့် အမှုတွင် ဒို့ဟာသံသယဖြစ်ပေါ် လာစေပါသည်။ ထို့အတူက် ဒို့ဟာသံသယအကျိုးခံစားခွင့်ကို ဦးအောင် သာလျှင် ရထိုက်သဖြင့် ဦးအောင်အပေါ်တွင် ရာဇဝတ်ထိုက်သင့်သော ပြစ်ဒဏ်ကို မပေးနိုင်သည့်အားလျော်စွာ ပညာရှိ စက်ရှင် တရားသူကြီး၏ ထိုအမှုကို ပြန်လည် စစ်ဆေးစေရန် ချမှတ်သောအမိန့်မှာ မှားယွင်းပါသည်ဟု တင်ပြသွားသည်။

ကျွန်ုပ်အနေနှင့် ဤအမှုကို အသေးစိပ် လေ့လာသုံးသပ်သည်။ တရားလိုပြသက်သေများမှာ အစိုးရရှေနေကြီး တင်ပြသည့်အတိုင်း လျှောက်ထားသူ ဦးအောင် အပေါ် တိကျပြတ်သားစွာ ထွက်ဆိုထားခြင်း မရှိပေ။ မောင်ပေါက်စထံမှ ဦးအောင်က ဂိုဒေါင်သော့ငှါးသည်။ ၄ ရက်အကြာတွင် ပြန်ပေးသည်။ ထို ၄ ရက်အတွင်းတွင် ဦးအောင်က ဂိုထောင်ထဲတွင်ရှိသော ပစ္စည်းတခုခုကို ယူသွားသည်ဟု မည်သည့် သက်သေ အထောက်အထားမျှမရှိ။ ထို့ပြင် ထိုဂိုဒေါင်၌ရှိသော ပစ္စည်းများမှာ ဟောင်းနွမ်းပျက်စီးနေသော ပစ္စည်းဖြစ်၍ စာရင်းအင်းများ လုပ်မထား၊ စစ်ဆေးမှုလည်း မရှိဟု မောင်ပေါက်စက ထွက်ဆိုထားသည်။ ယင်းသို့ဖြစ်ရကား အချင်းဖြစ်

ပစ္စည်းဖြစ်သော ရှယ်သည်၊ ထိုဂိုဒေါင်တွင် မူလကတည်းက ရှိနေပါသည်ဟု တထစ်ချ မပြောနိုင်ပေ။ ဦးအောင်က သော့ကို ပြန်အပ်ပြီး ၆ လအကြာမှ ဂိုဒေါင်အတွင်းရှိ အခြားအခြားသော ပစ္စည်းများ ပျောက်သည်ဟု တွေ့ရှိရခြင်းမရှိ။ အချင်းဖြစ် ရှယ်သာ လျှင် ပျောက်ဆုံးနေသည်ဟု တွေ့ရှိရခြင်းမှာ ထူးခြားချက်တရပ်ပင် ဖြစ်သည်။ ထို့ပြင် ထိုရှယ် ပျောက်ဆုံးရှိမှန်လျှင် မောင်ပေါက်စသည် သက်ဆိုင်ရာ အထက်လူကြီး များထံသို့ ချက်ခြင်းတိုင်ရန် ဖြစ်သော်လည်း၊ မတိုင်ဘဲ ၁၉၆၅ ခု၊ ဖေဖော်ဝါရီလ လောက်မှ မော်တော်ကားမောင်းသူ မောင်တင်မောင် ဆိုသူအား တိတ်တဆိတ် စုံစမ်းခိုင်းလေသည်။ ထိုအချက်မှာလည်း ထူးခြားချက် တရပ်ပင် ဖြစ်သည်။ မောင် တင်မောင်က စုံစမ်းရာတွင် မောင်သံချောင်းက ဦးအောင် ခိုင်းသဖြင့် ရှယ်ကို ဖြုတ် ပေးရပါသည်ဟု ပြောဆိုရာတွင် ထိုရှယ်ဖြုတ်ပေးသော နေရာမှာ မြူနီစီပါယ် ဂိုဒေါင် အဘွင်းမှာမဟုတ်၊ ဆေးရုံဝင်းအတွင်းရှိ အလုပ်သမား အိမ်တအိမ်၌ ဖြစ်သည်ဟု ဆိုသည်။ ထိုရှယ်ကို ဖြုတ်ရာမှာ စတီရာရင်အုံမှ ဖြုတ်ရခြင်းဖြစ်သည်။ ထိုစတီရာရင် အုံမှာ အဘယ်ကြောင့်နှင့် မည်သည့်အချိန်က မြူနီစီပါယ် ဂိုဒေါင်မှ ထိုအလုပ်သမား အိမ်သို့ ရောက်နေသည်ကို မည်သူမျှ မပြောနိုင်။ ထို့ပြင် ထိုရှယ်ကိုဖြုတ်ပြီး ဦးအောင် ၏ မော်တော်ကား ဖင်ထိုင်ခုံအောက်တွင် ထားသည်ဟု ဆိုရာ၌ မျှားမကြာမီ ဦးအောင်က ၎င်း၏ကားကို မာလာစင် (ခံပြင်)အား၊ ၇,၀၀၀ ကျပ်နှင့် ရောင်းရာ၌၊ ထိုစဉ်အခါက အပိုပစ္စည်းများမှာ ဂျက်ချောက်တခုနှင့် ၇ ၂ ချောင်း ၃ ချောင်းသာ လျှင် ပါရှိသည်ဟု ထိုသက်သေနှင့် ဦးဘစိန် (လိုပြ-၉)တို့ကအတိအလင်း ထွက်ဆို ထားသည်။ ၎င်းပြင် စဉ်းစားရန်ရှိသော အချက်မှာ ၁၆ ကျပ်တန်မျှရှိသော ရှယ်ကို ဦးအောင်က ဖြုတ်ယူသည်ဆိုသည်မှာ သဘာဝ ယုတ္တိမရှိပေ။ ဖြုတ်ယူခြင်းမှာလည်း မိမိကား၌ အသုံးပြုရန် ဖြုတ်ယူဘွယ်ရာ အကြောင်းရှိသည်။ သို့ရာတွင် ၎င်း၏ကား၌ အသုံးပြုထားခြင်းမရှိပေ။ ၎င်း၏ကားကို ရောင်းပြီး အတော်အတန်ကြာမှ ထိုကား ဖင်ထိုင်ခုံအောက်မှ သက်သေခံရှယ် တွေ့သည်ဆိုခြင်းမှာ ဦးအောင်အပေါ် တထစ်ချ တာဝန်ရှိသည်ဟု ယူဆရန် မဖြစ်နိုင်ပေ။ မောင်သံချောင်းက ဦးအောင်ပြောဆိုချက် အရ၊ ရှယ်ကို ဖြုတ်ပေးရသည်ဆိုရာ၌ မောင်သံချောင်း ထွက်ချက် တခုတည်းသာ လျှင် ရှိသည်။ မောင်သံချောင်းသည်၊ ရာဇဝတ်မှုကျူးလွန်ရာ၌ တွဲဘက်တရားခံ တဦးအနေမျိုး ဖြစ်နေသဖြင့် ၎င်း၏ထွက်ချက်ကို အခြားအရေးကြီးသော အကြောင်း ခြင်းရာများက ထောက်ခံချက် ပြုလုပ်ထားမှသာလျှင် ထိုထွက်ချက်မှာ တရားဝင်ပေ မည်။ မောင်သံချောင်း၏ သက်သေထွက်ချက်ကို ထောက်ခံသော အရေးကြီးသည့် အစိတ်အပိုင်း သက်သေထွက်ချက် မရှိသဖြင့် မောင်သံချောင်း၏ သက်သေထွက်ချက် ကို အလေးပေးရန် လိုအပ်မည် မဟုတ်ပေ။

၁၉၆၆

ဦးအောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊

အထက်ပေါ်ပြပါ အကြောင်းခြင်းရာများ အရ၊ ယခုအမှုတွင် လျှောက်ထားသူ ဦးအောင်အပေါ် တထစ်ချ ပြတ်ပြတ်သားသား စွပ်စွဲနိုင်စွမ်း မရှိသဖြင့် ၎င်းအပေါ် အပြစ်ပေးရန်မှာလည်း ဖြစ်နိုင်ဘွယ်ရာ အကြောင်းမရှိသောကြောင့် အထက်တွင် ပြဆိုခဲ့ပြီးဖြစ်သော စီရင်ထုံးများအရ၊ ထိုအမှုကို နောက်ထပ် အသစ်တဖန်စစ်ဆေးရန် မမြင်ပေ။

သို့ဖြစ်၍ ပညာရှိ စက်ရှင် တရားသူကြီးက ထိုအမှုကို ရာဇဝတ် တရားသူကြီးရုံး တရုံးရုံးက ပြန်လည် စစ်ဆေးစေဟူသော အမိန့်ကို ပယ်ဖျက်လိုက်သည်။ ၎င်းပြင် မူလရုံးက လျှောက်ထားသူ ဦးအောင်အပေါ် တွေ့ရှိရသော ပြစ်မှုနှင့် ပြစ်ဒဏ်တို့ကိုလည်း၊ ပယ်ဖျက်လိုက်၍ ဤအမှုနှင့် ပတ်သက်သမျှ လျှောက်ထားသူအား တရားသေလွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတင်

ဦးအောင်ထွန်း ပါ ၆ ဦး (အယူခံတရားလိုများ) † ၁၉၆၆

နှင့်

ဦးထွန်းတင်၊ ကွယ်လွန်သူဒေါ်တုတ်၏အမွေဆက်ခံသူ (အယူခံတရားခံ)* ဇွန်လ ၁ ရက်။

ဥယျာဉ်မြေနှင့်တိုက်ကိုလက်ရှိ ရလိုကြောင်းစွဲဆိုခြင်း—ဥယျာဉ်မြေတန်ဘိုး ၅၀ ကျပ်သာ ရှိဆဖြင့် နှုတ်ဖြင့် အပိုင်ပေးခြင်းကိစ္စမှာ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၄ နှင့် သက်ဆိုင်မသက်ဆိုင်—ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၁၂၃ အရမှတ်ပုံတင် စာချုပ်ပြုလုပ်ရန်လိုမလို—လက်ရှိနေထိုင်မှုမှာ ပိုင်ရှင်၏ ပိုင်ဆိုင်မှုကို ဆန့်ကျင်လျက်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အခင်းဖြစ် ဥယျာဉ်မြေသည်ဘန်ဘိုး ၅၀ ကျပ်သာ ရှိသဖြင့် နှုတ်ဖြင့် အပိုင်ပေးခဲ့စေကာမူ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၄ နှင့် မသက်ဆိုင်၊ မေတ္တာနှင့်အပြီးအပိုင်ပေးကမ်းခြင်းမှာ ပစ္စည်းတန်ဘိုးမည်မျှရှိစေကာမူ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၂၃ အရ မှတ်ပုံတင်စာချုပ်အရ ပြုလုပ်မှသာ တရားဝင်သည်။

အခင်းဖြစ်ဥယျာဉ်မြေကို ဘခင် ဦးချင်းတောင်က အပိုင်ပေးခဲ့သည် ဆိုသော ဒေါ်တုတ်၏ တင်ပြချက်မှာ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၂၃ အရ မှတ်ပုံတင်စာချုပ် မရှိသည်ကတကြောင်း၊ ထိုမြေအပေါ် ဒေါ်တုတ်၏လက်ရှိ နေထိုင်မှုမှာ ပိုင်ရှင်၏ ပိုင်ဆိုင်မှုဆန့်ကျင်လျက်ရှိသည်ဟုမဆိုနိုင်သည်ကတကြောင်း ထိုအကြောင်းများကြောင့် ဒေါ်တုတ်တင်ပြချက်များကိုလက်မခံနိုင်။

လင်ချာလ် နှင့် ပစ္စည်းထိန်းဝန်၊ အာ့ခဲ့ ၁၂၊ ရန်ကုန်၊ ၂၃၀ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးအောင်ရှိန်ဝန်း။

အယူခံတရားခံအတွက်။ ။ဦးမောင်မောင်။

တရားသူကြီး ဦးသက်ဖေ။ ။မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ ကွင်းအမှတ် ၂၂၂၊ လင်လွန်းပင်ကွင်း၊ ၁၉၅၃-၅၄ ခုနှစ်၊ ဦးပိုင်အမှတ် ၄၊ ဥယျာဉ်မြေနှင့် ထိုမြေပေါ်ရှိ

---

* ၁၉၆၃ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၁၂၁။

† ၁၉၆၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁ တွင်၊ မအူပင်မြို့၊ ရာဘက်ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၆

ဦးဆောင်ဆွန်း ပါ ၆ ဦးနှင့် ဦးထွန်းတင်၊ ကွယ်လွန်သူ ဒေါ်တုတ်၏ အဓမ္မဆက်ခံသူ။

တိုက်ကိုလက်ရှိရလိုကြောင်း၊ ဒေါ်တုတ်က အယူခံတရားလိုတို့အပေါ်၊ မအူပင်မြို့၊ ရာဘက်ခရိုင်တရားမမှုး၏ ၁၉၆၀ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁ တွင် တရားစွဲဆိုခဲ့၏။ အမှုမပြီးဆုံးမီ ဒေါ်တုတ်ကွယ်လွန်အနိစ္စရောက်သဖြင့် ၎င်း၏ တရားဝင်ကိုယ်စားလှယ်အဖြစ်၊ ၎င်း၏ခင်ပွန်း ဦးထွန်းတင်အား အမှုတွင် ထည့်သွင်းခဲ့ရလေသည်။

ဒေါ်တုတ်က အထက်ဖေါ်ပြပါ ဥယျာဉ်မြေမှာ၊ မူလကၽွန်း၏ ဘခင် ဦးချင်းတောင်နှင့် မိခင် ဒေါ်သီတို့ ပိုင်ဆိုင်ကြောင်း၊ မိခင် ဒေါ်သီသည် ၁၂၇၈ ခုနှစ်လောက်တွင် သေဆုံးကြောင်း၊ ဒေါ်သီ သေဆုံးပြီးနောက် ၆ လခန့်အကြာတွင်၊ ဦးချင်းတောင်သည် ဓနုဖြူမြို့နေ ဒေါ်စောခင်နှင့် နောက်အိမ်ထောင်ပြုသဖြင့်၊ သားသမီး ၆ ယောက်ထွန်းကားခဲ့ကြောင်း၊ အကြီးဆုံးသမီး ကွယ်လွန်သူ မငွေတင့်မှာ၊ အယူခံတရားလို ကိုအောင်ထွန်း၏ ဇနီးဖြစ်၍၊ သားမောင်လှဖေမှာ လူပျိုဘဝနှင့် သေဆုံးခဲ့ကြောင်း၊ သမီးတဦးဖြစ်သူ မခင်သန်းမှာ သေဆုံးသွားသဖြင့်၊ အယူခံတရားလို ဦးထွန်းကြည်သည်၊ ၎င်း၏ တရားဝင် ကိုယ်စားလှယ်အဖြစ် ကျန်ရစ်ကြောင်း၊ ကျန်သမီး ၃ ဦးမှာ အယူခံတရားလို မထူးရွှေ၊ မမြကြည်နှင့် မညွန့်ရီတို့ဖြစ်ကြောင်း၊ ဘခင် ဦးချင်းတောင်သည် ၁၂၉၇ ခုနှစ်တွင် သေဆုံးရာ၊ မသေဆုံးမီ တနှစ်ကျော်ခန့်က အခင်းဖြစ်ဥယျာဉ်မြေကို၊ မိမိအား နှုတ်ဖြင့် လက်ဆောက်အပိုင်ပေးခဲ့ကြောင်း၊ ဘခင်သေဆုံးပြီးနောက် တနှစ်ခန့်အကြာတွင်၊ ထိုမြေပေါ်၌ လေးပင်သုံးခန်း နှစ်ထပ်တိုက်တလုံးကို၊ မိမိပိုင်ငွေဖြင့် ဆောက်လုပ်နေထိုင်ခဲ့ကြောင်း၊ ထိုနောက် ၁၃၁၃ ခုနှစ်လောက်တွင်၊ သောင်းကျန်းသူ၏ ဘေးရန်ကြောင့် လုံခြုံမှုမရှိသဖြင့်၊ မောင်ကျော်လှိုင်ဆိုသူအား တိုက်တွင်အစောင့်ထားကာ၊ ဓနုဖြူမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြောင်း၊ ထို့နောက် ၁၃၁၈ ခုနှစ်တွင် နယ်မြေ အေးချမ်းသာယာလာ၍၊ အခင်းဖြစ်တိုက်သို့ သွားရောက်ကြည့်ရှုရာ၊ အယူခံတရားလို မမြကြည်နှင့် မညွန့်ရီတို့ နေထိုင်လျက်ရှိသည်ကို တွေ့ရကြောင်း၊ အခင်းဖြစ်တိုက်ကို လှူဒါန်းရန် ပြုလုပ်ရာ၊ အယူခံတရားလိုတို့က အမွေပုံ ပစ္စည်းဖြစ်သည်ဟု ကန့်ကွက်နေသောကြောင့်၊ မိမိတဦးတည်းပိုင်ဆိုင်သည့် ပစ္စည်းဖြစ်ကြောင်း ကျေညာပေးရန်နှင့် လက်ဆောက်အပ်ပေးရန် တရားစွဲဆိုရကြောင်း အဆိုပြုလာ၏။

အယူခံတရားလိုတို့က၊ အခင်းဖြစ် ဥယျာဉ်မြေကို ဦးချင်းတောင်က ဒေါ်တုတ်အား အပြီးအပိုင် ပေးခဲ့သည်ဆိုခြင်းမှာ မဟုတ်မမှန်ကြောင်း၊ အကယ်၍ ပေးခဲ့သည်ဆိုစေကာမူ၊ ဥပဒေအရ အတည်မဖြစ်၍ သက်သေခံမဝင်ကြောင်း၊ မြေပေါ်ရှိ တိုက်ကို ဦးချင်းတောင်-ဒေါ်စောခင်တို့၏ အမွေပုံ ပစ္စည်းများမှ ရရှိသည့် အကျိုး အမြတ်တို့နှင့် ဆောက်လုပ်ခဲ့ခြင်းသာဖြစ်ကြောင်း၊ အယူခံတရားလိုတို့သည် အမွေပုံပစ္စည်းဖြစ်သည့် တိုက်တွင်၊ အမွေစား အမွေခံများအဖြစ် နေထိုင်ကြခြင်းသာ ဖြစ်ကြောင်း ထုချေကြလေသည်။

၁၉၆၆

ဦးအောင်ထွန်း ပါ ၆ ဦး နှင့် ဦးထွန်းတင်၊ ကွယ်လွန်သူ ဒေါ်တုတ်၏ အမွေဆက်ခံသူ။

ပညာရှိ ရာဘက် ခရိုင်တရားမ တရားသူကြီးသည်၊ နှစ်ဘက်အမှုသည်နှင့် သက်သေ များကို ကြားနာပြီးနောက်၊ အခင်းဖြစ် ဥယျာဉ်မြေမှာ တန်ဘိုး ၅၀ ကျပ်သာရှိသဖြင့်၊ နှုတ်ဖြင့် အပိုင်ပေးခဲ့ခြင်းမှာ၊ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၄ အရ၊ တရား ဝင်ကြောင်း၊ အခင်းဖြစ်တိုက်ကို ဒေါ်တုတ်သည် ၎င်းပိုင်ငွေများဖြင့် ဆောက်လုပ်ခဲ့ ခြင်းသာဖြစ်ကြောင်း ကောက်ယူကာ၊ ဒေါ်တုတ်၏ အမှုကို တရားစရိတ်နှင့် တကွ ဒီကရီချပေးလိုက်လေသည်။ ထိုဒီကရီကို မကျေနပ်သဖြင့်၊ အယူခံတရားလိုတို့က ဤ အယူခံမှုတင်သွင်းလာခြင်းဖြစ်သည်။

အခင်းဖြစ် ဥယျာဉ်မြေသည် တန်ဘိုး ၅၀ ကျပ် သာရှိသဖြင့်၊ နှုတ်ဖြင့် အပိုင်ပေးခဲ့ စေကာမူ၊ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၄ အရ တရားဝင်သည်ဆိုသော အောက်ရုံး၏ အဆုံးအဖြတ်မှာ၊ အလွန်ပင် အံ့သြဘွယ်ကောင်း၏။ အောက်ရုံး ပညာရှိ တရားသူကြီးသည်၊ ရာဘက်ခရိုင်တရားမ တရားသူကြီးတဦးဖြစ်ရာ၊ သာ၍ပင် အံ့သြ ဘွယ်ကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၅၄ မှာ၊ အရောင်းအဝယ်ကိစ္စနှင့်သာ သက်ဆိုင်သည်။ မေတ္တာနှင့် အပြီးအပိုင်ပေးကမ်း ခြင်းမှာ ပစ္စည်းတန်ဘိုး မည်မျှရှိစေကာမူ၊ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၂၃ အရ၊ မှတ်ပုံတင်စာချုပ်အရ ပြုလုပ်မှသာ တရားဝင်သည်ဆိုခြင်းကို သတိပြုမိဟန် မတူပေ။

အယူခံတရားခံ၏ ပညာရှိရှေ့နေကြီးက၊ အခင်းဖြစ် ဥယျာဉ်မြေကို မှတ်ပုံတင် စာချုပ် မချုပ်ဆိုဘဲ နှုတ်ဖြင့် ပေးခဲ့၍၊ ဒေါ်တုတ်သည် တရားဝင်ပိုင်ဆိုင်ခွင့် မရရှိခဲ့စေ ကာမူ၊ ထိုမြေပေါ်တွင် တိုက်ဆောက်ကာ ပိုင်ရှင်အဖြစ် မူလပိုင်ရှင်၏ ပိုင်ဆိုင်ခွင့်ကို ဆန့်ကျင်လျက်၊ ၁၂ နှစ်ကျော် နေထိုင်ခဲ့သဖြင့်၊ ဆန့်ကျင်ဘက်ပိုင်ဆိုင်သူဖြစ်သည်ဟု ယူဆသင့်ကြောင်း လျှောက်လဲသွား၏။ ကွယ်လွန်သူ ဦးချင်းတောင်က၊ အခင်းဖြစ် ဥယျာဉ်မြေကို ဒေါ်တုတ်အား နှုတ်ဖြင့် ပေးခဲ့သည်ဆိုသော အချက်ကို၊ ဦးထွန်းကျော် (လိုပြ-၁) က ထောက်ခံထားသည်မှာ မှန်၏။ သို့ရာတွင် ဦးချင်းတောင် သေဆုံးပြီး နောက်၊ ဒေါ်တုတ်သည် အခင်းဖြစ် ဥယျာဉ်မြေ၏ အခွန်ပြေစာကို၊ ၎င်းနှင့် အခြား အမွေဆိုင်တို့၏ အမည်များဖြင့် ပြောင်းလဲပေးရန် လျှောက်ထားခဲ့ကြောင်း ဝန်ခံထား သဖြင့်၊ ထိုမြေအား ဘခင် ဦးချင်းတောင်က အပိုင်ပေးခဲ့သည်ဆိုသော တင်ပြချက်မှာ ယုတ္တိကင်းမဲ့နေစေ၏။ အကယ်၍ ၎င်းအား ဘခင် ဦးချင်းတောင်က အပြီးအပိုင် ပေးခဲ့ ရှိမှန်ပါမူ၊ အခွန်ပြေစာကို အခြားအမွေဆိုင်များ၏ အမည်ဖြင့် ပူးတွဲ ထုတ်ပေးရန် လျှောက်ထားဘို့ အကြောင်း မရှိချေ။ ထို့ပြင်တစ၊ ဒေါ်တုတ်သည် အခင်းဖြစ် ဥယျာဉ် မြေပေါ်၌ တိုက်ဆောက်လုပ်ပြီးသောအခါ၊ အမွေဆိုင်တဦးဖြစ်သူ မည္ဆန္ဒရီနှင့် အတူ

၁၉၆၆

ဦးအောင်ထွန်း ပါ ၆ ဦး နှင့် ဦးထွန်းထင်၊ ကွယ်လွန်သူ ဒေါ်တုတ်တို့ အမွေဆက်ခံသူ။

နေထိုင်ခဲ့သဖြင့်၊ ဒေါ်တုတ်၏ လက်ရှိ နေထိုင်မှုမှာ၊ အမွေဆိုင်များ၏ ပိုင်ဆိုင်ခွင့်ကို ဆန့်ကျင်လျက်ရှိသည်ဟု ဆိုရန်ခဲယဉ်းနေလေသည်။

သို့ဖြစ်ရာ၊ အခင်းဖြစ် ဥယျာဉ်မြေကို ဘခင် ဦးချင်းတောင်က အပိုင်ပေးခဲ့သည် ဆိုသော ဒေါ်တုတ်၏ တင်ပြချက်မှာ၊ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၂၃ အရ၊ မှတ်ပုံတင်စာချုပ်မရှိသည်ကတကြောင်း၊ ထိုမြေအပေါ် ဒေါ်တုတ်၏ လက်ရှိ နေထိုင်မှုမှာ၊ ပိုင်ရှင်၏ ပိုင်ဆိုင်မှုကို ဆန့်ကျင်လျက်ရှိသည်ဟုမဆိုနိုင်သည်ကတကြောင်း ထိုအကြောင်းများကြောင့် လက်မခံနိုင်ပေ။ ပရီဗီကောင်စီ၏ စီရင်ထုံးဖြစ်သော **လင်ချာလီ** နှင့် **ပစ္စည်းထိန်းဝန်** (၁) တို့ အမှုတွင်၊ အလားတူ အဆုံးအဖြတ် ပေးထားသည်ကို တွေ့မြင်နိုင်ပေသည်။

အခင်းဖြစ်တိုက်နှင့် ပတ်သက်၍၊ ဒေါ်တုတ်သည် ၎င်း၏ ကြေးငွေဖြင့် ဆောက်လုပ်ခဲ့သည်ဟု သက်သေထူရန် တာဝန်ရှိပေသည်။ ထိုတိုက်မှာ အမေပုံ မြေပေါ်တွင် ဆောက်လုပ်ထားသည့်အပြင်၊ တိုက်ဆောက်ပြီးသည့်နောက်ပိုင်းတွင်၊ ထိုတိုက်**ပေါ်**၌ ဒေါ်တုတ်နှင့် အမွေဆိုင်တဦးဖြစ်သူ မည္ဆန်ရီတို့သည်၊ ရှစ်နှစ်ခန့် အတူနေထိုင်ခဲ့**ကြသည့်** အပြင်၊ တရားစွဲဆိုသည့် အချိန်၌ အခြား အမွေဆိုင်များလည်း ဝင်ရောက်နေထိုင်လျက်ရှိရာ၊ ထိုတိုက်သည် အမွေဆိုင်တိုက်မဟုတ်ဘဲ၊ မိမိတဦးတည်းပိုင်တိုက်ဖြစ်ကြောင်း ထင်ရှားအောင်ပြသရန် တာဝန်မှာ၊ ဒေါ်တုတ်အပေါ်၌ ကျရောက်လျက် ရှိလေသည်။ ထို့ပြင်၊ ဘခင် ဦးချင်းတောင်သည် ပစ္စည်းဥစ္စာ ကြွယ်ဝသူတယောက်ဖြစ်ကာ၊ ၎င်း သေဆုံးသော အချိန်တွင် ဒေါ်တုတ်မှာ အသက် ၅၀ ခန့်ရှိပြီး၊ ဖအေတူ အမေကွဲ ညီမများဖြစ်ကြသော မငွေတင်မှာ အသက် ၁၅ နှစ်ခန့်သာရှိ၍၊ မခင်သန်း၊ မထူးရွှေ၊ မမြကြည်နှင့် မည္ဆန်ရီတို့မှာ၊ မငွေတင်ထက် အသက်ငယ်သဖြင့် အရွယ်မရောက်ကြသေးသည့် အလျောက်၊ ဒေါ်တုတ်ကပင် အုပ်ထိန်းလျက်၊ ဦးချင်းတောင်၏ အမွေဆိုင်ပစ္စည်းများကို ဦးစီးကြည့်ရှုခဲ့ရကြောင်း၊ ဒေါ်တုတ်နှင့် ၎င်း၏ သက်သေ ဦးထွန်းကျော်၊ ဦးဘိုနီ (လိုပြ-၂) နှင့် ဦးဘတူ (လိုပြ-၃) တို့၏ ထွက်ချက်များအရ ထင်ရှားသည်။ ဒေါ်တုတ်ကိုယ်တိုင်ကလည်း အဖေတူ အမေကွဲ ညီမများနှင့် အခြားအမွေဆိုင် အယူခံတရားလိုတို့အား၊ ဦးချင်းတောင်၏ အမွေပုံပစ္စည်းများကို အားလုံး မခွဲဝေပေးရသေးကြောင်း ဝန်ခံထားသည့်အပြင်၊ အမွေဆိုင်များဖြစ်ကြသည့် **အ**ယူခံတရားလိုတို့မှာ၊ အမကြီး အမိအရာဆိုသကဲ့သို့၊ ဒေါ်တုတ်ကိုပင် အားကိုးအားထားပြုလျက်၊ ဥမကွဲ သိုက်မပျက် စုစုလုံးလုံး နေထိုင်ခဲ့ရာ၊ ဒေါ်တုတ်သည် အသက် ၇၀ ကျော်မှ ဦးထွန်းတင်ဆိုသူနှင့် နောက်အိမ်ထောင်ပြုသည့်အတွက်၊ စိတ်ဝမ်းကွဲပြားကြကာ၊ အမွေခွဲဝေပေးရန်တောင်းဆိုကြကြောင်း၊ သက်သေထွက်ချက်များအရ ပေါ်လွင်နေသောကြောင့်၊ ဒေါ်တုတ်

(၁) အတွဲ ၁၂၊ ရန်ကုန် ၂၃၈။

သည် အခင်းဖြစ်တိုက်ကို မိမိ၏ ကြေးငွေဖြင့် ဆောက်လုပ်ခဲ့ကြောင်း ထင်ရှားအောင် ပြသရန်၊ သာ၍တာဝန်ရှိနေလေသည်။

ဒေါ်တုတ်မှာ ချစ်တီးလူမျိုး ဆာမိဆိုသူ၏ ဇနီးဖြစ်ဘူးပြီး၊ ဆာမိသေဆုံးပြီး နောက် ကိုယ်ပိုင် လယ်ယာမျာ ပိုင်ဆိုင်ခဲ့သည်သာမက၊ ငွေတိုးလည်း ချေးသူ တယောက်ဖြစ်၍၊ အခင်းဖြစ်တိုက်ကို ကိုယ်ပိုင်ငွေဖြင့် ဆောက်မည်ဆိုက၊ ဆောက်နိုင်ရန် အင်အားရှိသည်မှာ မှန်၏။ သို့ရာတွင်၊ ဒေါ်တုတ်သည် ချစ်တီး ဇနီးလည်းဖြစ်ဘူးသည့်အပြင်၊ ငွေတိုးချစားသူ တဦးလည်းဖြစ်သည့်အလျောက်၊ အလုပ်လုပ်ကိုင်ရာ၌ သေချာ စေ့စပ်သူတယောက်ဖြစ်သည့်အားလျော်စွာ၊ စာရင်းအင်း စာအုပ်များကို အောက်ရုံး၌ တင်ပြခဲ့၏။ ထိုစာရင်းအင်းများတွင် အခင်းဖြစ်ပွါးသည့် တိုက်ဆောက်လုပ်သည့် စာရင်းအင်းများကိုသော်၎င်း၊ တိုက်ဆောက်ရာတွင် ကုန်ကျသော ငွေမှာ၊ မိမိပိုင်ငွေဖြစ်သည်ဆိုသော အထောက်အထားကိုသော်၎င်း တင်ပြနိုင်ခဲ့ခြင်း မရှိပေ။ ၎င်း၏ သက်သေများကလည်း၊ တိုက်ဆောက်ရာ၌ ကုန်ကျသည့်ငွေများကို ဒေါ်တုတ်က ထုတ်ပေးသည်ဆိုသော်လည်း၊ ထိုငွေများမှာ ဒေါ်တုတ် ကိုယ်ပိုင်ငွေ ဟုတ် မဟုတ် မပြောနိုင်ကြောင်း ထွက်ဆိုသွားကြသဖြင့်၊ အခင်းဖြစ်တိုက်ကို အမွေဆိုင်ငွေနှင့် ဆောက်လုပ်ခြင်း မဟုတ်ဟု တထစ်ချ ယူဆရန် မဖြစ်နိုင်ပေ။

ပညာရှိ အောက်ရုံး တရားသူကြီးက၊ အခင်းဖြစ် တိုက်အနီးတွင် အမွေပုံ အိမ်တဆောင်ရှိရာ၊ ထိုအိမ်ကို အယူခံ တရားလိုတို့က ရောင်းချစဉ် ဒေါ်တုတ်အား အမွေဆိုင် တဦးဖြစ်၍၊ ဦးစွာ ဝယ်ယူခွင့်မပေးသဖြင့်၊ အခင်းဖြစ်တိုက်ကို ဒေါ်တုတ်သည် မိမိ၏ ကိုယ်ပိုင်ငွေနှင့် ဆောက်လုပ်သည်ဟု ယူဆထား၏။ ထိုယူဆချက်ကို ကျွန်ုပ် လုံးဝနားမလည်နိုင်။ အမွေပုံအိမ်ဆိုသည်မှာ၊ ဦးချင်းတောင် မသေမီက နေထိုင်သော အိမ်ဖြစ်၏။ အခင်းဖြစ်တိုက်ကို ဆောက်ပြီးနောက်၊ ဒေါ်တုတ်အပါအဝင် အမွေဆိုင် အားလုံး၏ သဘောတူညီချက်အရ ရောင်းချပြီး၊ ရောင်းရငွေကို ဒေါ်တုတ်အပါအဝင် အမွေဆိုင်အားလုံး ဝေယူကြသည်ဟု အားလုံးက ဝန်ခံထားရာ၊ ထိုအချက်သည် အခင်းဖြစ်တိုက်အား ဒေါ်တုတ်၏ ငွေနှင့် ဆောက် မဆောက်ဆိုသော ပြဿနာနှင့် လုံးဝ သက်ဆိုင်ခြင်းမရှိပေ။

အထက်ပါ အကြောင်းအရာများကို ပေါင်းစပ်ကြည့်လျှင်၊ အခင်းဖြစ် တိုက်သည် ဒေါ်တုတ်၏ ကိုယ်ပိုင်ငွေဖြင့် ဆောက်လုပ်ခဲ့သည်ဆိုခြင်းမှာ၊ ထင်ရှားသည်ဟု မဆိုနိုင်ပေ။ သို့ပါ၍၊ အောက်ရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကိုပယ်ဖျက်ပြီး၊ မူလတရားလို ဒေါ်တုတ် စွဲဆိုသော အမှုကို၊ နှစ်ရုံးစလုံး၏ တရားစရိတ်များနှင့် တကွ ပလပ်လိုက်သည်။

CIVIL REVISION

Before U Sein Thin, J.

C.C
† 1966

jul. 21.

DAW SAW NYUN (APPLICANT)

v.

MA HLA KYIN (RESPONDENT).*

Code of Civil Procedure Order VIII, Rule 1—whether the defendant bound to present written statement—farming of preliminary issue.

Held: Under the provisions of Order VIII, Rule 1 of the Code of Civil Procedure the defendant was bound to present a written statement of the defence when so required by the Court. The Code of Civil Procedure does not contemplate filing of written statement piece-meal. The Court, if so disposed, could have made a preliminary issue out of the written statement filed by the defendant and proceeded to try the same.

U Hla Nyun for the applicant.

Mr. S. L. Verma for the respondent.

U SEIN THIN, J.—On the principles laid down in the case of *Ma Than Yin* v. *Tan Keet Khang* (1) this application has no legs to stand. The order for which revision is sought was one made by the Subdivisional Judge in his Civil Regular Suit No. 4 of 1965 by which the defendant-applicant Daw Saw Nyun was called upon to file her written statement in answer to the plaint of the plaintiff-respondent Ma Hla Kyin. The plaint clearly disclosed a cause of action but the defendant by her written objection contended that the suit was bad for misjoinder of causes of action The trial Court did not proceed to frame an issue on this point—a course suggested by the defendant but insisted on the filing of full written statement

* Civil Revision No. 4 of 1966.

† Against the decree of the District Court of Myingyan in Civil Appeal No. 2 of 1965, dated the 5th March 1966.

(1) B.L.R (1951) (H.C.) 161.

by the defendant. The order was apparently made under the provisions of Order VIII, Rule 1 of the Code of Civil Procedure by which the defendant was bound to present a written statement of her defence when so required by the Court. No doubt the Court, if so disposed, could have made a preliminary issue out of the written objection filed by the defendant and proceeded to try the same. But since it had declined to do so and instand ordered the defendant to file her written statement the defendant had no alternative but to comply with it. As it was clearly within the competence of the trial Court to make the order it did I do not see any ground to entertain this revision application.

It may here be mentioned that the Code of Civil Procedure does not contemplate filing of written statements piece-meal. Order VIII, Rule 8 makes provision for a new ground of defence while rule 9 contemplates subsequent pleadings under certain circumstances. Apart from these provisions of law the only pleading contemplated by the Code so far as the defendant is concerned is the written statement as laid down in Order VIII, Rule 1. Rule 2 states that the defendant must raise by his pleading all matters which show the suit not to be maintainable, or that the transaction is either void or voidable, in point of law, and all such ground of defence as, if not raised, would be likely to take the opposit party by surprise, or would raise issues of fact not arising out of plaint, as, for instance, fraud, limitation, release, payment, performance, or facts showing illegality. In other words the written statement must be exhaustive of all the defence which the defendant is legally entitled to raise in answer to the plaintiff's claim. Thus it seems clear to me that the defendant when called upon by the Court to file her written statement must file one which conforms to the requirements as mentioned above. She is not entitled to raise just one defence and reserve others to be embodied

55A

C.C.
1966

DAW SAW NYUN
v.
MA HLA KYIN.

in further written statements. No doubt as pointed out earlier there is nothing to prevent the Court from fixing preliminary issue on the pleadings placed before it and proceed to determine such issue before the defendant has filed a full written statement. Sometimes it is desirable or even necessary to frame a preliminary issue on which the suit can be disposed of without going into the other merits of the case. But it must ever be borne in mind that such a course is not always conductive to expeditious disposal of cases. For if the issue is decided in favour of the plaintiff it may entail further adjournments to enable the defendant to file her final written statement. Therefore the practice of allowing the defendant to file incomplete written statement should be discouraged. I would however like to point out that this suggestion of mine does not in any way effect the instructions laid down in paragraph 154 (1) of the Courts Manual which must invariably be followed by all Courts concerned.

For the reasons stated above I would dismiss this application with costs.

Advocate's fee fixed as two Gold Mohurs.

INSOLVENCY CASE

Before U Kyaw Zan U, J.

IN THE MATTER OF RAMNIRAJAN LHILA (DEBTOR)

C.C. 1966

Aug. 6.

v.

DAW THAN (APPLICANT).*

Rangoon Insolency Act, s. 9(c) --commission of an act of insolvency by the debtor under -- Rangoon Insolvency Act, s. 11(b) *-- order of adjudication under-- burden to show that the Court has jurisdiction to entertain the petition-- definition of "ordinarily resided"—proof that the debtor normally or usually ate, drank and slept at the place—requirement by law of clear and unequivocal evidence to adjudicate a person insolvent—proof that the property in question is a dwelling-house---proof that it belonged to the respondent during the rejuisite period of time.*

Held : The burden lies on the petitioner to show that the Court to which the petition for adjudication as insolvent is presented has jurisdiction to entertain it. *Madho Pershand* v. *A.I - Walton* (1913) 18 C.W.N. 1050 (1052), referred to.

Held further : The petitioner must prove that the respondent has normally or usually ate, drank and slept at the place, in order to call it a "Residence".

R. v. *Inhabitants of North Curry* (1825) 107 E.R. 1313 ; *In re Oldham* (1870) 10. M and H. 158 ;

Kumud Nath Roy Chowdhury v. *Jotindra Nath Chowdhury*, I.L.R. 38 Cal. 394 referred to.

Held further : To adjudicate a person insolvent there must be clear and unequivocal evidence required by law. There must be clear proof that the property in question is a dwelling-house and that it belonged to the respondent during the requisite period of time.

H. M. Fisher for the applicant.

Wan Hock for the debtor.

U KYAW ZAN U, J.—This is a petition by the creditor (DAW THAN) to adjudicate her debtor (Ramnirajan Lhila) an insolvent. She alleges that the debtor has committed an act of insolvency under section 9 (*e*) of the Rangoon Insolvency Act and this Court has jurisdiction to make an

* Insolvency Case No. 9 of 1965.

C.C. 1966

IN THE MATTER OF RAMNIRAJAN LHILA V. DAW THAN.

order of adjudication under section 11 (*b*) of the Act as the debtor has within a year before the date of the presentation of the petition 11th June 1965 (i) ordinarily resided, (ii) had a dwelling-house being Nos. 52/54 in 29th Street, Rangoon and (iii) carried on business within the limits of the ordinary original civil jurisdiction of this Court. The debtor (respondent) through his agent denies the allegations.

The burden lies on the petitioner to show that the Court to which the petition is presented has jurisdiction to entertain it. (*See* Mulla's Law of Insolvency, 2nd Edition, paragraph 191A at page 188). Evidence was given by the agents of the parties. The petitioner though present in Court did not go to the witness-chair to give evidence. If any precedent is required as to the burden of proof I need only refer to *Madho Pershand* v. *A. L. Walton* (1).

According to Satya Narayan the agent of the respondent his principal left Burma for India on 2nd March 1964. There is in fact no dispute that the respondent had left the jurisdiction of this Court well over a year before the date of the presentation of the petition. In Exhibit No. 1 the petitioner did not deny that the respondent had left Burma on 2nd March 1964. Her agent U Aye Nyunt also admitted in his evidence that he saw the respondent in the summer of 1964 for the last time.

The petitioner's case is that the respondent " ordinarily resided " in his dwelling-house known as 52/54, 29th Street, Rangoon but there is no proof at all. It is clear that the respondent did not " ordinarily reside " at the place within a year before the date of the presentation of the petition (11th June 1965). He was in India during the period, and is still there. The petitioner's agent U Aye Nyunt deposed that he visited the place for the last time in or about 1960/1961 and he spoke only to the respondent though it was occupied by his mother, brother and family

F-5!

(1) (1913) 18 C.W.N. 1050 (1052).

